
http://www.dhammadownload.com



ကျေးဇူးတော်ရှင်
မဟာဝေရိ အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်
ဟောကြားတော်မူသော

# သစ္စာ(၄)ပါး
တရားတော်

အမှတ်စဉ် ၁၇

တ.တိ.ယ အကြိမ်

http://www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရား၏


# ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်

ပြန့်ပွားရေးအဖွဲ့မှ

ဓမ္မဒါနပြု၍ ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေသည်။

http://www.dhammadownload.com

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ




မိုးကုတ်ဆရာတော်ဘုရားကြီးဦးဝိမလပုံတော်

http://www.dhammadownload.com

# ပဋိစ္စသမုပ္ပါဒ်တရား၊ ၁၂ ပါး၊ ထင်ရှားပေါ်လွင်တတ်အစဉ်၊

အမရပူရမြို့၊ မဂ်လာတိုက်ဟောင်း၊ မိုးကုတ်ဆရာတော်ဦးဝိမလ၏
ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း၊ ကြည့်ရှုစရာ စက်ဝိုင်းဒေသနာ။




အဝိဇ္ဇာနှင့်၊ တဏှာအရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်-ရုပ်နာမ်ပေါ်။ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင်းနာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန် ဖြစ်ပြန်နည်းအလျော်။ ဖြဟ္မာ သိကြား၊ စသည်များကာ၊ ထင်ရှားပြပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဉာဏ်ဖြင့်ရှုဉ်မြော်။

(လက်ကဲဆောင်ပုဒ်) မူလနှစ်ဖြာ၊ သန္ဓာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတဆယ့်နှစ်ပါး၊ တရားကိုယ် များနှင့်၊ သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

http://www.dhammadownload.com

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း

ကျေးဇူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတ–မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့ ဓမ္မာရုံ၌

ဟောကြားဆုံးမတော်မူသော

ဝိပဿနာ လုပ်ငန်းဥ်

# နေ့အလုပ်ပေးတရားတော်

အမှတ်စဉ် (၁၇)

ဇူ [illegible] ၁ သ ယ–က

http://www.dhammadownload.com

http://www.dhammadownload.com

**မိုးကုတ် ဆရာတော် ဘုရား၏**
ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်
မူပိုင်ဖြစ်သည်။
**မည်သူမျှ ကူးယူ ထုတ်ဝေခြင်း မပြုရ။**

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်အမှတ်(၁၁၀/၉၃/၁၀)

မျက်နှာဖုံး ခွင့်ပြုချက် အမှတ် (၁၉၇/၉၃/၁၂)

**ထုတ်ဝေသူ** .... ဦးအောင်ချို မှတ်ပုံတင် **အမှတ်**မြဲ (၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်
ပြန့်ပွားရေးအဖွဲ့ချုပ်၊
အမှတ်-၈၂၊ နတ်မောက်လမ်း၊ ဗဟန်း၊
ရန်ကုန်မြို့။

**ပုံနှိပ်သူ** .... ဦးရွှေဝင်း မှတ်ပုံတင်အမှတ် မြဲ(၀၂၈၉၃)
ဣန္ဒာသဃ ပိဋကတ် စာပုံနှိပ်တိုက်၊
အမှတ်-၁၁၃၊ ၂၄-လမ်း၊ လသာမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း ၀၁-၇၅၀၀၅။

**အဖုံးရိုက်** .... ဣန္ဒာသဃစာပုံနှိပ်တိုက်၊

တတိယအကြိမ်။ အုပ်ရေ-၁၀၀၀။

**တန်ဖိုး ၉၅-ကျပ်။**

၁၃၅၅-ခု၊ တပေါင်းလ။ ၁၉၉၄-ခု၊ မတ်လ။

http://www.dhammadownload.com

http://www.dhammadownload.com

# မာတိကာ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | သာသနာတွင်းနဲ့ သာသနာပ–နေ့အလုပ်ပေး တရားတော် .... .... .... | ၁ |
| ၂။ | အခြားအရေးထက် ငရဲမျိုးစေ့ဖြုတ်ရေးက ပိုပြီး အရေးကြီးပုံ တရားတော် .... | ၄၄ |
| ၃။ | ဝဋ်သုံးပါးလည်ပုံ .... .... .... | ၈၇ |
| ၄။ | ဒုက္ခမှ လွတ်မြောက်ကြောင်း လမ်းခွဲရှာရန် တရားတော် .... .... .... | ၁၄၂ |
| ၅။ | ကံပြတ်တရား (၁) .... .... .... | ၁၉၂ |
| ၆။ | ကံပြတ်တရား (၂) .... .... .... | ၂၄၀ |
| ၇။ | လူ့သံယောဇဉ်စွန့်ပြီးမှ တရားအားထုတ်ရန် တရားတော် .... .... .... | ၂၈၅ |
| ၈။ | ဒိဋ္ဌိပြုတ်-အဂ္ဂိဝစ္ဆသုတ် .... .... | ၃၃၂ |
| ၉။ | နိဗ္ဗာန်အကြောင်း .... .... .... | ၃၈၁ |
| ၁၀။ | မိစ္ဆာဒိဋ္ဌိသည် ကြောက်စရာအကောင်းဆုံး တရားတော် .... .... .... | ၄၃၀ |
| ၁၁။ | ဒိဋ္ဌိခွာနည်း .... .... .... | ၄၈၇ |
| ၁၂။ | နိဗ္ဗာန်ရောက်ကြောင်း .... .... | ၅၃၅ |
| ၁၃။ | အပြစ်ကင်းသော သေခြင်းအကြောင်း .... | ၅၈၈ |

http://www.dhammadownload.com

http://www.dhammadownload.com

# နိဒါန်း

## နမော ဗုဒ္ဓါယ သိဒ္ဓမ်

ကဿပမြတ်စွာဘုရားသခင်သည် လူတို့သက်တမ်း အနှစ် ၂၀၀၀၀-တမ်း၌ ပွင့်တော်မူရာ ကျွတ်ထိုက်သသူ ဝေနေယျ အပေါင်းတို့အား ဟိုမှာဘက်တည်းဟူသော တဖက်ကမ်းသို့ ကယ်တင် ပို့ဆောင်တော်မူပြီးနောက် လူတို့သက်တမ်း၏ ၅-ပုံ ၄-ပုံဖြစ်သော သက်တော် ၁၆၀၀၀-၌ ဘုရားရှင်တို့ ဓမ္မတာ တော်အတိုင်း ပရိနိဗ္ဗာန်ပြုတော်မူသည်။ ကဿပမြတ်စွာဘုရား ၏ အဂ္ဂသာဝက, မဟာသာဝကကြီးများသည်လည်း အစဉ် အတိုင်းပရိနိဗ္ဗာန်ပြုတော်မူကြပြီးနောက်သာသနာကွယ်သည် ထိုဘုရားရှင်၏ သာသနာ (အဆုံးအမ) တော်သည် သာဝက တဆက်မျှသာ တည်တံ့သည်။ ထိုသို့ သာသနာ ကွယ်ပြီးသည့် နောက်ခန္ဓာဟူ၍လည်းကောင်း၊ နာမ်ရုပ်ဟူ၍လည်းကောင်း၊ အာယတနဟူ၍ လည်းကောင်း၊ ဓာတ်ဟူ၍ လည်းကောင်း၊ သစ္စာဟူ၍လည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ်ဟူ၍ လည်းကောင်း၊ အနိစ္စ-ဒုက္ခ-အနတ္တာဟူ၍လည်းကောင်း ဟောပြော ပြသနိုင်သူ မရှိ၊ ဟောပြောပြသနိုင်မည်ဝေးစွ ခန္ဓာဟူ၍ လည်းကောင်း၊ နာမ်ရုပ်ဟူ၍လည်းကောင်း-သစ္စာဟူ၍ လည်းကောင်း၊ ပဋိစ္စ သမုပ္ပါဒ်ဟူ၍လည်းကောင်း အမည်ကလေးမျှပင် ဖော်ပြပေး နိုင်ခြင်းသည်လည်းဘောင်း၊ အမည်ကလေးမျှတပ်ပေးခြင်းမျှ သော် လည်းကောင်း လုံးဝမရှိ ကွယ်ပျောက် ကုန်လေသည်။ သို့သော်လည်း ဒါန,သီလနှင့်သမထဘာဝနာတို့သည်ဆောက်

http://www.dhammadownload.com



တည်ခြင်း၊ ပွားများ အားထုတ်ခြင်း မကွယ် ပျောက်ခဲ့သေးချေ။

ဒါနမှု–သီလမှု သမထမှု ရှိကြ၍ ဈာန်အဘိညာဏ်ရသောရသေ့များလည်း ပေါ်ပေါက်ကြသည်။ သာသနာ ကွယ်သည်နှင့်အမျှ သမထဖက်က အစွမ်းထက်ကြသောရသေ့များ၊ ဈာန်အဘိညာဏ်များ ထွန်းကားကြကုန်သည်။

ဉာဏ်ပညာကြီးကျယ်သောအရာ၌ သရဘင်္ဂရသေ့ကြီးကဲ့သို့ ဈာန်အဘိညာဏ်နှင့်ပြည့်စုံသောပုဂ္ဂိုလ်များ၊ သာသနာ ကွယ်ပနေသောအချိန်၌ ပေါ်ပေါက်နိုင်လေသည်။

ဝေလာမပုဏ္ဏားကဲ့သို့ ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ထမင်းရေချောင်းစီးအောင် ရွှေခွက်-ငွေခွက်အပြည့်ခင်း၍ ရက်ရောစွာလှူဒါန်းနိုင်သော ပုဂ္ဂိုလ်ကြီးများ ပေါ်ပေါက်နိုင်လေသည်။

သို့သော်-ထိုသာသနာပအခါ၌ အနိစ္စဆိုတာ, ဒုက္ခဆိုတာခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် မြင်ပါရဲ့လား–သဘောပေါက်ကြပါရဲ့လားဆိုလျှင် အိုးခွက်ကွဲခြင်း၊ ခလုပ်ထိခိုက်မိ၍နာကျင်ခြင်း စသည်တို့၌သာ သြော် .. အနိစ္စပဲ၊ ဒုက္ခပဲဟူ၍နားလည်ရုံမျှသာရှိသည်၊ ထိုထက်လွန်၍အသိဉာဏ်မပိုကြကုန်၊

ယခု အနောက်ပိုင်းနိုင်ငံမျက်မြင်လောက၌လည်း လောကဓာတ်ပညာများ လ,ကမ္ဘာသို့အထိပေါက်မြောက်အောင် ကြံဆောင်နိုင်ကြသောဓာတ်ပညာများတိုးတက်လျက်ရှိကြသည်။ သို့သော်လည်း အနိစ္စဟူ၍ လည်းကောင်း၊ ဒုက္ခဟူ၍ လည်းကောင်း၊ အနတ္တဟူ၍လည်းကောင်း၊ ရုပ်နာမ်ဓမ္မ သင်္ခါရဟူ၍လည်းကောင်းသစ္စာပဋိစ္စသမုပ္ပါဒ်ဟူ၍လည်းကောင်း၎င်းသည်

http://www.dhammadownload.com



တို့ကားကုသိုလ်တရား၊ ဤသည်တို့ကား အကုသိုလ် တရားဟု သိဖို့ အရေး အလွန် ဝေးလျက် ရှိကြသည်။

ဤသို့အနိစ္စဟူ၍လည်းကောင်း, ဒုက္ခဟူ၍လည်းကောင်း, အနတ္တဟူ၍ လည်းကောင်း, သစ္စာဟူ၍လည်းကောင်း, ပဋိစ္စသမုပ္ပါဒ်ဟူ၍လည်းကောင်း စသည်တို့ကို သိဖို့အရေး အလွန်ဝေးကွာလျက် ရှိသည်မှာ ၎င်းတို့ သက်ဆိုင်ရာလောက၌ သာသနာ ကွယ်ပလျက် ရှိနေသောကြောင့်ဟု ဆိုရပေမည်။

ထို့ကြောင့် ဌာနအားဖြင့် လည်းကောင်း, ကာလအားဖြင့်လည်းကောင်း သာသနာရောင် ထွန်းပြောင်လျက် ရှိနေသေးသော ဤမြန်မာပြည်သူပြည်သားတို့သည် ဤမျှဝိပဿနာတရားထွန်းကားချိန်, ပဋိပတ်သာသနာ ထွန်းကားချိန်၌ ဗုဒ္ဓဘာသာဝင်ဟူ၍အခေါ်ခံလျက်ရှိသည်နှင့်အမျှ မိမိတို့သန္တာန်၌ သာသနာ ကွယ်ပခြင်း မဖြစ်ကြပါစေနှင့်ဟု အထူး မေတ္တာရှေ့ထား၍ တိုက်တွန်း နှိုးဆော် လိုပါသည်။

ကာလအားဖြင့် သာသနာ ကွယ်ပသော အခါ၌လည်းကောင်း,ဌာနအားဖြင့် သာသနာ ကွယ်ပရာအားဖြင့် လည်းကောင်း၊ငွေအသပြာ တသိန်းပေးပါမည်၊လှူပါမည်၊ရုပ်နာမ်ဓမ္မ သင်္ခါရ တရား ဟောပြောပါ၊ ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာတရား ဟောပြောပါဟု ငွေထုပ်နှင့် လိုက်ရှာပြီး ကြော်ငြာသော်လည်း ရနိုင်မည် မဟုတ်ပေ။

ဤသို့လိုက်လံရှာဖွေသော်လည်းခန္ဓာဟူ၍လည်းကောင်း, ရုပ်နာမ်ဓမ္မ သင်္ခါရ ဟူ၍ လည်းကောင်း, အနိစ္စဟူ၍ လည်းကောင်း,ဒုက္ခဟူ၍လည်းကောင်း, အနတ္တဟူ၍လည်းကောင်း

http://www.dhammadownload.com



ညွှန်ပြနိုင်သော လမ်းညွှန် ပုဂ္ဂိုလ်, လမ်းပြကောင်း ဆရာသမား တစုံတရာပေါ်ထွက် လာနိုင်ခြင်း မရှိချေ။

ပစ္စေကဗုဒ္ဓဟူ၍ ပွင့်တော်မူကြ ကုန်သော်လည်း သူတပါးနားလည်အောင်ဤတရားကား ကုသိုလ်, ဤသည်ကား အကုသိုလ်, ဤသည်ကားရုပ်, ဤသည်ကား နာမ်, ဤသည်ကား ခန္ဓာ အာယတန ဓာတ် ပဋိစ္စသမုပ္ပါဒ် သစ္စာဟူ၍ အမည်တပ်ဟောကြားတော်မူနိုင်သော ဒေသက ပုဂ္ဂိုလ်များ ဟုတ်တော်မမူကြသဖြင့် ကမ္မဿကတဉာဏ်လောကီမျှနှင့်ပင် ငါလုပ်ငါရ၊ ငါပြုငါခံ၊ လုပ်သူလည်း ဤသူ၊ ခံရသူလည်း ဤသူ၊ ပြုသူကလည်း ဤသူ၊ ခံရသူကလည်း ဤသူပင် ဟူ၍ သဿတ ဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိများနှင့် လူကြတန်းကြ, သီလ ဆောက်တည်ကြ, သမထဘာဝနာ ပွားများကြသည်ချည်း ဖြစ်သည်။

ဤ သမ္မဿကတ ဉာဏ်သည် ဒိဋ္ဌိ ပြုတ်အောင် မည်သို့မျှ မတတ်နိုင်ချေ၊ မဂ်ဖိုလ်ရနိုင်အောင် ပို့ဆောင်နိုင်စွမ်း မရှိချေ။ သုဂတိဘုံသို့သာလျှင် ပို့ဆောနိုင်စွမ်း ရှိကြကုန်သည်၊ သုဂတိပို့ဆောင်နိုင်စွမ်းရှိသည် ဆိုစေကာမူ ဇမ္ဗူဒီပါကျွန်း၌ ထမင်းရေချောင်းစီး ရွှေခွက် ငွေခွက် အပြည့် ခင်း၍ လှူငြားသော်လည်း သောတာပန်ပုဂ္ဂိုလ်တစ်ဦး လှူရသည့်လောက်ပင်မမြတ်ဟု ဟောတော်မူသည်၊ နတ်ပြည်၌ နတ်သား ဖြစ်ငြား သော်လည်း တန်ခိုးအာနိသင် အားဖြင့် သေးသိမ်သော နတ်သားကလေးမျှသာ ဖြစ်နိုင်စွမ်း ရှိသည်။

အထက်၌ ဖော်ပြခဲ့ ပြီးသည့် အတိုင်း ကဿပ ဘုရားရှင် ပရိနိဗ္ဗာန် ပြုတော်မူပြီးသည့် နောက်အချိန်ကာလမှ စ၍ ဂေါတမဘုရားရှင် ပွင့်တော်မူချိန်ထိအောင် လူ့ သက်တမ်း အနှစ်

http://www.dhammadownload.com



၂၀၀၀၀-တမ်းမှနေ၍ လူ့သက်တမ်း ၁၀၀-တမ်းအထိ နှစ်ပေါင်း မည်၍-မည်မျှဟူ၍မရေတွက်နိုင်အောင် ကြာမြင့်ခဲ့လေသည်၊ဤအတောအတွင်း ခန္ဓာဟူ၍လည်းကောင်း၊ နာမ်ရုပ်ဟူ၍လည်းကောင်း၊ သင်္ခါရဓမ္မဟူ၍ လည်းကောင်းအရိပ် အမြွက်မျှပင်ထင်မြင်နိုင်သောပုဂ္ဂိုလ်များ၊ ဟောပြောနိုင်သောပုဂ္ဂိုလ်များပေါ်ပေါက်ခြင်းမရှိဘဲ ကွယ်ပျောက်၍ကမ္မဿကတာသမ္မာဒိဋ္ဌိမျှလောက်ကိုသာ အားကိုးသောပုဂ္ဂိုလ်များဖြင့်လည်းကောင်း၊ထိုကမ္မဿကတာ သမ္မာဒိဋ္ဌိမျှ မရှိကြဟူ၍ ၆၂-ပါးသောဒိဋ္ဌိများလွှမ်းမိုး၍ နှစ်ပေါင်း ပရေတွက်နိုင်အောင် အဝိဇ္ဇာမှောင်တိုက်ကြီးထဲ၌နေ၍ လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ ဗြဟ္မာဖြစ်လိုက်၊ ဝက်ဖြစ်လိုက်၊ ငရဲရောက်လိုက်ဆိုသလို သံသရာတခွင်၌ မျောပါပြီး လာလိုက်ကြသည်မှာ ဂေါတမရှင်တော်ဘုရားပွင့်တော်မူမှသာ သစ္စာလေးပါးတည်းဟူသော အလင်းရောင်ထွန်းပြောင်တော်မူ၍ တရားစကြာကိုလှည့်လည်တော်မူသောအခါ၌သာ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ် စသည်တို့ကို ဟောကြား၍ တရားစည်ကြီး ရိုက်တီးတော်မူမှသာလျှင် ဤတရားတော်တွေကို ကြားနာခွင့် ရရှိပြီးလျှင် ဒိဋ္ဌိတည်းဟူသောအနှောင်အဖွဲ့မှလည်းကောင်း၊ တဏှာ, မာနစသော ကိလေသာ၊ လောဘ, ဒေါသ,မောဟ တည်းဟူသော အကုသိုလ် တရား အပေါင်းတို့ကို အကုသိုလ် ဟူ၍လည်းကောင်း၊ အဓိသီလ, အဓိစိတ္တ စသော ကုသိုလ်တရားအပေါင်းတို့ကို ကုသိုလ်တရားဟူ၍ လည်းကောင်း အဓိပညာတည်းဟူသော ဝိပဿနာတရား၊ မဂ်တရား၊ ဖိုလ်တရား ဤတရားကား သိအပ်သောတရား၊ ဤတရားကား ပွားများ

http://www.dhammadownload.com



အားထုတ်ရာသောတရား၊ဤတရားကား ပယ်အပ်သောတရား ဟူ၍ သိမြင်နိုင်ကြရပေသည်။

ဤသို့သောအားဖြင့်သာသနာတော် ၂၅၀၀-ကျော်ရှိလာပြီး၍လည်းကောင်း၊သာသနာတော်နောက်ဖျား၌ ဤတရားတော်တွေသည် မတိမ်ကော မပပျောက်သေးပဲ တည်တံ့၍ နေသည်မှာ သာသနာဝန်ထမ်း မြတ်ဘုရား၏ သားတော်များ ဖြစ်တော်မူကုန်ကြသော ရဟန်းတော် အရှင်မြတ်များ၊ ဆရာအစဉ်အဆက် နှုတ်ငုံအားဖြင့်လည်းကောင်း၊ ပေထက်အက္ခရာအားဖြင့်လည်းကောင်း၊ကျောက်ထက်အက္ခရာအားဖြင့်လည်းကောင်း၊ ဆောင်ရွက်တော်မူခဲ့ကြ၍သာ ဖြစ်ကြပေရာ သာသနာဝန်ထမ်း ဘုရားသားတော်များ၏ အဆက်ဆက်မှတတ်အားသရွေ့ သာသနာတော်ကြီးကို စောင့်ရှောက်တော်မူ၍လာခဲ့ကြ၍သာ ဤတရားမျိုးတွေကို နာကြား,ကျင့်ကြံ အားထုတ်နိုင်ကြပါတကားဟု လွန်စွာကျေးဇူးတင်ဖွယ် ကောင်းလှပေသည်။ဤသို့ကျေးဇူးတင်ဘွယ် ကောင်းလှသည်နှင့်အမျှ သာသနာတော်ကြီးကို မငြိုမငြင်ထမ်းရွက်နိုင်တော်မူကြရန်၊ ထိုသံဃာတော် အရှင်မြတ်တို့အား ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟအားဖြင့် အဖက်ဖက်မှ ဆထက်ထမ်းပိုးတိုး၍ထောက်ပံ့တော်မူကြရန် လူဒါယကာတို့၏ ဝတ္တရားကြီး ဖြစ်ပေသည်။

ဤသို့ဘုရားရှင်ပရိနိဗ္ဗာန်စံပြီးနောက်ဘုရားရှင်သားတော်များသည်အဆက်ဆက်ဆောင်တော်မူခဲ့သောဘုရားသားတော်များအနက် ကျေးဇူးရှင် မိုးကုတ်ဆရာတော် ဘုရားကြီးသည်လည်း ဂန္ထဓုရ, ဝိပဿနာဓုရဟူ၍ ဓုရနှစ်ပါး ရှိသည့် အနက် ဂန္ထဓုရ တည်းဟူသော စာပေသင်ကြား ပို့ချခြင်း အလုပ်ကို

http://www.dhammadownload.com



နှစ်ပေါင်း ၃၀-ကျော် စာပေပို့ချ၍ လာတော်မူခဲ့ပြီးနောက် ဝိပဿနာဘက်သို့ ပြောင်း၍ လုံ့လစား အားထုတ်တော် မူ၍ ပရိယတ်,ပဋိပတ်နှစ်ဖြာဟပ်၍ ခန္ဓာဉာဏ်ရောက်တရားများကို ကိုယ်တော်တိုင် ပေါက်မြောက် အောင်မြင်တော် မူပြီးလျှင် သတ္တဝါဝေနေယျတို့အား ဝိနိပါတဘေးမှ ထုတ်ဆောင်ကယ် ယူတော်မူလို သောကြောင့် တရားတော်၏ ရှေ့ပိုင်းများ၌ သံဝေဂဉာဏ်ရမှုကို ထည့်သွင်း၍ နောက်ပိုင်း၌ဝိပဿနာ အလုပ် တရားများကို ဟောစဉ်အနေဖြင့် ဟောတော်မူလေ့ရှိပါသည်။

ဆရာတော်ကြီးသည် ဒိဋ္ဌိပြုတ်မှုကို အဓိကထား၍ ဟော တော်မူရာ ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာကိုတွဲ၍ ပြသတော်မူသည်။ ဝဋ်သုံးပါးလည်ပုံကို ပြသတော်မူသည်။

"အထူး သတိချပ်တော်မူရန်မှာ ဆရာတော်ကြီး သည် ဒါနကို ပယ်သော ဘုန်းကြီး မဟုတ်ကြောင်း မကြာခဏ တရားထဲ၌ ထည့်ဟောတော် မူခဲ့ပါသည်။ ဘုန်းကြီးတို့ အလှူခံစားတဲ့ ဒါနပယ်တဲ့ ဘုန်းကြီး မဟုတ်ကြောင်း နားကြီးကြီးနဲ့ ထောင်မှရမည် ဖြစ် ကြောင်း မကြာခဏ သတိပေးတရား ဟောလေ့ရှိပါ သည်"။

တချို့က ဆရာတော်ဘုရား၏တရား အဖျားဆွတ်ပြီး နာ ကြားကြ၍သော် လည်းကောင်း၊ တရားစာအုပ် ဖတ်ကြား သည့်အခါများ၌ ခါးချိုး၍ ဖတ်ကြားကြ၍ သော်လည်း ကောင်း၊ တပိုင်းတစလောက် ဖတ်ကြားကြ၍ သော်လည်း ကောင်း၊ဆရာတော်ကြီးသည် ဒါနပယ်သည်စသည်ဖြင့် စွပ်စွဲ သောစကားများ၊ အပြစ်ရှာစကားများ ပြောကြားသည်ဟု

http://www.dhammadownload.com



ကြားသိရသဖြင့် များစွာဝမ်းနည်းဖွယ်ရာ ဖြစ်ပါသည်။ ၎င်းပုဂ္ဂိုလ်များသည် ပဋိစ္စသမုပ္ပါဒ် နားလည်အောင် ကြိုးစားသော်မူကြပါ။ ၎င်းပဋိစ္စသမုပ္ပါဒ် နားလည်ခဲ့ပါလျှင် ဆရာတော် ဟောကြားတော်မူသော တရားများကို ထောင်နိုင်သောနား တဖြေး ဖြေး ရရှိပြီး လာလိမ့်မည် ဖြစ်ကြောင်း ကောင်းမြတ်သော စေတနာမေတ္တာနှင့် တိုက်တွန်းနှိုးဆော်အပ်ပါသတည်း။

ဦးသံဒိုင် (ဥက္ကဋ္ဌ)

မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့၊
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com

# စိတ္တာနုပဿနာ ရှုပွားနည်း

| | |
|---|---|
| ၁။ မြင်စိတ်<br>၂။ ကြားစိတ်<br>၃။ နံစိတ်<br>၄။ စားစိတ်<br>၅။ ယားနာကောင်းစိတ် | အပြင်ဧည့်သည်<br>၅ ယောက် |
| ၁။ လောဘစိတ်<br>၂။ ဒေါသစိတ်<br>၃။ မောဟစိတ်<br>၄။ အလောဘစိတ်<br>၅။ အဒေါသစိတ်<br>၆။ တွေးတောကြံစည်စိတ် | အတွင်းဧည့်သည်<br>၆-ယောက် |
| ၁။ လေကိုထုတ်သော စိတ်<br>၂။ လေကိုသွင်းသော စိတ် | အိမ်သည်စိတ် ၂-ခု |

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊
သမ္မာသတိ၊ သမ္မာသမာဓိ၊

၎င်း ၅-ခုသည် ရှုတတ်သောတရားများဖြစ်၏။

ရှုပုံ နည်းစနစ်မှာ အိမ်သည်ကို အမြဲထား၍ဖြစ်ပျက်ရှုပါ။

အိမ်သည် မရှိပါက အပြင် ဧည့်သည်, အတွင်းဧည့်သည် ပေါ်ရာကို ရှုပါ။

ဧည့်သည် မရှိပါက အိမ်သည်ကို အမြဲရှုပါ။

http://www.dhammadownload.com

http://www.dhammadownload.com

**ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ**

အမရပူရမြို့ မဂ်လာတိုက်ဟောင်း မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့ဓမ္မာရုံ၌ ဟောကြားတော်မူသော

ဒိဋ္ဌိပြုတ်သုံးပါး၊

(သာသနာတွင်းနဲ့ သာသနာပ)

# နေ့အခါသုတ်ဒေသနာတော်

(၉-၈-၆၁)

သာသနာတွင်း သားလား၊သာသနာပ သားလား ဆိုတဲ့ ဥစ္စာ ရှေ့ပိုင်းမှာ နည်းနည်းပြောကြည့်မယ်နော်၊ (မှန်ပါ)။

အားလုံး တရားနာလာကြတဲ့ တကာတကာမတွေသည်တဲ့ ငါသည် ယခု သာသနာတော်ကြီးကတော့ဖြင့် ရှိသေးတယ်၊ ရှိပင်ရှိငြားသော်သဲ ငါသည် သာသနာတွင်းသား ဟုတ်ပါရဲ့ လား၊ သာသနာပသားများ ဖြစ်နေရော့လားလို့ ဆိုတာကိုလဲ ကိုယ့်ဟာကိုယ်တွေးကြပါ၊ (မှန်ပါဘုရား)။

အကယ်၍ သာသနာပသား ဖြစ်နေသေးတယ်၊ သာသနာ တွင်းရှိငြားသော်လဲ သာသနာပသား ဖြစ်နေသေးသဲ ပြင်ချိန် ဆင်ချိန်ရှိတုန်း ပြင်လိုက်ကြပါ၊ (မှန်ပါ)။

ကောင်းပြီ- ဒါဖြင့် သာသနာတွင်းသားမှာရှိတဲ့ ဉာဏ်.... သာသနာပသားမှာရှိတဲ့ ဉာဏ်-နှစ်ဉာဏ်ကို ရှေ့ပိုင်းမှာ ပြပေး မယ်၊ (မှန်ပါ)။

http://www.dhammadownload.com



အားလုံး တကာတကာမတွေ ဒီမှာ ပြတာကိုလဲ မြင်တဲ့ ပုဂ္ဂိုလ်ကြည့်ကြပေါ့ဗျာ၊ (မှန်ပါ့) ၁-နံပါတ်က ကမ္မဿကတ ဉာဏ်၊ ၂-နံပါတ်က သစ္စာနုလောမိကဉာဏ်လို့ ဉာဏ်နှစ်မျိုး သွားပါ၊ (မှန်ပါ့)။

၁ နံပါတ်က ကမ္မဿကတဉာဏ်၊ မှန်ပါ့) ၂-နံပါတ်က သစ္စာနုလောမိကဉာဏ်လို့ နှစ်မျိုးရှိပါတယ်။ (မှန်ပါ့ ။

၁ နံပါတ်က ဘာပါလိမ့်၊ (ကမ္မဿကတဉာဏ်ပါဘုရား) ၂-နံပါတ်က ဘာပါလိမ့်၊ (သစ္စာနုလောမိကဉာဏ်ပါဘုရား)။

အဲဒီတော့ သာသနာပ ဖြစ်နေတဲ့ပုဂ္ဂိုလ်မှာတော့ ကောင်း တာလုပ် ကောင်းကျိုးပေးတယ်၊ ဒါနလုပ်ယင် ကောင်းကျိုး ပေးတယ်၊ သီလလုပ်ယင် ကောင်းကျိုး ပေးတယ်၊ သီလ ဆောက်တည်သဲ ကောင်းကျိုးပေးတယ်လို့ ဉာဏ်မျှရှိတာသည် ကမ္မဿကတဉာဏ်၊ (မှန်ပါ့)။

ဒါ သာသနာပလို့မှတ်လိုက်၊ (မှန်ပါ့ဘုရား)ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဘယ်လိုမှတ်ကြမယ်၊ (သာသနာပပါဘုရား) သာသနာပ လဲရှိတာပဲဘဲ့၊ ကိုယ့်သန္တာန်လဲ ဒါသာသနာတွင်း ဉာဏ်မရောက် သေးလို့ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ ဝေးနေသေးတယ်၊ (မှန်ပါ့ ဘုရား)။

ဒါနလုပ်ယင် အကျိုးပေးတယ်၊ သီလ ဆောက်တည်လို့ ရှိယင် အသက် ရှည်တယ်၊ နတ်ပြည်ရောက်တယ်လို့ ဤမျှ လောက်သိဘဲ့ဉာဏ်သည် ကမ္မဿကတဉာဏ်၊ (မှန်ပါ့ ဒီဉာဏ် ကို သာသနာပဉာဏ်လို့ မှတ်လိုက်စမ်းပါ၊ (မှန်ပါ့)။

http://www.dhammadownload.com



ဒီဉာဏ်ကို ဘယ့်နှယ်မှတ်ကြမယ်၊ (သာသနာပဉာဏ်ပါ ဘုရား)။

တကာကြွယ် သေသေချာချာ စဉ်းစားပါနော်၊ (မှန်ပါ့) ကိုယ်ဘယ်အခြေအနေ ဆိုက်နေတယ်၊ ဒို့ဟာ သာသနာတွင်း တော့ မွေးဖွားကြပါရဲ့၊ ဉာဏ်က ဒီဉာဏ်မျှ ဆုံးနေမယ်ဆိုယင် ဖြင့် သာသနာပဉာဏ်ထဲမှာပဲ သက်ဝင်နေတယ်၊ (မှန်လှပါ) သဘောပါပလား၊ (ပါပါပြီဘုရား)။

ဒါဖြင့်တကာတကာမတို့ ဒုတိယဉာဏ်ကလေး ပြောပါဦး မယ်၊ (မှန်ပါ့) ဒုတိယဉာဏ်ကတော့ တကာတကာမတို့ ခန္ဓာ ကိုယ်ထဲမှာ ရှိတဲ့ ခန္ဓာငါးပါးရှိဘဲ့ အနက်က ဖြစ်ပြီး ပျက်တဲ့ အနိစ္စကလေးတွေ သိတဲ့ ဉာဏ်၊ ဖြစ်ပြီး ပျက်ဘဲ့ ဒုက္ခသစ္စာက လေးတွေ သိဘဲ့ ဉာဏ်၊ ဖြစ်ပြီး ပျက်ဘဲ့ အနတ္တကလေးတွေ သိ တဲ့ ဉာဏ်ဟာ သစ္စာနုလောမိကဉာဏ်၊ (မှန်ပါ့)ဒါက သာသနာ တွင်းမှာ ပေါ်လာဘဲ့ ဉာဏ်၊ (မှန်ပါ့)။

ဒါဖြင့် သာသနပဉာဏ်က တိုတို မှတ်ကြပါစို့ဆိုတော့.... ကောင်းတာလုပ် ကောင်းကျိုးပေးတယ်၊ မကောင်းတာလုပ်– မကောင်းကျိုး ပေးတယ်ဆိုတဲ့ သိတဲ့ ဉာဏ်သည် သာသနာပ ဉာဏ်၊ (မှန်ပါ့)။

ခန္ဓာကိုယ်ထဲ၌ ဝေဒနာကလေးတွေ ပေါ်လိုက် ပျောက် သွားလိုက်၊ ဩော်....ဝေဒနာက္ခန္ဓာကလေးတွေလဲ ဖြစ်ပျက်ပါ လား ...၊စိတ်ကလေးတွေ ပေါ်လိုက် ဖြစ်ပြီး ပျက်သွားလိုက်၊ ဒါကလေးတွေ ကြည့်တတ်တဲ့ ဉာဏ်ကတော့ သစ္စာနုလောမိက ဉာဏ်လို့ ခေါ်ပါတယ်၊ (မှန်ပါ့)။

http://www.dhammadownload.com



ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေမှာ ဝိပဿနာ အလုပ်ကို ဆရာ့ဆီမှာ နည်းကျကျ မလုပ်လို့ရှိယင်ဖြင့် သာသနာပ ဉာဏ်နဲ့ပဲ နေပြီး သာသနာပဉာဏ်နဲ့ပဲ သေကြလိမ့်မယ်၊ (မှန်ပါ့)။

ဒါဖြင့် တကာတကာမတို့ သစ္စာနဲ့ လျော်တဲ့ဉာဏ် မရဘူး (မရပါဘုရား)မရတော့ဦးလှဘူးတို့သာသနာတွင်းသားမဖြစ် လိုက်ရဘူး၊ (မှန်ပါ့)မဖြစ်လိုက်ရတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်မရ ဘူး၊ (မရပါ) တယ်သဲနာပါလား၊ (နာပါတယ်ဘုရား)။

ဒါယနေ့ရှေ့ပိုင်းမှာဝေဘန်တာကိုလဲ တကာတကာမတွေ က ဩော်....ကိုယ့်ကိုယ်ကို ငါသည် သာသနာတွင်းသားအလုပ် လုပ်မိလေရော့လား၊ သာသနာပ အလုပ်နဲ့ဘဲ ငါသည် တင်း တိမ်နေသလား ဆိုတာကိုလဲ တကာသစ်တို့ ဝေဘန်တော့ (မှန်ပါဘုရား)။

တိုတိုနဲ့ ရှင်းရှင်းပြောကြပါစို့လို့ တကာ တကာမတွေကို ပြောရမယ်ဆိုယင်ဖြင့် သာသနာပဉာဏ်နဲ့ လမ်းဆုံးနေတာက များတယ်၊ (များပါတယ်ဘုရား)သာသနာတွင်း ဉာဏ်ရောက် တဲ့ ပုဂ္ဂိုလ်ရှားတယ်၊ (ရှားပါတယ်ဘုရား)။

သာသနာတွင်းဉာဏ် မရောက်တော့ သစ္စာမသိ၊သစ္စာမသိ တော့ မဂ်ဉာဏ် မရ၊ (မှန်ပါ့) မဂ်ဉာဏ် မရတော့ နိဗ္ဗာန် မရောက်၊ နိဗ္ဗာန် အာရုံမပြုနိုင်၊ (မှန်ပါ့) ဒီလိုဖြစ်နေတော့.... တကာကြွယ်ရေ–အားလုံးသော တကာတကာမတွေအမိ,အဖ ဆွေမျိုးဉာတကာတွေပြောရတယ်၊ သာသနာပ ဉာဏ်ကလေးနဲ့ တကာတကာမတွေ လမ်းဆုံးမနေပါနဲ့၊ (မှန်ပါ့) သာသနာ

http://www.dhammadownload.com



တွင်း ဉာဏ်ကလေးကိုလဲ ကြိုးစားလိုက်ပါဆိုတာကို ဒီကနေ့ တိုက်တွန်း ပါတယ်၊ (မှန်ပါ့) မတိုက်တွန်း သင့်ဘူးလား၊ (တိုက်တွန်းသင့်ပါတယ်ဘုရား)။

မေးတာက သာသနာတွင်း၊ (မှန်ပါ့)အဆုံးအမ ခံတာက သာသနာပဉာဏ်ဆိုတော့ ဒါက သာသနာပ,မှာလဲ ဝေလာမ ပုဏ္ဏားတို့ အလှုံးစုံ အကုန် လှူဒါန်း ပေးကမ်း သီတင်းသီလ ဆောက်တည် နေကြတာပဲ၊ (မှန်ပါ့) သာသနာပ, လုပ်တဲ့ အလုပ်တွေ၊ (မှန်ပါ့)သာသနာတွင်းမှာ ဒီကမ္မဿကတဉာဏ် လဲ လုပ်ရမယ်၊ (မှန်ပါ့)သစ္စာနဲ့ လျော်တဲ့ ဖြစ်ပျက်ရှုတဲ့ ဉာဏ် လဲ၊ (လုပ်ရမှာပါဘုရား)။

ဒါမှ သာသနာတွင်းသားဖြစ်ပြီးသကာလ တကာတကာမ တို့သာသနာ့အရိပ်ခိုပြီးသကာလ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန် ကူးသွားနိုင်တယ်၊ (မှန်ပါ့) ။

ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေတော်လောက် ပြီဆိုတဲ့စကားမသုံးဘဲနဲ့ ကျုပ်သည်ဒါနငါ်များခဲ့ပါပြီ၊သီလ ဆိုတာလဲ ကျုပ် ဥပုသ်နေ့တိုင်း ဆိုသလိုပဲ ငါးပါးသီလလဲ လုံအောင်ထိန်းလို့ ရှစ်ပါးသီလလဲ ဥပုသ်နေ့စောင့်ပြီး တော် လောက်ပြီဆိုပြီးနေတဲ့ ပုဂ္ဂိုလ်များသည် သာသနာပ ကမ္မဿ ကတဉာဏ်နဲ့နေတဲ့ ပုဂ္ဂိုလ်လို့မှတ်လိုက်၊ (မှန်ပါ့)။

သာသနာတွင်းသားကတော့ ဒီလိုမဟုတ်ပါဘူး၊ ကမ္မဿ ကတဉာဏ် အလုပ်ကိုလဲ လှူမှု တန်းမှု သီတင်းသီလ ဆောက် တည်မှုလဲ လုပ်ပါတယ်၊ (မှန်ပါ့)။

http://www.dhammadownload.com



သစ္စာနုလောမိက ဉာဏ်ဆိုတဲ့ ဖြစ်ပျက်ကိုလဲ ရှုမိပါတယ်၊ (မှန်ပါ့) ဒီဖြစ်ပျက်ရှုမိမှသာလျှင်လဲ တကာတကာမတို့ သာသနာတွင်းသားဖြစ်ပြီး သမ္မာဒိဋ္ဌိ ဖြစ်ပါတယ်၊ (မှန်ပါ့)။

တကာကြွယ် ရှင်းပလား၊ (ရှင်းပါပြီ) သာသနာပညာဏ်က ဘယ်တွင် လမ်းဆုံးပါလိမ့်၊ (ကမ္မဿကတဉာဏ်ပါ) ကမ္မဿကတဉာဏ်တွင် လမ်းဆုံးတယ်၊ (မှန်ပါ့)။

သာသနာတွင်းသားကတော့ ဘယ်ဉာဏ်ကျအောင် တက်လိုက်ပါလိမ့်၊ (သစ္စာလောမိကဉာဏ်ကျအောင် တက်ပါတယ်ဘုရား သစ္စာနုလောမိကဉာဏ်ဆိုတာ ကိုယ်ခန္ဓာတို့၏ ဖြစ်ပျက်ကိုသိတဲ့ဉာဏ်၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ကိုယ်ခန္ဓာဖြစ်ပျက်ကို သိတဲ့ဉာဏ်သည် သစ္စာနုလောမိကဉာဏ်၊ သစ္စာနဲ့လျော်တဲ့ဉာဏ် ဖြစ်လေသောကြောင့် နိဗ္ဗာန်အဝင်ဝရောက်သွားပြီ၊ (မှန်လှပါဘုရား) သဘောပါပလား၊ (ပါပါပြီဘုရား)။

ဦးလှ ဒါသတိထားပါ၊ (မှန်ပါ့) ဒါသတိထားပါ၊ တကာတကာမတို့၊ (မှန်ပါ့)။

ကိုင်း....ဒီနှစ်ခုအကျိုးအပြစ်ကိုပြောစမ်းပါဦး၊ဉာဏ်နှစ်ခုကတော့ တပည့်တော်တို့ ရှင်းသွားပါပြီလို့ တကာ တကာမတွေက ဝန်ခံပြီပဲ ထားပါတော့၊ (မှန်လှပါဘုရား)။

ကမ္မဿကတဉာဏ်ဒါနပေးလှူ၊သီလဆောက်တည်ပြီးသကာလနေလို့ ကောင်းတာလုပ်,ကောင်းကျိုးပေးတာမို့ ကျုပ်တို့လုပ်ရတာ....။ မကောင်းတာလုပ် မကောင်းကျိုး ပေးမှာမို့

http://www.dhammadownload.com



ကျုပ်တို့ ရှောင်ကြဉ် နေရတယ်–ဆိုတဲ့ ကမ္မဿကတဉာဏ်က သက္ကာယဒိဋ္ဌိ မပြုတ်ဘူး၊ (မှန်လှပါ)။

တကာ တကာမတို့ ဘာထူးခြားပါလိမ့်၊ (သက္ကာယဒိဋ္ဌိ မပြုတ်ပါဘုရား)။

သက္ကာယဒိဋ္ဌိမပြုတ်တော့ ဘုန်းကြီးတို့ တကာတကာမတွေ သည် ဒါနအကျိုးဆက်ကြောင့် နတ်ရွာသုဂတိရောက်၊ သီလ အကျိုးဆက်ကြောင့် နတ်ရွာ သုဂတိရောက်တာ ကေန်ပါဘဲ၊ (မှန်လှပါ၊ သက္ကာယဒိဋ္ဌိဆိုတဲ့ ဒိဋ္ဌာနုသယက ပါသွားတော့ ကို-တဲ့ အပါယ်လေးပါး ပြန်ကျနိုင်တယ်၊ (မှန်လှပါ) ရှင်း ပလား၊ (ရှင်းပါပြီဘုရား)။

အပါယ်လေးပါးကို ၊ ပြန်ကျ နိုင်ပါတယ် ဘုရား အို.... ဒါဖြင့် ဒို့သည်ကား–လို့ ဆိုလို့ရှိယင်ဖြင့် အပါယ်လေးပါး ပြန်မကျတဲ့ အလုပ်ကိုလဲ အကူအညီယူဦးမှဘဲဆိုတဲ့ ဥစ္စာကိုလဲ စိတ်ထားပြင်းပြင်းတန်ထန်နဲ့ မွေးကြပါ၊ (မှန်လှပါ)။

အပါယ်မကျတာက ဘာတုန်း–လို့ မေးတဲ့အခါကျတော့ သစ္စာနုလောမိကဉာဏ် ရမှသာလျှင် တကာ တကာမတို့ မဂ် ဉာဏ် သေသေချာချာ ဆိုက်ပါတယ်၊ (မှန်ပါ)။

အဲဒီကျတော့ "စတူဟာပါယေဟိစ ဝိပ္ပမုတ္တော" စတူဟိ အပါယေဟိ၊ လေးပါးသော အပါယ်တို့မှ။ ဝိပ္ပမုတ္တော၊ လွတ်သည်။ ဟောတိ၊ ဖြစ်၏။အင်း....သစ္စာနုလောမိကဉာဏ် ကနေ တက်ပြီး မဂ်ဉာဏ်ရလိုက်တော့မှ သာသနာတွင်းသား ဖြစ်သောကြောင့် အပါယ်လေးပါးလွတ်ပြီး နတ်ပြည်တက်၊ နတ်ပြည်ကနေ နိဗ္ဗာန် ကူး ဆိုတော့ ဘုန်းကြီးတို့ တကာ တကာမတွေ ကမ္မဿကတ ဉာဏ်လောက်နဲ့ တင်းတိမ်မနေ

http://www.dhammadownload.com



ဘဲနဲ့ သစ္စာနုလောမိကဉာဏ် ဖြစ်ပျက်ရှုတဲ့ဉာဏ်ကိုပဲ အင်း- ဒို့လိုသေးတယ်၊ ဖြည့်ဦးမယ်-ဆိုတဲ့ စိတ်ကို ယနေ့ သန်သန် ထွားထွား မွေးပါ၊ (မှန်လှပါ)။

ဒီစကားနှစ်လုံးဟာ တကာ တကာမတို့ နားရှိလို့ကြားရ၊ ဆရာကောင်း သမားကောင်း ပြောဆိုလို့ ထောင်ရ-ဆိုတဲ့ အတိုင်း ဒီစကားနှစ်လုံးသည်ကားလို့ ဆိုယင် ဒို့-တင်းတိမ် နေတာ မှားသေးယင် ပြင်လိုက်ကြပါ၊ (မှန်လှပါဘုရား)။

ဟာ- တပည့်တော်တို့ ကမ္မဿကတ ဉာဏ်လဲ လုပ်ပါတယ် ဘုရား၊ သစ္စာနဲ့လျော်တဲ့ ဖြစ်ပျက်အနိစ္စအလုပ်ကိုလဲရှုပါတယ် ဘုရားလို့ ဆိုလို့ရှိယင်ဖြင့် ဒီ- တကာ တကာမ တွေသည် သာသနာတွင်းသား ဖြစ်ပါတယ်၊ (မှန်လှပါ)။

ဒါဖြင့် သာသနာပသားကဖြင့် ကမ္မဿကတဉာဏ်၊ အတ္တ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ မပြုတ်ဘူး၊ (မပြုတ်ပါဘုရား)။

သာသနာတွင်း ဖြစ်ချင်လို့ရှိယင် အပါယ်လေးပါးကိုလဲ တခါတည်း မကျဘဲနဲ့ နိဗ္ဗာန်တောက်လျှောက် ကူးချင်လို့ ရှိယင် ကမ္မဿကတဉာဏ်ပဲ လုပ်ပါ၊ ဒါန သီလသဲ လုပ်ပေါ့ ဗျာ၊ (မှန်ပါ့) ဝိပဿနာအလုပ်ကိုလဲ၊ (လုပ်ရပါမယ်ဘုရား)။

ဒါဖြင့် တကာ တကာမတို့ ကျုပ်တို့ သာသနာတွင်းသား ဖြစ်အောင် ဒါနသီလလဲ မကင်းကြပါစေနဲ့၊ ဝိပဿနာဉာဏ် ကိုလဲ အထွတ်အထိပ် တပ်ပါလို့ဆိုတာ ဒီကနေပြီး သတိပေး ပါတယ်၊ (မှန်လှပါဘုရား)။

http://www.dhammadownload.com



ဒီစကားဟာ တကာ တကာမတို့ ဘယ့်အတွက်ကြောင့် ဒါလောက်တောင် ပြောဆို မှာပြီးသကာလ တကာသစ် နေရ ပါလိမ့်မတုန်း-လို့ မေးတဲ့အခါ ကျတော့မှ ဘုန်းကြီးတို့ တကာ တကာမတွေမှာ ကိုယ့်ဟာကိုယ် သိသလောက်ကလေးနဲ့ ကျုပ်တို့ ဒါနသီလတွေစုံပြီ၊ဘာလုပ်စရာလိုသေးသတုန်းဆိုတဲ့ အသွားတွေကလဲ တကာကြွယ် များတယ်နော်၊ (မှန်ပါ့-များ ပါတယ်ဘုရား) မများဘူးလား၊ (များပါတယ်ဘုရား)။

ကျုပ်တို့ ဒါနလဲစုံပြီ....၊ သီလလဲ တယ်မပျက်ပါဘူး....' ဒါကြောင့် ကျုပ်တို့ဖြင့် သေပျော်ပေါ့....လို့ဆိုပြီး အပါယ် စိတ်မချရဘဲနဲ့ သေပျော်ပေါ့ဆိုတော့ ဒါ-မှားနေလို့ ပြင်ပေး တာပဲလို့ ပဏ္ဍာသ ပါဠိတော်လို့ မှတ်လိုက်ပါ၊ (မှန်လှပါ ဘုရား) မှားနေလို့ ပြင်ပေးရပါတယ်၊ (မှန်ပါ့)။

ကိုင်း....ဒါဖြင့်ဘုန်းကြီးတို့တကာတကာမတွေ ဒါန,သီလ လဲ လုပ်ပါ၊ (မှန်ပါ့ဘုရား) ဝိပဿနာသဲ၊ (လုပ်ရမှာပါ ဘုရား)။

မလုပ်လို့ ဝိပဿနာ ချွင်းချက် ထားခဲ့သော် သာသနာပ သားဖြစ်တယ်၊ (မှန်ပါ့ ဝိပဿနာ လုပ်ခဲ့သော် (သာသနာ တွင်းသားဖြစ်ပါတယ်ဘုရား) သာသနာတွင်းသား ဖြစ်သွား တယ်ဆိုတာ တကာလှတို့လဲ သေသေချာချာ မှတ်ရလိမ့်မယ်၊ (မှန်ပါ့) မမှတ်ထိုက်ဘူးလား၊ (မှတ်ထိုက်ပါတယ်ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့သည် ဒီတကာတကာမတွေအား ခေါင်းဆောင်လုပ်ပြီးသကာလ အပါယ်လေးပါး တံခါးပိတ် ပြီးသကာလနိဗ္ဗာန်ဆိုဘဲ့ ဒုက္ခခပ်သိမ်းကင်းငြိမ်းတဲ့ နိဗ္ဗာန်ကြီး

http://www.dhammadownload.com



ကို အရောက် ပို့တော့မယ်ဆိုတော့ တကာတကာမတို့ သစ္စာနုလောမိကဉာဏ် မပေးယင် မတော်ဘူး၊ (မှန်လှပါ) တကာ ကြွယ် တော်ပါ့မလား၊ (မတော်ပါဘုရား)။

အေး....ဒါကြောင့် ပင်ပန်းခံပြီး နာကြ,မှတ်ကြတဲ့ တကာ တကာမတွေမှာဖြင့် "ဒို့ဖြင့် ယနေ့သစ္စာနုလောမိကဉာဏ်ဖြစ်တဲ့ ဝိပဿနာဉာဏ်၊ ၎င်း ရင့်ကျက် သွားလို့ ရှိယင် မဂ်ဉာဏ်ဖြင့် ငါတို့ရတော့မှာပဲ၊ အပါယ်လေးပါး တံခါးပိတ်၍ မအိုမသေ အမြဲနေဘဲ့ နိဗ္ဗာန်,ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့နိဗ္ဗာန်, ထောင့် ငါးရာကိလေသာအပူခေတ်,အလောင်ခေတ်တို့၏ငြိမ်းသတ်ရာ ဖြစ်တဲ့ နိဗ္ဗာန်ကိုဖြင့် သာသနာတွင်းသားမှပဲ ရောက်နိုင်တယ် ဆိုတာကို" တထစ်ချ ဆုံးဖြတ်ချက်ချပြီး သာသနာ့တွင်းသား အလုပ်ကိုလုပ်ပါတော့မယ်လို့ ဆုံးဖြတ်ချက်ချပါ၊ မှန်လှပါ) ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

ကဲ....ဒါဖြင့် သာသနာတွင်းအလုပ်ဆိုတာ သမ္မာဒိဋ္ဌိအလုပ် လို့ မှတ်လိုက်ပါ၊ မှန်ပါ့)။

သာသနာတွင်း အလုပ်ဆိုတာ ဘာပါလိမ့်၊ (သမ္မာဒိဋ္ဌိ အလုပ်ပါဘုရား)။

ကောင်းပြီ ဒါဖြင့် သဠာယတန သံယုတ် ပါဠိတော်မှာ၊ သဠာယတန သံယုတ်ပါဠိတော်ဆိုတော့ ဘုရားကိုယ်တော်တိုင် ဟောတယ်လို့ ဦးလှဘူး မှတ်လိုက်စမ်းပါ၊ (မှန်လှပါ)။

ပါဠိထဲမှာ–ပါဠိဆိုယင် သာမညနော်၊ (မှန်ပါ့) ပါဠိထဲမှာ တော်ဆိုတဲ့ ပါဠိတော်ဆိုပြီး တော်ထပ်လာလို့ရှိယင် ဘုရား

http://www.dhammadownload.com



ကိုယ်တော်တိုင်ဟောလို့ ချင်းချက်မရှိ မှန်တဲ့သဘောကို ယူလိုက်ပါ၊ (မှန်ပါ) ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

ကဲ-ဒါဖြင့် သဠာယတန သံယုတ်ပါဠိတော် ကိုဘဲ တကာ တကာမတွေကို အလုပ်ပေးပါတော့မယ်၊ မှန်ပါ) အဲဒီ ပါဠိတော်ကို တကာ တကာမတွေ အလုပ်လုပ်ရမည့် ပါဠိတော် ဆိုတာ တကာသစ် သေသေချာချာမှတ်ပါ၊ (မှန်ပါဘုရား ။

အဲဒီတော့ ဒီပါဠိတော်ကြီးကို ဘုန်းကြီးက အလုပ်စဉ် သွင်းပြီးသကာလ တကာ တကာမတွေ ခန္ဓာဉာဏ်ရောက် ပြ တော့မယ်ဆိုတော့ လုပ်ခြင်းကြောင့် ဘာကျေးဇူးရှိသလဲလို့ မေးတဲ့အမေးကို ဖြေရအောင် ကိုယ့်အမှား ဆယ့်နှစ်ချက်ကို ရှေ့ပိုင်းက သင်ထား၊ (မှန်ပါဘုရား)။

ကိုယ့်အမှား ဆယ့်နှစ်ချက်ကို (ရှေ့ပိုင်းက သင်ထားရပါမယ် ဘုရား)။

ဒါက ခန္ဓာငါးပါး၊ ခန္ဓာငါးပါးကို ဝိပ္ပလ္လာသ အမှား ဆယ့်နှစ်ခုနဲ့တကာကြွယ်မှတ်ထားရလိမ့်မယ်၊ (မှန်ပါဘုရား)။

ဒီခန္ဓာငါးပါးဆိုတဲ့ဥစ္စာ ဘယ်လိုပြေပြော အနိစ္စတရားပဲ ဖြစ်ပြီး ပျက်တာချည်းပဲ၊ မှန်ပါဘုရား ။

ဒါဖြင့် အနိစ္စကို နိစ္စလို့၊ နိစ္စဆိုတာ = ခိုင်တယ်မြဲတယ်လို့ မှတ်ထားတဲ့ အမှတ်မှား၊ (မှန်ပါ) ခိုင်တယ်, မြဲတယ်လို့ သိထားဘဲ့အသိမှား၊ (မှန်ပါ) ခိုင်တယ်,မြဲတယ်လို့ ယူထားတဲ့ အယူမှားပါဘုရား)။

အနိစ္စကို နိစ္စလို့ အမှတ်မှား,အသိမှား, အယူမှား၊ ဘယ်နှစ်ခုပါလိမ့်(သုံးခုပါ)သုံးခုမှတ်ထားလိုက်၊(မှန်ပါဘုရား)။

http://www.dhammadownload.com



ဒီခန္ဓာငါးပါးကြီးဟာဘယ်အချိန်မဆို ဘုရားက မဟော ယင်လဲ ဖြစ်ပျက်ဒုက္ခသစ္စာဘဲ၊ (မှန်ပါ) ဘုရားဟောတာကလဲ လက်ညှိုးညွှန်ပြတာရှိတာဘဲ၊ နဂိုရ်က ဒုက္ခသစ္စာဘဲ၊ (မှန်ပါ ဘုရား,)။

အဲဒီ ဒုက္ခသစ္စာကြီးကိုသဲ တကာ တကာမတွေ သုခလို့ မှတ်ထားပြန်လို့ရှိယင်သဲ အမှတ်မှား(မှန်ပါ)ချမ်းသာတယ်၊ ဒီခန္ဓာကြီးရတာ ချမ်းသာတယ်လို့ မှတ်လို့ရှိယင်ဖြင့် အမှတ် မှား၊ (မှန်ပါဘုရား)။

ဒုက္ခကို သုခလို့မှတ်ပြန်ယင်(အမှတ်မှားပါ) ဒုက္ခကို သုခ လို့ကိုယ့်စိတ်ထဲက သိနေပြန်ယင်ကော၊ (အသိမှားပါ) ဒုက္ခ တရားကြီးကို သုခလို့ ကိုယ်–ကိုယ်တိုင်က ယူထားပြန်ယင် တော့ကော၊ (အယူမှားပါဘုရား)။

သြော်–ဒါဖြင့် ဒုက္ခနောက်ကလဲ အမှားသုံးချက်၊ (မှန်ပါ ဘုရား)။

ဒီခန္ဓာကိုယ်ကြီးကတော့ "သဗ္ဗေဓမ္မာ အနတ္တာ" လို့ဆို တာ အထင်အရှား အမြင်သားဘဲ၊ တနေ့တခြား အို၊ တနေ့ တခြားယိုယွင်း၊ တနေ့တခြား သွားတွေကြဲလို့၊ တနေ့တခြား ဆံပင်တွေဖြူပြီးသကာလ မဖြူပါနဲ့, မအိုပါနဲ့ အသားအရေ မတွန့်လိုက်ပါနဲ့ အင်အားဗလ မနည်းပါနဲ့ ဆိုလို့ ဒီခန္ဓာ ကိုယ်ကြီးက တားလို့ မြစ်လို့မှ မရနိုင်ဘဲ ခန္ဓာကိုယ်ကြီးဖြစ် သောကြောင့် အနတ္တာ၊ (မှန်ပါဘုရား)။

အဲဒီအနတ္တ ခန္ဓာကိုယ်ကြီး လက်ရှိကိုပင်လျှင် တကာကြွယ် တို့က ဒါ–ငါဘဲခိုင်တယ်, မြဲတယ်လို့ အမှတ်မှားကလဲ မလာ လား၊ (လာပါတယ်ဘုရား)။

http://www.dhammadownload.com



အနတ္တကိုအတ္တလို့မှတ်တာကအမှတ်မှား၊(မှန်ပါ့)အနတ္တကို အတ္တလို့သိတာဟာ၊ (အသိမှားပါ) အနတ္တတရား အစိုးမရ ပါဘူးဆိုလို့ရှိယင် အစိုးရတယ်၊ ကိုယ်သွားချင်သွားနိုင်တာ ပဲ၊ ကိုယ်လာချင်လာနိုင်တာပဲ၊ ကိုယ်စားနိုင်တာပဲ ဆိုတော့ မမာတော့ ရသေးရဲ့လား၊ (မရပါဘုရား)။

အဲဒီတော့ ဒီအယူမှားကြီးကိုသဲ အနတ္တကို အတ္တလို့မှားတဲ့ အယူမှားကလဲတချက်၊ (မှန်ပါ့)ပေါင်းလိုက်တော့ အနတ္တမှာ ဘယ်နှစ်ချက်ရသတုန်း၊ (သုံးချက် ရပါတယ်) ရှင်းသွားပြီ၊ (မှန်ပါ့ဘုရား)။

ကဲ....တစ်ခါသွားပါဦး တတာတကာဓတ္တိုတဲ့၊ ဒီခန္ဓာကိုယ် ကြီးဟာ တစ်နေ့လုံး ချွေးသုတ်လို့ မပြီးနိုင်၊ (မှန်ပါ့)အစာ ကလေးထည့်လို့ကော၊ မပြီးနိုင်ပါ) ထည့်သည့် အစာတွေ စွန့်လို့ကော၊ (မပြီးနိုင်ပါ ဘုရား)။

အင်း....သူက ထည့်တုန်းက သုဘလို့ထင်ရတယ်၊ အတွင်း ရောက်တော့ အသုဘနဲ့ ရောသွားတယ်၊ (မှန်ပါ့) ရောသွား တော့ ဒီခန္ဓာကိုယ်ကြီးဟာ အသုဘဖြစ်တဲ့အစာတွေက ဖြစ်စေ တဲ့ ရုပ်တွေ, သွေးတွေ, သံတွေ, ပြည်တွေ, သလိပ်တွေကလဲ အသုဘပဲ ဖြစ်ရတယ်၊ (မှန်ပါ့ဘုရား)။

ချွေးတွေ,သွေးတွေက အသုဘဖြစ်ရတော့ဒီခန္ဓာကြီးထဲမှာ ဘာတွေများရှိပါလိမ့်မတုန်းလို့တွေးမနေနဲ့ အသုဘပဲ ဆိုတာ ရှင်တဲ့အသုဘပဲလို့မှတ်လိုက်၊ (မှန်ပါ့) ရှင်နေတုန်း အသုဘ၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဒါဖြင့်တကာတကာမတွေက ဒီလိုတရားထူး တရားမြတ်ကို မသိရ, မသင်ရဘဲ အခါကျလို့ရှိယင်ဖြင့် အသုဘကို သုဘလို့ မှတ်ဘဲ အမှတ်မှား၊ (မှန်ပါ) အသုဘကို သုဘလို့ သိတဲ့၊ (အသိမှားပါ) အသုဘကိုသုဘလို့ယူ ကဲ့ (အယူမှားပါဘုရား) အမှားဘယ်နှစ်ချက်လိုက်သလဲ (သုံးချက်လိုက်ပါတယ်ဘုရား)

သြော်....ဒါဖြင့် တကာတကာမတို့ ဒီဘုရားဘွေ့ရှိနေသရွေ့ ကာလပတ်လုံး ဒီခန္ဓာငါးပါးအပေါ်၌ အမှားဘယ်နှစ်ချက် ရှိပါလိမ့်၊ (ဆယ့်နှစ်ချက် ရှိပါတယ်) ဆယ့်နှစ်ချက် ရှိတယ်၊ (မှန်ပါ့ဘုရား ။

တကာတကာမတို့ ဒီခန္ဓာငါးပါးအပေါ်၌ အမှား ဆယ့် နှစ်ချက်ရှိတယ်ဆိုတာ သေသေချာချာမှတ်ထားကြပါ- (မှန်ပါ့ ဘုရား)။

အဲဒီဆယ့်နှစ်ချက်ရှိနေတော့ ဘယ့်နှယ်ကြောင့် ဒီအမှား မှားရပါလိမ့်မလဲလို့ တကာကြွယ်တို့၊ ဦးလှဘူးတို့က မေးဖို့ မလိုလား၊ (လိုပါတယ်ဘုရား ။

သြော်....ငါသည်ကားလို့ဆိုင်ငင် မှိုဝဲကောင်းတာမှိုဲ့ဘဲ့ အဘွက်"အသေဝနာစ ဗာလာနံ"ဆိုပြီး မိုက်တတ်တဲ့ တရား ကြောင့် မိုက်နေတာ၊ (မှန်ပါ့ဘုရား)။

"အသေဝနာစဗာလာနံ"ဆိုတဲ့အတိုင်းသဘောကျပလား (ကျပါပြီ) ဗာလာနံ=သူမိုက်တို့အား၊ အသေဝနာစ=မဟုတ် တာကို ဟုတ်ဘယ်လို့မှီဝဲနေသောကြောင့် သူလူမိုက်၊ (မှန်ပါ့ ဘုရား)။

http://www.dhammadownload.com



"အသေဝနာစဗာလာနံ"တကာကြွယ်၊သဘောကျပလား (ကျပါပြီ အသုဘကို သုဘလို့ မှတ်နေယင် "အသေဝနာစ ဗာလာနံပဲ"၊ (မှန်ပါ့၊ အသုဘကို-သုဘလို့သိနေယင်ကော.... (အသေဝနာစဗာလာနံပါပဲ) အသုဘကို-သုဘလို့ ထင်တယ် လို့ ယူနေပြန်ယင်ကော၊(အသေဝနာစ ဗာလာနံပါဘုရား ။

တကာကြွယ်တို့က နှုတ်ချိုသွားတွေ ဖြစ်ပြီးသကာလ နေ တော့ မင်းကြည့်ရတာကွာ....၊ ကြည့်လို့ တယ်ကြက်သရေ ရှိဘယ်။ ကြက်သရေရှိဘယ်၊ ပင်းအရှယ်နဲ့မလိုက်ဘူး ပျော် လိုက်ဘာ၊ (မှန်ပါ့ တကာကြွယ် ဒီအသုံးတွေကသဲ တယ် များတယ်၊ (များပါတယ်ဘုရား ။

ဒီအသုံးတွေကများတော့ သုံးတာကို ဘုန်းကြီးက တကာ ကြွယ်တို့ သုံးတာဟာ သူသုံးရိုးသုံးစဉ်မို့ သုံးတာဘဲ၊ စင်စစ် အသုဘကို သူ-သုဘထင်နေတာပဲ၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာကြွယ်တို့-တကာသစ်တို့က ဘယ်ပါဠိတော်ထဲ သွင်းကြမတုန်း၊ (အသေဝနာစ ဗာလာနံပါ ဟာ....တကာ ကြွယ်မရှက်နဲ့နော်၊ (မှန်ပါ့) ဒီအတိုင်း ဖြစ်တယ်၊ (ဖြစ်ပါ တယ်ဘုရား) မဖြစ်ပေဘူးလား၊ (ဖြစ်ပါတယ် ဘုရား)။

ဒီအတိုင်း ဖြစ်နေကြတယ် တကာတကာမတို့ သြော်.... ငါသည်ကားလို့ဆိုယင်အသက်အရှယ်ကြီးလို့ မျက်စိတွေလဲမွဲ ဆံပင်တွေလဲဖြူ၊ အားအင်ဗလလဲ ချိနဲ့နေပြီသော်လဲ ငါ့မှာ "အသေဝနာစဗာလာနံ" ဖမ်ိုဝဲကောင်းတာကို မှိုဝဲပြီးသကာ လ နှလုံးသွင်းမှားပြီး သကာလ ငါမှားနေပါ ပေါ့လား၊

http://www.dhammadownload.com



(မှန်ပါ) ဆိုတော့အမှတ်မှားလဲ မိုက်တယ်၊ (မှန်ပါ) အသိမှားကကော၊ (မိုက်ပါတယ်ဘုရား)။

အယူမှားကကော (မိုက်ပါတယ်ဘုရား အဲဒီတော့ဘယ်ပါဠိတော်ထဲ ရောက်သလဲ၊ (အသေဝနာစ ဗာလာနံပါဘုရား)။

ဪ် ...တကာကြွယ်တို့က အသေဝနာစ ဗာလာနံ ဆိုတဲ့ ဥစ္စာသည် သူမျှားမိုက်တာလား....တဲ့၊ (ကိုယ့်သန္တာန်ရှိတဲ့ ကိုယ့်အဝိဇ္ဇာအမိုက်ကြောင့်ဖြစ်ရတာလား၊ (ကိုယ့်သန္တာန်ရှိတဲ့ အဝိဇ္ဇာ အမိုက်ကြောင့် ဖြစ်ရတာပါဘုရား ပေါ်ပြီ (မှန်လှပါဘုရား ။

ပေါ်ပြီ တကာတကာမတို့ မိုက်ချင်လို့ မိုက်တာလား....၊ အဝိဇ္ဇာက မိုက်တာလား၊ (အဝိဇ္ဇာက မိုက်တာပါဘုရား ။

ဒီအဝိဇ္ဇာကိုမှ ဆရာဘုန်းကြီးတွေက ဝိဇ္ဇာဖြစ်အောင် လုပ်မပေးတော့ပါဘူး၊အသိနဲ့လုပ်မပေးပါဘူး၊အကျင့်နဲ့ကိုလုပ်မပေးပါဘူး။*အပယ်နဲ့လဲ လုပ်မပေးပါတော့ဘူး ဆိုယင်ဖြင့် အသေဝနာစ ဗာလာနံ-ထဲက မထွက်တော့ဘူး၊ (မထွက်တော့ပါဘုရား) တွက်ပါဦးမလား၊ (မထွက်ပါဘုရား)။

တကာကြွယ်-တယ်ကြောက်စရာကောင်းပါလား (ကောင်းပါတယ်ဘုရား (အင်မတန် ကြောက်စရာ ကောင်းတယ်ဆိုတာ တကာတကာမတွေ ပေါ်ကြပလား၊ (ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့က ဝိပဿနာဉာဏ်၊ သစ္စာနုလောမိကဉာဏ်ကို ပေးရတော့မယ်၊ (မှန်ပါဘုရား)။

---

* ပွားမှုကိုဆိုလိုသည်။

http://www.dhammadownload.com



ပေးလိုက်တဲ့ အခါကျလို့ ရှိယင်ဖြင့် တကာ တကာမတို့ ဖြစ်ပျက်တွေ မြင်တော့မှာပေါ့ဗျာ၊ (မှန်ပါ့) ဖြစ်ပျက်တွေ မြင်တော့ သူ့အရှိကို သူမြင်တဲ့အတွက် အနိစ္စကိုလည်းမြင်၊ ဒုက္ခကိုလဲမြင်၊ အနတ္တကိုလဲမြင်၊ မပိုင်ကြောင်းသိတယ်၊ (မှန်ပါ့) ဖြစ်ပြီးပျက်တာ ဘယ်သူတားလို့ ရသလဲ၊ (မရပါဘုရား) ဖြစ်ပြီးပျက်တဲ့ အသေသည်ကားလို့ဆိုလို့ရှိယင် သုဘလား၊ အသုဘလား၊ (အသုဘပါဘုရား)။

အဲဒါတွေ သိထားတော့ ''ပဏ္ဍိတာနုဋ္ဌ သေဝနာ'' ဆိုတဲ့ အတိုင်း ပညာရှိဖြစ်သောကြောင့် မှီဝဲသင့်တာ အမှန်မှီဝဲလိုက်တယ်၊ (မှန်ပါ့ဘုရား) အမှန် ဝိပဿနာရှုလိုက်တော့ ပဏ္ဍိတာနုဋ္ဌသေဝနာဖြစ်ဘယ်၊ (မှန်လှပါဘုရား)။

ဩော်-ဒို့ဆရာဘုန်းကြီးသည် ဒို့ကိုဘယ်လိုမျှား ကယ်တင်ပါလိမ့်မတုန်းလို့ မေးတဲ့အခါကျတော့မှ အသေဝနာစ ဗာလာနံအဖြစ်မှ ပဏ္ဍိတာနုဋ္ဌ သေဝနာ-ဆိုတဲ့ အဖြစ်ကို ပေးနေပါလား ဆိုဘဲဥစ္စာ ရှင်းသွားတယ်၊ (ရှင်းပါတယ် ဘုရား) မရှင်းဘူးလား၊ (ရှင်းပါတယ်ဘုရား)။

အသေဝနာစ ဗာလာနံအဖြစ်မှဗျာ၊(မှန်ပါ့) ပဏ္ဍိတာနုဋ္ဌ သေဝနာ အဖြစ်သို့ရောက်အောင် ကယ်တင်ပို့နေတာပဲ၊ဘုရားလဲ ဒါပဲ၊ (မှန်ပါ့) ဆရာဘုန်းကြီးညွှန်ပြနေတာကော၊ (ဒါပါပဲဘုရား)။

ဒါပဲဆိုတော့ ဩော်-ဒါဖြင့် တကာ တကာမတို့ ပဏ္ဍိတအဖြစ်ထဲ ရောက်အောင်ဖြင့် အနိစ္စမြင်မှ ဖြစ်ပျက်မြင်မှာပဲ၊ (မှန်လှပါဘုရား) သဘောပါပလား၊ (ပါပါပြီဘုရား)။

http://www.dhammadownload.com



ဪော်-ဒါဖြင့် တကာကြွယ်တို့ ဦးလှဘူးတို့ တော်ပဲတော်သေးရဲ့ကွာ၊ (မှန်လှပါဘုရား)။

ဒီအတိုင်း ဖြစ်ပျက်တွေ ဝေဒနာဖြစ်ပျက်ကိုသဲ ရှုလို့မမြင်၊ စိတ်ဖြစ်ပျက်ကိုလဲ ရှုလို့မမြင်၊ ရုပ်ဖြစ်ပျက်ကိုသဲ ရှုလို့မမြင်ဘူးလို့ ဆိုလို့ရှိယင်ဖြင့် လူမိုက်တစ်ယောက် သေပေါက်သေဝသို့ရောက်သွားရရှာလေပြီဆိုရမယ်၊ (ဆိုရမှာပါဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား)။

လူမိုက်တစ်ယောက်ဖြင့်သေပေါက်သေဝရောက်သွားပဟော့ မဆိုနိုင်ဘူးလား၊ (ဆိုနိုင်ပါတယ် ဘုရား) ပဏ္ဍိတာနဉ္စ သေဝနာ သူမှီဲထိုက်တာ မှီဝဲလိုက်ရရဲ့လား၊ (မမှီဲချပါဘုရား)။

အဲဒီတော့ မမှီဝဲကောင်းတာ မှီဝဲပြီးသကာလ မသိဘဲနဲ့ သေသွားတော့ မသိမိုက်- မိုက်သွားတယ် ဆိုယင်လဲ မလွဲဘူး ပေါ့ဗျာ၊ (မလွဲပါဘုရား)။

အဲဒီတော့ တကာ တကာမတို့ ပဏ္ဍိတာနဉ္စ သေဝနာဆိုတာသည် ကားလို့ဆိုယင် ဖြစ်ပျက်ကို မြင်ပြီးသကာလ ဖြစ်ပျက်အဆုံးမြင်ပြီး သေတဲ့ပုဂ္ဂိုလ်မှတကာကြွယ် ပါဠိတော်ထဲ သွင်းလိုက်၊(မှန်ပါ့ဘုရား)ဘယ်ပါဠိတော်ထဲ သွင်းကြမတုန်း (ပဏ္ဍိတာနဉ္စ သေဝနာပါဘုရား)။

ပဏ္ဍိတာနဉ္စ သေဝနာ၊ (မှန်ပါ့) ပဏ္ဍိတာနံ၊ ပညာရှိသော ပုဂ္ဂိုလ်တို့အား။ ယာသေဝနာစ၊ အကြင်မှီဲဆည်းကပ်ရခြင်းသည်လည်းကောင်းဆိုတော့ ပညာရှိဆိုတာ ခင်ဗျားတို့ဝမ်းထဲ သမ္မာဒိဋ္ဌိရောက်လာလို့ ဖြစ်ပျက်မြင်တာ၊ (မှန်ပါ့ဘုရား) ဒါ

http://www.dhammadownload.com



ပညာရှိအဖြစ်သို့ ရောက်သွားပါတယ်ဆိုတာ ပေါ်ပလား၊ (ပေါ်ပါပြီဘုရား)

ဒါဖြင့် ကိုယ့်သန္တာန်မှာ အနိစ္စဖြစ်ပျက် မမြင်ဘဲနဲ့ တကာ သစ်ရေ သေသွားတဲ့ ပုဂ္ဂိုလ်များ ဘယ်လိုမသာပါလိမ့်မတုန်း လို့ မေးဖို့မလိုဘူးလား၊ (လိုပါတယ်ဘုရား) လူမိုက်မသာလို့ ဆုံးဖြတ်ချက်ချ၊ (မှန်ပါဘုရား)။

ဘယ်လိုမှတ်ကြမယ်၊ (လူမိုက်မသာပါဘုရား)။

တကာကြွယ်တို့ သိထားတာက ဒီအကောင်မူးရူးပြီးသကာလ အန်ဖတ်ဆို့သေတယ်ဆိုမှ လူမိုက်မသာ၊ (မှန်လှပါဘုရား) သူတစ်ပါး သတ်ဖြတ်ပြီး ကြိုးကျတဲ့မသာမှ၊ (လူမိုက်မသာပါဘုရား)။

မဟုတ်ပါဘူးတဲ့၊အဲဒါက ဒါလောက်မဟုတ်ပါဘူး တကာကြွယ်ရ(မှန်ပါ) ခုနင်က အနိစ္စကို နိစ္စမှတ်ပြီး သေသွားမယ်၊ သံပြီးသေသွားမယ်၊ အနိစ္စကို နိစ္စလို့ သိပြီးတော့ (မှန်ပါ) အနိစ္စကို နိစ္စလို့ ခိုင်မြဲတယ်လို့ ယူပြီး သေသွားလို့ရှိယင်လဲ အဲဒါလူမိုက်နေ့ လူမိုက်သေတာ မှတ်လိုက်၊ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

အသေဝနာဝစ ဘာတဲ့၊ (ဗာလာနံပါဘုရား) မမှီဝဲကောင်းတာ မှီဝဲပြီး သေသွားတယ်၊ (မှန်ပါ) သဘောကျပလား၊ (ကျပါပြီ) မှီဝဲကောင်းတာ မှီဝဲပြီးသေမှါရှဲလား၊ (မသေပါဘုရား)။

ဒါဖြင့် တကာကြွယ်ရေ....မသာတွေမှာ ဘယ်မသာ များပါလိမ့်၊ (လူမိုက်မသာ များပါတယ်ဘုရား)။

http://www.dhammadownload.com



ကြပ်ကြပ်စဉ်းစားပါ၊ ကိုယ်ဒီအထဲက လွတ်အောင်ရှန်းကြစမ်းပါဆိုတာကိုလဲ တိုက်တွန်းရတယ်၊ (မှန်လှပါဘုရား)။

ဒီအထဲမှ လွတ်အောင်ဖြင့် အားလုံး တကာတကာမတွေ ရှန်းကြစမ်းပါ၊ လူမိုက် မသာဆိုတာ လူမိုက်တို့၏ သွားရာလမ်းဟာ အပါယ်လေးပါးပဲရှိတယ်၊ (မှန်လှပါဘုရား) ဒီ့ပြင်ရှိသေးရဲ့လား၊ (မရှိပါဘုရား)။

အေး....ဒါတွေသိတော့မှ ဒို့ဖြင့် လူမိုက်မသာတော့ အဖြစ်မခံနိုင်ဘူးကွ၊ (မှန်ပါ့) ပဏ္ဍိတာနဉ္စ သေဝနာဆိုတဲ့ ပညာရှိမသာ ဖြစ်အောင် လုပ်မယ်ဆိုလို့ရှိယင်ဖြင့် တကာတကာမတို့ မသာချင်းဟာသဲခြားနားပါတယ်၊ (ခြားနားပါတယ်ဘုရား) ပုပ်ရိဘဲ့မသာနဲ့ ခေတ်သော်ဖြစ်တဲ့ မသာနဲ့ ခြားနားတယ်၊ (မှန်ပါ့ဘုရား)။

ပုပ်ရိတဲ့ မသာက လူမိုက်မသာ၊ (မှန်လှပါဘုရား) ခေတ်တော်တွေဖြစ်လာတဲ့ မသာက၊ (လူလိမ်မာ မသာပါဘုရား) ပဏ္ဍိတာနဉ္စသေဝနာဆိုတော့ မှီဝဲကောင်းတာ မှီဝဲပြီးသေတဲ့ လူလိမ်မာ မသာဆိုတာ ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

အဲ ...ဒါဖြင့် တသက်လုံး ဖိုးလေသမျှ သေခါမှပေါ် ဆိုတာဟာ ဒါပဲ၊ (မှန်ပါ့ဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

တသက်လုံးတော့ဖြင့်ခင်ဗျားတို့အဝတ်နဲ့ဖုံးလိုက်၊ အစားနဲ့ဖုံးလိုက်၊ ဖီးလိမ်းပြီးသကာလ ဖုံးလိုက်နဲ့ ဖုံးငြားသော်လဲတဲ့ သေတဲ့အခါကျတော့ ခေတ်တော်မကျဘဲနဲ့ ပုပ်လိုက်၊ ညှီလိုက်၊ ဟောင်လိုက်နဲ့ မြေထဲမြှုပ်လိုက်ရတဲ့ မသာမျိုးသည်ကားလို့ဆို

http://www.dhammadownload.com



ယင်"အာသေဝနာစ ဗာလာနံ"ပဲ၊ (မှန်ပါ့ဘုရား) သဘော ကျပလား၊ (ကျပါပြီဘုရား)။

ပဏ္ဍိတာနဉ္စ သေဝနာ-ဆိုတာကတော့ တကာ တကာမတို့ သစ္စာနုလောမိကဉာဏ်ဆိုတဲ့ ဖြစ်ပျက်တွေကိုမြင်လို့ ၎င်း ဖြစ်ပျက်ခန္ဓာကိုယ်ကြီးကိုလဲမုန်းလို့ ၎င်းဖြစ်ပျက် ခန္ဓာကိုယ်ကြီး အဆုံးကိုလဲ ရောက်သွားလို့ သေတဲ့ပုဂ္ဂိုလ် ကျတော့ ခတ်တော်ကျတယ်၊ (မှန်လှပါဘုရား)။

ခတ်တော်တွေ ဖြစ်ပေါ်ပေါက်ပြီးသကာလ လာတော့ ဒါ-ပဏ္ဍိတက လုပ်လိုက်တာကို၊ (မှန်ပါ့ဘုရား) သမ္မာဒိဋ္ဌိက လုပ်လိုက်တာ၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် "ပဏ္ဍိတာနဉ္စ သေဝနာ" ပုဂ္ဂိုလ်များ ကျတော့ ခတ်တော်အဖြစ်သို့ ရောက်တယ်၊ (မှန်လှပါ) ရှင်းပလား၊ (ရှင်းပါပြီ)။

ဒါဖြင့် တကာတကာမတို့ တသက်လုံးဖုံးလေသမျှ သေခါမှ လူမိုက်မသာဖြစ်မယ်ဆိုယင်ဖြင့် ဒီတရားနာဖူးတဲ့ ပုဂ္ဂိုလ်တွေဖြင့် အတော် ရှက်စရာ ကောင်းပါတယ်၊ (ကောင်းပါတယ်ဘုရား)။

ဒါကြောင့် ကိုယ့်ကိုယ်ကိုယ်လဲ မသေခင်ကတည်းက ပဏ္ဍိတာနဉ္စ သေဝနာဖြစ်အောင် အနိစ္စအချက်တွေကို ဖြစ်ပျက်ရှုပြီးသကာလ ဝိပလ္လာသပယ်ပြီးသကာလ တကာသစ် သေစမ်းပါ၊ (မှန်လှပါဘုရား)။

မသေမည့် ပုဂ္ဂိုလ်ကတော့ မရှိဘူးပေါ့ဗျာ၊ (မှန်လှပါ) သို့သော် လူမိုက်မသာအဖြစ်နဲ့ သေရတာ တသက်လုံးဖုံးတာ

http://www.dhammadownload.com



သေခါမှပေါ်ဆိုတော့ ကောင်းသေးရဲ့လား၊ (မကောင်းပါ ဘုရား)။

တသက်လုံးဖုံးပြီးသကာလ လာတာ သေတော့လဲ ခတ်တော်တွေကျပြီးသကာလ သေတယ်ဆိုတော့ တကာကြွယ်- ဦးလှဘူးတို့ တကယ်ကောင်းပေါ့၊ (ကောင်းပါတယ်ဘုရား)။

အဲဒီကျမှ ပူဇာစ ပူဇနေယျာနံ၊ ဩော်- သူ့ ခတ်တော်တွေ ပူဇာစ ပူဇနေယျာနံ ပူဇော်ထိုက်ဖြစ်သွားတယ်၊ (မှန်လှပါဘုရား) ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)။

ခတ်တော်တွေက ဘာဖြစ် သွားသတုံး၊ (ပူဇော်ထိုက် သွားပါတယ်ဘုရား)။

အဲဒီကျတော့မှ ဧတံမင်္ဂလမုတ္တမံ။ ဧတံ၊ ဤသို့ သေခြင်း သည်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ ပူဇော်ထိုက်တဲ့ မင်္ဂလာ မည်သည်။ ဟောတိ၊ ဖြစ်၏။(မှန်လှပါဘုရား) ခင်ဗျားတို့က မသုံးတတ်တော့ ဒါကို သာမညမှတ်နေတာကိုး၊ (မှန်လှပါ ဘုရား)။

တကာကြွယ်ကြီးတို့အသက်သာကြီးနေတယ်၊ ဒီပါဠိတော် လဲ့ အရသာ:ပဲ၊ သုံးကိုမသုံးတတ်ဘူး၊ (မသုံးတတ်ပါဘုရား)။

သုံးတော့သုံးပါရဲ့ ပရိတ်ကလေး၊မင်္ဂလသုတ်ကလေး ရွတ် ပေးစမ်းပါဘုရား၊ ဘာဖြစ်လို့တုံး၊ အန္တရာယ်ကင်းချင်လို့ (မှန်လှပါဘုရား)။

ဖြစ်မှ ဖြစ်ရပလေ၊ဘုရားက ဒီလိုဟောတာမှမဟုတ်ပဲ၊(မှန် ပါ့ဘုရား) အသေဝနာစ ဗာလာနံဖြင့် သေတဲ့အခါ ပုပ်တယ် ကွ၊(မှန်ပါ့)ပဏ္ဍိတာနဉ္စ သေဝနာ-ဆိုတာ သေတဲ့အခါ ခတ်

http://www.dhammadownload.com



တော်တွေကျသက္ကာ၊(မှန်ပါ့) အဲဒါကြောင့်ပူဇော်စပူဇာနေယျာန့် ဆိုတာ ပူဇော်ထိုက်တဲ့အဖြစ် သူရောက်တယ်ကွာ၊ (မှန်လှပါ ဘုရား)။

ဒါသေသေချာချာဟောထားတာ၊တကာကြွယ်တို့က အိမ် ကြွလာတဲ့ဘုန်းကြီးကိုပရိတ်ကလေးရွတ်ခဲ့ပါဦးဘုရား၊ခလေး က တယ်နေမကောင်းဘူးတဲ့၊ (မှန်ပါ့ဘုရား)။

ဂုဏ်ကျလိုက်တဲ့ဖြစ်ခြင်း၊ကိုယ့်--ာကိုယ်ခေတ်တော်ကျအောင် လုပ်ရမည့်ဥစ္စာသူများပရိတ်ရွတ်ခိုင်းနေတော့သာမညကုသိုလ် တော့ ရတာပေါ့၊ (မှန်ပါ့)အန္တရာယ်ကင်းလို့ ဘေးရှင်းတာ တော့ရပါတယ်၊ ကိလေသာဘေးက ရှင်းရဲ့လား၊ (မရှင်းပါ ဘုရား)။

အဲဒါတွေ သေသေချာချာ ဉာဏ်နဲ့စဉ်းစားကြည့်တော့မှ ဘေးတကာ့ ဘေးမှာလဲ အတွင်းဘေးနဲ့အပြင်ဘေး ဘယ်ဟာ ကြောက်စရာ ကောင်းသတုန်း၊ (အတွင်းဘေး ကြောက်စရာ ကောင်းပါတယ်ဘုရား)။

အပြင်ဘေးကတော့ ဒီနေရာမီးလောင်တယ်၊ ဟိုနေရာရွှေ့၊ ဒီနေရာ ရေရှိတယ်၊ ဟိုတောင်ကုန်းရွှေ့၊ မလွတ်ဘူးလားဗျာ၊ (လွတ်ပါတယ်ဘုရား) ဒီမင်း အုပ်ချုပ်ရေး ရက်စက်တယ် ဆို ယင် ဒီမင်းနိုင်ငံမှတပါး ထွက်သွားလိုက် မလွတ်ဘူးလား၊ (လွတ်ပါတယ်ဘုရား)အတွင်းကိလေသာဘေးကတော့တကာ တကာမတို့ ဝမ်းထဲ အနုသယသဘောနဲ့ ကိန်းပါသွားလို့ လွတ် ကဲ့လား၊ (မလွတ်ပါဘုရား)။

http://www.dhammadownload.com



အဲဒီတော့ အပြင်ဘေးနဲ့ အတွင်းဘေးမှာ လဲ တကာသစ်-ဘယ်ဟာ ကြောက်စရာ ကောင်းသတုန်း၊ (အတွင်းဘေး ကြောက်စရာကောင်းပါတယ်) သဘောကျပလား၊ ကျပါပြီ ဘုရား)။

ဒါဖြင့် တကာ တကာမတွေ ပရိတ်ရွတ်တာသည် ဒီ အပြင် ဘေးကိုသာ ကာကွယ်နိုင်၍ အလုပ်-လုပ်ခဲ့သော် အတွင်းဘေး ကို ကာကွယ်ပါတယ်၊ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်း ပါပြီဘုရား)။

ပရိတ်ရွတ်တာသည်အပြင်ဘေးကိုတော့ဖြင့်၊ ကာကွယ်ပါ တယ်ဘုရား )ယုံလှဲယုံကြည်မယ်ဆိုယင်- ကာကွယ်တယ်၊ မိလိန္ဒ မင်းကြီးက မေးတဲ့အခါမှာ ယုံသဲယုံကြည်ကြမယ်၊ ဒီက ရွတ် တာလဲ မှန်မယ်ဆိုလို့ရှိယင် အန္တရာယ်ကင်းပါတယ်လို့ ပြော တယ်၊ (မှန်ပါ့ သို့သော် အပြင်ဘေးသာကင်းတယ်၊(မှန်ပါ့) အတွင်းကိလေသာဘေးကတော့၊ (မကင်းပါဘုရား)။

မကင်းသေးတော့ အပြင်ဘေးနဲ့ အတွင်းဘေးမှာလဲ ဘယ် ဟာက အရေးတကြီး ကြောက်စရာကောင်းတယ်ဆိုတာ ပေါ် လာပြီ၊ (ပေါ်လာပါပြီဘုရား) ကဲ- တကာသစ် ဘယ်ဟာ ကြောက်စရာကောင်းသတုန်း၊ (အတွင်းဘေးကကြောက်စရာ ကောင်းပါတယ်ဘုရား)။

အပါယ်ရောက်တာ အပြင်ဘေးကြောင့်လား၊ အတွင်း ဘေးကြောင့်လား၊ (အတွင်းဘေးကြောင့်ပါ ဘုရား) မယုံ စဉ်းစားကြည့်၊အတွင်းမှာ တဏှာဉပါဒါန်ကံကြောင့် အပါယ် ရောက်တာ၊ (မှန်ပါ့) ဒီ ပဋိစ္စသမုပ္ပါဒ်ပို့လိုက်လို့ ရောက်တာ၊

http://www.dhammadownload.com



(မှန်လှပါဘုရား) သူများကသွားစေဆိုလို့ ရောက်တာဟုတ်ကဲ့လား၊ (မဟုတ်ပါဘုရား) သဘောပါပလား၊ (ပါပါပြီ)။

ဒါဖြင့် အတွင်းဘေးနဲ့ အပြင်ဘေး ဘယ်သူ ကြောက်စရာကောင်းသတုန်း၊ (အတွင်းဘေး ကြောက်စရာ ကောင်းပါတယ် ဘုရား)။

အတွင်းဘေးက ပဋိစ္စသမုပ္ပါဒ် ဘေးကိုးဗျ၊ (မှန်ပါ) ဝဋ်လည်တဲ့ ပဋိစ္စသမုပ္ပါဒ် ဘေးသင့်တယ်၊ (မှန်ပါဘုရား)။

ဒါ့ကြောင့်ဘုန်းကြီးတို့တကာ-တကာမတွေ ယနေ့ကစပြီး ငါသည် ဒါကို သားထင်နေတယ်၊ သမီးထင်နေတယ်၊ သားဟူသောခင်ခြင်း၊ သမီးဟူသောခင်ခြင်းနဲ့ ခင်နေတယ်၊ သားဟူသောအားကိုးလုံး၊သမီးဟူသောအားကိုးလုံးနဲ့ခင်နေသေးသမျှကာလပတ်လုံး အသေဝနာစဗာလာနံ ငါပဲဟ-လို့ဆုံးဖြတ်ချက်ချ၊ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

အသေဝနာစ ဗာလာနံဟာ၊ (ငါပဲလို့ ဆုံးဖြတ်ရပါမယ်) ငါပဲလို့ ဆုံးဖြတ်ချက်ချ တကာကြွယ်ရ၊ (မှန်လှပါဘုရား) မချရဲဘူးလား၊ (ချရဲပါတယ်ဘုရား) မချရဲသဲ ဖြစ်နေတာပဲ၊ (မှန်ပါ) ငြင်းပလား၊ (ရှင်းပါပြီ) မချလဲ၊ (ဖြစ်နေပါတယ်ဘုရား) ဦးလှရွှေ ကျေနပ်ပလား၊ (ကျေနပ်ပါပြီဘုရား)။

ဒါကဘယ်အချိန်တုန်းဘုရာ့ ၊အို ... သားမြင်လိုက်၊သမီးမြင်လိုက်တဲ့အခါ သားဟူသော အမှတ်,သားမို့ ခင်ရတယ် ဟူသော အသိ, သားမို့အားကိုးရလိမ့်မယ်ဆိုတဲ့ အယူ၊ ဒီအမှတ်၊ ဒီအသိ၊ ဒီအယူကို ယူတိုင်း-ယူတိုင်း ဘယ့်နှယ် ဆိုကြမယ်၊

http://www.dhammadownload.com



(အသေဝနာစ ဗာလာနံပါဘုရား) ခုမှ ရှတ်တတ်ပေတော့တယ်၊ (မှန်ပါ့ဘုရား)။

သားဟူသောအမှတ်၊ ခင်ရလိမ့်မယ်ဆိုတဲ့ စိတ်ထား၊ အားကိုးရလိမ့်မယ်ဆိုတဲ့ အယူမှား၊ ဒါ လာတိုင်း လာတိုင်း ကိုယ့်သန္တာန် ဘာဖြစ်နေသလဲ၊ ('အသေဝနာစ ဗာလာနံ ဖြစ်နေပါတယ်ဘုရား)။

အသေဝနာစ ဗာလာနံဆိုတဲ့အတိုင်း မမှိုဝဲအပ်တာ မှီဝဲသောကြောင့် ဝိပ္ပလ္လာသ သုံးချက် လိုက်တယ်၊ (မှန်လှပါဘုရား)ဝိပ္ပလ္လာသ သုံးချက်ကြောင့် ခုနင်က ဒိဋ္ဌိမှားကြောင့် အယူမှား- အစွဲမှား- ပြုလုပ်မှား- အပါယ်သွားဆိုတဲ့ ပဋိစ္စသမုပ္ပါဒ်ကြီးက လာသလား....မလာဘူးလား (လာပါတယ်ဘုရား)။

တကာသစ်ရှင်းပလား၊ (ရှင်းပါပြီဘုရား)သြော်....ဒါ ဖြင့်ဘုန်းကြီးတို့သည် ကိုယ့်ကိုယ်ကိုယ်မိုက်တာကို ကိုယ်မသိတာ တကာကြွယ်လောက အဆိုးဆုံးပါပဲ၊ (အဆိုးဆုံးပါ ဘုရား)။

လောကအဆိုးဆုံးတရား ဘယ်တရားပါလိမ့်၊ (ကိုယ့်ကိုယ်ကိုယ်မိုက်တာ မသိတာပါဘုရား) ကိုယ်မိုက်တာ ကိုယ်မသိတာ အဆိုးဆုံးလို့ မှတ်လိုက်စမ်းပါ၊ (မှန်ပါ့ဘုရား)။

ကိုယ်မိုက်တာကို၊ (ကိုယ်မသိတာအဆိုးဆုံးပါဘုရား)။

ဒါကလေးဟာ တကာတကာမတို့ တကယ့်သမီးလို့ မှတ်လိုက်လို့ရှိယင်ဖြင့် အသေဝနာစ ဗာလာနံ၊ (မှန်ပါ့ဘုရား) တကယ့်သမီးလို့ မှတ်လိုက်ယင်၊ (မှန်ပါ့ဘုရား)။

ဟာ ...ဒါဟာ ခေါ်ဝေါ်ရုံ ခေါ်ဝေါ်ရတဲ့ သမီးလို့ မှတ်ထားပြန်တော့လဲ ကိစ္စမရှိပါဘူး (မှန်ပါ့ဘုရား) သဘောကျ

http://www.dhammadownload.com



ပလား၊ (ကျပါပြီ) အင်း....ဒီကိစ္စသည် မကောင်းတရားကလေး သာရှိပါတယ်၊ စင်စစ်တော့ဖြင့် ကျုပ်တို့ အပါယ်ကျလောက် အောင်တော့ မခင်ပါဘူးလို့ ဆိုလို့ရှိယင် လဲ-တဲ့၊ ပဏ္ဍိတာနဉ္ဇူ သေဝနာ ဖြစ်ပါဘယ်၊ (မှန်ပါ့ဘုရား)။

သို့သော်ဒီခန္ဓာကြီးဟာသမီးခန္ဓာ,သားခန္ဓာဆိုတာအနတ္တ တွေပါ၊ဘယ်သူ့-သယ်သူမှ အားကိုးလို့ရတာမဟုတ်ပါဘူးလို့ သိပြန်တော့လဲ ပဏ္ဍိတာနဉ္စသေဝနာသွားဖြစ်တယ်၊(မှန်လှပါ ဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား ။

ဟာ-ဒီလိုမဟုတ်မူ၍ သမီးစစ်ပဲ၊ ဒါကြောင့် ခင်ရတယ်။ သူပဲ အားကိုးစရာအစစ်ပဲ ဒီလိုယူလို့ရှိယင် ဘယ်ပါဋိတော်ထဲ သွင်းကြမတုန်း (အသေဝနာစ ဗာလာနံပါဘုရား) ဟာ-ဒါ ဖြင့် လူမိုက်မသာ ဖြစ်ရတော့မယ်၊ (မှန်လှပါဘုရား)။

ဘယ့်နှယ်ဆိုကြမလဲ၊ (လူမိုက်မသာ ဖြစ်ရပါမယ်) လူမိုက် မသာဖြစ်ရတော့မယ်ဆိုတာ သေချာကြပလား၊ (သေချာပါပြီ ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီဝိပ္ပလ္လာသတွေမဖယ်မရှားဘဲနဲ့ သေသွားတဲ့ ပုဂ္ဂိုလ်တွေဖြင့် တကာသစ်တို့ တကာကြွယ်တို့ ဦးလှဘူးတို့ ဦးလှတို့ပဲ ဆုံးဖြတ်ချက်ချပါ၊ဘာမသာတွေများ ပါလိမ့်၊ (လူမိုက်မသာတွေများပါတယ်ဘုရား) လူမိုက်မသာ က များတယ်၊ ရှင်းပလား၊ (ရှင်းပါပြီ ဘုရား)။

အဲဒါကြောင့် တကာတကာမတို့ သာသနာတွင်းသား ဖြစ် ပြီး လူမိုက်မသာဖြစ်ရတာ အနာဆုံးပေါ့၊(မှန်လှပါဘုရား)။

http://www.dhammadownload.com



သာသနာ့တွင်းသားတော့ဖြစ်ရဲ့၊ (မှန်ပါ့ဘုရား) ခုနင်က ကလျာဏမိတ္တဆိုတဲ့ သူတော်ကောင်းနဲ့ မပေါင်းရလို့ အမှတ်မှား၊အသိမှား၊ အယူမှားနဲ့ သေသွားလေရဲ့ဆိုတော့ တကာ သစ် ဘာမသာလို့ဆိုမသဲ၊ (လူမိုက်မသာပါဘုရား တယ်သဲ ကြောက်စရာကောင်းပါလား၊ (ကြောက်စရာကောင်းပါတယ် ဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် လူမိုက်မသာအဖြစ်မှ တကာ တကာမတွေ ပြောင်းချိန်လွှဲချိန်ကလေး ရှိသေးလို့ အလုပ် ပေးပါတော့ မယ် ပြောင်းကြ လွှဲကြစို့၊ (မှန်လှပါဘုရား)။

ဒါဖြင့် သဠာယတနသံယုတ်ပါဠိတော်ကိုတကာတကာမတို့ ၈ တော့မယ်၊ (မှန်ပါ့ဘုရား)

ရဟန်းတစ်ပါးက အရှင်ဘုရား-တဲ့၊ သက္ကာယဒိဋ္ဌိ ပယ်ပုံ ကလေး တပည့်တော်ကို အမိန့်ရှိပါဘုရားတဲ့၊ (မှန်လှပါ ဘုရား) သက္ကာယဒိဋ္ဌိပယ်ပုံကလေး အမိန့်ရှိစမ်းပါတဲ့။

တကာတကာမတို့ ဘာအမိန့်ရှိခိုင်းတာတုန်း၊ (သက္ကာယ ဒိဋ္ဌိပယ်ပုံကလေး အမိန့်ရှိခိုင်းတာပါဘုရား)။

ဒါ-ရဟန်းတစ်ပါးက လျှောက်တယ်၊ (မှန်ပါ့) တပည့် တော်အား သက္ကာယဒိဋ္ဌိပယ်ပုံကလေး အမိန့်ရှိစမ်းပါဆိုတော့ ဘုရားက အဲဒီလိုက္ခာတဲ့....မင်းတို့ သတိပဋ္ဌာန် လေးပါးထဲက စိတ်ကိုရှုယင်လဲ....တဲ့၊စိတ်တွေရှုနည်းကိုလဲ တကာတကာမတွေ အရင်တုန်းကပြောထားဘယ်၊ (မှန်ပါ့) လောဘစိတ်လာလဲ လောဘစိတ်ရှုရမှာပဲ၊ (မှန်ပါ့) ဒေါသစိတ်လာလဲ၊ (ဒေါသ

http://www.dhammadownload.com



စိတ်ရှုရမှာပါ) မောဟစိတ်လာလဲ၊ (မောဟစိတ် ရှုရမှာပါ) ကုသိုလ်စိတ်လာလဲ (ကုသိုလ်စိတ် ရှုရမှာပါ) သဘောကျပလား၊ (ကျပါပြီဘုရား)။

ဒါဖြင့် လာတဲ့စိတ် ဟူသမျှကို ပုထုဇဉ် သန္တာန်လာတဲ့ စိတ်ဟူသမျှ ဘာလုပ်ကြမယ်၊ (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အဲဒီကဲ့သို့ရှုလို့ရှိယင်ဖြင့် "ဝိညာဏံ အနိစ္စတော ဇာနတော ပဿတော သက္ကာယဒိဋ္ဌိ ပဟီယတိ" (မှန်ပါ့ဘုရား)။

ဩော်– သက္ကာယဒိဋ္ဌိပယ်၊ ပယ်ဆိုတာ အလွယ်ကလေးပါကွ–တဲ့၊ ဘုရားက ဖြေလိုက်တယ်၊ (မှန်လှပါဘုရား, မင်းတို့ <u>စိတ်ရှုတဲ့ပုဂ္ဂိုလ် စိတ်ဖြစ်ပျက်မြင်လို့ရှိယင်ဖြင့်တဲ့ သက္ကာယဒိဋ္ဌိ ပယ်</u>တာပဲဘဲ့၊ (မှန်လှပါ) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

စိတ်ရှုတဲ့ပုဂ္ဂိုလ် စိတ်ဖြစ်ပျက်မြင်ယင် (သက္ကာယဒိဋ္ဌိ ပယ်ပါတယ်ဘုရား)။

<u>ဝေဒနာရှုတဲ့ပုဂ္ဂိုလ် ဝေဒနာဖြစ်ပျက်မြင်ခဲ့သော် (သက္ကာယဒိဋ္ဌိ ပယ်</u>ပါတယ်ဘုရား)။

ဩော်–ဒါဖြင့်ဦးလှရေ သက္ကာယဒိဋ္ဌိပယ်နည်း နီးသယ်ည်းကို ရဟန်းတစ်ပါးကလျှောက်လို့ ဘုရားက "ဝိညာဏံ အနိစ္စတော ဇာနတော ပဿတော သက္ကာယဒိဋ္ဌိ ပဟီယတိ" တဲ့။ ကွာဘဲ့၊ ဒါ–လွယ်လွယ်ကလေးပဲ၊ မင်းတို့ ခက်တာမှမဟုတ်ပဲ၊ **သစ္စာနုလောမဉာဏ်နဲ့ ပေါ်တဲ့စိတ်တွေကို ဖြစ်ပျက် ရှုနေလို့ရှိယင် သက္ကာယဒိဋ္ဌိ ပယ်တာပါပဲတဲ့၊** (မှန်လှပါဘုရား)။

http://www.dhammadownload.com



ပေါ်တဲ့စိတ်တွေကို (ဖြစ်ပျက်ရှုနေယင် သက္ကာယဒိဋ္ဌိ ပယ်ပါတယ်ဘုရား)။

ဒီနေ့ စိတ်ကိုဘဲ ပိုင်ပိုင်နိုင်နိုင် တကာကြွယ် ပြောကြစို့၊ (မှန်လှပါဘုရား)။

တကာ တကာမတို့ပေါ်တဲ့စိတ် ဖြစ်ပျက်ရှုနိုင်ယင် ဘာပယ်သဘဲ့တုန်း၊ (သက္ကာဒိဋ္ဌိ ပယ်ပါတယ်ဘုရား)။

ဩော်-ဒါဖြင့် ဒိဋ္ဌိဝိပ္လွာသဟာ ခုနင်တုန်းက လေးမျိုးပါတယ်၊ (မှန်ပါ) မပါဘူးလား၊ (ပါ-ပါတယ်ဘုရား)။

ဩော် ဒိဋ္ဌိလေးမျိုးကို ပယ်ချင်လို့ရှိယင်ဖြင့် ခင်ဗျားတို့သန္တာန်ပေါ်တဲ့ လောဘစိတ်လာလဲ နောက်ကမဂ်နဲ့ ဖြစ်ပျက်ရှုပါ၊ (မှန်ပါဘုရား)။

လောဘစိတ်လာလဲ (မဂ်နဲ့ ဖြစ်ပျက် ရှုရပါမယ်ဘုရား) ဒေါသစိတ်လာတော့ (ဖြစ်ပျက်ရှုရပါမယ်) မဂ်နဲ့ ဖြစ်ပျက်ရှု (မှန်လှပါဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား ဖြစ်ပျက်ရှုယင် မဂ်ဖြစ်တာပဲ၊ (မှန်လှပါဘုရား)။

မောဟစိတ်ဆိုတဲ့ ဝိစိကိစ္ဆာများလာယင်ကော (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဟာ-စိတ်ကလေးက ပျံ့လွင့်တယ် ဘုရား ဆိုလို့ရှိယင်လဲ ပျံ့လွင့်တဲ့စိတ် ဘာလုပ်ရမလဲ၊ (ဖြစ်ပျက် ရှုရပါမယ်ဘုရား)။

ဩော်-သူလဲ ဖြစ်ပြီးပျက်တာပဲလို့ တကာကြွယ် ရှုပေးနေတော့ ဟောဒီက ဒိဋ္ဌိဝိပလ္လာသ လေးမျိုးပြုတ်တယ်၊ (မှန်ပါဘုရား)။

http://www.dhammadownload.com



တကာတကာမတို့ ဝိပ္ပလ္လာသ ဘယ်နှစ်မျိုး ပြုတ်သလဲ၊ (လေးမျိုး ပြုတ်ပါတယ်ဘုရား)။

ကြည့်လေ ဘုရားကဝိညာဏံ(ပေယျာလ)ပဟီယတိ၊ ဝိညာဏံ=စိတ်ဝိညာဏ်ကို၊ အနိစ္စတော=အနိစ္စအားဖြင့်၊ ဇာနတော=သိသော၊ ပဿတော=ရှုသောပုဂ္ဂိုလ်အား၊ သက္ကာယဒိဋ္ဌိ=ဒိဋ္ဌိလေးပါးဆိုတဲ့ ဒိဋ္ဌိဝိပ္ပလ္လာသ လေးပါးကို၊ ပဟီယတိ=ပယ်အပ်၏....တဲ့၊ (မှန်လှပါဘုရား)။

ဒီမဂ်ကပယ်တယ်၊ (မှန်ပါ့) ဒါကို ဖြစ်ပျက်မြင်လို့ ရှိယင်မဂ်ဖြစ်ဘယ်၊(မှန်ပါ့)ဒီမဂ်ကဒိဋ္ဌိဝိပ္ပလ္လာသလေးမျိုးကို၊ (ပယ်ပါတယ်ဘုရား)။

အနိစ္စကို နိစ္စလို့ ယူတားတဲ့ ဒိဋ္ဌိဝိပ္ပလ္လာသ၊ဒုက္ခကို သုခလို့ ယူထားတဲ့ ဒိဋ္ဌိဝိပ္ပလ္လာသ၊အနတ္တကို အတ္တလို့ ယူထားတဲ့၊ (ဒိဋ္ဌိဝိပ္ပလ္လာသပါဘုရား) အသုဘကို သုဘလို့ ယူထားတဲ့၊ (ဒိဋ္ဌိဝိပ္ပလ္လာသပါဘုရား)ဝိပ္ပလ္လာသဘယ်နှစ်ပါးရှိသလဲ၊(လေးပါးပါဘုရား)။

အဲဒီလေးပါးကို ပယ်ချင်လို့ရှိယင်ဖြင့် ခင်ဗျားတို့သန္တာန်ဘယ်စိတ်လာလာ ရှုစိတ်လာလဲ ဖြစ်ပျက်ရှု၊ (မှန်ပါ့)ရှုကိစိတ်ကလေးလာလဲ၊ (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အဲဒီကဲ့သို့ဖြစ်ပျက်ရှုလို့ရှိယင်''ဝိညာဏံ အနိစ္စတော ဇာနတော ပဿတော သက္ကာယဒိဋ္ဌိ ပဟီယတိ'' (မှန်ပါ့ဘုရား)။

ဩော်–ဒါဖြင့် ဒီပါဠိတော်ဟာ တတာတကာမတို့ မသိတဲ့ပုဂ္ဂိုလ်အတွက်ဒိဋ္ဌိအဖြုတ်တယ်ခက်တယ်(မှန်ပါ့)သိတဲ့ပုဂ္ဂိုလ်အတွက်မှာဖြင့် ကိုယ့်စိတ်ကို ဖြစ်ပျက်ရှု၊ (မှန်လှပါဘုရား)။

http://www.dhammadownload.com



ကိုယ့်စိတ်ကို၊(ဖြစ်ပျက်ရှုရပါမယ်ဘုရား)ဖြစ်ပျက် ရှုပေး၊ (မှန်ပါ့ဘုရား)။

ဩော် – တကာတကာမတို့ ကိုယ့်စိတ်ကို ဖြစ်ပျက်ရှုရတာ သူများဆီငှါးရဦးမှာလား(မငှါးရပါဘုရား)ငှါးလို့ရရှိယင် လဲဘုန်းကြီးကအရှုတော့ခိုင်းတာပဲ၊တပည့်တော်တို့ကငှါးမရ လို့-လို့ ဆင်ခြေလဲရင်လဲ-လဲကြပါတော့၊ (မှန်ပါ့)အခုတော့ ငှါးစရာမရှိဘူး၊ကိုယ့်စိတ်ကတော်တော်နေရင်းတစ်စိတ်ပေါ် ရင်း၊တော်တော်နေရင်းတစ်စိတ်ပေါ်ရင်း၊ပေါ်တဲ့နောက်က နေ ဖြစ်ပျက်ရှုမိတာသာ တကာတကာမတို့ ကိုယ့်အရေး လို နေတယ်မှတ်လိုက်၊(မှန်ပါ့ဘုရား)ကိုယ့်အရေးမလိုဘူးလား၊ (လိုပါတယ်ဘုရား)။

အေး– ဒါကြောင့် ပုထုဇန်မှာ ဆိုလို့ရှိယင်ဖြင့် တကာ တကာမတို့ လောဘစိတ်လာမယ်၊ဒေါသစိတ်လာမယ်၊မောဟ စိတ်လာမယ်၊မလာပေဘူးလား၊(လာပါတယ်ဘုရား) ဣဿာ စိတ်တွေကော၊ (လာပါတယ်ဘုရား) အဲ–သူတစ်ပါး ငြူစူတဲ့ စိတ်လာလဲ သူ့ကိုဘာလုပ်ရမလဲ၊ ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဒါက ဣဿာစိတ်၊ဒီက ဖြစ်ပျက်ရှု၊ (မှန်ပါ့ဘုရား)။

မစ္ဆရိယစိတ်လာပြန်ယင်ကော၊(ဖြစ်ပျက်ရှုရမှာပါဘုရား)

အကုန်ရှုနော်၊ (မှန်ပါ့) ဟာ–နောက်ဆုံးပိတ် ပြောပါရ စေတော့ တကာတကာမတို့ သူတစ်ပါး ကုန်းတိုက်ချင်တဲ့စိတ် ကလေးလာယင်၊(ဖြစ်ပျက်ရှုရပါမယ်ဘုရား)ပျော်ချင်တဲ့စိတ် ကလေးပေါ်လာပြန်ယင်(ဖြစ်ပျက်ရှုရပါမယ်ဘုရား)ရယ်ချင် တဲ့စိတ်ကလေးပေါ်လာယင်(ဖြစ်ပျက်ရှုရပါမယ်ဘုရား)ငိုချင်

http://www.dhammadownload.com



တဲ့ စိတ်ကလေးပေါ်ယင်(ဖြစ်ပျက်ရှုရပါမယ် ဘုရား) အကုန် သာရှု၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ရှုလိုက်တော့ဖြစ်ပျက်၊ရှုတာကမဂ်၊(မှန်ပါ့ဘုရား) သေတာကဒိဋ္ဌိ၊(မှန်လှပါဘုရား) သဘောကျမလား၊(ကျပါ ပြီ ဘုရား)။

ဖြစ်ပျက်က အနိစ္စ၊ ရှုတာက မဂ္ဂ၊ သေတာကဒိဋ္ဌိ၊(မှန်ပါ့) သက္ကာယဒိဋ္ဌိပြုတ်ပြီ၊ (မှန်လှပါ) မပြုတ်ပေဘူးလား၊ (ပြုတ် ပါတယ် ဘုရား)။

ဩော်–ဒါဖြင့် သက္ကာယဒိဋ္ဌိပြုတ်တော့ ဘုရားတပည့်တော် တို့ ကိုယ့်စိတ်ကိုယ်ရှုရတာနဲ့ သက္ကာယဒိဋ္ဌိပြုတ်ပါတယ်ဆိုတော့ တကာကြွယ်တို့က မြန်းကနဲဆိုတော့ မြန်လှချည်လားဘုရား လို့ ထင်ချင် ထင်လိမ့်မယ်နော်၊ (မှန်ပါ့ဘုရား)။

မမြန်ပါဘူးတဲ့၊ နဂိုရ်က ဘယ်တော့မှမရှုဖူးဘူး၊(မှန်ပါ့) ခက်လိုက်သည့်ဖြစ်ခြင်းက (မှန်လှပါဘုရား)။

စိတ်တွေသာ မှိုပေါက်နေတယ် တကာ တကာမတို့ စိတ် တစ်ခု ပေါ်လိုက် ပဋိစ္စသမုပ္ပါဒ် ဆက်လိုက်၊ (မှန်ပါ့)။

စိတ်တစ်ခုပေါ်လိုက် (ပဋိစ္စသမုပ္ပါဒ် ဆက်လိုက်ပါ) ဒီလို သာ အချိန်ကုန်ပြီး သကာလ လာကြပါတယ်၊ နောက်က မဂ်လိုက်တယ်လို့ ရှိရဲ့လား၊ (မရှိပါဘုရား)။

အခုတော့ဖြင့် ယနေ့ကစပြီးပြောင်းကြပါတော့၊(မှန်ပါ့) တကာ တကာမတို့သန္တာန် ဘယ်စိတ်ပေါ်လာလာ ဘာလုပ်ရ မလဲ၊ (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်ရှုတော့ကို ဘာကို ပယ်သတုန်း၊ (ဒိဋ္ဌိ ပယ်ပါ တယ်) သက္ကာယဒိဋ္ဌိပဲ၊ (မှန်ပါ့)။

http://www.dhammadownload.com



သြော်-ဒါဖြင့် ဒို့ဟာ ဒီအလုပ်ဟာ ပိုက်ဆံလဲမကုန်ဘူး၊ (မှန်ပါ) သတိ ပညာကလေးနဲ့ ပေါ်တာကို- စောင့်ရှုဖို့ပဲ၊ (မှန်ပါ)။

သတိ ပညာ ကလေးနဲ့ (ပေါ်လာတာ စောင့်ရှုဖို့ပါ) အေး-ဒါကြောင့် သမ္ပဇာနကာရီ ဟောတိ" သမ္ပဇာနကာရီ ဟောတိ-ဆိုတာ မလာဘူးလား၊ (လာပါတယ်ဘုရား)။

အဲ-သတိပညာကလေးနဲ့ရှုရှု-ရှုရှုပေးလို့ရှိယင်ဖြင့် တကာ လှရေ ဘာပယ်သတဲ့တုန်း၊ (ဒိဋ္ဌိပယ်ပါတယ်ဘုရား)သက္ကာယ ဒိဋ္ဌိပယ်တယ်၊ (မှန်ပါ)။

သဘောပါပလား၊ (ပါ-ပါပြီဘုရား)။

ဒါဖြင့် ဒီနားနည်းနည်းကလေး တကာတကာမတွေ့မှတ်ဖို့ ရာက တကာ တကာမတွေ့မှာ အပါယ် ကြောက်နေရတယ်၊ ငရဲဘုံရောက်မှာ ကြောက်ရ၊ (မှန်ပါ) တိရစ္ဆာန်ဘုံရောက်မှာ (ကြောက်ရပါတယ် ဘုရား) ပြိတ္တာဘုံရောက်မှာ (ကြောက်ရ ပါတယ်ဘုရား) ငရဲရောက်မှာ (ကြောက်ရပါတယ် ဘုရား)။

မကြောက်နဲ့-တဲ့၊ ဒီဒိဋ္ဌိ အခုရှိနေယင်သာကြောက် (မှန်လှ ပါဘုရား) ဒီဒိဋ္ဌိမရှိလို့ရှိယင်ဖြင့် ငရဲမျိုးစေ့ ဝမ်းထဲမှာ မရှိ ဘူး ၊ (မှန်လှပါ)။

ငရဲမျိုးစေ့ (ဝမ်းထဲမှာ မရှိပါဘုရား) သြော်-ငရဲမျိုးစေ့ ဝမ်းထဲမှာ မရှိတဲ့ပုဂ္ဂိုလ်ဟာ ငရဲကျလိမ့်ဦးမလား၊ ငရဲပင် ပေါက်လိမ့်ဦးမလား၊ ဘာမှမတွေးပါနဲ့၊ (မှန်လှပါ) ရှင်း ပလား၊ (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ဒါကြောင့် ယနေ့သည်ဘာလုပ်တဲ့နေ့တုန်းဆိုတော့ သက္ကာယဖြုတ်တဲ့နေ့၊ (မှန်လှပါ)။

ဘယ်သူ့အပေါ်မှာ ဖြုတ်လိုက်ပါလိမ့်မတုန်း.... ဆိုတော့ ဒီတရားကို ဖြစ်ပြီးပျက်တဲ့တရားလို့ သိလိုက်သဖြင့် အနိစ္စလဲ သိပြီ၊ (မှန်လှပါ) ဒုက္ခကော၊ (သိပါပြီဘုရား) အနတ္တကော (သိပါပြီဘုရား)အသုဘကော၊ (သိပါပြီဘုရား) သိတာပဲတဲ့၊ အသုဘဆိုတာလဲ ဖြစ်ပြီးပျက်တယ်ဆိုတာ သေတာပဲ၊ (မှန်လှပါဘုရား) သေတဲ့ အသုဘ မဖြစ်ဘူးလား၊ (ဖြစ်ပါတယ်တရား)။

ဒီကဲ့သို့သိတော့ တကာတကာမတို့ ဒိဋ္ဌိလေးမျိုးဟာ အနိစ္စကို နိစ္စလို့ယူတဲ့ဒိဋ္ဌိ၊ ဒုက္ခကို သုခလို့ယူတဲ့ဒိဋ္ဌိ၊ အနတ္တကို အတ္တလို့ ယူတဲ့ဒိဋ္ဌိ၊ အသုဘကို သုဘလို့ယူတဲ့ဒိဋ္ဌိလေးမျိုး ဘယ့်နှယ်နေသတုန်း၊ (သေပါတယ်ဘုရား) သူ့ ဘာမျိုးစေ့တဲ့တုန်း ဘုရားက၊ (ငရဲမျိုးစေ့ပါဘုရား)။

ငရဲမျိုးစေ့ကို ဒီမဂ်က ပယ်ချလိုက်တယ်၊ (မှန်ပါ) ဒါဖြင့် ဝမ်းထဲမှာ ငရဲမျိုးစေ့မရှိဘဲနဲ့ ဘယ့်နှယ် ငရဲပင်ပေါက်မလဲ၊ (မပေါက်နိုင်ပါဘုရား)ပေါက်နိုင်စရာ ရှိသေးရဲ့လား၊(မရှိပါဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ငရဲမျိုးစေ့ ဖြုတ်ချင်လို့ရှိယင်ဖြင့်၊ မိမိစိတ်ကို မိမိရှုပါ၊ (မှန်လှပါ)။

ဘယ်ဟာ ရှုကြမလဲ၊ (မိမိစိတ်ကို မိမိရှုရပါမယ် ဘုရား) တကာသစ် အရှာခက်သလား၊ (မခက်ပါဘုရား) သတိပညာနဲ့ လိုက်နိုင်ဖို့သာ အရေးကြီးတယ်၊ (မှန်ပါ) အရှာ

http://www.dhammadownload.com



ကတော့ မခက်ပါဘူး၊ (မှန်ပါ) အရှာကတော့ တစ်စိတ်ပြီး တစ်စိတ်ပေါ်မှာပဲ၊ (ပေါ်မှာပါဘုရား) မပေါ်ယင်ခင်ဗျား တို့ သေမှာပေါ့၊ (မှန်ပါ)။

စိတ်တစ်ခုနဲ့ အသက်ရှင်နေကြတယ်ဆိုတာ ပေါ်ပြီ၊ (ပေါ် ပါပြီဘုရား)ဒီစိတ်မှ မပေါ်လာယင် ဘယ့်နှယ်ဆိုကြမလဲ၊ (သေပါတယ်ဘုရား) ဒါဖြင့်ပေါ်လာတဲ့စိတ်ကို နောက်ကနေ ပြီး မဂ်နဲ့အသက်ရှင်အောင် လုပ်ပါ၊ (မှန်လှပါဘုရား)။

အရင်စိတ်ချုပ်သွားတာ ရှုလိုက်တော့ ဘာနဲ့ အသက်ရှင် သတုန်း၊ (မဂ်စိတ်နဲ့ အသက်ရှင်ပါတယ်ဘုရား)။

ဒါ့ကြောင့် မဂ်ပုဂ္ဂိုလ်ဆိုတာ မဂ်နဲ့ရှင်နေယင် မဂ်ပုဂ္ဂိုလ်၊ (မှန်ပါ) မဂ်နဲ့အသက်ရှင်နေယင်၊ (မဂ်ပုဂ္ဂိုလ်ပါဘုရား)။

ခင်ဗျားတို့ မဂ်ပုဂ္ဂိုလ်ဆိုတာ တစ်ခြားလား မှတ်နေတာ အပြီးသတ်တော့ ဒီမဂ်ဏလေးနဲ့ အသက်ရှင်နေယင် ဘယ့်နှယ် ဆိုကြမလဲ၊ (မဂ်ပုဂ္ဂိုလ်ပါဘုရား) ရှင်းကြပလား၊ (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် တဏှာတကာမတို့သည် မဂ်နဲ့ အသက်ရှင်လို့ရှိယင် ဝင်လာသရွေ့ စိတ်ကို ဘာလုပ်ကြမယ်၊ (ဖြစ်ပျက် ရှုရပါမယ် ဘုရား)။

ဖြစ်ပျက်ရှုလိုက်တော့ လာသရွေ့ရှုတာက ဖြစ်ပျက် ရှုတာ က၊ (မဂ်ပါဘုရား) ဒါဖြင့် ဘာနဲ့ အသက်ရှင်နေသလဲ၊ (မဂ်နဲ့ သာ အသက်ရှင်နေပါတယ် ဘုရား)။

မဂ်နဲ့ အသက်ရှင်နေတဲ့ ပုဂ္ဂိုလ်သည် မဂ်ဆိုတာ ဒိဋ္ဌိကိလေ သာ ဖြတ်ပါတယ်၊ (မှန်ပါ)။

http://www.dhammadownload.com



ဒိဋ္ဌိကိလေသာကို၊ (ဖြုတ်ပါတယ်ဘုရား)သဘောကျပလား (ကျပါပြီဘုရား)။

ကောင်းပြီ.... ဒိဋ္ဌိကိလေသာ ဖြုတ်လိုက်တော့ ငရဲမျိုးစေ့ ဝမ်းထဲ ရှိသေးသလား၊ (မရှိပါဘုရား)။

ဒါဖြင့် ငရဲမျိုးစေ့ ဝမ်းထဲမရှိတဲ့ပုဂ္ဂိုလ်ဟာ ငါသည် သေလို့ရှိယင်ဖြင့် ငရဲ ရောက်ဦးမှာလား–လို့ မေးစရာ လိုသေးသလား၊ (မလိုပါဘုရား)။

တကာကြွယ်.... ရှင်းပလား၊ (ရှင်းပါပြီဘုရား) ဦးလှ ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဩော်....ဒါဖြင့် မဂ်နဲ့ အသက်ရှင်ဖို့ အရေးကြီးတယ်၊ (မှန်လှပါ) သဘောကျပလား၊ (ကျပါပြီဘုရား)။

ဘာနဲ့အသက်ရှင်ဖို့လဲ၊ (မဂ်နဲ့ အသက်ရှင်ဖို့ အရေးကြီးပါတယ်ဘုရား)မဂ်နဲ့အသက်ရှင်ယင် ဒိဋ္ဌိက ဘယ့်နှယ်နေသတုန်း၊ (ပြုတ်ပါတယ်ဘုရား) ဒိဋ္ဌိပြုတ်တော့ ငရဲမျိုးစေ့ဝမ်းထဲရှိသေးရဲ့လား၊ (မရှိပါဘုရား) ဒိဋ္ဌိကငရဲမျိုးစေ့၊ (မှန်ပါ့)။

ကောင်းပြီ- ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေမှာ သက္ကာယပြုတ်ယင် အပါယ်လေးပါး တံခါးပိတ်တယ်၊ (ပိတ်ပါတယ်ဘုရား)မပိတ်သေးဘူးလား၊ (ပိတ်ပါတယ်)ကောင်းပြီ ဒါဖြင့် ဒါက အပွားနဲ့ပြုတ်တာနော်၊ (မှန်ပါ့ဘုရား)။

ကိုင်း–ဒါဖြင့် တကာတကာမတို့ ခါတိုင်း ၂–ရက် ၃–ရက် ဟောနေတာက တကာသစ် အသိနဲ့ပြုတ်တယ်၊(မှန်ပါ့ဘုရား) အနိစ္စကို နိစ္စလို့ ထင်နေတာ မထင်ကောင်းဘူးလို့ သိတာကိုးဗျ၊ (မှန်ပါ့)။

http://www.dhammadownload.com



ယနေ့ဥစ္စာတော့ ဖြစ်ပျက်ရှုပြီး ဖြုတ်ရသည် ဖြစ်လေသော ကြောင့် အပွားနဲ့ ပြုတ်တာလို့ မှတ်လိုက်၊ (မှန်ပါ့) ဘာနဲ့ ပြုတ်တာတုန်း၊ (အပွားနဲ့ပြုတ်တာပါဘုရား)။

ကိုင်း- ဒါဖြင့် တကာတကာမတို့ အပါယ်နဲ့ပြုတ်ပုံ ပြဦး မယ်၊ (မှန်ပါ့ဘုရား) အပွားနဲ့ပြုတ်တော့ ခဏပဲပြုတ်တယ်၊ (မှန်ပါ့)အပါယ်နဲ့ဖြုတ်တဲ့အခါကျတော့ ဒီမဂ်ဟာ ပယ်တတ် တဲ့မဂ်ဖြစ်လိမ့်ဦးမယ်၊ (မှန်လှပါဘုရား) အဲဒီ ပယ်တတ်တဲ့မဂ် ဖြစ်လိုက်တဲ့အခါကျတော့ သူတို့ဘယ်တော့မှ မလာတော့ဘူး၊ (မလာပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ယခုဟာက ဘာနဲ့ပြုတ်တာတုန်း၊ (အပွားနဲ့ပြုတ်တာပါဘုရား) ပွားလိုက်-ပြုတ်လိုက်၊ (မှန်ပါ့) ဒီအပေါ်က အနိစ္စလို့ မဂ်နဲ့ ပွားလိုက်ပြုတ်သွားလိုက်၊ (မှန်လှ ပါဘုရား)မဂ်နဲ့ ပွားလိုက် ပြုတ်လိုက်၊ ဒီလိုပဲ နေသေးတယ်၊ (မှန်ပါ့) မပွားတဲ့အခါ သူ-ရောက်နေပြန်ပြီ၊ (မှန်ပါ့ဘုရား) စိတ်ချရရဲ့လား၊ (မချရပါဘုရား)။

ကဲ-ဒါဖြင့်ဦးလှဘူးတို့-တကာကြွယ်တို့ အနာဟာရှင်းရှင်း ပျောက်တာကောင်းတယ်၊ (မှန်ပါ့) ပျောက်တော့ ပျောက် ပါရဲ့၊ အညှော်နံ့ယင် ငန်းမန်း ကြွလာပြန်သေးတယ်ဆိုတာ မြုံနာဖြစ်နေတယ်၊ (မှန်လှပါဘုရား) ဥ‌ဘောကျပလား၊ (ကျပါပြီဘုရား)။

ဒါဖြင့်မြုံနာကိုကြိုက်သလား-သက်သာတာကြိုက်သလား လုံးလုံး ပျောက်တာ ကြိုက်သလား၊ (လုံးလုံး ပျောက်တာ ကြိုက်ပါတယ်ဘုရား)။

http://www.dhammadownload.com



အဲ-လုံးလုံးပျောက်တာ ကြိုက်တော့ကို လုံးလုံးပျောက်တဲ့ ရှုနည်းကို ပြရတော့မယ်၊ (မှန်ပါ)။

လုံးလုံးပျောက်တာ ကြိုက်တော့ကို (လုံးလုံးပျောက်တဲ့ ရှုနည်းကို ပြရပါတော့မယ်ဘုရား) တကာသစ် မပြရပေဘူးလား၊ (ပြရပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ အိမ်မှာနေတဲ့ အခါကျလို့ရှိယင် ဖြင့် အပွားနဲ့ပြုတ်အောင်လုပ်နေလို့ရှိယင် ဒီအပွား ကြီးကျယ်လာယင် မဂ်ဖြစ်မယ်၊ (မှန်ပါ)။

ပွားပါများယင် ဘာဖြစ်မတုန်း၊ (မဂ်ဖြစ်ပါမယ်)မဂ်ဖြစ်မယ်ဆိုတာ သေချာပလား၊ (သေချာပါပြီ ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် တကာသစ်တို့က ပွားပြီးလာတဲ့ စိတ်ဟူသမျှ တပည့်တော်ဖြင့် ဖြစ်ပျက်-ဖြစ်ပျက်နဲ့ ရှုမိတာချည့်ပဲ ဘုရာ့၊ မရှုမိတော့ရှိပါဘူးဘုရားလို့ဆိုတော့ သစ္စာနုလောမိကဉာဏ် ရသွားတယ်၊(မှန်ပါ) သစ္စာနုလောမိက ဉာဏ်ဆိုတာ ဒီဉာဏ်ပဲ၊ (မှန်ပါဘုရား)။

ဒါဖြင့် သစ္စာနုလောမိက ဉာဏ်ရလို့ ရှိယင်ဖြင့် တကာတကာမတို့ သစ္စဉာဏ်,ကိစ္စဉာဏ်တက်ဖို့ပဲရှိတော့တယ်(မှန်ပါ) ဒီ့ပြင် ဘာလိုသေးသလဲ၊ (ဘာမှ မလိုပါဘုရား)။

ကိုင်း-ဒါဖြင့် ဒီဟာ နောက်တော့ စိတ်ပေါ်လာတိုင်း-လာတိုင်း ဘုန်းကြီးတို့ တကာ တကာမတွေက ဩော်-ဒီစိတ်ကလေးဟာလဲ ဘယ်စိတ်လာလာ ကိုယ့်ဉာဏ်အောက်မှာရောက်လာတာ ဖြစ်ပျက်ပဲတွေ့တယ်၊ (မှန်ပါဘုရား)။

http://www.dhammadownload.com



ဘာပဲ တွေ့ကြသလဲ၊ (ဖြစ်ပျက်ပဲ တွေ့ကြပါတယ်) ဖြစ်ပျက်ပဲ တွေ့တယ်ဆိုတာ သေချာကြပလား၊ (သေချာပါပြီဘုရား)။

ဩော်– ဒီဖြစ်ပျက်ဟာ ဖြစ်ဒုက္ခ-ပျက်ဒုက္ခပဲလို့ ဆုံးဖြတ်ချက်ချ၊ (မှန်ပါ့ဘုရား)။

ဖြစ်ဒုက္ခ-ပျက်ဒုက္ခပဲ လို့ဆုံးဖြတ်ချက်ချရပါမယ်၊ သဘောကျပလား၊ (ကျပါပြီဘုရား)။

ဒီဖြစ်ပျက်ဟာ တခြားမဟုတ်ဘူး၊ ဖြစ်ဒုက္ခ-ပျက်ဒုက္ခပဲလို့ ပြင်လိုက်၊ ဉာဏ်ထဲမှာပြင်ပေးလိုက်ပါ၊ ။ (မှန်ပါ့ဘုရား)။

ပြင်ပေးလိုက်တဲ့ အခါကျတော့ ဖြစ်ဒုက္ခ-ပျက်ဒုက္ခဆိုတာ သူများဒုက္ခလား– မိမိဖြစ်ပျက်ဒုက္ခလား၊ (မိမိဖြစ်ပျက် ဒုက္ခပါ ဘုရား)။

ဒါဖြင့် ဒီဒုက္ခကြီး မလိုချင်တော့ပါဘူး ဆိုတဲ့ဥစ္စာ ဉာဏ်ရင့်လာလိမ့်မယ်၊ (မှန်ပါ့) ရှုတဲ့ဉာဏ်က မရင့်ပေဘူးလား၊ (ရင့်ပါတယ်ဘုရား)။

ရင့်တဲ့ဉာဏ် ကျတဲ့အခါကျလို့ရှိယင် ဒါ ဖြစ်ဒုက္ခ-ပျက်ဒုက္ခပဲဆိုတာ ရှေ့ပိုင်းမှာ ဖြစ်ပျက်တွေအကုန်ချုပ်တယ်၊ (မှန်ပါ့) စိတ်တွေ မလာတော့ဘူး၊ (မှန်ပါ့) မလာတော့ဘူး ဆိုတာ သဘောကျပလား၊ (ကျပါပြီဘုရား)။

ဒါဖြင့် သူ့ရှေ့နားမှာ အရင်းတုန်းက ဖြစ်ဒုက္ခ-ပျက်ဒုက္ခလဲ အခုတွေ့သေးရဲ့လား၊ (မတွေ့ပါဘုရား) ဒါဖြင့် ဒုက္ခဆုံးသွားပြီ၊ (ဆုံးသွားပါပြီဘုရား)။

ဒါဖြင့် ဒုက္ခဆုံးတာ နိဗ္ဗာန်၊ (မှန်ပါ့) မြင်တာက (မဂ်ဉာဏ်ပါဘုရား)။

http://www.dhammadownload.com



လုံးလုံးဒိဋ္ဌိမျိုးစေ့ ပြုတ်သွားတာက အပါယ် ငရဲမျိုးစေ့ ဝမ်းထဲမှာ ဘယ်တော့မှ မရှိလို့ ဘယ်တော့မှ မကျတာလို့ မှတ်ပါ၊(မှန်ပါ့)သဘောပါကြပလား၊(ပါပါပြီဘုရား)။

ဒါဖြင့်တကာ တကာမတို့ဖြစ်ပျက်မြင်အောင်ရှု၊ ၁–နံပါတ် (မှန်ပါ့)။ဖြစ်ပျက် မုန်းအောင်ရှု၊ (၂–နံပါတ်ပါ) ဖြစ်ပျက် ဒုက္ခသစ္စာလို့ သိပြီး ဆုံးအောင် ရှုလိုက်စမ်းပါ၊ (မှန်ပါ့)။ ဆုံးအောင်ရှုလိုက်တဲ့အခါကျတော့ တကာ တကာမတို့ဆုံးလဲ ဆုံးရော၊ ဒီဘက်က ဒုက္ခသစ္စာတွင် ဆုံးတာမကပါဘူး၊ (မှန် ပါ့ဘုရား)။ဒီဘက်ကသမုဒယဆိုတဲ့ ဒိဋ္ဌာနုသယတွေလဲ အကုန် ဆုံးတယ်၊ (မှန်ပါ့)။ နှစ်ဘက်ဆုံးကြီး၊ (မှန်ပါ့ဘုရား)။

နှစ်ဘက်ဆုံးကြီးဆိုတာက တကာတကာမတို့ဝါးတစ်ခုကို တစ်တောင်လောက် ဓားထက်ထက်နဲ့ ဖြတ်လိုက်တဲ့ အခါကျ တော့ ဖြတ်တာကတော့ တစ်ချက်တည်း၊ ပြတ်တာကနှစ်ပိုင်း ဖြစ်တယ်၊ (မှန်ပါ့ဘုရား)။

ဖြတ်တာကတော့ တစ်ချက်တည်းပါ၊ပြတ်တာက (နှစ် ပိုင်းဖြစ်ပါတယ် ဘုရား)။

ထို့အတူပဲတဲ့၊ခင်ဗျားတို့ ဒုက္ခသစ္စာလို့ ပိုင်ပိုင်နိုင်နိုင် သိ တဲ့အခါကျတော့ ဒုက္ခလဲ ချုပ်ပါတယ်၊ (ချုပ်ပါတယ်) ဒီ ဘက်က ဒိဋ္ဌာနုသယကော၊ (ချုပ်ပါတယ်) မဂ်က အလယ်က နေဖြတ်တယ်၊ (မှန်ပါ့)သဘောကျပလား၊ (ကျပါပြီဘုရား)။

မဂ်ကအလယ်ကနေ မဖြတ်ဘူးလား၊(ဖြတ်ပါတယ်)၊မဂ္ဂင် ရှစ်ပါးက အလယ်က နေပြီး ဖြတ်လိုက်တာ ဒုက္ခလဲပြတ်ထွက်

http://www.dhammadownload.com



သွားတယ်(မှန်ပါ့)။ဒီဘက်က သမုဒယဆိုတဲ့ ဒိဋ္ဌိကော၊(ပြတ်ပါတယ်)တကာသစ် ကျေနပ်ပလား၊ (ကျေနပ်ပါပြီဘုရား)။

ဩော်–ဒါဖြင့် ရှစ်ပါး ဖြစ်မှသာလျှင် တကာ တကာမတို့ ပယ်ပြုတ်ပါလား၊(မှန်ပါ့)၊ငါးပါးနဲ့တုန်းကတော့ ဘာတဲ့၊ ပွားပြုတ်၊(မှန်ပါဘုရား)။

အရင် နေ့တိုင်း ပြပြီး အမှတ်ထား နေတာကတော့ဖြင့် သညာနဲ့ ပြုတ်တာ၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာ တကာမတို့ သိပြုတ်ပြီးတော့ ပွားပြုတ်လုပ်ပါ၊ (မှန်ပါ့)။ပွားပြုတ်ပြီးတော့ ဘာတုန်း၊ (ပယ်ပြုတ်လုပ်ရပါမယ်ဘုရား)

ပယ်ပြုတ်ရောက်လို့ ရှိယင်ဖြင့် ခင်ဗျားတို့ သောတာပန်တည်ပြီ၊(မှန်ပါ့)။ သောတာပန်တည်တဲ့ ပုဂ္ဂိုလ်သည် တကာ တကာမတို့ ရှေ့ပိုင်းကခန္ဓာလဲပျောက်တယ်၊(မှန်ပါ့ နောက်ပိုင်းကဒိဋ္ဌိ ပျောက်တယ်၊(မှန်ပါ့ဘုရား)

ရှေ့ပိုင်းက (ခန္ဓာ ပျောက်ပါတယ်)။နောက်ပိုင်းက (ဒိဋ္ဌိ ပျောက်ပါတယ်ဘုရား)။

ဒါဖြင့် ရှုနေတဲ့ ရှေ့ပိုင်းက တကာတကာမတွေ ဖြစ်ပျက်တွေလဲ ရှာမတွေ့ဘူး၊ (မှန်ပါ့)။ ဝမ်းထဲရှိတဲ့ ဒိဋ္ဌိ လေးပါးကကော၊ (ရှာမတွေ့ပါ)။ဒိဋ္ဌိလေးကလဲ ပျောက်ထွက်သွားတယ်ဆိုတာ သေချာပလား၊ (သေချာပါပြီဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေသည် ပယ်ပြုဘ်ဆိုတာသည် ဟောဒီ မဂ်က နှစ်ခုလုံး ပယ်ချလိုက်တာ။ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဒုက္ခသစ္စာကိုလဲ ပိုင်းပိုင်းခြားခြား သိပြီးပယ်လိုက်တယ်၊ (မှန်ပါ) ဒိဋ္ဌိကိလေသာကိုလဲ ပယ်ပစ်လိုက်တယ်၊ (မှန်ပါ ဘုရား)။

ဒါကြောင့် ပယ်ပြုတ်နဲ့ကျမှ စိတ်ချကြပါဆိုတာ ယနေ့ ဟောလိုက်ပါတယ်၊ (မှန်ပါ) ရှင်းပလား၊ (ရှင်းပါပြီ ဘုရား)။

ကဲ-ရထားလဲလာပြီ၊ ယနေ့ ဒီတွင်တော်ကြဉ်းစို့....။

သာဓု....သာဓု....သာဓု

http://www.dhammadownload.com

**ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ**

အမရပူရမြို့ မဂ်လာတိုက်ဟောင်း မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့မမှာရှိ၍ ဟောကြားတော်မူသော

(အခြားအရေးထက် ငရဲမျိုးစေ့ဖြုတ်ရေးကပိုပြီးအရေးကြီး)

# နေ့အလုပ်ပေးတရားတော်

(၁၀-၈-၆၁)

သက္ကာယဒိဋ္ဌိဆိုတဲ့ဥစ္စာ တကာတကာမတို့ ဒိဋ္ဌိဝိပ္ပလ္လာသနဲ့ သက္ကာယဒိဋ္ဌိနဲ့ အတူတူပဲလို့ မှတ်ထားပါနော်၊ (မှန်ပါ့ဘုရား)၊

ဒိဋ္ဌိဝိပ္ပလ္လာသနဲ့ သက္ကာယဒိဋ္ဌိ၊ (အတူတူပါပဲ)အတ္တဒိဋ္ဌိလို့ သုံးတာလဲ အတူတူပဲလို့မှတ်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒိဋ္ဌိဝိပ္ပလ္လာသ-သက္ကာယဒိဋ္ဌိ-အတ္တဒိဋ္ဌိ၊ ဒိဋ္ဌိသုံးမျိုး ရှိတယ်၊ (မှန်ပါ့) နာမည်သာ ပြားပါတယ်တဲ့ တကာတကာမ တို့ ခန္ဓာငါးပါးကို ငါ သူ ထင်တာပါပဲ၊ (မှန်ပါ့ဘုရား)။

ခန္ဓာငါးပါး ငါ့သူထင်လို့ ရှိယင် သက္ကာယဒိဋ္ဌိဆိုလဲ ဟုတ် ပါတယ်၊ (မှန်ပါ့) အတ္တဒိဋ္ဌိဆိုလဲ (ဟုတ်ပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် မိစ္ဆာဒိဋ္ဌိဆိုလို့ရှိယင်လဲ တကာသစ်ဟုတ်တာ ပဲ၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့သုံးဆယ့်တစ်ဘုံမှာ ကြောက်စရာ အကောင်းဆုံးအဆိပ်လက်နက်ဆိုတဲ့ ဥစ္စာသည်တဲ့၊ ဒီသက္ကာယ

http://www.dhammadownload.com



ဒိဋ္ဌိတို့ အတ္တဒိဋ္ဌိတို့ မိစ္ဆာဒိဋ္ဌိတို့ ဒါပဲလို့ မှတ်ထားပါ၊ (မှန်ပါ ဘုရား)။

အဲဒီတော့ ဒီတရားကို ဘုန်းကြီးတို့ တကာတကာမတွေ ဒီတရား ဘယ်ကလာသတုန်းမေးလို့ရှိယင် အမှတ်မှား အသိမှား အယူမှားက လာတာပဲ၊ (မှန်ပါ)။

သက္ကာယဒိဋ္ဌိ အတ္တဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိ ဆိုတဲ့ ဝမ်းထဲက ကိန်းတဲ့ တရားသုံးခုဟာတဲ့ အမှတ်မှားအသိမှား အယူမှားကလာတာ ပဲ၊ (မှန်ပါ) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

ကောင်းပြီ–ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ၌ မိစ္ဆာဒိဋ္ဌိလဲ ဖြုတ်ပေးမယ်၊ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိလဲ ဖြုတ်ပေး မယ်ဆိုလို့ရှိယင်ဖြင့် တကာကြွယ် အပါယ်လေးပါးတံခါးပိတ် တယ်၊ (မှန်ပါဘုရား)။

သူများက ပြောကြပါတယ်ဘုရား၊ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပြုတ်မှ လို့ပြောကြငြားသော်လဲ အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒိဋ္ဌိပြုတ်ယင် ဝိစိကိစ္ဆာရော ပြုတ်ပါ တယ်ကွာလို့ ဟောထားတယ်၊ (မှန်ပါ) ဒိဋ္ဌိပြုတ်ယင်၊ (ဝိစိ ကိစ္ဆာပါ ရောပြုတ်ပါတယ်ဘုရား) ဝိစိကိစ္ဆာရော ပြုတ်ပါတယ် ဆိုတာ ဘုန်းကြီးတို့တကာတကာမတွေမှတ်ထားတော့ ဒါဖြင့် ဘုန်းကြီးတို့တကာတကာမတွေ အပါယ်မျိုးစေ့ ငရဲမျိုးစေ့ ကို ဖြုတ်ပေးရမှာက မဂ်တားဖိုလ်တားတဲ့တရားကို ဖြုတ်ပေး ရမှာက အတ္တဒိဋ္ဌိ (တစ်နည်း) သက္ကာယဒိဋ္ဌိ မိစ္ဆာဒိဋ္ဌိ သုံးမျိုး စလုံးသည် ရုပ်နာမ်ကို ငါ သူတစ်ပါး ထင်တာလို့ မှတ်လိုက် စမ်းပါ၊ (မှန်ပါ)။

http://www.dhammadownload.com



ရုပ်နာမ်ကို- ငါ သူတစ်ပါး ထင်တာပါ အဲ- ရုပ်နာမ်ကို ငါ သူတစ်ပါးထင်တာကို ဘုန်းကြီးက ဖြုတ်ပေးလိုက်လို့ ရှိယင်ဖြင့် တကာ တကာမတွေက ပထမအသိနဲ့ပြုတ်၊ ဒုတိယ အပွားနဲ့ပြုတ်၊ အတိယအပယ်နဲ့ ပြုတ်လို့ ရှိယင်ဖြင့် တကာ ကြွယ် သဘောင် ဆွမ်းမသွတ်နဲ့တော့၊ (မှန်ပါ့)။

သဘောင်ဆွမ်းမသွတ်နဲ့လို့တကာတကာမတွေမှာထား ကြပါ၊ (မှန်ပါ့ဘုရား) ပြုတ်အောင်လဲ လုပ်ပါနော်၊ (မှန်လှ ပါဘုရား)။

အခု တကာတကာမတွေမှာ သေတဲ့အခါကျလို့ရှိယင်ဖြင့် မြေဆင်းလုပ်ရတာလဲ တကာကြွယ်တို့ သိပြီနော်၊ (မှန်ပါ့) ရက်လည်လုပ်ရတာကော၊ (သိပါတယ်ဘုရား)။

ဒါဘယ့်နှယ်ကြောင့် တကာသစ်တို့ တကာကြွယ်တို့ ဦးလှ ဘူးတို့ လုပ်ရပါလိမ့်မတုန်းလို့ဆိုတော့ သေသူ စိတ်မချလို့၊ (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြပါလိမ့်၊ (သေသူ စိတ်မချလို့ပါ)ဘာဖြစ် လို့ စိတ်မချရပါလိမ့်မတုန်းဆိုတော့ ဩော်-သားကလေး စွဲ သွားတယ်၊ (မှန်ပါ့)သားကို ရုပ်နာမ်ဖြစ်ပျက်လို့ မထင်ဘူး၊ (မထင်ပါဘုရား)။

သမီးကလေး စွဲသွားတယ်၊ ရုပ်နာမ် ဖြစ်ပျက်လို့ မထင် ရှာဘူး၊ သက္ကာယဒိဋ္ဌိနဲ့သေသွားလို့ စိတ်မချလို့ ဆွမ်းသွတ် ရပါတယ်၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဘာနဲ့ သေသွားပါလိမ့်၊ (သက္ကာယဒိဋ္ဌိနဲ့ သေသွားပါ တယ် ဘုရား)။

http://www.dhammadownload.com



ဒါဖြင့်.... သက္ကာယဒိဋ္ဌိပြုတ်တဲ့ ပုဂ္ဂိုလ်များကျလာတော့ တကာတကာမတို့ ဆွမ်းသွတ်ဖို့ လိုသေးသလား၊ (မလိုပါဘုရား)။

ဒါဖြင့်....ကျုပ်တို့-ခင်ဗျားတို့သည် ခဏ ခဏ ဆရာဘုန်းကြီးလဲပြောတယ်၊ငါသေယင် ဆွမ်းမသွတ်ရစ်ကြနဲ့ဟေ့....၊ ငါ့အရှက်တကွဲ အကျိုးနည်းမလုပ်ကြလေနဲ့ဆိုပြီး မှာနိုင်လောက်အောင် ကြိုးစားကြပါ၊ (မှန်ပါ့) မကြိုးစားသင့်ဘူးလား၊ (ကြိုးစားသင့်ပါတယ်ဘုရား)။

မှာနိုင်လောက်အောင်ကြိုးစားကြပါဆိုတဲ့ဥစ္စာကိုဦးလှဘူး သေသေချာချာ ပြောရတယ်၊ (မှန်ပါ့)။

ကိုင်း....ဒါဖြင့်တကာတကာမတွေကြောက်စရာအကောင်းဆုံးဟာ သေခါနီးမှာ လားရာဂတိလွဲမှာကို ကြောက်စရာအကောင်းဆုံး၊ (မှန်ပါ့)လားရာဂတိဆိုတာတိရစ္ဆာန်ဘုံသွားချည့်မလား- ငရဲသွားချည့်မလား- ပြိတ္တာ သွားချည့်မလား- အသုရကာယ်ဆိုတဲ့ ငရဲများသွားချည့်မလား....ဆိုတဲ့ ဒီလေးချက် ဝိစိကိစ္ဆာကြီးက ရှိနေတယ်၊ (မှန်ပါ့)။

ဒီဝိစိကိစ္ဆာကြီးက ရှိနေတာ ဘာ့ကြောင့် ဒီဝိစိကိစ္ဆာရှိရပါလိမ့်မလဲလို့ တကာတကာမတွေ မေးလို့ရှိယင်ဖြင့်သက္ကာယဒိဋ္ဌိမပြုတ်တဲ့ ပုဂ္ဂိုလ်မို့ရှိတယ်၊ (မှန်ပါ့)။

သက္ကာယဒိဋ္ဌိကို တကာသစ်တို့ တကာကြွယ်တို့ ဦးလှဘူးတို့က အမှန်အကန်သာ၊ဒါ....ငါ ငါ့ဥစ္စာမဟုတ်ဘူးရုပ်နာမ်ပဲ၊ ရုပ်လဲ ဖြစ်ပျက်,နာမ်လဲဖြစ်ပျက်၊ ဖြစ်ပျက်မှတစ်ပါး ဘာမှမရှိ

http://www.dhammadownload.com



ဘူး၊ ဖြစ်ပျက်ဆုံးတာလဲ နိဗ္ဗာန်ပဲ၊ (မှန်ပါ့) ဒီလို မှန်မှန်ကန်ကန် သိထားလို့ ရှိယင်ဖြင့် ဉာဏ်နဲ့ သာ သိထားလို့ ရှိယင်ဖြင့် ငါသေယင် ဆွမ်းမသွတ်နဲ့ လို့ မှာရုံပဲ၊ (မှန်ပါ့)သဘောပါ ပလား၊ (ပါပါပြီ ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေမှာ စိုးရိမ်စရာ အကြီးဆုံး ဘာပါလိမ့်မတုန်း....လို့ မေးတဲ့ အခါကျတော့ သက္ကာယဒိဋ္ဌိ၊ (မှန်လှပါ ဘုရား) ရှင်းပလား၊ (ရှင်းပါပြီ ဘုရား)။

ဘာအရေးကြီးဆုံး၊ (သက္ကာယဒိဋ္ဌိ အရေးအကြီးဆုံးပါ ဘုရား)။

ဒါဖြင့် သက္ကာယဒိဋ္ဌိဆိုတာသက္ကာယဆိုတာကခန္ဓာငါးပါး (မှန်လှပါဘုရား)ဒိဋ္ဌိဆိုတာက ဒီခန္ဓာငါးပါးကို ခန္ဓာငါးပါး မဟုတ်ဘူး၊ ငါပဲသူပဲလို့ ယူလိုက်ယင် ဒိဋ္ဌိ၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒါကလေး ရှေ့ပိုင်းနည်းနည်းခွဲပြီးမှ ပြောကြပါ စို့တဲ့....၊ ခန္ဓာငါးပါးကို တကာကကာမတွေက သက္ကာယလို့ မှတ်လိုက်၊ (မှန်ပါ့ဘုရား)။

ခန္ဓာငါးပါးကို ဘာမှတ်ကြမယ်၊ (သက္ကာယပါဘုရား) တကာတကာမတွေ ရှေ့နားက ငါးပါးဟာ ဘာပါလိမ့်၊ (သက္ကာယပါဘုရား) ဩော်....သူကတော့ သက္ကာယနော်၊ (မှန်ပါ့)သက္ကာယဆိုတာ ခန္ဓာငါးပါးကို ဆိုပါတယ် (မှန်ပါ့ ဘုရား ။

သက္ကာယဆိုတာ ဘာပါလိမ့်၊ (ခန္ဓာငါးပါးကို ဆိုပါ တယ်ဘုရား)။

http://www.dhammadownload.com



ဒိဋ္ဌိဆိုတော့ "သက္ကာယေဒိဋ္ဌိ သက္ကာယဒိဋ္ဌိ"ဆိုတဲ့ အတိုင်း၊ သက္ကာယေ=ခန္ဓာငါးပါး၌၊ ဒိဋ္ဌိ=ငါပဲ-သူပဲလို့ထင်ခြင်းတည်း၊ (မှန်ပါ့ဘုရား) ငါပဲ-သူပဲလို့ ထင်တာ၊ (ဒိဋ္ဌိဘုရား)။

အဲဒါ ကျုပ်တို့က သက္ကာယဒိဋ္ဌိ တယ်များတယ်လို့ တကာ တကာမတွေ ပြောပြီးနေကြသော်လဲ အမှန်သဘောကျတော့ ကို ဆရာသမား မပြောလို့ရှိယင် ပေါ်ပေါ်လွင်လွင်သိကြမှာ မဟုတ်ပါဘူး၊ (မှန်ပါ့ဘုရား)။

အဲဒီတော့ ပေါ်ပေါ် လွင်လွင် သိအောင် ဘုန်းကြီးတို့ တကာတကာမတွေက ယနေ့ ရှင်းရှင်းလင်းလင်းမှတ်ထားကြ စမ်းပါ၊ (မှန်ပါ့ဘုရား) ခန္ဓာငါးပါးဟာ ဘာခေါ်ကြမလဲ၊ (သက္ကာယပါဘုရား)။

ခန္ဓာ ငါးပါးဟာ သက္ကာယ၊ (မှန်ပါ့) ဒီသက္ကာယကို ငါပဲ-သူပဲလို့ ထင်နေကြယင် ဘာဆိုကြမယ်၊ (ဒိဋ္ဌိပါဘုရား)။

ဒါဖြင့် ခန္ဓာငါးပါးဟာ သက္ကာယ၊ ၎င်း ခန္ဓာငါးပါးကို ငါ-သူလို့ပြောင်းပြန်ထင်လိုက်ယင်၊ (ဒိဋ္ဌိပါဘုရား) ပေါင်း လိုက်ပါ၊ (သက္ကာယဒိဋ္ဌိပါဘုရား)။

ဒါ့ကြောင့် "သက္ကာယဒိဋ္ဌိ-သက္ကာယဒိဋ္ဌိ" (မှန်ပါ့) ရှင်း ပလား၊ (ရှင်းပါပြီဘုရား)။

သြော်-သက္ကာယဒိဋ္ဌိ သက္ကာယဒိဋ္ဌိဆိုတာ ဒို့မှာ ခဲခဲ ယဉ်း ယဉ်း မှတ်ပြီး သကာလနေတယ်၊ စင်စစ်တော့ သက္ကာယဖြစ်တဲ့ ခန္ဓာငါးပါးကို ငါ-သူတစ်ပါးလို့ အမှားထင်လိုက်တာ ဘာ ခေါ်ကြသလဲ၊ (ဒိဋ္ဌိပါဘုရား) ဒိဋ္ဌိဆိုတာ သေချာကြပလား၊ (သေချာပါပြီဘုရား)။

http://www.dhammadownload.com



ကောင်းပြီဒါဖြင့်ဘုန်းကြီးတာဝန်ကဘာရှိပါလိမ့်မတုန်း၊ ဘုရားတာဝန်က ဘာရှိပါလိမ့်မလဲလို့ ဘုန်းကြီးတို့ တကာ တကာမတွေက မေးခွန်းထုတ်ကြလို့ရှိယင်ဖြင့် သက္ကာယဖြစ်တဲ့ ခန္ဓာငါးပါးကို ငါ-သူတစ်ပါး မဟုတ်ကြောင်းကို ရှင်းရှင်းပြ ယင် ခင်ဗျားတို့သန္တာန်ရှိတဲ့ဒိဋ္ဌိပြုတ်တယ်၊ (မှန်လှပါဘုရား)။

သက္ကာယဖြစ်တဲ့ ခန္ဓာငါးပါးကို ငါ-သူတစ်ပါး မဟုတ် ကြောင်း ဖြစ်ပြီးပျက်နေ ဘဲ့ အနိစ္စဖြစ်ကြောင်း ဒါကိုရှင်းရှင်း လင်းလင်း ပြောလို့ ခင်ဗျားတို့ကလဲ ရှင်းရှင်း လင်းလင်းသိ၊ ခန္ဓာထဲကကြည့်လိုက်ပြန်လဲ ရှင်းရှင်းလင်းလင်းမြင်၊ ဤကဲ့သို့ မြင်ယင်ဖြင့် တကာတကာမတို့မှတ်လိုက်တာပေါ့၊ ဒီသက္ကာယ ဒိဋ္ဌိပြုတ်ပြီ၊ (မှန်လှပါဘုရား)ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

သက္ကာယဒိဋ္ဌိပြုတ်ပြီလို့ စိတ်ထဲမှာအောက်မေ့ပါ၊ (မှန်ပါ့) အဲဒီလို ပြုတ်ပြီးသကာလ နေတဲ့ ပုဂ္ဂိုလ်ကျလာတော့ ငါသေ ယင် ငါသေယင် ဆွမ်းမသွတ်နဲ့ဟေ့- အပါယ်လေးပါး လွတ် ပြီ၊ (မှန်ပါ့ဘုရား)။

ငါသေယင်- ဆွမ်းမသွတ်ပါနဲ့၊ အပါယ်လေးပါး လွတ် ပါပြီ၊ အပါယ်လေးပါးကလွတ်ပြီ၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ အပါယ်လေးပါး၏ရေသောက် မြစ်ဆိုတာ ဘုန်းကြီး နေ့တိုင်း ပြောနေတာ သက္ကာယဒိဋ္ဌိ၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒါက သက္ကာယ၊ သူ့ကို ငါ-သူတစ်ပါးထင်နေတဲ့အတွက် (ဒိဋ္ဌိပါဘုရား)ရှင်းပြီနော်(ရှင်းပါပြီဘုရား)ကောင်းပြီဒါဖြင့် ယနေ့အစမှာ သက္ကာယနဲ့ ဒိဋ္ဌိကွဲသွားတယ်၊ (မှန်လှပါဘုရား) သက္ကာယဒိဋ္ဌိဖြစ်ခြင်းအကြောင်းသိသွားပြီ၊ (သိပါပြီဘုရား)။

http://www.dhammadownload.com



ကဲ-တကာသစ်တို့ ခန္ဓာငါးပါး ဘာတဲ့တုန်း၊ (သက္ကာယ ပါဘုရား) အဲဒါကို ခန္ဓာငါးပါးလို့ မထင်ဘူး၊ ဖြစ်ပျက် အနိစ္စတရားလို့ မထင်ပဲနဲ့ ငါဘဲ သူပဲ ထင်နေတဲ့ အထင် ကလေးကို ဘာခေါ်ကြမယ်၊ (ဒိဋ္ဌိပါဘုရား)။

ဒါဖြင့် ဒီ-ဒိဋ္ဌိဟာ အလိုလိုလာတဲ့ ဒိဋ္ဌိလား၊ သက္ကာယ ကြောင့်လာတဲ့ ဒိဋ္ဌိလား၊ (သက္ကာယကြောင့်လာတဲ့ ဒိဋ္ဌိပါ ဘုရား) ဒါ့ကြောင့် သက္ကာယဒိဋ္ဌိ၊ (မှန်ပါ့) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား) ဘယ်လိုမှတ်ကြမယ်၊ (သက္ကာယ ဒိဋ္ဌိပါ ဘုရား)။

ဩော်-ဒါဖြင့် မပူကြပါနဲ့တော့-တဲ့၊ ရှင်းရှင်းလင်းလင်း ဟောမည့်ဆရာနဲ့ ရှင်းရှင်းလင်းလင်း ထောင်တတ်တဲ့နားနဲ့ တွေ့ပြီဆိုမှဖြင့် တကာ တကာမတို့ ခန္ဓာကိုယ်ကို ဖြိုင်ဖြိုင်သာ ကြည့်ပေးပါ၊ (မှန်လှပါဘုရား) ကြည့်ပေးလိုက်တဲ့ အခါကျ တော့ ငါမဟုတ်, သူမဟုတ်တာ တွေ့ပါလိမ့်မယ်၊ (မှန်ပါ့ ဘုရား)။

ငါမဟုတ်, သူမဟုတ်တာ တွေ့တဲ့အခါ ကျလို့ရှိယင်ဖြင့် ငါလဲမဟုတ်ဘူး၊ သူလဲမဟုတ်ဘူး၊ ပျက်ခြင်းသာဟုတ်တယ်၊ (မှန်လှပါဘုရား) ငါလဲမဟုတ်ဘူး၊ သူလဲမဟုတ်ဘူး၊ (ပျက် ခြင်းသာ ဟုတ်ပါတယ်ဘုရား)။

အဲဒီ အဟုတ်ကလေးကို မြင်လာလို့ ရှိယင်ဖြင့်-တဲ့၊ ငါလဲ မဟုတ် သူလဲမဟုတ်၊ အပျက်ကလေးတွေသာ ဟုတ်တယ်လို့ ဒီကဘုန်းကြီးပေးတဲ့ဉာဏ်နဲ့ တကာ တကာမတွေကြည့်လိုက်လို့ မြင်တဲ့အခါကျတော့ကိုတဲ့ သမ္မာဒိဋ္ဌိဖြစ်တယ်(မှန်ပါ့ဘုရား)။

http://www.dhammadownload.com



သက္ကာယဒိဋ္ဌိက ဘယ်ကိုပြောင်းသလဲ၊(သမ္မာဒိဋ္ဌိ ပြောင်းပါတယ်ဘုရား)ကဲ့–ဦးလှဘူး ရှင်းပြီ၊(ရှင်းပါပြီဘုရား) ခန္ဓာငါးပါးဖြစ်ပျက်မြင်ယင် ဘာပြောင်း သွားပါလိမ့်၊ (သမ္မာဒိဋ္ဌိပြောင်းသွားပါတယ်ဘုရား)။

သမ္မာဒိဋ္ဌိ ပြောင်းသွားတယ်ဆိုတာ ပြောင်း, မပြောင်း တကာကြွယ် စဉ်းစားကြည့်စမ်း၊ (မှန်ပါ့ဘုရား) ဒါကလေးတွေက ကြည့်လိုက်တဲ့အခါ ငါလဲမဟုတ်, သူလဲမဟုတ်၊ဖြစ်ပြီးပျက်တာကလေးတွေ မြင်တဲ့အခါကျတော့ တကာ တကာမတို့ သိတဲ့အတိုင်း မဂ္ဂင်ငါးပါး ပေါ်လာတယ်၊ (မှန်ပါ့ဘုရား) မဂ္ဂင်ငါးပါး ဘယ်သူက စ,ပေါ်သတုန်း ဆိုတော့ "သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ" (မှန်ပါ့) ဟော– အမှန်မြင်ယင် ဒီ–ငါးခုပြောင်းတယ်၊ (မှန်ပါ့ဘုရား)။

အမှန်မြင်ယင်(ဒီ–ငါးခု ပြောင်းပါတယ်ဘုရား)ဖြစ်ပျက် အမှန်မြင်လိုက်တော့ လောကီမဂ္ဂင်ငါးပါး ပြောင်းမသွားဘူးလား၊ (ပြောင်းသွားပါတယ်ဘုရား) အဲဒီတော့ သူ့ကို သက္ကာယဒိဋ္ဌိလို့ ဆိုလို့ရသေးရဲ့လား၊ (မရပါဘုရား)။

ဒီကတော့ သက္ကာယတော့ ဟုတ်ပါရဲ့၊ ဒီက သမ္မာဒိဋ္ဌိသွားဖြစ်နေတယ်၊ (မှန်ပါ့)ရှင်းပလား၊ (ရှင်းပါပြီဘုရား) ကဲ့-ဒါဖြင့် မိစ္ဆာဒိဋ္ဌိဖြစ်သလား-သမ္မာဒိဋ္ဌိဖြစ်သလား၊(သမ္မာဒိဋ္ဌိဖြစ်ပါတယ်ဘုရား)။

သမ္မာဒိဋ္ဌိဖြစ်တော့ ငရဲမျိုးစေ့– (မရှိပါဘုရား) သေသေချာချာ စဉ်းစားတော့မှ မိစ္ဆာဒိဋ္ဌိကို ဖြုတ်ပစ် လိုက်တာ

http://www.dhammadownload.com



သမှာ ဒိဋ္ဌိ၊ (မှန်ပါ့ ဘုရား)။ ရှိသေးရဲ့လား၊ (မရှိပါ ဘုရား)။

မရှိတာ သေချာသွားတဲ့ အခါကျတော့ ကိုယ့်ဝမ်းထဲမှာ ငရဲမျိုးစေ့ မရှိဘဲနဲ့ ငါသေလို့ရှိရင် ပြိတ္တာများ ဖြစ်ချည်မလား၊ ဆွေမျိုးဉာတကာတွေက သံသယ မရှိနဲ့၊ ကိုယ့်ကိုယ်ကိုယ်လဲ သံသယမရှိပါနဲ့၊ (မှန်လှပါဘုရား)။ မပြုတ် ပြုတ်အောင်လဲ ကြိုးစားပါ၊ (မှန်လှပါဘုရား)။

ကြိုးစားလိုက်တော့ ကြိုးစားပါဆိုတဲ့ စကားကလေးဟာ တကာသစ်တို့ သေသေချာချာမှတ်စမ်းပါ။ (မှန်လှပါဘုရား)

ဒါဘာမို့ ကြားရတာတုန်း၊ (သာသနာတွင်းမို့ ကြားရတာပါဘုရား)သာသနာတွင်းမို့ ကြားရတာ၊ခင်ဗျားတို့ကလဲ သာသနာတွင်းမှာ လူလားမြောက်နေလို့ (မှန်ပါ) ဘုန်းကြီးကလဲ သာသနာ တွင်းထဲမှာ ဟောနိုင်ပြောနိုင်တဲ့ပုဂ္ဂိုလ်တဦး ဖြစ်နေလို့ ခင်ဗျားတို့ ကြားရတာ၊ (မှန်ပါ့ဘုရား)။

အဲဒီတော့ လူ့ပြည်က အပ်တစ်စင်း ဗြဟ္မာပြည်က အပ်တစ်စင်း၊ထိမိဖို့ထက် ဒီလူ့ဘဝရဖို့ဟာ ခဲယဉ်းတယ် ဆိုတာလဲ မှန်ပါတယ်၊ (မှန်ပါတယ်ဘုရား)။ အဲဒါထက် ခဲယဉ်းတာက ဟောတတ်ပြောတတ်တဲ့ပုဂ္ဂိုလ်နဲ့ ကြုံဖို့ထောင်တတ်တဲ့ နားနဲ့ ကြုံဖို့ရာက ဒီထက်ပို ခဲယဉ်းတယ်၊ (မှန်ပါဘုရား)။

ဟောတတ် ပြောတတ်တဲ့ ပုဂ္ဂိုလ်နဲ့ ကြုံဖို့ (ခဲယဉ်းပါတယ်ဘုရား)။ ထောင်တတ်တဲ့ နားနဲ့ (ကြုံဖို့ ခဲယဉ်းပါတယ်ဘုရား။)

http://www.dhammadownload.com



အဲ-လူ့ပြည်က အပ်တစ်စင်း၊ ဗြဟ္မာပြည်ကအပ်တစ်စင်း အသွားချင်းထိဖို့ရာ အင်မတန် ခဲယဉ်းတယ်၊လူ့ဘဝ ရဖို့ရာ ဒီထက်ခဲယဉ်းသေးတယ်လို့ပဲ တကာတကာမတို့ ဘုရားဟော ထားတာရှိတယ်၊ (မှန်ပါ့ဘုရား) အဲဒီခဲယဉ်းတာထက် အခု ပြောတာက ပိုခဲယဉ်းတယ်၊(မှန်ပါ့ဘုရား)။

သက္ကာယဒိဋ္ဌိကို ပြုတ်အောင် ဟောတတ်တဲ့ပုဂ္ဂိုလ်နဲ့တွေ့ဖို့ ကော၊ (ခဲယဉ်းပါတယ် ဘုရား)။ ပြုတ်အောင် ဟောနိုင်မယ့် ပုဂ္ဂိုလ်နဲ့ တွေ့ငြားသော်လဲ ခင်ဗျားတို့က နားမထောင်တတ် ယင်လဲ ပြုတ်ပါ့မလား၊(မပြုတ်ပါဘုရား)။

ဒါဖြင့် ထောင်တတ်တဲ့ နားရှိဖို့ရာကလဲ ဘယ့်နှယ် ဆိုကြ မလဲ၊(ခဲယဉ်းပါတယ် ဘုရား)။ဒါဖြင့် ခဲယဉ်းမှု နှစ်ခုဖြင့် မခဲ ယဉ်းတဲ့အဖြစ်သို့ ရောက်ပါပြီ၊ (မှန်ပါ့ဘုရား)။

ခဲယဉ်းတဲ့ အဖြစ်မှ (မခဲယဉ်းတဲ့ အဖြစ်သို့ ရောက်ပါပြီ ဘုရား) ဒါဖြင့် ဒကာဒကာမတို့ အလုပ်ကို မပေါ့ကြနဲ့၊ (မှန် လှပါဘုရား)။

ဘယ်လိုဆုံးမပါလိမ့်၊ (အလုပ်ကို မပေါ့ကြပါနဲ့)အလုပ် မပေါ့ကြပါနဲ့ဆိုတာဘာတုန်း၊ခန္ဓာကိုယ်ကြည့်လိုက်တဲ့ အခါ ကျတော့ဖြစ်ပျက် ရှိလို့ ဖြစ်ပျက် သိဖို့ရာ အလုပ်ကိုမလျှော့ လိုက်ကြပါနဲ့ဆိုတဲ့ဥစ္စာ သေသေချာချာပဲ သတိပေးရတယ်၊ (မှန်လှပါဘုရား)။

နို့မဟုတ်ယင် ဟောတတ်တဲ့ ပုဂ္ဂိုလ်က ဟောငြားသော် လဲ ထောင်တတ်တဲ့နားမရှိတော့မလုပ်တတ်ဘူး၊(မှန်ပါ့)။

http://www.dhammadownload.com



မလုပ်တတ်တော့ ခုနင်ကဖြစ်တဲ့ ဝေဒနာ မျိုးစေ့ဆိုတဲ့ သက္ကာယဒိဋ္ဌိက တကာတကာမတွေ ဝမ်းထဲမှာ အနုသယသဘောနဲ့ ကိန်းနေပါတယ်၊ (မှန်ပါ့ဘုရား)။

ဘယ်လိုကိန်းနေသလဲ၊ (အနုသယသဘောနဲ့ ကိန်းနေပါတယ်ဘုရား) အနုသယသဘောနဲ့ ကိန်းနေတော့ ဒီ-အနုသယကို သမ္မာဒိဋ္ဌိနဲ့ ပယ်လိုက်ယင် မဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား)။

"အနိစ္စေ အနိစ္စန္တိ ပဿတိ၊ သာယံဝုစ္စတိ သမ္မာဒိဋ္ဌိ" သဠာယတန ဝဂ္ဂသံယုတ်ပါဠိတော်မှာ၊ (မှန်ပါ့)။*

အနိစ္စေ=အနိစ္စဖြစ်သောခန္ဓာ၌၊ အနိစ္စန္တိ=ဩော်....ဖြစ်ပြီးပျက်တဲ့ တရားဟူ၍၊ ပဿတိ=ရှု၏၊ သာယံဒိဋ္ဌိ=ဤအမှန်ကိုရှုခြင်းကို၊ သမ္မာဒိဋ္ဌိ = သမ္မာဒိဋ္ဌိဟူ၍၊ ဝုစ္စတိ = ဆိုအပ်၏၊ (မှန်ပါ့) ဒိဋ္ဌိပြုတ်တယ်၊ (မှန်ပါ့) မပြုတ်ဘူးလား၊ (ပြုတ်ပါတယ် ဘုရား)။

အနိစ္စကို အနိစ္စလို့ သိယင်ဘာပါလိမ့်၊ (သက္ကာယဒိဋ္ဌိ ပြုတ်ပါတယ်ဘုရား) တကာသစ် သေပျော်ပြီ၊ (မှန်လှပါ) သေပျော်ပြီဆိုတာ တကာတကာမတွေ မြှောက်ပြောတဲ့တရားမဟုတ်ပါဘူး၊ (မှန်ပါ့) နဂိုရ်ရှိတုန်းကတော့ သက္ကာယနဲ့ ဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိဖြစ်နေတယ်၊ (မှန်ပါ့ဘုရား)။

အခုတော့ ဒီဥစ္စာ ခန္ဓာက ငါလဲမဟုတ်ဘူး၊ သူလဲ မဟုတ်ဘူး၊ ဖြစ်ပျက်အနိစ္စသာဟုတ်တယ်လို့ ဒီကနေသိပေး၊ (မှန်ပါ့)

---

* သဠာယတန ဝဂ္ဂသံယုတ် ပါဠိတော်၊ နန္ဒိက္ခယဝဂ်၊ အဇ္ဈတ္တနန္ဒိက္ခယသုတ်ပါဠိကိုအာယတနငါးပါးပေါင်း၍ လိုရင်းကိုသာပြသည်။

http://www.dhammadownload.com



သိပေးလိုက်တဲ့အခါကျတော့ကို အနိစ္စေ=အနိစ္စဖြစ်သောခန္ဓာ၌၊ အနိစ္စန္တိ=အနိစ္စဟူ၍၊ ပဿတိ=မြင်၏၊ သာယံဒိဋ္ဌိ=ဤမှန်ကန်သော အမြင်သည်၊ သမ္မာဒိဋ္ဌိ=သမ္မာဒိဋ္ဌိမည်၏ ဆိုတော့မိစ္ဆာဒိဋ္ဌိသေသွားတယ်၊ (မှန်လှပါဘုရား)သက္ကာယဒိဋ္ဌိမသေဘူးလား၊ (သေပါတယ်ဘုရား)။

ထိုကဲ့သို့သေသောကြောင့် ဘုန်းကြီးတို့ တကာတကာမတွေမှာ ငရဲမျိုးစေ့ ဝမ်းထဲမှာမရှိတော့ဘူး၊(မှန်ပါ့)သဘောကျပလား၊ (ကျပါပြီဘုရား)။

ဒါဖြင့် ငရဲမျိုးစေ့မှ ဝမ်းထဲမရှိတဲ့ပုဂ္ဂိုလ်ဟာ ငါသေယင်အပါယ်လေးပါး ငရဲများ သွားရဦးမှာလား-လို့ ဒီသံသယရှိဖို့လိုသေးသလား၊ (မလိုပါဘုရား)။

ဒါဖြင့် ဒီအလုပ်ဟာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကရင်ဝလုံ့စူး၊ ရင်ဝကိုလုံ့ကြီးနဲ့ ပစ်လိုက်တဲ့အခါ တကာသစ်ကရှောင်နိုင်ယင်ဖြင့်အမြန်ဆုံးရှောင်မှာ၊(မှန်ပါ့ဘုရား)သဘောကျပလား(ကျပါပြီ)ဦးခေါင်းမီးလောင်ယင် အမြန်ဆုံးငြိမ်းမှာ၊(မှန်ပါ့ဘုရား)အဲ-ခုနင်ကအနိစ္စကို အနိစ္စလို့သိတဲ့အလုပ်ကို ဒီ့ထက်မြန်မြန်လုပ်စမ်းပါ၊ (မှန်လှပါဘုရား)။

အနိစ္စကို၊(အနိစ္စလို့သိတဲ့အလုပ်ကို ဒီ့ထက်မြန်မြန်လုပ်ရပါမယ်ဘုရား)ဒီ့ထက်မြန်မြန်လုပ်ရမယ်(မှန်ပါ့)ဘာကြောင့်တုန်းဆိုတော့ တကာတကာမတို့ သူမပြုတ်ဘဲနဲ့သေသွားယင်ငရဲရောက်မယ်၊ (မှန်ပါ့ဘုရား) သူပြုတ်ပြီး သေသွားတော့အပါယ်လေးပါး တံခါးပိတ်တယ်၊ (မှန်လှပါဘုရား)။

ဒါကြောင့်လဲ ဘုန်းကြီးတို့တကာတကာမတွေသည် ဩဘ်သွားကလေးလူလားမြောက်လဲ့ အရေးမကြီးပါနဲ့၊ (မှန်ပါ့)

http://www.dhammadownload.com



သမီးကလေး အိမ်ထောင်မချထားရတာကော၊(အရေးမကြီး ပါနဲ့) ကိုယ့်ငရဲမျိုးစေ့ကို ဖြုတ်ပါ၊ (မှန်ပါဘုရား)။

ကိုယ့်ငရဲမျိုးစေ့ ကိုယ်ဖြုတ်ပါ၊ (မှန်ပါ့)အခုစစ်သံ ဘာ သံတွေကြားနေတယ်၊အဲဒါအသာထား(မှန်ပါ့)အဲဒါ အသာ ထားပါဦး တကာကြွယ်ရ၊ (မှန်ပါ့) ကိုယ့်ငရဲမျိုးစေ့ ဖြုတ် ဖို့ရာက၊ (အရေးကြီးပါတယ်ဘုရား)။

အနုမြူဗုံးကြဲလို့၊ဟိုက်ဒရိုဂျင်ဗုံးကြဲလို့၊အကုန်သေ၊ဒိဋ္ဌိပြုတ် ပြီးသားလူကအပါယ်မသွားဘူး၊(မှန်ပါ့)သဘောကျပလား၊ (ကျပါပြီဘုရား) ဒိဋ္ဌိပြုတ်ပြီးသားလူက၊ (အပါယ်မသွားပါ ဘုရား)။

အဲဒီတော့.... ဘုန်းကြီးတို့ တကာတကာမတွေမှာ ရှေ့ကို စစ်သံ့စစ်ငွေ့တွေရှိပြီးသကာလနေတာလဲအများသိကြတယ်- ဒီအချိန်မှာ ပိုအရေးကြီးပြီးလုပ်ပါ၊ (မှန်ပါ့)။

ပိုအရေးကြီးပြီး၊ (ဖြုတ်ရမှာပါဘုရား) ဘယ်သူ့ဖြုတ်ရ မလဲ၊ (ဒိဋ္ဌိဖြုတ်ရမှာပါဘုရား) ဘယ်ဒိဋ္ဌိပါလိမ့်၊ (သက္ကာယ ဒိဋ္ဌိပါဘုရား)။

အဲ....သူ့အရင် ဖြုတ်လိုက်တဲ့ အခါကျတော့ ဝဋ်မကျွတ် သေးလို့သေပွဲဝင်ရတောင်မှ အပါယ်လွတ်တယ်၊(မှန်ပါ့)။

ဝဋ်မကျွတ်သေးလို့ သေပွဲဝင်ရတောင်မှ၊ (အပါယ်လွတ် ပါတယ်ဘုရား) တကာကြွယ် ရှင်းပလား၊ (ရှင်းပါပြီ)။

နို့.... အနောက် နိုင်ငံသားတွေကတော့ဖြင့် စစ်ဖြစ်ဖို့ပဲ ကြိုးစားနေကြတယ်ဆိုတာ အားလုံးပဲ သိပါတယ်၊ (မှန်ပါ့) သူတို့တော့ ပြောလို့မဖြစ်ဘူး၊ သက္ကာယဒိဋ္ဌိက တစ်ကမ္ဘာလုံး ငါ့ဟာ ဖြစ်ဖို့ပဲ စိတ်ကူးတယ်၊ (မှန်ပါ့)။

http://www.dhammadownload.com



တစ်ကမ္ဘာလုံး ဘာပါလိမ့်၊ (ငါ့ဟာဖြစ်ဖို့ပဲ စိတ်ကူးပါ တယ်ဘုရား)။

အဲဒီတော့ ဒီလူသားတွေ ခန္ဓာလဲ ငါ့ဟာ ဖြစ်စေချင်တာပဲ၊ ရွှေတွင်း,ငွေတွင်းတွေလဲ၊ (ငါ့ဟာဖြစ်စေချင်တာပါပဲဘုရား) သတ္တုတွင်း, သံတွင်းကော၊ (ငါ့ဟာ ဖြစ်စေချင်ပါတယ် ဘုရား)။

သူတို့ကတော့ သက္ကာယဒိဋ္ဌိကြောင့် တိုက်ဖြစ်တယ်၊(မှန်ပါ့ ဘုရား) သက္ကာယဒိဋ္ဌိက တိုက်တွန်းလိုက်တာနဲ့ သူတို့စစ်တိုက် ဖြစ်ကြတယ်၊ (မှန်ပါ့)။

အဲဒီတော့ သူတို့ကတော့ နိုင်လဲ အပါယ်ကျမှာပဲ (မှန်ပါ့) ရှုံးလဲ၊ (အပါယ်ကျမှာပဲဘုရား)။

ကျုပ်တို့ကတော့ သူတို့နိုင်တာလဲ ကျုပ်တို့နဲ့ မဆိုင်ဘူး (မှန်ပါ့) ရှုံးတာလဲကျုပ်တို့နဲ့ မဆိုင်ဘူး (မှန်ပါ့) ကျုပ်တို့ အပါယ်လေးပါး တံခါးပိတ်ဖို့ အလုပ်ဟာ ကျုပ်တို့ အမြတ် ထွက်တဲ့အလုပ်၊ (မှန်ပါ့)ဒါကိုပင် ကြိုးစားဖို့ အလွန်အလွန် အရေးကြီးပါတယ်၊ (မှန်ပါ့) ပေါ်ကြပလား၊ (ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ယနေ့တရားပွဲမှာ သြော်....ဘာအရေးကြီးပြီး ဒို့ဆရာဘုန်းကြီးပြောဟောနေပါ လိမ့်မလဲ၊ ဆိုတာဖြင့် တကာသစ် ပေါလောကြီး ပေါ်ပြီ၊ (ပေါ်ပါပြီဘုရား) ဘာဖြုတ်ဖို့ အရေးကြီးသလဲ၊ (သက္ကာယ ဒိဋ္ဌိဖြုတ်ဖို့ အရေးကြီးပါတယ်ဘုရား) ရှင်းပြီနော်၊ (ရှင်းပါ ပြီဘုရား)။

http://www.dhammadownload.com



သက္ကာယဒိဋ္ဌိဖြုတ်ဖို့ဆိုတာ အလွယ်ကလေးပါလို့ တကာကြွယ်တို့ ဦးလှဘူးတို့ မှတ်လိုက်စမ်းပါ၊ (မှန်ပါ့)။

သက္ကာယဒိဋ္ဌိဖြုတ်ဖို့ရာ အလွယ်ကလေးပါ ဆိုတော့ အရှင်ဘုရား လွယ်လို့ရှိယင်ဖြင့် လူတွေသည် ကင်းလို့ဆိုလို့ရှိယင်ဖြင့် အကုန်အပါယ်သွားစရာ မရှိတော့ဘူးလို့ ပြောချင်လဲ ပြောလိမ့်မယ်၊ (မှန်ပါ့) သို့သော် ခုနင်က ပြောတဲ့ အထဲမှာ အဖြေထွက်သွားပါပြီ၊ (မှန်လှပါ ဘုရား)။

ဟောတတ်တဲ့ပုဂ္ဂိုလ်နဲ့ကြုံဖို့ရာကလဲဒုလ္လဘတရား၊ (မှန်ပါ) ခင်ဗျားတို့သန္တာန်မှာ ဟောတတ်တဲ့နား ရှိဖို့ကော၊ (ဒုလ္လဘတရားပါ ဘုရား)။ အဲဒီ ပုဂ္ဂိုလ်တွေ အတွက်မှာ လွယ်တယ် ပြောတာ၊ (မှန်ပါ့)။

ဥရောပတစ်တိုက်လုံး, အာရှတစ်တိုက်လုံး ဒီ့ပြင်ဘာသာခြားတွေဟူသရွေ့မှာ ဘုန်းကြီး ပြောလိုရင်း မဟုတ်ပါဘူး၊ (မှန်ပါ့) ရှင်းပြီနော်၊ (ရှင်းပါပြီ ဘုရား)။

အဲဒီတော့ကို ဒီတကာ တကာမတွေမှာ အရေး ကြီးသည်ထက်ကြီးတာဟာ သားရေး သမီးရေး စီးပွားရေးထက် ငရဲမျိုးစေ့ဖြုတ်ရေးဟာ ကြီးပါတယ်၊ (မှန်ပါ့)။

သားရေးသမီးရေး စီးပွားရေးထက် (ငရဲမျိုးစေ့ဖြုတ်ရေးက ကြီးပါတယ်ဘုရား) ငရဲမျိုးစေ့ ဆိုတာ ဘာပါလိမ့်၊ (သက္ကာယဒိဋ္ဌိပါဘုရား) တကာကြွယ်ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



အပါယ် ရောက်လေသမျှ သက္ကာယ ဒိဋ္ဌိက-လို့ မှတ်လိုက် (မှန်ပါ့) အိုဘေး နာဘေး သေဘေးတွေ ရလေသမျှကော၊ (သက္ကာယဒိဋ္ဌိပါဘုရား)။

ကဲ-ဒါဖြင့် တကာ တကာမတို့ ဘယ်မင်းတွေသည် ဘယ် စိုးတွေသည်ကားလို့ ဆိုယင်ဖြင့် အပါယ်ရောက်သွားကြတယ် လို့ ဆိုတာ ဘယ်သူမှ ပို့လိုက်တာ မဟုတ်ဘူး၊ (မှန်ပါ့) ဒီ သက္ကာယဒိဋ္ဌိဆိုတဲ့ အနုသယက ပို့လိုက်တာ၊ (မှန်ပါ့)။

ဒါဖြင့် တကာကြွယ်ရေ ဒီအရေးဟာ အကြီးဆုံးထားပါ (မှန်ပါ့ဘုရား)။

အားလုံး တရားနာတဲ့ တကာတကာမတွေ ကိုယ့်အရေး ဟာ ဘယ်အရေးလဲ၊ (သက္ကာယဒိဋ္ဌိဖြုတ်ဖို့အရေးပါဘုရား)။

ဒါသက္ကာယဒိဋ္ဌိဖြုတ်ဖို့အရေးဟာ ကိုယ့်အရေးပဲ(မှန်ပါ့) သက္ကာယဒိဋ္ဌိ ဖြုတ်ဖို့ အရေးဟာ (ကိုယ့် အရေးပါဘုရား)။

အဲဒါ စဉ်းစဉ်းစားစားနဲ့ ဩော်- ဒီ့ပြင် ဟာက ငရဲ ရောက်စေတတ်တာ မဟုတ်ဘူး၊ (မှန်ပါ့ ဘုရား) သဘော ကျပလား၊ (ကျပါပြီ) ဘယ်သူက ရောက်စေတတ်သတုန်း၊ (သက္ကာယဒိဋ္ဌိက ရောက်စေတတ်ပါတယ်ဘုရား)။

ဒါဖြင့် သက္ကာယဒိဋ္ဌိတလုံး ရှိလို့ ရှိယင်ဖြင့် တကာသစ် အထူးမှတ်လိုက်စမ်း၊ ဒါကငါထင်တာကိုး၊(မှန်ပါ့)ရုပ်နာမ် ကို ငါမထင်ဘူးလား၊ (ထင်ပါတယ် ဘုရား) ထင်တာဘာ ဒိဋ္ဌိလဲ။ (သက္ကာယဒိဋ္ဌိပါဘုရား)။

ဒါဖြင့် ဒီရုပ်နာမ်စားဖို့ မုသားပြောမယ်၊(မှန်ပါ့)ဒီခန္ဓာ ကြီးစားဖို့ (မုသား ပြောပါမယ်ဘုရား) မုသား ပြောမယ်၊ ဝက်သတ်ကျွေးမယ် တံငါလုပ်ကျွေးမယ်(မှန်လှပါ)နို့မဟုတ်

http://www.dhammadownload.com



ယင် ငါ့ဘယ်မှာ စားစရာရှိမလဲ၊ ငါ့သားသမီးတွေ ဘယ်စားစရာရှိမလဲ၊ (မှန်ပါ့) ငါလူချင်းအတူတူ ဘယ်ဖြစ်တော့မလဲ၊ ငါ လူ့အောက်ကျသွားမှာပေါ့၊ (မှန်ပါ့ဘုရား) အစရှိသည်နဲ့ ဘယ်ကလာတာတုန်း–ဆိုတော့မှတစ်ခြားသောအကုသိုလ်တွေဟူသရွေ့ မတရားသဖြင့် ရှာမှီးမှု မတရားသဖြင့် အသက်မွေးမှုတွေ တကာကြွယ် ဘယ်ကလက်သည်ပါလိမ့်၊ (သက္ကာယဒိဋ္ဌိကပါ) ဩော်–သူက ပွားလာတာ၊ (မှန်ပါ့) သဘောကျကျပလား၊ (ကျပါပြီဘုရား)။

ဘယ်သူက ပွားလာသတုန်း၊ (သက္ကာယဒိဋ္ဌိက ပွားလာတာပါ)သက္ကာယဒိဋ္ဌိက ပွားလာတာကိုဖြင့် ဦးလှဘူးတို့ ရှင်းရှင်းလင်းလင်း မှတ်ပါ၊ (မှန်ပါ့ဘုရား)။

အခု တကာ တကာမတွေမှာလဲ ဆင်းရဲဟူသမျှ ပေးလေသမျှ သက္ကာယဒိဋ္ဌိပဲ၊ (မှန်ပါ့) ငါ့သားကလေး စားဖို့တဲ့၊ အနိစ္စ ပါသေးရဲ့လား၊ (မပါ–ပါ) ငါ့သမီးကလေး စားဖို့ ငါစားဖို့၊ ငါဝတ်ဖို့၊ ငါကြွားဖို့၊ ငါမော်ဖို့၊ ငါလူအောက်မကျဖို့ဆိုတာလဲ လုပ်ချင်တာ လုပ်မယ်ကွာ ငွေရှိပြီးတာပဲ၊ လူ့အောက်ကျမှာတော့ စိုးရိမ်ရတယ်ကွဆိုတာသည်ကားလို့ ဆိုယင် ဘယ်ကလာတာတုန်း၊ (သက္ကာယဒိဋ္ဌိကလာတာပါ)ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

ဩော်....ငရဲ ရေသောက်မြစ်ရယ်လို့ ဘုရားက ဟောတော်မူတာဟာ ဟောသင့်တယ်(မှန်ပါ့ဘုရား)သူတစ်ခုရှိယင် မလုပ်နိုင်တဲ့ အကုသိုလ်ရယ်လို့ မရှိဘူး၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



သက္ကာယဒိဋ္ဌိ ရှိနေယင်၊ (မလုပ်နိုင်တဲ့ အကုသိုလ်မရှိပါ) ပဉ္စာနန္တရိယကံတောင်လုပ်နိုင်တယ်(မှန်ပါ)အမိသတ်ရဲတယ်၊ အဖသတ်ရဲတယ်၊ ဘုရား သွေးစိမ်းတည်အောင် လုပ်ရဲတယ်၊ ရဟန္တာသတ်ရဲတယ်၊ (မှန်ပါ) ဘယ်သူက လုပ်တာတုန်း၊ (သက္ကာယဒိဋ္ဌိက လုပ်တာပါ) သက္ကာယဒိဋ္ဌိက လုပ်တာဆိုတာ သေချာပလား၊ (သေချာပါပြီဘုရား ။

ဒါဖြင့် သူတစ်လုံးကို တကာသစ်တို့,တကာကြွယ်တို့,ဦးလှ ဘူးတို့က ဖြုတ်လိုက်ဘယ်ဆိုတော့၊ (မှန်ပါ ဖြုတ်လိုက်တော့ အပါယ်ရောက်ကြောင်းဟူသမျှ သူကလာတာ ဖြစ်လေသော ကြောင့် သူ့ကို ဖြုတ်လိုက်တော့ ပင်မဖြုတ်လိုက်တော့ သူက သီးစရာ,ပွင့်စရာတွေ,ဖြာစရာတွေ, အခက်အလက် အရွက်တွေ ရှိသေးရဲ့လား၊ (မရှိတော့ပါဘုရား)။

ဩော်....ဒါကြောင့် ငရဲမျိုးစေ့ဆိုတာ ဟောသင့်တယ်၊ (ဟောသင့်ပါတယ်ဘုရား)။

တကာ တကာမတို့ သက္ကာယဒိဋ္ဌိဟာ ဘာတဲ့၊ (ငရဲမျိုးစေ့ ပါဘုရား)။

သူဘယ်က လာသတုန်းဆိုတော့ ဟောဒီ ခန္ဓာငါးပါးကို အနိစ္စလို့ မသိရာကလာတယ်၊ (မှန်ပါဘုရား)။

သက္ကာယဒိဋ္ဌိ ဘယ်ကပါလာလိမ့်၊ (ခန္ဓာငါးပါးကို အနိစ္စ လို့ မသိရာက လာပါတယ်ဘုရား)။

မသိရာက လာတယ်ဆိုတာသိလို့ ရှိယင် သမ္မာဒိဋ္ဌိ၊ (မှန်ပါ) မသိယင် သက္ကာယဒိဋ္ဌိ၊ (မှန်ပါ) ပေါ်ကြပလား၊ (ပေါ် ပါပြီဘုရား)။

http://www.dhammadownload.com



ဪ.... ဒါဖြင့် ဆရာဘုန်းကြီးကလဲ ဟောတတ်ပြန်၊ တကာတကာမတွေကလဲ ထောင်နိုင်တဲ့နား ရှိပြန်တော့ တကာကြွယ်ရေ ဒီဥစ္စာ ကျုပ်တို့တရားတစ်ပွဲလုံး တကာတကာမတွေ ပွားများပြီးသကာလ နေကြမယ်၊ နောက် ပယ်တဲ့သဘောနဲ့လဲ ရောက်အောင် လုပ်ကြမယ်ဆိုယင်ဖြင့် ကျုပ်တို့အတွက်ဖြင့် သပိတ်မသွတ်နဲ့ ၊ (မှန်ပါ့) သေယင်သပိတ်မသွတ်နဲ့ ဆိုတဲ့ဥစ္စာ ရဲရဲကြီးပြောနိုင်အောင်၊ (မှန်ပါ့) ကိုယ့်ကိုယ်ကိုယ် တစ်ခါတည်း ငါ အပါယ်လေးပါး မကျဘူးဆိုတာ ကိုယ်တိုင်သိတဲ့ ဉာဏ်ရအောင် လုပ်လိုက်စမ်းပါ၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

အဲဒါ ဘယ်မှာဟောခဲ့သတုန်းလို့ မေးတဲ့ အခါကျတော့မှ ကိုယ်တိုင်သိအောင် လုပ်ထားတဲ့ဉာဏ်၊ ကိုယ်တိုင် သိအောင် လုပ်ရမယ့် ဉာဏ်ရအောင် လုပ်ထားပါဆိုတာ ဘယ်မှာဟောသတုန်းဆိုတော့ 'ဓမ္မာဒါသ' သုတ်ဆိုပြီး သံယုတ်မှာ ဟောထားတယ်၊ (မှန်ပါ့ဘုရား)။

သံယုတ်မှာ ဘယ်လို ဟောထားသတုန်းဆိုတော့ တကာတကာမတွေ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သက်တော်ထင်ရှားရှိပြန်တော့ရှင်အာနန္ဒာကဘယ်သူသေပြန်သတဲ့ ဆိုပြီး ရှင်အနန္ဒာကတော့ မေးရဲပြုရဲပေါ့ဗျာ၊ (မှန်ပါ့ဘုရား)။

အရှင်ဘုရား .. ဒီပုဂ္ဂိုလ် ဘယ်သွားပါလိမ့်မတုန်း ဟာ.... သူဟာကွာ ဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသဆိုတဲ့ တရားတွေ ပယ်ပြီးသောကြောင့် သောတာပန် တည်သွားသောကြောင့် အပါယ်လွတ်တယ်ပေါ့၊ သုဂတိရောက်ပြီ၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



တော်တော်ကြာ တစ်ယောက် သေပြန်ပြီ၊ မေးပြန်ပြီ၊ (မှန်ပါ့) အဲဒီတော့ သေတဲ့လူတွေကလဲမျှားမျှား ရှင်အာနန္ဒာကသဲ အမေးထူထူ ဖြစ်နေတယ်၊ (မှန်ပါ့) သေတဲ့လူကလဲ (မျှားမျှားပါဘုရား) ရှင်အာနန္ဒာကလဲ၊ (အမေးထူထူပါ) အမေးအင်မတန်ထူတဲ့ ပုဂ္ဂိုလ်၊ (မှန်ပါ့ဘုရား)။

အဲဒီတော့ကွာ....တဲ့၊ ငါ့လဲ မင်းမေးတဲ့ အလုပ်နဲ့ ပဲမအားဘူး၊ လူသေတွေကလဲ မျှားလိုက်တာပုံလို့ (မှန်ပါ့ဘုရား)။

ဒါဖြင့် ငါမင်းတို့ကို မှန်တစ်ချပ်ပေးထားပါမယ်၊ အဲဒီမှန်ကြည့်ပါတဲ့၊ (မှန်ပါ့)ဒီမှန်ကြည့်ပြီးတော့ မင်းတို့ဟာမင်းတို့ပဲ ဆုံးဖြတ်ချက်ချပါတဲ့(မှန်ပါ့)ရှင်းပလား (ရှင်းပါပြီဘုရား)။

မှန်တစ်ချပ် ပေးထားမယ်တဲ့၊ အဲဒီမှန်တစ်ချပ် ကြည့်ပြီး မင်းတို့ဟာ မင်းတို့ ဆုံးဖြတ်ချက်–ချပါကွာတဲ့၊ ငါ့မှာဖြင့် ဖြေလို့ မအားနိုင်တော့ဘူးတဲ့-ဆိုတော့မှ တကာတကာမတွေ မှန်တစ်ချပ် ပေးထားပါတယ်။ ဘုန်းကြီးကလဲ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောထားတဲ့အတိုင်း ပြောရတော့ ရဲရဲပဲ ပြောရဲတယ်နော်၊ (မှန်ပါ့ဘုရား)။

မှန်တစ်ချပ် ပေးထားမယ်ဆိုတော့ ဒီခန္ဓာငါးပါးထဲက တစ်ပါးပါးကို ဝေဒနာကြိုက်ယင် ဝေဒနာရှုပေါ့၊ (မှန်ပါ့) စိတ်ကြိုက်ယင်၊ (စိတ်ရှုရမှာပါ) ရုပ်ကြိုက်ယင် (ရုပ်ရှုရပါမယ်) သစ္စာကြိုက်ယင်၊ (သစ္စာရှုရပါမယ်) သစ္စာရှု၊ ရှုတော့ ဖြစ်ပျက်တွေ့ဖို့ပဲ၊ (မှန်ပါ့ဘုရား)။

ကြိုက်တာရှု တကာတကာမတို့ ဘာတွေ့ရမလဲ၊ (ဖြစ်ပျက်တွေ့ရပါမယ်) ဖြစ်ပျက်ပဲ တွေ့ရမယ်ဆိုတာ ကေန်မှတ်ထား၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဒီဖြစ်ပျက်တွေ ရှုရင်းမတ္တနဲ့ တကာသစ်တို့က ဖြစ်ပျက်တွေ မုန်းပြီးသကာလ ကိုယ့်အသေတွေ ကိုယ်ပြန်ကြည့်တာ မုန်းလာတယ်၊ (မှန်ပါ့) မမုန်းပေဘူးလား၊ (မုန်းပါတယ်ဘုရား)။

ရှုရင်းမတ္တနဲ့ ဒီဖြစ်ပျက်တွေဟာ ခန္ဓာငါးပါး ဖြစ်ပျက်တရားတွေဟာ တကာကြွယ် ဆုံးသွားတယ်၊ (ဆုံးသွားပါတယ်)ဆုံးသွားတဲ့အခါကျတော့ ဖြစ်ပျက်အဆုံးဟာ နိဗ္ဗာန်၊ (မှန်ပါ့ဘုရား)။

ဖြစ်ပျက်အဆုံးဟာ နိဗ္ဗာန်ပါ၊ ရှုဉာဏ်က မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ် သွားဖြစ်တယ်၊ (မှန်လှပါ)။

ရှုဉာဏ်ကဘာတဲ့၊ (မဂ်ဉာဏ်,ဖိုလ်ဉာဏ်,ပစ္စဝေက္ခဏာဉာဏ် သွားဖြစ်ပါတယ်ဘုရား) မဂ်ဉာဏ်လို့ ဆိုနိုင်တာပဲ၊ (မှန်ပါ့) သဘောကျပလား၊(ကျပါပြီ)နိဗ္ဗာန်မြင်တာကိုးဗျ၊(မှန်ပါ့) ဖိုလ်ဉာဏ်ကသဲ နိဗ္ဗာန်မြင်တာပဲ၊(မှန်ပါ့)သဘောကျပလား၊ (ကျပါပြီဘုရား)။

ဖိုလ်ဉာဏ်ကသဲ ဘာမြင် သတုံး၊ (နိဗ္ဗာန် မြင်ပါတယ်ဘုရား) နိဗ္ဗာန်ဆိုတာလဲ တခြားမဟုတ်ဘူး၊ဖြစ်ပျက်အဆုံးပဲ၊ (မှန်ပါ့ဘုရား)။

ပစ္စဝေက္ခဏာ ဉာဏ်ကတော့ ဘာမြင်ပါလိမ့်၊ (နိဗ္ဗာန် မြင်ပါတယ်ဘုရား)။

အဲဒီလို မြင်လို့ရှိယင်ကွာတဲ့၊ ဒီဟာ ကိုယ်ကိုယ်တိုင်မြင်ပြီး သကာလ ဩော်– ငါ့ခန္ဓာကြီးထဲမှာဖြင့် ရုပ်လဲ မတွေ့ဘူး၊ နာမ်လဲမတွေ့ဘူး၊ ဖြစ်ပျက် အနိစ္စတရားတွေ မတွေ့တော့ပါဘူး ဆုံးသွားပြီ၊ ဒုက္ခတွေဆုံးသွားပြီလို့ ကိုယ့်ဟာကိုယ် သိလို့

http://www.dhammadownload.com



ရှိယင်ဖြင့် ငါ့မမေးလာနဲ့၊ အဲဒါ သောတာပန်လို့မှတ်လိုက်။ (မှန်ပါ့) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

ငါ့ကို မမေးလာနဲ့ အာနန္ဒာရ၊ အဲဒီ မှန်ကိုသာ မင်းတို့ မပျောက်စေနဲ့၊ (မှန်ပါ့) ဖြစ်ပျက်ဆုံးတဲ့ ဉာဏ်ရတယ်ဆိုလို့ ရှိယင်ဖြင့်တဲ့၊ မင်းတို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ငါသော တာပန် တည်လေသလား၊ သကဒါဂါမ် တည်လေသလား၊ အနာဂါမ် တည်လေသလားလို့ မမေးနဲ့တော့ကွာတဲ့၊ ပြော ရတာ ပင်ပန်းလွန်းလို့-တဲ့၊ (မှန်လှပါဘုရား)။

သေတဲ့ပုဂ္ဂိုလ်က နည်းမှာမှမဟုတ်ဘဲ၊ (မနည်းပါဘုရား) အဲဒီထဲမှာ မင်းက လာလာမေးနေတော့ ငါမအားတော့ဘူး တဲ့၊(မှန်လှပါ) ဘယ်သူသေပြန်ပြီ၊ သောတာပန်လားဘုရာ့၊ သကဒါဂါမ်လား ဘုရာ့၊ အပါယ်သွားသလား ဘုရာ့၊ ဒီလို မေးနေတော့ ငါဘယ်မှာ အားမလဲတဲ့၊ (မှန်ပါ့)။

တကာတကာမတို့ မယုံလို့ရှိယင် အရပ်ထဲမှာ လူစည်စည် တစ်သောင်း ငါးထောင်ရှိတဲ့ အရပ်ထဲမှာဆိုယင် တနေ့တစ် ယောက် နှစ်ယောက်တော့ လူသေမယ်၊ (မှန်ပါ့)။

သေလို့ရှိယင်ဖြင့် သေစာရင်းထုတ်ပေးရတဲ့ သူကြီးအိမ်မှာ အားပါ့မလား၊ (မအားပါဘုရား)။

ဒီမှာလဲ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကို ရှင်အာနန္ဒာ က ဘယ်သူသေပြန်ပြီဘုရာ့၊ ဘယ်သွားသတုံး၊ ဘယ်သူသေ ပြန်ပြီဘုရာ့၊ ဘယ်သွားသတုန်း မေးတော့ ခုနင်က သေစာ ရင်းပြင်ဆင်ပေးရတဲ့ပုဂ္ဂိုလ် မအားသလို မအားဘဲ ဘုရား သခင်မှာဖြစ်နေတယ်၊ (မှန်ပါ့)။

http://www.dhammadownload.com



ဒါကြောင့် မင်းတို့ကို မှန်ကလေးတစ်ချပ် ပေးထားမယ်၊ အဲဒီမှန်သာ အသုံး ပြုတော့ တဲ့၊ (မှန်ပါ့) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

ဒီမှန်က ဘာတုန်းဆိုတော့ ဖြစ်ပျက် အဆုံးမြင်တဲ့ ဉာဏ်ရယင်လဲ ငါသေယင် အပါယ်မသွားဘူး၊ (မှန်ပါ့)သဘောကျပလား၊ (ကျပါပြီ ဖြစ်ပျက်အဆုံးမြင်တဲ့ ဉာဏ်ကို ဆင်ခြင်နိုင်လို့ရှိယင်လဲ ငါသေယင် (အပါယ်မသွားပါဘုရား) ဖြစ်ပျက်အဆုံး ဖြစ်နေတဲ့ နေရာကို ကိုယ့်စိတ်နဲ့ မြင်နေယင်ကော–ငါသေယင်၊ (အပါယ်မသွားပါ ဘုရား)။

ဩော်–ဒီနေရာကလေး ရောက်ပြီးသကာလဖြစ်ပျက်ဆုံးတဲ့ နေရာပါကလားလို့ ကိုယ့်ဟာကိုယ် ဆင်ခြင် နေလို့ ဒီနေရာ ရောက်ဖူးသွားလို့ရှိယင်လဲ အဲဒါကိုယ့်မှန်လို့ မှတ်ကြ၊ (မှန်ပါ့ ဘုရား)သဘော ပါကြပလား၊ (ပါပါပြီ)။

ကိုယ့်မှန်ဆိုတာ သိပလား၊ (သိပါပြီဘုရား) ကိုယ့်မှန်ကိုယ်ကြည့်ပြီးသကာလ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက် ချတဲ့နည်း ဓမ္မာဒါသ သုတ် ဆိုပြီးသကာလ သံယုတ် ပါဠိတော်ကြီးမှာ တကာသစ်ရေ သေသေ ချာချာ ကိုယ့် ကိုယ်ကိုယ် ချိန်ဖို့ ဟောတာ၊ (မှန်ပါ့)။

ငါ့လဲ မမေးနဲ့၊ ဒီ့ ပြင်ရဟန္တာတွေလဲ သွားမမေးနဲ့၊ ကိုယ့် ဟာကိုယ် ဆုံးဖြတ်ချက် ချ တဲ့၊ (မှန်လှပါ) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဘယ်လိုမှာပါလိမ့်၊ (ကိုယ့်ဟာကိုယ်ဆုံးဖြတ်ချက် ချရပါမယ်ဘုရား) ကိုယ့်ဟာကိုယ်သာ ဆုံးဖြတ်ချက် ချပါကွာတဲ့၊ နို့မဟုတ် ငါမအားဘူးတဲ့၊ မေးချက် များလွန်းလို့ဆိုတော့

http://www.dhammadownload.com



ဒီ တကာ တကာမတွေလဲ ယနေ့ဘုန်းကြီး ဒီတရားတစ်လုံးကို မှန်မှန်ကြီး ပြောလိုက်ရတဲ့အတွက် ခင်ဗျားတို့ မလုပ်ဘဲနဲ့လဲ ဒီနေရာ မရောက်ဘူး၊ (မှန်ပါ့)။

မလုပ်ဘဲနဲ့တော့ (ဒီနေရာ မရောက်ပါဘုရား)မရောက်လို့ ရှိယင်လဲ ဒီမှန်ကို ရပါ့မလား၊ (မရပါဘုရား) ဒီမှန်မရသေး သရွေ့ကာလပတ်လုံးလဲ ကိုယ့်ကိုယ်ကို ဆုံးဖြတ်ချက် ချလို့ ရပါ့မလား၊ (မရပါဘုရား)။

အဲဒီတော့ သူများ ဗေဒင်မေးရတာ ဆန်ကုန်တယ်၊ ငွေကုန်တယ် ဆိုသလိုပဲ ကျုပ်သည်ကားလို့ ဆိုယင်ဖြင့် အပါယ် သွားမှာလား- မသွားဘူးလား ဆိုတာ ကိုယ့်ဟာကိုယ်လုပ် ကြည့်ပြီး ကိုယ့်မှန် ကိုယ်ကြည့်ပါ၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ကိုယ့်ဟာကိုယ် လုပ်ကြည့်ပြီးတော့(ကိုယ့်မှန်ကိုယ်ကြည့် ရပါမယ်ဘုရား)။

အဲ-ရှုလိုက်တိုင်း ဒုက္ခဆုံးတဲ့ နေရာရောက်ပြီ၊ ရှုလိုက်တိုင်း ဖြစ်ပျက်တွေရှာမတွေ့ဘူး ဘုရား့ခန္ဓာကိုယ်ပျောက်သွားတာပဲ၊ (မှန်ပါ့) နိဗ္ဗာန် မြင်ပါပြီဘုရား့၊ ဒုက္ခဆုံးတဲ့နေရာ မြင်ပါပြီ လို့ ကိုယ့်ဟာကိုယ် ဒီအတိုင်းသာ ဆုံးဖြစ်ချက်ချမယ်ဆိုယင် အာနန္ဒာ့ မမေးနဲ့၊ သူ-သောတာပန်တည်ပြီမှတ်၊ (မှန်လှပါ) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ကဲဒါဖြင့် တကာတကာမတို့ သူတပါးမေးနေစရာလားတဲ့၊ ကိုယ့်ဟာကိုယ်ပဲ မြင်နိုတဲ့သဘောလား၊ (ကိုယ့်ဟာကိုယ်ပဲ မြင်နိုင်တဲ့သဘောပါဘုရား)။

http://www.dhammadownload.com



ဒါ-ဘုရားသခင် ကိုယ်တော်မြတ်ကြီးက 'ဓမ္မာဒါသ' သုတ် ဆိုပြီး ဓမ္မ-က=တရား၊ အာဒါသ,က=မှန်ပေါ့ဗျာ၊ (မှန်ပါ့) တရားတည်းဟူသော မှန်ကို မင်းတို့ကိုငါပေးထားပါမယ်တဲ့၊ အာနန္ဒာ ငါ့ကို နေ့တိုင်း လာမမေးနဲ့.... တဲ့၊ (မှန်လှပါ ဘုရား)။

ဖြစ်ပျက် အဆုံးမြင်တဲ့ ပုဂ္ဂိုလ် သောတာပန်၊ (မှန်ပါ့ ဘုရား) သဘောကျပလား၊ (ကျပါပြီ) ဖြစ်ပျက် အဆုံးဆိုတာ နိဗ္ဗာန်ပဲ ဟုတ်ရဲ့လား၊ (မှန်ပါ့)။

နိဗ္ဗာန်ကို ဆင်ခြင်နိုင်တဲ့ ပုဂ္ဂိုလ်ဟာ၊ (သောတာပန်ပါ ဘုရား)အဆုံးမြင်တဲ့ပုဂ္ဂိုလ်၊ (သောတာပန်ပါဘုရား) သော တာပန်ပဲ။

အဲဒီလို ဆိုလို့ရှိယင်ဖြင့် ဦးလှဘူးရေ.... ဒီအရေးဟာဖြင့် အကြီးဆုံး အရေးထားပါ၊ (မှန်ပါ့)။

တကာတကာမတို့ ဒီအရေးဟာဘာတဲ့ (အကြီးဆုံးအရေး ပါဘုရား)။

ဒီ့ပြင်ဖြင့် ခင်ဗျားတို့ သိန်းတစ်ရာ ချမ်းသာနေစေကာမူ သေလို့ရှိယင် စိတ်မချရဘူး၊ (မှန်ပါ့)။

ကျန်ရစ်တဲ့လူကဖြင့် တကာတကာမတို့ ဒီအလောင်းကြီး ကျွန်းခေါင်း ဆေးသုတ်ပြီးသကာလ တလားပြာသာဒ်နဲ့ တင် ချင် တင်လိုက်လိမ့်မယ် ဟင်.... (မှန်ပါ့) ပြင်ဖော်ရရုံပဲရှိမှာ ပဲ....တဲ့၊အပါယ်ကျတော့လွတ်မှာမဟုတ်ဘူး၊(မှန်ပါ့)သဘော ကျပလား၊ (ကျပါပြီ)။

http://www.dhammadownload.com



အဲဒီတော့ သူများ အကြည့်ကောင်းတာနဲ့ ကိုယ်အပါယ်ကျရတာနဲ့ ဘယ်ဟာက ဆိုးဝါးသတုန်း၊ (ကိုယ်အပါယ်ကျရတာက ဆိုးဝါးပါတယ်ဘုရား)။

အဲဒီတော့.... သူများ အကြည့်ကောင်းဖို့ ခင်ဗျားတို့က စီးပွားစုပြီးသကာလ သေတော့ လှုလှုပပဖြစ်အောင်လို့ လုပ်မနေနဲ့၊ (မှန်ပါ့) သေတော့ လှုတာ ကိစ္စမရှိဘူး၊ ဟိုအပါယ်ရောက်လို့ အရုပ်ဆိုးနေတာ မြင်မှ သာဆိုးတယ်၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

အဲ-ဒါကြောင့် အခုကြွားသလောက်နောက်ကို ခါးရတယ်ဆိုတာ ရှိသေးတယ်၊ (မှန်ပါ့ဘုရား)။

အခုကြွားသလောက် အပါယ်လေးပါးမှာ တကာတကာမတို့ သံရေပူတွေ သောက်ပြီး သကာလ ဟင်-ပဲကွပ်ကြီးတွေနဲ့ ရွှေပြီးသကာလ ဒယ်အိုးထဲပစ်ချနေတာတွေ ကျင်ကြီး တွင်းကြီးတွေထဲမှာ ပိုးလောက်ကြီးတွေ တစ်ထွာလောက်တွေက အရိုးထဲက ရိုးတွင်းချဉ်ဆီတောင်ဖောက်စားနိုင်တဲ့ ငရဲရောက်ရမယ်၊ (မှန်ပါ့) ကြောက်စရာ ဘယ်လောက်ကောင်းသတုန်း၊ (ကောင်းပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့က အနေလှဖို့နဲ့ အသေလှဖို့ကို အရေးမကြီးဘဲနဲ့ နေဘ်၊ (မှန်ပါ့) တကာတကာမတို့ အပါယ်လေးပါး တံခါး ပိတ်ဖို့သာ အရေးကြီး ပါတယ်၊ (မှန်ပါ့ဘုရား)။

အနေလှဖို့ကော၊ (အရေးမကြီးပါ) အသေ လှဖို့ကော၊ (အရေးမကြီးပါဘုရား)။

http://www.dhammadownload.com



တချို့ နားမလည်တဲ့ တကာတကာမတွေက ဟောဒီ ငွေကလေးတော့ မသုံးနဲ့ သုံးထောင်လောက်တော့ ကျုပ်သေဖို့ ထားခဲ့တယ်တဲ့၊ (မှန်ပါ့)ဘာဆိုင်တာမှတ်လို့ ဒီဥစ္စာသူ့သေယင် ကိုယ်ကော သိတာမဟုတ်ဘူး၊ (မှန်ပါ့) သူကော သိရဲ့လား၊ (မသိပါဘုရား)။

အဲဒါ ဘာမှ အရေးမကြီးနဲ့၊ ငါသေလို့ ရှိယင်ဖြင့်ဟော့.... ကျီးငှင်းတစားပစေလို့ ပစ်ထားလိုက်၊ (မှန်ပါ့) အဲဒါက ကုသိုလ်ဖြစ်သေးတယ်၊ (မှန်ပါ့) သဘောပါကြပလား၊(ပါပါပြီဘုရား)။

သို့သော် အရေးအကြီးဆုံး အချက်ကဖြင့် အနေလှနဲ့, အသေလှကို မမက်မောဘဲနဲ့ တကာတကာမတို့ အပါယ်လေးပါးတံခါးပိတ်ဖို့သာ မက်မက်မောမောကြီး အကြောက်ကြီး ကြောက်ပြီးသကာလ တရားမှန်ကို မကြည့်- ကြည့်နိုင်အောင် ကြိုးစားပါလို့ တိုက်တွန်းတယ်၊ (မှန်ပါ့) တော်တော်အရေးကြီးတဲ့ စကားတွေပဲ၊ (မှန်ပါ့ဘုရား)။

အားလုံး တကာတကာမတွေ ဒီဥစ္စာ တစ်သက်နဲ့တစ်ကိုယ်ပဲ ဘုရားက ရှင်အာနန္ဒာအမေးအမြန်းများလွန်းလို့ ကဲ ကွာ ကိုယ့်မှန် ကိုယ်ကြည့်ပြီ၊ ဆုံးဖြတ်ချက်ချ၊ (မှန်ပါ့ဘုရား)။

တကာတကာမတွေ မှန်ကလေးတစ်ခုအရှေ့မှာ ပြဒါးသုတ်တဲ့ မှန်ကလေးပေါ့ဗျာ၊ (မှန်ပါ့) ရှေ့မှာကြည့်တဲ့အခါ ဒီနေရာ တင်းထိပ်ရှိတယ်၊ ဒီနေရာ မှဲ့ရှိတယ်၊ ဒီနေရာဖြင့် အရေတွန့်နေတယ်၊ ဒီနေရာကဖြင့် မတွန့်ဘူး၊ ဒီနေရာကဖြင့် အကွက်ကလေးရှိတယ်ဆိုတာ မှန်ကပြောတယ်၊ (မှန်ကပြောပါတယ်) ကပြောဘူးလား၊ (ပြောပါတယ်ဘုရား)။

http://www.dhammadownload.com



ဒီမှာလဲ ငါအပါယ်သွားမယ်၊ မသွားဘူးဆိုတာကို တကာ တကာမတို့ ကိုယ့်ဉာဏ်နဲ့ကိုယ် စစ်ကြည့်ပါ၊ (မှန်ပါ) ကိုယ့်ဉာဏ်နဲ့ကိုယ်ကြည့်တော့ ခန္ဓာကြီး ကြည့်လိုက်ကတည်းက ဖြစ်မှု,ပျက်မှုကလေးတွေ တွေ့နေပြီး၊ ၎င်းဖြစ်မှု, ပျက်မှုကလေးတွေ တွေ့မှန်းနေပြီး၊ ဖြစ်မှု,ပျက်မှုကလေးတွေပဲ ဆုံးသွားပြီဆိုတော့ ဖြစ်မှု,ပျက်မှုအဆုံးဟာ နိဗ္ဗာန်ပဲ (မှန်ပါဘုရား)။

ဖြစ်မှု,ပျက်မှု ဆုံးသွားယင် ဘာခေါ်ကြမယ်၊(နိဗ္ဗာန်ပါ) အဲဒါမြင်တဲ့ ပုဂ္ဂိုလ်ကျလို့ရှိယင်ဖြင့် အဲဒါအမှန်ပဲ၊ (မှန်ပါဘုရား)။

ဒီမှန်ကိုကြည့်နိုင်တဲ့ ဉာဏ်စွမ်းရှိတဲ့ ပုဂ္ဂိုလ်ဖြင့်၊ သြော်.... ငါသေယင် အပါယ်မသွားဘူးလို့ ဒီမှန်မှာပဲ အပါယ်မသွားကြောင်းကို မှန်ကပြောတယ်၊ (မှန်ပါ) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ယနေ့ကစပြီး ဒီတကာတကာမတွေ အချိန်နှေးနှေးနဲ့ အလုပ်ကို ဖြင့်နဲ့နှေးနေဖို့ မလိုပဲနဲ့ တကာတကာမတို့ အသေမစောခင် မှန်ကြည့်နိုင်တဲ့ အခြေအနေရောက်အောင်ကြိုးစားပါ၊ (မှန်ပါဘုရား)။

အသေမစောခင် မှန်ကြည့်နိုင်တဲ့ အခြေအနေ ရောက်အောင် ကြိုးစားရမှာပါ တကာကြွယ်ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

တကာကြွယ် ဒီကနေ ပြန်တဲ့ အခါကျတော့တကာကြွယ်တို့ အိမ်တွေမှာတော့အိမ်တိုင်းလိုလိုပေါ့ဗျာ၊ သားပျို,သမီးပျိုရှိတဲ့ နေရာမှာမှန်ခန်းဆိုတာ ရှိပါလိမ့်မယ်၊ (ရှိပါတယ်ဘုရား)။

http://www.dhammadownload.com



ဒီမှန်တွေ ကြည့်တိုင်းကြည့်တိုင်း ဒီမှန်တွေက ဘာပါလိမ့် မတုန်းလို့ မေးတဲ့အခါကျတော့ ဩော်- ပြင်ဆင်ထားတာ အချိုးကျ-မကျ ပြောတာကိုး၊ (မှန်ပါ့ဘုရား)။

ဘာပြောလေ့ရှိသတုန်း၊ (ပြင်ဆင်ထားတာ အချိုးကျ မကျပြောလေ့ရှိပါတယ်) ဆင်ပြင်ထားတာကို အချိုးကျ-မကျ ကိုသာ သူပြောလေ့ရှိပါတယ်၊ (မှန်ပါ့ဘုရား)။

အဲဒီလိုပဲတဲ့ ကိုယ်အပါယ်သွား-မသွားကို တကာ တကာမ တို့ပြောတဲ့ မှန်ကလေးကိုလဲ ကြည့်နိုင်အောင် ဒီမှန်မြင်သဖြင့် ဒီမှန်ကလိုရင်းမဟုတ်ဘူး၊ အမြင်မှန် နိဗ္ဗာန်ရဖို့ရာသာ ဒို-လို ရင်းပဲဆိုပြီးသကာလ ဒီမှန်မြင်တိုင်း နိဗ္ဗာန်တည်း ဟူသော မှန်ကို မရ-အရယူနိုင်တဲ့ စွမ်းရည်သတ္တိနဲ့ ကြိုးစားပါဆိုတာ တိုက်တွန်းရတယ်၊ (မှန်ပါ့ဘုရား)။

တကာသစ် မတိုက်တွန်းသင့်ဘူးလား၊ (တိုက်တွန်းသင့် ပါတယ်ဘုရား) ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)။

အေး ဒါဖြင့်တကာ တကာမတို့ ငရဲမျိုးစေ့သိပြီ၊ (မှန်ပါ့) ဘယ်သူပါလိမ့်ဗျာ၊ (သက္ကာယ ဒိဋ္ဌိပါဘုရား)။

တရားပြန်ပြီးတော့ တကာ တကာမတွေ နှလုံးသွင်းကြ၊ (မှန်ပါ့) ကိုင်း-အလုပ်ခွင်နဲ့တကွ တကာ တကာမတွေ အသိနဲ့ ပယ်နည်းတစ်မျိုး၊ (မှန်ပါ့) အပွားနဲ့ (ပယ်နည်းတစ်မျိုးပါ) အပယ်နဲ့ (ပယ်နည်းတမျိုးပါဘုရား)။

ဘယ်ကျမှ လမ်းဆုံးမလဲလို့ မေးတော့ အသိသည် အပွား ကျေးဇူးပြုမယ် (မှန်ပါ့) အပွားသည်ကားလို့ဆိုယင် အပယ်ကို ကျေးဇူးပြုတယ်၊ (မှန်ပါ့) ဒါ့ကြောင့် သုံးချက်စလုံးပဲ တကာ တကာမတွေကို ထင်ရှားအောင်ပြမယ်နော်၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဒါက တရားနာနေတဲ့ တကာ တကာမတွေ၏ ခန္ဓာငါးပါး၊ (မှန်ပါ့) ဒီခန္ဓာငါးပါးကို တကာ တကာမတွေက ဩော်- ဒါ သက္ကာယပါလား၊ သိသွားပြီ၊ (မှန်ပါ့- သိသွားပါပြီ) ခန္ဓာငါးပါးကို သက္ကာယရယ်လို့ သိနေတော့ ဒီအသိကလေးကို ဘုန်းကြီးကပေးလိုက်တယ်၊ ဒီအသိကလေး မဂ္ဂင်ငါးပါးအသိကလေးကို တကာ တကာမတွေ ပေးလိုက်တယ်၊ (မှန်ပါဘုရား)။

ဒါက ဘာပါလိမ့်၊ (သက္ကာယပါ) ခင်ဗျားတို့ ဘာနဲ့ သိသတုန်းဆိုတော့ ဟောဒီ သမ္မာဒိဋ္ဌိနဲ့သိတယ်၊ (မှန်ပါ့ဘုရား)။

သက္ကာယကို ဘာနဲ့ သိသလဲ၊ (သမ္မာဒိဋ္ဌိနဲ့ သိပါတယ်) သမ္မာဒိဋ္ဌိနဲ့ သိတော့ ဩော်- ဒီဥစ္စာသည် ဒါက သက္ကာယ ခန္ဓာငါးပါး၊ (မှန်ပါ့ဘုရား)။

သက္ကာယဆိုတာ ဘာပါလိမ့်၊ (ခန္ဓာငါးပါး) မသိဘူးလား-သိသလား၊ (သိပါတယ်) ဉာဏ်နဲ့ကြည့်လိုက်တော့လေ၊ (သိပါတယ်ဘုရား)အဲဒါကဘာပါလိမ့်(သက္ကာယပါဘုရား)။

ဒါဖြင့် သက္ကာယနဲ့ သမ္မာဒိဋ္ဌိနဲ့ တွဲပြန်လို့ရှိယင် ဒါအသိနဲ့ပြုတ်တယ်၊ (မှန်ပါ့) သက္ကာယဒိဋ္ဌိ ရှိသေးရဲ့လား၊ (မရှိပါဘုရား)။

သူက သက္ကာယကို အမှန်သိတယ်၊ ဒါက သက္ကာယဆိုတာ ခန္ဓာငါးပါးပဲလို့ အမှန်မသိဘူးလား၊ (သိပါတယ်ဘုရား)။

ဒါက ဘာနဲ့ပြုတ်ပါလိမ့် (အသိနဲ့ ပြုတ်ပါတယ်ဘုရား) အသိနဲ့ပြုတ်တာ ဖြစ်နေတော့ ဒီနောက်က သက္ကာယဒိဋ္ဌိလာနိုင်သေးရဲ့လား၊ (မလာနိုင်ပါဘုရား)။

http://www.dhammadownload.com



သို့သော် တကာတကာမတို့ ယာယီကလေးမလာတာ၊(မှန်ပါ့ဘုရား စိတ်ချ လက်ချ မလာတဲ့ အဆုံး ရောက်ပလား၊ (မရောက်သေးပါဘုရား)။

မရောက်သေးတော့ အသိနဲ့ပယ်ထားတာဖြစ်သောကြောင့် သိတုန်းပဲ သူမလာတယ်၊ (မှန်ပါ့ဘုရား) မသိယင် လာပြန်တယ်၊ (လာပါတယ်ဘုရား)။

ဒါဖြင့် ၁-နံပါတ်ပယ်မှုဟာလဲ စိတ်မချရသေး၊(မှန်လှပါဘုရား) ၁-နံပါတ်ပယ်မှု၊(စိတ်မချရသေးပါဘုရား) ကောင်းပြီ၊ ဒါဖြင့် ၂-နံပါတ် ပယ်မှုကို တက်ကြဦးစို့၊ (မှန်ပါ) ၂-နံပါတ်ပယ်မှုကျတော့ ဒီခန္ဓာငါးပါးထဲထ ဝေဒနာကလေး တစ်ခုဖြစ်စေ စိတ်ကလေးတစ်ခုကိုဖြစ်စေ ဖြစ်တိုင်းပျက်တိုင်း ဖြစ်တိုင်းပျက်တိုင်း တကာ တကာမတွေက ရှုရှု ပေးရမယ်၊ (မှန်လှပါဘုရား) ရှုရှုပေးလိုက်တဲ့အခါကျတော့ ဖြစ်ပျက်နဲ့ သမ္မာဒိဋ္ဌိ မဂ်နဲ့ ကိုက်အောင်ရှု၊ (မှန်ပါ့ဘုရား)။

ဒီဝေဒနာက ဖြစ်ပျက်ဆိုယင်တော့၊ (သမ္မာဒိဋ္ဌိနဲ့ကိုက်ရပါမယ်ဘုရား) သမ္မာဒိဋ္ဌိမဂ်နဲ့ ကိုက်အောင် လုပ်ရမယ်၊ (မှန်ပါ့ဘုရား)။

အဲဒီလိုကိုက်အောင် လုပ်နေတော့ကိုတဲ့- ရဟန်းတစ်ပါးက မေးတယ်၊သဠာယတနဝဂ္ဂသံယုတ်မှာ၊ အရှင်ဘုရား-သက္ကာယဒိဋ္ဌိပြုတ်တယ်ဆိုတာပြောစမ်းပါဦး၊ဘယ်လိုများဘပည့်တော်တို့ပြုတ်ရမှာတုန်းလို့မေးတဲ့အခါကျတော့ 'ကထံ ဘန္တေ ဇာနတော ပဿတော သက္ကာယဒိဋ္ဌိ ပဟီယတိ'တဲ့၊ (မှန်ပါ့ဘုရား)။

အရှင်ဘုရား.... ဘယ်လို သိတဲ့ ပုဂ္ဂိုလ် သက္ကာဒိဋ္ဌိ ပြုတ်ပါ သနည်းဆိုတော့ ''ဝေဒနံ အနိစ္စတော ဇာနတော ပဿတော

http://www.dhammadownload.com



သက္ကာယဒိဋ္ဌိ ပယ်ပြီတဲ့၊ (မှန်ပါ့) ဝေဒနာကို အနိစ္စလို့ ဇာန်-သိရမယ်၊ (မှန်ပါ့) အနိစ္စလို့ ဒီက သိသိပေး၊ (မှန်ပါ့ ဘုရား)ပဿတော-မြင်လဲမြင်ပေးရမယ်တဲ့၊ (မှန်ပါ့)မိစ္ဆာဒိဋ္ဌိ ပယ်ပြီ–တဲ့၊မိစ္ဆာဒိဋ္ဌိ ရှိသေးရဲ့လား၊ (မရှိပါဘုရား)ဒါဖြင့် သမ္မာဒိဋ္ဌိ ဖြစ်မသွားဘူးလား၊ (ဖြစ်သွားပါတယ်ဘုရား)။

အဲဒီကဲ့သို့ ဖြစ်ပျက်ရှုတော့ ဖြစ်ပျက်လာတိုင်း ကိုယ်ပေါ်မှာ ဝေဒနာပေါ်လဲ ဖြစ်ပျက်ရှု၊ (မှန်ပါ့) မျက်လုံးဝေဒနာ ပေါ်ကော၊ (ဖြစ်ပျက်ရှုရပါမယ်ဘုရား) နားဝေဒနာပေါ် ကော၊ (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

အဲ....ပေါ်ချင်တာပေါ် ဖြစ်ပျက်ရှုနေလို့ ရှိယင်ဖြင့်....တဲ့၊ တကာတကာမတို့"ဝေဒနံ အနိစ္စတော ဇာနတော ပဿတော သက္ကာယဒိဋ္ဌိပယ်ပြီ"တဲ့၊ (မှန်ပါ့)သဠာယတန ဝဂ္ဂသံယုတ် ပါဠိတော်၊ (မှန်ပါ့) ရဟန်းတစ်ပါးက မေးလို့ သက္ကာယဒိဋ္ဌိ ပယ်ပုံ ဟော နေတာ၊ (မှန်ပါ့ဘုရား)။

ကဲ–တဲ့ ဒီဥစ္စာ ဝေဒနာကလေး ဖြစ်ဖြစ်၊ စိတ်ကလေး ဖြစ်ဖြစ်၊ ဖြစ်ပျက်ကလေးမြင်အောင် ရှုနေယင် သက္ကာယ ဒိဋ္ဌိ ပယ်ပြီးသားတဲ့၊ (မှန်ပါ့ဘုရား) ဆိုတော့ သူဟာလဲရှုတုန်းပဲ ပယ်တယ်၊ (မှန်ပါ့ဘုရား)။

တကာတကာမတို့ သက္ကာဒိဋ္ဌိဘာတုန်း၊ (ရှုတုန်းပယ်ပါ တယ်ဘုရား) အဲ–ဒါဖြင့် ဖြစ်ပျက်လာတိုင်းရှု၊ ဖြစ်ပျက်လာ တိုင်းရှု၊ဖြစ်ပျက်လာတိုင်းရှု၊ရှုရှု–ရှုရှုပေး၊ ဝေဒနာလာ ဝေဒ နာရှု၊စိတ်ကြိုက်တဲ့ပုဂ္ဂိုလ်စိတ်ကို ရှုနေပါ၊ (မှန်လှပါဘုရား)။

http://www.dhammadownload.com



ရှုတော့ ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်အောင်သာ ရှုနေလို့ရှိ ယင်ဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ဒီဘက်က သက္ကာယ ဒိဋ္ဌိ အနား ကပ်နိုင်သေးရဲ့လား၊ (မကပ်နိုင်ပါဘုရား)။

ဒါက ပွားဖန်များလို့ ပြုတ်တာ၊ (မှန်ပါ) မပွားများဘဲ နေယင် လာပြန်တာပဲ၊ (မှန်ပါဘုရား) စိတ်ချရရဲ့လား၊(မချ ရပါဘုရား)။

ဒါဖြင့် တကာသစ်ရေ စိတ်မချရတာ ဘယ်နှစ်ချက် ရှိသွား ပလဲ၊ (နှစ်ချက်ရှိသွားပါပြီ) သိရုံကလေးနဲ့လဲ စိတ်မချရသေး ဘူး၊ (မှန်ပါ) သဘောပါပလား၊(ပါပါပြီဘုရား)ပွားများ ပါများပြီး ပြုတ်ပြေးသော်လဲ၊ (စိတ်မချရသေးပါ ဘုရား) အကြောင်းတိုက်ဆိုင်တုန်းသာ မလာတယ်၊အကြောင်းမတိုက် ဆိုင်လို့ ပွားများမှု ရှုပ်သိမ်းတဲ့ အချိန် လာလိုက် တာပဲ၊ (မှန်ပါဘုရား)။

လောကီ ဥပမာ ပြောကြစို့ ဆိုလို့ရှိယင် တကာတကာမ တွေ ကြောင်သူတော်ကောင်း လုပ်နေတာသည် လူနား ပွတ် ကာ သပ်ကာနဲ့ ခင်သလိုလို မင်သလိုလိုနဲ့ လုပ်နေတော့ တယ် လိမ်မာပါလားဆိုတာ ကျောကလေးများ သပ်ပေးကြတယ်၊ (မှန်ပါဘုရား)။

ကြွက်ကလေးမြင်လိုက်တဲ့အခါကျတော့ ဒီလူနားကပ်သေး သလား၊ ကြွက်ဆီပြေးသွားသလား၊ (ကြွက်ဆီ ပြေးသွားပါ တယ်ဘုရား)။

ဒါဖြင့် နဂိုရ်ကတည်းက လိမ်မာတာ ဟုတ်ပါရဲ့လား၊ဟန် လုပ်နေတာလား၊(ဟန်လုပ်နေတာပါဘုရား)ဒီမှာလဲ ဝိပဿ

http://www.dhammadownload.com



နာ ရှုတုန်းသာ သက္ကာယဒိဋ္ဌိက ဟန်လုပ်ပြီး ကွယ်နေတာ၊ (မှန်လှပါဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား)။

ဝိပဿနာမရှုတဲ့ အချိန်ကျလို့ ရှိယင်ဖြင့် ငါ့-ဘာမှတ်လို့ တုန်းဆိုတဲ့ အသွားတွေ လာလိမ့်မယ်၊ (မှန်ပါ့ဘုရား) မလာဘူးလား၊ (လာပါတယ်ဘုရား)။

အဲဒါကြောင့် အပွားနဲ့လဲ ဘုန်းကြီးတို့ တကာတကာမတွေက တော်လောက်ပြီ တန်လောက်ပြီဆိုပြီးသကာလ စိတ်မချလိုက်ပါနဲ့ဦး-ဆိုတာ မှာရတယ်၊ (မှန်ပါ့ဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

အပွားနဲ့လဲ စိတ်ချလောက်ပါရဲ့လား၊ (မချလောက်ပါဘုရား)ကြောင်လိုပဲတဲ့ ယဉ်တဲ့အချိန်သာ ယဉ်နေတာ၊ ကြွက်မမြင်သေးလို့ ယဉ်တာ၊ (မှန်ပါ့ဘုရား)။

ကြွက်မြင်တဲ့အခါ ခုနင်က သခင်နား တကာသစ်တို့ ကပ်သေးရဲ့လား၊ (မကပ်ပါဘုရား)။

ဘယ့်နှယ်ကြောင့် မကပ်ပါလိမ့်မတုန်းဆိုတော့ သူက စားချင်တဲ့ တဏှာဒိဋ္ဌိက ပြုတ်မှမပြုတ်သေးဘဲ၊ (မှန်လှပါဘုရား) စားစရာမရှိတုန်းသာ သူကပ်နေတာ၊ (မှန်ပါ့) စားစရာပေါ်လာယင် ဒီအနားက ခွါတာပဲ၊ (ခွါပါတယ်ဘုရား) သဘောပါကြပလား၊ (ပါပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ အပွားနဲ့ပြုတ်တာလဲ စိတ်အချကြီးချလို့ မရသေးလို့မှတ်ထားပါ၊ (မှန်လှပါဘုရား)အပွားနဲ့ပြုတ်တာဟာ၊ (စိတ်အချကြီးချလို့ မရသေးပါဘုရား)။

http://www.dhammadownload.com



ကိုင်း–ဒါဖြင့် သူ့တော့ အမြစ်ပြတ်အောင် ပယ်မှပဲ ကိုက်မယ်၊ (မှန်လှပါဘုရား) တကာ တကာမတို့ ဘယ်လို ဆုံးဖြတ်ချက်ချမလဲ၊ (အမြစ်ပြတ်အောင်ပယ်မှ ကိုက်မှာပါဘုရား)။

အမြစ်ပြတ်အောင် ပယ်မှပဲ ကိုက်မယ် ဆိုတဲ့ ဥစ္စာသည် တကာသစ် အရေးကြီးတယ်၊ (ကြီးပါတယ်ဘုရား) မင်း–ဘယ်တော့မှ မပေါ်မှ နေရာကျမှာ၊ (မှန်ပါ) သဘောကျပလား၊ (ကျပါပြီဘုရား)။

ဘယ်တော့မှမပေါ်မှ (နေရာကျမှာပါဘုရား) အဲ–ဘယ်တော့မှမပေါ်မှ နေရာကျမယ်ဆိုတော့ ဒိဋ္ဌိက တကာ တကာမတွေ ခဏခဏ ဘုန်းကြီးလဲ ပြောနေရတယ်နော်၊(မှန်လှပါ) ဒိဋ္ဌိက အနိစ္စကို နိစ္စထင်တဲ့ဒိဋ္ဌိ၊ မှန်လှပါ) ဒုက္ခကို သုခလို့ယူတဲ့ဒိဋ္ဌိ၊(မှန်လှပါဘုရား) အနတ္တကို အတ္တလို့ယူတဲ့၊(ဒိဋ္ဌိပါဘုရား) အေး-အသုဘကို သုဘလို့ယူတဲ့ (ဒိဋ္ဌိပါဘုရား)။

သူတို့ဟာ တကာ တကာမတို့ လေးပါးစလုံးပြုတ်တယ်လို့ မှတ်လိုက်ရမယ်၊ (မှန်ပါဘုရား) အပယ်နဲ့ပြုတ်ယင် လေးပါးစလုံးပြုတ်တယ်၊ (မှန်လှပါဘုရား)။

ကိုင်း–ဒါဖြင့် ဒီလိုလုပ်ကြစို့၊ဒါက ခန္ဓာငါးပါး တစ်ပါးပါးကို တကာ တကာမတွေ သတိပဋ္ဌာန်လေးပါးတွင် တပါးပါးနဲ့ ရှုလိုက်တဲ့အခါကျတော့ တစ်နေ့ကလဲ တကာကြွယ် ချုံးပြတယ်၊ဖြစ်ပျက်ဒုက္ခသစ္စာပဲရှိတယ်တဲ့ (မှန်ပါ)မပြဘူးလား၊

http://www.dhammadownload.com



(ပြပါတယ်ဘုရား) ချုံးလိုက်တော့ ဒါပဲ ရတယ်၊ (မှန်ပါ့ ဘုရား)။

ဘယ်ခန္ဓာရှုရှု၊ ရှုလိုက်တော့ ဖြစ်ပျက်တွေ့တယ်၊(မှန်လှပါ ဘုရား) ဖြစ်ပျက်ဘာသစ္စာပါလိမ့်၊ (ဒုက္ခသစ္စာပါဘုရား)။

သြော်– ဖြစ်ပျက် ဒုက္ခသစ္စာပဲဆိုတော့ တခါတည်း စ,က တည်းကနေပြီးတော့ တကာကြွယ်တို့ တကာသစ်တို့က ဖြစ်ပျက် တွေ့သည်က စပြီးသကာလ သြော်– ဒုက္ခသစ္စာ တွေ့ပါ လား၊ သြော်– ဒုက္ခသစ္စာတွေ့ပါလား၊ (မှန်လှပါဘုရား)။

"ဒုက္ခမေဝ ဥပ္ပဇ္ဇမာနံ ဥပ္ပဇ္ဇတိ၊ ဒုက္ခံ နိရုဇ္ဈမာနံ နိရုဇ္ဈတိ" ဆိုတဲ့ သံယုတ်ပါဠိတော်အတိုင်း ဖြစ်ဆဲဒုက္ခနဲ့ ပျက်ဆဲဒုက္ခပဲ ရှိတယ်၊ (မှန်လှပါဘုရား)။

ခန္ဓာကိုယ်ထဲကြည့်လိုက်ပြန်တော့ ဘာတွေ့ပါလိမ့်၊(ဖြစ်ဆဲ ဒုက္ခနဲ့ ပျက်ဆဲဒုက္ခပဲ တွေ့ပါတယ်ဘုရား)။

အင်း–ဖြစ်ဆဲဒုက္ခနဲ့ ပျက်ဆဲဒုက္ခ၊ (မှန်ပါ့ဘုရား) နောက် တစ်ခါ ပေါ်လာတာလဲ (ဖြစ်ဆဲဒုက္ခနဲ့ ပျက်ဆဲ ဒုက္ခပါပဲ ဘုရား)။

သြော်–ခန္ဓာကိုယ်ကြီးဟာ ဒါ့ကြောင့်ဘုရားက ဒုက္ခသစ္စာ ဟောပေတာပဲ၊ (မှန်လှပါ)။

ဒါကြောင့် ဘုရားက (ဒုက္ခသစ္စာ ဟောတာပါ ဘုရား) ဖြစ်ဆဲ ဒုက္ခနဲ့ (ပျက်ဆဲဒုက္ခပဲ ရှိပါတယ်ဘုရား) ဒါပဲရှိတယ်၊ (မှန်ပါ့)ဒါဖြင့် မမြင်,မြင်အောင် ကြည့်ပါ၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



မမြင်, မြင်အောင် ကြည့်ကြပါနော်၊ (မှန်လှပါ) ဩော် ဖြစ်တာလဲ ဒုက္ခပဲ၊ (မှန်ပါ့) ပျက်တာလဲ (ဒုက္ခပါပဲဘုရား) ခန္ဓာကိုယ်ထဲမှာလဲ ဒီ့ပြင် ဘာရှိသေးသတုန်း၊ (ဘာမှမရှိပါ ဘုရား) ဖြစ်ဒုက္ခ ပျက်ဒုက္ခပဲ ရှိတာပဲ၊ (မှန်ပါ့)။

အဲဒီကဲ့သို့ ဘုန်းကြီးတို့တကာတကာမတွေက ဩော်....ဒုက္ခ သစ္စာမှတစ်ပါး ဒီအထဲ သုခဆိုတာ နည်းနည်းမှမရောပါလား ဆိုတော့ ဒုက္ခသစ္စာကို ပိုင်ပိုင်နိုင်နိုင်သိတယ်၊ (မှန်ပါ့)။

ဒုက္ခသစ္စာကို ပိုင်ပိုင်နိုင်နိုင် သိပါပြီ တကာတကာမတို့၊ (မှန်ပါ့ဘုရား)။

အဲဒီကဲ့သို့ ဒုက္ခသစ္စာကို ပိုင်ပိုင်နိုင်နိုင် သိတဲ့အခါကျတော့ ဩော်...ဒုက္ခသစ္စာ ဒီအတိုင်း ရှုရင်းမတ္တနဲ့ အသိဉာဏ်က အနု ဗောဓဉာဏ်ဆိုတာ အစဉ်အတိုင်း သိတဲ့ဉာဏ်က ဆရာဆီက ဉာဏ်ရပြီး သိတဲ့ဉာဏ်၊ (မှန်ပါ့ဘုရား) နောက်ပဋိဝေဓဉာဏ်နဲ့ ကိုယ်တိုင် ထိုးတွင်းသိတော့ အဟုတ်ကို ဒုက္ခသစ္စာကိုး၊ (မှန်လှ ပါဘုရား)။

သူများက ပြောတာကတော့ ဒုက္ခသစ္စာလို့ ပြောကြတာပဲ (မှန်ပါ့)ကိုယ်တိုင် ဉာဏ်နဲ့ကြည့်လိုက်ပြန်တော့လဲ၊ (ဒုက္ခသစ္စာ ပါပဲဘုရား) ဒုက္ခသစ္စာမှတစ်ပါး ဘာမှ မရောပါလားဆိုတာ မလာပေဘူးလား၊ (လာပါတယ်ဘုရား)။

အဲ.... ဒုက္ခသစ္စာမှတစ်ပါး ဘာမှမရောတာ လာတော့မှ 'ဖျတ်' ဆို ဖြစ်ပျက်တွေဟူသမျှ အကုန်ချုပ်တယ်၊ (မှန်ပါ့)။

ဖြစ်ပျက်တွေဟူသမျှ၊ (အကုန်ချုပ်ပါတယ်ဘုရား) အဲဒီ တော့ သူနဲ့ ဒီက ဒွိဠိလေးမျိုးနဲ့ တစ်ပြိုင်နက် ချုပ်တယ်၊ (မှန်ပါ့)။

http://www.dhammadownload.com



တကာသစ်....ဟိုက ဒုက္ခချုပ်တာနဲ့ ဒီက ဒိဋ္ဌိလေးမျိုးချုပ်တာနဲ့၊ (တပြိုင်နက်ချုပ်ပါတယ်ဘုရား)။

အဲဒါ ဘယ်တော့မှ မပေါ်တဲ့ချုပ်နည်းက ဒီကရှေ့ကလဲအပျောက်၊ နောက်ကလဲအပျောက်၊ (မှန်လှပါဘုရား) ဒါ.... တော်တော်အရေးကြီးတဲ့ စကာလို့ မှတ်လိုက်စမ်းပါ၊ (မှန်လှပါဘုရား) သဘောပါကြပလား။ (ပါ-ပါပြီဘုရား)။

ဒါကတော့ဖြင့် တကာတကာမတို့ ဒီဘက်က နိရောဓသစ္စာ (မှန်လှပါ) ဒီဘက်က သမုဒယသစ္စာ ချုပ်တာ (မှန်လှပါ) သမုဒသစ္စာပဲကိုး၊ (မှန်လှပါ)။

ရှေ့ကဘာတုန်း(နိရောဓသစ္စာပါဘုရား) နောက်က ဘာတုန်း၊ (သမုဒယသစ္စာပါဘုရား) အဲဒီ....သမုဒယဆိုတာ ဒိဋ္ဌိတဏှာပေါ့ဗျာ၊ (မှန်လှပါ) ဒိဋ္ဌိတဏှာချုပ်တယ်၊ (မှန်ပါ)။

အဲဒီကဲ့သို့ ချုပ်ပြီးပြီဆိုတော့ ဘုန်းကြီးတို့ တကာတကာမတွေက ဩော်....ဒါကတော့ ပယ်ချုပ်၊ (မှန်ပါ)။

ဘယ့်နှယ်ပယ်သတုန်း....လို့ မေးတဲ့အခါကျတော့မှ တကာတကာမတို့ ဘယ်အခါမှ မလာနိုင်အောင် ပယ်ပါတယ်(မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီ)။

ဘယ်အခါမှ၊ (မလာနိုင်အောင် ပယ်ပါတယ်ဘုရား) အဲဒီကျတော့ ဘာပြုတ်လို့ဆိုကြမလဲ၊ (ပယ်ပြုတ်ပါဘုရား)။

ပယ်ပြုတ်ကို သိချင်တော့ တကာသစ်ရဲ့ ရှေ့ကနေ ဆုံးဖြတ်ချက်ချ၊ (မှန်ပါ) ရှေ့က ဒုက္ခသစ္စာလဲဆုံးတယ်၊ (ဆုံးပါတယ်

http://www.dhammadownload.com



ဘုရား) နောက်က ဒိဋ္ဌိလေးမျိုးလဲ ဆုံးတယ်၊ (ဆုံးပါတယ် ဘုရား)။

ရှေ့က– (ဒုက္ခသစ္စာလဲ ဆုံးပါတယ်ဘုရား) နောက်က၊ (ဒိဋ္ဌိလေးမျိုးလဲ ဆုံးပါတယ်ဘုရား)ဒိဋ္ဌိလေးမျိုးလဲ မဆုံးဘူး လား၊ (ဆုံးပါတယ်ဘုရား)။

ဩြော်–ဒီးအဆုံးမျိုးက ဘာပြုတ်တဲ့၊ (ပယ်ပြုတ်ပါဘုရား) သဘောကျပလား၊ (ကျပါပြီ)။

ဩြော်....ဒီပယ်ပြုတ်ရောက်မှ ဒို....စိတ်အေးရမှာပါကလား ဆိုတာ ပေါ်လာတယ်၊ (ပေါ်လာပါတယ်ဘုရား)။

ဒီ ပယ်ပြုတ်ရောက်မှ၊ (စိတ်အေးရမှာပါဘုရား)ဒါဖြင့် ဒီ– ဒိဋ္ဌိလေးမျိုး ပြုတ်သွားပြီဆိုတော့ ဝမ်းထဲမှာရှိတဲ့ ငရဲမျိုးစေ့ တကာကြွယ် ဘယ့်နှယ်ဆိုပါ့မလဲ၊ (ပြုတ်သွားပါတယ်ဘုရား) ဘယ်တော့မှ မရှိဘူး၊ (မှန်လှပါ)။

ကြောင်သည် ကြွက်ကို မြင်ငြားသော်လဲ လိုက်မခုတ်တော့ ဘူး၊ (မှန်လှပါ) သဘောကျပလား၊ (ကျပါပြီဘုရား)။

ကြွက်ကို မြင်ငြားသော်လဲ၊ (လိုက်မခုတ်ပါဘုရား) ဝမ်း ထဲမှာ ကြွက်ကိုစားလိုတဲ့ တဏှာ ဒိဋ္ဌိ ကုန်သွားပြီ၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေသည် ပယ်ပြုတ် ရောက်မှ စိတ်ချရမယ်၊ (မှန်လှပါ)။

ဒါဖြင့်တရားနဲ့တာကသိပြုတ်၊ (မှန်ပါ့ဘုရား)အိမ်ကျလို့ ပွားတာက၊(ပွားပြုတ်ပါဘုရား)ပွားလို့ ဒုက္ခသစ္စာဆုံးသွား

http://www.dhammadownload.com



တော့ သမုဒယသစ္စာလဲ နောက်က ကုန်သွားတဲ့ အပြုတ်ကာ တော့ ဘာတဲ့၊ (ပယ်ပြုတ်ပါဘုရား)။

အဲဒီ ပယ်ပြုတ်သည်-တဲ့ တကာတကာမတို့ အလွန်ကျေးဇူး များတယ်၊ (မှန်လှပါ) ကျေးဇူးများပုံ ကလေး ဘုန်းကြီး ရှင်းပြပါ့မယ်၊ (မှန်လှပါ)။

မသိမလိမ်မာလို့ မိုက်ထားတဲ့ အမိုက်တွေဆိုတဲ့ အပါယ် သွားဖို့ ကံတွေလဲ ဒိဋ္ဌိပြုတ်တဲ့အထဲ ရောပြုတ်ရတယ်၊ (မှန်လှ ပါဘုရား)။

ဒိဋ္ဌိပြုတ်တဲ့အထဲမှာ၊ (ရောပြုတ်ပါတယ်ဘုရား) သဘောကျ ပလား၊ (ကျပါပြီဘုရား)။

အတိတ်ဘဝက ပါလာတဲ့ ကံဟောင်းတွေကော အပါယ် သွားဖို့ ကံဟောင်းတွေ၊ (ပြုတ်ပါတယ်ဘုရား) ဒိဋ္ဌိနဲ့ ရောပြုတ် တယ်၊ (မှန်လှပါ)။

ယခု မသိမလိမ်မာသေးလို့ ဆရာကောင်း-သမားကောင်း နဲ့ မတွေ့ခင်က မိုက်ထားတဲ့ မူး, ရူး, တေ, လေ ဗြီးသကာလ ပြစ်မှားထားတာ တွေလဲ ဘာဖြစ်ရသလဲ၊ (ပြုတ်ရပါတယ် ဘုရား) အပါယ်သွားတာတွေ အကုန်ပြုတ်တယ်၊ (မှန်ပါ့)။

သူမလာလို့ရှိယင် နောက် မိုက်လတ္တံ့တွေလဲ လှမ်းဖြတ် တယ်၊ (မှန်လှပါဘုရား)။

မိုက်လတ္တံ့တွေလဲ၊ (လှမ်းဖြတ်ပါတယ်ဘုရား) ဒါဖြင့်- အနာဂတ်အပါယ်သွားမည့် အလုပ်တွေ ကိုကော၊ (ဖြတ်ပါ တယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် သူဟာ သုံးချက်ဖြတ်တယ်၊ (မှန်လှပါ)အတိတ်က ပါလာတာတွေလဲ၊ (ဖြတ်ပါတယ်ဘုရား) ပစ္စုပ္ပန် ယခုဘဝ မိုက်ထားတာတွေကော၊ (ဖြတ်ပါတယ်ဘုရား)မပွားအောင် မိုက်ထားတာတွေလေ၊ (ဖြတ်ပါတယ်ဘုရား) စိတ်မချရဘူးလား၊ (စိတ်ချရပါတယ်ဘုရား)။

နောက် အနာဂတ် မိုက်လတ္တံ့တွေကော၊(ဖြတ်ပါတယ်ဘုရား)လှမ်းပြီးဖြတ်တာ၊(မှန်ပါ) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် နောက်က မျိုးစေ့လဲ သုဉ်းရ သွန်းရ ပါတယ်၊ (မှန်ပါ)။

ပစ္စုပ္ပန် မျိုးစေ့ မျိုးတွေကော၊ (သုဉ်းရသွန်ရပါတယ်ဘုရား) နောက်မိုးရွာယင် ပေါက်လတ္တံ့ဖြစ်တဲ့ အနာဂတ်မျိုးစေ့တွေကော၊ (သုဉ်းရသွန်ရပါတယ်) သုဉ်းရ သွန်ရတယ်ဆိုတော့ အပါယ် လေးပါး တံခါးပိတ်တယ်၊ (မှန်လှပါ) အပါယ် မျိုးစေ့ဖြင့် ကုန်ပေါ့၊ (မှန်လှပါဘုရား) စိတ်ချရပလား (စိတ်ချရပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဒိဋ္ဌိဝိပ္ပလ္လာသ လေးမျိုးကိုပြုတ်စေနိုင်တဲ့တရားဟာ ရှေ့ကဒုက္ခချုပ်မှ သူ့နောက်က ဝိပ္ပလ္လာသလေးခုချုပ်မယ်၊(မှန်လှပါဘုရား)။

ရှေ့က ဒုက္ခ မချုယင် (ဝိပ္ပလ္လာသ လေးခု မချုပ်ပါဘုရား)။

http://www.dhammadownload.com



နောက်ကလဲ မချုပ်သေးဘူးဆိုတာ ကိုယ့်အလုပ်နဲ့ ကိုယ့် မှန်နဲ့ ကိုယ်ကြည့်ပြီး ဆုံးဖြတ်ချက်ချ၊ (မှန်လှပါဘုရား)။

မှန်တော့ ဆရာ ဘုန်းကြီးက ပေးထားပြီ၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြပါဦးစို့။

သာဓု....သာဓု....သာဓု။

http://www.dhammadownload.com

**ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ**

အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် မဂ်လာတိုက်ဟောင်း မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့ဓမ္မာရုံ၌ ဟောကြားတော်မူသော

(ဝဋ်သုံးပါးလည်ပုံ)

# နေ့အလုပ်ပေးအဆွေးတော်

## (၁၁-၈-၆၁)

အားလုံး တကာတကာမတွေ ခန္ဓာဇာတ်သိမ်း ငြိမ်းဖို့လုပ်နေကြတယ်၊ (မှန်ပါ့)။

အဲဒီကဲ့သို့ ခန္ဓာဇာတ်သိမ်းငြိမ်းဖို့ လုပ်ကြတဲ့ အလုပ်တစ်ခုဟာ ခန္ဓာ့အဖြစ်ကို ရာသီဥတုက ပြနေတယ်၊ (မှန်ပါ့) ရာသီဥတုက ပူလိုက်, အေးလိုက်၊ ပူလိုက်, အေးလိုက်နဲ့ အခုအခါတော့ အပူများလို့ ကြပ်တည်းလိုက်တာ,ကျဉ်းမြောင်းလိုက်တာ၊ဒီဟာတွေဟာ ဘယ်နှယ်ကြောင့်ပြောနေရပါလိမ့်မတုန်း ဆိုတော့ ခန္ဓာက နှိပ်စက်လို့ ပြောနေရတဲ့အသံတွေပါ၊ (မှန်လှပါဘုရား)။

ဘယ်သူက ပြောနေတာပါလိမ့်၊ (ခန္ဓာကနှိပ်စက်လို့ပြောနေတာပါဘုရား)။

ခန္ဓာက နှိပ်စက်လို့ ပြောနေရတော့ကို ယခု ငါတို့ ဆရာဘုန်းကြီးဆီမှာလာပြီးတရားဓမ္မတောင်းကြတယ်၊ယူကြတယ် နာကြတယ်ဆိုတာက ဘယ်အကျိုးငှါလဲလို့ စဉ်းစားလိုက်တဲ့

http://www.dhammadownload.com



အခါ ကျတော့မှ ဩော်.... အခု ငါတို့ ညည်းလေသမျှဟာ ခန္ဓာကပဲ၊ (မှန်ပါ့)။

ဒီ ခန္ဓာဇာတ်သိမ်း ငြိမ်းရာကို ငါတို့ အရှာလာတာ ဖြစ်သောကြောင့် ဒီလိုမှ မရှာလို့ရှိယင်လဲ ဒီလို တရားထူး တရားမြတ် မရပေဘူး- (မှန်ပါ့)။

မရခဲ့လို့ရှိယင်လဲ ဒီအပူထက် ပြင်းထန်တဲ့ ငရဲပူတို့ အမျိုးမျိုး ကမ္ဘာမီးလောင်တဲ့ အပူတို့ဟာက တကဲ့သစ်တို့ တကာကြွယ်တို့ ဦးလှဘူးတို့ တွေ့ရဦးမယ်၊ (မှန်ပါ့)။

အဲဒီတော့ ဒါတွေကို တကာ တကာမတွေ ဇာတ်သိမ်းတဲ့ သဘောနဲ့ ကိုင်း-မင်းအပြစ်တော့ ဒို့ ကောင်းကောင်းဖြင့် တရားပွဲထဲ ထိုင်ကြည့် သိပြီ၊ (မှန်ပါ့)။

လူတွေက ကြပ်လိုက်တာ ဥတုကလဲ ပြင်းထန်လိုက်တာ၊ ဒီဇာတ်သိမ်းဖို့ရာဖြင့် ခန္ဓာမရှိမှဘဲ အေးမှာပဲ၊ (မှန်ပါ့) ခန္ဓာမရှိတဲ့နည်းကို ငါတို့ အရှာလာတာ ဖြစ်လေသောကြောင့်.... ခန္ဓာ ဘယ်လိုပဲ နှိပ်စက်နှိပ်စက် မင်း ဒီတစ်ခါသာ နှိပ်စက်နိုင်မယ်၊ နောက် မင်း သိမ်းရာ ငြိမ်းရာကို ဒို့ သွားမည့်နည်းကို ဆရာဘုန်းကြီးဆီ ယူနေကြတယ်၊ ဒါကိုလဲ ငါတို့အရယူပြီး သကာလ ဒီအလုပ်နဲ့ပဲ မင်းနဲ့ဖြင့် သေခဏ်း-ရှင်ခဏ်းပြတ်တဲ့ အလုပ်ကို လုပ်ပါတော့မည် ဆိုတဲ့ စိတ်ထားနဲ့ ခန္ဓာမငဲ့ဘဲနဲ့ ခန္ဓာဇာတ်သိမ်း ငြိမ်းတဲ့ တရားကို အရယူတာကို သိမ်းပိုက်သောအားဖြင့် လာကြပါလို့ ဆိုတာကို ဒီက,နေ ပြောနေတယ်၊ (မှန်ပါ့)။

http://www.dhammadownload.com



ကောင်းပြီ....ဒါဖြင့် တကာ တကာမတို့ ခန္ဓာကို ဘယ်သူ တည်ထောင်သတုန်းဆိုတဲ့ အသွားဟာ မေးဖို့ လိုလာတယ်၊ (မှန်ပါ့)။

ခန္ဓာဘယ်သူတည်တောင်ပါလိမ့်မတုန်းလို့ မေးတဲ့အခါကျ တော့ တကာတကာမတို့ ခန္ဓာသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် အဝိဇ္ဇာနဲ့တဏှာက တည်ထောင်လိုက်တာ၊ (မှန်ပါ့)။

ဩော်....ခန္ဓာကို ဘယ်သူ တည်ထောင်ပါလိမ့်၊ (အဝိဇ္ဇာနဲ့ တဏှာက တည်ထောင်ပါတယ်ဘုရား)။

အဝိဇ္ဇာနဲ့ တဏှာက ခန္ဓာတည်ထောင်လိုက်၊ (မှန်ပါ့ ဘုရား) တကာကြွယ် ဘာတဲ့တုန်း၊ (အဝိဇ္ဇာနဲ့ တဏှာက ခန္ဓာတည်ထောင်ပါတယ်ဘုရား)။

အားလုံး တကာတကာမတွေ အဝိဇ္ဇာနဲ့ တဏှာ မပြုတ်သ ရွေ့ ကာလပတ်လုံး ဒီခန္ဓာကြီး ရဦးမှာပဲ၊ (ရမှာပါဘုရား) ဒီခန္ဓာကြီးရယင် ဒီအပူတွေ ဒီအအေးတွေနဲ့လဲ တွေ့ကြုံရမယ်၊ (တွေ့ကြုံရပါတယ်ဘုရား) ဒီ အိုမှု နာမှု သေမှုတွေနဲ့ကော၊ (တွေ့ရပါမယ် ဘုရား) ဒီ ဒုက္ခ ဒေါမနဿတွေနဲ့ ကော၊ (တွေ့ရပါမယ်ဘုရား)။

ဩော်....ဒါဖြင့် ကျုပ်တို့ အဝိဇ္ဇာ တဏှာ မသတ်နိုင်လို့.... ဒီခန္ဓာရတာ၊အခု ဆရာဘုန်းကြီးဆီမှာ တရားနာ လာကြတာ က အဝိဇ္ဇာ တဏှာသတ်ဖို့ လာကြလာ ဖြစ်လေသောကြောင့် ကိုင်း ...ဒီတခါဖြင့် နောက်ဆုံးပိတ်ဝဋ်ပဲ၊ ဆရာဘုန်းကြီး ပေး တဲ့ နည်းနဲ့ပဲ အဝိဇ္ဇာ တဏှာ သတ်လို့ရှိယင်သဲ ခန္ဓာပြတ်မှာပဲ ဆိုတဲ့ဥစ္စာ ဘာမှ သံသယ မရှိဘဲနဲ့ ခန္ဓာဇာတ်သိမ်း ငြိမ်းရာ သွားဖို့ အလုပ်ကို မှတ်မှတ်သားသားနဲ့ ယူပြီးသကာလတကာ

http://www.dhammadownload.com



တကာမတွေ ခန္ဓာဖြစ်ပျက်ကို မြင်အောင် ကြိုးစားကြစို့ ဆိုတာ ဆုံးဖြတ်ချက် ချကြစို့၊ (မှန်ပါ)။

ကောင်းပြီ...ဒါဖြင့်တကာတကာမတို့ အခုအဝိဇ္ဇာဆိုတာ သည် 'ဒုက္ခေအညာဏံ' လို့ ဆိုသောကြောင့် ခန္ဓာက ဒုက္ခသစ္စာ (မှန်ပါ) ခန္ဓာဟာ ဒုက္ခသစ္စာကြီး ယခုတရားနာနေတဲ့ ခန္ဓာကြီးဟာ ဘာသစ္စာတုန်း၊ (ဒုက္ခသစ္စာပါဘုရား)။

ဟုတ်မှဟုတ်ကဲ့လားလို့စဉ်းစားကြည့်တော့တကာတကာမတို့ ဒီခန္ဓာကြီးက နှိပ်စက်လိုက်တာ အပူက နှိပ်စက်၊ အဝတ်အထည်တွေက ချွေးတွေစိုပြီး ခန္ဓာထဲက ချွေးတွေက ထွက်ပြီး နှိပ်စက်၊ ကျင်ကြီး,ကျင်ငယ် ကိစ္စတွေကကော၊ (နှိပ်စက်ပါတယ်ဘုရား)။

ဒါတွေက ခန္ဓာက နှိပ်စက်နေတာ၊ (မှန်ပါ) အပူဆိုတာကလဲ ရူပက္ခန္ဓာက နှိပ်စက်တာ (မှန်ပါ) ရူပက္ခန္ဓာက နှိပ်စက်တော့ ခန္ဓာကိုယ်ကြီးထဲမှာ ဒုက္ခဝေဒနာတွေ ပြင်းပြင်းထန်ထန်ပေါ်လာပါတယ်၊ (ပေါ်လာပါတယ်ဘုရား)။

အထဲကနေပြီး ချွေးတွေ, သံတွေက ထွက်ပြီးသကာလ လာပြန်တော့ အညစ်အကြေးတွေဆိုတဲ့ ချွေးတွေကလဲ တကာတကာမတွေ ဟိုစိုရွှဲ, ဒီစိုရွှဲနဲ့ အာပေါဓာတ်ဆိုတဲ့ ရူပက္ခန္ဓာက နှိပ်စက်ပြန်တယ်၊ (မှန်ပါဘုရား)။

ဒီအထဲ ကိုယ်၏ ဆင်းရဲခြင်း၊ စိတ်၏ ဆင်းရဲခြင်းဆိုတဲ့.... တကာ တကာမတို့ ကာယိကဒုက္ခ, စေတသိကဒုက္ခကလဲနှိပ်စက်ပြန်တယ်၊ (မှန်ပါ)။

ဒါဖြင့်ဒီခန္ဓာကြီးထဲမှာ ဘာတွေများစုပုံနေပါလိမ့်မတုန်း

http://www.dhammadownload.com



လို့ မေးတဲ့အခါကျတော့မှ နှိပ်စက်တတ်တာတွေ စုပုံနေတယ်။ (မှန်ပါ့)။

ဒီခန္ဓာကြီးထဲ ဘာမျှားစုပုံနေပါလိမ့်၊ (နှိပ်စက်တတ်တာတွေ စုပုံနေပါတယ်) နှိပ်စက်တတ်တာတွေ စုပုံနေတယ်ဆိုတဲ့ ဥစ္စာ သေသေချာချာ မှတ်ကြပါ၊ (မှန်ပါ့)။

အဲဒီတော့ ဒီနှိပ်စက်တတ်တဲ့ တရားကြီးနဲ့မှ တကာ တကာမတွေ မခွဲရ,မခွါရလို့,ရှိယင် ရောက်ရာနှိပ်စက်မှာပဲ၊ (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်၊ (ရောက်ရာ နှိပ်စက်မှာပါပဲ ဘုရား) ရောက်ရာ နှိပ်စက်မှာပဲဆိုတာ မသေချာဘူးလား၊ (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒီလိုဘဲ ရောက်ရာနှိပ်စက်မယ်၊ အခုလဲ နှိပ်စက်နေတယ်၊ ရောက်ရာကိုလဲ နှိပ်စက်မယ်ဆိုတာကိုမသိတော့ တကာတကာမတွေက ဒုက္ခသစ္စာ မသိဘူး၊ ယခု နှိပ်စက်နေတာလဲ မသိ၊ (မှန်ပါ့) နောက်ရမည့် ခန္ဓာကြီးကိုလဲ ဆုတောင်းယူကြပြန်တော့ နှိပ်စက်မည့်ခန္ဓာပဲ ရမှာပဲ၊ (မှန်ပါ့)။

ဘာရမတုန်း၊ (နှိပ်စက်မည့်ခန္ဓာပဲ ရမှာပါ) နှိပ်စက်မည့်ခန္ဓာပဲရမယ်ဆိုတာ တကာ တကာမတွေ မသိတာက ဘယ်သူတုန်းလို့ မေးတော့မှ အဝိဇ္ဇာ၊ (မှန်ပါ့)။

မသိတာ (အဝိဇ္ဇာပါဘုရား) နှိပ်စက်မည့် ခန္ဓာကြီး ယခုရ,ထားတာကို မသိတာလဲ၊ (အဝိဇ္ဇာပါဘုရား) နောက်ခန္ဓာကြီး မရ,ရကြောင်းကြိုးစားနေကြတာသဲ တကာ တကာမတို့ မသိလို့ ကြိုးစားနေတာ၊ (မှန်ပါ့) သဘောပါကြ ပလား။ (ပါပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ ဥ္စ သစ္စာမသိလို့၊ ဒီခန္ဓာကြီး ယခုရတယ်၊ (မှန်ပါ့) ယခု ဆရာသမားနဲ့တွေ့တုန်းကိုလဲ ဒီသစ္စာတွေ မသိပြန်ဘူး ဆိုလို့ရှိယင် နောက်ခန္ဓာကြီး ရဦးမှာပဲ၊ (ရဦးမှာပါဘုရား) မရပေဘူးလား၊ (ရပါတယ်ဘုရား)။

ထိုကဲ့သို့ရမယ်ဆိုယင်ဖြင့် တကာ တကာမတို့ ပစ္စုပ္ပန် မသိတာက အဝိဇ္ဇာ၊ အနာဂတ်လှမ်းပြီး မသိတာလဲ၊ (အဝိဇ္ဇာပါဘုရား)။

ဒါကြောင့် အဝိဇ္ဇာကြောင့် ခန္ဓာရတယ်၊ (မှန်ပါ့)ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

အင်း....ဘယ်သူ့ကြောင့် ခန္ဓာရပါလိမ့်၊ (အဝိဇ္ဇာကြောင့် ခန္ဓာရပါတယ်)သေသေချာချာမှတ်ပါနော်၊ (မှန်ပါ့ဘုရား)။

ဘာ့ကြောင့်ပါလိမ့်၊ (အဝိဇ္ဇာကြောင့်ရပါတယ်) အဝိဇ္ဇာကြောင့် ခန္ဓာရတယ်ဆိုတာ သိထားပြီ၊ (မှန်ပါ့ဘုရား)။

ဒီအထဲမှာ အဝိဇ္ဇာက မသိအောင် ဖုံးလွှမ်းလို့ ဒုက္ခသစ္စာ ခန္ဓာကိုယ်ကြီး ရထားတော့ မသိတဲ့ပုဂ္ဂိုလ်များသည်ကားလို့ဆိုယင် တကာတကာမတို့ ရမ်းပြီးလိုချင်တယ်(မှန်ပါ့ဘုရား)။

ဘယ်လိုပါလိမ့်၊ (ရမ်းပြီး လိုချင်ပါတယ်)ရမ်းပြီး လိုချင်တဲ့စိတ် ပေါ်လာတယ်၊ ဒီဘဝစုတေမနေ သေလွန်ရလို့ရှိယင် နောက်ဘဝ လူကောင်း နတ်ကောင်း ဖြစ်ချင်တယ်၊ လူကောင်း နတ်ကောင်း ဖြစ်ရပါလို၏ ဆိုတဲ့ တဏှာက မလာဘူးလား၊ (လာပါတယ်ဘုရား)။

ဒီတဏှာက ဆုတောင်းလိုက်ပြီးသကာလ တကာ တကာမတွေက ဆွမ်းတွေ, ကွမ်းတွေ, ပန်းတွေ, ဖယောင်းတိုင်တွေနဲ့

http://www.dhammadownload.com



ဤဆွမ်း, ဤကွမ်း, ဤပန်း, ဤ ဖယောင်းတိုင်တွေကြောင့် နတ်ခန္ဓာ,ဗြဟ္မာခန္ဓာတွေ ရ,ရပါလို၏ ဆိုတော့ တဏှာကရမ်းပြီး ဆုတောင်းလိုက်တယ်၊ (မှန်ပါ့ဘုရား)။

ရမ်းပြီး ဆုတောင်းပြီးသကာလ နေတော့ ကံကလဲ ရမ်းလုပ်တဲ့ သစ္စာ မသိတဲ့ အဝိဇ္ဇာပေါ်ဦ လည်းကောင်း၊တဏှာပေါ်ဦလည်းကောင်း၊ ကံပေါ်ဦလည်းယောင်း အလုံးစုံအုပ်ချုပ်ပြီးထားလိုက်တဲ့အခါကျတော့ တကာတကာမတို့ဒီကံကလဲ လုပ်ချင်သလို လုပ်လိုက်တာ တဏှာ စိမံသလို လုပ်တဲ့အတွက်ဒုက္ခသစ္စာအိမ်ကြီး ဆောက်လိုက်တယ်၊(မှန်ပါ)။

ဘာများ ဆောက်ပါလိမ့်၊ (ဒုက္ခ သစ္စာ ခန္ဓာအိမ်ကြီး ဆောက်ပါတယ်) ဒုက္ခသစ္စာ ခန္ဓာအိမ်ကြီး ဆောက်ပါတယ်၊ (မှန်ပါ့ဘုရား)။

ကိုင်း– ဆောက်ထားတဲ့ ခန္ဓာအိမ်ကြီးက ယခု တရားနာနေတဲ့ တကာတကာမတွေ၏ ခန္ဓာငါးပါးပဲ၊(မှန်ပါ့ဘုရား)။

ဆောက်ထားတဲ့ ခန္ဓာအိမ်ကြီးကဲ (ယခု တရားနာ နေတဲ့ခန္ဓာငါပါး) တရားနာနေတဲ့ ခန္ဓာ ငါးပါးဆိုတာ သေချာပလား၊ (သေချာပါပြီ ဘုရား)။

အင်း- ကြည့်စမ်းပါဦး၊ ဒါဖြင့် ယခုအချိန်မှာ တကာတကာမတို့ ဆရာဘုန်းကြီးလဲကြည်ညိုလို့ ကိုယ့်အရေးတွေလဲကိုယ်သိလိုလာပြီးတရားမမွတွေယူကြတော့ တကာတကာမတို့အခု ချမ်းသာသဖြင့် နေကြရသလား၊ ဆင်းရဲသဖြင့် နေကြရသလားလို့ မေးယင် ဘယ့်နှယ် ဖြေကြမလဲ၊ (ဆင်းရဲသဖြင့် နေကြရပါတယ်) အဲဒါ ဆုတောင်းပြည့်တာလို့မှတ်၊(မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ခင်ဗျားတို့ တောင်းထားတယ်၊ မသိလို့ဆုတောင်းတာ၊ (မှန်ပါ) တောင်းလို့ပြည့်တော့ အခု ဘာခန္ဓာကြီးရသတုံး၊ (ဒုက္ခသစ္စာ ခန္ဓာကြီး ရပါတယ်) ဒုက္ခသစ္စာခန္ဓာကြီးရမထား ဘူးလား၊ (ရထားပါတယ် ဘုရား)။

အဲ-ဒုက္ခသစ္စာခန္ဓာကြီးရထားတာက အပူလာပြန်လဲသူက လက်ခံတယ်၊ (မှန်ပါ) အအေးလာပြန်လဲ၊ (လက်ခံပါတယ်) ၉၆-ပါး အနာတွေလာပြန်ကော၊ (လက်ခံပါတယ်ဘုရား)။

ဩော်-ခင်ဗျာတို့မှိုတောင်းရက်ပါပေတယ်၊ဝေဒနာမျိုးစုံ လက်ခံတတ်တဲ့ ခန္ဓကိုယ်ကြီး၊ နှိပ်စက်တတ်တဲ့ ခန္ဓာကိုယ်ကြီး၊ လက်ခံတတ်တဲ့ခန္ဓာကိုယ်ကြီးကို ခင်ဗျားတို့မသိမှုတွေအတော် ကြီးကျယ်ပါလားဆိုတာပေါ်လာတယ်၊(ပေါ်လာပါတယ်) အတော်မကြီးကျယ်ဘူးလား၊ (ကြီးကျယ်ပါတယ် ဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာ မသိတာအဆိုးဆုံးဘဲ၊(မှန်ပါဘုရား)။ တကာ တကာမတွေ ဘာ အဆိုးဆုံးပါလိမ့်၊ (ဒုက္ခသစ္စာ မသိတာ အဆိုးဆုံးပါဘုရား)။

ဒုက္ခသစ္စာ မသိတာ အဆိုးဆုံး ဆိုတာဖြင့် ယခုခန္ဓာကြီး ရ,ထားတာ ဘာသစ္စာ ရ,ထားသတုန်း၊(ဒုက္ခသစ္စာ ရ,ထား ပါတယ်ဘုရား)။

အင်း....မသိလို့ ရတာနော်၊ (မှန်ပါ) မသိလို့ တကာ တကာမတွေက မသိသလို လိုချင်လာတယ်၊ (မှန်ပါ) မသိ သလို လိုချင်တာက တဏှာ၊(မှန်ပါ)။

လိုချင်တာနဲ့ တကာတကာမတွေက ကာယကံ ဝစီကံတွေနဲ့ ဒါနသီလတွေလုပ်ပြီးသကာလ လူ့ဘဝဆုတောင်းလိုက်တယ် (မှန်ပါ) တောင်းလိုက်လို့ ရထားတော့ တကာတကာမတို့

http://www.dhammadownload.com



တစ်နေ့လဲကျွေးရ-မွေးရ ဆင်ရပြင်ရ ရေချိုးရ မိုးချိုးရနဲ့ တစ်နေ့မှ ခန္ဓာ့ကျွန်ခံတဲ့နေ့ အားရဲ့လား၊ (မအားပါဘုရား)။

တစ်နေ့မှ တကာတကာမတွေ ခန္ဓာ့ကျွန်ခံတဲ့နေ့ဟာ အားတယ်လို့ ရှိရဲ့လား၊ (မရှိပါဘုရား)။

အင်း....ပူတယ်လို့ သင်ဖြူကလေး ခင်းပေးပြန်လဲ ဟိုဘက် အလိမ့်ခိုင်း ဒီဘက် အလိမ့်ခိုင်းလို့ လိမ်လိမ့် နေရတာကော အားရဲ့လား၊ (မအားပါဘုရား)။

လိမ့်ပေးနေရလို့မအားတဲ့အထဲမှာကျင်ကြီးစွန့်ချင်တယ်၊ ကျင်ငယ်စွန့်ချင်တယ်လို့ ခန္ဓာကြီးက နှိပ်စက်ပြန်တာနဲ့ ကုဋ္ဌိအိမ်၊ကျင်ငယ်အိမ် လိုက်မပို့ရဘူးလား၊ (ပို့ရပါတယ်ဘုရား)။

ပို့ပြီး ပြန်လာပြီးသကာလ ဒီအိပ်တဲ့နေရာလာပြန်တော့လဲ ဆာလောင်မွတ်သိပ်ပြန်တယ်ဆိုပြီးသကာလအစားအသောက် ရှိရာသို့ တစ်ခါကျွေးရမွေးရဖို့ မသွားရဘူးလား၊ (သွားရပါတယ်ဘုရား) အားသေးရဲ့လား၊ (မအားပါဘုရား)။

ဒါဖြင့်ခင်ဗျားတို့ကို ဒီခန္ဓာကြီးက နှိပ်စက်နေတယ်ဆိုတာ ပေါ်ရောပေါ့၊ (ပေါ်ပါပြီ၊ ဒီခန္ဓာကြီးကဘာလုပ်နေသတုန်း (နှိပ်စက်နေပါတယ်ဘုရား)။

ဒါ့ကြောင့်"ဒုက္ခသာ ပီဠနဋ္ဌော"တဲ့၊ (မှန်ပါ့) တကာသစ် ပေါ်ပြီ၊ (ပေါ်ပါပြီ) ဒုက္ခသာ=ခန္ဓာငါးပါး ဒုက္ခသစ္စာ၏၊ ပီဠနဋ္ဌော=ခင်တဲ့ပုဂ္ဂိုလ်ကို ညှာတာမဖက် အမြဲ နှိပ်စက်တယ်၊ (မှန်ပါ့)မခင်တဲ့ပုဂ္ဂိုလ်ကျတော့၊ (မနှိပ်စက်ပါဘုရား)။

ဩော်-ခင်ဗျားတို့ကလဲခင်ဗျားတို့ခန္ဓာကိုယ်ကြီးခင်လိုက်တာကမပြောပါနဲ့၊ယပ်တောင်ကလေးခပ်ပြီးပူဇော်ရတာနဲ့ လသကာရည် အချိန်ကလေး လဘက်ရည်နဲ့ ပူဇော်ရတာနဲ့

http://www.dhammadownload.com



(မှန်ပါ့) မပူဇော်ရဘူးလား၊ (ပူဇော်ရပါတယ်) အထည်ကောင်း အဝတ်ကောင်းကလေး ပူဇော်ရတာနဲ့၊(မှန်ပါ့)မပူဇော်ရဘူးလား၊ (ပူဇော်ရပါတယ်ဘုရား)။

အဲ-ကြပ်ကြပ်သူတို့ ပူဇော်လေလေ သူကနှိပ်စက်လေလေပဲ (မှန်ပါ့ဘုရား)။

ကြပ်ကြပ် ပူဇော်လေလေ၊ (နှိပ်စက်လေလေပါ) နှိပ်စက်လေလေပဲဆိုတာ သဘောကျပလား၊ (ကျပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့တကာတကာမတွေကြပ်ကြပ်ပူဇော်တဲ့ ပုဂ္ဂိုလ် အဝတ်ကောင်းနဲ့ ပူဇော် ခန္ဓာကိုယ်ကြီးကို အစားကောင်းတွေနဲ့ကျွေးပြီးပူဇော်၊(မှန်ပါ့ ဘယ်သူ့ပူဇော်တာပါလိမ့်၊ (ခန္ဓာကိုယ်ကြီး ပူဇော်တာပါဘုရား)။

ဩော်-ခန္ဓာကိုယ်က ဘာလုပ်တတ်သတုန်း၊(နှိပ်စက်တတ်ပါတယ်ဘုရား)။

နှိပ်စက်တတ်တဲ့ ခန္ဓာကိုယ်ကြီး ခင်ဗျားတို့ ပူဇော်တော့ ပူဇော်ကျိုးနပ်ပလား၊ (မနပ်ပါ) ပူဇော်ကျိုး မနပ်ပါဘူးနော်၊ (မနပ်ပါဘုရား)။

အဲဒီတော့ တကာတကာမတို့ ခင်ဗျားတို့ ခန္ဓာကိုယ်ကြီး သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ခင်းတဲ့ပုဂ္ဂိုလ်ကို ညှာတာမဖက် အမြဲနှိပ်စက်တယ်၊ (မှန်ပါ့ဘုရား)။

တကာကြွယ် ဘယ်သူ့နှိပ်စက်ပါလိမ့်၊ (ခင်တဲ့ ပုဂ္ဂိုလ်ကို ညှာတာမဖက် အမြဲနှိပ်စက်ပါတယ်ဘုရား)။

ခင်တဲ့ပုဂ္ဂိုလ်ကိုနှိပ်စက်တာနော်၊(မှန်ပါ့)မခင်တဲ့ ဘုရား, ရဟန္တာတွေ အာသဝေါကုန်ပြီးသား ကာမာသဝ, ဒိဋ္ဌာသဝ ကုန်ပြီးသားပုဂ္ဂိုလ်၊ဘဝါသဝတွေကုန်ပြီးသားပုဂ္ဂိုလ်တွေကျ

http://www.dhammadownload.com



တော့ နှိပ်စက် နိုင်သေးရဲ့လား၊ (မနှိပ်စက်နိုင်ပါ) နှိပ်စက် ဦးတော့ လိုက်နာမသေးရဲ့လား၊ (မလိုက်နာပါဘုရား)။

မလိုက်နာတော့ဘူး၊ ဘုရားသခင် ကိုယ်တော် မြတ်ကြီး များ ဆွမ်းခံကြွတဲ့အခါကျတော့ တခုသောပဉ္စသာလရွာ ဆွမ်းခံ ကြွတဲ့အခါကျတော့ မာရ်နတ်က လှည့်စားထားတယ်၊ တရွာ လုံး ဆွမ်းလောင်းမည့်သူ မရှိလို့ ကိုယ်တော်ကြီး သည်ပင် ရှာ့ပြင် ထွက်ခဲ့ရတယ်၊ (မှန်ပါ) ရွာပြင် မထွက်ရဘူးလား၊ (ထွက်ရပါတယ်ဘုရား)။

အေး....ဘုရားက ခန္ဓာငဲ့တော်မမူပဲ ရွာပြင် ထွက်လာပြီး သကာလ လာတော့ မာရ်နတ်က နောက်ထပ် လိုက်လာတယ်၊ ''အရှင်ဘုရား ဆွမ်းခံရခဲ့ရဲ့လား''တဲ့၊(မှန်ပါ)သူကလှည့်စား ထားတာ တရွာလုံး မေ့နေကြတယ်၊ (မှန်ပါ) အရှင်ဘုရား ဆွမ်းခံရခဲ့ရဲ့လားလို့ဆိုတော့ ငါမရဘူးကွလို့ ဘုရားကပြော တယ်၊ (မှန်ပါဘုရား)။

မရ ပြန်ခံပါဦးလား၊ဒီရွာထဲမှာ ဒီတစ်ခါပြန်ခံယင် ရမယ် တဲ့၊(မှန်ပါ) မာရ်နတ်ကပြောလိုက်တယ်၊ (မှန်ပါဘုရား)။

ငါသည်ကားလို့ ဆိုလို့ရှိယင်ဖြင့်-တဲ့၊ တရားဓမ္မတည်း ဟူသော ပီတိကို အစာလုပ်နေတော့မယ်၊ ခန္ဓာကို အခွန်တော့ မဆက်ဘူးဟေ့တဲ့၊ (မှန်ပါ) သဘောကျပလား၊ (ကျပါပြီ ဘုရား)။

တရားဓမ္မ တည်းဟူသော ပီတိကို အစာ လုပ်နေမယ်တဲ့၊ (မှန်ပါ) ခန္ဓာအခွန်ဆက်တာတော့ဖြင့် ငါမလုပ်တော့ဘူးတဲ့၊ (မှန်ပါ)တကာ တကာမတွေရိပ်မိပလား(ရိပ်မိပါပြီဘုရား)။

http://www.dhammadownload.com



ကဲ....အရိယာပုဂ္ဂိုလ်များ ကျလာတော့ ခန္ဓာအလိုလိုက်သေးရဲ့လား၊ (မလိုက်တော့ပါဘုရား)။

ကဲ-ထုံးစံအတိုင်း မင်းကိုကျွေးမယ်၊ ကျွေးလို့မှ လောင်းမည့်လူမရှိယင်ဖြင့် မင်းကို မကျွေးတော့ဘူး၊ တရားဓမ္မတည်းဟူသော ပီတိကို အစာလုပ်နေမယ် ဆိုပြီးသကာလ မနေလိုက်ဘူးလား၊ (နေလိုက်ပါတယ်ဘုရား)။

အဲဒါ တကာ တကာမတို့ သိတဲ့အတိုင်းပဲ၊ နှိပ်စက်မှန်းသိနေတဲ့ ပုဂ္ဂိုလ်ကျတော့ ပြုံချင်စုချင် စိတ်သည် ပါးရှားသွားတယ်၊ (မှန်ပါ့ဘုရား ။

ပြုံချင်စုချင်စိတ်သည် (ပါးရှားပါတယ်) သဘောပါကြပလား၊ (ပါ-ပါပြီဘုရား)။

ကောင်းပြီ၊ဒါဖြင့် ယနေ့တရားမှာဖြင့် ဒီခန္ဓာဟာ အဝိဇ္ဇာနဲ့ တဏှာလုပ်တာ၊ (မှန်ပါ့ဘုရား)။

ဒီခန္ဓာကြီးကို (အဝိဇ္ဇာနဲ့ တဏှာ လုပ်တာပါ) အဝိဇ္ဇာက မသိတော့ တဏှာက တကာ တကာမတို့ ဆုတောင်းဟဲ့- ဆုတောင်းဟဲ့လို့ မခိုင်းဘူးလား၊ (ခိုင်းပါတယ်) ခိုင်းတော့တကာ တကာမတွေကလဲ ဘုရားရှေ့ သွားမတောင်းကြဘူးလား၊ (တောင်းပါတယ်ဘုရား)။

တောင်းကြတော့ အခုရ,ထားတာကလဲ ဘာရ,ထားသတုန်း၊(ဒုက္ခသစ္စာပါ)ဒုက္ခသစ္စာ ခန္ဓာငါးပါးကြီး ရ,မထားဘူးလား၊ (ရ,ထားပါတယ်ဘုရား)။

ကိုင်း-ဒါဖြင့် ဒီနေ့ကြီးကလဲပူလိုက်တာ၊ပူ-ပူလွန်းလှတယ် (မှန်ပါ့)လူတွေကလဲများခြင်းကြောင့် လူပူတွေကလဲ ကပ်ပြီးအိုက်လွန်းလှတယ်၊(မှန်ပါ့,ဒီခန္ဓာကြီးမလှည့်သာမပတ်သာနဲ့

http://www.dhammadownload.com



ကြပ်ပဲကြပ်လွန်းလှတယ်၊ (မှန်ပါ့)။ အစရှိသည်နဲ့ ခင်ဗျားတို့ ညည်းမနေနဲ့တဲ့၊ ဒီ ခန္ဓာကြီး ရှိ ထားကထဲက နှိပ်စက်ဖို့ ရှိထားသောကြောင့် ဒါ အနှိပ်စက်ကလေးပဲ ရှိသေးတယ်၊ (မှန်ပါ့ နောက်အနှိပ်စက်ကြီး လာဦးမယ်ဆိုတာကောပြင်းဖို့ လိုသေးသလား(မလိုပါ) ရှင်းကြပလား(ရှင်းပါပြီဘုရား)။

ဒါ ခင်ဗျားတို့က မဖြစ်စလောက်သေးဘူး၊ ဆုတောင်း အကုန်မပြည့်သေးဘူးမှတ်ပါ၊ (မှန်ပါ့) အိုဘေးကြီးနဲ့ကော၊ (တွေ့ရမှာပါ) နာဘေးကြီးနဲ့ကော၊ (တွေ့ရမှာပါ) သေခါနီး ဘေးကြီးနဲ့ (တွေ့ရမှာပါဘုရား)။

ကိုင်း-ဆုတောင်းတဲ့ တကာတကာမတို့ လူ့ဘဝ ရှိရပါ လို၏ဆိုတော့ မင်းတို့ကို ဒါတွေ အပြည့်အစုံ ပေးရမယ်ကွ ဆို ပြီး နှိပ်စက်လိုက်သေးတယ်၊ (မှန်ပါ့) သဘော ပါကြပလား၊ (ပါပါပြီ ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေတဲ့ ခန္ဓာဘယ်သူ တည်ထောင်ပါလိမ့်၊ (အဝိဇ္ဇာနဲ့ တဏှာတည်ထောင်ပါတယ်) အဝိဇ္ဇာနဲ့ တဏှာ တည်ထောင်လိုက်တော့ ဘာသစ္စာကြီးပေါ် လာသသဲ၊ (ဒုက္ခသစ္စာကြီး ပေါ်လာပါတယ်ဘုရား)။

ဒုက္ခသစ္စာ ခန္ဓာကိုယ်ကြီး တကာကြွယ် ပေါ်လာတယ်၊ (ပေါ်လာပါတယ်) အဲဒါ ဉာဏ် လှည့်လိုက်စမ်းပါ၊ တကာ တကာမတို့ ခန္ဓာ ဉာဏ်လှည့်လိုက်စမ်းပါ၊ သြော်-ပူတာလား ခန္ဓာကိုယ်က နှိပ်စက်တာလား၊ အိုက်တာလား ခန္ဓာကိုယ်က နှိပ်စက်တာလား၊ (ခန္ဓာကိုယ်က နှိပ်စက်တာပါ) ရှင်းကြ ပလား၊ (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ဩော်- ရောက်ရာမယ် သူ ဘာ လုပ်မယ် ထင်သတုံး၊ (နှိပ်စက်ပါမယ်) နှိပ်စက်ဦးမယ် ဆိုတာ သေချာပလား၊ (သေချာပါပြီဘုရား)။

အို...နှိပ်စက်လိုက်တဲ့ ဖြစ်ခြင်းမှ တကာသစ်ရေ- စစ်ပြေးတုန်းက မရှိလေ စားချင်လေပဲ၊ (မှန်ပါ့) နှိပ်စက်လိုက်တာ (မှန်ပါ့) မရှိယင် ဗုံးကြဲဒဲထဲစက်သေနပ်ကြားထဲ အတိုးခိုင်းတယ်၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

ဒါဖြင့် ဒီခန္ဓာသည် တကာတကာမတို့ အမြဲမပြတ်ဒလစပ် နှိပ်စက်သောကြောင့် သူ့ကိုဘာသစ္စာဆိုမလဲ၊ (ဒုက္ခသစ္စာပါ) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

ကိုင်း....ယခု ဘာနဲ့အတူ နေကြရသလဲ၊ (ဒုက္ခနဲ့အတူနေကြရပါတယ်) အတူနေကြရတယ်နော်၊ (မှန်ပါ့) ဒါကြီးက သိလို့ ရ,ထားတာလား၊ မသိလို့ရ,ထားတာလား၊ (မသိလို့ ရ,ထား တာပါ) ဩော်- မသိတာက ဘာ ခေါ်ကြမယ်၊ (အဝိဇ္ဇာပါဘုရား)။

မသိတာ အဝိဇ္ဇာ၊ ခပ်ဗျားတို့ကလဲ ရချင်တာက တဏှာ၊ (မှန်ပါ့) မသိတာက အဝိဇ္ဇာ၊ (မှန်လှပါဘုရား)။

ဒီခန္ဓာကိုယ်ကြီး ရချင်တာက (တဏှာပါ) ဩော်-ဒါဖြင့် ဒီခန္ဓာကြီးဘယ်သူတည်ထောင်ပါလိမ့်၊ (အဝိဇ္ဇာနဲ့ တဏှာပါဘုရား)။

ဒါဖြင့်အဝိဇ္ဇာတဏှာကိုဘုန်းကြီးကသတ်နည်းနိဿယည်းကုံဒီ တကာ တကာတွေကို မပေးတော့ပါဘူး ဆိုယင်ဖြင့်

http://www.dhammadownload.com



နှိပ်စက်တတ်တဲ့ ခန္ဓာကိုယ်ကြီးနဲ့ ခင်ဗျားတို့ တသံသရာလုံး မအားမလပ်ဘဲနဲ့ အိုဘေး၊ နာဘေး၊ သေဘေးတွေနဲ့ပဲ အဖော် လုပ်ပြီး နေကြပေတော့၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ယနေ့တရားမှာဖြင့် အဝိဇ္ဇာနဲ့ တဏှာ မသတ်သရွေ့ ခင်ဗျားတို့ ဒုက္ခကင်းတော့မယ် မဟုတ်ပါဘူး၊ (မကင်းပါ) ကင်းပါ့မလား၊ (မကင်းပါဘုရား)။

ဒါဖြင့် ဒီခန္ဓာဒုက္ခသစ္စာကြီးကို မပြတ်-ပြတ်တဲ့နည်း ပေး စမ်းပါဆိုယင်ဖြင့် တကာသစ် ဘာသတ်ရမတုန်း၊ (အဝိဇ္ဇာနဲ့ တဏှာ သတ်ရပါမယ်) အဝိဇ္ဇာနဲ့ တဏှာ သတ်ရလိမ့်မယ်၊ (မှန်ပါ့) သဘောပါကြပလား၊ (ပါ-ပါပြီဘုရား)။

ဘာသတ်ကြရမယ်၊ (အဝိဇ္ဇာနဲ့ တဏှာ သတ်ကြရမှာပါ) သေသေချာချာ မှတ်ကြပါ၊ သတ်နည်း နိဿယည်းကို ခန္ဓာ ပေါ် ဉာဏ်တင်ပြီးသကာလ ပြပါ့မယ်၊ (မှန်ပါ့ဘုရား)။

အခု ခန္ဓာကိုယ်ကြီး နှိပ်စက်နေတာက သူမျာ း မေးရမှာ လား၊ ကိုယ်ကိုယ်တိုင်ခံနေရတာလား၊ (ကိုယ်ကိုယ်တိုင် ခံနေ ရတာပါ) ကိုယ် ကိုယ်တိုင် ခံနေရတာ ဆိုတာ သေချာပြီ၊ (သေချာပါပြီဘုရား)။

ဩော်-ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေ အဝိဇ္ဇာ တဏှာ-တည်းဟူသော ကိလေသ ဝဋ်ကြောင့် ခင်ဗျားတို့ပြု ထားတဲ့ကမ္မဝဋ်က ပေါ်လာတယ်(ပေါ်လာပါတယ်ဘုရား)။

ကမ္မဝဋ်ဆိုတဲ့ ဝဋ်တောင့်တလုပ်တဲ့ ဒါန၊ သီလ အလုပ်တွေ လုပ်ခဲ့ကြတယ်(လုပ်ခဲ့ပါတယ်)လုပ်ခဲ့ကြတဲ့အတွက် အခုတော့

http://www.dhammadownload.com



ဖြင့် အိုဘေး, နာဘေး, သေဘေး အပါယ်ဘေး တွေကို ကြောက်နေရတဲ့ ခန္ဓာကြီး ရ,မထားဘူးလား၊ (ရ,ထားပါ တယ်) အဲဒါ ဝိပါကဝဋ်လို့မှတ်လိုက်စမ်းပါ၊ (မှန်ပါ့ဘုရား)။

ဒါ ဘာဝဋ်ပါလိမ့်၊ (ဝိပါကဝဋ်ပါ) သေချာ ပလား၊ (သေချာပါပြီဘုရား)။

အင်း–ကိလေသာဝဋ်ပူပန်တာနဲ့ ကမ္မဝဋ် ခင်ဗျားတို့က လုပ်တယ်၊ (မှန်ပါ့) ကမ္မဝဋ်လုပ်လိုက်တဲ့အတွက် ဝိပါကဝဋ် ဘာသစ္စာ ရ,ထားသတုန်း၊ (ဒုက္ခသစ္စာ ရ,ထားပါတယ် ဘုရား)။

တကာကြွယ် ဒါတွေဟာ ရှေ့ပိုင်းကပြောနေတယ်ဆိုပြား သော်လဲ အင်မတန် အဘိုးတန်တယ်လို့ မှတ်ထားပါနော်၊ (မှန်ပါ့ဘုရား)။

အင်မတန် တကာ တကာမတို့ ခင်ဗျားတို့ ခန္ဓာကြီးကို ကိလေသာဝဋ်ဆိုတဲ့ အဝိဇ္ဇာ တဏှာကြောင့် ခင်ဗျားတို့က လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည် လိုချင်တဲ့ ဒါန သီလ ဝဋ္ဋဖြစ်တဲ့ ဒါန သီလတွေ ခင်ဗျားတို့က လုပ်ခဲ့ကြတယ်၊ (လုပ်ခဲ့ပါတယ် ဘုရား)။

လုပ်ခဲ့ကြတဲ့အတွက် အခု လူ့ပြည်မှာလာပြီးသကာလ ကြုံ ကြ,ဆုံကြတော့ အိုဘေး,နာဘေး,သေဘေးနဲ့ အဖော်မလုပ် ရဘူးလား၊ (လုပ်ရပါတယ်ဘုရား) ပရိယေသန ရှာမှီးတဲ့ဘေး တွေနဲ့ကော၊ (လုပ်ရပါတယ်ဘုရား) ဘာဝဋ်သင့်နေသတုန်း၊ (ဝိပါကဝဋ် သင့်နေပါတယ်ဘုရား) ဝိပါကဝဋ် သင့်နေပြီ၊ (မှန်ပါ့ဘုရား)

http://www.dhammadownload.com



တကာတကာမတို့ ဘာဝဋ်သင့်နေသတုံး၊ (ဝိပါကဝဋ်သင့်နေပါတယ်ဘုရား)။

ဒီ-ဝိပါကဝဋ်ကြီးကိုမှ တစ်ခါအပြစ်မြင်အောင်ကြည့်တတ်တဲ့နည်းကို ဆရာဘုန်းကြီးကလဲ မပေး၊ ခင်ဗျားတို့ကလဲ မယူတော့ဘူးဆိုယင် ဒီဝဋ်ကကျွတ်စရာ မြင်သေးရဲ့လား၊ (မမြင်ပါဘုရား)။

ဒါ့ကြောင့် ယနေ့ဟောမည့်တရားသည် အတိတ်က ကိလေသဝဋ်နဲ့ ကမ္မဝဋ်ကို ဘုန်းကြီးက မသတ်နိုင်ပါဘူး၊ (မှန်ပါ့) ယခု ဝိပါကဝဋ်ကြီးကို ခင်ဗျားတို့ကြည့်ပြီး ဩော်-ဒိပါကဝဋ်သင့်နေတာပါလားဆိုပြီးသကာလ ဝိပါကဝဋ် သင့်နေတာကို သင့်မှန်း သိတဲ့ ဝိဇ္ဇာဉာဏ်နဲ့ အလောဘပေးရလို့ ရှိယင်ဖြင့် ကိလေသဝဋ် ကျွတ်သွားမယ်၊ (မှန်လှပါ)။

ဝိဇ္ဇာဉာဏ်နဲ့ အလောဘ ပေးလိုက်ရလို့ရှိယင်၊ (ကိလေသဝဋ် ကျွတ်သွားပါတယ်ဘုရား)။

ကိလေသဝဋ် ကျွတ်သွားလို့ ရှိယင်ဖြင့် အလောဘဆိုတာ မလိုချင်တာ ဖြစ်နေသောကြောင့် ကမ္မဝဋ် လုပ်ပါဦးမလား၊ (မလုပ်ပါဘုရား) ကမ္မဝဋ်မှ မလုပ်ဘဲနဲ့ နောက်ခန္ဓာဝိပါကဝဋ်ကြီးကော လာနိုင်သေးရဲ့လား၊ (မလာနိုင်ပါဘုရား)။

သေသေချာချာမှတ်နော်-တကာတကာမတွေ ဒီတရားမျိုးဟာမလွယ်ဘူး၊ (မှန်လှပါ)မလွယ်ဘူး-မလွယ်ဘူး၊အကြောင်းအကျိုး ဆက်တတ်မှနော်၊ (မှန်ပါ့)။

ကိုင်း....နည်းနည်း ပြပေးပါ့မယ် တကာတကာမတွေ သေသေချာချာ ကြည့်ကြနော်၊ (မှန်ပါ့)။

http://www.dhammadownload.com



ဒီဘက်က အဝိဇ္ဇာနဲ့ တဏှာလို့ မှတ်လိုက်စမ်းပါ၊ (မှန်ပါ့) ဒီနှစ်လုံးက ဘာပါလိမ့်၊ (အဝိဇ္ဇာနဲ့တဏှာပါဘုရား)။

အဝိဇ္ဇာဆိုတာ ဒုက္ခသစ္စာ မသိတာ၊ (မှန်ပါ့) မသိတော့ တဏှာက ရမ်းလိုချင်တယ်။ (မှန်လှပါ) မလိုချင်ပေဘူးလား၊ (လိုချင်ပါတယ်ဘုရား)။

အင်း-နှစ်ခုစလုံးက ကိလေသာဖြစ်နေသောကြောင့်တကာ တကာမတို့ ကိလေသဝဋ်လို့ မှတ်လိုက်၊ (မှန်လှပါ)။

နှစ်ခုစလုံးဘာမှတ်ကြမယ်(ကိလေသဝဋ်ပါဘုရား)အဝိဇ္ဇာ နဲ့ တဏှာ ဘာခေါ်ကြမယ်၊(ကိလေသဝဋ်ပါဘုရား)။

ဩော်-ကိလေသဝဋ် နောက်ဘဝက တကာတကာမတွေက ကြီးခဲ့တဲ့ တကာတကာမတွေဖြစ်နေသောကြောင့် နောက်ဘဝ မှာပဲ-တဲ့ ဒီဘဝထက် ကောင်းတဲ့ နတ်ခန္ဓာကြီး လူခန္ဓာကြီး ရ,ရပါလို၏၊ရချင်ပါတယ်ဆိုပြီးသကာလ တကာတကာမတွေ က ဒါနကံ,သီလကံဆိုတဲ့ ဝဋ္ဋကံတွေ မလုပ်ပေဘူးလား၊(လုပ် ပါတယ်ဘုရား)။

အင်း....ဒါဖြင့် ကိလေသဝဋ်ကြောင့် ဘာဝဋ်ဖြစ်ပါလိမ့်၊ (ကမ္မဝဋ် ဖြစ်ပါတယ်ဘုရား)။

ကမ္မဝဋ်ဖြစ်တော့ စုတေမနေ သေလွန်ပြီး ဒီကံတွေကစီမံ လိုက်တယ်၊ (မှန်ပါ့)စုတေမနေ သေလွန်တဲ့ အခါကျတော့ တကာတကာမတွေ စီမံလိုက်ပါတယ်၊ (မှန်ပါ့) စီမံလိုက်တော့ ခန္ဓာငါးပါး ပေါ်လာပါတယ်၊ (မှန်လှပါ) ဒါ-တရားနာနေ တဲ့ ခန္ဓာငါးပါး မှတ်လိုက်စမ်းပါ၊ (မှန်ပါ့)။

http://www.dhammadownload.com



ဒါ ဘယ်သူပါလိမ့်၊ (တရား နာနေတဲ့ ခန္ဓငါးပါးပါ ဘုရား) ဒီ ခန္ဓာငါးပါးကို နောက်ပြန် တွေးလိုက် တကာ တကာမတို့၊ဒီခန္ဓာငါးပါးဟာ အခုဝိပါကဝဋ်၊(မှန်ပါ့)။

ဒီခန္ဓာငါးပါး ဘာ ခေါ်ကြမယ်၊(ဝိပါကဝဋ်ပါဘုရား) ဝိပါကဝဋ် သင့်တယ်၊ (မှန်လှပါ) မအိုချင်ဘဲနဲ့လဲ (အိုရပါ တယ်ဘုရား)မနာချင်ဘဲနဲ့လဲ (နာရပါတယ်ဘုရား)သေခါနီး မဖြစ်ချင်ဘဲနဲ့ (ဖြစ်ရပါတယ် ဘုရား) မပူ မဆွေးချင်ဘဲနဲ့ (ပူဆွေးရပါတယ်ဘုရား)။

ပူဆွေးရတယ် ဆိုတော့ ဩော်-တကာတကာမတွေက ကံ မကောင်းအကြောင်းမသင့်လို့ ဖြစ်ရတာလားလို့ မေးတဲ့အခါ မဟုတ်ပါဘူး တကာ တကာမတို့(မှန်လှပါဘုရား)ဒီခန္ဓာကြီး ခင်ဗျားတို့ လိုချင်လို့ ရထားတဲ့ခန္ဓာ အဖော်တွေ အကုန်လာ တာပါ၊(မှန်လှပါ) သဘောကျပလား၊(ကျပါပြီ)။

ဒီခန္ဓာကြီးဟာ ဘယ်သူ တည်ထောင်တာဘုံးလို့ မေးတော့ ခင်ဗျားတို့ကိုယ်တိုင်က အဝိဇ္ဇာနဲ့ တဏှာကိလေသဝဋ်ကို ခင် ဗျားတို့တည်ထောင်တဲ့အတွက် ခင်ဗျားတို့က ကမ္မဝဋ်ကို ခင် ဗျားတို့ လုပ်ပါတယ်၊ (မှန်ပါ့ ဘုရား)။

ခင်ဗျားတို့ကံကို ခင်ဗျားတို့လုပ်တဲ့အတွက် ဟော ဘုံဘဝ ကို ရ,ရပါလို၏ဆိုတဲ့ တဏှာက ဆုတောင်းပြီး ဟောဒီဒါနကံ သီလကံတွေနဲ့ ဝဋ်တောင့်တပြီး ဒီခန္ဓာကြီး ရ,ရပါလို၏ဆိုတဲ့ အကြောင်းတွေ လုပ်လိုက်တဲ့ အတွက် ဒီခန္ဓာကြီး ယခု တရား နာနေတဲ့ ခန္ဓာကြီး ရတယ်၊ (မှန်ပါ့ဘုရား)။

ဒီ တရားနာနေတဲ့ ခန္ဓာ ကိုယ်ကြီးဟာ တကာတကာမတို့ ဟောဒီခန္ဓာငါးပါးဟာ နောက်ပြန် ဆုတ်လိုက်တော့ဝိပါက

http://www.dhammadownload.com



ဝဋ် ဘယ်ကလာသတုံးမေးတဲ့အခါ ကမ္မဝဋ်ကလာတယ်ဘုရား (မှန်လှပါ) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒီဝိပါကဝဋ်ကြီး ဘယ်က လာသတုံး၊ (ကမ္မဝဋ်က လာပါတယ်ဘုရား)။

ဒီကမ္မဝဋ်က လာချင်လို့လာတာလား၊ လုပ်ချင်လို့ လုပ်ရတာလား၊ အဝိဇ္ဇာဆိုတဲ့ တဏှာဆိုတဲ့ ကိလေသဝဋ်ကြောင့်လား၊ (ကိလေသ ဝဋ်ကြောင့်ပါဘုရား)။

ဒါဖြင့် ကိလေသဝဋ်ကြောင့် ဘာဖြစ်သလဲ, (ကမ္မဝဋ်ဖြစ်ပါတယ်ဘုရား)။ ကမ္မ ဝဋ်ကြောင့် ဝိပါကဝဋ် ဖြစ်ပါတယ်၊ (မှန်ပါ့)။

တဏှာ တဏှာမတို့ ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)။

ဩော်-ဒီခန္ဓာကြီးဟာ တဏှာ တဏှာမတို့ လူ့ဘဝ ရခဲတယ်လို့ ဟောတာက တိရစ္ဆာန် ဘဝနဲ့ စာယင် ငရဲနေတာနဲ့ စာယင် ရခဲတယ်ဟောတာ၊ (မှန်လှပါ)တကယ်သစ္စာနဲ့ ဟောတော့မယ် ဆိုတော့ တဏှာတဏှာမတို့ ရ,ထားတာ ဝိပါကဝဋ် ခန္ဓာ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဘာ ခန္ဓာကြီး ရထားသတုံး၊ (ဝိပါက ဝဋ် ခန္ဓာကြီး ရထားပါတယ်ဘုရား)။

ဒါဖြင့် တဏှာတဏှာမတို့ ဝိပါကဝဋ် ဘယ်က လာသတုံး၊ (ကမ္မဝဋ်က လာပါတယ် ဘုရား) ဩော်- ကုသိုလ်ကံနဲ့ ဆုတောင်းက လာတယ်၊ (မှန်ပါ့)။

လူ့ပြည်,နတ်ပြည်,ဗြဟ္မပြည် ဖြစ်စေကြောင်းဖြစ်တဲ့ကံနဲ့ ဆုတောင်း၊ (မှန်ပါ့ဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား)။

http://www.dhammadownload.com



အဲဒီ ကမ္မဝဋ်ကသဲ တကာသစ်တို့ ဘယ်ကလာပါလိမ့်မလဲ၊ (ကိလေသဝဋ်က လာပါတယ် ဘုရား) မသိသော ပုဂ္ဂိုလ်က တကာ တကာမတို့ တောင်းချင်သလို တောင်းတဲ့ သဘော ကြောင့် ဖြစ်ရပါတယ်၊ (မှန်ပါ့) ဒါဖြင့် မသိတာကအဝိဇ္ဇာ၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီ) ပြုတာကသင်္ခါရ၊ (မှန်ပါ့) ရတာက ဒုက္ခသစ္စာ၊ (မှန်လှပါ)။

မသိတာက၊ (အဝိဇ္ဇာပါဘုရား) ပြုတာက၊ (သင်္ခါရပါ ဘုရား) ရတာက ဒုက္ခသစ္စာ၊ (မှန်ပါ့)။

တကာသစ် သွားပြီ၊ (မှန်ပါ့)တကာတာက မတွေ့သွားပြီး သေမည့်ခန္ဓာကြီးရတယ်၊ (မှန်ပါ့) အိုမည့်ခန္ဓာကြီး၊ (ရပါ တယ်ဘုရား) ရှုံ့မှုန်းရမည့်ခန္ဓာကြီး၊ (ရပါတယ်ဘုရား)မင်းခွန် စိုးခွန် ဆောင်ရမည့်ခန္ဓာကြီး၊ (ရပါတယ်ဘုရား) မိုးအောက် လေအောက်မှာ အသက်ပျောက်ရမည့် ခန္ဓာကြီး၊ (ရပါတယ် ဘုရား) အင်း ...ဒါ–ဘာကောင်လဲလို့ ခေါ်ကြသတုန်း၊ (ဝိပါ ကဝဋ်ကောင်ပါ ဘုရား) ဝိပါက ဝဋ်ကောင်၊ (မှန်လှပါ) သဘောကျပလား၊ (ကျပါပြီ)။

တကာတကာမတို့ပဋိလောမပြန်လှည့်လည်လိုက်စမ်းပါဦး ဝဋ်သုံးပါးလည်ပြမယ်ယနေ့နေ့၊ (မှန်ပါ့ဘုရား) ဝဋ်သုံးပါး လည်ပြီးတော့မှ အလုပ်နဲ့ ဆက်ပြမယ်၊ (မှန်ပါ့)။

တကာကြွယ် ဒီခန္ဓာငါးပါးဟာ ဝိပါကဝဋ်တရား၊ (မှန်လှ ပါဘုရား)။

ခန္ဓာငါးပါးဟာ၊ (ဝိပါကဝဋ်တရားပါဘုရား) ဝိပါကဝဋ် လို့ဆိုတာ ကျေနပ်ပလား၊ (ကျေနပ်ပါပြီဘုရား)။

http://www.dhammadownload.com



ဝိပါကဝဋ်ကိုဘယ်သူတည်ထောင်ပါလိမ့်မတုန်း၊ (ကမ္မဝဋ်က တည်ထောင်ပါတယ်ဘုရား)။

ဩော်....ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ခုကနေ တည်ထောင်လိုက်တယ်၊ (မှန်ပါ) သဘောကျပလား၊ (ကျပါပြီ) ဒီ-ကမ္မဝဋ်က အလိုလိုပေါ်တာလားလို့ မေးတဲ့အခါကျတော့ ဒီဘက်က ကိလေသဝဋ်ကြောင့်၊ (မှန်ပါ့ဘုရား) ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ကိလေသဝဋ်ကြောင့် ဘာဖြစ်သတုံး၊ (ကမ္မဝဋ် ဖြစ်ပါတယ် ဘုရား) ကမ္မဝဋ်ကြောင့်၊ (ဝိပါက ဝဋ်ဖြစ်ပါတယ်ဘုရား) ယခု ဘယ်အထဲ ရောက်နေသလဲ၊ (ဝိပါကဝဋ်ထဲမှာပါဘုရား)။

တကာတကာမတွေကတော့ ဩော်-မသိရှာတော့ ဝိပါက ဝဋ်သင့်နေတာကိုပဲ တကာကြွယ်ရေ မသိတဲ့ပုဂ္ဂိုလ်က ဝဋ်သင့်နေတာကိုပဲ သူ့မှာ တကာကြွယ်တို့လိုပေါ့ဗျာ၊ အင်း....လူပင်ဖြစ်ရငြားသော်လဲဘုရား- တိုက်နဲ့တာနဲ့ ရွှေနဲ့ စိန်နဲ့ ကားနဲ့ ဆိုယင် တော်သေးရဲ့၊ (မှန်လှပါဘုရား ။

အံမာ....တိုက်နဲ့ ရွှေနဲ့ စိန်နဲ့ ကားနဲ့ ဆိုယင် တော်သေးရဲ့တဲ့၊ (မှန်လှပါဘုရား)ဟာ-ဘာဖြစ်ကြတာတုန်း၊ ဝဋ်သင့်တာမသိတာ၊ (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ဆိုကြမလဲ၊ (ဝဋ်သင့်တာမသိတာပါဘုရား) ဘာဝဋ်သင့်သလဲ၊ (ဝိပါကဝဋ်သင့်ပါတယ်ဘုရား)။

အံမယ်လေး-ဝဋ်မကျွတ်သေးတဲ့ပုဂ္ဂိုလ်ကတော်သေးရဲ့များဆိုနေလိုက်တာ ဩော်-တကာတကာမတို့ ဆီသုတ်တဲ့ပုဝါတွေဝတ်ပြီး ဆီသုတ်တဲ့ လက်သုတ်ပုဝါကြီး အောက်ခါးမှာဝတ်၊

http://www.dhammadownload.com



(မှန်ပါ့) ဆိသုတ်ထားတဲ့ မည်းနေတဲ့ သုံးနှစ် သုံးသီး သုတ်ထားတာ အင်္ကျီချုပ်ဝတ်ပြီး ကျုပ်နဲ့ ဒီအဝတ်နဲ့ မလိုက်ဘူးလားလို့ ပြောတာနဲ့ တူနေတယ်၊ (မှန်လှပါဘုရား) မဆိုးဝါးဘူးလား၊ (ဆိုးဝါးပါတယ်ဘုရား)။

ကျုပ်နဲ့ ဒီအဝတ်နဲ့ ဘယ့်နှယ် နေသလဲ၊ (မလိုက်ဘူးလားဘဲ့) ဩော်– မလိုက်ဘူးလားလို့ သူကပြောတာ၊ ဘယ့်နှယ်ကြောင့် ဒီပုဂ္ဂိုလ်ပြောပါလိမ့် မတုန်းလို့ မေးဖို့ မသင့်ဘူးလား၊ (သင့်ပါတယ်ဘုရား) စုံလုံးကန်းမို့ (မှန်ပါ့ဘုရား) ရိပ်မိပလား၊ (ရိပ်မိပါပြီ)။

ဘယ့်နှယ်ကြောင့် ပြောပါလိမ့်၊ (စုံလုံးကန်းမို့ ပြောပါတယ်ဘုရား)။

ကျုပ်တို့ ဒီအဝတ်နဲ့မလိုက်ဘူးလားလို့ဆိုတော့ သူ့စိတ်ထဲတော့ ဝမ်းသာလို့ မေးရှာတာ၊ (မှန်ပါ့) သို့သော် သူ့မျက်လုံးမြင်-မမြင်၊ (မမြင်ပါဘုရား) မမြင်တော့ သူ့ကို ဘယ့်နှယ်ဆိုကြမလဲ၊ (စုံလုံးကန်းပါဘုရား)။

ဒါဖြင့် ဒီဝိပါကဝဋ်ထဲပျော်တဲ့ပုဂ္ဂိုလ်ဟာ စုံလုံးကန်းပျော်လို့မှတ်၊ (မှန်လှပါဘုရား) ပေါ်ပလား၊ (ပေါ်ပါပြီ)။

ဝိပါကဝဋ်ထဲပျော်နေတဲ့ပုဂ္ဂိုလ်ဖြင့် (စုံလုံးကန်းမို့ ပျော်တာပါဘုရား) မျက်စိနှစ်ကွင်း ဝမ်းထဲက အလင်းမရလို့၊ (မှန်လှပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီ)။

မျက်စိနှစ်ကွင်း (ဝမ်းထဲက အလင်းမရလို့ပါဘုရား) ဒါဖြင့် အခုကားနဲ့ ရွှေနဲ့ ကျောက်နဲ့ တိုက်နဲ့ တာနဲ့ ရွှေနဲ့ ငွေနဲ့

http://www.dhammadownload.com



ပျော်နေတဲ့ ပုဂ္ဂိုလ်များဟာ တကာ တကာမတို့ ဘာပျော် ဆိုကြမလဲ၊ (စုံလုံးကန်းပျော်ပါဘုရား)။

မနာကြနဲ့၊ မသိလို့ပျော်တာ၊ (မှန်ပါ့) မသိလို့ သေသေ ချာချာပျော်တာ၊ မယုံယင် စဉ်းစားကြည့်တော့ ကိလေသဝဋ် ကြောင့် ကမ္မဝဋ်၊ ကမ္မဝဋ်ကြောင့် ဘာလာသတုံး၊ (ဝိပါက ဝဋ် လာပါတယ်ဘုရား)။

ဩော်– ဝိပါကဝဋ် သင့်နေတာကို ပျော်နိုင်တယ် ဆိုက တည်းက ဘာပျော်ဆိုကြမလဲ၊ (စုံလုံးကန်းပျော်ပါဘုရား)။

ကြောက်စရာကောင်းလိုက်တာ၊ (ကောင်းပါတယ်ဘုရား) ဒီတရားမျိုးလဲ မနာရတော့ဘူးလို့ဆိုယင်ဖြင့် အားလုံး တကာ တကာမတွေ ဒီအထဲ ဘုန်းကြီးတို့ အရင်းအချာတွေ အကုန် ပါပြီးသကာလနေတော့ ကိုယ့်အကျိုးပေးကလေးနဲ့ ကိုယ်နဲ့ ကျတော့ ဘုန်းကြီးတို့များ အကြောင်းညီညွတ်လို့ တွေ့တဲ့ အခါ တော်သေးရဲ့ဘုရား–တဲ့၊ ဘာများ တော်နေတာတုန်း၊ ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

ဘာများတော်နေတာတုန်း၊ ဝဋ်မကျွတ်သေးလို တော်နေ တာလား (မှန်ပါ့ဘုရား)ဒါပဲမေးဖို့ရှိတယ်၊ (မှန်ပါ့ဘုရား)။

ဘယ်လို တော်ကြတာတုန်း၊ (ဝဋ်မကျွတ်သေးလို့ တော် နေတာပါဘုရား) အံမာလေး– ဝဋ်မကျွတ်သေးတဲ့ ထောင်က မထွက်ရသေးတဲ့ ပုဂ္ဂိုလ်က တော်တော်သေးရဲ့ဆိုတော့ တကာ ကြွယ်– ဘာဖြစ်တာတုန်း၊ ဒါ–စုံလုံးကန်းသံ ထွက်လာတာ၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဘယ့်နှယ် ဆိုကြမယ်၊ (စုံလုံးကန်းသံ ထွက်လာတာပါဘုရား) အမ်မာလေး-ကြောက်စရာကြီးပါလား တကာတကာမတွေ၊ (မှန်ပါ့ဘုရား)။

စုံလုံးကန်းတွေကို ဘုန်းကြီးက တရားဟောနေတာများ တော်တော်ဆိုးဝါးတဲ့ ဘုန်းကြီးမို့ ဟောတာ၊ (မှန်ပါ့) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

သေသေချာချာစဉ်းစားပါတကာတကာမတို့၊ ဒါကြီးဟာ ဘာဝဋ်တဲ့၊ (ဝိပါကဝဋ်ပါဘုရား) ဘယ်ကလာတာတုံး၊ (ကမ္မဝဋ်ကလာတာပါဘုရား) ဒီ ကမ္မဝဋ်ကလဲဘယ်ကတုံး၊ (ကိလေသဝဋ်ကပါဘုရား)။

ဩော်- ဒါ ကိလေသာဆိုတာ အဝိဇ္ဇာနော်၊ (မှန်ပါ့) အဝိဇ္ဇာနဲ့ တဂျာပဲ ထားလိုက်ပါတော့၊ (မှန်ပါ့) အဝိဇ္ဇာဆိုတာ မသိတာ၊ မသိလို့ ပြုချင်တာ၊ (မှန်လှပါဘုရား)။ ပြုချင်သလိုပြုလို့ ဖြစ်ချင်သလိုဖြစ်တာ၊ (မှန်လှပါဘုရား)။

မသိလို့ ဘာတုံး၊ (ပြုချင်သလို ပြုပါတယ် ဘုရား) ပြုချင်တာပြုလို့၊ (ဖြစ်ချင်တာ ဖြစ်ပါတယ်ဘုရား)။

ဖြစ်ချင်သလိုဖြစ်နေတဲ့ ခန္ဓာကိုယ်ကြီး၊ ဘာမှအသုံးမကျတဲ့ တကာတကာမတို့ ခန္ဓာကိုယ်ကြီးနဲ့ တော်သေးရဲ့ ဆိုတာ.... တကာကြွယ်တို့ ဘုန်းကြီးတို့ တကာတကာမတွေက လျှောက်နိုင်တာများ ဩော်-မျက်စိနှစ်ကွင်း ဝမ်းထဲကအလင်းမရလို့ ပြောတာဟော့၊ (မှန်လှပါဘုရား)။

ဘယ်လိုပြောကြမယ်၊ (မျက်စိနှစ်ကွင်း ဝမ်းထဲက အလင်းမရလို့ပါဘုရား) တကာကြွယ်....မပြုံးနဲ့ ဦးနော်၊ (မှန်ပါ့)

http://www.dhammadownload.com



မပြုံးနဲ့ဦး၊ ပြုံးယင်ရူးသွားမှာစိုးလို့၊ (မှန်ပါ့) ရိပ်မိပလား။ (ရိပ်မိပါပြီဘုရား)။

တကာတကာမတွေ ကိုယ့်အဖြစ်ကလေးနဲ့ ကိုယ်ဖြင့် ဟိုအိမ် ကြည့်လိုက်၊ ဟိုအိမ်က အမိုးမရှိဘူး၊ (မှန်ပါ့) ဒီအိမ်ကတော့ အိမ်ကလေး မားမားမတ်မတ်နဲ့ တော်တော် ကြည့်ကောင်း တယ် သူတို့စာယင် ကျုပ်တော်သေးရဲ့၊ (မှန်ပါ့)။

ဘာဖြစ်လို့တုန်းလို့ မေးတဲ့အခါကျတော့ သူလဲတိမ်နဲ့ငါလဲ တိမ်နဲ့ မထူးဘဲနဲ့ အကန်း-အကန်းချင်းကြွားတာ၊ (မှန်လှပါ ဘုရား) ရိပ်မိပလား၊ (ရိပ်မိပါပြီ)။

ဘာချင်း ကြွားနေတာတုံး၊ (အကန်း–အကန်းချင်း ကြွား နေတာပါဘုရား)။

အကန်း အကန်းချင်းကြွားတော့ မြင်တဲ့ပုဂ္ဂိုလ်က ဖြစ်မှ ဖြစ်ရလေ၊ သူလဲ မမြင် ကိုယ်လဲ မမြင်ဘဲနဲ့ သူကပဲ ကန်းပါ သေးတယ်လို့ ထင်ပြီးနေတော့ ဘုရား အရိယာတွေ ကတော့ အင်မတန်စက်ဆုပ်တယ်၊(မှန်လှပါဘုရား)ဒါ့ကြောင့်သူတို့မှာ တော့ဝိဇ္ဇာဉဒပါဒိဖြစ်အောင် လုပ်တော်မူကြတယ်၊(မှန်ပါ့)။

ဝိဇ္ဇာ=ဝိဇ္ဇာဉာဏ်သည်(ဝါ) ဉာဏ်မျက်စိသည်၊ ဉဒပါဒိ= ငါပေါ်အောင် လုပ်မကွ ဆိုပြီး ပေါ်အောင်လုပ်လို့ သူတို့ မတော့ ဝိပါက ဝဋ်ကြီး ကျွတ်ချင်တယ်၊ (မှန်ပါဘုရား) ခင်ဗျားတို့ကတော့ အသက်မှရှည်ပါ့မလား၊(မှန်ပါ့) ထောင် သက်မှရှည်ပါ့မလား၊ (မှန်လှပါ) ဖြစ်မှဖြစ်ရပလေ၊ ရိပ်မိကြ ပလား၊ (ရိပ်မိပါပြီ)။

http://www.dhammadownload.com



ထောင်သက်မှ ရှည်ပါ့မလား ဆိုတာ ခင်ဗျားတို့က ဘုန်းကြီး ပြောတော့ ရိုင်းတယ်ထင်တယ်၊(မှန်ပါ့)ဦးလှဘူး တို့က ဒီသား ဒီသမီးနဲ့ အိုအောင် မင်းအောင်မှ ပေါင်းရပါ့ မလားတဲ့၊ (မှန်ပါ့ဘုရား)ဟော သေသေချာချာ လာတယ်၊ (လာပါတယ်ဘုရား)။

ဒီသားဒီသမီးနဲ့ ဘာတဲ့၊ (အိုအောင်မင်းအောင်မှပေါင်း ရပါ့မလားတဲ့)ဒါဖြင့် ထောင်သက်မှ ရှည်ပါ့မလားဆိုတာနဲ့ ဘယ့်နှယ် နေသတုံး၊ (အတူတူပါပဲ ဘုရား) ပေါ်ပလား၊ (ပေါ်ပါပြီဘုရား)။

သို့သော်လဲ ခင်ဗျားတို့ချင်းကျတော့ နခမ်းပဲ့ချင်း မီးမှုတ် နေတော့ အေး–မင့်ကံကလဲ မဆိုးလှပါဘူးကွယ်၊နေရကောင်း ပါရဲ့၊ တစ်ယောက်က မီးထိုးပေးတယ်၊(မှန်ပါ့)ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

တစ်ယောက်ကလဲ ပြုံးမျှား နေလိုက်သေးတယ်၊ (နေပါ တယ်ဘုရား) ဒီ ပေးတဲ့ ဆုကလေး ပြည့်ပါစေ၊ (မှန်လှပါ) အံမာလေး–ဝဋ်ရှည်လှချင်တယ်၊ (မှန်ပါ့)။

တကာကြွယ်–ဒီလိုများ ပြောဖူးသေးလား၊ (ပြောဖူးပါ တယ်ဘုရား) ဖြစ်မှ ဖြစ်ရပလေ၊ အတော် ဆိုးတယ်ဆိုတာ တကာတကာမတွေ့ ပေါ်ပလား၊ (ပေါ်ပါပြီ ဘုရား)။

ကဲ-ပြန်ပြော ခင်ဗျားတို့က၊ဒါ ဘာဝဋ်တဲ့တုံး၊ (ဝိပါက ဝဋ်ပါဘုရား)ဒီဝဋ်ကြီး ရှည်မှ ရှည်ပါ့မလားဆိုတာ ကောင်း သေးရဲ့လား၊ (မကောင်းပါဘုရား) ဒီဝဋ်ဟာ ဘယ်က လာ တာတုံး၊ ကမ္မဝဋ်က လာပါတယ်ဘုရား)။

http://www.dhammadownload.com



ကမ္မဝဋ်ဆိုတာလဲ ကောင်းမှု မကောင်းဘဲ၊ (မကောင်းပါ ဘုရား) ကမ္မဝဋ် ဘယ်က လာသတုံး၊ (ကိလေသဝဋ်က လာ ပါတယ်ဘုရား) ကိလေသာဝဋ် ကြည့်လိုက်တော့ အဝိဇ္ဇာ၊ (မှန်ပါ့ အဝိဇ္ဇာပါဘုရား)။

ဒါဖြင့် စုံလုံးကန်း ပြုချင်သလို ပြုလို့ဒီဘက်ကဘာတုံး၊ (ဖြစ်ချင်သလို ဖြစ်တာပါ ဘုရား) အဲဒီ အထဲ ပျော်တာ တကာကြွယ်တို့ ပျော်တာက၊ (မှန်ပါ့)။

စုံလုံးကန်း ပြုချင်သလိုပြုပြီး ဖြစ်ချင်သလိုဖြစ်တာကို (ဒီ အထဲပျော်ပါတယ်ဘုရား)ပျော်တယ်ဆိုတော့ဒီအထဲကနေပြီး သကာလ ဖဲထီးတခုလုံးမှာ ထုံးစက်ကလေး ကျတာလို ထုံး စက်ကလေးကျတော့ ကွက်ကျားကလေးတော့ ဖြူရောင် လာ မှာပေါ့ဗျာ၊ (လာမှာပါဘုရား) ကျုပ်က ဒီ အဖြူ သာတယ် ပြောတာ၊ (မှန်ပါ့ဘုရား)။

ထီး တစ်စင်းလုံးတော့ အကုန် မဲနေတာ၊ (မှန်ပါ့) စိန် ကလေး, ရွှေကလေး, မြကလေး, ကားကလေးနဲ့ နေရတာ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီ)။

ထီး တစ်ခုလုံးကတော့ ဘယ့်နှယ်နေသလဲ၊ မဲနေပါတယ် ဘုရား) ထုံးစက်ကလေးက (ဖြူပါတယ် ဘုရား) ထုံးစက် ကလေးကတော့ ဖြူနေတယ်၊ (မှန်ပါ့) အဲဒီ အဖြူကလေး သာယာနေတယ်၊ (မှန်လှပါ) အံမာလေး အမဲနဲ့ အဖြူ ဘယ် သူများသတုံး၊ (အမဲကများပါတယ် ဘုရား) သို့သော် တော် သေးရဲ့ဆိုတာ ဒီအဖြူကလေး သူ ကြည့်ပြောတာ၊ (မှန်ပါ့) ရိပ်မိပလား၊ (ရိပ်မိပါပြီ)။

http://www.dhammadownload.com



အံမာလေး-တကာတကာမတွေ ခင်ဗျားတို့ မပျော်စေချင်လို့ ပြောတာမဟုတ်ပါဘူး၊ ပျော်စရာမဟုတ်ဘဲနဲ့ ပျော်နေလို့ စုံလုံးကန်းပျော်မှု တထာ တကာမတွေ ဆုံးမ နေရပါတယ်၊ (မှန်လှပါ) သဘောပါကြပလား၊ (ပါ-ပါပြီဘုရား)။

ဘာပျော်တဲ့ဗျာ၊ (စုံလုံးကန်းပျော်ပါဘုရား) အဲဒီကရွှေပြင်ကြပါဦး၊ ဆင်ကြပါဦးဆိုတာ ဝိပဿနာဉာဏ်နဲ့မှပဲပြင်လို့ ဆင်လို့ရမယ်၊ (မှန်ပါ) တစ်ခြားနည်းနဲ့တော့ ရကို မရဘူး၊ (မရပါဘုရား)သဘောပါပလား၊ (ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ ဖြစ်စဉ်ကလေးတော့ ဆုံးအောင်တော့ ပြောပါရစေဦး တကာကြွယ် မရှက်နဲ့နော်၊ (မှန်လှပါ) ဘာပြုလို့ တုံးဆိုတော့ မွေးကတည်းကကန်းလာတဲ့လူဟာ ဆီစွတ်တဲ့ အမြဲတမ်းအမဲကွက်တွေနဲ့နေတဲ့အဝတ်ကို ဘောင်းဘီလဲဝတ်၊ အင်္ကျီလဲဝတ်၊ ဒီထဲကနေပြီးကျုပ်နဲ့ဒီအဝတ်နဲ့မလိုက်ဘူးလား ကျုပ်ဟာတော်တော်ကြက်သရေရှိတဲ့ပုဂ္ဂိုလ်ထဲကပဲလို့ ထင်ပြီးသကာလ နေတာဟာ တကာကြွယ်ရေ… ကျုပ်တို့ ဝိဇ္ဇာမျက်လုံး မရှိသေးတော့ ဒီအတိုင်းဖြစ်နေတယ် (မှန်လှပါ)။

ဝိဇ္ဇာမျက်လုံးက၊ (မရှိသေးပါဘုရား)ပေါ်လာကြပလား (ပေါ်လာပါပြီဘုရား)။

ကောင်းပြီ-ဒါဖြင့် ဝိပါကဝဋ်ကို ဘယ်သူက ဖြစ်စေသတုံး၊ (ကမ္မဝဋ်က ဖြစ်စေပါတယ် ဘုရား) ကမ္မဝဋ်ဘယ်သူကဖြစ်စေသတုံး၊ (ကိလေသဝဋ်က ဖြစ်စေပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့်ပဋိစ္စသမုပ္ပါဒ်နဲ့သွင်းကြစို့ ဆိုတော့၊ (မှန်ပါ့ဘုရား) တကာတကာမတို့ ဘယ်အထဲ သွင်းရမလဲ၊ (ပဋိစ္စသမုပ္ပါဒ်ထဲ သွင်းရပါမယ်ဘုရား)။

ကဲ....ဒါဖြင့် အဝိဇ္ဇာပစ္စယာ၊ (သင်္ခါရာပါဘုရား) သင်္ခါရ ပစ္စယာ၊ (ဝိညာဏံပါဘုရား) ဟော- ခန္ဓာငါးပါး ဝိညာဏ် ကြီး ပေါ်လာပြီ၊ (မှန်ပါ့)။

ကိုင်း– တကာကြွယ်တို့က ကိုယ့်အဖြစ်တော်လေရော့လား ဆိုတာ ဒီက ပဋိစ္စသမုပ္ပါဒ်ဆက်ကြည့်တော့မှဆိုးဝါးလာတယ် (ဆိုးဝါးပါတယ်ဘုရား) အဝိဇ္ဇာပစ္စယာ၊ (သင်္ခါရာပါဘုရား) သင်္ခါရပစ္စယာ၊ (ဝိညာဏံပါဘုရား)။

ဟော- ခန္ဓာငါးပါး ပေါ်လာတယ်၊ (ပေါ်လာပါတယ် ဘုရား) ဝိညာဏ်ဆိုတာ စိတ်ဝိညာဏ်နဲ့ သဟဇာတ ဖြစ်တဲ့ နာမ်ရုပ်တွေပါ ပေါ်လာတယ်၊ (ပေါ်လာပါတယ် ဘုရား) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ကျုပ်တို့သည်ကား လို့ဆိုယင် ဘယ်ကများ လာပါလိမ့်မတုံး ဆိုတာ ရှင်းပလား၊ (ရှင်းပါပြီ ဘုရား)အဝိဇ္ဇာကြောင့်၊ (သင်္ခါရဖြစ်ပါတယ်) သင်္ခါရကြောင့် (ဝိညာဏ်ဖြစ်ပါတယ်ဘုရား)။

ကောင်းပြီ– ဒါဖြင့် အခု တကာတကာမတို့ ဝိညာဏ်ဆိုတဲ့ ခန္ဓာငါးပါးကြီးနဲ့ မနေကြဘူးလား၊ (နေကြပါတယ်ဘုရား) ဒီအထဲကျလာတော့ ခင်ဗျားတို့က ဘာတွေများအညွန့်ပေါက် လာသတုံး မေးဖို့မလိုဘူးလား၊ (လိုပါတယ်ဘုရား)။

http://www.dhammadownload.com



ကိုင်း-ဒီဘဝမှာ ဒို့သားနဲ့,သမီးနဲ့, ရွှေနဲ့,ငွေနဲ့, စိန်နဲ့ ကျောက်နဲ့,မြနဲ့ နေရတယ်ကွာ၊ဒီခန္ဓာကြီး အရတော်တယ်၊ (မှန်ပါ့) အရတော်တယ်လို့ ထင်တာက အဝိဇ္ဇာ၊ (မှန်ပါ့-အဝိဇ္ဇာပါဘုရား)။

အရတော်တယ် ထင်တာက (အဝိဇ္ဇာပါဘုရား) ဒီ ခန္ဓာထဲက အဝိဇ္ဇာပေါက်ပွားလာတယ်၊ (မှန်ပါ့)။

ဒီခန္ဓာထဲက (အဝိဇ္ဇာပေါက်ပွားလာပါတယ်ဘုရား) ဒါဖြင့်ကွာ ဒီဘဝဒါလောက်တွင် ချမ်းသာတော့ ဒီ့ထက် ချမ်းသာအောင် ဒို့သည်ကားလို့ဆိုယင် ဒါနကံ- သီလကံတွေ ဝဋ္ဋကံတွေ လုပ်ကြဦးစို့ဆိုတော့ ဘာတွေ ပေါက်ပွားလာသတုံး၊ (ကမ္မဝဋ္ဋ်ပါဘုရား)ဒီဟာကြီးအရတော်တယ်ဆိုကတည်းက ဒီ ကိလေသဝဋ္ဋ်ကြောင့်အရတော်တယ်ပြောတာ(မှန်ပါ့ဘုရား)။

ကိလေသဝဋ္ဋ်ကြောင့် ဒို့ဒီဘဝလဲ လှူကြ ပေးကြ ကမ်းကြဦးစို့ဟော့၊ နောက်ဘဝ ဒီ့ထက် ချမ်းသာအောင် (မှန်ပါ့ဘုရား) သဘောကျပလား၊ (ကျပါပြီ) ဒါဖြင့် ဝဋ္ဋဖြစ်တဲ့ ဒါနကံ သီလကံ တွေကို မလုပ်ပေဘူးလား၊ (လုပ်ပါတယ်ဘုရား)လုပ်တော့ သိလို့လုပ်တာလား-မသိလို့လုပ်တာလား၊ (မသိလို့လုပ်တာပါဘုရား)။

ဒါဖြင့် အဝိဇ္ဇာပစ္စယာ (သင်္ခါရာပါ ဘုရား) အင်း.... ဒီ အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဝိပါကဝဋ္ဋ်ထဲက အညွန့် ပေါ်လာတာ၊ (မှန်ပါ့ဘုရား) သဘောကျပလား၊ (ကျပါပြီ)။

ဘယ်ထဲကအညွန့်ပေါက်သတုန်း(ဝိပါကဝဋ္ဋ်ထဲက အညွန့်ပေါက်ပါတယ်ဘုရား) ဩော်- အရင်ဝဋ္ဋ်မှမကျွတ်ခင် နောက်ဝဋ္ဋ်သင့်ဖို့ အညွန့်တွေ ပေါက်တာများ တကာကြွယ်ရေ ကိုယ်

http://www.dhammadownload.com



ကျိုးဖြင့် လှလှကြီးနည်းပြီ၊ (မှန်ပါ့ဘုရား) သေသေချာချာ နည်းပြီ၊ (နည်းပါပြီဘုရား)။

ကြည့်စမ်း၊ တကာ တကာမတွေ ယခုဘာယ်အထဲမှာ နေရ သတုန်း၊ (ဝိပါကဝဋ်ထဲမှာပါဘုရား) ဝိပါကဝဋ်ထဲ နေရင်း မတွန့်တကာကြွယ်တို့ ဦးလှဘူးတို့က တော်သေးတယ်၊ ကျုပ်တို့ ဒီအခြေအနေကလေး နေနိုင်တာ တော်သေးရဲ့၊ ဒီခန္ဓာကြီး ကျွေးမွေးပြီးသကာလ သူများ လက်အောက်များ မျက်စိမျက်နှာ အောက်မကျပဲနဲ့ စားရတော့ အရတော်သေး ရှဲ၊ (မှန်လှပါဘုရား)။

အရတော်သေးရှဲဆိုတော့ ဒုက္ခသစ္စာသိလို့ပြောတာလား- မသိလို့ပြောတာလား၊ (မသိလို့ပြောတာပါဘုရား) ဒါဖြင့် ဒီခန္ဓာကြီးထဲက အဝိဇ္ဇာ ပေါက်ပွားတယ်၊ (ပေါက်ပွားပါ တယ်ဘုရား)မပေါ်လာသေးဘူးလား(ပေါ်လာပါပြီဘုရား)

ဒီခန္ဓာကြီးထဲက ဘာပေါက်ပွားလာသတုန်း၊ (အဝိဇ္ဇာ ပေါက်ပွားလာပါတယ်ဘုရား)။

အဝိဇ္ဇာပေါက်ပွားတော့ ခင်ဗျားတို့ သားနဲ့အမိဖြစ်စေ၊ လင်နဲ့မယားဖြစ်စေကြည့်ပါ၊ ကြည့်ကြတာနဲ့အိမ်မှာ(မှန်ပါ့) ဒို့ဒီဘဝရှ,ထားတာက္ခာ မင်းနဲ့လဲအကြောင်းသင့်တယ်၊ ဒို့– သားသမီးကလေးတွေက လိမ်လိမ်မာမာနဲ့ အရောင်းအဝယ် ကလေးတွေကလဲ အင်း–အားလုံးပဲ ချက်ချက်ချာချာကလေး တွေနဲ့ တော်သေးရှဲကွ၊ ဒါနဲ့တော်လို့ တင်းတိမ်လို့ မတော် ဘူး၊ ဒီ့ထက်သာအောင် ကြိုးစားကြဦးစို့ ဆိုပြီး ဒါနကံ သီလကံတွေဝဋ်တောင့်တပြီးလုပ်ပြန်တယ်(မှန်ပါ့ဘုရား)ဘာ ဝဋ်တွေပေါ်လာတုံး(ကမ္မဝဋ်တွေ ပေါ်လာပါတယ်ဘုရား)။

http://www.dhammadownload.com



ဒီကမ္မဝဋ်အလိုလိုပေါ်တာလား၊ ဒီခန္ဓာကြီးကို အရထော်တယ်ထင်တဲ့ မမြင်တဲ့အဝိဇ္ဇာနဲ့လာတာလား၊ (မမြင်တဲ့အဝိဇ္ဇာနဲ့ လာတာပါဘုရား)။

ဒါဖြင့် အဝိဇ္ဇာပစ္စယာ (သင်္ခါရာပါဘုရား) ဩော်....ခက်ပြီ ခက်ပြီ၊ နဂိုရ်ကလဲ အဝိဇ္ဇာပစ္စယာ သင်္ခါရာကြောင့် ခန္ဓာကြီး ရပြန်တယ်၊ (ရပါတယ်ဘုရား) ဒီခန္ဓာကြီးက အခု ဘာတွေ ပေါက်ပွားပြန်သတုံး၊ (အဝိဇ္ဇာ ပေါက်ပွားပါတယ် ဘုရား) ဟာ–သွားပြီ တကာကြွယ်၊ (မှန်ပါ့) သွားပြီ၊ မလှည့်သေးဘူးလား၊ (လှည့်ပါပြီဘုရား)။

ကဲ....လှည့်ကြပါစို့ တကာတကာမတို့ရှင်းအောင်အတိတ်ဘဝက အဝိဇ္ဇာသင်္ခါရကြောင့် ဘာဖြစ်သတုံး၊ ဝိညာဏ်ဆိုတဲ့ ခန္ဓာငါးပါး မဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား) အဲဒီ ခန္ဓာငါးပါးထဲက ပေါက်ပွားလာတာက ဘာတွေ ပေါက်ပွားလာသတုံး၊ (အဝိဇ္ဇာ ပေါက်ပွားလာပါတယ် ဘုရား) အဝိဇ္ဇာ ပေါက်ပွားလာတော့ သူဘာတွေ လုပ်ပြန်သတုံး၊ သင်္ခါရတွေ လုပ်ပြန်တယ်၊ (မှန်ပါ)။

သင်္ခါရလုပ်ပြန်တော့ သင်္ခါရပစ္စယာ ဝိညာဏံဆိုတဲ့ အနာဂတ်ခန္ဓာကြီး မပေါက်ပွားဘူးလား၊ (ပေါက်ပွားပါတယ်ဘုရား) သဘောပါပလား၊ (ပါပါပြီ)။

ဒါဖြင့် အနာဂတ်ခန္ဓာထဲမှာလဲ ဒီအဝိဇ္ဇာသင်္ခါရကို ချုပ်အောင်မလုပ်နိုင်လို့ရှိယင် အဝိဇ္ဇာမလာပေဘူးလား (လာပါတယ်ဘုရား) လာယင်သင်္ခါရလာမယ်၊ (မှန်ပါ့) သင်္ခါရ မလုပ်ပေဘူးလား၊ (လုပ်ပါတယ်ဘုရား)။

http://www.dhammadownload.com



အဝိဇ္ဇာမချုပ်ယင် သင်္ခါရလာမယ်၊ (မှန်ပါ့) သင်္ခါရလာလို့ရှိယင် ဒီခန္ဓာငါးပါး နောက်ထပ် ပေါ်မပေါ်၊ (ပေါ်ပါတယ်ဘုရား) ပေါ်ယင် ဒါတွေ ပေါက်ပွား-မပေါက်ပွား-ပေါက်ပွားပါတယ်ဘုရား) ဆရာသာမတွေ့ယင် ပေါက်ပွားရမယ်၊ (မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့သွားကြစို့ တကာတကာမတို့ ကိလေသဝဋ်ကြောင့်၊ (ကမ္မဝဋ်လာပါတယ် ဘုရား) ကမ္မဝဋ်ကြောင့်၊ (ဝိပါကဝဋ် လာပါတယ်ဘုရား) ဝိပါကဝဋ်ကြောင့် ကိလေသဝဋ်ပေါက်ပွားတယ်၊ (မှန်ပါ့)ကိလေသဝဋ် ပေါက်ပွားလို့ဘာလုပ်ပြန်သတုံး၊ (ကမ္မဝဋ်တွေ လုပ်ပါတယ် ဘုရား) ကမ္မဝဋ်ကြောင့် ဘာဖြစ်ပြန်သတုံး၊ (ဝိပါကဝဋ်ဖြစ်ပါတယ်ဘုရား)။

ဝိပါကဝဋ်ထဲကဘာတွေပေါက်ပွားပြန်သတုံး၊ (ကိလေသဝဋ်ပေါက်ပွားပါတယ်ဘုရား) ကိလေသဝဋ်ကြောင့် ဘာဖြစ်ပြန်သတုံး၊ (ကမ္မဝဋ် ဖြစ်ပါတယ် ဘုရား) ကမ္မဝဋ်ကြောင့် ဘာဖြစ်ပြန်သတုံး၊ (ဝိပါကဝဋ်ဖြစ်ပါတယ်ဘုရား) ဝိပါကဝဋ်ထဲက ဘာတွေပေါက်ပွားပြန်သတုံး၊ (ကိလေသဝဋ်ပေါက်ပွားပါတယ် ဘုရား) ကိလေသဝဋ်ကြောင့် ဘာတွေဖြစ်ပြန်သတုံး၊ (ကမ္မဝဋ်ဖြစ်ပါတယ်ဘုရား) ဝဋ်လည်တာ၊ (မှန်ပါ့) ပေါ်ပလား၊ (ပေါ်ပါပြီဘုရား ။

တကာတကာမတို့ ဘာဖြစ်ကြတာတုံး၊ (ဝဋ်လည်တာပါဘုရား)။

တကာကြွပ်တို့သိဘဲ့ဝဋ်လည်,ဦးလုဘူးတို့သိတဲ့ဝဋ်လည်ကဟိုခွေးက ခွေးတစ်ကောင်ကို အတင်းလိုက်တော့ နောက်လူတစ်ယောက်ကနေပြီးကိုက်တဲ့ခွေးရိုက်တော့မှဝဋ်လည်တာဘဲ၊

http://www.dhammadownload.com



(မှန်လှပါ) ဒီလိုမှတ်နေတာကိုးဗျ၊ (မှန်ပါ့) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

အဲဒါ ဝတ်လည်တာ မဟုတ်ပါဘူး....တဲ့ ခွေးထက်မိုက်လို့ ခွေးရိုက်တာပါ၊ (မှန်ပါ့ဘုရား) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

စင်စစ်က ခင်ဗျားတို့ဝဋ်လည်တာ ကိုယ့်အိမ်တွင်အိမ်ပေါ်တွင် တိုင်ပင်ပြီးလည်နေတာ၊(မှန်လှပါ)ရိပ်မိပလား၊(ရိပ်မိပြီဘုရား)။

လင်နဲ့မယားနဲ့ အရောင်းအဝယ်ကလေးတွေကပြန်လာပြီး ကုလားထိုင်ကလေးတွေပေါ် သူကထိုင် ကိုယ်ကထိုင်ပြီး လေညှင်းကလေးခံပြီး ထမင်းစားပြီး လဘက်ရည်ကလေးအလယ်က ထားပြီးသကာလ တိုင်ပင်နှီးနှောနေတာမှ ဘာထင်သတုံး တကာကြွယ်၊ (ဝဋ်လည်တာပါဘုရား)။

လည်ပြီးသားက ဘာလုပ်ဖို့တုံး.... လည်ဖို့ရာ စီစဉ်တယ်၊ (မှန်ပါ့) လည်လက်စသတ်ပလား၊ (မသတ်သေးပါဘုရား) မသတ်သေးခင် လဘက်ရည်ဝိုင်းမှာ စီမံတာက ဘာတုံး၊ (လည်ဖို့ရာပါဘုရား) လည်ဖို့စီမံတယ်၊ (မှန်လှပါဘုရား)။

ဩော်.... အခုသဲ ဝဋ်မကျွတ်သေးဘူး၊ (မှန်ပါ့)ရှေ့ကိုလဲ ဆက်လက်ပြီးသကာလဝတ်လည်ရအောင် ဒို့-ဘယ်လိုစဉ်းစားမတုံး၊ (မှန်လှပါ)။

အံမာလေး-ဟာကာ တကာမတွေ ဒါကိုပဲ ဘေးကနေပြီး ကြည့်နေတဲ့ ပုဂ္ဂိုလ်တွေ ကျတော့ တကာကြွယ်ရေ သူများက

http://www.dhammadownload.com



ပြောကြတယ်၊ (မှန်ပါ့) သူတို့အကြင်လင်မယား သားသမီး တွေများ တိုင်ပင်ဖော် တိုင်ပင်ဖက်ရလိုက်တာ၊ သူ့လိုဖြစ်ချင် လိုက်ဘာ–တဲ့၊ (မှန်လှပါဘုရား) သွားပြီ–သွားပြီ၊ (မှန်ပါ့) ရိပ်မိပလား၊ (ရိပ်မိပါပြီ)။

အင်း....သူတို့အိမ် ကြည့်ရတာ စိတ်ချမ်းသာလိုက်တာတဲ့၊ (မှန်ပါ့) တစ်ယောက်က အဆိုသွင်းလိုက် တစ်ယောက်က ထောက်ခံလိုက်နဲ့ ဒီလို တစ်ယောက်နဲ့တစ်ယောက် ပြုံးတာနဲ့ပဲ အချိန်ကုန်ပြီး နေကြတော့တယ်၊ ကံတူအကျိုးပေးကြတယ်၊ (မှန်ပါ့ဘုရား) ဒို့အိမ်များကြည့်လိုက်လို့ရှိယင် တစ်ခွန်းပြော ယင် နှစ်ခွန်းက ဆဲသံပါလာတယ်၊ (မှန်ပါ့)။

ခင်ဗျားတို့ကဒီလိုဖြစ်ပြီးသကာလနေတော့ဟိုမှာဝင်္ဂလည် နေတာကို ခင်ဗျားတို့က တယ်ပြုံးတာကို၊ (မှန်ပါ့) ဝင်္ဂလည် နေတာကို၊ (ပြုံးပါတယ်) ဘာဖြစ်လို့တုံး၊ (မသိလို့ပါ ဘုရား)။

မသိလို့ပြုံးတယ်၊မမြင်လို့ပြုံးတယ်၊ (မှန်ပါ့) ဒါဖြင့် စုံလုံး ကန်းပြုံး၊ (မှန်ပါ့) ရိပ်မိပလား၊ (ရိပ်မိပါပြီ)ဘာပြုံးပါလိမ့်၊ (စုံလုံးကန်းပြုံးပါဘုရား)။

တကာကြွယ် ကိုယ်ကျိုးနည်းပြီ၊ (နည်းပါပြီ)ခင်ဗျားတို့ တိုင်ပင်တော့ ဥပမာ ယောကျ်ားက အသိဉာဏ် နည်းနည်းရှိ တယ်၊ မိန်းမကအသိဉာဏ်နည်းတယ်ဆိုတော့ သူတို့နဲ့မတိုင်ပင် လဲ တကာသစ် ဖြစ်ပါ့မလား၊ (မဖြစ်ပါဘုရား)။

မဖြစ်တော့ သူတို့က အင်း....အဲ လိုက်လိုက်တဲ့အခါကျလို့ ရှိယင်ကိုယ်ကသဲမသိတဲ့ပုဂ္ဂိုလ်သူတို့ကလဲမသိတာတိုင်ပင်တော့ လုပ်လေဆိုပြန်တော့ မသိတာက အဝိဇ္ဇာ၊ လုပ်လေဆိုတာက

http://www.dhammadownload.com



သင်္ခါရ၊ (မှန်ပါ့) ရိပ်မိလား၊ (ရိပ်မိပါပြီ) တကာတကာမ တွေ ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)။

ကိုင်း–ဒါဖြင့် မသိတာကဘာဘုံး၊ (အဝိဇ္ဇာပါ)ပြုတာက (သင်္ခါရပါ) ရတာက၊ (ဝိညာဏ်ပါ) ခန္ဓာငါးပါး၊(မှန်ပါ့) ဝိညာဏ်ဆိုတဲ့ ခန္ဓာငါးပါး၊(မှန်ပါ့) ရှင်းပလား၊ (ရှင်းပါ ပြီဘုရား)။

ဒီ ခန္ဓာ ငါးပါးကြီးက ဘာ ပေါက်ပွား လာသတုံး၊ (အဝိဇ္ဇာ ပေါက်ပွား လာပါတယ်) အဝိဇ္ဇာ ပေါက်ပွားလာ တော့ ဘာတွေ လုပ်ပြန်ပါလိမ့်၊ (သင်္ခါရတွေ လုပ်ပါတယ်) သင်္ခါရတွေ လုပ်ထားတော့ဘာတွေပေါက်ပွားလာပြန်သလဲ၊ (ခန္ဓာငါးပါး)ခန္ဓာငါးပါးဒုက္ခသစ္စာကြီး ပေါက်ပွားမလာ ဘူးလား၊ (ပေါက်ပွားလာပါတယ်ဘုရား)။

ဒီဒုက္ခသစ္စာထဲက ဘာတွေများ အညွန့်အညှော က်ထွက် ပြန်ပါလိမ့်၊ (အဝိဇ္ဇာပါ) အဝိဇ္ဇာ အညွန့်အညှောက် မထွက် ဘူးလား၊ (ထွက်ပါတယ်) အဝိဇ္ဇာအညွန့်က ဘာတွေများ အခက်အလက်တွေ ဖြာပါလိမ့်၊ (သင်္ခါရဖြာပါတယ်) သင်္ခါရ တွေဖြာတော့ ဘာအသီးတွေများ သီးလာပါလိမ့်၊(ခန္ဓာငါး ပါးပါ) ခန္ဓာ ငါးပါး ဒုက္ခသစ္စာသီးတွေ မလာဘူးလား၊ (လာပါတယ်ဘုရား)။

အဲ–ဒီအသီးတွေကတစ်ခါမျိုးစေ့ ကျပြန်တော့ အဝိဇ္ဇာပဲ လာတယ်၊ (မှန်ပါ့) အဝိဇ္ဇာကြောင့် ဘာ ဖြစ်ပြန်သလဲ၊ (သင်္ခါရ ဖြစ်ပါတယ်) သင်္ခါရကြောင့် ဘာ ဖြစ်ပြန်သလဲ။

http://www.dhammadownload.com



(ခန္ဓာငါးပါးပါ ဘုရား) ဝိညာဏ် ခန္ဓာငါးပါး မလာဘူးလား၊ (လာပါတယ်ဘုရား)။

ကိုင်း–တကာကြွယ် ထွက်ပေါက် ပါသေးရဲ့လား၊ (မပါပါဘုရား) ပေါ်ပြီ၊ (ပေါ်ပါပြီ) တကာ တကာမတို့ ခန္ဓာငါးပါးမှာ ထွက်ပေါက် ပါသေးရဲ့လား၊ (မပါပါဘုရား)။

ဒါဖြင့် ယနေ့ တကာတကာမတွေ ရှင်းရှင်းလင်းလင်းပဲ ဆရာဘုန်းကြီးက ခင်ဗျားတို့ကဖြင့် ပြုံးနေတာပဲ၊ (မှန်ပါ ဘုရား)။

ဘုန်းကြီးတို့လို တကာတကာမတွေအပေါ်မှာ ကရုဏာရှိတဲ့ဆရာသမားတွေကဖြစ်စေ၊ အရိယာပုဂ္ဂိုလ်တွေက ဖြစ်စေ သြော်–သူတို့ပြုံးတာ ဝဋ်ကျွတ်လို့ ပြုံးတာလား၊ လည်ရင်းပြုံး နေတာလား၊ (လည်ရင်း ပြုံးနေတာပါဘုရား)။

ဒါဖြင့် ဆီဆုံလှည့်တဲ့နွားဟာတကာကြွယ်ရေ တခြားနွား မြင်တဲ့အခါ သူကတွန်သကိုဗျ၊ (မှန်ပါ) သူက ဘယ်အချိန် တွန်တာပါလိမ့်၊ (ဆီဆုံ လှည့်ရင်း တွန်တာပါ) လှည့်ရင်း တွန်တာ သဘောကျပလား၊ (ကျပါပြီဘုရား)။

ဝဋ်ကျွတ်လို့ ဆီဆုံမှနွား ချွတ်လွှတ်လိုက်လို့ တွန်တာလား၊ (လည်ရင်း တွန်တာပါဘုရား)။

သြော်- ခင်ဗျားတို့လဲ ပျော်ကြ ရွှင်ကြတာသည် ဟကာကြွယ်ရေ ဘယ်အချိန်ပါလိမ့်၊ (လည်ရင်းပါ) ဒါဖြင့်နွားတွန် တွန်တလား၊ (မှန်ပါ)ရိပ်မိကြပလား၊ (ရိပ်မိပါပြီဘုရား)။

ပြုံးတာမှဲ့ တာတွေ တကာတကာမတို့ ဒီအထဲပဲ ဆီဆုံလှည့် ရင်းဆိုတဲ့အခိပ္ပါယ်ကိုဝဋ်လည်ရင်းပြုံးနေတယ်၊ (မှန်ပါ)ရိပ်မိ

http://www.dhammadownload.com



ကြပလား၊ (ရိပ်မိပါပြီဘုရား) ဘာပြုံးကြတာတုံး၊(ဝဋ်လည်ရင်း ပြုံးတာပါဘုရား)။

အဲ-ဒါဖြင့် တကာ တကာမတို့ နာရီကလဲနည်းတော့ ဝဋ်ဖြတ်ရလိမ့်မယ်၊ (မှန်ပါ့) ဝဋ်ဖြတ်ကြစို့နော်၊ (မှန်ပါ့ဘုရား)။

ဝဋ်ဖြတ်ရမယ်ဆိုတော့ တကာ တကာမတွေ စိုက်ပြမယ်၊ အခုနင်ကတော့ အဝိုင်းလည်ပြတယ်၊ (မှန်ပါ့ဘုရား)။

အဝိဇ္ဇာ တဏှာတည်းဟူသော သစ်ပင်၏ ရေသောက်မြစ်၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီ, သင်္ခါရဆိုတဲ့ သစ်ပင်၏ ခါးပိုင်း၊ (မှန်ပါ့) ဝိညာဏ်ဆိုတဲ့ အကိုင်း အခက် အသီး အပွင့်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဒီအထဲမှာပါတဲ့ အသီး, အပွင့်တွေမအောင်အောင် မျိုးစေ့ဆုံးသွားအောင် ကျုပ်တို့ဘယ်လိုစီမံမလဲလို့ မေးလိုက်တော့ ဒီ၁၂မြစ်ကို တူးပစ်ရမယ်၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

အဝိဇ္ဇာ တဏှာတည်း ဟူသော အမြစ်ကို တူးပစ်လိုက်လို့ ရှိယင်ဖြင့် ဒီအပင် ဒီအသီး သန်ပါဦးမလား၊ (မသန်ပါ) မသန်တဲ့ အပင်သည်ကားလို့ ဆိုယင် အသီးအပွင့်တွေ ပွင့်နိုင်ပါ့မလား၊ (မပွင့်နိုင်ပါဘုရား)။

ဒါဖြင့် တကာကြွယ်ရေ အခုသစ်ပင် စိုက်ပြလိုက်တော့ ကိလေသဝဋ်ဖြုတ်ယင် ကမ္မဝဋ်ပြုတ်တယ်၊ (မှန်ပါ့) ကမ္မဝဋ်ဖြုတ်ယင် (ဝိပါကဝဋ် ပြုတ်ပါတယ်) ဝိပါကဝဋ်ပြုတ်တယ် ဆိုတာ သေချာပလား၊ (သေချာပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဘာဝဋ်မှုဖြတ်ကြမယ်၊ (ကိလေသဝဋ်မှုဖြတ်ရပါမယ်) တစ်ပွဲလုံးမှတ်ပါ၊ တကာ တကာမတို့ ဒါ-ဝိပဿနာစ,တော့ မလို့၊ (မှန်ပါ့ဘုရား)။

ဘာဝဋ်မှုဖြတ်မယ်၊ (ကိလေသဝဋ်မှု ဖြတ်ရပါမယ်)ကိလေသ ဝဋ်မှုဖြတ်ယင် ကမ္မဝဋ်မှုပါ (ပြတ်ပါတယ်) ကမ္မဝဋ်မှု ပင်လုံးကြီး ဟာ ရှိပါဦးမလား၊ (မရှိပါ) ကမ္မဝဋ်မှုပင်လုံးကြီးမှ မရှိခဲ့သည် ရှိသော် ဝိပါကဝဋ်မှုဆိုတဲ့ တကာ တကာမတို့ အသီး အပွင့်တွေ ဟာ ဖြာနိုင်သေးရဲ့လား၊ (မဖြာနိုင်တော့ပါ) နောက်ထပ် ပေါက်နိုင်သေးရဲ့လား၊ (မပေါက်နိုင်ပါ) ဘာ့ကြောင့်တုံး၊ ရေသောက်မြစ်မရှိတဲ့သစ်ပင်က အသီး-မသီးနိုင်ဘူး၊ (မသီး နိုင်ပါ) သဘောကျပလား၊ (ကျပါပြီဘုရား)။

ရေသောက်မြစ်မရှိဘဲ့ သစ်ပင်က (အသီး မသီးနိုင်ပါ) ဒါ ဖြင့် ရေသောက်မြစ်ဖြတ်တဲ့တရားကိုဟောကြားကြစို့(မှန်ပါ့) ဒါဖြင့် အဝိဇ္ဇာ တဏှာ သတ်မယ်၊ (မှန်ပါ့ဘုရား)။

တကာ တကာမတို့ ဘာသတ်ကြမယ်၊ (အဝိဇ္ဇာ တဏှာ သတ်ကြပါမယ်ဘုရား)အဝိဇ္ဇာ တဏှာဆိုတာ ဘာဝဋ်မှုပါလိမ့်၊ (ကိလေသဝဋ်မှုပါ) ဩော်- ကိလေသဝဋ်မှုဖြတ်ယင် ကမ္မဝဋ်က အလိုလိုပြတ်တယ်၊ (မှန်ပါ့၊ ကမ္မဝဋ်မှုပြတ်ယင် ဝိပါကဝဋ်မှု လာဦးမလား၊ (မလာပါ) ခန္ဓာငါးပါး ဒုက္ခသစ္စာတရား လာဦးမလား၊ (မလာပါဘုရား)။

ကိုင်း-ဒါဖြင့် ဒါလောက်ဆိုယင် တကာ တကာမတို့ အရေ လည်ပြီ ဖြစ်လေသောကြောင့် ကိလေသဝဋ်မှု ဖြတ်တော့မယ်၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



တကာတကာမတို့ ဘာဖြတ်မလဲ၊ (ကိလေသဝဋ်ဖြတ်ပါမယ်ဘုရား) ဦးဘအုန်းတို့ ကျေနပ်ပလား၊ (ကျေနပ်ပါပြီဘုရား)။

ကိလေသဝဋ်ဆိုတာက တကာတကာမတို့ မသိတာနဲ့လိုချင်တာလို့ မှတ်လိုက်စမ်းပါ၊ (မှန်ပါ့) မသိတာနဲ့၊ လိုချင်တာပါ၊ မသိတာက အဝိဇ္ဇာ၊ လိုချင်တာက တဏှာ၊ (မှန်ပါ့ဘုရား)။

မသိတာက၊ (အဝိဇ္ဇာပါ) လိုချင်တာက၊ (တဏှာပါ) ဒြော်-ဒါ ကိလေသဝဋ်ခေါ်တယ်၊ (မှန်ပါ့ဘုရား)။

ကိလေသဝဋ်ဆိုတာ ဘာပါလိမ့်၊ (အဝိဇ္ဇာနဲ့တဏှာပါ) မသိတာနဲ့ လိုချင်တာ၊ (မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘယ်လိုမှတ်ကြမယ်၊ (မသိတာနဲ့လိုချင်တာပါ) မသိတာက ဘာပါလိမ့်၊ (အဝိဇ္ဇာပါ) လိုချင်တာက (တဏှာပါဘုရား)။

အဲ-ဒီနှစ်ခု ဖြတ်လိုက်လို့ရှိယင်ဖြင့် ဒိုဝဋ်ကျွတ်ပြီ၊ (မှန်ပါ့) မဆိုနိုင်ဘူးလား၊ (ဆိုနိုင်ပါတယ်) ဒါဖြင့် ဒီနှစ်ခုဟာ အရေးအကြီးဆုံးပဲ၊ (မှန်ပါ့ဘုရား)။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ၄၅-ဝါ ကာလပတ်လုံး ဟောတဲ့တရားမှာဖြင့် အဝိဇ္ဇာတဏှာ ပြတ်သာရှိတယ် (မှန်ပါ့) ဒီ့ပြင်ဟာ ဘာမှမရှိဘူး၊ (မှန်ပါ့)။

နို့-အရှင်ဘုရား တပည့်တော်တို့ ကြားဘူးတာကတော့ ကိုယ်တော်ကြီးက အနိစ္စ, ဒုက္ခ, အနတ္တတွေ ဟောတယ်လို့ ကြားဘူးတယ်၊ အရှင်ဘုရားကတော့ဖြင့် အဝိဇ္ဇာနဲ့တဏှာပြတ်ကို ဟောတယ်လို့ဆိုတော့ တကာတကာမတို့ အနိစ္စ, ဒုက္ခ,

http://www.dhammadownload.com



အနုတ္တမြင်လို့ အပ်ိဇ္ဇာတဏှာပြတ်တာ၊ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

ကဲ....ဒါဖြင့် ဒီလိုလုပ်ကြပါစို့၊ တကာတကာမတို့ဝိပဿနာ ရှုရမယ်၊ (မှန်ပါ့ဘုရား) ဝိပဿနာ ရှုရမယ်ဆိုတော့ တကာ တကာမ တို့သည် တစ်ခါ တလေမှ လာနာတဲ့ ပုဂ္ဂိုလ်လဲ ဝိပဿနာအကွက်ကျတော့ ဘုန်းကြီးများလဲ အင်မတန်ပြချင် ပါတယ်၊ (မှန်ပါ့ဘုရား) အိမ်ရောက်လဲ ရှုတတ်အောင်၊ (မှန်ပါ့ဘုရား)။

သို့သော်သဲ–တဲ့ တရားဓမ္မတွေက ဘုန်းကြီးကပေးနိုင်ပြေား သော်လဲ ခင်ဗျားတို့ ပါးစပ်က ကျဉ်းတယ်၊ (မှန်ပါ့)သဘော ပါပလား၊ (ပါပါပြီဘုရား)။

ဘုန်းကြီးက ပေးနိုင်တယ်၊ (မှန်ပါ့) ခလေး ငယ်ငယ် ကလေး ထမင်းလုပ်ကြီးကြီးခွံ့ယင် သေရုံပဲရှိမယ်၊ (မှန်လှပါ ဘုရား) ဒါ့ကြောင့် ထိုက်တန်သလောက်ပဲ ပေးရတယ်ဆိုတာ အောက်မေ့ကြပါနော်၊ (မှန်ပါ့)။

ထိုက်တန်သလောက်၊ (ပေးရပါတယ်ဘုရား) ကောင်းပြီ တဲ့ ဘာ့ကြောင့် ထိုက်တန်သလောက်ပေးရပါသတုံး မသထာ လို့လား ဘုရား–လို့ မမေးပါနဲ့၊ (မှန်ပါ့)ခလေးအသေစော သွားမှာစိုးလို့၊ (မှန်လှပါ)သူ့ပါးစပ်က ကျဉ်းကျဉ်း, ထမင်း လုပ်က ကြီးကြီးဆိုတော့ သည်းပြီးသေမှာပဲ၊ (သေမှာပါ ဘုရား) ချောင်းဆိုးပြီး၊ (သေမှာပါဘုရား)။

အဲဒါကြောင့် မသထာလို့မဟုတ်ပါဘူး၊ ခင်ဗျားတို့ မမျို နိုင်လို့ အကုန်မပေးနိုင်တာပါ၊ (မှန်လှပါ) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

http://www.dhammadownload.com



မမျိုနိုင်လို့ (မပေးတာပါဘုရား) ရှင်းပလား၊( ရှင်းပါပြီဘုရား)။

ကဲ-ဒါဖြင့် အဝိဇ္ဇာနဲ့ တဏှာ သတ်ပါတော့မယ်၊ (မှန်လှပါဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ ချမ်းသာတာကလေး ဘယ်မှာလဲ ချမ်းသာ ချမ်းသာ၊ ယပ်ကလေး ခပ်လို့ ချမ်းသာ ချမ်းသာ နေ၁်၊ (မှန်ပါ့) နေကလေးပူလို့ ဆင်းရဲဆင်းရဲ (မှန်ပါ့) မျက်လုံး,နား, နှာခေါင်း, လျှာကသိလို့ ဥပေက္ခာပဲဖြစ်ဖြစ်(မှန်ပါ့) ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ ချမ်းသာတာရယ်၊ ဆင်းရဲတာရယ်၊ အလတ်စားရယ်၊ ဘယ်နှစ်မျိုးရှိသလဲ၊ (သုံးမျိုးပါဘုရား)။

ခန္ဓာ ကိုယ်ထဲမှာ (ချမ်းသာတာရယ်၊ ဆင်းရဲတာရယ်၊ အလတ်စားရယ် သုံးမျိုး ရှိပါတယ်ဘုရား)။

သေသေချာချာ မှတ်ပါ၊ သေသေချာချာ မှတ်ပါ၊တကာတကာမတို့၊ ခင်ဗျားတို့ ခန္ဓာကိုယ်ထဲ ဘယ်နှစ်မျိုး ရှိပါလိမ့်၊ (သုံးမျိုး ရှိပါတယ်ဘုရား) ၁-က ဘာပါလိမ့်၊( ချမ်းသာတာပါဘုရား) ၂-က (ဆင်းရဲတာပါ ဘုရား)၃-က(အလတ်စားပါဘုရား) ချမ်းသာဆင်းရဲလွတ်တာ၊ (မှန်ပါ့)။

ဒါဖြင့် ဝေဒနာသုံးမျိုး၊ (မှန်ပါ့)သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာ ဝေဒနာ၊(မှန်ပါ့) တကာကြွယ် ဘယ်နှစ်မျိုးရှိပါလိမ့်၊ (သုံးမျိုးပါဘုရား)။

တကာတကာမတို့ ဒီနေ့ဖြင့် ကျုပ် နေကောင်းတယ်လို့ဆိုလို့ ရှိယင်ဖြင့် သုခဝေဒနာ ပေါ်တာပဲ၊ (မှန်လှပါဘုရား)။

http://www.dhammadownload.com



ဒီနေ့ဖြင့် ဟိုနေရာကိုက် ဒီနေရာ ခဲတယ်ဆိုလို့ ရှိယင် ဘာတုံး၊ (ဒုက္ခဝေဒနာပါ ဘုရား) ဒီနေ့ဖြင့် သင့်သလို ရှိပါရဲ့ဆိုတော့ (ဥပေက္ခာ ဝေဒနာပါ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ တစ်နေ့ထဲမှာ ဒီခန္ဓာ ကိုယ်ကြီးမှာဖြင့် ဝေဒနာ သုံးမျိုးပဲ လှည့်ပေါ်တာပဲ၊ (လှည့်ပေါ်ပါတယ် ဘုရား)။

တကာတကာမတို့ ခန္ဓာကိုယ်ထဲ ဝေဒနာ ဘယ်နှစ်မျိုး လှည့်ပေါ်သတုံး၊ (သုံးမျိုး လှည့်ပေါ်ပါတယ် ဘုရား)။

သုံးမျိုးပဲ လှည့်ပေါ်တယ် ဆိုတော့ ဘုန်းကြီးက ပေးလိုက်တယ်၊ ဝေဒနာသုံးမျိုးဟာတော့ တမျိုး တစ်မျိုးတော့ ရှိရမှာပဲ၊ (ရှိရမှာပါ ဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့တကာ တကာမတွေ ဝေဒနာ ကင်းရဲ့လားမေးယင် ဘယ့်နှယ် ပြောကြမလဲ၊ (မကင်းပါ ဘုရား) အဟုတ်ကို မကင်းတာ သိရဲ့လား၊ (သိပါတယ် ဘုရား)။

တစ်ခါတလေ ချမ်းသာတာနဲ့ နေရတယ်၊ (မှန်ပါ့) ဝေဒနာကင်းရဲ့လား၊ (မကင်းပါ ဘုရား) တစ်ခါတလေ ဆင်းရဲတာနဲ့ နေရတယ်၊ (မှန်လှပါ့) ဝေဒနာကင်းရဲ့လား၊ (မကင်းပါဘုရား)။

တစ်ခါတလေ ချမ်းသာဆင်းရဲ အလတ်စားနဲ့ နေရတယ်၊ ဥပေက္ခာ ဝေဒနာနဲ့ နေရတဲ့အခါ မရှိဘူးလား၊ (ရှိပါတယ် ဘုရား) ဒါလဲဘယ့်နှယ်ဆိုကြမလဲ၊ (မကင်းပါ ဘုရား)။

ဒါဖြင့်တကာတကာမတို့ ဘယ်အချိန်ကြည့်ကြည့် ဝေဒနာ

http://www.dhammadownload.com



နဲ့ တွေ့ရမယ်၊ (တွေ့ရမှာပါ ဘုရား) သဘောကျ ပလား၊ (ကျပါပြီဘုရား)။

ဘယ်အချိန်ကြည့်ကြည့်၊ (ဝေဒနာနဲ့ တွေ့ရပါမယ်ဘုရား)

အဲဒီ ဝေဒနာဟာ တစ်ခြားလားလို့ မေးလို့ ခင်ဗျားတို့ ကောင်းကင် လက်ညှိုးထိုးတဲ့ အခါမှာ တကာ တကာမတို့ ကောင်းကင်နဲ့ လွတ်အောင် ထိုးနိုင်ကြရဲ့လား၊ (မထိုးနိုင်ပါ ဘုရား)။

အထက်သာထိုး၊ ကောင်းကင်နဲ့လွတ်အောင် ငါ-လက်ညှိုး ထိုးမယ်ဆိုယင် ရူးတဲ့ပုဂ္ဂိုလ်ဖြင့် ပြောလိမ့်မယ်၊ (မှန်လှပါ) မရူးတဲ့ပုဂ္ဂိုလ်ဖြင့် မင်းထိုးချင်သလိုထိုး၊ ကောင်းကင်တော့ မလွတ်ဘူးကွ၊ (မလွတ်ပါဘုရား) မဆိုနိုင်ဘူးလား၊(ဆိုနိုင်ပါ တယ်ဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ ဉာဏ်နဲ့ လက်ညှိုးထိုးယင် ခန္ဓာထဲမှာ ထိုးချင်တဲ့အချိန်ထိုး ဝေဒနာနဲ့တွေ့မယ် (တွေ့ရပါမယ်ဘုရား) သဘောကျပလား၊ (ကျပါပြီ)။

ဉာဏ်နဲ့ လက်ညှိုးထိုးယင်၊ (ထိုးချင်တဲ့အချိန်ထိုးဝေဒနာနဲ့ တွေ့ရပါမယ်ဘုရား)။

ထိုးချင်တဲ့အချိန် ဉာဏ်နဲ့ ထိုးပါတကာတကာမတို့ဝေဒနာ နဲ့ သွားတွေ့မယ်၊ (တွေ့ပါတယ်ဘုရား) သဘောကျ ပလား၊ (ကျပါပြီဘုရား)။

ဒါဖြင့်ဝေဒနာဘယ်အခါမှမကင်းကြောင်းသေချာပလား (သေချာပါပြီဘုရား)ချမ်းသာယင်ဘာဝေဒနာ(သုခဝေဒနာ ပါဘုရား) ဆင်းရဲယင်၊ (ဒုက္ခဝေဒနာပါဘုရား)အလတ်စား

http://www.dhammadownload.com



ဖြစ်ယင်၊ (ဉပေက္ခာဝေဒနာပါဘုရား) အဲဒီဝေဒနာ သုံးမျိုးဟာ လှည့်နေတယ်၊ (မှန်ပါ)။

အဲဒါကို ခင်ဗျားတို့က ဘယ်ဝေဒနာပေါ်ပေါ် တကာတကာမတွေက အင်း–ဖြစ်ပြီး ပျက်တယ်လို့ ရှုပေးပါ၊ (မှန်လှပါဘုရား) သဘောကျပလား၊ (ကျပါပြီ)။

ဘယ်ဝေဒနာပေါ်ပေါ်၊ (ဖြစ်ပြီးပျက်တယ်လို့ ရှုရပါမယ်ဘုရား) ဖြစ်ပျက်ဆိုတာ အနိစ္စပါပဲ၊ (မှန်ပါ)။

ဘယ်ဝေဒနာပေါ်ပေါ် ဘယ့်နှယ်ဆိုကြမလဲ (ဖြစ်ပြီးပျက်တဲ့အနိစ္စပါ)ဖြစ်ပြီးပျက်တာပဲ၊ ဖြစ်ပြီးပျက်တာပဲလို့ကိုယ်ပေါ်မှာ ယားတာကလေးပေါ်လဲ ဖြစ်ပျက်ရှု၊ (မှန်ပါ) ကိုယ်ပေါ်မှာ ကောင်းတာ ကလေး ပေါ်ကော၊ (ဖြစ်ပျက် ရှုရပါမယ်ဘုရား)ဝမ်းထဲ ဝမ်းသာတာကလေး ပေါ်ယင်ကော၊ (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဝမ်းနည်းတာကလေး ပေါ်ယင်ကော (ဖြစ်ပျက်ရှုရပါမယ်ဘုရား) အကုန် ဖြစ်ပျက်ရှု၊ (မှန်လှပါ) သံသယကလေး ပေါ်လာယင်၊ (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဥဒ္ဓစ္စကလေးပေါ်လာယင်၊ (ဖြစ်ပျက်ရှုရပါမယ်ဘုရား) အဲ–အကုန်ရှု၊ အဲဒါ ဉပေက္ခာရှုနေတာ၊ (မှန်ပါ)။

မြင်တဲ့စိတ်ကလေး ပေါ်လာယင်ကော၊ (ဖြစ်ပျက်ရှုရပါမယ်ဘုရား) အဲဒါ ဉပေက္ခာရှုနေတာ၊ (မှန်ပါ) ကြားတဲ့စိတ်ကလေးကိုကော၊ (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဒါ–ဉပေက္ခာရှုနေတာ၊ သဘောပါပလား၊ (ပါ-ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့သန္တာန် ပေါ်ချင်တာပေါ် အကုန်ရှု၊ (မှန်လှပါ) သုခပေါ်လဲ သုခရှု၊ ဒုက္ခပေါ်ကော၊ (ဒုက္ခရှုရ

http://www.dhammadownload.com



ပါမယ်ဘုရား) ဥပေက္ခာ ပေါ်ယင် ဥပေက္ခာ ရှုရပါမယ်ဘုရား) အကုန်ရှုပါ၊ (မှန်ပါ့)။

အကွက်ကျကျ စေ့စေ့လိုချင်လို့ရှိယင်တော့ တကာ တကာမတို့ အခုဟာ ဝေဒနာသုံးမျိုးကို ဒါ-ဉာဏ်ကျဉ်းတဲ့ ပုဂ္ဂိုလ်တွေ ဟောနေတာ၊ (မှန်ပါ့)နောက် ရက်တာရှည်နာတဲ့ ပုဂ္ဂိုလ်ကျတော့ ဝေဒနာငါးမျိုးကိုလဲ သိရပါမယ်၊ (မှန်ပါ့)သဘောကျပလား၊ (ကျပါပြီ)။

အဲဒီတော့ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာ၊ (မှန်ပါ့) ဒါဖြင့် ခန္ဓာကိုယ်ကြီးဟာ ဝေဒနာက္ခန္ဓာ၊ (မှန်ပါ့ဘုရား)။

တစ်ခါ တလေကျတော့ ဝမ်းထဲမှာ တကာ တကာမတို့ ဝမ်းထဲမှာပေါ်သေးတယ်၊ သောမနဿဝေဒနာ ဒေါမနဿဝေဒနာ ဥပေက္ခာဝေဒနာလို့၊ (မှန်ပါ့)။

ဝမ်းထဲ ဘယ်နှစ်မျိုး ပေါ်ပါလိမ့်၊ (သုံးမျိုးပါဘုရား) ဒါဖြင့် ပြင်ဘက်မှာကော၊ (သုံးမျိုးပါဘုရား)ဝမ်းထဲမှာရော၊ (သုံးမျိုးပါဘုရား)။

ဒါဖြင့် ပြင်ဘက်မှာ သုံးမျိုး၊ ဝမ်းထဲမှာ၊ (သုံးမျိုးပါဘုရား) ပြင်ဘက်မှာပေါ်တာတွေလဲ ဖြစ်ပျက်ရှုပါ၊ (မှန်ပါ့) ဝမ်းထဲပေါ်ယင်ကော၊ (ဖြစ်ပျက်ရှုပါမယ် ဘုရား) သဘောကျပလား၊ (ကျပါပြီ)။

ပြင်ဘက်ပေါ်တဲ့ သုခ ဒုက္ခ ဥပေက္ခာကော၊ (ဖြစ်ပျက်ရှုရမှာပါဘုရား) အတွင်း ပေါ်တဲ့ သောမနဿ ဒေါမနဿ

http://www.dhammadownload.com



ဥပေက္ခာကော၊ (ဖြစ်ပျက် ရှုရမှာပါဘုရား) အကုန်ဖြစ်ပျက် ပေါ်ရာကိုသာ ရှုနေမယ်ဆိုလို့ ရှိယင်ဖြင့် တကာ တကာမတို့ ဖြစ်ပျက်ရှုလိုက်တဲ့ အခါကျတော့ အမှန်အကန်မြင်က သမ္မာဒိဋ္ဌိ၊ (မှန်ပါ့)။

ဖြစ်ပျက်မြင်တာက ဘာတုံး၊ (သမ္မာဒိဋ္ဌိပါဘုရား) သမ္မာဒိဋ္ဌိဟာ အဝိဇ္ဇာလား-ဝိဇ္ဇာလား၊ (ဝိဇ္ဇာပါဘုရား) ဩ်- အဝိဇ္ဇာချုပ်ပြီ။

ဒါဖြင့် တကာ တကာမတို့ အမှန်အကန်မြင်ယင် အဝိဇ္ဇာချုပ်တယ်၊ (မှန်ပါ့) အဝိဇ္ဇာမချုပ်သေးဘူးလား၊ (ချုပ်ပါတယ်ဘုရား)။

ဒီခန္ဓာကိုယ်ကြီးဟာ ဖြစ်ပြီး ပျက်နေတာ အသေကောင်ကြီးပဲဆိုတော့ လိုချင်သေးသလား၊ (မလိုချင်ပါဘုရား)။

ဒါဖြင့် ဖြစ်ပျက်ရှုလို့ရှိယင် အဝိဇ္ဇာနဲ့ တဏှာ သေတယ်၊ (မှန်ပါ့) ဖြစ်ပျက် ရှုယင် (အဝိဇ္ဇာနဲ့တဏှာ သေပါတယ်) သဘောကျပလား၊ (ကျပါပြီဘုရား)။

ဒါဖြင့် သုခဝေဒနာ ဖြစ်ပျက် ရှုယင်ကော၊ (အဝိဇ္ဇာနဲ့ တဏှာ သေပါတယ်)ဖြစ်ပျက်သာရှု အဝိဇ္ဇာနဲ့တဏှာ သေသေချာချာ သေတယ်၊ (မှန်ပါ့ဘုရား)။

သုခဝေဒနာ တွေ့ယင်ကော၊ (ဖြစ်ပျက် ရှုရပါမယ်) ဘာသေသတုံး၊ (အဝိဇ္ဇာနဲ့ တဏှာ သေပါတယ်ဘုရား)။

ဘယ်ဝဋ်ပြတ်သလဲ၊(ဝိပါကဝဋ်ပြတ်ပါတယ်)ငင်-အင်း ကိလေသဝဋ်ပြတ်တယ်၊ (မှန်ပါ့) ကိလေသဝဋ်ပြတ်ယင် ကမ္မ

http://www.dhammadownload.com



ဝင်္ခလာဦးမလား၊ မလာပါ (မလာပါ) ဝိပါကဝဋ်ကော၊ (မလာပါ) ဩော်ဒါဖြင့် ဒီတရားသည် ဝဋ်ပြတ်တဲ့ တရား၊ (မှန်ပါ့ဘုရား)။

ဒီတရား ဘာတရား ခေါ်ကြမလဲ၊ (ဝဋ်ပြတ်တဲ့တရားပါ) သေချာပလား၊(သေချာပါပြီ ဘုရား)။

ဒါဖြင့် ဝေဒနာခြောက်မျိုး ဟောနေပါတယ်၊ (မှန်ပါ့) အပြင်ဘက်မှာ သုံးမျိုး၊ကိုယ်ပေါ်မှာပေါ့ဗျာ၊ ကိုယ်တို့ မျက်လုံးတို့မှာ သုံးမျိုး၊(မှန်ပါ့) အတွင်းမှာကော၊(သုံးမျိုးပါ)

ကိုယ်ပေါ်မှာ သုခ ဒုက္ခ ဥပေက္ခာ အလှည့်နဲ့ပေါ့ဗျာ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီ) ဝမ်းထဲမှာ သောမနဿ ဒေါမနဿ ဥပေက္ခာ အလှည့်နဲ့ (မှန်ပါ့) မပေါ်ပေဘူးလား၊ (ပေါ်ပါတယ်) ပေါ်တာ ဟူသမျှ ဘာလုပ်ရမတုံး၊ (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက် ရှုတော့ တကာ တကာမတို့ နဝိုက အနိစ္စရှိမှန်း မသိဘူး၊ (မှန်ပါ့) အခုတော့ ဖြစ်ပျက်ဆိုတာ အနိစ္စ ရှိမှန်း သိတယ်၊ (သိပါတယ်) သိတော့ အဝိဇ္ဇာလား၊ ဝိဇ္ဇာလား၊ (ဝိဇ္ဇာပါ ဘုရား)။

ဩော်- ဝိဇ္ဇာ လာကတည်းက အဝိဇ္ဇာ ချုပ်ပါတယ်၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

ဝိဇ္ဇာ လာကတည်းက (အဝိဇ္ဇာ ချုပ်ပါတယ် ဘုရား) ကောင်းပြီ ဒါ ဖြစ်ပျက်တွေ မြင်တော့ တကာ တကာမတွေ ကိုယ့်ခန္ဓာကြီးဟာ အကောင်းလား အဆိုးလား ဆိုတာ သိသွားပြီ၊ (သိပါပြီဘုရား)ဆိုးမှန်းမသိဘူးလား၊(သိပါတယ်) ဆိုးမှန်းသိတော့ လိုချင်သေးသလား၊ (မလိုချင်ပါ ဘုရား)။

http://www.dhammadownload.com



မလိုချင်လို့ ရှိယင် ဖြစ်ပျက်မြင်တဲ့ သဘောသည် တကာ တကာမတို့ အဝိဇ္ဇာနဲ့တဏှာ သတ်ဘဲ့ သဘော၊(မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား,)။

ဘာသတ်ပါလိမ့်၊ (အဝိဇ္ဇာနဲ့ တဏှာ သတ်ပါတယ်ဘုရား) အဝိဇ္ဇာနဲ့ တဏှာ သတ်တယ် ဆိုကတည်းက ဘာဝဋ်မှု ပြတ်သတုံး၊ ကိလေသဝဋ်ပြတ်ပါတယ်) ကိလေသဝဋ် ပြတ် ကထဲက ဘယ့်နှယ်တုံး၊ (ကမ္မဝဋ် ပြတ်ပါတယ်) ကမ္မဝဋ်ပြတ်ကထည်းက (ဝိပါကဝဋ် ပြတ်ပါတယ်ဘုရား)။

ဒါဖြင့်အရေးအကြီးဆုံး ဘာဖြတ်ရမတုံး၊ (ကိလေသဝဋ် ဖြတ်ရပါမယ်ဘုရား)။

ဒါဖြင့် ဖြစ်ပျက်ရှုယင် ကိလေသဝဋ် ဖြတ်တယ် (မှန်ပါ့ဘုရား)။

တကာတကာမတွေ သဘော ကျပလား၊ (ကျပါပြီ) သုခဝေဒနာ ဖြစ်ပျက်ရှုလဲ ကိလေသဝဋ်ပြတ်တာပဲ၊ (မှန်ပါ့)ဒုက္ခဝေဒနာ ဖြစ်ပျက် ရှုယင်ကော၊ ကိလေသဝဋ် ပြတ်ပါတယ်။ ဥပေက္ခာဝေဒနာဖြစ်ပျက်ရှုယင်၊(က်သေသဝဋ်ပြတ်ပါတယ်) ကိလေသဝဋ်ပြတ်တာချည်းပဲ၊ (မှန်ပါ့ဘုရား)။

ဟော့–ကမ္မဝဋ် မင်း သွားတော့လို့ ဆိုဖို့ လိုသေးသလား၊ (မလိုပါ)ဝိပါကဝဋ် မင်းလဲ ကျွတ်တော့လို့ကော၊ (ဆိုဖို့မလိုပါဘုရား)။

နဂိုကထဲက တကာတကာမတို့ ကိလေသဝဋ်ကြောင့် ဘာဖြစ်သတုံး၊ (ကမ္မဝဋ်ဖြစ်ပါတယ်) ကမ္မဝဋ်ကြောင့်၊ (ဝိပါကဝဋ်ဖြစ်ပါတယ်ဘုရား)။

http://www.dhammadownload.com



အဲ–ကိလေသာဝဋ် ပြတ်ပေါ့ တကာကကာမတို့က ကမ္မဝဋ် လာနိုင်သေးရဲ့လား၊ (မလာနိုင်ပါ) သူမှမလာနိုင်ယင် ဝိပါက ဝဋ်ကော၊ (မလာနိုင်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝေဒနာနုပဿနာရှု၊ (မှန်ပါ့) သဘောပါကြပလား၊ (ပါ-ပါပြီ) ဝေဒနာ နုပဿနာရှုယင် ဘာဝဋ်ပြတ်သတုံး၊ (ကိလေသာဝဋ် ပြတ်ပါတယ်) သေချာ ပလား၊ (သေချာပါပြီဘုရား)။

ဒါဖြင့် ကိလေသာဝဋ်ပြတ်တဲ့ အခါကျလို့ရှိယင် ဟောဒီ– ဘက်ကနေပြီး တကာတကာမတို့ ပြစ်ပျက်ရှုလိုက်ဘဲ့ အတွက် အဝိဇ္ဇာနဲ့ တဏှာလာသေးရဲ့လား၊ (မလာပါ) အဝိဇ္ဇာတဏှာ မလာတော့ကိလေသဝဋ်မပြတ်ဘူးလား(ပြတ်ပါတယ်ဘုရား)၊

ဒါဖြင့်''ပုညာဘိသင်္ခါရ,အပုညာဘိသင်္ခါရ ဆိုတဲ့ ကမ္မဝဋ် ကော၊(ပြတ်ပါတယ်)နောက်အနာဂတ်ဘဝ ဝိပါကဝဋ်ကော (ပြတ်ပါတယ်ဘုရား)။

အင်း–ဝဋ်သုံးပါးကျွတ်တာ ၁-၂-၃-ဝဋ်သုံးပါး ကျွတ် သွားတယ်၊ (မှန်ပါ့)မကျွတ်ဘူးလား၊ (ကျွတ်ပါတယ်)ဘယ့် နှယ်ကြောင့် ကျွတ်ပါလိမ့်မတုံးဆိုတော့ ဝိပဿနာဉာဏ်လာလို့ ကျွတ်တာ၊ (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့် ကျွတ်ပါလိမ့်၊ (ဝိပဿနာဉာဏ်လာလို့ ပါဘုရား)။

ဒါဖြင့် ဝိပဿနာဉာဏ်ကင်း၍ ဝိပဿနာမလုပ်ဘဲနဲ့ ဝဋ် ကျွတ်လိမ့်မယ်လို့ မဟောနိုင်ဘူး၊(မှန်ပါ့)ဟောနိုင်ပါ့မလား၊ (မဟောနိုင်ပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ဖြစ်ပျက်မြင်တဲ့ ပုဂ္ဂိုလ်ဟာ ဘာဝဋ်ကျွတ်သလဲ(ကိလေသဝဋ်ပါ)ကိလေသဝဋ် ကျွတ်ယင်(ကမ္မဝဋ်ကျွတ်ပါတယ်)ကမ္မဝဋ်ကျွတ်ယင်၊ (ဝိပါက ဝဋ်ကျွတ်ပါတယ်) သဘောပါပလား၊(ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝဋ်ကျွတ်ချင် ဘာလုပ်ရမယ်၊ (ဝိပဿနာရှုရပါမယ်) ဝိပဿနာရှုရမယ်၊ သဘောကျပလား၊ (ကျပါပြီဘုရား)။

ဝဋ်ကျွတ်ချင်ယင် (ဝိပဿနာရှုရမှာမယ်)သေချာကြပလား (သေချာပါပြီဘုရား)။

အကယ်၍ ခင်ဗျားတို့သည် ဒီဟာကိုခင်ဗျားတို့ကဖြစ်ပျက် မရှုမိဘူး၊ သုခပေါ်လဲ မရှုမိဘူး၊ ဒုက္ခပေါ်လဲ၊ (မရှုမိပါ) ဥပေက္ခာပေါ်ကော၊ (မရှုမိပါ) မရှုမိတဲ့အပြစ်ဟာ အတော် ကြီးတယ်၊ (မှန်ပါ့ဘုရား)။

မရှုမိတဲ့အပြစ်ဟာ၊ (အတော်ကြီးပါတယ်) အတော်ကြီး လေးတယ်လို့ မှတ်လိုက်စမ်းပါ၊ (မှန်ပါ့ဘုရား)။

သုခမရှိဘူးဆိုယင် သုခဝေဒနာပစ္စယာ တဏှာ, ဥပါဒါန် ကံလာတယ်၊ (မှန်ပါ့) ပဋိစ္စသမုပ္ပါဒ်အလယ်က ဖောက်ထွက် တာပဲ၊ (မှန်ပါ့ဘုရား)။

ပဋိစ္စသမုပ္ပါဒ်၊ (အလယ်ကဖောက်ထွက်ပါတယ်) ဒါဖြင့် အလယ်ကစပြီး အဆုံးတိုင်အောင်ပဲ အစ,ကျအောင်ပြန်မပတ် ပေဘူးလား၊ (ပတ်ပါတယ်) ကဲ-မရှုမိတော့၊ (မှန်ပါ့)မရှုမိ ယင် တဏှာ, ဥပါဒါန် ကံမလိုက်ဘူးလား၊ (လိုက်ပါတယ်)

http://www.dhammadownload.com



ဒုက္ခဝေဒနာမရှိမိယင်၊ (ပြန်ပတ်ပါတယ်) ပဋိစ္စသမုပ္ပါဒ် ဘယ်က စ,သတုံး၊ (အလယ်ကစပါတယ်) အလယ်ကစပြီး ဖေါက်ထွက်တယ်၊ (မှန်ပါ့) ပဋိစ္စသမုပ္ပါဒ် ၃-မျိုးရှိတယ်နော်၊ (မှန်ပါ့ဘုရား)။

ကဲ-တစ်ခါသွားပါဦး၊ ဒုက္ခဝေဒနာ ပေါ်တယ်၊ တကာ တကာမတို့ဖြစ်ပျက်မရှုမိဘူး၊ဒေါသ,သောက,ပရိဒေဝမလိုက်ပေဘူးလား (လိုက်ပါတယ်)အဲဒါမသိတဲ့လူ ဖြစ်သောကြောင့် အဝိဇ္ဇာသင်္ခါရပါ လိုက်တယ်၊ (မှန်ပါ့ဘုရား) ပေါ်ပလား၊ (ပေါ်ပါပြီဘုရား) ဖဆိုးဝါးဘူးလား၊ (ဆိုးဝါးပါတယ် ဘုရား) ဒါဖြင့် အဆုံးကနေ ပြန်ပတ်တယ် အဝိဇ္ဇာသင်္ခါရ ကျအောင်၊ (မှန်ပါ့ဘုရား)။

အဆုံးကနေပြီးတော့၊ (ပြန်ပတ်ပါတယ်ဘုရား) အဆုံးက အစပြန်ပတ်ပါတယ်၊ (မှန်ပါ့) မရှုမိလို့၊ (မှန်ပါ့) ရိပ်မိပလား၊ (ရိပ်မိပါပြီ)။

ကဲ-ဒါဖြင့်တကာတကာမတို့ကဥပေက္ခာဝေဒနာပေါ်တာ မသိတဲ့လူက ဖြစ်ပျက်မရှုမိဘူးဗျ၊ (မှန်ပါ့) မရှုတော့ မသိလို့ မရှုတာ၊ (မှန်ပါ့) မသိတာက အဝိဇ္ဇာ၊ အဝိဇ္ဇာပစ္စယာ၊ (သင်္ခါရပါဘုရား) သင်္ခါရပစ္စယာ၊ (ဝိညာဏ်ပါ) ဟော-ဥပေက္ခာ မရှုမိလို့ရှိယင် တကာတကာမတို့ ဆဆက္ကသုတ်မှာ သေသေချာချာ လာပါတယ်၊ အစကနေ ပဋိစ္စသမုပ္ပါဒ် စ,ပြန်ပဟော့တဲ့၊ (မှန်ပါ့) ရိပ်မိပလား၊ (ရိပ်မိပါပြီ)။

http://www.dhammadownload.com



ဒါဖြင့် ဝေဒနာသုံးမျိုးကို တကာတကာမတို့ လှည့်ရှုရမယ် (မှန်လှပါဘုရား) မရှုတဲ့ပုဂ္ဂိုလ်မှာ ပဋိစ္စသမုပ္ပါဒ် အလယ်က ယင်လဲ စ,မယ်၊ အဆုံးကယင်လဲပြန်ပတ်မယ်၊ (မှန်ပါ့)သဘော ကျပလား၊ (ကျပါပြီ) အစကယင်လဲ စမယ်၊ (မှန်ပါ့) မဆိုး ဝါးဘူးလား၊ (ဆိုးဝါးပါတယ်ဘုရား)။

ဒါဖြင့်တကာတကာမတို့ ဒါ-သဘောပါပလား(ပါ-ပါပြီ ဘုရား) ကိုင်း.... ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ့်ဉာဏ်နဲ့ ဖြတ်ပါဆို တော့ ဖြစ်ပျက်ရှုပေး၊ (မှန်ပါ့)။

ဖြစ်ပျက်ရှုလိုက်တော့ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါယာ မ သမ္မာသတိ သမ္မာသမာဓိ မဂ္ဂင် ဘယ်နှစ်ပါးပါလိမ့်၊ (ငါး ပါးပါ ဘုရား)။

မဂ်သည် ဘာဖြတ်သတုံးဆိုတော့ ဘယ့်နှယ် ပြောကြမလဲ၊ (ကိလေသာဖြတ်ပါတယ်ဘုရား) သူ့နောက်က ကိလေသဝဋ္ဋ လာသေးရဲ့လား၊ (မလာပါဘုရား)အဲဒီတော့ မဂ်ဟာ ကိလေ သာဖြတ်တယ်ဆိုတာမပေါ်သေးဘူးလား (ပေါ်ပါပြီဘုရား) မဂ်သည် ကိလေသာကိုဖြတ်တယ်ဆိုတာ သေချာပလား၊ (သေ ချာပါပြီဘုရား)ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဖြစ်ပျက်နဲ့ မဂ် ကိုက်အောင်လုပ် (မှန်ပါ့ဘုရား) ဖြစ်ပျက်နဲ့၊ (မဂ်နဲ့ ကိုက်အောင်လုပ်ရပါမယ် ဘုရား)။

ဒီကြားမှာ ကိလေသာ ကြားမထိုးစေနဲ့၊ (မှန်ပါ့)ကိလေ သာ ကြားမထိုးလို့ရှိယင် ညနေအားထုတ်ယင်၊ (မနက်ရပါ

http://www.dhammadownload.com



တယ်ဘုရား) မနက် အသားထုတ်ယင် (ညနေရပါတယ်ဘုရား) ဘာကြားမထိုးမှတုံး၊ (ကိလေသာ ကြားမထိုးမှုပါဘုရား)။

ဒါဖြင့် တကာ တကာမကို ဝေဒနာခြောက်မျိုးကို ဘုန်းကြီးက ပြောတယ်၊ (မှန်ပါ) ဒါ- ဖြစ်ပျက်မြင်အောင် ရှုပါ ဆိုတာ လေးစားစွာနဲ့ တိုက်တွန်း လိုက်ပါတယ်၊ (မှန်ပါ ဘုရား)။

ကိုင်း....နာရီစေ့ပြီ၊ ယနေ့ တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု။

http://www.dhammadownload.com

ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း မိုးကုတ်ဆရာတော်ဘုရား
အမရပူရမြို့မ၌ရှိ၍ ဟောကြားတော်မူသော
(ဒုက္ခမှ လွတ်မြောက်ကြောင်း လမ်းခွဲရှာရန်)

# နေ့အလုပ်ပေး-တရားတော်

(၁၃-၈-၆၁)

အားလုံး တရားနာကြတဲ့ တကာ တကာမတွေ လမ်းရိုးကြီးလျှောက်မနေဘဲနဲ့ လမ်းခွဲလဲ ရှာကြပါဦးဆိုတာ သတိပေးလိုက်တယ်နော်၊ (မှန်လှပါဘုရား)။

လမ်းရိုးကြီး လျှောက်ပြီးသကာလ မနေပါနဲ့၊ လမ်းခွဲရှာကြပါဆိုတဲ့ ဥစ္စာကို သေသေချာချာ သတိပေးရတယ်၊ (မှန်လှပါဘုရား)။

လမ်းရိုးကြီး လျှောက်ဆိုတာတော့ တစ်ခြား မဟုတ်ပါဘူး၊ တကာ တကာမတို့ အခုဘယ်နေရာ ဘယ်ဌာနက လာခဲ့ကြသတုံးလို့ ဒီဘဝအစ မေးလို့ရှိယင်ဖြင့် တပည့်တော်တို့ အမိဝမ်းခေါင်းထဲက လာခဲ့ကြတယ်၊ ဒါပဲဖြေကြမယ်၊ (မှန်လှပါဘုရား) ဇာတိက လာတာပေါ့ဗျ၊ (မှန်ပါ)။

ဩော်- ဇာတိ ဘာသစ္စာပါလိမ့်၊ (ဒုက္ခသစ္စာပါဘုရား) ဩော်-တကာ တကာမတို့ ဒုက္ခသစ္စာက စ,ခဲ့ကြတယ်၊(မှန်ပါဘုရား)။

http://www.dhammadownload.com



ဘယ်ကမျှား စ,ခဲ့ကြသလဲ၊ (ဒုက္ခသစ္စာက စ,ခဲ့ပါတယ်ဘုရား)။

ပဋိသန္ဓေနေခန်းဟာ တကာ တကာမတို့ အမိကျင်ကြီးပေါ်မှာ ထိုင်ပြီးသကာလ အမိစားထားတဲ့ ခွေးအန်ဖတ်နဲ့တူတဲ့အစာတွေ ခေါင်းပေါ်ရွက်ပြီး အမိကျောဘက် မျက်နှာမူပြီးသကာလ နံနံစော်စော် မလှည့်သာ မပတ်သာနဲ့ နေခဲ့ရတဲ့နေရာ၊ (မှန်လှပါဘုရား)။

ဒါကို တကာသစ်တို့ တကာကြွယ်တို့က ချမ်းသာတယ်ဆိုမလား-ဆင်းရဲတယ်ဆိုမလား၊ (ဆင်းရဲပါတယ်ဘုရား)။

ဘယ်သူက ရေချိုးပေး၍ ဘယ်သူက အဝတ်သဲပေးသတုံးမေးလို့ရှိယင်ဖြင့် ခိုကိုးရာမဲ့တစ်ကောင်ကြွက်ပါဘုရား၊ (မှန်ပါဘုရား)ခိုကိုးရာမဲ့ တစ်ကောင်ကြွက်ဆိုတာ သေချာကြပလား၊ (သေချာပါပြီဘုရား)။

ဒါဖြင့် ဇာတိသည် တကာ တကာမတို့ ဘယ်အချိန် ချမ်းသာလို့ ဘယ်အချိန်ကျန်းမာပါမလဲ မေးလို့ရှိယင်ဖြင့် ဖြေစရာအကွက် မပါပါဘူး၊ (မပါပါဘုရား) ချမ်းသာမှု-ကျန်းမာမှု လုံးလုံးကင်းတယ်ဆိုတာ အဖြေထုတ်ပေတော့(မှန်ပါ)။

ဒါဖြင့် 'ဇာတိပိဒုက္ခာလို့'ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟောတော်မူတာသည် အနေအထိုင် ဆင်းရဲမှုကို သော်လည်းကောင်း၊ အစား အသောက် ကြပ်တည်းမှု ကိုသော် လည်းကောင်း၊ ဆောင့်ကြောင့်ထိုင်ပြီးသကာလ ဒူးနှစ်ခုက ဆောင့်ဆောင့်ထိုင် တတောင်နှစ်ခုက ဒူးပေါ်တင်၊ လက်နှစ်ခုက ခေါင်းပေါ်အုပ်၊ ယှက်ပြီးအုပ်၊ အမိကျောဘက် မျက်နှာမူ

http://www.dhammadownload.com



အောက်ကထိုင်ရတာက ကျင်ကြီး၊ အပေါ်ကရှက်ထားတာက အစာသစ်တွေပေါ့ဗျာ၊ (မှန်ပါ) မလှည့်သာ မပတ်သာနဲ့ ကိုးလခွဲဆယ်လတိုင်တိုင် တကာကြွယ်တို့ ကျုပ်တို့နေခဲ့ရတယ် (မှန်လှပါဘုရား)ဘာသစ္စာပါလိမ့်၊ (ဒုက္ခသစ္စာပါဘုရား)။

ဒါ့ကြောင့် တကာ တကာမတို့ လမ်းခွဲရှာတော့ လမ်းခွဲရှာတော့ဆိုတာ ဒီနေရာက စ,တဲ့လမ်းဖြင့် မကောင်းတဲ့လမ်းပဲသာ မှတ်ပေတော့ (မှန်လှပါဘုရား) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

ဒီကနေပြီးသကာလ ကိုးလလွယ် ဆယ်လဖွားဆိုပြီးသကာလ ဖွားမည့်နေရာ ရောက်ဖို့ရာ အရေးဟာလဲ ကမ္မဇလေက တွန်းလိုက်မှုတ်လိုက်တဲ့ အခါကျလို့ရှိယင်ဖြင့် အင်မတန်ကျဉ်း မြောင်းတဲ့ နေရာဌာနမှ ထွက်ပေါက်ရှာရတာလဲ တကာသစ် လွယ်ပါ့မလား၊ (မလွယ်ပါဘုရား)။

ဖွားကာနီးဒုက္ခတွေလဲ မသက်သာဘူးပေါ့ဗျာ၊ (မသက်သာပါဘုရား) ဖွားပြီး အပြင်ဘက်ရောက်တဲ့ အခါလဲ ကိုင်ကြ တွယ်ကြ ရေချိုးကြ ခေါင်းရိတ်ကြနဲ့ဆိုတဲ့ ဥစ္စာကလဲ ဘေးက ပုဂ္ဂိုလ်ကသာ လှစေချင်- ပစေချင်လို့ ခံရဘဲ့ပုဂ္ဂိုလ်ကတော့ နည်းနည်းမှ မသက်သာဘူး ဆိုတော့ ဩော်-နေတုန်းကလဲ မသက်သာ၊ အပြင်ရောက်တော့လဲ ဆင်းရဲဆိုတဲ့ဥစ္စာ ထင်ရှား နေတယ်၊ (ထင်ရှားပါတယ် ဘုရား) မထင်ရှားဘူးလား၊ (ထင်ရှားပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေမှာ ဒီလမ်းဖြင့် နောက်ထပ် မသွားတော့ပါဘူး၊ ဒီနေရာဖြင့် နောက်ထပ်

http://www.dhammadownload.com



မနေချင်တော့ပါဘူးဆိုတဲ့ ဉာဏ်တွေဟာတကာကြွယ်တို့ဦးလှ ဘူးတို့ ရောက်ဖို့အချိန် သင့်ပါပြီ၊ (သင့်ပါပြီ ဘုရား) ဒါ လမ်းရိုးကြီးဆိုတာသဘောကျပလား၊ (ကျပါပြီဘုရား)

ကိုင်းဒါဖြင့် ရှေ့ဆက်ပြီးသွားပြန်တော့ အဝတ်ကလေးနဲ့ ထုပ်ပြီး ပုခက်ကလေးနဲ့သော်လည်းကောင်း၊ ဘမ်းကလေးနဲ့ သော်လည်းကောင်းမိမိတို့အကျိုးပေး သလိုပေါ့ဗျာ၊ နေကြ ထိုင်ကြတဲ့အခါမှာသဲ ကိုယ့်ကျင်ကြီးနဲ့ ကိုယ့် ကျင်ငယ်နဲ့ လုံး ထွေးပြီးသကာလ လူ့ဒုက္ခတကလေး ရေတောင်းလို့မှ ရေပေး မည့်လူ မရှိ၊တောင်းတတ်တဲ့ အသံလဲမထွက်၊(မှန်ပါ့)လက်ပြ နိုင်တဲ့ အခြေအနေမျိုးကလဲမရှိသေး၊(မှန်ပါ့) ဒီနေရာမှာလဲ ခိုကိုးရာမဲ့ တစ်ကောင် ကြွက်ကလေး ခြင်ကိုက်လို့မှ မဖျောက် တတ်ဆိုတဲ့ ဥစ္စာ ဒီလမ်း လာမိလို့ ဒီ နေရာ ရောက်ရတယ်၊ (မှန်ပါ့) ရှင်းကြပလား၊ (ရှင်းပါပြီ)။

ဒါ–ဘာသစ္စာ ဆိုကြမယ်၊ (ဒုက္ခသစ္စာပါဘုရား) ဩော်– ခုနင်က အမိ ဝမ်းခေါင်းထဲကတော့ ဇာတိဒုက္ခ၊ အခု အပြင် ရောက်လာပြန်တော့လဲ ညှဉ်းဆဲမှု ခံရတဲ့ ဒုက္ခတွေကြောင့်လဲ မသက်သာဘူး၊ (မသက်သာပါဘုရား) ဒီကနေပြီး တစ်နေ့ တခြားကြီးရင့်လာတာလဲ သေခါနီးဖြစ်လာတာပဲ၊(မှန်ပါ့)။

ကြီးရင့်လာတာ ဘယ့်နှယ် ဆိုကြမလဲ၊ (သေခါနီး ဖြစ် တာပါဘုရား)။

သေခါနီး ဖြစ်လာတာ ထောက်လို့ရှိယင်လဲ ဇရာပိဒုက္ခာ– ဆိုတော့ ဒီလမ်းပဲ ရှိတာပဲ၊ (မှန်ပါ့)။

http://www.dhammadownload.com



ဩဇာ-ဒါဖြင့် ပဋိသန္ဓေနေတုန်းကလဲဆင်းရဲခဲ့တယ်၊ ယခု အခါမှာလဲ ဆင်းရဲလက်စ သတ်ပါ့မလား၊ (မသတ်သေးပါ ဘုရား)။

ဆင်းရဲလက်စ မသတ်တော့ဘူးဆိုတာ တကာတကာမတွေ့ မြင်တဲ့အတိုင်းပေါ့ဗျာ၊ (မှန်ပါ့)နောက်ကျလာတဲ့အခါ နာ၊ ပင်း, သွားကျိုး, ဆံဖြူတဲ့ ဇရာဒုက္ခကြီးနဲ့လဲ ဒီ ခန္ဓာကြီးကပဲ ပွားလာတယ်၊ (မှန်ပါ့) ဘယ်သူ ပေးလို့မှ ရတာ မဟုတ်ပါ ဘူး၊ (မှန်ပါ့)ခန္ဓာထဲက ထွက်လာတဲ့ ဇရာဒုက္ခပဲ၊ (မှန်ပါ့)။

ဇီဝကတေဇောက ရင့်အောင် ကျက်အောင် လုပ်လိုက်တဲ့ အတွက် မင်း ဆုတောင်း ပြည့်အောင်တော့ အိုအောင် မင်း အောင် ရိုက်နှက်ပြီး သကာလ လောင်ကျွမ်း ပေးဦးမှာပဲ ဆိုတဲ့ ဇီဝကတေဇော၏ စွမ်းရည်သတ္တိကြောင့် တကာကြွယ်ရေ ဆံဖြူ သွားကျိုး အရေတွန့်လိပ် ငယ်မူတွေ ပျောက်ပေါ့ဗျာ၊ (မှန်ပါ့ဘုရား)။

ဒါက လမ်းရိုးအတိုင်း လိုက်လာတဲ့ ပုဂ္ဂိုလ်၏ တွေ့ရမည့် လမ်းစဉ်ကိုးဗျ၊ (မှန်ပါ့)တော်တော်ကြာ ကျလာတဲ့ အခါ ဆရာဝန်ဆေးသမားတွေ ဝိုင်းပြီးသကာလ အိပ်ရာဖျာ ကပ်နဲ့ ဘာဖြစ်သတုံး၊ ဘာဖြစ်သတုံးနဲ့ မေးမည့်လူတွေကလဲတပုံကြီး ပေါ့ဗျာ၊ (မှန်ပါ့)။

ဘာဖြစ်သတုံးလို့ မေးမည့်လူတွေကလဲ မေးချင်လို့ မေး ရတာလားလို့ မေးလို့ရှိယင်ဖြင့် သေခါနီးပလား သေခါနီး ပလားလို့ မေးတာ၊ (မှန်ပါ့)။

http://www.dhammadownload.com



ဘယ်လို မေးတာပါလိမ့်၊ (သေခါနီးပလား သေခါနီးပလားလို့ မေးတာပါဘုရား)။

အဲဒါ ခင်ဗျားတို့က လူမေး သူမေးများလို့ရှိယင်လဲ တော်တော်ဂုဏ်ရှိတဲ့ လူနာပဲလို့ တကာကြွယ်တို့ကလဲ ထင်ချင် ထင်လိမ့်မယ်၊ (မှန်ပါ) ငါ့ကိစ္စ ရှိတာက္ခ ဘယ်သူမှ လာမမေးဘူးလို့ လူမမာကလဲ ခုနင်ကပြောသလို ဂုဏ်လိုချင်တဲ့ လူမမာ ဖြစ်နေတော့ဗျာ ခိဒုက္ခသူ နားမလည်ဘူး၊ (နားမလည်ပါဘုရား)။

ဗျာခိဒုက္ခဟာ လူမမြင်သူမမြင်နဲ့ ခံလို့ရှိယင် အရှက်ကွဲတဲ့ကိစ္စ နည်းနည်းသက်သာတယ်(မှန်ပါ)အခုတော့ အရှက်ကွဲတဲ့ ကိစ္စ သက်သာရဲ့လား၊ (မသက်သာပါဘုရား)။

အဲဒါတွေထောက်ကြည့်တော့ ခင်ဗျားတို့ဖြစ်စဉ်ကလဲ့ ဒို-ငါ-မမာနေတာ ဘယ်သူမှ လာမမေးဘူးလို့ မောင်တွေ-နှမတွေကကွာ ကြိမ်းမျှားထားလိုက်တဲ့အခါ ပါလိုက်သေးတယ်၊ (ပါပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် ကြိမ်းဖြစ်တာပါလိမ့်မတုံး ဆိုတော့ ငါ တစ်ယောက်တည်း အရှက်ကွဲရသေးတယ်၊ အများလူပုံအလယ်မှာ အရှက်မကွဲရသေးလို့ ကြိမ်းတာနဲ့တူလိုက်တာ၊ (မှန်ပါဘုရား) သဘောပါပလား၊ (ပါပါပြီ)။

တစ်ယောက်တည်း အရှက်ကွဲတာကို လူမမာက ကျေနပ်ကဲ့လား၊ (မကျေနပ်ပါဘုရား) အများတွေလာမေးပြီး အရှက်ကွဲခံချင်သေးလို့ တကာကြွယ်တို့ ကြိမ်းဝါးမှုတွေ လာတာပေါ့ဗျ၊ (မှန်ပါဘုရား)။

http://www.dhammadownload.com



သစ္စာမသိတော့ကြည့်စမ်း၊(မှန်ပါ) သစ္စာမသိတော့ မမာတာ ရိုးရိုးမမာတာ မဟုတ်သေးဘူး၊ဘေးကပုဂ္ဂိုလ်တွေမလာတာတောင်မှ သူ့စိတ်ထဲ မကျေနပ်မှု တဏှာသစ် ရှိနေသေးတယ်၊ (ရှိပါတယ်ဘုရား)။

ဘာဖြစ်လို့မကျေနပ်မှုရှိတာတုန်းဆိုတော့သစ္စာမသိတော့ တစ်ယောက်တည်း ဆင်းရဲနေရတာ တစ်ယောက်တည်းအရှက်ကွဲနေရတာ မကျေနပ်လို့ လူပုံထဲအရှက်ကွဲချင်လို့ လူမလာဘူးလားဆိုတဲ့ မေးခွန်းတွေ ထုတ်ရသေးတယ်၊ (မှန်ပါ့ဘုရား) မဆိုးဝါးဘူးလား၊ (ဆိုးဝါးပါတယ်ဘုရား)။

အဲဒါတွေ ကြပ်ကြပ်စဉ်းစားတော့မှ သြော်–သစ္စာမသိဘဲနဲ့ လူမမာ ဖြစ်နေတာတောင်မှ တဏှာကြွယ်ရေ ဂုဏ်လိုချင်တုန်း ဖြစ်နေတယ်၊ (မှန်လှပါဘုရား)။

နောက်ကျလာတဲ့အခါကျတော့ တဏှာတဏှာမတွေ ဗျာခိကနေပြီး သေခါနီးဆိုတဲ့ မရဏလမ်းကို မသွားရဘူးလား၊ (သွားရပါတယ်ဘုရား) ဒါလဲ ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါဘုရား)။

သြော်– ဒါဖြင့် တဏှာ တဏှာမတို့ အစက ဒုက္ခသစ္စာ၊ အလယ်နှစ်ခုကကော၊ (ဒုက္ခသစ္စာပါဘုရား) အဆုံးကကော၊ (ဒုက္ခသစ္စာပါဘုရား)။

တစ်ခါစုတိပြီး ပဋိသန္ဓေက လာပြန်တယ်တဲ့၊ နောက်ဘဝပဋိသန္ဓေလာပြန်တော့ ဘာသစ္စာတုံး၊(ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် တဏှာတဏှာမတို့ ဒီလမ်းဟာဖြင့်ဘယ်အချိန် ဘယ်ကာလ ဘယ်ခဏမှ ချမ်းသာဆိုတာမပါဘူးဆိုတဲ့ တဏှာသစ်

http://www.dhammadownload.com



တကာကြွယ် ဦးလှဘူးတို့ မှတ်ဖို့ပဲ၊ (မှတ်ဖို့ပါဘုရား)ရှင်းပြီ နော်၊ (ရှင်းပါပြီ)။

ဒါဖြင့် ဒါဟာ လမ်းရိုး၊ (လမ်းရိုးကြီးပါဘုရား)တကာ တကာမတို့ ဘယ်လိုဆိုကြမယ်၊ (လမ်းရိုးကြီးပါ ဘုရား)။

ဩော်- တကာတကာမတို့ ဒီလမ်းပဲ သွားစရာ ရှိသလား၊ လမ်းခွဲမရှာကြတော့ဘူးလားဆိုတဲ့ မေးခွန်းဟာ ဆရာသမား ကမေးရမယ်၊(မှန်ပါ့)မမေးလို့ရှိယင် ဒီ တကာတကာမတွေ ဟာ ဒီလမ်းပဲ သွားနေမှာပဲ၊ (မှန်ပါ့) မသွားပေဘူးလား၊ (သွားပါတယ်ဘုရား)။

အဲဒီတော့ တကာတကာမတို့ လမ်းခွဲရှိသေးတယ်၊(မှန်ပါ့) ဒီလမ်းတွေ မသွားကြပါနဲ့ ခင်ဗျားတို့ အစမကောင်း အဆုံး မကောင်း နောက် အရေးက်မကောင်း ဆိုတာ မကောင်းဟူ သရွေ ဒီလမ်းဟာ စုံနေပါတယ်၊ မဆိုထိုက်ဘူးလား၊(ဆိုထိုက် ပါတယ်ဘုရား ။

အဲဒါကြောင့်တကာတကာမတို့ဒီလမ်းသည်ကားလို့ဆိုယင် ဖြင့် ဘုရားက အဘိဏှသုတ်မှာ မလွန်ဆန်နိုင်တဲ့လမ်းလို့ ဟော တယ်၊ (မှန်ပါ့ဘုရား)။

အဲဒီတော့ တကာတကာမတွေက ဘယ်လို ယူလိုက်သတုံး၊ ဩော်- ဘုရားတောင်မှ မလွန်ဆန်နိုင်တဲ့လမ်းပဲ၊ ဒို့ဖြင့် သွား ရမှာပဲဆိုပြီး လမ်းခွဲမရှာကြတော့ဘူး၊ (မှန်ပါ့) ရှာသေးရဲ့ လား၊ (မရှာပါဘုရား)။

လမ်းခွဲမရှာတော့ ဒီတကာတကာမတွေ ဘုရားကတော့ ဘုရားစိတ်ထား ဘုရားနှလုံးသွင်းကတော့ ဒီလိုမဟုတ်ပါဘူး၊ (မှန်လှပါဘုရား) "ဇာတိပိဒုက္ခာ၊ ဇာတိံ အနတီတော"

http://www.dhammadownload.com



သြော်– မပြတ်ဆင်ခြင်ကွ၊ ဒါမှမင်းလွတ်ချင်လိမ့်မယ်၊ (မှန်ပါ့ဘုရား)။

ဘုရားက ဒီလိုအကြောင်းရှာဖို့ ဟောတာ ခင်ဗျားတို့ကတော့ ဘုရားက ဒီလိုဟောထားတယ်၊ ဘယ်လွတ် လိမ့်မတုံး။ (မှန်ပါ့)။

ရော–လွတ်ကြောင်း အရှာခိုင်းတဲ့ဥစ္စာ ခင်ဗျားတို့က ဒီအတိုင်း သွားပါမယ်လို့ ဘုရားတောင်မှဒီအတိုင်းဟောထားတယ်၊ ဒီအတိုင်းတော့သွားရတော့မှာပဲဆိုပြီး ခင်ဗျားတို့အယူက တစ်ခြားဖြစ်နေတယ်၊ (တစ်ခြားဖြစ်နေပါတယ်ဘုရား)။

ဒါ-သေသေချာချာ ကြံလုံးနဲ့လာမှ၊ ကြံလုံးနဲ့မလာလို့ ရှိယင် အဘိဓာသုတ်က ဒီအတိုင်းလာတယ်ဘုရားလို့၊ တကာကြွယ်က ပြောချင်ပြောလိုက်မယ်၊ (မှန်ပါ့) မဟုတ်ပါဘူးတဲ့ ဦးလှဘူးရ၊ (မှန်ပါ့ဘုရား)။

'ဇရာမမ္မောမှိ၊ ဇရံအနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ' အိုတတ်တဲ့ သဘောတရားသည် ရှိ၏ ထိုအိုတတ်တဲ့ သဘောကို မလွန်နိုင်ဟု မပြတ် မင်းဆင်ခြင်၊ (မှန်ပါ့)။

ငါသည်ကားလို့ဆိုလို့ရှိယင်ဖြင့် အိုရတဲ့သဘောကို မလွန်နိုင်လို့ အိုရပြီဆိုပြီး မအိုရာ ရှာမယ်လို့ ဒီလိုဉာဏ်ပေါ်အောင်လို့ ဟောတာ၊ (မှန်ပါ့)။

ဒီလိုဉာဏ်ပေါ်အောင်လို့ဟောတာ တကာတကာမတွေ့က ဒီလိုဉာဏ်ပေါ်သလား၊ ဘုရားက ဒီလို ဟောထားတယ်၊ ဒီလိုသွားရမှာပဲလို့ယူသလား၊ (ဒီလိုသွားရမှာလို့ ယူဆပါတယ်ဘုရား)။

http://www.dhammadownload.com



ဖြစ်မှုဖြစ်ရပလေ တကာ တကာမတို့၊ ဘုရားက ဒါကြီး သည်ကားလို့ ဆိုယင်မသွားကောင်းတဲ့လမ်းဆိုပြီး ဟောထား တာ ခင်ဗျားတို့က ဩြော်- ဒီအတိုင်း သွားရမှာပဲ ဆိုတော့ မသွားကောင်းတဲ့လမ်းပေမယ့် ကိုယ်က ဉာဏ်စွမ်းမရှိတော့ ဒီ လမ်းပဲသွားတော့မယ်ဆိုတဲ့ အဓိပ္ပါယ်ရောက်တယ် (ရောက်ပါ တယ်ဘုရား) မဆိုးဝါးဘူးလား၊ (ဆိုးဝါးပါတယ်ဘုရား)။

အေး-ဒါကြောင့် ဆရာသမားသည် ပြင်ဆင်ပေးနေတယ် ဆိုတာကိုလဲ ခင်ဗျားတို့ လမ်းခွဲ ရှိပါသေးတယ်လို့ အစက ချီးခဲ့တယ်၊ (မှန်ပါ)။

လမ်းခွဲ ဘာတုံး၊ (ရှိပါသေးတယ် ဘုရား) အဲဒီတော့ လမ်းခွဲတော့ ခင်ဗျားတို့က ဂရုမစိုက်ဘဲနဲ့ လမ်းရိုးကြီးချည့် လိုက်နေကြမယ် ဆိုလို့ရှိယင် ''ဗျာဓိမမ္ဘောမှိ ဗျာဓိ အနတီ တောတိ''ဩြော်-ဘုရားက ဒါဟာ အနာနှိပ်စက်တဲ့ကိစ္စ၊ဘယ် သူမှ မလွန်ဆန်နိုင်ဘူးတဲ့၊ ဒါကြောင့် ဒို့လဲ တွေ့ရတာပဲ၊ ဒီ တွင် ထိုင်လိုက်တယ်၊ (ထိုင်ပါတယ်ဘုရား)။

ဟာ-အဗျာဓိ လို့ ဟောထားတာ၊ (မှန်ပါ) ဒါကိုတော့ ဉာဏ်က မရောက်ဘူး၊ (မရောက်ပါဘုရား)။

မလွန်နိုင်လို့ ခံရချည်သေး ဘုရားဆိုတော့ ကိုယ်က ဘုတ် ထိုင် ထိုင်ပြီးသကာလ ရိုက်သရွေ့ ခံမယ်ဆိုတဲ့ အဓိပ္ပါယ်မျိုး သာ တကာသစ် ရောက်တယ်၊ (ရောက်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဘုရားက–ဗျာဓိမေမွာမို "ဗျာဓိ" အနတ်တီတော်တို အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ" မင်းတို့ကော မလွန်ဆန်နိုင်တာကို ဆင်ခြင် စမ်းပါ၊ ဆင်ခြင်လိုက်လို့ရှိယင်ဖြင့် ဗျာဓိကိစ္စလွတ်ရာ ရှာပါ တော့မယ်ဆိုတဲ့ ဉာဏ်ညွန့် ကလေးများ ပေါက်လာအောင်လို့ ဟောတာ၊ (မှန်လှပါဘုရား)။

ခင်ဗျားတို့က ဉာဏ်ညွန့် မပေါက်ဘဲနဲ့ ဒီလမ်းသွားရ ချည်သေး ဒီလမ်းသွားရချည်သေး၊ (မှန်ပါ့) တယ် ဆိုးပါ လား၊ (ဆိုးပါတယ်ဘုရား)။

ဒါဖြင့် တကာကြွယ် မသိတာ အဆိုးဆုံး၊ (မှန်လှပါ) လမ်းခွဲ အရှာခိုင်းတာ ခင်ဗျားတို့ကလမ်းရိုးကြီးပဲ ဘုရားက ဟောထားလို့ ဒီလမ်းသွားရမှာပဲဆိုတဲ့ အစိပ္ပါယ်မျိုး ရောက် နေတယ်၊ (ရောက်ပါတယ်ဘုရား)ရောက်တော့ တကာတကာမ တွေ လမ်းခွဲရှာဖြစ်သေးရဲ့လား၊ (မရှာဖြစ်ပါဘုရား)။

မရှာဖြစ်တော့ ဒီလမ်းချည့်ပဲ လှည့်နေရမယ် ဆိုတော့ ဒီ ပဋိစ္စသမုပ္ပါဒ်ကလဲ တကာတကာမတို့ ဘယ်တော့ ပြတ်မလဲ၊ (ဘယ်တော့မှ မပြတ်ပါဘုရား)။

ဒါ–လမ်းခွဲ မတွေ့တဲ့ ပုဂ္ဂိုလ်မှာဖြင့် ဘယ်အခါ ကာလမှ ပြတ်လိမ့်မယ်ဆိုတာဖြင့် အယူမရှိပါနဲ့ (မှန်လှပါ)။

ကဲ–ဒါဖြင့်တကာတကာမတို့ ကျုပ်တို့လမ်းခွဲ ရှာကြပါစို့ လို့ဆိုတော့ ဘယ်အချိန် လမ်းခွဲ ရှာရမှာတုံး ဆိုတော့ ဇာတိ ဒုက္ခတုန်းကလဲ အမိ ဝမ်းခေါင်းထဲ နေတော့ ဆရာကောင်း သမားကောင်းက မတွေ့နိုင်ဘူး၊ (မတွေ့နိုင်ပါဘုရား)တွေ့နိုင် တဲ့ နေရာဌာနကလဲ မဟုတ်လို့ မတွေ့နိုင်ဘူး၊ (မှန်ပါ့)။

http://www.dhammadownload.com



ဇရာနည်းနည်း အိုလာပြန်တဲ့အခါ အိုတယ်ဆိုတာ ကာလသားလဲ အအိုပဲ၊ အပျိုကလေးလဲ အအိုပဲ၊ (မှန်ပါ့) ဘာဖြစ်လို့တုံးဆိုတော့ သေမည့်ဘက် နီးတယ်၊ (မှန်ပါ့) မနီးဘူးလား၊ (နီးပါတယ်ဘုရား)။

အဲဒါ နီးပြီးသကာလနေတော့ ဒါဟာ ဇရာပဲ၊ အဲဒီဇရာကနေပြီး ဗျာဓိမရဏသို့မရောက်ခင် ဒီနေရာမှာ လမ်းခွဲကလေးရှာပါ၊ (မှန်ပါ့)။

ဇရာကနေပြီး ဗျာဓိ မရောက်ခင် ဘာတုံး၊ (လမ်းခွဲပါဘုရား) ဒီနေရာလမ်းခွဲရှာပါ၊ ရှာတတ်ကြပလား၊ (ရှာတတ်ပါပြီဘုရား)။

အခု တကာ တကာမတွေ ဇရာထဲရောက်နေတာ သေချာပြီ၊ (သေချာပါပြီ ဘုရား) ဗျာဓိ ဆိုတာတော့ဖြင့် အိပ်ရာဖျာကပ် မရောက်သေးလို့ တရားပွဲလာနိုင်ကြတယ်၊ (မှန်ပါ့) ဒီအချိန်မှာ လမ်းခွဲကို ထွက်ယင်ထွက်၊ (မှန်ပါ့) ဒီအချိန်မှာ လမ်းခွဲရှိသေးတယ် တကာ တကာမတို့၊ (မှန်လှပါဘုရား)။

ဒီအချိန် လမ်းခွဲကလေးရှိသေးတော့ ဒီလမ်းခွဲကို မလိုက်မိတော့ပါဘူး ဆိုလို့ရှိယင်ဖြင့် ဒီပဋိစ္စသမုပ္ပါဒ်လမ်းကြီးပဲ လိုက်ရှာဘဲ ရှိတော့တယ်၊ (မှန်ပါ့) သဘောပါပလား၊ (ပါ-ပါပြီဘုရား)။

ဒါဖြင့် ဘယ်က ဘယ်မရောက်ခင် လမ်းခွဲရှာရမှာပါလိမ့်၊ (ဇရာ ဗျာဓိ မရောက်ခင် ရှာရမှာပါ ဘုရား) ဇရာကနေ ဗျာဓိ မရောက်ခင် လမ်းခွဲရှာပါ၊ (မှန်ပါ့)။

တကာ တကာမတို့ ဘယ်လိုပြောပါလိမ့်၊ (ဇရာက, ဗျာဓိ မရောက်ခင် လမ်းခွဲရှာရမှာပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒီတရားပွဲထဲလာနိုင်တဲ့ တကာ တကာမတွေဟာ ဇရာတော့ ရောက်နေကြပြီ၊ (ရောက်နေပါပြီ ဘုရား) ဗျာဓိ အနာနှိပ်စက်တာတော့၊ (မရောက်သေးပါ ဘုရား)။

ဒါဖြင့် လမ်းခွဲကို ဘုန်းကြီးကလဲ ပေးပါမယ်၊ (မှန်ပါ့) တကာ တကာမတွေကလဲ ဒီလမ်းခွဲလျှောက်ပြီးသကာလ လိုက် ကြပါဆိုတာ ယနေ့ တိုက်တွန်းရတယ်၊ (မှန်လှပါ) သဘော ပါကြပလား၊ (ပါ-ပါပြီဘုရား)။

ဇရာက ဘယ်မရောက်ခင်တုံး၊ (ဗျာဓိမရောက်ခင်ပါဘုရား) ဗျာဓိမရောက်ခင် ကလေးတွင် ခင်ဗျားတို့ ဘုန်းကြီးပေးတဲ့ ဝိပဿနာအလုပ်,လုပ်ပြီး သကာလ မဂ္ဂင်လမ်းခွဲ - ခွဲရမယ်၊ (မှန်ပါ့ဘုရား) သဘောကျပလား၊ (ကျပါပြီ)။

ဒါဖြင့် မဂ္ဂင်လမ်းခွဲ-ခွဲတုန်းမှာပဲ တကာ တကာမတွေက ဒီတရားမျိုးလဲမနာရ၊ ဒီနေရာမှာ လမ်းခွဲရမယ်ဆိုတာလဲ မသိ တော့ သြော်-ဒို့ဖြင့် ဒီသားနဲ့ ဒီသမီးနဲ့ဖြင့် အိုအောင်,မင်း အောင်ပဲ လုပ်ကျွေးနေရမှာပဲဆိုပြီးသကာလ စီးပွားရေးသာ လိုက်ပြီး သားသမီးတွေငဲ့ပြီး စီးပွားရေးသာလျှင် ရှက်ဆောင် နေကြမယ်ဆိုယင်ဖြင့် ဒီ-တကာ တကာမတွေ လမ်းခွဲမရှာတဲ့ တကာ တကာမတွေပဲ၊ (မှန်ပါ့ဘုရား) လမ်းရိုးချည့် လိုက်နေ တဲ့ တကာ တကာမတွေပဲလို့. ဆိုထိုက်,မဆိုထိုက်၊ (ဆိုထိုက်ပါ တယ်ဘုရား)။

လမ်းရိုးလိုက်တော့ ဝိုင်းပါလိမ့်မယ်၊ (မှန်ပါ့) ဟောဒါက ဇာတိ၊ ဟောဒါက ဇရာ၊ ဟောဒါက ဗျာဓိ၊ ဟောဒါက

http://www.dhammadownload.com



မရဏ၊ သဘောကျပလား၊ (ကျပါပြီ) မရဏပြီးတော့ တစ်ခါ ဒီပုဂ္ဂိုလ် ဘယ်လှည့်ပြန်သတုံးဆိုတော့ ဇာတိ ပြန်လှည့်တယ်၊ (မှန်ပါ့) ဇာတိပြီးတော့၊ (ဇရာပါဘုရား) ဇရာပြီးတော့၊ (ဗျာဓိပါဘုရား) ဗျာဓိပြီးတော့၊ (မရဏပါဘုရား) မရဏပြီးတော့၊ (ဇာတိပါဘုရား) ဘယ်မှာတုံး ခင်ဗျားတို့ဟာ ဝိုင်းနေတယ်၊ (ဝိုင်းနေပါတယ်)။

တကာ တကာမတို့ အခုလေးမျိုးတည်း ပြတာတွင် ဝိုင်းနေပြီ၊ (ဝိုင်းနေပါပြီ) ဒါဖြင့် ခင်ဗျားတို့သည် ကန္တတ် ကင်း လျှောက်ဖြစ်နေပြီ၊ (မှန်ပါ့ဘုရား)။

ဒါဘာ့ကြောင့် ဒီလမ်းချည့် ပြန်လျှောက်ရပါလိမ့်မလဲလို့ အမေးထွက်လို့ရှိယင် လမ်းခွဲမရှာတတ်လို့၊ (မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘယ်လိုမှတ်ကြမယ်၊ (လမ်းခွဲမရှာတတ်လို့ပါဘုရား)။

ဒါဖြင့် ယနေ့ တကာ တကာမတွေ ဘာလုပ်ပြီး လာကြသတုံးဆိုလို့ရှိယင်ဖြင့် ယနေ့တရားမှာဖြင့် ဆရာဘုန်းကြီးက လမ်းခွဲပြမယ်ဆိုလို့ တပည့်တော်တို့ဖြင့် လမ်းရိုးကြီးတော့ မုန်းပေါ့၊ ရှုပါပေါ့၊ ကြောက်ပါပေါ့ဆိုတဲ့အတိုင်း လမ်းခွဲ ရှာလာတဲ့နေ့ပဲလို့ ဆုံးဖြတ်ချက်ချပါ၊ (မှန်ပါ့ဘုရား)။

ဘယ်လို ဆုံးဖြတ်ချက်ချမလဲ၊ (လမ်းခွဲရှာလာတဲ့ နေ့ပါဘုရား)။

အိမ်မှာသာခင်ဗျားတို့နေကြမယ်ဆိုလို့ရှိယင်ဒီလမ်းခွဲတွေ့မယ်မဟုတ်ပါဘူး၊ (မတွေ့ပါ) ဒီလမ်းရိုးကြီး အတိုင်းပဲ၊

http://www.dhammadownload.com



ဇာတိပြီးဇရာ၊ ဇရာပြီးဗျာဓိ၊ ဗျာဓိပြီးမရဏ၊ မရဏပြီးဇာတိ ပြန်လှည့်မယ်(မှန်ပါ့)မလှည့်ဘူးလား(လှည့်ပါတယ်ဘုရား)၊

အဲဒီတော့ ခင်ဗျားတို့ဟာ ကြက်ဥ,အစရှာ မတွေ့သလိုပဲ ဒုက္ခသစ္စာသာ လည်နေတယ်၊ ဒုက္ခစက်သာ လုံးနေတယ်၊ (မှန်ပါ့) မဆိုနိုင်ဘူးလား၊ (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒါတွေ သေသေချာချာ သိတော့မှ ဩော်....ဒို့သည် နောက်တုန်းကဘယ်လိုများနေခဲ့ထိုင်ခဲ့ကြပါလိမ့်မတုန်း စကြ ဝတေးဖြစ်သလား၊မန္တာတ်ဖြစ်သလား၊ဗြဟ္မာမင်းကြီး ဖြစ်သ လား၊ အဲဒါတွေ ဘုန်းကြီး မပြောတတ်ဘူး၊ ဒီလေးခုတော့ ပြောတတ်တယ်(မှန်ပါ့)သဘောကျပလား(ကျပါပြီဘုရား)။

အဲဒါကတော့ ခင်ဗျားတို့ မသေချာဘူး၊ သေချာတာက တော့ ဒီလေးခုလှည့်ပြီးသကာလခင်ဗျားတို့ဒီဒုက္ခလေးခုလှည့် ခံစားနေကြတယ်၊ (မှန်ပါ့) ရှင်းပလား၊(ရှင်းပါပြီဘုရား)။

နောက်က ဘာများဖြစ်ခဲ့သတုံး၊ (ဒုက္ခလေးခု လှည့်ဖြစ်ခဲ့ ပါတယ်)ဒုက္ခလေးခု လှည့်ခံစားကြတယ်၊ (မှန်ပါ့ဘုရား)။

ရှေ့လဲ လမ်းခွဲမရှာတဲ့ပုဂ္ဂိုလ် တကာကြွယ် ဘာလုပ်ရမလဲ၊ (ဒုက္ခလေးခု လှည့်ရပါမယ်ဘုရား)။

ဒါ့ကြောင့် ဒါသံဝေဂရအောင် ဟောတဲ့ တရားလား၊ ဘုန်းကြီးက ရှေ့ပိုင်းက သံဝေဂကလေး ထည့်ပေးတယ် ဒို့ ကြောက်အောင်,လန့်အောင်လို့ ဒီလိုမယူလိုက်ပါနဲ့၊ (မှန်ပါ့) ဒို့သွားနေတာ အမှားသွားနေလို့ လမ်းခွဲအရှာခိုင်းတာကိုး၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒို့သွားနေတာက၊ (အမှားသွားနေလို့ လမ်းခွဲအရှာခိုင်း တာပါ ဘုရား)။

http://www.dhammadownload.com



ဒုက္ခပြီး ဒုက္ခသာဆက်ပြီး သွားနေတဲ့အတွက် လမ်းခွဲရှာ ခိုင်းတာကို ခင်ဗျားတို့က ကြောက်အောင်, လန့်အောင် သူ့ တရားအားထုတ်ချင်အောင် သံဝေဂရအောင် ဟောတယ်လို့ များ ဘုန်းကြီးအပေါ်မှာ စွဲချက်မတင်လိုက်ပါနဲ့၊ ကိုယ်အရှုး ပြန်ထတာ သေချာသွားလိမ့်မယ်၊ (မှန်ပါ) မသေချာပေဘူး လား၊ (သေချာပါတယ်ဘုရား)။

ဒါ- သံဝေဂလား၊ ခင်ဗျားတို့သွားရာ လမ်းကြီးလား၊ (သွားရာလမ်းကြီးပါဘုရား)။

လမ်းမသိ ခင်ဗျားတို့သွားနေတဲ့ လမ်းကြီးဟာ လမ်းဆိုး လမ်းကြမ်း၊ အင်မတန်မှ ခလုတ်ကံသင်းပေါတဲ့ လမ်းကြမ်း၊ (မှန်ပါ)ဒီလမ်းကြီးသွားနေရလို့ မတော်လို့ လမ်းခွဲရှာပါလို့ ခင်ဗျားတို့ကို ပြောတဲ့နေလို့ မှတ်ထားလိုက်စမ်းပါ၊ (မှန်ပါ ဘုရား)။

ဘာရှာမည့်နေ့တုံး၊ (လမ်းခွဲရမည့်နေ့ပါ) တကာကြွယ်- ပေါ်ပလားဗျ၊ (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘုံဘဝတွေ ဆုတောင်းနေတဲ့ ပုဂ္ဂိုလ်များဖြင့် ဒီ လမ်းလျှောက်ပါတော့မယ်၊ (မှန်ပါဘုရား)။

ဒီဘဝတွေ တပ်နှစ်သက်ပြီး သကာလ ဒီဆွမ်း, ဒီကွမ်းနဲ့, ဒီဘုံဘဝတွေ အကြိမ်ကြိမ် ခံစားရ၍ ဆိုတာ ဒီလမ်းချည့်မှ တစ်ပါး မသွားဘဲ မနေရပါလို၏၊ (မှန်ပါ) သဘောကျ ပလား၊ (ကျပါပြီဘုရား)။

ဒီလမ်းမှတစ်ပါး (မသွားဘဲ မနေရပါလို၏) သြော်-ဖြစ်မှ ဖြစ်ရပလေ တကာ တကာမတို့၊ (မှန်ပါ) ဖြစ်မှ ဖြစ်ရပလေ တယ်၊ အကြိမ်ကြိမ် ခံစားရပါလို၏ ဆိုတော့ အကြိမ်ကြိမ်

http://www.dhammadownload.com



သွားရပါလို၏၊(မှန်ပါ့) ပါ-မပါ တကာ တကာမတို့၊ (ပါ-ပါတယ်ဘုရား)။

ဒါဖြင့် ရှေးမှုနဲ့ ရှေးအယူတွေကိုဖြင့် သစ္စာမသိလို့ မျက်စိကန်း တစ္ဆေမကြောက် လမ်းလျှောက်လာတဲ့ဥစ္စာကဖြင့် ဒီနေ့ ပြင်ကြဆင်ကြပါဆိုတာ သတိပေးလိုက်တယ်(မှန်ပါ့ဘုရား)။

ဒါသဲ ခင်ဗျားတို့က ပြင်ချိန် ဆင်ချိန်ကလေးရှိနေတုန်း၊ ပြင်မယ်,ဆင်မယ်ဆိုတဲ့ စိတ်ကလေးကြောင့် ဒီရောက်လာလို့ ဒီအသံ ကြားရတာနော်၊ (မှန်ပါ့) နို့မဟုတ်လို့ ရှိယင်ဖြင့် တကာကြွယ် လမ်းခွဲမရှာတော့ဘူး၊ဒီဘဝစုတေမနေ သေလွန်ရလို့ရှိယင် နိဗ္ဗာန်မရသေးခင် နတ်ရွာသုဂတိ ဗြဟ္မာ့ပြည်တွေ လှည့်ပတ်ပြီးသကာလ နေရလို့ရှိယင်ဖြင့် တော်သေးရဲ့လေ-ဆိုပြီးသကာလ တကာကြွယ်တို့က ပွိုးချင်ပွိုး- သုံးချင်သုံး လိုက်လိမ့်မယ်၊ (သုံးပါတယ်ဘုရား)။

သုံးလိုက်တော့ ဇာတိကဘယ်ရောက်သလဲ၊(ဇရာရောက်ပါတယ်) ဇရာကဘယ်ရောက်သလဲ၊ (ဗျာဓိရောက်ပါတယ်)ဗျာဓိက(မရဏရောက်ပါတယ်) မရဏကဘယ်ရောက်သလဲ၊ (ဇာတိပြန်ရောက်ပါတယ်) ကဲ-ဘာသစ္စာ လှည့်သတုံး၊ (ဒုက္ခသစ္စာလှည့်ပါတယ်ဘုရား)။

ဩော်-တကာ တကာမတွေ ခင်ဗျားတို့က နဂိုရ်က ဒုက္ခသစ္စာမပြတ်ရတဲ့အထဲ မပြတ်ရပါလို၏ဆိုယင် ခက်ပြီ၊ (မှန်ပါ့ဘုရား) ဉာဏ်နားနဲ့ထောင်ပါ၊ (မှန်ပါ့ဘုရား)။

နဂိုရ်က ဒုက္ခသစ္စာကပြတ်ကဲ့လား၊(မပြတ်ပါ)မပြတ်ရတဲ့အထဲမှာ ခင်ဗျားတို့က ဘယ်လို ဆုတောင်းပါလိမ့်၊ (ဒုက္ခသစ္စာ မပြတ်ရပါလို၏)။

http://www.dhammadownload.com



ဒုက္ခသစ္စာ မပြတ်ရပါလို၏၊ (မှန်ပါ့) ဖြစ်မှ ဖြစ်ရပလေ ပါးစပ်ထဲ မထည့်ကောင်းတာထည့်တယ်၊ (မှန်ပါ့ဘုရား)။

ပါးစပ်ထဲ မထည့်ကောင်းတာ ထည့်တယ်ဆိုတော့ တကာ ကြွယ်ရိုင်းတယ်လို့ ထင်လိမ့်မယ်၊ အခု ပဋိစ္စသမုပ္ပါဒ် လှည့်ပြ လိုက်တော့မှ ဒုက္ခစက်လည်တာ၊ (မှန်ပါ့ဘုရား)။

တကာ တကာမတို့ ဘာစက် လည်နေတာတုံး၊ (ဒုက္ခစက် လည်နေတာပါဘုရား)။

ဒုက္ခစက် လည်နေတာကို တကာသစ်တို့က ကိုယ့်ဟာကိုယ် အကောင်းမှတ်နေတယ်၊ (မှတ်ပါတယ်ဘုရား)။

ကိုယ့်ဟာကိုယ် ဘယ့်နှယ်တုံး၊ (အကောင်း မှတ်နေပါတယ် ဘုရား)။

ဒီဘဝ စုတေမနေ့ သေလွန်ရလို့ ရှိယင် လူကောင်း, နတ် ကောင်း,ဗြဟ္မာကောင်း ဖြစ်ရ တော်သေးရဲ့ဘုရား၊ (မှန်ပါ့) လူကောင်း,နတ်ကောင်းဘယ်ကစ,မယ်တုံး မေးယင် ဘယ့်နှယ် ဖြေကြမလဲ၊ (ဇာတိက စ,ပါတယ်ဘုရား)။

ဇာတိက စ,တယ်၊သူဘယ်သွားမလို့ စိတ်ကူးပါလိမ့်၊(ဇရာ သွားပါမယ်) နောက် သူ ဘယ်သွားမတုံး၊(ဗျာဓိသွားမယ်) နောက်သူဘယ်သွားမတုံး (မရဏသွားပါမယ်)နောက်တစ်ခါ သူသည် အကြိမ်ကြိမ် တောင်းထားသောကြောင့် ဘယ်သွား မတုံး၊ (ဇာတိသွားပါမယ်ဘုရား)။

ဩော်–ဖြစ်မှဖြစ်ရပလေ တကာတကာမတို့ ဒုက္ခကို သုခ ထင်နေတဲ့ ဝိပ္ပလ္လာသသတ္တဝါဟာ ပေါ်လာပြီ၊ (ပေါ်လာပါပြီ

http://www.dhammadownload.com



ဘုရား)ဒုက္ခကို သုခထင်နေတဲ့၊ ဝိပ္ပလ္လာသသတ္တိပေါ်လာပါပြီ ဘုရား)ပေါ်ပလား တကာကြွယ်၊ (ပေါ်ပါပြီ)ဒုက္ခကို၊ (သုခ ထင်နေပါတယ်ဘုရား) ဒုက္ခကို (သုခထင်နေပါတယ်ဘုရား)။

ဒုက္ခကိုသုခထင်နေတဲ့ဝိပ္ပလ္လာသသတ္တိကြောင့် တကာတကာ မတို့ ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် မသွားကောင်း တဲ့လမ်းကို အကြိမ်ကြိမ် သွားရပါလို၏များ ခင်ဗျားတို့သည် တဏှာခိုင်းတဲ့ အတိုင်း ပါးစပ်က ထွက်ရတာများ အတော် အရုပ်ဆိုးတယ်လို့ မှတ်ပေတော့၊ (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်၊ (အတော်အရုပ်ဆိုးလို့ပါ)ကိုယ့်ဟာ ကိုယ်တော့တယ်မထင်ဘူး၊ သစ္စာဉာဏ်ကလေးဝမ်းထဲရောက်လာ တော့မှ ဩော်.... ငါမှားခဲ့တာတွေဖြင့် ကျွံလွန် ကုန်ပါပေါ့ လား၊ (မှန်ပါ့)မဆိုနိုင်ဘူးလား၊ (ဆိုနိုင်ပါတယ်) မှားခဲ့တာ တွေကဖြင့်၊ (ကျွံလွန်ကုန်ပါပြီဘုရား)။

အဲဒါ ခင်ဗျားတို့ လမ်းခွဲကို မရှာခဲ့တာ၊ (မှန်ပါ့)သေချာ ပလား၊ (သေချာပြီဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ လမ်းခွဲကလေး ဒီလမ်းဖြင့် ဒုက္ခသစ္စာလမ်းကိုဖြင့် တကာကြွယ်ရေ....မလျှောက်ကောင်း၊ မသွားကောင်း၊မပြုံးကောင်းတဲ့လမ်းပဲ၊ (မှန်ပါ့)။

ဒါဘုန်းကြီးကျဉ်းကျဉ်းပဲ ပြောပါသေးတယ်၊ (မှန်ပါ့) ကျယ်ကျယ် ခင်ဗျားတို့ ပြောရမယ်ဆိုလို့ရှိယင်ဖြင့်တဲ့ ဒီထက် အရုပ်ဆိုးပါတယ် (မှန်ပါ့ဘုရား)ဒီထက်အရုပ်ဆိုးတယ်ဆိုတာ သဘောပါပလား၊ (ပါ-ပါပြီ)။

ခင်ဗျားတို့ ခန္ဓာကိုယ်ကြီးထဲမှာ အိုဘေး, နာဘေး,သေ ဘေးတွေ မပါဘူးလား၊ (ပါပါတယ်ဘုရား)။

http://www.dhammadownload.com



ဘယ်သူက လာ မသတ်သတ် သူ့ခန္ဓာထဲက ပထဝီကသတ်လို့၊ အာပေါသတ်လို့၊တေဇော ဝါယော ဆိုတဲ့ မြွေလေးကောင် တစ်ကောင်ကောင် ကိုက်သေရမယ်ဆိုတဲ့ သေဘေးတွေကော မပါဘူလား၊ (ပါပါတယ်ဘုရား)။

ဒါဖြင့် အိုဘေး, နာဘေး, သေဘေးတွေ ထမ်းပြီးသည့်ကာလ ဒီလမ်း လျှောက်တယ်၊ (လျှောက်ပါတယ် ဘုရား)ဒီလမ်း လျှောက်တာ ရိုးရိုး လျှောက်တာလား၊ ဝန်ထုပ်ထမ်းလျှောက်တာလား၊ (ဝန်ထုပ်ထမ်း လျှောက်တာပါ ဘုရား) ဘာတာဝန်တွေ ထမ်းပါလိမ့်၊ (အိုဘေး,နာဘေး,သေဘေးဝန်တွေ ထမ်းပါတယ်ဘုရား)။

ဩြော်-ဒါ ကိုယ့် ဝန်တွေထဲမှာ ဒီထဲမှာ အကောင်းတွေလို့ပဲ ထင်ပြီး ထမ်းများ လမ်းလျှောက်နေလိုက်သေးတယ်၊ (မှန်ပါ့ဘုရား)။

ဇာတိကနေ ဇရာလျှောက်၊ (မှန်ပါ့) ဇရာကနေ (ဗျာဓိလျှောက်ပါတယ်) ဗျာဓိက နေ (မရဏ လျှောက်ပါတယ်ဘုရား)။

မရဏ လျှောက်တော့ ဗိုင်းဗိုင်း လဲတော့ သတိ ရသလားအောက်မေ့တယ်၊ ဟိုဘက်ပန်ထုပ် ပြန်ထမ်းတယ်၊ (မှန်ပါ့ဘုရား)။

ဇာတိဝန်ထုပ်ကြီးကို (ပြန်ထမ်းပါတယ်ဘုရား)ပြန်ထမ်းပြီးသကာလ ဘယ်များ မြန်းပါလိမ့်မလဲ မေးကြည့်တယ်၊ (ဇရာဘက် မြန်းပါတယ်) ဇရာ မြန်းတော့လဲ ဘာဘေးတွေထမ်းရသလဲ၊ (ဗျာဓိဘေး ထမ်းရပါတယ်ဘုရား)။

http://www.dhammadownload.com



ဗျာခိဘေးထမ်း ,တော်တော်ကြာဇရာဘေးထမ်း, ဗျာခိဘေးထမ်း လည်လာပြီးသကာလ သေပွဲ ဝင်လိုက်ဘယ်၊ (မှန်လှပါ) သေပွဲဝင်ပြီးနောက် ပြန်ထမ်းတယ်၊ (မှန်ပါ့) မထမ်းကြဘူးလား၊ (ထမ်းပါတယ် ဘုရား)။

အံမယ်လေး- တကာ တကာမတို့ ခင်ဗျားတို့ဟာ ဝန်ထမ်းသမား သက်သက်ပဲ၊ (မှန်ပါ့)ဒါ့ကြောင့် ဘုရားက....

ဘာရာ ဟဝေ ပဥ္စက္ခန္ဓာ၊
ဘာရဟာရဥ္စ ပုဂ္ဂလော။
ဘာရာ ဒါနံ ဒုက္ခံ လောကေ၊
ဘာရနိက္ခေပနံ သုခံ။

ဆိုပြီး ဒီဝန်ထုပ်ချရာ ဒီလမ်းခွဲ ရှာကြစမ်းပါဟ-ဒီဝန်ထုပ်ချရာ လမ်းခွဲရှာကြစမ်းပါဟ လို့ သံယုတ် ပါဠိတော်ကြီးများမှာ သေသေချာချာ လာထားတယ်၊ (မှန်လှပါဘုရား)*

အဲဒီ သေသေချာချာ လာတာတွေ တကာ တကာမတွေကလဲ သံယုတ်ဆိုတာ ဘယ်နေမှန်းမသိ၊ဘုရားကိုဘယ်နေမှန်းမသိတာပါဘဲ၊ (မှန်ပါ့)။

ဘုရားကို ဘယ်နေမှန်းမသိတော့ တကာ တကာမတွေက ကျုပ်တို့ ဒီသားနဲ့ ဒီသမီးနဲ့ ဒီလိုအခြေအနေကလေးနဲ့ဆိုယင်တော့-တော်သေးရဲ့တဲ့၊ (မှန်လှပါ ဘုရား) အံမာလေး ကူလီဘဝက ကျွတ်ပလား (မကျွတ်သေးပါ ဘုရား)။

သြော်-ကူလီခေါင်းဖြစ်ရတာနဲ့ ကျေနပ်နေတာပဲ(မှန်ပါ့)

---

* ခန္ဓဝဂ္ဂသံယုတ်၊ ဘာရဝဂ်-ဘာရသုတ်။

http://www.dhammadownload.com



တယ်လဲဆိုးဝါးပါလား၊ (ဆိုးဝါးပါတယ်ဘုရား)ဘာဖြစ်လို့ ကျေနပ်နေတာလဲ၊ (မသိလို့ပါဘုရား)။

ဩော်–သူက အားလုံးပျောက်တဲ့ ပစ္စည်းလဲ လျော်မယ်၊ ငါလဲ ထမ်းမယ်ဆိုတဲ့ နှစ်ဝန်ထမ်းမို့ သူက ကျေနပ်နေတယ်၊ (မှန်ပါ့ဘုရား)။

ဒါလောက် ဆိုးဝါးနေတာကို ခင်ဗျားတို့က မသိကြဘူး၊ (မသိပါဘုရား) ဘာဖြစ်လို့ မသိတုံး.... ဆိုတော့ ဟောဒါ သစ္စာလေးချက် မသိခဲ့ဘူး၊ (မှန်လှပါဘုရား)။

"ဇာတိပိ ဒုက္ခသစ္စံ ဇရာပိ ဒုက္ခသစ္စံ ဗျာဓိပိ ဒုက္ခသစ္စံ ဟုတ်လား၊ (မှန်ပါ့) မရဏမ္ပိဒုက္ခသစ္စံ မသိခဲ့ဘူး၊ (မသိခဲ့ပါ ဘုရား)။

သစ္စာဉာဏ်နဲ့ သိခဲ့ရဲ့လား၊ (မသိခဲ့ပါဘုရား) မသိတော့ ခင်ဗျားတို့က အိမ်မှာ လူကြီးတစ်ယောက်ဖြစ်ပြီးသကာလ ငါ့ ဩဇာလိုက်ရမယ်ကွ၊ (မှန်လှပါ)ငါ ခေါင်းဆောင်နေတာကွ (မှန်ပါ့)သူတို့ကထော်လော်ကန့်လန့်ဆိုယင် ငါ-မကျေနပ်ဘူး ကွ (မှန်ပါ့) အံမာ– ကူလီခေါင်းကြီးက လေ၊ (မှန်လှပါ ဘုရား)။

တကာကြွယ်လိုလူ စောင်းပြောတာမဟုတ်ဘူးနော်၊ (မှန် လှပါဘုရား)စောင်းပြောတာမဟုတ်ဘူး၊အဲဒီလို အိမ်ပေါ်မှာ ခင်ဗျားတို့ကကူလီခေါင်းကြီးလုပ်ပြီး ကိုယ်ကလဲ အိုဘေး,နာ ဘေး,သေဘေး ဝန်ကြီးထမ်းလျက်၊ (ထမ်းလျက်ပါဘုရား) သူများ ထမ်းတာကိုလဲ နည်းတယ် ထင်တာနဲ့ တကာကြွယ် ကျေနပ်ကဲ့လား၊ (မကျေနပ်ပါဘုရား)။

http://www.dhammadownload.com



မင်းတို့ နာရီစေ့အောင် လာတာမဟုတ်ဘူး၊ အလုပ်တွေ အချိန်တွေဖြုန်း ဟုတ်လား၊ (မှန်လှပါ) အစရှိသည်နဲ့ ကိုယ် ကပဲ အော်လိုက်တော့မလို မန်လိုက်တော့မလိုလိုနဲ့ ကိုယ်ကလဲ ဘာဖြစ်နေသတုံး မေးတော့ ဝန်ထမ်းသမား အကြီးစား (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီ)။

ကြွားမျှားကြွားလိုက်သေးတယ်၊ တစ်ခါတလေ ဝန်ထမ်း သမား အကြီးစားက ဒီသား,ဒီသမီး,ဒီမြေး, ဒီမြစ်တွေ ဒီလို လူထဲဝင်အောင်ဒီလိုစိန်-ရွှေ-မြနဲ့ကားနဲ့နေနိုင်လောက်အောင် တစ်ယောက်တည်းထမ်းတာ၊ (မှန်လှပါ)။

အံမာလေး ကြွားလိုက်သေးတယ် တကာတကာမတို့ ဘာ လုပ်ကြတာတုံးဗျ၊ အို-ဝန်ထုပ်ကြီးထမ်းပြီး ကြွားတာဘုရား တပည့်တော် ဝန်ကြီး ထမ်းသမားမှန်း သိအောင်လို့ ပြလိုက် တာ၊ (မှန်ပါ့ဘုရား) ဒီအဓိပ္ပါယ် မရောက်ဘူးလား၊ (ရောက် ပါတယ် ဘုရား)။

တကာကြွယ် ဒီလိုမျှားကြွားဘူးသေးသလား၊ (ကြွားဘူး ပါတယ်ဘုရား)။

ကြွားဘူးတယ် ခင်ဗျားတို့ဟာ၊ မင်းတို့လုပ်စာ ဘာရှိ သတုံးမျှား မေးလိုက်သေးတယ်၊ (မှန်ပါ့) မမေးဘူးလား၊ (မေးပါတယ် ဘုရား)။

မင်းတို့ လုပ်စာ ဘာရှိ သတုန်း၊ ငါ့ချည့် ထမ်းကျွေးတဲ့ အဓိပ္ပါယ်ရတယ်၊ (ရပါတယ်ဘုရား)။

ဘာတဲ့တုံး၊ (ငါ့ချည့်ထမ်းကျွေးတဲ့ အဓိပ္ပါယ်ပါ ဘုရား) ငါချည့် ထမ်းကျွေးတယ် ဆိုကတည်းက တကာကြွယ် ကိုယ်

http://www.dhammadownload.com



ဟာ ဝန်ထုပ်သမား အကြီးစားဆိုတာ မသေချာဘူးလား၊ (သေချာပါတယ်ဘုရား)။

ဒါဖြင့် ဝန်ကြီးကြီးထမ်းရတဲ့ ပုဂ္ဂိုလ်နဲ့၊ ဝန်သေးသေး ထမ်းရတဲ့ ပုဂ္ဂိုလ်နဲ့၊ မြေပေါ်မှာ ဗိုင်းကနဲလဲပြီး ကြည့်ကြ၊ (မှန်ပါ့ဘုရား)ဝန်ကြီးသမားက အရင်ဝိညာဏ် ချုပ်စေ့မယ်၊ (မှန်ပါ့ဘုရား)သဘာကျပလား၊ (ကျပါပြီ) ဘာဖြစ်လို့တုံး၊ အထုပ်ကြီးပိလို့၊ (မှန်ပါ့)။

အဲဒီ အထုပ်ကြီးပိသေတဲ့ တကာ တကာမက၊ တကာမ ခေါင်းဆောင်ယင်လဲ တကာမက ပေါ့ဗျာ၊ (မှန်ပါ့) သူက ဒီအိမ်မှာ ငါမင်းပဲ-ငါချင်းပဲများ ဘဝင်များ မြင့်နေလိုက် သေးတယ်၊(မှန်ပါ့)ငါမရှိယင် သိရစ်လိမ့်မယ်တောင် ပါလိုက် သေးတယ်၊ (ပါ-ပါတယ်ဘုရား)။

သိပြီ၊ ဟိုကတကာ တကာမတွေက တကာသေသွားတော့ ဩော်-သူမရှိတဲ့ အခါကျတော့ အကုန် ဟာသွားတာဘဲ၊ သူ ထမ်းနေကျတွေဟာ အကုန်ပုံရစ်တာပဲ(မှန်လှပါ) ဒါ-သိတာ ပေါ့ဗျ၊ (မှန်ပါ့) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

တကာမတွေကလဲ ဒီအတိုင်းပဲ၊ကိုယ်က နည်းနည်းကလေး ချယ်ချယ်လှယ်လှယ်ကလေးရှိ၊ ဝန်ကြီးထမ်း ဖြစ်ပြီးသကာလ နေတယ်၊ ကျုပ်မရှိ သိရစ်လိမ့်မယ်တဲ့၊ (မှန်ပါ့)။

ဟ-ဘာဖြစ်တာတုံး၊ဝန်ကြီးထမ်းတစ်ယောက် သေသွား လို့ရှိယင် ဒီအိမ်မှာ ဒီနေရာထမ်းမည့်, ပိုးမည့်လူ မရှိဘူးပေါ့ ဗျာ၊ (မှန်ပါ့)။

http://www.dhammadownload.com



အဲဒီမှာအလုပ်တွေ့ဘာတွေတွန်းလန်းနဲ့ ကစင့်ကရဲဖြစ်ရစ် လိမ့်မယ်ဆိုပြီး သူ့ကဝန်ကြီးထမ်းသမားက ဘာလုပ်တာထုံး၊ ဂုဏ်ယူတာပေါ့ဗျာ၊ (မှန်ပါ့)။

တကာကြွယ်- ဘာတဲ့တုံး၊ (ဂုဏ်ယူတာပါ)သူက ဘာတွေ ထမ်းသတုံး၊ (ဝန်ကြီးထမ်းပါ) ဝန်ကြီးထမ်းက ဘာလုပ် သတုန်း၊ (ဂုဏ်ယူပါတယ်ဘုရား)။

ဝန်ကြီးထမ်းက ဂုဏ်ယူတာဆိုတော့ တကာကြွယ် ဒီဥစ္စာ ယူထိုက်-မယူထိုက်၊ (မယူထိုက်ပါဘုရား)။

မယူထိုက်ပေမယ့် တကာကြွယ်တို့က ဦးလှဘူးတို့က ငါမရှိ သိရစ်လိမ့်မယ် ဆိုတာ ဘာလုပ်တာတုံး၊ (ဂုဏ်ယူတာပါ ဘုရား) ဖြစ်မှ ဖြစ်ရလေဗျာ၊ သေတာ ရှိုးရှိုးသေပါတော့၊ (မှန်ပါ့)။

သေတာ ရှိုးရှိုးသေကြပါ တကာ တကာမတို့၊ ဝန်ကြီး ထမ်းကနေပြီး ကြွားလုံးထုတ်ပြီးသကာလ ငါသည်ကားလို့ ဆိုလို့ရှိယင်ဖြင့်တဲ့ အလုံးစုံတာဝန်ကို ငါတစ်ယောက်တည်း ထမ်းပြီးသကာလ ဒီအိမ်ကို ငါတစ်ယောက်တည်း ဆောင် သွားမည်ဆိုတဲ့ အဓိပ္ပါယ်မျိုး ကျအောင် ကျွန်ုပ်ပါပေ့ဆိုတဲ့ အဓိပ္ပါယ်ပါတယ်၊ (ပါ-ပါတယ်ဘုရား)။

နာအောင်ပြောတယ်လို့ တကာကြွယ် မယူနဲ့၊ (မှန်ပါ့) နာအောင်ပြောတယ်လို့မယူနဲ့၊ ကိုယ့်အလုပ် ကိုယ်မှန်တယ်လို့ သာယူ၊ (မှန်ပါ့) ရိပ်မိလား၊ (ရိပ်မိပါပြီ)။

နာအောင် ပြောတာလား၊ ကိုယ့်အလုပ် မှန်တာလား၊ (ကိုယ့်အလုပ် မှန်တာပါဘုရား)။

http://www.dhammadownload.com



အဲ- အတူတူပါပဲ၊ ဒါဖြင့် နာအောင် ပြောတာပဲ ရှိတယ် ခင်ဗျားတို့၊ မှန်ပါ့)။

ကဲ- ဒါဖြင့် တကာတကာမတို့ သံသရာထဲမှာ လည်ရတော့ အိုဘေး,နာဘေး, သေဘေးတွေ ထမ်းတဲ့အပြင်မှာ ဒါ-ကိုယ့် အိုဘေး,နာဘေး,သေဘေးတွေကမထမ်းရဘူးလား၊(ထမ်းရ ပါတယ်ဘုရား)။

ဒီအထဲက သား,ဝန်ကော၊(ထမ်းရပါတယ်ဘုရား) သမီး ဝန်၊ (ထမ်းရပါတယ်ဘုရား) မင်းဝန်-စိုးဝန်၊ (ထမ်းရပါ တယ်ဘုရား)။

အဲဒါကြောင့် အို- ငါမရှိသိရစ်လိမ့်မယ် ပြောတာ၊ ဝန်ကြီး တမ်းသမားက ဒီဟာကြွားလုံးထုတ်တာ၊ (မှန်လှပါ) ရိပ်မိ ပလား၊ (ရိပ်မိပါပြီဘုရား)။

အဲဒါ အိမ်များကျတော့ တစ်ယောက်ယောက်တကာကြွယ် တို့ဖြစ်ဖြစ်,အားလုံးတရားနာတဲ့ တကာတကာမတွေ ဖြစ်ဖြစ်၊ ဒီကြွားလုံးဖြင့်မထုတ်ရစ်ကြပါနဲ့၊(မှန်ပါ့ဘုရား)သစ္စာဉာဏ်နဲ့ ကြည့်လို့ရှိယင်ဖြင့် ဝန်ပိသေသွားတဲ့ပုဂ္ဂိုလ်က ကြွားလုံးထုတ် တယ်၊ (မှန်ပါ့ဘုရား) သဘော ကျပလား၊ (ကျပါပြီ ဘုရား)။

ဟို ပိုက်ကျုံးကျဲ့တွေသည်ကား- လို့ဆိုယင် သစ်တုံးကြီး ပိပြီး ကျောက်လမ်းပေါ် ခွာပြဲပြီးသကာလ သေတာတွေဟာ တကာကြွယ် ကြည့်ကောင်းရဲ့လား၊ (မကောင်းပါ ဘုရား) ဝန်ပိသေတာ၊ (မှန်ပါ့ဘုရား) မသေဘူးလား၊ (သေပါတယ် ဘုရား)။

http://www.dhammadownload.com



ဒီမှာလဲ တစ်ချို့အိမ်မှာ စိတ်ပျက်-စိတ်နောက်ပြီး စိတ်ချောက်ခြားပြီး ခေါင်းဆောင်လုပ်တဲ့ပုဂ္ဂိုလ် သေလွယ်တယ်ဆိုတဲ့ဥစ္စာ တကာကြွယ် ရိပ်မိပလား၊ (ရိပ်မိပါပြီ) ဘာပါလိမ့် (ဝန်ပိသေတာပါဘုရား)။

အမြတ်တော်ကြေးက လာလိုက်၊ စံငှါးခွန်က လာလိုက်၊ ဥပစာခွန်ကလာလိုက်၊ တကာကြွယ် မလာဘူးလား၊ (လာပါတယ်ဘုရား) သေမျှားသေချင်ပေါ့လို့ တစ်ခါတစ်ခါ မညည်းလိုက်ဘူးလား၊ (ညည်းလိုက်ပါတယ်ဘုရား)။

အံမာ-မသေနဲ့ဦး၊ ဒီတက်ကြီးတဲ့ ဝန်တွေ ရှိသေးတယ်၊ (မှန်ပါ့)ဒီထက်ကြီးတဲ့ ဝန်တွေရှိသေးတယ်၊ ဆုတောင်းပြည့်ထားတယ် လူဖြစ်ရပါလို၏-ဆိုတော့ ဒီဝန်တွေ ထမ်းရပါလို၏က ပါတယ်၊ (ပါ-ပါတယ်ဘုရား)။

လူဖြစ်ရပါလို၏ ဆိုတော့၊ (ဒီဝန်တွေ ထမ်းရပါလို၏က (ပါ-ပါတယ်ဘုရား)။

ဒီတွင် တကာကြွယ်တို့လူစုကဆွေကြီး-မျိုးကြီးများကြွားလိုက်ချင်သေးတယ်၊ (မှန်ပါ့) ဘာကြောင့်တုံး၊ အကုန်ထမ်းချင်လို့၊ (မှန်ပါ့) အတော် မဆိုးဘူးလား၊ (ဆိုးပါတယ်ဘုရား)။

တကာသစ်ကောဘယ်လောက်ထမ်းနေရသလဲ၊ မပြောပါနဲ့တော့ဘုရား၊ (မှန်ပါ့) ဝန်ထုပ်မှအကြီးစားဆိုတာ သဘောကျပလား၊ (ကျပါပြီ)။

ဝန်ထုပ်ကလေးများ သေးသွားတဲ့အခါကျတော့ ကျေနပ်ရဲ့လား၊ (မကျေနပ်ပါဘုရား)။

http://www.dhammadownload.com



အရောင်းအဝယ်က နည်းနည်း ဆိတ်ပြီးသကာလ ကပြာသုတ်သက် ရှုတ်တရက် လုပ်ရတဲ့ပုံ။ တိုက်ရောက် မလာလို့ အရောင်းအဝယ်က ဆွံ့အပါးတဲ့အခါ ဝန်ထုပ်ကြီးမထမ်းရတဲ့ အခါကျတော့ တကာကြွယ်တို့က ညည်းတယ်၊ (ညည်းပါတယ်ဘုရား) ဒီလိုဖြင့် ခက်ရချည်ရဲ့တဲ့၊ (မှန်ပါ့) ဘယ့်နှယ်ဘာဖြစ်လို့ ညည်းတာတုံး၊ ဝန်ပေါ့သွားလို့၊ (မှန်ပါ့ ဝန်ပေါ့လို့ပါဘုရား)။

ဖြစ်မှ ဖြစ်ရပလေ၊ ဝန်ပေါ့ယင် ပြုံးရမယ်ဗျ၊ (မှန်ပါ့) အခု တကာကြွယ်တို့က ဘယ့်နှယ် ဖြစ်နေသတုံး၊ (ဝန်ပေါ့တော့ ညည်းပါတယ်ဘုရား)။

သြော်– ရှုန်းနေကျ နွားဆိုတာ သေချာတယ်၊ (မှန်ပါ့) ဝန်ပေါ့မကြိုက်ဘူး၊ (မကြိုက်ပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ အရောင်းအဝယ်ကလေးများ ဆွံ့အပါသွားတဲ့ အခါ တကာ တကာမတွေ ကျေနပ်ကြရဲ့လား၊ (မကျေနပ်ပါဘုရား) ဘာဖြစ်လို့တုံး၊ (ဝန်ပေါ့လို့ပါဘုရား)။

ဖြစ်မှ ဖြစ်ရလေဗျာ၊ နွားလောက်တောင် မလိမ်မာဘူး၊ (မှန်ပါ့) နွားဟာ ဝန်ပေါ့သွားတယ်ဆို ခပ်သွက်သွက်သွားတယ်၊ (မှန်ပါ့) ခင်ဗျားတို့ ကပြာကရာ ထွက်ပြေးသလား၊ အိမ်ရောက်လဲ လုပ်စရာရှိသေးတယ်ပြောသလား၊ (အိမ်ရောက်လဲ လုပ်စရာရှိသေးတယ် ပြောပါတယ်ဘုရား)။

ဒါဖြင့် လမ်းကလဲ ထမ်းခဲ့သေး၊ အိမ်ကျလဲ ထမ်းပါဦးမယ်ဆိုတဲ့ အစိပ္ပါယ်က ပါသေးတယ်၊ (ပါ-ပါတယ်ဘုရား)။

http://www.dhammadownload.com



အင်း– တရားနှလုံးသွင်းကြ၊ တရားနှလုံးသွင်းကြဆိုတာ တစ်ခြားမဟုတ်ပါဘူး၊ ဩော်– ငါသည်ကားလို့ ဆိုယင် ဝန်ထုပ်တွေထမ်းနေတဲ့ ဝန်ထမ်းသမား လူမိုက်ကြီးတစ်ယောက်ပါလားဆိုတာ နှလုံးသွင်းစမ်းပါ၊ (မှန်လှပါ)။

ဘယ်လိုနှလုံးသွင်းကြမယ်၊ (ဝန်ထမ်းသမား လူမိုက်ကြီး တစ်ယောက်ပါဘုရား)။

ဝန်ထမ်းသမား လူမိုက်ကြီးတစ်ယောက်လို့ တကာကြွယ် ကိုယ့်ကိုယ်-ကိုယ် နှလုံးသွင်းစမ်းပါ၊ (မှန်ပါ) ဒီလိုသွင်းလိုက်ယင် သစ္စာသိတာပဲ၊ (မှန်ပါဘုရား) ဩော်– ငါဟာ ဒုက္ခသစ္စာပေါ်မှာ ဒုက္ခသစ္စာမရှိယင် မနေတတ်တဲ့ ပုဂ္ဂိုလ်တဦး တစ်ယောက်ပဲဆိုတဲ့ဉစ္စာ သစ္စာသိလာတဲ့အခါကျကော ဩော်- ခန္ဓာဝန်ထမ်းရတာကတမျိုး၊ သားဝန်, သမီးဝန်, ဆွေဝန်, မျိုးဝန် ထမ်းရတာက တမျိုး၊ ငါသည်ကား သေခြင်းဆိုး သေဖို့ နီးပါပေါ့လား၊ ဒီလမ်း- ဒီစခမ်းကိုဖြင့် လျှောက်လို့ မတော်ဘူး၊ လမ်းခွဲရှာမှပဲဆိုတာ ပေါ်လာတယ်၊ (မှန်ပါ) နို့မဟုတ်ယင် ပေါ်ပါ့မလား၊ (မပေါ်ပါဘုရား)။

ကိုင်း– တကာ တကာမတို့ ယနေ့တရား ဘာရှာရမည့်နေ့ ပါလိမ့်(လမ်းခွဲရှာမည့်နေ့ပါဘုရား)တကာသစ် ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

ကောင်းပြီ၊ တကာသစ်တို့ တကာကြွယ်တို့ အခု ဝန်ထမ်းသမားအဖြစ်ကတော့မကျွတ်သေးဘူးပေါ့ဗျာ၊(မကျွတ်သေးပါဘုရား) သားဝန်,သမီးဝန်,ဆွေဝန်,မျိုးဝန်ဆိုတဲ့ မင်းဝန်တွေလဲ အကုန် ကိုယ့်တာဝန်နဲ့ ကိုယ်ထမ်းနေတယ်၊ (ထမ်းနေပါတယ်ဘုရား) မထမ်းရဘူးလား၊ (ထမ်းရပါတယ်ဘုရား)။

http://www.dhammadownload.com



ထမ်းတာကတော့ ဘုန်းကြီးတို့က ခင်ဗျားတို့ မသိထမ်း-ထမ်းတာတော့ ကိစ္စမရှိဘူး၊ ဝန်ထမ်းပြီးသွားရတဲ့ လမ်းဟာ ကြမ်းလေသလား၊ ဟာ-ချောမွေ့သလားဆိုတာ တကာကြွယ် စဉ်းစားစမ်း၊ (လမ်းကြမ်းပါဘုရား)။

ဘယ့်နှယ် နေပူ လေပူ သူခိုးရန်သူ ၉၆-ပါးရောဂါတွေက ဝိုင်းနေတဲ့အချိန်၊(မှန်ပါ့ ဝိုင်းပါတယ်ဘုရား) ၉၆-ပါး လမ်းကြမ်းမှာ မနိုင်ဝန်ထမ်း သွားနေရတယ်၊ (မှန်ပါ့ဘုရား)။

ဘယ်လမ်းတုံး၊ (၉၆-ပါး လမ်းကြမ်းမှာ မနိုင်ဝန်ထမ်း သွားနေရပါတယ်ဘုရား)။

တကာကြွယ် အန္တရာယ်မှ ကင်းပါ့မလား၊ (မကင်းပါ ဘုရား)။

ဒါ့ကြောင့် ဘယ်သူဖြင့် ငှက်ဖျားသင့်လို့ သေပြီတဲ့၊ ဘယ်သူရေသောက်မှားလို့ သေပြီတဲ့၊ ဘယ်သူအသွားမှားလို့ သေပြီတဲ့၊ ဘယ်သူကားပေါ်ကပဲ ရော့ပြုတ်သွားလို့ သေပြီတဲ့၊ ၉၆-ပါး လမ်းကြမ်းကိုး၊(မှန်ပါ့) ဒီလိုသေတဲ့ မသာပေါင်း ကော ခင်ဗျားတို့ ကြားဖူးပလား၊ ကြားဖူးပါပြီ ။

ကြားဖူးလို့ရှိယင် ခင်ဗျားတို့ ကျောပေါ်မှာရှိတဲ့ ဝန်တွေကို ၉၆-ပါး လမ်းမှာ ထမ်းပြီး မသွားတော့ပါဘူး ဆိုတဲ့ စိတ်ကော ပေါ်ရဲ့လား၊ (မပေါ်ပါဘုရား)။

ဩော်-သူသာ ကံမကောင်းလို့ဖြစ်တာ၊ငါကတော့ သူတို့ ထက်ကြီးတဲ့ ဝန်ထမ်း သွားတာတောင် ဘာမှ မဖြစ်ဘူး၊ (မှန်ပါ့) အံမာ လျှာဖြင့်ထွက်နေပြီ ဘာမှမဖြစ်ဘူးပြောတုန်း ရှိသေးတယ်၊(မှန်ပါ့)ရိပ်မိပလား၊ (ရိပ်မိပါပြီ)။

http://www.dhammadownload.com



လျှာထွက်နေတာတောင်မှ ဘယ့်နှယ်ပြောသတုံး၊ (ဘာမှ မဖြစ်ဘူး ပြောပါတယ်ဘုရား)။

ဘာမှ မဖြစ်ဘူးတဲ့၊ ဩော်-ပီးဆေးထိုးထားတာကိုး၊ဒုက္ခ ပီးဆေး၊ (မှန်ပါ့ဘုရား) တကာကြွယ် အတော် ဆိုးနေတာ၊ (ဆိုးပါတယ်ဘုရား)။

အဲဒါ ပြောချင်လို့ပြောနေတဲ့စကားလားလို့ တကာတကာ မတွေ့ကမေးတော့ သစ္စာသိအောင်ပြောနေတဲ့စကား(မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီ)။

ဘာသိအောင် ဒါလောက် ပြောနေသတုံး၊ (သစ္စာသိ အောင် ဒါလောက် ပြောနေပါတယ်ဘုရား)။

သစ္စာသိအောင်ပြောနေတော့ ဩော်-ငါသည် အခု ဘယ် ကိစ္စနဲ့လာခဲ့သတုံး၊ ဘာဝန်များ ငါထမ်းတာ ပါလိမ့်မတုံး ကိုယ့်ဟာကိုယ်လှမ်းတွေး၊ (မှန်ပါ့) ငါ့ခန္ဓာထဲ အိုဘေး,နာ ဘေး, သေဘေးလဲ ပါတယ်၊ (မှန်ပါ့) ဒါတွေလဲ ငါထမ်း လာခဲ့တယ်၊နောက် မင်းကိစ္စ စိုးကိစ္စဆိုတဲ့ မင်းဝန်စိုးဝန်တွေ ကော၊ (ထမ်းလာပါတယ်ဘုရား)။

အင်း- ငါသွားတဲ့လမ်းကလမ်းကောင်းလား၊လမ်းကြမ်း လား၊ (လမ်းကြမ်းပါဘုရား)။

ဩော်- ငါ့ဖြစ်တွေလောက် ဆိုးတာ ဘယ်ရှိမတုံး၊ ဒုက္ခ သစ္စာလမ်းကြမ်းပေါ်မှာ ဒုက္ခဝန်တွေထမ်းပြီးဒုက္ခသည်သွား နေတာ၊ (မှန်လှပါဘုရား)ပေါ်ပလား၊(ပေါ်ပါပြီဘုရား)။

http://www.dhammadownload.com



ဒုက္ခသစ္စာ လမ်းကြမ်းပေါ်မှာ (ဒုက္ခသည် လမ်းသွားနေတာပါဘုရား)။

အဲ-ဒုက္ခ ခန္ဓာကိုယ်ကြီး ထမ်းပြီးသကာလ ပြုံးမျှားသွားနေတဲ့ ပုဂ္ဂိုလ်များ တကာကြွယ် ဘုရားသခင် ကိုယ်တော်မြတ်ကြီး အရိယာ မျက်လုံး တပ်ကြည့်မယ် ဆိုတော့ ဩော်-သေခါနီး ပြုံးပါလား၊ (မှန်ပါ့ဘုရား)။

ဘယ်လို ပေါ် လာ ကြသလဲ၊ (သေခါနီး ပြုံးတာပါဘုရား)။

သေခါနီးပြုံးဆိုတာ မထင်ရှားဘူးလား၊ (ထင်ရှားပါတယ် ဘုရား)။

အဲဒါ လမ်းခွဲမရှာလို့ရှိယင် တစ်သံသရာလုံး ဒီဝန်ထမ်းပြီး ဒီလမ်းပေါ်မှာ ဟပ်ထိုးလဲချည့် သေခဲ့တာဘဲ၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီ)။

ဒီဝန်ထမ်းပြီး ဒီလမ်းပေါ်မှာ (ဟပ်ထိုးလဲချည့် သေခဲ့ပါတယ်ဘုရား)။

ဒါကြောင့် ခင်ဗျားတို့ အလောင်းတွေ မြုပ်ရဌာနဟာ မြေကြီး အနှံ့အပြားရှိပါတယ်၊ (မှန်ပါ့) ဒီ-ဟပ်ထိုးလဲသေခဲ့ရတယ်၊ (သေခဲ့ရပါတယ်ဘုရား)။

ဒီနေရာ သွားပြီးသကာလ ဥပမာ-သဲတောသွား သေခဲ့ရမယ်၊ ရမည်းသင်း သွားသေခဲ့ရမယ်၊ တောင်ငူ သွားသေခဲ့ရတဲ့လူတွေလဲ မရှိဘူးလား၊ (ရှိပါတယ်ဘုရား) အဲဒါ ဟပ်ထိုးလဲ သေတာချည့် မှတ်ပေတော့၊ (မှန်ပါ့)။

ဘာကြောင့် ဒီလမ်းတွေချည့် သွားပြီးသကာလ မသေဘူးတဲ့နေရာမရှိအောင် ဝန်ထုပ်ကြီးထမ်းပြီး ပိ,သေရပါလိမ့်

http://www.dhammadownload.com



မလဲဆိုတော့ လမ်းခွဲမတွေ့တဲ့ ပုဂ္ဂိုလ်၏ဖြစ်ထွေ၊ (မှန်လှပါ ဘုရား)။

တကာကြွယ် ဘယ်လိုဆိုပါ့မယ်၊ (လမ်းခွဲမတွေ့တဲ့ပုဂ္ဂိုလ်၏ ဖြစ်ထွေပါဘုရား)။

ဒါဖြင့် ကြာနေတော့မယ် တကာ တကာမတို့ ခင်ဗျားတို့ လမ်းကဖြင့် တစ်ခုမှ မကောင်းတာသိတော့ ဇာတိတုန်းကလဲ လမ်းခွဲမရှာနိုင်ကြဘူး၊ (မရှာနိုင်ပါဘုရား)။

ဇရာ ကြီးရင့်လာတယ်ဆိုတော့ ပညာ သင်ရတာနဲ့ အိမ်ထောင်ရေး တည်ထောင်ရတာနဲ့ ရှာချိန်မရသေးဘူး၊ (မရပါ ဘုရား)။

အခု တော်တော်ရင့်ကျက်လာလို့ ဗျာဓိမရောက်ခင်ကလေး မဂ္ဂင်လမ်းခွဲဖြင့် ရှာဖြစ်အောင်ရှာပါ၊ (မှန်ပါ့) မရှာတော့ဘူး ဆိုယင် ဗျာဓိပြီး မရဏဆိုတော့ ဟပ်ထိုးလဲဖို့ပဲ ရှိတော့တယ်၊ (မှန်ပါ့ဘုရား) လျှာထွက်သေဖို့ပဲ ရှိတော့တယ်ဆိုတာ ပေါ်ပလား၊ (ပေါ်ပါပြီ)။

ဒါဖြင့် ဘယ်နဲ့ဘယ်အကူး လမ်းခွဲရှာရမှာပါလိမ့်၊ (ဇာတိနဲ့ဇရာ အကူး ရှာရမှာပါဘုရား) တကာသစ် ပေါ်ပလား၊ (ပေါ်ပါပြီဘုရား)။

အခု တကာသစ် ဘယ်နဲ့ဘယ်ရောက်နေပလဲ၊ (ဇာတိနဲ့ဇရာ အကူး ရောက်နေပါပြီ) ဗျာဓိမရောက်ခင်ကလေး ကျန်သေးတယ်၊ (မှန်ပါ့) ဇရာကတော့ဖြင့် ရောက်နေပြီ၊ (မှန်ပါ့ ဘုရား)။

ဗျာဓိ အိပ်ရာဖျာကပ် ဆိုတဲ့ ဆေးသမားတွေ ဝိုင်းဆရာဝန်တွေ ဝိုင်းနေတဲ့ဆီကိုတော့ မရောက်သေးဘူး ပေါ့ဗျာ၊

http://www.dhammadownload.com



(မှန်ပါ) မရောက်သေးတော့ ဒီနေရာမှာ မဂ္ဂင် လမ်းခွဲရှာကြပေတော့၊ (မှန်ပါ)။

မဂ္ဂင်လမ်းခွဲ မရှာလို့ရှိယင်ဖြင့်တဲ့ ရှာချိန်ကုန်ပြီ၊ (မှန်ပါဘုရား)။

တကာ့တကာမတွေ့ ဘယ့်နှယ်ဆိုကြမလဲ၊ (ရှာချိန်ကုန်ပါပြီဘုရား)။

ရှာချိန်ကုန်ပြီတဲ့ ခင်ဗျားတို့ဒီအတိုင်းပဲဒီဝန်ထုပ်ထမ်းပြီး ဒီမနိုင်ဝန်ထမ်းပြီ ဒီလမ်းကြားမှာဒီဟပ်ထိုးလဲပြီးဒီလျှာထွက်သေတဲ့နည်းပဲ ခင်ဗျားတို့မှာ အမြဲတမ်းရှိနေတယ်၊ (မှန်ပါဘုရား)။ အတော်မဆိုးဘူးလား၊ (ဆိုးပါတယ်ဘုရား)။

ကဲ....တကာကြွယ် တောင်ကနေ မြောက်သွားတာ ဘာနဲ့သွားသဘုံး၊ ဝန်ထမ်းလမ်းကြမ်းသွားတယ်ဘုရာ့၊အနောက်ကလူ့ တောင်သွားတာကော၊ (ဝန်ထမ်းလမ်းကြမ်း သွားပါတယ်ဘုရား)။

ဩော်–ဒါဖြင့် အသေရှာတာပေါ့၊(မှန်ပါဘုရား) ဘာလုပ်ကြတာတုံး၊ (အသေရှာတာပါဘုရား) အင်း.... သေခြင်းကောင်းရှာတာလား၊ သေခြင်းဆိုး ရှာတာလား၊ (သေခြင်းဆိုးရှာတာပါဘုရား)။

ဟာ.... သေခြင်းဆိုးမျိုးဆိုတော့ ခင်ဗျားတို့က နာလိုက်တာ၊ကိုယ်ရှာတာကတော့၊ (သေခြင်းဆိုးပါဘုရား)။

ဖြစ်မှဖြစ်ရပလေ...၊ မိန်းမလုပ်တဲ့ပုဂ္ဂိုလ်က ယောကျ်ားကို သေခြင်းဆိုးလို့မျိုး ဆိုလိုက်တဲ့အခါကျတော့ တကာကြွယ်ငါ့ကို ဒီလိုဆဲရမလား၊ ဒီလိုဆိုရမလားလို့ ရိုင်းစိုင်းတဲ့.... တကာမဆိုပြီး ကိုယ်ရိုက်နိုင်လို့ရှိယင် ရိုက်တယ်–နော်(မှန်ပါ)

http://www.dhammadownload.com



ကိုယ်လုပ်နေတာကတော့ သေခြင်းဆိုးရှာနေတာ၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီ)။

ဒီကနေ တကာကြွယ်တို့ မန္တလေးသွားတယ်ဆိုတော့ ဘာ ထမ်းသွားရသတုံး အို့နာ့သေဘေးကြီး ထမ်းသွားရတယ်၊ (မှန်ပါ့)လမ်းကလမ်းကြမ်းလား လမ်းကောင်းလား၊(လမ်း ကြမ်းပါဘုရား)လမ်းကြမ်းမှာမှ နိုင်ဝန်လား-မနိုင်ဝန်လား၊ (မနိုင်ဝန်ပါရာဘုး)။

မနိုင်ဝန်ဆိုလို့ရှိယင် တစ်နေရာရာခြေချော်လို့ရှိယင် ကား ကနဲ လျှာထွက်သေလိမ့်မယ်၊ (မှန်ပါ့ဘုရား) မသေကြပေဘူး လား၊ (သေမှာပါဘုရား)၊

အဲဒီဟာတွေ ဖြစ်ပြီးသကာလ နေတာသိနေတော့ဗြော်.... လမ်းခွဲမရှာမိတဲ့ ပုဂ္ဂိုလ်၏ ဖြစ်ထွေကဖြင့် အကြီးဆုံးဆိုးဝါး ခြင်းပဲ၊ (မှန်လှပါဘုရား) မပေါ်သေးဘူးလား၊ (ပေါ်ပါပြီ ဘုရား)။

ဒါ-သံဝေဂ ရဖို့ဟောတာလား ကိုယ်သွားဖို့ မဟန်တာသိ အောင်လို့ ပြောတာလား၊ (ကိုယ်သွားဖို့ မဟန်တာသိ အောင်လို့ ပြောနေတာပါဘုရား) တကာသစ်ရိပ်မိပြီ၊ (ရိပ်မိ ပါပြီ)။

ကောင်းပြီ ဒါဖြင့် လမ်းခွဲရှာကြစို့ဆိုတော့ မဂ္ဂင်လမ်းပြ မယ်၊ (မှန်ပါ့)။

တကာတကာမတို့ မဂ္ဂင်လမ်းပြတော့မယ်ဆိုတော့ ကံလေး ပါးဝေဘန်ရလိမ့်မယ်၊ (မှန်ပါ့ဘုရား)။

တကာတကာမတွေ သန္တာန်မှာကံ-ကံဆိုတာ ခင်ဗျားတို့က ကံတစ်မျိုးတည်းချည့် မှတ်နေကြတယ်နော်၊ (မှန်ပါ့)။

http://www.dhammadownload.com



ကဲ....ဒါကလေး နားထောင်လိုက်ပါဦးတဲ့ မဲတဲ့ကံ-မဲတဲ့ အကျိုးပေးတာ တစ်မျိုး၊ (မှန်ပါ့ဘုရား)

ဖြူဘဲ့ကံ-ဖြူတဲ့အကျိုးပေးတာက၊ တစ်မျိုးပါဘုရား) အမဲ အဖြူရောဘဲ့ကံဟာ အမဲအဖြူရောဘဲ့အကျိုးပေးတာကတစ်မျိုး (မှန်လှပါ) တတိယကံက အမဲအဖြူရောတယ်၊ (မှန်ပါ့ဘုရား) သဘောကျပလား၊ (ကျပါပြီ)။

အတိတ်ကံကတော့ဘာတဲ့၊ အမဲအဖြူရောပါတယ်ဘုရား) အမဲအဖြူရောတဲ့ကံက အမဲအဖြူ အကျိုးပေးတယ်၊ (မှန်ပါ့ ဘုရား)။

အမဲအဖြူ မရောတဲ့ကံက စတုတ္ထကံ၊ အမဲအဖြူ မရောတဲ့ အကျိုးပဲ ပေးတယ်၊ (မှန်ပါ့)။

ဒါဖြင့် ခင်ဗျားတို့ သန္တာန်မှာ ကံ ဘယ်နှစ်မျိုးရှိပါလိမ့်၊ (လေးမျိုးပါဘုရား)။

ကဲ-တကာကြွယ်ရေ....ကံလေးမျိုးရှင်းတော့မယ်၊ (မှန်ပါ့ ဘုရား)။

ဒီကံမပြတ်သရွေ့ကာလပတ်လုံး ဒီဝဋ်ထမ်းပြီးသကာလ ဒီ ၉ ၆-ပါး လမ်းကြမ်းမှာ ဒီဝဋ်ပိပြီး, ဒီလျှာထွက်သေတဲ့ ကိစ္စ ဟာ ခင်ဗျားတို့ အမြဲတမ်းကိစ္စမှတ်ပါ၊ (မှန်လှပါ) ကံမပြတ် သရွေ့ကာလပတ်လုံး၊ (မှန်ပါ့ဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား)။

ကောင်းပြီ- ဒါက တကာတကာမတို့ ဒီတရားကို သေသေ ချာချာ မှတ်ကြပါတဲ့၊ မဇ္ဈိမပဏ္ဏာသပါဠိတော်မှာ ကိုယ်တော် တိုင် ဟောတာဖြစ်နေတဲ့အတွက် ဩဒ်-ဒ္ဒိဟာက ကံတစ်မျိုး

http://www.dhammadownload.com



တည်း နားလည်တယ်၊ ကံလေမျိုး ရှိနေပါလား၊ (မှန်ပါ့) ကံက ဘယ်နှစ်မျိုးရှိပါလိမ့်၊ (လေးမျိုးပါဘုရား)။

မဲဘဲ့ကံ မဲတဲ့အကျိုး မပေးတာတစ်မျိုး၊ (မှန်ပါ့) ဖြူတဲ့ကံ (ဖြူတဲ့အကျိုးပေးတာကတစ်မျိုးပါဘုရား) အမဲအဖြူ ရောတဲ့ကံက၊ (အမဲအဖြူရောတဲ့ အကျိုးပေးတာကတစ်မျိုးပါဘုရား) အမဲအဖြူမရောတဲ့ကံက၊ (အမဲအဖြူမရောတဲ့ အကျိုးပေးတာက တစ်မျိုးပါဘုရား) ဒါ-မှတ်ထားကြပါ၊ (မှန်ပါ့ဘုရား)။

ခင်ဗျားတို့က "ကမ္မံ သတ္တေ ဝိဘဇတိ ဟီနပဏီတတာယ ဝါ ယ" ဆိုပြီး ဒါကလေး တစ်လုံးပဲ မှတ်ထားတယ်၊ (မှန်ပါ့ဘုရား) ကံအတိုင်း အကျိုးပေးမှာပဲ အယုတ်အမြတ် ဆိုတာ **ကံ့စီမံသလို** ဖို့ပဲ၊ (မှန်ပါ့)။

ဘုန်းကြီးက ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောထားတာတွေကရှိနေတော့ တကာတကာမတို့ ကံစီမံရာမလိုက်နဲ့၊ ဉာဏ်စီမံရာလိုက်၊ (မှန်လှပါဘုရား ပြင်လိုက်ပြီ၊ (မှန်ပါ့)။

ဘာတဲ့တုံး၊ (**ကံစီမံရာမလိုက်ဘဲ ဉာဏ်စီမံရာ လိုက်ရပါ့မယ်ဘုရား**)။

ကံစီမံရာ လိုက်လိုက်လို့ရှိယင်ဖြင့် တကာသစ်ခဏခဏပြောနေတယ်၊ တကာတကာမတို့ သူက ကံက အပါယ်သွားလိုက် ဆိုယင်လဲ ခင်ဗျားတို့ ခန္ဓာက အပါယ်သွားဖြစ်လိုက်ရတယ်၊ (မှန်လှပါ) ကံက နတ်ရွာသုဂတိသွားလိုက် ဆိုပြန်တော့ကော (နတ်ရွာသုဂတိ သွားရပါတယ်ဘုရား)။

http://www.dhammadownload.com



ဩြော် .. သူစိမ်းရာ ကျုပ်တို့ အောက်ရောက်လိုက်၊ အထက်ရောက်လိုက်၊ နေရာမမြဲပါလား၊ (မမြဲပါဘုရား) မြဲသေးရဲ့လား၊ (မမြဲပါဘုရား)။

ဉာဏ်စိမ်းရာ လိုက်,လိုက်ရှိယင် နိစ္စနိဗ္ဗာန် ဓုဝနိဗ္ဗာန်ဆိုတဲ့ မြဲတဲ့နိဗ္ဗာန်ရောက်မယ်၊ (မှန်ပါ့)။

ဒါဖြင့် ဘယ်ဟာကို ဂရုစိုက်ကြရမယ်၊ (ဉာဏ်စိမ်းရာကို ဂရုစိုက်ကြရပါမယ်ဘုရား) ရှင်းပလား၊ (ရှင်းပါပြီ)

ကောင်းပြီ-ဒါကလေးတစ်လုံးကိုစောစောမှတ်ထားတော့မှ ကံလေးမျိုး ပြန်ရှင်း၊ တကာတကာမတို့ အမဲကံက၊ (အမဲအကျိုးပေးပါတယ်ဘုရား)။

ဒါက ၁-နံပါတ်နော်၊ (မှန်ပါ့) အဖြူကံက၊ (အဖြူအကျိုးပေးပါတယ်ဘုရား) ဒါက ဘာပါလိမ့်၊ ၂-နံပါတ်၊ (မှန်ပါ့) အမဲအဖြူ ရောဘဲ့ကံက (အမဲအဖြူအကျိုးပေးပါတယ်ဘုရား) ဒါက ဘာပါလိမ့်၊ (၃-နံပါတ်ပါဘုရား) အမဲအဖြူမရောဘဲ့ကံက၊ (အမဲအဖြူမရောတဲ့ အကျိုးပေးပါတယ်ဘုရား) သဘောကျပလား၊ (ကျပါပြီ)။

တကာတကာမတွေခင်ဗျားတို့မှာကံဘယ်နှစ်မျိုးရှိပါလိမ့်၊ (လေးမျိုးပါ ဘုရား)လေးမျိုးရှိတယ်လို့ သေသေချာချာ မှတ်ထားကြပါနော်၊ (မှန်ပါ့)။

စတုက္ကနိပါတ် အင်္ဂုတ္တိုရ်မှာ * ဘုရားသခင်ကိုယ်တော်မြတ်

---

* စတုက္ကနိပါတ် အင်္ဂုတ္တိုရ်၊ ကမ္မဝဂ် အဓ ခုနစ်သုတ် ကြည့်ပါ။

http://www.dhammadownload.com



ကြီး သေသေချာချာဟောထားပါတယ်၊ (မှန်ပါ့)ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ ဒါ ...ကိုယ်တော်တိုင် ဟောတာ ဆိုတော့လဲ မှားစရာ့ယွင်းစရာရှိသေးရဲ့လား၊ (မရှိပါဘုရား)။

ကောင်းပြီ .. တဲ့၊ ခင်ဗျားတို့လုပ်နေတာ ဘယ်ကံတွေများ လုပ်နေကြပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့တစ်ခါတလေ ကျတော့ ရောင်းတဲ့ဝယ်တဲ့ ကံတွေလုပ်နေကြတယ်၊ (မှန်လှပါ ဘုရား)။

လူချင်လို့လောဘနဲ့ဝယ်လိုက်၊ဒေါသနဲ့ပေမယ့်ပြိုင်ရောင်း လိုက်၊ တနည်းအားဖြင့်လဲ မစ္ဆရိယနဲ့ပဲ ရောင်းလိုက်,ဝယ်လိုက် ဆိုတော့ ဒါ....အမဲကံဖြစ်နေတယ်၊ (မှန်ပါ့) အမဲကံဖြစ်နေ တော့ အပါယ်လေးပါးတည်းဟူသော အမဲအကျိုးပေးတယ်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် အမဲကံက၊ (အပါယ်လေးပါး အကျိုးပေးပါတယ် ဘုရား) အပါယ်လေးပါးတည်းဟူသော အကျိုးပေးတယ်၊ (မှန်ပါ့ဘုရား) တကာကြွယ် ရိပ်မိ ပ လား၊ (ရိပ်မိပါပြီ ဘုရား)။

ဒီလိုကံတွေကလဲ တကာကြွယ်ဈေးချိုထဲနေတော့ တွေ့မှာ ပေါ့ဗျာ၊(တွေ့ပါတယ်ဘုရား) ဘာတွေများ လုပ်နေကြသလဲ ခင်ဗျားက အကဲခတ်ရမယ်၊ (အမဲကံ လုပ်နေပါတယ်ဘုရား) အမဲကံလုပ်သောကြောင့်ဘာအကျိုးပေးမလဲ၊(အမဲကံအကျိုး ပေးပါမယ်ဘုရား) ဩော်...အမဲကံ - အကျိုးပေးလိမ့်မယ်၊ မဲနက်တဲ့ကံဟာ မဲနက်တဲ့အကျိုးပေးရမယ်၊ (မှန်ပါ့)။

http://www.dhammadownload.com



တစ်ခါတလေကျတော့ ဒီက အမြတ်အစွန်း ကလေး ထွက်လာတဲ့အခါကျတော့ ဘဝကောင်းစားရေး ဆိုပြီး သကာလ ဘဝကောင်းစားရေးပေါ့ဗျာ၊ (မှန်ပါ့)ဆိုပြီးသကာလ ဆွမ်းကလေးကျွေးလို့ သီတင်းကလေး ဥပုသ်စောင့်လို့ ဒီကံကလေးတွေ၊ ဝဋ္ဋကံတွေကို သူပြန်လုပ်တယ်၊ (မှန်ပါ့ဘုရား)။

ဝဋ္ဋကံတွေ လုပ်လိုက် ပြန်တော့လဲ ဖြူတော့ ဖြူပါတယ်တဲ့၊ ဖြူတဲ့ကံမို့ နတ်ရွာသုဂတိဆိုတဲ့ အဖြူ အကျိုးပေးလိုက်တယ်၊ (မှန်ပါ့) သို့သော်- ခုနင်က ပဋိစ္စသမုပ္ပါဒ် လွတ်ကဲ့လား၊ (မလွတ်ပါဘုရား)။

ဒါဖြင့် အဖြူကံက အဖြူ အကျိုးပေးပြား သော်လဲ ပဋိစ္စသမုပ္ပါဒ်ဆိုတဲ့ ခုနင်က ၉၆-ပါး လမ်းကြမ်း ပြန်လျှောက်ပြန်တယ်၊ (လျှောက်ပါတယ် ဘုရား) မလျှောက် ဘူးလား၊ (လျှောက်ပါတယ်ဘုရား)။

တစ်ခါတလေကျတော့ အမဲအဖြူ ရောတဲ့ ကံကြောင့် အမဲအဖြူ အကျိုးပေးရတယ်၊ (မှန်ပါ့) နိုင်ငံရေးနဲ့ ပတ်သက်ပြီး သကာလ သံဃာတော်တွေ ဆွမ်းကျွေး, ဘုရားတွေ အမိဋ္ဌာန်ပေါ့ဗျာ၊ (မှန်ပါ့) ဒီလိုဟာတွေ အမဲအဖြူရောတာ၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီ)။

အဲဒီလို အမဲအဖြူ ရောတဲ့ကံကြောင့် ဘာ အကျိုးပေးသလဲ၊ (အမဲအဖြူ ရောတဲ့ အကျိုး ပေးပါတယ် ဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား)။

ကျုပ်တို့ ဒီ ဝိပဿနာ မဂ်ကတော့ နဂိုရ်ကသဲ-အမဲမဟုတ်ဘူး၊ (မှန်ပါ့) အဖြူလိုလဲ နတ်ရွာသုဂတိ အကျိုး မပေးဘူး၊ (မှန်ပါ့)။

http://www.dhammadownload.com



ဒါဖြင့် အဖြူ အမဲမရောတဲ့ကံဖြင့် ဘယ်ဟာ အကျိုးပေးမလဲ (အဖြူအမဲမရောတဲ့ အကျိုးပေးပါတယ် ဘုရား) ဒါဖြင့် ဒီကံဟာ အကြီးဆုံးကံပဲ၊ (မှန်ပါ့)။

ဝိပဿနာ မဂ်ဉာဏ်သည်၊ (အကြီးဆုံး ကံပါ) အမဲ အဖြူ ရောတဲ့ကံ ဖြစ်လေသောကြောင့် အမဲအဖြူ အကျိုး ပေးသေးရဲ့လား၊ (မပေးပါဘုရား,။

ဩော်–သူကတစ်မျိုးပါလားဆိုတာ ယခုနပေါ်သွားတယ် (ပေါ်ပါတယ်)မပေါ်သေးဘူးလား(ပေါ်ပါတယ်ဘုရား)။

ကိုင်း–ပြန်ရှင်းပါဦးမယ် တကာတကာမတွေ ရှင်းသထက် ရှင်းအောင် ဒို့အိမ်မှာ အမဲ လုပ်နေသလား–အဖြူပဲ လုပ်နေသလား၊ အမဲအဖြူပဲ ရောနေသလား-ဟုတ်လား၊ (မှန်ပါ့) အမဲအဖြူမရောတဲ့ ကံတွေပဲ ဒို့လုပ်နေသလား ဆိုတာ တကာကြွယ် ကိုယ့်ဟာကိုယ် စစ်ဆေးလိုက် ပေါ်လာတယ်၊ (မှန်ပါ့) မပေါ်လာဘူးလား၊ (ပေါ်လာပါတယ်ဘုရား)။

ကိုယ့်ဟာကိုယ်စစ်ဆေးရင် ကံလေးမျိုးထဲက တစ်ခုခုတော့ လုပ်မိမှာပဲ၊ (မှန်ပါ့) မလုပ်မိတာလဲ ပါမှာပဲ၊ (မှန်ပါ့) မလုပ်မိတာက အမဲအဖြူမရောတဲ့ကံ မလုပ်မိဘူး၊(မလုပ်မိပါ) ခင်ဗျားတို့အဖြစ်တွေက၊ (မှန်ပါ့) အကောင်းဆုံးကို၊(မလုပ်မိပါဘုရား)။

ဘယ်နှယ်ဖြစ်နေသလဲ တကာကြွယ်ရ၊ (မှန်ပါ့) မသိတော့ ခက်တယ်၊ (မှန်ပါ့ခက်ပါတယ်) မသိတော့ အမဲအဖြူ မရောတဲ့ ကံသည်တကာတကာမတို့ကံတကာ့ကံထဲမှာအင်မတန်မှနိဗ္ဗာန်

http://www.dhammadownload.com



အကျိုးပေးတဲ့ သဘောဖြစ်ပြီး သကာလနေတော့ ကံကို ဖြတ်တတ်တဲ့တရားကို ဘုရားကဟောလိုက်တယ်၊ (မှန်ပါ့ဘုရား)။

အမဲ့အဖြူမရောတဲ့တရားသည် ဘာတဲ့၊ (ကံကို ဖြတ်တတ်တဲ့ တရားပါ) ကံကို ဖြတ်တတ်တဲ့တရားဆိုတော့ ဒီကံက အောက်ကော ပစ်ချနိုင်သေးရဲ့လား၊ (မချနိုင်ပါ) အထက်ဘဝဂ်ကျ အောင်ကော တင်နိုင်သေးရဲ့လား၊ (မတင်နိုင်ပါဘုရား)။

ဩော်-ဒါဖြင့် ကံ၏နယ်တွင်းမှ ကျုပ်တို့ လွတ်ကင်းမှ သာလျှင် နိဗ္ဗာန်ရောက်မယ်၊ (မှန်ပါ့ဘုရား)။

ကံ၏နယ်တွင်းမှ(လွတ်ကင်းမှ နိဗ္ဗာန်ရောက်မှာပါဘုရား) ဒါ-ကြပ်ကြပ်စဉ်းစားပါ တကာ တကာမတို့၊ ကံဖြတ်တာက မင်္ဂကိုး၊ (မှန်ပါ့) တကဲ့ကြွယ်ရိပ်မိပလား (ရိပ်မိပါပြီဘုရား)။

ဒါက ပါဠိတော်ကြီး ဖြစ်နေတဲ့အတွက်-တဲ့၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီး သေနိယတို့ ပုဏ္ဏတို့ကို အသေအချာဟော ခြင်းကြောင့် တကာ တကာမတို့ ကံဖြတ်တာကဖြင့် မဂ္ဂင်ပဲ၊ (မှန်ပါ့ဘုရား)။

ကံဖြတ်တာကဖြင့် (မဂ္ဂင်ပါ) သဘောပါပလား၊ (ပါ-ပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် အမဲကံက အမဲ အကျိုး ပေးတော့ တကာ တကာမတို့ အကုသိုလ်လုပ်တော့ အပါယ် လေးပါး အကျိုးပေးတယ်(ပေးပါတယ်) ဒါက အမဲကံက အမဲအကျိုး ပေးတယ်၊ (မှန်ပါ့ဘုရား)။

ဝဋ္ဋတောင့်တပြီးလုပ်တဲ့ဒါန,သီလတွေကျတော့ ဖြူပါရဲ့တဲ့ ကံက၊ (မှန်ပါ့) အဖြူဖြစ်တဲ့ နတ်ပြည်ပဲ အကျိုးပေးတယ်၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



အမဲအဖြူ ရောဘုံကံဆိုတော့ သဒ္ဓါလို့ကျွေးတာလဲ မဟုတ်ဘူး၊ ကိုယ့်အလှည့် ကျလာလို့ ကိုယ်ကျွေးရတာ၊ (မှန်ပါ့) ဒီဒါနမျိုးလဲမရှိဘူးလား၊ (ရှိပါတယ်) အဲဒီလိုရှိတာ ဖြစ်နေတော့ အမဲအဖြူက မရောဘူးလား၊ (ရောပါတယ်ဘုရား)။

ဒီလိုမှ မကျွေးလို့ရှိယင်ယဲ ကိုယ့်မှာ အပေါင်း အဖော် အသင်းအပင်း ဆိုသလိုပဲ မရှိမှာ စိုးရတယ်၊ (စိုးရပါတယ်ဘုရား)။

ဒါကတော့ ဒီလိုကျွေးရ မွေးရတာ အလှည့်ကျတဲ့ လူက၊ တီးပါတီလုပ်လို့ ကိုယ်ကလဲ တီးပါတီလုပ်ရတယ်၊ ဒင်းနွားလုပ်ရတယ် အစရှိသည်နဲ့ အခုအခါမှာ ရှုပ်နေတာပဲ၊ (ရှုပ်နေပါတယ်) အဲဒါတွေက အမဲအဖြူရောတာ (မှန်ပါ့) မရောဘူးလား (ရောပါတယ်ဘုရား)။

အဲဒါကျတော့ အမဲအဖြူ အကျိုး ပေး တယ်၊ (မှန်ပါ့) ဘယ်မှာ အကျိုးပေးသတုံးလို့ မေးတဲ့အခါကျတော့မှ တကာ ကြွယ်ရေ ရှင်ဘုရင့်အိမ်မှာ ရွှေဇလုံကြီးတွေနဲ့ ရွှေအင်တုံကြီးတွေနဲ့စားရတဲ့ ဆင်တွေဘာတွေ ဖြစ်တတ်တယ်၊ (မှန်ပါ့) မြင်းတွေ ဘာတွေ ဖြစ်တတ်တယ်၊ (မှန်ပါ့ဘုရား)။

ဒီ့ပြင်မြင်းလောက်တော့ ဆုင်းဆင်းရဲရဲလား၊ (မဆင်းရဲပါ) သူက ရွှေဇလုံနဲ့စားရတယ်၊ (မှန်ပါ့) ဒါလောက်ပဲ သာတယ်ဆိုတာ ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

ဒီဟာတော့ ဖြစ်ချင်သေးရဲ့လား၊ (မဖြစ်ချင်ပါ) ရွှေဇလုံလေဗျာ မကြိုက်ဘူးလား၊ (မကြိုက်ပါဘုရား)။

http://www.dhammadownload.com



မကြိုက်ဘူး၊ တော်-တော် သေးတယ်၊ တော်-တော် သေးတယ်၊ (မှန်ပါ)။

ကိုင်း-ဒါဖြင့် အမဲအဖြူမရောတဲ့ ကံကကော မဂ္ဂင်ရှစ်ပါး (မှန်ပါ) သူကတော့ ကံဖြတ်တယ်၊ (မှန်ပါ) သဘောပါပလား၊ (ပါ-ပါပြီဘုရား)။

အမဲအဖြူ မရောတဲ့ကံကတော့ (ကံဖြတ်ပါတယ်) ကံဖြတ်လို့ဆိုတာ သေချာပလား၊ (သေချာပါပြီဘုရား)။

ဒါဖြင့် လမ်းခွဲရှာတဲ့ပုဂ္ဂိုလ်ဟာ ဒီမဂ္ဂင်အလုပ်ကို လုပ်ပါမှ သာလျှင် ခုနင်ကကံဖြတ်လိုက်တဲ့အတွက်ဇာတိဘက်ကောသွားသေးသလား (မသွားပါ) ဇရာဘက်ကော၊ (မသွားပါ) ဗျာဓိဘက်ကော၊ (မသွားပါ မရဏဘက်ကော၊ (မသွားပါဘုရား)။

ဒါဖြင့် မဂ္ဂင်အလုပ်ဟာကျုပ်တို့ကြိုးစားလုပ်ရမည့်အလုပ်ထဲမှာဖြင့် အကြီးဆုံးလို့ ယနေ့သိတဲ့အတွက် တကာသစ်ရေ အကောင်းဆုံးလမ်း တွေ့တာပဲ၊(မှန်ပါ)မတွေ့သေးဘူးလား (တွေ့ပါပြီဘုရား)။

ဘာလုပ်ကြမယ်၊ (မဂ္ဂင်အလုပ် လုပ်ကြရပါမယ်) မဂ္ဂင်အလုပ်-လုပ်ကြရမယ်၊ သူ့ကို ဘယ်နှယ်ကြောင့် ဘုန်းကြီးတို့က တိုက်တွန်းရပါလိမ့်မတုံး မေးတော့ ကံဖြတ်လို့၊ (မှန်ပါ) သဘောကျပလား၊ (ကျပါပြီဘုရား)။

ကံဖြတ်တယ်ဆိုတော့ ဒီတရားဟာ ဆုံးတော့ဆုံးမှာမဟုတ်ဘူး၊ သို့သော် ခင်ဗျားတို့ နက်ဖြန်ဆက်ဟောမယ်နော်၊ (မှန်ပါဘုရား)။

http://www.dhammadownload.com



ကံဖြတ်တယ်ဆိုတော့ တသက်လုံးမှုဆိုးလုပ်စားတာတွေကို မဂ္ဂင်အလုပ် ခိုင်းလိုက်တော့ ပါဏာတိပါတ ကံတွေကြောင့် အပါယ်သွားသေးသလား၊(မသွားပါ)အဲဒါဘယ်သူ့ဝင်လိုက် ပါလိမ့်၊(မဂ္ဂင်ဝင်ပါတယ်) ကံဖြတ် မဂ္ဂင်ဝင်တယ်၊ (မှန်ပါ့) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

တသက်လုံးဆိုးလာတဲ့ အင်္ဂုလိမာလတို့ လူပေါင်း ထောင် သောင်းသတ်ပြီးသကာလ လက်ညှိုးတွေ လည်ပင်းတွဲလောင်း ဆွဲပြီးသကာလ လက်ညှိုး တစ်ထောင် ပြည့်အောင် ရှာနေတဲ့ ပုဂ္ဂိုလ်ဟာဖြင့် တိရစ္ဆာန်သတ်တာထက် လူသတ်တာကပိုမိုပြီး အပြစ်ကြီးထွားပြားသော်လဲ မဂ္ဂင်အလုပ်လုပ်လိုက်တဲ့အတွက် အဲဒီကံတွေ ဘာဖြစ်သွားသတုံး၊ (ပြတ်သွားပါတယ်ဘုရား)။

ဩော် ဒါဖြင့် အဖူးအမဲမရောတဲ့ ကံသည် တကာ တကာမ တို့ ဘာပါလိမ့်၊ (ကံဖြတ်ပါတယ် ကံဖြတ်တယ်ဆိုတာသေချာ ပလား၊(သေချာပါပြီ)တကာ့ကြွယ် နေ့ရာကျပလား၊(ကျပါ ပြီ ဘုရား)။

ဒါဖြင့် ဒီတကာ တကာမတွေကို ပြောရတယ်၊ ဟော့....ဒါန လုပ်လဲ ဝိဝဋ္ဋလုပ်ကြကွ၊သီလဆောက်တည်လဲ ဝိဝဋ္ဋဖြစ်အောင် လုပ်ကြကွ၊ သို့သော်လဲ ဝိပဿနာတော့ မလျှော့နဲ့၊ (မှန်ပါ့ ဘုရား)။

တကာ တကာမတွေ ဘယ်လိုပါလိမ့်၊ (ဝိပဿနာတော့ မလျှော့နဲ့ပါဘုရား)။

ဘာဖြစ်လို့တုံး မေးတဲ့အခါကျတော့ တကာတကာမတို့ ကံစီမံရာကိုလိုက်နေလို့ရှိယင်ဖြင့် ကျုပ်တို့ခင်ဗျားတို့သည်ကား

http://www.dhammadownload.com



လို့ဆိုလို့ရှိယင် အောက်နဲ့အထက် ပြေးလား လွှားလား နေရတယ်၊ (မှန်ပါ့ဘုရား)။

အောက်နဲ့အထက်နဲ့ ပြေးလား လွှားလားနေရတာ ဘယ်ဟာပါလိမ့်မတုံးဆိုတော့ တိုတိုပြောကြစို့ဆိုတော့ သုသာန်ရှာတာ၊ (မှန်ပါ့ဘုရား)။

ကံကအောက်ကအပြေးခိုင်းလိုက်(မှန်ပါ့)အပေါ်အတက်ခိုင်းလိုက်၊ (မှန်ပါ့) ဒါဖြင့်ကံစီမံတာသည် တကာတကာမတို့သင်းချိုင်းရှာတာလို့သိ(မှန်ပါ့) သင်းချိုင်းအရှာခိုင်းတာ၊ (မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြမယ်၊ (သင်းချိုင်း အရှာခိုင်းတာပါ) သင်းချိုင်း အရှာခိုင်းတာပဲဆိုတာ တကာကြွယ် ပေါ်ပလား၊ (ပေါ်ပါပြီဘုရား)။

ဒါဖြင့်တကာကြွယ်တို့က ကံသာလျှင် အမိ, ကံသာလျှင် အဖပဲဘုရား ...၊သူစီမံသလိုခံရလိမ့်မယ်ဆိုတော့ ဒီတရားမျိုးကို မတွေ့ဘူးဖူး၊ (မတွေ့ဘူးပါဘုရား)။

ကံပြတ်တရားကို မတွေ့ဘူးတော့ ဒါကလေးပဲ နှုတ်တက်နေတယ်၊ (မှန်ပါ့) ဒါကလေးပဲ နှုတ်တက်နေတော့ ဒါပဲအမေမိဘပဲဆိုတဲ့ အသွားကသဲ ထင်ရှားပေတယ်၊ (ထင်ရှားပါတယ်ဘုရား) သဘောပါကြပလား၊ (ပါပါတယ်ဘုရား)။

ဒါဖြင့် ယနေ့တော့ဖြင့် အရင်ကပြောတဲ့ အတိုင်းပါပဲတဲ့၊ တကာတကာမတွေ ကံပြတ်ဆိုတာ မဂ္ဂင်ပဲဆိုတာ အရင်လဲ

http://www.dhammadownload.com



ပြောခဲ့ပြီ၊ (မှန်ပါ) အခုသိပလား။ (သိပါပြီဘုရား) ဒါဖြင့် ဘာလုပ်ကြရမယ်၊ (မဂ္ဂင်အလုပ်လုပ်ရပါမယ်ဘုရား)။

ခင်ဗျားတို့ မဂ္ဂင်အလုပ် မလုပ်တော့ဘူးလို့ ဆိုလို့ရှိယင် ခင်ဗျာတို့ တစ်နေ့လုပ်ထားတဲ့ ကံတွေဟာ အပါယ်မှာခင်ဗျား တို့ ခန္ဓာနဲ့ ဆပ်မကုန်ဘူး၊ (မှန်ပါဘုရား) ကုန်ပါ့မလား၊ (မကုန်ပါဘုရား)။

ဒါဖြင့် ဒါလောက်ကြွေးများတာ အင်ဆော်လဝင်ခံလို့လဲ မဖြစ်ဘူး၊ (မှန်ပါ) မဖြစ်တော့ ဒီဟာတွေကို ဆား-တလျက်နဲ့ ကြေအောင် တကာတကာမတို့ ခန္ဓာနဲ့ ဆပ်ရမှာကို ဆား-တ လျက်နဲ့ ကြေတဲ့နည်းနဲ့ဆိုယင် မကြိုက်ဘူးလား၊ (ကြိုက်ပါ တယ်ဘုရား) မဂ်တစ်ချက်ပေါ်ယင် ပြီးတာပဲ၊ (မှန်လှပါ ဘုရား) ရှင်းပလား၊ (ရှင်းပါပြီ)။

မဂ်တစ်ချက်ပေါ်ယင်၊ (ပြီးပါတယ်ဘုရား) ဒါဖြင့် ဒီ တစ်ချဟာ ဆား-တလျက်ပါပဲ (မှန်ပါ)။

ဒီ-ဆား-တလျက်ကလေးကိုဖြင့် ခင်ဗျားတို့က ဆားပုံနား ကပ်ပြီးသကာလ လက်ညှိုးကလေး တံတွေးဆွတ်ပြီးမှ မကပ် ချင်လို့ ရှိယင်ဖြင့် ခန္ဓာနဲ့ ဆပ်ကြပေတော့၊ (မှန်ပါဘုရား) ဒါလောက် မဆိုးဝါးဘူးလား၊ (ဆိုးဝါးပါတယ်ဘုရား)။

အဲဒီတော့ ဝိပဿနာ အလုပ်ဟာ ပျင်းဖို့ အလုပ်လား၊ ကိုယ့်ကြွေးဆပ်တဲ့ အလုပ်လား၊ (ကိုယ့်ကြွေးဆပ်တဲ့ အလုပ် ပါဘုရား)။

ကိုယ့်ကြွေးဆပ်တဲ့ အလုပ်ကို တကာသစ်တို့က ကြွေးဟာလဲ ခန္ဓာနဲ့ အဲများကြီး ဆပ်ရမှာကို ဆား-တလျက်ဆိုတဲ့ မဂ္ဂင်နဲ့

http://www.dhammadownload.com



ဆပ်ရမှာကိုပင်လျှင် ကျုပ်တို့က မအားသေးလို့များ ဆိုချင်သေးသလား၊ (မဆိုချင်ပါဘုရား)။

တကာတကာမတွေ မအားသေး၊ သားကလေးကလူလား မမြောက်၊ သမီးကလေးက အချိန်အရွယ် မရောက်၊ ကိုယ်က စောင့်ရှောက်ရမည့် ဝတ္တရားရှိ၊ ဒါ့ကြောင့်အပါယ်သွားလိုက်ရဦးမယ်ဆိုတဲ့ ဆင်ခြေမျိုးနဲ့များ လဲချင်သေးသလား၊ (မလဲချင်ပါဘုရား)။

မသဲနဲ့၊ ခင်ဗျားတို့ကိုယ်နဲ့ ခင်ဗျားတို့က ဆပ်ရမှာ၊ (မှန်ပါ့ဘုရား) ခင်ဗျားတို့ ခန္ဓာကိုယ်နဲ့ အပါယ်မှာ ဆပ်ရမယ်၊ (မှန်ပါ့)။

ဒါဖြင့် တကာ တကာမတို့ ကံဖြတ်ပြီး ဉာဏ်နဲ့ ဆပ်ကြ၊ (မှန်ပါ့)။

အကုသိုလ် ကံတွေက ဖြတ်ပြီးတော့၊ (ဉာဏ်နဲ့ ဆပ်ရမယ်ဘုရား)။

ဉာဏ်နဲ့ ဆပ်ရမယ်ဆိုတော့ ခုနင်ကမုဆိုးကြီးတွေ ဘာနဲ့ ဆပ်သွားသတုံး၊ (ဉာဏ်နဲ့ ဆပ်သွားပါတယ် ဘုရား) ခန္ဓာနဲ့ ဆပ်ယင် ကျွတ်တမ်းဝင်စရာ အကြောင်းမရှိဘူး၊ (မှန်ပါ့ဘုရား) သဘောကျပလား၊ (ကျပါပြီ)နောက်–ဘုရား အဆူဆူ ချွတ်လို့ကော၊(မကျွတ်ပါဘုရား)ဉာဏ်နဲ့ ဆပ်လိုက်လို့ရှိယင်၊ (ကျွတ်ပါတယ်ဘုရား) သဘောပါကြပလား၊(ပါပါပြီဘုရား)။

ဒါဖြင့် ဝိပဿနာအလုပ်ကို ဘုန်းကြီးက လုပ်စေချင်တာလား....ကြွေးများလို့ အဆပ်ခိုင်းတာလား၊ (ကြွေးများလို့ အဆပ်ခိုင်းတာပါဘုရား)။

http://www.dhammadownload.com



အဲ-ဒီတော့မှပဲ ခင်ဗျားတို့က ဩော်- ဘုန်းကြီးဆီ သွားလို့ ရှိယင် အားထုတ်ကဲ့လား-နေရာကျရဲ့လား၊ ဒါပဲ မေးလေ့ရှိတယ်၊ (မှန်ပါ့) ကျုပ်ဖြင့် သွားပဲ မသွားရဲအောင် ဖြစ်နေတယ်၊ တချို့က-တချို့က၊ (မှန်ပါ့ဘုရား)။

သွားပဲမသွားရဲအောင် ဖြစ်နေတယ်ဆိုတဲ့ အဓိပ္ပါယ်မျိုးက သူဟာ သူ့ကိုယ်ပဲ ခန္ဓာနဲ့ ဆပ်ပါတော့မယ် ဆိုတဲ့ အဓိပ္ပါယ် ရှင်းနေတယ်၊ (ရှင်းနေပါတယ်ဘုရား)။

အကြွေးတင် ခန္ဓာနဲ့ဆပ်၊ (မှန်ပါ့) ဒယ်အိုးထဲသွားပြီး သကာလ ခန္ဓာနဲ့ဆပ်ရမယ်၊ (မှန်ပါ့) တိရစ္ဆာန်ဖြစ်ပြီး မြက်စားပြီး သကာလ လူလိုသွားပြီး ရုန်းကျွေးရတယ်၊ (မှန်ပါ့) ခန္ဓာနဲ့ မဆပ်ရဘူးလား၊ (ဆပ်ရပါတယ်ဘုရား)။

ကဲ-ဒါဖြင့် ခန္ဓာနဲ့ ဆပ်စရာတွေကဖြင့် အများကြီး ရှိပြီး နေသောကြောင့် တကာသစ် ဘာနဲ့ ဆပ်ရမတုံး၊ (ဉာဏ်နဲ့ ဆပ်မှ ပြေပါမယ်ဘုရား)။

ဒါဖြင့် ဉာဏ်နဲ့ ဆပ်လိုက်လို့ရှိယင် ခုနင်က ကံပေးမည့် အကျိုးပေးတွေ ဘယ့်နှယ်နေကြသတုံး၊ ပြတ်ပါတယ်ဘုရား၊ ပြတ်သွားမယ်ဆိုတာ မသေချာဘူးလား၊ (သေချာပါတယ် ဘုရား) တကာကြွယ် ရှင်းပလား၊ (ရှင်းပါပြီ)။

ဒါဖြင့် ခုနင်က ဇရာက ဗျာဓိမရောက်ခင် မဂ္ဂင်လမ်းခွဲ ကလေးဆိုတဲ့ ခုနင်က ဉာဏ်နဲ့ဆပ် ဆိုတဲ့ဥစ္စာ မဂ္ဂင်လမ်းခွဲပဲ၊ (မှန်ပါ့ဘုရား)။

ဉာဏ်နဲ့ ဆပ်ရမယ် ဆိုတာ ဘာပါလိမ့်၊ (မဂ္ဂင်လမ်းခွဲပါ ဘုရား) အဲဒီလမ်းခွဲကလေးကို ခင်ဗျားတို့ လိုက်ဖြစ်အောင် လိုက်စမ်းပါဆိုတာ လိုက်နည်းနက်ဖြန်ပြောမယ်၊ (မှန်ပါ့)။

http://www.dhammadownload.com



ဒီလမ်းကို လိုက်မိလို့ ရှိယင်ဖြင့် ခင်ဗျားတို့သည် သေသေ ချာချာ ခန္ဓာနဲ့ မဆပ်ရဘဲနဲ့ ဉာဏ်နဲ့ အကုန်ဆပ်လိုက်တာနဲ့ အပါယ်လေးပါး တံကားပိတ်တယ်၊ (မှန်ပါ့ဘုရား) သုဂတိ ဒုက္ခတွေလဲ အကုန်ငြိမ်းတယ်၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီ) ဒုဂ္ဂတိ ကိစ္စတွေကော၊ (ငြိမ်းပါတယ်ဘုရား)။

အဲ....သုဂတိလဲသိမ်းဒုဂ္ဂတိလဲငြိမ်းဆိုတော့ တကာတကာမ တွေ သုံးဆယ့်တစ်ဘုံ ပြင်ဘက် ရောက်တော့မယ်၊ (မှန်ပါ့)။

သုံးဆယ့်တစ်ဘုံ ပြစ်ဘက်မှာ (ရောက်ပါတယ်ဘုရား)သုံး ဆယ့်တစ်ဘုံထဲမှာ ဒုက္ခသစ္စာသာ ရှိတယ်၊ (မှန်ပါ့)သုံးဆယ့် တစ်ဘုံ ပြင်ဘက်မှာ နိရောဓသစ္စာရှိတယ်၊ (မှန်ပါ့)

အဲဒီနိရောဓသစ္စာကို လမ်းခွဲကနေပြီးသကာလ ကံပြတ် လမ်းက နေလိုက်မယ်ဆို မရောက်မရှိဘူး၊ (ရောက်ပါတယ် ဘုရား) ရှင်းပလား၊ (ရှင်းပါပြီ)။

ကိုင်း ယနေ့ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု။

http://www.dhammadownload.com

ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မဂ်လာတိုက်ဟောင်း မိုးကုတ်ဆရာတော်ဘုရား
အမရပူရမြို့မမှာရှိ၍ ဟောကြားတော်မူသော
ကံပြတ်တရား (၁)

# နေ့အလုပ်ပေး-တရားတော်

(၁၄-၈-၆၁)

တရားနာကြတယ် ဆိုတဲ့ ဥစ္စာက မှတ်မိဖို့ နာကြနော်။ (မှန်ပါ့)။

တရားနာကြတယ်ဆိုတာက ဘာလုပ်ဖို့ပါလိမ့်၊ (မှတ်မိဖို့ပါဘုရား)။

ဒါမှတ်မိရုံနဲ့လဲ မပြီးသေးဘူး၊ (မှန်ပါ့) နောက်တခါ ဆက်လက်ပြီး သကာလ သိအောင် မှတ်ပြီး သကာလ တကာ တကာမတွေ အားထုတ်ရလိမ့်မယ်၊ (မှန်ပါ့ဘုရား)။

ထိုကဲ့သို့ အားထုတ်တာကတော့ကိုတဲ့ ကိုယ့်ကိုယ်ကို ဒုက္ခ ဝဋ်မှ လယ်တာလို့ မှတ်ပါ၊ (မှန်ပါ့)။

ဒါဖြင့် တရားနာတာ ကတော့ ကုသိုလ်ရရုံပဲ၊ (မှန်ပါ့) နတ်ရွာ သုဂတိရောက်ရုံပဲ၊ (မှန်ပါ့) တရားအားထုတ်တာက တော့ဖြင့်....တဲ့ တကာတကာမတွေ ဝဋ်သုံးပါးကျွတ်တဲ့ ကယ် တင်တဲ့ သဘောပဲဆိုတာ မှတ်ပါ၊ (မှန်လှပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် တရားနာမှုနဲ့ တရားအားထုတ်မှုဟာ တကာကြွယ် တကာသစ် ကွာခြားတယ်လို့မှတ်ကြပါ၊ (မှန်ပါ့ဘုရား)။

တရားနာမှုသည် နတ်ရွာသုဂတိ ရောက်ရမယ်၊ (မှန်ပါ့) တရားအားထုတ်မှု သည်ကားလို့ ဆိုယင် ဝဋ်သုံးပါး ကျွတ်ရမယ်၊ (မှန်လှပါ)။

အဲဒီတော့ ဝဋ်ကျွတ်တာနဲ့ တရားနာလို့ အထက်ပိုင်းဝဋ်ကို ရတာနဲ့ဆိုတော့ အတော်ကွာခြားပါတယ်၊ (ကွာခြားပါတယ် ဘုရား) မကွာခြားဘူးလား၊ (ကွာခြားပါတယ်ဘုရား)။

အေး–ဒါကြောင့် အားလုံးတရားနာပြီးသကာလ တကာ တကာမတွေ ဆိုင်ရာဆိုင်ရာ ကိုယ့်အိမ် ကိုယ့်ရာမှာဖြစ်စေ ဒီမှာ စောစောရောက်တဲ့ ပုဂ္ဂိုလ်ဖြစ်စေ တကာကြွယ် တကာသစ်တို့ နှလုံးသွင်းရလိမ့်မယ်၊ (မှန်လှပါဘုရား) နှလုံးသွင်းလို့ ရှိယင် ဖြင့် ကိုယ့်ကိုယ်ကိုယ် ကယ်တင်တဲ့ အလုပ်ဟာ အထမမြောက် ပေဘူးလား၊ (မှန်ပါ့ဘုရား)။

အဲဒါကြောင့် တကာ တကာမတွေ တရားကြိုးစားနာပြီး မှတ်ကြပါ(မှန်လှပါဘုရား)ပြီးတော့ ကိုယ့်ကိုယ် ကိုယ်သနား သောကြောင့် အပါယ်လေးပါးမှ လွတ်အောင် ပဋိသန္ဓေနေ ခြင်း, အိုခြင်း, နာခြင်း, သေခြင်းမှလွတ်အောင် ကိုယ့်ကိုယ် ကိုယ် ကယ်တင်တဲ့ အလုပ်ကတော့ဖြင့် ကိုယ့်ကိုယ်ကိုယ် ရှုမှန်း ပြီး ကိုယ့်ခန္ဓာကြီးမလိုချင်မှ နိဗ္ဗာန်ရမယ်၊ (မှန်လှပါဘုရား)။

အဲဒါကြောင့် တကာ တကာမတို့ ကိုယ့်ကိုယ်ကိုယ် မလိုချင် အောင် ကြည့်ရခြင်းသည် ဘယ်အတွက်ကြောင့် ပါလိမ့်မတုံး ဆိုတော့ ကိုယ့်ကိုယ်တိုင်က တကာသစ်တို့ သိပြီးသားပဲ ခဏ ခဏ ဖြစ်ပျက်နေတဲ့ ဒုက္ခသစ္စာကြီးပဲ၊ (မှန်ပါ့) ဒါကို ဉာဏ်နဲ့

http://www.dhammadownload.com



မြင်တော့ တကာကြွယ် မလိုချင်တော့ဘူး၊ (မှန်ပါ) မလိုချင်တော့ ဒုက္ခနဲ့ ကင်းသွားတာပေါ့၊ (မှန်ပါ့)ဒုက္ခနဲ့ ကင်းသွားလို့ရှိယင် သုခနဲ့အဆက်ဖြစ်သွားတယ်လို့ မှတ်ပါ၊ (မှန်လှပါ) သုခနဲ့အဆက်ဖြစ်သွားတယ်ဆိုတာ ချမ်းသာရတာပါပဲ၊ (မှန်လှပါ)။

ဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ့သည် တရားနာမှု ရှေ့ထားပါ၊(မှန်ပါ့)အားထုတ်မှု ကိုယ့်ကိုယ်ကိုယ် ချမ်းသာဘက်သို့ ကယ်တင်မှုကို ၂-နံပါတ် ထားပြီး သကာလ အားလုံးပုဂ္ဂိုလ်တွေသည် ရှေးဦးစွာ ရောက်တဲ့ပုဂ္ဂိုလ်လဲ ကြိုးစားနှင့်၊ (မှန်ပါ့)။

ဟာ-ဒီကပြန်သွားလဲ ထမင်းကလေး, ဘာကလေး စားသောက်ပြီးသကာလ ကိုယ့်အိပ်ရာ ကိုယ့်အနားပဲ ခန္ဓာကိုယ်ကြီး ဘာဖြစ်နေတယ်ဆိုတာ ကြည့်ကြပါ၊ (မှန်ပါ့)။

ကြည့်တဲ့ အခါကျတော့ ခန္ဓာကိုယ်ကြီးက ပြောပါလိမ့်မယ်(ပြောပါတယ်ဘုရား)ခန္ဓာကိုယ်ကြီးကပြောပါလိမ့်မယ်၊ ချောင်းဆိုးပြလဲ သြော်-ဒီခန္ဓာကြီးဟာဖြင့် ချောင်းဆိုးဝေဒနာတို့၏ တည်းခိုရာဌာနကြီးပဲ၊(မှန်ပါ့) ဒုက္ခဟူသရွှေလက်ခံတာပဲဆိုတော့ ဒုက္ခသစ္စာမြင်လာတယ်၊ (မှန်ပါ့)။

ထိုင်ရင်းမတ္တာနဲ့ ညောင်းလာပြန်တယ်ဆို သြော်-ဘယ်သူကမှ အညောင်းပေးတာ မဟုတ်ဘူး၊ ခန္ဓာကိုယ်ကြီးထဲကထွက်လာတဲ့ ညောင်းတဲ့ဝေဒနာပဲ၊ ဒါကြောင့်လဲ ဒုက္ခသစ္စာပဲဆိုပြီး ဉာဏ်နဲ့လှည့်ပေးပါ၊ (မှန်ပါ့)။

ဤကဲ့သို့ ခန္ဓာထဲမှာဉာဏ်နဲ့လှည့်လှည့် လှည့်လှည့်ပေးလိုက်ပြီဆိုမှဖြင့် ခန္ဓာထဲမှာ တရွရွနဲ့ ဟိုနေရာကယားသလို ဒီနေရာ

http://www.dhammadownload.com



က ယံသလို ဟိုနေရာက အောင့်သလို ဒီ နေရာက ဘာဖြစ်သလိုလို ဆိုတဲ့ ခန္ဓာ၏ ဖြစ်ပျက်သဘောတွေ ခန္ဓာက ပြောပါလိမ့်မယ်၊ (မှန်လှပါဘုရား)။

အဲဒီ ခန္ဓာ၏ဖြစ်ပျက် သဘောတွေ ခန္ဓာက ပြောတဲ့ အခါကျတော့မှ ခန္ဓာကိုကြည့်ပေး၊ (မှန်ပါ့) ကြည့်ပေးတဲ့အခါကျတော့ ဩော်-ဖြစ်မှုပျက်မှုရှိတယ်ဆိုတာ ဒါတွေ ပေါ်တာဆိုတာကိုး၊ (မှန်လှပါဘုရား) စိုက်ကြည့်ဦးမယ်ဆိုပြီး လုံ့လဝီရိယမလျှော့ဘဲနဲ့ စိုက်ကြည့်၊ (မှန်လှပါ, စိုက်ကြည့်တဲ့အခါကျတော့ ခန္ဓာကကောင်းတာတခုမျှမပြောဘူး၊သူ့မှာအဆိုးရှိလို့ အဆိုးသာ ပြောမှာပဲ၊ (မှန်လှပါဘုရား) အဆိုးရှိလို့ အဆိုးပြောလာပြီ ဆိုမှဖြင့် ဩော်-ဒီ ဥစ္စာသည်ကား ငြီးငွေ့စရာ,ရွံစရာ,မုန်းစရာတွေပါလား ဆိုတာ တကာသစ် ဘယ်သူက ပြောသတုံး၊ (ခန္ဓာက ပြောပါတယ် ဘုရား)။

ခန္ဓာက ပြောတယ်နော်၊ (မှန်ပါ့) ခန္ဓာကပြောပြီးသကာလနေတော့ ပြောပေမယ့်လဲ အင်း-မင်း ပြောနိုင်သလောက်ပြောစမ်းကွာ ဆိုပြီး ဆက်ကြည့် ါ၊ (မှန်ပါ့) ပြောနိုင်သလောက် ပြောစမ်းပါဆိုပြီး ဆက်ကြည့်လိုက်တဲ့ အခါ ကျတော့ တကာကြွယ်ရေ မလိုချင်စရာတွေ ခင်ဗျားတို့ အကြိုက်ဟူသရွေ့ တခုမှ မပါတာတွေ သူက သူ့မှာရှိတာ အကုန်ထုတ်ပြောလိမ့်မယ်၊ (မှန်ပါ့)။

သူ့ရှိတာ အကုန် ထုတ်ပြောတဲ့ အခါကျတော့ ဩော်-ဒါကြောင့်ပဲ အရိယာမျက်လုံးတပ်ကြည့်လိုက်တဲ့အခါမလိုချင်

http://www.dhammadownload.com



စရာတွေပါလား–ဆိုပြီးသကာလ တကယ် မလိုချင်တာ ဉာဏ်စစ်ပေါ်လာလို့ရှိယင် ခန္ဓာ ပျောက်ပါလိမ့်မယ်၊ (မှန်လှပါဘုရား)။

ထိုကဲ့သို့ခန္ဓာပျောက်သွားတဲ့ အခါ ကျလို့ရှိယင် ခန္ဓာက ဒုက္ခသစ္စာ၊ အဲဒီတော့ ဒုက္ခသစ္စာပျောက်သွားတယ်၊ (မှန်ပါ ဘုရား)။

ဘာပျောက်သွားသတုံး (ဒုက္ခသစ္စာပျောက်သွားပါတယ် ဘုရား)။

အဲဒီကဲ့သို့ ဒုက္ခသစ္စာ ပျောက်သွားပြီဆိုမှဖြင့် ဒီဒုက္ခသစ္စာ ပျောက်တဲ့ နေရာကို တကာသစ်တို့ တကာကြွယ်တို့က ဉာဏ် ဦးတည့်ထား၊ (မှန်လှပါဘုရား)။

ဉာဏ်ဦးတည့်ထားပြီးသကာလ ဩော်-ဒုက္ခချုပ်ရာနိဗ္ဗာန် ဆိုတာ အခုဖြင့် ဒုက္ခဖြင့် ချုပ်သွားပြီ၊ချုပ်ရာနိဗ္ဗာန် ဆိုတာ အခုဒီမြင်တဲ့နေရာပဲဆိုပြီးသကာလ ဒီနေရာမှာ ချမ်းသာတာ သက်သက် ပေါ်လာလိမ့်ဦးမယ်၊ (မှန်ပါ)။

ချမ်းသာတာသက်သက် ပေါ်လာလို့ရှိယင် တကာသစ်တို့ တကာကြွယ်တို့ ဦးလှဘူးတို့ ဒီနေရာနဲ့ပဲ ပျော်မွေ့နေလိုက်ပါ၊ (မှန်ပါ ဘုရား) ဖြစ်ပျက်တွေ ဒုက္ခ သစ္စာတွေ မရှာပါနဲ့၊ (မှန်ပါ ဘုရား) မရှာဘဲနဲ့ ဒီနေရာပဲ ဉာဏ်စိုက် ထားပါ၊ (မှန်ပါဘုရား)။

ဒီနေရာဉာဏ်စိုက်ထားတော့ချမ်းသာတကာတို့၏အထွတ် အထိပ်ဖြစ်တဲ့ နိဗ္ဗာန် ဆိုတာ ဩော်-ဒါကြောင့် ချမ်းသာစစ်၊

http://www.dhammadownload.com



ချမ်းသာမှန်ဆိုတာ ဒီဟာမှကိုး-ဆိုတဲ့ ဥစ္စာကို ခန္ဓာ အဆုံးက ပြောလာတယ်၊ (မှန်ပါ့)။

ဘယ်သူက ပြောပါလိမ့်၊ (ခန္ဓာအဆုံးက ပြောပါတယ် ဘုရား)။

ခန္ဓာအဆုံးက ပြောလာတယ်လို့ဆိုတော့မှ အင်း–ဒီတစ်ခါ ဒီလိုမြင်လိုက် ပြီးပြီ ဆိုမှဖြင့် ငါ–ငါ့ဥစ္စာဆိုတာ ကလေးဟာ လုံးဝ တစ်ခါတည်း နောက်ပိုင်းက ဒိဋ္ဌိတွေ ပြုတ်ကျ သွားပြီး သကာလ ကိုယ့်အတွက် စောင့်နေတဲ့ အပါယ်လေးပါးတွေက ကိုယ့်အတွက်ဖြင့် ဟိုမှာ ရှာမတွေ့အောင်ဘဲ အပါယ်လေးပါး ပျောက်ထွက်သွားတယ်၊ (မှန်ပါ့)။

ဒါဖြင့်ဒီအပါယ်လေးပါးပျောက်သွားတာသည် ဘယ့်နှယ် ကြောင့် ပျောက်သွားပါလိမ့် မတုံး ဆိုတော့ အို-ခန္ဓာ အဆုံး နိဗ္ဗာန် မြင်လို့ သူက ပျောက်ရရှာတာ၊(မှန်ပါ့)မမြင်သေးတဲ့ ပုဂ္ဂိုလ်မှာဖြင့် ဒီအပါယ်လေးပါးဟာ ကိုယ့်အတွက်ဟာ ကိုယ် ကလူ့ပြည်နေပြေးသော်လဲ ဟိုကရဲအိုးတွေက ဆူလို့(မှန်ပါ့) ကျင်ကြီးတွင်းကြီးတွေက ပိုးလောက်တွေကသဲမျှော်လို့ပေါ့ ဗျာ၊ (မှန်ပါ့)။

အဲဒီလိုနေတာတွေဟာဘယ်တော့မှမပျောက်ဘူး(မှန်ပါ့) စောင့်ဆိုင်းပြီးသကာလနေတာပဲဆိုတာ မှတ်ရမယ်၊ (မှန်လှပါ ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ ကိုယ့်ကိုယ် ကယ်တင်တဲ့အလုပ်ကဖြင့် ကိုယ့်ကိုယ်ရှိမှုန်းငြီးငွေ့မလိုချင်လို့

http://www.dhammadownload.com



ကိုယ့်ခန္ဓာပျောက်လို့ နိဗ္ဗာန်အမြင်ဉာဏ်ရောက်တာသည်ကား အပါယ်လေးပါး တံခါးပိတ်ပြီး ကိုယ့်ကိုယ်ကို အပါယ်လေးပါးမှ ကိုယ်ကယ်တင်တဲ့ ဉာဏ်ပဲ ဆိုတာကို ဆုံးဖြတ်ချက်ချပါ၊ (မှန်ပါ့ဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ကောင်းပြီ.... ဒါ-ရှေ့ပိုင်းက အလုပ်ခန်းကို အနည်းငယ်မျှ ပြောပါတယ်။

ကောင်းပြီ....ဒီနေရာ ဒီဌာန တပည့်တော်တို့ ဘယ်အချိန်ရောက်ရမှာတုံးဘုရား- ဆိုတော့ ကိုယ့်သန္တာန် ဖြစ်စဉ်တွေဘုန်းကြီးပြပါဦးမယ်နော်၊(မှန်ပါ့)ကိုယ့်သန္တာန်ဖြစ်စဉ်တွေပြလိုက်တဲ့အခါကျတော့ အပါယ်လေးပါး ရောက်စေတတ်တဲ့ကံတွေ ဒိဋ္ဌိအုပ်ချုပ်တဲ့ကံတွေ ဒီကံတွေ ပျောက်တဲ့ အချိန်ကျလို့ရှိယင်ဖြင့် တကာတကာမတို့ ကိုယ်အလိုရှိတဲ့ နိဗ္ဗာန်ရောက်တာပဲဆိုတာ မှတ်ရမယ်၊ (မှန်ပါ့)။

အဲဒီတော့- နိဗ္ဗာန်သည် လေးမျိုး ရှိတယ်လို့ မှတ်ပါ၊ (မှန်ပါ့) ပထမဉာဏ်မြင်တဲ့ နိဗ္ဗာန်ကတစ်မျိုး၊ ဒုတိယဉာဏ်မြင်တဲ့နိဗ္ဗာန်က (တစ်မျိုးပါဘုရား)တတိယ,စတုတ္ထဉာဏ် မြင်တဲ့ နိဗ္ဗာန်တွေက၊ (တစ်မျိုးစီပါဘုရား)။

အဲဒီတော့ နိဗ္ဗာန်လေးမျိုး ရှိတယ်လို့ မှတ်ရမယ် နော်၊ **(မှန်ပါ့ဘုရား)**။

ပထမနိဗ္ဗာန်သည် အပါယ်လေးပါး တံခါးသာ ပိတ်နိုင်ပါတယ်၊ (မှန်ပါ့) သို့သော်**လဲ** ပထမနိဗ္ဗာန်ရယင်လဲပဲ တကာကြွယ် အမြတ်အစွန်း အကြီးဆုံး ထွက်ပါပြီဆိုတာကို**လဲ** ဆုံးဖြတ်ချက်ချတာပေါ့၊ (မှန်ပါ့)။

http://www.dhammadownload.com



ကဲ–ဒါဖြင့် တပည့်တော်တို့ ပထမနိဗ္ဗာန်မရောက်တာ ဘယ့်နှယ်ကြောင့်တုံးဘုရား–လို့ မေးတဲ့အခါ ကျတော့မှ တကာ တကာမတို့ ဒါက အခုတရားနာနေတဲ့ ခန္ဓာငါးပါး၊ (မှန်ပါ့ဘုရား)။

ဒါ– ဘာပါလိမ့်၊ (တရားနာနေတဲ့ ခန္ဓာငါးပါးပါ) ဒီခန္ဓာငါးပါးကြီးကို ဉာဏ်အမြင်ကမရှင်းကြဘဲ ဖြစ်နေတယ်၊ (မှန်ပါ့ဘုရား)။

ပထမ နိဗ္ဗာန်မရောက်တာက ဒီ ခန္ဓာငါးပါး အပေါ်၌ တကာသစ် ဉာဏ်အမြင်မရှင်းဘဲ ဖြစ်နေတယ်၊ (မှန်ပါ့ဘုရား) မရှင်းဆို တချို့မှာလုံးဝကိုမသိလို့ မရှင်းတာရှိတယ်၊ (မှန်ပါ့) တချို့သိလျက်နဲ့မလုပ်လို့ မရှင်းတာရှိတယ်၊ (မှန်ပါ့) အဲ-မရှင်းတာ ဘယ်နှစ်မျိုးပါလိမ့်၊ (နှစ်မျိုးပါဘုရား)။

မသိလို့မရှင်းတာက (တစ်မျိုးပါ) သိလျက်နဲ့ မလုပ်လို့ မရှင်းတာက (တစ်မျိုးပါဘုရား)။

အဲဒီ မရှင်းလင်းတာနှစ်မျိုးရှိတဲ့ အနက်က တကာ တကာမတို့ အခုတရားနာနေတဲ့တကာ တကာမတွေအတွက် စဉ်းစားရမယ် ဆိုလို့ရှိယင်ဖြင့်တဲ့ သိလျက်နဲ့မလုပ်လို့ မရှင်းတာဘဲ၊ (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် မလုပ်သေးတဲ့ ပုဂ္ဂိုလ်များကလဲ ကိုယ့်ကိုယ်ကို အပါယ်လေးပါးရောက်မှာ ချောက်ကျသွားမှာ ပြန်မတက်နိုင်တဲ့နေရာရောက်မှာ ဧကန်သိ- တကယ်သိပြီးနေတဲ့အတွက် ကိုယ့်ကိုယ်ကိုရှင်းအောင် ရှေးဦးစွာကြည့်ပါ၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



သို့သော် မရှင်းပုံကလေး ရှေ့ကပြတဲ့အခါကျတော့ ဒီခန္ဓာ ငါးပါးကြီးကို ကိုယ့်ခန္ဓာ ကြည့်လိုက် ကိုယ့်သား၊လင်၊ခင်ပွန်း ခန္ဓာကြည့်လိုက်၊ ဒီလိုကြည့်လိုက်ပြီဆိုမှဖြင့် သြော်- ဒါ သည်ကားဆိုလို့ရှိယင် ကိုယ့်ခန္ဓာက ငါ၊ (မှန်ပါ့)သား၊လင်၊ ခင်ပွန်းက ငါ့ဥစ္စာ၊ (မှန်ပါ့) ဒီလိုမျက်လုံးနဲ့ကြည့်ပြီဆိုမှဖြင့် ဒီလိုမျက်လုံးနဲ့အမြင်ရှိပြီးနေပြီဆိုမှဖြင့် သြော်-ကိုယ့်ခန္ဓာကျတော့ ငါ့သား၊လင်၊ခင်ပွန်းကျတော့ (ငါ့ဥစ္စာ) အဲ-ငါ ငါ့ ဥစ္စာ အဖြစ်နဲ့သာ မြင်နေပြီးသကာလ ရုပ်နာမ် ဖြစ်ပျက် အဖြစ်နဲ့ မမြင်သေးလို့ရှိယင် တကာသစ် အပါယ်လေးပါး တံခါးမပိတ်ဘူး၊(မှန်ပါ့)တကာကြွယ် ရှင်းပလား၊ (ရှင်းပါ ပြီဘုရား)။

ကိုယ့်ကိုယ်တော့ ဘာတဲ့ဗျာ၊ (ငါပါဘုရား) အဲ-တကိုယ်လုံး ဖြစ်ပျက်တွေ ရုပ်နာမ်တွေတော့ ငါလို့ ထင်နေတယ်၊ (မှန်ပါ့) သား၊လင်၊ခင်ပွန်းတွေကျတော့(ငါ့ဥစ္စာပါ့တခုမှ မမှန်ဘူး၊ (မမှန်ပါဘုရား)။

တခုမှမမှန်တော့ ဒါ-မိစ္ဆာဒိဋ္ဌိမျက်လုံးနဲ့ ကြည့်နေတာ၊ (မှန်ပါ့ဘုရား)။

မိစ္ဆာဒိဋ္ဌိမျက်လုံးနဲ့ကြည့်ပြီးသကာလနေတာ တကာကြွယ် ရေ၊ ကိုယ့်ကိုယ်ကြည့်လိုက်ပြန်လဲ ငါ၊(မှန်ပါ့) သား၊လင်၊ ခင်ပွန်း၊ သား၊သမီး၊မြေး၊မြစ်တွေ ကြည့်လိုက်ပြန်လဲ၊ (ငါ့ ဥစ္စာပါဘုရား)ပစ္စည်းတွေကြည့်လိုက်လဲ (ငါ့ဥစ္စာပါဘုရား)။

ငါ့ဥစ္စာတွေချည့် ဖြစ်ပြီးသကာလ ငါနဲ့ငါ့ဥစ္စာက တစ်ခုမှ မဟုတ်တာကို နှစ်ခုစလုံးပဲ ငါလဲမပြုတ်၊ ငါ့ဥစ္စာက မပြုတ်ဆို

http://www.dhammadownload.com



တော့ အတ္တ,အတ္တနိယက ရှိပြီးသကာလနေတော့ ဒါ ဘာပါလိမ့်မတုံးလို့ မေးတဲ့အခါ အမြင်မှား၊ (မှန်ပါ့) အမြင်မှား ဆိုတော့ သမ္မာဒိဋ္ဌိလား-မိစ္ဆာဒိဋ္ဌိလား၊ (မိစ္ဆာဒိဋ္ဌိပါဘုရား)။

အဲ .... သူရှိနေလို့ အပါယ်လေးပါး တံခါးမပိတ်တာ၊ (မှန်ပါ့, သူမရှိလို့ရှိယင် အပါယ်လေးပါးတံခါးပိတ်လိမ့်မယ် ဆိုတာ အသေအချာ မှတ်ကြပါ၊ (မှန်ပါ့ဘုရား)။

ကိုင်း .. ဒါဖြင့် သူရှိနေပုံကလေးကို တကာကြွယ်ရှင်းပြဦးမယ်နော်၊ (မှန်ပါ့ဘုရား)။

သူတစ်ပါးခန္ဓာ ကြည့်လိုက်တယ်၊ သား,မယားခန္ဓာကြည့်လိုက်တဲ့ အခါကျလို့ရှိယင်ဖြင့် ခန္ဓာမတွေ့ဘဲနဲ့ ရုပ်နာမ်တွေ မတွေ့ဘဲနဲ့ ဖြစ်ပျက်တွေမတွေ့ဘဲနဲ့ အင်း - သူလဲ အတော်ကြီးလာပြီ၊ အတော်အိုလာပြီ၊ တော်တော် ရင့်ရော်လာပြီ၊ သူလဲ ဝေဒနာတော်တော်များလာပြီ ဆိုလို့ရှိယင်ဖြင့်ဩော်-ငါရှိလို့ သူရှိတာကိုး၊ (မှန်ပါ့) သူလို့ ပြောပေါ့ဗျာ၊ ငါရှိလို့ပေါ့၊ (မှန်ပါ့ဘုရား)။

အဲဒီတော့ ကိုယ်ကသဲ ငါမပြုတ်၊ ကြည့်ရတာလဲ သူဖြစ်၊ ငါနဲ့သူနဲ့ ရောနေတယ်၊ (ရောနေပါတယ်)ငါကအတ္တ၊ သူက အတ္တနိယလို့ မှတ်ကြစမ်းပါ၊ (မှန်ပါ့ဘုရား)။

ငါက ဘာပါလိမ့်၊ (အတ္တပါ) သူက၊ (အတ္တနိယပါဘုရား) အတ္တနိယဆိုတော့ ငါ-ငါ့ဥစ္စာပဲတဲ့၊ မြန်မာလို ပြန်လိုက်တော့၊ (မှန်ပါ့ဘုရား)။

အဲဒီ ငါ-ငါ့ဥစ္စာတွေ ရှိပြီးသကာလ နေသရွေ့ ကာလပတ်လုံးဟာဖြင့် ဘာတွေလူလို့ ဘာတွေတန်းပြီး နေငြားသော်လဲ

http://www.dhammadownload.com



အပါယ်လေးပါး ငရဲမျိုးစေ့ကဖြင့် ရှိလျက်ပဲ၊ (မှန်ပါ) သဘောကျပလား၊ (ကျပါပြီဘုရား)။

အပါယ်လေးပါး ငရဲမျိုးစေ့ကဖြင့်၊ (ရှိလျက်ပါ) ရှိလျက်ပဲဆိုတဲ့ဥစ္စာ အဲဒီတော့ ဘုန်းကြီးများက တကာတကာမတွေ သတိလဲပေးချင်ပါတယ်၊ ဝိသာခါတို့ဟာ ခုနစ်နှစ်အရွယ်က သောတာပန်တည်တယ်၊ တည်ပြီးသကာလ သား, လင်, ခင်ပွန်းနဲ့နေလို့ သားသမီး မြေးတွေမြစ်တွေ အကြီးအကျယ်ပဲ ပေါက်ပွားလာတယ်ဆိုတာ အထင်အရှားပဲ၊ သို့သော် သူတို့မှာ ငါ-ငါ့ ဥစ္စာပြုတ်ပြီး သကာလ နေသောကြောင့် ရောင်းဝယ်ဖောက်ကားနေငြားသော်လဲ အပါယ်လေးပါး တံခါးပိတ်တဲ့ ငါ-ငါ့ ဥစ္စာတကယ့်ဒိဋ္ဌိမှားကတော့တကာသစ်ပြုတ်ပြီးသားပဲ၊ (ပြုတ်ပြီးသားပါ) တဏှာကျန်နေလို့သာ သား, လင်, ခင်ပွန်းနဲ့နေတာကိုးဗျ၊ (မှန်ပါ) ရှင်းပြီးနော်၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒိဋ္ဌိနဲ့တဏှာဟာ တခြားစီပဲ၊ (မှန်ပါ့ ဒိဋ္ဌိကမှ အပါယ်လေးပါး သွားစေနိုင်တယ်...၊ တဏှာက မသွားစေနိုင်ဘူးဆိုတာလဲ ဒီနေရာ ထောက်ကြည့်လိုက်လို့ရှိယင် တကာကြွယ် အရှင်းသားပဲ၊ (ရှင်းပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီဘက်က တကာကြွယ်ကဖြစ်စေ၊တကာသစ်ကဖြစ်စေ၊ ဦးလှဘူးကဖြစ်စေ၊ မျက်လုံးဖွင့်လိုက်တဲ့ အခါကျလို့ရှိယင်ဖြင့် မြင်တယ်၊ သားကလေး၊ သမီးကလေး၊မြေးကလေး မမြင်ဘူးလားဗျာ၊ (မြင်ပါတယ်ဘုရား)။

ဩော်...မြင်တယ်ဆိုတော့ ဒါ မှတ်ထားလိုက်စမ်းပါတဲ့၊ မြင်တယ်ဆိုတာ တွေ့လို့မြင်တာပဲ၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



တွေ့လို့ (မြင်တာပါ) တွေ့တာက ဖဿ၊ မြင်တာက-ဝိညာဏ်၊ (မှန်ပါ့ဘုရား)။

တွေ့တာက၊ (ဖဿပါ) မြင်တာက၊ (ဝိညာဏ်ပါ) အင်းချစ်စရာကလေးပဲဆိုတာက ဝေဒနာ၊ (မှန်ပါ့ဘုရား)။

ချစ်စရာကလေးပဲဆိုတာက၊ (ဝေဒနာပါ)ဩော်- ဒါဖြင့်မြင်ရတာ တွေ့ရတာ ချစ်စရာ ကောင်းလိုက်တာ ဆိုတာကတသံတည်း ထွက်လာတယ်၊ (ထွက်လာပါတယ်ဘုရား)။

မြင်-တွေ့ရတာ ချစ်စရာကောင်းလိုက်တာ၊ (တသံတည်းထွက်လာပါသည်) တသံတည်းထွက်တော့ ဒီအထဲမှာဝေဒနာပါတယ်၊ (မှန်ပါ့၊ စိတ်ပါတယ်၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီ) ဖဿပါတယ်၊ (ပါပါတယ်ဘုရား)။

ဒါဖြင့် မြင်လိုက်တယ်ဆိုလို့ရှိယင် သုံးခုတပြိုင်နက်ဖြစ်တာတကာကြွယ်က မှတ်လိုက်၊ (မှန်ပါ့) မြင်တွေ့ခံစားပေါ့ဗျာ၊(မှန်ပါ့) ဘယ်နှစ်ခုပါလိမ့်၊ (သုံးခုပါဘုရား)။

အေး….သရုပ်ဖော်လိုက်တဲ့ အခါကျတော့ မြင်တွေ့ခံစားဖြစ်သွားတယ်၊ (မှန်ပါ့ဘုရား)။

မြင်လဲမြင်တယ်၊ တွေ့သဲ့ တွေ့တယ်၊ ခံလဲ ခံစားတယ်၊(မှန်ပါ့) မြင်တာက ဝိညာဏ်၊တွေ့တာက ဖဿ၊ ခံစားတာကဝေဒနာ၊ (မှန်ပါ့ဘုရား)။

မြန်မာလို ရှင်းရှင်း ပြောစမ်းပါဘုရား၊ ဒီဥစ္စာ စာသံနည်းနည်းပါနေပါသေးတယ် ဆိုလို့ရှိယင်ဖြင့် ကိုယ့်မျက်လုံး

http://www.dhammadownload.com



ထဲမှာ တွေ့ကြုံရတာဖြင့် ခင်စရာမင်စရာကလေးပဲဆိုတာတပြိုင်နက် ထွက်လာတယ်၊ (မှန်လှပါဘုရား)။

ကိုယ့်မျက်လုံးထဲ တွေ့ရတာ ခင်စရာ မင်စရာပဲ ဆိုတာကော၊ (တပြိုင်နက် ထွက်လာ ပါတယ် ဘုရား) တပြိုင်နက် ထွက်လာကတည်းက ဖဿဝေဒနာ ဝိညာဏ်ဟာ တပြိုင်နက် ဖြစ်တယ်၊ (မှန်ပါ့)။

ဒီဘက်က မြေးကလေးထားပါတော့ တကာကြွယ်တို့နော် (မှန်ပါ့) ဘယ်နှစ်ပါး ဖြစ်သွားတုံး၊ (သုံးပါး ဖြစ်ပါတယ် ဘုရား)။

ဩော်....ဒီအထဲ တကာသစ် ဝေဒနာပါနေပါတယ်၊ (ပါနေပါတယ်ဘုရား)။

ခင်စရာကောင်းတယ် ဆိုလို့ရှိယင်ဖြင့် ခင်စိတ်ကလေးက နောက်ကလိုက်လာတယ်၊(မှန်ပါ့)မြင်တွေ့ပြီးသကာလ ခံစားတဲ့ အခါကျလို့ရှိယင်ဖြင့် နှစ်သက်တဲ့ တဏှာနောက်က လိုက်လာတယ်၊ (လိုက်ပါတယ်ဘုရား)။

တဏှာလိုက်လာလို့ရှိယင်ဖြင့် ဒီအထဲက ဝေဒနာမပါဘဲနဲ့ ဒီတဏှာပေါ်ပါ့မလား၊ (မပေါ်ပါဘုရား) ဒါဖြင့် ဝေဒနာပစ္စယာ၊ (တဏှာပါဘုရား) တဏှာပစ္စယာ၊ (ဥပါဒါန်ပါဘုရား)။

အဲဥပါဒါန်ဆိုတဲ့ တရားကလဲ အင်း....ဒါကလေးဟာဖြင့် ဘယ်သွားသွား မျက်လုံးထဲက မပျောက်ဘူး၊ (မှန်ပါ့ဘုရား) မြေးဦးကလေးလဲ ဖြစ်နေတာကိုးဗျ၊ (မှန်ပါ့)။

http://www.dhammadownload.com



ဘယ်သွားသွား မျက်လုံးထဲက မပျောက်ဘူး၊ ဒီအချိန်ကျ လို့ရှိယင်ဖြင့်ပြန်ချင်တယ်၊ အဖိုးအဖွားလုပ်တဲ့ပုဂ္ဂိုလ်က အမေ လုပ်တဲ့ပုဂ္ဂိုလ်က တွေ့ချင်တယ် ကြုံချင်တယ် ဆိုတဲ့ ဥစ္စာ ဒါ-စွဲ လမ်းနေတာပဲ၊ (စွဲလမ်းပါတယ်ဘုရား)။

အို...စကားပြောရတော့ ကောင်းပါရဲ့၊ ဟိုမှာခလေးက ဘယ်လိုနေမှန်းမသိဘူး၊ အစရှိသည်နဲ့ စွဲလမ်းမှုကြောင့်လဲ တစ်ခါတည်း ဥပါဒါန် ဖြစ်လာတယ်၊ (မှန်ပါဘုရား)။

ဥပါဒါန်ဖြစ်ပြီးသကာလလာတော့ဥပါဒါန်နောက်ကနေ ပြီးသကာလ တကာသစ်ရေ ကာယကံ, ဝစီကံ ဆိုတာတွေက (လာပါတယ်ဘုရား) ကာယကံနဲ့ ပွေ့ကာ,ပိုက်ကာ၊ ဝစီကံနဲ့ ချော့ကာ မော့ကာဆိုတာတွေ မလာဘူးလား၊ (လာပါတယ် ဘုရား)။

အဲဒီတော့ ဒီ-တကာတကာမတွေမှာ ဒီအလုပ်က မြင်လိုက် တယ်ဆိုလို့ရှိယင် ဒီလေးမျိုးလာကြတယ်၊ (မှန်ပါ)။

မြင်လိုက်ယင်၊ (ဒီလေးမျိုးလာပါတယ်ဘုရား) ဝေဒနာ, တဏှာ,ဥပါဒါန်,ကံ မလာဘူးလား၊ (လာပါတယ်ဘုရား)။

မြင်လိုက်ယင်ဘာလာပါလိမ့်၊ (ဝေဒနာ,တဏှာ,ဥပါဒါန် ကံ လာပါတယ်ဘုရား)။

ကောင်းပြီ-ဒါဖြင့် ဝေဒနာ, တဏှာ,ဥပါဒါန်, ကံတွေက လာတော့ ဒီကံသည်လားလို့ဆိုလို့ရှိယင် ခင်ဗျားတို့ ပြုလုပ် ထားတဲ့ကံပဲ၊ (မှန်ပါ) ကိုယ်ပြုထားတဲ့ကံဟာ ကိုယ့်အကျိုး

http://www.dhammadownload.com



ပေးရုံပဲဆိုတဲ့ အမိပ္ပါယ်မျိုးဟာလဲ ရောက်ရတော့မှာပေါ့ဗျာ၊ (ရောက်ရမှာပါဘုရား)။

အဲ - ရောက်ရဘဲ့ အခါကျတော့ ကမ္မဘဝ ပစ္စယာဇာတိဆိုပြီး သေသည်၏ အခြားမဲ့၌ ဇာတိ ပဋိသန္ဓေ အပါယ်လေးပါး ရောက်ရတယ်၊ (ရောက်ရပါတယ်ဘုရား) မရောက်ဘူးလား၊ (ရောက်ပါတယ်ဘုရား)။

အပါယ်လေးပါး ဇာတိဖြစ်ရတယ်၊ အပါယ်လေးပါးခန္ဓာ ပေါ်ရတယ်ထားပါတော့ (မှန်ပါ့)မပေါ်ရဘူးလား၊ (ပေါ် ရပါတယ်ဘုရား)။

အဲဒီတော့ကို ဒီမှာ ဩော်... ငါတို့ အပါယ်လေးပါးရောက် ရတာ ဘာ့ကြောင့်ပါလိမ့်မလဲလို့ တကာသစ်က မေးတော့ နော်၊ (မှန်ပါ့) ဒီကံကြောင့်၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီ)။

ဒီကံကြောင့်လို့ ဆိုလို့ ရှိယင် မလွဲပါဘူး တကာတကာမတို့ ဒီကံကြောင့်ပဲဆိုတာ တကာသစ်ရေ မရှင်းသေးဘူးလား၊ (ရှင်းပါတယ်ဘုရား)။

ဒီကံသည် အလိုလိုပေါ်တာလားဆိုတော့ စွဲလမ်းမှုကြောင့် ဘုရား၊ (မှန်ပါ့)။

စွဲလမ်းမှုကလဲ တကာတကာမတို့ အလိုလိုပေါ်တာလား လို့ဆိုတာ မေးလိုက်ဦး၊ (တဏှာကြောင့်ပါဘုရား) ခင်မှု ကြောင့် ပေါ်လာတာ၊ (မှန်ပါ့)။

http://www.dhammadownload.com



ဒီခင်မူကလဲ တကာ တကာမတို့ အလိုလိုပေါ်တာလားလို့ မေးတဲ့ အခါကျတော့ မြင်, တွေ့, ခံစားကြောင့်ပါ၊ (မှန်ပါ့ ဘုရား) မြင် တွေ့ ခံစားကြောင့် လာရဟာ၊ (မှန်ပါ့)သဘော ပါကြပလား၊ (ပါ-ပါပြီဘုရား)။

ဒီဟာတွေက တကာကြွယ်တို့ တကာသစ်တို့ကလဲ ဒီအထဲ မှာနေရတော့ လွတ်ဖို့ အတော်ခဲယဉ်းတယ်၊ (ခဲယဉ်းပါတယ် ဘုရား) တစ်နေ့ ဘယ်နှစ်ခါ ဖြစ်သတုံးမေးပြန်လဲ့ မရေတွက် နိုင်ဘူး ဖြေရုံပဲ၊ (မှန်ပါ့ဘုရား)။

တစ်နေ့ ဘယ်ခါဖြစ်သတုံး၊ (မရေတွက်နိုင်ပါဘုရား)မရေ တွက်နိုင်ဘူးဆိုတဲ့အပြောဟာ အကြီးအကျယ်ထွက်လာတော့ ဒီကံတွေ ဘယ်နှယ်လုပ်ကြမတုံး၊ ဒါဖြင့် တပည့်တော်တို့ လူ့ ပြည်လာတာသည်ကားလို့ ဆိုယင် အပါယ်ရောက်ဖို့ ကံပြုလာ တာနဲ့ တူနေပါပေါ့လားလို့ ဆိုလို့ရှိယင်လဲ ငြင်းစရာ မရှိ ပါဘူး၊ (မှန်ပါ့) ငြင်းစရာ ရှိသေးရဲ့လား၊ (မရှိပါဘုရား)။

ဒီ-ဝိပဿနာ မလုပ်တော့ပါဘူး၊ ကိုယ့်ကိုယ် ကယ်တင်တဲ့ အလုပ်ကို မလုပ်တော့ပါဘူး ဆိုလို့ရှိယင် လူ့ပြည် ဘာလုပ် လာသတုံး၊ အပါယ်သွားဖို့ ကံစုလာတယ်၊ (မှန်ပါ့ ။

အင်း....လူ့ပြည် ဘာလုပ် လာပါလိမ့်၊ (အပါယ်သွားဖို့ ကံစုလာပါတယ်ဘုရား)။

အပါယ်သွားဖို့ ကံစုလာတယ်ဆိုတော့ ဗြုန်းကနဲဆိုတော့ နားမခံသာဘူးပေါ့ဗျာ၊ (မှန်ပါ့) ဖြစ်စဉ်ကြည့်လိုက်တော့လဲ တကာသစ်က ငြင်းချင်သေးသလား၊ (မငြင်းချင်ပါဘုရား)။

http://www.dhammadownload.com



ကြည့်လေ၊မြင်တွေ့ခံစားပြီးသကာလ ဝေဒနာပါနေတော့ ခံစားတာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါန်၊ ဥပါဒါနပစ္စယာ ကမ္မဘဝေါ၊ ဒီ-ပဋိစ္စသမုပ္ပါဒ်က ရပ်စဲလို့ ရသေးရဲ့လား၊ (မရပါဘုရား)။

ဩြော်-ဒါဖြင့် ဝိပဿနာဉာဏ် မဝင်သရွေ့ကာလပတ်လုံး ဖြင့် ကံစုလာတာပဲလို့ ဆုံးဖြတ်ချက်ချ၊ (မှန်ပါ)။

ဝိပဿနာအားမထုတ်သရွေ့ ကာလပတ်လုံး(ကံစုလာတာ ပါဘုရား) ကံစုလာကြတယ်၊ (မှန်ပါ)။

တကာကြွယ် ဒီမှာနည်းပေမယ့် ဆရာလဲ ကိုယ်ကလဲမရှာ၊ ဆရာကလဲ မရှိဆိုလို့ရှိယင်ဖြင့် ကံစုသက်သက် လာတာပဲ၊ (မှန်ပါ)။

ဘာလုပ် လာကြသလဲ၊ (ကံစုသက်သက် လာကြတာပါ ဘုရား)။

ဘယ့်နှယ်ကြောင့် ဒီကံတွေ ဒါလောက်စုချင်ပါလိမ့်မတုံး ဆိုတော့ အပါယ်မှာ နှစ်ရှည်ဖြစ်ရအောင်လို့၊ (မှန်ပါ) ဒီ- အဓိပ္ပါယ်မှတစ်ပါးလဲ ဒီပြင်အဖြေ မထွက်နိုင်ဘူး၊ (မထွက် ပါဘုရား) သဘောပါပလား၊ (ပါ-ပါပြီ)။

အဲဒီတော့ ဒီကံတွေသည်ကားလို့ ဆိုယင် အကောင်းကံ လား-အဆိုးကံလားလို့ မေးတဲ့အခါကျလို့ရှိယင်ဖြင့် အဆိုး ကံပဲ (မှန်ပါဘုရား)။

အဆိုးကံပဲဆိုလို့ရှိယင်ဖြင့် ဒီကံကို ကျုပ်တို့ဖြစ်တော့ဖြစ် ထားပြီ၊ သူ-အကျိုးမပေးဘူး၊ (မှန်ပါ) သူက စုတေပြီးမှ ယေပြီးမှ အကျိုးပေးမှာကိုး၊ (မှန်ပါ)။

http://www.dhammadownload.com



ဒါဖြင့် သူ့အကျိုးမပေးခင် ဒီကံတွေကို ကျုပ်တို့ဇာမဂ်မီးနဲ့ ရှို့ပစ်ရလို့ ရှိယင်ဖြင့် အာလုံး တကာတကာမတွေဒီကံတွေဟာ လေလိုလွင့်ပြီး ပျောက်ပျက် သွားရတော့မယ်၊ (မှန်ပါ့ဘုရား)အကျိုး ပေးနိုင်သေးရဲ့လား၊ (မပေးနိုင်ပါ ဘုရား)။

ဒါဖြင့် ကျုပ်တို့မှာ ဒီနေရာမှာ မဂ်ဉာဏ် တည်းဟူသောမီးနဲ့ ရှို့မြိုက်ပြီးသား ဖြစ်မှသာလျှင် ကျုပ်တို့သည် ဒီကံ၏အကျိုးပေး အပါယ်လေးပါးမှ လွတ်ရတော့မယ် ကျွတ်ရတော့မယ်ဆိုတဲ့ အဓိပ္ပါယ် ရှင်းသွားပြီ၊ (ရှင်းပါပြီ ဘုရား) သဘောပါကြပလား၊ (ပါပါပြီဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့တကာ တကာမတွေ ကိုယ်ကကံတော့ စုတတ်တယ်၊ မကောင်းမှုန်းလဲသိလာပြီ၊ဟုတ်လား၊ (မှန်ပါ့ဘုရား)။

တံမြက်စည်းလှဲပြီး အမှိုက်တွေတော့ စုထားပြီး ကြုံးပြီးသကာလ လွှတ်လပ်တဲ့နေရာ မပစ်တော့ပါဘူး ဆိုလို့ ရှိယင် ဒီအစုဟာ အရှုပ်ဆိုးနေတုန်းပဲ၊ (မှန်ပါ့)။

လွှတ်လပ်တဲ့နေရာပစ်ပြီးလို့ ရှင်းလင်းသွားလို့ ရှိယင်ဖြင့် စိတ်အေးရတာပေါ့ဗျာ၊ (မှန်လှပါဘုရား)။

ဒီမှာလဲ ကံတော့ စုတတ်တယ်၊ မီးတော့ မရှို့တတ်ဘူး ဆိုလို့ရှိယင်ဖြင့် အမှိုက်တော့ စုတတ်တယ်၊ မီး မရှို့တတ်ဘူး၊ တခြားနေရာ မပစ်တတ်ဘူးဆိုလို့ ရှိယင်လဲ တကာကြွယ် ဆိုးသေးသပေါ့ဗျာ၊ (မှန်ပါ့)၊ မဆိုးဘူးလား၊ (ဆိုးပါတယ်)။

အေးဒါကြောင့် ဒီကံတွေကို ယနေ့ မနေ့က စုထားခဲ့တယ်၊ တကာကြွယ် မီးရှို့ပစ်ရမယ်၊ (မှန်ပါ့)။

http://www.dhammadownload.com



ဘာလုပ်မလဲ၊ (မီးရှို့ရပါမယ် ဘုရား) ဘာဖြစ်လို့မီးရှို့ ခိုင်းပါလိမ့်မတုံးလို့ မေးတော့ ကိုယ့်ရန်သူမို့ မီးရှို့ရမယ်၊ (မှန်ပါ့ဘုရား)။

ဘာ ဖြစ်လို့ပါလိမ့်၊ (ကိုယ့် ရန်သူမို့ပါဘုရား) ကိုယ့် ရန်သူမို့ မီးရှို့ရမှာကို ခင်ဗျားတို့ လက်နှေးနေလို့ရှိယင် ရန်သူက ဦးပါလိမ့်မယ်၊ (မှန်ပါ့) လက်နှေး နေယင်၊ (ရန်သူက ဦးပါလိမ့်မယ်ဘုရား)။

မင်္ဂမီးနဲ့လဲ မရှို့ဖြစ်ဘူး ဆိုယင် 'ဖျတ်'ဆို သေသွား တော့ ကံက အချက်ပေါ်ပြီဆိုပြီး အပါယ်လေးပါးထဲ ပစ်ချ လိုက်တယ်၊ (မှန်ပါ့)။

အဲဒီတော့ တက်လမ်း ကျွတ်လမ်း လွတ်လမ်း ရှိသေးရဲ့ လား၊ (မရှိပါဘုရား) ထကာကြွယ် သိပ်ဆိုးတယ်၊ (ဆိုးပါ တယ်ဘုရား)။

ဒါဖြင့် ဒီကံ ဘယ့်နှယ် လုပ်ကြမတုံး၊ (မီးရှို့ရပါမယ် ဘုရား)မီးရှို့ ပစ်ပြန်တော့လဲ မြင်ကောင်းတဲ့ကံမဟုတ်တော့ အမှိုက်တွေကတော့ မြင်နေလို့ မီးရှို့ရတာ၊ တကာအုန်းတို့ လွယ်သေးတယ်၊ (မှန်ပါ့) သူက မြင်ရတာကော ဟုတ်ကဲ့ လား၊ (မဟုတ်ပါဘုရား ။

သူက ချုပ်ပျောက်ချုပ်ပျောက်ပြီး သတ္တိသာ ကျန်နေရစ် တာ၊(မှန်ပါ့)ချုပ်ပျောက်ချုပ်ပျောက်ပြီး သတ္တိသာကျန်နေ ရစ်တော့တယ်၊ စုလိုက်တော့လဲ တကာကြွယ် မနည်းလှဘူး၊ (မှန်ပါ့) ဦးလှဘူး နည်းသလား၊ (မနည်းပါဘုရား)။

နောက်တကာ တကာမတွေ ခင်ဗျားတို့ မျက်လုံး တစ်ခါ ဖွင့်လိုက်တဲ့ ကံပေါင်း ဘုန်းကြီး မပြောနဲ့၊ဘုရားတောင်ရေ

http://www.dhammadownload.com



တွက်ဖို့ အတော်ပဲ ခဲယဉ်းပါတယ်၊ (ခဲယဉ်းပါတယ် ဘုရား) နားကလဲ ခလေးက အော်လိုက်တဲ့အသံ့ ခင်ပွန်းမတို့ကခေါ် လိုက်တဲ့အသံ့ ခင်ပွန်းယောကျ်ားက ပြောလိုက်တဲ့ အသံတွေ သာယာပြီးသကာလ ခုနှင်ကပြောတဲ့ ဒီလေးချက် တန်းတန်း သွားတာဟာ တစ်နေ့တစ်နေ့ မရေတွက်နိုင်ဘူး၊ (မရေတွက် နိုင်ပါဘုရား) ရေတွက် နိုင်သေးရဲ့လား၊ (မရေတွက်နိုင်ပါ ဘုရား)။

အဲဒါလောက် ခင်ဗျားတို့မှာ ကံတော့အစုရဲတဲ့ တကာ တကာမတွေ ကံဇတော့ မဖြတ်ရဲဘူးဆိုယင်ဖြင့် ခင်ဗျားတို့ကိုယ် ကျိုးနည်းရတော့မယ်၊ (မှန်ပါ့)သဘောပါပလား၊ (ပါပါပြီ ဘုရား)။

ကိုယ်ကျိုးအင်မတန်နည်းရမှာဖြစ်တော့သြော်–ငါစုတော့ စုတတ်တယ်၊မီးတော့ မရှို့တတ်ဘူးဆိုလို့ရှိယင် ငါလိုဖျင်းလို့ ငါလိုပျင်းယင်ဖြင့် အပါယ်လေးပါးဆာဟာ ငါပဲဆိုတဲ့ ဥစ္စာ ကိုယ့်ကိုယ်ကိုယ် ဗျာဒိတ်ပေးယင် အတည့်ပါပဲ၊ (မှန်ပါ့) သဘောပါပလား၊ (ပါပါပြီဘုရား)။

ဒါဖြင့် ဒါ-မျက်လုံးပေါက်က ပြောလိုက်သဖြင့် ဒီကံဟာ မကောင်းကြောင်းကိုဖြင့်တရားတစ်ပွဲလုံး တကာတကာမတွေ သိပြီးသား ဖြစ်ပါပြီ၊ (မှန်ပါ့) မဖြစ်ဘူးလား၊ (ဖြစ်ပါပြီ ဘုရား)။

မြင်စိတ် ခံစားသကိုးဗျ၊ (မှန်ပါ့)ခံစားတော့ ဝေဒနာက ပါနေပါတယ်၊(ပါ-ပါတယ်ဘုရား)ဝေဒနာပစ္စယာ၊(တဏှာ ပါဘုရား) တဏှာပစ္စယာ၊ (ဥပါဒါန်ပါ ဘုရား) ဥပါဒါန

http://www.dhammadownload.com



ပစ္စယာ၊ (ကံပါဘုရား)ဟော....ကံ၊ မသေခင် ကံချည့်ရောက်နေတယ်၊ (မှန်ပါ)။

တကာအုန်း ဘယ်ချည့်ရောက်နေသလဲ၊(ကံချည့်ရောက်နေပါတယ်ဘုရား)။

မသေခင် ကံစုလာတယ်၊ (မှန်ပါ) နောက်တစ်ခါ နားက ကြားပြန်တော့လဲ ကြားရတာကောင်းတယ်ဆိုတော့ ဝေဒနာကပါပြန်တယ်၊ (ပါပါတယ်ဘုရား) ဝေဒနာပစ္စယာ (တဏှာပါဘုရား) တဏှာပစ္စယာ၊ (ဥပါဒါန်ပါဘုရား)ဥပါဒါန ပစ္စယာ၊ (ကံပါဘုရား) ကံစုလာတယ်၊ (မှန်ပါ)။

နားပေါက်က ကံတွေစုလိုက်၊ နှာခေါင်းပေါက်က ကံတွေစုလိုက်၊ မနောပေါက်က ကံတွေစုလိုက်၊ တကာကြွယ်တစ်နေ့တစ်နေ့ ခင်ဗျားသည် မကောင်းတဲ့ကံပေါင်း ဘယ်လောက်စုမိပါလိမ့်မတုံး၊ (မရေတွက်နိုင်ပါဘုရား)။

ဘယ်သူစုတာတုံး-လို့မေးလို့ရှိယင် ဘယ်သူမပြု မိမိအမှုဆိုတဲ့အတိုင်း မိမိအရိယာမျက်လုံးတပ်ပြီး မကြည့်မိတာနဲ့ ကံတွေစုမိတယ်၊ (မှန်ပါ)။

အရိယာ မျက်လုံးတပ်ပြီး မကြည့်မိတာနဲ့၊ (ကံတွေစုမိပါတယ်ဘုရား) အရိယာနားနဲ့ မထောင်မိတာနဲ့၊ (ကံတွေစုမိပါတယ်ဘုရား) သဘောကျပလား၊ (ကျပါပြီ)။

ဩော်-ဒါက ပုဂ္ဂိုလ်သတ္တဝါ ရွေးသလား၊ ရဟန်းရယ် သီလရှင်ရယ်,လူရယ်လို့ ရွေးသေးသလား ဆိုတော့ အရိယာမျက်လုံး, အရိယာနား 'သုတဝါ အရိယာသာဝကော' မဖြစ်သရွေ့ကာလပတ်လုံး ဒီကံစုနေကြတာချည့်ပဲလို့ ဆုံးဖြတ်ချက်

http://www.dhammadownload.com



ချ၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား) သိပ် ကြောက်စရာ ကောင်းပါလား၊ (ကောင်းပါတယ်ဘုရား)။

ကောင်းပြီ....ဒါကြောင့် ဒီကံတွေကိုဖြင့် တကာကြွယ်ရေ- လက်သတ် မွေးထားလို့ မတော်ဘူးဗျ၊ (မတော်ပါဘုရား) တော်ကြပါ့မလား၊ (မတော်ပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘာလုပ်ရမတုံး....လို့ မေးတဲ့ အခါကျလို့ရှိယင် ကံဖြတ်အလုပ်-လုပ်ရတော့မယ် ဆိုတာဖြင့် ယနေ့ ရှင်းရှင်းလင်းလင်းပဲ မှတ်ပါ၊ (မှန်ပါ့)။

ကဲ....ဒါဖြင့်ကံဖြတ်တဲ့အလုပ်-လုပ်ရတော့မယ်ဆိုတော့မဇ္ဈိမ ပဏ္ဏာသပါဠိတော်မှာလာတဲ့ ကုက္ကုရ ဝတိကသုတ် ဆိုတာ ဘုရားက ကံဖြတ်ဟောတဲ့သုတ် တကာသစ်ရ၊ (မှန်ပါ့)။

ကိုင်း....ဒါဖြင့် အခုကံတွေဖြင့်ဒို့မရေတွက်နိုင်ဘူး၊ဒီကံတွေ လုပ်နည်းကိုင်နည်းနိဿယည်း မီးရှို့နည်းသာဒို့အရေးတကြီး မှတ်ဖို့ လိုတော့တယ်ဆိုတဲ့ဥစ္စာဖြင့် ရှင်းသွားပြီ၊ (ရှင်းပါပြီ ဘုရား)။

ကိုင်း....ဒါဖြင့် တကာကြွယ် ဒီဥစ္စာကြားရရုံနဲ့ပဲ အဖိုး တန်သွားပြီ၊ (တန်ပါပြီဘုရား) နို့မဟုတ် ကျုပ် ဘာအပြစ် ရှိသတုံးဆိုပြီးသကာလ အပြစ်ကလဲအပ်သွားချစရာမရှိအောင် ပေါပါလျက်သားနဲ့ ကျုပ်ဘာအပြစ်ရှိသတုံး....မေးချင် မေး ဦးမယ်- (မှန်ပါ့) ဒါလောက်ဆိုးပါတယ်၊ (ဆိုးပါတယ် ဘုရား) ဘုန်းကြီးတို့ တကာတကာမတွေ ဆိုးပုံကဖြင့်....နော်၊ (မှန်ပါ့ဘုရား)။

ကျုပ် သူမျှားဟာ ခိုးသလား၊ ကျုပ်သူမျှားဟာ ဝှက်သ လား၊ ကျုပ်မကောင်းတဲ့ အလုပ်,လုပ်သလား-တဲ့၊အို....သူသိ

http://www.dhammadownload.com



တာလေးနဲ့ပြောနေတယ်၊ (မှန်ပါ) သူမျက်လုံး မြင်လိုက်တဲ့ အခါ သူ့သားသမီးနဲ့ကျတော့ ဒီကာ မရောက် ဘူးလား၊ (ရောက်ပါတယ်ဘုရား) သူ့သား၊လင်၊ခင်ပွန်းနဲ့ ကျပြန်တော့၊ (ရောက်ပါတယ်ဘုရား)။

ဒီကာတွေကျတော့ ကျုပ်တာအပြစ်ရှိသတုံး . လို့ မေးရဦး မှာလား၊ (မမေးရပါဘုရား) ဟောဒီ အမှားပြစ်တွေ မနည်း ဘူးလို့ ပြောရုံပဲရှိတယ်၊ (မှန်လှပါဘုရား)။

ဟောဒီအရိယာမျက်လုံးမတပ်ဘဲနဲ့ ပုထုဇဉ်အကန်း မျက် လုံးနဲ့ တပ်ကြည့်လိုက်တော့ ဟောဒီကာစုတွေဟာ ခင်ဗျားတို့ နည်းတဲ့အပြစ် မဟုတ်ဘူး (မှန်လှပါ) ဆိုထိုက်၊ မဆိုထိုက်၊ (ဆိုထိုက်ပါတယ်ဘုရား) ရှင်းပလား၊ (ရှင်းပါပြီ)။

အဲဒါအိမ်မှာနေရင်း ငှက်သင့်တာ၊ (မှန်ပါ)ခင်ဗျားတို့က ဆွမ်းခံသွားရင်းငှက်သင့်တယ်လို့သာနားလည်တာကိုး(မှန်ပါ ဘုရား)အိမ်မှာနေရင်း ခွက်သင့်တာ ဘယ်သူမှ မပြောဘူး၊ (မပြောပါဘုရား) သဘောကျပလား၊ (ကျပါပြီ)။

အခုဒီမျက်လုံးဖွင့်လိုက်သည်နဲ့ တပြိုင်နက်တည်း တဏှာ ဥပါဒါန်ကာတွေတည်းဟူသော ငှက်တွေဟာ မသင့်ဘူးလား၊ (သင့်ပါတယ်ဘုရား) ဒါ...ဘယ်မှာနေတုန်း သင့်တာတုံး၊ (အိမ်မှာနေတုန်း သင့်တာပါဘုရား)။

အိမ်မှာနေတုန်း သင့်တဲ့ငှက်ပဲလို့ ဆိုလို့ရှိယင် တကာသစ် ဒိဋ္ဌိစွာသဘောပါပလား၊ (ပါ-ပါပြီဘုရား) ရှင်းကြပြီနော်၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒိဋ္ဌိစွာကို ကျုပ်တို့ ဒီကာတွေဟာ လုပ်တော့လုပ်တတ်တယ်၊ မကောင်းမှန်းသိယင် ဖျက်ဆီးတတ်

http://www.dhammadownload.com



ဖို့အရေးဟာ ကျုပ်တို့ လိုသေးတယ်၊ (လိုပါတယ် ဘုရား) ဒါဖြင့် ဖျက်ဆီးတတ်ဖို့အရေးကို တကာ တကာမတို့ သာမည နဲ့လဲ နားမလည်နိုင်တော့ သေသေချာချာ နားကြီးကြီးနဲ့ ထောင်ပြီးသကာလမှ ဒီဥစ္စာ–ဒီမီးရှို့တတ်မှာပဲ၊(မှန်ပါ့) နို့ မဟုတ်ယင် ရှို့တတ်စရာ မြင်သေးရဲ့လား၊ (မမြင်ပါဘုရား)။

ကိုင်း–ဒါဖြင့် ပြောကြပါစို့ဆိုတော့ ဘုရားသခင် ကိုယ်တော်မြတ် ကြီးသည် ကောလိယ တိုင်းမှာ သီတင်းသုံးနေတယ်၊ (မှန်ပါ့ဘုရား)။

ကောလိယတိုင်းမှာ သီတင်းသုံးပြီး သကာလ နေတော့ ဘုရားကလဲပွင့်တာ မကြာသေးတော့ ရှေးက တချို့က နွားကဲ့သို့ လေးဘက်ထောက်သွားပြီးသကာလ ခေါင်းမှာ လူစစ်စစ်က ချိုတွေတပ်ပြီးသကာလ အမြီးတွေ တပ်ပြီးသကာလ နွားလိုစား၊နွားလိုတွန်ပြီးသကာလ ဒီလိုကျင့်ရလို့ ရှိယင်ဖြင့် လူချမ်းသာ, နတ်ချမ်းသာ ရလေရဲ့လို့ ဆရာ သမားတွေက ဟောတာနဲ့ ဒီလိုကျင့်တဲ့ လူတစ်ယောက်ပေါ့ဗျာ၊ (မှန်ပါ့) အဲဒီပုဂ္ဂိုလ်ကတော့ ပုဏ္ဏလို့ခေါ်တယ်၊ (မှန်ပါ့ဘုရား)။

နောက်တစ်ယောက် သေနိယဆိုတဲ့ ပုဂ္ဂိုလ်ကလဲ သူ့မှာ ဆရာအမှားနဲ့တွေ့ပြီးသကာလ သူကတော့ ခွေးများလို လေးဘက်ထောက်သွားပြီး သူ့ကို အစာကျွေးချင်လို့ရှိယင် မြေပေါ်ပစ်ကျွေးမှ စားတယ်၊ သူလာလို့ရှိယင်လဲ ကျောနဲ့ဘာနဲ့ ခြေသလုံးတွေ ဘာတွေ ရှောက်ပွတ်ပြီးသကာလ ခွေးလို ကျင့်နေတယ်၊သူကလဲ ဒီအကျင့်နဲ့ပဲ လူ,နတ်,နိဗ္ဗာန် ချမ်းသာရမယ်

http://www.dhammadownload.com



ဆိုတဲ့ တရားတွေက စူးပြီးသကာလနေတာနဲ့ သူ ဒီအကျင့်ကို ကျင့်တယ်၊ (မှန်ပါ့ဘုရား)။

အဲဒီ ကောလိယတိုင်းမှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဆွမ်းခံသွားတဲ့ အခါကျတော့ သူတို့နှစ်ယောက်နဲ့ သွားတွေ့တယ်၊ (မှန်ပါ့) သူတို့နှစ်ယောက်နဲ့ သွားတွေ့တဲ့အခါကျတော့ ဘုရားနားမှာ သူတို့က နွားလို ပွတ်ကြ သတ်ကြပြီးသကာလ နွားလို တွန်ပြကြတယ်၊ ခွေးလိုပဲ ယက်ပြီးသကာလ ကျင်ကြီး ကျင်ငယ် စွန့်ပုံကစ၍ ခွေးအမူအရာတွေ ပြကြတာပေါ့ဗျာ၊ (မှန်ပါ့ဘုရား)။

ပြပြီး သူတို့ ဘုရားနားနေကြတဲ့ အခါကျတော့ သေနိယရယ်–ပုဏ္ဏရယ် နှစ်ယောက် ရှိပါတယ်လို့ မှတ်လိုက်တာပေါ့၊ (မှန်ပါ့) အဲဒီမှာ သေနိယကတော့ ခွေးလိုကျင့်တယ်၊ ပုဏ္ဏကတော့ နွားလိုကျင့်တယ်ဆိုတာမှတ်ထားလိုက် (မှန်ပါ့ဘုရား)။

မှတ်ထားတော့ ဘုရားနဲ့တွေ့တဲ့ အခါ တစ်ယောက်က သေနိယက ဘုရားသခင်ကိုယ်တော်မြတ်ကြီးနဲ့ စကားပြောပြီး ဘေးနားက ထိုင်တယ်၊ (မှန်ပါ့) ပုဏ္ဏဆိုတဲ့ နွားလိုကျင့်တဲ့ ပုဂ္ဂိုလ်က အရှင်ဘုရား–တဲ့၊ ဟောဟိုသေနိယဆိုတဲ့ပုဂ္ဂိုလ်ဟာ ခွေးကဲ့သို့ပဲ လေးဘက်ထောက်သွားပြီး မြေပေါ်မှာပစ်ကျွေးမှပဲ သူအစာအာဟာရ စားတော့တယ်၊ ဒါနဲ့ပဲ သူသည်ကားလို့ ဆိုလို့ရှိယင် နေလေ့ကျင့်လေ့ ရှိပါတယ်၊ သူဟာ လားရာဂတိ ဘယ်သွားမလဲ–တဲ့၊ ဘုရားကိုမေးတယ်၊ (မှန်ပါ့ဘုရား)။

ဟာ–ပုဏ္ဏ၊ မမေးနဲ့ကွာလို့ ဘုရားကပြောတယ်၊ (မှန်ပါ့) မမေးနဲ့ကွာလို့ တခါတောင်းပန်တယ်၊ မရဘူး၊ နောက်တစ်ခါ ဒုတိယအကြိမ်မေးတယ်၊ ဟောဟို–သေနိယဆိုတာ ခွေးလို

http://www.dhammadownload.com



ကျင့်ပါတယ်ဘုရား၊ မြေပေါ်ပစ်ကျွေးမှ စားတယ်၊ ခွေးကဲ့သို့ ကျင်ကြီးကျင်ငယ်တွေစွန့်လေ့ရှိပါတယ်၊ လူလာယင်သွားဖြဲပြီး သကာလပြလေ့ရှိပါတယ်၊ ခွေးလိုပဲကျင့်နေတယ်၊ သူ့အကျင့် ဟာ သူလားရာဂတိ ရောက်ရာဌာန ဘယ်များရှိပါသလဲ-တဲ့။

ဘုရားက မမေးပါနဲ့ကွာ လို့၊ တကာသစ် နှစ်ခါရှိပြီ တောင်းပန်တာ၊ (မှန်ပါ့ဘုရား)။

နောက် သုံးခါပြည့်အောင်ပဲ မေးပြန်တာနဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဖြေတော်မူရတယ်၊ ကိုယ့်ကိုယ် ညှဉ်းဆဲ တဲ့ အကျင့်ပေါ့ဗျာ၊ (မှန်ပါ့ဘုရား)။

ဒါနဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အဲဒီသေနိယဟာ ကွာတဲ့ ခွေးလိုကျင့်တာဟာ ခွေးလိုကျင့်ခဲ့လို့ ခွေးတို့၏အကျင့် ကောင်းတယ်လို့ သူသည် တကယ်တန်း အယူရှိမယ် ဆိုယင် သေသည်၏အခြားမဲ့၌ ခွေးဖြစ်ရမယ်၊ (မှန်ပါ့) သဘောကျ ပလား၊ (ကျပါပြီဘုရား)။

သေသည်၏အခြားမဲ့၌၊ (ခွေးဖြစ်ရပါမယ်)ခွေးဖြစ်ရမယ် လို့ ဆိုတဲ့ဥစ္စာ ဒီအယူနဲ့ပဲ တစ်ခါဆက်လက်ပြီး ဒီအယူသည် လူချမ်းသာ,နတ်ချမ်းသာ ရနိုင်တယ်လို့ ဒိဋ္ဌိကပူးလာဦးမယ် ဆိုလို့ရှိယင်ဖြင့် ငရဲနဲ့ တိရစ္ဆာန် ရောက်ရဦးမယ်၊ (မှန်ပါ့ ဘုရား)။

ဒီတွင်မှ ဘေးကနားထောင်နေတဲ့ သေနိယက ပုဏ္ဏကဒမေး တော့ ငိုရှာတယ်၊ (မှန်ပါ့) ငိုရှာတယ်၊ ဩော်- ဆင်းဆင်း ရဲရဲကျင့်ရပြီးသကာလ သွားတော့သဲ ဒီအယူအတိုင်း ယူယင် တိရစ္ဆာန်ဘုံသွားရမယ်၊ဒီအယူနဲ့ လူ့ပြည်,နတ်ပြည်ကိုရောက် မယ်လို့ ယူထားပြန်လို့ရှိယင် ငရဲနဲ့တိရစ္ဆာန်ဘုံ ရောက်ရမယ်

http://www.dhammadownload.com



လို့ဆိုတော့ သူကျင့်ခဲ့လေသမျှသည်ကား အမှားကြီးမှားလေ ရဲ့ဆိုပြီး ငိုကြတယ်၊ (မှန်ပါ့ဘုရား)။

ဒီတွင်မှ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မငိုနဲ့၊ ဒါ ကြောင့် မင်းတို့ကိုငါအပြောသားပဲ စောစောက မမေးကြနဲ့၊ ဟေ့-မမေးကြနဲ့ဟေ့လို့ဆိုတာ နှစ်ခါတောင်းပန်တယ်၊ သုံး ခါကျတော့ မပြောမဖြစ်လို့ မင်းတို့ကို ပြောရတယ်၊ (မှန်ပါ့ ဘုရား)။

အဲဒါငါပြောတဲ့စကားဟာ သဲသူများပြောသံကြားနဲ့ပြော တဲ့စကားမဟုတ်ပါဘူးကွာ၊ ငါကိုယ်တိုင်မင်းဒီအတိုင်းကျင့်လို့ ရှိယင်ဖြင့် မင်းလိုကျင့်တဲ့ပုဂ္ဂိုလ်ဟာ ဒီလိုကျင့်ပြီး ဒီလိုခွေးဖြစ် ကြတယ်၊ ဒီလိုခွေးအကျင့် ကျင့်ပြီးသကာလ ဒီလိုနဲ့ရေသွား တယ်၊ ငါကိုယ်တိုင်မြင်လို့ ငါကိုယ်တိုင် ပြောခြင်းဖြစ်ပါတယ် (မှန်ပါ့) သူများပြောသံကြား- တဆင့်ကြားနဲ့ စာပါနဲ့ ပြောတာ မဟုတ်ပါဘူးတဲ့၊ (မှန်ပါ့) သဘော ကျပလား၊ (ကျပါပြီဘုရား)။

သူများပြောသံကြားနဲ့ပြောတာ ဟုတ်ကဲ့လား၊ (မဟုတ် ပါဘုရား)။

ရှေးကစာတွေ မတော်တရော် ရေးထားတဲ့စာတွေကို အမှီ ပြုပြီးပြောတာကော(မဟုတ်ပါ)ငါကိုယ်တိုင်မြင်ပြီးသကာလ ပြောတာပါကွာတဲ့၊ (မှန်ပါ့) ဆိုတော့ မယုံစရာ အကြောင်း ရှိသေးရဲ့လား၊ (မရှိပါဘုရား)။

ဒါနဲ့ ဟိုတစ်ယောက်က ခွေးလိုကျင့်တဲ့ ပုဂ္ဂိုလ်က ထ,ပြီး ပုဏ္ဏကတော့ဘုရား သူကတော့ နွားလိုပဲ ချိတွေ ဘာတွေနဲ့

http://www.dhammadownload.com



ကျင့်ပြီးသကာလနွားလိုအမြီးတပ် မျက်တွေပဲစားသောက်ပြီး သကာလ သူနေတယ်၊သူသေလို့ရှိယင်လဲ လားရာဂတိ ဘယ်လို တုန်း....တဲ့၊ မမေးနဲ့ကွလို့ သုံးကြိမ် ပြောပြန်တယ်၊(မှန်ပါ ဘုရား)။

ဒါနဲ့ သုံးကြိမ်ရှိတဲ့ အခါကျတော့ ဘုရားက အဖြေထုတ် လိုက်တယ်၊နွားလိုကျင့်တဲ့ အယူဟာ ဟုတ်တယ်လို့ ယူလိုက်လို့ ရှိယင် မင်းသည် သေသည်၏အခြားမဲ့၌နွားဖြစ်ရမယ် မှန်ပါ) နွားလိုကျင့်တဲ့ အကျင့်ကြောင့် နတ်ရွာသုဂတိ ရောက်မယ်လို့ အယူမျှား ရှေဆက်ယူလိုက်မယ် ဆိုလို့ရှိယင် မင်းသည်ကား ငရဲ တိရစ္ဆာန်ဖြစ်ရမယ်၊ (မှန်ပါ့ဘုရား)။

ဒီတော့ ပုဏ္ဏကလဲ တကာကြွယ် ငိုပြန်တာပဲ၊ မှန်ပါ) ဒါကြောင့်တဲ့ မင်းတို့ ငါ အပြောသားပဲဘဲ့၊ စောစောစီးစီး ကတည်းက၊ ငါ့မမေးနဲ့ မမေးနဲ့ဆိုတဲ့ဥစ္စာ ငါကိုယ်တိုင်သိတာ ငါကိုယ်တိုင် အမှန်ပြောတော့ မင်းတို့အခု ငိုကြတယ်၊ (မှန်ပါ ဘုရား )။

တကာတကာမတို့ ကိုယ့်ကိုယ်ပင်ပန်းဆင်းရဲအောင်လုပ်တဲ့ အလုပ်ဟာ နိဗ္ဗာန်ရောက်တဲ့အကျင့် မဟုတ်ဘူးဆိုတာ ဒါ အမြွက်မျှပဲ ပြောသေးတယ်နော်၊ (မှန်ပါ့ဘုရား)။

ကိုယ့်ကိုယ်- ကိုယ်ဘယ်တော့မှ ပင်ပန်းဆင်းရဲအောင် ကျင့် ပြီးသကာလ မနေဘဲနဲ့ မဇ္ဈိမပဋိပဒါ အလယ်လမ်းက နေပြီး သကာလကျင့်ကြပါဆိုတာကိုလဲ ဒီဝတ္ထုထောက်သဖြင့် အား လုံး တကာတကာမတွေ ခိုင်းရပါတယ်၊ (မှန်ပါ)။

ကိုယ့်ကို ဆင်းရဲအောင်တော့၊ (မကျင့်ရပါဘုရား) မကျင့် ရဘူးတဲ့၊ ကိုယ့်ကိုယ်ဆင်းရဲတဲ့ အကျင့်ဟာ ကြည့်စမ်း၊ နွားလို

http://www.dhammadownload.com



ကျင့်ရတော့မဆင်းရဲဘူးလား၊ (ဆင်းရဲပါတယ်ဘုရား)ခွေးလို ကျင့်ရတဲ့အခါ၊ (ဆင်းရဲပါတယ်ဘုရား)တထပ်တည်းစားပြီး သကာလ ခုနစ်ရက်မှ တဆုပ်လောက် စားပြီးကျင့်တဲ့ အကျင့် တွေကော၊ (ဆင်းရဲပါတယ်ဘုရား)။

ဟာ....အပင်ပန်းခံပြီး တစ်ခါတည်း တကာတကာမတွေ့ ဆူးပေါ်အိပ်တဲ့အလုပ်တွေ၊ရေချိုးပြီးသကာလနေရတဲ့အလုပ် တွေ၊မီးလှုံပြီးသကာလ နွေအခါကြီး လုပ်နေရတဲ့ အလုပ်တွေ ဟာလဲ ကိုယ့်ကိုယ်ဆင်းရဲအောင် ကျင့်တဲ့ အကျင့်ဖြစ်လို့ ဒါ ကြောင့်ဘုရားက'အတ္တကိလမထာနုယောဂ'လို့ အလယ်လမ်း မကျလို့ ဒါမိစ္ဆာဒိဋ္ဌိကွလို့ ဖြေထားတယ်၊ (မှန်ပါ့) ရှင်း ပလား၊ (ရှင်းပါပြီ)။

ဒါဖြင့် အခုတရားအားထုတ်မည့် တကာတကာမတွေ့ဟာ ကိုယ့်ကိုယ်ဖြင့် အဆင်းရဲခံပြီးသကာလ မကျင့်ပါနဲ့၊ (မှန်ပါ့ ဘုရား) မှန်မှန်ညဏ်နဲ့ ခန္ဓာကြည့်ပါ၊၊(မှန်ပါ့ ။

မှန်မှန်ညဏ်နဲ့၊(ခန္ဓာကြည့်ရပါမယ်ဘုရား)ဒါပဲတဲ့မှန်မှန် ညဏ်နဲ့ခန္ဓာကြည့်တော့ ခုနင်က အစကဘုန်းကြီးပြောခဲ့သလို ခန္ဓာက ပြောတာကို ကျုပ်တို့ညဏ်က ခေါင်းငြိမ့်လိုက်ပြီး သ ကာလ ပြောချင်သလောက်ပြော၊ မကောင်းတာချည့်ပြောမှာ ဖြစ်လေသောကြောင့် ခန္ဓာဒုက္ခသစ္စာ မြင်လာမှာပဲ၊ (မှန်ပါ့ ဘုရား)မြင်လာယင်မဂ်ညဏ်ဝင်လာမယ်၊မဂ်ညဏ်ဝင်လာယင် ဒိဋ္ဌိသေမှာပဲ၊ သေယင် အပါယ်လေးပါး တံခါးပိတ်တာပဲ၊ (မှန်ပါ့ဘုရား) သဘောပါပလား၊ (ပါပါပြီ ။

ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဓမ္မစကြာ မှာ သဲ အတ္တကိလမထာနုယောဂ,ကာမသုခလ္လိကာနုယောဂဆို

http://www.dhammadownload.com



ပြီးသလာလ အကျင့်နှစ်မျိုးကိုလဲ ဟောခဲ့တာ တကာကြွယ်တို့ မမှတ်ကြဘူး မပါဘူးလား၊ (ပါပါတယ်ဘုရား)။

ငါးပါးအာရုံ ကာမဂုဏ် ခံစားတဲ့ အကျင့်ကလဲ နိဗ္ဗာန်ရောက်ကြောင်း အကျင့်မဟုတ်ဘူးကွ၊ (မှန်ပါ)။

ကိုယ့်ကိုယ် ဆင်းရဲအောင် ညှဉ်းဆဲကျင့်တဲ့ အကျင့်ဟာလဲ (နိဗ္ဗာန်ရောက်ကြောင်း အကျင့်မဟုတ်ပါဘုရား)။

အဲ-အလယ်လမ်းဆိုတဲ့ မဇ္ဈိမပဋိပဒါ ခန္ဓာက ပြောတာကို ဉာဏ်နဲ့ကြည့်တဲ့အလုပ်သည် သာလျှင် နိဗ္ဗာန် ရောက်ကြောင်း အကျင့်၊ (မှန်ပါ့ဘုရား) ရှင်းပလား၊ (ရှင်းပါပြီ)။

ခန္ဓာက ပြောတာကို ဉာဏ်နဲ့စိုက်ကြည့်ရမယ်ဘုရား) ဝမ်းထဲကဉာဏ်နဲ့ စိုက်ကြည့်တော့ ခန္ဓာကဘာပြောလိမ့်မလဲဆိုတာ သူ့ရှိတာ သူပြောမှာပေါ့၊ (မှန်ပါ့ဘုရား)။

သူ့-အနိစ္စရှိယင်၊ (အနိစ္စပြောမှာပါဘုရား)ဒုက္ခသစ္စာရှိလို့ (ဒုက္ခသစ္စာ ပြောမှာပါဘုရား) အသုဘရှိလို့၊ (အသုဘ ပြောမှာပါဘုရား) မပြောပါနဲ့ ဆိုလို့ ရပါ့မလား၊ (မရပါဘုရား)။

အဲဒါ ကျုပ်တို့ ဉာဏ်နဲ့ စိုက်ကြည့်ပြီး သကာလ နေလို့ရှိယင်ဖြင့် ဒါပင်ပန်းတဲ့ အလုပ်လားဆိုတော့ ခန္ဓာနဲ့ ဉာဏ်နဲ့ **ဟာ**ပ်နေတဲ့ အလုပ်သာဆိုရမယ်၊ (မှန်ပါ) သဘောကျ ပလား၊ (ကျပါပြီ)။

ခန္ဓာနဲ့ ဉာဏ်နဲ့ ဟပ်နေတယ်ဆိုလို့ရှိယင် ခန္ဓာက အမှန်ပြောယင် ဉာဏ်က တက်တက် မသွားပေဘူးလား၊ (တက်ပါတယ်ဘုရား)။

http://www.dhammadownload.com



ခန္ဓာကဖြစ်ပျက်ပြောတော့ ဉာဏ်ကယထာဘူတဉာဏ်တက်သွားတယ်၊ (မှန်ပါ) ခန္ဓာက ရှိစရာ မှန်းစရာတွေ ပြောလိုက်ပြီဆိုယင် ဉာဏ်ကနိဗ္ဗိန္ဒဉာဏ်တက်တယ်၊ (မှန်ပါဘုရား) ခန္ဓာက ဒုက္ခသစ္စာတွေ အမှန်ပြောလိုက်ပြီ ဆိုမှဖြင့် မလိုချင်တဲ့ မဂ်ဉာဏ်ပေါ်လာတယ်၊ (မှန်ပါဘုရား)။

အဲဒီတော့ တကာတကာမတို့ ခန္ဓာကပြောတာကို ဉာဏ်နဲ့ သာကြည့်ပေတော့၊ (မှန်ပါဘုရား) ဆိုတော့ ပင်ပန်းသလား (မပင်ပန်းပါဘုရား)။

တကာကြွယ်ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား) အဲဒါအလယ်လမ်းဗျနော်၊ (မှန်ပါ) ကိုယ့်ကိုယ် ညှဉ်းဆဲဘဲ့လမ်းကောဟုတ်ပါရဲ့လား၊ (မဟုတ်ပါဘုရား) ငါးပါးအာရုံကာမဂုဏ်ခံစားတဲ့လမ်းကော၊ (မဟုတ်ပါဘုရား)။

အေး....ဒါ့ကြောင့် ကာမသုခလ္လိကာနုယောဂလဲမဟုတ်ပါဘူး(မှန်ပါ) အတ္တကိလမထာနုယောဂဆိုဘဲ့ ကိုယ့်ကိုယ်ပင်ပန်းအောင်လုပ်တဲ့အကျင့်မျိုးလဲ မဟုတ်ပါဘူး၊ (မှန်ပါ) အလယ်လမ်းက ငါ-ဘုရားဖြစ်လာခဲ့တယ် ဆိုတဲ့ ဥစ္စာကိုလဲ တကာသစ်သေသေချာချာ သူကိုယ်တိုင်မဟောဘူးလားဗျာ၊ (ဟောပါတယ်ဘုရား) နောက်လဲ အလယ်လမ်းချည့် ဟောတယ်ဆိုတာရိပ်မိပလား၊ (ရိပ်မိပါပြီ)။

နို့ ဘုရားဟာ မစားဘဲနဲ့တောင် ဒုက္ကရစရိယာ ကျင့်သေးတယ်မဟုတ်လားလို့မေးတဲ့အခါ ဒါဘုရား ဖြစ်စဉ်မို့ ကျင့်ရတာ၊ (မှန်ပါ) သဘောကျပလား၊ (ကျပါပြီ)။

ဘုရားဖြစ်ခြင်းအကြောင်းမှာဆင်းရဲခံနိုင်-မခံနိုင်ကိုလဲတိတ္ထိတွေက မေးဦးမှာကိုးဗျ၊ (မှန်ပါ) အဲဒါကြောင့် သူတို့ကျင့်စဉ်

http://www.dhammadownload.com



မှီ အလောင်းတော်မှာ ခြောက်နှစ် ကျင့်ရတယ်၊ ခုနစ်ရက် လောက်ကျင့် ပြီးတာပါပဲ၊ (မှန်ပါ့)။

ကိုင်း....ဒါခင်ဗျားတို့က ဘုရားဆုပန်တဲ့ပုဂ္ဂိုလ်လဲ ဒီအထဲ ပါကြမယ်မဟုတ်တော့ ဒါတွေလိုရင်း မဟုတ်ပါဘူး၊ (မှန်ပါ့) မဇ္ဈိမပဋိပဒါလမ်းကိုသာ, အလယ်လမ်းကိုသာ ခန္ဓာနဲ့ ဉာဏ်နဲ့ တည့်တဲ့ လမ်းကိုသာ လိုက်ပါဆိုတာ ပြောလိုက်တယ်နော်၊ (မှန်ပါ့ဘုရား)။

ကိုင်း....ဒါနဲ့ပဲ အခုကျင့်ကြည့်စမ်း၊ ကိုယ့်ကိုယ်-ကိုယ်ဆင်း ရဲအောင် နွားလိုကျင့်တဲ့ ခွေးလိုကျင့်တဲ့ပုဂ္ဂိုလ် နှစ်ယောက်ကို ဒီ-အကျင့်သည်ကားလို့ဆိုယင် ကောင်းတယ်လို့ယူနေလို့ရှိယင် သေသည်၏အခြားမဲ့၌ နွားလိုကျင့် နွားဖြစ်ရတယ်၊ (မှန်ပါ့) ခွေးလိုကျင့်တော့ (ခွေးဖြစ်ရပါတယ်ဘုရား)။

ဒီအကျင့် ကျင့်ခြင်းကြောင့် နတ်ရွာသုဂတိ ရောက်လိမ့် မယ်ဆိုလို့ရှိယင် အဲဒီက အယူမှားဒိဋ္ဌိကပါလာတယ်၊ (မှန်ပါ့ ဘုရား) ပါလာသောကြောင့် ဒိဋ္ဌိကနေ အပါယ်ချလိုက်သေး တယ်၊ (မှန်ပါ့ဘုရား) သဘောကျပလား၊ (ကျပါပြီ)။

အဲဒါကြောင့် ဘုန်းကြီးတို့တကာ တကာမတွေ ဘယ်လမ်း လိုက်မလဲ၊ (အလယ်လမ်း လိုက်ရမှာပါဘုရား) ကာမဂုဏ် ခံစားတဲ့လမ်းကိုရှောင်၍၊ (မှန်ပါ့) ကိုယ့်ကိုယ်-ကိုယ် ဆင်းရဲ အောင်ကျင့်တဲ့ လမ်းကို ဟဲ၊ (ရှောင်ရပါမယ်ဘုရား)။

အဲဒီတော့ ဒီ-နှစ်လမ်း အလယ်မှာထားတဲ့ ခန္ဓာဉာဏ် စိုက်ဘဲ့ လမ်းသည် သာလျှင် အလယ် လမ်းလို့ မှတ်လိုက်၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



မပင်ပန်းစေနဲ့နော်၊ (မှန်ပါ့) မပင်ပန်းစေနဲ့တဲ့ တကာ-တကာမတို့၊ ဒါ-အင်မတန် အရေးကြီးတဲ့ အချက်မို့ ဒီဥစ္စာ ရှေ့ပိုင်းမှာထားပြီးသကာလ တကာကြွယ် ပြောဆို ဆုံးမနေတယ်၊ (မှန်ပါ့)။

ကဲ...ရှေ့သွားကြစို့၊ ဒါနဲ့ ခုနင်က နွားလိုကျင့်တဲ့ ပုဏ္ဏက လဲ အရှင်ဘုရား တဲ့၊ တပည့်တော် ဒီ့အကျင့် ကောင်းတယ် မှတ်လို့ နွားလိုကျင့်တာဖြင့် ရှေတော့မကျင့်တော့ပါဘူးဆိုပြီး သကာလ တပည့်တော်သည်ကားလို့ ဆိုလို့ရှိယင် သရဏဂုံ သနားတော်မူပါဆိုတာနဲ့ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ"နဲ့ ပုဏ္ဏဟာ သရဏဂုံကို သူ ဆောက်တည်တယ်နော်၊ (မှန်ပါ့)။

သေနိယကတော့ အရှင်ဘုရားတဲ့ ဒီအကျင့်ကို တပည့်တော် မှားမှန်းသိပြီး အကုန်ဖြုတ်ပါတော့မယ်တဲ့၊ ခွေးလိုကျင့်တဲ့ ပုဂ္ဂိုလ်က၊ (မှန်ပါ့)။

အဲဒီတော့ ဒီသာသနာတော်ဘောင်ကို ဝင်ပါရစေဘုရား လို့ ပြောလိုက်တယ်နော်၊ (မှန်ပါ့)။

အေး-သာသနာဘောင် ဝင်လို့ရှိယင် သာသနာဘောင် မှာ လုပ်တဲ့အလုပ်ဟာ ဝင်တဲ့သာ အသာထားဦး၊ အခု မင်းတို့ကျင့်တဲ့ အကျင့်သည် ဒီကံကြောင့် မင်းတို့ မကောင်း ကျိုး ပေးလာတာ၊ (မှန်ပါ့)။

အကုသိုလ်ကံတွေကြောင့် (မကောင်းကျိုးပေးလာတာပါ ဘုရား) နွားလိုကျင့်တဲ့ကံကြောင့် နွားဖြစ်ရတယ်၊ (မှန်ပါ့) ခွေးလိုကျင့်တဲ့ကံကြောင့် (ခွေးဖြစ်ရပါတယ်ဘုရား) ဒီအကျင့်

http://www.dhammadownload.com



ကို တကယ်နှစ်သက်ပြီးသကာလ အဟုမှန်ပဲလို့ ယူလိုက်ယင် ငရဲကျတယ်၊(မှန်ပါ့)ရှင်းပလား၊ (ရှင်းပါပြီ)။

အဲဒါကြောင့် ငါဘုရား ကိုယ်တော်တိုင် သိတဲ့ကံတွေကို မင်းတို့ကို ရှင်းပြဦးမယ်တဲ့၊ (မှန်ပါ့ဘုရား)သဘောကျပလား (ကျပါပြီဘုရား)။

ငါ ဘုရား ကိုယ်တိုင် သိတဲ့ ကံတွေကို (ရှင်းပြပါဦးမယ် ဘုရား) သူတို့ နှစ်ယောက်ကို တကာကြွယ် ရှင်းပြဦးမယ်-တဲ့၊ (မှန်ပါ့)။

ကဲ-တကာသစ်ရေ-မနေ့ကဟာ စကြစို့နော်၊ (မှန်ပါ့)

ကံသည် မဲတဲ့ကံသည် မဲတဲ့အကျိုး ပေးတယ်၊ (မှန်လှပါ ဘုရား)။

တကာတကာမတို့ မဲတဲ့ကံသည် (မဲတဲ့အကျိုးပေးပါတယ် ဘုရား) ဒါကတစ်မျိုး (မှန်ပါ့) ဖြူတဲ့ ကံသည် ဖြူတဲ့ အကျိုး ပေးတယ်၊ (မှန်ပါ့)ဒါက တစ်မျိုး၊ (မှန်ပါ့) အမဲအဖြူ ရော တဲ့ ကံသည် အမဲအဖြူရောတဲ့အကျိုးကို ပေးတယ်၊ သူကအမဲ အဖြူရောတဲ့ကံကိုဗျ၊ နှစ်ခု၊(မှန်ပါ့) သူကဘာအကျိုးပေးပါ လိမ့်၊ (အမဲအဖြူရောတဲ့ အကျိုးပေးပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ အမဲအဖြူမရောတဲ့ ကံသည် အမဲ အဖြူ မရောတဲ့အကျိုးကို ပေးတယ်၊ (မှန်ပါ့)။

ကဲ-ငါဘုရားကိုယ်တိုင်သိတာ ကံဟာ ဒီလေးလုံးပဲရှိတယ် ကွ တဲ့၊(မှန်ပါ့)ရှင်းပလား၊ (ရှင်းပါပြီ)။

ဘုရား သခင် ကိုယ်တော်မြတ်ကြီး ကိုယ်ပိုင် ဉာဏ်နဲ့ ကိုယ် တိုင်သိတဲ့ကံက ဘယ်နှစ်ကံပါလိမ့်၊ (လေးကံပါဘုရား)။

http://www.dhammadownload.com



လေးကံကို တကာသစ် အယင်လဲ ဟောဘူးလို့ သေသေချာချာ တကာတကာမတို့ မနာရသေးတဲ့ ပုဂ္ဂိုလ်တွေကများလို့ ထပ်ဆင့်ပြီး ဦးဘအုန်း ဟောရတယ် နော်၊ (မှန်ပါ့)။

ဒီကံ ဘာတဲ့ တကာ တကာမတို့ (မဲတဲ့ကံပါဘုရား)မဲတဲ့ကံသည် မဲတဲ့အကျိုးကိုပေးတယ်၊ (မှန်ပါ့)

ဒီကံက ဘာပါလိမ့်၊ ဖြူတဲ့ကံ ဖြူတဲ့ အကျိုးပေး ပါတယ်ဘုရား)။

ဒီကံက ဘာပါလိမ့်၊ (အမဲ အဖြူ ရောဘဲ့ကံ၊ အမဲအဖြူရောတဲ့အကျိုးပေးပါတယ်ဘုရား)။

ဒီကံကတော့ အမဲအဖြူ မရောတဲ့ကံ၊ (အမဲအဖြူ မရောတဲ့ အကျိုးပေးပါတယ်ဘုရား)။

အမဲအဖြူ မရောတဲ့ ကံသည် အမဲအဖြူမရောတဲ့ အကျိုးကို ပေးတယ် ဆိုသဖြင့် စတုတ္ထ လေးခုမြောက်ကံသည် ရှိသမျှေကံတွေ ဖြတ်တဲ့ ကံလို့ မှတ်လိုက်၊ (မှန်ပါ့)။

စတုတ္ထ ကံက ဘာတဲ့၊ (ရှိသမျှ ကံတွေ ဖြတ်တဲ့ ကံပါဘုရား) အေး....ကံဖြတ်ဆိုတာ တကာကြွယ် သေသေချာချာ မှတ်ပေတော့၊ (မှန်ပါ့)ပေါ်ကြပလား၊ (ပေါ်ပါပြီ ။

ကောင်းပြီ၊ ဒါနဲ့ ဩော်-တပည့်တော်တို့လုပ်နေတဲ့ ကံက အမဲရောတဲ့ ကံမို့ တပည့်တော်တို့ အမဲ အကျိုး ပေးရမှာပဲ၊ (မှန်ပါ့) သူတို့ ရိပ်မိသွားတယ်၊ (မှန်ပါ့ ဘုရား) ခုနင်က သေနိယကလဲ တကာအုန်းရိပ်မိပြီ၊ (ရိပ်မိပါပြီ ဘုရား) ပုဏ္ဏကလဲ ရိပ်မိပြီ၊ (ရိပ်မိပါပြီဘုရား)။

ဩော်-အမဲရောတဲ့ကံတွေ ဒို့ လုပ်နေတော့ အမဲအကျိုး ပေးတာပဲဆိုတာ သူတို့ရိပ်မိပြီ၊ (မှန်ပါ့)။

http://www.dhammadownload.com



ဒီတချို့ တကာတကာမတွေမှာလဲ....တဲ့ ဘုရားကတော့ဖြင့် အစုံဟောတဲ့အတွက် တကာတကာမတွေ အစုံဟောရမယ်နော် (မှန်ပါ့)။

တကာတကာမတွေမှာ ဝဋ်ကို တောင့်တပြီးလှူရ, ပေးရ, ကမ်းရတဲ့အတွက်လူချမ်းသာ,နတ်ချမ်းသာ ရ,ရပါလို၏ဆိုပြီး သကာလ အဖြူကံတွေလဲ၊ ဗျာပါဒ မပါဘဲ့ ကံတွေလဲ လုပ်လေ့ ရှိပါတယ်၊(ရှိပါတယ်ဘုရား) အဲဒါကျတော့ တကာတကာမ တွေမှတ်လိုက်တဲ့၊ လူချမ်းသာ,နတ်ချမ်းသာ, ဗြဟ္မာချမ်းသာ မျိုးရပါဘယ်၊ (မှန်ပါ့ဘုရား) သဘောကျပလား၊ (ကျပါပြီ ဘုရား)။

ဒီကံက **အဖြူကံမို့** ဘာတဲ့ (အဖြူ အကျိုးပေးပါတယ် ဘုရား)။

တချို့ကျတော့ အမဲအဖြူရောတဲ့ကံတွေနဲ့ မကောင်းမှုတွေ နဲ့ရှာပြီးသကာလ လှူဒါန်းပေးကမ်းတာတွေလဲ ရှိသေးသပေါ့ ဗျာ၊ (မှန်ပါ့) အဲဒီတော့ အဖြူအမဲမရောဘူးလား၊ (ရောပါ တယ်ဘုရား)။

ပစ္စည်းကို မကောင်းတဲ့ နည်းလမ်းနဲ့ စီးပွားရှာပြီး သကာ လ လှူကြ တမ်းကြ ပေးကြ ကမ်းကြတာကျတော့ အမဲအဖြူ အကျိုးပေးတယ်၊ (မှန်ပါ့)။

သူကတော့ ဘာတုံး ... လို့ မေးတဲ့အခါကျတော့ လူဆင်းရဲ မျိုးပေါ့ဗျာ၊ (မှန်ပါ့)ခုနင်က အဥ္စကထာဖွင့်တာတွေ ပြောခဲ့ရ လို့ ရှိယင်ဖြင့် ရွှေနဂါးကြီးတို့ ဆင်ဖြူတော်ကြီးတို့ ဒါတွေ သွားဖြစ်တယ်၊ (မှန်ပါ့)။

http://www.dhammadownload.com



ဆင် ဘယ့်နှယ်ကြောင့် ဖြူရသတုံး .. ဆိုတော့ ကုသိုလ်ကံကြောင့် ဖြူရတယ်၊ တိရစ္ဆာန် ဘယ့်နှယ်ကြောင့် ဖြစ်ရသတုံး ဆိုတော့ တကာတကာမတို့ အမဲနဲ့ ရောထားလို့ (မှန်ပါ့ဘုရား)။

အဲဒါတွေကျတော့လဲ တိရစ္ဆာန်ချင်း မတူဘူး၊ အခုအခါ ကြည့်ပါလား၊ မြင်းချင်းပဲ လမ်းပြေးမြင်းနဲ့ ပြိုင်မြင်းနဲ့ စားရတာချင်းကော တူပါရဲ့လား၊ (မတူပါဘုရား) ခြုံရရုံရတာချင်းကော၊ (မတူပါဘုရား)။

မတူဘူးတဲ့၊ အဲဒါအမဲအဖြူရောတဲ့ကံကြောင့် သူ ဘာဖြစ်နေသတုံး (အမဲအဖြူရောတဲ့ အကျိုးပေးပါတယ်ဘုရား) အင်းသူ့မှာ၊ ကုလားပဲတွေစားလို့ ဆရာဝန်နဲ့ ခြုံထည်နဲ့ အင်မတန်အားအင်ဗလပြည့်တဲ့ အစာအာဟာရတွေကျွေးလို့ဆရာဝန်နဲ့ ကုလို့ဆိုတဲ့ မြင်းကောင်း မြင်းမွန်တွေကလဲ ရှိသေးတယ်၊ (ရှိပါတယ်ဘုရား)။

အဲဒါကျတော့ တကာအုန်းတို့က ဘယ်လို ဆုံးဖြတ်ချက်ချမလဲ၊ (အမဲအဖြူရောတဲ့ကံပါဘုရား) အမဲအဖြူ အကျိုးပေးတယ်၊ (မှန်လှပါ)။

မြင်းလဲဖြစ်ရတယ်၊ ကောင်းကောင်းမွန်မွန်လဲစားရတယ်ဆိုတော့ ၁-နံပါတ်ကံလဲဘုရားသခင်အလိုမရှိဘူး (မှန်ပါ့ဘုရား)။

၁-နံပါတ် ကံဟာအဖြူသာဆိုတာ ဝဋ်ထဲ အကျိုးပေးပြန်တော့လဲ တကာကြွယ်၊ (အလိုမရှိပါဘုရား) အေး ဒီဥစ္စာလဲ မတတ်သာ ဒီကံတွေ မသိသေးခင်တော့ လုပ်ရမှာပေါ့ဗျာ (မှန်ပါ့ဘုရား)သိလာတဲ့တနေ့ကျလို့ ရှိယင်ဖြင့်သြော် .. သူလဲ အဖြူပဲ အကျိုးပေးတယ်ဆိုငြားသော်လဲ နတ်ပြည် သုဘာကိဏှ

http://www.dhammadownload.com



ဘုံဆိုပြီး ပါဠိတော်ကဖွင့်တော့ နတ်တို့ ဒေဝတို့ သုဘကိဏှ ဗြဟ္မာတို့ဆိုတဲ့ ဒီဘက်သွားလေ့ ရှိပါတယ်ကွာ-**တဲ့**၊ (မှန်ပါ ဘုရား)။

အမဲအဖြူရောတဲ့ **ကံ**ကတော့ လူ့ဘဝဆိုတော့ ပဋိသန္ဓေ နေခြင်းဆင်းရဲ၊ အိုခြင်းဆင်းရဲ၊ နာခြင်း ဆင်းရဲ**လဲ** ရှိရဲ့၊ (မှန်ပါ့) စားရ သောက်ရ ရွှေကလေး ငွေကလေး တွဲလွဲနဲ့ ဆိုတော့ အမဲအဖြူရောနေတယ်၊ (မှန်ပါ့)။

စားရ သောက်ရကော မရှိကြဘူးလား၊ (ရှိပါတယ်ဘုရား) အို-နာသေဘေးကော ခွဲလို့ရရဲ့လား၊ (မရပါဘုရား)။

ဒါဖြင့် **အမဲအဖြူရောတဲ့** ကံကြောင့် လူတို့ နတ်တို့ဟာဖြင့် တကာ တကာမတို့ ခင်ဗျားတို့လုပ်လာ**တဲ့ကံ**က ဘယ်**ကံ**ဆိုတာ ဖြင့် ပေါ်လာပြီ၊ (ပေါ်ပါပြီဘုရား) ဘယ်**ကံ**ပါလိမ့်၊ (အမဲ အဖြူရောတဲ့**ကံ**ပါဘုရား)။

အမဲအဖြူ ရောင ကံကြောင့် အခု ဘယ်လိုနေကြရသတုံး၊ (အမဲအဖြူရောတဲ့ အကျိုးပေးပါတယ်ဘုရား)အမဲအဖြူရောတဲ့ အကျိုးပဲ ပေးနေရတယ်၊မရောင်းမဝယ်ဘဲနဲ့ကို မစားရဘူး၊ (မှန်ပါ့) မသွားမလာဘဲနဲ့လဲ၊ (မစားရပါဘုရား)။

မစားရတော့ အင်း-စားရတာလဲ အမြတ်အစွန်းကလေး ထွက်လာတော့ ကောင်းကောင်း မွန်မွန် ဖွယ်ဖွယ်ရာရာတွေ စားရရဲ့၊ မလုပ်ဘဲလဲ မဖြစ်ဘူး၊ (မှန်လှပါဘုရား) ဒါဖြင့် ဆင်းရဲနဲ့ချမ်းသာရောနေတယ်၊(ရောနေပါတယ်ဘုရား)။

ဘယ့်နှယ်ဆိုကြမလဲ၊ (ဆင်းရဲနဲ့ချမ်းသာ ရောနေပါတယ် ဘုရား) ဒါ- ဘယ်ကံတွေပါလိမ့်၊ (အမဲအဖြူ ရောတဲ့ ကံပါ

http://www.dhammadownload.com



ဘုရား) အမဲအဖြူရောတဲ့ ကံကြောင့် အမဲအဖြူ အကျိုးပေး နေတယ်၊ (မှန်ပါ့၊ ဒီလူ့ဘဝတွေပေါ့ဗျာ၊ (မှန်ပါ့ဘုရား)။

ကိုင်း–ဒါဖြင့် ဟောဒီ စတုတ္ထကံကတော့ တကာ တကာမ တွေ မှတ်လိုက်စမ်းပါ၊ အမဲအဖြူ မရောတဲ့ ကံဖြစ်လေသော ကြောင့် အမဲအဖြူ မရောတဲ့ဥစ္စာပဲ အကျိုးပေးရမယ်ဆိုတော့ တကာ တကာမတွေစဉ်းစားကြည့်၊ ဟောဒီ အမဲအဖြူမရောတဲ့ ကံကို သူသာ လုပ်မယ်ဆိုယင် အကျိုးပေးနိုင် သေးရဲ့လား၊ (မပေးနိုင်ပါ ဘုရား) အဖြူကံ– အဖြူ အကျိုး ပေးကော– (မပေးနိုင်ပါ ဘုရား) အမဲကံ– အမဲကော၊ (မပေးနိုင်ပါ ဘုရား)။

ဘယ့်နှယ်ကြောင့်တုံးလို့ မေးတဲ့အခါကျတော့ အမဲအဖြူ မရောတဲ့ကံက အမဲအဖြူမရောတာကို အကျိုးပေးရသည် ဖြစ် လေသောကြောင့် တကာကြွယ်ရေ.... ကံ သုံးကံ ဖြတ်တဲ့ကံ၊ (မှန်ပါ့)။

၁–၂–၃ ဘာလုပ်သလဲ၊ (ဖြတ်ပါတယ်ဘုရား) ကံသုံးကံ ဖြတ်တယ်၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီ) ဒါကြောင့် သုံးဆယ့်တစ်ဘုံ ပြင်ဘက်ရောက်တဲ့ မဂ္ဂင်ဆိုတာ ပေါ်ပလား၊ (ပေါ်ပါပြီ)။

ဒါဖြင့် မဂ္ဂင်သည် ကံဖြတ်တယ်ဆိုတာ ကမ္မက္ခယာယလို့ ဘုရားက သေသေ ချာချာ ပါဠိတော်မှာ ဟောထားတယ်၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီ) ဒါဖြင့် ကံဖြတ်တရား ဆို တာ မဂ္ဂင်အလုပ်၊ (မှန်ပါ့)။

http://www.dhammadownload.com



တကာတကာမတို့ ကံဖြတ်တရားဆိုတာ၊ (မဂ္ဂင်အလုပ်ပါဘုရား) တကာကြွယ် ရှင်းပလား၊ (ရှင်းပါပြီ)။

သူ့လုပ်လိုက်တဲ့အခါကျတော့အမဲအဖြူရောတဲ့အကျိုးပေးမျိုးကော၊ (မပေးပါဘုရား) အဖြူချည့် သက်သက်ကော၊ (မပေးပါဘုရား)အမဲသက်သက်ကော၊ (မပေးပါဘုရား)။

ဩော် ...ဘယ့်နှယ်ကြောင့် မပေးပါလိမ့်မတုံးဆိုတော့အမဲအဖြူ မရောတဲ့ ကံကို ဒို-ကြိုးစား ထားလို့ ဟိုက သုံးကံ အကျိုးမပေးနိုင်တာပဲ ဆိုတာ သိသဖြင့် သူက ကံဖြတ်ဆိုတာပေါ်လာတယ်၊ (မှန်ပါ့) မပေါ်သေးဘူးလား၊ (ပေါ်ပါတယ်ဘုရား)။

တကာတကာမတို့ မဂ္ဂင်အလုပ်က ဘာတဲ့၊ (ကံဖြတ်ပါဘုရား) အမဲကံလဲ၊ (ဖြတ်ပါတယ်ဘုရား) အမဲကံဖြတ်လို့ပေါ့ အဟိ°သကတို့ မဂ္ဂင်အလုပ်သဲလုပ်ပါရော အပါယ် လေးပါး အကျိုးပေးသေးရဲ့လား၊ (မပေးပါဘုရား) သဘောကျပလား၊ (ကျပါပြီ ။

အဖြူကံ လုပ်ပြီးသကာလထားတဲ့ပုဂ္ဂိုလ်တွေသဲဒါန,သီလတွေနဲ့ ဝဋ်တောင့်တပြီး လုပ်တဲ့ကံဆိုတယ်နော်၊ (မှန်ပါ့)ဝိဝဋ္ဋကံကို ဆိုတယ်နော်၊ (မှန်ပါ့)။

အဲဒီတော့ ဝိဝဋ္ဋကံတွေလုပ်ထားတာကလဲ သူတို့က အကျိုးပေးနေမယ်ဆိုလို့ရှိယင် မင်္ဂဉာဏ် ဖိုလ်ဉာဏ် ရပါဦးမဲလား၊ (မရပါဘုရား)။

အဲဒီလိုလုပ်တဲ့ ပုဂ္ဂိုလ်တွေကိုလဲ ကံက ဖြတ်ပေး ပါတယ်၊ (မှန်ပါ့) အဖြူအမဲ မရောတဲ့ကံက၊ (ဖြတ်ပေးပါတယ်ဘုရား)။

http://www.dhammadownload.com



ဖြတ်မပေးလို့ရှိယင်လဲ သူ-သုံးဆယ့် တစ်ဘုံမှာ အထက် တန်းကနေပြီး အိုဘေး, နာဘေး, သေဘေးတွေနဲ့ ကျင်လည် ပြေးသွား နေလိမ့်ဦးမယ် ဆိုတာသဲ ငြင်းဖို့ မလိုပါဘူး၊ (မလို ပါဘုရား) တကာသစ် သဘောကျပလား၊ (ကျပါပြီဘုရား)။

ဒါဖြင့် အမဲအဖြူရောဘဲ့ကံကော အကျိုးပေးသေးသလား (မပေးပါဘုရား) မပေးဘူး ဆိုတာကော သေချာပလား၊ (သေချာပါပြီ ဘုရား)။

ကောင်းပြီ ဒါဖြင့် အမဲအဖြူရောဘဲ့ကံလဲ အကျိုးမပေးနိုင် တာလဲ ဘယ်သူ့ကြောင့်တုံးလို့ မေးလို့ရှိယင်ဖြင့် အမဲအဖြူ မရောတဲ့ ကံလုပ်လို့ပဲ၊ (မှန်ပါ)။

ဒါဖြင့် မဲတဲ့ကံက အကျိုးမပေးနိုင်တာလဲ အမဲအဖြူမရော တဲ့ကံကြောင့်ပဲ၊ (မှန်ပါဘုရား) ဖြူတဲ့ကံ အကျိုး မပေးနိုင် တာလဲ၊ (အဖြူအမဲမရောတဲ့ ကံကြောင့်ပါဘုရား) အမဲ အဖြူ ရောတဲ့ကံ အကျိုး မပေးနိုင်တာလဲ၊ (အမဲအဖြူ မရောတဲ့ကံ ကြောင့်ပါ)အမဲအဖြူ မရောတဲ့ကံကြောင့်၊ (မှန်ပါ)။

အဲဒီတော့ အမဲ အဖြူ မရောဘဲ့ကံ သေနိယတို့ ပုဏ္ဏတို့က မေးတဲ့အခါကျတော့ ဘုရားသခင် ကိုယ်တော် မြတ်ကြီးက ကမ္မက္ခယာယ၊ ကံကုန်စေတာဖြင့် မဂ္ဂင် ရှစ်ပါးပဲကွ၊ (မှန်လှ ပါဘုရား) တကာအုန်း ကျေနပ်ပလား၊ (ကျေနပ် ပါပြီ)။

အမဲအဖြူမရောတဲ့ ကံဟာ ဘယ်ကံပါလိမ့်၊ (မဂ္ဂင် ရှစ်ပါး ပါဘုရား)မဂ္ဂင်ရှစ်ပါ ဆိုတာ သေချာပလား၊ (သေချာပါပြီ ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် မဂ္ဂင်ရှင်ပါးကလဲ့ အလိုလိုပေါ်တာလား၊ ပွားယူမှုပေါ်တာလား၊ (ပွားယူမှ ပေါ်လာတာပါ) သဘောကျပလား၊ (ကျပါပြီ)။

မဂ္ဂင်ရှစ်ပါးဟာ မဂ် ရ,ရပါလို၏၊ ဖိုလ်ရ, ရပါလို၏လို့ ခင်ဗျားတို့ဘယ်လိုပင် အော်ငြားသော်လဲ မပွားယင်မရောက်ပါဘူး၊ (မရောက်ပါ ဘုရား) ပွားမှရောက်နိုင်တယ် ဆိုတာကော သေချာပလား၊ (သေချာပါပြီ ဘုရား)။

ရောက်လို့ခန္ဓာကိုယ် ခန္ဓာကိုယ်ထဲလဲ ရောက်ပါရောဆိုလို့ ရှိယင်ဖြင့် အပါယ်လေးပါး ကျစေတတ်တဲ့ ကံတွေလဲဖြတ်ချလိုက်တယ်၊(မှန်ပါ့ဘုရား) မဖြတ်ချပေဘူးလား၊ (ဖြတ်ချပါတယ်ဘုရား)။

အမဲအဖြူ ရောတဲ့ တိရစ္ဆာန် ဖြစ်မယ့်ဘဝတွေကော၊ (ဖြတ်ပါတယ်ဘုရား)ဒီမှာလဲ ပြိတ္တာတွေဘာတွေ ဖြစ်မယ့် ဘဝတွေကော၊ (ဖြတ်ပါတယ်ဘုရား) နေ့စံ ညခံဖြစ်တဲ့ ကံတွေကော၊ (ဖြတ်ပါတယ်ဘုရား)။

ဩော်–ဒါဖြင့် ကျုပ်တို့ ယနေ့တရားသည် တကာတကာမတို့ အားကိုးရာအစစ် တွေ့ပြီ၊ (မှန်ပါ့) ဘာ တွေ့ကြသလဲ၊ (အားကိုးရာအစစ် တွေ့ပါတယ် ဘုရား)။

အားကိုးရာ အစစ်အမှန် ဖြစ်တာကို ရှာတဲ့အခါ ကျလို့ ရှိယင်ဖြင့် အခုမဇ္ဈိမပဏ္ဏာသပါဠိတော် ကုက္ကုရဝတိက သုတ်မှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ကံလေးပါးနဲ့ဝေဘန်ပြီး သကာလ သေနိယနဲ့ ပုဏ္ဏတို့ကို ဟောပုံထောက်ကြည့်လိုက်တဲ့

http://www.dhammadownload.com



အခါကျတော့ အမဲအဖြူမရောတဲ့ကံမှ တပည့်တော်တို့ ခုနင်က- မျက်လုံးပေါက်ကြောင့်ဖြစ်တဲ့ကံတွေလဲ အဟောသိကံဖြစ်မယ် (မှန်ပါ့)နားပေါက်ကြောင့်ဖြစ်တဲ့ကံတွေကော၊ (အဟောသိ- ကံဖြစ်ပါမယ်) မနောပေါက်ကြောင့် ဖြစ်တဲ့ ကံတွေကော၊ (အဟောသိကံ ဖြစ်ပါတယ်ဘုရား) ဘယ်သူက ဖြတ်ပစ်လိုက် ပါလိမ့်၊ (အမဲအဖြူ မရောတဲ့ ကံက ဖြတ်ပါတယ်ဘုရား)။

အဲ အမဲ အဖြူ မရောတဲ့ မဂ္ဂင်က၊ (မှန်ပါ့) ဒါ့ကြောင့် မဂ္ဂင်ကို ခင်ဗျားတို့ ယနေ့ သေသေချာချာ စဉ်းစားပါ၊ လုပ် နည်းကိုတော့ ပြောပါ့မယ်နော်၊ (မှန်ပါ့) သူသာမဖြစ်သေး ဘူးဆိုယင် ဒီကံသဲ အကျိုး ပေးမှာပဲ၊ (မှန်ပါ့)၊ဒီဘက်ကံက- ကော၊(ပေးမှာပါဘုရား) အမဲကံကော၊(ပေးမှာပါဘုရား)

အဲ-အမဲကံကလဲ အကျိုး ပေးယင် ဆုံးနိုင်စရာ မရှိဘူး၊ (မှန်ပါ့) အဖြူကံက အကျိုးပေးလို့ ရှိယင်လဲ (ဆုံးနိုင်စရာ မရှိပါဘုရား)။

ခင်ဗျားတို့က အကျိုးပေးကရှိရတဲ့အထဲလူ့ပြည်နတ်ပြည် အကြိမ်ကြိမ်ခံစားဆိုတာ အကြိမ်ကြိမ်ဆိုတာ ဘယ်နှစ်ကြိမ်လို့ ရေတွက်လို့ ရတော့မှာ မဟုတ်ဘူး၊ (မရပါ အဲဒီ့အဖြူကံတွေ ကိုလဲ သူကဖြတ်ပေးတယ်၊ (မှန်ပါ့) အမဲအဖြူရောတဲ့ ကံတွေ ကော၊ (ဖြတ်ပါတယ်) ဖြတ်ပေးတယ်ဆိုတာ တကာသစ်ရိပ်မိ ပလား၊ (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ကံဖြတ်သည် ဘယ်သူပါလိမ့်မတုံးလို့မေးလို့ရှိယင် ဘယ့်နှယ်ပြောကြမလဲ၊ (မဂ္ဂင်ရှစ်ပါးပါဘုရား)။

http://www.dhammadownload.com



ဪ....ဒါဖြင့် ကျုပ်တို့မှာ ဘယ်ကံတွေ များပါလိမ့်မလဲ လို့ မေးတဲ့အခါ ကျတော့ဖြင့် ဒီရှေ့ပိုင်း သုံးကံဟာ တပည့်တော်တို့မှာ အသီးအသီး ရှိကြတယ်ဘုရား....လို့၊ ဖြေလိုက်လို့ရှိယင် တည့်တယ်၊ (မှန်ပါ့ဘုရား)။

သားနဲ့ သမီးနဲ့ နေပြန်တော့ အမဲကံတွေက များတယ်၊ (များပါတယ်)တစ်ခါတလေ အကြောင်းညီညွတ်လို့ မသိယူမသိပေးတွေနဲ့ ပေးလိုက်ပြန်တော့ ဟဲ အဖြူ ကံတွေက များတယ်၊ (များပါတယ်) တစ်ခါ တလေကျတော့ အိမ်နီးချင်းရှိသေ မိတ်ဆွေပါတီမို့ မကောင်းပေမယ့်လဲ တည့်လိုက်ရတဲ့ အရေးတွေဟာ အမဲအဖြူရောတဲ့ အရေးတွေက ရှိသေးတယ်၊ (မှန်ပါ့) မရှိဘူးလား၊ (ရှိပါတယ်ဘုရား)။

အဲဒီအရေးတွေကလဲ အမဲအဖြူအကျိုးပေးတွေကလဲမနည်းလှဘူး၊ (မနည်းပါဘုရား)။

အဲဒီလို ကံတွေက ကျုပ်တို့မှာ ကံသုံးမျိုး ရှိပြီးသကာလ နေတာသူတို့အကျိုးပေးကို ကျုပ်တို့လက်ခံမယ်ဆိုလို့ရှိယင်ဖြင့် အမဲဘဝကလဲပြန်တက်နိုင်စရာမရှိဘူး၊ (မရှိပါ) ရှိသေးရဲ့လား (မရှိပါ)အဖြူဘဝကလဲ လည်လို့ဆုံးနိုင်စရာ၊ (မရှိပါ) အမဲအဖြူရောတဲ့ဘဝကလဲတစ်ခါ သူတစ်ပါးအစေခံဆင်ဖြူတော်တို့ အာဇာနည်မြင်းတို့ ပေါ့ဗျာ၊၊(မှန်ပါ့)ဒါတွေ-ဖြစ်နေမယ်ဆိုယင်လဲအစေခံဘဝက ဆုံးနိုင်ပါ့မလား (မဆုံးနိုင်ပါဘုရား)။

ကိုင်း....ဒါဖြင့် ဘယ့်နှယ်လုပ်ကြမှာတုံး၊(မဂ္ဂင်အလုပ်-လုပ်ရပါမယ်) မဂ္ဂင်ရှစ်ပါး အလုပ်ကို လုပ်မယ်နော်၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဒီကံတွေက ယခုကျုပ်တို့မှာ စောင့်ပြီးသကာလနောက်က သူတို့သည် ချုပ်ပျောက်သွားငြားသော်လဲ သတ္တိကတော့ဖြင့် အမဲကံကလည်း မင်းလူ့ဘဝနေဦးကွနော်၊ သူသေယင်တွန်းချမယ်ဆိုတာ စောင့်လျက်၊ (စောင့်လျက်ပါ) အဖြူကံကလဲ သူက စောင့်လျက်ပဲ၊ (စောင့်လျက်ပါ အမဲ အဖြူ ရောတဲ့ ကံကကော၊ (စောင့်လျက်ပါဘုရား)။

ဩြော်-တကာသစ် စိတ်ချလက်ချနေရမှာလား တွန်းချမှာတွေက သုံးဦးစောင့်နေသလား၊ (သုံးဦး စောင့်နေပါတယ် ဘုရား)။

ဩြော်... ခင်ဗျားတို့ကတော့ သားနဲ့ သမီးနဲ့ ဆွေနဲ့ မျိုးနဲ့ အရောင်းကလေးနဲ့ အဝယ်ကလေးနဲ့ ဒီနားပတ်ဝန်းကျင်ကြည့်ပြီးသကာလခင်ဗျားတို့ကအလုပ်-လုပ်တယ်၊ (မှန်ပါ့) သူတို့က နောက်က မင်းနက်ဖြန်သေယင် နက်ဖြန်သေအောင် တွန်းချမည့်ကံ၊ သေပြီး အပါယ်ပို့မည့်ကံတွေကလဲ ခင်ဗျားတို့မှာတဲ့ သူတ္တန်နည်းနဲ့ဟောမည်ဆိုဆာယာဝအနုပါယိနီဆိုတဲ့အတိုင်း တကာ့အနုန်း-နောက်က စောင့်လျက်ပဲ၊ (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ကသာ ဒီနေ့ အမြွတ်အစွန်း ဘယ်လောက်ထွက်တယ်၊ ဒီနေ့ အရှုံးဘယ်လောက် ထွက်သွားတယ်၊ (မှန်ပါ့) အင်း . ဒီလိုပဲ ခင်ဗျားတို့က ခင်ဗျားတို့တွက်ချင်တာတွက်နေတာပဲ၊ နောက်က ရန်သူသုံးဦးကနေပြီးသကာလ ထိပ်နှက်ပြီး ခေါင်းဖြတ်ပြီး အသက်သတ်ပြီး အပါယ်အရပ်သို့ ပို့လိမ့်မယ်ဆိုတာ တွေးကိုမတွေးဘူး၊ (မတွေးပါ) မတွေးဘူးဟုတ်လား (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



အဲဒီတော့ ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့်ဘယ့်နှယ်နေကြသတုံးဆိုတော့ ရေကန်ကလေးထဲမှာ နက်ဖြန် ခန်းမည့် ရေထဲမှာ ပျော်နေတဲ့ ငါးကလေးနဲ့ တယ်တူတယ်၊ (မှန်ပါ့ဘုရား)။

နက်ဖြန်ခန်းမည့် ရေထဲမှာ၊ (ပျော်နေတဲ့ ငါးကလေးနဲ့ တူပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် ပျော်နိုင်ပါလိမ့်မတုံးဆိုတော့ ရေခန်းမှု မသိလို့၊ (မှန်ပါ့)ရေက နက်ဖြန်နေပြင်းပြင်းထန်ထန်ပူလိုက်ယင် တကာအုန်း ဘာဖြစ်မယ် ထင်သတုံး၊ (ခန်းမှာပါ) ခန်းယင် သူသည် ကျီး၊ စွန်၊ ဋ္ဌင်းတတို့အစာပဲ၊(ဖြစ်မှာပါ) အဲဒါ သူကသိရှဲလား၊ (မသိပါ)ဘယ့်နှယ်ကြောင့် မသိသတုံးဆိုတော့ ပျော်နေလို့၊ (မှန်ပါ့ဘုရား)။

ခင်ဗျားတို့လဲ အခု သားနဲ့ သမီးနဲ့ ဆွေနဲ့ မျိုးနဲ့ အင်း.... ရှေ့နှစ် ဘာဖြစ်ဦးတော့မှာလိုလို၊ (မှန်ပါ့) ကဲ ပျော်နေတာပဲ့ ဒီရေကန်ကလေးထဲမှာ၊ (ပျော်နေပါတယ်ဘုရား)။

ခင်ဗျားတို့ စောင့်နေတဲ့ ကံကတော့ဖြင့် သေဖို့ရာ ကံက ခန်းတယ်၊ (ခန်းပါတယ်)တစ်နေ့တခြား ခန်းတာပဲ၊(မှန်ပါ့ဘုရား)။

ဒီနေ့ ၅၁-နှစ်ပြည့်တယ်ဆိုလို့ရှိယင် နက်ဖြန် ၅၁-နှစ်က တစ်ရက်လျော့သွားပြီ၊ (မှန်ပါ့)မလျော့ဘူးလား (လျော့ပါတယ်)နောက်နေ့စရာက နုတ်နုတ် မသွားဘူးလား၊(နုတ်နုတ် သွားပါတယ်) နုတ်နုတ် သွားတော့ နေဖို့ရာနဲ့ သေဖို့ရာ နေဖို့ရာက မနည်းဘူးလား၊ (နည်းပါတယ်) အဲဒါ ကန်ရေ ခန်းတယ်လို့မှတ်၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ခင်ဗျားတို့ စုထားတဲ့ ကံ ခန်းပြီ၊ (မှန်ပါ့) နေဖို့ရာကံ ဘယ်နှယ်နေသတုံး၊ (ခန်းပါတယ်ဘုရား)။

အဲဒီ ခန်းလျက်ပေမယ့်၊ ခင်ဗျားတို့ကလဲ ပျော်လျက်ပဲ၊ (ပျော်လျက်ပါဘုရား)။

တကာကြွယ် အခု အသက်ကြီးတဲ့ အခါကျလို့ ရှိယင်ဖြင့် ဒီသား ဒီသမီး ဒီမြေး ဒီမြစ်တွေနဲ့ ကျွေးခဲ့ မွေးခဲ့ရတာကလဲ ကြာပြီလေ လွတ်လပ်ရေး ယူပြီး ကိုယ့်အကျိုး ကိုယ်လုပ်ပါ တော့မယ်ဆိုတာ မလာသေးဘူး၊ (မလာသေးပါဘုရား)။

ဩြော်....နှုတ်၏ စောင်မခြင်း၊ ကိုယ်၏ စောင်မခြင်းတဲ့၊ (မှန်ပါ့)အံမာလေး ဖြစ်မှဖြစ်ရပလေ၊ဒီအရွယ်ကြီးကဘာလုပ် ပြန်တာပါလိမ့်၊ရိပ်မိပလား၊(ရိပ်မိပါပြီဘုရား)။

နှုတ်၏ စောင်မခြင်း ကိုယ်၏ စောင်မခြင်းတဲ့ ဘုန်းကြီးတို့ တကာတကာမတွေက မဟုတ်တာများ နှုတ်တက်နေလိုက်တာ (မှန်ပါ့၊ အခုတော့ စောင်မခြင်း ရှေးတုန်းကတော့ဖြင့် ထမ်း ပိုးကျွေးခဲ့တယ်၊ (မှန်ပါ့ဘုရား)။

အခုတော့ဖြင့် ဘေးကနေ ကြည့်ပြီးသကာလ စောင်မရဦး မယ်ဆိုတော့ တမတည်းသာ မ,တာနဲ့ ခင်ဗျားတို့ ဝန်ပိသေ သေဦးမှာပဲ၊ (သေမှာပါ)ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် အဲဒါတွေ စောင့်မနေကြပါနဲ့၊ခင်ဗျားတို့ နောက် ကစားခုတ်ပြီးသကာလ လည်ပင်းဖြတ်မည့်လူက အနားကပ် နေလျက်သားနဲ့တောင်မှ ပြုံးနေသေးလို့ ရှိယင်ဖြင့် တကာ သစ်-ဆိုးဝါးတော့မယ်၊ (ဆိုးဝါးပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒီကံတွေလဲ စောင့်နေတဲ့ကံတွေလဲ ကျုပ်တို့အကျိုးမပေးနိုင်လောက်အောင် မဂ်ဆိုက်အောင်လုပ်ရမယ်၊ (မှန်ပါ့) မဂ်ဆိုက်အောင်လုပ်ယင် ဘာဖြစ်မယ် ထင်သတုံး၊ (အကျိုးမပေးတော့ပါ့) ဒီကံက ဖြတ်တယ်၊ မဂ္ဂင်ရှစ်ပါးက ဖြတ်ချတယ်၊ (မှန်ပါ့) သဘောပါပလား၊ (ပါပါပြီဘုရား)။

ဒါဖြင့် မဂ္ဂင်ရှစ်ပါး ဖြတ်နည်း နိဿယည်းကို တကာသစ်နက်ဖြန်မှ ပြောကြစို့၊ (မှန်ပါ့ဘုရား)။

သာဓု....သာဓု....သာဓု။

http://www.dhammadownload.com

**ကျေးဇူးတော်ရှင်–အဂ္ဂမဟာပဏ္ဍိတ**
အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ဟောင်း မိုးကုတ်ဆရာတော်ဘုရား
အမရပူရမြို့မဗ္ဗာရုံ၌ ဟောကြားတော်မူသော
**ကံပြုတ်တရား (၂)**

# နေ့အလုပ်ပေး-တရားတော်

## (၁၅-၈-၆၁)

သတ္တဝါတွေဟာငရဲမှာ သွားဖြစ်တယ်ဆိုတာလဲကံကြောင့်ပဲဆိုတာသိကြမှာပဲ၊(မှန်ပါ့)နတ်ရွာသုဂတိ အောက် ဖြဟ္မာ့ပြည်တွေ သွားဖြစ်တာလဲ ကံကြောင့်လို့ သိကြမှာပဲ၊(မှန်ပါ့)

ခုနင်ကပြောခဲ့တဲ့ တိရစ္ဆာန်ဖြစ်ပြားသော်လဲ နန်းတော်ထဲဘာထဲမှာ နေရတဲ့ စားရတဲ့ သောက်ရတဲ့ ရှင်ဘုရင် အသုံးအဆောင်ဖြစ်တဲ့ တိရစ္ဆာန်ဆိုတာလဲ ဩော်-သူကလဲ့ ကံ တစ်မျိုးပဲလို့ မှတ်ရမယ်၊(မှန်ပါ့၊ နိဗ္ဗာန်သွားရတဲ့ ပုဂ္ဂိုလ်တွေကလဲ ဩော်–သူလဲ ကံတမျိုးပဲလို့ မှတ်ရမယ်၊(မှန်ပါ့) ကံဘယ်နှစ်မျိုးရှိပါလိမ့်၊ (လေးမျိုးပါဘုရား)။

တကာကြွယ် ဒီဟာ အရေးကြီးတယ်နော်၊ (ကြီးပါတယ်ဘုရား) ကံလေးမျိုးကို တကာတကာမတွေ ခွဲခြားပြီးသကာလမှတ်ကြစမ်းပါ၊ (မှန်ပါ့၊ဘာဖြစ်ဖြစ် ကံချည်းပဲလို့ ဆိုတာကိုလဲ ကံကို ဖြတ်တာလဲ ရှိတယ်၊ ကံကအကျိုးပေးတာလဲ ရှိတယ်လို့ ဆိုတာ နှစ်မျိုးမှတ်ထားရမယ်၊ (မှန်ပါ့)။

http://www.dhammadownload.com



ကံဖြစ်တာလဲ ရှိတယ်နော်၊ (မှန်ပါ့) ကံက အကျိုးပေး တာလဲ၊ (ရှိပါတယ်ဘုရား) ၄င်းအကျိုးပေးကို ဖြစ်တာလဲ၊ (ရှိပါတယ်ဘုရား)။

ဒါဖြင့် မဲနက်တဲ့ ကံဆိုတဲ့ဥစ္စာ တကာ တကာမတို့ ပါဏာတိ ပါတ=သူ့အသက် သတ်တဲ့ကံပဲ၊ အဒိန္နာဒါန=သူ့ဥစ္စာခိုးတဲ့ ကံ၊ ကာမေသုမိစ္ဆာစာရ=သူ့သားမယား သွားလာလွန်ကျူး မှုရှိတဲ့ကံပေါ့ဗျာ၊ (မှန်လှပါ) ကာယကံသုံးပါး၊ (မှန်ပါ့)။

ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသု မိစ္ဆာစာရက ကိုယ်နဲ့လွန်ကျူးသောကြောင့် ကာယကံသုံးပါးလို့ တကာ တကာမတွေ မှတ်ထားပါ၊ (မှန်ပါ့)။

ကောင်းပြီ၊ တစ်ခါ မုသာဝါဒဆိုတာ လိမ်လည်ကောက် ကျစ်တာ၊ ပိသုဏဝါစာဆိုတာ ချောပစ်ကုန်းတိုက်တာ၊ ဖရုသ ဝါစာဆိုတာ ဒေါမနဿနဲ့ ပြောမိတာနော်၊ (မှန်ပါ့ဘုရား) သမ္ဖပ္ပလာပ ဆိုတော့ သဘင်သည်တွေပြောတဲ့ အပြောမျိုး၊ (မှန်ပါ့) ကိုယ့်ဟာကိုယ် ရယ်မောချင်လို့ ပြောချင်လို့ ပြောတဲ့ အပြောမျိုးဆိုတော့ ဒါကလဲ ဝစီကံက ဘယ်နှစ်ပါး ပါလိမ့်၊ (လေးပါးပါဘုရား)။

ကောင်းပြီ၊ ဒါတွေလဲ အကုသိုလ်ကံတွေလို့ မှတ်ထားလိုက် တာပေါ့၊ (မှန်ပါ့) ဒါဖြင့် ကာယကံသုံးပါး၊ ဝစီကံက လေး ပါး၊ (မှန်ပါ့)။

မနောကံကသုံးပါး၊ (မှန်ပါ့ဘုရား) သူ့စည်းစိမ် ရှေ့ရှုပြီး သကာလ သူ့စည်းစိမ်ကို ကိုယ့်စည်းစိမ် ဖြစ်ချင်လို့ ကြံလုံး,

http://www.dhammadownload.com



ဖန်လုံး စေတနာဟာလဲ–တဲ့၊ မနောကံပဲ၊ (မှန်ပါ့) လူတော့ မသိရဘူးပေါ့ဗျာ၊ ဝမ်းထဲကဖြစ်မှာနေတယ်၊ (မှန်ပါ့)။

ဗျာပါဒ–တဲ့၊ ဝမ်းထဲက မကျေမချမ်းဖြစ်နေတာတွေကော မရှိဘူးလား၊ (ရှိပါတယ်ဘုရား) အဲဒီဗျာပါဒဆိုတာလဲ တကာ တကာမတို့ မနောကံပဲ၊ (မှန်ပါ့)

မိစ္ဆာဒိဋ္ဌိဆိုတာ လှူတာလဲ ဘာမှကျေးဇူးမရှိဘူး၊ အမေလဲ မရှိဘူး၊ အဖေလဲမရှိဘူး၊ ကောင်းတာလုပ် ကောင်းကျိုးမရှိ ဘူး၊ မကောင်းတာလုပ် မကောင်းကျိုးမရှိဘူး–အစရှိသည်နဲ့ ယူတဲ့အယူကတော့ မိစ္ဆာဒိဋ္ဌိ၊ (မှန်ပါ့)။

ဒါဖြင့် အဘိဇ္ဈာဗျာပါဒ မိစ္ဆာဒိဋ္ဌိက မနောကံသုံးပါး၊ (မှန်ပါ့ဘုရား)။

ပေါင်းလိုက်တော့ ကာယကံ သုံးပါး၊ ဝစီကံလေးပါး၊ မနောကံသုံးပါး ဆိုတော့ ဆယ်ပါး၊ (မှန်ပါ့) အဲဒါဟာ အကုသလ သမ္မပထတရား ဆယ်ပါး၊ (မှန်ပါ့)။

ဒီကံတွေ လုပ်လို့ရှိယင်ဖြင့် ဒီဆယ်ပါးက မဲနက်တဲ့ ကံဖြစ် လေသောကြောင့် တကာသစ်ရေ–မဲနက်တဲ့ အကျိုးပေးရမယ်၊ (မှန်ပါ့ဘုရား)။

သူက ဘယ့်နှယ် ဆိုရမလဲ (မဲနက်တဲ့ကံဖြစ်လေသောကြောင့် မဲနက်တဲ့ အကျိုးပေးရပါမယ်ဘုရား)။

မဲနက်တဲ့ကံဖြစ်နေလို့ တကာ တကာမတို့ မဲနက်တဲ့အကျိုး ပေးရမယ်၊ မကောင်းတာကြောင့် မကောင်းကျိုးပေါ့ဗျာ၊ (မှန်ပါ့)။

http://www.dhammadownload.com



စာလိုသုံးတော့ မဲနက်တဲ့ကံကြောင့် မဲနက်တဲ့ အကျိုးပေး ပေးရမယ်လို့ သေနိယတို့ ပုဏ္ဏတို့ကိုဟောတာ ယနေ့သရုပ်ပေါ် လာတယ်လို့ အောက်မေ့ပါ၊ (မှန်ပါ့) ရှင်းသွားပြီ၊ (ရှင်းပါပြီဘုရား)။

ဒီကံဆယ်ပါးကိုပဲ အကုသလကမ္မပထတရား ဆယ်ပါးလို့ မှတ်ကြ အကုသလက အကုသိုလ်၊ကမ္မပထ-က ကံဖြစ်ကြောင်း အကုသိုလ်ကံဖြစ်ကြောင်း ဆယ်ခုပေါ့ဗျာ၊ (မှန်ပါ့)။

ဒါကိုပြောင်းပြန် လှည့်လိုက် ပါတဲ့-ပါဏာတိပါတ ကြဉ်ရှောင်၊ အဒိန္နာဒါန ကြဉ်ရှောင်၊ ကာမေသုမိစ္ဆာစာရ ကြဉ်ရှောင်ဆိုတော့ ကုသိုလ်ဘက်က ကာယကံသုံးပါး၊ (မှန်ပါ့) မုသာဝါဒ-ပိသုဏဝါစာ-ဖရုသဝါစာ-သမ္ဖပ္ပလာပကြဉ်ရှောင် ပြန်တော့လဲ တကာသစ်ရေ… ဝစီကုသိုလ်ကံက လေးပါး၊ (မှန်ပါ့) အနဘိဇ္ဈာ=သူ့စည်းစိမ် မကြံတဲ့ ပုဂ္ဂိုလ်ပေါ့ဗျာ၊ (မှန်ပါ့) အဗျာပါဒ= သူတစ်ပါးကို ဒေါသနဲ့ နှိမ်နင်းဖို့ရာ စိတ်ကူးမထည့်ဘဲပုဂ္ဂိုလ်မျိုး၊ (မှန်ပါ့) လှူယင် လှူတဲ့အကျိုး ရှိတယ်၊ အမေမိဘ ရှိတယ်၊ ကောင်းကျိုး ရှိတယ်လို့ ယူတဲ့ သမ္မာဒိဋ္ဌိကတစ်မျိုးပေါ့ဗျာ၊ (မှန်ပါ့)။

ကောင်းပြီ– ဒါက မဂ္ဂသမ္မာဒိဋ္ဌိလားလို့မေးတော့ မဟုတ်သေးဘူးတဲ့၊ (မှန်ပါ့ဘုရား) ဒါ– မဂ်နဲ့မဆိုင်ဘူးတဲ့၊ (မှန်ပါ့ဘုရား)။

ဒါကလေးလဲ တကာကြွယ်-တကာသစ်တို့ အားလုံးတရားနာတဲ့ တကာတကာမတွေ သေသေချာချာမှတ်ပါဦး၊ (မှန်ပါ့)

http://www.dhammadownload.com



ကောင်းတာလုပ် ကောင်းကျိုးပေးတယ်၊ အမေရှိတယ်၊ အဖေရှိတယ်၊ ဒီလိုယူဘဲ့ဥစ္စာ သမ္မာဒိဋ္ဌိတော့ ဖြစ်ပါရဲ့၊ ကုသလကမ္မပထသမ္မာဒိဋ္ဌိတော့ တကာသစ် ဖြစ်ပါရဲ့တဲ့၊ မဂ်နဲ့မဆိုင်ဘူး၊ (မှန်ပါ့) မဂ်ကုသိုလ်ထဲ သွားမရောပါနဲ့၊ (မှန်ပါ)။

ဒါဖြင့် အခုပြောတာက ဖြူတဲ့ကံကို ဖြူဘဲ့အကျိုး ပေးရမယ်-တဲ့၊ (မှန်ပါ့)။

တကာတကာမတို့ ဒီဟာ ကုသလကမ္မပထတရား ဆယ်ပါး (မှန်ပါ့) ခုနင်က ပြောတဲ့ ကံကတော့ အကုသလ ကမ္မပထတရား ဆယ်ပါး၊ (မှန်ပါ့)။

ဒါဖြင့် ဘယ်နှစ်ခုရှိသွားပလဲ၊ (နှစ်ခုပါ ဘုရား) မဲတဲ့ကံ မဲတဲ့ အကျိုးပေးတာက ဆယ်ခု၊ (မှန်ပါ့) ဖြူတဲ့ကံ၊ (ဖြူတဲ့ အကျိုးပေးတာက ဆယ်ခုပါဘုရား)။

ကောင်းပြီ-ဒါဖြင့် အမဲအဖြူ ရောတဲ့ ကံဆိုတော့ ဒီနှစ်ခု ရောနှောပြီး လုပ်လေ့ရှိတယ်၊ (မှန်ပါ့) အကုသိုလ်လဲ ပါရဲ့ ကုသိုလ်လဲပါရဲ့ သူလုပ်တဲ့ အလှူဟာလေ၊ (မှန်ပါ့)။

အဲဒီလိုရောပြီး လုပ်တဲ့ ကံမျိုးကတော့ အမဲအဖြူ ရောတဲ့ ကံမို့ အမဲအဖြူ အကျိုးပေးရတယ်၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီ)။

သူကတော့ အမဲအဖြူရောလို့ ဘာတုံး၊ (အမဲအဖြူအကျိုး ပေးရပါမယ်ဘုရား) အမဲအဖြူ အကျိုးပေးရမယ်လို့ ဘုရားက ဟောလိုက်တယ်နော်၊ (မှန်ပါ့)။

ဒါ ခွေးလိုအကျင့်-နွားလိုအကျင့် ကျင့်တဲ့ သေနိယတို့ ပုဏ္ဏတို့ကို ဟောတယ်လို့ ဦးဘအုန်းလဲမှတ်ထားရမယ်၊ (မှန်ပါ့)။

http://www.dhammadownload.com



အမဲအဖြူမရောတဲ့ ကံဆိုတော့ ဒီဆယ်ပါးကော ပါသေးရဲ့လား၊ (မပါ-ပါဘုရား) ဒီအဖြူကံ ကုသလကမ္မပထ တရားဆယ်ပါးကော၊ (မပါ-ပါဘုရား ။

အဲဒါကတော့ တကာတကာမတို့ အမဲ အဖြူ မရောတဲ့ ကံကတော့ကိုတဲ့ မဂ္ဂင်ရှစ်ပါးကြောင့် တကာတကာမတို့ နိဗ္ဗာန်အကျိုးပေးတယ်၊ (မှန်ပါ့ဘုရား)။

မဂ္ဂင်ရှစ်ပါးကြောင့်၊ (နိဗ္ဗာန်အကျိုးပေးပါတယ်ဘုရား) သြော်....သူက တစ်မျိုးပါလား၊ (မှန်ပါ့)။

တကာကြွယ်ဒီဥစ္စာအရင်သုတ်ကိုဟောပြောသော်တဲ့နားရင့်ပြီးလာတော့ တကာသစ်,ရေ ကံတွေကို ဆွဲပြီးသကာလ အခုကျုပ်တို့ တကာတကာမတွေ သိထားနှင့်ရမယ်၊ (မှန်ပါ့)။

ဒီနေ့တရားသည် တကာတကာမတို့ အင်မတန် အရေးကြီးပြီ ဆိုတာ မှတ်ကြစမ်းပါ၊ (မှန်ပါ့) အကုသလ ကမ္မပထ တရားဆယ်ပါးကြောင့်၊ အမဲ့ကံကြောင့် အမဲအကျိုးပေးတယ် ပြောင်းပြန် လှည့်လိုက်၊ ပါဏာတိပါတ ကြဉ်ရှောင်ခြင်း၊ အဒိန္နာဒါန ကြဉ်ရှောင်ခြင်း အစရှိသော ကုသလကမ္မပထ တရားဆယ်ပါးကြောင့် အဖြူကံကြောင့် အဖြူအကျိုးပေးတယ် (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီ)။

ဒီနှစ်ခု ရောပြီးလုပ်တဲ့ကံကြောင့် အမဲ အဖြူ ရောတဲ့ ကံကြောင့် ဘာအကျိုးပေးသတုံး၊ (အမဲအဖြူရောတဲ့အကျိုးပေးပါတယ်ဘုရား)။

ဒီမဂ္ဂင်ရှစ်ပါးကတော့ အမဲလဲမရောဘူး၊ (မရောပါဘုရား) အဖြူဆိုဘဲ့ နတ်ရွာသုဂတိ ရောက် ကြောင်း လဲ မဟုတ်ဘူး၊ (မဟုတ်ပါဘုရား) သဘောကျပလား၊ (ကျပါပြီ)။

http://www.dhammadownload.com



ဒါဖြင့် အမဲ အဖြူမရောတဲ့ ကံကြောင့်နိဗ္ဗာန် အကျိုးပေးတယ်၊ (မှန်လှပါ) သဘောပါပလား၊ (ပါ-ပါပြီဘုရား)။

ဘုန်းကြီးတို့တကာတကာမတွေလေးလေးစားစားမှတ်ပါလို့ဆိုတဲ့ နေရာမှာဖြင့် လေးလေး စားစားပဲ တကာတကာမတွေကမှတ်ပါ၊ ကိုယ့်အကျိုးထားပြီးတော့ နော်၊ (မှန်ပါ့) ဘာ့ကြောင့်တုံးဆိုတော့ ဒီကံတွေက တကာကြွယ်တို့ ဦးလှဘူးတို့ သိခဲ့တယ်၊ (သိခဲ့ပါတယ်ဘုရား)။

သိခဲ့တဲ့ ကံတွေ ဖြစ်ပြီး သကာလ နေတော့ ဩော်....ကံကိုကုသိုလ်ကံနဲ့ အကုသိုလ်ကံပဲ တကာတကာမတွေက သိတယ်၊ (မှန်ပါ့)ရောနှောတဲ့ကံကိုလဲမသိဘူး၊ကုသိုလ်ကံ အကုသိုလ်ကံဖြတ်တဲ့ မဂ္ဂင်ကိုလဲ မသိဘူး၊ (မသိပါဘုရား)။

ကံလို့ ဟောထားတယ်....တဲ့၊မကောင်းလို့ ဟောထားတာ၊ စေတနာနဲ့ မဂ္ဂင် ရှစ်ပါးနဲ့ဟာ ဖြစ်ဖော် ဖြစ်ဘက် မို့သာရောပြီးဟောရခြင်း ဖြစ်ပါတယ်၊ စင်စစ် မဂ္ဂင်ရှစ်ပါးကပြဋ္ဌာန်းတယ်၊ (မှန်ပါ့ ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့တကာတကာမတွေမှာ ဟောဒီအမဲကံကို လွန်ကျူးကြမယ်ဆိုယင် အပါယ်လေးပါး အကျိုးပေးမယ်၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

အမဲကံကျူးလွန်ကြယင်၊ (အပါယ်လေးပါး အကျိုးပေးမယ်ဘုရား)။

အဖြူကံကွေလုပ်ကြမယ်ဆိုတော့ သုဂတိ အကျိုးပေးမယ်၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

http://www.dhammadownload.com



အဖြူကံလုပ်ယင် (သုဂတိ အကျိုး ပေးပါမယ် ဘုရား) အဲ-ကုသလကမ္မပထတရား ဆယ်ပါးကြောင့် တကာကြွယ်ရေ-နတ်ရွာသုဂတိ အကျိုးပေးမယ်၊ (မှန်ပါ) သဘောကျပလား၊ (ကျပါပြီဘုရား)။

အမဲနဲ့ အဖြူ ရောလုပ် နေကြတာလဲ တကာ တကာမတွေ အလှူအတန်းပေးကမ်းတဲ့အခါမှာ ဆိုင်းတွေ ဝိုင်းတွေ အမျိုးမျိုးပေါ့ဗျာ၊ (မှန်ပါ) အမဲအဖြူ ရောတာတွေကော မရှိဘူးလား၊ (ရှိပါတယ်) အဲဒီ့ အမဲအဖြူ ရောတဲ့ ကံကြောင့်တော့ အမဲအဖြူပဲ အကျိုးပေးရမယ်၊ (မှန်ပါဘုရား)။

ခုနင်ကပြောခဲ့တဲ့ ရွှေနဂါးကြီးတွေဖြစ်ရမယ်၊ ဆင်ဖြူတော်ကြီးတွေ ဖြစ်ရမယ်၊ (မှန်ပါ) ဆင်ပေမယ့် သူမတူဘဲကိုး... (မှန်ပါ) နေ့စံ ညခံဆိုတဲ့ ဝေမာနိက ပြိတ္တာကြီးတွေကော-(ဖြစ်ရပါတယ်ဘုရား)။

နေ့လယ်ကျတော့ ဟိုမှာ သူတို့စံရတယ်၊ နတ်နန်းနတ်ဘုံနဲ့ပါဘဲ၊ ညကျတော့ ငရဲခံရတယ်ဆိုတာ သူဘာတုံးလို့ မေးလို့ရှိယင် တကာသစ် ဘယ်ကံလုပ်ပါလိမ့်ဗျာ၊ (အမဲအဖြူရောတဲ့ကံ လုပ်ပါတယ်) သူဘယ်လို အကျိုးပေးပါလိမ့်၊ (အမဲအဖြူရောတဲ့ အကျိုးပေးပါတယ်ဘုရား)။

အမဲအဖြူရောတဲ့ အကျိုးကိုပေးတယ်ဆိုတာက တကာကြွယ်တို့၊ ဦးလှဘူးတို့ ရှင်းသွားပြီ၊ (ရှင်းပါပြီဘုရား)။

ဒီမဂ္ဂင်ရှစ်ပါးနဲ့ ဖြစ်ပျက်အလုပ်ကို လုပ်ပြီး ဖြစ်ပျက်အဆုံးမြင်တဲ့မဂ္ဂင်ရှစ်ပါးကတော့ တကာသစ်ရေ အမဲအဖြူ ရောသေး

http://www.dhammadownload.com



သလား၊ (မရောပါ) နတ်ရွာသုဂတိ ရောက်ဖို့လဲ မဟုတ်ပါဘူး၊ (မဟုတ်ပါ) ဒါ့ကြောင့် အဖြူလဲမရောဘူး၊ (မှန်ပါ့) အပါယ်လေးပါး တံခါးကိုသဲ ပိတ်စေတတ်တဲ့ တရားဖြစ်လေသောကြောင့် အမဲကော သူ့အထဲရောသေးသလား၊ (မရောပါဘုရား)။

အင်း ဒီကံက မဂ္ဂင်ရှစ်ပါးနဲ့တွဲနေတဲ့စေတနာ၊ကံကတော့ တကာအုန်းတို့ တကာသစ်တို့ ဘယ့်နှယ်ဆိုကြမသဲ၊(အမဲ အဖြူ မရောတဲ့ ကံပါဘုရား)။

အမဲအဖြူမရောတဲ့ကံမို့ အမဲအဖြူ မရောတဲ့နိဗ္ဗာန်ပဲ အကျိုးပေးမယ်၊ (မှန်ပါ့) ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

နှစ်ခေါက်ရှိသွားပြီ တကာ တကာမတို့ ဒီကံဟာ အရေးကြီးလို့ တကာအုန်း အရေးကြီးတယ်လို့မှတ်ပါ(မှန်ပါ့ဘုရား)

ကိုင်း-ဒါဖြင့် ပါဏာတိပါတ လွန်ကျူး အဒိန္နာဒါန လွန်ကျူးတဲ့ ပုဂ္ဂိုလ် များကတော့ အမဲကံ လုပ်လို့ဘာတဲ့၊ (အမဲအကျိုးပေးပါတယ်)သူကတော့ အပါယ်လေးပါးပဲ၊ (မှန်ပါ့) ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

ဒါနတွေ သီလတွေ အမျိုးမျိုး အဖုံဖုံ လုပ်ကြပြီးသကာလ နေကြပါတယ်တဲ့၊ ကုသလ ကမ္မပထ တရားတွေ ကောင်းတာ လုပ် ကောင်းကျိုးပေးတယ် ဆိုပြီးသကာလ လုပ်ကြတာပဲတဲ့၊ လုပ်တော့ သူဖြူစင်ပါတယ်၊ (မှန်ပါ့) ဖြူစင်တော့ သူဖြူဖြူဘဲ အကျိုးပေးရမယ် ဆိုတော့ နတ်ရွာ သုဂတိ အကျိုးပေးလိုက်တယ်၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



အင်း-ကုသလကမ္မပထတရား ဆယ်ပါးက ဘယ်အကျိုး ပေးပါလိမ့်၊ (နတ်ရွာသုဂတိ အကျိုးပေးပါတယ်ဘုရား)။

ဒါဖြင့် အမဲအဖြူရောတဲ့ကံကတော့ ဒီနှစ်ခုရောပြီးသကာလ လုပ်တဲ့ပုဂ္ဂိုလ်တွေကသဲ ရှိသေးပြန်တော့ နှစ်ခုရောပြီးအကျိုး ပေးတော့ ခုနင်က မင်္ဂလာဆင်တော်တို့ပေါ့ဗျာ၊ (မှန်ပါ့) မင်္ဂလာမြင်းတော်တို့ဆိုတဲ့တိရစ္ဆာန်ပင်ဖြစ်ငြားသော်လဲအစား ကောင်း-အနေကောင်း၊ ဆင်တင်းကုပ် မြင်းတင်းကုပ် တွေနဲ့ နေ့ရတာ ရှိသေးတယ်၊ (ရှိပါတယ်) မရှိဘူးလား၊ (ရှိပါတယ် ဘုရား)။

အဲဒီကံတွေကျတော့ တကာသစ်တို့ကဘယ်လိုဆုံးဖြတ်ချက် ချကြမယ်၊ (အမဲအဖြူ ရောတဲ့ ကံကြောင့် အမဲအဖြူ အကျိုး ပေးပါတယ်) အမဲအဖြူ ရောတဲ့ ကံကြောင့် အမဲအဖြူ ရောတဲ့ အကျိုးပေးလိုက်တယ်၊ (မှန်ပါ့ဘုရား)။

ကဲ-ဘုန်းကြီးတို့တကာတကာမတွေကိုသင်ပြပြီးသကာလ အနိစ္စဆိုတဲ့ ဥဒယဝယဆိုတဲ့ ဖြစ်မှုပျက်မှုကိုတကာတကာမတွေ ရှုကြ၊ ဒါမှသာလျှင် နေရာကျမယ် ဆိုတော့ မဂ္ဂင်ငါးပါးက မဂ္ဂင်ရှစ်ပါး ဖြစ်သွားရော၊ (မှန်ပါ့) အမဲအဖြူ ရောသလား၊ (မရောပါ) သူက နတ်ရွာသုဂတိကော ရောက်ဖို့ ပါသေး သလား၊ (မပါပါ)အပါယ်ရောက်ဖို့ကော၊ (မပါပါဘုရား)။

အပါယ်လေးပါး တံခါးကိုလဲသူကပိတ်စေတယ်၊ (မှန်ပါ့) နတ်ရွာသုဂတိဆိုတဲ့ သစ္စာနဲ့ ကြည့်လိုက်တော့ ဒုက္ခသစ္စာ ခန္ဓာ ကြီးကိုလဲ ဖြတ်တောက်ပစ်တယ်၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

http://www.dhammadownload.com



အဲဒါသူကအမဲအဖြူရောတယ်ဆိုမလား-မရောဘူးဆိုမလား မဂ္ဂင်ရှစ်ပါးဟာ၊ (မရောပါ) မရောတော့ သူသည် နိဗ္ဗာန် အကျိုးပေးတယ်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဘုရားက ဟောလိုက်တယ် သေနိယတို့ ပုဏ္ဏတို့၊ ကံဟာလေးမျိုးရှိတယ်ကွ၊ (မှန်ပါ့) ကံဟာလေးမျိုးရှိတယ် ကွလို့ ဟောလိုက်တယ်၊ (မှန်ပါ့) သို့သော် ၁-၂-၃-ဆိုတဲ့ ကံတွေကို ၄ ကဖြတ်တယ်လို့မှတ်လိုက်၊ (မှန်ပါ့) ၁-၂-၃-ကံ ကို၊ (၄-ကဖြတ်ပါတယ်ဘုရား)။

ဒါဖြင့် အမဲကံကိုလဲ ဖြတ်စေနိုင်တာ ၄-နံပါတ်၊ (မှန်ပါ့) အဖြူကံကို ဖြတ်စေနိုင်တာလဲ၊ ၄-နံပါတ်ပါဘုရား) အမဲအဖြူ ရောတဲ့ကံကို ကို ဖြတ်စေနိုင်တာလဲ၊ (၄-နံပါတ်ပါ ဘုရား)။

ဒါဖြင့် ၄-နံပါတ်က တကာ တကာမတို့ ကံဖြတ်တရား၊ (မှန်ပါ့ဘုရား)။

မဂ္ဂင်ရှစ်ပါးအလုပ်က ဘာတဲ့၊ (ကံဖြတ်တရားပါဘုရား) ဩော်- ကံဖြတ်တရားဆိုတော့ တပည့်တော်တို့ ကံတွေမရှိယင် ဘယ့်နှယ်လုပ်ရမှာတုံးလို့ ဆိုပြီး အယူလဲ မသည်းလိုက်ပါနဲ့၊ (မှန်ပါ့) အယူလဲ မသည်းလိုက်ပါနဲ့တဲ့၊ ကံမရှိလို့ရှိယင် တပည့် တော်တို့ဖြင့်ခက်ရချည့်ရဲ့လို့ဒီလိုအယူမသည်းလိုက်ပါနဲ့တဲ့၊ ဒီကံ တွေကြည့်၊ မဲတဲ့ကံကြောင့် မဲတဲ့အကျိုးပေးကိုလဲ သူက ဖြတ် လိုက်တာပဲ၊ (မှန်ပါ့) ဖြူတဲ့ကံက ဖြူတဲ့ နတ်ရွာ သုဂတိ အကျိုးပေးကော၊ (ဖြတ်ပါတယ်)အောက်ဗြဟ္မာပြည် အကျိုး ပေးကျအောင် ဖြတ်ချလိုက်ပါတယ်၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



အမဲအဖြူရောတဲ့ ခုနင်က လူများမှာ ဆင်းရဲချည်တလှည့် ချမ်းချည်တလှည့်သဲ ရှိသေးသကိုဗျ၊ (မှန်ပါ့) အဲဒီလူ့ပြည် ရောက်စေတတ်တဲ့ကံမျိုး ခုနင်ကပြောခဲ့တဲ့ ဆင်တော်မင်္ဂလာ မြင်းတော်မင်္ဂလာတွေဆိုတဲ့ နတ်နဂါးတွေ, နတ်မင်းကြီးတွေ ပေါ့ဗျာ၊ (မှန်ပါ့) အဲဒါတွေကတော့ အမဲအဖြူ ရောတဲ့ကံ ကြောင့် အမဲအဖြူရောတဲ့အကျိုး ပေးနေကြတယ်၊ (မှန်ပါ့ ဘုရား)။

ကဲ-ဒါဖြင့် စတုတ္ထမြောက်ဖြစ်တဲ့ ကံကတော့ ဘာတုန်းလို့ မေးတော့ အမဲကံ ဖြတ်တာလဲ သူပဲ၊ (မှန်ပါ့) အဖြူကံဖြတ် တာလဲ (သူပါပဲ၊ )အမဲအဖြူ ရောတဲ့ကံ ဖြတ်တာလဲ (သူပါပဲ ဘုရား)။

ဒါဖြင့် သူကတော့ဖြင့် မဂ္ဂင်ရှစ်ပါး ဆိုတဲ့ တရားကတော့ ဖြင့် တကာတကာမတို့ ကံသာဆိုရတယ်၊ ဖြတ်တတ်တဲ့ ကံပါ လား၊ (မှန်ပါ့)အမဲသဲ ဖြတ်လိုက်တယ်၊ (မှန်ပါ့ အဖြူကံက ကော၊ (ဖြတ်ပါတယ်) အမဲအဖြူ ရောတဲ့ ကံကော၊(ဖြတ်ပါ တယ်) ဒါဖြင့် သူကတော့ ကံဖြတ်ပြီး နိဗ္ဗာန်အရောက် ပို့ဘဲ့ တရား၊(မှန်ပါ့) ရှင်းပလား၊(ရှင်းပါပြီဘုရား)။

ကဲ-ဒါဖြင့် တကာကြွယ်ရေ ကံလေးမျိုး ယနေ့ သေနိယ တို့ ပုဏ္ဏတို့ကို မဇ္ဈိမပဏ္ဏာသပါဠိတော် ကုက္ကုရဝတိကသုတ်မှာ ဟောတဲ့ ကံလေးမျိုးကို ရှင်းသွားကြပြီ၊ (ရှင်းပါပြီဘုရား)။

ခုနင်က ခွေးလိုကျင့်တဲ့ သေနိယနော်၊ နွားလိုကျင့်နေတဲ့ ပုဏ္ဏ၊(မှန်ပါ့) သူတို့ကတော့ အမဲကံကြောင့် ဘာအကျိုးပေး ရသသဲ၊(အမဲအကျိုးပေးရပါတယ်ဘုရား)။

http://www.dhammadownload.com



ဘုရားက မင်းကွာ တဲ့ ဒီ ခွေးလို ကျင့်တဲ့ အကျင့်ဟာ ကောင်းတယ်လို့ မင်းဟာမင်း အယူ ရှိနေမယ် ဆိုလို့ ရှိယင် နောက်ဘဝ ခွေးဖြစ်ရမယ်၊ (မှန်ပါ့)ခွေးလိုကျင့်တဲ့ အကျင့်ကြောင့် မင်းသည် နတ်သော် လည်းကောင်း နတ်မှ တပါး အခြားကြီးကျယ်ခမ်းနားဘဲ့ပုဂ္ဂိုလ်သော်လည်းကောင်းဖြစ်ရမယ်လို့ မင်းအယူရှိလို့ရှိယင် ငရဲနဲ့ တိရစ္ဆာန်သွားရဦးမယ်တဲ့၊ (မှန်ပါ့ဘုရား) ဆိုတော့ မဲတဲ့ကံ မဲတဲ့အကျိုးပေးမယ်လို့ ဟောလိုက်တယ်၊ (မှန်ပါ့)။

ဖြူတဲ့ ကုသလ ကမ္မပထတရား ဆယ်ပါး ဆိုတော့ ကောင်းတာလုပ် ကောင်းကျိုးပေးတယ်၊အမိရှိသေ့, အဖရှိသေ, အမိရှိတယ်, အဖရှိတယ်၊ "အတ္ထိ ဒိန္နံ၊ အတ္ထိယိဋ္ဌံ၊ အတ္ထိသုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော" ဆိုတဲ့ အတိုင်း ကောင်းတာလုပ် ကောင်းကျိုးပေးတယ်၊မကောင်းတာလုပ်မကောင်းကျိုးပေးတယ်၊ လောကကြီးမှာ နတ်ပြဟ္မာ ရှိတယ်ဆိုတဲ့ ဒီ အယူဟာ သမ္မာဒိဋ္ဌိတော့ ဟုတ်ပါရဲ့တဲ့၊ (မှန်ပါ့)။

သမ္မာဒိဋ္ဌိတော့ ဟုတ်ပါရဲ့တဲ့၊ (မှန်ပါ့) သမ္မာဒိဋ္ဌိတော့ သေသေချာချာဟုတ်တယ်၊(မှန်ပါ့ဘုရား) သို့သော် ဒီသမ္မာဒိဋ္ဌိသည် ကမ္မဿကတာ သမ္မာဒိဋ္ဌိ သွား ဖြစ်နေတယ် (မှန်ပါ့ဘုရား)ကမ္မဿကတာ သမ္မာဒိဋ္ဌိ ဖြစ်တဲ့အတွက် အတ္တဒိဋ္ဌိ မပြုတ်ဘူး၊ (မှန်ပါ့ဘုရား)။

ကမ္မဿကတာ သမ္မာဒိဋ္ဌိဖြစ်တဲ့ အတွက် (အတ္တဒိဋ္ဌိ မပြုတ်ပါဘုရား)။

အတ္တဒိဋ္ဌိမပြုတ်သောကြောင့် တကာသစ်ရေ- အတ္တဒိဋ္ဌိ ပါယင် နိဗ္ဗာန်မရောက်နိုင်ဘူး၊(မှန်ပါ့ဘုရား)ရှင်းပလား၊(ရှင်း

http://www.dhammadownload.com



ပါပြီ)ဒါဟာ ဝဋ္ဋကုသိုလ်တွေကို ဆိုတယ်လို့လဲ ထူးထူး ခြား ခြားမှတ်လိုက်ပါ၊ (မှန်လှပါဘုရား)။

ဘယ်ကုသိုလ်ဆိုပါလိမ့်၊ (ဝဋ္ဋကုသိုလ် ဆိုပါတယ်ဘုရား) ဝဋ္ဋကုသိုလ် ဝဋ်ထဲလည်တတ်တဲ့ ကုသိုလ်တွေ ဆိုလိုက်တယ်လို့ ဆိုတော့ တကာတကာမတို့ ကုသိုလ်အကုသိုလ် ပယ်တာမဟုတ် ဘူးနော်၊ (မှန်ပါ့) ဝဋ္ဋကုသိုလ်တော့ဖြင့် တကာတကာမတို့ အဖြူကံမို့ အဖြူပဲ အကျိုးပေးရမယ်၊ (မှန်ပါ့) နိဗ္ဗာန်ရရဲ့လား (မရပါဘုရား)။

အေး.... ဝေးသောအကြောင်း ဥပနိဿယ ပစ္စည်းတွေနဲ့ ဟောမယ်ဆိုယင်တော့ အလွန်ဝေးသောအကြောင်းတော့ဖြစ် တာပေါ့လေ၊ (မှန်ပါ့)နီးသောအကြောင်းတော့ဖြင့်၊ (မဖြစ် ပါဘုရား)။

ကဲ ...ဒါဖြင့် အမဲအဖြူရောတဲ့....ကံကြောင့် တကာ တကာမ တွေ ဒုစရိုက်တွေ လုပ်ကိုင်ရဘဲ့ပစ္စည်းနဲ့ လှူဒါန်း ပေးကမ်း နေပြန်တော့လဲ ဘယ့်နှယ်ဆိုကြမလဲ၊ အမဲအဖြူ ရောတဲ့ကံပါ ဘုရား)။

အမဲအဖြူ ရောတဲ့ကံက တကာတကာမတို့က လုပ်လို့ရှိယင် ဖြင့် အမဲအဖြူအကျိုးတော့ မပေးပါနဲ့ဆိုလို့၊ (မရပါဘူး) အဲ....ကမ္မဒါယာဒကံသာလျှင် အမွေခံရှိတယ် ဆိုတဲ့ဥစ္စာ ဒါကို ဆိုတာပါပဲ၊ (မှန်ပါ့ဘုရား)။

ကဲ– ဒါဖြင့်တကာတကာမတို့ မဂ္ဂင်အလုပ် လုပ်ကြပါပြီဆို ကြပါစို့ဗျာ၊ (မှန်ပါ့) မဂ္ဂင်အလုပ် လုပ်ကြပြီ ဖြစ်ပျက်တွေ ရှုလို့ ဖြစ်ပျက်တွေမုန်းလို့ ခန္ဓာကြီး အနိစ္စတွေမြင်လို့ အနိစ္စ

http://www.dhammadownload.com



တွေမှုန်းလို့ အနိစ္စဒုက္ခသစ္စာဆုံးသွားတော့ မဂ္ဂင်ရှစ်ပါးပေါ် လာတယ်၊ (မှန်ပါ့)။

မဂ္ဂင်ရှစ်ပါးလဲ ပေါ်လာရော သောတာပန် တည်တယ်၊ (မှန်ပါ့)နောက်တစ်ခါ လေးခါလောက် မဂ္ဂင်ရှစ်ပါး စစ်စစ်ကြီး ပေါ်လာလို့ရှိယင် ရဟန္တာဖြစ်တယ် (မှန်ပါ့) မဖြစ်ကြဘူးလား၊ (ဖြစ်ပါတယ်ဘုရား) နတ်ရွာသုဂတိကော ရောက်သေးရဲ့လား၊ (မရောက်ပါဘုရား)။

အဖြူကံရော သူဖြတ်ပစ်တာပဲ၊ (ဖြတ်ပါတယ်ဘုရား) အမဲကံတွေ သူ့- အကုသိုလ်ကံတွေကော၊ (ဖြတ်ပါတယ်ဘုရား)။

အမဲ အဖြူ ရောတဲ့ ကံတွေကော၊ (ဖြတ်ပါတယ်ဘုရား) ဩော် .. ဒါကြောင့် မဂ္ဂင်က တကာအုန်း ဘယ့်နှယ်ဆိုကြပါမလဲ (ကံဖြတ်တရားပါဘုရား)။

ကံကိုဖြတ်စေနိုင်တယ်၊ ကမ္မက္ခယာယလို့ ပါဠိတော်မှာဆိုတယ်(မှန်ပါ့)ကမ္မက္ခယာယဆိုတာကံကိုကုန်စေပါတယ်ကွာတဲ့ (မှန်ပါ့)။

ဒါ–တကာတကာမတို့ နွားကြီးကြီးနဲ့ ထောင်ပြီး လေးလေး စားစား မှတ်မှသာလျှင်လဲ ဩော်....ဒီဉစ္စာ ဒီလိုထူးခြားသကိုးလို့ ဆိုတာလဲ တကာတကာမတို့ တရားတပွဲလုံး ပေါ်လာလိမ့်မယ်နော်၊ (မှန်ပါ့)။

ကိုင်း....ဒါဖြင့် သုံးခေါက်ရှိသွားတဲ့အတွက် ရှင်းလောက်ပါပြီ၊ (ရှင်းပါပြီဘုရား)မရှင်းကြသေးဘူးလား၊ (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ဒါကြောင့် တကာတကာမတို့ကျုပ်တို့သည်ကားလို့ဆိုယင် ဖြင့်တဲ့ အဖြူအမဲ မရောတဲ့ကံကို လူတိုင်း ကြိုက်ရမယ် ဆိုတာ ပေါ်လာတယ်၊ (မှန်ပါ့) မပေါ်သေးဘူးလား၊ (ပေါ်ပါ တယ်ဘုရား)။

အမဲအဖြူမရောတဲ့ ကံသည် အကုသိုလ်လဲ ဖြတ်ပါတယ်၊ (မှန်ပါ့)နတ်ရွာသုဂတိရောက်စေတဲ့ ကုသိုလ်မျိုးကိုလဲ၊(ဖြတ် ပါတယ်ဘုရား)။

အမဲအဖြူရောနေတဲ့ လူမှာတော့ ချမ်းသာတလှည့်, ဆင်းရဲ တလှည့်ကိုးဗျ၊ (မှန်ပါ့) ဒီလို အကျိုးပေးနေတဲ့ ဝိနိပါတိက အသုရာနေ့ခံညစံဆိုတဲ့ ပုဂ္ဂိုလ်တွေကျတော့လဲ အမဲအဖြူရောတဲ့ ကံတွေကလဲ မင်္ဂရသွားပြန်တော့ တကာကြွယ် ဘာဖြစ် သွား ပြန်သတုံး၊ (ပြတ်သွားပါတယ်ဘုရား) ပြတ်တယ်၊ (မှန်ပါ့ ဘုရား)။

ဩော်- ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ ဘယ်လိုပဲ ဆုတောင်းထား,ထား၊ (မှန်ပါ့) လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ ပြည် အကြိမ်ကြိမ် ခံစားရပါလို၏လို့ ခင်ဗျားတို့က မသိခင် တုန်းက အဖြူကံတွေနဲ့ တောင်းထားတယ်ထား၊ (မှန်ပါ့)။

ငယ်စဉ်အခါတုန်းက မိုက်လို့,မူးလို့,ရူးလို့ အကုသိုလ် တွေ မလုပ်ဘူးတာ မရှိအောင်လုပ်တဲ့ အမဲကံတွေကလဲရှိကြပါ လိမ့်မယ်၊ (ရှိပါတယ်ဘုရား) အမဲအဖြူနဲ့ ရောပြီး သကာလ ကုသိုလ်နဲ့ အကုသိုလ် ရောလုပ်ထားတာတွေကော၊ (ရှိပါတယ် ဘုရား)

http://www.dhammadownload.com



အဲဒါတွေကသာ အကျိုးပေးနေကြမယ်ဆိုလို့ ရှိယင်ဖြင့်တဲ့ တကာတကာမတို့ သံသရာထွက်ရပ်လမ်း မရှိဘူး၊ (မရှိပါဘုရား) ရှိသေးရဲ့လား၊ (မရှိပါဘုရား) သံသရာ့ ထွက်ရပ်လမ်းကို ရှာမတွေ့တော့ပါဘူး၊ (မတွေ့ပါဘုရား)။

ဒါဖြင့်ထွက်ရပ်လမ်းတရားဟာ ဘယ်တရားပါလိမ့်မတုံးလို့ မေးတော့ မဂ္ဂင်ရှစ်ပါးအလုပ်၊ (မှန်ပါဘုရား) ပေါ်ပါပြီ တကာတကာမတို့၊ (ပေါ်ပါပြီဘုရား)။

သံသရာ့ ထွက်ရပ်လမ်းအလုပ်ကဖြင့်၊ (မဂ္ဂင်ရှစ်ပါးအလုပ်ပါဘုရား) ဒါလုပ်ရတော့မယ်ဆိုတာ တကာကြွယ် ရှင်းသွားပြီ (ရှင်းပါပြီဘုရား)။

ကိုင်း...သက်သေသာဓက လုံလောက်အောင် ပြကြပါစို့ ဆိုတော့ တသက်လုံး မုဆိုးလုပ်စားတဲ့သား, ခုနစ်ယောက်၊ ချွေးမခုနစ်ယောက်နဲ့ ဓမ္မပဒမှာလာတဲ့ ဘုရားနဲ့ တောထဲမှာ သွားတွေ့ပြီး တရားဟောလို့ တကာတကာမတို့ အကုသိုလ်ကံတွေ လွတ်သွားတာလဲဘဲ့ မဂ်ဆိုက်သွားလို့ လွတ်သွားတာ (မှန်ပါဘုရား)။

တကာတကာမတို့ ဓမ္မပဒမှာလာတဲ့မုဆိုးကြီးဟာ သား,ခုနစ်ယောက် ချွေးမ,ခုနစ်ယောက်နဲ့ တောထဲမှာဘုရားနဲ့တွေ့လို့မုဆိုးကတော်လေးသောတာပန်ဖြစ်နေပြီးငါ့အဖေကိုမပြစ်မှားကြပါနဲ့ဆိုပြီး သကာလ သူလိုက်သွားဘဲ့အခါမှာ တရားဓမ္မတွေဘုရားကဟောလိုက်လို့ မုဆိုးရော,သားသမီးတွေရော, အကုန်ကျွတ်တမ်းဝင်တာ ထောက်လိုက်လို့ရှိယင် တသက်လုံး

http://www.dhammadownload.com



မုဆိုးလုပ်လာတာ ဘယ့်နှယ်ကြောင့် သူ အပါယ်မကျပါလိမ့် မတုန်းဆိုတော့ ဒီမဂ္ဂင်ရှစ်ပါးအလုပ်ကို လုပ်လိုက်လို့ (မှန်ပါ့ ဘုရား)။

မဂ္ဂင်ရှစ်ပါးအလုပ်ကို လုပ်လိုက်မိတဲ့အတွက် အကုသိုလ်ကံ တွေဟာ တကာ တကာမတွေ ဘာဖြစ် သွားသတုံး၊ (ပြုတ် သွားပါတယ်) အဟောသိကံ ဖြစ်ပြီး ပြုတ်ထွက် သွားတယ်၊ (မှန်ပါဘုရား)။

ခြေဒ-ဒါတွေ ဘယ်သူ့ သတ္တိပါလိမ့်မတုံး၊ **စဉ်းစားစမ်း၊** (မဂ္ဂင်သတ္တိပါဘုရား)။

ကိုင်း တစ်ခါ ဝဋ္ဋကုသိုလ်တွေ ဆိုတာ ဘသူသိမှ မသိခင် တုန်းကတော့ ဘယ်သူမဆို မသိခင်တုန်းကတော့ လုပ်ကြတာ ပဲ၊ မှန်ပါ့)နောက်ဘဝ လှဖို့ ပဖို့ ပေါများဖို့၊ ဒါတွေမလုပ် ကြဘူးလား၊ လုပ်ပါတယ်ဘုရား)။

အဲ-တစ်ခါတလေ လုပ်ကြတာပဲ၊ လုပ်ကြတော့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တွေ ဘုရားကဟောလိုက်လို့ တရားရသွားပြန်တော့ သောတာပန်, သကဒါဂါမ်,အနာဂါမ်,ရဟန္တာဖြစ်သွားပြန် တော့လဲအဲဒီဘုံတွေ အကျိုးပေးသေးလား(မပေးပါဘုရား)။

ဒါဖြင့် အဖြူကံတွေလဲ အကျိုးမပေးနိုင်တာ တကာကြွယ် ဘယ်သူကြောင့်ပါလိမ့်ဗျာ၊ (မဂ္ဂင်ကြောင့်ပါဘုရား) ဒါဖြင့် အမဲအဖြူ မရောဘဲ ကံကြောင့်၊ (မှန်ပါ့ဘုရား) ပေါ်ပလား၊ (ပေါ်ပါပြီ) ရှင်းပြီနော်၊ (ရှင်းပါပြီ ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် တကာတကာမတို့ ခုနင်က ပြောခဲ့တဲ့ ဒီနှစ်လဲ ဖြတ်တော့ အမဲ အဖြူရောတဲ့ ကံကို တကာသစ် ပြောဖို့ လိုသေးသလား၊ (မလိုပါဘုရား) မလိုတော့ဘူးတဲ့၊ ရှိလို့သာ ဘုရားက ပြောရပါတယ်၊ သူ့လဲ ဖြတ်ပြီးသားပဲ၊ (မှန်ပါ့) ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် မဂ္ဂင်အလုပ်သည် ကံလို့သာ ဆိုရတယ်၊ အမဲအဖြူမရောတဲ့ ကံလို့သာ ဆိုရတယ်၊ ကျန် သုံးကံကို ဖြတ်တယ်၊ (မှန်ပါ့ဘုရား) လွန်ခဲ့တဲ့ သုံးကံကို (ဖြတ်ပါတယ်ဘုရား) ရှင်းသွားပြီ၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေမှာ အမဲကံတွေလဲ တပည့်တော်တို့မှာ တပုံကြီးဘုရား၊ (မှန်ပါ့) မဆိုထိုက်ဘူးလား၊ (ဆိုထိုက်ပါတယ် ဘုရား) အဖြူ ကံတွေကော၊ (တပုံကြီးပါဘုရား အမဲအဖြူရောတဲ့ ကံတွေကော၊ (တပုံကြီးပါဘုရား)။

အဲဒါတွေ အကျိုးပေးနေမယ်ဆိုယင် ဘုရားအဆူဆူနဲ့လွဲရတော့မယ်ဆိုတာ တကာအုန်း မငြင်းနဲ့၊ (မငြင်းပါ ဘုရား) တကာကြွယ်-ငြင်းဖို့လိုသေးသလား၊ (မလိုပါဘုရား) ပြစ်မှားချက်က အတော်ကြီးတယ်၊ (ကြီးပါတယ်ဘုရား)။

အဲဒါတွေ ကျုပ်တို့ ကယ်မည့်ယူမည့် တရား ရှာကြစို့....။ (မှန်ပါ့)ကယ်တင်မည့်တရား(ကျုပ်တို့ရှာကြတော့ ဘာ လာတွေ့သလဲ၊ (မဂ္ဂင် ရှစ်ပါး တွေ့ပါတယ် ဘုရား) အမဲအဖြူမရောတဲ့ ကံလာတွေ့တယ်၊ (မှန်ပါ့) မဂ္ဂင် ရှစ်ပါး လာတွေ့တယ်၊ (မှန်ပါဘုရား)။

http://www.dhammadownload.com



အဲဒီ ကတည်းက ဩဇာ–ဒို့သည်ကားလို့ ဆိုလို့ရှိယင် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ပုဂ္ဂိုလ်မှန်တွေမို့ ဒို့အများတွေ အကုန်ပြင်ဖို့ တရားကြီးရှိသေးသကိုးဆိုတာ ပေါ်လာတယ်၊ (ပေါ်လာပါတယ်ဘုရား)။

အများတွေ အကုန်ပြင်နိုင်တဲ့ တရားလဲ၊ (ရှိပါသေးတယ်ဘုရား နည်းပေးလမ်းပြဆရာလဲ ရှိသေးတယ်၊ (မှန်ပါ) ခင်ဗျားတို့ကလဲ လုပ်လိုတဲ့စွမ်းရည်သတ္တိနဲ့တကွ စေတနာကောင်း ပညာကောင်းတွေနဲ့ နားကောင်းတွေနဲ့ နားထောင်လို့ မီးခိုးမဆုံး မိုးမဆုံး သံသရာမှာ ပြုံးရမည့်အသွားတွေနဲ့ တကာအနှုန်း ဖြတ်မည့်တရား ဟောမည့်သူနဲ့ ထောင်နိုင်တဲ့ နားနဲ့ သွားကြုံတယ်၊ (ကြုံပါတယ်ဘုရား) တော်သေးတယ်လို့ ဆုံးဖြတ်ချက်ချ၊ (မှန်ပါဘုရား)။

တကာကြွယ် ဘယ့်နှယ် ဆုံးဖြတ်ချက် ချမလဲ၊ (တော်ပါသေးတယ်ဘုရား)။

ဒါ–ဘယ့်နှယ်ကြောင့် တော်သေးတယ်လို့ ဆုံးဖြတ်ချက် ချရပါလိမ့်မလဲဆိုတော့ တကာ တကာမတွေ တချို့ ဘာမှ မသိဘူး၊ ဒီ–အလှူလုပ်ယင် ဒီအလှူ အကျိုးပေးတာပဲ၊ တော်ရောပေါ့ဗျာ၊(မှန်လှပါဘုရား) ဒီလိုပဲထင်နေကြတယ်၊ (ထင်ပါတယ်ဘုရား)။

ဒို့အမဲမှ မလုပ်ဘဲကွာ အဖြူလုပ်တာပဲ၊ တော်ရောပေါ့ကွ သေပျော်ပြီကွဆိုတော့ သူ့မှာ ကမ္မဿကတ ဉာဏ်ကလေးနဲ့ သေသွားတယ်၊(မှန်ပါ) ဒိဋ္ဌိပြုတ်ကဲ့လား၊ (မပြုတ်ပါဘုရား) ဒိဋ္ဌိပြုတ်တာကတော့ မဂ္ဂင်ကမှဒိဋ္ဌိ ပြုတ်တာ၊ (မှန်ပါ)။

http://www.dhammadownload.com



သူက အတ္တဒိဋ္ဌိမပြုတ်တဲ့ကံတွေ လုပ်ပြီးသကာလ သူ့ဟာ သူ ဖြူတယ်လို့ ထင်တာကိုး၊ (မှန်ပါ) ဘုရားက ဒီအဖြူဟာ အဖြူအကျိုးပေးတာပဲကွဆိုတော့နတ်ရွာသုဂတိသူဟောလိုက်တယ်၊(မှန်လှပါဘုရား)အဖြူကံလုပ်ယင်(အဖြူအကျိုး ပေးပါတယ်ဘုရား)။

အဲဒီတော့ နတ်ရွာသုဂတိဆိုတာ နိဗ္ဗာန်မှ မဟုတ်သေးဘဲ၊ (မှန်ပါ) ဒုက္ခသစ္စာထဲပဲ ရောက်နေ သေးတယ်၊ (ရောက်ပါတယ်ဘုရား)။

အခုတော့ဖြင့် တကာ တကာမတွေ ကြော်-ဒို့မှာ အမဲအဖြူမရောတဲ့ကံ ရှိသေးတယ်ဆိုတာ ယနေ့ကစပြီးသကာလ ဦးဘ-အုန်း သိရပြီ၊ (မှန်ပါ) သိရတဲ့အတွက် တကာ တကာမတွေ အမှားပြင်တရား ရှိသေးတယ်၊ (မှန်ပါ့ဘုရား ။

သယ်လို ဆိုကြမလဲ၊ (အမှားပြင်တရား ရှိပါသေးတယ်ဘုရား)။

အမှားပြင်တရား ရှိသေးတယ်ဆိုတာ ကုက္ကုရဝတိကသုတ် မဇ္ဈိမပဏ္ဏာသပါဠိတော်မှာ သေနိယနဲ့ပုဏ္ဏတို့ကို သေသေချာချာ ဟောတာပဲ၊ (မှန်ပါ) ရှင်းကြပလား၊ (ရှင်းပါပြီ)။

ဒါဖြင့် တကာ တကာမတို့ ဒီကံတွေဟာ တကာသစ်ရေ-အမဲရောတဲ့ကံပဲ ကျုပ်တို့ရှိလို့ မဖြတ်မတော်ဘူး၊ ](မှန်ပါ) အဖြူကံတွေလဲ မသိခင်က လုပ်ထားလို့ မဖြတ်ယင် (မတော်ပါဘုရား)။

အမဲအဖြူရောတဲ့ကံတွေလဲ မသိသလို လုပ်ထားတဲ့အတွက် မဖြတ်ယင် မတော်ဘူးဗျ၊ (မှန်ပါ) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့်-အားကိုးရာအစစ်ကေန်ဖြစ်တာကိုတကယ်တန်းရှာကြစို့ ဆိုလို့ရှိယင်ဖြင့် မဂ်ဆိုက်အောင် လုပ်ကြစို့၊ (မှန်ပါ့ဘုရား)မဂ်ဆိုက်ယင် တကာတကာမတို့ ကံသုံးမျိုးစလုံး ဘာဖြစ်မယ်ထင်သတုံး၊ (ပြတ်ပါတယ်ဘုရား) သဘောပါပလား၊ (ပါ-ပါတယ်ဘုရား) ရှင်းပြီနော်၊ (ရှင်းပါပြီ)။

ကောင်းပြီ ဒါဖြင့်တကာတကာမတို့ ဒီကံဘာနဲ့ဖြတ်မလဲလို့ မေးတဲ့အခါမှာ မဂ္ဂင်ရှစ်ပါးကလဲ ဖြုန်းကနဲပေါ်တာမဟုတ်ဘူး၊ (မှန်ပါ့) မဂ္ဂင်ငါးပါးကစ,မှ ရှစ်ပါးဖြစ်ရမှာ (မှန်ပါ့) ငါးပါးမလုပ်တဲ့ပုဂ္ဂိုလ် ရှစ်ပါး ဖြစ်နိုင်ပါ့မလား၊ (မဖြစ်နိုင်ပါဘုရား)။

ဒါ့ကြောင့် ရှေ့ပိုင်းက ပွားများရမယ်၊ (မှန်ပါ့) နောက်ပိုင်းကဖြတ်ရမယ်လို့၊ (မှန်ပါ့)။

မဂ္ဂင်ငါးပါးနဲ့ဖြင့် ခန္ဓာပွားများရတယ်၊ (မှန်ပါ့) မဂ္ဂင်ရှစ်ပါးဖြစ်လာတော့ မပွားနဲ့တော့၊ (မှန်ပါ့)။

ဒါဖြင့် မဂ္ဂသစ္စာ ပွားရမယ်လို့ ဆိုခြားသော်လဲ တကာကြွယ်တို့ တကာသစ်တို့ အထူးပဲ မှတ်လိုက်ပါဦး၊ ဩော်... မဂ်စစ်ဟာ မပွားများရပါဘူး၊ (မှန်ပါ့) လောကမဂ်ကသာ ပွားများရပါတယ်၊ လောကုတ္တရာမဂ်ကတော့ တစ်ကြိမ်နဲ့ ပြီးပါတယ်၊ (မှန်ပါ့ဘုရား)။

လောကီမဂ်ကတော့၊ (ပွားများရပါတယ် ဘုရား) လောကုတ္တရာမဂ်ကတော့၊ (တစ်ကြိမ်နဲ့ပြီးပါတယ် ဘုရား)။

ဒါဖြင့် လောကီကနေပြီး လောကုတ်မကူးလို့ ရှိယင်လဲ ရပါ့မလား၊ (မရပါဘုရား)။

http://www.dhammadownload.com



ခင်ဗျားတို့က လောကီသားတွေ၊ (မှန်ပါ့) ခင်ဗျားတို့ သန္တာန်မှာ လောကီစိတ်သာရှိတယ်၊ (မှန်ပါ့)။

ဘာပဲလုပ်နေနေ ခင်ဗျားတို့ လောကီစိတ်မှတပါး ဘာမှ မရှိသေးဘူး၊ (မှန်ပါ့) အဲ ဝိပဿနာ လုပ်တာတောင်ပဲ တကာကြွယ်ရဲ့ လောကီဝိပဿနာပဲ၊ (မှန်ပါ့)။

အဲဒါက ရင့်ကျက်ပြီး တက်မှ ဘာရောက်မတုံး၊ (လောကုတ္တရာရောက်ပါမယ်ဘုရား) လောကုတ္တရာ မဂ္ဂင်ဆိုက်မယ်၊ (မှန်ပါ့ဘုရား)။

အဲဒီတော့ကို လောကီမဂ္ဂင်တွင် ပွားရလိမ့်မယ်၊(မှန်ပါ့) လောကုတ္တရာမဂ္ဂင်ကျတော့တစ်ကြိမ်တည်းနဲ့ အပါယ်လေးပါး တံခါးပိတ်၊ ဒီကံတွေ အကုန်ပြတ်မယ်၊ (မှန်ပါ့၊ ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် လောကီနဲ့ လောကုတ္တရာကိုလဲ တကာကကာမတို့ ရှင်းထားတဲ့ သဘောကို မမေ့ပါနဲ့ ဆိုတာ သတိပေးရတယ်၊ (မှန်ပါ့) ဒါဟာ တကာသစ် မလွယ်ဘူးနော်၊ (မလွယ်ပါ ဘုရား)။

ဒါဖြင့် မဂ္ဂသစ္စာပွားများမယ်ဆိုတာ လောကီမဂ်ဆိုတာ လား၊ လောကုတ္တရာမဂ် ဆိုတာလား၊(လောကီမဂ် ဆိုတာပါ ဘုရား) လောကီမဂ် ဆိုတာနော်၊ (မှန်ပါ့)။

လောကုတ္တရာမဂ် ဘယ်မှာ နှစ်ကြိမ်ဖြစ်တယ်လို့ ထုံးစံရှိရဲ့ လား၊ (မရှိပါဘုရား) တစ်ကြိမ်နဲ့ ကိစ္စပြီးပါတယ်၊(မှန်ပါ့) သဘောပါပလား၊ (ပါ-ပါပြီဘုရား)။

http://www.dhammadownload.com



အေး ဒါကြောင့် တကာတကာမတွေ ဘုန်းကြီးတို့သင်ပြတဲ့အတိုင်း စိတ္တာနုပဿနာ ပွားယင်လဲ ပွားကြ၊ (မှန်ပါ့)ဝေဒနာ နုပဿနာ ပွားချင်လဲ၊ (ပွားကြပါမယ်) ပွားချင်တာ ပွားကြပါ၊ ပွားယင် လောကီမဂ်ဖြစ်ပါတယ်၊ (မှန်ပါ့)။

ဒီလောကီမဂ်ပွားလို့ ရင့်သန်လာတဲ့အခါမှာလဲ ဘုန်းကြီးတို့တကာတကာမတွေ လောကုတ္တရာမဂ် တစ်ကြိမ် ပေါ်လာတယ်၊(မှန်ပါ့)တစ်ကြိမ်ပေါ်လာလို့ရှိယင်ဖြင့် ပထမ ရှေးဦးစွာ တစ်မဂ်ပေါ်လာလို့ရှိယင် အမဲကံ အကုန်ပြတ်ပါတယ်၊ (မှန်ပါ့ဘုရား) သဘောကျပလား၊ (ကျပါပြီ)။

တစ်ခါ နောက်တစ်ခါ နှစ်ကြိမ်လောက်ပေါ်လာပြန်ပြီ ဆိုလို့ရှိယင်ဖြင့် ဟောဒီအမဲကံရယ်၊ ဟောဒီအဖြူကံရယ်၊ ဟောဒီ အမဲ အဖြူ ရောတဲ့ ကံတွေရယ် အကုန်ပြတ်တာပဲ၊ (မှန်ပါ့) လေးမဂ်ပေါ်လာယင်ဖြင့် သုံးမျိုးစလုံး ပြတ်ထွက်သွားတယ်၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီ)။

ကိုင်း- ဒါဖြင့် တကာသစ်ရေ... ဒါ အလုပ်နဲ့ မပြုယင် လောကီမဂ်က ပေါ်ပါ့မလား၊ (မပေါ်ပါဘုရား)မပေါ်ယင် ပြတ်စရာအကြောင်းလဲ မရှိဘူး၊ (မှန်ပါ့)။

လောကီမဂ်မှ မပေါ်ဘဲနဲ့ တကာအုန်း လောကုတ္တရာမဂ် ဘယ့်နှယ်လုပ်ရကြမလဲ၊ (မရပါဘုရား)။

ဒါကြောင့် တကာတကာမတို့ ဝဋ္ဋဘယတိုတိုနဲ့ မဂ်ဖိုလ်ကို တပည့်တော်တို့ ရ,ရပါလို၏-ဆိုလို့ မဂ်တွေ ဝမ်းထဲ ဝင်လာလိမ့်မယ်လို့ မအောက်မေ့လိုက်ပါနဲ့၊ (မှန်ပါ့)။

http://www.dhammadownload.com



ဝဋ္ဋဘဝတိုတိုနဲ့ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရ,ရပါလို၏ ဆိုရုံနဲ့ ရောက်ပါ့မလား၊ (မရောက်ပါဘုရား) ပွားများ ယူယင်ဖြင့် (ရောက်ပါတယ်ဘုရား)။

အဲဒါကြောင့် ပွားများတဲ့ကိစ္စဟာ အလွယ်ကလေးပါ၊ (မှန်ပါ့ဘုရား) ပွားများတဲ့ ကိစ္စဟာ အလွယ်ကလေးပါ၊ (မှန်ပါ့)။

ခင်ဗျားတို့ သားသမီးများ မျက်ခြေမပြတ်ရှိသလို ကြည့်နေကြမယ်ဆိုလို့ရှိယင် ခင်ဗျားတို့ ဥပမာ ၁၅-နှစ်၊ ၁၆-နှစ် သားကလေး သမီးကလေး ရကြတယ် ဆိုလို့ရှိယင်ဖြင့် အိမ်ထောင် ခွဲသွားတောင် လိုက်ကြည့်တုန်းပါ၊ (ကြည့်ပါတယ်ဘုရား) အတော်မကြာဘူးလား၊ (ကြာပါတယ်ဘုရား)။

နောက်ကျတော့ ကိုယ်က အသက်ရှည်နေပြန် မြေးကလေး မြစ်ကလေးတွေ ကျအောင်ကော ကြည့်ပါတယ် ဘုရား) ခြောက်-ဒါလဲ ပွားများတဲ့အလုပ်ပဲ၊ (မှန်ပါ့)မျက်စေ့ အောက်က အပျောက်မခံနိုင်ဘဲကိုးဗျ၊ (မှန်ပါ့)။

အဲဒါလောက် မပွားများရပါဘူး၊ (မှန်ပါ့)အဲဒါလောက် မပွားများရပါဘူး တကာတကာမတို့၊ လွယ်လွယ်နဲ့ပဲ ပြီးပါတယ်ဆိုတော့ အနိစ္စ၏ လက္ခဏာကို မြင်ယင် ပြီးတာပါပဲ၊ (မှန်ပါ့ဘုရား)။

အနိစ္စ၏ (လက္ခဏာကို မြင်ယင် ပြီးပါတယ်ဘုရား) လက္ခဏာမြင်လို့ရှိယင်ဖြင့် ဒါဟာပွားများပြီးသား ဖြစ်သွားတယ် (မှန်ပါ့)။

http://www.dhammadownload.com



ဒင်း အနိစ္စလက္ခဏာတွေကို မြင်မြင်-မြင်မြင်နေပြီးသကာလ ထိုအနိစ္စလက္ခဏာတွေ မှုန်းပေါ့ဗျာ၊ (မှန်ပါ့) အနိစ္စတွေ ဆုံးသွားတဲ့အခါ ကျလို့ရှိယင်ဖြင့် နိစ္စနိဗ္ဗာန် ဆိုတာ ပေါ် လာတယ်၊ (ပေါ်လာပါတယ်ဘုရား)။

အနိစ္စအဆုံးမှ နိစ္စနိဗ္ဗာန် ရှိတယ်၊ (မှန်ပါ့) ဒါကလေး ဆုံးအောင် လိုက်ဖို့ရာဟာ သိပ်ဝန်မလေးကြပါနဲ့-တဲ့၊ အခု အမဲကံတွေသဲ သူကမှဖြတ်ပေးမှာ၊(မှန်ပါ့ အဖြူကံတွေကော (သူကမှဖြတ်ပေးမှာပါဘုရား) အမဲအဖြူရောတဲ့ ကံတွေကော- (သူကမှ ဖြတ်ပေးမှာဘုရား)။

အဲဒီတော့ ကြွေး ကျုပ်တို့မှာ ကံဘယ်နှယ်မျိုးရှိနေသတုံး (သုံးမျိုးပါဘုရား ကြွေးသုံးမျိုး ရှိနေတယ်ဆိုတဲ့ဥစ္စာ တကာ ကြွယ် ပျင်းပျင်းရိရိနဲ့ နေလို့တော့ ဒီကြွေးကျေမယ် မဟုတ် ဘူး၊ (မှန်ပါ့)။

အမဲကံ လုပ်ထားတဲ့ပုဂ္ဂိုလ် အပါယ်ခန္ဓာနဲ့ ဆပ်ရမယ်၊ (မှန်ပါ့) အဖြူကံလုပ်ထားတဲ့ပုဂ္ဂိုလ် နတ်ရွာသုဂတိမှာ ခန္ဓာ ဝန်ထမ်းသမား ဒုက္ခသစ္စာကြီးနဲ့ နေရလိမ့်မယ်၊ (မှန်ပါ့) မနေရပေဘူးလား၊ (နေရပါတယ်ဘုရား) အမဲအဖြူရောတဲ့ကံ လုပ်ထားတဲ့ပုဂ္ဂိုလ်များတော့ ဝိနိပါတိက အသုရာတို့ နေ့စံ၊ ညခံတို့၊ ဆင်တော်မင်္ဂလာ၊ မြင်းတော်မင်္ဂလာတို့၊ နတ်နဂါး တို့ပေါ့ဗျာ၊ (မှန်ပါ့) ဒီလိုဟာတွေ လုပ်ထားပြန်လို့ ရှိယင် ခန္ဓာနဲ့ဆပ်ရမှာပဲ၊ (မှန်ပါ့) ကျေနိုင်စရာ မြင်သေးရဲ့လား၊ (မမြင်ပါဘုရား)လုပ်ရင်းမတ္တာနဲ့ နှစ်ထပ်တိုးကရှိသေးတယ်၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီ)။

http://www.dhammadownload.com



လုပ်ရင်းမတွေ့နဲ့ (နှစ်ထပ်တိုးက ရှိပါသေးတယ်ဘုရား) နှစ်ထပ်တိုးက ရှိသေးတယ်ဆိုတော့ ကုသိုလ်တွေလုပ်ရင်းမတွေ့နဲ့ပဲ ဒေါသခြံရံတာ- လောဘခြံရံတာတွေ တကာကြွယ် မရှိဘူးလားဗျာ၊ (ရှိပါတယ်ဘုရား)။

လုပ်တော့ လုပ်တာပဲတဲ့၊ အရောအနှောက ပါပါနေတော့ ဘဝတိုတိုနဲ့ နိဗ္ဗာန်လိုချင်ပြောသော်သဲ တကာ တကာမတွေက စင်စင်ကြယ်ကြယ်သွားဖို့ အလုပ်ဟာက တကာကြွယ် ရှာမှရှားနော်၊ (မှန်ပါ) မရှားဘူးလား၊ (ရှားပါတယ်ဘုရား)။

အဲဒီ ရှားတာကလေးနဲ့ ဆိုတော့ ခင်ဗျားတို့ အရင်ပြုထားတဲ့ကံတွေကသဲမပြတ်၊ အခုနောက်ထပ် ကံသစ်တွေကလဲ အမဲအဖြူရောတဲ့ ကံတွေကသဲ များပြား၊ ဘယ်တော့ နိဗ္ဗာန်ရမလဲ၊ (မရနိုင်ပါဘုရား)။

မရနိုင်ဘဲဖြစ်နေတော့ ဘုန်းကြီးတို့ တကာ တကာမတွေ ကိုယ့်ခန္ဓာကိုယ်ကို ဝိပဿနာဉာဏ်နဲ့ တည်ဖို့ အရေးဟာဖြင့် အကြီးဆုံးပါပဲ၊ (မှန်လှပါဘုရား)။

ခန္ဓာနဲ့ဉာဏ်နဲ့ တည်ဖို့ အရေးဟာ (အကြီးဆုံးပါဘုရား) ခန္ဓာနဲ့ဉာဏ် တည်လို့ ရှိယင်ဖြင့် ကံပြတ်ပါတယ်၊ (မှန်ပါဘုရား)။

ခန္ဓာနဲ့ဉာဏ် တည့်ယင် (ကံပြတ်ပါတယ်ဘုရား) သဘောပါပလား၊ (ပါ-ပါပြီဘုရား)။

ဒါဖြင့် ခန္ဓာနဲ့ ဉာဏ်နဲ့ တည်ဖို့ အရေးဟာ တကာသစ် အကြီးဆုံးအရေး (မှန်ပါ) တကာကြွယ်-ပေါ်ပြီဗျ၊ (ပေါ်ပါပြီဘုရား)။

http://www.dhammadownload.com



ဒါတွေဟာလဲနော် သာသနာတွင်းမို့ ကြားရတဲ့ အကြီးအကျယ် အဖိုးတန်တဲ့ တရား စကားတွေပဲ ဆိုတာ တကာ· တကာမတွေ သေသေချာချာ မှတ်ပါ၊ (မှန်ပါ့)။

သာသနာပမှာ ကမ္မဝါဒီဖြစ်ခဲ့လို့ရှိယင် ၂-နံပါတ်နှင့်ဆုံးတယ်၊ (မှန်ပါ့၊ သာသနာပမှာ မိစ္ဆာဒိဋ္ဌိဖြစ်ခဲ့ပြန်တယ် ဆိုလို့ရှိယင် ၁-နံပါတ်နဲ့ ဆုံးတယ်၊ (မှန်ပါ့) အမဲလုပ်ပြီး အမဲနဲ့ သေသွားတာပဲ၊ (မှန်ပါ့) အမဲအကျိုးပေးနဲ့ သေသွားတာပဲ၊ (မှန်ပါ့)။

သာသနာပမှာ တစ်ခါ လှူကြ ပေးကြ ကမ်းကြပြန်တော့လဲ နိဗ္ဗာန်ဆိုတာ ဘယ်နေမှန်းမသိ ခန္ဓာ၏ ချုပ်ရာ ငြိမ်းရာ ရယ်လို့မသိတော့ တကာကြွယ်ရေ အဖြူကံလုပ်ပြီး အဖြူအကျိုးပေးနဲ့ ဆုံးသွားတယ်၊ (မှန်ပါ့ဘုရား)။

မသိတဲ့ပုဂ္ဂိုလ်ကျတော့ သာသနာပရော, သာသနာတွင်းရော အမဲအဖြူရောတဲ့ ကံကြောင့် အမဲအဖြူရောတဲ့ အကျိုးပေးတွေနဲ့ပဲ လမ်းဆုံးသွားရတယ်၊ (မှန်ပါ့ဘုရား)။

အခု သာသနာတွင်း ဝိပဿနာဟာ "ဝိပဿနာ သာသနသမ္ဘိယောဝ ဟောတိ" ဆိုတဲ့အတိုင်း ဝိပဿနာသည် သာသနာ့ခေတ်မှာသာပေါ်တာ၊ (မှန်ပါ့) ဘုရားသာသနာ မကုန်ခင်ရှိတယ်၊ (မှန်ပါ့) ခင်ဗျားတို့ ကျုပ်တို့တောင်မှ မှီလိုက်ရုံပဲ ရှိပါတယ်၊ (မှန်ပါ့ဘုရား)။

အသက်တမ်းနဲ့ ကြည့်ယင် (မှီလိုက်ရုံပဲ ရှိပါတယ်ဘုရား) ဒီမှီလိုက်တာကလေးကလဲ မှီသာမှီလိုက်တယ် လက်ဆုပ် လက်

http://www.dhammadownload.com



ကိုင်မရလိုက်ဘူးဆိုယင်လဲ အတော်ဆိုးဝါးပါတယ်၊ (ဆိုးဝါးပါတယ်ဘုရား)။

ဦးလှဘူး (ဆိုးဝါးပါတယ်) မှီတော့မှီလိုက်ရဲ့၊ လက်ဆုပ်လက်ကိုင်မရလိုက်ဘူး၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

အာဠာရ၊ ဥဒကတို့ကို ကြည့်လိုက်တာပေါ့ တကာအုန်းရာ၊ (မှန်ပါ့ဘုရား)။

အာဠာရက ဘုရားမဖြစ်ခင် ခုနစ်ရက်က သေသွားတယ်၊ (မှန်ပါ့)ဘုရားဖြစ်မယ်ဆိုတာလဲ သူသိတယ်၊ဘုရားအလောင်းကိုပဲ သူတို့ လောကီစျာန်တွေ သင်ပေးတယ်၊ (မှန်ပါ့) မမှီဘူးလား ဘုရားအလောင်းကို၊ (မှီပါတယ်ဘုရား)။

မှီတော့မှီလိုက်ပါရဲ့ လက်ဆုပ်လက်ကိုင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မရတာနဲ့ ကမ္ဘာပေါင်းများစွာ ဒုက္ခသစ္စာကြီးနဲ့ ဖြုတ်ခနဲပြည်သွားနေရတယ်(မှန်ပါ့) မရှုံးဘူးလား(ရှုံးပါတယ်ဘုရား)။

ဒါနဲ့ ဘုရားက ရှုံးတယ်ကွာ-တဲ့၊ အဖြူကာ လုပ်ငြားသော်လဲ ရှုံးရှာတယ်ဟတဲ့၊ စျာန်သမားကြီးတွေ-စျာန်သမားကြီးတွေ၊ (မှန်ပါ့) ကမ္ဘာများစွာ ရှုံးတယ်ဆိုတော့ တကာကြွယ်သေလို့တောင်မှ မကောင်းထဲကဖြစ်နေတယ်၊(မှန်ပါ့ဘုရား)။

ဥဒကကြည့်လိုက်ပြန်တော့လဲ သစ္စာလေးပါးတရားဟောပြီးသကာလ အမဲအဖြူမရောတဲ့ကံကို နည်းပေးမယ်လို့ စိတ်ကူးလိုက်ပြန်တော့ မနေ့ကပဲသေနှင့်တယ်၊ (မှန်ပါ့ဘုရား)။

တွေ့သာ တွေ့လိုက်ရတယ် တကာ တကာမတွေ့ လက်ဆုပ်လက်ကိုင်က (မရလိုက်ပါဘုရား) မနာဘူးလား၊ ( နာပါတယ်ဘုရား)။

http://www.dhammadownload.com



ဒီမှာလဲ ခင်ဗျားတို့ အခု ဘုန်းကြီးနဲ့လဲ တွေ့ရ၊ တရားနဲ့လဲ တွေ့ရ၊ (မှန်ပါ့)ပြောပေးမယ့် လူနဲ့လဲ တွေ့ပါတယ်၊ (မှန်ပါ့) ခင်ဗျားတို့ ဉာဏ်ထဲမှာ မဂ္ဂင် မရောက်ခင် အာဇ္ဇဝ ဥဒက အသွား သွားဦးမယ်၊ (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ ဉာဏ်ထဲမှာ ဒီမဂ္ဂင် ရောက်အောင် မပွားနိုင်ကြလို့ ရှိယင်ဖြင့် အာဇ္ဇဝ ဥဒကတို့လိုပဲ တွေ့တော့ တွေ့လိုက်ပါရဲ့၊ ကျေးဇူးတော့ မရှိဘူး၊ (မှန်ပါ့) သဘောပါပလား၊ (ပါပါပြီ) အရှုံးကြီး မရှုံးရဘူးလား၊ (ရှုံးရပါတယ်)။

တစ်ခါ ကြည့်ပါဦးတဲ့၊ ကောသလမင်းကြီးတို့ဟာ တကာ တကာမတို့ အင်မတန် နာမည်မကြီးဘူးလား၊ (ကြီးပါတယ်) ဘုရားနဲ့မတွေ့ဘူးလား၊ တွေ့သလား၊ (တွေ့ပါတယ်) တွေ့ပင် တွေ့ငြားသော်လဲ ကျွတ်တမ်း ဝင်တယ်လို့ ပါရဲ့လား၊ (မပါပါဘုရား) အင်း- တကာတကာမတို့ သူလဲ နာတာပဲ ဆိုတဲ့ အစိပ္ပါယ် မပြောရဘူးလား၊ (ပြောရပါတယ် ဘုရား)။

သုပ္ပဗုဒ္ဓ ဘုရား၏ ယောက္ခမ ယသော်ဓရာ၏ အဖေတို့များ ဦးဘအုန်း ဘာဖြစ် သွားသတုံး၊ (မြေမျို သွားပါတယ်) ဘုရားနဲ့မတွေ့ဘူးလား၊ တွေ့သလား၊ (တွေ့ပါတယ်)တွေ့ရှုံးကြီးပါ၊ (မှန်ပါ့)မနာဘူးလား၊ (နာပါတယ်ဘုရား)။

ကဲ....တကာကြွယ်-တွေ့ပေမယ့်လွဲမဟုတ်သေးဘူး(မှန်ပါ့), ကိုယ့်ခန္ဓာထဲမှာ မဂ္ဂင် အရောက် ထားမှသာလျှင် လိုရာ ခရီး အပြီးအပိုင်ရောက်မယ်ဆိုတဲ့ဥစ္စာ ဘာမှ သံသယမရှိဘဲနဲ့ အမှန် မှတ်ကြပေတော့၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေကို ဆုံးမချင်တာက အင်မတန် ကရုဏာ ကြီးကြီး ကျယ်ကျယ် ထားပြီး ပြောနေတယ်လို့ လဲအောက်မေ့ပါ၊ (မှန်ပါ့) ဒီရောက်တယ်ဆိုလို့ ရှိယင်ဖြင့် အို ပွားများမယ်၊ ပွားများဦးမယ်ဆိုပြီးဓမ္မာရုံ ရောက်ရောက်၊ လမ်းက ဖြစ်ဖြစ်ပေါ့ဗျာ(မှန်ပါ့) စကားများ မနေကြနဲ့၊ ကိုယ့်ဟာကိုယ် ပွားနေကြ၊ (မှန်ပါ့ဘုရား)။

ဘာဖြစ်လို့ ပွားသဘုံးလို့ မေးတဲ့ အခါကျတော့ အို... သာသနာတွင်း တရား ရှားလွန်းလို့၊ (မှန်ပါ့ဘုရား)။

ဘယ့်နှယ် ဆိုကြမလဲ၊ (သာသနာတွင်းတရား ရှားလွန်းလို့ပါဘုရား)။

ဒိုယူထားတဲ့ ကြွေးတွေက သုံးကြွေး တင်တွယ် (မှန်ပါ့) အမဲကံကသဲ မနဲဘူး၊ အဖြူကံကော၊ (မနည်းပါ) အမဲအဖြူ ရောတဲ့ကံကော၊ (မနဲပါဘုရား)။

အို-ကြွေးတွေ ရှိလျက်နဲ့စကားတွေ တောင်ပြော မြောက်ပြော မပြောဘူး၊ ကြွေးဆပ်မယ်၊(မှန်ပါ့) တကာအုန်းရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

ကြွေးဆပ်ရမည့်ဥစ္စာ ကြွေးတင်တဲ့ အလုပ်ကို လုပ်မနေနဲ့၊ (မှန်ပါ့ဘုရား)။

“ကာလေန ဓမ္မသာကစ္ဆာ”ဆိုတာက ဒီအချိန် မဟုတ်ပါဘူးတဲ့၊ ဒီအချိန် မဟုတ်ပါဘူး၊ ကိုယ့်အိမ် ကိုယ့်ရာ ရောက်တဲ့ အခါကျတော့ အိပ်ရာ ဝင်ကာနီးမှ တရားဓမ္မ ဆွေးနွေးကြပေါ့ဗျာ၊ (မှန်လှပါဘုရား)။

http://www.dhammadownload.com



ဒီရောက်လာတဲ့အခါ ဒါဘာဆိုမတုံး-ဓမ္မာရုံ၊ ဘာပါလိမ့် မဘုံး၊ ဓမ္မတို့၏အာရုံကိုးဗျ၊ (မှန်ပါ့) အင်း ဒီနေရာ ရောက် ယင် ဒို့တရားအားထုတ်ရမယ်ဆိုတာ အာရုံနဲ့ထားပြီး ဓမ္မာရုံနဲ့ တူအောင်နေလိုက်၊ (မှန်ပါ့ဘုရား)။

ဘာကြောင့် ဆရာဘုန်းကြီး ဒါလောက်တိုက်တွန်းပါလိမ့် မဘုံးမေးတော့မှ တကာကြွယ် ကြွေးသုံးမျိုး တင်နေလို့၊ (မှန်ပါ့) အပြောနဲ့ဆပ်လို့ရမှာလား၊(မရပါ)ခန္ဓာကိုယ် ပွား များပြီးဆပ်မှရမှာ၊ (မှန်ပါ့ဘုရား)။

ကဲ — ဒါဖြင့် အပြောနဲ့ဆပ်လို့ရမယ် ဆိုလို့ရှိယင်ဖြင့် မှီလိုက် ပြောသော်လည်း အာဋ္ဌာရ - ဉဒကတို့ ဒုက္ခကောင်းကောင်း ရောက်တယ်၊ (မှန်ပါ့) မရောက်ဘူးလား (ရောက်ပါတယ် ဘုရား)။

အဲဒီမှာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက "မဟာဇာနိ ယောခေါ" ဆိုပြီး ရွတ်ရှာတယ်၊ အရှုံးကြီး ရှုံးတယ်ကွတဲ့၊ (မှန်ပါ့ဘုရား)။

အဲဒီမှာကျတော့ ဓမ္မာရုံနဲ့တူအောင် တကာတကာမတွေလဲ မရှုံးစေနဲ့၊ (မှန်ပါ့) ကိုယ့်ဟာကိုယ် ကြိုးစား၊ (မှန်ပါ့) တရားနာချိန်ကျတော့ ကောက်နာလိုက်၊တရားမနားခင်တော့ ဟာ ... ဒီအပေါ် လူများတယ်၊ဟိုနေရာရွှေ့ပြီးကြိုးစား၊အရိပ် ရှိတဲ့နေရာသွားပြီးကြိုးစားနေ၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

ဘာဖြစ်လို့တုံးလို့ မေးတဲ့အခါကျတော့မှ အမဲကြွေးကလဲ မကျေသေးလို့၊ (မှန်ပါ့)အဖွဲ့ကြွေးကကော၊(မကျေသေးပါ

http://www.dhammadownload.com



ဘုရား) အမဲအဖြူရောထားတဲ့ ကြွေးတွေကကော၊ (မကျေသေးပါဘုရား)။

ဟာ....ဒါဖြင့် ကြွေးရှိတဲ့လူက စကားပြောပြီး ရယ်စရာမောစရာပြောနေကြတယ်၊ သားအကြောင်း၊ သမီးအကြောင်းပြောနေကြမယ်ဆိုလို့ ရှိယင်ဖြင့် မြိန်မြိန်ရှက်ရှက်လဲ မရှိပါဘူး၊ (မှန်ပါ့) စိတ်ချမ်းသာ လက်ချမ်းသာနဲ့ ပြောရတာကော ဟုတ်ပါရဲ့လား၊ (မဟုတ်ပါဘုရား ။

အေး....ဒါကြောင့်တကာတကာမတွေ ဓမ္မာရုံနဲ့ တူအောင်ကြိုးစားဆိုတော့ ဒီဟာ ဘာခေါ်သတုံးဆိုတော့ ဓမ္မာရုံ၊ (မှန်ပါ့) ဓမ္မ၏အာရုံနဲ့ နေပါ၊ (မှန်ပါ့ဘုရား)။

ဓမ္မာရုံ၏ အဓိပ္ပါယ်ကော ရှင်းပလား၊ (ရှင်းပါပြီဘုရား) ဘာ၏ အာရုံနဲ့ နေရမလဲ.(ဓမ္မ၏ အာရုံနဲ့ နေရမှာပါဘုရား)။

ဓမ္မအာရုံဆိုတာ ခန္ဓာကိုယ်ထဲမှာ ဖြစ်ပျက်ကဓမ္မ၊ (မှန်ပါ့) ဉာဏ်က အဲဒီလို အာရုံပြုနေပါ၊ (မှန်ပါ့ဘုရား) ဆိုတော့ ဖြစ်ပျက်က ဘာပါလိမ့် (ဓမ္မပါ ဘုရား) ဉာဏ်က ဘာပါလိမ့်၊ (အာရုံပြုနေရမှာပါ ဘုရား)။

အဲ....ဉာဏ်က အာရုံပြုနေပါ၊ (မှန်ပါ့)ဓမ္မကို အာရုံပြုနေပါဆိုတဲ့နေရာ ဖြစ်လေသောကြောင့် ဓမ္မာရုံဆိုတာ ရှင်းပလား (ရှင်းပါပြီဘုရား)။

အင်း.... ဓမ္မာရုံကျယင် ခင်ဗျားတို့က သာစုခေါ်ဖို့သာ အောက်မေ့တယ်၊ ကျင့်ဖို့ကိုမပါဘူး၊ (မှန်ပါ့ဘုရား) အတော်ခက်နေတာဗျ၊ (မှန်ပါ့)။

http://www.dhammadownload.com



ဓမ္မာရုံ အခိပ္ပါယ်ကို နားမလည်တော့ တကာကြွယ်ရေ… အတော်ခက်နေတယ်၊ (မှန်ပါ့ဘုရား) ဒါဖြင့် အခုအဓိပ္ပါယ် ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဓမ္မက ဖြစ်ပျက်ဗျ၊ (မှန်ပါ့) အဲဒီဖြစ်ပျက်ကို ခင်ဗျားတို့ ဉာဏ်က အာရုံပြုနေပါ၊ (မှန်ပါ့)။

ဒီတော့ ဒီနေရာလာယင် ဘာလုပ်နေရမယ်၊ (တရားအာရုံ ပြုနေရပါမယ်ဘုရား) ဓမ္မအာရုံ ပြုနေမှသာလျှင် ဒီအထဲထိုင်ရ မှာ ဓမ္မဘက်ဖြစ်မှာ၊ (မှန်ပါ့) နို့မဟုတ်ယင် ပြင်ဘက်သွား ထိုင်၊ ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

ကောင်းပြီတကာကြွယ် .. ဒီအထဲကျလို့ရှိယင် ဒီဟာ ဓမ္မာရုံ ပါလားဆိုတာကလေး မမေ့ကြပါနဲ့၊ (မှန်ပါ့)။

တကာတကာမတို့ ဘုန်းကြီးက ဘယ်လိုမှာသတုံး၊ (ဓမ္မာရုံ ထဲရောက်ယင် တရားမမေ့အောင် မှာပါတယ်ဘုရား)။

ဓမ္မာရုံပါလားလို့ဆိုတာ သတိထားပါ၊ (မှန်ပါ့) သဘော ကျပြီ၊ (ကျပါပြီ) ဓမ္မက ဘာပါလိမ့်၊ (ဖြစ်ပျက်ပါဘုရား) ဖြစ်ပျက်အာရုံ၊ ဖြစ်ပျက်ပေါ့ဗျာ၊ (မှန်ပါ့) အဲဒါကို ကိုယ့် ဉာဏ်ကလေးက အာရုံပြုနေပါ၊ (မှန်ပါ့)။

ကိုယ့်ဉာဏ်က အာရုံပြုနေဘဲ့ အခါကျလို့ ရှိယင်ဖြင့်-တဲ့ ဩော်…. ဓမ္မာရုံဆိုတဲ့အတိုင်း ဓမ္မအာရုံဖြစ်အောင် နေမှပဲ၊ (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်၊ ဓမ္မာရုံ ဆိုတဲ့အတိုင်း ဓမ္မအာရုံဖြစ် အောင် နေရပါမယ်ဘုရား)။

http://www.dhammadownload.com



ဓမ္မာရုံကို ဓမ္မာရုံ ဖြစ်နေမယ်ဆိုယင်ဖြင့် တကာကြွယ်ရေ.... အင်မတန်ကြောက်စရာ မကောင်းဘူးလားး(ကောင်းပါတယ် ဘုရား)။

အင်မတန်ကြောက်စရာ ကောင်းပါတယ်တဲ့၊ ဒါ- အရင်း အနှီးတွေမို့ ဩဝါဒ် ဓမ္မာရုံ အကြောင်းလဲ သိစေတော့ ကိုယ့် ကိုယ်လဲ သတိပေးမှန်စေတော့ ဆိုတဲ့သဘောနဲ့ ပြောနေတယ် ဆိုတာလဲ မှတ်ကြပါ၊ (မှန်ပါ့)။

ကိုင်း–ဒါဖြင့် တကာသစ် ကံသည်ကားလို့ ဆိုယင်ဖြင့် အမဲ ကံလဲဖြတ်မှ တော်မယ်၊ (မှန်ပါ့) အဖြူကံကော၊ (ဖြတ်မှ တော်ပါမယ်ဘုရား) အမဲအဖြူရောတဲ့ကံ၊ (ဖြတ်မှ တော်ပါ မယ်ဘုရား)။

ဘာ့ကြောင့်တုံး ဆိုလို့ရှိယင်ဖြင့် အမဲကံကလဲ အပါယ် လေးပါး၊ (မှန်ပါ့) အဖြူကံကလဲ နတ်ရွာသုဂတိ၊ (မှန်ပါ့) အမဲအဖြူရောတဲ့ကံက လူ့ပြည်နဲ့ ဝိနိပါတိက အသုရာတို့ ဆင် ရတနာ, မြင်းရတနာတို့ ဆိုတော့ အမဲအဖြူ ရောလို့သာလျှင် သူတို့ ဒီအကောင် ဒီအထည်ကြီးတွေဖြစ်နေတာ၊(မှန်ပါ့)။

အဲဒီတော့ အမဲကံလဲ တကာတကာမတို့ ရန်သူပဲ၊ (မှန်ပါ့) အဖြူကံကလဲ သစ္စာဉာဏ်နဲ့ ကြည့်လိုက်တော့ ရန်သူပဲ၊ (မှန်ပါ့ ဘုရား)အမဲအဖြူရောတဲ့ ကံဆိုတာတော့ မပြောပါနဲ့တော့နော် (မှန်ပါ့) သူသည်ကားလို့ ဆိုယင် မကောင်းဘူးဆိုတာလဲ သေ ချာပါတယ်၊ (မှန်ပါ့)။

အဲဒီတော့ ဒီအကြွေးတွေဟာ တကာတကာမတွေ ကြွေး ဘယ်နှစ်မျိုးတင်ကြသတုံး၊ (သုံးမျိုးပါဘုရား) တစ်မျိုးနဲ့ ဆပ် ရမယ်၊ (မှန်ပါ့)။

http://www.dhammadownload.com



သုံးမျိုးတင်တာကို ၄–နံပါတ်တည်းဟူသောမဂ္ဂင်နဲ့ဆပ်မှ သာလျှင် တကာကြွယ်ရေ လိုရင်းကျတော့မယ်(မှန်ပါ့ဘုရာ)း ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

တကယ် ဆပ်လိုက်မယ် ဆိုလို့ရှိယင်လဲ....တကာတကာမ တို့နောက်က တင်လာတဲ့ကြွေးလဲ ကျေပါတယ်၊ (မှန်ပါ့)တင် ဆဲကြွေးလဲ၊ (ကျေပါတယ် ဘုရား) တင်လတ္တံ့ ကြွေးလဲ၊ (ကျေပါတယ်ဘုရား) သြော်....သုံးချက်ပါလား၊ (မှန်ပါ့)။

ဝါးတစ်လုံး ဖြတ်လိုက်တယ်ဆိုလို့ရှိယင်ဖြင့် တဖက်ကလဲ ပြတ်သွားတာပဲ၊ (မှန်ပါ့) တဖက်ကကော (ပြတ်ပါတယ် ဘုရား) အလယ်မှာ ဓား ထိတဲ့ နေရာကော၊ (ပြတ်ပါတယ် ဘုရား) သြော်–သုံးချက်ပါလား၊ (မှန်ပါ့)။

ဒါဖြင့် မဂ်ကုသိုလ်သည် တကာတကာမတို့ အတိတ်ကဟာ တွေသဲ အကျိုး မပေးနိုင်အောင် ဒီ ၄–နံပါတ်ကပဲ ဖြတ်ပေး တယ်၊ (မှန်ပါ့)အလယ်မှာ ဓားမခုတ်လို့ရှိယင် ဆက်နေမည့် အဆက် သ မဂ္ဂင်ကပဲ (ဖြတ်ပါတယ်ဘုရား ဟိုဘက် စင်ထွက် သွားဘဲ့အနာဂတ်ဝါးကိုလဲပြတ်စေတာဘယ်သူပါလိမ့်( မဂ္ဂင် ပါဘုရား) သြော်·ဒါဖြင့် ဓားသည် သုံးချက်ပြတ် (မှန်ပါ့ ဘုရား)ခင်ဗျားတို့ကတော့ နှစ်ပိုင်းထည်း ထင်နေတယ်နော်၊ (မှန်ပါ့ဘုရား၊ အလယ်မှာ ဓား စားသွားတဲ့ နေရာလဲရှိပါ သေးတယ်၊ (မှန်ပါ့) မရှိဘူးလား၊ (ရှိပါတယ်ဘုရား)။

ဒါဖြင့် ဘယ်နှစ်ချက် ပြတ်ပါလိမ့်၊ (သုံးချက် ပြတ်ပါ ဘုရား) တစ်ချက်ခုတ် နှစ်ချက်ပြတ်လို့ သူများကပြောတယ်၊ ဘုန်းကြီးက သုံးချက်ပြတ်ကြီး ပြောနေတယ်၊(မှန်ပါ့) ဒီလို ထင်နေလိမ့်ဦးမယ်၊ (မှန်ပါ့)။

http://www.dhammadownload.com



နို့မဟုတ်ယင် ဒီ ခေါးခုတ်တဲ့ ခေါးစာတို့ သစ်တုံး ခွဲလိုက်တော့ လွှစာ ဘယ်က ထွက်လာသတုံး မေးယင် တကာအုန်း ဘယ့်နှယ်ပြောမတုံး၊ (အလယ်ကထွက်ပါတယ်ဘုရား)။

အလယ်က ထွက်လာတယ်၊ သူလဲပြတ်လို့ပေါ့ဗျာ၊ မပြတ်ယင် ထွက်ပါ့မလား၊ (မထွက်ပါဘုရား)။

အဲဒါကြောင့် မဂ္ဂင်သည် တကာ တကာမတို့ အတိတ်က မိုက်လာတာတွေလဲ ပြတ်ပါတယ်) ပစ္စုပ္ပန် အမိုက်အမဲတွေကော (ပြတ်ပါတယ်ဘုရား)။ အနာဂတ်မိုက်လတ္တံ့တွေကော၊ (ပြတ်ပါတယ်ဘုရား) ဒါဖြင့် သူဟာ အားကိုးထိုက်တဲ့ တရား အစစ်အမှန် ဖြစ်တယ် ဆိုတာဖြင့် ငြင်းနေဖို့ မလိုတော့ဘူး၊ (မလိုပါဘုရား)။

ကိုင်း–ဒါဖြင့် တကာတကာမတို့ အချိန်ရှိသလောက် ပြုကြဦးစို့၊ ငါးမိနစ်ပဲ ကျန်တော့တယ်၊ (မှန်ပါ့)။

ခင်ဗျားတို့မှာတဲ့ တကာ တကာမတွေက အထည်ကလေး ဒီကနေပြီးသကာလ ကတ္တီပါကလေးတစ်ခုပေါ့ဗျာ၊ (မှန်ပါ့) ကတ္တီပါအနီတလေးတစ်ခု ဆောင်းတွင်း ကျတော့ ဝတ်ကြမှုကြ၊ အဲဒီဥစ္စာကလေး မြင်လိုက်တယ်ဆိုလို့ရှိယင်ဖြင့် ကိုယ်ပေါ်မှာပဲ ကိုယ်နဲ့ ကပ်ကြည့်လိုက်တယ်၊ ငါနဲ့ လိုက် မလိုက် ဒီ အသွေးအရောင်နဲ့ လိုက်မလိုက် ကပ်ကြည့်လိုက်တယ်၊ နွေး မနွေးလဲ ကြည့်လိုက်တယ်၊ မထူထဲ ထူထဲလဲ့ ကြည့်လိုက်တယ်၊ (မှန်ပါ့) ကြည့်လိုက်သည်နှင့် တပြိုင်နက်တည်းတဲ့ ကိုယ်နဲ့ ဖဿနဲ့ ထိတော့တယ်၊ (မှန်ပါ့) အထည်နဲ့ မထိဘူးလား၊ (ထိပါတယ်ဘုရား)။

http://www.dhammadownload.com



ထိမှန်းသိတာ ဖဿပေါ့ဗျာ၊ (မှန်ပါ့)ထိတော့ ဒီအထည်ကလေးဟာ နည်းနည်းနွေးပုံရပါတယ်၊ နွေးမှာပါပဲ ဆိုတဲ့ ဝေဒနာကလေးက၊ (လာပါတယ်ဘုရား) အထည်မှန်းလဲမသိဘူးလား၊ (သိပါတယ်ဘုရား)။

ဒါဖြင့် ဒီနေရာမှာ ဖဿ,ဝေဒနာ,ဝိညာဏ် ပေါ်ပါတယ်၊ (မှန်ပါ့) သုံးခုပေါ်တယ်၊ (မှန်ပါ့)။

အထည်ကလေးနဲ့ထိလိုက်တဲ့အခါ ကိုယ်ပေါ်မှာဘယ်နှစ်ခုပေါ်သသဲ၊ (သုံးခုပေါ်ပါတယ်ဘုရား)။

သုံးခုပေါ်သွားတယ်၊ ဖဿ,ဝေဒနာ, ဝိညာဏ်၊ (မှန်ပါ့) ဖဿက=ထိတာ၊ ဝေဒနာက=ကောင်းတယ်လို့ ခံစားတာ၊ (မှန်ပါ့) ဝိညာဏ်က=ဒီအထည်ကလေးကို အထည်လို့သိတာ (မှန်ပါ့)ဘယ်နှစ်ခုပေါ်ပါလိမ့်၊ (သုံးခုပေါ်ပါတယ်ဘုရား) ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)သဘောကျပလား၊ (ကျပါပြီဘုရား)။

ဩော်-သုံးခုပေါ်တယ်၊ငါဝတ်တာလား၀ဲ တကာတကာမတို့ ဒီအထည်ကလေးကို ငါကိုင်တာလား-ငါကိုင်တာလား၊ ဖဿ,ဝေဒနာ, ဝိညာဏ် ပေါ်တာလား၊ (ဖဿ, ဝေဒနာ, ဝိညာဏ်တို့ ပေါ်တာပါဘုရား)ဒါ-သက္ကာယဒိဋ္ဌိဖြုတ်ချလိုက်တာ၊ (မှန်ပါ့ဘုရား)။

ပေါ်တိုင်း-ပေါ်တိုင်း ဩော်-ဒါဟာ ဖဿဖြစ်တာ ဝေဒနာဖြစ်တာ ဝိညာဏ်ဖြစ်တာလို့ သိပေးပါ၊(မှန်ပါ့ ရှင်းသွားပြီ၊ (မှန်ပါ့)။

ကဲ-ဒါဖြင့်ဝေဒနာပစ္စယာဘာတဲ့တုံး၊ (တဏှာပါဘုရား) ဩော်- တကာတကာမတို့ အထည်ကလေး ကိုယ်ပေါ်မှာတင်

http://www.dhammadownload.com



ကြည့်လိုက်တဲ့အခါကျလို့ရှိယင် ဝိညာဏ်နဲ့ တဏှာ လာတော့တာပဲ၊ (မှန်ပါ) မလာဘူးလား၊ (လာပါတယ်ဘုရား)။

ဒြေဲ- ဈေးသွားကြတာလား ဟာကာတကာမတို့ တဏှာဖြစ်အောင် သွားကြတာလား မေးယင်၊ (တဏှာဖြစ်အောင် သွားကြတာပါဘုရား ။

တဏှာဖြစ်အောင် သွားလို့ရှိယင် ဒီတွင်ပဲ ရပ်ကြမှာလား အပါယ်ကျအောင်ပဲ မြန်းကြမှာလား မေးယင်ကော (အပါယ် ကျအောင် မြန်းကြမှာပါ ဘုရား)။

ဒါ-ဉာဏ်မပါယင် ဒီအတိုင်းသွားတာပဲ၊ (မှန်ပါ့ဘုရား) ဉာဏ်မပါယင်တော့ ဒီအတိုင်းသွားမှာပဲ၊ (မှန်ပါ)။

ကဲ ...တဏှာပစ္စယာ ဆိုတော့ ဒီ အထည်ကလေးတော့ဖြင့် မရ မနေနိုင်ဘူး၊ဆိုဈေးပေးဝယ်ရမှာပဲဆိုတော့ ဘာဖြစ်သွားသတုံး၊ (ဉပါဒါန်ဖြစ်ပါတယ်)။

ဒါလဲဉပါဒါန်ဖြစ်တယ်တဏှာဖြစ်တယ်လို့သိပေး (မှန်ပါ) သဘောကျပလား၊ (ကျပါပြီ)။

တဏှာဖြစ်တာကို တဏှာဖြစ်တယ်လို့ နောက်ကသိပေးယင် ဉပါဒါန်ပြတ်သေးတယ်၊(မှန်ပါ)သဘောကျပလား၊ (ကျပါပြီဘုရား)။

သို့သော်ဖြတ်မရလို့ တဏှာပစ္စယာဉပါဒါန်က-ဝယ်၊မဝယ်ယင် မဖြစ်ဘူးဆိုပြီး သကာလ သူများ သားသမီးလဲ ဒီအချိန် ဒီရာသီမှာ ဒီကတ္တီပါ ဝတ်ကြတာပဲ၊ ဒို့သားသမီးလဲ အောက်တန်း ကျနေရှော့မယ်ဆိုတဲ့ သူ-စွဲလမ်းမှုကြောင့် မဝယ်,မဖြစ်ဘူး ဖြစ်လာတယ်၊ (မှန်ပါ ။

http://www.dhammadownload.com



တဏှာပစ္စယာ၊(မှန်ပါ့)ဥပါဒါန်ဖြစ်တော့ ကာယကံ,ဝစီကံနဲ့ ဒီအထည်ဘယ်လောက်တုံး၊ ကာယကံနဲ့လဲ လက်နဲ့ကိုင်ကြည့်လိုက်တယ်၊ (မှန်ပါ့) ဝစီကံနဲ့သဲ ဘယ်လောက်ဈေးပေးရမှာတုံး မေးလိုက်တယ်၊ (မှန်ပါ့)။

အထည်ဆိုင်သွားလိုက်တော့ တကာတကာမတို့ ပဋိစ္စ-သမုပ္ပါဒ် တစ်ခုထွက်လာတယ်၊ (မှန်ပါ့ဘုရား)။

အထည်ဆိုင် သွားလိုက်တာ ဘာဖြစ်လာသတုံး၊ (ပဋိစ္စ-သမုပ္ပါဒ်တစ်ခု ထွက်လာပါတယ်) ရိပ်မိကြပလား၊ (မှန်လှပါဘုရား)။

ဘာအပြစ်ရှိသတုံး မေးယင်တော့ ဒီအတိုင်း ရှိတယ်သာပြောပါတော့၊ (မှန်ပါ့) ဘာအပြစ်ရှိသတုံး မေးဖို့လိုသေးသလား၊(မလိုပါဘုရား)ဖဿ,ဝေဒနာ,ဝိညာဏ်ဖြစ်ပြီးတော့ ဘာလာသတုံး၊ (တဏှာလာပါတယ်) တဏှာပြီးတော့ ဘာလာသတုံး၊ (ဥပါဒါန်) ဥပါဒါန်ပြီးတော့၊ (ကမ္မဘဝပါ) ကံမြောက်ခဲ့တယ်ဆိုတာ သေချာပလား၊ (သေချာပါပြီဘုရား)။

သူတစ်ပါးသတ်ခဲ့တာလား၊ တကာတကာမတို့သူတစ်ပါးဆဲခဲ့တာလား....၊ ကိုယ့်စိတ်ကူးနဲ့ ကိုယ်ဝယ်ခဲ့တာ ကံမြောက်တာလား၊ (ကိုယ့်စိတ်ကူးနဲ့ ကိုယ်လို့ ကံမြောက်တာပါဘုရား)။

အဲ....သီလတော့ မပျက်ဘူး၊ ဝိပဿနာက အကုသိုလ်တွေကုန်ပြီ၊ (မှန်ပါ့)။

သီလကတော့ဖြင့်၊ (မပျက်ပါဘုရား) ခိုးတာမှ မဟုတ်ဘဲကိုး၊ (မှန်ပါ့)။

http://www.dhammadownload.com



အဲ .. သီလကတော့ မပျက်ပါဘူး တကာကြွယ်ရ၊ ဝိပဿနာဉာဏ်ကတော့ဖြင့် ဒီနေရာမှာ တဏှာကလဲ အကုသိုလ်ကံပဲ၊ (မှန်ပါ့) ဥပါဒါန်ကလဲ၊ (အကုသိုလ်ကံပါဘုရား)။

ဒီကံကလဲ တစ်ခါ တဏှာဥပါဒါန်အုပ်ချုပ်ဘဲ့ ကံဖြစ်နေတော့ ဒီကံကလဲ အကုသိုလ်ပဲဆိုကြ၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

ဒါဖြင့်**တကာတကာ**မတို့ဒီပဋိစ္စသမုပ္ပါဒ်ဟာခင်ဗျားတို့မှာ **တစ်နေ့ ဘယ်နှစ်ပါတ်ဘုံး၊** (မရေတွက်နိုင်ပါဘုရား) ဒါဖြင့် ဒီကံပေါင်း ရေတွက်နိုင်ရဲ့လား (မရေတွက်နိုင်ပါဘုရား)။

ဒီကံဖြတ် မပေးလို့ရှိယင်ဖြင့် အကျိုးပေးသည်ကားလို့ ဆိုယင် ခန္ဓာနဲ့ ဆပ်လို့ ပြီးနိုင်စရာရှိသေးရဲ့လား၊(မရှိပါဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့်ဒါတွေကိုတော့ဖြင့် ဝိပဿနာဉာဏ်မပါတဲ့ ပုဂ္ဂိုလ် တကာအနုန်း သိဖို့အတော်ခဲယဉ်းပါတယ်း(ခဲယဉ်းပါတယ်ဘုရား)။

တပည့်တော်တို့တော့ဘုရား ကိုယ့်ပစ္စည်းနဲ့ ကိုယ်ဝယ်တာပဲ သူတစ်ပါးကိုလဲ လိမ်လည် ကောက်ကျစ်လို့ရတာလဲ မဟုတ်ပါဘူး၊ ခိုးတာဝှက်တာလဲ မဟုတ်ပါဘူး ကိုယ့်ပစ္စည်းနဲ့ကိုယ်သွားဝယ်ပြီး၊ ကိုယ့်သားသမီး ကိုယ်ဆင်တာပါပဲ ဘာမှတော့ အပြစ်ရှိဟန်မထင်ပါဘူးဆိုတော့ ဟုတ်တယ်တကာတကာမတို့ သီလမှာ အပြစ်မရှိဘူး၊ ဝိပဿနာကျတော့၊ (အပြစ်ပါတယ်ဘုရား)။

ဒါဖြင့် သီလချည့်သက်သက်နဲ့ နိဗ္ဗာန်မရောက်နိုင်ဘူး၊ (မှန်ပါ့ဘုရား) ဝိပဿနာနဲ့မှ ရောက်ရမှာ၊ (မှန်ပါ့)။

http://www.dhammadownload.com



အဲဒီတော့ ခင်ဗျားတို့နိဗ္ဗာန်မရောက်တဲ့သဘောမျိုး၊ သီလကနေပြီး သမထ၊ သမထကနေပြီး ဝိပဿနာတက်ရမှာ၊ (မှန်ပါ) သီလဝိသုဒ္ဓိကမှ စိတ္တဝိသုဒ္ဓိ တက်ရမှာကိုး၊ (မှန်ပါ)ရှင်းပလား၊ (ရှင်းပါပြီ)။

ကိုင်း....ဒါဖြင့် ခြေဘ်– ငါတို့ သိထားတာ တယ်နည်းပါသေးလားဆိုတာ ပေါ်လာတယ်၊ (ပေါ်လာပါတယ်ဘုရား)။

တကာသစ် သိထားတာက၊ (နည်းပါသေးတယ်ဘုရား) မိဘရိုးရာကတော့မင်း–မခိုးနဲ့၊ မလိမ်နဲ့၊ မကောက်နဲ့၊ မကျစ်နဲ့နော်–၊ ရိုးရိုးရောင်း ရိုးရိုးဝယ်၊ ကိုယ့်ရှိတာနဲ့ ကိုယ် တင်းတိမ်၊ (မှန်ပါ)တော်ရော့ပေါ့ကွ၊ဆောင်း-ဆောင်းတည့်ဝတ်ရ၊ နွေ-နွေထည့်ဝတ်ရ တော်ရောပေါ့ကွာ၊ ဒါလောက် ဆိုလို့ရှိယင် အပြစ်တော့ မသင့်စေနဲ့ဟေ့... ဆိုတော့ သူက သင့်တာမှ မသိဘဲကိုး၊ (မှန်လှပါဘုရား) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

အပြစ် မသင့်စေနဲ့ ဆိုတော့ သူသိတာက သီလစခန်းပဲ သိတာကိုးဗျ၊ (မှန်ပါ)အခု ဘုန်းကြီးများပြောတာကဝိပဿနာ စခန်း ပြောတော့ တကာကြွယ်တို့ ကိုယ့်အဝတ်ကိုယ်ဝတ်တာတောင် ဝိပဿနာနဲ့မဖြတ်ယင် ပြတ်ပါ့မလား၊ (မပြတ်ပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီ-ဥစ္စာ ဝိပဿနာ ဉာဏ်နဲ့ ဖြတ်ရလိမ့်မယ်၊ (မှန်ပါဘုရား)။

ထိတဲ့နေရာမှာ ဖဿ ဝေဒနာ စိညာဏ်ပေါ်တယ်၊ (မှန်ပါဘုရား) ပေါ်ပေါ်ခြင်းပဲ တကာတကာမတွေက ဒီဥစ္စာတွေ

http://www.dhammadownload.com



သူတို့မဆင်ခင် ဒီကနေပြီးဖြတ်လိုက်၊ (မှန်ပါ့) သူတို့ဖြစ်ပျက် ရှုလိုက်၊ (မှန်ပါ့)။

ဖဿရှုရှု, စိတ်ရှုရှု, ဝေဒနာရှုရှု၊ (မှန်ပါ့) ကြိုက်တာရှု၊ သူတို့က ဖြစ်ပျက်ဆိုယင် ဒီကနောက်က တစ်ခါတည်း ဩော်– သူတို့ ပျက်ပြီဆိုယင် ပျက်မှန်းသိတဲ့ မဂ်လိုက်ပေးပါ၊(မှန်ပါ့ ဘုရား)။

လိုက်ပေးတော့ကို ဒီကတဏှာ,ဥပါဒါန်,ကံဆိုတာ လာခွင့် ရ-မရ၊ (မရပါဘုရား) မရတော့ တဏှာဥပါဒါန်မှလာခွင့်မရ တော့ ကံ,ကသဲ လုံးဝလာခွင့် မရတော့ဘူး ကံပြတ်သွားပြီ၊ (မှန်ပါ့) မပြတ်သေးဘူးလား၊ (ပြတ်ပါပြီဘုရား)ဘာနဲ့ဖြတ် လိုက်ပါလိမ့်၊ (မဂ်နဲ့ဖြတ်ပါတယ်ဘုရား)။

အေး....မဂ်နဲ့ ဖြတ်လိုက်တဲ့ အခါကျတော့ တကာတကာမ တို့ ဒီကံက ဖြစ်လဲမဖြစ်ရတော့ အကျိုးလဲ မပေးနိုင်တော့ဘူး၊ (မှန်ပါ့)။

ဖြစ်လဲမဖြစ်ရတဲ့အတွက်၊ (အကျိုးလဲ မပေးနိုင်ပါဘုရား) အကျိုးလဲ မပေးနိုင်တော့ဘူးဆိုတာ တကာအုန်း ကျေနပ် ပလား၊(ကျေနပ်ပါပြီ)သဘောကျပလား၊ (ကျပါပြီ)။

တပည့်တော်တို့ကတော့ဘုရား ဒီဥစ္စာ အင်မတန် မြန်ပါ တယ် ဆိုပြီးသကာလ တဏှာတော့ ဖြစ်သေးတယ်ဘုရာ့၊ အဲဒီ တဏှာ ကလေးကတော့ဖြင့် ဖြစ်လိုက်တယ်ဘုရား၊ ဒီတဏှာ ကလေးကသဲ ဖြစ်ပြီး ပျက်တာပဲလို့ မိလိုက်တယ်ဆို တဏှာ့ နောက်ကနေ မဂ်ဝင်ပေးတယ်၊ (မှန်ပါ့) ရတာပဲ၊ ဥပါဒါန် ကံ လာသေးရဲ့လား၊ (မလာပါဘုရား) ဟ.... ကံဖြတ်သေး တယ်၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီ)။

http://www.dhammadownload.com



ကိုင်း–တစ်ခါသွားဦး၊ တဏှာတော့ လွန်သွားပြီဘုရား။ စွဲလမ်းတဲ့ဆီကျအောင် ရောက်သွားတယ်၊ အဲဒီစွဲလမ်းတဲ့စိတ်ကလေး နောက်ကနေပြီး အသိကလေး မဂ်လိုက် ပေးစမ်း။ (မှန်ပါ့)။

ဒါဖြင့် စွဲလမ်းတဲ့ တရားက ဥပါဒါန်၊ ဖြစ်ပျက်ရှုတာက (မဂ်ပါဘုရား) ဒီလိုဆိုတော့ ကံလာနိုင်သေးရဲ့လား၊ (မလာနိုင်ပါဘုရား)။

ဒါလဲ ကံပြတ်တာပဲ၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ကံပြတ်လို့ရှိယင်ဖြင့် တကာ တကာမတို့ ခုနင်ကသုံးမျိုးဟာ သေချာတယ်၊ (သေချာပါတယ်) မဲတဲ့ကံလဲ (ပြတ်ပါတယ်) ဖြူတဲ့ကံ၊(ပြတ်ပါတယ်) အမဲအဖြူရောတဲ့ကံ (ပြတ်ပါတယ်)။

ကိုင်း–ဒါတောင်မှ မမိလိုက်သေးပါဘူးဘုရား၊ ကံမြောက်သွားတယ်ဘုရာ့ဆိုတော့ ဒါ– ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒါလဲ ဖြစ်ပျက် ရှုဦးကွ–တဲ့၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီ)။

"ရူပသဉ္စေတနာ လောကေ သဒ္ဒသဉ္စေတနာ လောကေ" လို့ ခင်ဗျားတို့ သတိပဋ္ဌာန်ရတဲ့ ပုဂ္ဂိုလ်များမှာ တကာအုန်းတို့ ပါသဗျာ၊(မှန်ပါ့) စေတနာကိုလဲ ဖြစ်ပျက်ရှုနိုင်တယ်တဲ့။ (မှန်ပါ့ ရှင်းပလား၊ (ရှင်းပါပြီ)။

စေတနာ ဖြစ်ပျက် ရှုလိုက်တော့ စေတနာက ဖြစ်ပျက်၊ ရှုတာက (မဂ်ပါဘုရား)။

http://www.dhammadownload.com



ဒီလိုကျတော့လဲ ဒီကံဟာ မျိုးစေ့သာဖြစ်တယ်၊ မအောင်တော့ဘူး၊ (မှန်ပါ) သဘောကျပလား၊ (ကျပါပြီဘုရား)။

မဂ်မီးနဲ့ ရှို့ပစ်လိုက်တဲ့အတွက် သူ့နောက်က ကမ္မဘဝပစ္စယာ ဇာတိ လာနိုင်သေးရဲ့လား၊ (မလာနိုင်ပါ) မလာနိုင်တော့ ဒီကံကိုလဲ ဖြတ်ပစ်နိုင်တယ်ဆိုတော့ ဩော်-ဝိပဿနာဟာ တကာ တကာမတို့ ပေါ်ရာရှုယင် ကံပြတ်တာပဲ၊(မှန်ပါဘုရား)။

ပေါ်ရာရှုယင် (ကံပြတ်ပါတယ်) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် အချိန်က နည်းသွားတော့ တကာ တကာမတို့ ဖြစ်ပျက်က ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါ) ရှုတာက (မဂ္ဂသစ္စာပါဘုရား)အေး-ဒီဘက်ကနေပြီး ပြတ်သွားတာကလေးက သမုဒယသေတာ၊(မှန်ပါ) ပြတ်သွားလို့ နောက်အကျိုးမပေးမှာက (နိရောဓ သစ္စာပါ) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

ကိုင်း....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု။

http://www.dhammadownload.com

ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ

အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့မှာရုံး၌ ဟောကြားဆုံးမတော်မူသော

လူ့သံယောဇဉ် စွ ပြီးမှ တရား အားထုတ်ရန်

# နေ့အလုပ်ပေး-တရားတော်

(၁၇-၈-၆၁)

တကာကြွယ်တို့၊ တကာသစ်တို့ မှတ်စရာက အရေးကြီးတဲ့ အချက်ကလေးတစ်ခုကို တကာကြွယ်တို့ မှတ်ဖို့ကောင်းတယ် နော်၊ (မှန်ပါ့ဘုရား)။

အားလုံး တကာတကာမတွေ ကမ္မဿကတ သမ္မာဒိဋ္ဌိနဲ့ ဝိပဿနာ သမ္မာဒိဋ္ဌိနဲ့ တကာသစ်တို့၊တကာကြွယ်တို့၊ဦးလှဘူး တို့ တစ်ခြားစီလို့ မှတ်ရမယ်၊ (မှန်ပါ့ဘုရား)။

ကမ္မဿကတ သမ္မာဒိဋ္ဌိဆိုတာက တကာတကာမတို့ သိတဲ့ အတိုင်း ကောင်းတာလုပ်ယင်ကောင်းကျိုးပေးတယ်၊ (မှန်ပါ) ဒီလို လှူကြတန်းကြ ပေးကြတာဟာ ကံပေါ်မှာ ယုံကြည်ပြီး သကာလ အမှန်ထားတဲ့ဒိဋ္ဌိဖြစ်လေသောကြောင့် ကမ္မဿကတ သမ္မာဒိဋ္ဌိ၊ (မှန်ပါ) ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

ဝိပဿနာ ရှုတဲ့ သမ္မာဒိဋ္ဌိကတော့ကိုတဲ့ တကာ တကာမတို့ သိတဲ့အတိုင်း ကိုယ့်သန္တာန်ဖြစ်စဉ်ကိုကိုယ်ကြည့်ပြီး အမှန်သိတဲ့ ဒိဋ္ဌိ၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဟိုက ကောင်းတာလုပ်-ကောင်းကျိုး ပေးတယ်လို့ ယူတဲ့ ဒိဋ္ဌိကိုးဗျ၊ (မှန်ပါ့) တစ်ခြားစီ မနေဘူးလား၊ (နေပါတယ်ဘုရား)။

အဲဒီ တခြားစီမှာလဲ တကာသစ်တို့၊တကာကြွယ်တို့၊ ဦးလှဘူးတို့၊ ဦးဘအုန်းတို့ မရောစေနဲ့၊ (မှန်ပါ့ဘုရား)။

ဩော်... သူတို့သည်ကားလို့ ဆိုယင် ကောင်းတာလုပ် ကောင်းကျိုးပေးတာပဲ၊ မကောင်းတာလုပ် မကောင်းကျိုး ပေးတယ်လို့ အမှန်သိတော့ သိတာပဲ၊(မှန်ပါ့) သိပင်သိငြား သော်လဲ ကံပေါ်၌သာ ကံနဲ့ ကံအကျိုးပေးတာ သူသိတယ်၊ (မှန်ပါ့) ခုနင်က ရုပ်ပေါ်-နာမ်ပေါ်မှာ သူသိတဲ့ သမ္မာဒိဋ္ဌိ မဟုတ်ဘူး၊ (မဟုတ်ပါဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေက ကမ္မဿကတာ သမ္မာဒိဋ္ဌိနဲ့ ဝိပဿနာသမ္မာဒိဋ္ဌိကို တကာကြွယ် ရောနေယင် မကောင်းဘူး၊ (မှန်ပါ့ဘုရား)။

ဝိပဿနာသမ္မာဒိဋ္ဌိက ရုပ်ပေါ်,နာမ်ပေါ်၌ အဖြစ်အပျက်ကိုသိတာ ဘာဆိုကြမယ်၊(ဝိပဿနာသမ္မာဒိဋ္ဌိပါဘုရား)။

ကောင်းတာလုပ်ယင် ကောင်းကျိုးပေးတယ်၊ မကောင်းတာလုပ်ယင် မကောင်းကျိုးပေးတယ် ဆိုပြီး အမှန်သိတဲ့ ဒိဋ္ဌိက သမ္မဿကတာ သမ္မာဒိဋ္ဌိ၊ (မှန်ပါ့ဘုရား)။

ဒီလိုဆိုတော့ သမ္မဿကတာ သမ္မာဒိဋ္ဌိနဲ့ ဝိပဿနာသမ္မာဒိဋ္ဌိနဲ့ ဟာကတကာတကာမတို့အခြားနားကြီးပဲ(မှန်ပါ့ဘုရား)၊

အဲဒီခြားနားတာကို ဘုန်းကြီးတို့ တကာ တကာမတွေက မသိတော့ ကျုပ်တို့လဲသမ္မာဒိဋ္ဌိပဲ၊ (မှန်ပါ့ လှူဒါန်း ပေးကမ်းပြီးနေတဲ့ သမ္မာဒိဋ္ဌိပဲဆိုပြီးသကာလ ဒီမှာဦးဘအုန်းတို့တမျိုး

http://www.dhammadownload.com



ယူလိုက်တယ်၊ (မှန်ပါ့) ရုပ်ပေါ် နာမ်ပေါ်တော့ သူရောက်ကဲ့လား၊ (မရောက်ပါဘုရား)။

မရောက်သေးတော့ ခန္ဓာကိုယ်ကို အမှန်အကန် သိရဲ့လား၊ (မသိပါဘုရား) မသိတော့ ငြီးငွေ့နိုင်ပါ့မလား၊ (မငြီးငွေ့ပါ) မငြီးငွေ့လို့ရှိယင်ဖြင့် စွန့်ချင်တဲ့ မဂ်ဉာဏ် ပေါ်နိုင်ပါ့မလား၊ (မပေါ်နိုင်ပါဘုရား)။

အဲဒါကြောင့် သမ္မာဿကတ သမ္မာဒိဋ္ဌိနဲ့ ခုနင်က မဂ်သမ္မာဒိဋ္ဌိဟာ တကာသစ်– ခြားခြား နားနား မှတ်ထားရမယ်၊ (မှန်ပါ့) တကာကြွယ်–ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ကို ရုပ်ပေါ် နာမ်ပေါ်၌ ရောက်တဲ့ သမ္မာဒိဋ္ဌိက ဝိပဿနာသမ္မာဒိဋ္ဌိ၊ မဂ်သမ္မာဒိဋ္ဌိ၊ (မှန်ပါ့ဘုရား)။

ရုပ်ပေါ်နာမ်ပေါ် ဉာဏ် မရောက်ပါဘူး၊ ကောင်းတာလုပ် ကောင်းကျိုး ပေးတာပဲ၊ အင်း–ဒါန သီလတွေ လုပ်လိုက်လို့ ရှိယင်ဖြင့် ဒါနသီလတွေ အကျိုး ပေးတာပဲ အသက်ရှည်တယ်၊ ပစ္စည်းဥစ္စာရတနာ ပေါတယ်ဆိုတော့ ဦးဘအုန်း– သူသိတဲ့အာရုံက တခြားပါလား၊ (တခြားပါ) မခြားနားဘူးလား၊ (ခြားနားပါတယ်ဘုရား)။

သူက ကောင်းတာလုပ် ကောင်းကျိုးပေး၊ မကောင်းတာလုပ် မကောင်ကျိုးပေးဆိုတဲ့ ကမ္မဿကတ သမ္မာဒိဋ္ဌိက၊ သူက ကောင်းတဲ့ စေတနာနဲ့ ကောင်ကျိုး ကိုသာ သူ သိတယ်၊ (မှန်ပါ့) ခန္ဓာကြီး၏ ရုပ်နာမ် ဖြစ်ပျက် ဒုက္ခသစ္စာ အချက်အလက်တွေတော့ သူသိပါရဲ့လား၊ (မသိပါဘုရား)။

http://www.dhammadownload.com



အဲ-မသိတော့ ဩြော်-သမ္မာဒိဋ္ဌိပေမယ့်လဲ နှစ်မျိုးပါလား (မှန်ပါ)တကာကြွယ်ဘယ်နှစ်မျိုးပါလိမ့် (နှစ်မျိုးပါဘုရား)

အဲဒ်တော့ သမ္မဿကတသမ္မာဒိဋ္ဌိနဲ့ ဝိပဿနာသမ္မာဒိဋ္ဌိ မဂ် သမ္မာဒိဋ္ဌိတို့ ဘာထူးသလဲလို့ မေးတဲ့အခါကျတော့မှ ကမ္မဿ ကတ သမ္မာဒိဋ္ဌိက ဒိဋ္ဌိမကွာဘူး၊ (မှန်ပါ)၊ မှတ်ထားကြပါ။

ကမ္မဿကတ သမ္မာဒိဋ္ဌိက (ဒိဋ္ဌိမကွာပါ) မဂ်သမ္မာဒိဋ္ဌိက (ဒိဋ္ဌိကွာပါတယ်ဘုရား)။

ဩြော်... ဒါဖြင့်ဒိဋ္ဌိကွာမှုနဲ့ နှိုင်းချိန်လိုက်တော့မှ ဦးလှဘူး တို့ တကာကြွယ်တို့ ထူးခြားတယ်၊ (မှန်ပါ) ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

အဲဒီတော့ကို တကာတကာမတွေ ဩြော်-ဒို့ ကမ္မဿကတ သမ္မာဒိဋ္ဌိလောက်နဲ့ ခန္ဓာ ဉာဏ် မရောက်သေးဘူး၊ (မှန်ပါ) ဆိုနိုင်ကြပါမလား၊(ဆိုနိုင်ပါတယ်) ခန္ဓာဉာဏ် မရောက်သေး လို့ ရှိယင် ခန္ဓာ၏ ဒုက္ခသစ္စာ သိဖို့အရေး ဝေးနေသေးတယ်၊ (ဝေးပါတယ်ဘုရား) မဝေးဘူးလား (ဝေးပါတယ်ဘုရား)။

ထိုကဲ့သို့ ဝေးပြီးသကာလနေတော့ ဒီ ခန္ဓာ စွန့်ပစ်နိုင်တဲ့ ဉာဏ်လာပါ့မလား၊ (မလာပါဘုရား)။

မလာတော့ ကမ္မဿကတ သမ္မာဒိဋ္ဌိသည် ခန္ဓာ ဖြစ်ပျက် မြင်တဲ့ ဉာဏ်မလာတာသည် ထင်ရှားနေတာ သူ့မှာ ဒိဋ္ဌိလွှမ်း တုန်း ရှိသေးတယ်၊ (မှန်ပါ) ကမ္မဿကတ သမ္မာဒိဋ္ဌိက ဒိဋ္ဌိ မခွါနိုင်ဘူး၊ (မှန်ပါ) ဝိပဿနာသမ္မာဒိဋ္ဌိ မဂ် သမ္မာဒိဋ္ဌိက (ဒိဋ္ဌိခွါနိုင်ပါတယ် ဘုရား)။

ဩြော်-ဒါဖြင့် ဒိဋ္ဌိကွာ-မကွာနဲ့ နှိုင်းချိန်လိုက်တဲ့ အခါကျ တော့မှ တကာသစ် ထူးခြားသွားတယ်၊(မှန်ပါဘုရား)။

http://www.dhammadownload.com



ဒါ– သေသေချာချာ မှတ်ပြီးသကာလ သြော်–ဒိဋ္ဌိကွာမှ အပါယ်လေးပါး တံခါးပိတ်မှာ၊ (မှန်ပါ့ဘုရား)။

ဒိဋ္ဌိကွာမှ ဘာဖြစ်မှာတုံး၊ (အပါယ် လေးပါး တံခါး ပိတ်မှာပါဘုရား)။

ဒိဋ္ဌိမကွာသေးတဲ့ ကမ္မဿကတ ဒိဋ္ဌိကတော့ဖြင့် အတ္တဒိဋ္ဌိ ပရာမသတ္တာလို့ သေသေချာချာ ဖွင့်ထားသည် ဖြစ်လေသော ကြောင့်တဲ့ တကာ တကာမတို့–ဒိဋ္ဌိကွာ-မကွာ ထူးခြားတယ်၊ (မှန်ပါ့ဘုရား)။

ကိုင်း–ဒါဖြင့် တကာ တကာမတို့ အခု စ,စချင်း သဘော ကိုပြောရတဲ့အတွက် ကမ္မဿကတ သမ္မာဒိဋ္ဌိသည် သမ္မာဒိဋ္ဌိ တော့ ဟုတ်တယ်၊ ဒိဋ္ဌိမကွာနိုင်ဘူး၊ (မှန်လှပါ) ဝိပဿနာ သမ္မာဒိဋ္ဌိနဲ့ မဂ်သမ္မာဒိဋ္ဌိက (ဒိဋ္ဌိကွာပါတယ်) ဒိဋ္ဌိကို တဒင် ခွါတယ်၊သမုစ္ဆေဒခွါတယ်၊ (မှန်ပါ့)။

ဒီလို ထူးခြားပြီးသကာလ သွားတော့ အပါယ်မျိုးစေ့ ဖြတ်နိုင်တာကတော့ဖြင့် ဝိပဿနာ သမ္မာဒိဋ္ဌိက ဆက်ပြီး မဂ် သမ္မာဒိဋ္ဌိမှ ငရဲမျိုးစေ့ဆိုတဲ့ဒိဋ္ဌိ ကုန်စေနိုင်တယ်၊ (မှန်လှပါ) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ဒါဖြင့် တကာ တကာမတို့ ကမ္မဿကတသမ္မာ ဒိဋ္ဌိလောက်နဲ့ တင်းတိမ်ပြီး မသေကြပါနဲ့ ဆိုတာကိုလဲ အခု အကျိုး အကြောင်း ပြောပြီးတော့ကို ဒီ-အခုမှာတဲ့ အခု ပြောတဲ့အသွားကို ဦးဘအုန်း ကျေနပ်ရမယ်(ကျေနပ်ပါတယ် ဘုရား)ကမ္မဿကတ သမ္မာဒိဋ္ဌိနဲ့ သေပျော်ပြီလို့ ဒီလိုမယူလိုက် ကြပါနဲ့၊(မှန်ပါ့)တကာကြွယ်–သေပျော်ပလား၊ (မသေပျော်

http://www.dhammadownload.com



သေးပါဘုရား) ဘယ့်နှယ်ကြောင့် ပါလိမ့်ဗျာ၊ (ဒိဋ္ဌိမခွါရ သေးလို့ပါဘုရား)။

အေး-အတ္တဒိဋ္ဌိရှိနေတယ်၊ (မှန်ပါ) အတ္တဒိဋ္ဌိရှိပြီး သကာလ နေတယ်၊ သူက အတ္တဒိဋ္ဌိဖြုတ်ကို မဖြုတ်နိုင်ဘူး၊ (မှန်ပါ ဘုရား)။

ဒါဖြင့် ဝိပဿနာ သမ္မာဒိဋ္ဌိ, မဂ်သမ္မာဒိဋ္ဌိနဲ့ဖြုတ်မှ ကျုပ်တို့ သည် မဂ်ဉာဏ်,ဖိုလ်ဉာဏ်အစစ်ရမယ်၊ (မှန်လှပါဘုရား) ဒါမှ အပါယ်လေးပါးကိုလဲ သေချာစွာ ပိတ်နိုင်တယ် ဆိုတာကော ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ကဲ-ဒါဖြင့် တကာ တကာမတို့ မနေ့ကကံတွေကို ဒီနှစ်ခု ရှင်းပြီလို့ရှိယင် မနေ့ကကံလေးမျိုးကို တကာသစ်ရှင်းရမယ်၊ (မှန်ပါဘုရား)။

ကောင်းပြီ၊ ဒါဖြင့် တကာ တကာမတို့ ဘုရားသခင် ကိုယ် တော်မြတ်ကြီးသည် သေနိယတို့ ခွေးလို ကျင့်တယ်နော်၊ (မှန်ပါ) ပုဏ္ဏက နွားလိုကျင့်တယ်၊ (မှန်ပါ)။

သူတို့အထင်ကတော့ဖြင့် တကာသစ်-ဒီလူဟာ သူတို့လိုပဲ ငါးပါးအာရုံ ကာမဂုဏ်မပါဘူး၊ ရှိုးခြံတဲ့အကျင့်ဆိုပြီး ခန္ဓာ ဆင်းရဲတဲ့အကျင့် ကျင့်လိုက်တယ်၊ (မှန်ပါ) ခွေးလိုကျင့်လိုက် တယ်၊ ခွေးလို လေးဘက်ထောက်သွားတယ်၊ ခွေးလိုမြေပေါ် မှာ သူ့ကိုကျွေးမှ စားတယ်၊ လူတွေတွေ့ အခါကျလို့ရှိယင် ခွေးလိုပွတ်သပ်တယ်၊ (မှန်ပါဘုရား) အင်း....ကိုယ်လုံးနဲ့ ခြေ သလုံးတွေ ရှောက်ပွတ်တယ်။

http://www.dhammadownload.com



နွားလိုကျင့်တဲ့ပုဂ္ဂိုလ်ကလဲ ခေါင်းမှာနွားချိုကြီးတွေတပ်၊ အမြီးတွေတပ်ပြီးသကာလ ဦးဘအုန်းရေ–နွားလိုပဲ တွန်တာပဲ၊ (မှန်လှပါ) နွားလိုပဲ မြက်နဲ့ ရောစားတာပဲ၊ (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီအယူဟာ မိစ္ဆာဒိဋ္ဌိအယူလို့ မဆိုနိုင်ဘူးလား၊ (ဆိုနိုင်ပါတယ်ဘုရား) သူတို့ မဆင်းရဲဘူးလား၊ (ဆင်းရဲပါတယ်ဘုရား)။

ဆင်းရဲတဲ့အယူကို သူတို့သည်ကား–လို့ ဆိုလို့ရှိယင်ဖြင့် ချမ်းသာရလိမ့်မယ်လို့.... ဆင်းရဲနဲ့ချမ်းသာ လဲယူမယ်–လို့ ဒီအခိပ္ပါယ်နဲ့လုပ်ကြတာ၊ (မှန်ပါ့)။

အဲဒီတော့ လုပ်ပင်လုပ်ငြားသော်လဲ မှန်ပါရဲ့လား၊ (မမှန်ပါဘုရား)။

ဘုရားက ဘယ့်နှယ် ပြောသလဲ၊ မင်း–ဒီ–နွားလိုကျင့်တဲ့အကျင့်ဟာ မင်းအကျင့်ကို မင်းဟုတ်တယ်လို့ ယူလို့ရှိယင် မင်း–သေသည်၏ အခြားမဲ့၌ နွားဖြစ်ရမယ်၊ (မှန်လှပါ) အကယ်၍ ဒီအယူနဲ့ပဲ နတ်သော် ယည်းကောင်း၊ တစ်ပါးတခြားသော ရုက္ခစိုးသော်လည်းကောင်း ဖြစ်ရမယ်လို့ကေန် မင်း–ဒီအယူ ယူလိုက်မယ် ဆိုယင် မိစ္ဆာဒိဋ္ဌိ ဝင်လာတယ်၊ (မှန်ပါ့) မိစ္ဆာဒိဋ္ဌိ ဝင်လာတဲ့အတွက် ငရဲ,တိရစ္ဆာန် မင်းရောက်ရဦးမယ်၊ (မှန်ပါ့)။

ဒီလိုဆိုတော့ ဘုရားသခင် ကိုယ်တော်မြတ်က သေနိယ အယူ-ယူတဲ့ပုဂ္ဂိုလ်လဲ ဤအတိုင်းပေါ့ဗျာ(မှန်ပါ့)ဒီလိုမဟောကြားဘူးလား (ဟောကြားပါတယ်ဘုရား)နှစ်ယောက်စလုံး ငိုကြတယ်၊ (မှန်ပါ့)။

http://www.dhammadownload.com



ဩော်…ဒို့မှာအဆင်းရဲခံပြီး အကျင့်ကြီးကျင့်ပြီးသကာလ လာခဲ့ရခြားသော်လဲဘာမှကျေးဇူးမများပါလားဆိုတာသူတို့ဟာ သူတို့ငိုတော့မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကမင်းတို့ငါ့ကိုမမေးနဲ့လို့ ပြောသွားပဲ၊ သုံးခါတိုင်တိုင် ငါ-ပယ်သွားပဲ၊ မင်းတို့က ဖြေပါဆိုလို့သာ ငါဖြေရတယ်-ဆိုပြီးသကာလတပည့်တော်တို့ အရှင်ဘုရား ဖြေတာကြောင့် ငိုတာ မဟုတ်ပါဘူးဘုရား-တဲ့၊ ကိုယ့်အဖြစ်ဆိုးကြီးက ဒီလို လုပ်လို့ရှိယင်ဒီလိုကျင့်လို့ရှိယင်ဖြင့် အင်း …နောက်ဘဝ ချမ်းသာလိမ့်မယ်၊ ကျွန်းမာလိမ့်မယ်ဆိုပြီးသကာလ တပည့်တော်တို့ အယူမှားကိုယူမိတဲ့အတွက် တပည့်တော်တို့ အဖို့ တပည့်တော်တို့ ကျင့်ခဲ့တဲ့ဆင်းရဲမှုအကျိုးမရှိဘူးဆိုပြီး ငိုမိပါတယ်-တဲ့၊ (မှန်ပါ့) သူတို့အဖြေပေးကြတယ်နော်၊ (မှန်ပါ့ ။

ဒါဖြင့်ဘုရား- တပည့်တော်တို့ ဘယ်လို ကျင့်မှသာလျှင်ဘယ်လိုကိစ္စတွေ ရှက်ဆောင်မှ ဘယ်လိုပြီးမယ်ဆိုတဲ့ဥစ္စာအရှင်ဘုရား-တပည့်တော်အား ဆုံးမပါဆိုပြီး သကာလ ပုဏ္ဏကလျှောက်တယ် နော်၊ (မှန်ပါ့ဘုရား)။

နွားလိုကျင့်တဲ့ ပုဂ္ဂိုလ်က လျှောက်တဲ့အခါကျတော့ ကံ-က္ခာ-တဲ့၊မင်းတို့ ကံနားမလည်လို့ ဖြစ်ကြတာ-တဲ့၊ (မှန်ပါ့ဘုရား)။

ဘယ်လိုကြောင့်ပါလိမ့်၊ (ကံနားမလည်လို့ပါဘုရား)အဲဒီတော့ ဒီတကာတကာမတွေလဲ အခု ဒီကံဟာ အခုပဲ့ ကြားဘူးတယ်၊ (မှန်ပါ့) ဒီတကာ တကာမတွေလဲ သူတို့ နဂိုတုန်းကကမ္မဿကတ ဉာဏ်ကလေး တခုပဲ နားလည်တယ်၊ (မှန်ပါ့) ဒီ့ပြင်ဉာဏ်တွေ လိုရင်းဟာတွေအားလုံး တကာတကာမတွေ

http://www.dhammadownload.com



ဘာမှ ဖုံးဖိစရာလဲမလိုတော့ ဩော်- ကံသည်ကားလို့ဆိုယင် ကမ္မဿကတဉာဏ်နဲ့ပဲ တကာသစ်တို့ တကာကြွယ်တို့ သေသွား ကြရတယ်၊ (မှန်ပါ့) ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဒါ-ပြီးပြီလို့ထင်ပြီးသေလိုက်တာပဲ၊ (မှန်ပါ့) ဒို-ဘာလုပ်စရာရှိသေးသတုံး၊ ဘာလိုသေးသတုံးဆိုပြီး တကာ ကြွယ်- ဒီလိုပြောသံ ဆိုသံကလေး ကြားရမှာပဲ၊ (ကြားရပါ တယ်ဘုရား) အဲဒါ ကံမျိုးစုံ နားမလည်သော အဓိပ္ပါယ်မျိုး မပါဘူးလား၊ (ပါ-ပါတယ်ဘုရား)။

သူ့ကံကလေး တစ်ခု၊ အပြုကံကလေးတစ်ခု အားကိုးပြီး သကာလ ဦးဘအုန်းပြောတဲ့သဘောပဲ၊(မှန်ပါ့) ဒီ့ပြင် ဘာ ပါသေးသတုံး၊ (ဘာမှ မပါ-ပါဘုရား) အဲဒီတော့ ကံလေး မျိုးရှိတယ်လို့ သူမသိဘူး၊ (မသိပါဘုရား)။

မသိတော့ သူသည် ပြုသောကံ-ပြုသောအကျိုး ပေးတာပဲ ဆိုတဲ့ဉစ္စာနဲ့ ကမ္မဿကတဉာဏ်နဲ့ပဲ တကာကြွယ်- တကာသစ် သေသွားတယ်၊ (သေသွားပါတယ်ဘုရား)။

သေသွားတဲ့ အခါကျလို့ရှိယင် သူ့ကံတွေ အကျိုးပေးတွေ ကို ဘုရားကဟောလိုက်တဲ့ အခါကျတော့ တကာ တကာမတို့ မှာလဲ ပိုမို့ရှင်းရမယ်၊ (မှန်ပါ့) ရှင်းမှသာလျှင် ဒီကံလဲလုပ်ရ မှာဘဲ၊ ဟိုကံလဲကြိုးစားရမှာဘဲဆိုတာ လာရမယ်၊ (လာရပါ မယ် ဘုရား)။

နို့မဟုတ်လို့ရှိယင်ဖြင့်-တဲ့၊ သူများပါးစပ်လမ်းဆုံးဆိုတဲ့ အဓိပ္ပါယ်ဟာလဲ အလွန် ကြောက်စရာ ကောင်းပါတယ်၊ (ကောင်းပါတယ်ဘုရား)။

http://www.dhammadownload.com



ကဲ-ဒါဖြင့် ကံလေးမျိုးပဲရှင်းအောင် တကာသစ် မှတ်ကြဦးစို့၊ (မှန်ပါ့) မဲသောကံသည် (မဲသောအကျိုး ပေးပါတယ်ဘုရား) ဖြူသောကံသည် (ဖြူသောအကျိုး ပေးပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် တကာ တကာမတို့ အမဲအဖြူရောတဲ့ကံကျတော့ (အမဲအဖြူ ရောတဲ့ အကျိုးပေးပါတယ် ဘုရား) အမဲအဖြူရောတဲ့ အကျိုးပေးတယ်ဆိုတာ တကာ တကာမတွေ သိရောပေါ့ဗျာ၊ (မှန်ပါ့)။

အမဲအဖြူ မရောတဲ့ ကံသည် (အမဲအဖြူ မရောတဲ့ အကျိုး ပေးပါတယ်ဘုရား)။

ဟော-ကံကို က တကာသစ် ဘယ်နှစ်မျိုးတဲ့တုံး၊ (လေးမျိုး ပါဘုရား) ဩ-ကံဆိုတာက အခုလို တကာ တကာမတွေ သိတာက ဟောဒီ ၁-ရယ်, ၂-ရယ် ဒါပဲရှိတယ်၊ (မှန်ပါ့ဘုရား) ၃-ရယ်, ၄-ရယ် ကျလို့ရှိယင် ခင်ဗျားတို့ ဉာဏ်မရောက်တော့ဘူး၊ (မရောက်ပါဘုရား)။

ကိုင်း....ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက နွားလိုကျင့်တဲ့ပုဂ္ဂိုလ်, ခွေးလိုကျင့်တဲ့ သေနိယတို့ကို ဒီဟာ ဟောမှသာ လျှင် သူတို့သည်ကားလို့ ဆိုလို့ရှိယင် ဒီကျင့် ကျင့်ပြီး ကျွတ်တမ်းဝင်တော့မပေါ့ဆိုပြီး ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ကိုယ်တော်တိုင် မဇ္ဈိမပဏ္ဏာသပါဠိတော်မှာ ဟောတယ်နော်၊ (မှန်ပါ့)။

အမဲကံက အမဲအကျိုးပေးတယ်၊ (မှန်ပါ့) အမဲကံ ဘယ်သူတုံးလို့မေးတော့မှ တကာ တကာမတွေ ပါဏာတိပါတကံလွန်ကျူးယင် အမဲကံ၊ (မှန်ပါ့) အဒိန္နာဒါနကံ လွန်ကျူးယင်၊

http://www.dhammadownload.com



(အမဲကံပါဘုရား) ကာမေသုမိစ္ဆာစာရ သူ့သားမယား ပြစ်မှားယင်၊ (အမဲကံပါဘုရား)ဩော်... ကာယကံသုံးပါး၊ (မှန်ပါ့ဘုရား) သဘောကျပလား၊ (ကျပါပြီ)။

မုသာဝါဒဆိုတဲ့ လိမ်လည်ကောက်ကျစ်တာတွေ ပြောယင်ကော၊ (အမဲကံပါဘုရား)အမဲကံ၊အဲဒါဝစီကံတစ်ပါး စ,လာပြီ၊ (မှန်ပါ့) ပိသုဏာဝါစာ လူနှစ်ယောက် တည့်နေတာ၊ ဟိုကောင်နဲ့ ဒီကောင်တည့်နေတာကုန်းတိုက်ပေးလိုက်တယ်ဆိုလို့ရှိယင်ဖြင့် ချောပစ်ကုန်းတိုက်လိုက်တယ်နော်၊(မှန်ပါ့ဘုရား) ဒါလဲ ဝစီကံနဲ့ တိုက်ရတာပဲ၊ (မှန်ပါ့ဘုရား) ဖရုသဝါစာတဲ့ ကြမ်းကြမ်းတမ်းတမ်းနဲ့ ခိုက်ရန်လုပ်ပြန်တော့ကော၊ (ဝစီကံပါဘုရား)သမ္ဖပ္ပလာပဆိုပြီးသကာလ တကာတကာမတို့ ချော့မော့ပြီးသကာလ အပြောကောင်းတာနဲ့ ယုံကြည်လောက်အောင်ပြောပြီးသကာလလိမ်လည်ကောက်ကျစ်တာလဲ ရှိသေးတယ်၊(ရှိသေးပါတယ်ဘုရား)သဘောကျပလား၊ (ကျပါပြီ) ဒါဖြင့် ဝစီကံကဘယ်နှစ်ပါးတုံး၊ (လေးပါးပါဘုရား)။

မနောကံကအဘိဇ္ဈာတဲ့၊ ဒါဝမ်းထဲက တကာတကာမတွေက ဟို-တိုက်ကြီး မြင်လိုက်လို့ရှိယင် ငါ့တိုက်ကြီး ဖြစ်ယင်ကောင်းလေရဲ့၊ ဟိုဆိုင်ကြီး မြင်လိုက်ယင်လဲ ငါ့ဆိုင်ကြီး ဖြစ်ယင် ကောင်းလေရဲ့၊ ဒါ-မနောကံ ပြစ်မှားနေတာ၊ (မှန်ပါ့ဘုရား) ဒါက အဘိဇ္ဈာတဲ့၊ (မှန်ပါ့)။

ဗျာပါဒဆိုတာက သူတပါးချမ်းသာတာ မကြည့်နိုင်, မရှုနိုင်လောက်အောင် ပြစ်မှားတဲ့သဘော၊ (မှန်ပါ့)သဘောကျပလား၊ (ကျပါပြီ)။

http://www.dhammadownload.com



မိစ္ဆာဒိဋ္ဌိဆိုတာကောင်းတာလုပ်လဲကောင်းကျိုးမပေးဘူး မကောင်းတာလုပ်လဲ မကောင်းကျိုးမပေးဘူး၊ အမေ့မရှိဘူး၊ အဖေမရှိဘူး၊ လောကကြီးမှာ အသိဉာဏ်ရတဲ့ပုဂ္ဂိုလ်တွေ မရှိဘူး၊ ဒီအယူမျိုးဟာပဲဘာပါလိမ့်၊ (မိစ္ဆာဒိဋ္ဌိပါဘုရား)မနော ကံက ဘယ်နှစ်ပါးတုံး၊ (သုံးပါးပါဘုရား)။

ကောင်းပြီ အဲဒီ ဆယ်ပါးသော ကံကြောင့် အမဲဆယ်ပါး သောကံကောင့်တကာတကာမတွေ့အမဲအကျိုးပေးလာရတယ် (မှန်ပါ့ဘုရား) ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

ကဲ-ဒီဘက်ကျတော့ အဖြူကံဆိုတာတော့ ပါဏာတိပါတ ကြဉ်ရှောင်လိုက်တယ်၊ အဖြူကံ မဖြစ်ဘူးလား၊ (ဖြစ်ပါတယ် ဘုရား)အဒိန္နာဒါန ကြဉ်ရှောင်လိုက်တယ်၊ (အဖြူကံ ဖြစ်ပါ တယ်ဘုရား)။

ကာမေသုမိစ္ဆာစာရ ကြဉ်ရှောင်လိုက်တယ်၊ (အဖြူကံ ဖြစ် ပါတယ်ဘုရား) ကာယသုံးပါး ကြဉ်ရှောင်လိုက်ယင် အဖြူကံ ဖြစ်တာချည့်ပဲ၊ (မှန်ပါ့)။

တကာအုန်း ကြဉ်ရှောင်မှနော်၊ (မှန်ပါ့ဘုရား) တကာ ကြွယ် ကြဉ်ရှောင်မှ နော်၊ (မှန်ပါ့ဘုရား) ကဲ- တစ်ခါသွား ပါဦး၊ မုသာဝါဒကြဉ်ရှောက်လိုက်တော့ ဝစီကံအဖြူဖြစ်တာပဲ (မှန်ပါ့ဘုရား)။

ပိသုဏာဝါစာ ချောပစ်ကုန်းတိုက်တာ ကြဉ်ရှောင်လိုက်ပြန် တော့၊ (အဖြူကံ ဖြစ်ပါတယ် ဘုရား) ဝစီကံ အဖြူပဲနော် ... (မှန်ပါ့ဘုရား)ကောင်းပြီ ဖရုသဝါစာကြမ်းကြမ်းတမ်းတမ်း လဲ မပြောပါဘူးလို့ ကြဉ်ရှောင် လိုက်ယင်၊ (ဝစီကံ အဖြူပါ ဘုရား) ဝစီကံ အဖြူပဲ၊ သဘောကျ ပလား၊ (ကျပါပြီ)

http://www.dhammadownload.com



သမ္မပ္ပလာပတဲ့ သိမ်ဖျင်းတဲ့စကားလဲ မပြောပါဘူး၊ ရယ်စရာ မပြောပါဘူး၊ (ဝစီကံ အဖြူပါဘုရား) အဖြူကံက ဘယ်နှစ်ပါးတုံး၊ (လေးပါးပါဘုရား)။

အနဘိဇ္ဈာတဲ့၊ သူ့ပစ္စည်းတွေကို ရှေးရှုပြီး မကြံပါဘူး၊ မနောကံတစ်ပါး၊ (မှန်ပါ့) အဗျာပါဒတဲ့ သူတစ်ပါး ညှဉ်းဆဲနှိပ်စက်တဲ့ စိတ်တွေကိုဖြုတ်ပါတော့မယ်၊ မေတ္တာပဲ ထားပါတော့မယ်ဆိုတော့ ဒါလဲ အဗျာပါဒမဖြစ်ဘူးလား၊ (ဖြစ်ပါတယ် ဘုရား) ကောင်းတာလုပ် ကောင်းကျိုး ပေးတယ်၊ မကောင်းတာလုပ် မကောင်းကျိုး ပေးတယ်၊ အမိ ရှိသေ ကိုင်းညွတ် ရမယ်၊ အဖ ရှိသေ ကိုင်းညွတ် ရမယ် ဟုတ်လား၊ (မှန်ပါ့) အဲဒီကဲ့သို့ ယူတဲ့အယူကတော့ သမ္မာဒိဋ္ဌိ မဖြစ် ဘူးလား၊ (ဖြစ်ပါတယ်ဘုရား)။

ဒီသမ္မာဒိဋ္ဌိကလဲ ဝိပဿနာဉာဏ် ပါပလား၊ (မပါသေးပါဘုရား) မပါသေးတော့ သုစရိုက် ဆယ်ပါးထဲမှာ ဝိပဿနာဉာဏ်က မပါသေးတော့ အဖြူကံပဲရှိကယ်၊ (မှန်ပါ့)သူ့အကျိုးပေးလို့ရှိယင်တဲ့ နတ်ရွာသုဂတိ အကျိုးပေးပါတယ်၊ (မှန်ပါ့ဘုရား)။

အမဲကံကအပါယ်လေးပါးပေါ့ဗျာ၊(မှန်ပါ့)အဖြူကံဆယ်ပါးကြောင့် အဖြူအကျိုးပေးယင် နတ်ရွာသုဂတိ အကျိုးပေးပါတယ်၊(မှန်ပါ့ဘုရား)သဘောပါပလား၊(ပါပါပြီဘုရား)။

အမဲအဖြူ ရောတဲ့ကံဆိုတော့ ပြောဖို့ မလိုတော့ဘူး၊ (မှန်ပါ့ဘုရား) လိုသေးသလား၊ (မလိုပါဘုရား)။

သို့သော် ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဘယ်အတွက်ကြောင့် သေနိယတို့ ပုဏ္ဏတို့ဟောရပါလိမ့်မလဲဆိုတော့ဩဘ်-

http://www.dhammadownload.com



ဒီလိုကံတွေကလဲ တကာအနှုန်း ရှိသေးတယ်၊ (မှန်ပါ့) မရှိဘူး လား၊ (ရှိပါတယ်ဘုရား)။

ကဲ....ဒါဖြင့် စတုတ္ထကံကို တကာတကာမတို့အရေးတကြီး ဂရုစိုက်၊ (မှန်ပါ့) အမဲအဖြူမရောတဲ့ကံ၊ (မှန်ပါ့) အမဲအဖြူ မရောတဲ့ကံ ဆိုတာ ဘာပါလိမ့်မတုံး ဆိုတော့ မဂ္ဂင်ရှစ်ပါး၊ (မှန်ပါ့ဘုရား)။

အမဲအဖြူမရောတဲ့ကံက၊ (မဂ္ဂင်ရှစ်ပါးပါဘုရား)မဂ္ဂင် ရှစ် ပါး အလုပ်တရားလို့ တကာတကာမတို့ မှတ်လိုက်တာပေါ့ နော်၊ (မှန်ပါ့)။

မဂ္ဂင်ရှစ်ပါး၊ (အလုပ်တရားပါဘုရား)အင်း–သူကဘာပါ လိမ့်၊ (အမဲအဖြူမရောတဲ့ ကံပါဘုရား)။

ဒါဖြင့် အမဲအဖြူမရောတဲ့–ကံသည် အကျိုးပေးတော့ အမဲ အဖြူမရောတာဘဲ အကျိုးပေးတယ်၊ (မှန်ပါ့ဘုရား)။

အကျိုးပေးတော့၊ (အမဲအဖြူ မရောတာဘဲ အကျိုးပေး ပါတယ်ဘုရား)။

ဒါ အကျိုးပေးမယ်နော်၊ (မှန်ပါ့) ဒါဖြင့် အပါယ်လေး ပါးကော– မပေးနိုင်ဘူး၊ (မှန်ပါ့) အင်း....နတ်ရွာသုဂတိ ကော၊ (မပေးနိုင်ပါဘုရား)မပေးနိုင်ဘူး ဆိုကတည်းက ဒီဟာ တော့ ထည့်မပြောနဲ့တော့ လွတ်သွားပြီ၊ (မှန်ပါ့) မလွတ် သေးဘူးလား၊ (လွတ်ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ ဩော်–သူကဖြင့်‘ကောယနော ယံ ဘိက္ခဝေ မဂ္ဂေါ’ဆိုတဲ့ အတိုင်း နိဗ္ဗာန်ကို အကျိုးပေးမယ်၊ နိဗ္ဗာန်သွားမှာပဲ၊ (မှန်ပါ့)။

http://www.dhammadownload.com



အဲဒီတော့ ဒီနေရာမှာ တကာတကာမတို့ မှတ်စရာ ဒီနေ့ဘုန်းကြီး ပြောချင်တာက မဂ်က နိဗ္ဗာန်ကို အကျိုးပေးတာလား၊ ရောက်အောင် ပို့တာလားလို့ မေးယင် အကျိုးပေးတယ်လို့မယူနဲ့၊ ရောက်အောင်ပို့တယ်လို့ ယူပါ(မှန်ပါ့ဘုရား)။

ဒီ့ပြင်ဟာတွေကတော့ သူ့အကြောင်းနဲ့သူ့အကျိုးသူ့အကြောင်းနဲ့ အကျိုးလို့ ပြောစရာ ဖြစ်လာတယ်၊ (လာပါတယ်ဘုရား)။

မဂ်ကတော့ ဒီလိုအကျိုးပေးသလားလို့မေးတော့ မဟုတ်ပါဘူး၊ (မှန်ပါ့ဘုရား) မဂ္ဂင်ရှစ်ပါးက နိဗ္ဗာန် ရောက်အောင်ပို့တာပဲရှိတယ်၊ (မှန်ပါ့ဘုရား) နို့မဟုတ်လို့ ရှိယင် နိဗ္ဗာန်ကိုဖြစ်စေတဲ့တရား ဖြစ်သွားမယ်၊ (မှန်ပါ့) ဒါ သဘောပါပြီ၊ (မှန်ပါ့ဘုရား)။

"နိဗ္ဗာန်ကို မဂ္ဂင်က ဖြစ်စေတာလားလို့ မေးယင် ဖြစ်စေတာမဟုတ်ဘူး၊ နိဗ္ဗာန်ဟာ ဘယ်သူလုပ်လို့မှ ဖြစ်တာမဟုတ်ဘူး"(မှန်ပါ့) ရောက်အောင်ပို့တတ်ထာပဲရှိတယ်၊ (မှန်ပါ့)။

ဒါဖြင့်အကြောင်းအကျိုးသာ ဆိုရတယ်၊ ရောက်ကြောင်းသာဖြစ်ပါတယ်၊ (မှန်ပါ့) ဖြစ်ကြောင်းတော့ (မဟုတ်ပါဘုရား)။

ဒါ သေသေချာချာ မှတ်နော်၊(မှန်ပါ့)ဒါကြောင့် တရားကို တကာသစ်ရ တစ်နေ့ တစ်လုံး တစ်လုံး ပြောပေးတာ၊ (မှန်ပါ့) များများ ပြောလိုက်လို့ရှိယင် တကာတကာမတွေ ဘာမှ မမှတ်မိတော့ဘူး၊ (မမှတ်မိပါ ဘုရား)။

ကိုင်းဒါဖြင့် မဂ္ဂင် ရှစ်ပါးက အမဲ အဖြူ မရောတဲ့ကံမို့ အမဲအဖြူမရောတဲ့ အကျိုးပေးရတယ်လို့ ဆိုပင် ဆိုရငြားသော်လဲ

http://www.dhammadownload.com



ခုနင်က ဒီကံမျိုးတွေလို အကျိုး ပေးတာ မဟုတ် ပါဘူး၊ (မဟုတ်ပါ) ရောက်ကြောင်းဖြစ်တာကို ဆိုပါတယ်၊ (မှန်ပါ့) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)

ဘယ်လိုမှတ်ကြမယ်၊ (ရောက်ကြောင်း ဖြစ်တာကို ဆိုပါတယ်ဘုရား)။

ဒီ့ပြင်ဟာတွေကတော့ "ကမ္မံ သတ္တေဝိဘဇတိ၊ ကမ္မံသတ္တေဝိဘဇတိ" ရှိပါတယ်၊ (မှန်ပါ့)သဘောကျပလား၊ (ကျပါပြီဘုရား)။

ဒီ့ပြင်ဟာတွေကတော့ ကံနဲ့ ကံ၏အကျိုး (မှန်ပါ့ဘုရား) သဘောကျပလား၊ (ကျပါပြီ) သူကတော့ ကံမှ မဟုတ်တော့ဘဲပဲ၊ ကံလို့သာဆိုရတာ ဒီကံတွေနဲ့ ဆက်လာလို့သာ ကံဆိုရတာ၊ သဘောပါကြပလား၊ (ပါပါပြီဘုရား)။

ဒါဖြင့် သူက အကျိုး ပေးတာလား၊ ရောက်အောင်ပို့တာလား၊ (ရောက်အောင် ပို့တာပါ) အဲ .. ရောက်အောင်ပို့တာလို့သိထားတော့ ဩော် ...မဂ်သည် သမ္ပာပကအကြောင်းပါလား၊ နိဗ္ဗာန်ကို ဖြစ်စေတာ မဟုတ်ပါလား၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဖြစ်စေတဲ့တရား ဘယ်တော့မှ မရှိဘူး၊ (မှန်ပါ့) "နိဗ္ဗာန်ကိုဖြစ်စေတဲ့တရားရှိခဲ့သော် ဖြစ်စေတဲ့အကြောင်း ပျက်ယင် နိဗ္ဗာန် ပျက်ရလိမ့်မယ်၊ (မှန်ပါ့) မပျက်ပေဘူးလား၊ (ပျက်ပါတယ် ဘုရား)။

ဒါ ဉာဏ်နား ကြီးကြီးနဲ့ ထောင်မှ သူ့ဟာက အမှန်ရောက်တယ် တကာသစ်ရေ၊ (မှန်ပါ့ ဘုရား)။

http://www.dhammadownload.com



ပြောရတဲ့ပုဂ္ဂိုလ်က ရှင်းအောင်ပြောပြောသော်လဲ ခင်ဗျားတို့ကသဲ ဉာဏ်ကလေး ထက်ထက်လာမှ အဖိုးက တန်တယ်နော်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာကြွယ်တို့၊တကာသစ်တို့၊ဦးလှဘူးတို့ နိဗ္ဗာန်ကို ဘယ်သူက ဖြစ်စေသတုံး မေးလို့ရှိယင် ဘယ့်နှယ်ပြောကြပါ့မလဲ၊ (ဘယ်သူကမှ မဖြစ်စေပါဘုရား)။

ဘယ်သူကမှ ဖြစ်စေတာမဟုတ်ဘူး၊ (မှန်ပါ့) ဖြစ်စေလို့ရှိယင် ဖြစ်စေဘဲ့အကြောင်း ပျက်ယင် နိဗ္ဗာန်ပျက်မယ်(မှန်ပါ့ဘုရား)။

ဖြစ်စေတဲ့အကြောင်း ပျက်ယင်(နိဗ္ဗာန်ပျက်မှာပါ)နိဗ္ဗာန်ပျက်မယ်၊ သဘောကျပလား၊ (ကျပါပြီဘုရား)။

စဉ်းစား ကြည့်ပါ၊ ဟောဒီ ငရဲရောက်စေတဲ့ ကံတွေကုန်သွားတော့ ငရဲပျောက်တယ်၊ (မှန်ပါ့) သူ့ဟာနဲ့သူနဲ့ ရှင်းနေပြီ၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

ဒါဖြင့် ငရဲရောက်စေတဲ့ ကံကြောင့် ငရဲတွေ ဖြစ်တယ်၊ (မှန်ပါ့)ငရဲထိန်း,ငရဲမီးတွေ ပေါ်မလာဘူးလား(ပေါ်လာပါတယ်) ဒါဟာသူတို့ကတော့ ဖြစ်စေတဲ့အကြောင်း(မှန်ပါ့) ဒါဖြင့် ၁-၂-၃-က ဖြစ်စေတဲ့ အကြောင်းတွေမို့ ဖြစ်စေတဲ့အကျိုးဖြစ်တယ်၊ (မှန်ပါ့ဘုရား)။

စတုတ္ထမြောက် မမဲမဖြူတဲ့ကံကတော့ ဖြစ်စေတဲ့အကြောင်းရယ်လို့ တကာအုန်းက မယူလိုက်ပါနဲ့၊ (မှန်ပါ့) ဖြစ်စေတဲ့အကြောင်းဖြစ်လို့ရှိယင် ဟောဒီနိဗ္ဗာန်ဟာ ဖြစ်စေတဲ့ အကျိုး

http://www.dhammadownload.com



ဖြစ်လိမ့်မယ်၊ (မှန်ပါ့) ဟောဒီ မင်္ဂတွေလဲ မရှိတော့ပါဘူး ဆိုယင် ဟောဒီနိဗ္ဗာန် ပျောက်လိမ့်မယ်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ခိုင်မြဲတဲ့နိဗ္ဗာန်ဆိုတဲ့ အမိပ္ပါယ် ပျောက်သွားပြီ၊ (ပျောက်သွားပါပြီ) တည်တံ့တဲ့နိဗ္ဗာန် (ပျောက်သွားပါပြီ) မပျက်စီးတဲ့ အသင်္ခတနိဗ္ဗာန်ဆိုတာကော၊ (ပျောက်သွားပါပြီ ဘုရား)။

ပျောက်သွားမှာ စိုးရတယ်တဲ့၊ ဒါ့ကြောင့် ဒီ–အမိပ္ပါယ် ကိုလဲ တကာသစ် ကောင်းကောင်း ရှင်းပြဦးမယ်၊ (မှန်ပါ့) ကောင်းကောင်း ရှင်းပြတော့မှ ဦးလှဘူးတို့ ကျေနပ်ပြီ၊ (ကျေနပ်ပါပြီဘုရား)။

ဒါဟာ ၁-၂-၃-ဖြစ်စေတဲ့အကြောင်းနဲ့ ဖြစ်စေတဲ့အကျိုး ပေါ့ဗျာ၊ (မှန်ပါ့) သူကတော့ ရောက်စေတဲ့ အကြောင်း ကြောင့် ရောက်ရာဌာန ရောက်ရတယ်၊ (မှန်ပါ့) ဒီလိုယူရမှာ (မှန်ပါ့ဘုရား)။

ရောက်စေတဲ့ အကြောင်းကြောင့် ရောက်ရာဌာန ရောက်ရ တယ်၊ (မှန်ပါ့) သူက ဒီလိုယူရမှာ၊ (မှန်ပါ့ဘုရား)။

အံမာ–တကာ တကာမတို့ ဒီဥစ္စာ လွယ်တယ် မှတ်မနေနဲ့ နော် (မလွယ်ပါ) လွယ်တယ်မှတ်မနေနဲ့ တကာကြွယ်ရ (မလွယ် ပါ) အိမ်တွင်နေလို့ ခင်ဗျားတို့စာအုပ်တွေ ကြည့်လို့ရှိယင် ဝေးပါသေးရဲ့၊ (မှန်ပါ့) ရ,ကို မရဘူး၊ (မှန်ပါ့) ရကို-မရနိုင် ပါဘူးတဲ့၊ ကဲ–ဒါဖြင့် မှတ်မိကြပလား (မှတ်မိပါပြီဘုရား)။

http://www.dhammadownload.com



အခု ပြောလိုက်တော့ တကာအုန်းကို ကံနဲ့ ရောပြောလိုက်တော့ သူ့ကို ကံထင်နေတယ်၊ (မှန်ပါ) ကံထင်ယင် အကျိုးပေးလေရဲ၊(မှန်ပါ) ဧင်စစ်တော့ဖြင့် မဟုတ်ပါဘူးတဲ့ သူဉာဏ်ပဲ ရှိပါတယ်၊ (မှန်ပါ့ဘုရား)။

ကောင်းပြီ ဒါဖြင့် ၁-၂-၃-ကတော့ဖြင့် ဖြစ်စေသောအကြောင်း၊(မှန်ပါ) ၄-ကတော့ရောက်စေသောအကြောင်း၊ (မှန်ပါ့ဘုရား)။

၁-၂-၃-က၊ (ဖြစ်စေသောအကြောင်းပါ)ဖြစ်စေသောအကြောင်းနဲ့ ဖြစ်ဖို့အကျိုးတွေသုံးခုပေါ်လာတယ်၊(မှန်ပါ) ၄-နံပါတ် ကတော့ တကာ တကာမတို့၊ (ရောက်စေသောအကြောင်းပါ) ရောက်စေသောအကြောင်း၊သူကဖြစ်အောင်တော့မလုပ်နိုင်ဘူး၊နိဗ္ဗာန်ဖြစ်အောင်မလုပ်နိုင်ဘူး(မှန်ပါ)သူ့ပို့ပေးမယ်ပြောတာပဲ(မှန်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

အဲဒါခွဲခွဲခြားခြားသိသွားလို့ရှိယင်ဖြင့်ခင်ဗျားတို့အတွက်ဘုန်းကြီး အများကြီးကျေနပ်ပါတယ်၊ (မှန်ပါ့ဘုရား)။

လွယ်ကို မလွယ်လို့ တကာအုန်း သေသေချာချာပြောနေတာ၊ (မှန်ပါ) လွယ်ပါ့မလား၊ (မလွယ်ပါဘုရား)။

မလွယ်ဘူးတဲ့၊ဖြစ်စေတဲ့အကြောင်း ဖြစ်ခဲ့သော် သူများလိုပေါ့ဗျာ၊ သူလဲဖြစ်စေတဲ့အကြောင်းသာဆိုယင်ဖြင့် ဒီမဂ်ကလဲ အနိစ္စတရား၊ နိဗ္ဗာန်လဲ အနိစ္စဖြစ်မယ်၊ (မှန်ပါ) မဖြစ်ပေဘူးလား၊ (ဖြစ်ပါတယ်) အဲဒါ ကွဲကွဲပြားပြား ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ဒါသံသယရှိတဲ့ပုဂ္ဂိုလ်များအတွက်မှာဖြင့် သံသယပျောက် လောက်ပါပြီ၊ (မှန်ပါ့) မပျောက်သေးဘူးလား၊ (ပျောက် ပါပြီဘုရား)။

အေး ဒါ့ကြောင့် သဘောကို ပြောရတဲ့အခါကျလို့ရှိယင် ဖြင့် တကာတကာမတို့ အထူးဂရုစိုက်ပြီး သြော်-ဒီလိုပါလား ဆိုတာ ကိုယ့်ဉာဏ်ထဲမှာ ဆုံးဖြတ်ချက် ချနိုင် လောက်အောင် နားထောင်ကြပါ၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီအဖြူကံက ဖြူသောအကျိုးပေးတယ်လို့ ဆိုတော့ သူက အကြောင်းနဲ့အကျိုး ဆက်နေတယ်၊(မှန်ပါ့)ဆိုတော့ သြော်- နတ်ရွာသုဂတိတွေကလဲ ရောက်ကြောင်း လုပ်လိုက်လို့ ရှိယင် ရောက်ကျိုးဆိုတာ ရတာပဲ၊ (မှန်ပါ့)သဘောကျပလား (ကျပါပြီဘုရား)။

ဒီကတော့ ပွားများပြီးလုပ်လို့ မဂ္ဂင်ဆိုက်လာမှ ခန္ဓာထဲ မဂ္ဂင်ရှစ်ပါးပြည့်လာမှ နိဗ္ဗာန်ရောက်ကြောင်း အဖြစ်နဲ့ သူက ပို့ပေးတယ်၊ (မှန်ပါ့) ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒီ့ပြင်ဟာတွေက လုပ်ပြီး အိပ်နေ ဒီသုံးခု ပေါ် ရော၊ (မှန်ပါ့)။

သူကတော့ လုပ်ပြီး အိပ်နေလို့ကို မရဘူး၊ အမြဲ လုပ်ပြီး သကာလ ထာဝရဆိုသလို မဂ်စိတ်ဆိုက်လာတော့လဲ ဒီမဂ် ပြီး တာပေါ့ဗျာ၊ (မှန်ပါ့)။

အဲဒီလို ရောက်ပြီးတဲ့အခါ ကျလို့ရှိယင် မပို့ပါနဲ့ဆိုလို့ကို မရဘူး၊ (မရပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒီလိုလုပ်ကြ၊ ဒီကံတွေက ကြွားဖြတ် ဝင်နိုင်တယ်၊ (မှန်ပါ) ဒီကံက ကြွားဖြတ် မဝင်နိုင်ဘူး၊ (မှန်ပါ) ဒါ သေသေချာချာ အထူးမှတ်ပါ၊ (မှန်ပါဘုရား)။

အမဲကံက အမဲ အကျိုးပေးတဲ့ဥစ္စာကို ကြွားဖြတ် ဝင်နိုင်တယ်၊ (မှန်ပါ) အဖြူကံဟာ အဖြူ အကျိုးပေးတယ် ဆိုငြား သော်လဲ ကြွားဖြတ် ဒီကံက ဝင်သွားမယ်ဆိုယင် ပျက်တယ်၊ (ပျက်ပါတယ်ဘုရား` အမဲအဖြူရောဘဲ့ကံကလဲ ကြွားဖြတ်ဝင် သွားယင်၊(ပျက်ပါတယ်ဘုရား)။

သူကတော့ "သမ္မတ္တနိယတာမဂ္ဂ" တဲ့၊ မဖောက်မပြန်ဘဲနဲ့ နိဗ္ဗာန် ရောက်အောင် ပို့တယ်၊ သူ့မှာ ကြွားဖြတ် ဝင်စရာ အကြောင်းမရှိဘူး၊ (မရှိပါ) ဒါလဲ သေသေချာချာ မှတ်ရ မယ်၊ (မှန်ပါဘုရား)။

တကာသစ် ဒီနေ့ပြောတာ နည်းနည်းနောနော သဘော မဟုတ်ဘူးနော်၊ (မှန်ပါ)သေသေချာချာ ဉာဏ်နားနဲ့ တကာ ကြွယ်နာပါ၊ သာမည နာလို့မရဘူးနော်၊ (မှန်ပါဘုရား)။

ကျန်တဲ့ ၁-၂-၃-ကတော့ကြွားဖြတ်ကံက ဝင်နိုင်ပါတယ် (ဝင်နိုင်ပါတယ်)ဘာကြောင့်တုံး ဆိုတော့ ဒီကံတွေက မမြဲတဲ့ ကံတွေ၊(မှန်ပါ) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

စတုတ္ထဖြစ်တဲ့ အကဏှအသုက္ကဖြစ်တဲ့ မမဲမဖြူတဲ့ကံကတော့ သူတပါးကြွားဖြတ်လို့၊(မရပါ) မရဘူးတဲ့၊သမ္မတ္တ နိယတာ မဂ္ဂ=မဖောက် မပြန်ဘဲနဲ့ နိဗ္ဗာန် ရောက်အောင် ပို့တယ်၊ (မှန်ပါ)ဒါဘယ်သူလာရှုပ်ရှုပ် တားလို့ ဆီးလို့ မရဘူး၊၊ (မှန်ပါ)သဘောကျပလား၊ (ကျပါပြီဘုရား)။

http://www.dhammadownload.com



ကဲ-ဒါဖြင့်ယုတ်စွအဆုံး မရသေးတဲ့ ပုဂ္ဂိုလ်တောင် ဒီဘဝ ရမယ်လို့ သူသေချာပြီးသားဖြစ်လာလို့ရှိယင်သံကိစ္စသာမဏေ တို့ ထောက်ကြည့်၊ မီးရှို့တာတောင် မလောင်ဘူး၊ (မှန်ပါ့) မရသေးဘူး၊မရသေးဘူးနော်၊ (မှန်ပါ့)ရမှာကေန်ဖြစ်နေတဲ့ အတွက် သူကလှမ်းထားတယ်၊ (မှန်ပါ့)ဘယ်လောက် သတ္တိ ထက်သလဲဆိုတာ ပေါ်ပလား၊ (ပေါ်ပါပြီဘုရား)။

သူက မီးပုံထဲကကို တခါတည်း အမိဝမ်းပိုက်ထဲကနေပြီး တံစူးဝါးနဲ့ထိုးလိုက်တဲ့အခါပြင်ဘက်ထွက်လာတယ်(မှန်ပါ့) အဲဒီအချိန်မှာ သူ မဂ်ရပလား၊ မရသေးဘူးလား မေးယင်.... (မရသေးပါဘုရား)။

သူ့ ခလေးကလေးရှိသေးတယ်၊ (မှန်ပါ့)ဒါတောင်မှ သူ့ အရှိန်အစော်ဟာသူရမယ်ကေန်ဖြစ်နေတဲ့အတွက် သေခွင့်မကြုံ ဘူး၊ (မှန်ပါ့ဘုရား)။

ကဲ-အရှိန်အစော်ကြီးတာနဲ့ပဲသေခွင့်မကြုံဘူးဆိုကတည်း က သြော်-သူ့ သတ္တိဟာ တကယ်ရမယ် ဆိုလို့ရှိယင် ကြာကံ ဖြတ်လို့မရပါကလား၊ (မှန်ပါ့)မီးရှို့လို့ မရဘူး၊ (မှန်ပါ့) ပေါ်ပလား (ပေါ်ပါပြီဘုရား)။

ဒါဖြင့်ခင်ဗျားတို့ ဒီကံတွေ ပြည့်စုံအောင် လုပ်မယ်ဆိုလို့ ရှိယင်ဖြင့် ဒို့ ဘာကြောက်စရာ ရှိသတုံး၊ မတော် သေခါနီး များဒီ့ပြင်ဟာတွေများ ဝင်လာ ခက်ချည်သေးရဲ့၊(မှန်ပါ့) ဘာမှမပူနဲ့၊ကြားဖြတ် မဝင်နိုင်ဘူး၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီ)ဘယ်လိုမှတ်ရမယ်(ကြားဖြတ်မဝင်နိုင်ပါဘုရား)

http://www.dhammadownload.com



ဒါဖြင့် ဒီကံတွေဟာ ကြားဖြတ်ဝင်နိုင်တာချည့်ပဲ၊ (ဝင်နိုင်ပါတယ်) မဂ်ကတော့၊ (မဝင်နိုင်ပါဘုရား)။

ဒါဖြင့်သြော်-ဒို့အနှောက်အရှက်ကင်းပြီးသကာလအကျိုးပေးမှန်မှန်ကြီး အကျိုးပေးအောင်၊ဒို့စိတ်ချရအောင်ဆိုလို့ရှိယင်ဖြင့် ကြားထဲက ခုနင်က ၁-၂-၃-တို့လို ကြားဖြတ်မဝင်အောင် ကြားဖြတ်မဝင်နိုင်တဲ့ကံတွေ ကိုယ်ပိုင်လုပ်ထားရမယ် (မှန်ပါ့) မလုပ်ထိုက်ဘူးလား-လုပ်ထိုက်သလား၊ (လုပ်ထိုက်ပါတယ်)တကာကြွယ် သေချာပလား၊ (သေချာပါပြီဘုရား)။

မလ္လိကာမိဖုရားကြီးကျတော့ ဟောဒီအဖြူကံတွေ ပေါ်လို့ ဒီက အမဲ ကြားဖြတ်ချလိုက်တာ အဝီစိငရဲမှာ ခုနစ်ရက်ကျရတယ်၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီ) ဒီ့ပြင်ဟာက ကြားဖြတ်ဝင်နိုင်တယ်ဆိုတာ ပေါ်ပလား၊ (ပေါ်ပါပြီ)ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

ကောင်းပြီတဲ့ တသက်လုံး တံငါလုပ်လာတဲ့ပုဂ္ဂိုလ်ကိုလဲ့တဲ့ တကာတကာမတို့ ကြားဖြတ် ကုသိုလ်ကလေး လုပ်လိုက်ပြန်တော့ ကုသိုလ်ဘက်က ကုသိုလ်က. အမဲကံနေရာကို ကြားဖြတ်လို့ရတယ်၊ (ရပါတယ်) အဲဒီတော့ အမဲ အဖြူဆိုတာ ပြောဖို့လိုသေးသလား၊ (မလိုပါဘုရား)။

အဲ-စတုတ္ထကံကတော့ တကာတကာမတို့ သေသေချာချာ စဉ်းစားပါတဲ့၊ကိုယ်ပိုင်လဲရအောင်လုပ်ပါ၊ သူများကို ကြားမဖြတ်နိုင်ဘူး၊ (မှန်ပါ့) တကာအုန်း စိတ်မချရ ဘူးလား၊ (ချရပါတယ်ဘုရား)။

http://www.dhammadownload.com



အဲဒီတော့ ပါဠိတော်ကိုလိုချင်လို့ရှိယင်ဖြင့် ဓမ္မသင်္ဂဏီပါဠိ တော်မှာ....သမ္မတ္တနိယတာဓမ္မာ=မဖောက်မပြန်ဘဲနဲ့ မြဲသော အကျိုးပေးတာကဖြင့် သူပဲတဲ့၊ (မှန်ပါ့ဘုရား)။

ဘယ်တော့မှမဖောက်ပြန်ဘူးတဲ့၊ (မှန်ပါ့) မဂ်ရတဲ့ပုဂ္ဂိုလ် ပါဏာတိပါတ လွန်ကျူးပါဆိုလို့ကော၊ (မကျူးပါ)မလွန် ကျူးတော့ဘူး၊ သဘောကျပလား၊ (ကျပါပြီ)သေရည် သေ ရက်သောက်ပါဆိုလို့ကော၊ (မသောက်ပါဘုရား)။

သူက သူရောက်လာတယ် ဆိုယင်ဖြင့် သူပယ်လိုက်တာပဲ တကာကြွယ် အကုန်ပယ်ပြီးသား၊ (မှန်ပါ့ဘုရား)။။

ဒါဖြင့် သူပယ်လိုက်တာကို ဘေးကပုဂ္ဂိုလ်တွေက ဘယ်လို ပဲ ဖျက်ဆီးနှောင့်ယှက်သော်လဲ၊ (မရပါ) မရနိုင်ဘူးဆိုတာ သူ မြဲတယ်(မှန်ပါ့)သဘောပါကြပလား၊ (ပါ-ပါပြီဘုရား)။

သူမြဲတဲ့အတွက် သူသည် မြဲသောအကျိုးကို ပေးရတယ်၊ (မှန်ပါ့)မြဲသောနိဗ္ဗာန်ကိုလဲ ရောက်အောင်ပို့ရတယ်၊(မှန်ပါ့) ကဲ-ဦးလှဘူး စိတ်ချရပလား၊ (စိတ်ချရပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ကျုပ်တို့မှာ ခင်ဗျားတို့အိမ်မှာ ဥပမာ စစ်သံဘာသံတွေကြားတဲ့အခါတော့ ဟော့....မရွှေ့နိုင်တဲ့ ပစ္စည်းစုရအောင်ဟော့တဲ့၊(မှန်ပါ့) ဒါကို ခင်ဗျားတို့ ဂရုစိုက် ကြတယ်၊ (စိုက်ပါတယ်ဘုရား) မစိုက်ကြဘူးလား၊ (စိုက်ပါ တယ်ဘုရား) ရှိ-ရှိသလိုပေါ့ဗျာ၊ (မှန်ပါ့) မရှိတော့လဲ မရှိတဲ့ ပုဂ္ဂိုလ်ပေါ့၊ (မှန်ပါ့ဘုရား)။

အဲဒီတော့ မရွှေ့နိုင်တဲ့ပစ္စည်း ပေါင်နှံလွယ်တဲ့ပစ္စည်း လူသုံး များတဲ့ပစ္စည်း၊ အဲဒါသည်ကားလို့ဆိုယင် ဒီပစ္စည်းကိုဒီ့ပြင်

http://www.dhammadownload.com



ဟာတွေကတော့ကွာ မီးလောင်ယင်လဲ ပြာကျသွားယင် ခက်တယ်ကွ၊ အစရှိသည်နဲ့၊ ညများတိုင်ပင်သလိုပေါ့လေနော်၊ (မှန်ပါ့ဘုရား)။

ထိုနည်းအတူပဲ–တဲ့၊ ဘယ်အခါကာလမဆို အသုံးတည့်တဲ့ ပစ္စည်းဟာ အားကိုးရတဲ့ပစ္စည်းမှတ်ပါ၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒါ- အသုံးတည့်တဲ့ ပစ္စည်းပဲ၊ (မှန်ပါ့) ဒါဖြင့် သူ့နိဗ္ဗာန်ကို တကယ်တမ်း အားကိုးရာအဖြစ်နဲ့ တကယ်တမ်း ရောက်စေနိုင်တဲ့ တရားပဲ၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဖြစ်စေတာလား-ရောက်စေတာလား၊ (ရောက်စေတာပါ) ကျန်သုံးခုကတော့ ဘယ့်နှယ်ဖြေကြမလဲ၊ (ဖြစ်စေတာပါ) ဖြစ်စေတာနဲ့ ရောက်စေတာဟာ တခြားစီပါလား၊ (တခြားစီပါဘုရား)။

တကာ တကာမတို့ ဘယ်လို မှတ်ကြမယ်၊ (ဖြစ်စေတာနဲ့ ရောက်စေတာဟာ တခြားစီပါဘုရား)။

ဖြစ်စေတာကတော့ ၁-၂-၃-ပဲ၊ (မှန်ပါ့) သူတို့က ဖြစ်စေနိုင်တယ်၊ (မှန်ပါ့) သူကတော့ ရောက်စေနိုင်တယ်၊ (မှန်ပါ့ဘုရား)။

အဲဒါတွေ ရော့ဟောလို့ရှိယင် တကာအနုန်း ရောကုန်ပြီ၊ (မှန်ပါ့) ရောကုန်ပြီ–ရောကုန်ပြီ၊ (မှန်ပါ့) မင်းနိဗ္ဗာန်ရောက်မှာပေါ့ကွာ၊ ဖြစ်စေကနေပြီး ရောက်စေဘက် ကူးနေတယ်၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



သေသေချာချာ နားကြီးကြီးနဲ့ ခုလို ခရေစေ့တွင်းကျ သူ့အကွက်နဲ့သူပြမှ ဒီဥစ္စာကလဲ တကာကြွယ် ရှင်းတာနော်၊ (မှန်ပါ့) ဒီအတိုင်းပြောင်းဖို့ ဆိုတာကတော့ လွယ်ကို မလွယ်ဘူး၊ ပုံချပြလို့ အခုရှင်းတာ၊ (မှန်ပါ့) ကဲ-ဒါဖြင့် ပေါ်ကြပါပြီ၊ (ပေါ်ပါပြီဘုရား)။

ကဲ-ဒါဖြင့် သူသည် တကာ တကာမတို့ ရောက်လဲ ရောက်စေတယ်၊ သူ့သတ္တိနော်၊ (မှန်ပါ့) ဟောဒီကံ သုံးကံကိုလဲ ဖြတ်တယ်၊ (မှန်ပါ့)။

သေသေချာချာမှတ်ပါ၊ နိဗ္ဗာန်ကိုလဲ (ရောက်စေပါတယ်) ကံသုံးကံကိုလဲ (ဖြတ်ပါတယ်ဘုရား) တယ်လဲ အဖိုးတန်ပါလား၊ (အဖိုးတန်ပါတယ်ဘုရား)။

ကံသုံးကံကိုလဲ (ဖြတ်ပါတယ်ဘုရား) နိဗ္ဗာန်လဲ (ရောက်စေပါတယ်ဘုရား)။

ဒါဖြင့် ဘယ်အခါမှ မရိုးတဲ့ပစ္စည်းဟာ သူပဲ၊ (မှန်ပါ့) ဘယ်အခါမဆို အားကိုးထိုက်တဲ့ပစ္စည်းဟာ (သူပါဘုရား) ဘယ်မင်းလာလာ ကျုပ်တို့ငွေစက္ကူတွေလိုမဟုတ်ဘူး (မဟုတ်ပါဘုရား) မဟုတ်ဘူးလား၊ မင်းပြောင်း- စက္ကူပြောင်းတာကိုး၊ (မှန်ပါ့) အခုတော့ ဒီလိုဟုတ်ကဲ့လား၊ (မဟုတ်ပါဘုရား) ကဲ-ထာဝရပစ္စည်းဟာ သူပဲ၊ (မှန်ပါ့)။

ဒါကြောင့် သမ္မတ္တနိယတာမှာ= မဖောက် မပြန်ပဲနဲ့ အကျိုးပေးတယ် (မှန်ပါ့) ဒီ့ပြင်ဟာတွေက ဖောက်ပြန်တယ်၊ (မှန်ပါ့) ဒီ့ပြင်ဟာတွေက ဖောက်ပြန်တယ်၊ (ဖောက်ပြန်ပါတယ်ဘုရား) သူကကော၊ (မဖောက်ပြန်ပါဘုရား)။

http://www.dhammadownload.com



ဒါ့ကြောင့် ခင်ဗျားတို့ ယနေ့ တရားနာရတာသည် တကာ တကာမတို့ သဘောမှာဖြင့် အင်မတန်ကြီးပါတယ်၊(မှန်ပါ့) သဘောအတွက်မှာ သိပ်ကောင်းတယ်၊ (မှန်ပါ့) တရားနာ လို့တော့ ဒါလောက် မကောင်းဘူး၊ (မှန်လှပါဘုရား)။

ကဲ—သို့သော်လဲ ဒါတွေသိထားမှသာလျှင် ဩော်....ဒို့လဲ အားကိုးရာအစစ်ရှာပါတော့မယ်ဆိုတဲ့ စိတ်ကိုဆုံးဖြတ်ချက်ချ တဲ့ ပုဂ္ဂိုလ်များကျတော့ အင်း....အမဲလဲချနိုင်တာပဲ၊ အဖြူလဲ လမ်းမဆုံးသေးဘူး။ အမဲအဖြူ မရောတဲ့ကံသည် ဒို့၏ အား ထားရာ ကိုးစားရာအစစ်ပဲဆိုတာ ပေါ်လာတယ်၊ (ပေါ်လာ ပါတယ်ဘုရား) မပေါ်သေးဘူးလား၊ (ပေါ်လာပါတယ် ဘုရား)။

ကဲ....ဒါဖြင့် ဘာအားကိုးကြမယ်၊ (အမဲ အဖြူမရောတဲ့ကံ အားကိုးကြပါမယ်ဘုရား)အားကိုးရာ အစစ်ပေါ့ဗျာ၊(မှန်ပါ့ ဘုရား)။

ဒီ့ပြင်ဟာတွေကသူများကြွားဝင်၊(ပျက်ပါတယ်ဘုရား) ပျက်တယ်ဆိုတာ ပေါ်ပလား၊ (ပေါ်ပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ဒီဥစ္စာဟာ တကာ အုန်း ကျကျနန ဒီနေ့ သိတဲ့နေ့ပဲ၊(မှန်ပါ့) ဆိုထိုက်ကြပလား (ဆိုထိုက်ပါတယ်ဘုရား)။

ဒါဖြင့် သူ့မှာ ဘယ်နှစ်သတ္တိရှိသတုန်း ဆိုတာကလေးကို နိဂုံးချုပ်မှတ်လိုက်၊ (မှန်ပါ့) နိဗ္ဗာန်ကိုသဲ ရောက်စေတယ်၊ (ရောက်စေပါတယ်) တစ်ပါးသောကံတွေကို မကောင်းတာ

http://www.dhammadownload.com



တွေ့ဟူသရွေ့ မဟုတ်တာတွေ ဟူသရွေ့ အကုန်ဖြတ်တယ်၊ (ဖြတ်ပါတယ်ဘုရား) သဘောကျပလား၊ (ကျပါပြီ)။

ဒါဖြင့် ဘုရားက ဟောဒီဥစ္စာက္ခာ .. တဲ့ ကံတွေကို ကုန်စေတတ်တဲ့တရား....တဲ့၊(မှန်ပါ့ဘုရား) ကံကိုကုန်စေပြီးသကာလ မဖေါက်မပြန်ဘဲနဲ့ နိဗ္ဗာန်အရောက်ပို့တဲ့ တရားတဲ့ ဒါကို သေချာချာမှတ်ပါ၊ (မှန်ပါ့)။

ကံတွေကိုသဲ၊ (ကုန်စေတတ်ပါတယ်ဘုရား) နိဗ္ဗာန်ကိုလဲ၊ (ရောက်စေတတ်ပါတယ်ဘုရား)။

ဒါဖြင့် ဒီတကာတကာမတွေ ဒီဟာအားကိုးရာအစစ်အမှန်ဖြစ်၍ မလုပ်မနေရမည့်တရား သူပါဝင်တယ်၊ (မှန်ပါ့)။

စစ်ရိပ်စစ်ငွေ့ နီးလာတဲ့အခါကျလို့ရှိယင် ဒီပစ္စည်းဟာဖြင့် မသုံးမဖြစ်တဲ့ပစ္စည်း ဒို့ထားမယ်ဆိုတဲ့စိတ်ထားရှိသလို၊ ဒီမှာလဲ တကာတကာမတွေ တကယ်အားကိုးရာအစစ်ကိုဖြင့် မလုပ်ဖြစ်တဲ့ပစ္စည်းမို့ အရလုပ်ထားမယ်ဆိုတဲ့စိတ်ကို တကာကြွယ် မွေးရလိမ့်မယ်၊ (မွေးရမှာပါဘုရား) ဦးလှဘူး ကျေနပ်ပလား၊ (ကျေနပ်ပါပြီဘုရား)။

ကောင်းပြီ–ဒါဖြင့် တကာတကာမတို့ ဒုစရိုက်ဆယ်ပါးက တကာတကာမတို့ မဲသောအကျိုးပေးတယ်၊(မှန်ပါ့)သုစရိုက်ဆယ်ပါးက၊ (ဖြူသောအကျိုးပေးပါတယ်)ဒုစရိုက်,သုစရိုက် အရောက၊ (အမဲအဖြူအကျိုးပေးပါတယ်)ဒုစရိုက်,သုစရိုက်နဲ့ ဘာမှမဆက်ဆံတဲ့မဂ္ဂင်က၊ (နိဗ္ဗာန်အကျိုးပေးပါတယ်ဘုရား) အဲ....နိဗ္ဗာန်အကျိုးပေးတယ် မယူနဲ့၊ နိဗ္ဗာန်အရောက်ပို့တယ်

http://www.dhammadownload.com



ယူ၊ (မှန်ပါ) အင်း...အကျိုးပေးတယ်ဆို သူကလုပ်တာလို့ အမိပွါယ် ရောက်သွားလိမ့်ဦးမယ်၊ (မှန်ပါ)။

ရောက်လို့ရှိယင်အကြောင်းပျက်ယှင်၊ (အကျိုးပျက်ပါတယ် ဘုရား) အကျိုးပျက်သွားတော့ နိဗ္ဗာန်ဟာ ပျောက်သွား လိမ့်ဦးမယ်၊ (မှန်ပါ) သဘောပါပလား၊ (ပါ-ပါပြီဘုရား)။

ဒါကြောင့် တကာသစ်ရေ မလွယ်ဘူးဆိုတာ ပေါ်ပလား (ပေါ်ပါပြီ) မလွယ်ဘူး .. မလွယ်ဘူး။

ကဲ .. ဒါဖြင့် တကာတကာမတို့ ဒီဥစ္စာ အားလုံး တရားနာ လာကြတဲ့ တကာတကာမတွေ ဩော်....ဒို့ဘုန်းရှိ, ကံရှိ, ပါရ မီရှိ,အသေ မဦးသေးလို့ ဒို့လာလို့ ကြားလိုက်ရတာ၊ (မှန်ပါ) ဒါကလေး ဩော်....ဒို့အားကိုး အစစ်ဟာ ဒါထားကြတယ် (မှန်ပါ) ၂-ကိုထားကြတယ်၊ (မှန်ပါ) သဘောကျပလား၊ (ကျပါပြီ) ၄-ကိုရောက်တဲ့ပုဂ္ဂိုလ်ဟာ ရှားတယ်၊ (ရှားပါ တယ်ဘုရား) မရှားဘူးလား၊ (ရှားပါတယ်ဘုရား)။

အခု သေပျော်ပြီဆိုတဲ့ဥစ္စာ ဒါတွေပဲ၊ (မှန်ပါ) သေပျော် နေပျော်ရှိပြီဆိုတာ ဒါတွေပဲ၊ (မှန်ပါ) သို့သော်....လမ်းမ ဆုံးသေးဘူးဆိုတာ ပေါ်ပလား။ (ပေါ်ပါပြီ) သူ့ကိုပဲ ယောဒီ မဂ္ဂင်က ဖြတ်ရဦးမှာ၊ (မှန်ပါ) သဘောကျပလား၊ (ကျပါပြီဘုရား)။

ဘယ့်နှယ်ကြောင့် ဖြတ်ရသတုံး....လို့ မေးတဲ့အခါ သူက နတ်ရှာသုဂတိ အကျိုးပေး ပစ်လိုက်တယ်၊ (မှန်ပါ) နတ်ရှာ သုဂတိဆိုတော့ ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါ) အင်း....ဒုက္ခ

http://www.dhammadownload.com



သစ္စာအကျိုးပေးမှာကို သူက ဖြတ်ရလိမ့်မယ်၊ (မှန်ပါ) ရှင်းပလား၊ (ရှင်းပါပြီ)။

အဲဒါ မလုပ်နဲ့လို့ဆိုတာမဟုတ်ဘူး–တဲ့၊ ဝိဝဋ္ဋဖြစ်အောင် လုပ်၊ (မှန်ပါ)။

ဝိဝဋ္ဋဖြစ်အောင်(လုပ်ရမှာပါဘုရား)ဝိဝဋ္ဋဖြစ်အောင် ဒီကံ တကာတကာမတွေ ဝိဝဋ္ဋဖြစ်အောင် တစ်ခါတည်း ၄–နံပါတ် ဆိုက်လာအောင် ဒုက္ခသစ္စာမြင်ပြီး ဒီဒုက္ခဝဋ်ကိုမုကျွတ်ချင်လို့ လှူပါတယ်, တန်းပါတယ်, ကျောင်းဆောက်ပါတယ်, ဘုရားတည်ပါတယ်ဆို လုပ်သာလုပ်၊ (မှန်ပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ဒီ-ကမ္မဿကတဉာဏ်လောက်နဲ့တော့မတော်ဘူး (မှန်ပါဘုရား)သစ္စာအနုလောမိကဉာဏ် ရောက်အောင် (လုပ်ရပါမယ်) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဖြစ်ပျက် ခန္ဓာတွေကို....မြင်ပြီးသကာလ ဒီဒုက္ခဝဋ်မှ ကျွတ်ချင်လို့ ဒီကျောင်း, ဒီဘုရား ဒီဆွမ်းတွေ ကျွေးပါတယ်ဆိုလို့ ရှိယင် တကာကြွယ် အကြီးအကျယ်လွတ်ပါတယ်၊ (မှန်ပါဘုရား) ပေါ်ပလား၊ (ပေါ်ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ စတုတ္ထကံသည် သတ္တိ ဘယ်နှစ်သတ္တိရှိသလဲပြန်ပြီးမေးပြန်တယ်၊(နှစ်သတ္တိပါဘုရား)၊ သူများကံကိုလဲ၊ (ဖြတ်ပါတယ်) နိဗ္ဗာန်ကိုသဲ၊ (ပို့ပါတယ်) အဲ....ဒါဖြင့် ကံဖြတ်တယ်၊ အရောက်လဲပို့တယ်၊ (မှန်ပါဘုရား)။

http://www.dhammadownload.com



ကံကိုလဲ၊ (ဖြတ်ပါတယ်ဘုရား) အရောက်လဲ၊ (ပို့ပါတယ်ဘုရား)။

ဒါဖြင့် ဒီကံသည် တကာအုန်းတို့ကိုးစားထိုက်-အားထားထိုက်တဲ့ကံပဲ၊ (မှန်ပါ့ဘုရား)သေချာပြီမဟုတ်လား၊ (သေချာပါတယ်ဘုရား)။

သေချာတော့ တကာတကာမတို့-တဲ့ ဟုတ်, မဟုတ် အကဲခတ်ကြတာပေါ့နော်၊ (မှန်ပါ့)ဟုတ်-မဟုတ် အကဲခတ်တဲ့အခါ ကျတော့ ခင်ဗျားတို့ အခုတော့ ဝတ္ထုသက်သေသာဓကတွေနဲ့ ဟော သူသတ်ယောကျ်ား ဝတ္ထုတွေမှာ အမဲကံ၊ (မှန်ပါ့ဘုရား)။

ဦးဘအုန်း ဘာကံခေါ်သလဲ၊ (အမဲကံပါဘုရား) အမဲအကျိုးပေး ပါတော့လား.... မပေးဘူး၊ (မှန်ပါ့) ဒီကံက စတုတ္ထ အထမြောက်သွားလို့၊ (မှန်ပါ့)စတုတ္ထအထမြောက်သွားတဲ့အတွက် သူ-ရဲကျသေးရဲ့လား၊(မကျပါဘုရား)ဘယ့်နှယ်ကြောင့်ပါလိမ့်၊ (ဖြတ်ချလိုက်လို့ပါ ဘုရား) အမဲ အဖြူမရောတဲ့ကံကဖြတ်ချလိုက်ပါတယ်၊ (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

အမဲအဖြူ မရောတဲ့ကံက၊(ဖြတ်ချလိုက်ပါတယ်ဘုရား)အမဲတွေ အကုန်ဖြတ်ချလိုက်တယ် .. အမဲ အကျိုးတွေ ဖြတ်တယ်၊ (မှန်ပါ့ဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် တကာ တကာမတို့ တချို့ အဖြူတွေပဲ လုပ်ပြီးသကာလ ယူကြတာပဲတဲ့၊ လင်နဲ့မယား တောင်းချင်တဲ့

http://www.dhammadownload.com



ဆုတောင်းပြီးသကာလ ဤကုသိုလ်ကြောင့် လူ့ပြည်, နတ်ပြည် အကြိမ်ကြိမ်ခံစား၍ ဆိုတာတွေက နုတ်ကို တက်နေတာပဲ၊ (မှန်ပါ့) နိဗ္ဗာန်ဆိုတာလဲ ရောက်ဖို့ရာမရှိဘူး၊ သူ့အကြိမ်ကြိမ် ကလဲဘယ်လောက်မှန်းမသိဘူး၊ နေချင်သလောက်နေပါရစေ ဆိုတော့ သေချင်သလောက် သေပါစေဆိုတာက ပါနေတယ်၊ (မှန်ပါ့ဘုရား) မပါဘူးလား၊ (ပါ-ပါတယ်ဘုရား)။

အဲဒါတွေက ဒီလိုလှူဒါန်းပေးကမ်းပြီး သကာလ မသိခင် က လုပ်တဲ့ ဝဋ္ဋဒါနတွေကိုလဲ တဲ့ တကာ တကာမတွေ သိတဲ့ အတိုင်းတဲ့ဝိသာခါများ ဥပုသ်စောင့်တာတွေဟာ ကျုပ်သား ကောင်းရတနာ မွေးဖွားဖို့၊ (မှန်ပါ့)မလာဘူးလားဗျာ (လာ ပါတယ်ဘုရား)။

အင်း-လင်ကောင်း သားကောင်းရပြီး သကာလ သား သမီးတွေဖွားဖို့ အစရှိသည်နဲ့ ဒီလိုပဲဥပုသ်စောင့်နေတာတွေလဲ တပုံကြီးပါပဲ၊ (မှန်ပါ့)ဝိသာခါဝတ္ထုမှာ သေသေချာချာ ပါ တာပဲ၊ (မှန်ပါ့ဘုရား)မပါဘူးလား၊ (ပါပါတယ်ဘုရား)။

အဲဒါတွေလဲ နောက်ဆုံးပိတ် တကာတကာမတွေ ကျွတ် တမ်းဝင်တဲ့အချိန်ကျလာပြန်တော့လဲ ဒီအဖြူကံကိုလဲ သူကပဲ ဖြတ်တာပဲ၊ (မှန်ပါ့ဘုရား) မဖြတ်ဘူးလား၊ (ဖြတ်ပါတယ် ဘုရား) ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

အမဲအဖြူရောပြီး အာဠဝကတို့လို ကျတော့ ကြည့်စမ်း ဘီလူးရယ်လို့ ဖြစ်လာတယ်(မှန်ပါ့)အမဲ အဖြူရောတဲ့ကံ လုပ်လို့ (မှန်ပါ့) တန်ခိုးကတော့ကြီးတယ်(ကြီးပါတယ်ဘုရား)မြင်း

http://www.dhammadownload.com



မိုရ်တောင်ကြီးကိုမှ ခြေထောက်နဲ့ ဆောင့်လိုက်မယ်ဆိုယင် ချက်ခြင်းကွဲတယ်၊ (မှန်ပါ့ဘုရား) ဒါလောက်တောင် တန်ခိုး ကြီးတယ်၊ (မှန်ပါ့ဘုရား)။

အဲဒီ ကံတွေကိုလဲ နောက်ဘုရားက မဂ်ဉာဏ်, ဖိုလ်ဉာဏ် ဟောလို့ မဂ်ဉာဏ်,ဖိုလ်ဉာဏ် ကြိုးစားလိုက်တဲ့ အခါကျတော့ သူ့အကျိုးပေးတွေလဲ ရှေ့ကိုဆက်ပြီး ပေးနိုင်သေးရဲ့လား၊ (မပေးနိုင်ပါဘုရား) အမဲ အဖြူ ရောတဲ့ ကံကို ဘာလုပ်ပြန် သတုံး၊ (ဖြတ်ပါတယ်ဘုရား)။

ဒါဖြင့် ကံလဲဖြတ်တယ်၊ (မှန်ပါ့) နိဗ္ဗာန်လဲ (အရောက် ပို့ပါတယ် ဘုရား) အရောက်ပို့တယ် ဆိုတာ သေချာပလား၊ (သေချာပါပြီဘုရား)။

ဒါဖြင့် ကံလဲဖြတ်တယ်၊ (မှန်ပါ့) နိဗ္ဗာန်လဲ အရောက်ပို့ပါ တယ်ဘုရား)အရောက်ပို့တယ်ဆိုတာ သေချာပလား၊(သေချာ ပါတယ်ဘုရား)။

ကဲ–ဒါဖြင့် ဒီနေ့ တော်တော် ကျေနပ်ပြီ၊ (ကျေနပ်ပါပြီ ဘုရား) ဦးဘအုန်း ကျေနပ်ပလား၊ (ကျေနပ်ပါပြီဘုရား)။

ကောင်းပြီး ဒါဖြင့် သူ့ဝတ္ထုနဲ့ သူ့သက်သေ သာဓကနဲ့ အလုံးစုံ အကုန်ရှင်းပြီးသကာလနေတော့ ဒီကံဖြတ်အလုပ်ဆို တာလဲ တကာ တကာမတို့ ဒီအတိုင်းနေလို့တော့ဖြင့် သူက ဖြတ်ပေးမယ် မဟုတ်ပါဘူး၊ (မဖြတ်ပါဘုရား)။

ဒီအတိုင်းနေလို့တော့ (ဖြတ်မပေးပါဘုရား) ဘာလုပ် ရမတုံးမေးတဲ့အခါ သူ့ကို ဝမ်းထဲရောက်ဖို့ အရေးကြီးတယ်၊ (မှန်ပါ့)။

http://www.dhammadownload.com



ဒီ-မဂ္ဂင်ရှစ်ပါး မဂ္ဂင်ငါးပါးဟာ ဘယ်ရောက်ဖို့ အရေးကြီးသတုံး၊ (ဝမ်းထဲရောက်ဖို့ အရေးကြီးပါတယ်ဘုရား)။

တကာ တကာမတို့ မီးအိမ်ပျံ့ မီးပုံးလွှတ်တဲ့အခါ အလိုလို တက်သလား၊ မီးခိုးဖြစ်အောင် လုပ်ပေးမှ တက်သလား၊ (မီးခိုးဖြစ်အောင် လုပ်ပေးမှ တက်ပါတယ်ဘုရား)။

ဒီမှာလဲ ခင်ဗျားတို့မဂ္ဂင်မီးခိုးဖြစ်အောင်တော့လုပ်ကြဦး၊ ဒါမှ တက်မှာ၊ နို့မဟုတ်ယင် မတက်ပေဘူး၊ (မှန်ပါ့) နို့မဟုတ်ယင် တက်ပါ့မလား၊ (မတက်ပါဘုရား)။

အဲ-ဒါဖြင့် အိမ်ကနေပြီးသကာလကျုပ်တို့က နိဗ္ဗာန်ရချင်ပါတယ်၊ ထိုက်တန်သလောက်လဲ ကျုပ်တို့ လုပ်နိုင်သလောက် လုပ်ပါတယ်၊ ဒါလောက်နဲ့ မရသေးဘူး၊ (မှန်ပါ့) တက်နိုင်အောင် မီးခိုးကိုလုပ်မှတက်မှာ၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

တက်နိုင်အောင် မီးပုံးကို ရှို့နိုင်မှ (တက်မှာပါဘုရား) သဘောပါကြပလား၊ (ပါ-ပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ရွာထဲ့ရပ်ထဲမှာ တကာကြွယ်တို့က နှုတ်ချိုပြည်စုံး ဆိုပြီးသကာလ အို-ဒါလောက်ဆိုယင် မင်း-မနည်းပါဘူးကွာလို့ ဒါလောက်ကလေးနဲ့ မတော်ဘူးနော်၊ (မှန်ပါ့) အဟုတ်ကြိုးစားရမည့် တရားကို အဟုတ်ကြိုးစားမှ ဖြစ်မှာ၊ (မှန်ပါ့)။

ဘာဖြစ်လို့တုံးလို့ မေးတဲ့အခါကျတော့ ခုနင်က မီးပုံးပျံလွှတ်သလိုပေါ့ တကာကြွယ်၊ မှိုင်းပြည့်အောင် လုပ်မှပဲ သူ တက်မှာပဲ၊ (မှန်ပါ့) နို့မဟုတ်ယင် တက်ပါ့မလား၊ (မတက်ပါဘုရား)။

http://www.dhammadownload.com



ဒီမှာလဲ ရှစ်ပါးပြည့်မှပဲ သူ–ကံဖြစ်မယ်၊ (မှန်ပါ့)ရှစ်ပါး မပြည့်သေးယင်၊ (ကံမဖြစ်ပါဘုရား)။

ကံဖြစ်မပေးနိုင်ဘူးကွာ ဆိုလို့ရှိယင်ဖြင့် ခင်ဗျားတို့ အမဲ အဖြူရောတဲ့ ကံကိုလဲ ခင်ဗျားတို့ ပြုလျက်ပဲ၊ (မှန်ပါ့) အဖြူ သက်သက်လဲပဲ(ပြုလျက်ပါဘုရား)အမဲကံကိုလဲ (ပြုလျက်ပါပဲ ဘုရား)။

အဲ–ပြုလျက်ဆိုတော့ သူတို့ဘက်ကို လှည့်သွားမယ်ဆိုလို့ ရှိယင်တော့ တကာအုန်း ပြန်လမ်းမပါဘူး၊(မှန်ပါ့)ပြန်လမ်း ပါသေးရဲ့လား၊ (မပါပါဘုရား)။

အေး....ဒါကြောင့် အချိန်ကလေးရှိတုန်း လုံ့လစိုက်ပါဆို တာ မြန်မြန်တွေ့အောင် လုပ်လိုက်ပါ၊ (မှန်ပါ့) သဘောကျ ပလား၊(ကျပါပြီ)ဘာလုပ်ရမယ်၊(မြန်မြန်တွေ့အောင် လုပ်ရ ပါမယ်ဘုရား)။

ကိုင်း....ဒါဖြင့် မြန်မြန်တွေ့အောင်လုပ်တဲ့နည်း သင်ကြပါ စို့၊(မှန်ပါ့ဘုရား) ကဲ–တကာကြွယ် အမဲအဖြူ မရောတဲ့ ကံ ပေါ်တော့မယ်နော်၊ (မှန်ပါ့)။

အမဲအဖြူ မရောတဲ့ ကံ ပေါ်တော့မယ် ဆိုတော့ တကာ တကာမတွေ့ဝိပဿနာဉာဏ်ကစ,ရလိမ့်မယ် (မှန်ပါ့)ဝိပဿနာ ဉာဏ်က စ,ရတော့မယ်ဆိုတော့ မသိတဲ့ တကာတကာမတွေက "အရှင်ဘုရားတို့ နာမ်နဲ့ရုပ်ကို နာမရူပပရိစ္ဆေဒဉာဏ်က မစဘဲ ကိုး၊ ပစ္စယပရိဂ္ဂဟဉာဏ်က မစဘဲကိုး၊ ထင်ချင်ထင်လာမယ်၊ (မှန်ပါ့)နားလည် ပြီးသားကို ဟောတာလို့မှတ်"(မှန်ပါ့)ဟို

http://www.dhammadownload.com



အောက်ဉာဏ်တွေ မထည့်နိုင်တော့ဘူး၊ (မှန်ပါ) သဘောကျ ပလား၊ (ကျပါပြီဘုရား)။

ဘယ်လိုယူထားပါလိမ့်(နားလည်ပြီးသားမို့ပါ)နားလည် ပြီးသားဆိုတာ အောက်ဉာဏ်ကို နားလည်ပြီးသား၊ (မှန်ပါ) နာမ်ရုပ်ကွဲပြီးသား၊ အကြောင်းအကျိုး ဆက်တတ်ပြီးသား၊ (မှန်ပါ)အဲဒီ့ပုဂ္ဂိုလ်တွေ ဟောတော့ ဒီဉာဏ်တွေချိတ်ထား၊ (မှန်ပါ)ဝိပဿနာဉာဏ်ကပဲ စ,ရမယ်၊ (မှန်ပါ) ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

ကဲ–ဒါဖြင့် ဝိပဿနာဉာဏ်ကပဲ စ,တော့မယ် ဆိုတော့ တကာတကာမတွေ လွယ်ပါတယ်တဲ့၊ဒီနေ့စိတ်ကို စ,မယ်ဆိုလို့ ရှိယင်လဲ ခင်ဗျားတို့သန္တာန်မှာ တကာကြွယ်–တစ်ခါတလေ မြင်စိတ်ပေါ်တယ်၊(ပေါ်ပါတယ်) တစ်ခါတလေ ကြားစိတ် ကော(ပေါ်ပါတယ်)တစ်ခါတလေ နံ့စိတ်ပေါ်တယ်(မှန်ပါ) တစ်ခါတလေကျတော့ စားစိတ်ပေါ်တယ်၊ (ပေါ်ပါတယ်) သအောကျပလား၊ (ကျပါပြီ) တစ်ခါတလေ ကိုယ်ပေါ်မှာ ယားနာတဲ့စိတ်ကော၊ (ပေါ်ပါတယ်) တစ်ခါကျတော့ ကိုယ် ပေါ်မှာ လေကလေး ဘာကလေးတိုက်တော့ ကောင်းမြတ်တဲ့ စိတ်ကော၊ (ပေါ်ပါတယ်ဘုရား) အပြင်ညွှတ်သည် ခြောက် ယောက်လို့ မှတ်လိုက်စမ်းပါ၊ (မှန်ပါဘုရား)အပြင်ဘက်မှာ ကိုယ်ပြင်သက်မှာပေါ်တယ်၊ (မှန်ပါ) ဝမ်းထဲမှာ ပေါ်တာ မဟုတ်ပါဘူး၊ (မဟုတ်ပါဘုရား)။

ဒါဖြင့် မြင်စိတ်,ကြားစိတ်,နံ့စိတ်,စားစိတ်, ယားနာစိတ်, ကောင်းမြတ်တဲ့စိတ်၊ အပြင်ညွှတ်သည် ဘယ်နှစ်ယောက်တုံး၊ (ခြောက်ယောက်ပါဘုရား)။

http://www.dhammadownload.com



အတွင်းဧည့်သည်ကျတော့ လွယ်ပြီ၊ ဝမ်းထဲမှာ ပေါ်တဲ့ စိတ်က တကာ့တကာမတို့ လောဘစိတ်, ဒေါသစိတ်, မောဟ စိတ်နော်၊ ဒါ သိပြီးသားထားပါတော့၊(မှန်ပါ့)လောဘဆို တာ လိုချင်တာ၊ ဒေါသဆိုတာ ပြစ်မှားတာ၊ မောဟ ဆိုတာ အံ့သြယဖြစ်တာရယ်၊ ပျံ့လွင့်တာရယ်၊ဒါ မောဟခေါ်တာပဲ၊ (မှန်ပါ့)ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

တစ်ခါတလေကျတော့ လူချင်တန်းချင် ပေးချင်ကမ်းချင် တဲ့ အလောဘစိတ် မလာဘူးလား၊ (လာပါတယ် ဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား)။

တစ်ခါတလေ ကျတော့ အဒေါသ ဆိုတဲ့ မေတ္တာကော၊ (လာပါတယ် ဘုရား) လာတော့ ဩော်-ဒါက အတွင်းမှာ တစ်ခါတလေမှ ပေါ်တဲ့ အတွင်း ဧည့်သည် ငါးယောက်၊ (မှန်ပါ့ဘုရား)။

အပြင်ဧည့်သည်က (ခြောက်ယောက်ပါဘုရား) အတွင်း ဧည့်သည်က (ငါးယောက်ပါ ဘုရား) သဘော ကျပြီနော်၊ (ကျပါပြီဘုရား)။

အိမ်သည်နှစ်ယောက်ဆိုတာ ခင်ဗျားတို့မှာ လေကိုအပြင် ဘက်ထုတ်တဲ့စိတ်၊ လေကိုပြန်ရှိုက်ယူတဲ့ စိတ်၊ ဒါကအိမ်သည် နှစ်ယောက်၊ (မှန်ပါ့ဘုရား) သဘော ကျပလား၊(ကျပါပြီ ဘုရား)။

ကောင်းပြီ၊ဒါဖြင့် ဒါ အရှုခံ တရားလို့ မှတ်လိုက်စမ်းပါ၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



အရှုခံ တရားက အပြင် ညွှတ်သည် (ခြောက်ယောက်ပါ) အတွင်းညွှတ်သည်က၊ (ငါးယောက်ပါဘုရား) အိမ်သည်က၊ (နှစ်ယောက်ပါဘုရား)။

ကောင်းပြီ၊ ဒါသိတော့ ဒီမှာ ချန်ပစ်ခဲ့တာကြည့်၊ တကာ ကြွယ်-အလောဘ, အဒေါသဆိုတော့ အမောဟဆိုတဲ့ ပညာ မပါဘူး၊ ချန်ပစ်ခဲ့တယ်၊ (မှန်ပါ့) အဲဒါကို သူက ရှုရမည့် တရားဖြစ်နေလို့ တကာတကာမတို့ သေသေချာချာ မှတ်ပါ၊ သူက မဂ္ဂင်ငါးပါးမှာပါတယ်(မှန်ပါ့)ဒါဖြင့် တကာတကာမ တို့မဂ္ဂင်ငါးပါးက ရှုရမည့်တရားဖြစ်သောကြောင့် အမောဟ ချန်ပစ်ခဲ့တယ်၊ (မှန်ပါ့၊ အမောဟနဲ့ ရှုရမှာ (မှန်ပါ့) ရှင်း ပလား၊ (ရှင်းပါပြီဘုရား)။

ဘာနဲ့ ရှုရမှာတုံး၊ (အမောဟနဲ့ ရှုရမှာပါ ဘုရား) အမောဟနဲ့ရှုရမှာဖြစ်နေတော့ ဒီကမဂ္ဂင်မှာ အမောဟဆိုတာ သူ့ချည့် ဘယ်တော့မှ မဖြစ်ဘူး၊အမောဟဆိုတာ သမ္မာဒိဋ္ဌိမဲ့၊ (မှန်ပါ့) သဘော ကျပလား၊ (ကျပါပြီ) သမ္မာဒိဋ္ဌိ၊ သမ္မာ သင်္ကပ္ပ၊ သမ္မာဝါယာမ၊သမ္မာသတိ၊ သမ္မာသမာဓိဆိုတာ တွဲ လျက်ပဲ၊ (မှန်ပါ့ဘုရား)။

ကိုင်းဒါဖြင့် တကာတကာမတို့ ဒါက အကဏ္ဍ အသုက္ကကံ (မှန်ပါ့၊ မမဲ မဖြူတဲ့ ကံဟာ ဒီငါးခုပဲ၊ (မှန်ပါ့) ရှစ်ခုဖြစ် ပြီးယင် အစစ်ဖြစ်ပြီ၊ (မှန်ပါ့) ငါးခုဆိုယင် အတု၊ ရှစ်ခု ဆို ယင်၊(အစစ်ပါဘုရား)။

ကောင်းပြီ၊ဒါဖြင့် တကာတကာမတွေကအိမ်ကျတော့ထိုင် ကြတာပေါ့ဗျာ၊ (မှန်ပါ့)အင်း-သွားချင်လဲ သွားတာပေါ့၊

http://www.dhammadownload.com



ထိုင်ချင်သဲ ထိုင်တာပေါ့....၊ ဒါတွေပေါ်ရာကို ပေါ်တဲ့နေရာ ဖြစ်ပျက်လိုက်ရှု၊ (မှန်ပါ့)။

မျက်လုံးကပေါ်လာယင်၊ (မျက်လုံးဖြစ်ပျက် ရှုရပါမယ်) မျက်လုံးထဲက ဖြစ်ပျက်ကို ဒီအမောဟနဲ့ လိုက်ပေး၊ (မှန်ပါ့ဘုရား)။

တကာတကာမတို့ ကိုယ်ပေါ်မှာ ယားတယ်,ယံတယ်ပေါ်လာယင်၊ (ဖြစ်ပျက်ရှုပေးရမယ်) ကိုယ်ပေါ်မှာ အဲဒီယားတဲ့ ယံတဲ့နေရာမှာ အဲဒို့ အမောဟနဲ့ လိုက်ပေး၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

တစ်ခါတလေကျတော့ ဝမ်းထဲမှာ တကာကြွယ်ရေ....လောဘကလေးပေါ်လာလိုက်၊ ဟိုဟာ မလိုက်နဲ့ ပေါ်ရာသာ ဖြစ်ပျက်ရှုပါ၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဟာ ဒါဖြင့် အပြင်ဧည့်သည်ခြောက်ယောက်ကလဲ မလာဘူးဘုရား၊ အတွင်းဧည့်သည် ငါးယောက်လဲ မလာဘူးဘုရား ဆိုယင် အိမ်သည်နှစ်ခုရှိရာ တခုခုဖြစ်လိမ့်မယ်၊ (မှန်ပါ့) အဲဒီနှစ်ခုကို မှန်းပြီးသကာလ သွေး....ရှုတဲ့စိတ်ကလေးလဲ ဖြစ်ပြီးပျက်ပါလား၊ အတွင်းမှာ ဖြစ်ပျက်ရှုနေ၊ (မှန်ပါ့) လေရှိုက်တာမြင်သဖြင့် အတွင်းမှာရှိတဲ့စိတ်က အားထုတ်တာပဲဆိုတာ မသေချာဘူးလား၊ (သေချာပါတယ်ဘုရား)။

အဲ .. သူ့ကို ဖြစ်ပျက်ရှုနေဆိုတော့ ရှုစရာကင်းမဲ့တဲ့အခါ ပါသေးသလား၊ (မပါ-ပါဘုရား)။

အေး....ဒါဖြင့် အတွင်းဧည့်သည် အပြင်ဧည့်သည် မရှိလို့ရှိယင် အိမ်သည်နှစ်ယောက်လှည့်ရှု၊ (မှန်လှပါ) ရှုရင်းမတ္တနဲ့

http://www.dhammadownload.com



ဒီဟာတွေတဖျတ်ဖျတ်ပေါ်လာယင်ပေါ်ရာကိုလိုက်၊ (မှန်ပါ) သဘောကျပလား၊ (ကျပါပြီဘုရား)။

အဲဒါ တကာတကာမတို့ စိတ္တာနုပဿနာ သတိပဋ္ဌာန်လို့ ခေါ်တယ်၊ (မှန်ပါ)။

ဘယ်လို မှတ်ကြမယ်၊ (စိတ္တာနုပဿနာ သတိပဋ္ဌာန်ပါဘုရား) ဒါ အလုပ်ပေးနေတာလို့ မှတ်လိုက်စမ်းပါ မှန်ပါ)။

တရားဟောဒါလဲ ဟုတ်တယ်၊ (မှန်ပါ) အလုပ်ပေးနေတယ်ဆိုယင်ကော၊ (ဟုတ်ပါတယ်ဘုရား)။

အဲဒါ...တကာသစ်တို့ဖြစ်ဖြစ်၊ တကာကြွယ်တို့ဖြစ်ဖြစ်လိုက်၊ လိုက်တဲ့အခါကျလို့ရှိယင် ဖြစ်မှုပျက်မှု မြင်လို့ရှိယင်ဖြင့် ဒီငါးခု ဖြစ်ပြီလို့အောက်မေ့၊ (မှန်ပါ)။

ဒါကလေးတွေက ဖြစ်ပြီးပျက်သွားတယ်၊ ဖြစ်ပြီးပျက်သွားတာကို မြင်တယ်ဆိုတဲ့ အဓိပ္ပါယ်ဟာလဲ ရှင်းပေးလိုက်ပြီ (မှန်ပါ) "မြင်တယ်ဆိုတာသည် မရှိတာသိတာလို့ မှတ်လိုက်" (မှန်ပါဘုရား)။

"မြင်တယ်ဆိုတာ၊ (မရှိတာသိတာပါဘုရား) စိတ်ကိုရှုရတဲ့အတွက် မရှိတာ သိတာ"၊ (မှန်ပါ)။

မရှိတာသိတာကို ဘာခေါ်ကြမယ်၊ (မြင်တာပါဘုရား) အဲ...မင်းဝိပဿနာရှုတာ အနိစ္စမြင်ရဲ့လားဟေ့၊ တခြားသော ပုဂ္ဂိုလ်က မေးယင် မြင်တယ်သာ ပြောပါ၊ (မှန်ပါဘုရား) မြင်တာကဘာတုံးမေးတော့ တကာသစ်က ဘယ့်နှယ်ဖြေမလဲ၊ (မရှိတာကိုသိတာပါဘုရား)။

http://www.dhammadownload.com



ဩော်– မရှိတာ သိတာသည် နဂိုရ်ကမရှိတာမှ မသိတဲ့ ပုဂ္ဂိုလ်၊ (မှန်ပါ့ဘုရား)။

နဂိုရ်က ဘယ်လိုပါလိမ့်၊ (မရှိတာမှ မသိတဲ့ ပုဂ္ဂိုလ်ပါ ဘုရား)။

မရှိတာမှ မသိတဲ့ပုဂ္ဂိုလ် အခု မရှိတာကို မရှိမှန်းသိတယ် ဆိုကတည်းက အင်း.... အမြော်အမြင်ရှိပြီဆိုတဲ့ အဓိပ္ပါယ်မျိုး (မှန်ပါ့) မရှိတာသိလို့ရှိယင် မရှိတာက အနိစ္စ၊ သိတာက မဂ္ဂ သွားဖြစ်တယ်၊ (မှန်ပါ့ဘုရား) သဘော ပါ်ပလား၊ (ပါ– ပါပြီဘုရား)။

ဒါ– ဒီနေ့တရားမှာ တကာ တကာမတို့ ကောင်းအောင် ဟောတဲ့တရား မဟုတ်ဘူး၊ (မှန်ပါ့ဘုရား) အလုပ်-လုပ်တတ် အောင် ဟောနေတယ်၊ နည်းပေး နေတယ်လို့ မှတ်လိုက် စမ်းပါ၊ (မှန်ပါ့ဘုရား)

ကောင်းပြီ၊ ဒါဖြင့် ဒီလိုလိုက်ပါများလာတော့ မရှိတာ ချည့် သိရမယ်တကာသစ်ရဲ့၊ (မှန်ပါ့) မရှိတာချည့်သိတဲ့ အခါ ကျတော့ မရှိတာက အနိစ္စ၊ သိတာက မဂ္ဂဆိုတော့ ဒါ–မဂ္ဂင် ငါးပါးလာဖြစ်တယ်၊ (မှန်ပါ့) မဖြစ်သေးဘူးလား၊ (ဖြစ်ပါ တယ်ဘုရား)။

အဲဒီကဲ့သို့ ဖြစ်ပြီဆိုတော့ ရှေ့ကိုတဆင့်တက်လိုက်၊ မရှိတာ တွေဖြင့် တပည့်တော် အကုန်သိပြီဘုရား–ဆိုတော့ ဖြစ်ပျက် သိသွားပြီပေါ့ဗျာ၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် သံသရာတခွင်လုံးမှာ ဘယ်တော့မှ ဒီမျက်လုံးမရ ခဲ့သည် ဖြစ်လေသောကြောင့် အန္ဓပုထုဇန်၊ (မှန်ပါ့) တကာ

http://www.dhammadownload.com



တကာမတို့ ကန်းတဲ့ပုထုဇန်, ရှုးတဲ့ပုထုဇန်အဖြစ်မှ လွတ်ပြီ၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

ကန်းတဲ့ပုထုဇန်,ရှုးတဲ့ပုထုဇန်အဖြစ်မှ(လွတ်ပါပြီ)လွတ်ပြီ ဘာကြောင့်တုံးဆိုတော့ မရှိတာ မရှိမှန်းသိပြီ(မှန်ပါ့ဘုရား)။

ရှိတာလဲ (ရှိမှန်းသိပါတယ်) ရှိမှန်းသိတယ်၊ ဒီခန္ဓာကြီး ထဲမှာ နဂိုရ်က ဒီခန္ဓာစိတ်ဆိုတဲ့ ဝိညာဏက္ခန္ဓာ ရှိတယ်၊ အခု မရှိဘူးဆိုတာ သိတယ်၊ (မှန်ပါ့ဘုရား)။

နဂိုရ်ကရှိတယ်၊ အခုကြည့်လိုက်တဲ့အခါမှာ (မရှိမှန်းသိ ပါတယ်)မရှိဘူးဆိုတာသိတော့ သူ ရှိတာလဲသိတယ်၊ မရှိတာ လဲသိတယ်ဆိုတော့ သူ-ဖြစ်ပျက်သိပြီ၊ (မှန်ပါ့ဘုရား)။

ရှိတာလဲသိတယ်- မရှိတာလဲ သိတယ်ဆိုတော့ (ဖြစ်ပျက် သိပါပြီ) ဖြစ်ပျက် သိတယ်ဆိုတာ သဘောပါပလား၊ (ပါ- ပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် နေရာကျပြီဆိုတော့ အန္ဓပုထုဇန်, ဉမ္မတ္တက ပုထုဇန်အဖြစ်မှ လွတ်ပြီ၊ (မှန်ပါ့ဘုရား)။

ကန်းတဲ့ပုထုဇန်အဖြစ်မှ (လွတ်ပါပြီ) ရှုးတဲ့ပုထုဇန်အဖြစ် မှ (လွတ်ပါပြီဘုရား)။

ဒါဖြင့် တပည့်တော်တို့ နောက်တုန်းက ဘယ်လိုနေခဲ့ရ သတုံးဆိုတာ ပေါ်သွားပြီ၊ (ပေါ်ပါပြီ) အရှုး အကန်းနဲ့ အချိန်ကုန်ခဲ့တယ်၊ (မှန်ပါ့ဘုရား)။

ဘယ်လိုဆိုကြမလဲ၊ (အရှုး အကန်းနဲ့ အချိန် ကုန်ခဲ့ပါ တယ်ဘုရား)။

http://www.dhammadownload.com



အရှုးအကန်းနဲ့ အချိန် ကုန်ခဲ့တယ်ဆိုတာ တကာကြွယ်-ငြင်းဖို့မလိုပါဘူး၊ (မလိုပါဘုရား) နာစရာလဲ မလိုပါဘူး၊ (မလိုပါဘုရား)။

ကောင်းတာက နည်းနည်းကလေး၊ ရှုးတာကန်းတာက၊ (အများကြီးပါ)အသင်္ချေအနန္တပဲ၊(မှန်ပါ) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် တကာ တကာမတို့ ဆက်ရှု၊(မှန်ပါ့) ဖြစ်ပျက်တွေတော့ မြင်ပြီ၊ မြင်ပေမယ့် ဆက်ရှု၊ ဆက်ရှုတော့ ဉာဏ်က ဘယ်လို တိုးလာသဘုန်း မေးရတယ်နော်၊ (မှန်ပါ့) ဩော်–ဆရာဘုန်းကြီးက ဘုရားဟောတဲ့အတိုင်း ဟောထားတယ်၊ "ပထမတုန်းကမြင်စိတ်နဲ့ အသက်ရှင်နေတယ်၊(မှန်ပါ့) နောက် မြင်စိတ်သမား သေသွားတယ်၊ (မှန်ပါ့)တော်တော်ကြာလို့ရှိယင် လိုချင်တဲ့စိတ်နဲ့ အသက်ရှင်နေတယ်၊ (မှန်ပါ့) တော်တော်ကြာကျတော့ သေသွားတယ်၊ (မှန်ပါ့ ဘုရား)။

အဲဒီတော့ ကိုယ့်အသေ ကိုယ်မြင်လာလိမ့်မယ်၊ (မှန်ပါ့) ကိုယ့်အသေ ကိုယ်မြင်တော့ ကိုယ့်မသာ ကိုယ်မြင်ရတာနဲ့ သူများမသာ မြင်ရတာနဲ့ တကာ တကာမတို့ ဘယ်သူက သာပြီး မုန်းချက် သန်မလဲ၊ (ကိုယ့်အသေကိုယ်မြင်ရတာက မုန်းချက် သန်ပါတယ် ဘုရား)။

ကိုယ့်အသေက ခွဲလို့မှမရပဲ၊ (မှန်ပါ့ဘုရား) ဟိုအသေက ဒီအသေကြီးများ သုသာန်ပို့ပြီး ပြန်တော့မယ်ကွာ ထားပစ်ခဲ့လို့ရတယ်၊ (မှန်ပါ့ )ဒီကိုယ့်အသေကတော့ (မရပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် မရတော့ ပိုမို့ပြီးသကာလ မုန်းညာဏ် လာတယ်၊ (မှန်ပါ့) ဒီမှာ နိဗ္ဗိန္ဒာညာဏ် တိုးတက်လာတယ်၊ (မှန်ပါ့)အဲ- အခုနင်က ဖြစ်ပျက် ဥဒယဗ္ဗယ ဘင်္ဂဘယတွေ အကုန်ပြီးခဲ့ပြီ၊ (မှန်ပါ့) ဘင်္ဂအာဒီနဝတွေ ပြီးပြီ၊ တစ်ခါတည်း နိဗ္ဗိန္ဒာညာဏ် တိုးတက်လာတယ်၊ (မှန်ပါ့ဘုရား)။

ကိုယ့်အသေ ကိုယ် မြင်ယင် နိဗ္ဗိန္ဒာညာဏ် တက်ပြီလို့သာ အောက်မေ့ပေတော့၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာ တကာမတွေ ဒီစိတ်တွေနဲ့ ဒီရုပ်တွေကလဲ တွဲလျက်ကြီးကိုးဗျ၊ (မှန်ပါ့) အခုတော့ ဝိပဿနာမို့ စိတ် ပြတယ်၊ စိတ် ပြပေမယ့်လဲ စိတ်နဲ့ ရုပ်ဟာ ခွဲလို့ ရရဲ့လား၊ (မရပါ)မရတော့ကို စိတ်ချုပ်လဲ ရုပ်က နောက်က လိုက်ချုပ် တာပဲ၊ (မှန်ပါ့ဘုရား)။

ကိုင်းဒါနဲ့ပဲ ဒီလိုပဲ ကိုယ့်အသေကိုယ်မြင်ပြီးသကာလ မုန်း ကြတယ်၊(မှန်ပါ့) မုန်းကြတော့ ဒီမဂ္ဂင် အားထုတ်တဲ့ပုဂ္ဂိုလ် မှာ ဘယ်လိုညာဏ် ပေါ်လာပါသလဲလို့ မေးဖို့ လိုလာတယ်၊ (လိုပါတယ်) ဩြ် ဘယ်ရောက်ရောက် ဒီအသေတွေရမှာပဲ၊ (မှန်ပါ့) မဟုတ်ဘူးလား၊ (ဟုတ်ပါတယ်ဘုရား)။

ဘယ် ရောက်ရောက် (ဒီ အသေတွေပဲ ရမှာပါ) ဒီ အသေ တွေဟာ မရဏမို့ ဒုက္ခ၊ (မှန်ပါ့) ဩြ်- ဒီ ဒုက္ခသစ္စာပဲ၊ (မှန်ပါ့ဘုရား)။

ဘယ်ရောက်ရောက် ဘယ့်နှယ်တုံး၊ (ဒုက္ခသစ္စာပဲ ဖြစ်ရမှာ ပါပဲဘုရား)။

http://www.dhammadownload.com



ဒုက္ခသစ္စာလို့သိသွားပြီ၊ (သိသွားပါပြီ) အဲ-ဒုက္ခသစ္စာလို့ သိသွားတဲ့အခါကျတော့ တကာတကာမတို့ ဒုက္ခသစ္စာ ပိုင်ပိုင် နိုင်နိုင်သိပြီဆိုမှဖြင့်တဲ့၊ ဒါ ကိုယ့်အသေတွေ ကိုယ့်အသေတွေ၊ ဒီဒုက္ခသစ္စာတွေ အကုန်သိပြီးသကာလ တကာတကာမတို့ဉာဏ် ထဲ မရှင်းပေဘူးလား၊ ရှင်းပါတယ်)အကုန်ဒုက္ခသစ္စာလို့ရှင်း သွားပါပြီ၊ (မှန်ပါ့ဘုရား)။

ဤကဲ့သို့ ရှင်းသွားတဲ့အခါကျတော့ ဒုက္ခတွေ သေသေချာ ချာ ပိုင်ပိုင်နိုင်နိုင်သိတော့ ဒီရှုနေတဲ့မဂ္ဂင်သည် ဒုက္ခရှိတဲ့ဘက်မှ ဒုက္ခမရှိတဲ့ဘက် ပြောင်းသွားတယ်၊ (မှန်ပါ့ဘုရား)။

ဒုက္ခရှိဘဲ့ဘက်မှ (ဒုက္ခမရှိဘဲ့ဘက် ပြောင်းသွားပါတယ်) ဘယ်သူက ပြောင်းတာတုံးလို့ မေးတဲ့အခါကျတော့ တကာ တကာမတွေ ဉာဏ်ကပြောင်းတာ၊ (မှန်ပါ့ဘုရား)။

ဒီဉာဏ်ကပြောင်းတယ် (မှန်ပါ့)အမောဟကပြောင်းတယ် (မှန်ပါ့ဘုရား)။

အရှင်တုန်းကတော့ ဒုက္ခရှိတဲ့ဘက်ချည့် သူလှည့်နေတယ်၊ (မှန်ပါ့ အခု သူဘယ်ဘက် လှည့်သတုံး၊ (ဒုက္ခ မရှိဘဲ့ဘက် လှည့်ပါတယ်ဘုရား)။

အဲ-ဒုက္ခမရှိဘဲ့ဘက် လှည့်သွားတော့ တကာ တကာမတို့ ဒုက္ခမရှိတာ နိဗ္ဗာန်၊ (မှန်ပါ့) လှည့်တာက မဂ်ဉာဏ်ဖြစ်သွား တော့ မဂ်ဉာဏ်ပြီး ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ် ဆိုတော့ ဩော်- ဒါဖြင့် ဒို့ရှုဖို့သာ အရေးကြီးတယ်၊ ဉာဏ်က သူ့ဟာ သူ နိဗ္ဗာန်ဘက်လှည့်တယ်၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ကျုပ်တို့က ဘာအရေးကြီးပါလိမ့်၊ (ရှုဖို့သာ အရေးကြီးပါတယ်ဘုရား)။

ကျုပ်တို့ကရှုဖို့၊ ရှုနိုင်သလောက်သာရှု၊ သူလှည့်သွားယင်ဖြင့် အင်း ...သောတာပန်တည်ပြီ အောက်မေ့ရမယ်၊ (မှန်ပါ့ဘုရား ။

သူ-လှည့်သွားလို့ရှိယင် ပထမ သောတာပန် တည်တာပဲ နိဗ္ဗာန်ပါမြင်ပြီ၊ (မှန်ပါ့) ဒါဖြင့် မလှည့်ပါနဲ့ ဆိုလို့ကော ရရဲ့လား၊ (မရပါဘုရား)။

တကယ်မှန်း တကယ်မလိုချင်ပြီ ဆိုလို့ရှိယင် တကာကြွယ်လှည့်သွားတယ်၊ (မှန်ပါ့ဘုရား) သဘောပါပလား၊ (ပါ-ပါပြီဘုရား)။

တကာတကာမတို့ သူလဲလှည့်သွားပါရော-ခုနစ်က ကံသုံးခုအကုန်ဖြတ်ချလိုက်တယ်၊ (မှန်ပါ့)။

သူလှည့်သွားယင် (ကံသုံးခု ဖြတ်ပါတယ်)ကံသုံးခု အကုန်ဖြတ်တယ်ဆိုတာ သဘောကျပလား၊ (ကျပါပြီဘုရား)။

သြော်-ဒါဖြင့် ဒို့က"ပထမဖြစ်ပျက်မြင်ဖို့ အရေးဟာ-ဒို့အရေး၊ (မှန်ပါ့) ဖြစ်ပျက် မုန်းဖို့ကော၊ (တပည့်တော်တို့အရေးပါ)ဒုက္ခသစ္စာ ပိုင်ပိုင်နိုင်နိုင်သိသွားအောင် ရှုဖို့အရေးဟာလဲ (တပည့်တော်တို့ အရေးပါဘုရား)"။

အဲ....ကိုယ့်အရေးက အဲဒီသုံးခုပဲ ရှိတယ်ဘဲ့၊ ဒီသုံးခုပြီးလို့ရှိယင် ဉာဏ်က သူ့ဟာသူ ဒုက္ခရှိတဲ့ဘက်မှ ဒုက္ခမရှိတဲ့ဘက်လှည့်မှာပဲ၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီ)။

http://www.dhammadownload.com



ဒါက မိလိန္ဒပဥှာပါဠိတော်မှာ လာတယ်၊ (မှန်ပါ့) ဒုက္ခရှိတဲ့ဘက်မှ (ဒုက္ခမရှိတဲ့ဘက် လှည့်ပါတယ်ဘုရား) ဒုက္ခမရှိတဲ့ဘက် လှည့်တယ်၊ တကာသစ်က လှည့်ချင်လို့ လှည့်တာလား၊ ဉာဏ်ဖာသာ လှည့်သွားတာလား၊ (ဉာဏ်ဖာသာ လှည့်သွားတာပါဘုရား သဘောပါပလား၊ (ပါ-ပါပြီ)။

ဒါဖြင့် တကာ တကာမတို့ အာရုဏ်မတက်ဘဲနဲ့ တော့ နေမထွက်ပါဘူး၊ (မှန်ပါ့ ။

အာရုဏ်မတက်ဘဲနဲ့ (နေမထွက်ပါဘုရား) အဲ–ရှေ့က ဖြစ်ပျက်ကြည့်တဲ့ဉာဏ်,ဖြစ်ပျက်မှန်းတဲ့ ဉာဏ်ဘည်းဟူသော အာရုဏ်မတက်လို့ ရှိယင်ဖြင့် နိဗ္ဗာန်ဖြစ်တဲ့ နေရာ မဂ်ဉာဏ်ဟာ ဘယ်တော့မှမထွက်ပါဘူး၊(မှန်ပါ့) အာရုဏ်တက်မှ နေထွက်တယ်၊ (မှန်ပါ့)။

အာရုဏ်တက်မှ(နေထွက်ပါတယ်ဘုရား အဲဒီတော့ရှေ့နှစ်ဉာဏ်မပါဘဲနဲ့ နောက်မဂ်ဉာဏ် မလာနိုင်ဘူး၊ (မှန်ပါ့)။

ရှေ့နှစ်ဉာဏ် မပါဘဲနဲ့ (နောက်မဂ်ဉာဏ် မလာနိုင်ပါဘုရား) သဘောပါကြပလား၊ (ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဒီနေ့ စိတ္တာနုပဿနာနဲ့ ပြလိုက်တယ်၊ (မှန်ပါ့) နက်ဖြန် ဝေဒနာနုပဿနာနဲ့ တက်လိုတဲ့ ပုဂ္ဂိုလ် ပြမယ်၊ (မှန်ပါ့ဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု။

http://www.dhammadownload.com

**ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ**

အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် မိုးကုတ်ဆရာတော်ဘုရား
အမရပူရမြို့ဓမ္မာရုံ၌ ဟောကြားဆုံးမတော်မူသော
**(ဒိဋ္ဌိပြုတ် အဂ္ဂိဝစ္ဆသုတ်)**

# နေ့အလုပ်ပေး-တရားတော်

(၁၈-၈-၆၁)

ဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် ဝစ္ဆဆိုတဲ့ ပရိဗိုဇ်က မေးတဲ့ဥစ္စာကလေး ပြန်ပြီးသတိပေးရတယ်မနော်၊ (မှန်လှပါဘုရား)။

ဘုရားသခင် ကိုယ်တော် မြတ်ကြီး ဝစ္ဆဆိုတဲ့ ပရိဗိုဇ်က ဝေသာလီပြည်မှာနေတုန်း မေးတဲ့အခါကျတော့ လူများဟာ လူ့သံယောဇဉ်မစွန့်ဘဲနဲ့ ဒုက္ခခပ်သိမ်း ငြိမ်းတဲ့ နိဗ္ဗာန်ကြီး ရနိုင်ပါ့မလားလို့ မေးတဲ့မေးခွန်းကလေးဟာ သိပ်ကောင်းတယ်၊ (မှန်လှပါဘုရား)။

လူဟာ လူ့သံယောဇဉ် မစွန့်ဘဲနဲ့ ဒုက္ခခပ်သိမ်း ငြိမ်းတဲ့ နိဗ္ဗာန်ရောက်နိုင်ပါ့မလားလို့ ဘုရားကို သူ-ရှေးဦးစွာမေးတာ ကိုး၊ (မှန်ပါ့)။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ မရောက် နိုင်ဘူးကွာလို့ အဖြေကိုရှာတယ်၊ (မှန်ပါ့)။

သူမေးပုံ ဖြေပုံတွေဟာ တကာ တကာမတွေ လူဟာ လူ့သံ ယောဇဉ်မစွန့်ဘဲနဲ့ ဒုက္ခခပ်သိမ်း ငြိမ်းတဲ့ နိဗ္ဗာန်ရောက်နိုင်ပါ

http://www.dhammadownload.com



မလားလို့ စစ္စကမေးတော့ ဘုရားက ဘယ့်နှယ်ဖြေသတုံး၊ (မရောက်နိုင်ပါဘုရား)။

မရောက်နိုင်ဘူးလို့ ဖြေတော့ တကာတကာမတွေအားငယ် စရာသိပ်ကောင်းတယ်၊ (မှန်ပါ့)။

အားငယ်စရာ သိပ်ကောင်းပြီးသကာလနေတော့ဘုရားက တော့ ဒီအတိုင်းဖြေတာပဲ၊ (မှန်ပါ့) သို့သော် တကာတကာမ တွေက ဘုရားအာဘော်မသိလို့ ရှိယင်ခက်တယ်၊ (မှန်ပါ့)။

ဘုရား၏ အာဘော်ကိုလဲ တကာ တကာမတွေ သိကြပါ၊ ဘုရား၏ စိတ်ထားနှလုံးသွင်းကိုလဲ သိကြပါ၊ (မှန်ပါ့)။

တကာတကာမတွေကို ဘုရားကဝိပဿနာရှုကြဖော့- ဝိပဿ နာ ရှုကြဖော့ဆိုတာ ရှုနေတဲ့ အခိုက်အတန့်မှာ တကာသစ်တို့ တကာကြွယ်တို့ ဦးလှဘူးတို့သိဘဲ့အတိုင်းဖြစ်ပျက်နဲ့ ဝိပဿနာ မဂ်နဲ့သာ ကိုက်နေယင် သံယောဇဉ်ဟာ ရှိကို-မရှိဘူး၊ (မှန်ပါ့ ဘုရား)။

ဖြစ်ပျက်နဲ့ ဝိပဿနာမဂ်နဲ့ကိုက်နေယင်၊ (သံယောဇဉ် မရှိ ပါဘုရား) သံယောဇဉ်မရှိပါဘူးတဲ့၊ (မှန်ပါ့)။

ဒါဖြင့် ဒီသံယောဇဉ်မရှိတော့ ဘုန်းကြီးတို့တကာတကာမ တွေက ခြော်- ဒီအချိန်မှာ ဆက်ပြီးကြိုးစားလိုက်လို့ရှိယင် ဖြင့် ဝိပဿနာဉာဏ်ကလောကုတ္တရာဖြစ်တဲ့ သစ္စာသိတဲ့မဂ်ဉာဏ် ကူးသွားယင် မရဘဲ ခံနိုင်ပါ့မလား၊ (မ နိုင်ပါဘုရား)။

ဝိပဿနာမဂ်က လောကုတ္တရာမဂ်ကူးသွားပြီ တကာသစ်ရ (မှန်ပါ့ဘုရား)ဒီလောကုတ္တရာဘက် ကူးသွားပြီဆိုကတည်းက လောကုတ္တရာမဂ် မရသေးဘူးလား၊ (ရပါပြီဘုရား) လော

http://www.dhammadownload.com



ကုတ္တရာမဂ်ရလို့ ရှိယင်ဖြင့် နိဗ္ဗာန်ကော မရောက်ဘူးလား၊ (ရောက်ပါတယ်ဘုရား)။

ဒါဖြင့် ဘုရားသည် အချိန်ကိုကန့်သတ် ဆိုတာပါကလား၊ (မှန်ပါ့ဘုရား)။

ဘယ်လို မှတ်ကြမယ်၊ (အချိန် ကန့်သတ် ဆိုတာပါ ဘုရား)။

အချိန်ကန့်သတ်ပြီး သကာလ ဆိုတာတဲ့၊ အဲဒီတော့ တကာ တကာမတွေက ဩော်- ဒို့လဲ ကိုယ်တိုင်ပဲ လုပ်နေကြတာပဲ လုပ်ပြန်တော့လဲ ဒီအချိန်မှာဒုက္ခချုပ်တဲ့နိဗ္ဗာန်ကို မိမိတို့အာရုံ ပြုနိုင်တဲ့ ပုဂ္ဂိုလ်သဲ ရှိကြတာပဲ၊ (မှန်ပါ့) ဘေးကသံယောဇဉ် တွေက ဒီ-လုပ်နေတုန်း ဝင်သေးရဲ့လား၊ (မဝင်ပါဘုရား)။

ဒါဖြင့်တကာအုန်းရေ သေသေချာချာစဉ်းစားတော့ လုပ် နေတဲ့အခိုက်အတန့်ဆိုတာ၊ (မှန်ပါ့)။

ဘယ်လိုဆိုကြပါ့မသဲ (လုပ်နေတဲ့အခိုက်အတန့်ဆိုတာပါ) ဝိပဿနာအားထုတ်နေတဲ့အခိုက်အကန့်ဆိုတာပါလို့ဘုန်းကြီး တို့တကာတကာမတွေကမှတ်ထားတော့အားမထုတ်တဲ့ပုဂ္ဂိုလ် တွေ အတွက်မှာဖြင့် ဘယ်တော့မှ သံယောဇဉ်ပြတ်မှာ မဟုတ် ပါဘူး၊ (မပြတ်ပါဘုရား)။

ဒါကြောင့် တကာတကာမတွေ ဝိပဿနာမှ သာလျှင်လဲ တကာတကာမတို့ကို ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကိုအရောက်ပို့ နိုင်တယ်ဆိုတာ ဝစ္ဆက ဘုရားကိုမေးတာ ထောက်လိုက် သဖြင့် တကာတကာမတွေ ရှင်းသွားပြီ၊ (ရှင်းပါပြီ) လူဟာ လူ့ သံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန်ရနိုင်ပါ့မလားဆိုတော့ မရဘူး၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



နို့....ဝိပဿနာရှုနေတဲ့ ပုဂ္ဂိုလ်များ ဒီအချိန် သံယောဇဉ် လာသေးသလား၊ (မလာပါဘုရား)။

တစ်ခါ ဒီက နေပြီး ဝိပဿနာဉာဏ်က နေပြီးသကာလ နိဗ္ဗိန္ဒဉာဏ် ထိုးတက် သွားပြန်တော့ ဝိပဿနာဉာဏ်ပဲ ထား ပါဦး၊ ဖျတ်ဆို မဂ်ဉာဏ်ဘက်ကူးသွားပြီး နိဗ္ဗာန်မြင်သွားပြီ၊ (မှန်ပါ့)ဆိုတော့ နိဗ္ဗာန် မြင်သွားတဲ့အတွက် ဒုက္ခ ခပ်သိမ်း ကင်းငြိမ်းတဲ့နိဗ္ဗာန်ကြီး မမြင့်ရလား (မြင်ရပါတယ်ဘုရား)။

ထိုကဲ့သို့ မြင်ရတဲ့အချိန် ကျတော့ အင်း-ဒို့သည်ကားလို့ ဆိုယင် လူဝတ်ကြောင်နဲ့ပဲ၊ (မှန်ပါ့ဘုရား) လူဝတ်ကြောင်နဲ့ ဆိုတော့ လူ့သံယောဇဉ် မစွန့်ဘူးဆိုတာ ဘေးကအကြည့်ကို ပြောတာ၊ (မှန်ပါ့ဘုရား)လုပ်နေတဲ့ ပုဂ္ဂိုလ်ကတော့ ဒီအချိန် မှာ သံယောဇဉ်တွေမလာပါဘူး၊ (မလာပါဘုရား)လာသေး ရှိလား၊ (မလာပါဘုရား)။

မလာတော့ ဘုန်းကြီးတို့ တကာ တကာမတွေ၌ ဩော်... ဒါဟာ အလုပ်စဉ် ဆက်သွားပြန်လို့ ရတာကိုး၊ (မှန်လှပါ ဘုရား)။

အလုပ်စဉ်ဆက်သွားတော့ (ရပါတယ်ဘုရား) ရတယ်လို့ သေသေချာချာ မှတ်ထားတော့ ဘာမှ အားငယ်စရာ မရှိဘူး (မှန်ပါ့ဘုရား)။

တကာ တကာမတွေ သန္တတိ အမတ်ကြီးတို့ဟာ ဘုရားဆီ သံယောဇဉ်ကြောင့် လာခဲ့တာပဲ၊ (မှန်ပါ့) သံယောဇဉ် အတွက်နဲ့ ငိုရယ်ပြီး လာခဲ့တာပဲ၊ (မှန်ပါ့)။

http://www.dhammadownload.com



သို့သော် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သံယောဇဉ်စွန့်တဲ့ ဝိပဿနာဉာဏ် ဟောလိုက်တော့ ရသွားတယ်၊ (မှန်ပါ့) လူဝတ်ကြီးနဲ့ ဘောင်းတွေ နားဋ္ဌောင်းတွေနဲ့ပဲ တကာသစ် ရသွားတယ်၊ (မှန်ပါ့)။

အဲဒီတော့ ဒီဘက် အာရုံမစိုက်ဘဲနဲ့ ဝိပဿနာဘက် အာရုံစိုက်နေလို့ရှိယင်လဲ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဘက်ကို ဘုန်းကြီးတို့ တကာတကာမတွေဟာ ကူးနိုင်တဲ့ အဖြစ်ကို သေသေချာချာ ယုံယုံကြည်ကြည်မှတ်ပါ၊ (မှန်ပါ့ဘုရား)။

ကောင်းပြီ ဒါဖြင့် လူဟာလူ့ သံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန် ရနိုင်ပါ့မလားဆိုတဲ့ အမေးက သံယောဇဉ် ကြားညှပ်ရင်လဲ မပြေဘူး၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီ)

ရှုတယ်၊ ရှုနေရင်းမတ္တနဲ့ စိတ်က သံယောဇဉ်ဘက် လှည့်သွားလိုက်၊ ပြီးမှ ပြန်ရှုလိုက်၊ ဆိုလို့ ရှိယင်လဲ မရပေဘူး၊ (မှန်ပါ့ ဘုရား)။

ဒါကြောင့် ဘုန်းကြီးများက အင်္ဂုတ္တိုရ်ပါဠိတော် အကိုးအကားထားပြီး ဟောထားတာကို ပြောရပါတယ်၊ (မှန်ပါ့ဘုရား)။

တကာ တကာမတို့ ကိလေသာ ကြားမခြားလို့ ရှိယင် ဝိပဿနာရှုနေတယ်၊ ကိလေသာ ကြားမခြားလို့ရှိယင် မနက် အားထုတ်၊ ညနေရတယ်၊ (မှန်ပါ့) ညနေ အားထုတ် မနက် ရတယ်လို့ဆိုတာ ဘုရားက ဟောပြန်တယ်ဆိုတော့ အားလုံး တကာတကာမတွေ အခုပြောတာက ပဏ္ဏာသ၊ ရှေးဦးစွာ ဝဂ္ဂ မေးတာက ပဏ္ဏာသပါဠိတော် (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ခုနင်က ကိလေသာ ကြား,မခြားလို့ ရှိယင် ရနိုင်တယ်လို့ ဆိုတာ အင်္ဂုတ္တိုရ်ပါဠိတော်၊ ကိုယ်တော်တပါးတည်း ဟော သွားတာ၊ (မှန်ပါ့ဘုရား)။

အဲဒါကြောင့် အားလုံး တကာ တကာမတွေ သြော်- သံယောဇဉ်ဆိုတာ ကြား,ခြားတာ ဆိုတာကိုး၊ (မှန်လှပါ ဘုရား) ဝိပဿနာလေးရှုလိုက်- ရှုရင်းမတ္တနဲ့ သားစိတ်,သမီး စိတ်ကလေး စိုးရိမ်ကြောင့်ကျတဲ့ စိတ်ကလေးတွေက ဝင်လာ လိုက်ဆိုယင်တော့ဖြင့် ကြာလိမ့်မပေါ့ဗျာ၊ (မှန်လှပါဘုရား) မရနိုင်ဘူး ကြာသွားလိမ့်မယ်၊ (မှန်ပါ့,)။

ဟာ- တောက်လျှောက်ပဲ၊ တပည့်တော်တို့ဖြင့် ဒီအချိန်နဲ့ ဒီအချိန်အတွင်းတော့ ဘာမှမဝင်မခံတော့ဘူးဆိုတဲ့ အဓိဋ္ဌာန် ချက်ကလေးနဲ့ ဘုန်းကြီးတို့ တကာ တကာမတွေ လုပ်ပါဆို တာကိုလဲ တိုက်တွန်းရပြန်တယ်၊ (မှန်လှပါဘုရား) နားလည် ပလား၊ (နားလည်ပါပြီဘုရား)။

ဒီအချိန်နဲ့ ဒီအချိန်အတွင်း သားစိတ်,သမီးစိတ်,ဆွေစိတ် မျိုးစိတ်, ရောင်းစိတ်, ပယ်စိတ်ဆိုတာတွေ မဝင်တော့ပါဘူး ကွာ၊ ဒီအချိန်နဲ့ ဒီအချိန်ဟာ မင့်အချိန်လဲမဟုတ်ဘူး ဆိုပြီး သကာလ တကာ တကာမတွေ ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်အောင် ကြိုးစားနေမယ်ဆိုယင် တကာကြွယ်- ရပါတယ်၊ (မှန်ပါ့ ဒီ အချိန်စွန့်နေတာဘဲ ဆိုတာကော သေချာပလား၊ (သေချာ ပါပြီ) သံယောဇဉ်တွေလေ၊ (မှန်ပါ့)။

အေး-ဒါတွေမသိတော့ အချို့ အချို့က ပြောကြတယ်၊ မင်းတို့ဟာကွာ ငါးပါးအာရုံ ကာမဂုဏ်တွေနဲ့ နေကြထိုင်ကြ

http://www.dhammadownload.com



တဲ့အထဲမှာ ဘယ်မှာမဂ်ဉာဏ်,ဖိုလ်ဉာဏ်ရနိုင်ပါ့မလဲလို့ ပြောတဲ့ ဥစ္စာကိုလဲ အခုပြောတဲ့ အခိုက်အတန့်ကို သူ့စိတ်ထဲမရှင်းလို့ ပြောတာလို့မှတ်လိုက်၊ (မှန်ပါ့) အခုတော့ ရှင်းသွားပလား၊ (ရှင်းသွားပါပြီဘုရား) ကိုယ်လုပ်နေတဲ့ အခိုက် အတန့် ဝင် မရှုပ်ယှင် ပြီးတာပဲ၊ (မှန်ပါ့)။

ကိုယ်လုပ်နေတဲ့ အခိုက်အတန့် (ဝင်မရှုပ်ယှင် ပြီးတာပါပဲ ဘုရား)။

သံယောဇဉ်တွေ ဝင်မရှုပ်တော့ဘူး ဆိုလို့ရှိယင်ဖြင့် ဘယ် အချိန်မဆို ရပါတယ်ဆိုဘဲဥစ္စာ ဆုံးဖြတ်ချက်ချပါ၊ (မှန်လှပါ ဘုရား)။

ဒါဖြင့် တကာ တကာမတို့ အားငယ်စရာ ရှိရဲ့လား၊ (မရှိ ပါဘုရား)။

ကိုယ်က အလုပ်လုပ်တဲ့အခါမှာ တကာအုန်းတို့ ဂရုစိုက် စရာက ဒီအချိန်နဲ့ ဒီအချိန်မှာဖြင့် ဘယ်နည်းနဲ့မှ တခြားစိတ် အဝင်မခံဘူးကွာ၊ (မှန်ပါ့)။

ဖြစ်ပျက်နဲ့မဂ်နဲ့ ကိုက်အောင်ပဲ လုပ်နေမယ် ဆိုလို့ရှိယင် ဖြင့် တကာ တကာမတို့ ဝိပဿနာမဂ်က အဆုံး၊လောကုတ္တရာ မဂ်ကအစနဲ့ သွားတွေ့မှာပဲ၊ (မှန်လှပါဘုရား)။

ဒါကြောင့် ဘုန်းကြီး ဆုပေးတဲ့ အခါကျတော့ တကာ တကာမတွေက သတိထားနားထောင်ပါ၊(မှန်ပါ့) မိမိအား ထုတ်ဆဲဖြစ်သော ဝိပဿနာဉာဏ်သည် မပါဘူးလား၊ (ပါ- ပါတယ်ဘုရား)။

http://www.dhammadownload.com



လျှင်မြန်စွာ မဂ်ဉာဏ်သို့ကျေးဇူးပြု၍ဆိုတဲ့-ဥစ္စာကြားထဲ ကိလေသာမခြားစေနဲ့ ပြောတာ၊ (မှန်ပါ့)။

မိမိအားထုတ်ဆဲ ဖြစ်သော ဝိပဿနာဉာဏ်သည် ဆိုတာ ဝိပဿနာဉာဏ်၊ ဖြစ်ပျက်မြင်တဲ့ဉာဏ်၊ (မှန်ပါ့)လျှင်မြန်စွာမဂ် ဉာဏ်သို့ ကျေးဇူးပြု၍ဆိုတော့ ကိလေသာ ကြား့မခြားလို့ရှိ ယင် ဝိပဿနာဉာဏ်က မဂ်သို့ကူးသွားတယ်၊ (မှန်ပါ့) မကူး ပေဘူးလား၊ (ကူးပါတယ်ဘုရား)။

ဝိပဿနာဉာဏ် ဖြစ်ပျက်တွေ့တာ၊ (မှန်ပါ့) မဂ်ဉာဏ်က နိဗ္ဗာန်နဲ့တွေ့တာ၊ (မှန်ပါ့)။

အဲ-ဝိပဿနာဉာဏ်ကနေ ဆက်ပြီးအားထုတ်သွားလို့ရှိယင် ဖြင့် လောကုတ္တရာမဂ်ဉာဏ် ရသွားမယ်ဆိုလို့ ရှိယင် ကိလေသာ ကြား့ခိုစရာ ရှိသေးရဲ့လား၊ (မရှိပါဘုရား)။

ဒီလိုကြား့ခိုစရာမရှိလို့ ရှိယင်တကာကြွယ်ရေ-ဘယ်အချိန် မဆိုရနိုင်တယ်၊ (မှန်ပါ့ဘုရား) စင်ပြီးသား မကျဘူးလား၊ (ကျပါတယ်) သံယောဇဉ်တွေ ဘယ့်နှယ်နေသတုံး၊ (စင်ပါ တယ်ဘုရား)။

သံယောဇဉ်တွေစင်ပြီးသား ကျပြီးသကာလနေတဲ့အတွက် ဘုန်းကြီးတို့ တကာတကာမတွေမှာ အားငယ်စရာမလိုပါဘူး၊ (မလိုပါဘုရား)။

ဘုရားလက်ထက်က တရားပွဲ့ တပွဲမှာ ကျွတ်တမ်း ဝင်ပြီး သကာလသွားလိုက်တဲ့ပုဂ္ဂိုလ်တွေအများကြီးရှိတယ်(မှန်ပါ့) တရားပွဲထဲမှာပဲ ခန္ဓာနဲ့ ဉာဏ်နဲ့ တည့်နေတုန်းမှို တရားပွဲ

http://www.dhammadownload.com



အလယ်မှာ သောတာပန်တည်တာ၊ အဆုံးရဟန္တာဖြစ်ကြတာ တွေ တကာသစ် ဒါတွေက အရှိသားပဲ၊(ရှိပါတယ်ဘုရား)။

သူတို့ သားတွေ့၊သမီးတွေ့၊ဆွေတွေ့၊မျိုးတွေတော့အိမ်မှာ ထားပစ်ခဲ့တာပဲ၊ (မှန်ပါ့)။

အဲဒီသံယောဇဉ်တွေ ဒီအချိန်မှာတော့ ဝိပဿနာဉာဏ် မဂ်ဉာဏ်က စွန့်ပြီးသားဖြစ်နေတယ်၊ (မှန်ပါ့)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ ကိုယ့်အချိန်ကလေးကိုယ်ထားပြီးသကာလအဓိဋ္ဌာန်ချက်ကလေးနဲ့လုပ်ကြမယ်ဆိုလို့ရှိယင် တကာသစ် လိုရာခရီး အပြီးအပိုင် ရောက်မယ်ဆိုတာ မှတ်ရမယ်၊ (မှန်ပါ့) အားငယ်စရာရှိရဲ့လား၊ (မရှိပါဘုရား)။

မြန်မြန် တကာ တကာမတို့ ဒုက္ခဝဋ်မှ သိမ်းကြ၊ (မှန်ပါ့ဘုရား)။

မြန်မြန်–ဘာတဲ့တုံး၊(ဒုက္ခဝဋ်သိမ်းရပါမယ် ဘုရား) ဒုက္ခဝဋ်သိမ်းကြလို့ဆိုတာ တခြားမဟုတ်ပါဘူး၊ ဒီခန္ဓာကြီးက ဘာသစ္စာတုန်း၊ (ဒုက္ခသစ္စာပါဘုရား)။

သူ့ဖယ်ထားတော့ ဘာသစ္စာဖြစ်ဦးမှာတုံး၊ (ဒုက္ခသစ္စာပါဘုရား) ဘယ်နေရာထားထား သူ–ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါဘုရား)။

လူ့ပြည်ထားပြန်လဲ၊(ဒုက္ခသစ္စာပါ) နတ်ပြည် ထားပြန်ကော၊ (ဒုက္ခသစ္စာပါ) ဗြဟ္မာ့ပြည် ထားပြန်ကော၊ (ဒုက္ခသစ္စာပါ)စကြဝတေးမန္ဓာတ် အဖြစ်နဲ့ ထားပြန်ကော၊ (ဒုက္ခသစ္စာပါဘုရား)။

http://www.dhammadownload.com



ဩော်–ဒါဖြင့် ဒီဟာ ဒုက္ခဝိပါကဝဋ် ဆိုတာ တကာသစ်–တကာကြွယ်တို့ သိပြီးသွားထားပါတော့(မှန်ပါ့) ဘယ်ထား လို့မှ သစ္စာဆိုတာ မဖောက်မပြန် မှန်ပါတယ်၊ (မှန်ပါ့ ဘုရား)။

ဟာ–လူဖြစ်လို့ ချမ်းသာလိမ့်မယ်လို့ တကာကြွယ် ထင်တာ သစ္စာမသိလို့ (မှန်ပါ့ဘုရား)။

ဒီခန္ဓာကြီးက ဘာသစ္စာတုံး၊(ဒုက္ခသစ္စာပါဘုရား) ဟာ–လူမို့သာ ဆင်းရဲတာ၊ နတ်ပြည်ကျတော့ ချမ်းသာမှာပေါ့လို့ ဆိုတာလဲ ဘာမသိလို့ ပြောတာတုံး၊ (သစ္စာ မသိလို့ပါ ဘုရား)။

အဲဒါ သစ္စာဉာဏ် မသိသေးသရွေ့ ကာလပတ်လုံးဟာဖြင့် တစ်နေရာနဲ့ တစ်နေရာပြောင်းအကောင်းချည်းထင်ကြမှာပဲ၊ (မှန်လှပါဘုရား)ထင်စရာ ရှိရဲ့လား၊ (မရှိပါ ဘုရား)။

မရှိဘူး တကာတကာမတို့ မရှိပါဘူး၊ ဘယ်နေရာ သွားပြန်သလဲ၊ စားပြီး စွန့်ရမယ့် ကျင်ကြီး ကိစ္စ လွတ်ပါ့မလား၊ (မလွတ်ပါဘုရား)။

စကြဝဠာတေးမင်း ဖြစ်နေပြန်လဲ စားရ သောက်ရမှာပဲ၊ပြီးတော့ ကျင်ကြီးစွန့်ရတဲ့ကိစ္စ, အသုဘ ဖြစ်ရတဲ့ကိစ္စက စွန့်ပါ့မလား၊(မစွန့်ပါဘုရား)။

အဲ....ဘယ်မှာနေနေ ဒီခန္ဓာကြီးဟာဖြင့် ဒုက္ခသစ္စာအသုဘဆိုတဲ့အဓိပ္ပါယ်ကဖြင့် ဘယ်မှာ နေနေ သူကတော့ ရှိလျက်ပါပဲ၊ (မှန်ပါ့) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ဒီခန္ဓာကြီးဟာ ဒုက္ခသစ္စာ၊ (မှန်ပါ့)ဒီဒုက္ခသစ္စာကြီးကို ခင်ဗျားတို့ မစွန့်ချင် သရွေ့ကာလပတ်လုံး လူဖြစ်ရပါလို၏ ဆိုတာ ဒုက္ခသစ္စာမစွန့် တာ၊ (မှန်ပါ့) နတ်ဖြစ်ရပါလို၏၊ (ဒုက္ခသစ္စာ မစွန့်တာပါ ဘုရား) ဗြဟ္မာဖြစ်ရပါလို၏၊(ဒုက္ခသစ္စာမစွန့်တာပါဘုရား)။

ဩော်-ဒုက္ခ သစ္စာ မစွန့်ချင်တဲ့ ပုဂ္ဂိုလ်ကတော့ ဒါ လူ့ သံယောဇဉ် မစွန့်တဲ့အတွက် တကာအုန်း- နိဗ္ဗာန် မရဘူး၊ (မှန်လှပါ့ဘုရား)။

ခင်ဗျားတို့ကတော့ တောင်းနေတာပဲ၊ လူ့စည်းစိမ်၊ နတ် စည်းစိမ်အကြိမ်ကြိမ်ခံစားပြီး၍ အဆုံးစွန်သောဘဝ၌ နိဗ္ဗာန် ရ,ရပါလို၏၊ (မှန်ပါ့) တကာကြွယ်တို့ နဂိုက နှစ်သက်တယ်၊ လူ့ပြည်နတ်ပြည် အကြိမ်ကြိမ် ခံစားပြီး၍ ဆိုတာ တဏှာ့ကိစ္စ မဟုတ်လား၊ (မှန်ပါ့)အဆုံးစွန်သောဘဝ၌ နိဗ္ဗာန်ရောက်ရ ပါလို၏ဆိုတော့ ဒီတဏှာတွေခံစားပြီး နေတဲ့ပုဂ္ဂိုလ်ဟာဘယ် တော့ဆုံးမှာတုံး၊ ဒီခံစားတဲ့အလုပ်က (မဆုံးပါဘုရား၊) ဒါ ဖြင့် ဘယ်တော့မှမရောက်ပါဘူး၊(မရောက်ပါဘုရား)မရောက် နိုင်ဘူးဆိုတာသေချာပလား၊ (သေချာပါပြီဘုရား)။

အေး-ဒါကြောင့် ခုနင်က ပုစ္ဆာကလေးဟာ လူဟာ လူ့ သံယောဇဉ်မစွန့်ဘဲနဲ့နိဗ္ဗာန်ရောက်ပါ့မလားလို့ ဝစ္ဆက မေး တော့ ဘုရားက မရောက်နိုင်ဘူးဆိုတာ အဲဒီဆုတောင်းသမား မျိုးကိုဆိုတာ (မှန်ပါ့ဘုရား) သဘော ပါကြပလား၊ (ပါပါ ပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒီဆုတောင်းဟာ ဆောင်ရမှာလား–ရှောင်ရမှာလား၊ (ရှောင်ရမှာပါဘုရား) ရှောင်ရမယ်ဆိုတာ၊ သေချာပြီ၊ (သေချာပါပြီဘုရား)။

ကဲ–ဒါဖြင့် ဒုတိယအချက် မေးခွန်းကလေးလဲကြားဘူးတဲ့ ပုဂ္ဂိုလ်ကနည်းနေတော့ မကြားဘူးတဲ့ပုဂ္ဂိုလ်ကလဲအသစ်မှတ်ပြီးသကာလ ဩြော် .. ဒီလိုလဲရှိပါသေးသလားဆိုတာလဲမှတ်ရမယ်(မှန်ပါ့)လူဟာလူ့သံယောဇဉ်မစွန့်ဘဲနဲ့ သုဂတိနတ်ပြည်ရောက်နိုင်ပါ့မလားလို့ ဝစ္ဆကဘုရားကိုမေးပြန်တယ်(မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

အဲဒီကျတော့ ရောက်နိုင်တယ်ဟော့ .. **တဲ့**၊ ဘုရားက ဖြေပြန်တယ်၊ (မှန်ပါ့)။

တကာတကာမတို့ လူဟာ လူ့သံယောဇဉ်ကို မစွန့်ဘဲနဲ့– တဲ့၊ လူမှု့တန်းမှု့ပေးမှု့ကမ်းမှု သည် နတ်ရွာသုဂတိ ရောက်နိုင်ပါ့မလားလို့ မေးတဲ့အခါကျတော့ ဘုရားကဘယ့်နှယ်ဖြေသတုံး၊ (ရောက်နိုင်ပါတယ်ဘုရား ။

နတ်ရွာသုဂတိတော့....တဏှာပါလဲရပါတယ်၊ (မှန်ပါ့) ရှင်းပလား. (ရှင်းပါပြီ) နိဗ္ဗာန်ကျတော့ တဏှာပါယင်မရဘူးကွ .. ဆိုတော့ မထူးခြားဘူးလား၊ (ထူးခြားပါတယ်ဘုရား)။

နိဗ္ဗာန်ကျတော့ (တဏှာပါယင်မရပါဘုရား) တဏှာ ပါယင် မရဘူးလို့ ဆုံးဖြတ်ချက်ချ၊ (မှန်လှပါဘုရား)။

တကာကြွယ် ကျေနပ်ပလား၊ (ကျေနပ်ပါပြီဘုရား) လူ့ပြည်,နတ်ပြည်တွေကျတော့ (တဏှာပါလဲရပါတယ်) တဏှာ

http://www.dhammadownload.com



ပါပြောသော်လဲ-တဲ့ မင်းတို့ရတဲ့ ကုသိုလ်က ဆုတောင်းပြီး သကာလတကျာနဲ့ တောင်းတာနဲ့ရပါတယ်တဲ့(မှန်ပါ့ဘုရား) သဘောပါကြပလား၊ (ပါ-ပါပြီဘုရား)။

ကဲ- တစ်ခါရှေက တကာအုန်းတို့မှတ်လိုက်ပါဦး၊မိစ္ဆာဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ်များ၊ ဥပမာ သက္ကာယဒိဋ္ဌိရှိရှိ.... သဿတဒိဋ္ဌိရှိရှိ၊ ဥစ္ဆေဒဒိဋ္ဌိရှိရှိပေါ့ဗျာ၊ မိစ္ဆာဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်များ နိဗ္ဗာန်ရနိုင်ပါ့မလားလို့မေးလိုက်တယ်၊ (မှန်ပါ့)။

ငါသည်ကားလို့ဆိုလို့ရှိယင်ကွာ တဲ့၊ဘုရားဖြစ်ဘဲ့နေ့ကစပြီး အဆုံးကြည့်တယ်၊ မိစ္ဆာဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်များ ဟာဖြင့် ဘယ်နည်းနဲ့မှ နိဗ္ဗာန်မရဘူး၊ (မှန်ပါ့)။

ဒါ့ကြောင့် တကာတကာမတို့ ဖြစ်ပျက်ရှုမှခိုင်မြဲတယ်ဆိုတဲ့ ငါမဟုတ်ကြောင်းလဲ ခန္ဓာကိုယ်ကြီး ဖြစ်မှု ပျက်မှု မြင်လိုက်တော့ ငါမဟုတ်တဲ့ သက္ကာယဒိဋ္ဌိတွေလဲ ပြုတ်ပါတယ်၊(ပြုတ်ပါတယ်ဘုရား)ဖြစ်ပြီးပျက်သွားတာမြင်သဖြင့်လဲ ခိုင်တယ် မြဲတယ်ဆိုတဲ့ သဿတဒိဋ္ဌိကော၊(ပြုတ်ပါတယ်ဘုရား)။

ဖြစ်ပြီးပျက်သွားတာမြင်သဖြင့်လဲ ခိုင်မြဲတယ်ဆိုတဲ့သဿတဒိဋ္ဌိကော' (ပြုတ်သွားပါတယ်ဘုရား)။

ဖြစ်ပြီး ပျက်သွားတာသဲ နောက် ဖြစ်ပျက်ဟာ သူ့အရင်ဖြစ်ပျက်က အစားထိုးထားခဲ့တယ်ဆိုတာသဲမသေချာဘူးလား (သေချာပါတယ်ဘုရား)။

ချုပ်သွားတဲ့တရားဟာ အစားထိုးထားခဲ့တာသိသဖြင့်လဲ ဥစ္ဆေဒဒိဋ္ဌိကော မလွတ်ဘူးလား၊ (လွတ်ပါတယ်ဘုရား) အ

http://www.dhammadownload.com



ကြောင်းအကျိုးက ဆက်သေးသကိုးဗျ၊ (မှန်ပါ့) သဘော ပါပလား၊ (ပါ-ပါပြီဘုရား)။

အဲဒီလို မိစ္ဆာဒိဋ္ဌိ တွေကို ဘုန်းကြီးတို့က ရှင်းပေးထား တာဘဲ၊ ခုနင်က ဝစ္ဆမေးသလို-တဲ့၊ အာဇီဝက တိတ္ထိတွေဟာ နိဗ္ဗာန်ရောက်ပါ့မလားဆိုတော့ ဘုရားက မရောက်ပါဘူးကွာ-တဲ့၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီ)။

ဒါ့ကြောင့် ခင်ဗျားတို့ကို အရေး တကြီး တခါတည်း ခန္ဓာကိုယ်ထဲမှာ ဝေဒနာကလေးတွေယင် ဝေဒနာဖြစ်ပျက်ကို တွေ့အောင် ရှုပါဆိုတဲ့ဥစ္စာ တကာ တကာမတို့ ဒိဋ္ဌိသတ်ပေး နေတာ၊ (မှန်ပါ့)နို့မဟုတ်ယင် နိဗ္ဗာန်ကို ကန့်ကွက်မှာစိုးလို့-ဆိုတဲ့ အဓိပ္ပါယ်မှတ်ပါ၊ (မှန်ပါ့) သဘောပါပလား၊ (ပါ-ပါပြီဘုရား)။

ကောင်းပြီ-တဲ့၊ ဒါဖြင့် မိစ္ဆာဒိဋ္ဌိရှိလို့ရှိယင်ဖြင့် မိစ္ဆာဒိဋ္ဌိ ဆိုသော်လဲ တကာ တကာမတို့ လေးလေးစားစား မှတ်လိုက် ပါ၊သက္ကာယဒိဋ္ဌိရှိလဲ မရဘူး၊(မရပါဘုရား) သဿတဒိဋ္ဌိရှိလဲ (မရပါဘုရား) ဥစ္ဆေဒဒိဋ္ဌိရှိသဲ၊(မရပါဘုရား)။

မရဘူး-လို့ သေသေချာချာ မှတ်ထားလိုက်တော့ ဒါတွေ ဟာ ဖြစ်ပျက်မြင်တဲ့ ပုဂ္ဂိုလ်များ သုံးမျိုးစလုံး စင်ပါတယ်၊ (မှန်ပါ့ဘုရား)။

ဖြစ်ပျက်မြင်တဲ့ ပုဂ္ဂိုလ်များ၊ (သုံးမျိုးစလုံး စင်ပါတယ် ဘုရား)။

ဩော်-ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးကသဲ "အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော"တဲ့၊ ဩော်-

http://www.dhammadownload.com



ဖြစ်ပျက်ဟာ အရေးကြီးတယ်ကွ–လို့ ပြောတာပဲ၊ (မှန်ပါ့) ဥပ္ပါဒနဲ့ ဝယ အင်မတန် အရေးကြီးတယ်ကွ တဲ့၊ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ–တဲ့၊ ဖြစ်ပြီးချုပ်တာပဲဆိုတာ မင်းတို့မြင်ဖို့ အတော် အရေးကြီးတယ်–တဲ့၊ (မှန်ပါ့)။

တေသံ=ထိုဖြစ်ပြီးချုပ်တတ်တဲ့ တရားတို့၏၊ ဝူပသမော= ဆုံးသွားခြင်းသည်၊ သုခေါ=နိဗ္ဗာန်ပဲ-တဲ့၊ (မှန်ပါ့)။

ဩော်- ဒီဖြစ်ပျက် ဆုံးအောင် ရှုလိုက်ယင် ဘာတဲ့တုံး၊ (နိဗ္ဗာန်ပါဘုရား)။

နိဗ္ဗာန်ပဲဆိုတာကိုလဲ သံယုတ်ပါဠိတော်ကြီးများမှာ ဟော ထားပြန်တော့ တကာ တကာမတို့ ဖြစ်ပျက် မြင်ကတည်းက ဒိဋ္ဌိစင်လို့ ဖြစ်ပျက်ဆုံးတာ၊ (မှန်ပါ့)။

ဖြစ်ပျက် မြင်ကတည်းက (ဒိဋ္ဌိစင်ပါတယ်ဘုရား) ဒိဋ္ဌိစင် သွားတော့ကို–တဲ့ တော်တော်ကလေး ရှုဖန် များလာတော့ ဖြစ်ပျက်တွေ မဆုံးဘူးလား၊ (ဆုံးပါတယ်ဘုရား)။

အဲ- ဆုံးသွားတဲ့အခါ ဒိဋ္ဌိခွါပြီးသားမို့ ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်ကိုမြင်ရတာ၊ (မှန်ပါ့) ဒိဋ္ဌိမခွါသေးလို့ရှိယင်၊ (မမြင် ရပါဘုရား) ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်မြင်ရပါ့မလား၊ (မမြင်ရ ပါဘုရား)။

အဲဒါကြောင့်ပဲ ဒိဋ္ဌိရှိယင် မရဘူး ဆိုတာလဲ သေချာကြ ပလား၊ (သေချာပါပြီ) သဘောပါပလား၊ (ပါ–ပါပြီ) ပုဗ္ဗာသုံးခုရှိသွားပြီ၊ (မှန်ပါ့ဘုရား)။

ပုဗ္ဗာသုံးခုရှိသွားပြီ တကာ တကာမတို့၊ (မှန်ပါ့) လေး နံပါတ်ကို တခါမေးတယ်၊ အဲဒီအာဇီဝကအယူရှိတဲ့ မိစ္ဆာဒိဋ္ဌိ

http://www.dhammadownload.com



အယူရှိတဲ့ပုဂ္ဂိုလ်တွေသည်ကားလို့ ဆိုလို့ရှိယင်ဖြင့်တဲ့၊ သုဂတိများကော ရောက်နိုင်ရဲ့လားတဲ့၊ (မှန်ပါ့) ဟာ-သုဂတိတော့ ရောက်နိုင်ပါတယ်ကွာတဲ့၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

ဘာ့ကြောင့်တုန်း ဆိုတော့ ငါလုပ်-ငါရမယ်လို့ ဒိဋ္ဌိနဲ့လဲပြုပြီးတော့ ရောက်သေးတာကိုးဗျ၊ (မှန်ပါ့) သဘော ပါကြပလား၊ (ပါ-ပါပြီဘုရား)။

အေး-ဒါကြောင့် ဒီလေးချက်ကိုလဲမမေ့ဘဲနဲ့ မှတ်သားပြီး သကာလ ထားတော့မှကိုယ့်အလုပ်မှာရဲရဲတင်းတင်းလုပ်လိုက်လို့ရှိယင်ဖြင့်တဲ့ ကိစ္စအမြန်ပြီးသွားမှာပဲ၊ (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ယနေ့တရားပွဲမှာ သက်သေသာဓကလုံလောက်အောင်ပြပြီးသကာလ ဘုန်းကြီးတို့ တကာတကာမတွေအား၊ ဩဝါဒ- လုပ်လို့ရတာပဲကိုး ဆိုတာကိုဖြင့် ဆုံးဖြတ်ချက်ချပါဆိုတာ ရှေ့ပိုင်းမှာ တိုက်တွန်းတယ်၊ (မှန်ပါ့ဘုရား)။

လုပ်ယင်၊ (ရပါတယ်) ရတာပဲဆိုတာကိုဖြင့် တကာကြွယ်သံသယမရှိနဲ့၊ (မှန်ပါ့) သံသယရှိဖို့ လိုသေးသလား၊ (မလိုပါဘုရား) ရှိဖို့ မလိုပါဘူး၊ (မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ဒီအလုပ်ဟာ အင်း.... ဝိပဿနာအလုပ် လုပ်ရတော့မယ် ဆိုလို့ရှိယင်ဖြင့် အဘယ်အကျိုးငှာလုပ်ရပါသတုံးလို့မေးတဲ့အခါကျတော့ ဝိပဿနာအလုပ်ဆိုတာ တကာ တကာမတွေ ဘယ်လိုပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့မှ ကံနဲ့ အကျိုးပေးဖြတ်တာပဲ၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဝိပဿနာအလုပ်ဟာ၊ (ကံနဲ့အကျိုးပေးဖြတ်နေတာပါ) ကံနဲ့ အကျိုးပေးဖြတ်နေတာတဲ့-တကာတကာမတွေနော်... (မှန်ပါ့ဘုရား)။

ကံနဲ့၊ (အကျိုးပေးဖြတ်နေတာပါ)တကာကြွယ် ကြိုက်မှ ကြိုက်ပါ့မလား၊ (ကြိုက်ပါတယ်ဘုရား)။

ခင်ဗျားတို့က မကြိုက်ရှိရမယ်၊ ဟောဒါက အကုသိုလ်ကံ၊ ဟောဒါက အပါယ်လေးပါးအကျိုးပေး၊ (မှန်ပါ့) ကြိုက်-မကြိုက်(မှန်ပါ့)တကာတကာမတွေကံနဲ့အကျိုးပေးဖြတ်တာကို ကြိုက်-မကြိုက်၊ (ကြိုက်ပါတယ်) မကြိုက်ယင် ခင်ဗျားတို့ ကျချင်လို့ပေါ့၊ (မှန်ပါ့) ဒါပဲ ရှိတာပဲ၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဝိပဿနာအလုပ်ဆိုတာ ယနေ့စကားတလုံးထူးထူး လည်လည် ပြောတယ်လို့ အောက်မေ့လိုက်စမ်းပါ၊ (မှန်ပါ့ ဘုရား)။

ဝိပဿနာအလုပ်-လုပ်တော့ ကံနဲ့အကျိုးပေးတာ၊(ပြတ်ပါတယ်) ကံနဲ့အကျိုးပေးပြတ်တယ်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာ တကာမတွေက ကံက ခေလိုက်တာ ဘယ်တော့မျှားမှအကျိုးပေးပါ့မတုံး၊ (မှန်ပါ့)တကာတကာမတွေ မြှော်လင့်ချက်က တမျိုး၊ (မှန်ပါ့ဘုရား)။

ဩော်-မသိရှာတော့တကာတကာမတွေသူလိုချင်တာကကံ ဒီကံက အမျိုးမျိုးရှိနေတာ သူကမသိဘူး၊ (မသိပါ)သူလိုချင် တာကဘာတုံးလို့ မေးတဲ့ အခါကျတော့ တကာ တကာမတို့ အဖို့ကံက ဘယ်တော့မျှား အဖို့အကျိုးပေးပါ့မလဲ၊(မှန်ပါ့) ဒါကို သူမြှော်တာ၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



အဲဒီတော့ သူ့မှာ အဖြူကံက ဒီအဖြူကံ အကျိုးပေးတာ သာ သူမြှော်နေတယ်၊ သူ့မှာ ကံကသုံးမျိုးတောင် ရှိတယ်၊ (မှန်ပါ့ဘုရား)။

အမဲကံက အမဲအကျိုးပေးတယ်၊ တကာ တကာမတွေမှာ ရှိတာပဲ၊ (ရှိပါတယ်) အဖြူကံက အဖြူ အကျိုးပေးကော၊ (ရှိပါတယ်) အမဲအဖြူရောတဲ့ကံက အမဲအဖြူ အကျိုးပေးတာ ကော၊ (ရှိပါတယ်ဘုရား)။

သူက ဘာမြှော်တာတုံး၊ (အဖြူကံ မြှော်ပါတယ်) အဖြူ ကံက အဖြူအကျိုးပေး မြှော်နေလေတော့ ဘယ်တော့မျှား စီးပွားဥစ္စာရတနာ တက်ပါ့မတုံး၊ ဘယ်တော့မှ သားကောင်း သမီးကောင်း, မိတ်ကောင်း, ဆွေကောင်းများ တွေ့ရပါ့မလဲ ဆိုတာ အဖြူကံမြှော်နေတာ၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

အဲဒီလို ပုဂ္ဂိုလ်ကတဲ့၊ အဲ-မင်းကံဟာ ဒီကံကိုဖြတ်မှ မင်း သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဒုက္ခခပ်သိမ်း ငြိမ်းတဲ့ နိဗ္ဗာန် ရောက်မှာဆိုယင် ကြိုက်နိုင်ပါ့မလား(မကြိုက်နိုင်ပါဘုရား)။

မကြိုက်နိုင်ဘူးဆိုယင် ဒီကံဖြတ်တာမှလဲ မကြိုက်ဘူးဆိုယင် ဟိုကံလဲ သူဖြတ်တာကို ဘယ်နည်းနဲ့မှ မလုပ်ဘူး၊ (မှန်ပါ့) ဟိုကံလဲပြန်ဆက်ပြီး အကျိုးပေးမှာပဲ၊ (ပေးမှာပါ) ရှင်းကြ ပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ကံဟူသရွေ့သည် တကာတကာမတို့ အမဲကံလဲဖြတ် မှ နိဗ္ဗာန်ရမယ်၊ (မှန်ပါ့) အဖြူကံလဲ (ဖြတ်မှနိဗ္ဗာန်ရမှာ, ဒီအထဲ ကိုယ်လုပ်ထားတာတွေက အများကြီးကိုးဗျ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



အမဲအဖြူရောတဲ့ကံသဲ ဖြတ်မှုနိဗ္ဗာန်ရမှာပါ)ဖြတ်မှုပဲရမယ် ဆိုတာ သေချာပလား၊ (သေချာပါပြီဘုရား)။

နို့မဟုတ်လို့ ရှိယင်ဖြင့် တကာ တကာမတို့ အဖြူကံတော့ ဖြင့် ဖြတ်တာကြိုက်ပါတယ်၊ အမဲကံကတော့ဖြတ်တာ မကြိုက် ဘူးဆိုယင်လဲ ကံက မျက်နှာကြီး မျက်နှာငယ် မလိုက်ပါဘူး၊ (မလိုက်ပါ) သဘောကျပလား၊ (ကျပါပြီဘုရား)။

အမဲကံလာသဲ ငါဖြတ်မှာပဲ၊ (မှန်ပါ့) သူဖြတ်တာမှ မလုပ် ပဲ၊ (မှန်ပါ့) အဖြူကံလာသဲ(ငါဖြတ်မှာပါပဲ) အမဲအဖြူရောဘဲ့ ကံကော၊ (ဖြတ်မှာပါပဲဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကွက်ကြားကလေး ကြိုက်ရုံနဲ့ဖြင့် မဂ်ဉာဏ်,ဖိုလ်ဉာဏ် မရနိုင်ဘူး၊ (မရနိုင်ပါဘုရား)။

ကွက်ကြားကြိုက်ရုံနဲ့(မဂ်ဉာဏ်,ဖိုလ်ဉာဏ်မရနိုင်ပါ)ကဲ- ဒါဖြင့် ကံဟူသရွေ့ အမဲကံလဲ ဖြတ်မှပဲ၊ (မှန်ပါ့) အဖြူကံလဲ (ဖြတ်မှပါဘဲ) အမဲအဖြူ ရောတဲ့ကံကော(ဖြတ်မှာပါဘဲ) ဒါ- အဘိတ်ဘာဝကလာတာတွေဆိုတာနော်၊ (မှန်ပါ့)ဒီဘဝ ဆရာ ကောင်း သမားကောင်းနဲ့တွေ့လို့ ဝိဝဋ္ဋကံဒွေဆိုတာ မဟုတ် ပါဘူး၊ (မှန်ပါ့) သဘောပါပလား၊ (ပါ-ပါပြီဘုရား)။

ကိုင်း ... ဒါဖြင့် တကာ တကာမတို့ ကံပြတ်ဆိုတာ ကျေနပ် ထိုက်သလား- မကျေနပ်ထိုက်ဘူးလား ဆိုတာ ဘုရားကဖြင့် ကျေနပ်ထိုက်လို့ ကံဖြတ်ကိုကံဖြတ်မှု မဂ်ဉာဏ်ကွ၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

ဘုရားကတော့ ဘာတဲ့၊ (ကံဖြတ်မှု မဂ်ဉာဏ်ပါ) ကံဖြတ်မှု မဂ်ဉာဏ်ကွာလို့ ဟောထားတာ ကံများဖြတ်သွားယင် ခက်ရ

http://www.dhammadownload.com



ချည့်ရှဲမျှား တကာကြွယ်က ညည်းချင်သေးသလား၊ (မညည်းချင်ပါဘုရား)။

မညည်းနဲ့မညည်းနဲ့၊ ကံပြတ်သွားလို့ ရှိယင်ဖြင့် ခင်ဗျားတို့ တတွေကလဲ သိတာက မဟုတ်ထာ သိထားတာကိုး၊ (မှန်ပါ့) ကိုယ်ကအကျိုးပေးနေပြီ၊ (မှန်ပါ့ ကြိုက်ကလေးက ဝင်လာတော့ ကိုယ့်ကံပြတ်သွားပြီ၊ (မှန်ပါ့) ဒါကိုသာခင်ဗျားတို့က သဘော ကျနေတာကိုး၊ (မှန်ပါ့) အဖြူကံထဲ အမဲဝင်ယင် မကြိုက်ဘူး၊ (မကြိုက်ပါ) သဘော ကျပလား၊ (ကျပါပြီ) အဖြူကံအကျိုးပေးနေယင်၊ (ကြိုက်ပါတယ်ဘုရား)။

အဖြူကံက အကျိုး ပေးတော့လဲ နတ်ရွာသုဂတိ ဆိုပြန်တော့လဲ သစ္စာနဲ့ ပြန်လှည့်တော့ ဘာသစ္စာတုန်း၊ (ဒုက္ခသစ္စာပါဘုရား)။

အဲဒါပဲ ဒုက္ခသစ္စာမသိသေးလို့ သူကြိုက်နေတာ၊ (မှန်ပါ့ဘုရား)။

ကဲဒါဖြင့် ကံဟူသမျှသည် တကာ တကာမတို့အကျိုးပေးနဲ့ အဆက်အသွယ် ရှိတာကို ကယ်မည့်သူ ယူမည့်သူ တည်းဟူသော မဂ်ဉာဏ်မှ တစ်ပါး ဖြတ်ပေးမည့်သူ မရှိဘူး ဆိုယင် တကာအုန်း ကျုပ်တို့သည် ကံအကျိုးပေးနဲ့ လှည့်နေမှာပဲ၊ (မှန်ပါ့)သဘောကျပလား၊ (ကျပါပြီ ဘုရား)။

အဲဒါ သေသေချာချာသိချင်တော့ ဒီကဘုန်းကြီးကပြပေးမယ်၊ ကံပေါ်မှာ ဘယ်သူ အုပ်ချုပ်သတုံးဆိုတော့ ကိလေသာကအုပ်ချုပ်တယ်၊ (မှန်ပါ့) ကိလေသာပြီးတော့ ကံ၊ (မှန်ပါ့)

http://www.dhammadownload.com



ကံပြီးတော့ အကျိုးပေး၊(မှန်ပါ့) သဘော ပါပလား၊ (ပါ ပါပြီဘုရား)။

ကိလေသာ ပြီးတော့၊ (ကံပါ) ကံပြီးတော့ (အကျိုးပေး ပါဘုရား) ဒါ့ကြောင့် ကိလေသဝဋ်, ကမ္မဝဋ်, ဝိပါကဝဋ် မလာဘူးလား၊ (လာပါယယ် ဘုရား)။

ဒါဖြင့် ကိလေသာ ဖြတ်ယင် ကံ ပြတ်ပါတယ်၊ (မှန်ပါ့) ကိလေသာ ဖြတ်ယင်၊ (ကံပြတ်ပါတယ် ဘုရား)။

အဲဒီတော့ ဝိပဿနာအလုပ်ဆိုတာသည် ကံဖြတ်ဆိုလဲဟုတ် တာပဲ၊(မှန်ပါ့)ကံ၏ အရှင်သခင်ကို ဖြတ်တယ် ဆိုယင်ကော၊ (ဟုတ်ပါတယ်ဘုရား) ကံ၏ အရှင်သခင်ကို ဖြတ်တယ် ဆိုလဲ တကာအနုန်း မှန်တာပဲ၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါ ပြီဘုရား)။

သစ္စာ နေရာကျတော့ကို တကာတကာမတို့ သမုဒယသစ္စာ ဖြတ်မှု၊ (မှန်ပါ့ဘုရား) ကံနေရာကျတော့ ဘုရားသခင် ကိုယ် တော်မြတ်ကြီးကကံဖြတ်မှုလို့ ဟောတယ်၊အတူတူပဲ၊(မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

ကိလေသာဖြတ်ယင် (ကံ ပြတ်ပါတယ်ဘုရား)ကံပြတ်တာ ပဲဆိုတာ သေချာပလား၊ (သေချာပါပြီ ဘုရား)။

ကောင်းပြီ၊ဒါဖြင့် တကာတကာမတို့ ကံဖြတ် အလုပ် ဆို တာသည် ဝိပဿနာအလုပ် (မှန်ပါ့) သဘော ပါကြပလား၊ (ပါပါပြီ) ကောင်းပြီ၊ ဒါဖြင့် ပြောကြစို့၊ အလုပ် ပြကြစို့၊

http://www.dhammadownload.com



ဆိုတော့ မနေ့က စိတ်ဘက်ကပြတယ်၊ (မှန်ပါ့) ဒီနေ့တော့ ဝေဒနာဘက်ကပဲကြိုက်ဘဲ့ပုဂ္ဂိုလ်များရှုကြ(မှန်ပါ့၊ သို့သော် မနေ့ကပြတာက ဒိဋ္ဌိပြုတ်- ငါစွဲများတဲ့ပုဂ္ဂိုလ် စိတ်ကို ရှုပါ၊ (မှန်ပါ့)။

ငါစွဲများတဲ့ပုဂ္ဂိုလ်၊ (စိတ်ကိုရှုပါဘုရား စိတ်ကို ရှုပါ၊ ငါ့ကိုယ်-ငါ့ဟာ အစွဲများနေတဲ့ ပုဂ္ဂိုလ်ဟာ ဘာဘုံး၊ စိတ်ကို ရှုရပါမယ်ဘုရား) မနေ့က ပြောခဲ့တဲ့ ဆယ့်သုံးရှု၊ (မှန်ပါ့) သဘောပါပလား၊ (ပါ-ပါပြီဘုရား)။

ဒီနေ့တော့ တကာတကာမတွေဘုန်းကြီးများကသူ့စရိုက်နဲ့သူ လျော်ရာပေးရတော့ ဘာဖြစ်ဖြစ် *လိုချင် ရချင်များဘဲ့ ပုဂ္ဂိုလ်ကျတော့ကို ဝေဒနာရှုရမယ်၊ (မှန်ပါ့)။

လိုချင် ရချင်များတဲ့ ပုဂ္ဂိုလ်ကျတော့၊ (ဝေဒနာရှုရပါမယ်ဘုရား) ဒိဋ္ဌိများတဲ့ ပုဂ္ဂိုလ်မှာ၊ (စိတ်ရှုရပါမယ်ဘုရား)။

တဏှာများတဲ့ပုဂ္ဂိုလ်မှာ ဝေဒနာရှုတကာတကာမတို့နော် (မှန်ပါ့ဘုရား)။

အနာနဲ့ဆေး သင့်အောင်ပေးလို့ ရှိယင်ဖြင့် ပျောက်ရေး မခက်ဘူးဆိုတဲ့ ရှေးပုံပြင်လို ဒီမှာလဲ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရဖို့ အရေးဟာ လျော်အောင် ပေးရပါတယ် ဆိုတာကိုလဲ သေသေချာချာ မှတ်ပါ၊ (မှန်လှပါ)။

ဒိဋ္ဌိများတဲ့ပုဂ္ဂိုလ်၊ (စိတ်ရှုရပါမယ်ဘုရား) အဲ....ဝိပဿနာရှု၊ (မှန်ပါ့)။

---

* တဏှာစရိုက်များသည်ဟု ဆိုလိုသည်။

http://www.dhammadownload.com



တကျော့မျှားတဲ့ပုဂ္ဂိုလ်(ဝေဒနာ့နုပဿနာ့ရှုရပါမယ်ဘုရား) အေး....ဒါကြောင့် ဒီနေ့ဝေဒနာဘက်ကသင်ပေးမယ်၊ (မှန်လှပါဘုရား)။

တကာ တကာမတို့ ဒီနေ့ ဝေဒနာဘက်က သင်လိမ့်မယ်၊ အဲဒါ ကြပ်ကြပ်သတိထားပါ၊ (မှန်လှပါဘုရား)။

ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ တစ်ခါတလေ ချမ်းသာတာ ရှိတယ်နော်၊(မှန်ပါ့)ချမ်းသာတဲ့ဥစ္စာသုခဝေဒနာ၊ (မှန်ပါ့) ဆင်းရဲတာက၊(ဒုက္ခဝေဒနာပါဘုရား)ချမ်းသာဆင်းရဲ လွတ် နေတာက၊ (ဥပေက္ခာ ဝေဒနာပါ ဘုရား) အလတ်စားက ဥပေက္ခာဝေဒနာနော်၊ (မှန်ပါ့) ကောင်းပြီ၊ ဒါ- သုခ-ဒုက္ခ- ဥပေက္ခာ၊ (မှန်ပါ့) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

သို့သော် ရှုဘဲ့နေရာ အကွက်မကျပြန်လို့ ရှိယင်လဲ တကာ ကြွယ်ရေ- မှားတတ်တယ်နော်၊ (မှန်ပါဘုရား) အဲဒါကြောင့် တကာတကာမတို့ မျက်လုံးထဲ ဘာပဲပေါ်ပေါ် ဥပေက္ခာ မှတ်၊ (မှန်ပါ့)နားထဲက ဘာကြားစိတ်ပေါ်ပေါ်၊ ဥပေက္ခာ ပါဘုရား၊ နှာခေါင်းထဲက ဘာပဲနံနံ၊ (ဥပေက္ခာပါဘုရား) ဘာပဲမွှေးမွှေးဥပေက္ခာ၊သဘောကျပလား၊ (ကျပါပြီ) လျှာ ပေါ်က ဘာပဲစားစား၊ (ဥပေက္ခာပါဘုရား) လျှာပေါ်မှာ ပေါ်တဲ့ ဝေဒနာဟူသရွေ့ စိတ်ဟူသရွေ့ ဥပေက္ခာလို့ မှတ်လိုက် (မှန်လှပါဘုရား)။

ကိုယ်ပေါ် မှာတော့ တကာတကာမတို့ တစ်ခါအခါလေ ကျတော့ ချမ်းသာသုခဝေဒနာပေါ်ပါတယ်(မှန်ပါ့)ကိုယ် လုံးမှာ ပေါ်ချင်တဲ့နေရာပေါ်၊ပေါ်တဲ့နေရာ ဗိုက်ရလိမ့်မယ်- နော်၊ (မှန်ပါ့)။

http://www.dhammadownload.com



တစ်ခါတလေတစ်ကိုယ်လုံးမှာ အပ်သွားချစရာမရှိအောင် နာတာလဲ ပါသေးတယ်၊ (မှန်ပါ့) ကိုယ်ပေါ်မှာ ဒုက္ခဝေဒနာ (မှန်ပါ့)။

အဲဒီတော့ မနေ့ကပြောသလိုပဲ အပြင်ဋ္ဌသည်တကာသစ် ခြောက်ယောက်ပဲ မှတ်လိုက်၊ (မှန်ပါ့) သဘော ကျပလား၊ (ကျပါပြီဘုရား)။

ဥပေက္ခာ ၄၊ သုခ ဒုက္ခ၊ဘယ်နှစ်ခု ရှိသွားပြီလဲ၊(ခြောက် ခုပါဘုရား)ခြောက်ခု ရှိသွားပြီလို့ တကာ တကာမတွေ မှတ် လိုက်စမ်းပါ၊ (မှန်ပါ့)။

ဝမ်းထဲ ကျလာတော့ ငွေကလေး ရွှေကလေး ရလို့ရှိယင် သောမနဿ ဝင်တယ်၊ (မှန်ပါ့) ဝမ်းသာလိုက်တာ ဆိုတာ ဝမ်းထဲမှာပေါ်လို့ ဝမ်းသာတယ်လို့ ပြောတာ၊ (မှန်ပါ့)။

တစ်ခါတလေကျတော့စိတ်သည်ကားလို့ဆိုယင်ဝမ်းနည်း တယ်၊ (မှန်ပါ့ဘုရား) ဝမ်နည်းတယ် ဆိုတော့ ဝမ်းထဲမှာပဲ ဒေါမနဿ ဖြစ်တာကို ဆိုပါတယ်၊ (မှန်ပါ့) သဘောကျ ပလား၊ (ကျပါပြီ)။

ဝမ်းသာတယ် ဝမ်းနည်းတယ်မဆိုကြဘူးလား၊ (ဆိုကြပါ တယ်) တစ်ခါတလေကျတော့ ဝမ်းသာ ဝမ်းနည်း မရှိပါဘူး ဆိုတာကော(ရှိပါတယ်ဘုရား)ဝမ်းထဲမှာ ဝမ်းသာဝမ်းနည်း တဲ့ စိတ်မရှိပါဘူး ဆိုတာ ဥပေက္ခာပေါ်တာ၊ (မှန်ပါ့)။

ဒီစိတ် မပေါ်ယင်လဲ သေသွားမယ် (မှန်ပါ့) ဝမ်းသာ, ဝမ်းနည်းမရှိလို့ရှိယင်လဲ ကြား ရှိရသေးတယ်၊ (မှန်ပါ့)။

http://www.dhammadownload.com



တစ်ခါ တလေ ဝမ်းသာတာနဲ့ အသက် ရှင်နေတယ်၊ (မှန်ပါ့)တစ်ခါတလေကျတော့ (ဝမ်းနည်းတာနဲ့ အသက် ရှင်ပါတယ် ဘုရား)။

တချို့များ ငိုရင်းမတ္တနဲ့ အသက်ရှင်နေတာ အရှိသားပဲ၊ (မှန်ပါ့) ဝမ်းနည်းတဲ့ဝေဒနာကအသက်ရှင်အောင်လုပ်ထား တယ်၊ (မှန်ပါ့) တချို့ကျတော့လဲ ဝမ်းသာ ဝမ်းနည်းကင်း နေတော့ သူ့မှာ ဝမ်းသာတဲ့ စိတ်လဲ မရှိဘူး၊ ဝမ်းနည်းတဲ့ ဝေဒနာလဲ မရှိဘူး ဆိုသဖြင့် ဝမ်းသာဝမ်းနည်း ကင်းတဲ့ ဥပေက္ခာဝေဒနာနဲ့ အသက်ရှင်နေတယ်၊ (မှန်ပါ့)။

ဒါက အတွင်း ညှော်သည်က တကာ တကာမတွေ သိတဲ့ အတိုင်း သုံးယောက်ပေါ့၊(မှန်ပါ့)ဝမ်းထဲမှာပေါ်လို့အတွင်း ထားလိုက်ပါတယ်၊(မှန်ပါ့) အပြင်ဘက်မှာ ပေါ်လို့ အပြင် ညှော်သည်ခြောက်ယောက် ထားလိုက်ပါတယ်၊ (မှန်ပါ့)။

တစ်ခါတလေကျတော့ တကာတကာမတွေဝမ်းသာတာနဲ့ အသက် ရှင်နေတယ်လို့ ရှိတယ်၊ (မှန်ပါ့) ဝမ်းနည်းနည်းနဲ့ အသက် ရှင်နေတာကော၊ (ရှိပါတယ်ဘုရား) စိတ်ညစ်ညစ်နဲ့ ရှူနေတာ၊ ဒေါမနဿနဲ့ ရှူနေတာ၊-(မှန်ပါ့ မရှိဘူးလား....၊ (ရှိပါတယ်ဘုရား)တစ်ခါတလေကျတော့ ဝမ်းသာဝမ်းနည်း နဲ့ရှူနေတာကော၊ (ရှိပါတယ်ဘုရား)။

အင်း....ရှိတယ်ဆိုတော့ ဩော်-ဒါဖြင့် အသက် ရှူတာလဲ သုံးခုနဲ့ ရှူပါလား၊ ဝမ်းသာတဲ့ စိတ်ကလဲ ရှူစေနိုင်တယ်၊ ရှိုက်စေနိုင် ပါတယ်၊ ဝမ်းနည်းတဲ့ စိတ်ကကော၊ (ရှူစေနိုင် ရှိုက်စေနိုင် ပါတယ်၊ ဝမ်းနည်းတဲ့ စိတ်ကကော၊ (ရှူစေနိုင် ရှိုက်စေနိုင်ပါတယ်ဘုရား)။

http://www.dhammadownload.com



ခင်ဗျားတို့ မောနေတဲ့အခါ ကြည့်စမ်းပါဟား၊ နှပ်ဟာရှုတ်ရှုတ်နဲ့မမြင်ရဘူးလား၊ (မြင်ရပါတယ်ဘုရား) မကြားကြရဘူးလား၊ (ကြားကြရပါတယ်ဘုရား တစ်ခါတလေ သိပ်မျှား ရှူနေတဲ့အခါပါတယ်၊ (ပါ-ပါတယ်ဘုရား) တစ်ခါတလေ သိပ်ရှိုက်နေတဲ့အခါကော၊ (ပါ-ပါတယ်ဘုရား) အဲဒါ ဒေါမနဿဝေဒနာနဲ့ တစ်ခါတည်း ရှူလိုက်, ရှိုက်လိုက် လုပ်နေတာ၊ (မှန်ပါ့) သဘောပါပလား- (ပါ-ပါပြီဘုရား)။

တစ်ခါတလေကျတော့ လူမသိသူမသိ ရှူနေတဲ့ အခါကျတော့ ဥပေက္ခာပါတယ်၊ (မှန်ပါ့ဘုရား)မရှိဘူးလား၊ (ရှိပါတယ်ဘုရား)။

ဒါဖြင့် ရှူစိတ်ရှိုက်စိတ်က သုံးခုပေါ့ဗျာ၊ (မှန်ပါ့)ပေါ်ချင်တာပေါ်လိမ့်မယ်၊ (မှန်ပါ့)။

ကိုင်း....ဒါဖြင့် ဝေဒနာသည် အပြင်ညှော့သည် ခြောက်ယောက်-အတွင်းညှော့သည်သုံး၊ဟုတ်လား၊(မှန်ပါ့)အိမ်သည်သုံး၊ ထားလိုက်ပါတော့၊ (မှန်ပါ့) ပေါ်အောင်ပြောရတယ်နော်၊ (မှန်ပါ့)။

အဲဒါတွေကို တကာတကာမတွေ့ပေါ်ရာကိုမဂ္ဂင်ငါးပါးနဲ့ ဘုက်ပါ၊ (မှန်ပါ့)ပေါ်ရာကို၊ (မဂ္ဂင်ငါးပါးနဲ့ လိုက်ရပါမယ်လိုရား)။

လိုက်တော့ ဝေဒနာကဖြစ်ပျက်၊ လိုက်တာကမဂ်၊ (မှန်ပါ့ဘုရား)သဘောကျပလား၊ (ကျပါပြီဘုရား)။

ဝေဒနာက၊ (ဖြစ်ပျက်ပါဘုရား) လိုက်တာက၊ (မဂ်ပါဘုရား)။

http://www.dhammadownload.com



အဲဒီလို ရှုရှု ရှုရှုနေတော့ ဝေဒနာပစ္စယာ တဏှာမလာဘူးလား၊ (မလာပါဘုရား)။

သုခဝေဒနာပစ္စယာ တဏှာကော၊ (မလာပါဘုရား) ဒုက္ခဝေဒနာပစ္စယာ ဒေါသကော၊ (မလာပါ, ဥပေက္ခာ ဝေဒနာပစ္စယာ မောဟကော၊ (မလာပါဘုရား)။

မလာဘူးတကာတကာမတို့ ဩော်... ဝေဒနာရှုတာ လောဘ ဒေါသ,မောဟ သေသကိုး၊ (မှန်ပါ)။

ဝေဒနာရှုတာ၊ (လောဘ, ဒေါသ, မောဟ သေပါတယ်ဘုရား)။

ဩော်....ဒါဖြင့် နိဗ္ဗာန်ဆိုတာ လောဘ, ဒေါသ, မောဟ ကင်းယင် ရောက်တာပဲ၊ (မှန်ပါ)သဘောကျပလား၊ (ကျပါပြီဘုရား)။

နိဗ္ဗာန်ဆိုတာ၊ (လောဘ, ဒေါသ, မောဟ ကင်းယင်ရောက်ပါတယ်) လောဘ,ဒေါသ,မောဟ ကင်းယင် ရောက်တာပဲ ဆိုတဲ့ဥစ္စာ တကာကြွယ် ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ အပြင်ဝေဒနာက ဘယ်လောက်ပါလိမ့်၊ (ခြောက်ပါးပါဘုရား) အတွင်းဝေဒနာက၊ (သုံးပါးပါ)အမြဲတမ်းရှိသလိုလို ဖြစ်နေတဲ့ဝေဒနာက၊(သုံးပါးပါဘုရား)။

အဲဒါ ဉာဏ်ကလေးက ပြင်ဘက်မပေါ်လို့ရှိယင် ပြင်ဘက်မရှုနဲ့၊ အတွင်းဘက်မပေါ်လို့ရှိယင်လဲ အတွင်းမရှုနဲ့၊(မှန်ပါ)

http://www.dhammadownload.com



ဘာမှမရှိတဲ့အခါ ဒီ-အိမ်သည်သုံးခု တစ်ခုခုတော့ပေါ်ရမယ်၊ (မှန်လှပါဘုရား)မပေါ်ပေဘူးလား၊(ပေါ်ပါတယ်ဘုရား)။

အဲဒီကဲ့သို့ ပေါ်လို့ရှိယင် တကာတကာမတွေ့က ရှုပါ.... (မှန်ပါ့) ရှုတော့ကို ရှုလိုက်ဘဲ့ အခါကျတော့ ဝေဒနာဟာ အခုပြောလိုက်တဲ့ အခါကျတော့ ခြောက်ရယ်,သုံး,နှစ်ခုရယ် နော်၊ (မှန်ပါ့)။

ကောင်းပြီ ဆယ့်နှစ်ပဲရှု၊ (မှန်ပါ့) ဆယ့်နှစ်ပဲ ရှိတယ်ဆိုတာ အမြင်အတိုင်းပေါ့ဗျာ၊ (မှန်ပါ့)။

ဒါ ခင်ဗျားတို့ ရေးတဲ့ပုဂ္ဂိုလ်လဲရေး၊မှတ်တဲ့ပုဂ္ဂိုလ်လဲမှတ်ထားပေါ့ဗျာ၊ (မှန်ပါ့)။

ဉာဏ်ကောင်းတဲ့ ပုဂ္ဂိုလ်က သြော်–ဒီလိုရှုရမှာကိုး၊ ဒါပဲ ဒို့သန္တာန်ပေါ်သကိုးဆိုတာ မှတ်ပြီးရှုတာပေါ့၊(မှန်ပါ့)ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒီနေ့ရှင်းပြီးသည်၏အခြားမဲ့၌နောက်ဆုံးပိတ်တနေ့ကျတော့ဝေဒနာသည်ပြုသာနေတာတဲ့၊တကာတကာ မတို့ ဝေဒနာ အမျိုးအမည်သာ ပြားနေတာ ခင်ဗျားတို့ မြင်သစ္စေပြောစမ်းပါဆိုတော့ တကာကြွယ်ရေ သစ္စာတွေ့တာပဲ၊ (မှန်ပါ့) ဖြစ်ပျက်ဟာဘာသစ္စာ၊ (ဒုက္ခသစ္စာပါ) ဟာ-ဒါပဲတွေ့တာပါပဲ၊ (မှန်ပါ့)။

ဒါဖြင့် ဝေဒနာရှုဆိုတာလဲ ဖြစ်ပျက်ရှုခိုင်းတာ၊ (မှန်ပါ့) စိတ်ရှုဆိုတာကော၊(ဖြစ်ပျက်ရှုခိုင်းတာပါ)ဖြစ်ပျက် အရှုခိုင်း

http://www.dhammadownload.com



တာပဲဆိုတာ တကာတကာမတွေ့ သေချာပလား၊ (သေချာ ပါပြီဘုရား)။

ကောင်းပြီ ဘယ်သူ၏ဖြစ်ပျက်တုံး မေးဘဲ့အခါကျမှသာ လျှင် ဖြေ- ဒါဟာ အပြင်ဝေဒနာ၏ ဖြစ်ပျက်ပါ ဘုရား၊ အတွင်းဝေဒနာ၏ ဖြစ်ပျက်ပါဘုရား၊ အိမ်သည် ဝေဒနာ၏ ဖြစ်ပျက်ပါဘုရားလို့ မသိဘဲနေမှာစိုးလို့ပြရတာ၊ ခင်ဗျားတို့ ဉာဏ်အတွေ့မှာတော့ ဝေဒနာ မတွေ့ပါဘူး၊ ဥဒယနဲ့ ဝယ တွေ့ပါတယ်၊ (မှန်ပါ)။

ဥဒယဆိုတာ ဖြစ်တာ၊ (မှန်ပါ) ဝယဆိုတာ၊ (ပျက် တာပါ) အဲ- ဖြစ်ပျက်ပဲ တွေ့တာပဲ တကာကြွယ်ရေ၊ (မှန်ပါ ဘုရား)။

ဘာတွေ့ကြသလဲ(ဖြစ်ပျက်တွေ့ပါတယ်ဘုရား) အဲဒီတော့ ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်များချုံးပြီးသကာလ ပြောစမ်းပါဘုရား ဆိုယင်ဖြင့် အားလုံးတရားတပွဲလုံး တကာတကာမတွေ့အမှတ် ကြီးသာ မှတ်လိုက်ပါတော့ ဖြစ်ပျက်တွေ့ယင် ခင်ဗျားတို့ ဝိပဿနာတွေ့တာပဲ၊ (မှန်ပါဘုရား)။

ဖြစ်ပျက်တွေ့ယင်(ဝိပဿနာတွေ့ပါတယ်ဘုရား)ဝိပဿနာ အလုပ် တွေ့ပြီလို့ အောက်မေ့ပေတော့၊ (မှန်ပါ ။

ကောင်းပြီ ဒါဖြင့် တကာတကာမတို့ ဖြစ်ပျက်တွေ့ဆိုငြား သော်လဲတဲ့ ဝေဒနာကို ဒီကနေပြီး နောက်က နေပြီး မဂ္ဂင်နဲ့ လိုက်ဘဲ့အခါကျတော့ ဝေဒနာတို့၏ ဖြစ်ပြီးသား ပျက်ပြီး သားတွေ့တာပဲ၊ (မှန်ပါ)။

http://www.dhammadownload.com



ဘယ်လိုမှတ်ကြမယ်၊ (ဝေဒနာတို့၏ ဖြစ်ပြီးသား ပျက်ပြီးသား တွေ့ပါတယ်ဘုရား)။

ဥပမာ တကာသစ်တို့ အိမ်ထဲမှာ ညမှာ တကာသစ်တို့က အိပ်ကြပြီ ၊ ဆင်တစ်ကောင်က ကျောက်လမ်းပေါ် လာအိပ်တယ်၊ (မှန်ပါ့)လာတာသဲ တကာသစ် မသိလိုက်ပါဘူး ဒီက အိပ်နေကြပေါ့ကိုး (မှန်ပါ့ မနက်ကျတော့လူမနိုးခင်ထသွားတယ်၊ (မှန်ပါ့)လူမနိုးခင်ထသွားတဲ့အခါကျတော့လဲသိလိုက်ကဲ့လား၊ မသိလိုက်ပါဘုရား)။

ဒါဖြင့် အိပ်ကော မအိပ်ဘူးလား၊ (အိပ်ပါတယ်) သွားကော မသွားဘူးလား၊ (သွားပါတယ်)ဒါဖြင့်ဖြစ်လဲဖြစ်တယ် ပျက်လဲပျက်တယ်၊ (မှန်ပါ့) မဟုတ်ဘူးလား၊ (မှန်ပါ့)။

သို့သော် နံနက်တကာသစ်တို့ကထ,ကြည့်လိုက်တဲ့ အခါကျတော့ ဩော်....ဆင်ဟာ ဒီနေရာ အိပ်ပြီးသွားပြီ၊ (မှန်ပါ့) ဒါဖြင့် စိတ်ဟာ ဖြစ်လဲဖြစ်တယ်၊ ပျက်လဲ ပျက်တယ်၊ (မှန်လှပါဘုရား)။

* တခုသောစိတ်နဲ့ အသက်ရှင်နေတယ်၊ (မှန်ပါ့)နောက်တခုစိတ်နဲ့ အသက်ရှင်နေတာ အရင်တစ်ခုသောစိတ်ကို ရှာတွေ့သေးရဲ့လား၊ (မတွေ့ပါဘုရား) သို့သော် မဖြစ်ဘူးလား၊ ဖြစ်သလား၊ (ဖြစ်ပါတယ်) မပျက်ဘူးလား၊ ပျက်သလား၊ (ပျက်ပါတယ်ဘုရား)။

---

* ဝေဒနာနှင့်စိတ်သည် သဟဇာတ၊ အတူဖြစ်,အတူပျက်သောကြောင့် ဝေဒနာနှင့်စိတ်သည် မကွဲဟုဆိုနိုင်သည်။

http://www.dhammadownload.com



**အဲ ...အရင်စိတ်ဟာ** ဖြစ်ပျက်ပဲ၊ ဖြစ်ပြီး ပျက်သွားလေရဲ့လို့ သိလို့ရှိယင် ဒါ-ဝိပဿနာဉာဏ် ဆိုက်ပြီ၊ (မှန်ပါ) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

နာမ် နာမ်ချင်းရှုတာ သဘောကျပလား၊ (ကျပါပြီ) ဒါဖြင့် ဆန်းကြယ်တယ်မှတ်ပေတော့၊ (မှန်ပါ့)။

နှစ်ခုပစ္စုပ္ပန်ကော့တည့်ရဲ့လားဘုရားဆိုတော့ တည့်တယ်ပဲ့ဖြေ၊ (မှန်ပါ့)ဘယ့်နှယ်ကြောင့် တည့်တယ်လို့ ဖြေရသတုံးလို့ မေးတဲ့အခါကျတော့မှ ကြားထဲမှာ တကာတကာမတို့တစ်ပါးသောတရားမှ ဝင်မှမဝင်ဘဲ၊ (မှန်ပါ့ဘုရား) ဝင်သေးရဲ့လား (မဝင်ပါဘုရား ။

အဲ....သူ-ဖြစ်ချုပ်သွားတာနဲ့ ဖြစ်ချုပ်သွားပြီးကြည့်တာနဲ့ ကြားထဲဘာမှမပါဘူး၊ (မှန်ပါ့ အသိနဲ့ ကိုက်မနေဘူးလား၊ (ကိုက်နေပါတယ်ဘုရား)။

အဲဒီကဲ့သို့ အသိနဲ့ ကိုက်နေလို့ရှိယင်ဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ကိလေသာကြား, မခြားပါဘူး၊ (မှန်ပါ့ဘုရား) ပစ္စုပ္ပန်တည့်တာပဲ၊ (မှန်ပါ့) သဘောပါကြပလား၊ (ပါ-ပါပြီဘုရား)။

ဘာတည့်ပါလိမ့်(ပစ္စုပ္ပန်တည့်ပါတယ်ဘုရား)အဲဒါ အိမ်မှာစမ်းကြည့်ပါ၊ တကာတကာမတို့ စမ်းကြည့်လိုက်လို့ရှိယင်ဖြင့် အသက်တရာနေရတာနဲ့ ဒီတချက်တွေ့တာနဲ့ ဒါက မြတ်သေးတယ်လို့ ဘုရားကဟောလိုက်တယ်၊ (မှန်မါ့ဘုရား)။

ဒါဖြင့် ဒီအလုပ်ဟာ တကာတကာမတို့ လုပ်ဖြစ်အောင်လုပ်ရမည့်အလုပ်ဆိုတာကောသေချာပလား၊ (သေချာပါပြီဘုရား)။

http://www.dhammadownload.com



လုပ်ဖြစ်အောင်၊ (လုပ်ဖြစ်အောင် လုပ်ရမည့် အလုပ်ပါ) လုပ်ဖြစ်အောင်လုပ်ရမည့်အလုပ်၊ (မှန်ပါ့ဘုရား)။

ဘာ့ကြောင့် လုပ်ဖြစ်အောင် လုပ်ရမည့် အလုပ်လို့ မေးဖို့ လိုသတုံးလို့ မေးတဲ့အခါကျတော့ တကာတကာမတွေ ဒီဝေဒနာပစ္စယာ ထုံးစံဆိုယင်၊ (တဏှာပါ ဟော-သူ့မရှုလို့ရှိယင် ဘယ်သူက ဝင်သတုံး၊ (တဏှာဝင်ပါတယ်ဘုရား)။

တဏှာပစ္စယာ၊ (ဥပါဒါန်ပါ ဘုရား) ဥပါဒါန ပစ္စယာ၊ (ကမ္မဘဝပါ) ကမ္မဘဝပစ္စယာ၊ (ဇာတိပါဘုရား)။

ကိုင်း-တကာတကာမတို့ နှစ်ဘဝဆက်သွားတယ်(မှန်ပါ့) နှစ်ဘဝဆက်တယ်ဆိုတော့ တကာတကာမတွေ မရိပ်မိမှာ စိုးတော့ ဝေဒနာကို မရှုလို့ ဒီဝေဒနာလေးတစ်ခုကို ဥပမာ-သုခဖြစ်ဖြစ်၊ ဒုက္ခဖြစ်ဖြစ်၊ ဥပေက္ခာဖြစ်ဖြစ် တကာတကာမတို့ မရှုမိတော့ကို သူ့ထုံးစံအတိုင်း ပဋိစ္စသမုပ္ပါဒ်က ဝေဒနာပစ္စယာ၊ (တဏှာပါဘုရား) တဏှာပစ္စယာ၊ (ဥပါဒါန်ပါ) ဥပါဒါန ပစ္စယာ၊(ကမ္မဘဝေါပါ) ဩော်....ဒါကပစ္စုပ္ပန်ဘဝ၊ဒီလေးခုက ပစ္စုပ္ပန်၊ (မှန်ပါ့ဘုရား)။

ဘဝပစ္စယာ (ဇာတိပါ) အဲဒါကအနာဂတ်ဘဝ၊ (မှန်ပါ့ ဘုရား)။

ဩော်- ဝေဒနာမရှုလိုက်တာ ဒို့မှာဖြင့်ဘဝနှစ်ခုဆက်သွားပြီ၊ (မှန်ပါ့) သေယင်ဆက်ရမှာပဲ၊ (မှန်ပါ့ဘုရား)။

ဝေဒနာမရှုလိုက်တာဘာတဲ့၊ (ဘဝနှစ်ခုဆက်သွားပါတယ် ဘုရား) မသေခင်က ဆက်ဖို့ ရှယ်ထားတဲ့ အဓိပ္ပါယ်ပါတယ်။ (ပါ-ပါတယ်ဘု ရား)။

http://www.dhammadownload.com



မသေခင်က၊ (ဆက်ဖို့ ရှယ်ထားတဲ့ အစိပ္ပါယ် ပါပါတယ်) ဆက်ဖို့ရှယ်ထားတဲ့အစိပ္ပါယ်ပါနေတာဟာခင်ဗျားတို့အပြော လား-အမြင်လား၊ (အမြင်ပါဘုရား)။

ကဲ....ဒါဖြင့် စားပွဲပေါ်အမြင်နဲ့ ခင်ဗျားတို့ ခန္ဓာဖြစ်စဉ် ဟာလဲ ကိုက်ပါရဲ့လား၊ (ကိုက်ပါတယ်ဘုရား)။

ဒီဝေဒနာကို မရှုမိတဲ့ အခါကျတော့ စားကောင်းတယ်ဆို တာဝေဒနာမနေဘူးလား(မှန်ပါ့)စားကောင်းတော့ကြိုက် တယ်၊(မှန်ပါ့)ကြိုက်လို့ရှိယင်ဖြင့် ကျုပ်တို့စွဲစွဲလမ်းလမ်းဖြင့် ကြိုက်တယ်၊ (မှန်ပါ့)နောက်တစ်ဖန် စားရအောင်အားထုတ် မယ်၊ မလာဘူးလား၊ (လာပါတယ်ဘုရား)။

**အဲဒီ**တော့ တဏှာ,ဥပါဒါန်,ကံတွေမလာဘူးလား၊ (လာ ပါတယ်) ကဲ- ကံလာတော့ သေသည်၏ အခြားမဲ့၌ ကမ္မဘဝ ပစ္စယာ၊ (ဇာတိပါဘုရား)။

အဲဒီတော့ တကာတကာမတွေ့ကသံသရာကြောက်ပါတယ် လဲဆိုရဲ့၊ ကျုပ်ဖြင့် နောက်ပဋိသန္ဓေတွေ့ရမှာများ ဒီဇာတိလာ မှာ သိပ်ကြောက်တာပဲ၊ (မှန်ပါ့)ဒီဇာတိလာမှာ သိပ်ကြောက် တာပဲ၊ ကျုပ်ဖြင့် အခုအိုတာကိုလဲ လန့်လှပါပြီ၊ ဒါ ပဋိသန္ဓေ နေမိလို့ အိုရတာ၊ (မှန်ပါ့ဘုရား)။

လန့်သာ လန့်နေတာ၊ အခုဟာ အလန့်ပျောက်ကြောင်း အလုပ်ကိုတော့ မလုပ်ဘူး၊ (မလုပ်ပါဘုရား)။

လန့်သာလန့်နေတယ်၊ အလန့်ပျောက်ကြောင်း အလုပ်ကို တော့ (မလုပ်ပါ)သဘောကျပလား၊ (ကျပါပြီဘုရား)။

http://www.dhammadownload.com



အဲဒီတော့ကို တကာ တကာမတွေ အနာသာရှိ၍ ဆေးမသိတဲ့ပုဂ္ဂိုလ်နဲ့ တူနေတယ်၊ (မှန်ပါ့ဘုရား)။

အနာသာရှိ၍ (ဆေးမသိတဲ့ ပုဂ္ဂိုလ်နဲ့ တူနေပါတယ်) ဆေးမသိတဲ့ပုဂ္ဂိုလ်တွေနဲ့တူပြီးသကာလ နေတဲ့အတွက် တကာ တကာမတွေ ယနေ့ သိပါပြီ၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဝေဒနာ ပေါ်တိုင်း-ပေါ်တိုင်း ဘာလုပ်ကြမလဲ၊ (ဖြစ်ပျက်ရှုရပါမယ်ဘုရား)။

ဖြစ်ပျက်မှုကနေ ရှုလိုက်(မှန်ပါ့)ရှေ့ကဝေဒနာ၊နောက်က ရှုတဲ့မဂ်၊ (မှန်ပါ့) ဒီလိုရှုလိုက်တဲ့ အခါကျတော့ ဝေဒနာ နောက်က တဏှာ လာသေးရဲ့လား၊ (မလာပါ) ဥပါဒါန်, ကံတွေကော၊ (မလာပါဘုရား)။

ဒါဖြင့် ဒီဘဝမှာ တကာ တကာမတို့ ပေါ်နေကျ တရားတွေ ပေါ်သေးရဲ့လား၊ (မပေါ်ပါဘုရား)။

ဒီဘဝ ပေါ်နေကျတရားမှ မပေါ်လို့ရှိယင်ဖြင့် နောက်ဘဝ ပေါ်စရာအကြောင်းကော၊(မရှိပါ) ဒီဘဝ ပေါ်နေကျ တရား တဏှာ,ဥပါဒါန်,ကံမှ မပေါ်ပဲ၊ (မှန်ပါ့ဘုရား ။

အဲဒါ ဘယ်သူပါလိမ့်မတုံးလို့ သေသေချာချာမေးတော့မှ ဩော်- မဂ်ဖြတ်တာပဲ၊ (မှန်ပါ့ဘုရား)။

တဏှာ, ဥပါဒါန်, ကံကို ဘယ်သူဖြတ်လိုက်ပါလိမ့်၊ (မဂ်ဖြတ်ပါတယ်ဘုရား)။

ဩော်-ဒါဖြင့် မဂ်သည် တကာကြွယ် ဘယ်တရားမျိုးတုံး ဆိုတော့ တဏှာ,ဥပါဒါန်,ကံဖြတ်တယ်(မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီ)တိုတိုပြောချင်တော့ကံဖြတ်တယ်(မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ရှင်းရှင်း တိုတို ပြောချင်တော့ ဘယ့်နှယ် ပြောကြမလဲ၊ (ကံဖြတ်ပါတယ်ဘုရား)။

ဒီကံဖြတ်လိုက်တော့ ဒီဇာတိဒုက္ခ မလွတ်ဘူးလား၊ (လွတ်ပါတယ်) ဒီဇာတိသည် တကာ တကာမတို့ အပါယ်ဇာတိ၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာသစ် ဒီကံဖြတ်လိုက်တာ ကြိုက်- မကြိုက်၊ (ကြိုက်ပါတယ်) နတ်ဇာတိလို့ဆိုပြန်တော့ကော၊ (ကြိုက်ပါတယ်ဘုရား) ကြိုက်ရမှာပဲ ဒုက္ခသစ္စာကိုး၊ (မှန်ပါ့) ဗြဟ္မာဇာတိလို့ ဆိုပြန်တော့ (ကြိုက်ပါတယ်) ဘာဖြစ်လို့တုံး ဒုက္ခသစ္စာမို့ပါ) အဲဒါကြောင့် သစ္စာသိတဲ့ပုဂ္ဂိုလ်မှ ကံဖြတ်ကြိုက်တယ်၊ (မှန်ပါ့ဘုရား)။

သစ္စာသိတဲ့ပုဂ္ဂိုလ်မှ (ကံဖြတ် ကြိုက်ပါတယ်) သစ္စာမသိသေးတဲ့ပုဂ္ဂိုလ်ဟာ၊ (ကံမြော်ပါတယ်ဘုရား)။

သစ္စာမသိသေးတဲ့ ပုဂ္ဂိုလ်ဟာ ကံမြော်ပါတယ်၊ (မှန်ပါ့) မမြော်ဘူးလား၊ (မြော်ပါတယ်ဘုရား)။

မြော်တယ်- မမြော်တယ် ခင်ဗျားတို့ ဒီ့ပြင်ဟာ ဘာမှ သွားပြီးသကာလ အကဲခတ်မနေနဲ့၊ ကိုယ်အကြောင်း မညီညွတ်တဲ့အခါမှာ ဗေဒင် ယာယီကလေး မေးဦးမှ ထင်ပါရဲ့၊ (မှန်ပါ့) မပြောကြဘူးလား၊ (ပြောကြပါတယ်ဘုရား)။

ဗေဒင်ယာယီကလေး မေးဦးမှထင်ပါရဲ့၊ ဟိုက ဘာတွေဟောသလဲ၊ ဟာ မင်းအကျိုးပေးလှပါပေါ့လားဆိုတာ ကံမြော်တယ်၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီ) ကံမြော်

http://www.dhammadownload.com



တယ် မမြော်တယ် ဆိုတာကော ရိပ်မိပလား၊ (ရိပ်မိပါပြီ ဘုရား)။

အဲဒါ ခင်ဗျားတို့၏ အလွဲတော်ပုံကဖြင့် အရေးရှိ ကံ မြော်ပြီ၊ (မှန်ပါ့ဘုရား)။

ဘုရားကလဲ ဒီကံ ဘာတဲ့၊ (ဖြတ်ရပါမယ်) ခင်ဗျားတို့က တော့ (မြော်နေပါတယ်ဘုရား)။

ဩော်.... ဘုရားရှင် ကိုယ်တော် မြတ်ကြီးက ကံဖြတ်ကို ကြိုက်တယ်၊ ခင်ဗျားတို့က ကံမြော်တယ်ဆိုတော့ ကျောချင်း ကပ်ဖြစ်နေတယ်၊ (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ဖြစ်နေသလဲ၊ (ကျောချင်းကပ် ဖြစ်နေပါတယ် ဘုရား)။

ကျောချင်းကပ်ဖြစ်နေတယ်၊ မျက်နှာချင်းဆိုင်ဖြစ်သေးရဲ့ လား၊ (မဖြစ်ပါဘုရား)။

ဘယ်သူနဲ့ ကျောချင်းကပ်တာတုံး၊ (ဘုရားနဲ့ ကျောချင်း ကပ်တာပါဘုရား)။

ဩော်.. ဘုရားက အရှေ့ဘက် လှည့်ယင် ခင်ဗျားတို့က အနောက်ဘက်၊ (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)

ဘုရားက အရှေ့ဘက်လှည့်ယင်.... (တပည့်တော်တို့က အ နောက်ဘက်လှည့်ပါတယ်ဘုရား)။

ဘုရားက နိဗ္ဗာန်ဘက် လှည့်ယင် ခင်ဗျားတို့က ငရဲဘက် လှည့်တယ်၊ (မှန်ပါ့)ရိပ်မိပလား၊ (ရိပ်မိပါပြီ ဘုရား)။

အဲဒါလောက် ကံမြော်တဲ့ ပုဂ္ဂိုလ်များဟာ ဒါလောက်ဆိုး ဝါးနေပါတယ် ဆိုတာဖြင့် သေသေချာချာ မှတ်ပါတော့ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ကံမြော်တဲ့ ပုဂ္ဂိုလ်များသည်(ဆိုးဝါးပါတယ်)ဒီထဲအရပ်သဘောနဲ့တော့ဖြင့်ဟာ....တစ်ယောက်က တကာကြွယ်တို့က အားပေးချင်သေးတယ်-နော်(မှန်ပါ့)ဟာ-ဘယ်ဆရာတော်သလဲဟာ၊သွားမေး စုံစမ်းလိုက်ပါဦးလား၊နင်တို့အိမ်အထစ်ထစ်အငေါ့ငေါ့ချည့်ပဲ၊ (မှန်ပါ့)အံမာ-တကာကြွယ်လေ၊ မှန်ပါ့ဘုရား)။

အထစ်ထစ် အငေါ့ငေါ့ ဘယ်သူတော်တယ်၊ အဲဒီ လူဟာပညာတော်တယ်၊ အဲဒီတော့ နင်တို့ ကံအခြေအနေကလေးသိရအောင် ဘယ်တော့အကျိုးပေးမှာတုံးဆိုတာ အဲဒီသွားလိုက်ပါဦးလား၊ (မှန်ပါ့)။

ရသေ့စိတ်ဖြေသွားတာလား၊တကယ် ယုံယုံကြည်ကြည်နဲ့သွားတာလား၊ (တကယ် ယုံယုံကြည်ကြည်နဲ့ သွားတာပါဘုရား)။

ဟာ-လူကြီးလူကောင်းတစ်ယောက်ကတိုက်တွန်းတာကိုးဗျ၊ (မှန်ပါ့) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

အဲဒီလိုတိုက်တွန်းလိုက်တဲ့အခါကျတော့ဟိုလူကလဲယောင်တောင်တောင် ဒီကခပ်ချာချာနဲ့ သွားပြီးကြည့်လိုက်တဲ့အခါကျတော့ ဟိုပုဂ္ဂိုလ်မှာတစ်ခါတည်း ကမ္မဝဋ်သူဌေးကြီးသွားဖြစ်တယ်၊ (မှန်ပါ့)မဖြစ်ဘူးလား၊(ဖြစ်ပါတယ် ဘုရား)။

အဲဒီတော့ တကာကြွယ်ရေ ကဲ....ဒါဖြင့် ဒီလို လုပ်ကြစို့၊ ဗေဒင်ဆရာ ဟောတာ နားလည်ကြစို့နော်၊ (မှန်ပါ့)နားလည်တဲ့အခါကျတော့ကို ကံဖြတ်တာပဲ၊ (မှန်ပါ့)။

ဘုရားကကော၊ (ကံ ဖြတ်ရပါမယ် ဘုရား) ဘုရားကကံဖြတ်ရမယ်တဲ့၊....(မှန်ပါ့ ဘုရား) ဗေဒင် ဆရာကဘာလုပ်

http://www.dhammadownload.com



ပေးလိုက်သလဲ၊ (ကံဆက်ပေးပါတယ်ဘုရား) သွားပါပြီဗျာ– (မှန်ပါ့) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

ဘုရားက ဘာကြိုက်သတုံး၊ (ကံဖြတ်တာ ကြိုက်ပါတယ် ဘုရား) ဒါဖြင့် ကံဖြတ်ပေးလိုက်ဦး–တဲ့။

ဟဲ- ဒါဖြင့် တကာတကာမတို့ အင်မတန်ဆိုးဝါးတဲ့မိစ္ဆာ ဒိဋ္ဌိထဲကို ကျုပ်တို့ ခင်ဗျားတို့ဟာ ကြာတော့ သက်ဝင်သွား တယ်(မှန်ပါ့)မဆိုးဝါးဘူးလား၊ (ဆိုးဝါးပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့်တကာတကာမတို့ ယနေ့ကံဖြတ်တရားသည် အင်မတန် ရှင်းသွားပြီ၊ (ရှင်းသွားပါပြီ ဘုရား) ဒြေဘ်.... ဝေဒနာရှုလိုက်တော့ တဏှာ ဉပါဒါန်ကံတွေ ဘယ့်နှယ်နေကြ သလဲ၊ (ပြတ်ပါတယ်ဘုရား)။

ဝေဒနာရှုလိုက်တော့၊ (တဏှာ ဉပါဒါန်ကံ ပြတ်ပါတယ် ဘုရား)။

ဘုရားကဟောတော်မူတယ်၊ သုခဝေဒနာမရှုဘဲနဲ့ တဏှာ သေလိမ့်မယ်လို့ ငါဘုရားဘယ်တော့မှမဟောဘူးတဲ့၊ (မှန်ပါ့၊ ဆက်ပြီးပြောပြန်တယ်၊ ဒီတဏှာမသေဘဲနဲ့ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ရောက်လိမ့်မယ်လို့ ငါ-ဘယ်တော့မှ မဟောဘူး....တဲ့၊ (မှန်ပါ့) နှစ်ချက်ရှိသွားပြီ၊ (မှန်ပါ့)။

သုခဝေဒနာမရှုဘဲနဲ့တကာတကာမတို့ တဏှာသေလိမ့်မယ် လို့ ငါ-ဘုရားမဟောဘူးတဲ့၊ (မှန်ပါ့)။

တဏှာမသေဘဲနဲ့ နိဗ္ဗာန်ရောက်လိမ့်မယ်လို့လဲ ငါ-ဘုရား မဟောဘူးတဲ့၊ (မှန်ပါ့) နှစ်ချက်ရှိသွားပြီ၊သဘောပါပလား (ပါ-ပါပြီဘုရား)။

http://www.dhammadownload.com



တခါသွားဦး ဒုက္ခဝေဒနာလဲ မရှုဘဲနဲ့ ဒေါသ, သောက သိမ်းလိမ့်မယ်လို့လဲ (ငါ-ဘုရားမဟောပါဘူး)ဒေါသ,သော ကမသိမ်းဘဲနဲ့လဲ နိဗ္ဗာန်ရောက်လိမ့်မယ်လို့-ငါဘုရားမဟော ဘူး၊ ဒီနေရာမှာ ဘယ်လောက်အရေးကြီးအောင် ဟောထား သတုံး၊ (ဟောထားပါတယ်ဘုရား)။

ဥပေက္ခာ ဝေဒနာမရှုဘဲနဲ့ မောဟ သိမ်းလိမ့်မယ် လို့ ငါ-ဘုရား မဟောဘူးတဲ့၊ (မှန်ပါ့) မောဟ မသိမ်းဘဲနဲ့လဲ ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ရောက်လိမ့်မယ်လို့လဲ ငါ-ဘုရား မဟောဘူး....တဲ့၊ (မှန်ပါ့)။

ဒီလိုဆိုတော့ တကာတကာမတွေ ဝေဒနာသုံးပါး လှည့်ရှု ရမယ်ဆိုတဲ့ အဓိပ္ပါယ်ဖြင့် တကာကြွယ် ရှင်းပါပြီ၊ (ရှင်းပါပြီ ဘုရား)။

ဝေဒနာသုံးပါး ဘာလုပ်ရမလဲ၊ (လှည့်ရှုရပါမယ်ဘုရား) လှည့်ရှုရမယ်ဆိုတော့ တကာတကာမတွေက ဩော်- ဟိုလှည့် လိုက်-ဒီလှည့်လိုက်နဲ့ ဒီလိုများ ရှုနေယင် ခက်သေးတယ်၊ (မှန်ပါ့ဘုရား)။

ဒီလို လှည့်ရမှာ မဟုတ်ဘူး တကာ တကာမ တွေရဲ့ နေ့၊ (မှန်ပါ့)ဝေဒနာက သူပေါ်ချင်ရာပေါ်တာ၊ကိုယ်က ဉာဏ်နဲ့ တည့်မိအောင်တည့်ပါ၊ (မှန်ပါ့)။

ဝေဒနာက (သူပေါ်ချင်ရာပေါ်ပါတယ်ဘုရား) သူပေါ် ချင်ရာပေါ်မှာပဲ၊ အဲဒါ ကိုယ်ကဉာဏ်နဲ့ကြည့်ရမယ် (မှန်ပါ့ ဘုရား)။

http://www.dhammadownload.com



ဝေဒနာက အလှည့်နဲ့ပေါ်တာ ကိုယ်က မလိုက်နိုင်လို့ ခက်နေတယ်၊ ဒီနည်းမလုပ်ပါနဲ့၊ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဝေဒနာက သူပေါ်ချင်ရာပေါ်တယ်၊ တစ်ခါတလေသုခချည့် ထပ်ပေါ်ချင် ပေါ်တာ၊ (မှန်ပါ့)ဒုက္ခချည့်ကော၊ (ထပ်ပေါ်ချင် ပေါ်တာပါဘုရား) ဥပေက္ခာ ချည့်ကော၊ (ထပ်ပေါ်ချင် ပေါ်တာပါဘုရား)။

သူပေါ်ချင်ရာ ပေါ်တယ်....တဲ့၊ ပေါ်ပင် ပေါ်ငြား သော်လဲ ခင်ဗျားတို့ပေါ်တာနဲ့ ဉာဏ်နဲ့မခွဲယင် ပြီးတာပဲ၊ (မှန်ပါ့ဘုရား)။

ပေါ်တာနဲ့ဉာဏ်နဲ့၊ (မခွဲယင်ပြီးပါတယ်ဘုရား) ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဆဆက္ကသုတ်မှာ ခုနင်ကပြောခဲ့တဲ့သုခဝေဒနာမရှုဘဲနဲ့ တဏှာသေလိမ့်မယ်လို့ ငါဘုရားမဟောဘူးတဲ့၊ တဏှာမသေဘဲနဲ့ နိဗ္ဗာန်ရောက်လိမ့်မယ်လို့လဲ.... ငါဘုရား မဟောပါဘူး ..တဲ့၊ ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

ဒုက္ခဝေဒနာမရှုဘဲနဲ့လဲ ဒေါသ,သောက သေလိမ့်မယ်လို့-ငါဘုရား မဟောပါဘူး ...တဲ့၊ ဒေါသ,သောက မသေဘဲနဲ့ နိဗ္ဗာန် ရောက်လိမ့်မယ်လို့ .... ငါဘုရား မဟောဘူး.... တဲ့၊ ကဲ...မဟောဘူးချည့်ဘဲ လာတယ်၊ (မှန်ပါ့)။

ဥပေက္ခာဝေဒနာနဲ့မရှုဘဲနဲ့ မောဟသေလိမ့်မယ်....လို့၊ ငါဘုရား မဟောဘူး....တဲ့၊ မောဟမှမသေဘဲနဲ့ ဒုက္ခ ခပ်

http://www.dhammadownload.com



သိမ်းငြိမ်းတဲ့နိဗ္ဗာန်ကို၊ ရောက်လိမ့်မယ်လို့ ငါဘုရား မဟော ပါဘူး....တဲ့။

ရောက်လိမ့်မယ်လို့ငါဘုရားမဟောပါဘူးဆိုတော့ တကာ ကြွယ် တန်းကုန်ပြီ၊ (ကုန်ပါပြီဘုရား)။

ဒါဖြင့် ဝေဒနာလဲ သူ့နေရာနဲ့သူ အရေးကြီးတယ်၊ (မှန်ပါ့) မကြီးဘူးလား၊ (ကြီးပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ဒီဝေဒနာ တပည့်တော်တို့ ဘယ်လို ရှုရ မှာတုံးဘုရား .... ဆိုတော့ ပထမတော့ တကာ တကာမတို့ ဝေဒနာပဲ တွေ့ချင်တွေ့မယ်၊ နောက်တော့ခင်ဗျားတို့ရင့်ကျက် လာယင် ဖြစ်ပျက်တွေ့ပါလိမ့်မယ်၊ (မှန်ပါ့ဘုရား) သဘော ကျပလား၊ (ကျပါပြီဘုရား)။

ရင့်ကျက်လာတဲ့အခါ(ဖြစ်ပျက်တွေ့မှာပါဘုရား)ဖြစ်ပျက် တွေ့လိမ့်မယ်ဆိုတာ သေချာပလား၊ (သေချာပါပြီဘုရား)။

အဲ....ဖြစ်ပျက်တွေ့လို့ ရှိယင်ဖြင့် မှန်းတဲ့ဉာဏ်ဟာ သူ့ဟာ သူလိုက်လာလိမ့်မယ်၊ (မှန်ပါ့) လိုက်လာလို့ နောက်ဆုံးပိတ် တစ်နေ့ကျတော့ ဝေဒနာ ရှာမတွေ့တော့ဘူး....ဆိုတော့ ခန္ဓာ ကိုယ်ကြီးဟာ ဘာခန္ဓာတဲ့၊ (ဒုက္ခခန္ဓာပါဘုရား) ဝေဒနာက္ခန္ဓာ (မှန်ပါ့ဘုရား)။

ဝေဒနာက္ခန္ဓာဟာ ဝေဒနာသေသွားတော့ ဒီခန္ဓာ ရှိဦးမှာ လား၊ (မရှိပါဘုရား)။

အဲ ...ဝေဒနာ ဆုံးသည့်တိုင်အောင် လိုက်လို့ ရှိယင်ဖြင့် ဘုန်းကြီးတို့တကာတကာမတွေ ဝေဒနာအဆုံးဟာ နိဗ္ဗာန်ပဲ၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဝေဒနာအဆုံးဟာ၊ (နိဗ္ဗာန်ပါဘုရား) ဝေဒနာက သူ ဝေဒနာက္ခန္ဓာကြီးကိုး၊ (မှန်ပါ့) ဒါတွေဆုံးသွားပါတယ်ဆိုက တည်းက တကာကြွယ် ဘာခေါ်မယ်၊ (နိဗ္ဗာန်ပါဘုရား) ခန္ဓာ ပါဆုံးပြီးပြီ၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား) ဒါကြောင့်....

"ဝေဒနာနံ ခယော ဘိက္ခု နိစ္ဆာတော ပရိနိဗ္ဗုတော" ဝေဒနာနံ=ဝေဒနာတို့၏၊ ခယော= ကုန်အောင် ရှုနိုင်သော၊ ဘိက္ခု= ရဟန်းသည်၊ နိစ္ဆာတော= နောက်က တဏှာမရှိသည် ဖြစ်၍၊မဂ်ဝင်လိုက်တော့ တဏှာရှိသေးရဲ့လား၊ (မရှိပါဘုရား) ပရိနိဗ္ဗုတော... တဲ့၊ ခန္ဓာပင်ရှိငြားသော်လဲ ကိလေသာသေ ပေါ့လို့မှတ်လိုက်၊ (မှန်ပါ့)။

ခန္ဓာပင်ရှိငြားသော်လဲ၊ (ကိလေသာသေပါတယ်ဘုရား) ဒါဖြင့် တကာတကာမတို့ ဝေဒနာဟာ အရှာများ ခက်နေသ လား၊ (မခက်ပါဘုရား) လုပ်ကြည့်မှ သိတယ်နော်၊ (မှန်ပါ့ ဘုရား)။

တစ်ခါတလေကျတော့ ယားလို့ရှိယင် ဘာဝေဒနာတုံး၊ (ဒုက္ခဝေဒနာပါဘုရား) ကောင်းပြီ စားကောင်းလိုက်တာ ဆိုတော့၊ (သုခဝေဒနာပါဘုရား) ဒီအတိုင်း ကောင်းတာလဲ မပါဘူး၊ ဆိုးတာလဲ မပါဘဲနဲ့ ဒီအတိုင်း နေတဲ့အခါကျတော့ ရှူရှိုက်နေယင်၊ (ဥပေက္ခာဝေဒနာပါဘုရား) ဥပေက္ခာဝေ ဒနာဖြစ်နေတယ်၊ရှုစရာမရှိတဲ့အခါ ပါသေးရဲ့လား၊ (မပါ-ပါ ဘုရား)။

http://www.dhammadownload.com



အဲဒါကြောင့် ဘဝပေါင်းငါးရာ ဘုရားသခင် ကိုယ်တော့် မြတ်ကြီး၏ မယ်တော် ခမည်းတော်ဖြစ်ခဲ့တဲ့ နကုလပိတာကို ဘုရားက ဟောခဲ့တာ၊ တကာကြီး....**တဲ့**၊ သတ္တဝါတစ်ယောက် မှာ ဝေဒနာကင်းတယ်ဆိုတာ လူမိုက် - တဲ့၊ (မှန်ပါ့ဘုရား)။

သတ္တဝါတယောက်မှာ ဝေဒနာကင်းတယ်လို့ ကိုယ့်ကိုယ် ကိုယ်ယူထားယင်၊ (လူမိုက်ပါ) တကာကြွယ် ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

သတ္တဝါတစ်ယောက် တစ်ယောက်မှာတဲ့ ဝေဒနာကင်းပါ တယ်လို့ သူ့စိတ်ထဲထင်နေလို့ရှိရင်ဖြင့် ဘာတုံး (လူမိုက်ပါ) လူမိုက်၊ မသိတဲ့ပုဂ္ဂိုလ်မို့ပါ၊ (မှန်ပါ့) ဘယ်သူမှဝေဒနာမကင်း ဘူး၊ (မှန်ပါ့) ရှင်းပြီနော်၊ (ရှင်းပါပြီ) ဝေဒနာ အကုန်ကင်း ယင် နိဗ္ဗာန်ပဲ၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဝေဒနာ အကုန်ကင်းလို့ရှိယင်၊ (နိဗ္ဗာန်ပါပဲ) နိဗ္ဗာန်ပဲ ဆိုတာသေချာပလား၊ (သေချာပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ ဝေဒနာကုန်အောင် လိုက်ရလိမ့် မယ်၊ (မှန်ပါ့ဘုရား)။

ဘယ်လိုပါလိမ့်၊ (ဝေဒနာကုန်အောင်လိုက်ရပါမယ်ဘုရား) ဝေဒနာကုန်အောင် လိုက်ရပါမယ် တကာတကာမတို့၊ ပထမ တော့ ဖြစ်ပျက်၊ တော်တော်ကြာကျတော့ ဖြစ်ပျက်ဝေဒနာ တွေမှန်း၊ တော်တော်ကြာကျတော့ ဖြစ်ပျက်ဝေဒနာတွေဟာ ဪ.... ဝေဒနာဆိုတာသည်ကားလို့ ဆိုယင် ဒုက္ခသစ္စာ၊

http://www.dhammadownload.com



(မှန်ပါ) သတ္တဝါဟူရွေ့မှာဖြင့် အသေသတ်နေတာ ဝေဒနာ ချည့်မှတ်၊ (မှန်ပါဘုရား)။

သတ္တဝါသတ်တာ ဘယ်သူပါလိမ့်၊ (ဝေဒနာပါ) တကာ ကြွယ်-မသာ ပို့ဖူးရဲ့လား၊ (ပို့ဖူးပါတယ် ဘုရား) မေးတော့ တကာကြွယ်တို့ ပါးစပ်က ဘယ့်နှယ်မေးသတုံး၊ ဘာဝေဒနာ တုံး၊(မှန်လှပါဘုရား)။

ဦးလှဘူးတို့-ဘယ်လိုမေးသတုံး၊ (ဘာ ဝေဒနာတုံး-လို့ မေးပါတယ်ဘုရား)။

မသာ့ရှင် မေးဘဲ့အခါကျလို့ဖြစ်စေ၊ မသာ့ အိမ်နီးချင်း မေးတဲ့အခါဖြစ်စေ၊ ဘယ်လိုမေးလေ့ရှိပါလိမ့်၊ (ဘာ ဝေဒနာ တုံးလို့မေးပါတယ်ဘုရား)။

ဩြော် .. ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့၏ခန္ဓာကိုယ် ထဲမှာ သူသတ်သမား ရှိတယ်၊ (မှန်ပါ) ဝေဒနာဟာ ဘာ ပါလိမ့်၊ (သူသတ်သမားပါ ဘုရား)။

ဝေဒနာဟာ သူသတ် သမား ဆိုတာ သေချာပလား၊ (သေချာပါပြီ)တကာကြွယ် နေရာ ကျပလား၊(ကျပါပြီ)

တစ်ခါတလေ ဝမ်းသာလွန်းအားကြီးလို့ တက်သေသွား တဲ့ပုဂ္ဂိုလ်ရှိသေးတယ်၊ (ရှိပါတယ်)သုခဝေဒနာ သတ်ချလိုက် တာ၊ (မှန်ပါ) ဝမ်းသာတာနဲ့ပဲ တစ်ခါတည်း ဥပမာမယ်- အသပြာတရာကို ဆယ်မှမကိုင်ဘူးတဲ့ ပုဂ္ဂိုလ်ဟာ သောင်းကိုး ထောင့်သိန်းကိုးသောင်း ရတယ် ဆိုယင် တကာကြွယ်ရေ....

http://www.dhammadownload.com



ဝမ်းသာသွားတာနဲ့ပဲ တက်သွားတယ်၊ (မှန်ပါ့)တက်ပြီးပြန် ဆည်လို့ရသေးရဲ့လား၊ (မရပါဘုရား)။

အဲ-မရတဲ့ပုဂ္ဂိုလ်ကျလို့ရှိယင် ဘာဝေဒနာ သတ်ပါလိမ့်၊ (သောမနဿဝေဒနာ သတ်ပါတယ်ဘုရား)။

တစ်ခါတလေ ကျတော့ တချို့ တကာမတွေ ကြည့်စမ်း။ စိတ်သိပ်ကြီးတယ်၊ ယောကျ်ားနဲ့ ရန်ဖြစ်တယ် ဆိုယင် တက်တာနဲ့ ချောသွားတာ ရှိသေးတယ်၊ (မှန်ပါ့) မရှိဘူးလား၊ ရှိသလား၊ (ရှိပါတယ်ဘုရား)။

အဲဒါကျတော့ တချို့လဲ ခြေမချိုးလို့မှမရအောင်တက်သွားတဲ့ပုဂ္ဂိုလ်တွေကျတော့ ဘာ ဝေဒနာ သတ်လိုက်ပါလိမ့်၊ (ဒေါမနဿဝေဒနာ ဒေါမနဿ သတ်ပါတယ်) ဒေါမနဿဝေဒနာ သတ်လိုက်တယ်ဆိုတာ သဘော ကျပလား၊ (ကျပါပြီ) ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒေါမနဿ ဝေဒနာများရှိကြရဲ့လား၊ (ရှိပါတယ်) အင်း....သတ်လိမ့်မယ်နော်၊ သတိထား၊ (မှန်ပါ့ဘုရား)။

သတ်လိမ့်မယ် ဒီဥစ္စာ၊ သူတို့က ခင်ဗျားတို့ သန္တာန်မှာ တဝေဒနာပြီး တဝေဒနာ၊ သတ်မည့်ဝေဒနာတွေက သူသတ်မည့် ငါသတ်မည်နဲ့ ဖြစ်နေတယ်၊ (မှန်ပါ့ဘုရား)။

တစ်ခါတလေကျတော့ မျက်လုံးထဲ ဘာဝေဒနာ ပေါ်ကြသလဲ၊ (ဥပေက္ခာ ဝေဒနာ ပေါ်ပါတယ်) အင်း-ဥပေက္ခာ

http://www.dhammadownload.com



ဝေဒနာနဲ့ ဟိုကသစ်ပင်ကြီးကိုပဲ ဘီလူးကြီးလို့ထင်ပြီး လန့်ပြီး သေသွားတာ ရှိသေးတယ်၊ (မှန်ပါ့) အဲဒါကျတော့ ဘာ ဝေဒနာက သတ်လိုက်သလဲ၊ (ဥပေက္ခာ ဝေဒနာက သတ်ပါ တယ်ဘုရား)။

အင်း–ခင်ဗျားတို့ မျက်လုံးသိပ်မဖွင့်နဲ့၊ (မှန်ပါ့) မတော် ဒီဥပေက္ခာဝေဒနာကနေပြီး မင်းကိုသတ်ရမယ်ဆိုပြီး ဥပေက္ခာ ဝေဒနာကနေပြီးသတ်လို့ တက ၊ တကာမတို့ သုသာန်ပို့လိုက် ရတာလဲ တပုံကြီး၊ (မှန်ပါ့ဘုရား)။

တကာကြွယ်ရေ- အသုဘပို့တဲ့ အခါမှာ လန့်သေတာပဲ၊ (မှန်ပါ့၊ ဟော–လာပြီဗျာ၊ (မှန်ပါ့) လန့်သေတာပဲဆိုတော့ ဘာဝေဒနာက သတ်လိုက်သလဲ၊ (ဥပေက္ခာဝေဒနာက သတ် ပါတယ်ဘုရား)။

နားထဲ ကြားတယ်ပဲ ထားပါဦးတော့၊ လန့်သေတယ်ဆို တော့ ဘာဘုံး၊ (ဥပေက္ခာ ဝေဒနာပါ) ဥပေက္ခာ ဝေဒနာ ဆိုတာ သဘောကျပလား၊ (ကျပါပြီဘုရား)။

အင်း–အစားမှားလို့ သေသတဲ့ ဆိုတာကော– (ဥပေက္ခာ ဝေဒနာပါ) လျှာပေါ်မှာ ဥပေက္ခာဝေဒနာကြောင့်၊ (သေ ပါတယ်ဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ခန္ဓာကိုယ်ထဲမှာ သူသတ်သမား ဘယ် နှစ်ယောက်ရှိသတုံး၊ (သုံးယောက် ရှိပါတယ်ဘုရား)။

သူသတ်သမားသုံးယောက်သတ်မှသေမှာလား၊ တယောက် တည်းသတ်တာနဲ့ သေရမှာလား၊ (တယောက်တည်း သတ် တာနဲ့ သေရမှာပါဘုရား)။

http://www.dhammadownload.com



ဒါ့ကြောင့် ဘုရားက ဝေဒနာကုန်အောင် ရှုပော့၊ ဒါမှ အသေလွတ်တဲ့ နိဗ္ဗာန်ရောက်မှာ၊ (မှန်ပါ့ဘုရား)။

ဝေဒနာ ရှိသရွေ့ ကာလပတ်လုံး တနေ့နေ့ တော့ဖြင့် ခင်ဗျားတို့ သူနဲ့ပဲ ဝိညာဏ်ချုပ်ရလိမ့်မယ်ဆိုတာ အောက်မေ့ ပါ၊ (မှန်ပါ့ဘုရား)။

တကာသစ် ကိုယ့်ကိုယ်သဲစမ်းကြည့်ဦးဗျ (မှန်ပါ့)ဝေဒနာ ဘယ်နှစ်မျိုး ရှိနေသတုံး၊ (သုံးမျိုး ရှိပါတယ်) ခင်ဗျားတို့ ကုသိုလ်ဖြစ်လာအောင် စောင့်ရှောက်နေတာလား၊သတ်မလို့ လား၊(သတ်မလို့ပါ)တကာကြွယ်-ရိပ်မိပလား၊ (ရိပ်မိပါပြီ ဘုရား)။

တခါတလေ ကျတော့လဲ ဝေဒနာက အစားမှားတယ်ဆို ယင် အစာကျေဆေးနဲ့ တောင်းပန်ရတယ်၊ (မှန်ပါ့) ဒါက ဥပေက္ခာဝေဒနာ တောင်းပန်ရတာ၊ (မှန်ပါ့) သဘောကျ ပလား၊ (ကျပါပြီဘုရား)။

ဝမ်းသာလွန်းတယ် ဆိုလို့ရှိယင်လဲ တကာ တကာမတွေ ချောက်လှန့်ပြီး ခလေးတွေ မင်းတို့အူမြူးလှတယ် သေချင်လို့ ငိုတယ်လို့ ထင်တယ်ဆိုပြီး ချောက်လှန့်ပေးရတယ်၊(မှန်ပါ့) မတော်-သောမနဿဝေဒနာသတ်တာနဲ့ သေသွားမှာစိုးလို့၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

တစ်ခါတလေ ဥပေက္ခာဝေဒနာနဲ့ ဟိုသွား-ဒီသွား မသွား နဲ့ လန့်တတ်တယ်ဆိုတာလဲ ဥပေက္ခာဝေဒနာ သတ်မှာစိုးလို့ ပြောနေတာ၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒီတရားပွဲထဲ ဝေဒနာကင်းတဲ့ပုဂ္ဂိုလ်ပါကြရဲ့လား။ (မပါ-ပါ) အင်း... ဒါဖြင့် တယ်ကြာကြာမယ် မဟုတ်ပါဘူး။ (မှန်ပါ့) သူသတ်သမား တစ်ယောက်တယောက်မှာ ဘယ်နှစ်ယောက်စီ ရှိသတုံး၊ (ဆယ့်နှစ်ယောက်စီ ရှိပါတယ်) ကိုယ်စီကိုယ်ငှပဲ မဟုတ်လား၊ (ကိုယ်စီကိုယ်ငှပါ ဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား)။

အဲဒါ လူ့ပြည်ဆုတောင်းလဲငါတို့လိုက်ခဲ့ဦးမယ်၊ (မှန်ပါ့) ဝေဒနာသုံးပါး သူသတ်ယောကျ်ားကလေ၊ (မှန်ပါ့) နတ်ပြည်ဆုတောင်းယင်ကော၊ (ငါတို့လိုက်ခဲ့ဦးမယ်ဘုရား)။

ငါတို့လိုက်ခဲ့ဦးမယ်ဆိုတော့ ခင်ဗျားတို့ကဒီ-အသေတွေကို အားမရလို့ ဟိုဘုံသွားပြီး သကာလ မသာရေ ခင်း ဖြစ်ရချင်သေးသလားဆိုတာ မေးရတော့မယ်၊ (မှန်ပါ့) မမေးသင့်ဘူးလား မေးသင့်သလား၊ (မေးသင့်ပါတယ်) တကာကြွယ်-သဘောပါပလား၊ (ပါ-ပါပြီဘုရား)။

ဒါ့ကြောင့် တကာ တကာမတို့ ယနေ့ ဝေဒနာသည် အင်မတန်အရေးကြီးတဲ့ ရှုနည်းတွေလဲ ပြောပြီးပါပြီ၊ (မှန်ပါ့) ဝေဒနာသတ်လို့ တစ်သံသရာလုံး သေပွဲဝင်ခဲ့ရတာလဲ မဆုံးခဲ့ပါဘူး၊ (မှန်ပါ့)။

ဒီဝေဒနာနဲ့ဖြင့် အဖော်မလုပ်ဘဲနဲ့ ဝေဒနာကို ဖြစ်ပျက်ရှု၊ (မှန်ပါ့) ဝေဒနာ ဖြစ်ပျက်မှန်းအောင်၊ (ရှုရပါမယ်ဘုရား)။

ဝေဒနာဖြစ်ပျက်ကိုဆုံးအောင် တကာတကာမတွေလိုက်မှ 'ဝေဒနာနံ ခယောဘိက္ခု နိစ္ဆာတော ပရိနိဗ္ဗုတော' ဆိုတဲ့ ဥစ္စာ

http://www.dhammadownload.com



ဝေဒနာသုံးမှ တဏှာသုံးပြီး နိဗ္ဗာန်ရောက်ပါတယ်၊ (မှန်ပါ့) ဝေဒနာမသုံးဘဲနဲ့ တဏှာကော၊ (မသုံးပါဘုရား) မသုံးယင် နိဗ္ဗာန်ရောက်စရာကော မြင်သေးရဲ့လား၊ (မမြင်ပါဘုရား)။

ဒါ့ကြောင့် ယနေ့တရားမှာဖြင့် တကာတကာမတို့ ဝေဒနာ သုံးခု လှည့်ရှု၊ (မှန်ပါ့) သဘောပါကြပလား၊ (ပါ-ပါပြီ ဘုရား)။

ကိုင်း .. နာရိစေ့ပြီ၊ တော်ကြဦးစို့-။

သာဓု....သာဓု....သာဓု။

http://www.dhammadownload.com

ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း မိုးကုတ်ဆရာတော်ဘုရား
အမရပူရမြို့မမှာရုံ၌ ဟောကြားဆုံးမတော်မူသော
(နိဗ္ဗာန်ရောက်ကြောင်း)

# နေ့အလုပ်ပေး-တရားတော်

(၁၉-၈-၆၁)

ဗုဒ္ဓဘာသာ မြန်မာလူမျိုးမှန်က နှုတ်ထဲမှာတက်နေတာက နှုတ်ထဲမှာ တက်နေတာက နိဗ္ဗာန်-နိဗ္ဗာန်လို့ဆိုတာ နှုတ်ထဲမှာ တက်ပြီးသကာလ နေကြတယ်။

ဗုဒ္ဓဘာသာမှန်က နိဗ္ဗာန်ဆိုတဲ့ ဥစ္စာသည် လူတိုင်း အလိုရှိတယ်၊ အလိုမရှိတဲ့ပုဂ္ဂိုလ်ကလဲ မသိဘဲနဲ့လဲ နိဗ္ဗာန် ရောက်ချင်တာပဲ၊ (မှန်ပါ့)။

အသင့် အတင့်သိတဲ့ ပုဂ္ဂိုလ်ကလဲ နိဗ္ဗာန် ရောက်ချင်တာပဲ၊ အစားအသောက် အနေအထိုင်ကြပ်တည်း ဥတုရာသီပြင်းထန်ပြီဆိုမှဖြင့် မင်းရေး, စိုးရေး, သူခိုးမှုလာပြီ ဆိုမှဖြင့် နိဗ္ဗာန်ပဲ အေးတာပါပဲ၊ (မှန်ပါ့) အားကြီးပြောကြတယ်၊ (ပြောကြပါတယ်ဘုရား)။

ပြောပင် ပြောကြငြားသော်လဲ နိဗ္ဗာန်ကို သဘောမကျတဲ့လူက များတယ်လို့မှတ်လိုက်၊ (မှန်ပါ့)။

http://www.dhammadownload.com



ပြောပင် ပြောကြပြောသော်လဲ၊ (နိဗ္ဗာန် သဘောမကျတဲ့လူက များပါတယ်) နိဗ္ဗာန် သဘောမကျတဲ့လူက များပါတယ်၊ (မှန်ပါ့)။

ကဲ- ကဲ့ မင်း-လိုချင်တဲ့ နိဗ္ဗာန်ဟာ မင်း-ရောက်ချင်တဲ့ နိဗ္ဗာန် ပြောစမ်းပါဆိုလို့ ရှိယင်ဖြင့် သူကိုယ်တိုင် သဘောကျထားတာ မရှိတော့ ပြောသံကြားနဲ့ ကြိုက်တယ်လို့ ဆိုတဲ့အဖြေဟာ တပြိုင်နက် ထွက်မှာပဲ၊ (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒါဟာ တကာကြွယ် နိဗ္ဗာန်သဘောမကျလို့ရှိယင် ဘယ်လိုဖြစ်တတ်သတုံးလို့ မေးလို့ရှိယင်ဖြင့် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်တတ်တယ်၊ (မှန်ပါ့ဘုရား)။

နိဗ္ဗာန် သဘောမကျယင်၊ (ဥစ္ဆေဒဒိဋ္ဌိ ဖြစ်တတ်ပါတယ်ဘုရား)။

ဥစ္ဆေဒဒိဋ္ဌိ ဖြစ်တတ်တယ် ဆိုတော့ ယနေ့ တကာတကာမတွေကို ဥစ္ဆေဒဒိဋ္ဌိကို ဖျက်ဆီး ပေးလိမ့် မယ်လို့ မှတ်ကြပါနော်၊ (မှန်ပါ့)။

ကိုင်း-တကာတကာမတွေဂရုစိုက်ပြီးသကာလဗုဒ္ဓဘာသာမှန်က နိဗ္ဗာန်ကို လူတိုင်းပဲ အလိုရှိတယ်ဆိုတာ ဘယ်သူမှ ငြင်းနေစရာ မလိုတော့ပါဘူး၊ (မှန်ပါ့) သို့ရာတွင် နိဗ္ဗာန် အဟုတ်သဘောမကျလို့ ရှိယင် ဥစ္ဆေဒဒိဋ္ဌိဘက်ကို ပြေးဝင်တတ်ပါတယ်ဆိုတာ မှတ်ထားရမယ်၊ (မှန်ပါ့ဘုရား)။

ဥပမာမယ် နိဗ္ဗာန်ဆိုဘဲ့ဥစ္စာ အားလုံး ပြောသံကြား ဆိုသံကြားနဲ့ သူများပါးစပ်လမ်းဆုံးတဲ့ပုဂ္ဂိုလ်များ၏ ထင်မြင်ချက်

http://www.dhammadownload.com



ဆိုလို့ရှိယင်ဖြင့် တကာသစ်,တကာကြွယ်တို့ နိဗ္ဗာန်ဆိုတာက္ခ ဘာမှမရှိပါဘူး၊ (မှန်ပါ့) ဘာမှမရှိပါဘူးဆိုတဲ့အယူကိုယူတတ်တယ်၊ (မှန်ပါ့ဘုရား)။

ဘာမှမရှိပါဘူးလို့ ယူလိုက်ပြီဆိုမှဖြင့် ဒီခန္ဓာ, ဒီ-ရုပ်နာမ် **လဲ** သိမ်းပါရော ဘာမှမဖြစ်တော့ဘူးလို့ ဒီလို ယူလိုက်တဲ့.... အဓိပ္ပာယ်၊ (မှန်ပါ့) ဘာမှ မဖြစ်တော့ဘူးဆိုတော့ အချို့ အချို့ ပုဂ္ဂိုလ်ကသဲ ဘာမှမဖြစ်ယင် မကြိုက်ဘူး၊ (မှန်ပါ့) ဆိုတော့ သူလဲနိဗ္ဗာန် သဘောမကျဘူး၊ (မှန်ပါ့)။

နို့....ဘာဖြစ်သဘုံးလို့ ဆိုပြန်တော့လဲ သူက မသိပြန်ဘူး (မှန်ပါ့) မသိပြန်တဲ့ ပုဂ္ဂိုလ်ကလဲ ဒိဋ္ဌိကပ်နေတယ်၊ (မှန်ပါ့ ဘုရား)။

ဘာမှမဖြစ်ဘူးလို့ယူတဲ့ ပုဂ္ဂိုလ်ကလဲ့ ဥစ္ဆေဒဒိဋ္ဌိဘက်ပြေး သွားတယ်၊ (မှန်ပါ့)။

ရုပ်နာမ်ပြတ်ယင် ပြီးတာပဲ၊ ဘာမှ မဖြစ်တော့ဘူးဆိုတော့ ဘယ်ဒိဋ္ဌိဘက် ပြေးကြသတုံး (ဥစ္ဆေဒဒိဋ္ဌိဘက် ပြေးပါတယ် ဘုရား) ဒါက သူကတော့ အယူမှားသွားတယ်၊ (မှန်ပါ့)။

အချို့အချို့ ပုဂ္ဂိုလ်ကတော့ နိဗ္ဗာန်သည်ကားလို့ဆိုယင် ချမ်းသာတယ်လို့တော့ ဆိုတော့ဆိုတာပဲ၊ ဘယ်လိုချမ်းသာ မှန်းမသိဘူး ဆိုတဲ့ဥစ္စာကို ယူပြန်တော့လဲ သူ့မှာတဲ့နိဗ္ဗာန်ကို မသိဘဲနဲ့ ရမ်းကြိုက် မှန်းကြိုက်ဖြစ်နေတယ်၊ (မှန်ပါ့ဘုရား)။

မသိဘဲနဲ့ ဘယ့်နှယ်တုံး၊ (ရမ်းကြိုက် မှန်းကြိုက် ဖြစ်နေ ဂါတယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ရမ်းကြိုက် မှန်းကြိုက်ကလဲ အမှန်မရောက်ဘူး၊ (မှန်ပါ့) နိဗ္ဗာန်ဟာ ဘာမှမရှိဘူးလို့ ယူလိုက်ပြန်တော့လဲ ဥစ္ဆေဒဒိဋ္ဌိဘက်သွားတယ်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီ-တရားပွဲ တစ်ခုလုံးမှာဖြင့် ကံကောင်း အကြောင်းသင့်လို့ ဒီ-အကြောင်း ကြားရတော့မယ်ဆိုတဲ့ဥစ္စာ တကာကြွယ် မှတ်ရတော့မယ်၊ (မှန်ပါ့ဘုရား)။

အားလုံး တကာတကာမတို့ အထူး ဂရုစိုက်ရတော့မယ်ဆိုတာဖြင့် စိတ်ထဲမှာထားမှပဲ၊ (မှန်ပါ့)နို့မဟုတ်လို့ ရှိယင်ဖြင့် ခင်ဗျားတို့အကုန်ပဲ တရားအားထုတ်နေတယ်၊ ဘာလုပ်တာတုံး၊ နိဗ္ဗာန်ရောက်ချင်လို့ပေါ့...။

နိဗ္ဗာန်ဆိုတာ ဘယ်လိုဘုံး....၊ ဥပမာ သိ-ကြားလိမ်မာတဲ့ ပုဂ္ဂိုလ်က.... မေးလိုက်တယ်...၊ မပြောတတ်ပါဘူး ဆိုတဲ့.... ပုဂ္ဂိုလ်ကသဲ....တဲ့ တကာတကာမတို့ မပြောတတ်လို့ ရှိယင် မသိတာပဲ၊ (မှန်ပါ့)။

အဲဒီ မသိတဲ့ ပုဂ္ဂိုလ်ကလဲ တကာတကာမ နိဗ္ဗာန်တကယ်-လိုချင်တဲ့ ဆန္ဒပြင်းပြမလား၊ (မပြင်းပြပါဘုရား)။

အင်း....သူ့ကျလဲ အခက်ပဲ၊ (မှန်ပါ့) မခက်ဘူးလား၊ (ခက်ပါတယ်ဘုရား)။

နည်းနည်းသိတဲ့ ပုဂ္ဂိုလ်ကသိ၊သိယောင်ကား ပုဂ္ဂိုလ်ကလဲ နိဗ္ဗာန်ဆိုတာကွာ ရုပ်နာမ်သိမ်း ငြိမ်းသွားတာပဲ၊ ဘာမှလဲရှိတာ မဟုတ်ပါဘူးဆိုတော့ သူက ဥစ္ဆေဒဒိဋ္ဌိဘက် သွားလိမ့်မယ်၊ (မှန်ပါ့)။

သူက ဘက်ဘယ် သွားပြန်သတုံး၊ (ဥစ္ဆေဒ ဒိဋ္ဌိဘက် သွားပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် မသိတဲ့ပုဂ္ဂိုလ်ရယ်၊ ဥစ္ဆေဒဒိဋ္ဌိဘက်ပြေးတဲ့ ပုဂ္ဂိုလ်ရယ် လောကကြီးထဲမှာ ဒီလူနှစ်ယောက်သာ များနေတယ်၊ (မှန်ပါဘုရား)။

သေသေ ချာချာ စဉ်းစားကြည့် တကာသစ်၊ ဒါ–ဘုန်းကြီးက ကြံဖန် ပြောတယ်လို့ တကာကြွယ်တို့က မယူနဲ့၊ (မှန်ပါ) ဒီ–နှစ်မျိုးနှစ်စား ရှိတယ်၊ (မှန်ပါဘုရား) မရှိဘူးလား၊ (ရှိပါတယ်ဘုရား)။

ဒီ–နှစ်မျိုးနှစ်စား ရှိတယ်ဆိုတော့ ဘုန်းကြီးက တကာ တကာမတွေမှာ မသိတဲ့ပုဂ္ဂိုလ်က တစ်မျိုး၊ (မှန်ပါ)။

နိဗ္ဗာန်မသိတဲ့ပုဂ္ဂိုလ်ကတစ်မျိုး၊ နိဗ္ဗာန်ဟာ ဘာမှမရှိဘူးလို့ယူတဲ့ ဥစ္ဆေဒဒိဋ္ဌိသမားက (တစ်မျိုးပါ ဘုရား) ဘယ်နှစ်မျိုး ရှိသွားသတုံး၊ (နှစ်မျိုးရှိသွားပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေမှာ ဒီနှစ်မျိုးရှိတဲ့ပုဂ္ဂိုလ်ဟာ ဘယ်တော့မှလဲ နိဗ္ဗာန်ကိုမရပါဘူး၊ (မှန်ပါ)။

ဘယ်တော့မှ(နိဗ္ဗာန်မရပါဘုရား) ဒါဖြင့် တကာ တကာမတို့ အတော် ခက်နေပြီဆိုတဲ့ အဓိပ္ပါယ်ဟာ ဦးလှဘူး ပေါ်လာတယ်၊ (ပေါ်လာပါတယ် ဘုရား) မပေါ်လာဘူးလား၊ (ပေါ်လာပါတယ်ဘုရား)။

နိဗ္ဗာန်ဖြင့် အတော်ခက်နေပြီ၊ (မှန်လှပါ) ကိုင်း–တကာသစ်တို့လဲ အသက်အရွယ်ကြီးလာပြီ၊ တကာအုန်းတို့ ကြီးပြီ၊ တကာကြွယ်လဲကြီးပြီ၊ ဒီပုဂ္ဂိုလ်နှစ်ယောက်ပဲရှိတယ်၊ (မှန်ပါဘုရား)။

http://www.dhammadownload.com



နိဗ္ဗာန် သူများပြောသံကြားနဲ့ သိနေတဲ့ပုဂ္ဂိုလ် တစ်မျိုး၊ (မှန်ပါ့ဘုရား) ကိုယ်- ကိုယ်တိုင်ကြိုက် ဟုတ်သေးရဲ့လား၊ (မဟုတ်ပါဘုရား)။

တချို့သော ပုဂ္ဂိုလ်ကလဲ နိဗ္ဗာန်ဆိုတာ ရုပ်နာမ်သိမ်းပြီးယင် ဘာမှမဖြစ်တာဆိုတာပါပဲ၊ (မှန်ပါ့) ဘာမှမဖြစ်ဘူးဆိုကတည်းက အကြောင်းအကျိုး ဆက်သေးရဲ့လား၊ (မဆက်ပါဘုရား) မဆက်တော့ ဘယ်ဒိဋ္ဌိဘက် သွားသတုံး၊ (ဥစ္ဆေဒဒိဋ္ဌိဘက် သွားပါတယ်ဘုရား)။

အဲ-တကာကြွယ် ပေါ်ပြီဗျ၊ (ပေါ်ပါပြီဘုရား) ဒါဖြင့် နိဗ္ဗာန်ကို တကာ တကာမတို့ ဥစ္ဆေဒဒိဋ္ဌိဘက် သွားတဲ့ပုဂ္ဂိုလ် တစ်မျိုး၊ (မှန်ပါ့) အဝိဇ္ဇာဘက် သွားတဲ့ပုဂ္ဂိုလ်က (တစ်မျိုးပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရောက်ဖို့ရာ အကြောင်း အတော်ဝေးသွားတယ်၊ (ဝေးပါတယ်ဘုရား) အတော်ဘဲ ဝေးသွားပြီဆိုတာ တကာ တကာမတွေ ရှင်းကြပါပြီ. (ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် ဒီနေ့တရားပွဲမှာ ဘုန်းကြီးက သူပြောချင်ရာ ပြောတယ်လို့ ဘယ်တော့မှ မယူကြနဲ့၊ (မှန်ပါ့) ဩော်- ဘုန်းကြီးသည်ကားလို့ ဆိုယင် ဒို့စိတ်ဓာတ်တွေ ဒို့ဝမ်းထဲမှာဖြင့် သူဖြေရှင်းချင်လို့သာ ဒီဥစ္စာ ပြောတာပဲ၊ ဒို့ဝမ်းထဲမှာ ဒီနှစ်ခု တစ်ခုခုတော့ ရှိရတော့မယ်၊ (မှန်ပါ့) မရှိရဘူးလား၊ (ရှိရပါတယ်ဘုရား)။

ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ နိဗ္ဗာန်ဟာ တော်တော်အသိခက်တယ်ဟေ့၊ အင်မတန် ခဲယဉ်းတယ်ကွ ဆိုတဲ့ဥစ္စာလဲ တကာသစ်တို့ တကာကြွယ်တို့ အတော်ဟော

http://www.dhammadownload.com



တယ်၊ (ဟောပါတယ်ဘုရား) အတော်ဟောတယ် - အတော်ဟောတယ်၊ (မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် ဝေဖန်ကြပါစို့ ဆိုတော့ အခုပြောတဲ့အတိုင်း မသိတဲ့ပုဂ္ဂိုလ်တစ်မျိုး၊ ဘာမှမဖြစ်ဘူးဆိုတဲ့အယူရှိတဲ့ပုဂ္ဂိုလ်က (တစ်မျိုးပါဘုရား)တစ်မျိုးဖြစ်နေတာတော့ ဒါ-ဗုဒ္ဓဘာသာမှာဖြင့်ဒီနှစ်မျိုးရှိတယ်ဆိုတဲ့ဥစ္စာဆရာကောင်း သမားကောင်းနဲ့မတွေ့ရသေးခင် မမှီဝဲရသေးခင်ဖြင့် တကာကြွယ် ကိုယ်တိုင်လဲအလုပ် မလုပ်သေးလို့ ရှိယင်ဖြင့် ဒီနှစ်ခု ရှိတော့မှာပဲ (ရှိပါတယ်ဘုရား)။

ဒီနှစ်ခု-တစ်ခုခုတော့ဖြင့် တကာတကာမတွေ ရှိရမှာပဲဆိုဘာ သေချာပလား၊ (သေချာပါပြီဘုရား)။

ကိုင်း ..ဒါဖြင့်ရှေးဦးစွာ ဝတ္ထုသာဓကသက်သေမထုတ်ခင်ပေါ့ဗျာ၊ (မှန်ပါ့) ခင်ဗျားတို့ ဘြော်....နိဗ္ဗာန်ဆိုတာ ဒီလိုပါလားဆိုတဲ့ဥစ္စာဘုန်းကြီးရှေ့ပိုင်းမှာနည်းနည်းရှင်းပြပေးမယ် (မှန်ပါ့) နောက်မှ ဝတ္ထုသက်သေသာဓကနဲ့ သေသေချာချာရှင်းပြီးသကာလ ပြမှာပေါ့ဗျာ၊ (မှန်ပါ့ဘုရား)။

ကိုး ...ဒါဖြင့် ကြိုးစားပြီးသကာလ ဘုန်းကြီးတို့ အကာတကာမတွေ ဒီအရေးဟာဖြင့် ဒို့မှာ အရေးအကြီးဆုံးအချက်ဘဲ ဆိုတဲ့ဥစ္စာ ဘုန်းကြီးက အဖိုးထန်အောင် ပြေားလို့တန်နေတယ်လို့ မယူဘဲနဲ့ ဒို့-အခက်အခဲကို ဖြေရှင်းတာပဲ ဆိုတာကို အမှန်ထားပါ၊ (မှန်ပါ့) ပေါ်ကြပလား၊ ပေါ်ပါပြီဘုရား)။

ဘယ်သူ့ အခက်အခဲ ဖြေရှင်းတာပါလိမ့်၊ (တပည့်တော်တို့ အခက်အခဲဖြေရှင်းတာပါဘုရား)။

http://www.dhammadownload.com



တကာကြွယ် ဒါ.... မှန်သလားဗျ၊ (မှန်ပါတယ်ဘုရား) ဦးလှဘူး သာမညအရေးဆိုလို့ရှိယင် ဘုန်းကြီး ဒါလောက် မပြောဘဲ ဟာ....ဒါလွယ်ပါတယ် ပြောလိုက်မှာပဲ၊ (မှန်ပါ) လွယ်ပါတယ်ကွာ....မင်းတို့ ဝန်မလေးကြပါနဲ့ဆိုပြီး သကာလ ခင်ဗျားတို့ စိတ် တက်ကြွအောင် ပြောသွားမှာပဲ၊ (မှန်ပါ ဘုရား)။

အခုတော့ဖြင့် စိတ်တက်ကြွအောင် ပြောဖို့ရာက နောက် ထားပြီးသကာလ ဘုန်းကြီးတို့ တကာတကာမတွေ့အခုရရှိနေ တယ်ဆိုတာကို အရင် ရှင်းပြရတယ်၊ (မှန်ပါ)။

အရှုပ်ဆုံးနှစ်ခုဟာ ဘာပါလိမ့်မလဲလို့ ပြန်ပြောပြန်တယ်၊ (မှန်ပါ)နိဗ္ဗာန်ဆိုတာဘယ်လိုမှန်းကိုမသိတဲ့ ပုဂ္ဂိုလ်ကတစ်မျိုး (မှန်ပါ)သဘောပါပလား၊ (ပါ-ပါပြီဘုရား) အချို့ပုဂ္ဂိုလ် ကလဲ ကိုယ့်ကြံလုံးနဲ့ကိုယ်နိဗ္ဗာန်ဆိုတာကွာ ရုပ်နာမ်သိမ်း ငြိမ်း သွားတာပဲ၊ ဘာမှ ဖြစ်တော့တာမဟုတ်ဘူး....တဲ့၊ (မှန်ပါ) ဒီလို အယူ့ယူတဲ့ ဥစ္ဆေဒဒိဋ္ဌိသမားက တစ်မျိုး၊ (မှန်ပါ)။

ဒါဖြင့် အဝိဇ္ဇာသမားက တစ်မျိုး၊ ဥစ္ဆေဒဒိဋ္ဌိသမားက၊ (တမျိုးပါဘုရား)။

ဒါဟာ-တကာကြွယ် ဝေဖန်ကြည့်တော့ ဒီအထဲမှာ ဒီလို လူတွေ များလိမ့်မယ်၊ (များပါတယ်ဘုရား)။

ဒီအထဲ ဒီလိုလူတွေများနေတော့ ဩော်....ဒို့ရိုးရာနိဗ္ဗာန်၊ နိဗ္ဗာန်လို့တော့ဖြင့် အားလုံးပဲ ပါးစပ်ဖျားမှာ နှုတ်တက်နေ ကြတာပဲ၊တကယ်တန်းဒို့အလုပ်လုပ်ယူတော့မယ်ဆိုတဲ့ပုဂ္ဂိုလ် ကျတော့ တစ်ခါတည်းနောက်ဆုတ်သွားတယ်၊(မှန်ပါ)ဘာမှ မဖြစ်ဘူးဆိုတဲ့ ပုဂ္ဂိုလ် ဘာမှမဖြစ်ယင် မလုပ်ချင်ဘူးကွာနိဗ္ဗာန်

http://www.dhammadownload.com



ရောက်ကြောင်းကို၊ (မှန်ပါ့)ဒီဘက်လှည့်မသွားပေဘူးလား၊ (လှည့်သွားပါတယ်ဘုရား)။

မသိတဲ့ပုဂ္ဂိုလ် မသိလို့ မလိုချင်ပါဘူးကွာဆိုတဲ့ သဘော ကကော၊ (ရှိပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီနှစ်ခုမှ ဖြေရှင်းမပေးလို့ရှိယင် ဖြင့် ဒီလူတွေ ဒုက္ခ ပင်လယ်ဝေတဲ့ အထဲမှာ နေရစ်ပေတော့ ဆိုတဲ့အဓိပ္ပါယ်ကော၊ (ရောက်ပါတယ် ဘုရား)။

ဒုက္ခပင်လယ်ဝေတဲ့ အထဲမှာ နေရစ်ကြပေတော့၊ ဒီနှစ်ခုမှ နားမလည်လို့ ရှိယင် ဒီ နှစ်ခုမှ ရှင်းပေးမည့် ဆရာကောင်း သမားကောင်းနဲ့ မတွေ့တော့ပါဘူး ဆိုယင် တကာကြွယ်-ကိုယ်ကျိုး အကြီးအကျယ်နည်းပြီ၊ (နည်းပါပြီ ဘုရား)။

ကိုင်း-တကာ တကာမတို့ ဒီ အရေးဟာ ခင်ဗျားတို့ သာ မညအရေးလား၊ အလွန်ကြီးတဲ့အရေးလားဆိုတာ အကဲခတ် ကြပါ၊ (အလွန်ကြီးတဲ့ အရေးပါဘုရား)။

ဘုန်းကြီးက အပြောကောင်းလို့ ကြီးရတာလား၊ ကိုယ့် ဟာကိုယ်ပဲ ဒီရှုပ်ထွေးမှု တစ်ခုခု ရှိတာလား၊ အကဲခတ်ပါ၊ (ကိုယ့်ဟာကိုယ် ရှုပ်ထွေးမှု ရှိတာပါ ဘုရား) ဒီ ရှုပ်ထွေးမှု တစ်ခုခု ရှိတယ်ဆိုတာ ဆုံးဖြတ်ချက်ချပါ၊ (မှန်ပါ့)။

အချို့မှာ ယောကျ်ားက အလုပ် ခိုင်းလို့ မိန်းမတွေက ဝိပဿနာအလုပ် လုပ်နေရတယ်၊ နိဗ္ဗာန်လိုချင်တယ်၊ သူလိုချင် လို့ လုပ်ရတာလား၊ သား၊ လင်၊ ခင်ပွန်းသြဇာ မလွန်ဆန် နိုင်လို့လား၊ (မလွန်ဆန်နိုင်လို့ပါဘုရား)။

တစ်ချို့လဲ အသက်ကြီးလို့ ကိုင်း ...ဒီအတိုင်းနေလို့တော့ မဖြစ်ဘူး၊ ကိုယ်ရေးကိုယ်တာတော့ ရှာဦးမှပဲ၊ နိဗ္ဗာန်ရတာ

http://www.dhammadownload.com



မရတာတော့ အသာထား ကုသိုလ်တော့ ဖြစ်သေးသကွာ၊ ဒီလို မျှားလုပ်နေတဲ့ပုဂ္ဂိုလ်ကလဲ၊ (ရှိပါတယ်ဘုရား)။

ဩော်...ဒါဖြင့် တကယ်အလိုရှိလို့ ခြေလှမ်းကျဲကျဲနဲ့သွား တဲ့လူက နည်းပါကလား၊ (နည်းပါတယ်) သဘောပါကြပ လား၊ (ပါ-ပါပြီဘုရား)။

တကယ်အလိုရှိလို့ ခြေလှမ်းကျဲကျဲနဲ့ နိဗ္ဗာန်ဆိုတဲ့ ပွဲကြီး ကို သွားတဲ့ပုဂ္ဂိုလ်က ရှားပါတယ်၊ (ရှားပါတယ်)စဉ်းစား မိကြရဲ့လား၊ (စဉ်းစားမိပါတယ် ဘုရား)။

အဲဒါ ကိုယ့်ဟာကိုယ်ဖြင့် ဝမ်းထဲမြုံမနေလိုက်ပါနဲ့၊ ဒီနေ့ တရားကို သဘောကျအောင် နားထောင်ပါ၊ (မှန်ပါ့) ဒီနေ့ တရားကို သဘောကျအောင် နားထောင်မှ သာလျှင် ဩော်- ဒို့လုပ်နေတဲ့အလုပ်ဟာ အလွန်အကျိုး ရှိလို့ သွက်သွက်ကြီး လုပ်မှပါပဲ၊ ဒီဆန္ဒတွေ ဒီဝီရိယတွေ တကာအုန်း ပြင်းထန်လာ လိမ့်မယ်ဆိုတာ ပေါ်ပလား၊ (ပေါ်ပါပြီ ဘုရား)။

ကဲ-အားလုံးတရားတပွဲလုံး တကာတကာမတို့ အခုဝေဖန် လိုက်တာ တကာကြွယ်-လွဲသလား၊ မလွဲဘူးလား၊ (မလွဲပါ) ဒီအထဲမှာ နေတတ်တယ်၊ (မှန်ပါ့)သေသေချာချာ စဉ်းစား တော့ အခုပြောတဲ့ နှစ်ချက်ထဲမှာ (နေတတ်ပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် တကာ တကာမတွေလဲ မနည်းကြပါဘူး၊ ဩော် .. တော်တော်အရေးကြီးတဲ့ အချက်ပါလား၊ မသိယင် **လဲ** မဖြစ်တဲ့ အလုပ်ပါလား၊ မသိတာက အဝိဇ္ဇာ၊အလွဲသိယင် ဥစ္ဆေဒ ဒိဋ္ဌိ၊(မှန်ပါ့ ဘုရား)။

http://www.dhammadownload.com



မသိယင် (အဝိဇ္ဇာ) အလွဲသိယင် (ဥစ္ဆေဒ ဒိဋ္ဌိပါဘုရား) ကဲ-ဒါဖြင့် တကာ တကာမတို့ ဘြော်- ဒီလိုပြောဆို သွန်သင်ပြီး တကယ်တမ်း ပြောပေးမည့်သူ၊ ဆိုပေးမည့်သူ မရှိလို့ရှိယင်ဖြင့် တကာကြွယ်သွားပေါ့၊(မှန်ပါ့) ဆိုထိုက်-မဆိုထိုက်၊ (ဆိုထိုက်ပါတယ်ဘုရား)။

တကာသစ် စဉ်းစားမိပလား၊ (စဉ်းစားမိပါပြီ)အားလုံး တကာ တကာမတွေ အေးစက်စက်နဲ့၊ ဒီအလုပ် လုပ်နေဖို့ မသင့်ဘူး၊ (မှန်ပါ့ဘုရား)။

အေး စက် စက် နဲ့ နေဖို့ဖြင့် (မသင့်ပါ) မသင့်ဘူးတဲ့၊ အဟုတ်တမ်း-တကယ်တမ်း နားခထောင်ပြီးသကာလ ဘြော်- ဒါကြောင့်လဲ နိဗ္ဗာန်ခက်တယ်လို့ ပြောတာပဲ၊ အသိခက်တာ (မှန်ပါ့)ရောက်ဖို့ နည်းပေးတတ်ပြောသော်လဲ ရောက်ရာဌာနကို တကာ တကာမတို့ ချမ်းသာမှု အစစ်ကို မသိလို့ရှိယင်လဲ သူဟာ တကယ်တမ်း ကြိုးကြိုးစားစားနဲ့ ဦးဘအုန်း သွားပါ့မလား၊ (မသွားပါဘုရား)။

တကာကြွယ် - တော်တော်ခက်တယ်နော်၊ (ခက်ပါတယ်) အေး- ဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ ယနေ့ တရားဘယ်လို နားထောင်ရပါလိမ့်မလဲလို့ ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင် စဉ်းစားကြလို့ ရှိယင်ဖြင့် ဒိဋ္ဌိခွါပေးတဲ့ တရား၊ (မှန်ပါ့) အဝိဇ္ဇာသတ်ပေးတဲ့တရားပဲ၊ (မှန်ပါ့) ပေါ်လာကြပလား၊ (ပေါ်လာပါပြီဘုရား)။

ဘာပါလိမ့်၊ (ဒိဋ္ဌိခွါပေးတဲ့ တရား၊ အဝိဇ္ဇာသတ်ပေးတဲ့ တရားပါဘုရား)။

http://www.dhammadownload.com



အဲ-ဒိဋ္ဌိခွါလိုက်တဲ့ အတွက်ကလဲ နိဗ္ဗာန် ပေါ်လာတယ်၊ (မှန်ပါ့)အဝိဇ္ဇာခွါလိုက်တဲ့အတွက် အဝိဇ္ဇာချုပ်တာလဲနိဗ္ဗာန် ထွက်တယ်၊ (မှန်ပါ့) ပေါ်ပလား၊ (ပေါ်ပါပြီဘုရား)။

ဒိဋ္ဌိခွါလိုက်တဲ့ အတွက် (နိဗ္ဗာန် ပေါ်ပါတယ်) အဝိဇ္ဇာ ချုပ်သွားတဲ့ အတွက်လဲ ဝိဇ္ဇာဥဒပါဒိ ဖြစ်လာတယ်၊ နိဗ္ဗာန် မြင်တယ်၊ (မှန်ပါ့ဘုရား)။

ဩြော်-ဒါဖြင့် အရေးကြီးတယ်ဆိုတာလဲ အခုတရားစ,ပြီး တကာ တကာမတွေ ဒိဋ္ဌိခွါလိုက်လို့ရှိယင်လဲ "ဒိဋ္ဌိ နိရောဓော နိဗ္ဗာနံ"ဖြစ်သွားတယ်၊ (မှန်ပါ့) အဝိဇ္ဇာခွါလိုက်လို့ရှိယင်လဲ ဝိဇ္ဇာဥဒပါဒိ၊ ဝိဇ္ဇာ= နိဗ္ဗာန်သိတဲ့ ဉာဏ်သည်၊ ဥဒပါဒိ= ထင်ရှားဖြစ်ပေါ်လာ၏ ဆိုတော့ ဒါ-နိဗ္ဗာန်ဟာ မပြောယင် တကာသစ် တော်ကို- မတော်ဘူး၊ (မတော်ပါ) ရှင်းကြ ပလား၊ (ရှင်းပါပြီဘုရား)။

အေး....ဒို့တော့ တကာမတွေပဲ၊ မိန်းမတွေပဲ၊ သူများ တောင်ဝှေးဆွဲတဲ့ဆီကိုလိုက်ရမှာပဲ၊ဒီလို မအောက်မေ့ကြပါနဲ့၊ နောက်က တကာ တကာမတွေကနော်၊ (မှန်ပါ့) သူများ တောင်ဝှေးဆွဲလိုက်ရုံပဲ၊ ငါတို့ယောကျ်ား ခေါင်းဆောင်ပဲ၊ သူတို့က ကောင်းတယ်ဆိုယင် ဒို့လုပ်ဖို့ပဲ၊ (မှန်ပါ့) သူတို့က မကောင်းဘူးဆို ဒို့-မလိုက်ဖို့ပဲ၊ (မှန်ပါ့) ဒီလိုမျိုးထိုင်ပြီး မနေလိုက်ပါနဲ့၊(မှန်ပါ့) ဒီလိုမျိုး ထိုင်ပြီးသကာလ စွမ်းရည် သတ္တိ အညွန့်တုန်းသဘောနဲ့ တစ်ခါတည်းထိုင်နေလို့ တကာ အုန်း မဖြစ်ဘူး၊ (မှန်ပါ့) ကိုယ့်မျက်လုံးနဲ့ ကိုယ်သွားရမည့် လမ်းကို တကာမတွေက ယောကျ်ားတွေ ခေါင်းဆောင် ရှိသားပဲလို့ မလုပ်ပါနဲ့၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဒီ ခေါင်းဆောင်က ယေသေချာချာ စဉ်းစား ကြည့်ပါ၊ ဒီခေါင်းဆောင်က အဝိဇ္ဇာ ခေါင်းဆောင်နေတဲ့, နိဗ္ဗာန်မသိတဲ့ အဝိဇ္ဇာ ခေါင်းဆောင်သမားက ဆောင်သွားပြန်လို့ရှိယင် လဲ- ဒီ တကာ တကာမတွေ ကိုယ်ကျိုးနည်းပြီ၊(နည်းပါပြီ) သဘောကျပလား၊ (ကျပါပြီဘုရား)။

ဒီတကာတွေက နိဗ္ဗာန်ဆိုတာ ဘာမှ မရှိဘူး ဆိုတဲ့ ဥစ္ဆေဒ ဒိဋ္ဌိအယူမျိုး ယူပြန်တော့လဲ သူ့နောက် လိုက်တဲ့ တပုံကြီးဟာ တကာ တကာမတွေ အပါယ်လေးပါး ချောက်ထဲ ကျလိမ့်မယ်၊ (မှန်ပါ့ဘုရား)။

အဲဒါကြောင့် ကိုယ့်အရေးကကြီးတယ်၊ ယောကျ်ားကလဲ ငါမသိလို့ ငါ့အရေးကကြီးတယ်၊ (မှန်ပါ့) မိန်းမတွေကလဲ ဘယ်သူ့နောက်မှ လိုက်ဖို့မလိုဘူး၊ ကိုယ့် မျက်လုံးနဲ့ ကိုယ့် ဉာဏ်နဲ့ နိဗ္ဗာန်ရှိတာကို အမှန် သိထားဖို့ အရေး ကြီးတယ်၊ (မှန်ပါ့) ဘယ်တောင်ဝှေးဆွဲရာမှ လိုက်ဖို့မလိုဘူး၊ (မှန်ပါ့)ဒီ အလုပ်ကို ခင်ဗျားတို့ ကိုယ့်အားကိုကိုယ် တင်းထားမှသာ လျှင် ကိုယ်ရှင်းမယ် ဆိုတဲ့ ဥစ္စာဖြင့် ယနေ့တရားပွဲမှာ သေသေ ချာချာမှတ်ပါ၊ (မှန်ပါ့ဘုရား)။

တကာသစ်-တရား ဟောနေတာလားတဲ့၊ တကာတကာမတွေ၏ စိတ္တုပ္ပါဒ်တွေ ဖော်ပြော နေတာလား ဆိုတာကော သိပလား၊ (သိပါပြီ)တကာအုန်းဘာထင်သတုံး၊ (စိတ္တုပ္ပါဒ် တွေ ဖော်ပြောနေတာပါ ဘုရား)။

တချို့တကာမတွေက ကိုယ့်မှာကံစွမ်းဉာဏ်စွမ်းရှိထားပြီး ယောကျ်ား အာကိုးနဲ့ ယောကျ်ားဆိုဟာ အသိဉာဏ် ရှိတယ်

http://www.dhammadownload.com



တဲ့၊ ဟာ–မဟုတ်ဘူး၊နိဗ္ဗာန်ကျတော့တခြားစီ၊(မှန်ပါ့)နိဗ္ဗာန် ကျတော့ တခြားစီ၊သဘော ပါပလား၊ (ပါ-ပါပြီဘုရား)။

ဝိသာခါ နိဗ္ဗာန် ရောက်သွားတာ ဝိသာခါ ယောကျ်ား ရောက်ပါသလား၊ မေးကြည့်၊ (မရောက်ပါ)မရောက်ဘူးဗျ၊ (မှန်ပါ့)ကဲတကာကြွယ်-ရောက်သလား(မရောက်ပါဘုရား)။

ဝိသာခဆိုတဲ့တကာ *ခုနင်ကပြောတာ တကာမ၊ ဝိသာခ ဆိုတဲ့ဒကာကအနာဂါမ်ပဲတည်တယ်၊သူ့တကာမကရဟန္တာမ တောင် ဖြစ်လိုက်သေးတယ်(မှန်ပါ့)သူက အမြင့်ပိုကျယ်သွား တယ်၊(မှန်ပါ့)ဒီလိုကော မရှိဘူးလား၊(ရှိပါတယ် ဘုရား)။

အဲဒီတော့တကာတကာမတွေ သူများအားကိုးရမှာလား၊ ခင်ဗျားတို့စီးပွားရှာသလို ကိုယ့်ဟာကိုယ်အားကိုးရမှာလား၊ (ကိုယ့်ဟာကိုယ် အားကိုးရမှာပါ ဘုရား)။

ကိုယ့်ဟာ ကိုယ် အားကိုးရမှာ ဖြစ်တော့ ယနေ့ တရားမှာ ကျုပ်ကို ပြန်လာတော့ ပြောပေးပါဦး ဆိုတဲ့ အသွားမျိုးကို အလိုမရှိဘူး၊ (မှန်ပါ့)။

သေသေချာချာ တကာ တကာမတွေ ကိုယ့်အရေး ကိုယ် ကြီးပြီးသကာလ ကိုယ့် ဉာဏ်စွမ်းနဲ့ ကိုယ့်နိဗ္ဗာန် သဘောကျ အောင်နာပါ၊ (မှန်ပါ့) တကာတွကိုလဲ ကိုယ့်ဉာဏ်စွမ်းနဲ့ ကိုယ် နိဗ္ဗာန်သဘောကျအောင် နာပါ၊ (မှန်ပါ့) ကိုယ်ကလဲ ဒီနှစ်မျိုးထဲက တစ်မျိုးမျိုး ပုဂ္ဂိုလ် ဖြစ်နေလိမ့်မယ်၊ (မှန်ပါ့ ဘုရား)။

---

* ဝိသာခသူဌေးနှင့် ဓမ္မဒိန္နာထေရီမကို ဆိုလိုသည်။

http://www.dhammadownload.com



တကာသစ် မဖြစ်ဘူးလား- ဖြစ်သလား၊ (ဖြစ်ပါတယ် ဘုရား)။

ဖြစ်တယ် ဆိုတော့ နာရီဝက်တောင် ရှိသွားပြီ၊ တကာ တကာမတို့ ခင်ဗျားတို့ စိတ်တွေကို အကုန်ဖော်ပြနေရတာနဲ့ နာရီဝက်နီးသွားပြီ၊ (မှန်ပါ့)။

သို့သော်လဲ ဒီလိုမှပြောမည့်လူမရှိလို့ရှိယင်လဲ တကာကြွယ်- တကာမကလဲ ကျုပ်တို့ခြေတိုလက်တိုပဲ သူတို့သွားယင် နောက် ကလိုက်ရုံပေါ့၊ ရှေ့သွား နောက်လိုက်လို့ ဆိုထားတာကိုး၊ အပါယ်သွားတော့ ရှေ့သွားနောက်လိုက်လား ခင်ဗျားတို့၊ (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲပြောပဲပြောပါဦး၊အပါယ်သွားတော့ ယောကျ်ားကရှေ့ကသွား၊ခင်ဗျားတို့က ဘယ့်နှယ်တုံး(မလိုက် ပါဘုရား) လိုက်ချင်ရဲ့လား၊ (မလိုက်ချင်ပါဘုရား)။

မလိုက်ချင်ပါဘူးဗျ သေချာပါတယ်၊(မှန်ပါ့) အဲဒီတော့ ရှေ့သွားနောက်လိုက် ရှေ့သွားနောက်လိုက်ဆိုတာ သူ့နေရာနဲ့ သူ သုံးရမှာ၊ (မှန်ပါ့) လောကီမှာတော့ဖြင့် ရှေ့သွားနောက် လိုက်ဖြစ်ပါသေးတယ်၊(မှန်ပါ့)လောကုတ္တရာ နေရာကျတော့ သူကရှေ့သွားလို့ ကိုယ်ကနောက်ကလိုက်လို့ဖြစ်တာမျိုး မဟုတ် ဘူး၊ (မှန်ပါ့)။

စက္ခုံဥဒပါဒိဆိုတာ ကိုယ့်စက္ခုနဲ့ ကိုယ်မြင်အောင် လုပ်ရ မှာ(မှန်ပါ့)သူများစက္ခုနဲ့မြင်အောင် လုပ်ရမှာလား၊(မဟုတ် ပါဘုရား) ပေါ်ပြီလား၊ (ပေါ်ပါပြီဘုရား)။

http://www.dhammadownload.com



ကဲ....ဒါဖြင့် ပြောကြပါစို့၊ ဒီနေ့ အကုန်ဟောနိုင်မယ် မဟုတ်ပါဘူး၊ (မှန်ပါ့)။

ဘာကြောင့်တုံးဆိုတော့ တရားကို ဆွဲဟောတာလားလို့ မေးစရာ ဦးဘအုန်း မလိုလားဗျာ၊ (လိုပါတယ်ဘုရား)။

ဆွဲဟောတာမဟုတ်ပါဘူး၊(မှန်ပါ့)ခင်ဗျားတို့ ထမင်းခွံ့ သလိုပေါ့၊ ခဏခဏပြောပါတယ်၊ (မှန်ပါ့) ခင်ဗျားတို့ဉာဏ် ပါးစပ်က မဆန့်ပါဘူး၊ (မဆန့်ပါဘုရား)။

ဉာဏ်ပါးစပ်က မဆန့်တော့ ဒီနေ့ နည်းနည်းပဲ ခွံ့ပေး နိုင်မယ်၊ (မှန်ပါ့) များများခွံ့လို့ရှိယင်ဖြင့် ဒီနေ့ပွဲချင်းပြီး သေဦးမယ်၊ (မှန်ပါ့)။

အဲဒါကြောင့် ဒီနေ့ နည်းနည်းခွံ့၊နက်ဖြန်မှ များများခွံ့ ဆိုတဲ့ အဓိပ္ပါယ်မျိုးကိုလဲ သြော်-ကိုယ့်ပါးစပ်ချိန်ပြီး ကျွေး တာကိုးလို့သာ မှတ်ပါ၊ (မှန်ပါ့)။

ကဲ-ဒါဖြင့် ပြောကြစို့တဲ့၊အကျဉ်းချုပ်ကလေးမှတ်ထား လိုက်ပါ၊(မှန်ပါ့)ခင်ဗျားတို့ အခုတရားနာနေတဲ့ ခန္ဓာရှိတယ် နော်၊ (မှန်ပါ့)။

တရားနာနေတဲ့ဥစ္စာ ခန္ဓာငါးပါးရှိတယ်ဆိုတာ လူတိုင်း သိတယ်၊ (သိပါတယ်ဘုရား) ခန္ဓာငါးပါးနဲ့ ကိလေသာဆယ် ပါးဆိုတာကလဲရှိတယ်၊ (မှန်ပါ့)။

ခန္ဓာငါးပါးနဲ့ ကိလေသာဆယ်ပါးက ပုထုဇဉ်မှာ တွဲနေ တယ်၊ (မှန်ပါ့)။

ခန္ဓာငါးပါးနဲ့ ကိလေသာနဲ့ဟာ (တွဲနေပါတယ်ဘုရား) ပေါ်ပလား၊ (ပေါ်ပါပြီဘုရား)။

http://www.dhammadownload.com



ခန္ဓာငါးပါးနဲ့ ကိလေသာဆယ်ပါး တွဲနေတယ်တဲ့၊ ဒီခန္ဓာက ကိလေသာနဲ့သာ တွဲနေတယ်၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီ ဘုရား)။

သြော်.... ဒါဖြင့် ကိလေသာက မီး၊ ခန္ဓာက ထင်း၊ (မှန်ပါ့ဘုရား)။

ခန္ဓာငါးပါးက (ထင်းပါဘုရား) ကိလေသာက (မီးပါဘုရား ။

သြော်....ဒါဖြင့် ဦးလှဘူးတို့ စဉ်းစား ကြည့်တာပေါ့။ ဒို့ဖြစ်စဉ်ဟာ ဒါကိုး၊ (မှန်ပါ့)။

ဒို့ဖြစ်စဉ်ဟာ(ဒါပါဘုရား)ဒါဆိုတာဘာပါလိမ့်၊ တကာကြွယ်ရေ-(ထင်းနဲ့မီး တွဲနေတာပါဘုရား)။

ထင်းနဲ့မီး တွဲနေတာခန္ဓာငါးပါးက၊(ထင်းပါ ဘုရား) ကိလေသာဆယ်ပါးက (မီးပါဘုရား)။ ဒါဖြင့် ကိလေသာမကုန်သေးတာ ပုထုဇန်ခေါ်ကြတယ်၊(မှန်ပါ့)

ကိလေသာ မကုန်သေးတာ ပုထုဇန် ခေါ် ကြ တော့ ဘုန်းကြီးတို့တကာတကာမတွေမှာ ခန္ဓာသည် ထင်းနဲ့မီး တွဲနေတယ်၊(မှန်ပါ့)။

ခန္ဓာငါးပါးတည်းဟူသော ထင်းနဲ့ ကိလေသာဆယ်ပါးတည်းဟူသော မီးနဲ့ (တွဲနေပါတယ်ဘုရား) တွဲနေတယ်ဆိုတာ သဘောကျပလား၊ (ကျပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒို့ ဖြစ်စဉ်ကဖြင့် ဘယ်လိုပါလိမ့်မလဲ ဆိုတာ နည်းနည်း ပေါ်လာတယ်၊(ပေါ်လာပါတယ်ဘုရား) ကိုယ့်ဖြစ်စဉ် ပေါ်လာပြီ၊(ပေါ်လာပါပြီဘုရား)။

http://www.dhammadownload.com



တကာတကာမတို့ ကံကောင်းလို့လူဖြစ်တာလား၊ ထင်းနဲ့မီး တွဲလျက်ကြီးလား၊ (ထင်းနဲ့ မီး တွဲလျက်ကြီးပါဘုရား)။

ဒါက သစ္စာနဲ့ ဟောတော့ ဒါပဲ ဟောရမယ်၊(မှန်ပါဘုရား)။

အစ္စာနဲ့ ဟောတော့- ဒါပဲ ဩော်....ဒုက္ခနဲ့သမုဒယ တွဲနေတယ်၊(မှန်ပါ) ဒုက္ခက ခန္ဓာငါးပါး၊ သမုဒယက ကိလေသာဆယ်ပါး၊(မှန်ပါ)။

ဒုက္ခနဲ့ သမုဒယ (တွဲနေပါတယ်ဘုရား) မသိမှာစိုးလို့ တကာ တကာမတွေ ထင်ရှားသထက် ထင်ရှားအောင်လို့ ထင်းနဲ့မီး တွဲနေတယ်၊ (မှန်ပါဘုရား)ထင်းနဲ့မီးတွဲနေတယ် ဆိုတော့ ဒကာဒကာမတွေရှင်းတယ်၊(ရှင်းပါတယ် ဘုရား)။

ဘာကြောင့်တုံးဆိုတော့ ကိုယ်နေ့တိုင်းမီးဖိုချောင်မှာ နေရတယ်၊(မှန်ပါ တကာတွေသဲ အကြောင်းမသင့်တဲ့အခါ ကိုယ်ပါမီးဖိုချောင် ဝင်တဲ့အခါပါတယ်၊ (ပါ-ပါတယ် ဘုရား)

ဟာ-ထင်းနဲ့ မီး အဝေးကြီး ဆိုယင် ဘယ် လာလိမ့်မလဲကွာ၊ ထင်းနဲ့မီးတွဲမှပေါ့၊ (မှန်ပါ) မလာဘူးလား၊(လာပါတယ်ဘုရား)။

အဲဒီမှာလဲ ဇီခန္ဓာကြီး ဖြစ်စဉ်ကဖြင့် အခုနည်းနည်း ပေါ်လာပြီ၊(ပေါ်ပါပြီဘုရား) ခန္ဓာကြီး ဖြစ်စဉ် မပေါ်သေးဘူးလား၊ (ပေါ်ပါပြီဘုရား)။

ဩော်- ဘယ် ရောက်တော့ ဘာပါလိမ့်မတုံး၊ နတ်ပြည်ရောက်တော့လဲ ဘာပါလိမ့်၊ ဗြဟ္မာ့ပြည်ရောက်တော့ ဘာပါ

http://www.dhammadownload.com



လိမ့် တကာအုန်း တွေ့ပေတော့၊(မှန်ပါ့)ဩြော်....ထင်းနဲ့မီး တွဲလျက်ကြီးမှတစ်ပါး ဘာမှမရှိဘူး၊ (မရှိပါဘုရား)ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)။

ဘာနဲ့ဘာ တွဲနေသတုံး၊ (ထင်းမီး တွဲနေပါတယ်ဘုရား)။

ဩြော်....ဘယ်ရောက်လို့ ကံကောင်း အကြောင်းသင့်ပြီး သကာလ ဒို့သည်ကားလို့ဆိုလို့ရှိယင်ဖြင့် အေးချမ်းမှာပဲလို့ မေးစရာ မလိုဘူးလား (လိုပါတယ်ဘုရား) သုံးဆယ့်တစ်ဘုံထဲမှာဖြင့် ဘယ်ဘုံရောက်ရောက် ထင်းနဲ့မီး တွဲနေမှာပဲ၊ (မှန်ပါဘုရား)။

သုံးဆယ့် တစ်ဘုံထဲမှာ၊ (ဘယ်ဘုံရောက်ရောက် ထင်းနဲ့မီး တွဲနေမှာပါဘုရား) ပေါ်ကြပါပြီ၊ (ပေါ်ပါပြီဘုရား)။

ပေါ်ပြီ..၊ ဩြော်.. ဒါ ကိုယ့်ဖြစ်စဉ်၊ (မှန်ပါ့) တကာ တကာမတွေ ဒါ–တယ်သူ့ ဖြစ်စဉ်ပါလိမ့်၊ (ကိုယ့်ဖြစ်စဉ်ပါဘုရား)။

ကိုယ့်ဖြစ်စဉ် ရှင်းကြပလား၊ (ရှင်းပါပြီဘုရား) ကိုယ့်ဖြစ်စဉ်က ဘာတဲ့ဗျာ၊ (ထင်းနဲ့မီး တွဲနေပါတယ်) ထင်းက ခန္ဓာငါးပါး၊ (မှန်ပါ့) ကိလေသာဆယ်ပါးက၊ (မီးပါဘုရား)။

ကဲ....တကာအုန်း ဩြော်....ကိုယ့်အကြောင်းကိုအခုမှ နည်းနည်းကလေး သိသွားတယ်၊ (သိပါတယ်ဘုရား) သူ့ကိုသိမှ

http://www.dhammadownload.com



နိဗ္ဗာန်ပေါ်မှာနော်၊ (မှန်ပါ့ဘုရား) သူ့မသိယင်၊ (နိဗ္ဗာန် မပေါ်ပါဘုရား) နိဗ္ဗာန် မပေါ်သေးပါဘူး....တဲ့ တကာ တကာမတို့....နော်၊ (မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် တကာသစ်တို့, တကာကြွယ်တို့ နိဗ္ဗာန် အဟောလွယ်ရဲ့လား၊ (မလွယ်ပါဘုရား)။

မလွယ်ဘူးဗျ၊ မလွယ်ဘူးဆိုတော့ အခုနည်းနည်း စလာ တော့ ဩော်...ဒါဖြင့် တကာတကာမတွေ ဉာဏ်ထဲမှာ အခု စ,ကာရှိသေးတယ် နည်းနည်းပေါ်လာပြီ၊ (ပေါ်လာပါပြီ) ထင်းစ,လဲ သိမ်းချင်တယ်ဘုရာ့၊(မှန်ပါ့) မီးလဲငြိမ်းချင်တယ် ဘုရား၊ (မှန်လှပါဘုရား)။

ထင်းစ,လဲ၊ (သိမ်းချင်ပါတယ်ဘုရား) မီးလဲ၊ (ငြိမ်းချင် ပါတယ်ဘုရား) အင်း....နိဗ္ဗာန်အသံကလေး ထွက်လာတယ်၊ (မှန်လှပါဘုရား)။

ဒီကျမှနည်းနည်းအသံကလေးထွက်လာတယ်၊(မှန်လှပါ) နို့မဟုတ်လို့ရှိယင်ဖြင့် ထင်းနဲ့မီးတွဲတာ အရတော်ခလေစွ ဖြစ်နေတယ်၊ (မှန်ပါ့)။

ထင်းနဲ့မီး တွဲတာကိုပင်လျှင်၊ (အရတော်လေစွ ဖြစ်နေ ပါတယ်ဘုရား) ကဲ....ဒါကြောင့် သုံးဆယ့်တစ်ဘုံက မထွက် တာ ပေါ်ပလား၊ (ပေါ်ပါပြီဘုရား)။

ထင်းနဲ့မီးတွဲနေတာ ဘယ့်နှယ်ထင်ကြသလဲ (အရ တော် လေစွထင်ပါတယ်)အင်း–အနောက်နိုင်ငံက ရေဘဲ့ဖဲလားတို့လို

http://www.dhammadownload.com



တစက္ကန့် ရွေ့ဒင်္ဂါးဆယ့်သုံးပြားဝင်မယ် ဟုတ်လား၊(မှန်ပါ့) ဟင်နရီဖိုဒ်တို့လို တစက္ကန့်ရွေ့ဒင်္ဂါး ဆယ့်သုံးပြားဝင်မယ်ဆိုလို့ ရှိယင် တကာ တကာမတွေ အင်း-ဒီလိုဆိုယင် သေပျော်-နေပျော်ပဲ၊ (မှန်လှပါ ။

အင်း-သေလဲ ကိစ္စမရှိဘူး၊(မှန်လှပါ) နေလဲ တော်သေးရဲ့၊ (မှန်ပါ့ဘုရား) ထင်းနဲ့မီး တွဲတာကိုမပါဘူး၊ (မပါပါဘုရား)။

မပါဘူး၊ မပါဘူး တကာ တကာမတို့နော်၊ (မှန်ပါ့) အင်း-သူတို့ ရှာလဲရှာပေတယ်၊ သူတို့ အကျိုးပေးကလေးနဲ့ ဆိုလို့ရှိယင်ဖြင့် ဘယ်လောက်များ နေရာကျမလဲဆိုတဲ့ဘက်သာ လှည့်သွားတယ်၊ ကိုယ့် ခန္ဓာဘက် ဘာမှ ပြန်မကြည့်ဘူး၊ (မကြည့်ပါဘုရား)ကြည့်သေးရဲ့လား၊(မကြည့်ပါဘုရား)။

အခုတော့ဖြင့် ဆရာသမား ခေါင်းဆောင်ပြီး သကာလ ဥပမာနဲ့တကွ ပြတဲ့အတွက် တကာအုန်း ဘယ်ရောက်ရောက် ရွှေဒင်္ဂါး ဆယ့်သုံးပြားမကဘူး၊ နှစ်ဆယ့်ခြောက်ပြားဝင်ဝင် ထင်းနဲ့မီး တွဲနေတယ်၊ မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား ။

ဘာတွဲနေသတုံး၊ ထင်းနဲ့မီးတွဲနေပါတယ်ဘုရား)ထင်းနဲ့မီးတွဲနေတာ သေသေချာချာ သိတော့ ဒါကြောင့် တကာ တကာမတွေ ထင်းနဲ့မီးတွဲတယ်-မတွဲတယ် သတိထားကြည့်၊ (မှန်ပါ့ဘုရား) 'ဖျက်'ဆို ကိုယ်ချစ်လှစွာသော သမီးကလေး တစ်ယောက် သေတယ်၊ (မှန်ပါ့) ဝမ်းထဲက မီးက ဒီခန္ဓာ လောင်ပစ်တယ်၊ (မှန်ပါ့)။

http://www.dhammadownload.com



ဝမ်းထဲက ယောက မီးက (လောင်ပစ်ပါတယ် ဘုရား) တခြားခန္ဓာလောင်သလား (မဟုတ်ပါဘုရား)ဒါဖြင့် နဂိုရ်က တွဲနေလို့ပေါ့ဗျ၊ (မှန်ပါ့)။

တွဲနေပေမယ့်လဲ တကာ တကာမတွေ မီးက လူမှာ ဟုပ်သေး တော့ မီးက ပြာဖုံးပြီးတွဲနေတယ်၊ (မှန်ပါ့) ခုနင်က ဖောက် ပြန်တဲ့ အာရုံတစ်ခုခုက သားသေ၊ သမီးသေ၊ လင်ဆုံး ဒီလို လာတဲ့အခါကျတော့ 'ဖျတ်'ဆို မီးကရဲပြီး ဒီခန္ဓာကို သွား လောင်တယ်၊(မှန်ပါ့) မလောင်ဘူးလား၊ (လောင်ပါတယ် ဘုရား)။

ဒါဖြင့် နဂိုရ်ကဘည်းက ထင်းနဲ့မီး ဘယ့်နှယ် နေသတုံး၊ (တွဲနေပါတယ်ဘုရား)။

နို့–တွဲလျက်ကြီးကို တကာ တကာမတွေက ပြာကလေး ဖုံးနေတဲ့ အချိန်ကျလာတော့ တွဲချင်တွဲပစေ၊ ဒီလိုဉစ္စာ ဒီလို နေရယင် သေပျော်ပြီ၊ (မှန်ပါ့ဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား)။

အဲဒီတော့ ဒီလိုနေရတဲ့ပုဂ္ဂိုလ်ကလဲ တစ်ယောက်မှ မရှိဘူး၊ နောက်ဆုံးပိတ် လောင်တာချည့်ပဲ၊ (လောင်ပါတယ်ဘုရား) လောင်တာချည့်ပဲဆိုတာ ပေါ်ပလား၊ (ပေါ်ပါပြီဘုရား) ရှင်းပြီ၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ နိဗ္ဗာန်ဆိုတာ အကျဉ်းပြော မယ်လို့ ဆရာဘုန်းကြီး ပထမကတည်းက စကားချီခဲ့တဲ့ အတွက် ဩော်–ဒါဖြင့် တပည့်တော်တို့ အခုတော့ဖြင့် ထိုက် တန်သလောက်သိပြီဘုရား၊(မှန်ပါ့) ဘယ်ခန္ဓာရရ ထင်းနဲ့မီး

http://www.dhammadownload.com



တွဲနေတယ်၊(မှန်ပါ့)ဒီခန္ဓာနဲ့ ဒီမီးနဲ့ငြိမ်းလို့သိမ်းမှပဲ နေရာကျ ပွားပဲ၊ (မှန်ပါ့) သဘောပါပလား၊ (ပါ ပါပြီဘုရား)။

ဒီမီးငြိမ်းပြီးသကာလ ဒီထင်းသိမ်းရလို့ ရှိယင်ဖြင့်တပည့်တော်တို့သည်ကဲ့ဘးလို့ ဆိုလို့ရှိယင်ဖြင့် နေရာကျပေ့ါဘုရား.... ဆိုတာလဲ ကိုယ်ကသိထားရမယ်၊ (မှန်ပါ့) ကိုယ်တိုင် သိထားရမယ်။ (မှန်ပါ့)။

ဩော် .. ဒီထင်းလဲ ကုန်ပါမှ ဒီမီးလဲငြိမ်းပါမှတကာကြွယ်ရေ....ချမ်းသာစစ် ရှိမှာပဲ၊ (မှန်ပါ့ဘုရား) နို့မဟုတ်ယင်ဖြင့်၊ (မချမ်းသာပါဘုရား) ချမ်းသာကို မပါဘူးနော်၊ (မပါ-ပါဘုရား)။

ဒါဖြင့် တပည့်တော် ရွှေနဲ့- ငွေနဲ့-မြနဲ့-စိန်နဲ့- ကျောက်နဲ့-တိုက်နဲ့ တာနဲ့ မတော်သေးဘူးလား ဘုရား....လို့ ဆိုတဲ့ဥစ္စာက တကာတကာမတို့ ထင်းနဲ့မီးနဲ့တွဲတာကို မသိတော့ကိုသူသည် မီးကလေးက အဟုတ်တန်း မတောက်မီ- တောက်တဲ့မီးကလဲ တကာတကာမတို့အရှူးကြည့်-ကြည့်နေတဲ့မီး ဖြစ်လေတော့ သွားပြီးကြိုက်နေတယ်၊(မှန်ပါ့) ရိပ်မိပလား၊(ရိပ်မိပါပြီဘုရား)။

တောက်နေတဲ့မီးကဘာတုံး၊လောဘမီးနဲ့သွားပြီးရှာတယ်ရှာယင်တော့ ရနေတာပဲ၊(မှန်ပါ့)အင်း–တသောင်းရင်းလိုက်တယ်ဆိုယင်ဖြင့် နှစ်ထောင်၊ သုံးထောင်မြတ်၊ ငါးထောင်လဲမြတ်မယ် အစရှိသည်နဲ့ ဆို တော့ မတော်ပေသေးဘူးလား ဆိုတော့ ဒီမီးဟာဘာတုံး....ဆိုလို့ရှိယင် တကာတကာမတို့ရေထဲလောင်သလို လောင်နေတယ်၊ (မှန်ပါ့) ရေထဲ အိုး

http://www.dhammadownload.com



မီးလောင်သလို လောင်တာ၊ (မှန်ပါ့ဘုရား) အိုး၊ မီးလောင်သလို လောင်တာလဲ့ ကျွမ်းတာပဲ၊ (မှန်ပါ့) အပူမီးလောင်သလို လောင်တာကော၊ (ကျွမ်းတာပါဘုရား)။

အဲဒီတော့ တကာကြွယ်တို့အတွက်က အအေးမီးလောင်ဖို့ဟာအကြိုက်၊ (မှန်ပါ့)အပူမီးလောင်တာတော့ မကြိုက်ဘူး (မကြိုက်ပါဘုရား အဲဒီတော့ ရှုးပုံက ဆန်းနေတယ်၊(မှန်ပါ့ဘုရား)။

တကာ တကာမတွေ ဘယ်လိုမှတ်ကြမယ်၊ (ရှုးပုံက ဆန်းပါတယ်ဘုရား)။

တကာကြွယ် ကြမ်းသလားဗျ၊ (မကြမ်းပါဘုရား)ရှုးပုံက ဆန်းတယ်ဆိုတော့ ခင်ဗျားတို့က ဆိုပုံကြီးကိုကလဲတစ်မျိုးပါလားဆိုပြီးသကာလ ထင်ချင်ထင်ကြမယ် .. တဲ့၊ ဒီမှာ တစ်ခါတည်း သူက ရတုန်း သာယာပြီးသကာလ တကာတကာမတို့စောင့်ရှောက်ရင်းဆင်းရဲတာကျတော့သူမမြင်ပြန်ဘူး၊(မှန်ပါ့ဘုရား)အမြတ်တော်ကြေး ဥပစာခွန် တကာတကာမတို့ဟုတ်လား၊ (မှန်ပါ့) ဒါတွေနှိပ်စက်မှာကျတော့ သူမမြင်သေးခင် ရတုန်း သာယာလိုက်တာပဲ၊ (မှန်ပါ့) ဟိုဟာတွေဝိုင်းလာတဲ့အခါကျတော့ ကိုယ်ကျိုးနည်းပါပေါ့လားကွ၊ (မှန်ပါ့)။

ဟိုတုန်းက အအေးလောင်နေတုန်းက သူကပျော်နေတယ် (မှန်ပါ့)အပူလောင်လာတဲ့အခါကျတော့မှ တကာကြွယ်တို့က မျက်လုံးပြူးတယ်၊ (ပြူးပါတယ်ဘုရား) မပြူးကြဘူးလား (ပြူးပါတယ်ဘုရား)။

http://www.dhammadownload.com



ကွာ အကုန်သာ လွှင့်ပစ်ချင်တာပဲဟေ့၊ ငါဖြင့် အိမ်မရှိ ယာမရှိကျယ်ကျယ်ဝန်းဝန်းကို မနေချင်တော့ဘူး...၊ ဒီအလုပ်သမားတွေ တပုံကြီးနဲ့လဲ ငါမပေးနိုင်ဘူးကွာ၊ (မှန်ပါ့) မလာပေဘူးလား-လာမလား၊ (လာပါတယ်ဘုရား)။

အဲဒီကျမှ ချွံထားတာက တကာတကာမတို့ အအေးမီး လောင်တာသည် အပူမီးကလေးထလာတဲ့ အချိန်ကျတော့မှ တကာကြွယ်တို့ မျက်လုံးပြူး မျက်ဆံပြူး ဖြစ်လာတယ်(မှန်ပါ့) မှားပြီဟေ့ .. တည်ထောင်တာမှားတယ်၊ (မှန်ပါ့) ဒီအတိုင်း မညည်းကြပေဘူးလား၊ (ညည်းပါတယ်ဘုရား)။

ဒါ.... မလောင်ဘူးလား - လောင်သလား၊ (လောင်ပါ ပါတယ်ဘုရား) နဂိုရ်က ဘယ်လိုလောင်ခဲ့သတုံး၊ (အအေးမီး လောင်ခဲ့ပါတယ်ဘုရား) အအေးလောင်တုန်းကတော့ သူက အရှူးမို့လို့ မသိခဲ့ဘူး၊ (မသိပါဘုရား) အပူလောင်တဲ့ အခါ ကျတော့ အရှူးပေမယ့်သိတယ်၊ (သိပါတယ်ဘုရား) သဘော ကျပလား၊ (ကျပါပြီဘုရား)။

ဒါဖြင့် ဒီအရူးသည် တကာတကာမတို့ 'ပုထုဇ္ဇနော ဉမ္မတ္တကော' ဆိုတာ တကာကြွယ် အအေးလောင်တုန်းကတော့ သူ အကြိုက်ဖြစ်နေတယ်၊ (မှန်ပါ့) အပူလောင်တော့ (မကြိုက် ပါဘုရား)။

မီးကအအေးလဲ တေဇောပဲ၊ (မှန်ပါ့ဘုရား) အပူကော၊ (တေဇောပါပဲဘုရား) ဘယ်တေဇောက သက်သာမယ်ထင်ကြ သတုံး၊ (ဘယ်တေဇောကမှ မသက်သာပါဘုရား)။

http://www.dhammadownload.com



ကဲ....လောကန္တရစ်ငရဲဆိုတာက အေးလိုက်တာ၊ (မှန်ပါ့) သူ့အထဲသာ အကောင်ကျသွားမယ် ခန္ဓာကျသွားမယ်ဆိုယင် တကာကြွယ် တစ်ခါတည်း ကျေမွသွားတာပဲ၊ (မှန်ပါ့ဘုရား) အဲဒီငရဲကော တကာကြွယ် ကြိုက်ရဲ့လား၊ (မကြိုက်ပါဘုရား) ဘာဖြစ်လို့တုံး ကျေမွတာပဲဘုရား သူလဲ၊(မှန်လှပါဘုရား)။

ဟို–လောဟကုမ္ဘီကြေးအိုးကြီးထဲမှာကြေးငွေ့တွေ ဆူနေ တဲ့အထဲ ကျသွားပြန်တော့လဲ ကျေမွသွားတာပဲ၊ (မှန်ပါ့ ဘုရား)။

တကာကြွယ် ဘယ်ကျေမွတာ ကြိုက်သတုံး၊ (ဘယ်ကျေမွ တာမှ မကြိုက်ပါဘုရား) နည်းနည်းပါးသွားပြီ, နည်းနည်း ပါးသွားပြီ၊ (မှန်ပါ့)။

နည်းနည်းပါးပြီ၊ ဒီ-မီးချင်း မထူးဘူးဘုရား၊ (မှန်ပါ့) နဂိုရ်တုန်းကတော့ ပုထုဇန် အရှူးသဘောနဲ့ ပြောနေတုန်းက တော့ တကာတကာမတွေက ခုနင်က လောဘအအေးကလေး လောင်နေပြီး နေတုန်းကတော့ ရလောင်-လောင်နေတော့ တကာကြွယ်ဘာတဲ့၊ (ကြိုက်နေပါတယ်ဘုရား)။

ရပြီး တစ်ခါတည်း အခွန်တွေဝိုင်းပြီး ညှပ်ပြီးသကာလ အိမ်တောင် လေလံပစ်မည့်အခြေအနေကျလာတော့ ဘယ့်နှယ် ဖြစ်သတုံး၊ (မကြိုက်ပါ ဘုရား) အပူမီးလောင်တော့ ကြိုက်သေးရဲ့လား၊ (မကြိုက်ပါဘုရား)။

ဒီမှာ ပုထုဇန်ရူးပုံ မဆန်းလား၊ (ဆန်းပါတယ်ဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား)။

http://www.dhammadownload.com



အဲဒီတော့ ဘုန်းကြီးကဟောရတယ်၊ တကာ တကာမတွေ့ ပုထုဇန်ဟာ အအေးမီးလဲ မသက်သာပါဘူးဆိုတဲ့ လောကန္တ-ရစ် ကျရတယ်၊ (မှန်ပါ့) အပူမီးကလဲ လောဟကုမ္ဘီ ငရဲကြီး ကျရတယ်၊ (မှန်ပါ့) ကဲ–တကာသစ် ဘယ်ငရဲ ကြိုက်သတုံး၊ (ဘယ်ငရဲမှမကြိုက်ပါဘုရား)။

ခံခြင်းခံယင် အအေးပေါ့ဘုရား-လို့ ဆိုချင်သေးသလား၊ (မဆိုချင်ပါဘုရား)။

ခံခြင်းခံလို့ရှိယင် အအေးခံရတာလဲ ကျေမွသွားတာပဲ၊ (မှန်ပါ့) အပူခံရတာကော၊ (ကျေမွသွားပါတယ် ဘုရား) အဲ–ဦးဘအုန်း မဲချယူယင် ဘယ်ဟာကျချင်သတုံး၊(ဘယ်ဟာမှ မကျချင်ပါဘုရား)သဘောပါပလား(ပါ-ပါပြီဘုရား)။

သဘောပါလာပြီ၊ တော်လာပြီ- တော်လာပြီ၊ အအေးနဲ့ အပူဟာ ဘယ်တော့မှ မသက်သာဘူးဆိုတာ ရှင်းသွားပါပြီ၊ (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့က သားကလေး အဝေးကပြန်လာယင် အခုမှ ရင်ထဲအေးသွားတယ်-ဟုတ်လား၊(မှန်ပါ့) ပြန်သွားပြန် ပူမြဲ ပူတာပဲ၊ (မှန်ပါ့)။

အင်း....အအေးကလဲ ဘာတုံး၊ လောင်တာပဲ၊ (မှန်ပါ့) အပူကကော၊ (လောင်တာပါပဲဘုရား)။

ဘယ်တော့ ခင်ဗျားတို့ ဒါဖြင့် အန္တရာယ်ကင်းလို့ ဘေး ရှင်းတဲ့အချိန်၊(မရှိပါဘုရား) လောင်တာချည့်ပဲဆိုတာ ပေါ် ပလား၊ (ပေါ်ပါပြီဘုရား)။

ဒါဖြင့်ခင်ဗျားတို့နတ်ပြည်ဆုတောင်းကြတယ်ဗျာ၊မဟုတ် ဘူးလား၊ (မှန်ပါ့) ဘာကြောင့်တုံး ဆိုတော့ နတ်ခန္ဓာက

http://www.dhammadownload.com



တကာသစ်–မှတ်လိုက်စမ်း၊ နဂိုရ်ကမှ အခိုးတွေလုပ်ထားတဲ့ အရုပ်၊ (မှန်ပါ့) အခိုးလုပ်ထားတဲ့ အရုပ်မှာ ကိလေသာ ဆယ်ပါး လောင်ချလိုက်လို့ ရှိယင် ပြာတောင်မကျန်ရစ်ဘူး၊ မသာချစရာ အလောင်းရှာမတွေ့ဘူး၊ (မှန်ပါ့ ပေါ်ပလား၊ (ပေါ်ပါပြီဘုရား)။

မသာချစရာ (အလောင်းရှာမတွေ့ပါဘုရား) ဒါဖြင့် အဲဒီ နတ်မသာကြိုက်သလား - လူမသာပဲ ထင်းချည့် ကျန်နေရစ် တာ ကြိုက်သလားလို့မေးယင် တကာကြွယ်–ဘယ်ဟာကြိုက် သတုံး၊ (ဘယ်ဟာမှ မကြိုက်ပါဘုရား) တော်တော် နေရာ ကျပြီဟေ့၊ အအေးနဲ့အပူကွဲပြီ ခင်ဗျားတို့၊ (မှန်ပါ့)။

တော်တော်နေရာကျလာပြီ၊ (မှန်ပါ့၊ တကာ တကာမတို့ ဒါ-ဥပမာကောင်းမှ ဟိုဘက်မှာ နိဗ္ဗာန်သဘောကျမယ်နော်၊ (မှန်ပါ့) ဥပမာမကောင်းလို့ ရှိယင် (နိဗ္ဗာန် သဘောမကျပါ ဘုရား)။

ရှေးက ဘုရားရဟန္တာကြီးတွေ ဟောတော်မူလဲ ဘုရားက ဝါ-ဥပမာဆောင်ပြမယ်ကွာ၊ ပါရတာပဲ၊ (မှန်ပါ့) ရှင်သာရိ ပုတ္တရာကြီး ဟောတဲ့အခါကော၊ (ပါ-ပါတယ်ဘုရား ဥပမာ ဆောင်ပြတာပဲ၊(မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ တကာကြွယ်တို့ ရိုးရိုးလျှောက် စမ်းပါ၊အအေးမီးလောင်ချင်သလား၊ အပူမီးလောင်သေချင် သလ းလို့ဆိုယင် ဘယ့်နှယ် ဆိုပါ့မလဲ၊ (ဘယ်ဟာမှ မသေ ချင်ပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဘယ်ခန္ဓာနဲ့ ဘယ်မီးနဲ့မှ မတွဲပါနဲ့၊ (မှန်ပါ့) ရှင်းပလား၊(ရှင်းပါပြီဘုရား)။

ဘယ်ခန္ဓာနဲ့ ဘယ်မီးနဲ့မှ (မတွဲပါနဲ့)ခန္ဓာရှိယင် မီးရှိလိမ့်မယ်၊(မှန်ပါ့)။

ခန္ဓာရှိယင်၊(မီးရှိပါတယ်ဘုရား) ဩော်. ဒါဖြင့် နိဗ္ဗာန်ဆိုတာ ကိလေသာသိမ်း ခန္ဓာငြိမ်းတာ၊ (မှန်ပါ့ဘုရား)။

နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်၊ (ကိလေသာသိမ်း ခန္ဓာ ငြိမ်းတာပါဘုရား)။

နည်းနည်းကလေးတော့ ခင်ဗျားတို့ သဘော ကျလာပြီ၊(ကျပါပြီဘုရား)။

ဩော်....နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်မလဲ ဆိုတော့ ဟောဒီထင်းလဲ မရှိဘူးဘုရား၊ (မှန်ပါ့) ဟောဒီမီးသွေးကော၊(မရှိပါဘုရား)။

မရှိတော့ နိဗ္ဗာန်ရောက်ဒအောင်အားထုတ်ဘဲ့ တကာတကာ မတွေ့မှာ ဘယ်လိုများ ဖြစ်ရှာပါလိမ့်မတုံး၊ အို-လောင်စာ သိမ်းပြီး မီးငြိမ်းတာကွ၊ (မှန်ပါ့)။

လောင်စာသိမ်း မီးငြိမ်းပြီးသကာလ နေတော့ ချမ်းသာ သက်သက်ပဲ၊ (မှန်ပါ့)။

လောင်စာသိမ်း မီးငြိမ်းတော့ ချမ်းသာ သက်သက်ပါဘုရား) ရှင်းပလား၊(ရှင်းပါပြီ ဘုရား)။

ချမ်းသာသက်သက်ဆိုတော့ ဒီဘက်ကချမ်းသာသက်သက် ထားလိုက်၊ ထင်းနဲ့မီး မရှိတော့ဘူး၊ (မှန်ပါ့)။

http://www.dhammadownload.com



လောင်စာသိမ်း မီးငြိမ်းသွားပြီး နိဗ္ဗာန် ရောက်အောင် အားထုတ်တဲ့ပုဂ္ဂိုလ်များ၊ (မှန်ပါ့)။

ဒီဘဝစုတေမနေ သေလွန်လို့ မင်လေးပါးလဲ ရသွားပြီး အထက်မင်ကျအောင် ဆိုက်ပါပြီဆိုလို့ ရှိယင်ဖြင့် စုတေ မနေ သေလွန်ပြီးသည်၏ အခြားမဲ့၌ သူသည်လောင်စာသိမ်း၍ မီး ငြိမ်းတဲ့အဖြစ်နဲ့နေရဘယ်၊ (မှန်ပါ့ဘုရား)သဘော ကျပလား၊ (ကျပါပြီဘုရား)။

ဘယ်အဖြစ်နဲ့ နေရပါလိမ့်၊ (လောစာသိမ်း၍ မီးငြိမ်းတဲ့ အဖြစ်နဲ့ နေရပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ လောင်စာသိမ်း၍ မီးငြိမ်းတဲ့အဖြစ်နဲ့ နေရတာသည် တကာကြွယ် ခန္ဓာမရှိမှ ထင်းမရှိမယ်၊ (မှန်ပါ့ ဘုရား) ထင်းမရှိမှ မီးပျောက်မယ်၊ (မှန်ပါ့)။

ထင်းတွေ မီးနား မပုံနဲ့ဟော့၊ မီးနဲ့မနီးစေနဲ့ ဆိုတာ ခင်ဗျားတို့ ခဏခဏ ဆုံးမကြတယ်၊ (မှန်ပါ့)သဘောကျ ပလား၊ (ကျပါပြီဘုရား)။

ထင်းနဲ့ မီးပုံ ထရံတွေနဲ့မီးဖိုအကာတွေနဲ့ မီးဖို တိုင်တွေ နဲ့ ဒါတော နီးစေရသလား၊ (မနီးစေရပါ ဘုရား) မနီးရ ဘူး၊ (မှန်ပါ့)အကုန်ခွါပြီးလုပ်ကြတာပဲ၊ (မှန်ပါ့)သဘော ကျပလား၊ (ကျပါပြီဘုရား)။

အဲဒီတော့ ထင်းနဲ့မီးဟာဖြင့် ဘယ်တွဲတွဲ မကောင်းတာ သေချာတယ်၊ (မှန်ပါ့)။

ဒါ့ကြောင့် ၃၁-ဘုံမှာဖြင့် တကာ တကာမတို့ ထင်းနဲ့ မီးနဲ့ တွဲနေတယ်၊ (တွဲနေပါတယ်ဘုရား)။

http://www.dhammadownload.com



ထင်းနဲ့မီးနဲ့ တွဲနေတော့ အားလုံး တကာ တကာမတွေ ဘယ်နေရာတွဲယင်ဖြင့် သင့်ပါ့မလဲဆိုတဲ့ ကြံလုံးကလေး ထုတ်ပေးစမ်းပါ၊ (ဘယ်နေရာမှ မသင့်ပါဘုရား)။

တကာကြွယ် ဘယ့်နေရာတွဲချင်သတုံး၊ (ဘယ်နေရာမှ မတွဲချင်ပါ) လေးကျွန်းသနင်း စကြာမင်းကြီးအဖြစ်နဲ့ တွဲလိုက်စမ်းပါ (မတွဲချင်တော့ပါဘုရား)။

မတွဲချင် တော့ဘူး၊ (မှန်ပါ့) မတွဲချင်တော့ ဘူးနော်၊ (မှန်ပါ့ဘုရား)။

လေးကျွန်းသနင်း စကြာမင်းဆိုတာ လေးကျွန်းလုံးကို အစိုးရတယ်၊ အင်း–ရတနာခုနစ်ပါးနဲ့လဲ ပြည့်စုံတယ်၊ ဆင်ရတနာ၊ မြင်းရတနာ၊ ခင်ပွန်းမရတနာ၊ ပတ္တမြားရတနာ၊ စကြာရတနာ တွေနဲ့ တကာအနုန်း မကြိုက် ဘူးလားဗျ၊ (မကြိုက်ပါဘုရား)။

ဟာ– ခင်ဗျားတို့ဟာ ဒီတစ်ခါကျ တော့လဲ အရှူးကလဲ ပျောက်လွယ်လှ ချည့်လား၊ (မှန်ပါ့) ဘယ့်နှယ်ကြောင့် ဒီ–အရူးပျောက်ပါလိမ့်မတုံး မေးတဲ့အခါကျတော့မှ ဒီခန္ဓာနဲ့မီးကွဲတာ သဘောကျလို့၊ (မှန်ပါ့ဘုရား)။

ဘာသဘောကျလို့လဲ (ခန္ဓာနဲ့မီး တွဲတာ သဘောကျလို့ပါဘုရား)ကဲ-တကာသစ်နေရာကျပြီ၊ (ကျပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်သည်ကားလို့ ဆိုယင် တကာ တကာမတို့ ဩော်-လောင်စာသိမ်း၍မီးငြိမ်းသွားပြီးတော့နေတဲ့သဘောဟာဖြင့် တပည့်တော်တို့ အလိုရှိတဲ့နိဗ္ဗာန်ပဲ၊ (မှန်ပါ့ဘုရား)။

လောင်စာသိမ်း မီးငြိမ်းသွားတဲ့ အရှိသဘောကလေးဟာ ဘာပါလိမ့်၊ (နိဗ္ဗာန်ပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် နိဗ္ဗာန်ဟာ ရှိလဲရှိတယ်၊ လောင်စာသိမ်း၍ မီးငြိမ်းတာလဲမှန်တယ်၊ (မှန်ပါ့) ရှင်းပလား၊ ရှင်းပါပြီဘုရား)။

ရှိလဲ ရှိတယ်၊ (လောင်စာသိမ်း၍ မီးငြိမ်းတာလဲ မှန်ပါတယ်ဘုရား)။

လောင်စာသိမ်း၍ မီးငြိမ်းတာလဲ (မှန်ပါတယ်) မှန်တယ်ဆိုတာ ပေါ်လာကြပလား၊ (ပေါ်လာပါပြီဘုရား)။

အဲဒါ ဘယ့်နှယ်ကြောင့် ဒါကလေး အခုကြိုက်လုံးကလေး ပေါ်လာပါလိမ့် မလဲလို့ တကာသစ်က မေးလို့ ရှိယင်ဖြင့် ကိုယ့်ခန္ဓာကို ဒုက္ခသစ္စာလို့ သိသွားလို့ ဒီဘက်က နိရောဓကို သဘောကျတယ်၊ (မှန်ပါ့) ဒီဒုက္ခသစ္စာ မသိယင် နိရောဓ သဘောကိုမကျနိုင်ဘူး၊ (မကျနိုင်ပါဘုရား)။

တော်တော်လည်သွားပြီဗျ (လည်ပါပြီ တော်တော်နေရာကျလာပြီ တကာ တကာမတို့၊ မှန်ပါ့ဘုရား)။

ဒါဖြင့် တကာမကလဲ ဒီလိုဘဲ သိရမယ်၊ (မှန်ပါ့) တကာကလဲ (ဒီလိုဘဲသိရပါမယ်ဘုရား)။

အင်း- သူတို့သွားရာ လိုက်မယ်ဆိုလို့ တော်ပါ့မလား၊ (မတော်ပါ) မတော်ဘူးဆိုတာ သေချာပလား၊ (သေချာပါပြီဘုရား)။

ခုနင်ကလဲ ပြောခဲ့ပါတယ်၊ သူက တိရစ္ဆာန်ဘုံသွားတော့ ခင်ဗျားတို့က- (မလိုက်နိုင်ပါ) မလိုက်နိုင်ဘူး၊ သဘောကျပလား၊ (ကျပါပြီဘုရား)။

မလိုက်နိုင်ဘူးဆိုတာ သူများအားကိုးလို့ တော်ပါ့မလား၊ (မတော်ပါ) ယောကျ်ားဆိုတာ အိမ်ဦးခန်းမှာနေပြီး ခေါင်း

http://www.dhammadownload.com



ဆောင်ကြီးပဲလို့ သူ့များ အားမကိုးလိုက်ပါနဲ့၊ (မှန်ပါ့) ကိုယ့်ဉာဏ် စက္ခုံဥဒပါဒိဖြစ်အောင် လုပ်ပါ၊ (မှန်ပါ့ဘုရား)။

ဘာလုပ်ရမယ်၊(ကိုယ့်ဉာဏ်စက္ခုံဥဒပါဒိ ဖြစ်အောင်လုပ်ရပါမယ်ဘုရား)။

ကဲ....တကာ့သစ် ရိပ်မိပလား၊ (ရိပ်မိပါပြီ) စက္ခုံ=ဉာဏ်မျက်စိသည်၊ဥဒပါဒိ=နိဗ္ဗာန်ကိုမြင်တဲ့ အခြေရအောင်ဖြစ်ပါစေ၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

ကဲ .. ဒါဖြင့် နိဗ္ဗာန်ဆိုတာ ဘာတုံးဆိုတော့ တကာတကာမတို့ လောင်စာသိမ်း၍၊ (မီးငြိမ်းတာပါဘုရား)။

မီးငြိမ်းတော့ကို တကာတကာမတို့ လောစာသဲသိမ်းပြီ၊ မီးလဲငြိမ်းသွားပြီ၊ တပည့်တော်တို့ဘယ်လို နေရပါလိမ့်မတုံးလို့မေးဖို့ မလိုဘူးလား၊ (လိုပါတယ်ဘုရား)။

လိုတဲ့အခါကျတော့ တကာတကာမတို့ လောင်စာသိမ်း၍ မီးငြိမ်းတဲ့အဖြစ်ဟာ ဩော် ကိုယ့်အဖြစ်ပေါ့(မှန်ပါ့ဘုရား)။

လောင်စာသိမ်း၍ မီးငြိမ်းတဲ့အဖြစ်ဟာ၊(ကိုယ့်အဖြစ်ပါ) ကိုယ်ရောက်ရမည့်အဖြစ်၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဆိုတာ ဘာတုံးမေးယင်တော့ ဖြေတတ်ကြပလား၊ (ဖြေတတ်ပါပြီ) လောင်စာသိမ်း၍၊ (မီးငြိမ်းတာပါဘုရား)။

လောင်စာသိမ်း၍ မီးငြိမ်းသောနေရာသည်၊ (ကိုယ်ရောက်ရမည့်နေရာပါ) မီးငြိမ်းသောအဖြစ်သည်၊ (ကိုယ့်အဖြစ်ပါ) သဘောကျပလား၊ (ကျပါပြီဘုရား)။

http://www.dhammadownload.com



လောင်စာသိမ်း၍ မီးငြိမ်းတဲ့နေရာဟာ၊ (နိဗ္ဗာန်ပါ) လောင်စာသိမ်း၍ မီးငြိမ်းတဲ့အဖြစ်ဟာ၊ (နိဗ္ဗာန်ပါဘုရား)။

ဒါ ဒီနေ့ စဟောလာတော့ တကာသစ် တော်တော် ကျေနပ်ပြီ၊ (မှန်ပါ့ဘုရား)။

နို့မဟုတ်လို့ ရှိယင်ဖြင့် နိဗ္ဗာန်ကို တကာတကာမတွေ ဒီအကြောင်းမှ ဒုက္ခသစ္စာကို လည်လည်ပတ်ပတ်မှ မဟောနိုင်၊ ဒုက္ခသစ္စာကို ကိုယ်ပိုင်ဉာဏ်နဲ့မသိတဲ့ ပုဂ္ဂိုလ်ဟာဖြင့် ဘယ်မီးနဲ့ ဘယ်ထင်းတွဲခအကောင်းဆုံးဆိုပြီး နတ်မီးနဲ့နတ်ထင်း,ဗြဟ္မာ မီးနဲ့ဗြဟ္မာထင်း အကြိမ်ကြိမ် တွဲခမ်းပါရစေ ဆိုတာတွေက တော့ တကာအုန်း လာ-မလာ(လာပါတယ်)ဒါဖြင့် ခန္ဓာ့ဒုက္ခ သစ္စာကို၊ မသိလို့၊ (မှန်ပါ့) ပေါ်ကြပလား၊ ပေါ်ပါပြီ)။

ဘာမသိလို့ပါလိမ့်၊ (ခန္ဓာ့ဒုက္ခသစ္စာကိုမသိလို့ပါ) အခုဖြစ် နေတာ တကာတကာမတွေ သိကြပလား၊ (သိပါပြီဘုရား)။

တစ်ခါ တလေမျှားကျတော့ လောင်စာနဲ့ မီးတွဲလိုက်တဲ့ အခါ တကာသစ်ရေ- ကြပ်ကြပ်ငိုတော့လေ သောကမီးက ခန္ဓာကြီး မလောင်ဘူးလား၊ (လောင်ပါတယ်) အို .. ယူကြ ပါဦးဆိုတာမျှား အောင်ငိုတယ်၊ (မှန်ပါ့) မအောင်ကြဘူး လား (အောင်ပါတယ်ဘုရား)။

ခင်ဗျားတို့ သူသာန်မသာပို့ချေပါ၊ သောကမီးလောင်လို့ ဟိုမှာ ရေထည့်နေရတဲ့ ပုဂ္ဂိုလ်တွေလဲ တကာကြွယ် မြင်ဘူးရဲ့ လား၊ (မြင်ဘူးပါဘယ်) လောင်လိုက်တာ တချို့မှာ အဝတ် တောင်မကပ်ချင်ဘူး၊ (မှန်ပါ့ဘုရား)။

အဝတ်ကပ်နိုင်ကြရဲ့လား၊ မကပ်နိုင်ပါ)ဘေးကလူတွေက ခါးစည်းကြိုးမြဲမြဲ တင်းတင်းစည်းပေးမှ သူ့မှာသင့်ရုံကလေး

http://www.dhammadownload.com



ကျန်တယ်၊ (မှန်ပါ့) တကိုယ်လုံး လောင်ချ လိုက်တာ၊ (မှန်ပါ့) သောကမီး လောင်ချလိုက်တာ ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)။

ထမင်းတွေ ဟင်းတွေ ကောင်းကောင်းမွန်မွန် ချက်ထား တာတောင်မှ တကာ တကာမတို့ အရသာ ပေါ်ရဲ့လား....၊ (မပေါ်ပါဘုရား)။ ဒီထမင်း အကြောင်း မပြောစမ်းပါနဲ့၊ ကိုယ့်တွေးလုံးနဲ့ ကိုယ် နေစမ်းပါရစေတဲ့၊ ကိုယ့်မီးနဲ့ ကိုယ် လောင်ပြီး နေစမ်းပါရစေ၊ (မှန်ပါ့ဘုရား)။

တကာအုန်း ဘာတဲ့တုန်းဗျ၊ (သောကမီးလောင်တာပါ ဘုရား)။

ကိုယ့်မီးနဲ့ ကိုယ် လောင်း နေစမ်းပါရစေ၊ တချို့များ သုံးနှစ်သုံးမိုးလောင်ပြီး နေလိုက်တဲ့ဖြစ်ခြင်း၊ ဘာဖြစ်သတုံး တောင် မမေးရဘူးလား၊ (မေးရပါတယ်) ကျွမ်းတာလူတိုင်း သိတယ်၊ (မှန်ပါ့) မသိဘူးလား၊ သိသလား၊ (သိပါတယ် ဘုရား)။

အဲဒါ....ယောကျ်ားက ဆိုးသလား၊ မိန်းမက ဆိုးသလား တကာကြွယ်၊ ခင်ဗျား-ခဲနဲ့လဲ ပေါက်မယ်နော်၊ ကြပ်ကြပ် ကြည့်ပြော၊ ခဲပေါက်ခံရလို့ ခက်နေမယ်၊ မိန်းမတွေသဲ နည်း တာ မဟုတ်ဘူး၊ ဆိုးတော့ သူတို့က များတာ အမှန်ပဲ၊ (မှန်ပါ့)ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် အဲဒါကိုလဲ မီးလောင်တာကိုသင်လျှင် တကာ တကာမတွေ ခင်ဗျားတို့က မလောင်မှာ စိုးတော့ကို တခါတည်းသူ့အဝတ်ကလေး သွားကြည့် လောင်လိုက်(မှန် ပါ့)သူ့ဓာတ်ပုံကလေးသွားကြည့်၊ (လောင်လိုက်ပါ)သူ့ပြော

http://www.dhammadownload.com



သံ ဆိုသံကလေး ဂရာမာဖုံးထဲ ထည့်ထားပြီး ကြားလိုက် (လောင်လိုက်ပါ) ရီကော်တာထဲ ကြား လိုက် ယင် ကော၊ (လောင်လိုက်ပါဘုရား)။

ဪ....တကာ တကာမတို့ ကိုယ့်သန္တာန် ပေါ်သွားပြီ (ပေါ်သွားပါပြီ ဘုရား သေချင်လို့ ဒီနေရာသွားဘာ(မှန် လှပါ့၊ လောင်ချင်လို့ (ဒီနေရာသွားတာပါ) မပေါ်သေး ဘူးလား၊ (ပေါ်ပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့က နဂိုရ်ကပိုးဖလံဆိုတာ တိရစ္ဆာန် (မှန်ပါ့)လောင်ချင်တဲ့ပုဂ္ဂိုလ်လဲ ပိုးဖလံပါဘုရား) တိရစ္ဆာန် ပိုးဖလံ မဟုတ်ပါဘူးဗျ၊ (မှန်ပါ့)

လောင်ချင်တဲ့ပုဂ္ဂိုလ်လဲ (တိရစ္ဆာန်ပါဘုရား) ဘာထူးဦး မှာတုံး၊ (မထူးပါ ဘုရား) သဘော ပါပလား၊ (ပါပါပြီ ဘုရား)။

ကိုင်း-ဒါ ဘာကို မသိတာတုံး- မေးကြည့်တော့မှ တကာ သစ်ရေ-ပေါ်လာပြီ၊ (ပေါ်လာပါပြီ) နဂိုရ်ကလောင်စာနဲ့ မီး တွေ့တာကိုပင် မသိတော့ကို လောင်စာ ပြန်ရှာတယ်၊ (ရှာပါတယ်ဘုရား)။

ပြန်ရှာပြီးတော့ သူသေယင် ကျုပ်လဲ သေလိုက်တော့မယ် အစရှိသည်နဲ့ မလာဘူးလား၊ (လာပါတယ်) ကဲတကာကြွယ်- ပေါ်ပလား၊ (ပေါ်ပါပြီဘုရား ။

ကဲ-ဒါဖြင့် ဘယ်နေနေ တကာ တကာမတို့ ခင်ဗျားတို့ ကလဲ လင်ယောကျ်ားဟာ မိန်းမရှိမှပဲ ဆိုပြီးတော့လောင်စာ ရှာတာ၊ (မှန်ပါ့) မိန်းမကလဲ ယောကျ်ားရှိမှပဲ ဆိုပြီးတော့ (လောင်စာရှာတာပါ ဘုရား)။

http://www.dhammadownload.com



တော်တော်ကြာကျတော့ လောင်မီးကလေးတွေကပွားတယ်၊ (ပွားပါတယ်ဘုရား)မပွားဘူးလား၊ (ပွားပါတယ်ဘုရား)။

ပွားတဲ့အခါ ကျလို့ရှိယင် ပွားလို့ တခုခု ချွတ်ယွင်းလို့ ရှိလာတော့ ဒီလိုဖြစ်လိမ့်မယ်မထင်ဘူး၊(မှန်ပါ) ဟ–ပွားလာကတည်းက ဒီလိုဖြစ်မှာပေါ့၊ (မှန်ပါ)။

ပွားလာကတည်းက ဘယ့်နှယ်တုံး၊(ဒီလိုဖြစ်မှာပါဘုရား) ဒါ–ဒီလိုဖြစ်လိမ့်မယ် မထင်ဘူးလို့ ဆင်ခြေက လဲလိုက်သေးတယ်၊ (မှန်ပါ)တော်ပါ့မလား၊ (မတော်ပါဘုရား) တကာကြွယ်တို့ဆို အခုအားသေးရှဲလား၊(မအားပါဘုရား) လောင်နေရတာလေ၊(မှန်ပါ သားပြီးသမီး၊သမီးပြီးမြေး၊မြေးပြီးမြစ်က (လောင်နေရပါတယ် ဘုရား အသက်ရှည်သလောက်ဘာဖြစ်နေသလဲ၊ လောင်နေ ရပါတယ်) ရိပ်မိကြပလား၊ (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဒီခန္ဓာကြီးသည်ကားလို ဆိုလို ရှိယင်ဖြင့် အရိယာမျက်လုံးကသဲ တပ်ပေးမည့်သူ မရှိလို့ရှိယင်ဖြင့် ခုနင်ကမီးရှိတဲ့ဆီမှာ ပိုးဖလံပြေးသလို တကာအုန်း-ရေ, ဒီတကာဘကာမတွေဟာ ဒါနဲ့ဇာတ်သိမ်းမယ်(မှန်ပါ့ဘုရား) မသိမ်းဘူးလား-သိမ်းသလား၊ (သိမ်းပါတယ်ဘုရား) ရှင်းပြီနော်၊ (ရှင်းပါပြီ)။

တချို့များ စပ်လို့တောင်မပြောရဲဘူး၊(မှန်ပါ) စပ်လို့ပြောယင် ဒီကနည်းနည်းကလေး စပ်ကာရှိသေး ဟိုက မျက်ရည်က ပေါက်ကနဲ ထွက်တယ်၊ (မှန်ပါ) စေဘဲ–စေလွန်းလှတယ်(မှန်ပါ့ဘုရား)မစေဘူးလား-စေသလား(စေပါတယ်ဘုရား)။

http://www.dhammadownload.com



ဒီက ဘုန်းကြီးများ တရားဟောနေပြန်လို့ရှိယင် တကာကြွယ် အတော်အကဲခတ်ရတယ်၊ (ခတ်ရပါတယ်ဘုရား) သူတို့အိမ် ဘာဖြစ်နေပါလိမ့်၊ ဘယ်ကစ,ရမှာပါလိမ့်မတုံး၊ မနည်းကို စ,ရတယ်၊ (မှန်ပါ) ဒီအတိုင်းသာ ဆိုယင်ဖြင့် ဒီကိုယ်တော် ဂိုဟ်ကောင်ဘဲတောင် အပြောခံရှိလိမ့်မယ်၊ (မှန်ပါ့) သေသေချာချာ အပြောခံရတယ်၊ မှန်ပါ့ဘုရား) အလိုက်မသိတဲ့အထဲ ဒါကြောင့် ဘုန်းကြီးဖြစ်နေတာလို့တောင် ပြောချင်ပြောမယ်၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီ)။

အဲဒီတော့ ဟိုမှာ လောင်စာနဲ့မီးတွဲနေရတာ သူအင်မတန်ကျေနပ်နေတယ်၊ (မှန်ပါ့)။

လောင်စာနဲ့မီးတွဲရတာ သူ့စိတ်ထဲမှာ (ကျေနပ်ပါတယ်ဘုရား) ကျေနပ်နေတော့ လောင်စာနဲ့မီး ခွဲပစ်မည့်သူလာယင်ဘဲ တကာကြွယ်–ဘယ့်နှယ်ဖြစ်နေသလဲ၊ (မကျေနပ်ပါဘုရား) မကျေနပ်ဘူးဆိုတာ သဘောကျပလား၊ (ကျပါပြီ)။

ဒီမှာ ဘာဖြစ်နေတယ်ဆိုတာတော့ မသိဘူး၊ ဒီကိုယ်တော်တွေကလဲ ဆွမ်းခံရပ်လာတာရှိသေး၊ (မှန်ပါ့)။

အံမာလေး–ဖြစ်မှဖြစ်ရပလေ တကာ တကာမတွေ(မှန်ပါ့) အတော်မဆိုးဘူးလား၊ (ဆိုးပါတယ်ဘုရား)။

သူဘာဖြစ်နေတယ် ဆိုတာ မသိဘူးဆိုတော့ ဒီက ကူပြီးပူပေးရဦးတော့မလိုလို၊ (မှန်ပါ့)သူက ဒီအဓိပ္ပါယ်ပါနေတယ် (ပါနေပါတယ်ဘုရား)။

တကာကြွယ်–အအေးလာတာ လက်ခံနိုင်ရဲ့လား၊ (မခံနိုင်ပါဘုရား) ဘာထဲနေရမှာတုံး၊ (အပူထဲနေရမှပါဘုရား)အပူထဲနေရမှဆိုတာ သဘောကျပလား၊ (ကျပါပြီ)။

http://www.dhammadownload.com



ဒါဖြင့်တကာကြွယ် ကုဋ္ဌိထဲကလောက်ကလေးတကောင်ကို လက်ကလေးနဲ့ ယက်ထုတ်၊ ရေချိုးပေး၊ ကြိုက်ပါ့ မလား၊ (မကြိုက်ပါဘုရား) သူဘယ်ပြန်သွားမယ် ထင်သတုံး၊ (ကုဋ္ဌိထဲ ပြန်သွားပါမယ်ဘုရား) ဘာဖြစ်နေသတုံးသူ့မျိုးရိုး (မှန်ပါ့)၊

ခင်ဗျားတို့လဲ အပူနဲ့ကင်းနေယင်၊ (မကြိုက်ပါဘုရား) အပူ ကလေးရှိမှ၊ ကြိုက်ပါတယ်) အလုပ်ကလေးမရှိတော့ ပျင်း တယ်ဆိုတာ ခင်ဗျားတို့ပေါ်ပလား၊ (ပေါ်ပါပြီဘုရား)။

အလုပ်မရှိဘဲ အခါကျတော့၊ (ပျင်းပါတယ်) ပျင်းတယ် ဆိုတာကတော့ ဒေါသမီးလောင်တာ၊ (မှန်ပါ့) အလုပ်မရှိ တော့ ဒေါသမီးလောင်တယ်၊ (မှန်ပါ့)။

အဲဒီတော့ ခင်ဗျားတို့က အပူမီး လောင်တာတော့ ကြိုက် တယ်၊ (မှန်ပါ့) ပျင်းတဲ့အအေးမီးလောင်တာတော့၊ (မကြိုက် ပါဘုရား) မကြိုက်ဘူးဗျ၊ (မှန်ပါ့)။

အအေးမီးလောင်တာကျတော့ (မကြိုက်ပါဘုရား) တခါ တလေ ဒီဒယ်အိုးမရှိဘဲ နေရဘဲ့ နေ့ကျတော့ ကျုပ်— ယောင် ခြောက်ဆယ် ဖြစ်နေတယ်၊ (မှန်ပါ့) ဘာ့ကြောင့်တုံး-ပြာရာ မခတ်ရလို့၊ (မှန်ပါ့) ရိုပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

ဘာဖြစ်တာပါလိမ့်၊ (ပြာရာမခတ်ရလို့ပါဘုရား၊ ပြာရာ မခတ်ရလို့ဆိုတော့ ဩော် ခက်လိုက်တဲ့ဖြစ်ခြင်း၊ အလိုလေး အသာကလေးကို အမြဲအောင်နေရမှ၊ (မှန်ပါ့ဘုရား) ခင်ဗျားတို့ ဝါသနာကလဲ တကာကြွယ် မသိယင် အတော်ဆိုးပါကလား၊ (ဆိုးပါတယ်ဘုရား) ရှင်းကြပလား၊ (ရှင်းပါပြီ)။

http://www.dhammadownload.com



ဒါဖြင့် ခင်ဗျားတို့ဟာမီးနဲ့ထင်းတွဲနေရလို့ရှိယင်ဖြင့် အရှေ့တော်လေစွ၊ (မှန်ပါ့) မီးနဲ့ထင်းများ သိမ်းမယ်ဆိုလို့ ရှိယင်ကြိုက်မှကြိုက်ပလား၊ (မကြိုက်ပါဘုရား)။

ဒါလဲ ဒီနေ့မှကြိုက်လာတာ၊(မှန်ပါ့)ဟိုတုန်းက ကြိုက်ခဲ့တာမဟုတ်ပါဘူး၊ (မှန်ပါ့)။

ဟိုတုန်းက ကြိုက်ခဲ့တာ မဟုတ်ပါဘူး....၊အခုမှ သက်သေသာဓကနဲ့ သေသေချာချာ သက်သေ လုံလောက်အောင်ပြလို့ တကာကြွယ်က နည်းနည်း ကြိုက်လာတာ၊ (မှန်ပါ့)။

ဒါတောင် ဒီတရားပွဲသိမ်းလို့ရှိယင်ဖြင့် တကာကြွယ် ခက်သေးတယ်၊ (ခက်ပါတယ်ဘုရား)မခက်ဘူးလား-ခက်သလား (ခက်ပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် ခက်သဘုံးလို့မေးလို့ရှိယင်ဖြင့် သူများအိမ်သွားလို့ရှိယင်ဖြင့် သူများသားသမီးသေလို့ ကမ္မဿကာ (မှန်ပါ့ဘုရား)ကိုယ့်အိမ်သွားတော့ လူမမာနဲ့ သွားတွေ့တော့ဟာ....ဘယ့်နှယ် ဖြစ်ပါလိမ့်၊ (မှန်ပါ့) မလာဘူးလား, လာမလား၊ (လာပါတယ်ဘုရား)။

သို့သော်လဲ သူများအိမ် သွားဖြစ်သလား ၊ ကိုယ့်အိမ်ကော ဦးတိုက်ဖြစ်သလား၊ (ကိုယ့်အိမ် ဦးတိုက် ဖြစ်ပါတယ်ဘုရား)။

ကိုင်း-ကြည့်ပါလား တကာကြွယ်ရ၊မပေါ်သေးဘူးလား (ပေါ်ပါပြီဘုရား)ပုထုဇဉ်ရှူးတာလေ၊ (ရှူး ါတယ်ဘုရား)။

ခင်ဗျားတို့ မီးဟာ တကာတကာမတို့ ဖြေးဖြေးသတ်ချင်သလား-မြန်မြန်သတ်ချင်သလားလို့မေးလို့ရှိယင်ခင်ဗျားတို့

http://www.dhammadownload.com



ထုံးစံအတိုင်းကတော့ ပကတိမီးကျတော့ ခင်ဗျားတို့က ဖြေး ဖြေးမှပဲ တွေ့ချင်တာပဲ၊(မှန်ပါ့) နောက်ဆုံးနှစ်မှ မီးလောင် မယ်ဆို အခု အိမ်ဆောက်ရဲတယ်၊ မှန်ပါ့)သဘောကျပလား၊ (ကျပါပြီဘုရား)ဘာဖြစ်လို့တုံး၊ ဖြေးဖြေးမှ လောင်မှာကိုး၊ (မှန်ပါ့ဘုရား)။

ကိုယ့်အိမ်မှာ လူမမာရှိလို့ ကြေးနန်းကလေး ရောက်တဲ့ အခါကျတော့ လေယာဉ်ပျံနဲ့ကားကို တကာကြွယ် ဘယ်ဟာ စီးမလဲ(လေယာဉ်ပျံစီးပါမယ်ဘုရား)ဘာဖြစ်လို့တုံး၊ မြန်မြန် လောင်ချင်လို့၊ (မှန်ပါ့) သုံးနှစ်မှ လောင်မှာ မကြိုက်ဘူး၊ (မှန်ပါ့)ဘာဖြစ်လို့ပါလိမ့်၊(မြန်မြန်လောင်တာ ကြိုက်လို့ပါ ဘုရား)။

မြန်မြန်လောင်တာကြိုက်တယ်ဆိုတော့ ဒီပုထုဇန် မျက်စိ လည်နေတာ တကာကြွယ် ပေါ်ပလား၊ (ပေါ်ပါပြီဘုရား)။

ကဲ-ဒါဖြင့် ကိုယ့်မျက်စိလည်တာဟုသရွေ့ အမှားအကြီး ဆုံးပဲ၊ (မှန်ပါ့)။

ကိုယ်မျက်စိလည်တာ ဟုသဖြင့် (အမှား အကြီးဆုံးပါ ဘုရား ဒါဖြင့်ဘုရားသခင်ကိုယ်တော်မြတ်ကတော့ အင်မတန် ကြီးကျယ်လှစွာသော ဉာဏ်မျက်လုံးကြီးနဲ့ အကုန်ကြည့်တော့ ကို ဒီလိုချုံးတဲ့အရှုးတွေ လောင်နေရမှ ကျေနပ်တဲ့အရှုးတွေကို သူတို့အကြိုက်ကို ဟောလို့ရှိယင် မဖြစ်တော့ဘူး-ဆိုပြီးသကာ လ သူတို့ကြိုက်တာ မကြိုက်တာအပထား၊ ချောက်ဟောလို့ ရယင် ချောက်ဟောမယ် (မှန်ပါ့)သဘောကျပလား၊(ကျပါ ပြီ)ချော့ဟောလို့ရယင်ကော၊(ချော့ဟောပါတယ်ဘုရား)။

http://www.dhammadownload.com



ကဲ–ဒါဖြင့် တချို့ အရွှေးချော့ကုရတာရှိတယ်၊ (ရှိပါတယ်ဘုရား) တချို့ အရှူးရိုက်ကုရတာ၊ (ရှိပါတယ်ဘုရား) အဲ-ဘုရားဟာ ကျေးဇူးရှင် ဆိုတာ ပေါ်ပလား၊ (ပေါ်ပါပြီဘုရား)။

အသိဉာဏ်နည်းနည်းရှိတဲ့ပုဂ္ဂိုလ်ကျတော့ တကာအုန်းရေချော့ပြောရတယ်၊ (မှန်ပါ့ ဘုရား) ဒုန်းသမား ကျတော့ချောက်ပြောရတယ်၊ (မှန်ပါ့)။

သူကဖန်ဆင်းယင် ငါက ပိုမိုပြီး ဖန်ဆင်းပြီး ချောက်ရတာတွေကော၊(ရှိပါတယ်)မရှိဘူးလား၊ (ရှိပါတယ်ဘုရား)။

အဲဒီလိုသိလာတော့မှ သြော်– ဒို့ရှုးချက်ကဖြင့် ပြင်းထန်လှချည့်လားဆိုတာ တကာသစ် ပေါ်လာတယ်၊ (ပေါ်လာပါတယ်ဘုရား)။

ကိုင်းဒါဖြင့် ဒီနေ့နိဗ္ဗာန်အကျဉ်းပြောတာ တကာ တကာမတွေ့ နာရီက ၅-မိနစ်ဘဲ ကျန်တော့တယ်၊(မှန်ပါ့) သြော်–နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်မတုံး ဆိုတာ အဖြေကလေး ထွက်ကြပါတော့၊ လောင်စာသိမ်း၍ (မီးငြိမ်းတာပါဘုရား)။

လောင်စာသိမ်း၍ မီးငြိမ်းတာကို၊ (နိဗ္ဗာန်လို့ ခေါ်ပါတယ်ဘုရား)။

ဒါဖြင့် လူခန္ဓာ, နတ်ခန္ဓာ, ဗြဟ္မာခန္ဓာက လောင်စာနဲ့မီးတွဲလျက်ကြီး၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

နိဗ္ဗာန် ဆိုတာကတော့ ဘာပါလိမ့် တကာ တကာမတို့၊ (လောင်စာသိမ်း၍ မီးငြိမ်းတာပါဘုရား သြော်-လောင်စာသိမ်း၍ မီးငြိမ်းတာဟာ နိဗ္ဗာန်ပဲ၊(မှန်ပါ့)။

http://www.dhammadownload.com



ဒါဖြင့် ဒီတကာ တကာမတွေ ဝိပဿနာ အလုပ် လုပ်တဲ့ အခါကျတော့ လောင်စာနဲ့ မီး ပျောက်မယ်၊ (ပျောက်ပါ တယ်ဘုရား)။

ဝိပဿနာ အလုပ် လုပ်ယင်၊ လောင်စာနဲ့မီး(ပျောက်ပါ တယ်ဘုရား)။

ဒါဖြင့် လောင်စာနဲ့ မီး ပျောက်တော့ ခင်ဗျားအိမ် မီး ငြိမ်းတော့ကို တကာ တကာမတွေ စဉ်းစား ကြည့်ပါ၊မီး လောင်လို့ မီးငြိမ်းတဲ့အခါကျတော့ လောင်စာတွေကို တစ် ခါတည်း တုတ်တွေနဲ့ဆွဲ၊ (မှန်ပါ) ဘာဖြစ်လို့တုံး၊ မီးနဲ့ လွတ်အောင်လို့၊ မှန်ပါဘုရား)။

လောင်စာတွေကို ဘာဖြစ်လို့ တုတ်တွေနဲ့ ဆွဲရတာတုံး၊ (မီးနဲ့လွတ်အောင်လို့ပါ) သဘော ကျပလား (ကျပါပြီ)။

ဒါဖြင့် လောင်စာလဲ သိမ်းမှ မီးငြိမ်းတော့မယ်၊(မှန်ပါ) လောင်စာ မသိမ်းယင်၊ (မီးမငြိမ်းပါ ဘုရား) သဘောပါ ပလား၊ (ပါ-ပါပြီ ဘုရား)။

ဒါဖြင့်နိဗ္ဗာန်ဆိုတာ ခန္ဓာက လောင်စာ၊ ကိလေသာက မီး၊ (မှန်ပါ)။

ခန္ဓာက၊(လောင်စာပါ ဘုရား) ကိလေသာက (မီးပါ ဘုရား)။

ဒါဖြင့် လောင်စာသိမ်း၍ မီးငြိမ်းတဲ့သဘောကို ဘာခေါ် ကြမယ်၊(နိဗ္ဗာန်ခေါ်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဩော် နိဗ္ဗာန် ဆိုတာ လောင်စာ သိမ်း၍ မီးငြိမ်းတာ သက်သက် (မှန်ပါ့)ရှိ မရှိ၊ ရှိပါတယ်ဘုရား)။

ရှိတယ်လို့သိသဖြင့် ဥစ္ဆေဒဒိဋ္ဌိ လွတ်သွားပြီ၊ (လွတ်သွား ပါပြီဘုရား)။

နိဗ္ဗာန်ဟာ ရှိတယ်လို့သိသဖြင့် (ဥစ္ဆေဒဒိဋ္ဌိ လွတ်သွားပါ ပြီဘုရား)။

လောင်စာသိမ်း၍ မီးငြိမ်းတာကို အမှန်သိသဖြင့် အဝိဇ္ဇာ လဲ ချုပ်သွားတယ်၊ (မှန်ပါ့)သဘော ကျပလား၊ (ကျပါပြီ ဘုရား)။

အဝိဇ္ဇာ ချုပ်တာ မချုပ်တာဟာ ဘယ်ခန္ဓာမှ မလိုချင်ဘူး ဆိုတာ အဝိဇ္ဇာချုပ်တာ၊ (မှန်ပါ့ဘုရား) အသိနဲ့ချုပ်တာ၊ (မှန်ပါ့)အကျင့်နဲ့ ချုပ်တာ မဟုတ်သေးပါဘူး၊ (မှန်ပါ့)။

အသိနဲ့တော့ ဘယ့်နှယ်ဘုံး၊ (ချုပ်သွားပါတယ် ဘုရား) ဒါဖြင့် ဆရာ ဘုန်းကြီး ပြောခဲ့တဲ့ အတိုင်း မသိလို့ နိဗ္ဗာန် မကြိုက်တဲ့ ပုဂ္ဂိုလ်က တစ်မျိုး၊ (မှန်ပါ့) သာမည သိတော့ ဥစ္ဆေဒဒိဋ္ဌိဖြစ်သွားတာက၊(တစ်မျိုးပါ ဘုရား)။

ဤနှစ်မျိုးတို့မှ ယနေ့ တကာတကာမတို့ လွတ်ပါပြီ၊(မှန် ပါ့ဘုရား) ဒီနှစ်ခု ကွဲလိုက်တာနဲ့ လွတ်သွားတယ်၊ (မှန်ပါ့ ဘုရား)မလွတ်ဘူးလား၊ (လွတ်ပါတယ်ဘုရား)။

နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်၊ (လောင်စာ သိမ်း၍ မီးငြိမ်း တာပါဘုရား)လောင်စာက ခန္ဓာငါးပါး၊(မှန်ပါ့) အထဲထဲ အောင်းနေတဲ့ အနုသယ ကိလေသာတွေက (မီးပါဘုရား) မီးပဲဆိုတာ သဘောပေါက်ပလား၊ (သဘောပေါက်ပါပြီ ဘုရား)။

http://www.dhammadownload.com



အင်း .. ဒီနှစ်ခုဟာ နှစ်ခုစလုံးပဲ တကာတကာမတွေ ငြိမ်းအေးသွားတယ်၊ (မှန်ပါ) ထင်းက လဲ မရှိ မီးကလဲသေ- (မှန်ပါ) ဘာကျန်သေးသတုံး၊ (ဘာမှမကျန်ပါဘုရား)။

ဘာမှမကျန်တော့ ဒီကနေ့ဘေးကနေရပ်ကြည့်တဲ့ပုဂ္ဂိုလ်ကဩော်.... လောင်စာသိမ်း၍ မီးငြိမ်းဘဲ အဖြ မျိုး ဟာဖြင့်အကောင်းဆုံးပဲ၊ (မှန်လှပါဘုရား)နိဗ္ဗာန်ကိုသိပြီ (မှန်လှပါဘုရား) စ,ပြီး မှန်းဆသိပြီ၊ ၊မှန်ပါ,။

တကာတကာမတို့ နိဗ္ဗာန်ဟာ ဘာပါလိမ့်. (လောင်စာသိမ်း၍ မီးငြိမ်းတာပါဘုရား)။

အဲ မှန်းဆသိပြီဆိုတဲ့ ဥစ္စာကိုဖြင့် ဒီလိုသိလိုက်သဖြင့်ဥစ္ဆေဒဒိဋ္ဌိလွတ်တယ်၊ (မှန်ပါ)။

ရှိမှန်းတကယ်သိသွားပြီ၊ (မှန်ပါ) ဘာဒိဋ္ဌိ လွတ်သွားသတုံး၊ (ဥစ္ဆေဒဒိဋ္ဌိ လွတ်သွာပါတယ်ဘုရား)။

ဥစ္ဆေဒဒိဋ္ဌိလွတ်သွားပြီး သကာလ တဲ့ နိဗ္ဗာန်ကို ကျုပ်တို့ဘယ်လိုရယ်လို့တော့ဖြင့် မသိပါဘူး၊ ပြောသံကြား ကြိုက်ရတာဘဲဆိုတာ အခု ပြောသံကြား ဟုတ်သေးရဲ့လား၊ (မဟုတ်ပါဘုရား)။

ပြောသံကြားမဟုတ်ယင် ခန္ဓာသိမ်း၍ မီးငြိမ်းတာဟာနိဗ္ဗာန်ပဲဆိုတာ ယနေ့တကာတကာမတွေတော်တော်ကျေကျေနပ်နပ် သဘောကျသွားပြီ၊ (ကျသွားပါပြီ) မကျဘူးလား၊ (ကျပါပြီဘုရား)။

ဒါဖြင့်နိဗ္ဗာန်ကိုသိပလား၊ မသိသေးဘူးလား၊ (သိပါပြီဘုရား) ရှိတာကော မရှိဘာကော ဘယ်လိုသေချာသတုံး၊ (ရှိပါတယ်ဘုရား) သိလဲသိပြီ၊ ရှိလဲရှိပြီ၊ (မှန်ပါ,။

http://www.dhammadownload.com



သိလဲသိသောကြောင့် အဝိဇ္ဇာသေပါပြီ၊ (မှန်ပါ့) ရှိလဲရှိတယ်ဆိုတာ ယုံကြည်သောကြောင့် ဥစ္ဆေဒဒိဋ္ဌိလွတ်ပြီ၊ (လွတ်ပါပြီ) သဘောကျပလား၊ (ကျပါပြီဘုရား)။

ရှိလဲရှိတာ သိသောကြောင့် အဝိဇ္ဇာသဲ ချုပ်သွားပြီ၊ (မှန်ပါ့၊ အမြစ်တော့ မပြတ်သေးဘူးပေါ့ဗျာ၊ (မှန်ပါ့) သိုသော် အသိနဲ့ချုပ်တယ်၊ (မှန်ပါ့) ရှိသဲရှိတယ်ဆိုတာ သိသဖြင့် ဘယ်ဒိဋ္ဌိလွတ်သလဲ၊(ဥစ္ဆေဒဒိဋ္ဌိလွတ်ပါတယ်ဘုရား)။

ဥစ္ဆေဒဒိဋ္ဌိလွတ်တယ်ဆိုတော့ဩော်-နိဗ္ဗာန်မသိယင်အဝိဇ္ဇာရှိ၊ ဥစ္ဆေဒဒိဋ္ဌိရှိပါလား၊(မှန်လှပါဘုရား, သဘောကျပလား၊ (ကျပါပြီဘုရား)။

ဒါဖြင့် သိ-ရှိပြီးမှ အားထုတ်ရမယ်၊ (မှန်ပါ့ဘုရား, သိပြီးရှိပြီးဖြစ်မှ၊ (အားထုတ်ရပါမယ်ဘုရား)။

ဒီအတိုင်း အားထုတ်တဲ့လူကတော့ဖြင့် မရချင်ရချင် လမ်းသွားနေတာနဲ့တူတယ်၊ (မှန်ပါ့)ပြောသံကြားနဲ့လမ်းသွားနေတာနဲ့ကော၊(တူပါတယ်ဘုရား)ဒါဖြင့် ခြေလှမ်းသွက်-မသွက် (မသွက်ပါဘုရား)။

ညာဏ်ခြေလှမ်းသွက်ပါ့မလား (မသွက်ပါဘုရား) အခုဒီနေ့ ပြောလိုက်တော့ဖြင့် ညာဏ်ခြေလှမ်း ဘယ်နှယ်နေသတုံး၊ (သွက်ပါတယ်ဘုရား)။

အင်း ဒီခန္ဓာကြီးနဲ့ ဒီမီးတော့ တော်ပြီ- တော်ပြီ၊ သိမ်းမှတော်မယ်၊ (မှန်လှပါဘုရား)မလာဘူးလာ-လာမလား လာပါမယ်ဘုရား)။

http://www.dhammadownload.com



ဒီခန္ဓာနဲ့ ဒီမီးဖြင့်၊ (သိမ်းမှတော်ပါမယ်ဘုရား)အခု ကိုယ့်မှာလောင်ထားတာ ဆံပင်တွေလဲ ဖြူပြီ, သွားတွေလဲ ကျွတ်ပြီဆိုတာ ဇာတိဇရာမရဏ လောင်ထားတာ၊ (မှန်လှပါဘုရား) ဒီအထဲ ကိလေသာမီး ရောပြီးလောင်လိုက်တယ်၊ (မှန်ပါ့)။

အဲ–ကိလေသာကဆယ်ပါး၊ဇာတိဇရာမရဏတွေနဲ့ပေါင်းလိုက်တဲ့အခါကျတော့ ဆယ့်တမီးဆိုတာ ပေါ်လာကြပလား၊ (ပေါ်လာပါပြီ)လောင်စာကငါးခု၊မီးကဆယ့်တမီးဆိုတော့ ထင်းနဲ့မီး ဘယ်ဟာက များနေသဘုံး၊ (မီးက များနေပါတယ် ဘုရား ။

တကာတကာမတွေဆီကြော်တာတောင် မီးများယင်ဆီပါထ ဘောက်မှာစိုးလို့ ခင်ဗျားတို့ လျှော့ရသေးတယ်၊(လျှော့ရပါတယ်) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

ဒီမှာ မီးကများနေတယ်၊ (မှန်ပါ့) ဒီမီးကို ခင်ဗျားတို့ သား,လင်,ခင်ပွန်းနဲ့ စီးပွားကလေး အကြောင်းညီညွတ်လို့ ပြုံးနေတာသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် တကာ တကာမတို့ ပြုံးတာမဟုတ်ပါဘူး၊ မဲ့တာပါ၊ (မှန်ပါ့)။

ပြုံးတာ မဟုတ်ပါဘူး၊ မဲ့ဘာ ဆိုတော့ တကာတကာမတွေက ဓာတ်ပုံထဲကြည့်တော့ ပြုံးတယ်လို့ပဲ ခင်ဗျားတို့က ထင်တယ်....တဲ့၊ စင်စစ်တော့ မဲ့တာပါ၊ (မှန်ပါ့ဘုရား)။

ဘာမဲ့တာတုံး မေးတဲ့အခါကျတော့ ဒီမှာ တကာကြွယ် အအေးမီးလောင်တာကို သူလောင်မှန်းမသိလို့ ပြုံးတာကိုး၊ (မှန်ပါ့ ပြုံးတော့ သူအရူးလား–အကောင်းလား၊ (အရူးပါ ဘုရား)။

http://www.dhammadownload.com



အရှုးဆိုတော့ ဘေးကကြည့်နေတဲ့ ပုဂ္ဂိုလ်က သူပြုံးတာဟာ မဲ့တာ၊ (မှန်ပါ့) မပေါ်သေးဘူးလား၊ (ပေါ်ပါပြီဘုရား)။

သူက ဘာပါလိမ့်၊ (ပြုံးတာပါဘုရား)သူက အရေးကိုးဗျ၊ (မှန်ပါ့)အရှူးပြုံး,ပြုံးတာကျတော့ဘေးကလူတွေက၊သြော်–စိတ်က မနှံ့ရှာဘူးဆိုတော့ ဘေးက လူတွေကတော့ဖြင့် သူပြုံးတာဟာ သူ့အတွက်ဖြင့် ကျုပ်ဆင်းရဲတယ်၊ (မှန်ပါ့)ဒါဖြင့် ကြည့်လုပ်ကြပါဦး ဒီဥစ္စာ မပြုံးထိုက်တာကြီး ပြုံးနေတယ် ဆိုတော့ ဘေးကလူအမြင်နဲ့တော့ သူမဲ့နေတာပဲ၊ (မှန်ပါ့) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား ။

ကဲ ...တကာကြွယ်တို့ပြုံးတာ ဘယ့်နှယ်ဆိုပါ့မယ်၊(မဲ့တာပါဘုရား)ဘာပြုံး-ပြုံးနေသတုံး၊ (အရှူးပြုံး-ပြုံးနေပါတယ်) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

လောင်စာနဲ့မီး တွဲနေတဲ့အချိန်မှာ ပြုံးစရာလား–မဲ့စရာလား၊ (မဲ့စရာပါဘုရား)။

အဲ-ဒီမှာ ခင်ဗျားတို့က ပြုံးနေတော့ သြော်.... မဲ့ရမည့် အချိန် ပြုံးနေတယ်ဆိုတော့ ဘေးကနေကြည့်တော့ အရိယာ မျက်လုံးတပ်ကြည့်လိုက်တဲ့ အခါကျတော့ သူပြုံးတာ မဟုတ်ဘူး၊ မဲ့တာဆိုတာ ပေါ်လာပါတယ်၊ (ပေါ်လာပါတယ်) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် တကာ့တကာမတို့ နိဗ္ဗာန်ဟာရှိသလား မရှိဘူးလား၊ (ရှိပါတယ် လောင်စာသိမ်း၍ မီးငြိမ်းတဲ့အဖြစ်ဟာ ဘာပါလိမ့်၊ (နိဗ္ဗာန်ပါဘုရား)။

http://www.dhammadownload.com



ဒီနိဗ္ဗာန်သည် ရှိတယ်လို့ သိသဖြင့် ဘယ်ဒိဋ္ဌိ လွတ်သွား သတုံး (ဥစ္ဆေဒဒိဋ္ဌိလွတ်သွားပါတယ်ဘုရား)။

ဪ ..နိဗ္ဗာန်သည်ကားလို့ဆိုယင် နဂိုရ်ကမသိသွား၊အခု တော့ဖြင့် လောင်စာသိမ်း မီးငြိမ်းတဲ့ သဘောဟာ နိဗ္ဗာန်ပဲ လို့ သိသွားသဖြင့် အဝိဇ္ဇာလဲ ပြုတ်တယ်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် အဝိဇ္ဇာချုပ်၊ ဒိဋ္ဌိပြုတ်၊ ဒီတရားမှာလေ! (မှန်ပါ့) အဝိဇ္ဇာချုပ် ဒိဋ္ဌိပြုတ်တဲ့နေ့ဆိုယင် လွဲ ါ့မလား၊ (မလွဲပါ) ရှင်းပြီနော်၊ (ရှင်းပါပြီ ဘုရား)။

နောက်မှ ဥပမာ ဥပမေယျနဲ့တကွ၊ ပုဏ္ဏားမေးတာတွေ ကော....ဘုရား ဖြေတာတွေကော တကာ တကာမတို့ နိဗ္ဗာန် ဒီ့ထက် ပိုရှင်းတာ လာလိမ့်ဦးမယ်၊ (မှန်ပါ့ဘုရား)။

အဲ—နက်ဖြန်မှ နာကြပေတော့....

**သာဓု....သာဓု....သာဓု။**

http://www.dhammadownload.com

**ကျေးဇူးတော်ရှင်-အဂ္ဂမဟာပဏ္ဍိတ**

အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း မိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့မမှာရှိ၍ ဟောကြားဆုံးမတော်မူသော

**(မိစ္ဆာဒိဋ္ဌိသည် ကြောက်စရာအကောင်းဆုံး)**

# နေ့အခါသုဂ်ပေး-ဘာရေးတော်

(၁၉-၈-၆၁)

ဒါသ ပေးဘုရားနာကြဘဲ့ တကာတကာမတွေခင်ဗျားတို့ သန္တာန်မှာ ကြောက်စရာအကောင်းဆုံးဆိုတဲ့ဥစ္စာ ဘာပါလိမ့် မလဲလို့မေးစရာရှိတယ်နော်၊ (မှန်ပါ)၊ ဒိဋ္ဌိဟာ ကြောက်စရာ အကောင်းဆုံးလို့ မှတ်ကြစမ်းပါ၊ (မှန်ပါဘုရား)။

ဘယ်ဒိဋ္ဌိလဲလို့ မေးဘဲ့အခါကျတော့မှ မိစ္ဆာဒိဋ္ဌိ၊ (မှန်ပါ ဘုရား)။

မိစ္ဆာဒိဋ္ဌိက ဘယ်လိုရှိပါလိမ့်မလဲလို့ ဘုန်းကြီးတို့ တကာ တကာမတွေကမေးလို့ရှိယင်ဖြင့် သက္ကာယဒိဋ္ဌိက ပွားလာတာ လို့ မှတ်ပါနော်၊(မှန်ပါဘုရား)။

သက္ကာယဒိဋ္ဌိကနေပြီး သကာလ သဿတဒိဋ္ဌိ ခိုင်တယ် မြဲ တယ်ထင်တာ၊ (မှန်ပါ) ဥစ္ဆေဒဒိဋ္ဌိက ယခုခန္ဓာကြီးသေသွား ယင် ပြတ်သွားတာပဲ ဘာမှ မဖြစ်တော့ဘူးလို့ ယူတာလဲ ဥစ္ဆေဒဒိဋ္ဌိ၊ (မှန်ပါ) သက္ကာယဒိဋ္ဌိက ယခုပေါ်နေတဲ့ စကား ပြောဘဲ့စိတ်တွေ စကားပြောတဲ့အသံတွေ သွားမှုလာမှုတွေကို

http://www.dhammadownload.com



ငါ ထင်နေတာက သက္ကာယဒိဋ္ဌိလို့ မှတ်ပါ၊ (မှန်ပါ့ဘုရား) ဒီခန္ဓာကြီးဟာ ဘယ်အခါမဆို အမြဲတည်တံ့နေတယ်လို့ ကိုယ့်သန္တာန်ကိုယ်ကြည့်လိုက်လို့ရှိယင်ဖြင့် အမြဲတည်တံ့နေတယ်လို့ ထင်လို့ရှိယင် သဿတဒိဋ္ဌိ၊ (မှန်ပါ့) ဒီခန္ဓာကြီး သေသွားလို့ ရှိယင်ဖြင့် ဘာမှမဖြစ်တော့ဘူးလို့ ပြတ်တယ်လို့ ယူလို့ရှိယင် ဥစ္ဆေဒဒိဋ္ဌိ၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ ဒီဒိဋ္ဌိသုံးမျိုးဟာ တမျိုးမရှိလို့ ရှိယင်ဖြင့် တမျိုးရှိတော့တာပဲ၊ (မှန်ပါ့ဘုရား)။

အဲဒါတွေကို တကာတကာမတွေ သိထားတော့၊ ဩော် .. ဒါနလုပ်ဘို့လဲ ဘုန်းကြီးများလဲဟောပါတယ်။ မှန်ပါ သီလ ဆောက်တည်ဖို့ သမထအားထုတ်ဖို့ ဝိပဿနာအားထုတ်ဖို့လဲ ဟောပါတယ်၊ (မှန်ပါ့) လမ်းကောင်းလမ်းညွှန်လဲ ပြပါတယ်၊ သို့သော်လဲ ဒါအရင် ရှေ့ထားလုပ်ပါ၊ (မှန်ပါ့) သက္ကာယဒိဋ္ဌိ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိဉာဏ်ထဲမှာ ရှင်းနေအောင် လုပ်ပါလို့ ဆိုတာ သတိပေးလိုက်ပါတယ်၊ (မှန်ပါ့ဘုရား)။

ကိုင်း-ဒါဖြင့်တကာသစ်တို့ဗုဒ္ဓဘာသာမြန်မာလူမျိုးမှန်က ဘုန်းကြီးများက ခေါင်းဆောင်လုပ်ပြီး ဒိဋ္ဌိရှင်းပေးပါ့မယ်၊ ကြပ်ကြပ်သတိထားပြီး နားထောင်စမ်းပါ၊ (မှန်ပါ့ဘုရား)၊

ဒီအတိုင်းနေတော့ဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ဟာ ဩော်....ငါဒိဋ္ဌိမရှိဘူးလို့ ထင်ပါတယ်၊ (မှန်ပါ့) သို့သော် မသိလို့ ရှိနေတဲ့အရှိကို မသိပါဘူး၊ (မသိပါ)မသိတာနဲ့ ရှိနေ တယ်၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



မသိတာနဲ့၊ (ရှိနေပါတယ်) ဩော်...မသိတာနဲ့ ရှိနေတဲ့ ဒိဋ္ဌိကျတော့ တကာတကာမတွေက ဒို့ဗုဒ္ဓဘာသာပဲလို့ ဆိုပင်ဆိုငြားသော်လဲ မသိဘဲနဲ့ ရှိနေတဲ့ဒိဋ္ဌိကို တကာတကာမတွေက မတွေးမိဘူး၊ (မှန်ပါ့ဘုရား)။

ဒါကြောင့် တကာကြွယ်တို့လူစုကို မသိဘဲနဲ့ ရှိနေတဲ့ ဒိဋ္ဌိကို ယနေ့ရှင်းပြမယ်၊ (မှန်ပါ့)ကြပ်ကြပ်ဂရုစိုက်ပြီး ဘုန်းကြီးတို့ တကာတကာမတွေ၊ ဩော် ဒါန,သီလ လုပ်ပင် လုပ်ငြားသော် ဒိဋ္ဌိမဖြုတ်ဘဲနဲ့ လုပ်ယင် အပါယ်စိတ်မချရသေးဘူး၊ (မှန်ပါ့)ဒါနအရှိန်အစော်ကုန်သွားယင် တကာသစ် ဘာဖြစ်မယ်ထင်သတုံး၊ (အပါယ်ပြန်ကျမှာပါဘုရား)။

အပါယ်ပြန်ကျမယ်၊ (မှန်ပါ့) အပါယ်ပြန်ကျနိုင်တော့ .. ဘုန်းကြီးတို့ တကာတကာမတွေမှာ လုပ်သ လုပ်ရသေးရဲ့ တောက်လျှောက်လဲ တက်မသွားဘူး ဆိုတော့ ... တကာသစ်၊ တကာကြွယ်တို့ နစ်နာတာပေါ့၊ (နစ်နာပါတယ်ဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ တကာတကာမတွေ အထူးတလည် သတိပေးချင်တာက တကာတကာမတို့ ဒိဋ္ဌိကို စောစောစီးစီး ဖြုတ်ထားပါ၊ (မှန်ပါ့) ပြီးတော့မှ ဒါန, သီလ, သမထ ဝိပဿနာလုပ်ပါ၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

အဲဒီတော့ ဗုဒ္ဓဘာသာမှာဒိဋ္ဌိရှိနေတယ်ဆိုတာမသိဘဲနေမှာ စိုးလို့ တကာကြွယ်ရှင်းပြဦးမယ်၊ (မှန်ပါ့ဘုရား)။

အာလုံး ဥပုသ်နေ့မှလာတဲ့ တကာတကာမတွေ ခါတိုင်းတော့ ပလာနိုင်ကြဘူး၊ဘာ့ကြောင့်မလာနိုင်ကြသတုံးမေးတဲ့ အခါကျလို့ရှိယင် ဒိဋ္ဌိကျွန်ခံနေရလို့၊ (မှန်ပါ့)ဒိဋ္ဌိကျွန်ခံနေ

http://www.dhammadownload.com



ရလို့ဆိုတော့ ဘကာတကာမတွေက မသိဘူး၊ (မှန်ပါ့)စင်စစ်တော့ ငါစားဖို့၊ငါဆိုတဲ့ တရားက ငါစားဖို့ ဆိုကတည်းက ဒိဋ္ဌိ၏ကျွန် ခံနေတယ်၊ (မှန်ပါ့၊ ငါ့သမီးငါ့သားစားဖို့ဆိုတာ ကောဗျာ၊ ဒိဋ္ဌိကျွန် ခံနေတာပါဘုရား)။

ဩော်-ဘုန်းကြီးတို့ တကာ တကာမတွေကိုယ့်အရေးမရှာနိုင်ဘူး၊ဒိဋ္ဌိကျွန်ခံရေးကအရေးကြီးတယ်ဆိုယင်လွဲပါ့မလား၊ (မလွဲပါ) တယ် နစ်နာပါလား၊ (နစ်နာပါတယ် ဘုရား)။

ခင်ဗျားတို့ပြောတဲ့အထဲမှာလဲ ခင်ဗျားတို့ ပါတယ်၊ ကိုယ့်ဟာကိုယ်စားဖို့ ကိုယ်လုပ်ရသေးတယ်ဘုရား၊ (မှန်ပါ့ဘုရား ။

အင်းကိုယ့်ဟာကိုယ်စားဖို့ ကိုယ်လုပ်ရသေးတယ်ဆိုတော့ တကာကြွယ်ရေ- ကိုယ့်ကိုယ် ထင်လို့ပေါ့ဗျာ၊ (မှန်လှပါ) လက္ခဏာရေးသုံးပါး ပါသေးရဲ့လား၊(မပါ-ပါဘုရား)။

ဩော်....ဒါဖြင့် တကာတကာမတွေ အိမ်မှာဘယ်သူ့ကျွန်ခံနေသတုန်းမေးယင် ဘယ့်နှယ် ဖြေကြမလဲ၊(ဒိဋ္ဌိကျွန် ခံနေပါတယ်ဘုရား) အဲ-ဒိဋ္ဌိကျွန် ခံနေတယ် ဆိုယင် တဏှာကျွန်ပါပြီးသား မှတ်လိုက်ပါ၊ (မှန်ပါ့)။

ဩော် .. ဒို့သည်ကားလို့ဆိုယင် အိမ်မှာ ဘာ လုပ်နေကြသတုံးမေးတော့ အခုတပြိုင်နက်ဖြေလိုက်တာဘဲ၊ဒိဋ္ဌိကျွန်ခံနေကြတယ်ဆိုတာ သိနေကြပါပြီ၊ (မှန်လှပါဘုရား)။

ဒိဋ္ဌိကျွန် ခံနေရတော့ ဩော်-ခန္ဓာ ဖြစ်လာတာ ဒိဋ္ဌိကျွန်(မှန်ပါ့)စုတေမနေ သေလွန်တော့ ဒိဋ္ဌိက အပါယ်ပို့ (မှန်လှပါဘုရား) ကျွန်ခိုင်း ခိုင်းပြီးသကာလ ကျွန်သေ သေခိုင်းတာဘယ်သူပါလိမ့်မလဲမေးယင် ဘယ့်နှယ် ဖြေကြမလဲ၊ (ဒိဋ္ဌိပါဘုရား) ဒိဋ္ဌိပဲဆိုတာ ရိပ်မိပြီ၊ (ရိပ်မိပါပြီ ဘုရား)။

http://www.dhammadownload.com



သြော်....ဒါဖြင့် ဦးလှဘူးတို့ ဘုန်းကြီးတို့ တကာတကာမ တွေမသိတော့ ငါ–ဘယ်သူ့ကျွန်မှ မဟုတ်ပါဘူး၊ ငါ့ဟာငါ လုပ်စား နေတာပဲ ဆိုတဲ့ဉစ္စာ တကာ တကာမတွေက ပြောတဲ့ အထဲမှာ ဒိဋ္ဌိပါနေတာကို ကိုယ့်ဒိဋ္ဌိမရှိဘူး၊ ကိုယ့်ကိုယ်ကိုယ် ဗုဒ္ဓဘာသာပဲလို့ထင်နေတယ်၊ (မှန်လှပါ) ဗုဒ္ဓဘာသာလဲ ဒိဋ္ဌိ ဖြစ်နေတာ၊(မှန်ပါ့)။

သြော့....ဒါဖြင့် ဒိဋ္ဌိရှိမှန်းသိလျက်နဲ့ တကာ တကာမတို့ ဒိဋ္ဌိရှိလျက်နဲ့ မရှိဘူးထင်နေတယ်၊(မှန်ပါ့)။

တကာကြွယ် ဘာတဲ့ဗျာ၊ (ဒိဋ္ဌိရှိလျက်နဲ့ မရှိဘူးထင်နေပါ တယ်ဘုရား)။

ဒိဋ္ဌိရှိလျက်နဲ့မရှိဘူးထင်နေတော့တကာတကာမတို့အနာရှိ လျက်နဲ့အနာမရှိဘူးထင်ယင် ဒီအနာသည် တကာတကာမတွေ လဲ ကုမယ်မဟုတ်ဘူး၊ဒီအနာနဲ့ပဲ အသေဆိုးသေရတော့မယ်၊ (မှန်ပါ့)ဒီအတိုင်း မနေပေဘူးလား၊ (နေပါတယ်ဘုရား)။

အဲဒါတွေ ဉာဏ်နဲ့ စဉ်းစား ကြည့်တော့မှ သြော်....ငါတို့ ဆရာကောင်းသမားကောင်း ရှာဦးမှပဲ၊မှီဝဲဦးမှပဲ၊ ကျွန်ခိုင်း ခိုင်းတာလဲ ဒိဋ္ဌိ၊ (မှန်ပါ့) သပေါက်သေ အသေ ခိုင်းပြီး အပါယ်လေးပါး ပို့တာကော၊(ဒိဋ္ဌိပါဘုရား) နိဗ္ဗာန်ဆိုတာ ကြီး တားမြစ်တာကော၊ (ဒိဋ္ဌိပါ ဘုရား)။

သြော်....ဘုန်းကြီးတို့ တကာတကာမတွေ ဒီလို ပြောပေး မည့်ပုဂ္ဂိုလ်- ဆိုပေးမည့်ပုဂ္ဂိုလ်- ညွှန်ပြပေးမည့်ပုဂ္ဂိုလ်မရှိယင် ဖြင့် ကိုယ်ကျိုး လှလှကြီး နည်းပေါ့ လို့ ဆိုရတော့မယ်၊ (မှန်ပါ့) မဆိုထိုက်ဘူးလား၊ (ဆိုထိုက်ပါတယ် ဘုရား)။

http://www.dhammadownload.com



တနေ့လုံးမအားတာလဲ ဘယ်သူခိုင်းသဘုံး၊ (ဒိဋ္ဌိခိုင်းတာ ပါဘုရား တကာသစ် နာလိုက်တာဗျာ (နာပါတယ်ဘုရား)။

တနေ့လုံးမအားတာ ဘယ်သူ့ပါလိမ့်၊ (ဒိဋ္ဌိပါဘုရား) ငါ စားဖို့နဲ့ ငါ့သမီး-ငါ့သားစားဖို့၊ (မှန်ပါ့၊ နောက်ဆုံးပိတ် သူက အသားများယူလိုက်သေးတယ်၊ဒိဋ္ဌိက ငါကုသိုလ်လုပ်ဖို့ တောင် အသားယူလိုက်သေးတယ်၊ (မှန်လှပါဘုရား)။

သူမလုပ်ဘူးလားဆိုတော့ ဒိဋ္ဌိက ကုသိုလ်တော့လုပ်တာပဲ (မှန်ပါ့)လုပ်ပင် လုပ်ငြားသော်လဲ သူမပြုတ်လို့ရှိယင် သူပြုတဲ့ ကုသိုလ်ဟာ တောက်လျှောက် နိဗ္ဗာန်သွားသလား- အပါယ် လေးပါးပြန်ရောက်နိုင်သေးသလားဆိုတာလဲ အကဲခတ်ကြည့် တဲ့ပေါ့၊ (အပါယ်လေးပါး ပြန်ရောက်နိုင်ပါတယ်ဘုရား)။

တကာကြွယ်တယ်နာပါလား၊ (နာပါတယ်ဘုရား)ဒါဖြင့် ဘုန်းကြီးတို့ တကာတကာမတွေ ဒိဋ္ဌိရှိရဲ့နဲ့ မရှိဘူးဆိုတဲ့အသွား ဟာလဲ တကာသစ်တယ်ဆိုးပါလား၊ (ဆိုးပါတယ်ဘုရား)။

ကြပ်ကြပ် စဉ်းစားကြပါ တကာ တကာမတို့၊ (မှန်ပါ့) ကြပ်ကြပ် စဉ်းစားကြပါ တကာကြွယ်၊ (မှန်လှပါ) ဒိဋ္ဌိရှိ လျက်နဲ့ မရှိဘူးထင်နေတယ်၊ (မှန်ပါ့)။

သက္ကာယဒိဋ္ဌိရှိလျက်နဲ့ ဘာတုံး၊ (မရှိဘူးထင်နေပါတယ် ဘုရား)။

တကာ တကာမတွေ အိမ်မှာ ဘာလုပ်နေကြသတုံး၊ အို- တပည့်တော်တို့ စားဖို့ပေါ့ဘုရား- ဆိုတော့ ဒါက ဂုဏ်ရှိတဲ့ ပုဂ္ဂိုလ်မို့ တပည့်တော်တပ်ပြောလိုက်တာ၊ စင်စစ် ငါစားဖို့ ပါဘဲ၊ (မှန်ပါ့)။

http://www.dhammadownload.com



နို့- တကာကြီး- တကာမကြီးတို့ ရှေးကော ခင်ဗျားတို့ ဘယ်လိုစိတ်ကူးသေးသတုံး၊အို-ကိုယ့်သား-ကိုယ့်သမီးကလေး လူလားမြောက်အောင်တော့ လုပ်ရဦးမှာ ဘုရားဆိုတော့ ငါ့ ဥစ္စာတွေ စားဖို့၊ (မှန်ပါ့) ပါလာပြန်ပြီ၊ (ပါလာပါတယ် ဘုရား) မပါဘူးလား၊ (ပါ-ပါတယ်ဘုရား)။

ဒါဖြင့် ငါစားဖို့ဆိုတာလဲ စင်စစ်မသိတဲ့ပုဂ္ဂိုလ်မှာ အပြော တွင် မဟုတ်ဘူး၊ တကယ် ငါရှိတယ် ထင် လိုက် တော့ ဒိဋ္ဌိ၊ (မှန်ပါ့) ဒီအတိုင်းမနေဘူးလား၊ (နေပါတယ်ဘုရား)။

တကယ် ငါ့ဥစ္စာတွေ ငါ့သား- ငါ့သမီးကလေးတွေ ငါ မွေးထားတယ်၊ ငါမပြုပြင်ယင် ဘယ်သူနုတော့မတုံး၊ဒီကဲ့သို့ စိတ်တွေပြင်းထန်လို့ နေပြန်လို့ရှိယင်လဲ ငါ့ဥစ္စာကော ပြုတ် သေးရဲ့လား၊ (မပြုတ်ပါဘုရား)။

ငါ့ဥစ္စာလဲ မပြုတ်တော့ ဘုန်းကြီးတို့ တကာ တကာမ တွေ စဉ်းစားခန်း ထုတ်တော့မှ တနေ့တည်းမှာ ဒိဋ္ဌိခိုင်းချက် နဲ့ အမောထွက်နေတာပဲ၊ (မှန်လှပါဘုရား)။

ဘယ်လို ဆိုကြမလဲ၊ (ဒိဋ္ဌိခိုင်းချက်နဲ့ အမောထွက်နေပါ တယ်ဘုရား)။

ဩော်-ခင်ဗျားတို့ မောတာသည်ကား-လို့ ဆိုယင်ဖြင့် အနေမော၊အနေမှာလဲ ဒိဋ္ဌိခိုင်းလိုက်တာ ဖင်ချနေရတဲ့နေရာ ရယ်လို့မရှိဘူး၊(မှန်ပါ့ဘုရား) တကာကြွယ်ကြီးတို့ ဖားဖား ဖားဖားနဲ့ အို-ခိုင်းမျှားခိုင်းနေလိုက်သေး၊(မှန်လှပါဘုရား) မခိုင်းဘူးလားဗျာ၊(ခိုင်းပါတယ်ဘုရား)ဘယ်သူပါလိမ့်ဗျာ၊ (ဒိဋ္ဌိပါဘုရား)။

http://www.dhammadownload.com



ဟော့....ဟော့– ငါမသွားယင် မပြီးဘူးကွ၊ အံမာ–တကာ ကြွယ်တို့ကလေ၊ ငါမသွားယင် မပြီးဘူးတဲ့၊ ငါဆိုတာ ဘယ် သူတုံးမေးတော့သဲ ရုပ်နာမ်ကို ငါထင်နေတာ (မှန်ပါ့ဘုရား) ဆိုတော့ သက္ကာယဒိဋ္ဌိမဖြစ်လား၊ (ဖြစ်ပါတယ်ဘုရား)။

အဲဒါ တကာကြွယ်တို့လူစု, ဦးဘဇာန်းတို့ လူစုတွေက ဒိဋ္ဌိ ရှိလျက်နဲ့ ကျုပ်တို့ ဗုဒ္ဓဘာသာပါဗျာ၊ မိစ္ဆာဒိဋ္ဌိမဟုတ်ပါဘူး လို့ ပြောချင်လဲပြောဦးမယ်၊ (ပြောပါတယ်ဘုရား၊ အင်း .. ရှိလျက်နဲ့မသိတာဆိုယင်ကော လွဲပါ့မလား၊ (မလွဲပါဘုရား)။

ဒါဖြင့် အပြောတင်ပြောတာ ဘုန်းကြီးများက အပြစ်ရှိ တယ်လို့ မယူပါဘူး၊ (မှန်ပါ့) အထင် ပါလိုက်တဲ့အတွက် အပြစ်ရှိတယ်ဆိုတာ သေသေချာချာမှတ်ပါ၊ (မှန်လှပါ)။

ကိုင်း ...ဒါဖြင့် တကာ တကာမတို့ အနာရှိလျက်နဲ့ အနာ မရှိဘူးထင်တော့ ဒီအနာနဲ့ ဝိညာဏ် ချုပ်ရတော့မယ်၊ (မှန်ပါ့) မနာဘူးလား၊ (နာပါတယ်ဘုရား)။

အေး....ဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေမှာ အနာရှိတာကို အကဲခတ်ပေးတတ်တဲ့ပုဂ္ဂိုလ်နဲ့ မတွေ့လို့ရှိယင် ဒီအနာကို လူမမာက ကုချင်တဲ့ စိတ်ကော ပေါ်ပါ့မလား၊ (မပေါ်ပါဘုရား) အသေခံမိုက်တော့မယ်ဆိုတဲ့ အမိပ္ပါယ် ပါ မပါ၊ (ပါ-ပါတယ်ဘုရား) ဖယ်သဲဆိုးပါကလား၊ (ဆိုးပါ တယ်ဘုရား)။

တကာ ဦးလှဘူးတို့ ဒီလူတွေ မျှားလိမ့်မယ် ဆိုတာကော ယုံကြည်ရဲလား၊ (ယုံကြည်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါ့ကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ၌ ခေါင်းဆောင်ကောင်း တစ်ယောက်‌ ပေါ်ပေါက်ဖို့ရာလဲ မလွယ်ဘူး။ (မလွယ်ပါဘုရား) သူ ပေါ်ပေါက် မှလဲ အမှန် သိရတယ်၊ (မှန်ပါ့) အမှန်သိမှလဲ အပါယ်လေးပါး တံခါးပိတ်ရတယ်။ (မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် ကြိုးစားပြီးသကာလ ယနေ့ မှတ်ပါဆိုတဲ့ ဥစ္စာ တကာ တကာမတွေ အထူးပဲ ဒီကနေ့ မေတ္တာရပ်ပါတယ်၊ (မှန်ပါ့ဘုရား)။

တကာ တကာမတို့ အခုတရားနာလာကြတာ ဘာလုပ်ကြဖို့တုံးလို့- မေးလို့ရှိယင်ဖြင့် နိဗ္ဗာန်ရချင်,ရောက်ချင်လို့ပေါ့ ဘုရား-ဆိုတာ လူတိုင်းဖြေကြမယ်၊(မှန်ပါ့) မဖြေကြပေဘူးလား၊ (ဖြေပါတယ်ဘုရား)။

တစ်ခါ တရားအားထုတ်ပြီးသကာလ နေတဲ့ ထူးခြားတဲ့ ပုဂ္ဂိုလ်များလဲ တကာ တကာမတို့ ဘာ့ကြောင့်ထိုင်ပြီးသကာလ တရားဓမ္မတွေ ကြိုးစား နကြပါလိမ့်မလဲလို့ မေးလိုက်ပြန်တော့လဲ ဟာ-နိဗ္ဗာန် ရောက်အောင်လို့ ဘုရား၊ (မှန်ပါ့) ကောင်းသည်-ကောင်းသည်ဆိုပြီး မသိတဲ့ ပုဂ္ဂိုလ်ကတော့ဖြင့် တရားနာတာလဲ နိဗ္ဗာန်ရောက်ချင်လို့၊ တရားအားထုတ်တာလဲ နိဗ္ဗာန်ရောက်ချင်လို့ဆိုတော့ တကာကြွယ်တို့၊ တကာသစ်တို့ကလဲ တော်ပါပေတယ်၊ ခင်ဗျားတို့စိတ်ထား ကောင်းပါပေတယ်၊ သာဓု-သာဓုလို့ ခေါ်ကြလိမ့်မယ်၊ (မှန်ပါ့ဘုရား)။

ဘုန်းကြီးတို့ကလဲမခေါ်မရှိပါဘူး-ခေါ်ပါတယ်၊ခေါ်ပင် ခေါ်ငြားသော်လဲ စစ်ဆေးကြည့်ပါဦးတဲ့၊ (မှန်ပါ့) ခေါ်ပင်

http://www.dhammadownload.com



ခေါ်ပြောသော်လဲ အဲဒီပုဂ္ဂိုလ်တွေ-ပြောတဲ့ပုဂ္ဂိုလ်တွေစစ်ဆေးကြည့်ပါဦး၊ (မှန်ပါ့)စစ်ဆေးကြည့်တော့ တကာကြွယ်နိဗ္ဗာန်ဆိုတာ အဲဒီပြောတဲ့ပုဂ္ဂိုလ်တွေ မေးကြည့်လိုက်တာပေါ့နော်၊ (မှန်ပါ့) နိဗ္ဗာန်ဆိုတာ ဘယ်လိုတုံးလို့ မေးတဲ့အခါကျတော့ မသိပါဘူး၊ (မှန်ပါ့ဘုရား)။

နိဗ္ဗာန်ဆိုတာ ဘယ်လိုတုံး မေးပြန်တော့၊ (မသိပါ) မသိပါဘူး အဖြေထွက်လာတယ်၊ (မှန်ပါ့ဘုရား)။

သြော်– ဒါဖြင့် သူဟာ ရမ်းပြီးသကာလ နိဗ္ဗာန်လိုချင်နေတာပါကလား၊ (မှန်ပါ့) မသိမှုနဲ့ လိုချင်နေတာပါကလားဆိုတာ ပေါ်လာတယ်၊ (ပေါ်လာပါတယ်ဘုရား)။

ပေါ်လာတော့ ဒီပုဂ္ဂိုလ်မသိတဲ့ အဝိဇ္ဇာသမားကို ခင်ဗျားတို့ သာစုခေါ်တာ အဓိပ္ပါယ်ရတယ်၊ (မှန်ပါ့ဘုရား)။

ဘယ်ရောက်သွားသတုံး၊ (မသိတဲ့ပုဂ္ဂိုလ် သာစုခေါ်ရာရောက်သွားပါတယ်) အဝိဇ္ဇာသမားသာစုခေါ်ရာရောက်သွားပြန်တယ်၊ (မှန်ပါ့ဘုရား)။

အင်း....ဒါနဲ့ တကာကြွင်တို့လိုဗဟုသုတ၊ဦးဘအုန်းတို့လိုအသက်အရွယ်ကြီးလို့ ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်ရယ်လို့ မေးလိုက်ပြန်တော့လဲနိဗ္ဗာန်ဆိုတာဟော့-ရုပ်နာမ်ခန္ဓာချုပ်ငြိမ်းရုပ်သိမ်းသွားတာကွာ၊ရှေ့ဘာဖြစ်သေးတုံးဆက်မေးတော့ ဘာမှမဖြစ်တာ နိဗ္ဗာန်ကွ၊ (မှန်ပါ့) ဆိုတော့လဲ တော်တော် အသိဉာဏ်ရှိတဲ့ပုဂ္ဂိုလ်ရယ်လို့ မေးလိုက်တာ ဥစ္ဆေဒဒိဋ္ဌိ ဖြေထားတယ်၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဘာဖြေထားပါလိမ့်၊ (ဥစ္ဆေဒဒိဋ္ဌိဖြေထားပါတယ်ဘုရား) တကာတကာမတို့ ဒီစကားဟာ သေးသေးသိမ်သိမ်ပြောနေတဲ့ စကား မယူလိုက်ပါနဲ့၊ (မှန်ပါ့) ကြပ်ကြပ် ဂရုစိုက်ပြီး သကာလ သြော် ဒီဥစ္စာ ဒို့မှာ ဒီအတိုင်း ဖြစ်နေပါကလား ဆိုတာပေါ်လာတယ်(ပေါ်လာပါတယ်)မပေါ်လာဘူးလား (ပေါ်လာပါတယ်)ဦးဘအုန်း မပေါ်သေးဘူးလား၊(ပေါ် ပါပြီဘုရား)။

နိဗ္ဗာန်ဆိုတာဘယ်လိုတုံးဆိုတော့ ၁-နံပါတ်ပုဂ္ဂိုလ်ကမသိ ပါဘူး၊အားလုံးကပဲ နိဗ္ဗာန်တောင့်တလုပ်၊ နိဗ္ဗာန်တောင့်တ လုပ်ဆိုလို့ ကျုပ်ဟာ နိဗ္ဗာန်တောင့်တ လုပ်တာပဲ၊ မသိတော့ မသိပါဘူး၊ဘယ်လိုသဘောရယ်လို့ မသိပါဘူးလို့ ပြောလိုက် တယ်၊(မှန်ပါ့)ဒါဖြင့် နိဗ္ဗာန်ဟာအဝိဇ္ဇာဖုံးနေပြန်ပြီ၊(မှန်ပါ့ ဘုရား)။

နိဗ္ဗာန်ဟာ ဘယ်သူဖုံးနေသတုံး၊ (အဝိဇ္ဇာဖုံးနေပါတယ်) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

တော်တော်သိတဲ့ပုဂ္ဂိုလ် မေးလိုက်ပြန်တော့ နိဗ္ဗာန်ဆိုတာ ရုပ်နာမ်ချုပ်ငြိမ်းရုပ်သိမ်းပြီးဘာမှမရှိတာ နိဗ္ဗာန်ကွ(မှန်ပါ့) ဆိုတော့ သူကတော့လဲ ဦးဘအုန်းဘာဖြေပြန်သတုံး၊(ဥစ္ဆေဒ ဒိဋ္ဌိဖြေပါတယ်ဘုရား)။

တကာတကာမတွေ ကြပ်ကြပ် စဉ်းစား နားထောင်ပါ၊ စကားနှစ်လုံးတည်းပါ မများပါဘူး၊ (မှန်ပါ့) ဉာဏ်နားနဲ့ ကြပ်ကြပ်ထောင်ကြပါ၊ ဉာဏ်နားနဲ့ ကြပ်ကြပ် ထောင်ပါလို့

http://www.dhammadownload.com



ဆိုတာကိုသဲ လေးစားစွာနဲ့ မေတ္တာရပ်ပါတယ်၊ (မှန်ပါ) ဒီဟာနာမလည်လို့ရှိယင်သဲ အဝိဇ္ဇာနဲ့ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်မှာစိုးလွန်းလို့ အကျယ်တဝင့် ပြောချင်လို့ ဒီဥစ္စာအခိုင်အမာချည်နေတယ်ဆိုဘာတကာကြွယ်မှတ်လိုက်စမ်းပါ၊(မှန်ပါဘုရား)။

ဦးဘအုန်း မချည်ထိုက်ဘူးလား၊ (ချည်ထိုက်ပါတယ်) သို့သော် ဒီလိုပြောပေးမည့် ပုဂ္ဂိုလ်ကသဲ တကာကြွယ် လွယ်ပါမ ဘူး၊ (မလွယ်ပါဘုရား)။

မလွယ်ဘူး–မလွယ်ဘူး– ဒါကြောင့် ဘုန်းကြီးတို့ တကာတကာမတွေ နိဗ္ဗာန်ဆိုတာ တချို့ကပြောကြတယ်၊ လူပိန်းများက၊ (မှန်ပါ)ရုပ်သဲမရှိဘူးနာမ်သဲမရှိဘူး၊အကုန်ပျောက်သွားတာပဲလို့ ပြောလိုက်ပြန်တော့သဲ တကာသစ် ဘယ်ဒိဋ္ဌိပြောလိုက်သလဲ၊ (ဥစ္ဆေဒဒိဋ္ဌိပြောပါတယ်ဘုရား)။

ရုပ်နာမ်ချုပ်ယင် ပြတ်တာပဲဆိုဘဲ့ အဓိပ္ပါယ်ယူလိုက်တယ်၊ (မှန်ပါ)ဒါကျ တော့ ဘယ်ဒိဋ္ဌိပါလိမ့်၊ ဥစ္ဆေဒဒိဋ္ဌိပါဘုရား)။

ဒါဖြင့် တော်တော်သိတဲ့ ပုဂ္ဂိုလ်မှ ဥစ္ဆေဒဒိဋ္ဌိ၊ (မှန်ပါ) မသိတဲ့ပုဂ္ဂိုလ်မှာ အဝိဇ္ဇာ၊ (မှန်ပါ) သဘောပါကြပလား၊ (ပါ–ပါပြီဘုရား)။

မသိဘဲ့ပုဂ္ဂိုလ်မှာ (အဝိဇ္ဇာပါ)တော်တော်သိတဲ့ ပုဂ္ဂိုလ်မှာ၊ (ဥစ္ဆေဒဒိဋ္ဌိပါဘုရား)။

ဥစ္ဆေဒဒိဋ္ဌိဆိုတော့ ဘုန်းကြီးတို့တကတကာမတွေ ဒီဟာမှ မသိဘဲနဲ့ အားထုတ်နေလို့ရှိယင်လဲ ဒိဋ္ဌိပြုတ်တယ်၊ အဝိဇ္ဇာ ပြုတ်တယ်လို့ဆိုလို့ရသလား၊ (မရပါဘုရား)။

နိဗ္ဗာန်မသိဘဲနဲ့အားထုတ်နေတဲ့ပုဂ္ဂိုလ်များတကာတကာမတို့အင်မတန်သနားစရာကောင်းပါတယ်၊(မှန်ပါ)ဗုဒ္ဓဘာသာ

http://www.dhammadownload.com



မှန်ကလဲ ဘာကလေးလုပ်လုပ် နိဗ္ဗာန်ရောက်ချင်လို့ပါဘုရား၊ အမြန်ရောက်ပါရစေဘုရာ့ဆိုတော့ ရောက်စေဆိုလို့လဲ တကာသစ်-ရောက်တဲ့အမျိုးမဟုတ်ပါဘူး၊ (မဟုတ်ပါဘုရား)။

ရောက်စေဆိုလို့ကော၊ (ရောက်တဲ့အမျိုးမဟုတ်ပါဘုရား) ဩော်...ရောက်စေဆိုလို့လဲ ရောက်တဲ့အမျိုး မဟုတ်တော့ကို ဘယ်သူက စေပိုင်တာမှ မဟုတ်တော့ (မှန်ပါ့) ကိုယ့်ဟာကိုယ် ဘာဝေတဗ္ဗာနဲ့ပွားယူမှ ရောက်ရတာဖြစ်ပြီး သကာလနေတော့ ဘုန်းကြီးတို့ တကာတကာမတွေမှာ တယ် လမ်းပြကောင်းလို့ပါလားဆိုတာ ပေါ်လာတယ်၊ (ပေါ်ပါတယ်) မပေါ်လာဘူးလား၊ (ပေါ်လာပါတယ်ဘုရား)။

ကြပ်ကြပ် စဉ်းစားပြီ တကာတကာမတွေ ဩော်.. အခုပြောမည့်စကားဟာမသိတဲ့အဝိဇ္ဇာနဲ့ အယူမှားတဲ့ ဥစ္ဆေဒဒိဋ္ဌိနဲ့ နိဗ္ဗာန်သဘောကျနေကြလို့ရှိယင်ဖြင့် တကာကြွယ်အင်မတန်နာသွားပြီ(နာသွားပါပြီ)ဦးဘအုန်းမနာဘူးလား၊(နာပါတယ်ဘုရား)။

တချို့ အားသာထုတ်နေကြတယ် နိဗ္ဗာန်အကြောင်း မသိတော့ကိုတဲ့ ဘာမှမရှိဘူးဆိုတော့ ဘာမှမဖြစ်တာ နိဗ္ဗာန်လို့ယူလိုက်ပြန်တော့သဲဥစ္ဆေဒဒိဋ္ဌိဘက်သွားတယ်၊(သွားပါတယ်ဘုရား)။

သူများအားထုတ်လို၊သူများကဒီလိုလုပ်ယင်နိဗ္ဗာန်ရောက်တယ်ဆိုတာနဲ့ကျုပ်သဲလုပ်နေတာပဲဆိုတော့ နိဗ္ဗာန်သိပြီး လုပ်တာလား- ပြောသံကြားနဲ့ လုပ်တာလား (ပြောသံကြားနဲ့လုပ်တာပါဘုရား)။

http://www.dhammadownload.com



ပြောသံကြားနဲ့ လုပ်တဲ့ အလုပ်ဟူသရွေ့သည်လဲ လိုလို ချင်ချင် ဆန္ဒပြင်းပြပါ့မလားလို့ မေးလိုက်တယ်၊ (မပြင်းပြပါ) မပြင်းပြ ပြန်တော့လဲ ဝီရိယက လျော့သောကြောင့် မရောက်ပေဘူး၊ (မှန်ပါ့ဘုရား ။

ဝီရိယက လျော့သော-ကြောင့် (မရောက်ပါဘုရား ဝီရိယက လျော့လို့ မရောက်နိုင်တဲ့အမိပ္ပါယ် ရှင်းပြီးသကာလ နေတော့ ဩော် ဒို့သည်ကား လို့ ဆိုယင် မှန်းခြေ နိဗ္ဗာန်ကို အမှန်သဘောမကျလို့ ရှိယင်ဖြင့် ဒ်ဋ္ဌိဘက် ပြေးချိတစ်ခါ အဝိဇ္ဇာက မသိချိတစ်ခါနဲ့ ဒို့ဖြင့် လူသာဖြစ်ရတယ် ကိုယ်ကျိုး နည်းပါပေါ့လို့ အောက်မေ့ရမယ်၊ မှန်ပါ့ဘုရား ။

ဦးဘအုန်း ဒါစကားကြီးလာတာအမှန်ပဲနော်၊ (မှန်ပါ့) ဒကာတကာ-တွေကို အင်မတန်သနားကရုဏာရှိပြီးဘုန်းကြီးများလဲ ပြောပြီးနေ့တယ်ဆိုတာကိုသဲယုံယုံကြည်ကြည်မှတ်ကြပါ၊ (မှန်ပါ့)ဘာမှ ခင်ဗျားတို့ဆီက မြော်လင့်ချက် ထားပြီးဟောတာမဟုတ်ဘူး (မှန်ပါ့) သက်သက် သိပါစေတော့ ဒီအတိုင်းသာဖြင့် ဒို့တကာတကာမတွေ မသိအဝိဇ္ဇာနဲ့ ပြတ်တဲ့ ဥစ္ဆေဒဒိဋ္ဌိနဲ့ သူတို့နိဗ္ဗာန်ကိုပျော်နေကြပြီဆိုတဲ့ဥစ္စာကြီးကိုလဲ အင်မတန် သနားစရာ ကောင်းပါတယ်၊ (မှန်ပါ့ဘုရား)။

မသိတာ၊ မသိတာ ရှိုးရှိုးမဟုတ်သေးဘူး၊ ဒိဋ္ဌိကပါလိုက်သေးတယ်၊ (ပါပါတယ်)ဘယ်လောက် ကြောက်စရာကောင်းသဘုံး၊ ကောင်းပါတယ်၊ ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)၊

မသိတာ မသိတာ ရှိုးရှိုးက ဒါလောက် ကြောက်စရာ မရှိဘူး၊ (မှန်ပါ့)မသိဘာကို ဥစ္ဆေဒဒိဋ္ဌိဝင်လာတာက (ကြောက်စရာ ကောင်းပါတယ် ဘုရား)။

http://www.dhammadownload.com



တကာကြွယ် တယ် ဆိုးပါလား၊ (ဆိုးပါတယ် ဘုရား) တကာကြွယ်တို့ အသက်လဲ ခြောက်ဆယ်ကျော်ပြီ၊ ဦးဘအုန်း လဲခြောက်ဆယ်ကြော် ထားပါတော့၊ တော်သေးတယ်နော်၊ (မှန်လှပါဘုရား)။

ဦးဘအုန်း- တော်သေးတယ်၊ (မှန်ပါ့) နို့မဟုတ်ယင် ဒီအတိုင်းနဲ့ပဲ တစ်ခါတည်း တကာ တကာမတွေ သြော် — သေသွားကြမှာပဲ၊ (မှန်ပါ့) အင်မတန် မနစ်နာဘူးလား၊ (နစ်နာပါတယ်ဘုရား)။

အေး-ဒါကြောင့် တကာ တကာမတို့ ယနေ့ ပြောမည့် စကားကိုဖြင့် လေးလေးစားစား မှတ်ပါ၊ (မှန်ပါ့)။

ကဲ-ဒါဖြင့် နိဗ္ဗာန် ပြောပါတော့မယ် တကာတကာမတို့ နိဗ္ဗာန်ပြောပါတော့မယ်ဆိုတဲ့ဥစ္စာ တခြားမဟုတ်ပါဘူး၊ ဒိဋ္ဌိ သတ်ပါတော့မယ် ပြောတာ၊ (မှန်ပါ့)။

နိဗ္ဗာန်ပြောပါတော့မယ်ဆိုတဲ့ဥစ္စာ အသံကတော့ နိဗ္ဗာန် ပြောပါတော့မယ်လို့ ဆရာ ဘုန်းကြီးက ဝန်ခံတာပါပဲ၊ (မှန်ပါ့) သို့သော်ခင်ဗျားတို့သန္တာန် နိဗ္ဗာန်သဘောကျတော့ ဥစ္ဆေဒဒိဋ္ဌိ သေပါတယ်၊ (မှန်ပါ့)။

နိဗ္ဗာန်သဘောကျတော့ (ဥစ္ဆေဒဒိဋ္ဌိ သေပါတယ် ဘုရား) ဒါဖြင့် ဒိဋ္ဌိသတ် ပေးပါတော့မယ်ဆိုတဲ့ အဓိပ္ပါယ်ပဲ(မှန်ပါ့) ခင်ဗျားတို့ကိုဖြင့် အပါယ်လေးပါး တံခါးပိတ် ပေးပါတော့ မယ်ဆိုတဲ့အဓိပ္ပါယ်ကိုပြောတာပါပဲ၊ (မှန်ပါ့ဘုရား)။

ဒါကြောင့် ခင်ဗျားတို့တရားကတော့ဖြင့်နက်နဲတာအမှန် ပဲတကာကြွယ်၊ (မှန်ပါ့)နားကိုတခါတည်းမရှင်းရှင်းအောင်

http://www.dhammadownload.com



မှုချပြောပါလိမ့်မယ်၊ (မှန်ပါ့)မရှင်းသေး–ထပ်နာ၊(မှန်ပါ့) ရက်မျှားစွာနာ၊ ဩော်–ဒီအရေးသည်ကိုယ့်အရေးပါကလား လို့ထား၊ (မှန်ပါ့)။

စားရေး,သောက်ရေးတပည့်တော်တို့ကခဲယဉ်းတယ်ဘုရား ဆိုလို့ရှိယင်ဖြင့်....တဲ့ တကာတကာမတို့ တိရစ္ဆာန်လဲ ခဲယဉ်းနေ တာပဲ၊ (မှန်ပါ့) စားမလို့,သောက်မလို့ လူ့ဘဝ တက်လာ တာလား-၊လူ့ပြည်ရောက်ယင် ငရဲကတက်လာတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်လေသောကြောင့် ဆရာကောင်း သမားကောင်းနဲ့ နိဗ္ဗာန် သွားပါတော့မယ်ဆိုတဲ့ ရည်ရွယ်ချက်ကြီးနဲ့တက်လာတာလား ဆိုတာ ကိုယ့်ကိုယ် ကိုယ်မေးကြည့်ပါ၊ (မှန်ပါ့ဘုရား)။

ကိုယ့်ကိုယ် မေးကြည့်တော့ ကိုယ့်ကိုယ်ကပဲ အဖြေထွက်ပါ လိမ့်မယ် (မှန်ပါ့) ငရဲက တက်လာတာ ဖြစ်နေသောကြောင့် တကာ တကာမတို့ လူ့ပြည်ရောက်ယင် ဒိဋ္ဌိတွေခွါ နိဗ္ဗာန်သွား ပါတော့မယ်ဆိုတဲ့ ရည်ရွက်ချက်ကြီးဟာ လူ့ပြည် ရောက်လာ တာနဲ့ တပြိုင်နက် တကာကြွယ်တို့, တကာသစ်တို့မှာ စားမှု, သောက်မှု နှိပ်စက်တာနဲ့ ရည်ရွယ်ချက် အကုန်ပျက်ရတယ်၊ (မှန်လှပါဘုရား၊ မနာဘူးလား၊ (နာပါတယ်ဘုရား)။

ဒီကျတော့ ပတ်ဝန်းကျင် အိမ်နီးချင်း အခြေအနေ သား မယားတို့၏လှည့်စားမှု၊သူတို့ကလှည့်စားတာမဟုတ်ဘူး၊ကိုယ် ကယောင်ချာမှုကြောင့်၊ (မှန်ပါ့ တကာသစ်တို့က လှည့်စား တာလား–၊ကိုယ်ကယောင်ချာချာလား၊ (ကိုယကယောင်ချာ ချာပါဘုရား)။

အံမာလေး– ဖြစ်မှဖြစ်ရလေ၊ (မှန်ပါ့)ကြောက်စရာ သိပ် ကောင်းပါလား တကာတကာမတို့(ကောင်းပါတယ်ဘုရား)။

http://www.dhammadownload.com



အဲဒါတွေ စဉ်းစားကြည့်တဲ့ အခါကျတော့မှ ကိုယ်-ငရဲက တက်လာတုန်းက အင်မတန်ပြင်းထန်တဲ့ဒုက္ခဝေဒနာတွေခံခဲ့ရ တာလူ့ပြည်ရောက်လို့ရှိယင်ဒီနေရာမပြန်တော့ပါဘူး၊အပါယ် လေးပါး တံခါးပိတ်တဲ့အလုပ် လုပ်ပါတော့မယ်ဆိုတဲ့ရည်ရွယ် ချက်ကြီးနဲ့ တကာကြွယ် တက်လာတာ၊ (မှန်ပါ့) ။

တက်လာပြီး ဒီကျမှ တကာအနုန်းရ အိမ်နီးချင်း ပတ်ဝန်း ကျင် မိတ်ဆွေသင်္ဂဟာတွေက သူတို့လဲ ရှာစား၊ ဖွေစား ကြွား ချင့်မော်ချင်တဲ့ကိစ္စတွေက လွှမ်းမိုးသွားတာနဲ့ ငရဲကလာတဲ့ စိတ်တွေ့ရည်ရွယ်ချက် ပန်းတိုင်တွေ အကုန်ချိုးပစ်ပြီး ရပ်သူ ရွာသားတွေ ဓလေ့ကို တကာသစ် အကုန် လိုက်သွားတယ်၊ မှန်ပါ့ဘုရား) မနာဘူးလား၊ (နာပါတယ်ဘုရား)။

အဲဒါ ကိုယ်-ကိုယ်တိုင်စဉ်းစားကြည့်တော့ငါ-ဘယ်ကလာ တာတုံးမေးတော့ ငရဲကလာတာ၊ (မှန်ပါ့) အမှန်အားဖြင့် ငရဲမှာ များကြတာကိုး၊ (မှန်ပါ့)။

အင်း - ငရဲကလာပြီးသကာလ ရည်ရွယ်ချက်ကဒီငရဲမှလွတ် ကင်း လာလို့ရှိယင်ဖြင့် လူ့ပြည်မှာ ဆရာကောင်း သမား ကောင်းနဲ့ကြုံသော်လည်းကောင်း၊ ဘုရားနဲ့ကြုံသော်လည်း ကောင်း ဒီနေရာပြန်တဲ့အလုပ် ဒိဋ္ဌိသတ်တဲ့ အလုပ်ကို လုပ်ပါ တော့မယ်ဆိုပြီး တက်လာကြပြီး ဒီကျမှ ပတ်ဝန်းကျင် လှည့် စားမှုကြောင့် ဦးလှဘူးရေ ကိုယ်ကျိုးနည်းကုန်ကြပြီ၊ မှန်လှ ပါဘုရား) မနာဘူးလား၊ (နာပါတယ်ဘုရား) တကာကြွယ် စဉ်းစားမိပြီ၊ (စဉ်းစားပါမိပြီဘုရား)။

http://www.dhammadownload.com



ခင်ဗျားတို့တောင်မှ အခုငါးဆယ်ကျော် ခြောက်ဆယ်ကျမှ ဩော်....ဒီအတိုင်းနေလို့ မဟုတ်သေးပါကလားဆိုတာ ပြန်လှည့်လာတယ်၊ (မှန်ပါ့) ။

တချို့တော့လဲ ပြန်လှည့်ပြီး ခေါင်းထဲ ဝင်သွားတယ်၊ (မှန်ပါ့) အပါယ်ပဲ ပြန်ရောက်သွားတယ်၊ (ရောက်သွား ပါတယ်ဘုရား) မနစ်နာဘူးလား၊ (နစ်နာပါတယ်ဘုရား)။

အဲဒါတွေ သေသေချာချာစဉ်းစားတော့မှ ဩော်-ငါတို့ သည်ကားလို့ဆိုယင် သိကြားလိမ်မာတဲ့ပုဂ္ဂိုလ် ဘုရားကဟောတားလို့ အပါယ်မှာကြာခဲ့ကြတယ်ကွာ-၊ လူ့ပြည်ရောက်လို့ ရှိယင် ဆရာကောင်း သမားကောင်းနဲ့ တွေ့တဲ့အခါ၊ ဘုရားနဲ့ ကြုံတဲ့အခါမှာဖြင့်ဘယ်နည်းနဲ့မဆို ငါတို့ဒီ ဒုနရာအပါယ်လေးပါးမပြန်တဲ့အလုပ်, လုပ်ပါတော့မယ်ဆိုပြီးသက်ာလ အတက် ကြီး တက်လာပြီးမှ ဒီကျမှ အလှည့်စားတွေမိလိုက်တာတကာ သစ်တို့များ ချွေးဒီးဒီးကျတယ်တဲ့၊ ဒီအလုပ် မရှောင်နိုင်ဘူး၊ စားမှု,သောက်မှု, ဂုဏ်တင်မှု, နှိပ်စက်နေလိုက်တာ၊(မှန်ပါ့ ။

တကာကြွယ်ရေ အခု သတိရလာတာ တော်သေးတယ် နော်၊ (မှန်ပါ့) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် တကာတကာမတို့ နိဗ္ဗာန်ဆိုတာ မသိလို့ ရှိယင် ဉစ္စေဒဒိဋ္ဌိဖြစ်ပါတယ်၊ (မှန်ပါ့)အဝိဇ္ဇာနဲ့ဉစ္စေဒဒိဋ္ဌိ ဖြစ်ပါတယ်၊ (မှန်ပါ့)။

နိဗ္ဗာန်မသိယင်(အဝိဇ္ဇာနဲ့ ဉစ္စေဒဒိဋ္ဌိ ဖြစ်ပါတယ်ဘုရား)။

တကာတကာမတို့ မသိတာက အဝိဇ္ဇာ၊ ပြတ်တယ်လို့ ယူတာက ဉစ္စေဒဒိဋ္ဌိ၊ (မှန်ပါ့)။

http://www.dhammadownload.com



ဒါဖြင့် အားလုံးသိဖို့ အရေးဟာဖြင့် နိဗ္ဗာန်လဲ လိုချင်ကြ တယ်၊ (မှန်ပါ့) နိဗ္ဗာန်အကြောင်းလဲ မသိတော့ အဝိဇ္ဇာနဲ့ ဥစ္ဆေဒဒိဋ္ဌိကလွှမ်းမိုးနေပြန်တော့ တကာသစ်ရေအခက်ကြုံနေ ပြီ၊(မှန်ပါ့) မကြုံကြဘူးလား၊ (ကြုံပါတယ်ဘုရား) နောက် က တကာတကာမတွေ ကြုံတယ်ဆိုတာ သဘောကျပလား၊ (မှန်ပါ့)တယ်သဲဆိုးဝါးပါလား၊ (ဆိုးပါးပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ဆရာဘုန်းကြီးရှင်းပြမယ် သေသေချာချာ နားထောင်ကြ၊ (မှန်ပါ့)။

တကာတကာမတွေ ယခု ဘာရှင်းပြမှာပါလိမ့်၊ တိုးတိုး မပြောနဲ့၊ ဘာရှင်းပြမှာတုံး၊(ဒိဋ္ဌိရှင်းပြပါမယ်)နိဗ္ဗာန် ရှင်း ပြမယ်(မှန်ပါ့)နိဗ္ဗာန်ရှင်းပြလိုက်လို့ရှိယင် ခင်ဗျားတို့အဝိဇ္ဇာ လဲ ချုပ်သွားမယ် ..၊ ဒိဋ္ဌိလဲပြုတ်မယ်၊ (မှန်ပါ့)။

အဝိဇ္ဇာ၊ (ချုပ်ပါတယ်ဘုရား) ဒိဋ္ဌိကော၊ (ပြုတ်ပါတယ် ဘုရား)။

ဒါဖြင့် အဝိဇ္ဇာချုပ် ဒိဋ္ဌိပြုတ်ဆိုတဲ့ အဓိပ္ပါက် ရောက်တော့ သြော် ငရဲမျိုးစေ့ဖြင့် ဝမ်းထဲ ကုန်ပြီပေါ့၊ (မှန်ပါ့) မဆိုနိုင် ဘူးလား၊ (ဆိုနိုင်ပါတယ်ဘုရား)။

ကဲ ဒါဖြင့် တကာတကာမတို့ ဒါလောက်တောင် ကြပ် တည်းပြီးသကာလနေခြေားသော်လဲ ငရဲနဲ့စာယင်မဖြစ်လောက် ဘူး(မှန်ပါ့ ဖြစ်လောက်ပါရဲ့လား(မဖြစ်လောက်ပါဘုရား)။

ငရဲဆိုတာ တကာတကာမတွေ သံဆုံထဲထည့်ပြီး မုံ့နှစ်တွေ ထောင်းပြီးသကာလ စေ့နေအောင် မုံ့နှစ်တွေဟာ တမှုန့် နှစ် မှုန့် မရှေနိုင်လောက်လောင် အမှုန့်ချင်းထပ် အမှုန့်ချင်းစပ်ပြီး ကြားမရှိအောင် စပ်နေတာ ငရဲပဲ၊ (မှန်ပါ့)။

http://www.dhammadownload.com



လူတစ်ယောက်နဲ့ လူတစ်ယောက်ကို ကြားထဲမှ ဝင်စရာကို အပေါက်မရှိပါဘူး၊ (မှန်ပါ့ဘုရား) အဲဒါ ရေခဲခေါ်တယ်၊ (မှန်ပါ့) ဒါ့....အဝိစိခေါ်တာပဲ၊ (မှန်ပါ့) အဲဒါနဲ့ စာယင် အခုပင်ပန်းတာ ဖြစ်လောက်ပါရဲ့လား၊ (မဖြစ်လောက်ပါ ဘုရား)။

ကောင်း-ဒါဖြင့်တကာတကာမတို့နိဗ္ဗာန်အကြောင်းရှင်းရှင်း ကြီး ပြောပါ့မယ် ဝတ္ထုလဲထုတ်လို့-နော်၊ မှန်ပါ့) တသက်နဲ့ တကိုယ် ကြားခဲ့ရတဲ့တရားလို့ ဆိုပြီးသကာလ ခင်ဗျားတို့ ကိုယ့်အရေး ကိုယ်ကြည့်ပြီး နာလိုက်စမ်းပါ၊ (မှန်လှပါ)။

ဘယ်လို နာရပါလိမ့်၊ (ကိုယ့်အရေးကိုယ်ကြည့်ပြီး နာရ မှာပါဘုရား) ကိုယ့်အရေးကိုယ်ကြည့်ပြီး နာလိုက်စမ်းပါဆိုတဲ့ ဥစ္စာကို ဘုန်းကြီးက လေးစားစွာတိုက်တွန်းတယ်၊ (မှန်ပါ့) သဘောပါပလား၊ (ပါ-ပါပြီဘုရား)။

ကိုင်း.... ကိုယ့်အရေး ကိုယ်ကြည့်ရမယ် တကာတကာမတို့ နိဗ္ဗာန်ရှိလျက်နဲ့ နိဗ္ဗာန်မသိလို့ရှိယင် တကာတကာမတို့အဝိဇ္ဇာ ပဲ၊ (မှန်ပါ့) နိဗ္ဗာန်ရှိလျက်နဲ့ နိဗ္ဗာန် ဘာမှမရှိဘူး ယူလိုက် လို့ရှိယင် ဥစ္ဆေဒဒိဋ္ဌိ၊ (မှန်လှပါ)။

နိဗ္ဗာန်ရှိလျက်နဲ့ မသိယင်၊ (အဝိဇ္ဇာပါဘုရား) နိဗ္ဗာန် ရှိလျက်နဲ့ တကာတကာမတို့ နိဗ္ဗာန်ဆိုတာသည် ဘာမှမရှိတဲ့ သဘောကို ဆိုတာပဲလို့ ယူလိုက်ယင် ဘာလဲ၊ (ဥစ္ဆေဒဒိဋ္ဌိပါ ဘုရား)။

ကဲ....တကာသစ် မနေ့ကလဲစ ခဲ့ပြီ၊ အရေးမကြီးဘူးလား၊ (ကြီးပါတယ်ဘုရား)။

http://www.dhammadownload.com



တကာတကာမတို့ ပန်းလေးတပွင့်လှူလှူ ဝတ္ထုဘဝတိုတိုနဲ့ နိဗ္ဗာန်မဂ်ဖိုလ်ရ ရပါလို၏၊ လူတိုင်း ဆုတောင်းပါတယ်၊ (တောင်းပါတယ်ဘုရား) မတောင်းဘူးလား၊ (တောင်းပါတယ်ဘုရား)ဘယ်လိုသဘောရှိလို့တောင်းတာတုံးလို့မေးလိုက်တဲ့အခါ မသိပါဘူးဖြေယင် အဝိဇ္ဇာပဲ၊ (မှန်ပါ့)။

နိဗ္ဗာန်ဆိုတာ သိယောင်ကားနဲ့ အင်း ရုပ်နာမ်တွေ ချုပ်ငြိမ်း ရုပ်သိမ်းပြီး ဘာမှမဖြစ်တာ နိဗ္ဗာန်ပဲ ဆိုလိုက်ပြန်လဲ ဥစ္ဆေဒဒိဋ္ဌိ၊ (မှန်ပါ့) တကာကြွယ် လွယ်ပါ့မလား၊ (မလွယ်ပါဘုရား)။

ကြပ်ကြပ်စဉ်းစားပါ တကာတကာမတွေ ဒီစကားနှစ်လုံးတည်းဟာ မည်မျှလောက်အဖိုးတန်လိမ့်မယ်ဆိုတဲ့ဥစ္စာခင်ဗျားတို့ဝမ်းထဲမှာရှိတဲ့ တသံသရာလုံး အပါယ်ပို့နေတဲ့ ငရဲမျိုးစေ့ဆိုတဲ့ဒိဋ္ဌိ၊ ဒါတွေပြုတ်ရမှာဖြစ်လေသောကြောင့်တကာတကာမတို့ တသက်တကိုယ် ကြားရပြီးသကာလ ညက်နဲ့သာ ဖြုတ်သွားလိုက်စမ်းပါ၊ မှန်ပါ့) အလုပ်နဲ့ဖြုတ်ပုံကိုလဲ ပြမယ်၊ (မှန်ပါ့) အခု ရှေ့ပိုင်းမှာ အသိနဲ့ ဖြုတ်ပုံကို ပြနေတယ်လို့ အောက်မေ့လိုက်စမ်းပါ၊ (မှန်လှပါ)။

ကိုင်း–တကာမတွေလဲမျှားတယ်၊ တကာတွေလဲမျှားကြပါတယ်– ဩော် ဒို-ဒီအတိုင်းနေခဲ့တာဖြင့် နိဗ္ဗာန်အကြောင်းကောင်းကောင်းမသိတာဖြင့် ဒို့သည်ကားလို့ဆိုယင် အတော်ကံနည်းတဲ့ပုဂ္ဂိုလ်တွေ၊ (မှန်လှပါ)တကာကြွယ်-ဆိုထိုက် မဆိုထိုက်၊ (ဆိုထိုက်ပါတယ်ဘုရား)။

တကာကြွယ် ဘာကလေးလှူလှူဗျာ၊ နိဗ္ဗာန်ရောက်ရပါလို၏ ပါကြတာပဲ၊ (ပါ-ပါတယ်ဘုရား) ပါပင် ပါငြားသော်လဲ

http://www.dhammadownload.com



ဒကာအုန်းတို့ကသေသေချာချာစဉ်းစားတော့မပြောတတ်ပါဘူးဘုရား၊နိဗ္ဗာန်သူများပြောတာကတော့ကောင်းတယ်ပြောကြတာပဲ၊ (မှန်ပါ့) ဒါဖြင့် သူများပြောတဲ့ ကောင်းတာလဲ ကိုယ်ကောင်းလို့ ဆိုလို့ရပါ့မလား၊(မရပါဘုရား)။

အင်း .. သူများ ပြောနဲ့ ကောင်းတာလဲ ကိုယ်ကောင်းမတွေ့တဲ့အတွက် မသိကောင်းဖြစ်နေတယ်၊ (မှန်လှပါ)။

တော်တော် အသိအလိမ္မာရှိတဲ့ ပုဂ္ဂိုလ်ကပြောပြန်တော့လဲ ဉစ္ဆေဒဒိဋ္ဌိဘက်လဲသွားတယ်၊ (မှန်ပါ့)မလဲဘူးလား၊ (လဲပါတယ်ဘုရား)။

အဲဒါတွေဉာဏ်နဲ့စဉ်းစားတော့မှ ဩော်-လမ်းပြကောင်းမိတ်ဆွေကောင်းလိုပါကလားဆိုတာ ဦးဘအုန်းသေသေ ချာချာ တွေးမှပေါ်လာတယ်၊ ပေါ်လာပါတယ်ဘုရား, မပေါ်ဘူးလား၊(ပေါ်ပါတယ်ဘုရား)။

ဒီ သာသနာမှာလဲ အရေးအကြီးဆုံးက တကာ တကာမတွေ ဒီအခုပြောတဲ့ ဒိဋ္ဌိခွါမှုဟာ အရေးအကြီးဆုံးပဲ၊(မှန်ပါ့) သူ့မသိယင်သဲ ဒိဋ္ဌိဖြစ်နေတာပဲ၊ (မှန်ပါ့)။

ဒါ့ကြောင့် တချို့မှာ ဒိဋ္ဌိတော့ ခွါပါရဲ့၊တကာ တကာမတို့ နိဗ္ဗာန် မပါဘဲ ဖြစ်နေတယ်၊ (မှန်ပါ့)။

ဒါဖြင့် တကာသစ်ပဲ စဉ်းစားကြည့်၊ဒိဋ္ဌိခွါမည့်ကြံ နိဗ္ဗာန်မပါယင် ခွါလို့ ရပါ့မလား၊ (မရပါ ဘုရား)။

ဦးဘအုန်း စဉ်းစားကြည့် နိဗ္ဗာန်ကို လည်လည် ပယ်ပယ်မပြောဘဲနဲ့ ခန္ဓာထဲက ဒိဋ္ဌိက ပြုတ်ပါ့မလား၊ (မပြုတ်ပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီ) တကာကြွယ် နေရာကျပလား၊ (ကျပါပြီ ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒိဋ္ဌိ ခွါချင်ယင် နိဗ္ဗာန် မူတည် ပြောရလိမ့်မယ်။ (မှန်ပါ့ ဘုရား) ဒိဋ္ဌိခွါချင်ယင် (နိဗ္ဗာန် မူတည် ပြောရမှာပါ ဘုရား)။

အေး ...ဒါ့ကြောင့် မသေလို့ ဒီဆရာနဲ့ ဒီတကာတကာမ တွေနဲ့ အမှန်အကန်တွေ့ကြတဲ့အထဲမှာဖြင့် ဩော်-နိဗ္ဗာန် မသိ ဘဲနဲ့နေဘဲ့ ပုဂ္ဂိုလ်များ ဥစ္ဆေဒဒိဋ္ဌိ ရှိလေရဲ့၊ အဝိဇ္ဇာ အုပ်ချုပ် လေရဲ့ဆိုတဲ့ဥစ္စာဖြင့် ငြင်းစရာ မရှိအောင် မှန်ပါတယ်၊ (မှန် ပါ့ဘုရား)။

အသက်အရွယ် ကြီးတဲ့ပုဂ္ဂိုလ်များရော့ ဘုန်းကြီးတို့ထက် ငယ်တဲ့ပုဂ္ဂိုလ်များရော အားလုံးပဲမေတ္တာရှေ့ထားပြီး တကာ တကာမတို့ အစစ်ကိုပြောတော့မယ်ဆိုလို့ရှိယင်ဖြင့် ကြပ်ကြပ် ဂရုစိုက်နားထောင်ပါ၊ (မှန်လှပါ)။

ကြပ်ကြပ်ဂရုစိုက် နားထောင်စမ်းပါ၊ အင်မတန် အရေး ကြီးနေ့ပေါ့ဆိုတာလဲ ခင်ဗျားတို့ တစ်နေ့က ဗုဒ္ဓဘာသာနိုင်ငံ ဖြစ်တာ အရေး ကြီးသည်ထက် အခုဟာက ပို အရေးကြီး တယ်၊ (မှန်လှပါဘုရား) သဘောကျပလား၊ (ကျပါပြီ)။

ဗုဒ္ဓဘာသာနိုင်ငံ ဖြစ်တယ် ဆိုတာ ဩော်....ကျုပ်တို့ ဗုဒ္ဓ ဘာသာကလူဦးရေများတာပဲ၊ ကျုပ်တို့ ဗုဒ္ဓဘာသာလူဒါန်း ပေးကမ်းနေတာပဲ၊ ကျုပ်တို့ အယူဟာ လွတ်လွတ် လပ်လပ် လုပ်ရတာပေါ့၊ (မှန်ပါ့ဘုရား) ဟုတ်ပြီ လွတ်လွတ် လပ်လပ် လုပ်ရတာ၊ ဘုန်းကြီး သဘောကျပါပြီ၊ ဘယ်သူမှမကန့်ကွက် ပါဘူး၊ ဗုဒ္ဓဘာသာနိုင်ငံဖြစ်သွားတော့ ဘာလုပ်ဖို့တုံး၊နိဗ္ဗာန် ရချင်လို့ပေါ့၊ ဒီမှာလာမှာပဲ-သူ၊ (မှန်ပါ့) မလာပေဘူးလား (လာပါတယ်ဘုရား)။

http://www.dhammadownload.com



မင်း–နိဗ္ဗာန်ပြောစမ်းပါဦးတော့လို့ သေသေချာချာပြော တော့ တကာကြွယ် အဖြေမထွက်ဘူး၊ (မထွက်နိုင်ပါဘုရား) ထွက်ပါ့မလား၊ (မထွက်နိုင်ပါဘုရား)။

အဲဒါကြောင့် ဗုဒ္ဓဘာသာနိုင်ငံဖြစ်ဖို့ထက် တကာတကာမ တို့ နိဗ္ဗာန်သိဖို့က ပိုအရေးကြီးတယ်၊ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

ဒါ..ဟိုအဆို အောင်သွားလို့ လို့ ဒီလိုမယူပါနဲ့၊ ဟိုဟာ ထက် အရေးကြီးတယ်လို့ အောက်မေ့ပါ၊ (မှန်ပါ့)။

ဟို..ဗုဒ္ဓဘာသာနိုင်ငံ ဖြစ်ဖို့ထက် နိဗ္ဗာန်သိဖို့က တကာ ကြွယ် ဘယ်ဟာက အရေးကြီးသလဲ၊ (နိဗ္ဗာန်သိဖို့က အရေး ကြီးပါတယ်ဘုရား)။

ဒါဖြင့် တက တကာမတွေ အခုဆွမ်းကလေးလှူလဲ နိဗ္ဗာန် လိုချင်လို့၊ ကွမ်းကလေးလှူလဲ၊ (နိဗ္ဗာန် လိုချင်လို့ပါဘုရား) တရားအားထုတ်ယင်ကော နိဗ္ဗာန်လိုချင်လို့ပါဘုရား) လိုချင် သာ လိုချင်တယ် မင်းသိရဲ့လားလို့ မေးတော့၊ (မသိပါ ဘုရား)။

အို....ဒါဖြင့် မင်းသည်ကားလို့ ဆိုယင် မသိတဲ့ အဝိဇ္ဇာပေါ့ (မှန်ပါ့) ပြတ်တယ်လို့ ထင်ယင်၊ (ဥစ္ဆေဒဒိဋ္ဌိပါဘုရား)

မင်းဟာ ဒါဖြင့် ဒိဋ္ဌိသမားပါလား၊ ဗုဒ္ဓဘာသာလား- ဒိဋ္ဌိ လားလို့မေးယင် ဦးဘအုန်း အဖြေထွက်လာတယ်၊ (မှန်ပါ့) မထွက်ဘူးလား၊ (ထွက်ပါတယ်ဘုရား) ဥစ္ဆေဒဒိဋ္ဌိဖြစ်သွား တော့ မိစ္ဆာဒိဋ္ဌိဘက် မရောက်လား၊ (ရောက်ပါတယ်ဘုရား) သမ္မာဒိဋ္ဌိဖြစ်သေးရဲ့လား၊ (မဖြစ်ပါဘုရား)။

http://www.dhammadownload.com



အဲဒီမှာ အင်မတန်နစ်နာသွားတဲ့အတွက် ခုနင်ကပြောတဲ့ ဗုဒ္ဓဘာသာနိုင်ငံတော်ဖြစ်ဖို့ထက် ကိုယ့်သန္တာန် နိဗ္ဗာန်သိဖို့က ပိုအရေးကြီးတော့တယ်ဆိုတာ ယနေ့ ရှင်းရှင်းလင်းလင်းမှတ်ပါ၊ (မှန်ပါ့) သဘောပါကြပလား၊ (ပါ-ပါပြီဘုရား)။

ကိုင်း ဒါဖြင့် နိဗ္ဗာန်ပြောပါတော့မယ် တကာတကာမတို့ နိဗ္ဗာန်ဟာတာဟာ မဇ္ဈိမပဏ္ဏာသ ပါဠိတော်မှာ အဂ္ဂိဝစ္ဆတို့ ဟာ တကာသစ် ဒါနိဗ္ဗာန်ကို သေသေချာချာဟောတာပဲ၊ (မှန်ပါ့)။

အဂ္ဂိဝစ္ဆသုတ်ဆိုတာ ဘာဟောတဲ့သုတ်ပါလိမ့်၊ (နိဗ္ဗာန်ဟောတဲ့သုတ်ပါဘုရား) နိဗ္ဗာန်ဟောတဲ့သုတ် ဖြစ်နေသောကြောင့် ဒါအရေးမကြီးဘဲနဲ့ တကာကြွယ် ဟောပါ့မလား (မဟောပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် နိဗ္ဗာန်ကို တကာတကာမတွေ ရှင်းလင်းပြီးသကာလ ရှေ့ပိုင်းမှာ ခင်ဗျားတို့ ဩြော်-ဒါကြောင့် ကြိုက်ထိုက်တယ်၊ဒါဟာ နိဗ္ဗာန်ဟာတကယ်ရှိလို့ တကယ်ကြိုက်ထိုက်တဲ့တရားပဲဆိုတာ-ဒီနေ့ တလုံးပိုင်လို့ ရှိယင် ဘုန်းကြီးအတော်ကျေနပ်တယ်၊ (မှန်ပါ့)။

နိဗ္ဗာန်ဟာ တကယ်ပဲရှိတယ်လို့ သိမယ်၊တကယ်လဲဉာဏ်ထဲကကြိုက်ရမယ်ဆိုလို့ ရှိယင်ဖြင့် ခင်ဗျားတို့ အပယ်လေးပါးတံခါးပိတ်တဲ့ဒိဋ္ဌိ ပြုတ်ပါပေါ့ဆိုတဲ့ အဓိပ္ပာယ်ဖြင့် ရပါတယ် (မှန်လှပါဘုရား) သဘောပါကြပလား၊ (ပါ-ပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ ရှင်းလင်းပြီး သကာလ ပြပါတော့မယ်၊ ကြပ်ကြပ်ဂရုစိုက်ပြီး နားထောင်ပါ၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



နိဗ္ဗာန်ဆိုတာ တကာ တကာမတို့ ငြိမ်းအေးခြင်းလက္ခဏာ ရှိတယ်၊ (မှန်ပါ့)။

နိဗ္ဗာန်ဟာ (ငြိမ်းအေးခြင်း လက္ခဏာ ရှိပါတယ်ဘုရား) နိဗ္ဗာန်ဟာ ဘယ်လက္ခဏာရှိပါလိမ့်၊ (ငြိမ်းအေးခြင်းလက္ခဏာ ရှိပါတယ်ဘုရား)။

ဩော်- နိဗ္ဗာန်ဆိုတာသည် ကိလေသာမီး ခန္ဓာထင်းတို့မှ ငြိမ်းတယ်၊ (မှန်ပါ့)။

ကိလေသာမီး ခန္ဓာထင်းတို့မှငြိမ်းတာ ဘာခေါ်ကြမယ်၊ နိဗ္ဗာန်ပါဘုရား)။

ဩော်- နိဗ္ဗာန်ဆိုတာ ကိလေသာမီးလဲ မရှိပါလား-ဟာ၊ ခန္ဓာထင်းလဲ၊ (မရှိပါဘုရား)။

ကိလေသာမီး ခန္ဓာထင်းမရှိတာ ဘာခေါ်ကြမယ်(နိဗ္ဗာန် ပါဘုရား)။

ဒါဖြင့် စောစောစီးစီးကလေးကပဲ တကာ တကာမတို့ ဒီ ခန္ဓာငါးပါးထင်းလို့ မှတ်ထားလိုက်စမ်းပါ၊ (မှန်ပါ့)အတွင်း မှာရှိတဲ့ လောဘ, ဒေါသ, မောဟ-ဆိုတဲ့ ကိလေသာဆယ်ပါး ရှိတယ်နော်၊ (မှန်ပါ့)။

အဲဒါက မီးလို့ မှတ်လိုက်စမ်းပါ၊ (မှန်ပါ့ မီးမှ- အစစ် နော်၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

ခန္ဓာကြီးက ဘာပါလိမ့်၊ (ထင်းပါ) ခန္ဓာ ငါးပါးက ထင်း၊ (မှန်ပါ့) အတွင်းမှာ လောဘ,ဒေါသ,မောဟ ကိလေ သာဆယ်ပါးက ဘာတုံး၊ (မီးပါဘုရား)။

ဩော်-ဘုန်းကြီးတို့ တကာ တကာမတွေမှာ ယခု ဘယ်လို များနေရှာပါလိမ့်မလဲလို့ ဘုရားဉာဏ်နဲ့ကြည့်ကြည့်၊ ခင်ဗျား

http://www.dhammadownload.com



တို့ ကိုယ်တိုင်ပဲ ပြန်တွေးတွေး ကြော်– ထင်းနဲ့မီး တွဲနေတဲ့ အဖြစ်ဟာ လူ့အဖြစ်ပါလား၊ (မှန်ပါ့)။

အင်း....ထင်းနဲ့မီးတွဲနေတာ ဘာပါလိမ့်၊ (လူ့အဖြစ်ပါဘုရား၊ ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား ။

ထင်းနဲ့မီးတွဲနေတာ ဘယ်သူ့အဖြစ်ပါလိမ့်၊ (လူ့အဖြစ်ပါဘုရား) ခန္ဓာငါးပါးက ဘာတဲ့ဗျာ၊ (ထင်းပါ ဘုရား) ကိလေသာဆယ်ပါးက (မီးပါဘုရား) ခွဲလို့များ ရကြပါရဲ့လား၊ (မရကြပါဘုရား ။

တကာ တကာမတွေ တောင်ဘက်သွားပြန်လဲ တောင်မှာ လိုချင်စရာရှိတော့ သွားပြန်တော့ လိုချင်စရာမီးနဲ့ ခန္ဓာနဲ့ပဲ (မှန်ပါ့)မြောက်ဘက်ကိုစိတ်မချ,လက်မချနဲ့ စိုးရိမ်လို့သွားလိုက်ပြန်တော့ ဒေါသမီးနဲ့ ခန္ဓာကြီးနဲ့၊ (မှန်ပါ့)။

အရှေ့ဘက်ကျတော့ကိုတဲ့ တကာ တကာမတွေ သည်ကားလို့ဆိုလို့ရှိယင်ဖြင့် စားဖို့သောက်ဖို့ အရှာထွက်ရတယ်ဘုရားဆိုတော့ စားချင်တဲ့လောဘမီးနဲ့ ခန္ဓာကြီးနဲ့ တွဲသွားတယ်၊ (မှန်ပါ့)။

အနောက်ဖက်ပြန်ပါတော့မယ်ဆိုတော့ ကိုယ့်အိမ်,ကိုယ့်ရာ စိတ်မချတဲ့ သောကမီးနဲ့ ခန္ဓာကြီးနဲ့ တွဲပြန်တယ်၊ (မှန်ပါ့) ပေါ်ပြီ ပေါ်ပြီ၊ (ပေါ်ပါပြီ) တကာအုန်း ပေါ်ပလား၊ (ပေါ်ပါပြီဘုရား)။

အရှေ့သွားပြန်လဲ တကာတကာမတို့ ဒေါသမီးနဲ့ခန္ဓာကြီးနဲ့(မှန်ပါ့) အနောက်ပြန်လာပြန်တော့ လောဘမီးနဲ့ခန္ဓာကြီးနဲ့တွဲလျက်ပြန်လာတော့ ကြော်–ဘုန်းကြီးတို့ တကာတကာမတွေ ဘာများဖြစ်နေကြပါလိမ့်မတုံး၊လောင်စာနဲ့လောင်မီးနဲ့

http://www.dhammadownload.com



တွဲနေပါကလား၊ (မှန်လှပါဘုရား) ဒါ-သဘောပါပြီ၊ (ပါ-ပါပြီဘုရား)။

တကာတကာမတို့ နေကြတိုင်ကြရတာဘာနဲ့မျှားတွဲနေကြရပါလိမ့်၊ (လောင်စာနဲ့ လောင်မီးနဲ့ တွဲနေပါတယ်ဘုရား) လောင်စာနဲ့ လောင်မီးနဲ့တွဲနေတယ်၊ (မှန်ပါ့) တကာသစ်သေသေချာချာမှတ်စမ်း၊ (မှန်ပါ့ဘုရား)။

ခန္ဓာကိုယ်ကြီးဟာ ဘာနဲ့မျှားတွဲနေကြပါလိမ့်၊ (လောင်စာနဲ့လောင်မီးနဲ့ တွဲနေပါတယ်ဘုရား)။

ဩော်.... ဘုန်းကြီးတို့ တကာတကာမတွေ လောင်စာနဲ့လောင်မီးနဲ့တွဲနေတာမသိဘဲအခါကျလို့ရှိယင်ဖြင့် မသိပျော်ပျော်နေတယ်၊ (ပျော်ပါတယ်ဘုရား)။

မသိပျော်- ပျော်ခနေတယ် တကာ တကာမတို့၊ နေရတာကတော့ ဘာနဲ့ဘာတွဲနေကြပါလိမ့် လောင်စာနဲ့မီး တွဲနေပါတယ်ဘုရား) လောင်စာက ခန္ဓာငါးပါး၊လောင်မီးက ကိလေသာ၊ (မှန်ပါ့) လောင်စာနဲ့ လောင်မီးနဲ့ တွဲပြီး အရှေ့သွားပြန်လဲ တွဲလျက်၊ (မှန်ပါ့)။

အနောက်သွားပြန်ကော၊ (တွဲလျက်ပါဘုရား) တောင်သွားပြန်တော့၊ (ကွဲလျက်ပါဘုရား) မြောက်သွားပြန်တော့၊ (တွဲလျက်ပါဘုရား) ကိုယ့်နေရာပြန်လှည့်လာပြန်တော့၊ (တွဲလျက်ပါဘုရား)။

တကာကြွယ် မလွတ်ပါလား၊ (မလွတ်ပါဘုရား) မနေ့ကထက် ပေါ်လွင်အောင် ပြောနေတယ်လို့ မှတ်လိုက်စမ်းပါ၊ (မှန်ပါ့ဘုရား) တစ်လုံးမှာလဲ တကာသစ်ရမမှားပါဘူး (မမှားပါဘုရား)။ မမှားပါဘူး။

http://www.dhammadownload.com



ဒီကနေပြီးသကာလ ကြွေးတောင်းမြေတောင်းသွားတယ် တကာကြွယ်ကြွေးတောင်းမြေတောင်းသွားတယ်ဆိုတော့၊ ရမှ ရပါ့မလား ရချင်တဲ့ခန္ဓာနဲ့ လောဘနဲ့တွဲသွားတယ်(မှန်ပါ့) ဒါဖြင့် လောဘနဲ့မီး ခန္ဓာကြီးနဲ့ လောင်လျက် သွားတာပဲ၊ (မှန်ပါ့)။

ကြွေးတောင်းမြေတောင်းသွားတာဘာပါလိမ့်၊ (လောဘ မီးနဲ့ခန္ဓာနဲ့ တွဲသွားပါတယ်) လောဘမီးနဲ့ ခန္ဓာကြီးနဲ့ လောင်လျက် သွားတာပဲ၊ (မှန်ပါ့)။

ကြွေးဘောင်းရာက ပြန်လာတာ စေ့စေ့စုံစုံမှ မရခဲ့ဘူး တကာ့သစ်ရေ၊ (မှန်ပါ့) ဒေါသမီးနဲ့ခန္ဓာကြီးနဲ့ လောင်ပြီး ပြန်လာတယ်၊ (မှန်ပါ့)။

ဒေါသ မီးနဲ့၊ (ခန္ဓာကြီးနဲ့ လောင်ပြီး ပြန်လာတာပါ ဘုရား) သြော်–ဒါ-ဘုန်းကြီးတို့ တကာတကာမတွေကတော့ ကံ့မကောင်း အကြောင်းမသင့်တော့ ကိုယ့်ငွေတောင် ကိုယ် မရခဲ့ဘူးလို့ ကံ့ပေါ်များ ချလိုက်သေးတယ်၊ မှန်ပါ့)ကံနဲ့ ဘာဆိုင်တာမှတ်လို့ တကာတကာမတို့၊ (မှန်ပါ့)။

ကိုယ့်မီးနဲ့ ကိုယ်လောင်တဲ့ဥစ္စာကြီး၊ (မှန်ပါ့) ကျုပ်-ဒါ ကြောင့် စိတ်မအေးဘူး–တဲ့၊ (မှန်ပါ့)။

အံမာ—ဖြစ်မှဖြစ်ရပလေ တကာ တကာမတို့ နဂိုရ်က ဆု တောင်းလှဲထားဘာက လူဖြစ်ရပါလို၏ဆိုတော့ လောင်စာနဲ့ မီး တွဲလျက်ကြီး ဖြစ်ရပါလို၏၊ (မှန်ပါ့)။

လူဖြစ်ရပါလို၏ဆိုတော့၊ (လောင်စာနဲ့မီး တွဲလျက်ကြီး ဖြစ်ရပါလို၏ဘုရား)။

http://www.dhammadownload.com



ဩော်-ဘုန်းကြီးတို့ တကာ တကာမတွေ မသိလိုက်တဲ့ဖြစ်ခြင်း(မှန်ပါ့ သူများပါးစပ် လမ်းဆုံးပြီးသကာလ လူ့ပြည်ကောင်းသက္က, နတ်ပြည်ကောင်းသက္က, ဗြဟ္မာ့ပြည်ကောင်းသက္ကလို့ သူများပါးစပ်က ပြောတာနဲ့ ဟုတ်တယ်ထင်ပါရဲ့ ဆိုပြီး လိုက်,လိုက်တာ အခုဖြင့် သွားလေရာမှာ မီးပြိတ္တာဖြစ်နေပြီ၊ (မှန်ပါ့ဘုရား ။

သွားလေရာမှာ(မီးပြိတ္တာဖြစ်နေပါပြီဘုရား)ဉာဏ်နားနဲ့ ထောင်မှနော်၊ မှန်ပါ့,တကာအုန်း မှန် မမှန် အကဲခတ်စမ်း (မှန်ပါ့ဘုရား,)။

ယုတ်စွအဆုံး တကာအုန်းတို့လို အင်မတန်ကြီးတဲ့ပုဂ္ဂိုလ်ကြီးပဲ၊ လုပ်မယ်ကြံဦးတော့ ဒါကလေးက ပါသေးသဗျာ၊ (မှန်ပါ့)ငါ-အခု ဟသာတ,ညောင်တုန်းသွားမလို့ ရမှ ရပါ့မလားတဲ့၊ ဟော- သောကမီးနဲ့ ခန္ဓာကြီးနဲ့၊ (မှန်ပါ့) မတွဲဘူးလား-တွဲသလား၊ (တွဲပါတယ်ဘုရား)။

ပြန်လာခဲ့ပြန်တော့ လိုသလောက် ရခဲ့တယ်ဟေ့ ဆိုတော့ လောဘမီးနဲ့ ခန္ဓာကြီးနဲ့ တွဲပြန်တယ်၊ (တွဲပါတယ်ဘုရား)၊ **သစ္စာနဲ့ပြောတော့ ဒါမှန်ရဲ့မဟုတ်လား**(မှန်ပါတယ်ဘုရား)။

သာမည တကာအုန်းတို့ဟာကြည့်မယ်၊ တကာကြွယ်တို့လိုဟာ ကြည့်မယ် ဆိုတော့ ဩော်.... ရွက်ဆောင်ဖော် ရတယ်၊ သူ့မှာဖြင့် အေးချမ်းတဲ့ နိဗ္ဗာန်ကြီးနဲ့ဖြင့် ကပ်နေပေါ့လို့ အောက်မေ့ဘယ်၊ ဟိုမှာ လောင်စာနဲ့မီးတွဲနေတာ ဘယ်သူမှ မမြင်ရှာဘူး၊ (မှန်ပါ့) ရိပ်မိပလား၊ (ရိပ်မိပါပြီ) အတော်မဆိုးဘူးလား၊ (ဆိုးပါတယ်ဘုရား)။

http://www.dhammadownload.com



အံမာ–အိပ်ရာဝင်တဲ့အခါကျမှ တကာသစ်တို့ အရောင်းနဲ့ အဝယ်နဲ့နေတဲ့ ပုဂ္ဂိုလ်များ စာရင်းတွေ ချုပ်လိုက်တဲ့အခါကျ တော့ ကုန်ထွက်နဲ့ ငွေဝင်နဲ့မကိုက်၊(မှန်ပါ့) အံမာ–အိပ်ရာထဲ များ လောင်စာနဲ့မီးများ တွဲပြီးနေသေး၊ (မှန်ပါ့ဘုရား)။

အိပ်ရာကနိုးသည်နဲ့ တပြိုင်နက်တည်း တကာ တကာမတို့ ဘယ်သွားမှတော်မယ်၊ ဒါမှ လိုရာခရီးအပြီးတိုင် ရောက်မယ် ဆိုလို့ရှိယင်ဖြင့် လိုချင်မှုသော်လည်းကောင်း၊စိတ်မချမှုသော် လည်းကောင်း၊ တစ်ခုခုနဲ့သူသွားမယ်၊ (မှန်ပါ့) သွားယင်လဲ လှောင်စာနဲ့ မီးက ဘယ့်နှယ်တုံး၊ (တွဲလျက်ပါ) ပေါ်ကြ ပလား၊ (ပေါ်ပါပြီဘုရား ။

ဒါဖြင့် ဘယ်အချိန်သက်သာသလဲ၊(ဘယ်အချိန်မှ မသက် သာပါဘုရား)။

ဩော်–ဒါဖြင့် ဘုန်းကြီးကပဲ သက်သာတယ်လို့ ခင်ဗျား တို့ အထင်ထဲပဲ သက်သာခွင့်ပေးပြီး ပြောပြန်တော့လဲ ရှုမှု ရှိုက်မှုတွေ မှန်မှန်နဲ့အိပ်နေတုန်းပဲ ခင်ဗျားတို့ သက်သာသလို ရှိပါတယ်၊ (မှန်ပါ့) ဒီအချိန်ကျတော့လဲ ကိလေသာမီးက မလောင်ရတော့ ဇရာမီး,ဗျာဓိမီးက အိပ်ရာထဲလောင်ချတယ် (မှန်ပါ့ဘုရား)။

အိပ်နေပြန်တော့ ဘာတဲ့၊(ဗျာဓိမီး,ဇရာမီးက အိပ်ရာထဲ လောင်ပါတယ်)မနေ့ကထက်ကြီးတယ်၊ မနေ့ကထက် လောင် ချက်ကပြင်းလာလို့ ရုပ်တွေ ဘာတွေ မပြောင်းဘူးလား၊ (ပြောင်းပါတယ်,အိပ်နေတုန်းကျတော့ မီးကင်းပါရဲ့လား၊ (မကင်းပါဘုရား)။

http://www.dhammadownload.com



ဩော်… လူ့ဘဝ ဆိုတာ ဒါပဲ တကာသစ်ရေ၊ (မှန်ပါ့) ပေါ်ကြလား၊ (ပေါ်ပါပြီ) တကာကြွယ် ပေါ်ပလား။ (ပေါ်ပါပြီ) မနေ့ကထက် ပေါ်လွင်တဲ့ အဓိပ္ပါယ်ကို ရှင်းပြပါတယ်၊ (မှန်ပါ့ဘုရား)။

မနေ့ကထက် ပေါ်လွင်တဲ့ အဓိပ္ပါယ် (ရှင်းပြပါတယ်) ရှင်းပြလို့ပဲ ကဲ-ဟုတ်ကော ဟုတ်ကြရဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

ဩော်-ဘုန်းကြီးတို့ တကာတကာမတွေ့မှာဖြင့် မသိသေးတော့ဖြင့် အသွားမှာ ဟန်ရပါတယ်၊ အပြန် ဟန်မရဘူး။ သူတို့က ဒီလိုမျိုး ထင်နေတယ်၊ (မှန်ပါ့) အသွားလဲ ဟန်မရပါဘူး၊ အပြန်ကော၊ (ဟန်မရပါဘုရား)။

အင်း-အသွားနဲ့အပြန် ဟန်မရတဲ့ အလုပ်ဟာဖြင့် ခန္ဓာနဲ့ လောင်မီးနဲ့ တွဲနေလို့ပဲ၊(မှန်ပါ့) ထင်းနဲ့မီးနဲ့ (တွဲနေလို့ပါဘုရား)။

အဲဒါသိမှ ဩော် .. ဒုက္ခသာ ပိဋ္ဌနဋ္ဌော၊ (မှန်ပါ့) ဘုရားတောင် မညှာဘူးကွဲ့၊ (မှန်ပါ့) ဘုရားတောင် မညှာဘူး။ လောင်တယ်ကွ၊(မှန်ပါ့ဘုရား)။

ဒုက္ခဿ၊ဒုက္ခ၏။ ပိဋ္ဌနဋ္ဌော၊သတ္တဝါကို ကိန်းရာပုဂ္ဂိုလ်ကို ညှာတာမဖက် အမြဲနှိပ်စက်မယ်ဆိုတယ်၊ဘုရားမှာ ကိလေသာ မရှိတာတောင် ဇရာမီး မရဏမီးက လောင်ချ လိုက်တယ်၊ (မှန်ပါ့) မချဘူးလား၊ (ချပါတယ်ဘုရား)။

http://www.dhammadownload.com



ကိုင်း-ဒါဖြင့် သေသေချာချာ သိတော့မှ တကာတကာမ တွေ့ အခု တရားနာနေတုန်းတော့ ဇရာမီး ဗျာဓိမီးကလောင် လျက်ပေါ့ဗျာ၊ (မှန်ပါ့) ကိလေသာမီးက ရပ်နေတယ်၊ (မှန်ပါ့) ဖျတ်ဆိုတရားပွဲသိမ်းလိုက်လို့ရှိယင်ဖြင့်ကိုယ့်ဖိနပ်နဲ့ ကိုယ့် ထီးနဲ့ ဆိုယင်-ဟုတ်လား၊ ကိလေသာက ထလာတယ်၊ (မှန်ပါ့) ဒါကလေးတွေ့မှတွေ့ပါ့မလား၊ မြန်မြန် သွားယူမှပဲ၊ (မှန်ပါ့) အဓိပ္ပါယ်က မလာဘူးလား၊ လာသလား၊ (လာပါတယ်) အံမာလေး- တရားသိမ်းကာ ရှိသေးတယ်၊ ကိလေသာမီးက ထ,တောက်တယ်၊ မှန်ပါ့) ရိပ်မိပလား၊ ရိပ်မိပါပြီ ဘုရား)။

တရားသိမ်းတာက နည်းနည်းကလေး နောက်ကျသွားမယ် ဆိုလို့ရှိယင် ခရီးဝေးပုဂ္ဂိုလ်များက ဒေါသနဲ့ ပြန်လာတယ်၊ (မှန်ပါ့)အချိန်မီ သွားရလိမ့်မယ် ဆိုတဲ့ အဓိပ္ပါယ် မလာဘူး လား၊ (လာပါတယ်) အဲဒီမှာ တရား နောက်ကျပြန်တော့လဲ ဒေါသမီးက လောင်တယ်၊ (မှန်ပါ့) သဘော ကျပလား၊ (ကျပါပြီဘုရား)။

ဒါဖြင့် တရား နာနေတုန်း ဇရာမီး, ဗျာဓိမီးက လောင် လျက်၊ (မှန်ပါ့)တရားသိမ်းလိုက်လို့ရှိယင်လောဘနဲ့ သောက မီးတွေက၊ (လောင်ပါတယ်ဘုရား)။

တကာတကာမတို့ ဘယ်အချိန် မီးအန္တရာယ် ကင်းပါလိမ့်၊ (ဘယ်အချိန်မှ မကင်းပါ) ဒါ-လူ့ဘဝအရတော်လေစွဆိုတာ လား၊ (မတော်ပါ, ဒါသစ္စာဉာဏ်နဲ့ ဟောလာမှ တကာအုန်းရဲ့ အမှန်ရောက်တယ်နော်၊ (မှန်ပါ့)ခုနင်က သမုတိသစ္စာနဲ့ဟော

http://www.dhammadownload.com



လိုက်တော့ လူ့ဘဝရခဲတယ်ကွာ တော်သေးရဲ့တဲ့ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

အဲဒီထက် အထက်လမ်းကျကျ သစ္စာလမ်းဆုံးကို ဟော လိုက်ဘဲ့အခါကျတော့မှ တကာကြွယ်ရေ ထိုင်နေလဲမကောင်း ဘူး၊ (မှန်ပါ့ ထ, သွားယင်ကော၊ မကောင်းပါ) အိပ်နေ ကော၊ (မကောင်းပါ) ဘယ်ဟာကောင်းတာ ပါသေးသတုံး (ဘယ်ဟာမှ ကောင်းတာ မပါ-ပါဘုရား)။

ဩော်....ဒါဖြင့် ဒို့ ဒုက္ခ ဒီလောက်ကြီးတာဖြင့် ရှိသေးရဲ့ လား၊ မရှိပါ, ပေါ်ကြပလား၊ (ပေါ်ပါပြီ) ကိလေသာမီး လောင်စာကြီးဖြင့် ဘယ့်နှယ် နေကြသတုံး၊ (အမြဲလောင်နေ ပါတယ်ဘုရား)။

ကိလေသာမီးနဲ့ ခန္ဓာငါးပါးနဲ့ ဟာက ခွဲလို့ကို ရရဲ့လား၊ (မရပါ) အိပ်နေလဲမရဘူး၊ (မရပါ) ထိုင်နေယင်၊ (မရပါ ဘုရား)။

ဒါ့ကြောင့် တချို့ တကာ တကာမတွေများ ပြာလိုက်တဲ့ ဖြစ်ခြင်း၊(မှန်ပါ့) ဟ-ပြာလှချည့်ကလား နှင်ဟာဘာများ ဖြစ်သတုံး၊ ဘာမှမဖြစ်ဘူး ဒေါသ, သောကမီး အတွင်းက လောင်နေတာ ပြတာ၊ (မှန်ပါ့) ရိပ်မိပလား၊ (ရိပ်မိပါပြီ ဘုရား)။

ဒေါသ-သောကမီးက ဘာတုံး၊ (အတွင်းက လောင်နေ ပါတယ်) အတွင်းလောင်နေတော့ သူပြာရာခတ်တယ်၊ (မှန် ပါ့ဘုရား)။

ခွေးများ အမြီးမီးလောင်တော့ တကာတကာမတို့ ကပြာ ကရာထ, ပြေးပြီး အိုင်-အိုင့်မြည်ပြီး မပြေးဘူးလား၊(ပြေးပါ

http://www.dhammadownload.com



တယ်ဘုရား) ပြာရာခတ်တာ (မှန်ပါ့) ဒီခွေးဟာ ဘယ့်နှယ် ကြောင့် ပြာရာခတ်ပါလိမ့်မတုံး၊ဩော်-မီးလောင်လို့ (မှန်ပါ့ ဘုရား)။

ဒီမှာလဲ တကာတကာမတွေ ပြာရာခတ်နေယင် ဘယ့်နှယ် ဆိုကြမလဲ(မီးလောင်လို့ပါ) ရှင်းပလား(ရှင်းပါပြီဘုရား)။

ပြာရာခတ်ယင်၊ (မီးလောင်လို့ပါ) ခတ်ဖူးကြသလား၊ (ခတ်ဖူးပါတယ်) ဩော်-ဒါဖြင့် ခင်ဗျားတို့တယ်မသာပါဘူး ခုနင်ကခွေးနဲ့ တော်တော်ဆိုးနေတာပဲ၊အတော်ဆိုးနေတာပဲ တကာတကာမတို့၊ (မှန်ပါ့ဘုရား)။

ကိုင်း ဒါ ခန္ဓာနဲ့မီးနဲ့ဖြင့် တကာတကာမတို့ယခုသေသေ ချာချာ အကွက်စေ့အောင် ပြောတန်သလောက် ပြောလာ တော့ တကာကြွယ် ထင်းယင်လဲ ရှိပါမှ မီးယင်လဲ သေပါမှ ဆိုတဲ့ အဓိပ္ပါယ် ရောက်ပြီ၊ (ရောက်ပါပြီဘုရား)။

ဦးဘအုန်း ဘာတဲ့တုံးဗျာ (ထင်းယင်လဲ မရှိပါမှ မီးယင် လဲ သေပါမှပါဘုရား ။

ဒီထင်းနဲ့ မီးမရှိလို့ရှိယင်ဖြင့် ဒီအရပ်မီးပွဲဟာဖြင့် သိမ်း ပါတယ်၊ (မှန်ပါ့ဘုရား)။

ဒီအရပ် မီးပွဲဟာဖြင့်၊(သိမ်းပါတယ်)ခင်ဗျားတို့ ဒီအရပ် မီးလောင်တယ် ဆိုတော့ ဒီနား-မီးနားရှိတဲ့ ထင်းတွေလဲ အကုန် ဘေးပစ်ကြတာပဲ၊ (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့် ဒီထင်းတွေ ဘေးပစ်ကြပါလိမ့်မတုံး- ဆိုတော့-အို....လောင်စာနဲ့မီးနီးယင်မဖြစ်ဘူးဘုရာ့(မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

http://www.dhammadownload.com



မီးက ကံမကောင်း အကြောင်းမသင့်လို့ လောင်ဦးတော့ လောင်စာဖြစ်ယင် ပိုလောင်လိမ့်မယ်ဘုရား၊ (မှန်ပါ) ဆိုပြီး ခင်ဗျားတို့ မီးကိုလဲ ရေနဲ့ သတ်ကြတယ်၊ (သတ်ကြပါတယ် ဘုရား) ထင်းကိုလဲဖယ်ကြတယ်၊ (မှန်ပါ) ဘာ့ကြောင့်တုံးလို့ မေးတဲ့အခါကျတော့ ထင်းနဲ့မီးသိမ်းမှ နေရာကျမှာဘုရား၊ ဒါ မှမီးငြိမ်းမှာ (မှန်ပါ) ထင်းနဲ့မီးသိမ်းမှ (မီးငြိမ်းမှာပါဘုရား)

ဒီမှာလဲ ခန္ဓာကိုယ်ကြီးငါးပါးက ထင်း၊ ကိလေသာဆယ် ပါးက မီး၊ (မှန်ပါ) ဒီထင်းနဲ့မီး မသိမ်းနိုင်သရွေ့ ကာလပတ် လုံး ခင်ဗျားတို့ပြာရာခတ်လို့တော့ မပြီးဘူး၊ (မှန်ပါ) မျက် ရည်ကျလို့ကော (မပြီးပါဘုရား) တန်းခုန်လို့ကော (မပြီး ပါဘုရား) ရင်ထုလို့ကော (မပြီးပါဘုရား) အိပ်မပျော် စား မဝင် ကိစ္စတွေကော. (မပြီးပါဘုရား)။

ဩော်-တချို့ တကာ တကာမတွေများ ဖြစ်နေလိုက်တာ ကျုပ်-ထမင်းစားလို့ မရဘူး၊ (မှန်ပါ) ဘာဖြစ်နေသတုံး၊ မသိဘူးလား၊ (မှန်ပါ) သူတို့ကတောင် မေးလိုက်သေးတယ်၊ (မှန်ပါ) ဘယ်နေ့က ဘာဖြစ်သွားတာ၊ (မှန်ပါ) တကယ့် လက်မောင်းကြီးကို ပြူတ်ရော၊ (မှန်ပါ) သဘောပါပလား၊ (ပါ-ပါပြီဘုရား)။

သူ့လက်မောင်းကြည့်တော့လဲရှိလျက်ပဲ၊ (မှန်ပါ) သူ့ဟာ သူ တခါတည်း ခင်ပွန်းသေလို့ ကိလေသာမီး လောင်နေ တာ၊ (မှန်လှပါ) ညီမကလေးသေလို့ (ကိလေသာမီး လောင် တာပါဘုရား)။

http://www.dhammadownload.com



အဲဒီတော့ သူတို့က မသိဘူးလားလို့ဆိုတော့ ခင်ဗျားတို့က လဲ ဘယ့်နှယ် ပြောသတုံး၊ ခင်ဗျားတို့ကလဲ မသိသေးဘူး၊ (မှန်ပါ)ဘာသိမတုံးဗျ ကိုယ်ကလဲ လောင်တာမှ လောင်မှန်း မသိဘဲလူဆိုတော့၊ (မှန်ပါ)။

ဒါဖြင့် ဒီဒုက္ခသစ္စာမှ မသိတဲ့ပုဂ္ဂိုလ်ဟာ နိရောဓသစ္စာဆိုတဲ့ လောင်စာသိမ်းရှမ်းငြိမ်းတာကို တကာသစ်ဘုန်းကြီးမဟော နိုင်ဘူး၊(မှန်ပါဘုရား)ဟောနိုင်စရာ မြင်သေးရဲ့လား၊(မမြင် ပါဘုရား)။

အဲဒါကြောင့် ဒုက္ခသစ္စာ အကြီးအကျယ် တကာ တကာမ တွေ ပြောရေးဆိုခွင့်ရှိသလောက် ပြောနေရတယ် ဆိုတဲ့ဥစ္စာ တကာ တကာမတို့ ကျေနပ်ကြပလား၊(ကျေနပ်ပါပြီဘုရား)။

မြို့ပေါ်မှာ ဘယ်အိမ် အားလို့ ဘယ်အိမ်ဟာ တကာ တကာမတွေ ရေခဲနှင်းဆောင်သတုံး မေးတဲ့အခါ အို-သူ့ အပူကလေးနဲ့ သူဘုရာ့၊ (မှန်ပါ)။

တကာ တကာမတို့ ဘယ့်နှယ်ဆိုကြမလဲ၊(သူ့အပူကလေး နဲ့သူပါဘုရား)ဩော်-သူ့မီးနဲ့ သူ့ထင်းနဲ့ပေါ့ဗျာ၊(မှန်ပါ) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

အို....သူတို့အိမ် ကြည့်ရတာ စိတ် မချမ်းသာ လိုက်တာ၊ ဘေးကပုဂ္ဂိုလ်ကတော့ (မှန်ပါ) သူက လောင်တာများလို့၊ ဟိုကအတွင်းလောင်နေတာ သူက မကြည့်တတ်ဘူး၊(မှန်ပါ) သူက သစ္စာမျက်လုံးတပ်ကြည့်တာမှ မဟုတ်ဘဲကိုး၊ (မှန်ပါ ဘုရား)။

http://www.dhammadownload.com



သစ္စာမျက်လုံး တပ်ကြည့်တာ မဟုတ်တော့ ကားနဲ့, ရွှေနဲ့ စိန်နဲ့၊ အင်း-လင်နဲ့မယားကုလားထိုင်ပေါ်မှာပုံးနေတာသား ကလေးတွေပွေ့လို့၊ (မှန်ပါ့) ရွှေတွဲသဲ ငွေတွဲသဲနဲ့ဆိုတော့၊ ကိုယ် ဒီအခြေအနေ မရောက်သေးတော့ သူတို့လို ဘယ်အချိန် ရောက်ပါ့မတုံး၊ (မှန်ပါ့ဘုရား) ကိုယ်ကတော့ မီးကလေးသာ အလောင်ခံရသေးတယ်၊ သူတို့က မီးကြီးလောင်နေတယ်လို့ မသိဘူး၊ (မှန်လှပါ) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)ခ

တကာကြွယ် မီးကြီးအလောင်ခံတာ ကြိုက်သလား-မီးက လေးအလောင်ခံရတာ ကြိုက်သလား၊ (မီးကလေးအလောင် ခံရတာ ကြိုက်ပါတယ်ဘုရား) မဟုတ်ပါဘူး ခင်ဗျားတို့ ရမ်း ပြောနေတယ် ခင်ဗျားတို့က မီးကြီးလောင်လေ ကြိုက်လေ၊ (မှန်ပါ့) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

တကာအုန်း မီး ကြီး နဲ့ မီး သေး ဘယ်ဟာကြိုက်သတုံး၊ (ဘယ်ဟာမှမကြိုက်ပါဘုရား) ဒါက ခင်ဗျား အခုမှအပါး ထုတ်တာကိုး၊ စင်စစ်တော့ တကာကြွယ် တ နေ့ တသိန်း လောက်မျှား မြတ်မယ်ဆိုယင်ဖြင့် လူတိုင်းကြိုက်တယ်၊ (ကြိုက် ပါတယ်ဘုရား)။

တသိန်းရအောင် လုပ်တဲ့ကိစ္စဟာ ကိလေသာမီး သာမည တောက်လို့ ရပါ့မလား၊ (မရပါဘုရား)။

တကာကြွယ် မီးကြီးကြိုက်သလား မီးသေးကြိုက်သလား၊ (ဘယ်ဟာမှ မကြိုက်ပါဘုရား) ဒါ— မျက်စိလည်နေလို့ ဖော် ရတယ်၊ (မှန်ပါ့)။

http://www.dhammadownload.com



မျက်စိလည်နေလို့ ဖော်ရတယ်၊ (မှန်ပါ့)တကာတကာမ တွေ ဒီအထဲမှာ များသောအားဖြင့် ထိထိုးတဲ့လူများလိမ့်မယ်၊ (မှန်ပါ့)ဘာဖြစ်လို့လဲမီးကြိုးလောင်ခံရအောင်လို့၊ (မှန်ပါ့)။

အရင်တုန်းကတရာမှမပျောက်ဘူးတဲ့လူကအခုငါးသောင်း ခြောက်သောင်း ပျောက်သွားမယ်ဆိုယင် သူဟာသေလိမ့် မနော်၊(မှန်ပါ့) လောင်ချက် ဘယ်လောက်ပြင်းတယ်ဆိုတာ သေချာကြပလား၊ (သေချာပါပြီဘုရား)။

ဒါဖြင့် တကာတကာမတွေ ခင်ဗျားတို့ နိဗ္ဗာန်ဟောမည့် ကြံလို့ရှိယင် ဒုက္ခသစ္စာကို ပိုင်ပိုင်နိုင်နိုင်သိမှ နိဗ္ဗာန်ကို အေး အေးချမ်းချမ်းဆိုတာ သဘောကျမယ်၊ (မှန်ပါ့) တကာ ကြွယ် နို့မဟုတ် ကျနိုင်ပါ့မလား၊ (မကျနိုင်ပါဘုရား)။

ကိုင်း....တကာတကာမတွေ ခင်ဗျားတို့ အခုရှာနေကြတာ ဟာ စီးပွား တက်လိုလို့ ရှာကြတာလားတဲ့၊ မှန်တန်းနေ အောင်လို့ ရှာကြတာလား၊ (တက်လိုလို့ ရှာတာပါဘုရား) ဩော်....မီးပေမယ့် အညွန့်များများမှကြိုက်တယ်၊(မှန်ပါ့)။

မီးညွန့်သန်လေ၊ (ကြိုက်လေပါဘုရား) ဖြစ်မှ ဖြစ်ရလေ တကာသစ်ရ၊ (မှန်လှပါ)။

စဉ်းစားမိကြပလား၊ (စဉ်းစားမိပါပြီဘုရား) မီးညွန့် သန်လေလေ၊ (ကြိုက်လေလေပါဘုရား)။

တကယ် မီးလောင်တဲ့အခါ မီးညွန့်တွေ သန်တယ်ဆိုတော့ မရပါဘူးကွာ၊ ဆိုးမှာပါ၊ (မှန်ပါ့) ဒီကျတော့လဲ တစ်မျိုး၊ (တစ်မျိုးပါဘုရား) ကိလေသာမီးကျတော့ အညွန့်သန်လေ လေ၊ (ကြိုက်လေလေပါဘုရား)။

http://www.dhammadownload.com



ဪ....ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့ကိုက နဂိုရ်က အလောင်ကြိုက်နေတာကိုး၊ (ကြိုက်ပါတယ်ဘုရား)။

တကာသစ်-ဘာကြိုက်သတုံး၊ (အလောင်ကြိုက်ပါတယ်ဘုရား)မဆိုးဝါဘူးလား၊ (ဆိုးဝါပါတယ် ဘုရား)။

တကာတကာမတို့ လောင်စာ မရှိတဲ့အခါကျလို့ ရှိယင် သူများသားသမီးတောင်ကောက်မွေးရတယ် (မှန်ပါ့ဘုရား) ဘာဖြစ်လို့တုံး၊ ကျုပ်တို့ အိမ်မှာ ခြောက်နေတယ်၊(မှန်ပါ့) စိုစိုပြေပြေ လောင်ရအောင်လို့၊ (မှန်လှပါ) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

တကာကြွယ်-ဒီလိုမျိုး ဖြစ်ဖူးသေးသလား၊ (ဖြစ်ဖူးကြပါတယ်ဘုရား' ဖြစ်ဖူးကြတယ်၊ခင်ဗျားသွား မထောက်ခံနဲ့၊ ဟိုလူက အဟုပ်ဖြစ်နေတာ အတော်ဆိုးနေတာ၊(မှန်ပါ့)

လောင်မီးကူလေးတွေက နည်းနေတာနဲ့ လောင်မီးတစ်ခု ပြန်ပြီးသကာလ ရှာရသေးတယ်၊ (မှန်ပါ့ ဘုရား)။

ဒါ- တကာကြွယ်သာ ပြောတာပါ-တဲ့၊ အားလုံးသော ပုဂ္ဂိုလ်တို့မှာ အိမ်မှာ တယောက် လျော့- လျော့သလောက် တကာ တကာမတို့ သိပ်မကျေနပ်ဘူး၊ (မှန်လှပါ) ကျေနပ်ကဲ့လား၊ (မကျေနပ်ပါဘုရား)။

အိမ်မှာ တစ်ယောက်လျော့လာလို့ ရှိယင် (မကျေနပ်ပါဘုရား)ဘာကြောင့်တုံးဆိုလို့ ရှိယင်ဖြင့် မီးနည်းနည်း လျော့သွားတယ်၊(မှန်ပါ့)ကြိုက်ကြရဲ့လား (မကြိုက်ပါဘုရား)။

မီးတွေမျိုး အုံနေပြီဆိုမှဖြင့် အို ဖိုးတွေ ဖွားတွေ ကျောကတက်မည့်လူနဲ့ ရှေ့ကထိုင်မည့်လူနဲ့ ဆိုယင်ဖြင့် ပြုံးများနေ

http://www.dhammadownload.com



လိုက်သေးတယ်၊ (မှန်ပါ) ဘယ့်နှယ်များ ဖြစ်နေသတုံး၊ (ပြုံးနေတာပါဘုရား)။

ပြုံးများနေလိုက်သေးတယ်ဆိုတော့ မီးများလေသူကဘာတုံး၊(ကြိုက်လေပါဘုရား)။

ဒါဖြင့် မိတ္တဝိန္ဒက မျက်စိလည်သလို ဖြစ်နေပြီ၊ (မှန်ပါ) မိတ္တဝိန္ဒကလဲ သင်တုန်းစက်ရဲကြီးက လည်ပင်းဖြတ်လို့သွေးတွေဖြာနေတာ မင်းလည်ပင်း ရှိတဲ့ပန်းဟာ ငါ့ခေါင်း စွပ်စမ်းကွာ၊ လှလိုက်တာ၊(မှန်ပါ)။

တကာကြွယ်- ဒီ ရောက်တယ်၊ (ရောက်ပါတယ် ဘုရား) မရောက်ဘူးလား၊ရောက်သလား၊ (ရောက်ပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ နိဗ္ဗာန်သဘောမကျသေးတာ ဒီဒုက္ခ သဘောကျလို့နိဗ္ဗာန်သဘောမကျတာ၊ (မှန်ပါဘုရား)ရှင်းပလား၊ (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် တကာ တကာမတို့ နိဗ္ဗာန်ပြောပါဆို ဘုန်းကြီးက ဒုက္ခ ကြီးကြီး ပြောနေတယ်လို့ ဒီလို အယူ မရှိလိုက်ပါနဲ့၊ (မှန်ပါ)ခင်ဗျားတို့က ဒုက္ခကိုပင်လျှင် မသိသေးလို့ ပြောရပါတယ်၊ (မှန်ပါဘုရား)။

ဘယ်လိုမှတ်ကြမယ်၊ (ဒုက္ခကိုပင် မသိသေးလို့ ပြောရပါတယ်ဘုရား)။

ကိုင်း–ဒါဖြင့်တကာတကာမတို့ခုနင်က အရှေ့သွားတော့လဲမီးနဲ့လောင်စာနဲ့၊ဘာတဲ့၊(တွဲလျက်ပါဘုရား) အနောက်ပြန်တော့ကော၊(တွဲလျက်ပါဘုရား) အင်းဒီလိုတရားနာနေ

http://www.dhammadownload.com



ပြန်တော့ကော၊(တွဲလျက်ပါ)ဇရာမိး့ဗျာဓိမိးနဲ့ တွဲနေတယ် (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

အရောင်းကောင်းတော့ လောဘမီးနဲ့ ခန္ဓာနဲ့ တွဲနေတယ်၊ (မှန်ပါ့) အရောင်းပါးတော့၊ (ဒေါသမီးနဲ့ ခန္ဓာနဲ့ တွဲနေပါတယ်)ဒေါသမီးနဲ့ခန္ဓာနဲ့တွဲနေတယ်ဆိုတော့ ဟကာတကာမတို့ ဩြော်- ခင်ဗျားတို့သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဆိုင်ပေါ်မှာ နေကြတဲ့ တကာတကာမတွေ ဘာများ လုပ်နေကြသတုံး ဆိုတော့ မပြောပါနဲ့တော့ဘုရား...၊ သစ္စာဉာဏ်နဲ့ ကြည့်လိုက်တဲ့အခါကျလို့ရှိယင်ဖြင့် ကိုယ့်မီးက ကိုယ့်လောင်နေတဲ့အချိန်ပဲ ရှိပါတယ်၊ (မှန်ပါ့ဘုရား ။

ဘယ်လိုဖြေကြမလဲ၊(ကိုယ့်မီးက ကိုယ့်လောင်နေတဲ့အချိန်ပဲ ရှိပါတယ်ဘုရား)။

ငြိမ်းမည်လို့ များ စိတ်ကူးကြရဲလားလို့ မေးလို့ရှိယင်ဖြင့် မီးကြီးယင် ကြိုက်တယ်ဘုရား၊ (မှန်ပါ့) ဟော-ငြိမ်းမည်လို့ မပါဘူး၊ (မပါ-ပါဘုရား)။

အရောင်းအဝယ်ကလေး ကာလဒေသကလေးအခုလိုနည်းနည်းကလေး တောင်ပြုန်းပွဲ-အောက်က ဘာတွေ့ညာတွေ့က တက်လာလို့ရှိယင် မန္တလေးမှာဖြင့် ဆိုင်ကလေး ဘာကလေး လူစည်လို့ရှိယင် များများရလို့ ရှိယင် တကာသစ် ကြိုက် မကြိုက်၊ (ကြိုက်ပါတယ်ဘုရား) ဒါဘာဖြစ်လို့သဲ မီးသေးလို့ ကြိုက်တာလား- မီးကြီးလာလို့လား၊ (မီးကြီးလာလို့ပါဘုရား)။

http://www.dhammadownload.com



ဟာ-တကာကြွယ်ခက်ပြီဗျ၊ မီးကြီးယင် ပြေးရမှာမဟုတ်လား၊ (ပြေးရမှာပါဘုရား) အခုတော့ ဘယ့်နှယ်ဖြစ်နေသလဲ (မီးကြီးကြိုက်နေပါတယ်ဘုရား)။

ဩော်....ဒါဖြင့် ခင်ဗျားတို့သည်ကားလို့ ဆိုယင် ကြွံ့မီးစားတာဟာ တိရစ္ဆာန်ဝဋ်ပါလို့ စားတယ် အောက်မေ့တယ်၊ (မှန်ပါ)။

ခင်ဗျားတို့ကသဲ ကိလေသာဝဋ်မကောင်းတာနဲ့ မီးကြီးလေကြိုက်လေဖြစ်နေတယ်၊ (မှန်ပါဘုရား) သဘောပါကြပလား၊ (ပါကြပါပြီဘုရား)။

ဘာတုန်းဗျ၊ (မီးကြီးလေ ကြိုက်လေပါဘုရား) မီးကြီးလေ ကြိုက်လေဖြစ်နေတော့ တကာတကာမတို့ယနေ့တရားမှာဖြင့် သေသေချာချာသာ စဉ်းစားကြည့်ပါတော့ ခန္ဓာနဲ့မီးတွဲလျက်ကြီး ဖြစ်ပါတယ်၊ (မှန်လှပါဘုရား)။

ကဲ-နိဗ္ဗာန်ဆိုတာ ရှင်းလိုက်ပါတော့မယ်၊ (မှန်ပါ) နိဗ္ဗာန်ဆိုတာ တကာတကာမတို့ လောင်စာရေမီးရော မရှိသွားလို့ ရှိယင်ဖြင့် တကာ တကာမတွေ ဒီကနေ ဟိုနား သွားကြည့်၊ (မှန်ပါဘုရား)။

ဟိုနားမှာလောင်စာနဲ့မီးလောင်နေတာဟာ ကဲ-လောင်စာသဲ့သိမ်းသွားပြီမီးလဲငြိမ်းသွားပြီဆိုယင်ဖြင့်ရင်အေးပြန်ကြတယ်၊ (မှန်ပါ) မပြန်ကြဘူးလား၊ (ပြန်ကြပါတယ်ဘုရား)။

ဘယ့်နှယ်ကြောင့် ပြန်ပါလိမ့်၊ (လောင်စာလဲသိမ်း မီးလဲငြိမ်းလို့ပါဘုရား) လောင်စာသဲသိမ်း မီးငြိမ်းလို့ ပြန်ကြတယ် (မှန်ပါ)။

http://www.dhammadownload.com



တကာတကာမတို့ ဘယ်လိုကြောင့် ပြန်ကြသလဲ၊ (လောင်စာသိမ်း မီးငြိမ်းလို့ ပြန်ကြတာပါဘုရား)။

ဒီအတိုင်းဖြင့်ကျုပ်ဖြင့် ရှင်များကိုတုန်လို(မှန်ပါ)တချို့ တကာ တကာမတွေက ပြောကြတယ်.... (ပြောကြပါတယ်ဘုရား)။

ဒီမီး သွားကြည့်ရတာ ကျုပ်ဖြင့် ရှင်ကိုတုန်နေတာပဲ၊ ရေကလေးများပေးကြစမ်းပါဦးတောင် ပါသေးတယ်၊ (ပါပါတယ်ဘုရား) ဘာဖြစ်လို့တုံး....၊ ပူလို့ပေါ့ဗျာ၊ (မှန်ပါဘုရား)။

တကယ်မီးပူတာလား–၊ကိုယ့်ဝမ်းထဲကအပူတွေက လောင်နေတာလား၊ (ကိုယ့်ဝမ်းထဲက အပူတွေက လောင်နေတာပါဘုရား) သဘောပါကြပလား၊ (ပါ-ပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ နိဗ္ဗာန်ဆိုတာဘယ်လိုဟာပါလိမ့် မတုံးလို့မေးတော့ အရိယာမျက်လုံးတပ်ကြည့်ပြီး လောင်စာသိမ်း၍ မီးငြိမ်းတာကလေး သဘောကျတာ၊ (မှန်ပါ)။

ဒါ-ဘယ်မျက်လုံး တပ်ကြည့်ရမယ်၊ (အရိယာမျက်လုံး တပ်ကြည့်ရပါမယ်ဘုရား)။

အရိယာမျက်လုံးတပ်ကြည့်တော့မှ လောင်စာလဲသိမ်း မီးလဲငြိမ်းတော့မှ သြော် ... ဒါ မီးကိစ္စ, ထင်းကိစ္စဖြင့် ကျုပ်တို့ တသံသရာလုံး မီးကိစ္စအဖြစ်နဲ့ သံသရာထဲမှာ အရှက်တကွဲ အကျိုး နည်းခဲ့ရတယ်၊ (မှန်လှပါဘုရား) မလည်ရဘူးလား၊ (လည်ရပါတယ် ဘုရား)။

http://www.dhammadownload.com



သားသေလို့ ထင်းနဲ့မီး၊ (တွဲလောင်ရပါတယ်) ကိုယ့်ဟာကိုယ် စိတ်မချလို့၊ (တွဲလောင်ရပါတယ်) ထင်းနဲ့မီး တွဲလောင်ခဲ့ရတယ်၊ (မှန်ပါ)။

ကြည့်ကြပါဦး–၊ မမြင်ကြတော့ဘူးလား–၊ မကြည့်ကြတော့ဘူးလား–၊ အံမာလေး . လူပုံအလည်မှာ အရှက်တကွဲ အကျိုးနည်းစကားချည့် ပြောတာပဲ၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

ဒါဘာ့ကြောင့်ပြောတာတုံးဆိုတော့ခင်ဗျားတို့ကနိဗ္ဗာန်သဘောမကျလို့ လောင်စာနဲ့ တွဲလျက်ကြီးကို ဆုတောင်းယူနေကြတယ်၊ (မှန်ပါ့ဘုရား)။

လောင်စာနဲ့မီး တွဲလျက်ကြီးကို၊ (ဆုတောင်း – ယူနေကြပါတယ်) အင်း ... စုတေမနေ သေလွန်ရလို့ ရှိယင်ဖြင့်လူချမ်းသာ ဖြစ်ရပါလို၏–ဘဲ့၊ ဘယ်ချမ်းသာရမတုံး တကာတကာမတို့၊(မှန်ပါ့) ကိလေသာမီး ခန္ဓာကြီးနဲ့ တွဲနေတာ၊ (မှန်ပါ့ဘုရား)။

ကိလေသာမီး၊ (ခန္ဓာကြီးနဲ့တွဲနေပါတယ်) ကဲ–ဘယ်မှာလူချမ်းသာရှိရဲ့လား(မရှိပါ)သို့သော်ခင်ဗျားတို့အချင်းချင်းနခမ်းပွဲချင်း မီးမှုတ်နေတာတော့ ကျုပ်မပြောတတ်ဘူးပေါ့ဗျာ၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

တကာကြွယ် ဒီအထဲ လူချမ်းသာများ ပါသေးသလား၊ (မပါ-ပါ)တကာအုန်း၊(မပါ-ပါဘုရား)ဘယ်မျက်လုံး တပ်ကြည့်လိုက်သလဲ(အရိယာမျက်လုံးတပ်ကြည့်ပါတယ်ဘုရား)။

http://www.dhammadownload.com



အဲဒီလို တပ်ကြည့်လိုက်ပြန်တော့မှ ဩော်– ဒို့မြင်လေသမျှ အမှားကြီးပဲ ဆိုတာ ပေါ်လာတယ်၊ (ပေါ်လာ ပါတယ်) သဘောကျပလား၊ (ကျပါပြီဘုရား)။

ကိုင်း....တကာ တကာမတို့ ဒီခန္ဓာထင်းလဲမရှိဘူး၊ဒီကိုလေ သာမီးနဲ့လဲ မတွဲတော့ပါဘူးဆိုလို့ရှိယင်ဖြင့် ခင်ဗျားတို့သည် ထိုင်နေလဲ လောင်စရာရှိသေးရဲ့လား၊ (မရှိပါ) သွားတဲ့အခါ လဲ လောင်မီးနဲ့ တွဲသွားသေးသလား၊ (တွဲမသွားပါ)နေတဲ့ အခါလဲ လောင်မီးနဲ့ ထိုင်နေသေးသလား၊(မနေပါဘုရား)။

ဒါဖြင့် ဒီမီးနဲ့ ဒီထင်း သိမ်းယင် တကာ တကာမတို့ ကောင်းလိမ့်မယ်လို့ ဆုံးဖြတ်ချက်ချမလား၊ မကောင်းဘူးလို့ ဆုံး ဖြတ် ချက် ချမလား၊ (မကောင်းဘူးလို့ ဆုံးဖြတ်ချက် ချပါမယ်ဘုရား)။

ဩော်– ဒါဖြင့် ဒီလို မှတ်လိုက်စမ်း တကာ တကာမတို့၊ နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်မလဲလို့မေးတော့ လောင်စာသိမ်း၍ မီးငြိမ်းတာ၊ (မှန်ပါ့ဘုရား)။

ဘယ်လို ဆိုကြမယ်၊ (လောင်စာသိမ်း၍ မီးငြိမ်းတာပါ ဘုရား) လောင်စာသိမ်း၍ မီးငြိမ်းတာ ဘာခေါ် ကြမယ်၊ (နိဗ္ဗာန်ပါ) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် မီးငြိမ်းတော့ အရင်ဒီနေရာမှာ တကာ တကာမတို့ မီးနဲ့ထင်းနဲ့ လောင်နေတယ်၊ (မှန်ပါ့)ဒီနေရာမှာဘဲ ထင်းရော မီးရော မရှိတော့ဘူးဆိုတော့ အရင်တုန်းက ဒီနေရာမှာ ထင်း ရော့ မီးရော တကာ တကာမတို့လောင်နေတယ်၊(မှန်ပါ့) အခု တစ်ခါ ပြန်ကြည့်လိုက်တော့ ထင်းရော-မီးရော သိမ်းသွားတဲ့

http://www.dhammadownload.com



အခါကျတော့ဒီနေရာဟာ ပြောင်-အေးချမ်းတဲ့နေရာ(မှန်ပါ့) အရင်တုန်းကတော့ အပူလောင်တဲ့နေရာ၊ (မှန်ပါ့ဘုရား)။

အရင်တုန်းကတော့ (အပူလောင်တဲ့နေရာပါ) အခု သွား ကြည့်တော့ (အေးချမ်းတဲ့နေရာပါ)အေးချမ်းတဲ့နေရာဆိုတာ ပေါ်လာလိမ့်မယ်၊ (ပေါ်လာပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ အလုပ်-လုပ်ပါလို့ သတိပေး လိုက်တယ်၊ (မှန်ပါ့) အလုပ်-လုပ်တော့ ပထမ တကာကြွယ်- လောင်စာနဲ့မီးတွဲပြီး ဖျတ်ဖျတ်- ဖျတ်ဖျတ်နဲ့ မီးလောင်လို့ ပျက်စီးနေတာကြီး တွေ့လိမ့်မယ်၊ (မှန်ပါ့ဘုရား)။

မီးလောင်လို့ပျက်စီးနေတာကြီး(တွေ့ပါမယ်) တွေ့သွား တဲ့အခါကျတော့ ယထာဘူတဉာဏ်က ရပြီဆိုကြပါစို့ (မှန်ပါ့ ဘုရား)။

အဲဒီတော့ ကြည့်ပါများလာတော့ တကာသစ်တို့ ပြောင်- လောင်စာနဲ့မီး တွဲလျက်ကြီးဟာ တကာသစ်တို့ ရှိစရာ မုန်း စရာ လိုချင်စရာ ရချင်စရာ တစက်တကွက်မှ မရှိပါကလားဆို တာ မပေါ်ဘူးလား၊ (ပေါ်ပါတယ်ဘုရား)။

ပေါ်လာတဲ့အခါကျတော့ သက်သက် ဒုက္ခသစ္စာ အစစ်ပဲ၊ ကပ်ပြီး နှိပ်စက်နေတာပဲဆိုတာ ပေါ်လာတယ်၊ (ပေါ်လာ ပါတယ်ဘုရား)ရှောင်လို့ပြေးလို့ကို လွတ်ကြရဲ့လား (မလွတ် ပါဘုရား)။

ရှောင်လို့ပြေးလို့ကို မလွတ်ဘဲနဲ့နေတဲ့ လောင်စာနဲ့မီးဟာ တွဲ လျက်ကြီး ဖြစ်နေတော့ ဘယ်သွားသွား လောင်လျက်ပဲ၊

http://www.dhammadownload.com



ဆိုတော့ ဖျတ်ဆို တကာ တကာမတွေက ငြိမ်းငွေ့ပြီးသည်၏ အခြားမဲ့၌ ဩော် လောင်စာနဲ့ မီး တွဲလျက်ကြီး ဒီ ဒုက္ခ ထက်ကြီးတာဖြင့် မရှိပါဘူးဆိုတော့ ဒုက္ခသစ္စာမြင်လာတယ်။ (မှန်ပါ့ဘုရား)။

ဒီဒုက္ခထက်ကြီးတာ တကာတကာမတို့ (မရှိပါ)ဩော်.... ဒီဒုက္ခကြီးဖြင့် မရချင်ပါဘူး ဆိုတဲ့ အချိန်ကျတော့ တကာ တကာမတို့ လောင်စာရော မီးရော ပျောက်ထွက် သွားတယ် (မှန်ပါ့ဘုရား)။

ရှုယင်းမတ္တနဲ့ လောင်စာနဲ့ မီး တကာကြွယ် ဘာတုံး။ (ပျောက်သွားပါတယ်ဘုရား)။

ပျောက်သွားတဲ့အခါကျတော့ တကာကြွယ်တို့၊ဦးဘအုန်း တို့ ကိုယ်တိုင်လုပ်ကြည့်လိုက်၊ (မှန်ပါ့)ကိုယ်တိုင် လုပ်ကြည့် လိုက်တဲ့အခါကျတော့ သိနေတဲ့ ဉာဏ်ကလေးဟာ တကာသစ် ရေ-လောင်စာ သိမ်း၍ မီးငြိမ်းသွားတာ မြင့်လိုက်တဲ့ အခါ ကျမှ အေးပေါ့- အေးပေါ့ ဆိုတာ မလာဘူးလား၊ (လာပါ တယ်)လောင်စာနဲ့မီးဟာ မရှိတာကိုးဗျ၊(မှန်ပါ့)အေးချမ်း တဲ့သဘောကလေးကတော့၊(ရှိပါတယ်ဘုရား)။

ဒါ့ကြောင့်-"သန္တိလက္ခဏံ နိရောဓသစ္စံ" (မှန်ပါ့)နိရောဓ သစ္စံ၊နိဗ္ဗာန်ဆိုတဲ့ နိရောဓ သစ္စာသည်။ သန္တိလက္ခဏံ၊ ကြည့် လိုက်တဲ့အခါ ငြိမ်းအေးခြင်းလက္ခဏာ ရှိ၏။(မှန်ပါ့ဘုရား)။

တကယ်မဂ်ရတဲ့ပုဂ္ဂိုလ်ကနေ ကြည့်လိုက်တဲ့အခါ သူ့ကြည့် လိုက်ယင် ငြိမ်းအေးတဲ့သဘောကလေး တွေ့ရတယ်၊ (မှန်လှ ပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ငြိမ်းအေးတဲ့သဘောရှိ–မရှိ၊ (ရှိပါတယ်) ဒါဖြင့် ငြိမ်းအေးတဲ့သဘော ဘယ်နေရာမှာရှိသတုံးဆိုတော့ အပူဇာတ်သိမ်းတဲ့နေရာမှာ ရှိတယ်၊ (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ဆိုကြမလဲ၊ (အပူဇာတ် သိမ်းတဲ့ နေရာမှာ ရှိပါတယ်ဘုရား)။

အပူဇာတ်သိမ်းတဲ့နေရာမှာ ရှိတယ်ဆိုတော့ဖြင့် အပူဇာတ်ကဒုက္ခသစ္စာ၊ (မှန်ပါ့)သဘော ကျပလား၊ (ကျပါပြီ) ငြိမ်းအေးတာက နိရောဓသစ္စာ၊ (မှန်ပါ့)သူများပြောလား၊ ကိုယ်တိုင်နှစ်ခုမြင်ရတာလား၊ (ကိုယ်တိုင်နှစ်ခုမြင်ရတာပါဘုရား)

ပထမရှုနေတုန်းက ယထာဘူတဉာဏ် နိဗ္ဗိန္ဒ ဉာဏ်တုန်းက မီးတွေမြင်ရတယ်၊ (မှန်ပါ့ လောင်စာနဲ့ မီးချည်းမြင်နေတာပဲ၊ (မှန်ပါ့) သဘောပါပလား၊ (ပါ-ပါပြီ ဘုရား)။

နောက်ကျတော့ ဒုက္ခ သစ္စာကို ပိုင်ပိုင်နိုင်နိုင် ဉာဏ်ကလဲ သိပါရော၊ တကာ တကာမတို့ မလိုချင်တော့ပါဘူး ဆိုတော့ လောင်စာရောမီးရောပျောက်ထွက်သွားတယ်၊ (မှန်ပါ့ဘုရား) မပျောက်ဘူးလား၊ (ပျောက်ပါတယ်)ပျောက်သွားတဲ့အခါကျရင် ယောဂီပုဂ္ဂိုလ်မှာဉာဏ်လေးကကျန်နေတယ်၊ (မှန်ပါ့ဘုရား)။

*ဩော်....လောင်စာ သိမ်း၍ မီးငြိမ်းသွားတာ သူ့ရှေ့တွင် မြင်လိုက်ရတယ်၊ (မှန်ပါ့) မမြင်ရဘူးလား၊ (မြင်ရပါတယ်ဘုရား)။

လောင်စာသိမ်း၍ မီးငြိမ်းသွားတာ (ကိုယ့်ရှေ့တွင် မြင်ရပါတယ်) ကိုယ့် ရှေ့တွင် မြင်ရတော့ ဩော်–ဒီလိုနေရာလဲ

* ဤနေရာ၌တင်စား၍ဟောတော်မူခြင်း ဖြစ်သည်။

http://www.dhammadownload.com



ရှိသေးသကိုး၊ (မှန်ပါ့)ဒီလိုနေရာမျိုး ရှိသေးသကိုးလို့ ဆို တော့ တကာသစ် ရှိဘာပြောသလား-မရှိတာ ပြောသလား၊ (ရှိတာပြောပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်သည် တကာတကာမတို့ လောင်စာသိမ်း၍ မီးငြိမ်းတဲ့အဖြစ်နဲ့ ရှိတယ်၊ (မှန်ပါ့ဘုရား)။

ဘယ်လို ဆိုကြပါလိမ့်၊ (လောင်စာသိမ်း၍ မီးငြိမ်းတဲ့ အဖြစ်နဲ့ရှိပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဟာ ရှိတဲ့ပစ္စည်းလား-မရှိတဲ့ ပစ္စည်းလား၊ (ရှိတဲ့ပစ္စည်းပါဘုရား)။

ဒါဖြင့် ဒုက္ခအဆုံးမှာ ဘာရှိသတုံး၊ (နိဗ္ဗာန်ပါ) ဒါဖြင့် ဥစ္ဆေဒဒိဋ္ဌိဖြစ်သေးရဲ့လား၊ (မဖြစ်ပါဘုရား)။

နိဗ္ဗာန်ဆိုတာသည်ကားကိလေသာမီးခန္ဓာထင်းတို့၏သိမ်း ရာငြိမ်းရာကိုနိဗ္ဗာန်ခေါ်တယ်လို့ သိသဖြင့်အဝိဇ္ဇာကောမချုပ် ဘူးလား၊ (ချုပ်ပါတယ်ဘုရား)၊

အဝိဇ္ဇာချုပ်ပြီး သကာလ တကာတကာမတို့ ရှိကြောင်း သိတဲ့ အတွက်တဲ့ ယနေ့တရားမှာဖြင့် တကာတကာမတို့ ပဋိစ္စ သမုပ္ပါဒ်အစက ပြတ်ပါတယ်၊ (မှန်ပါ့) အဝိဇ္ဇာချုပ်တာကိုး ဗျ၊ (မှန်ပါ့)အဝိဇ္ဇာချုပ်တော့ ဘယ်ကပြတ်ပါလိမ့်၊ (အစက ပြတ်ပါတယ်ဘုရား)။

အစကပြတ်တော့ အစကလဲပြတ်ရော အဝိဇ္ဇာလဲ ချုပ်ပါ ရောဆိုတော့ တကာတကာမတို့ လောင်စာသိမ်းတဲ့မီး ငြိမ်းတဲ့ နိဗ္ဗာန်ကြီးကိုပင် ယခုတရားနာရတော့ မသိဘူးလား၊(သိပါ တယ်ဘုရား)။

http://www.dhammadownload.com



သိလိုက်တဲ့အခါကျတော့ ဩော်-နိဗ္ဗာန်ဟာ ရှိတဲ့သဘော တရားလားမရှိတဲ့သဘောတရားလား(ရှိတဲ့သဘောတရားပါ) လောင်စာသိမ်း၍ မီးငြိမ်းတဲ့ သဘောရှိတယ်၊ (မှန်ပါ့)။

လောင်စာနဲ့မီးတွဲလျက်ကြီးရှိခဲ့သော် တကာကြွယ် လောင်စာသိမ်း၍မီးငြိမ်းတဲ့ နေရာရှိရမယ်၊ (မှန်ပါ့)မရှိပေဘူးလား၊ (ရှိပါတယ်ဘုရား)။

လောင်စာနဲ့မီး တွဲလျက်ကြီးနေယင် ဒီလောင်စာသိမ်း၍ မီးငြိမ်းတဲ့နေရာဟာ၊ (ရှိပါတယ်ဘုရား) ရှိရမယ်ဆိုတာ သေချာပလား၊ (သေချာပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်သည် တကာတကာမတို့ လောင်စာသိမ်း၍ မီးငြိမ်းဆိုတော့ ခန္ဓာနဲ့ကိလေသာ သိမ်းလို့ရှိယင်ဖြင့် နိဗ္ဗာန် ရှိ,မရှိ၊ (ရှိပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဟာ ရှိတဲ့သဘောတရားလား မရှိတဲ့သဘော တရားလား၊ (ရှိတဲ့သဘောတရားပါဘုရား)။

ရှိတဲ့သဘောတရားကို ဘုန်းကြီးတို့ တကာတကာမတွေက သိရတဲ့အတွက်တဲ့ ဩော်-ဥစ္ဆေဒဒိဋ္ဌိလွတ်ပါပေါ့၊(မှန်လှပါ)။

ဘာလွတ်သွားသတုံး၊ (ဥစ္ဆေဒဒိဋ္ဌိ လွတ်သွားပါတယ် ဘုရား) ဒီဒိဋ္ဌိလွတ်ကတည်းက မပူနဲ့တော့၊ (မှန်ပါ့) ဒိဋ္ဌိလွတ် ကတည်းကမပူနဲ့တော့ အပါယ်လေးပါး တံခါးပိတ်သွားပြီ၊ (မှန်ပါ့ဘုရား)။

နိဗ္ဗာန်ဟာ ရှိသလား-မရှိဘူးလား၊ (ရှိပါတယ် ဘုရား) လောင်စာသိမ်း၍ မီးငြိမ်းတဲ့ သဘောရှိတယ်၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီ)။

http://www.dhammadownload.com



လောင်စာသိမ်း၍ (မီးငြိမ်းတဲ့သဘော ရှိပါတယ်ဘုရား) ခန္ဓာကြီးကဖြင့် လောင်စာနဲ့မီး တွဲလျက်ကြီးရှိနေတယ်ဘုရား (မှန်ပါ့ဘုရား) တပည့်တော်တို့ အားထုတ်လိုက်တဲ့ အခါကျတော့ ခန္ဓာရော-တဏှာရော ပျောက်သွားတဲ့ အခါကျတော့ ဘာတွေ့သတုံး (လောင်စာသိမ်း၍ မီးငြိမ်းတာ တွေ့ပါတယ်ဘုရား ။

လောင်စာသိမ်း၍ မီးငြိမ်းတဲ့သဘော သွားတွေ့တယ်၊ (မှန်ပါ့)လောင်စာကော တွေ့သေးရဲ့လား၊(မတွေ့ပါဘုရား) အဲဒီမှာ ခန္ဓာ ပျောက်တယ်၊ (မှန်ပါ့) မီးဆိုဘဲ့ ကိလေသာကော ရှိသေးရဲ့လား၊ (မရှိပါဘုရား) အဲဒီမှာ သမုဒယက မချုပ်ဘူးလား၊ (ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် တကာတကာမတို့ဒီဥစ္စာဟာဘုန်းကြီးကတော့ဖြင့် နှစ်မျိုးနှစ်စားရှိတယ်လို့ ဟောပါပြီ (မှန်ပါ့)လောင်စာနဲ့ မီး တွဲလျက်ကြီး ယဲ ရှိပါတယ်၊(မှန်ပါ့ လောင်စာသိမ်း၍မီးငြိမ်း တာလဲ ရှိပါတယ်ဘုရား)။

ဒါဖြင့် ခန္ဓာကိုယ်ကြီးကို လောင်စာသိမ်း၍ မီးငြိမ်းတဲ့ဆီ ရောက်အောင် ဒီလောင်စာနဲ့မီးကိုခင်ဗျားတို့ကအခုမသိသေး တော့ ရှေ့က ဝိပဿနာ လိုက်ပါ၊ (မှန်ပါ့) ရှေ့က ဝိပဿနာ လိုက်တော့ လောင်စာမီး တွဲ့တွဲပြီး ဖျတ်ဖျတ် ဖျတ်ဖျတ်နဲ့ လောင်နေတာတွေ့လိမ့်မယ်၊ (မှန်ပါ့) တွေ့တော့ ယထာဘူတ ဉာဏ်ရပြီ၊ (မှန်ပါ့)။

တွေ့ယင်၊ (ယထာဘူတဉာဏ် ရပါပြီ ဘုရား) ဒါ့ကြောင့် ဖြစ်ပျက်တွေ့တဲ့ပုဂ္ဂိုလ်များ လောင်စာနဲ့မီးဟာ တွဲလျက်ကြီး လို မြင်တယ်၊ (မှန်ပါ့) သဘောကျပလား၊(ကျပါပြီ)။

http://www.dhammadownload.com



ဖြစ်ပျက်တွေ့တဲ့ပုဂ္ဂိုလ်များ(လောင်စာနဲ့မီးတွဲလျက်ကြီး မြင်ပါတယ်ဘုရား)တွဲလျက်ကြီးမြင်တော့ ဒီဖြစ်ပျက်မုန်းလာတော့ကို လောင်စာနဲ့မီး တွဲလျက်ကြီးကိုပင် လိုချင်ရချင်တဲ့စိတ် ခန္ဓာရချင်ဘဲ့စိတ် လာသေးရဲ့လား၊ မလာပါဘုရား)။

ဩော် ... ဒါဖြင့် ရှေ့တဆင့်တက်လိုက်၊ လောင်စာနဲ့မီး တွဲတဲ့ဒုက္ခသည် ဒီ့ထက်ကြီးတဲ့ဒုက္ခမရှိဘူး၊ (မှန်ပါ့ ဒါ ဒုက္ခကို ပိုင်းခြားလိုက်တာ၊ (မှန်ပါ့)။

တကာအနုန်း ဘာပိုင် ခြားလိုက်တာတုံး၊ (ဒုက္ခပိုင်းခြား လိုက်တာပါဘုရား)။

ဒုက္ခပိုင်းခြာ လိုက်သည်နဲ့ တပြိုင်နက်တည်း ဒုက္ခ ပိုင်ပိုင်နိုင်နိုင်သဲ သိရော လောင်စာမီး တွဲလျက်ကြီးဟာ တကာသစ် ပျောက်ထွက်သွားတယ်၊ (ပျောက်ပါတယ်ဘုရား)။

ပျောက်ထွက်သွားတော့ တကာသစ် ဒီနေရာပဲ နဂိုရ်က စိုက်ကြည့်နေတော့ ဒီနေရာမှာ မီးရောထင်းရော ကုန်သွားတော့ အေးရောပေါ့၊ (မှန်ပါ့) မလာဘူးလား-လာမလား၊ (လာပါတယ်ဘုရား)။

လောင်စာသိမ်းတဲ့ မီးငြိမ်းတဲ့နေရာ ရောက်ပဟ၊ (မှန်ပါ့) မလာသေးဘူးလား၊ (လာပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်သည် လောင်စာရှိသလား - မီးရှိသလား၊ (လောင်စာရော မီးရော မရှိပါဘုရား)။

လောင်စာမရှိဘူး၊ မီးကော (မရှိပါဘုရား ဘာရှိသတုံး ဆိုတော့ လောင်စာသိမ်း၍မီးငြိမ်းတဲ့သဘောရှိတယ်(မှန်ပါ့)

http://www.dhammadownload.com



ဒုက္ခခပ်သိမ်းငြိမ်းတဲ့သဘော (ရှိပါတယ် ဘုရား) ကိလေသာ အပူခံ့ခတ်သိမ်းတဲ့သဘော ရှိပါတယ်ဘုရား)သေသေ ချာချာ မရှိဘူးလား၊ (ရှိပါတယ်ဘုရား)။

ဒါဖြင့် တကာဘကာမတို့ နိဗ္ဗာန်ဟာ ရှိတဲ့ပစ္စည်းလား၊ မရှိတဲ့ပစ္စည်းလား၊ (ရှိတဲ့ပစ္စည်းပါဘုရား)

ရှိတဲ့ပစ္စည်းဆိုသဖြင့် နိဗ္ဗာန်ဟာ ရုပ်နာမ်ချုပ်ငြိမ်းပြီးဘာ မှမဖြစ်တာလား-တဲ့၊ လောင်စာသိမ်း၍ အေးငြိမ်းတဲ့သဘော ရှိတာလား၊ (လောင်စာသိမ်း၍ အေးငြိမ်းတဲ့သဘော ရှိတာ ပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဟာ ရှိတယ်ပေါ့တကာတကာမတို့(မှန်ပါ့) တကာကြွယ် သဘောပါပလား၊ (ပါ-ပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဟာ ရှိတဲ့သဘော သိလိုက်သဖြင့် တကာသစ် ဘယ်ဒိဋ္ဌိစင်သွားသတုံး၊(ဥစ္ဆေဒဒိဋ္ဌိ စင်သွားပါတယ် ဘုရား) တယ်အဖိုးတန်ပါကလား၊ တကာတကာမတို့၊ (တန်ပါတယ် ဘုရား)။

ခုနင်က လောင်စာနဲ့မီး တဖျတ်ဖျတ် လောင်နေတာ သိ သဖြင့်လဲ သဿတဒိဋ္ဌိ စင်တယ်၊ (မှန်ပါ့)။

လောင်စာနဲ့မီး တဖျတ်ဖျတ်လောင်နေတာ မြင်လိုက်ယင် တော့ (သဿတဒိဋ္ဌိစင်ပါတယ်ဘုရား) သဘော ကျပလား၊ (ကျပါပြီ)။

လောင်စာနဲ့မီး တဖျတ်ဖျတ် ဖြစ်လိုက်ပျက်လိုက်ဖြစ်လိုက် ပျက်လိုက်ဆိုတော့ မီးလောင်လို့ဖြစ်ပျက် ရှိတာကိုး(မှန်ပါ့)

http://www.dhammadownload.com



အဲဒါမြင်လိုက်သဖြင့် တကာသစ်ဘယ်ဒိဋ္ဌိစင်သတုံး၊ (သဿတဒိဋ္ဌိစင်ပါတယ်) သဘော ကျပလား၊ (ကျပါပြီ)။

လောင်စာ သိမ်း၍ မီးငြိမ်းပြီးသကာလ အေးချမ်းတဲ့နေရာ မြင်လိုက်ပြန်တော့လဲ (ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ်ဘုရား)။

ခဏခဏ လောင်နေတာ မြင်သဖြင့် တကာ တကာမတို့ ငါ့ကိုယ် ငါ့ဟာ မဟုတ်ကြောင်းလဲ မထင်ရှားဘူးလား၊ (ထင်ရှားပါတယ် ဘုရား) အဲဒီမှာ သက္ကာယ စင်လိုက်သေးတယ်၊ (မှန်ပါ့) သဘော ကျပလား၊ (ကျပါပြီ)။

သက္ကာယစင်ဘယ်၊ သဿတကော၊ (စင်ပါတယ် ဘုရား) ဥစ္ဆေဒရော၊ စင်ပါတယ်ဘုရား) အဲဒါနိဗ္ဗာန်သဘောကျလို့ ဒါလောက်စင်သွားတာ (မှန်ပါ့)။

နိဗ္ဗာန်ဟာ အေးငြိမ်းတဲ့နေရာ၊ တကာ တကာမတို့ တစ်ခေါက်ပြန်ပြောလိုက်ပါမယ်၊ (မှန်ပါ့) လောင်စာသိမ်း၍ မီးငြိမ်းတဲ့နေရာ ဘာခေါ်မယ်၊ (နိဗ္ဗာန်ပါဘုရား) ဩော်....ဒါဖြင့် မီးအဆုံးမှာ အအေးရှိတယ်ဆိုတာပေါ်လာတယ်၊ (ပေါ်လာပါတယ်ဘုရား)။

မီးအဆုံးမှာ (အအေး ရှိပါတယ်ဘုရား) ဒါဖြင့် အပူအဆုံးမှာ အအေးရှိတယ်၊ (မှန်ပါ့)။

ဒါဖြင့် အပူအဆုံးမှာ အအေးရှိတာ သိသဖြင့် အပူကဒုက္ခသစ္စာ၊ (မှန်ပါ့) အအေးက၊ (နိရောဓသစ္စာပါဘုရား) နိရောဓသစ္စာဆိုတာပေါ်ပလား၊ (ပေါ်ပါပြီဘုရား) ဒါဖြင့် နိဗ္ဗာန်ရှိ-မရှိ၊ (ရှိပါတယ်ဘုရား)။

http://www.dhammadownload.com



ဒီလိုဆိုတော့ ဥစ္စေဒဒိဋ္ဌိ ဘယ့်နှယ်နေသတုံး၊ (စင်ပါတယ် ဘုရား) တကာ တကာမတို့ အပါယ်လေးပါး တံခါးပိတ်ပြီ နော်၊ (မှန်ပါ့) ဥစ္စေဒဒိဋ္ဌိ စင်ပလား၊ (စင်ပါပြီ ဘုရား) သဘောပါပလား၊ (ပါ-ပါပြီဘုရား)။

တစ်ခါ ပထမစ,တက်လာတုန်းက ဖျတ်ဖျတ်,ဖျတ်ဖျတ်နဲ့ လောင်စာနဲ့မီးတွေ လောင်လောင်,လောင်လောင်ပြီး ပြာကျ တာတွေ လောင်လောင်, လောင်လောင်ပြီး ပျောက်သွားတာ တွေ့မြင်လိုက်သဖြင့် သဿတဒိဋ္ဌိရော၊ (စင်ပါတယ် ဘုရား) ကိုယ့်ခန္ဓာ ခိုင်တယ်,မြဲတယ် ယူသေးရဲ့လား၊ (မယူပါဘုရား) ဘယ်ဒိဋ္ဌိစင်သွားသတုံး၊ (သဿတဒိဋ္ဌိစင်ပါတယ်ဘုရား)။

ခဏခဏလောင်ပြီး ခဏခဏ ပျောက်နေတဲ့ သဘောမြင် သဖြင့် ငါ့ကိုယ် ငါ့ဟာကော စွဲသေးရဲ့လား၊ (မစွဲပါဘုရား) ဒါဖြင့် သက္ကာယ ဒိဋ္ဌိကော၊ (စင်ပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်တလုံး သဘောကျလိုက်တာ တကာ တကာ မတို့ သက္ကာယဒိဋ္ဌိလဲ ပြုတ်၊ (မှန်ပါ့ဘုရား) သဿတဒိဋ္ဌိရော- (ပြုတ်ပါတယ်ဘုရား) ဥစ္စေဒဒိဋ္ဌိရော (ပြုတ်ပါတယ်ဘုရား)။

အဲဒီ အပြုတ်ကြီးပြုတ်လေသောကြောင့် ဒီတရားကို အား မထုတ်ဘဲနဲ့ သိတာနဲ့ပဲ ခင်ဗျားတို့တဘဝ အပါယ်လေးပါး

http://www.dhammadownload.com



တံခါးပိတ်တယ်၊ (မှန်လှပါဘုရား) အားထုတ်ပြီး ကိုယ်တိုင် အေးတဲ့နေရာ ဉာဏ်ရောက်မယ် ဆိုလို့ရှိယင် ဘယ်တော့မဆို အစဉ်အမြဲ အပါယ်လေးပါး တံခါးပိတ်တယ်၊ (မှန်လှပါ) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

ကဲ....နာရီစေ့ပြီ၊ ယနေ့ တော်ကြဦးစို့။

သာဓု....သာဓု....သာဓု။

http://www.dhammadownload.com

ကျေးဇူးတော်ရှင်- အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း မိုးကုတ်ဆရာတော်ဘုရား
အမရပူရမြို့မမွာရုံ၌ ဟောကြားဆုံးမတော်မူသော
( ဓိဋ္ဌိနဲ့ ၁နည်း )

# နေ့အလုပ်ပေး-တရားတော်

(၂၀-၈-၆၁)

အားလုံးတရားနာလာကြတဲ့တကာတကာမတွေသာသနာတွင်း တရား, သာသနာပ တရားရယ်လို့ တရားဟာ နှစ်မျိုး ရှိတယ်လို့ မှတ်ထားရမယ်နော်၊ (မှန်ပါ့)။

သာသနာတွင်းတရား, သာသနာပတရားလို့ ဘယ်နှစ်မျိုး ရှိပါလိမ့်၊ (နှစ်မျိုးရှိပါတယ်ဘုရား)။

နှစ်မျိုးရှိတယ်လို့ဘုန်းကြီးတို့ တကာတကာမတွေက မှတ်ထားတော့ သာသာနာတွင်း တရားက ဘယ်ဟာ၊ သာသနာပ တရားက ဘယ်ဟာဆိုတဲ့ဥစ္စာ စဉ်းစားကြည့်တော့မှတဲ့ သာသနာပမှာ ဝေလာမပုဏ္ဏားကြီးတို့ဒါန,သီလတွေလုပ်ပါတယ်.... သာသနာပမှာ ဘုရားလောင်းပါပဲ၊ (မှန်ပါ့)။

သြော်.... သူတို့ကတော့ဖြင့် သာသနာပ တရားတွေပဲ ဝိပဿနာမရှိရှာဘူး၊ (မှန်ပါ့) သာသနာတွင်း တရားကတော့ ဖြင့်ဝိပဿနာလို့ မှတ်ထားပါ၊ (မှန်ပါ့)။

http://www.dhammadownload.com



ဒါဖြင့်ဒါနှ, သီလက ဘာပါလိမ့်၊ သာသာနာပတရားပါ ဘုရား) သာသနာပ၊ သာသနာတွင်းလဲ လုပ်နိုင်ပါတယ်၊ (မှန်ပါ့) သို့သော် ဝိပဿနာကတော့ဖြင့် သာသနာတွင်း သက်သက်မှ ပေါ်တယ်လို့ မှတ်ထားပါနော်၊ (မှန်ပါ့)။

"ဝိပဿနာဉာဏံ သာသနသ္မိံ ယေဝ ဟောတိ"ဝိပဿနာ ဉာဏံ=ဖြစ်ပျက်ကိုရှုနိုင်တဲ့ ဝိပဿနာဉာဏ်သည်၊ သာသနသ္မိံ ယေဝ=သာသနာတွင်း၌သာလျှင် ဆိုတော့ သာသနာတွင်းမှာ ပဲ သူကတော့ ပေါ်မှာပဲတဲ့၊ (မှန်ပါ့ဘုရား)။

သာသနေ-သာသနာသည်၊ ဩသက္ကိတေ=ဆုတ်ယုတ်သွား သည်ရှိသော်၊ဝိပဿနာဉာဏံ=ဝိပဿနာဉာဏ်သည်၊ နဟောတိ မဖြစ်ဘူး တဲ့၊ (မှန်ပါ့ ။

ဒါဖြင့် ဝိပဿနာဉာဏ် ကွယ်သွားလို့ရှိယင် နိဗ္ဗာမရောက် တော့ဘူး၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။ ဝိပဿနာဉာဏ်ကွယ်သွားယင်ဖြင့်၊ (နိဗ္ဗာန် မရောက်တော့ပါ ဘုရား)။

နိဗ္ဗာန်ကျေးဇူးပြုတဲ့ တရားတွေတော့ရှိရဲ့၊ တိုက်ရိုက်ဝင်တဲ့ တရားက ရှာမတွေ့ဖြစ်သွားပြီ၊ (မှန်ပါ့)။

ဒါ့ကြောင့် ဘုန်းကြီးတို့တကာတကာမတွေ မိမိပါရမီဟာ နုနုကလေးပဲလား၊ ရင့်နေရော့လားလို့ဆိုတာ ကိုယ့်ဟာကိုယ် အကဲခတ်ယူပါ၊ (မှန်ပါ့ဘုရား)။

ကိုယ့်ဟာကိုယ်အကဲခတ်လိုက်တဲ့အခါကျတော့မှသာသနာ တွင်းလဲဖြစ်ပြန်, ဝိပဿနာဉာဏ်ပေးမည့် ဆရာသမားနဲ့လဲတွေ့ ပြန်၊ ဝိပဿနာဉာဏ်မှလဲ ဒိုသည်ကားလို့ ဆိုလို့ရှိယင်ဖြင့်

http://www.dhammadownload.com



ကျေးဇူးများလိမ့်မယ်ဆိုတဲ့ ထောင်နိုင်တဲ့ နွားနဲ့ ထောင်ပြီး ဒို့က ကြိုးစားပြန်ဆိုတော့ ဒို့ဟာ ပါရမီပြည့်ပြီးသားပဲ–လို့ ဆုံးဖြတ်ချက်ချလိုက်၊ (မှန်ပါ့ဘုရား)။

ဘယ်လို ဆုံးဖြတ်ချက် ချမလဲ၊ (ပါရမီ ပြည့်ပြီးသားပါ ဘုရား)။

ပါရမီပြည့်ပြီးသားလို့ ဘုန်းကြီးတို့တကာတကာမတွေက ဆုံးဖြတ်ချက်ချတော့ သြော်–ဒီ့ပြင်ပါရမီကတော့ဖြင့် အကုန် ပြည့်ပြီးလူ့ဘဝရပြီ သဒ္ဓါသမ္ပတ္တိဘာဝဒုလ္လဘတွေနဲ့လဲ ပြည့်စုံ ပြီ၊ ပြည့်နေပေမယ့်လဲ သြော်–ဒို့သည်ကားလို့ဆိုယင်ဝိပဿနာ ဉာဏ် တည်းဟူသော အကူအညီ မပေးခဲ့သော် ပါရမီသည် တကာတကာမတို့ ဆုတ်ယုတ်သွားလိမ့်မယ်၊ (မှန်ပါ့)။

မီးခဲတွေ ပြာဖုံးပြီးသကာလ လှာတာကို ဝိပဿနာဉာဏ် တည်းဟူသော လေနဲ့ မှုတ်လိုက်ရလို့ရှိယင်ဖြင့် ကိလေသ မီး တွေကိုလောင်ပြီးသကာလ သြော် ဒီဘဝ ကိစ္စပြီးတော့မှာပဲ လို့ ဆုံးဖြတ်ချက်ချ၊ (မှန်ပါ့ဘုရား)။

ကဲ....ဒါဖြင့် တကာတကာမတို့ ခင်ဗျားတို့သာသနာတွင်း သားလား-သာသနာပသားလားလို့ ကိုယ့်ဟာကိုယ် စစ်ဆေး မိကြရဲ့လား၊ (စစ်ဆေးမိပါတယ်ဘုရား) ဘယ်ထဲ ရောက်နေ သလဲ၊ (သာသနာတွင်းသားပါဘုရား)။

သြော်-ဒါဖြင့် သာသနာတွင်းမှာ ပါရမီတွေ စုံပြီးသကာ လ ကြုံကြပြီဆိုတော့ ဘာကလေးတခု ဖြည့်စွက်စရာကျန်သေး လဲလို့ မေးတဲ့အခါကျတော့ဖြင့် တကာတကာမတို့ ဝိပဿနာ ဉာဏ်ကလေးတခု ဖြည့်စွက်ဖို့ လိုသေးတယ်၊ (မှန်ပါ့)။

http://www.dhammadownload.com



လူ့ဘဝရပြီဗျာ၊ (မှန်ပါ့)သဒ္ဓါသမ္ပတ္တိဘာဝဒုလ္လဘကောဗျာ၊ (ရပါပြီဘုရား)။

ရပြီဆိုတော့ တကာတကာမတို့ ဒါကလေးတခု လိုနေတာ ဒို့-ဖြည့်လိုက်ရလို့ ရှိယင် ပါရမီ အကုန်ပြည့်လို့ လိုရာခရီး အရောက်ကြီး ရောက်တော့မယ်ဆိုတာ ဘာမှသံသယမရှိပါနဲ့ (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဝိပဿနာဉာဏ်ကိုဖြင့် ဒါနလုပ်လဲ သူ့-ဖြည့်စွက်ရမှာပဲ၊(မှန်ပါ့)သီလဆောက်တည်လဲ၊ (ဖြည့်စွက်ရမှာပါဘုရား)နေရာတိုင်းမှာ သူ့အကူအညီ အကုန်ယူပြီး သကာလ ငါတို့သည်ကားလို့ဆိုယင်ဖြင့် ရှေ့ ဒီ-ဝိပဿနာဉာဏ်,မဂ်ဉာဏ်ကို မလုပ်သေးသရွေ့ ကာလပတ်လုံး ဘယ်သူဟာ နွားတွေ လည်ပင်းလှီးသတ်နေသတဲ့-၊သြော်....ဝိပဿနာဉာဏ်,မဂ်ဉာဏ် မရသေးယင် ဒို့-ပါဦးမှာပဲ ဒီအထဲကို၊ (မှန်ပါ့) ဒီလိုသာ ဆုံးဖြတ်ချက်ချပါ၊ (မှန်ပါ့ဘုရား)။

ဘယ်သူသည်ကားလို့ဆိုယင် ဆိတ်တွေ လည်ပင်းလှီးသတ်နေသတဲ့၊သြော်-ဒီအထဲလဲ ဒို့ ပါဦးမှာပဲ၊ (မှန်ပါ့) ဝိပဿနာဉာဏ်,မဂ်ဉာဏ် မရသေးယင်လေ၊ (ပါရပါမယ်ဘုရား) ပါရမှာပါပဲ။

ဘယ်မှာ တိုင်းပြည်တပြည်လုံး ရေလွှမ်းမိုးပြီး သကာလ မီးတောင်ကြီးပေါက်ကွဲလာသတဲ့၊တပြည်လုံးရှာမတွေ့ဘူးတဲ့၊ ဒီအထဲလဲ ဒို့ပါဦးမှာပဲ၊ (မှန်ပါ့)။

ဝိပဿနာဉာဏ်, မဂ်ဉာဏ် မရသေးယင်၊ (ပါဦးမှာပဲ) ပါမှာပဲဆိုတာ သေချာပလား၊ (သေချာပါပြီဘုရား)။

http://www.dhammadownload.com



ဟော-ဘယ်သူဟာဖြင့် လမ်းမှာ တောင်းစား နေသတဲ့၊ သတ္တုခွက် အပိန်အရွဲ့နဲ့ ကိုယ်ကလဲ မစွမ်းမသန်နဲ့၊ ကြည့်ရှုရတာ ရုပ်ရေရူပကာယကလဲ ပျက်နေသတဲ့၊ (မှန်ပါ့)အဲဒီအထဲမှာလဲ ဝိပဿနာဉာဏ် မဂ်ဉာဏ် မရသေးယင် သြော်- ဒို့လဲ ဒီအသွား ရောက်ဦးမှာပဲ၊ (မှန်ပါ့ ။

သေသေချာချာ ဒါ သံယုတ် ပါဠိတော်မှာ လာပါတယ်။ (မှန်ပါ့)။

ဒါကြောင့် ခင်ဗျားတို့ ဘုန်းကြီးက ချောက် ပြောတယ်လို့ မယူပါနဲ့နော်၊ (မှန်ပါ့) ပြုံးချိန် မဟုတ်သေးတာသာ သတိထားပါ၊ (မှန်ပါ့) ပြုံးချိန်ကဖြင့် တကာကြွယ် မရောက်သေးပါဘူး၊ (မှန်ပါ့ဘုရား) ဦးလှဘူးနော်၊ (မရောက်သေးပါဘုရား)။

ပြုံးချိန် မဟုတ်သေးဘဲနဲ့ ပြုံးနေလို့ ရှိယင် တကာသစ် ဘုန်းကြီး တစ်နေ့က ဘယ့်နှယ် ပြောသလဲ၊ အရူးပြုံးကွ၊ (မှန်ပါ့ ဘုရား)။

ပြုံးချိန် မရောက်ဘဲနဲ့ ပြုံးနေတာ (အရူးပြုံးပါ ဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

အဲဒီတော့ကို မဂ်ဉာဏ် ဖိုလ်ဉာဏ် ရအောင်၊ မဂ်ဉာဏ်ရယင် ဖိုလ်ဉာဏ်ရတာပါပဲ၊ (မှန်ပါ့)အဲဒီတော့ သာသနာတွင်းသားနဲ့တူအောင် သာသနာတွင်းအလုပ်ကိုလဲ တကာ တကာမတွေ လုပ်ပါဆိုတဲ့ဥစ္စာ သိကြားလိမ့်မှာတဲ့ ပုဂ္ဂိုလ်က တိုက်တွန်းလို့ ရှိယင် မသိတဲ့ပုဂ္ဂိုလ်က ကိုယ့်စိတ်နဲ့ ဆုံးဖြတ်ချက် မချနိုင်လဲ

http://www.dhammadownload.com



ဘုရားအားကိုးပြီး တရားအားကိုးပြီးသကာလ လိုက်မြဲတိုင်း သာလိုက်ပါ၊ (မှန်ပါ့ ဘုရား) ကိုယ့်ဉာဏ်နဲ့ဖြင့် တွေးဆပြီး သကာလ မနေပါနဲ့၊ မှီမှ မမှီတာကိုး၊ (မှန်ပါ့)။

ကိုင်း–တကာတကာမတို့ လမ်းမှာသတ္တုခွက် အပိန်အရွဲ့နဲ့ တောင်းစား နေတာ မြင်လိုက်ယင် ခင်ဗျားတို့ ဘယ်လို အောက်မေ့ရမလဲ(တပည့်တော်တို့လဲ ရောက်ရဦးမှာပါဘုရား) ဝိပဿနာဉာဏ် မဂ်ဉာဏ် မရသေးယင် (ရောက်ရမှာပါဘုရား) ဒီအထဲ ဒို့ပါရဦးမှာပဲ၊ ဒီ အဖြစ်မျိုး ဒို့ ကြုံရဦးမှာပဲလို့ ဆိုပြီး သကာလ ဒီလိုသာ နှလုံး သွင်းသွားပါ၊ (မှန်ပါ့) ဖြစ်ခဲ့လှ ပြီလို့ နှလုံးသွင်း၊ (မှန်ပါ့ဘုရား)။

ငါ-ပျင်းရိနေသေးလို့ သားရေး၊ သမီးရေး၊ စီးပွားရေး ကြောင့် အချိန်တွေဖင့်နွဲ့ပြီးသကာလ နေသေးယင်လဲ့ ဩော်-မင်းလဲ ဒီအထဲ ပါဦးမှာပဲလို့ ဆုံးဖြတ်ချက် ချ၊ (မှန်ပါ့) ပေါ်ကြပလား၊ (ပေါ်ပါပြီ ဘုရား)။

ဘသူသည်ကားလို့ ဆိုလို့ ရှိယင်ဖြင့် တကာ တကာမတို့ နူရွဲ့ဝဲပြီးသကာလ နေတယ်၊ မည်သူတစ်ဦး တစ်ယောက်မှ မသထာဘူး၊ ဘယ်တော့သေပါ့မလဲလို့ သတိလစ်နေကြတာပဲ၊ ပြောသံကြားရတယ်၊ မြင်ရတယ်ဆိုကြပါစို့(မှန်ပါ့) ဝိပဿနာဉာဏ် မဂ်ဉာဏ် မရသေးယင် ဒို့လဲ ဒီအထဲ ပါဦးမှာပဲ၊ (မှန်ပါ့)ရှင်းပလား၊ (ရှင်းပါပြီ)ရှေးကလဲ ပါခဲ့လှလေပြီလို့ ဆုံးဖြတ်ချက်ချပါ၊ (မှန်ပါ့ ဘုရား)။

ရှေးကလဲ ဘာတုံး၊ (ပါခဲ့ပါပြီ) ဒါကြောင့် ဘုန်းကြီးတို့ ဒကာတကာမတွေမပြုံးနဲ့ဦး၊မပြုံးနဲ့ဦးဆိုတဲ့ဥစ္စာ အလကား

http://www.dhammadownload.com



ရမ်းပြီးသကာလ သြော်-ဒီအဖြစ်မျိုး ကြောက်လှချည့်ရှဲဆိုရုံနဲ့ မပြီးဘူး၊ (မှန်ပါ့ဘုရား)။

ဒီအဖြစ်မျိုးကြောက်လှချည့်ရှဲ၊ကျုပ်ဖြင့်နှလုံးတုန်လှချည့်ရှဲ အင်း- သွားကိုမကြည့်ရဲဘူးတဲ့၊ (မှန်ပါ့) အို မကြည့်ရဲပေမယ့် ကိုယ်ကိုယ်တိုင် ဖြစ်ရလိမ့်ဦးမယ်၊ (မှန်ပါ့ဘုရား)။

ဒီဝိပဿနာဉာဏ်, မဂ်ဉာဏ်သာ အားမထုတ်ယင် ခင်ဗျားတို့က မကြည့်ရဲဘူးလို့ သွေးကြီးမနေနဲ့၊ကိုယ်ကိုယ်တိုင်ဖြစ်ရလိမ့်ဦးမယ်လို့ ဆုံးဖြတ်ချက်ချ၊ (မှန်ပါ့ဘုရား)။

ဘယ်လို ဆုံးဖြတ်ချက်ချကြမယ်၊ (ကိုယ်ကိုယ်တိုင် ဖြစ်ရလိမ့်ဦးမယ်ပါဘုရား)။

ကဲ-မကြည့်ရဲဘဲ့ပုဂ္ဂိုလ်က တကာသစ်ရေ-ဘာဖြစ်ရဦးမှာတုံး၊ (အနူအဝဲ ဖြစ်ရဦးမှာပါဘုရား)။

အဲဒီတော့ ကိုယ်ကိုယ်တိုင် ဖြစ်ရဦးမှာပဲဆိုတာ သိတော့ တကာသစ်တို့,ဦးမာဒင်တို့လန့်ပြေးတယ်၊(လန့်ပြေးပါတယ်) လန့်ပြေးတဲ့ အခါကျတော့မှ ဘုန်းကြီးတို့ တကာတကာမတွေ့ သြော် .. ဒီအဖြစ်မျိုး ကြုံလဲ မကြုံချင်ဘူး၊ တွေ့လဲ မတွေ့ချင်ဘူး၊ ကဲ-ကယ်မည့်သူ ယူမည့်သူရှာပါ့မယ်ဆိုတော့"ဝိပဿနာဉာဏံ သာသနသ္မိံ ယေဝ ဟောတိ" သြော်- ဝိပဿနာဉာဏ်, မဂ်ဉာဏ်ရလို့ရှိယင်တော့ မဖြစ်တော့ဘူးတဲ့၊(မှန်ပါ့)ဆိုတော့ ကိုယ့်ကိုယ်ကို ကာကွယ်ရေးဟာ ဝိပဿနာဉာဏ်, မဂ်ဉာဏ်၊ (မှန်ပါ့) ကိုယ်ကိုယ်တိုင် လုံခြုံရေးဟာကော၊(ဝိပဿနာဉာဏ် မဂ်ဉာဏ်ပါဘုရား)။

http://www.dhammadownload.com



ဝိပဿနာဉာဏ်ဖြင့် ကိုယ့်ကိုယ်ကိုစိတ်ချရတဲ့ အရေးဟာ.... (ဝိပဿနာဉာဏ်, မဂ်ဉာဏ်ပါဘုရား)။

ဒါဖြင့် စိတ်မချရ သေးယင် ကျုပ်တို့ ဘာလုပ်ရမလဲ.... (ဝိပဿနာဉာဏ်, မဂ်ဉာဏ်ရအောင် လုပ်ရပါမယ်) လုပ်ရလိမ့်မယ်ဆိုတာ သေချာပလား၊ (သေချာပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ဘုန်းကြီးတို့တကာတကာမတွေ ကိုယ့်ကိုယ်ကယ်တင်တဲ့ အရေးဟာဖြင့် ဝိပဿနာဉာဏ်, မဂ်ဉာဏ်မှပဲ ကယ်တင်နိုင်တော့မယ် ဆိုတာ တကယ်တမ်း သိပြီးသကာလ နေကြလို့ရှိယင်ဖြင့် သာသနာတွင်းသားပီပီ ကိုယ့်ကိုယ်ကယ်တင်လိုက်တဲ့ လူဦးရေ အနည်းထဲမှာ ကိုယ်ပါနေတယ်၊ (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် အချိန်အလွဲသုံးစားနဲ့ တကာသစ်တို့၊ တကာကြွယ်တို့ မလုပ်ပါနဲ့ဆိုတာ သတိပေးရတယ်၊ (မှန်ပါ့)အချိန်အလွဲသုံးစားဆိုတော့လဲ ရိပ်မိကြ ပါလိမ့်မယ်၊ (ရိပ်မိပါပြီဘုရား)။

သားရေး ဂရုစိုက်နေယင်၊ (အချိန်အလွဲသုံးစားတာပါ) သမီးရေး ဂရုစိုက်နေယင်၊ (အချိန်အလွဲသုံးစားပါ) စီးပွားရေး ဂရုစိုက်နေယင်၊(အချိန်အလွဲသုံးစားပါ) အချိန် အလွဲသုံးစားချည့်ပဲဆိုတာ ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)။

သြော်– ငါသည် အချိန်သည်ကားလို့ဆိုယင် ဘာပါလိမ့်မတုံးလို့ ကိုယ့်ဟာကိုယ် တွေးလုံးထုတ်တဲ့အခါ ကျလို့ရှိယင်ဖြင့် လူမိုက်ချိန်ပဲဆိုတာ မှတ်လိုက်တာပေါ့၊ (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်၊ (လူမိုက်ချိန်ပါ) လူမိုက်တို့၏သွားရာလမ်းကတော့ အပါယ်လေးပါးပဲ၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဩော်.... မင်းသည်ကားလို့ ဆိုယင် ဒီ အချိန်ဟာ ဘာ အချိန်ပါလိမ့်မတုံးလို့ ကိုယ့်ကိုယ်ကိုယ် ဝိပဿနာဉာဏ်ကင်းတဲ့အချိန်မေးကြည့်လိုက်လို့ ရှိယင်ဖြင့် လူမိုက်ချိန်ပဲသာ မှတ်လိုက်၊ (မှန်ပါ့ဘုရား)။

ဝိပဿနာဉာဏ် ကင်းခဲ့သော်၊ (လူမိုက်ချိန်ပါဘုရား)သားကလေးပွေ့ပြီးသကာလ၊ သမီးကလေးပွေ့ပြီးသကာလ နေတယ်၊ကလေးထိန်းနေရတယ်၊ မအားဘူး၊ဝိပဿနာ အလုပ်နှလုံး မသွင်းနိုင်ဘူး၊ ဩော်....မင်း– ဘာလုပ်နေတာတုံး၊ ကလေးထိန်းတာပဲလား၊မိုက်နေတာပဲလားလို့ မေးကြည့်တာပေါ့၊(မိုက်နေတာပါ) မိုက်နေတာပဲ ဆိုတာ သေချာပလား၊ (သေချာပါပြီဘုရား)။

သို့သော် ခင်ဗျားတို့ ဆင်ခြေနဲ့ ခင်ဗျားတို့ လဲချင်တာတော့ လဲလိမ့်မယ်၊ (မှန်ပါ့,ကိုယ့်ကလေးမှ ကိုယ် မထိန်းနိုင်လို့ ရှိယင် ဘယ်သူ ထိန်းပေးမှာတုံး၊ ကိုယ့် ဝတ္တရားက ရှိနေသေးတယ်ဆိုတော့ ဩော်... သူ့ကိုယ်သူ ဝိပါကဝဋ် မကျွတ်သေးဘူးလို့ ပြောတာ၊ (မှန်ပါ့ဘုရား)။

ဘယ်လိုပြောတာပါလိမ့်(ဝိပါကဝဋ် မကျွတ်သေးဘူးလို့ ပြောတာပါဘုရား)။

ဟ–ဝဋ် မကျွတ်သေးတာများ တကာတကာမတို့ ကျွတ်အောင်သာ လုပ်ဖို့ အရေးကြီးတယ်၊ (မှန်ပါ့) မကျွတ်သေးတာကို ကျုပ်ဝဋ်မကျွတ်သေးဘူး၊ကျုပ် ဝဋ်မကျွတ်သေးဘူးလို့ ဘယ်သူက သာစုခေါ်မှာမို့ ဒါလောက် ဂုဏ်ထုတ်နေရတာ

http://www.dhammadownload.com



တုံး (မှန်ပါ့) ဘယ်သူက သာခု ခေါ်မှာတုံး၊ ခင်ဗျားတို့ (ဘယ်သူကမှ မခေါ်ပါဘုရား)။

အဲဒါ တချို့ တကာ တကာမတွေက သူများ ငေါ့သလို စောင်းသလိုနဲ့ ကိုယ့်သား သမီးနဲ့ ဒီအငယ်ကလေး ဒီလိုမှ မစောင့်ရှောက်ယင် ဘယ်မှာလူလားမြောက်တော့မတုံး ဆိုပြီး ဒါကိုသူ့အရေးထဲ ထည့်ပြီးသကာလ တစ်ခါတည်းဂုဏ်ယူတဲ့ သဘော၊ (မှန်ပါ့) စင်စစ်တော့ မိုက်ဂုဏ် ယူတာ၊ (မှန်ပါ့)။

ဘာယူတာပါလိမ့်၊ (မိုက်ဂုဏ်ယူတာ) မိုက်ဂုဏ်ယူတာကို ပင်လျှင် တကာကြွယ် ဟုတ်ပေလိမ့်မယ် မလိုက်ပါနဲ့၊ (မှန်ပါ့) ဟုတ်ပေလိမ့်မယ် လိုက်လို့ရှိယင် ခင်ဗျားက အဆင်းတွန်းတဲ့ လူထဲအပါအဝင်ပေါ့ဗျာ၊ (မှန်ပါ့)မဆိုနိုင်ဘူးလား၊ (ဆိုနိုင်ပါတယ်ဘုရား)။

အေး-ဒီ အချိန်တွေ မသုံးကောင်းဘူး၊ မဖြုန်းကောင်းဘူးဟ၊ သာသနာတွင်း-ဟ၊ ဝိပဿနာဉာဏ်နဲ့ အချိန်ကုန်ပစေ၊ ဒို့ဆရာဘုန်းကြီးလဲ ဆုံးမထားတယ်၊ ဘုရားကိုယ်တော်မြတ်ကြီး အလိုတော်ပြည့် အဋ္ဌကထာ ဆရာတွေကလဲ ပြောထားတယ်၊ သာသနာတွင်းအလုပ် လုပ်ပါကွဲ့၊ လုပ်ပါကွဲ့ ဆိုတာ တိုက်တွန်းရတယ်၊ (မှန်ပါ့)ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဝိပဿနာဟာ ဘယ် အချိန်မှာ ပေါ်ပါလိမ့်၊ (သာသနာတွင်းမှပေါ်ပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါ သာသနာတွင်းမှပေါ်တယ်ဆိုတာကို အခု သာသနာ ၂၅၀၀-ပျော့ပျော့လောက်ကျန်သေးခြားသော်လဲ

http://www.dhammadownload.com



တကာတကာမတို့ ဆရာသမားကောင်းနဲ့ တွေ့ပြီး သကာလ နေတဲ့ အချိန်မှာသဲ ပေါ်နိုင်ပါတယ်၊ (မှန်ပါ့) ဟိုဥရောပတို့ ဘာတို့မှာ ပေါ်နေတယ်လို့ ဆိုလို့ရရဲ့လား (မရပါ)သဘော ပါပလား၊ (ပါ-ပါပြီဘုရား)။

ဒါဖြင့် ကိုယ့်သာသနာတွင်းသားအလုပ်ကိုကိုယ်သည်ကား လို့ဆိုလို့ရှိယင် အတောင်းကြီးတောင်းလာတဲ့ဆု၊ အပြည့်ကြီး ပြည့်လာတဲ့ဥစ္စာကို မပြည့်သေးဘူး ထင်ပြီးသကာလဖြည့်စရာ ရှိတာ မဖြည့်ခဲ့သည်ရှိသော် တကာတကာမတို့ ပါရမီအညွန့် တုံး၍ အပါယ်လေးပါး စုန်းစုန်း မြုပ်ရလိမ့်မယ်၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

အဲဒါ ဒီနေ့ရှေ့ပိုင်းမှာ သတိပေးတာ ဘာပါလိမ့်မတုံး၊ ပြည့်ပြီးသားပုဂ္ဂိုလ်က ဝိပဿနာအလုပ် မလုပ်လို့ရှိယင် ပါရ မီ အညွန့်တုံးလို့ အပါယ် လေးပါး စုန်းစုန်း မြုပ်ရမယ် (မှန်ပါ့) သဘောပါပလား၊ (ပါ-ပါပြီဘုရား)။

ပါရမီအညွန့်တုံးလို့၊ (အပါယ်လေးပါး စုန်းစုန်း မြုပ်ရ ပါမယ်ဘုရား)။

ကဲ-မပြည့်ဘဲ့လူက မြုပ်ရတာလား-ပြည့်ပြီးသားမဖြည့်လို့ မြုပ်ရတာလား ပြည့်ပြီးသားမဖြည့်လို့မြုပ်ရတာပါဘုရား)

တကာကြွယ်ကြီး အေးစက်စက် လုပ်မနေနဲ့၊ (မှန်လှပါ) ဦးလှဘူးတို့ကော၊ (မလုပ်ပါဘုရား)။

အေးစက်စက်မလုပ်ပါနဲ့-၊ အေးစက်စက်ဆိုတာမျိုးသည် ကားလို့ ဆိုလို့ရှိယင် ကိုယ့်အရေးကိုယ်မသိတဲ့လူထဲပါသွား

http://www.dhammadownload.com



ပါတယ်၊ (ပါ-ပါတယ်ဘုရား) တကာသစ် မပါဘူး ဘုရား၊ (ပါ-ပါတယ်ဘုရား)။

အို....ရောင်းရေး, ဝယ်ရေးကလဲ အကြောင်းမညီညွတ်လို့ ဘာမှ အကြောင်း မညီညွတ်ဘူး ဆိုတာ မှတ်ထား၊ (မှန်ပါ့ ဘုရား)။

တကာကြွယ် ဘယ်တော့ အကြောင်း ညီညွတ် ဘူးသတုံး၊ (ဘယ်တော့မှ မညီညွတ်ဘူးပါဘုရား) ဟိုဟာကလိုနေတာနဲ့၊ ဒီဟာက ပိုနေတာနဲ့၊ လိုတာဖြည့်လိုက်ပြန်တော့ဖြည့်ထား ဘာ က မရောင်းရတာနဲ့၊ (မှန်ပါ့) ရောင်း ပြန်တော့သဲလိုနေတာ နဲ့ဆိုတော့ ဘယ်တော့ ပြီးတဲ့ အခါရှိသတုံး၊ (ဘယ်တော့မှ မပြီးပါဘုရား)။

အဲဒါ မပြီးတဲ့အလုပ်ကြီးကို မပြီးဘူးလို့ ပြောနေလာလဲ တကာကြီး ဦးမာဒင် ဒါ ...ဆင်ခြေလဲ့တာတမျိုးပဲ၊ (မှန်ပါ့) ပါရမီအညွန့်တုံးအောင် လုပ်နေတာတမျိုးပဲ၊ (မှန်ပါ့ဘုရား) ဆိုထိုက်ပလား၊ (ဆိုထိုက်ပါတယ်ဘုရား)။

ဘယ်လိုဆိုကြပါ့မယ်၊ (ပါရမီ အညွန့်တုံးအောင် လုပ်နေတာ တမျိုးပါဘုရား)။

ဒါဖြင့် ကိုယ့်သစ်ပင်ကလေး ကိုယ် အညွန့်ပေါက်အောင် ရေလောင်း၊ (မှန်ပါ့) ကိုယ်ပဲ ချိုးပစ် လိုက်တယ်၊ (မှန်ပါ့ ဘုရား) အညွန့် ပေါက်အောင် ရေလောင်းတာလဲ ဒီလူပဲ၊ (မှန်ပါ့ ဒီအပင်ကလေး ကြီးပွားမှာစိုးလို့ အညွန့်ချိုးတာလဲ (ဒီလူပါပဲဘုရား) ဟာ.... ရေလောင်းတုန်းက အကောင်း၊

http://www.dhammadownload.com



အညွန့်ချိုးမှ အရှူးဖြစ်ရရှာတယ်(မှန်ပါ့)မဆိုးဝါးဘူးလား၊ (ဆိုးဝါးပါတယ်ဘုရား)။

ရေလောင်းတုန်းကတော့ ဪ- အသိဉာဏ်ရှိရှာတယ်၊ သူဉာဏ်ညွန့်ပေါက်အောင်လို့ ရေလောင်းနေရှာတယ်၊ (မှန်ပါ့ဘုရား) မဆိုထိုက်ဘူးလား၊ (ဆိုထိုက်ပါတယ်ဘုရား) ဒီတွင် ဝိပဿနာဘက်က လျှော့လိုက်တဲ့အခါကျလို့ ရှိယင်ဖြင့် ပေါက်လာတဲ့ အညွန့်ကလေးကို ဆရာဘုန်းကြီးက ရေလောင်းပေးထားလို့ သူကိုယ်တိုင်ကလဲ အလောင်းခံလို့ ဉာဏ်ညွန့်ကလေးတော့ ထွက်မလာဘူးလားဗျာ၊ (ထွက်လာပါတယ်ဘုရား)။

အဲဒီထွက်လာတာကလေးတွေမလုပ်ပဲနေတော့ အဝိဇ္ဇာက ချိုးပစ်လိုက်တယ်၊ (မှန်လှပါ့ မသိတဲ့အဝိဇ္ဇာက မလုပ်မိတော့ ဒီအညွန့်ကလေး ကျိုးမသွားဘူးလား၊ (ကျိုးသွားပါတယ်ဘုရား) ဝိဇ္ဇာကို အဝိဇ္ဇာက ဖျက်ပစ်လိုက်တယ်၊ (ဖျက်ပစ်ပါတယ်ဘုရား)။

အဲဒါ အညွန့်ကလေး ကျိုးသွားတဲ့အခါ ကျလို့ ရှိယင်ဖြင့် တကာ တကာမတို့ လိုရာခရီးသုံးလို့ ကိစ္စပြီးနိုင် ပါတော့မလား၊ (မပြီးနိုင်ပါဘုရား)။

ဪ- ဒီ တကာ တကာမတွေ ဘာတွေပါလိမ့် မတုံးဆိုပါရမီဖြည့်ပြီးသား ဝိပဿနာ မလုပ်တဲ့ ပုဂ္ဂိုလ်များ ရေလောင်းပေး ဌားသော်လဲ ရေလောင်းတုန်းက အကောင်း၊ အညွန့်ချိုးနေတော့ အရူးဖြစ်နေ ပါပေါ့လား-လို့ ဆိုထိုက်, မဆိုထိုက် တကာကြွယ်၊ (ဆိုထိုက်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါ-သတိထားပါ၊ ခင်ဗျားတို့ကို သတိပေးတာပါ(မှန်ပါ့ဘုရား) ခင်ဗျားတို့ ပါရမီက အခု အသက်အရွယ်တွေ ကြီးကုန်တော့ နဂိုရ်ကမှ အညွန့်ကခပ်လှိုလှို ထွက်လာရတဲ့အထဲမှာ တကာ တကာမတွေက အဝိဇ္ဇာကိစ္စ, တဏှာကိစ္စတွေနဲ့ ဒီအညွန့်ကိုကြီးပွားအောင် မလုပ်တော့ဘူးဆိုတော့ အညွန့်တုံးသွားတယ်၊(တုံးသွားပါတယ်ဘုရား) မတုံးဘူးလား၊(တုံးပါတယ်ဘုရား)။

အဲ.... အညွန့်တုံးသွားလို့ ရှိယင်ဖြင့် တကာ တကာမတို့ဘာမှအသုံးချလို့ မဖြစ်တော့ဘူး၊အပါယ်လေးပါး၏ အစာသာဖြစ်တော့တယ် ဆိုတာ သဘောပါပလား၊ (ပါ-ပါတယ်ဘုရား) ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ နိဗ္ဗာန်အကြောင်း ဆက်ကြစို့၊ (မှန်ပါ့)။

ဝိပဿနာအလုပ် လုပ်တော့မယ်၊ တပည့်တော်တို့ သာသနာတွင်း တရားကြုံးစား ပါတော့မယ် ဆိုတော့ ဆရာဘုန်းကြီးက ဟာ-ဝိပဿနာအလုပ်ဆိုလို့ရှိယင်ကွာ ဒါကဝေဒနာရှုတာပေါ့- စိတ်ရှုတာပေါ့၊ ဒီလိုပဲ ပြောကြမှာပဲ၊ (မှန်ပါ့)

ဒါ-ဝိပဿနာပေါ့ကွ၊ "သရာဂစိတ္တံ သရာဂစိတ္တန္တိ ပဇာနာတိ"ဆိုတာ ဝိပဿနာတွေပေါ့၊ "သုခံ ဝါ ဝေဒနံ ဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာမီတိ" ဒီဝေဒနာတွေ ဖြစ်ပျက်ကို သိအောင်လုပ်နေယင် ဒါ-ဝိပဿနာပေါ့၊ အဲဒါလုပ်တာပေါ့၊(မှန်ပါ့) ဒီလိုဟောကြလိမ့်မယ်၊ (မှန်ပါ့)။

http://www.dhammadownload.com



ဒီလိုဟောတော့ တကာ တကာမတွေကလဲ ဘာမှမသိတဲ့ အခါကျတော့ ဩော်....ဒါကစ,ပြီး ဒီလိုလုပ်ရပဲ ... ဆိုတော့ တကာကြွယ် ဒီအတိုင်းလုပ်ကြစို့ ဆိုပြီးလုပ်လိုက်တာပေါ့ဗျာ၊ (မှန်လှပါဘုရား)။

လုပ်လိုက်တော့ဘုန်းကြီးကဖြစ်စေဘုရားကဖြစ်စေမင်းလုပ်တာတော့ဟုတ်ပါပြီ၊ ဝိပဿနာ လုပ်တာဟာ ဘာလုပ်ဖို့တုံး မေးတဲ့အခါကျတော့တကာကြွယ်တို့တကာသစ်တို့ကဘယ့်နှယ်ဖြေပါ့မတုံး၊ နိဗ္ဗာန်လိုချင်လို့ ဘုရား၊ (မှန်ပါ့)ဒီ့ပြင်ဘာဖြေစရာရှိသေးသတုံး၊ (ဒါဘဲဖြေရတော့မယ်ဘုရား) ဘာလိုချင်တာတုံး၊ (နိဗ္ဗာန်လိုချင်တာပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်လိုချင်လို့ဆိုတော့ နိဗ္ဗာန်ဆိုတာ ဘယ်လိုတုံး သိရဲ့လားလို့ မေးတော့ မသိဘူး၊ (မှန်လှပါ)ဟော .. မသိဘူး လို့ ဖြေပြန်တယ်၊ (ဖြေမှာပါဘုရား)။

မသိဘူးလို့ ဖြေပြန်တဲ့အခါကျတော့ သူဟာ လိုသာလိုချင်တာ၊ အကောင်းအဆိုး မသိပါဘူးဆိုတော့ တကာတကာမတို့ အရောက်သွားပို့ ခြေလှမ်းသွက်ပါ့မလား၊ (မသွက်ပါဘုရား) ဟာ–ဒီပုဂ္ဂိုလ်လဲနိဗ္ဗာန်မရနိုင်ဘူး၊(မှန်ပါ့ဘုရား)ဘာ့ကြောင့်တုံး၊ မသိတဲ့ အဝိဇ္ဇာနဲ့ သူလုပ်နေလို့၊ (မှန်ပါ့)။

နိဗ္ဗာန်မသိတဲ့ အဝိဇ္ဇာနဲ့သူလုပ်နေလို့ နိဗ္ဗာန်ကို၊ (မရနိုင်ပါဘုရား) မရနိုင်ဘူးဆိုတာ ပေါ်ကြပလား၊ ပေါ်ပါပြီဘုရား)။

နည်းနည်းသိပြန်တော့လဲ တနေ့က ပြောသလိုပဲ နိဗ္ဗာန်ဆိုတာ ရုပ်နာမ်ချုပ်ငြိမ်း,ရုပ်သိမ်းပြီး ဘာမှမရှိတာ-နိဗ္ဗာန်ပဲ

http://www.dhammadownload.com



ဆိုတော့လဲ တကာသစ်ဘာတဲ့၊ (ဥစ္ဆေဒဒိဋ္ဌိပါဘုရား) ဥစ္ဆေဒ ဒိဋ္ဌိတက်သွားပြန်တယ်၊ (မှန်ပါ့)။

ဒါဖြင့် နိဗ္ဗာန်မသိတဲ့ ပုဂ္ဂိုလ်ဟာ တကာတကာမတို့ ဥစ္ဆေဒ ဒိဋ္ဌိရှိလျက်နဲ့ ဆရာက ဝိပဿနာအလုပ်ခိုင်းလို့ လုပ်နေလို့ ရှိယင် မရပါဘူးဘဲ့၊ (မှန်လှပါဘုရား) ဒီစကားမြဲမြဲမှတ်ပါ၊ (မှန်ပါ့ဘုရား)။

နိဗ္ဗာန်မသိတော့ဘူး....၊ သိပြန်တော့လဲဥစ္ဆေဒဒိဋ္ဌိ အသိနဲ့ သိနေတယ်ဆိုကြပါစို့၊ (မှန်ပါ့၊နိဗ္ဗာန်ဆိုတာ ဘာမှမရှိတာ နိဗ္ဗာန်ခေါ်တာပဲ၊ရုပ်နာမ်ချုပ်ငြိမ်းရုပ်သိမ်းသွားတာနိဗ္ဗာန် ခေါ်တာပဲဆိုတော့ ဘာရှိသေးသတုံး၊ (ဘာမှမရှိပါဘုရား) ဘာမှမရှိတာ သူ နိဗ္ဗာန်လို့မခေါ်ဘူးသား၊ (ခေါ်ပါတယ် ဘုရား)။

ဒါဖြင့် ဘာမှမရှိတာ နိဗ္ဗာန်လို့ သူခေါ်ထားတော့ သူ့ ဉာဏ်ဟာ သူသိတဲ့ ဒိဋ္ဌိဟာ ဥစ္ဆေဒဒိဋ္ဌိသွားဖြစ်တယ်၊ (မှန်ပါ့ ဘုရား)။

သူသိတဲ့ ဒိဋ္ဌိဟာ၊ (ဥစ္ဆေဒဒိဋ္ဌိ သွားဖြစ်ပါတယ်ဘုရား) ဥစ္ဆေဒဒိဋ္ဌိ သွားဖြစ်တယ်ဆိုတာ တကာတကာမတွေ ရိပ်မိပြီ၊ (ရိပ်မိပါပြီဘုရား)။

အဲဒီတော့ သူ့ဝမ်းထဲမှာ ဥစ္ဆေဒဒိဋ္ဌိရှိလျက်နဲ့ နိဗ္ဗာန်ကို လို ချင်လို့အားထုတ်လို့ရှိယင် ဒါအာပေါက်အောင် အားထုတ် ပါတဲ့ မရဘူး၊ (မှန်လှပါဘုရား)။

တကာတကာမတို့ နိဗ္ဗာန်မသိဘဲနဲ့ အားထုတ် ပြန်တော့ ဥစ္ဆေဒဒိဋ္ဌိဝမ်းထဲခံနေတယ် (ခံနေပါတယ်ဘုရား)ခံနေတော့

http://www.dhammadownload.com



ကိုနိဗ္ဗာန် ရောက်ကြောင်း ဆိုပြီး အားထုတ်ပြောသော်လဲ သူ့ဝမ်းထဲ ဒိဋ္ဌိစင်ရဲ့လား၊ (မစင်ပါဘုရား)မစင်ဘဲနဲ့ အားထုတ်ယင် တကာကြွယ်, ဦးလှဘူး ဘယ်လို ဆုံးဖြတ်ချက် ချမလဲ၊ (မရပါဘုရား)။

ဟှာ....ဒါဖြင့် ဆရာ သမားဟာ ဦးမာဒင်ရေ သိပ်လိုပါကလား၊ (လိုပါတယ်ဘုရား)။

တကာကြီး တကာကြွယ်-နိဗ္ဗာန် လိုချင်တာ ရှိတာပဲဗျာ၊ ဒီ-အနိစ္စ,ဒုက္ခ,အနတ္တ အားထုတ်ရုံပဲ၊ ဒါတော့ လူတိုင်းပြောတတ်တယ်၊ (မှန်ပါ့ ဘုရား) ဒါဖြင့် အားထုတ်လိုက်ပါတယ်ဆိုတော့ ကိုယ်က ဒိဋ္ဌိပြုတ်ကဲ့လား၊ (မပြုတ်ပါ ဘုရား)နိဗ္ဗာန်အကြောင်း သိရဲ့လား၊ (မသိပါဘုရား) မသိတော့ဘယ်ဒိဋ္ဌိခံနေသတုံး၊(ဥစ္ဆေဒဒိဋ္ဌိ ခံနေပါတယ် ဘုရား)။

အဲ-ဥစ္ဆေဒဒိဋ္ဌိ ခံနေတော့ သူဟာ ဘာနဲ့ အားထုတ်နေတာတုံးဆိုတော့ ဘယ့်နှယ်ဖြေကြမလဲ၊ (ဥစ္ဆေဒဒိဋ္ဌိနဲ့ အားထုတ်နေတာပါဘုရား)။

ဥစ္ဆေဒဒိဋ္ဌိ မပယ်နိုင်ဘဲနဲ့ အားထုတ် နေတာ ဖြစ်သောကြောင့် တကာတကာမတို့ ဒိဋ္ဌိ ရှိလျက်နဲ့ အသိဉာဏ် ဒိဋ္ဌိမှ မကင်းဘဲနဲ့ အားထုတ်ခဲ့သော် အာပေါက်အောင်အားထုတ် မရဘူး၊(မရပါဘုရား ။

ဒါဖြင့် တကာ တကာမတို့ တကယ်ဒုက္ခချုပ်သိမ်း ငြိမ်းပြီး သကာလ ချမ်းသာရှိတဲ့ နိဗ္ဗာန် တကယ်တမ်း ရချင်ကြပါမူကား သုတမယဉာဏ်နဲ့ နိဗ္ဗာန်ရှိကြောင်းကိုတကယ်သိထားရ

http://www.dhammadownload.com



မယ်၊ (မှန်လှပါဘုရား) ထိုကဲ့သို့သိပြီးမှ အားထုတ်လို့ ရှိယင် တော့ ဥစ္ဆေဒဒိဋ္ဌိ ဝမ်းထဲရှိသေးရဲ့လား၊ (မရှိပါဘုရား) ဒီလို ဆိုယင် အားထုတ်လို့ရပါတယ်၊ (ရပါတယ်ဘုရား) ပေါ်ကြ မလား၊ (ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် ဒိဋ္ဌိဖြုတ်ပြီးမှ တကာတကာမတို့ ဝိပဿနာအလုပ်-လုပ်၊ (မှန်ပါ့) ဒိဋ္ဌိကို မဂ်နဲ့ ဖြုတ်တာ မဟုတ်ဘူး၊ အသိနဲ့ ဖြုတ်တာ ပြောတာ၊ (မှန်ပါ့)။

ဒိဋ္ဌိ မဂ်နဲ့ ဖြုတ်တာလား၊ အသိနဲ့ ဖြုတ်တာလား၊ (အသိနဲ့ဖြုတ်တာပါဘုရား)။

ကဲ-ဒါဖြင့် တကာကြွယ်ပဲ အကဲခတ်၊ တကာသစ်ပဲ အကဲ ခတ်ပေါ့ဗျာ၊ (မှန်ပါ့)။

နိဗ္ဗာန်ကျကျနန သူ့ ဝမ်းထဲမှာ သိပြီးမှ အားထုတ်တဲ့ ပုဂ္ဂိုလ်များ ရှိလေရော့လား၊ သို့မဟုတ် သူများ ပါးစပ် လမ်းဆုံးပြီး အနိစ္စ၊ဒုက္ခ၊အနတ္တကိုပဲ ဒါ ရှိတယ်လို့ ဒါတွင်ပဲ နိဗ္ဗာန်ဥစ္ဆေဒဒိဋ္ဌိ မဖြုတ်ဘဲနဲ့ လုပ်နေတဲ့ပုဂ္ဂိုလ် များသလား ဆိုတာ တကာကြွယ် အကဲခတ်ကြည့်ပါ၊ (နိဗ္ဗာန် ဥစ္ဆေဒဒိဋ္ဌိ မဖြုတ်ဘဲနဲ့ လုပ်နေတဲ့ ပုဂ္ဂိုလ်က များပါတယ် ဘုရား)။

မှသိဘဲ အားထုတ်နေတဲ့ပုဂ္ဂိုလ်က (များပါတယ်ဘုရား) မရဘူးလို့ ဆုံးဖြတ်ချက် ချ၊ (မှန်ပါ့)။

"ကိဉ္စိသမ်္ဂါရံ နိစ္စတော ပဿတော အနုလောမ ခန္တိယာ သမ္ပန္နာ ဂတော ဘဝိဿတိ နေတံ ဌာနံ ဝိဇ္ဇတိ" အင်္ဂုတ္တိုရ်ပါဠိ တော်က (မှန်ပါ့)၊

http://www.dhammadownload.com



ကွာ .. တခုသောတရားကိုခိုင်တယ်,မြဲတယ်,ပြတ်တယ်ဆိုတဲ့ ဒိဋ္ဌိရှိနေလို့ရှိယင်ကွာ–တဲ့၊ မင်းနိဗ္ဗာန် အသာထားပါတဲ့ သစ္စာသိတဲ့ဉာဏ်တောင် မရနိုင်ပါဘူးတဲ့ မှန်ပါ့)ကုန်ရော ကုန်ရော၊ (မှန်လှပါဘုရား)။

အဲဒီ သစ္စာသိတဲ့ဉာဏ်တောင် ၁-နံပါတ် မရနိုင်လို့ရှိယင် ၂-နံပါတ် မဂ်ဉာဏ်ဟာ သစ္စာသိပြီးမှ ပေါ်မည့် ဉာဏ်ကွ၊ (မှန်ပါ့၊ အဲဒီမဂ်ဉာဏ်လဲ မရနိုင်ဘူးတဲ့၊ (မှန်ပါ့)။

အဲဒီ မဂ်ဉာဏ်မှမရလို့ရှိယင် သောတာပန်, သကဒါဂါမ်, အနာဂါမ်ဆိုတဲ့,ရဟန္တာဆိုတဲ့ ဖိုလ်ပုဂ္ဂိုလ်တွေဖြစ်ဖို့ ငါဘုရား ဘယ်တော့မှ မဟောဘူးတဲ့၊ (မှန်လှပါဘုရား) ကဲ–ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် တကာတကာမတို့ နိဗ္ဗာန်သိမှု ဒိဋ္ဌိခွါမှုကို ဝိပဿနာရှုမှုထက် ရှေ့ထားပါ၊ (မှန်ပါ့ဘုရား အစီအစဉ် သဘောကျပလား၊ (ကျပါပြီဘုရား)။

နိဗ္ဗာန်သိမှု, ဒိဋ္ဌိခွါမှုကို ဝိပဿနာ ရှုမှုထက် ရှေ့ထားပြီး သကာလ သိနှင့်ရမယ်၊ (မှန်ပါ့)။

ရှင်းရှင်းပဲ ပြောနေတယ်၊ တကာတကာမတို့ နားလည်ပလား၊ (နားလည်ပါပြီဘုရား)။

ဝိပဿနာရှုမှုနဲ့ ဒိဋ္ဌိခွါမှု နိဗ္ဗာန်သိမှုကို ဘယ်သူ့ရှေ့ ထားရမလဲ၊ (ဒိဋ္ဌိခွါမှု ရှေ့ထားရပါမယ်ဘုရား) ဒိဋ္ဌိခွါမှု နိဗ္ဗာန်သိမှုသူ့ကိုရှေ့ထားပါ၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီ) အဲဒီ့ရှေ့ထားပြီးတော့မှ ဝိပဿနာအလုပ်,လုပ်ပါလို့ ဘုရားက သေသေချာချာ ဟောတယ်၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ကဲ- ယောဂီတစ်ယောက် ရောက်လာလို့ရှိယင် ဒါ ရှုကွာ ဒါရှုကွာ-၊ ဒါရှုကွာ မရပါဘူး၊ (မှန်ပါ့)မရနိုင်ဘူးတဲ့ ဘုရားက (မှန်ပါ့ သဘောပါကြပလား၊(ပါ-ပါပြီဘုရား)။

ဒါဖြင့်တကာတကာမတို့ဆရာသမား ကလျာဏမိတ္တဆိုတာ လဲ အစီအစဉ် ကိုက်အောင် ပေးတတ်ဖို့ အရေးကသဲ ဘုရား သာသနာတော်ကြီး ဘုရား ဒေသနာတော်တွေကလဲ များ တော့ တော်တော် အရေးကိုရောက်တဲ့ ပုဂ္ဂိုလ်မှသာလျှင်တဲ့ နည်းကောင်းနည်းမှန် အစီအစဉ်မှန်ကို ရမယ်၊ (မှန်ပါ့) နို့ မဟုတ်ယင် (မရနိုင်ပါဘုရား) မရနိုင်ဘူးဆိုတာ သဘောကျ ပလား၊ (ကျပါပြီဘုရား)။

ကိုင်း....ဒါဖြင့် ယနေ့ အစီအစဉ်ပေးပါတယ်၊ (မှန်လှပါ ဘုရား) တကာ တကာမတို့ ဝိပဿနာဆိုတာ ဖြစ်ပျက်ရှုရ မှာပဲ၊ (မှန်ပါ့)။

သူ့ရှုမှုနဲ့ ဒိဋ္ဌိခွါမှု ဘယ်သူ့ရှေ့ထားရမသဲ၊(ဒိဋ္ဌိခွါမှုရှေ့ ထားရပါမယ်)နိဗ္ဗာန်သိမှုကော (ရှေ့ထားရမှာပါဘုရား)သူ တို့သိပြီးတော့မှဘာလုပ်ရမဘုံး(ဝိပဿနာရှုရပါမယ်ဘုရား)။

ဒီလိုဆိုယင် အစီအစဉ်တည့်တယ်၊ (မှန်ပါ့) ရမ်းပြီးဒါဖြင့် ဥပုသ်သည်တွေ စိတ်နေဘဲ့ အနိစ္စ, ဒုက္ခ,အနတ္တ- အနိစ္စ, ဒုက္ခ, အနတ္တနဲ့ ပုတီးပေါင်း ထောင်သောင်းရစေကာမူ သူ့ဝမ်းထဲ မှာ ဒိဋ္ဌိ သုံးမျိုး တမျိုးမျိုးကရှိပါတယ်၊(မှန်ပါ့)မရှိဘူးလား (ရှိပါတယ်ဘုရား)။

အဲဒီရှိလျက်နဲ့ ကြိုးစားနေလို့ရှိယင်ဖြင့် ကုသိုလ်သာရ၍ နိဗ္ဗာန်မရ၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ကုသိုလ်သာရ၍ .. (နိဗ္ဗာန်မရပါဘုရား) ဒါဖြင့် တကာ တကာမတို့ ကုသိုလ်မရဘူးလို့ မဟောဘူး၊ နိဗ္ဗာန်မရဘူးလို့ ဟောတယ်၊ (မှန်ပါ)၊ ရှင်းပလား — ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဘယ့်နှယ်ကြောင့်ဟောရပါလိမ့်မတုံးမေးတော့ ခုနင်က ဆက္ကနိပါတ်အင်္ဂုတ္တိုရ်မှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒိဋ္ဌိမကွာဘဲနဲ့ မင်းတို့ သဿတဒိဋ္ဌိ, ဉစ္ဆေဒဒိဋ္ဌိ, သက္ကာယဒိဋ္ဌိ၊ နိဗ္ဗာန်သိမှုဆိုတာလဲ ဉစ္ဆေဒဒိဋ္ဌိမရှိမှသိတာကိုးဗျ၊ (မှန်ပါဘုရား)။

ဤဒိဋ္ဌိတွေ မကွာဘဲနဲ့ မင်းတို့သည် ဝိပဿနာအလုပ်လုပ်ကြမယ် ဆိုလို့ရှိယင်ဖြင့်....၊ ကုသိုလ်သာရ၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ်မရ၊ (မှန်လှပါဘုရား) ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)။

ကုသိုလ်သာရ၍.... (မဂ်ဉာဏ်, ဖိုလ်ဉာဏ် မရပါ ဘုရား) ဩော် ...ဒါဖြင့်ခင်ဗျားတို့အရေးက ကုသိုလ်ရရုံလုပ်တာလား ဒုက္ခခပ်သိမ်းကင်းငြိမ်းတဲ့ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရအောင်လုပ်တာလား၊ (မဂ် ဉာဏ်, ဖိုလ် ဉာဏ် ရအောင် လုပ်တာပါဘုရား)။

တခုသောသခ်ါရတရား နိစ္စထင်နေမယ်၊ သဿတထင်နေမယ် ဆိုလို့ရှိယင်ကွာဘဲ၊ သစ္စာနဲ့လျော်တဲ့ ဉာဏ်တောင်မှမရောက်သေးတဲ့အတွက် ငါသည်ကားလို့ဆိုယင် သောတာပတ္တိမဂ်ရလိမ့်မယ်လို့လဲ မဟောဘူးကွတဲ့ ဘုရားက၊ (မှန်ပါ) သောတာပန်, သကဒါဂါမ်, အနာဂါမ် ဖြစ်လိမ့်မယ်လို့လဲ (မဟောပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဒုက္ခခပ်သိမ်း ငြိမ်းလိမ့်မယ်လို့ ဝေမဟောဘူးဆိုတာ ပေါ်သွားပြီ၊ (ပေါ်ပါပြီ) ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ကိုင်း-ဒါဖြင့် ဘုန်းကြီးပြောတာကိုတကာတကာမတွေက ခဲခဲယဉ်းယဉ်းပြောရတာဖြစ်တော့ဖျောက်တော့မပစ်ကြနဲ့ဗျာ (မှန်ပါ့) သြော် ဒီနေ့ ဘာအဓိကထား ပြောပါလိမ့်မတုံးလို့ မေးလို့ရှိယင် ဝိပဿနာဉာဏ်နောက်ထား၊ (မှန်ပါ့၊ ဒိဋ္ဌိဖြုတ်မှုကို၊ (ရှေ့ထားရပါမယ်) ရှေ့နောက်လွဲယင် မရဘူး၊ (မရပါဘုရား)။

ဝိပဿနာဉာဏ်ကို၊ (နောက်ထားရပါမယ်) ဒိဋ္ဌိဖြုတ်မှုကို (ရှေ့ထားရပါမယ်ဘုရား)။

အဲ- ဒိဋ္ဌိဖြုတ်မှုကို အရင်တခုုးနာ၊မေး-မသိယင်(မှန်ပါ့) အဲဒါတွေ အရင်ဖြုတ်ပြီးပလား၊ ဖြုတ်ပြီးတဲ့အခါကျတော့မှ ဝိပဿနာဉာဏ်ရှုပါ၊ (မှန်ပါ့)ရှင်းပြီနော်(ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် နိဗ္ဗာန်အကြောင်းနဲ့ ပတ်သက်ပြီးဥစ္ဆေဒ ဒိဋ္ဌိနဲ့ရှင်းခဲ့တာ တကာကြွယ်-ကျောင်းမှာလဲတခါရှင်းပြီ၊ဒီမှာ လဲတခါရှင်းသွားပြီ၊ (မှန်ပါ့)ရှင်းသွားတော့ကို ဒီဥစ္စာ ဝတ္ထု ကလေးတခုသူ့လာဘ်ဝတ္ထုကလေးထုတ်ကြစို့ (မှန်ပါ့)မဇ္ဈိမ ပဏ္ဏာသပါဠိတော်အဂ္ဂိဝစ္ဆသုတ်ထုတ်ကြစို့၊ (မှန်ပါ့ဘုရား)။

မြတ်စွာစွာဘုရားသခင် ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော့ အဂ္ဂိဝစ္ဆဆိုတဲ့ ပုဏ္ဏားက တကာတကာမတို့ ဘုရားနဲ့အကျွမ်းတဝင် ပြောပြီး သကာလ မေးလိုက်တယ်၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



တကာတကာမတို့ ဘယ်လိုမေးလိုက်သတုံးဆိုတော့ အရှင်ကြီးဂေါတမ တဲ့ ရုပ်နာမ် ဆိုတဲ့လောကဟာ၊ ရုပ်နာမ်ဟာ လောကပဲလို့ မှတ်လိုက်ပါ၊ (မှန်ပါ့)ရုပ်နာမ်ဆိုတဲ့ လောကဟာ မြဲသလားလို့ မေးလိုက်တယ်၊ (မှန်ပါ့ဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးကို ရုပ်နာမ်ဆိုတဲ့လောကသည်ကားလို့ ဆိုလို့ ရှိယင် မြဲတယ်လို့ ရှင်ကြီး ဂေါတမ ဒီလိုမျိုးအသဲ ရှိသလားလို့ ဆိုတော့ ငါ ဒီလိုအယူ မရှိပါဘူးကွာလို့ ၁-နံပါတ် ပယ်ချတယ်၊ (မှန်ပါ့ဘုရား)။

၁-နံပါတ်က ရုပ်နာမ်လောက ဘာတဲ့ဘုံး၊ (မြဲသလားတဲ့) မြဲသလားလို့ "သဿတော လောကော"လောကော၊လောကသည်။ သဿတော၊ မြဲသလောလို့ ဒီလိုမေးတာပဲ၊ သို့သော် တကာတကာမတွေ ရှင်းသည်ထက်ရှင်းအောင်လို့ ဘုန်းကြီးက ရုပ်နာမ်လောကဟာ မြဲသလားလို့ အဂ္ဂိဝစ္ဆက မေးတယ်၊ (မှန်ပါ့)ဘုရားက ဘယ့်နှယ်ဖြေသလဲ၊(ဒီအယူမယူဘူးတဲ့)ဒါဖြင့် ၁-နံပါပုစ္ဆာပြီးသွားပြီ၊ (မှန်ပါ့) ဘုရားကမမြဲဘူးလို့ ဖြေလိုက်တယ် (မှန်ပါ့၊ ဘုရားက ရုပ်နာမ်လောက မြဲသလားဆိုတော့ မမြဲဘူး ဖြေလိုက်တယ်နော်၊ (မှန်ပါ့ ဘုရား)။

ဒါဖြင့် ရုပ်နာမ်လောကသည် မြဲသလားတကာ တကာမတို့ ဘယ်နှယ်ဖြေကြမလဲ၊(မမြဲပါ့ အေး'သဿတော လောကော ဣဒမေဝ သစ္စံ၊ မောဃမညံ'ဆိုတဲ့အတိုင်း ဤအယူဟာ ရုပ်နာမ် လောက ရှင်ကြီးဂေါတမ မြဲတယ်လို့ ယူသလားလို့ဘုရားက ဘာဖြေသလဲ (မမြဲပါ)ဒီအယူလဲ ငါမယူဘူးကွ-တဲ့၊ ရုပ်နာမ်

http://www.dhammadownload.com



လောက မြဲတယ်လို့ မယူဘူးတဲ့၊ (မှန်ပါ့)သဘောကျပလား၊ (ကျပါပြီဘုရား)။

တစ်ခါ တချက်မေးပြန်တယ် ပုဏ္ဏားက၊ ဒါဖြင့် ရှင်ကြီး ဂေါတမ-တဲ့၊ရုပ်နာမ်လောကကိုမြဲဘူးလို့ ဒီလိုများ ရှင်ကြီး ဂေါတမ ယူသလားလို့မေးတော့ ဘုရားက ဒီလိုလဲငါ မယူပါ ဘူးတဲ့၊ (မှန်ပါ့ဘုရား)။

နားမယောင်ပါနဲ့ (မှန်ပါ့)ပုဏ္ဏားက ရုပ်နာမ် လောက မမြဲဘူးလားဆိုတော့ ပုဏ္ဏားကို ဘုရားက အမှန် ဖြေလိုက်လို ရှိယင် မမြဲဘူးဖြေလိုက်လို့ရှိယင် သူ့ဥစ္ဆေဒဒိဋ္ဌိဘက်ပြေးမှာစိုး လို့မဖြေဘူး၊(မှန်ပါ့)သဘောကျပလား၊(ကျပါပြီဘုရား)။

ရုပ်နာမ် လောက ပုဏ္ဏားက ဘာတဲ့တုံး၊(မြဲသလားလို့ မေးတယ်၊ မမြဲဘူးလားလို့မေးတယ်၊ ဒုတိယပုစ္ဆာ (မှန်ပါ့) မမြဲဘူးလားလို့ မေးတဲ့အတိုင်း မမြဲဘူးလို့အယူ ရှိသလားလို့ မေးတဲ့အခါကျတော့ ငါဒီလိုလဲ အယူမရှိပါဘူးတဲ့၊(မှန်ပါ့) ဆိုတော့ ဘုန်းကြီးတို့တကာ တကာမတွေ ဒီ နဂိုရ် ကြားဖူး တာနဲ့ ကန့်လန့်ဖြစ်နေတယ်၊ (မှန်ပါ့ဘုရား)။

ဖြစ်ချင်ဖြစ်ပစေတဲ့၊ပုဏ္ဏားအတွက်မှာမေးရတယ် (မှန်ပါ့) လောကကြီးဟာမြဲသလား၊လောကကြီးဟာမမြဲဘူးလားလို့ ဆိုတော့ မမြဲဘူးလို့ ဖြေလိုက်လို့ရှိယင် ဒီပုဏ္ဏားက သြော်.... ဒါရုပ်နာမ်လောကပျက်ဆုံးသွားယင်ဘာမှ မဖြစ်တော့ဘူးဆို တဲ့ဥစ္ဆေဒဒိဋ္ဌိဘက် လျှည့်ပြေးမှာစိုးလို့ ဘုရားကဒီလိုလဲ ငါ- အယူ မရှိဘူးကွ-တဲ့၊ (မှန်ပါ့ဘုရား)

http://www.dhammadownload.com



ဘယ်နှစ်ခု ရှိသွားပလဲ၊ (နှစ်ခုရှိသွားပါပြီ)မှတ်ထား-မှတ်ထား တကာတကာမတို့၊ ၁-နံပါတ် ပြန်ပြောတယ်၊ ရုပ်နာမ်လောကသည် မြဲသလားတဲ့၊(မမြဲပါ၊ ဒီလိုလဲ ငါမယူပါဘူးတဲ့ (မှန်ပါ့) သဘောကျပလား၊(ကျပါပြီ)ဒီလိုလဲ ငါမယူဘူးတဲ့ ဘုရားက၊ (မှန်ပါ့)။

ဒါဖြင့် ရှင်ကြီးဂေါတမ ရုပ်နာမ်လောကကို မမြဲဘူးလို့ ကော ရှင်ကြီးဂေါတမ ဒီလိုအယူများ ရှိသလားလို့ မေးပြန်တော့ ဘုရားက ဘယ့်နှယ်ဖြေသလဲ၊ (ဒီလိုလဲမယူပါ) ဒီလိုလဲ မယူပါဘူးကွတဲ့၊(မှန်ပါ့)ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဖြေသင့်ပေမယ့်လဲ ဖြေလိုက်လို့ ရှိယင် သူက အယူတိမ်းတော့မယ်၊ (မှန်ပါ့) သူက ဥစ္ဆေဒဒိဋ္ဌိဘက် သွားလိမ့်မယ်၊ (မှန်ပါ့) မသွားပေဘူးလား၊ (သွားပါတယ်ဘုရား)။

ဒါ့ကြောင့် ဖြေသင့်ငြားသော်လဲ သူ အယူမှားမှာ စိုးတဲ့အတွက် မဖြေဘူး၊ (မှန်ပါ့)ဒီလို အယူ ငါမယူဘူးကွလို့ သာ ပြောလိုက်တယ်၊ မှန်ပါ့ဘုရား)။

ဒါနဲ့ ၃-နံပါတ်မေးပြန်တယ် အဂ္ဂိဝစ္ဆ-က၊ဒါဖြင့် ရုပ်နာမ်လောကသည် အဆုံးရှိသလားလို့မေးတယ်၊ (မှန်ပါ့) အဆုံးရှိသလားလို့ ရှင်ကြီးဂေါတမကို မေးတော့ ဒီလိုလဲငါမယူဘူးတဲ့၊(မှန်ပါ့) စင်စစ်တော့ ရုပ်နာမ်လောကဟာ အဆုံးရှိတယ် (မှန်ပါ့) ရှိပြန်တော့လဲ သူက ဥစ္ဆေဒဒိဋ္ဌိဘက် ပြေးဦးမှာပဲ၊ (မှန်ပါ့) ပြေးဦးမှာ စိုးရိမ်တဲ့အတွက် ဘုရားက ဒီလို ငါမယူဘူးကွ ဘဲ့၊ (မှန်ပါ့) ဘယ်နှစ်ခုရှိသွားပလဲ၊ (သုံးခုရှိသွားပါပြီ ဘုရား)။

http://www.dhammadownload.com



ဒါဖြင့်ရှင်ကြီးဂေါတမရုပ်နာမ်လောကအဆုံးမရှိဘူးလား လို့မေးလိုက်တယ်နော်၊ (မှန်ပါ)ဒီလိုလဲငါမယူဘူးကွတဲ့၊ (မှန်ပါ)ဘယ်နှစ်မျိုးရှိသွားပလဲ၊ (လေးမျိုးရှိသွားပါပြီဘုရား)။

ဒါပုဏ္ဏားမေးတာတွေနော်၊ (မှန်ပါ) ဒီအထဲမှာ ဖြေစရာ တွေတော့ပါရဲ့၊ (ပါ-ပါတယ်) ဖြေလိုက်ယင် သူအလွဲယူသွား မယ်၊ (မှန်ပါ) ဥစ္ဆေဒဒိဋ္ဌိဘက်ချည့် ပြေးလိမ့်မယ်၊ (ပြေးမှာ ပါဘုရား)အဲဒါကြောင့် ဘုရားကဖြေကိုမဖြေဘူးတဲ့၊(မှန်ပါ) ရိပ်မိကြပလား၊ (ရိပ်မိပါပြီဘုရား)။

နောက်တစ်ခါ ဆက်မေး ပြန်တယ်၊ ရှင်ကြီး ဂေါတမ- အသက်နဲ့ကိုယ် တခြားစီလားတဲ့ မေးပြန်တယ်၊ (မှန်ပါ)။

အသက်နဲ့ကိုယ် တခြားစီလားတဲ့၊ အသက်က တခြားပေါ့ဗျာ၊ (မှန်ပါ)ဒီကိုယ်ကြီးက၊ (တခြားပါဘုရား) အဲ-ရှင်ကြီး ဂေါတမ အသက်နဲ့ ကိုယ် တခြားစီလားလို့ မေးလိုက်တဲ့အခါ ငါ-ဒီလိုအယူမရှိပါဘူးကွာ-တဲ့(မှန်ပါ)ဘယ်နှစ်ခုရှိသွားပလဲ (ငါးခုရှိသွားပါပြီဘုရား)။

ဒါဖြင့် ရှင်ကြီးဂေါတမ အသက်နဲ့ ကိုယ်ဟာ အတူတူပဲ လားတဲ့-မေးပြန်တယ်၊(မှန်လှပါ)ဒီလိုလဲငါမယူပါဘူးကွလို့ ဘုရားက ဖြေလိုက်တယ်၊ (မှန်ပါ) ဘယ်နှစ်ခု ရှိသွားပလဲ၊ (ခြောက်ခုရှိသွားပါပြီဘုရား)။

တကာတကာမတို့သူ-ဆယ်ခုပြည့်အောင်မေးလိမ့်မယ်နော် (မှန်ပါ)သို့သော်ပေါင်းလိုက်တဲ့အခါကျတော့ ဘုန်းကြီးရှင်း ပြီးတော့ ပေါင်းပြပါမယ်၊ သူ-စကားဆယ်ခွန်း ပြောပေမယ့် လေးခွန်းတည်းနဲ့ ပြီးပါတယ်၊ (မှန်ပါဘုရား)။

http://www.dhammadownload.com



သတ္တဝါသေယင် ဖြစ်သေးသလားတဲ့၊ (မှန်ပါ) ဒီလိုလဲ ငါ-မယူပါဘူးကွာတဲ့၊ (မှန်ပါဘုရား)။

ဒါဖြင့် သတ္တဝါသေယင် မဖြစ်တော့ဘူးလားတဲ့၊ ဘုရားက ဘယ့်နှယ်ဖြေလိုက်သလဲ၊ (ဒီလိုလဲ ငါမယူပါဘူးတဲ့)။

ဒါဖြင့် သတ္တဝါသေယင် ဖြစ်ချည် တလှည့်, မဖြစ်ချည် တလှည့်လားတဲ့၊ (မှန်ပါ)ဒီလိုလဲ ငါမယူဘူးတဲ့၊ (မှန်ပါ)။

သတ္တဝါသေယင် မဖြစ်သည်မဟုတ်၊ ဖြစ်သေးသလားလို့ မေးပြန်တယ်၊ (မှန်ပါ) ဒီလိုလဲ မယူဘူးလို့ ဘုရားက ဖြေတော့ ဒါ-ဒသဝတ္ထုကဒိဋ္ဌိ ခေါ်တယ်၊ (မှန်ပါ)ဒိဋ္ဌိဆယ်မျိုး၊ (မှန်ပါ) ရှင်းပလား၊ (ရှင်းပါပြီ)။

တကာ တကာမတို့ ပုဏ္ဏားမေးတာ ဒိဋ္ဌိ ဘယ်နှစ်မျိုးပါလိမ့်၊ (ဆယ်မျိုးပါဘုရား)။

ဆယ်မျိုးမေးလိုက်တယ်တဲ့၊ မေးတော့ကို ဘုန်းကြီးရှင်းပြမယ်၊ တကာ တကာမတွေ စာလို ပြောနေလို့ ရှုပ်နေလို့ (မှန်ပါဘုရား)။

မြန်မာလို ပြောမယ်ဆိုတော့ ရုပ်နာမ်လောက မြဲသလားလို့ယူတော့ သူ-သဿတဒိဋ္ဌိမေးတာ၊ (မှန်ပါ) သဘောကျပလား၊ (ကျပါပြီဘုရား)။

ရုပ်နာမ်လောက သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် မမြဲဘူးလားလို့မေးတော့ သူ-ဥစ္ဆေဒဒိဋ္ဌိ မေးလိုက်တယ်၊ (မှန်ပါ) ဒိဋ္ဌိနှစ်မျိုးရပြီ မဟုတ်လား၊ (ရပါတယ်ဘုရား) သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိနော်၊ (မှန်ပါ)။

ရုပ်နာမ်လောက သည်ကားလို့ ဆိုလို့ရှိယင်ဖြင့် တကာ တကာမတို့ မမြဲတလှည့်- မြဲတလှည့်လားလို့ မေးလိုက်တယ်၊

http://www.dhammadownload.com



(မှန်ပါ့) သဘောကျပလား၊ (ကျပါပြီ) ဒါဖြင့် အဲဒီဒိဋ္ဌိသည် ကားလို့ဆိုယင်ဖြင့် အမရာဝိက္ခေပဒိဋ္ဌိ၊ (မှန်ပါ့)။

အင်း....တရားနှလုံးသွင်းကြ၊ ဒိဋ္ဌိဆယ်မျိုးပေါင်းလိုက်လို့ ရှိယင် သဿတဒိဋ္ဌိ သူမေးတယ်၊ (မှန်ပါ့) ဉစ္ဆေဒဒိဋ္ဌိ သူမေး တယ်၊ (မှန်ပါ့ အန္တာနန္တိက ဒိဋ္ဌိကို သူမေးတယ်၊ (မှန်ပါ့) အမရာဝိက္ခေပဒိဋ္ဌိကို သူမေးတယ်(မှန်ပါ့)ဒါဖြင့် ဒိဋ္ဌိလေးမျိုး သူ-မေးတာပေါ့၊ (မှန်ပါ့ဘုရား) ရှင်းပြီနော်၊ (ရှင်းပါပြီ ဘုရား)။

အဲဒီတော့ တကာ တကာမတွေ နားလည်မှုကတော့ဖြင့်တဲ့ သဿတဒိဋ္ဌိ,ဉစ္ဆေဒဒိဋ္ဌိ,သက္ကာယဒိဋ္ဌိ ဒီသုံးခုလွတ်ယင် ပြီးတာ ပါပဲ၊ (မှန်ပါ့) ဒီသုံးခုတော့ ဝိပဿနာ အားမထုတ်ခင်က လွတ်နေရမယ်၊ (မှန်ပါ့) ဉာဏ်ထဲမှာရှင်းနေရမယ်၊(မှန်လှပါ ဘုရား)။

သဿတဒိဋ္ဌိလဲ (ရှင်းနေရပါမယ် ဘုရား) ဉစ္ဆေဒဒိဋ္ဌိလဲ- (ရှင်းနေရပါမယ်ဘုရား) သက္ကာယ ဒိဋ္ဌိကော၊ (ရှင်းနေရပါ မယ်ဘုရား) ရှင်းရမှာပဲ ဆိုတာကတော့ သဘောကျပြီနော်၊ (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒီပုဏ္ဏားပဲ စကားဆက်ပြီးသကာလ တကာ တကာမတွေပြောကြဦးစို့၊-ဒီဒိဋ္ဌိလေးမျိုးကို မေးလိုက်တယ်၊ (မှန်ပါ့) မေးလိုက်တော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ငါဘယ်အယူမှ မယူဘူးကွ၊ ဒီ-ဒိဋ္ဌိအယူတွေကို ဘယ်အယူမှ မယူဘူးလို့ ဘုရားက ပယ်ချလိုက်တယ်၊(မှန်ပါ့)။

http://www.dhammadownload.com



ဒါဖြင့် ရှင်ကြီးဂေါတမ ...တဲ့၊ ဒီ အခုပြောတဲ့ သဿတ, ဥစ္ဆေဒ, အန္တာနန္တိကဒိဋ္ဌိ, အမရာဝိက္ခေပဒိဋ္ဌိတွေကို ရှင်ကြီး ဂေါတမ မယူဘူးလို့ ဆိုတာသည် ဘယ်လို အကျိုးကြောင့် ဘယ်လိုအပြစ်မြင်လို့ မယူတာတုံး....ဇ၊ (မှန်ပါ) တိုတို ပြောမတော့ မဂ်ဖိုလ်တားလို့ မယူဘူးဟေ့၊ (မှန်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

မဂ်ဉာဏ်, ဖိုလ်ဉာဏ်တားလို့၊ (မယူပါဘုရား) ကိုင်း.... ဒါဖြင့်တရားတပွဲလုံးဆုံးဖြတ်ချက်ချ၊ (မှန်ပါ) "ဒိဋ္ဌိ မရှင်း ဘဲနဲ့ ဝိပဿနာအလုပ်,လုပ်ယင် ဘယ်ခါမဆို မဂ်ဉာဏ်,ဖိုလ် ဉာဏ်တားမယ်" (တားပါမယ်ဘုရား)။

ဒီ ဒိဋ္ဌိ မရှင်းဘဲနဲ့၊ (ဝိပဿနာလုပ်ယင်မဂ်ဉာဏ်,ဖိုလ်ဉာဏ် တားပါမယ်ဘုရား)။

ဒီ ဒိဋ္ဌိမရှင်းဘဲနဲ့ ခင်ဗျားတို့ ဝိပဿနာအာပေါက်အောင် အားထုတ်ပါ၊ (မှန်ပါ) ဘယ့်နှယ်ဘုံး၊ (နိဗ္ဗာန် မဂ်ဖိုလ်တား မှာပါဘုရား)။

ဒါဖြင့် တကာကြွယ်တို့ ဦးမာဒင်တို့ သြော်....ဆရာသမား အတော်အရေးကြီးပါလား၊ (ကြီးပါတယ်ဘုရား) လာရောက် အားထုတ်ဟဲ့....ရောက်လာ အားထုတ်ဟဲ့ဆိုတဲ့ ပုဂ္ဂိုလ်နဲ့ တော့ စေတနာကောင်းပေမယ့်လဲ အလုပ်ခရီး မရောက်ဘူး၊ (မှန်လှ ပါ) ရောက်ပါမလား၊ (မရောက်ပါဘုရား)။

သေသေချာချာစဉ်းစားပါ၊ သေသေချာချာ စဉ်းစားပါ၊ အခု ဘုရားက ဖြေလိုက်တယ်၊ သဿတဒိဋ္ဌိရော, ဥစ္ဆေဒဒိဋ္ဌိရော

http://www.dhammadownload.com



သက္ကာယဒိဋ္ဌိရော ရှင်ကြီးဂေါတမဘယ့်နှယ်ကြောင့် ဒိဒိဋ္ဌိအယူတွေမယူပါလိမ့်မတုံးဆိုတော့....ငါတိုတိုပြောလိုက်မယ်ကွာတဲ့ နိဗ္ဗိန္ဒဉာဏ်လဲ မဖြစ်ဘူး....၊ မဂ်ဉာဏ်လဲ မရနိုင်လို့ ဒီအယူငါမယူတာဘဲ....တဲ့၊ (မှန်ပါ့)။

သူတို့တခုခုရှိနေယင် တကာတကာမတို့၊ (မရနိုင်ပါဘုရား) ဒါဖြင့် တကာတကာမတို့ ဒီအတိုင်း အသိဉာဏ်ကိုရှေ့ထားပြီး ဆရာသမားက မပေးဘဲနဲ့ အားထုတ်နေတဲ့ပုဂ္ဂိုလ်တွေအတွက် မှာ အတော်သနားစရာကောင်းတယ်၊ (မှန်လှပါ)။

သေသေချာချာ စဉ်းစားပြီး ဉာဏ်နားကြီးကြီးနဲ့ ထောင်ပါ၊ဩဇာ်ဒိုဆရာဘုန်းကြီးကအခုဘုရားဟောတဲ့မဇ္ဈိမပဏ္ဏာသပါဠိတော်-အဂ္ဂိဝစ္ဆသုတ်ကိုထောက်ပြီးသကာလ ဒီ-ဒိဋ္ဌိတွေကမဂ်ဉာဏ်,ဖိုလ်ဉာဏ်တားလို့ ငါသည် ဒီအယူကို မယူဘူးလို့ ပြောသဖြင့်ဒီအယူတွေသည်ကားလို့ ဆိုလို့ရှိယင်ဖြင့် ဒိဋ္ဌိရှင်း ထားရမယ်ဆိုတဲ့ အဓိပ္ပါယ်ပါသွားတယ်၊ (ပါသွားပါတယ်ဘုရား) မပါဘူးလား၊ (ပါ-ပါတယ်ဘုရား)။

ဒါဖြင့် ဝိပဿနာ အားထုတ်မှုနဲ့ ဒိဋ္ဌိရှင်းမှု ဘယ်သူ့ရှေ့ထားရမတုံး၊ (ဒိဋ္ဌိရှင်းမှုရှေ့ထားရပါရယ် ဘုရား)။

တကာကြွယ် ဒီဟာ တော်တော်ထူးဆန်းတဲ့ စကားနော်၊ (မှန်ပါ့) တော်တော်ထူးဆန်းတဲ့ စကားလို့ သေသေချာချာ မှတ်ကြပါ၊ (မှန်လှပါဘုရား)။

ခင်ဗျားတို့ကိုချီးမြှောက်ပြောတယ်လို့ မယုံပါနဲ့၊အစီအစဉ် မှန်မှန်ပေးတဲ့ ဆရာကောင်း သမားကောင်းနဲ့တွေ့လို့ တော်

http://www.dhammadownload.com



တော့ကို ဘုန်းကံပါရမီ ရှိသေးတယ်လို့ ဆိုတာ ဆုံးဖြတ်ချက် ချပါ၊ (မှန်လှပါဘုရား)။

ကိုင်း-ဒါဖြင့် ဘယ့်နှယ်ကြောင့် ရှင်ကြီးဂေါတမ ဒီအယူ မယူသတုံးဆို အို-ဒါတွေကလဲကွာ ဒိဋ္ဌိခရီးခဲကြီးကွ၊(မှန်ပါ့) ဒိဋ္ဌိတည်းဟူသော ခြောင့်တံသင်းတွေကွ၊ (မှန်ပါ့) သဘော ကျပလား.(ကျပါပြီ)ဒိဋ္ဌိတည်းဟူသော ခြောင့်နဲ့ ဒိဋ္ဌုပါဒါန် ကွ၊ (မှန်ပါ့)။

ဒိဋ္ဌုပါဒါန် ဆိုတော့ ဥပါဒါန်, ကံဘက် လှည့်မသွားဘူး လား၊(လှည့်သွားပါတယ်ဘုရား) တဏှာ,ဥပါဒါန် ကံဘက် လှည့်မသွားဘူးလား (လှည့်သွားပါတယ်ဘုရား)ကံဖြစ်သေး ရှိလား၊(မဖြစ်ပါဘုရား)ဟော-မဖြစ်တော့မရဘူး၊(မှန်ပါ့) ပေါ်ပလား၊ (ပေါ်ပါပြီဘုရား)။

အဲဒီတော့ ဒိဋ္ဌိခရီးခဲ ဒိဋ္ဌုပါဒါန်ကွ၊ပြီးတော့ကိုတဲ့ ဒီအယူ တွေ ယူနေလို့ရှိယင်လဲ-တဲ့ နိဗ္ဗာန်ဉာဏ်လဲမရဘူး၊ရာဂကင်းတဲ့ မဂ်ဉာဏ်သဲ မရနိုင်တဲ့အတွက် ငါသည် ဒီအယူတွေကို တခုမှ မယူပါဘူးကွာ-ဘဲ၊ (မှန်ပါ့) ဒိဋ္ဌိရှိယင် မရဘူး ပြောလိုက် တယ်၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒိဋ္ဌိသာရှိလို့ အားထုတ်နေခဲ့သော်-(မရပါဘုရား) ဒိဋ္ဌိကို ဉာဏ်ထဲမှာ မဂ်နဲ့မပယ်ဖြေးသော်လဲ ရှင်းမှုအလုပ်မှ မရှိဘဲနဲ့ အားထုတ်နေယင် တကာသစ် ဘယ်လို ဆုံးဖြတ်ချက် ချမလဲ၊ (မရပါဘုရား) မရဘူးကွာ-တဲ့၊ (မှန်ပါ့)။

အခု ဟာက ပဏ္ဏာသပါဠိတော်၊ ခုနင်က ကိုးလိုက်တာက အင်္ဂုတ္တိုရ်ပါဠိတော်၊ကိုယ်တော်တိုင် ဟောတယ်လို့မှတ်လိုက်၊

http://www.dhammadownload.com



(မှန်ပါ) ကိုယ်တော်တိုင် ဟောတယ်ဆိုတာ ဦးမာဒင် တလုံးမှ မတိမ်းဘူး၊ (မတိမ်းပါဘုရား) ရှင်းပြီနော်၊ (ရှင်းပါပြီ ဘုရား)။

ကောင်းပြီ-ဒါနဲ့ အဂ္ဂိဝစ္ဆပုဏ္ဏားကဆက်မေးတယ်၊ရှင်ကြီး ဂေါတမ–တဲ့၊ဒါဖြင့် ဒိဋ္ဌိတွေရှိယင်မဂ်ဉာဏ်,ဖိုလ်ဉာဏ် မရနိုင် ဘူးဆိုတဲ့ဥစ္စာဖြင့် ရှင်ကြီးဂေါတမပြောလို့ ကျုပ်လဲရှင်းပါပြီ တဲ့၊ ရှင်ကြီးဂေါတမကတော့ ဘယ်အယူတုံး-ဘယ်ဒိဋ္ဌိတုံးလို့ မေးလိုက်တယ်၊ (မှန်ပါ) ဒိဋ္ဌိဆိုတာ အယူပေါ့ဗျာ၊ (မှန်ပါ ဘုရား)။

ဘယ်အယူ ဘယ်ဒိဋ္ဌိတုံးဆိုတော့ ငါ ဒိဋ္ဌိကိုတော့ကွာ–တဲ့၊ ဘယ်တော့မှမယူပါဘူးတဲ့၊ (မှန်ပါ) ဘယ်တော့မှ ငါ-ဒိဋ္ဌိအယူ မယူပါဘူးတဲ့၊ (မှန်ပါ)။

ဒါဖြင့် ရှင်ကြီးဂေါတမ ဒိဋ္ဌိအယူ- မယူလို့ရှိယင် ဒီ့ပြင် အယူတော့ရှိလိမ့်မယ်-၊ အဲဒီ အယူကလေး ပြောစမ်းပါတဲ့၊ (မှန်ပါ) ဒါ-သေသေချာချာ မေးတယ်၊ (မှန်ပါ)။

ဒီအယူ မယူလို့ရှိယင် ရှင်ကြီးဂေါတမယူတဲ့အယူတော့ ရှိ ပါလိမ့်မယ်၊ အဲဒီအယူကို ကျုပ် သိပါရစေ–တဲ့၊ (မှန်ပါ) ဆိုတော့ မေးကော မမေးထိုက်ဘူးလား၊ (မေးထိုက်ပါတယ် ဘုရား)။

မေးထိုက်တယ် ဦးမာဒင် တကာကြွယ်တို့ မေးထိုက်တယ်၊ (မှန်ပါ)။

ရှင်ကြီးဂေါတမ ဒီအယူကိုမယူလို့ရှိယင် ရှင်ကြီးဂေါတမ ယူတဲ့အယူကိုတော့ဖြင့်ကျုပ်သိပါရစေဆိုတော့ငါ့အယူကဒီလို

http://www.dhammadownload.com



ကွာတဲ့၊ ဟောတကာတကာမတွဲဘုရားအယူပြုပြီနေ၁်၊(မှန်ပါ့ ဘုရား) သေသေချာချာ ဉာဏ်နားနဲ့ထောင်ပါ။

ငါ့-အယူ ငါပြမယ်ဆိုလို့ရှိယင် ရှေးဦးစွာကတော့ဖြင့်ကွာ-တဲ့၊ဟောဒါ ရုပ်တရား, ဟောဒါက ဝေဒနာတရား, ဟောဒါက သညာတရား, ဟောဒါက သင်္ခါရဆိုတဲ့တရား, ဟောဒါက စိတ်ဆိုတဲ့တရား, ခန္ဓာငါးပါး ရှေးဦးစွာယူတယ်ကွ ငါကတဲ့ (မှန်ပါ့)ရှေးဦးစွာ ခန္ဓာတည်းဟူသော အယူကိုငါယူတယ်ကွ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ရှေးဦးစွာ ခန္ဓာငါးပါး တည်းဟူသော အယူကို၊ (ယူပါတယ်ဘုရား ။

အဲဒီအယူကို ယူပြီးတော့မှ ဟောဒီရူပက္ခန္ဓာတွင်“ ဇာတိရူပံ ဇာတိရူပဿသမုဒယော ဇာတိရူပဿ အတ္တင်္ဂမော” ဟောဒါလဲ ဖြစ်ပျက်လို့ ငါယူတယ်၊ (မှန်လှပါဘုရား) ပထမ ရှေးဦးစွာ ရုပ်တရား, ပြီးတော့မှ ရုပ်တရားဟာ ဖြစ်ပျက်လို့ ငါယူတယ်၊ (မှန်ပါ့)။

ဒုတိယ ဝေဒနာတရားကို ၂-နံပါတ် ငါယူလိုက်တယ်၊ (မှန်ပါ့)ပြီးတော့မှ ဖြစ်ပျက်ကို ငါယူလိုက်တယ်၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဟောဒါက သညာတရားလို့ ငါယူလိုက်တယ်၊ပြီးတော့ ဘာယူပြန်သတုံး၊ (ဖြစ်ပျက်လို့ ယူပါတယ်ဘုရား)။

ဟောဒါကတော့ သင်္ခါရတရားလို့ ငါယူလိုက်တယ် (မှန်ပါ့)ပြီးတော့ဘယ်လိုယူသတုံး (ဖြစ်ပျက်လို့ယူပါတယ်ဘုရား)

http://www.dhammadownload.com



ဟောဒါက စိတ်ဆိုတဲ့တရားလို့ သူယူလိုက်ပါတယ်-တဲ့၊ (မှန်ပါ့) နောက် ဘယ်လိုယူပြန်သတုံး၊ (ဖြစ်ပျက်လို့ ယူပါတယ်ဘုရား)။

ဒါဖြင့် ဘုရားက ခန္ဓာ-ဖြစ်ပျက်၊ ခန္ဓာ-ဖြစ်ပျက်၊ ဒါ-ငါ့အယူတဲ့၊ (မှန်ပါ့)ရိပ်မိကြပလား၊ (ရိပ်မိပါပြီဘုရား)။

ဘုရားအယူက ဘာတဲ့၊ (ခန္ဓာ-ဖြစ်ပျက်၊ခန္ဓာ-ဖြစ်ပျက်ပါဘုရား) ရှင်းပြီ၊ (ရှင်းပါပြီဘုရား)။

ဘုရားအယူက ဘာတဲ့-ခန္ဓာ-ဖြစ်ပျက်၊(ခန္ဓာ-ဖြစ်ပျက်ပါဘုရား)ရုပ်ဖြစ်ပျက်,ဝေဒနာဖြစ်ပျက်သဘောကျပလား (ကျပါပြီဘုရား)။

အဲဒါ တကာ တကာမတို့ ဝိညာဏ်ဆိုတဲ့ စိတ် ဖြစ်ပျက်၊ (မှန်ပါ့) ဒါ ဘယ်သူ့အယူပါလိမ့်၊ ဘုရားအယူပါဘုရား)။

အဂ္ဂိဝစ္ဆပုဏ္ဏားကအရှင်ဘုရားအယူကသြော်-ခန္ဓာငါးပါးတပါးတပါးမှာဖြစ်ပျက်၊(မှန်ပါ့)တစ်ပါးတစ်ပါးမှာဖြစ်ပြီးပျက်တယ်လို့ အရှင်ဘုရားယူတယ်၊ကဲ-ရှိပါစေတော့ ဘုရား၊ ဒီအယူကို ဒီအယူ-ယူတော့ ဘာများ ကျေးဇူးရှိသလဲ-တဲ့၊ (မှန်ပါ့) တော်တော်အမေးကောင်းတဲ့လူ၊(မှန်ပါ့)။

တကာအုန်းတော်တော်အမေးကောင်းတယ်နော်(အမေးကောင်းပါတယ်ဘုရား) မေးတာသည် ကျုပ်တို့ အတွက်လို့ အောက်မေ့စမ်းပါ၊ (မှန်ပါ့)။

သူက စစ်စစ်ပေါက်ပေါက် မေးလေလေ ကျုပ်တို့မှာဖြင့် ဘုရားကအဖြေကောင်းဖြေလို့ကျုပ်တို့မှာဖြင့်အလုပ်တွင်ကျယ်

http://www.dhammadownload.com



လေလေ ခရီးပေါက်အောင် လုပ်ရမည့်ကိစ္စ နည်းရလေလေ မှတ်ရမယ်၊ (မှန်ပါ့) မမှတ်ထိုက်ဘူးလား၊ (မှတ်ထိုက်ပါတယ် ဘုရား ။

အဲ-ဒါနဲ့ ရှင်ကြီးဂေါတမတဲ့ အခု အရှင်ဘုရားက ဟော လိုက်ပါပြီတဲ့၊ ဟို-ဗ်ဋ္ဌိတွေတော့ဖြင့် ဒိဋ္ဌိဆယ်မျိုး ဘယ်အယူမှ မယူဘူးဆိုတာသ ကျုပ်ကျေနပ်ပါတယ်တဲ့၊ (မှန်ပါ့)။

ရှင်ကြီးဂေါတမအယူ ပြောစမ်းပါဦး ဆိုတော့ ခန္ဓာငါး ပါးရှိတယ်၊ တစ်ပါး တစ်ပါး ဖြစ်ပျက်လို့ အရှင်ဘုရားက ဟောလိုက်တော့ ဒီအယူလဲ သဘောကျပါတယ်တဲ့၊(မှန်ပါ့)။

ဒိဋ္ဌိအယူကို မယူတာလဲ သူ-သဘောကျတယ်၊ (မှန်ပါ့) ဘုရားယူတဲ့ ခန္ဓာငါးပါး တစ်ပါးတစ်ပါးမှာ ဘာတဲ့၊ (ဖြစ် ပျက်ပါဘုရား) အဲ....ဖြစ်ပျက်လို့ယူတဲ့ အယူကိုလဲ ရှင်ကြီး ဂေါတမအယူ ကျုပ်သိရတဲ့ အတွက် ဝမ်းသာပါတယ်-တဲ့၊ (မှန်ပါ့)။

သို့သော် ကျုပ်မေးစရာရှိတာ မေးပါရစေတဲ့၊ ဒီအယူ ရှင်ကြီးဂေါတမယူတဲ့အယူမျိုးကို ယူလို့ရှိယင် ဘာကျေးဇူး ရှိသတုံးတဲ့၊ (မှန်ပါ့)။

တယ်ကောင်းတဲ့ လူ၊ (မှန်ပါ့) တကာကြွယ်- တယ်အဖိုး တန်တယ်၊ (တန်ပါတယ်ဘုရား)။

ရှင်ကြီးဂေါတမအယူကို အခုပြောဘဲ့ ရုပ်ဖြစ်ပျက်,ဝေဒ-နာဖြစ်ပျက်, စိတ်ဖြစ်ပျက် ဒီလိုယူတဲ့ အယူဟာ ယူတော့ယူ ပါပြီထားပါ၊ ယူတော့ ဘာကျေးဇူးရှိသတုံးတဲ့၊ (မှန်ပါ့)။

http://www.dhammadownload.com



ကွာ–ဒီအယူ ယူတော့ မင်းမှတ်ထားပါကွာတဲ့၊ တဏှာဒိဋ္ဌိချုပ်ပြီးသကာလ ဥပါဒါန် ရုပ်သိမ်းသကွတဲ့၊ (မှန်ပါ့)။

တဏှာမာနဒိဋ္ဌိချုပ်ပြီးတော့ (ဥပါဒါန် ရုပ်သိမ်းပါတယ်ဘုရား) ဒါ–ဖြေလိုက်တယ်ဘုရားက၊ (မှန်ပါ့)။

ဒီ–ဖြစ်ပျက်သာရှုပါကွ၊ တဏှာမာန ဒိဋ္ဌိချုပ်ပြီးသကာလ ဥပါဒါန်ရုပ်သိမ်းတယ်တဲ့၊ (မှန်ပါ့ တဏှာမာန ဒိဋ္ဌိချုပ်တယ်ဆိုကတည်းက တကာ တကာမတို့ ပဋိစ္စသမုပ္ပါဒ် အကုန်ပြတ်တယ်၊ (ပြတ်ပါတယ်ဘုရား)။

တဏှာက စ,တာလဲ (ပြတ်ပါတယ်) တဏှာ ဥပါဒါန်ကံ အကုန်ပြတ်တယ်၊ (ပြတ်ပါတယ်)မာနဥပါဒါန်ကော (ပြတ်ပါတယ်)ဒိဋ္ဌိဥပါဒါန်ကံကော၊ (ပြတ်ပါတယ်ဘုရား)။

ဩော်–ပဋိစ္စသမုပ္ပါဒ်ပြတ်တာကိုဟောတာကိုး၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ပဋိစ္စသမုပ္ပါဒ် ပြတ်သွားတယ် ဆိုတော့ နိရောဓသစ္စာ၊ (မှန်ပါ့ဘုရား)။

ပဋိစ္စသမုပ္ပါဒ် ပြတ်သွားတော့ (နိရောဓသစ္စာပါ ဘုရား) ဩော်-ဒါဖြင့် နိဗ္ဗာန် ဟောနေတယ်၊ (မှန်ပါ့) ဦးလှဘူးဘာဟောနေသတုံး၊ (နိဗ္ဗာန် ဟောနေပါတယ်ဘုရား)။

ဩော်–ဒါဖြင့် ရှင်ကြီးဂေါတမ ရုပ်တွေဖြစ်ပျက်,ဝေဒနာဖြစ်ပျက်, စိတ်ဖြစ်ပျက်ရှုလိုက်တော့ တဏှာမာနဒိဋ္ဌိ ချုပ်ပြီးသကာလ တဏှာမာန ဒိဋ္ဌိကုန်ပြီး ဥပါဒါန် ရုပ်သိမ်းတယ်ဆိုတော့ ဥပါဒါန် ရုပ်သိမ်းတော့ကို ဘယ်ဘုံမှ စွဲသေးရဲ့လား၊ (မစွဲပါဘုရား)။

http://www.dhammadownload.com



ဘယ်ဘုံမှ မစွဲတော့ဘူး၊ ကာမုပါဒါန်မရှိဘူး၊ (မှန်ပါ့)၊ ဒိဋ္ဌုပါဒါန်ကော၊(မရှိပါ ဘုရား) အတ္တဝါဒု ပါဒါန်ကော။ (မရှိပါဘုရား)။

မရှိတော့ဘူး တဲ့၊ ဥပါဒါန်တွေ ချုပ်ငြိမ်း ရုပ်သိမ်းတဲ့ အတွက် ဥပါဒါနနိရောဓာ ဘဝနိရောဓော ဆိုတာလဲ ကံတွေ ချုပ်သွားတယ်၊ (မှန်ပါ့)။

ကံချုပ်ကတည်းက ဇာတိနိရောဓာ ဇရာမရဏ နိရောဓော ကော၊ (ချုပ်ပါတယ်ဘုရား) ချုပ်ပါပြီဆိုတာ မသေချာဘူး လား၊(သေချာပါတယ်ဘုရား)။

အဲဒါကြောင့် ငါသည် ရုပ်နာမ် ဖြစ်ပျက်၊ ဝေဒနာ ဖြစ် ပျက်လို့ ဒီအယူ ယူတာ တဏှာ မာန ဒိဋ္ဌိ ဆိုတဲ့ ပပဉ္စချုပ်ပြီး ဥပါဒါန်ရုပ်သိမ်းလို့ ငါ–ဒီအယူ ယူတယ်တဲ့၊ (မှန်ပါ့)။

ဒါဖြင့် ဘုန်းကြီးတို့တကာတကာမတွေ ဒီနေရာ အသား ယူ ပြောရလို့ရှိယင်ဖြင့် ဖြစ်ပျက်အလုပ်ကို မပျက် အမြဲတမ်း ရှုပါ၊ (မှန်ပါ့)။

ဒီလိုရှုလိုက်လို့ရှိယင် တဏှာ ဥပါဒါန် ဘာဖြစ်မယ် ထင် သဘုံး၊ (ချုပ်ပါတယ်)တဏှာမာနဒိဋ္ဌိရော၊ (ချုပ်ပါတယ်)ဘုံ ဘဝတွယ်တာတဲ့ဥပါဒါန်တွေကော၊ (ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် အဲဒါဘာခေါ်ကြမယ်၊ (နိဗ္ဗာန်ပါ) နိဗ္ဗာန်ရောက် တယ်ဟောလိုက်တာပဲ၊ မှန်ပါ့ဘုရား)။

ပဋိစ္စသမုပ္ပါဒ်ပြတ်တာနဲ့ (နိဗ္ဗာန်ရောက်ပါတယ်) နိဗ္ဗာန် ရောက်တယ်ဟောတယ်၊ပဋိစ္စသမုပ္ပါဒ်ဆိုတာသည် ဒုက္ခက္ခန္ဓသ

http://www.dhammadownload.com



နိရောဓကိုဗျ၊ (မှန်ပါ့) အဲဒုက္ခတွေချုပ်မသွားဘူးလားဗျာ၊ (ချုပ်သွားပါတယ်) အဲဒုက္ခတွေ ချုပ်သွားတာ ဘာခေါ်ကြမယ်၊ (နိဗ္ဗာန်ပါ) သဘော ကျပလား၊ (ကျပါပြီ ဘုရား)။

ဒုက္ခချုပ်ချင်လို့ ချုပ်ရတာလား၊ တဏှာ မာနဒိဋ္ဌိ ချုပ်လို့ ချုပ်ရတာလား၊ (တဏှာ မာန ဒိဋ္ဌိချုပ်လို့ ချုပ်ရတာပါဘုရား)။

ဒါဖြင့် တဏှာ မာန ဒိဋ္ဌိက သမုဒယသစ္စာ၊ (မှန်ပါ့) အင်း- သမုဒယသစ္စာ ချုပ်လို့ ဒုက္ခသစ္စာကော၊ (ချုပ်ပါတယ်၊ ဩော် နိဗ္ဗာန်ဆိုတာ ဒီနှစ်ခုချုပ်တာ ခေါ်တာကို၊ (မှန်ပါ့ဘုရား)။

နိဗ္ဗာန်ဆိုတာ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ (ချုပ်တာကို ခေါ်ပါတယ်ဘုရား)။

သူ့ပါဠိတော်မှာပါနေတယ် (မှန်ပါ့) သူ့ ပါဠိတော်မှာ ပါနေတာ တကာတကာမတွေ အခု ရှင်းပလား၊ (ရှင်းပါပြီ ဘုရား)။

ကိုင်း- ရှင်ကြီး ဂေါတမ တဲ့ လျှာ ရှည်တယ်လို့တော့ မအောက်မေ့ပါနဲ့တဲ့၊ရှင်ကြီးဂေါတမ အယူလဲကြိုက်ပါတယ်၊ (မှန်ပါ့) ရုပ်တွေဟာ ဖြစ်ပျက်ဝေဒနာတွေဟာဖြစ်ပျက်ရှုလိုက်လို့ရှိယင် တဏှာမာနဒိဋ္ဌိသေတယ်၊ဘုံဘဝ မရောက်တော့ဘူး ဥပါဒါန် ချုပ်တယ်လို့ ဆိုတော့ ကျုပ် ကျေနပ်ပါတယ်တဲ့၊ (မှန်ပါ့) ဒီဥပါဒါန်ချုပ်သွားတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်သွား ဖြစ်သတုံးတဲ့၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



လျှာရှည်တယ်လို့လဲ မအောက်မေ့ပါနဲ့တဲ့၊ ခက်လိုက်တာမှ ပဋိစ္စသမုပ္ပါဒ်သဘောမကျလို့(မှန်ပါ့)၊ ပဋိစ္စသမုပ္ပါဒ်ဆိုတော့ ခုနင်ကတဏှာချုပ်၊ ဥပါဒါန်ချုပ်-တဏှာ၊ မာန၊ ဒိဋ္ဌိချုပ်တယ် ဆိုယင်ဖြင့် ဒါဟာတကာတကာမတို့ဟိုဘက်ကဒုက္ခတွေမချုပ် ဘူးလားဗျာ၊ (ချုပ်ပါတယ်)သို့သော် သူပဋိစ္စသမုပ္ပါဒ် နားမလည်ဘူး ဒီပုဏ္ဏားက၊ (မှန်ပါ့ဘုရား)။

တကာကြွယ်နားလည်ရဲ့လား(မလည်ပါဘုရား)နားမလည် တော့ ဒီတဏှာ, မာန, ဒိဋ္ဌိ ဥပါဒါန်တွေ ချုပ်တဲ့ပုဂ္ဂိုလ်ဟာ ဘယ်သွားဖြစ်သတုံးတဲ့၊ (မှန်ပါ့) တကာသစ် မေးပြန်တယ် (မှန်ပါ့ဘုရား)။

ဟ ...ဒီ လို ဘယ်သွားဖြစ်တယ်လို့ ငါမပြောလိုဘူးတဲ့၊ (မှန်ပါ့) ဒီအဓိပ္ပါယ် မရဘူးတဲ့၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် မဖြစ်ဘဲ နေသလားတဲ့၊ (မှန်ပါ့) ဟာ... တက်လာ တာပဲ၊ (မှန်ပါ့) မဖြစ်ဘဲနေသလားလို့ ဆိုတော့ ဒီလိုလဲ ငါမဆိုပါဘူးတဲ့၊ (မှန်ပါ့)။

ဒါဖြင့်ဖြစ်ချည်တလှည့်မဖြစ်ချည်တလှည့်များဖြစ်နေရော သလားတဲ့၊ ဥပါဒါန်ချုပ်တဲ့ ပုဂ္ဂိုလ်ပေါ့လေ၊ (မှန်ပါ့) ဒိဋ္ဌိနဲ့ ချည့် မေးတာပဲ၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် မဖြစ်သည်ဖဟုတ်၊ ဖြစ်သေးတယ်ဆိုတဲ့ အဓိပ္ပါယ် မျိုးယူသလားတဲ့၊ (မှန်ပါ့) ဟာ-ဒီအဓိပ္ပါယ်မျိုးလဲမရပါဘူး ကွာတဲ့ဆိုတော့ သူလေးမျိုးမေးလိုက်တယ်၊ (မှန်ပါ့ဘုရား)။

တဏှာ, မာန, ဒိဋ္ဌိ,ဥပါဒါန်ချုပ်တဲ့ပုဂ္ဂိုလ်ဟာ ဖြစ်သေး သလား- မဖြစ်တော့ဘူးလား- ဖြစ်ချည် တလှည့်-မဖြစ်ချည်

http://www.dhammadownload.com



တလှည့်လား-မဖြစ်သည်မဟုတ်၊ဖြစ်သလားတဲ့၊(မှန်ပါ့) ဒီလို လေးချက်မေးလိုက်တော့ ဘုရားက ဒီလေးချက်တခုမှမဖြေဘူး (မှန်ပါ့ဘုရား)။

ဒါဖြင့်ရှင်ကြီးဂေါတမတဲ့အစကစကားပြောလာကတည်း ကရှင်ကြီးဂေါတမအပေါ် ကျုပ်သဘောလဲကျတယ်၊ ကြည် လဲ၊ကြည်ညိုပါတယ်တဲ့၊ (မှန်ပါ့ဘုရား) မေးရမြန်းရတာလဲ သိပ်ဝမ်းမြောက်ပါတယ်တဲ့၊ (မှန်ပါ့ဘုရား)။

အခုတော့ တဏှာ, မာန, ဒိဋ္ဌိ, ဥပါဒါန်ချုပ်တဲ့ ပုဂ္ဂိုလ် ဘယ်မှာဖြစ်သတုံးဆိုတော့ ဒီလိုသဲအဓိပ္ပါယ်မရဘူးလို့ ဖြေပြန် တယ်တဲ့၊ (မှန်ပါ့) တဏှာ,မာန, ဒိဋ္ဌိချုပ်ယင် နိဗ္ဗာန်ပြောရ တော့မှာကိုးဗျ၊ (မှန်ပါ့ နိဗ္ဗာန်ပြောလို့လဲ သူနားလည်မှာ မဟုတ်ဘူး၊ (မလည်ပါ) သူ က ဘယ်နေရာဖြစ်တယ် ပြောမှ သဘောကျမှာ၊(မှန်ပါ့)သဘောကျပလား ကျပါပြီဘုရား)။

နိဗ္ဗာန်ဟာ အဖြစ်ရှိနေယင်လဲ အပျက်ရှိနေဦးမယ်(မှန်ပါ့) မရှိပေဘူးလား၊ (ရှိပါတယ်ဘုရား)။

အဲဒီတော့ ဘုရားက ဒီလိုသဲအဓိပ္ပါယ် မရဘူးလို့မဖြေရပေ ဘူးလား၊ (ဖြေရပါတယ်ဘုရား)။

ဒါနဲ့ ဘုရားကို ရှင်ကြီးဂေါတမတဲ့ ရှင်ကြီးဂေါတမကို နောက်ဆုံးပုစ္ဆာလေးခု မေးလိုက်တော့ ဘာမှရှင်ကြီးဂေါတမ ပြောတဲ့ အဓိပ္ပါယ်ကိုကျုပ်နားမလည်ဘူးတဲ့၊ (မှန်ပါ့ဘုရား)။

ဥပါဒန်ချုပ်တဲ့ ပုဂ္ဂိုလ် ဖြစ်သေးသလားလို့ မေးတော့ ဒီလိုသဲအဓိပ္ပါယ်မရဘူးလို့ ဖြေပြန်တယ်(မှန်ပါ့)နို့မဖြစ်တော့ ဘူးလားလို့ မေးတော့ ဒီလိုလဲ အဓိပ္ပါယ်မရဘူးလို့ ဖြေပြန် တော့ ကျုပ်မှာ ဉာဏ်တုံးပါပြီတဲ့၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



လျှော့ပြီးလျှော့ပြီး၊ ဉာဏ်တုံးပြီတဲ့ အစက ကြည်ညိုခဲ့သမျှ တွေလဲ ဒီနေရာဖြင့် တခါတည်း ဉာဏ်တုံးပြီး သကာလ ဘာမှ မပြောတတ်အောင်ဖြစ်နေပြီတဲ့၊ (မှန်ပါ့) တခါတည်းဘုတ်ထိုင် ထိုင်ချလိုက်တယ်၊ (မှန်ပါ့ဘုရား)။

ဒီတွင်မှ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကအာဂ္ဂိဝစ္ဆ-မင်း ဒါကို နားလည်ချင်လို့ရှိယင် ပဋိစ္စသမုပ္ပါဒ် နားလည်တဲ့ ဆရာ ကပ်ဦးတဲ့၊ (မှန်ပါ့)တခါတည်း အမိန့်ရှိလိုက်တယ်၊ (မှန်ပါ့ ဘုရား)။

ပဋိစ္စသမုပ္ပါဒ်နားလည်တဲ့ဆရာ ကပ်ဦး၊ (မှန်ပါ့ဘုရား) ဒီအတိုင်း မင်းသူများဆီက တဆင့်ကြားနည်းနဲ့ မင်းတို့အယူ ဝါဒအမျိုးမျိုးနဲ့ဖြင့် ပဋိစ္စသမုပ္ပါဒ် နားလည်တဲ့ဆရာနဲ့ မတွေ့ သရွေ့ကာလပတ်လုံး မင်းသည် နိဗ္ဗာန်ကို သဘောကျမယ် မဟုတ်ဘူး ဖြေလိုက်တယ်၊ (မှန်ပါ့ဘုရား)။

ကဲ-ဒါဖြင့်နိဗ္ဗာန်သဘောကျချင်ယင်ဘာသိရမှာတုံး၊(ပဋိစ္စ သမုပ္ပါဒ်သိရမှာပါ) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

နိဗ္ဗာန်သဘောကျချင်ယင်၊ (ပဋိစ္စသမုပ္ပါဒ် သိရပါမယ်) ပဋိစ္စသမုပ္ပါဒ် သဘောကျမှ နိဗ္ဗာန်သဘောကျမယ်၊ (မှန်ပါ့ ဘုရား)။

ပဋိစ္စသမုပ္ပါဒ်ဖြစ်တာကိုသိလို့ရှိယင် ဒုက္ခသစ္စာသဘောကျ တယ်၊ (မှန်ပါ့) ပဋိစ္စသမုပ္ပါဒ်ချုပ်တာ သိရလို့ရှိယင်-နိဗ္ဗာန် သဘောကျတယ်၊ (မှန်ပါ) သဘောကျပလား၊ (ကျပါပြီ ဘုရား)။

http://www.dhammadownload.com



ပဋိစ္စသမုပ္ပါဒ်ဖြစ်စဉ်ကြီးကို သဘောကျနေလို့ရှိယင် ဒုက္ခသစ္စာသဘောကျတယ်၊ (မှန်ပါ့)ပဋိစ္စသမုပ္ပါဒ်ချုပ်စဉ်ကြီးကို သဘောကျလို့ရှိယင်၊ (နိရောဓသစ္စာ သဘောကျပါတယ်) နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်သဘောကျတယ်၊ (မှန်ပါ့ဘုရား)။

ကဲ....အခုမင်းညာဏ်တုံးပြီဆိုတာ ငါသဘောကျပါတယ်တဲ့၊ မှန်လဲမှန်ပါတယ်တဲ့၊ဒီနေရာမှာ ပဋိစ္စသမုပ္ပါဒ်နားလည်အောင် မင်းလဲမလုပ်ဘူး၊ ဆရာလဲ မရှာတော့ဘူးဆိုယင် ဒီအမေးကို မင်းဘယ်လိုမေးမေး ငါဘယ်လိုဖြေဖြေ မင်း သဘောကျမယ် မဟုတ်ဘူးတဲ့၊ (မှန်ပါ့ဘုရား)။

ကြည့်လေ-ဥပါဒါန်ချုပ်တဲ့ ပုဂ္ဂိုလ် ဘယ်သွားသတုံးတဲ့၊ (မှန်ပါ့)သွားစရာမှ ရှိသေးရဲ့လား၊ (မရှိပါ) ခရီးဆုံးနေတဲ့ ပုဂ္ဂိုလ်ကို ဘယ်သွားသတုံး မေးပြန်တယ်၊ (မှန်ပါ့ဘုရား)။

ခရီးဆုံးနေတဲ့ပုဂ္ဂိုလ်ကို (ဘယ်သွားသတုံး မေးပါတယ်) ကဲ-မေးကောင်းရဲ့လား၊ (မမေးကောင်းပါဘုရား)။

အဲဒီတော့ "ဧဝမေတဿ ကေဝလဿ ဒုက္ခန္ဓဿ နိရောဓော ဟောတိ" ဒုက္ခအစု ချုပ်သွားပြီလို့ ဘုရားက ဖြေရမှာ၊ (မှန်ပါ့) သူက ဘယ်သွားသတုံးဆိုတော့ ခရီးမဆုံးသေးတဲ့ အမိပ္ပါယ်၊ (မှန်ပါ့) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

ဘုရားက ခရီးဆုံးပြီ ဖြေရမယ်၊ (မှန်ပါ့) သူကခရီးဆုံးတဲ့ ပုဂ္ဂိုလ် ဘယ်သွားသတုံးတဲ့၊ (မှန်ပါ့) အဲဒီမှာ တခါတည်း အခက်ကြုံရတယ်၊ (မှန်ပါ့)တကာတကာ တွေရိပ်မိကြပလား (ရိပ်မိပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် တကာ့တကာမ ခင်ဗျားတို့ သက္ကာယဒိဋ္ဌိကွာချင်ယင် ပဋိစ္စသမုပ္ပါဒ်နားလည်ရမယ်၊ (မှန်ပါ့)သဿတဒိဋ္ဌိ ကွာချင်ယင်၊ (ပဋိစ္စသမုပ္ပါဒ် နားလည်ရပါတယ်)ဥစ္ဆေဒဒိဋ္ဌိ ကွာချင်ယင်၊ (ပဋိစ္စသမုပ္ပါဒ် နားလည်ရပါမယ်) နိဗ္ဗာန်သဘောကျချင်ယင်၊ (ပဋိစ္စသမုပ္ပါဒ်နားလည်ရပါမယ်)ဘယ်လောက်အရေးကြီးသတုံး၊ (ကြီးပါတယ်ဘုရား)တော်တော့်ကိုအရေးကြီးပါတယ် တကာ့တကာမတွေ၊ (မှန်ပါ့ဘုရား)။

ကဲ-ဒါဟာ အခုဘုရားကိုက ဖော်လိုက်တယ်၊ (မှန်ပါ့) တဏှာမာနဒိဋ္ဌိ ဥပါဒါန် ချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားသတုံး ဆိုတော့ ဒီလိုအဓိပ္ပါယ်မမေးနဲ့ကွ၊ (မှန်ပါ့) မသွားဘူးလား၊ ဒီလိုလဲမပြောနဲ့ကွ၊ (မှန်ပါ့)။

သွားချည်တလှည့်-မသွားချည်တလှည့်လ ႏ ဒီလိုလဲမဟုတ်ဘူးကွ၊ဒီအဓိပ္ပါယ်လဲမရဘူးတဲ့၊ (မှန်ပါ့ မသွားသည်မဟုတ်၊ သွားတယ်လို့ယူရမှာလား-ဒီလိုလဲ မဟုတ်ဘူးကွတဲ့၊ (မှန်ပါ့ဘုရား)။

ဩော်....ရှင်ကြီးဂေါတမ ဒါဖြင့် ကျုပ်ဉာဏ်တုံးပြီတဲ့၊မရတော့ဘူးတဲ့၊ (မှန်ပါ့)။

မင်း-တုံးမှာ ပေါ့ကွ၊ပဋိစ္စသမုပ္ပါဒ်မှ မင်း သဘောမကျဘဲတဲ့၊(မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

ဒီတကာ့တကာမတွေ ပဋိစ္စသမုပ္ပါဒ် သဘောကျသလား၊ (ကျပါပြီဘုရား) ဟာ မကျသေးပါဘူး၊ နက်ဖြန်ဟောရဦးမှာ၊မကျသေးဘူး၊ဒီလေးခုကိုနိဗ္ဗာန်လဲဟောရဦးမှာ(မှန်ပါ့)

http://www.dhammadownload.com



သဿတ, ဥစ္ဆေဒ, သက္ကာယကော ချုပ်ရဦးမှာ၊ (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒါသဘောမကျလို့ရှိယင်တဲ့ မင်းတို့ဘယ်နည်းနဲ့မှနိဗ္ဗာန်သဘောကျမှာမဟုတ်ဘူးဆိုပြီး နက်ဖြန်ကျတော့ မိုးရှို့တဲ့ဥပမာနဲ့ ဒိပုဏ္ဏားဝတ္ထုကို ဟောဦးမယ်၊ (မှန်ပါ့ဘုရား) မဟောပေဘူးလား၊ (ဟောပါတယ်ဘုရား)။

အဲဒီတော့တကာတကာမတို့ ခင်ဗျားတို့ ဝိပဿနာအလုပ်ကို အားထုတ်တော့မယ် ဆိုလို့ရှိယင်ဖြင့် ဒိဋ္ဌိခွါမှုရှေ့ထား၊ (မှန်ပါ့)ဒိဋ္ဌိခွါမှုကိုရှေ့ထားမယ်ကြံလို့ရှိယင်လဲ ပဋိစ္စသမုပ္ပါဒ်နားလည်မှုကို ဒိဋ္ဌိခွါမှုရှေ့က သူ့ကိုနားလည်မှုရှိအောင် သင်ထားပါ၊ (မှန်ပါ့ဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။ ဒါဖြင့် တကာတကာမတို့ နိဗ္ဗာန် ရောက်ချင်လို့ရှိယင် ဒိဋ္ဌိခွါရမယ်၊ (မှန်ပါ့)။

နိဗ္ဗာန်ရောက်ချင်လို့ရှိတင်(ဒိဋ္ဌိခွါရပါမယ်ဘုရား)ဒိဋ္ဌိသုံးမျိုးခွါရမယ်၊သက္ကာယ,သဿတ,ဥစ္ဆေဒ၊ (မှန်ပါ့)။

နိဗ္ဗာန်ရောက်ချင်ယင်၊ (သက္ကာယ, သဿတ, ဥစ္ဆေဒ သုံးမျိုး ခွါရပါမယ်ဘုရား)။

သက္ကာယ,သဿတ,ဥစ္ဆေဒ၊ ဒီ-ဒိဋ္ဌိသုံးမျိုးခွါချင်လို့ရှိယင် ဘာနားလည်ရမလဲ၊ ပဋိစ္စသမုပ္ပါဒ် နားလည်ရပါမယ်) ပဋိစ္စသမုပ္ပါဒ် နားလည်ရမယ်၊ (မှန်ပါ့)။

ဒါမှ နားမလည်ဘဲနဲ့ခင်ဗျားတို့ ဖြစ်ပျက်-ဖြစ်ပျက် အားထုတ်နေကြမယ်ဆိုယင် ခင်ဗျားတို့ အာပေါက်အောင် အား

http://www.dhammadownload.com



ထုတ် မရဘူး (မှန်ပါ့) ဦးဘအုန်း သေချာပလား၊ (သေချာပါပြီ ဘုရား)။

ဒါဖြင့် တကာသစ် အစီအစဉ်တော့ဖြင့် အင်မတန်ကောင်းသွားပြီ (ကောင်းသွားပါပြီဘုရား) နိဗ္ဗာန်ရချင်လို့ရှိယင်ဘာ နားလည်ရမတုံး၊ (ပဋိစ္စသမုပ္ပါဒ် နားလည်ရပါမယ်) ဒိဋ္ဌိခွါမှု နားလည်ရမယ်၊ (မှန်ပါ့)။

ဒိဋ္ဌိခွါမှုကို နားလည်ချင်ယင် ဘာရှေ့ထားရမတုံး (ပဋိစ္စသမုပ္ပါဒ်နားလည်အောင် သင်ရပါမယ်) ပဋိစ္စသပ္ပါဒ် နားလည်မှုကို ရှေ့ထားမှ ဒိဋ္ဌိကကွာမယ်၊ (မှန်ပါ့) ဒိဋ္ဌိကွာမှ နိဗ္ဗာန်သဘောကျမယ်၊ (မှန်ပါ့ဘုရား)။

အခု ပုဏ္ဏားက ဒိဋ္ဌိနဲ့မေးတော့ နိဗ္ဗာန် ဟောလိုက်တော့ ရှင်ကြီးဂေါတမ ကျုပ်ဉာဏ်တုံးတယ် ပြောတာပဲ၊ (မှန်ပါ့) နားမလည်တော့ဘူးတဲ့၊ (မှန်ပါ့)။

ဟောတာကတော့ ဘုရားကဥပါဒါန်ချုပ်တဲ့ပုဂ္ဂိုလ်နိဗ္ဗာန်သွားတယ်လို့ ဟောတာပဲ၊ (မှန်ပါ့) နိဗ္ဗာန်ရောက်သွားပြီလို့ ဟောတာပဲ၊ (မှန်ပါ့)။

သူက ဥပါဒါန်ချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားသတုံး မေးတော့ သွားစရာရှိသေးရဲ့လား (မရှိပါဘုရား) သွားစရာမရှိတာသူက ဘယ့်နှယ်မေးသတုံး၊ (ဘယ်သွားသတုံး မေးပါတယ်ဘုရား)။

ဘယ်သွားသတုံး မေးတော့မခက်ဘူးလား၊ (ခက်ပါတယ်ဘုရား)။

http://www.dhammadownload.com



အဲဒီတော့ ဒါ-ပဋိစ္စသမုပ္ပါဒ် သဘောကျလို့လား-၊ မကျလို့လား၊ (မကျလို့ပါဘုရား)။

မကျတော့ကိုတဲ့ တကာတကာမတို့ "ဝေမေတသ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ" ဒုက္ခချုပ်သွားတာကို ဒုက္ခ ဒီနေရာဖြစ်လို့ ဒုက္ခဒီနေရာပျောက်သွားတာကို သူ-သိကို မသိဘူး၊ (မသိပါဘုရား)။

ဒုက္ခ ဒီနေရာဖြစ်နေလို့ ဒုက္ခ ဒီနေရာမှာ ပျောက်သွားတာ သူသိသေးရဲ့လား၊ (မသိပါဘုရား)။

ဥပမာ တကာသစ် လက်မောင်းမှာ အနာပေါက်၊ ဆေးကောင်း ဝါးကောင်းနဲ့ ကုလိုက်တော့ ဒီအနာ ဘယ်မျာ းရွှေပျောက်သတုံး၊ လက်ဖျားမှာရွှေ့ပျောက်သလား ဒီပေါက်တဲ့လက်ရင်းမှာပဲ ပျောက်သလား၊ (ပျောက်တဲ့လက်ရင်းမှာပဲ ပျောက်ပါတယ်ဘုရား)။

ပေါက်တုန်းက လက်ရင်းမှာပေါက်တယ်၊ (မှန်ပါ့ဘုရား) ပျောက်တဲ့အခါကျတော့၊ (လက်ရင်းမှာပဲ ပျောက်ပါတယ်ဘုရား)။

အဲဒီတော့ ဒီခန္ဓာ ဒီနေရာမှာ ခန္ဓာတည်းဟူသော အနာကိလေသာနဲ့ ခန္ဓာကြီးဟာ တွဲနေတယ်၊ (မှန်ပါ့ဘုရား) ကိလေသာနာနဲ့ ခန္ဓာနဲ့ တွဲနေတော့ ဒီနေရာမှာ တခါတည်း အာသဝေါ ကုန်လိုက်တယ်ဆိုယင် ဒီနေရာမှာပဲ ဦးမာဒင် ပျောက်ရမယ်၊ (ပျောက်ရပါမယ် ဘုရား) ဘယ်သွားသေးသတုံး၊ (ဘယ်မှမသွားပါဘုရား) အဲဒါ သူက ဘယ်သွားသတုံးမေးတော့ မခက်ဘူးလား၊ (ခက်ပါတယ်ဘုရား)။

http://www.dhammadownload.com



အဲဒီတော့ ဒီလိုလဲအဓိပ္ပါယ်မရဘူးလို့မဖြေရပေဘူးလား၊ (ဖြေရပါတယ်ဘုရား)။

အဲဒီတော့ သူ-ဒီနည်းချည်းမေးတော့ ဒီလို အဓိပ္ပါယ်မရဘူးလို့ဖြေလိုက်တော့ ရှင်ကြီးဂေါတမ ကျုပ်ဉာဏ်တုံးပြီတဲ့၊ မမေးတတ်တော့ဘူးတဲ့၊ (မှန်ပါ)။

မင်း- ဘာမေးတတ်မတုံးတဲ့၊ မင်း- ပဋိစ္စသမုပ္ပါဒ် နားမလည်ဘူးတဲ့၊ (မှန်ပါ) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီ- ပဋိစ္စသမုပ္ပါဒ် ဘယ်လောက် အရေးကြီးတယ်ဆိုတာ ဘုရားပါးစပ်က ဖွင့်ချတော့ တကာ တကာမတွေ ဩော်.... သူနားမလည်လို့ရှိယင် ဒိဋ္ဌိလဲမကွာ နိဗ္ဗာန်လဲမသိ၊ (မှန်ပါဘုရား)တကာတကာမတို့ သဘော ကျပလား(ကျပါပြီဘုရား)။

ဒိဋ္ဌိလဲ၊ (မကွာပါ ဘုရား) နိဗ္ဗာန်လဲ၊ (မသိပါဘုရား) နိဗ္ဗာန်မသိကတည်းကဒိဋ္ဌိလဲမကွာကတည်းက တကာ တကာမတို့ ဘယ်တော့မှ ဒီဖြစ်ပျက်ကို ကိုယ့်သဘောနဲ့ ကိုယ်တော့ဖြင့် ယုံယုံကြည်ကြည် သိတော့မယ် မဟုတ်ပါဘူး၊ (မှန်ပါ) သိစရာရှိသေးရဲ့လား၊ (မရှိပါဘုရား)။

အဲဒါကြောင့် နက်ဖြန်မှာ တကာ တကာမတို့ နိဗ္ဗာန်လဲ သိအောင် ပြောမယ်၊ (မှန်လှပါဘုရား) ဒိဋ္ဌိလဲ ခွါပေးမယ်၊ (မှန်လှပါ) ပဋိစ္စသမုပ္ပါဒ် အရှင်းမူတည်လိုက်လို့ ရှိယင် ဒိဋ္ဌိ ခွါတာက မပါပေဘူးလား၊ (ပါ-ပါတယ်ဘုရား)။

http://www.dhammadownload.com



ချုပ်ပုံ ပြလိုက်ယင် နိဗ္ဗာန်လဲ ပေါ်မလာပေဘူးလား။ (ပေါ်လာပါတယ်ဘုရား)။

အဲဒီလိုပေါ်တာ ပြပြီးတော့မှ ဒီပုဏ္ဏားကို ဥပမာနဲ့တကွ ဘုရားကနိဗ္ဗာန်ကို မီးငြိမ်းပုံပြတဲ့ဥပမာကို တကာသစ် နက်ဖြန် ကျတော့ ကြားရလိမ့်ဦးမယ်၊ (မှန်ပါ) ဒီနေ့တော့ နာရီဓွေ လို့ မတတ်နိုင်တော့ဘူး၊ (မှန်ပါဘုရား)။

ကဲ....ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု....သာဓု....သာဓု။

http://www.dhammadownload.com

ကျေးဇူးတော်ရှင်- အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မဟာဂန္ဓာရုံ မင်္ဂလာတိုက်ဟောင်း မိုးကုတ်ဆရာတော်ဘုရား
အမရပူရမြို့ဓမ္မာရုံ၌ ဟောကြားဆုံးမတော်မူသော
(နိဗ္ဗာန် ရောက်ကြောင်း)

# နေ့အလုပ်ပေး-တရားတော်

(၁၉-၈-၆၁)

ဒုက္ခငြိမ်းတာ နိဗ္ဗာန်လို့မှတ်ကြပါနော်၊ (မှန်ပါ့) ခန္ဓာ ကိုယ်ကြီးသိမ်းယင်လဲ ဘာခေါ်ကြမယ်၊ (နိဗ္ဗာန်ပါဘုရား)။

ဂုဏ်းခန္ဓာကိုယ်ထဲမှာရှိတဲ့ အပူဓာတ် အလောင်ဓာတ် ဆိုတဲ့ ကိလေသာသိမ်းယင်လဲ ဘာခေါ်ကြမယ်၊ နိဗ္ဗာန်ပါဘုရား)၊

ဩော် ဒါဖြင့် တကာ တကာမတို့ နိဗ္ဗာန် ဆိုတာသည် ဒုက္ခခပ်သိမ်း ငြိမ်းတာလဲ နိဗ္ဗာန်၊ပူလောင်တတ်တဲ့ တရားတွေ သိမ်းတာလဲနိဗ္ဗာန်လို့ သိထားတော့ သူတို့နှစ်ခုမတွဲမှုကျုပ်တို့ အရေးကြီးတဲ့ အလုပ်ပဲ မှတ်ပါ၊(မှန်ပါ့)ခန္ဓာနဲ့ ကိလေသာ မတွဲမှုဟာ အရေးကြီးတယ်လို့မှတ်ပါ၊ (မှန်ပါ့)။

ခန္ဓာနဲ့ ကိလေသာနဲ့ ၊မတွဲမှုဟာ အရေး ကြီးပါတယ် ဘုရား) အခုတော့ ဘုန်းကြီးတို့ တကာတကာမတွေမှာဘယ့် နှယ်ဖြစ်နေသတုံးလို့ မေးတဲ့အခါ ကျတော့ ခန္ဓာနဲ့ ကိလေ သာက တွဲနေတယ်၊(မှန်ပါ့)ခန္ဓာနဲ့ကိလေသာနဲ့တွဲနေတော့ ကိလေသာက စိုးရိမ်တယ်ဆိုလို့ ရှိယင်ဖြင့် ကျန်တဲ့ ရုပ်ခန္ဓာ ကြီးက မျက်ရည်ကျတယ်၊

http://www.dhammadownload.com



ဩော်....ဒါဖြင့် ကိလေသာနဲ့ ခန္ဓာနဲ့ တွဲယင် ပရိဒေဝ ပွဲကို နွှဲရတယ်လို့ မှတ်ရမယ်၊ (မှန်ပါ့)။

ခန္ဓာနဲ့ ကိလေသာ တွဲယင် သောကပရိဒေဝပွဲကို နွှဲရတယ် လို့ အောက်မေ့ပါ၊ (မှန်ပါ့)။

ဩော်....ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ခန္ဓာနဲ့ ကိလေသာနဲ့တွဲမှု အလွန်ကြောက်ရှာတယ်၊ (မှန်ပါ့)။

တကာတကာမတွေ မျက်ရည် ကျတယ် ဆိုတာ ဘာနဲ့ဘာ တွဲတာပါလိမ့်၊ (ခန္ဓာနဲ့ ကိလေသာ တွဲသာပါ ဘုရား)။

ဒေါသကိလေသာနဲ့ မျက်ရည်၊ ရုပ်ဆိုတဲ့ မျက်ရည်က ရုပ် တရား၊ (မှန်ပါ့)အဲဒါရုပ်ခန္ဓာကြီးနဲ့ ကိလေသာနဲ့ တွဲလိုက်ပြီ ဆိုမှဖြင့် ဟာ...တစ်ခါတည်း မျက်ရည်ကြီးငယ်တွေ ကျလာ တာပဲ၊ (မှန်ပါ့)ခန္ဓာနဲ့ ဒေါသနဲ့ တွဲလိုက်လို့ရှိယင်လဲ တစ် ခါတည်း ရုပ်တွေက ကြမ်းတက်လာပြီး မျက်စိတွေ ဘာတွေ နီမြန်းလာတာပဲ၊(မှန်ပါ့)

ဩော်....ခန္ဓာနဲ့ဒေါသနဲ့တွဲပြန်လဲ ရုပ် ကြမ်းပြီး နီမြန်း လာတယ်ဆိုတာ မှတ်ရမယ်၊ (မှန်ပါ့) ခန္ဓာနဲ့ လောဘနဲ့ တွဲ ပြီဆိုမှဖြင့်လဲ ပြာရာခတ်လာတာပဲ၊ (မှပါ့ ဘုရား)။

လောဘနဲ့ ခန္ဓာနဲ့ တွဲလိုက်တော့ (ပြာရာခတ်လာပါတယ် ဘုရား) ပြာရာခတ် လာတယ် ဆိုယင်လဲ ဩော် . သူ တွဲနေတဲ့ အပြစ်ပဲ၊ (မှန်ပါ့)ဒေါသနဲ့ တွေ့ယင် ကြမ်းတယ်၊ (မှန်ပါ့) လောဘနဲ့တွေ့ယင် ပြာရာခတ်လာတယ်၊(မှန်ပါ့)သောကနဲ့ တွဲယင် မျက်ရည်ထွက်တယ်၊(မှန်ပါ့)။

ဩော် ...ဒါဖြင့် ဘုန်းကြီးတို့တကာတကာမတွေမှာ ဒီနှစ် ခုခန္ဓာယင်လဲ တည်ရာဌာန ချုပ်ပါမှ တည်တတ်တဲ့ကိလေသာ

http://www.dhammadownload.com



ယင်လဲသိမ်းပါမှ ဒီနှစ်ခု ဇာတ်မသိမ်းသရွေ့ ကာလပတ်လုံး တကာကြွယ်တို့ ကျုပ်တို့မှာဖြင့် ခုနင်က သုံးဇာတ်ကို လှည့်ခင်းရတယ်၊ (မှန်ပါ့)။

ပြာရာခတ်တဲ့ပွဲသဲ နွှဲရတယ်၊ (နွှဲရပါတယ် ဘုရား) ကြမ်းထော်တဲ့ပွဲကော၊(နွှဲရပါတယ်ဘုရား) ငိုပွဲကြီးတွေကော (နွှဲရတယ်ဘုရား) အင်း-ဒါ ဘာနဲ့ ဘာနဲ့ တွဲလို့ ဖြစ်ပါလိမ့်ဗျာ၊ (ခန္ဓာနဲ့ကိလေသာ တွဲနေလို့ပါဘုရား တယ်လဲ ကြောက်စရာကောင်းပါလား တကာတကာမတို့ (ကောင်းပါတယ်ဘုရား)

ခန္ဓာနဲ့ ကိလေသာနဲ့ တွဲလိုက်ပြီဆိုမှဖြင့် အခု တရားနာနေတုန်းကျတော့ သူများကကြည့်ကြည့် ဓမ္မမိတ်ဆွေချင်းကြည့်ကြည့် ရုပ်ကိုတည်လို့ ကြည်ကြည်ရှင်ရှင်နဲ့ ဘယ်လိုပင် ဥတုရာသီအိုက်ငြားသော်လဲ ဒါလောက် ထူးထူးခြားခြား အရုပ်ဆိုးတဲ့ ခန္ဓာကြီးမပြပါဘူး၊ (မပြပါဘုရား) ခင်ဗျားတို့ အိမ်ရောက်ပြီဆိုမှဖြင့် တစ်ခါတည်း ခန္ဓာနဲ့ ဒေါသနဲ့တွဲလို့ အသံဆိုးကြီးတွေများ ထွက်လာလိုက်တာ၊ (မှန်လှပါဘုရား)မလာကြဘူးလား၊ (လာပါတယ်ဘုရား)။

ခန္ဓာနဲ့ လောဘနဲ့တွဲလိုက်တာနဲ့အိမ်ရောက် အိမ်ရှင်မက ဘယ်သူ ဘာဖြစ်သတဲ့ဆိုတာနဲ့ ပြာရာခတ်ပြီး သကာလများ သွားလိုက်ရတာ၊ (မှန်ပါ့) ခန္ဓာနဲ့ လောဘနဲ့ တွဲလိုက်တာ ကိုးဗျ၊ (မှန်ပါ့)။

ဟာ-ကြေးနန်းရောက်လာလို့ ဘယ်သူ့ဘာဖြစ်လို့ဆိုယင်ဖြင့် ခန္ဓာနဲ့ သောကနဲ့ တွဲလိုက်တာ ချက်ခြင်း မျက်ရည်ကျတယ်၊ (မှန်ပါ့)။

http://www.dhammadownload.com



ဩော်....ဒါဖြင့် ဘုန်းကြီးတို့ တကာ တကာမတွေမှာ ဒီအတွဲကိုမခွဲနိုင်သရွေ့ ပျောက်အောင်မလုပ်နိုင်သရွေ့ ကာလပတ်လုံးဖြင့် ဒီတကာ တကာမတွေ ပွဲအမျိုးမျိုး က,ရမယ်၊ (က,ရပါမယ်ဘုရား) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့က သဘင်သည်တွေမှ ပွဲအမျိုးမျိုးလိုက်က,နေတယ်အောက်မေ့တယ်၊ (မှန်လှပါဘုရား)တကာကြွယ်ကြီးတို့ အိမ်ထဲတွင် က,နေတဲ့ပွဲက မနည်းလှပါဘူး၊ (မနည်းပါဘုရား) နည်းသလား၊ (မနည်းပါဘုရား)။

တစ်ခါတစ်လေကျတော့ လောဘနဲ့ ခန္ဓာတွဲပြီး သားနဲ့ သမီးနဲ့မျာ း ပြုံးပွဲကြီးများ နွှဲနေလိုက်သေးတယ်၊ (မှန်ပါ့) ပြုံးသာပြုံးရတယ် စိတ်ချ လက်ချလားလို့ ရှေ့ရေး,နောက်ရေးတွေးလိုက်ပြန်တော့ မှုံ့ပွဲကြီးများနွှဲနေတယ်၊ (နွှဲနေပါတယ်ဘုရား) တယ်လွန်ကြပါလား တကာ တကာမတို့၊ (လွန်ပါတယ်ဘုရား)။

ဘာနဲ့ဘာ တွဲနေသတုံး၊ (ခန္ဓာနဲ့ ကိလေသာ တွဲနေတာပါဘုရား) ခန္ဓာနဲ့ ကိလေသာနဲ့ တွဲနေတယ်၊ (မှန်ပါ့) ခန္ဓာနဲ့ ကိလေသာနဲ့ တွဲနေသရွေ့ ကာလပတ်လုံးဖြင့် လောင်မီးနဲ့ လောင်စာ တွဲနေတာဘဲ၊ မှန်ပါ့)။

လောင်မီးနဲ့ (လောင်စာနဲ့ တွဲနေပါတယ်ဘုရား) ဩော်-ဒါကြောင့် နိဗ္ဗာန်ဆိုတာဘာပါလိမ့်မလဲလို့ တကာအုန်းမေးတော့မှ လောင်စာသိမ်း၍မီးငြိမ်းတာ နိဗ္ဗာန်(မှန်ပါ့ဘုရား)။

ဘယ်လို ပြောကြမယ်၊ (လောင်စာသိမ်း၍ မီးငြိမ်းတာဟာ နိဗ္ဗာန်ပါဘုရား)။

http://www.dhammadownload.com



လောင်စာသိမ်း မီးငြိမ်းတာ နိဗ္ဗာန်ဆိုတာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟောလို့ တကာ တကာမတွေ အရယူဖို့ အချိန်လဲ ရောက်ပါပြီ၊ (မှန်ပါ့) အရယူဖို့ အချိန်ရောက်ပြီ ဆိုတာကို တထစ်ချ ဆုံးဖြတ်ချက် ချပါ၊ (မှန်ပါ့)။

ခင်ဗျားတို့ နို့မဟုတ်လို့ရှိယင်ဖြင့် မဲ့ပွဲကြီးနဲ့ နွှဲလိုက်၊ ပြုံးပွဲကြီးနဲ့ နွှဲလိုက်၊ ပြာရာခတ်တဲ့ပွဲနဲ့ နွှဲလိုက်၊ မျက်ရည် ကျတဲ့ပွဲနဲ့၊ (နွှဲလိုက်ရပါမယ် ဘုရား) ကောင်းကောင်း နေရတဲ့ အချိန် ပြောစမ်း တကာသစ်၊ (မရှိပါ ဘုရား)။

ဒါဖြင့် ဘယ်လိုနဲ့ အသက်တမ်း ကြီးလာကြသတုံးလို့ တကာကြွယ်တို့ မေးလို့ ရှိယင်ဖြင့် နွှဲပွဲတွေနဲ့ ကြီးခဲ့ရတာပါ ပဲဘုရား၊ (မှန်ပါ့) မဆိုနိုင်ဘူးလား၊ (ဆိုနိုင်ပါတယ်ဘုရား)

ဒီပွဲအမျိုးမျိုးနွှဲပြီး ကြီးခဲ့ရတာပါဘုရား၊ (မှန်ပါ့) ဒါဖြင့် ဒီအထဲမှာ လူချမ်းသာ မပါဘူး၊ (မပါပါ ဘုရား)။

လူချမ်းသာမပါဘူး တကာတကာမတို့၊(မှန်ပါ့) ခန္ဓာနဲ့ ကိလေသာမီးနဲ့တွဲနေလိုက်တဲ့ လောင်ခြင်း အမျိုးမျိုး, ရုပ်ပုံ အမျိုးမျိုး,မဲ့ခြင်း, ပြာရာခပ်ခြင်း, ဒါနဲ့ပဲအချိန် ကုန်လာ တယ်၊ (မှန်ပါ့ ဘုရား)။

ဒါ-ဘယ့်နှယ်ကြောင့်တုံး ဆိုတော့ လောင်စာ သိမ်း၍မီး ငြိမ်းတဲ့ဆီ မရောက်သေးလို့ပတ်လုံးအရှက်တကွဲ အကျိုး နဲ့ပွဲချည့်နွှဲရတော့မယ်ဆိုတာဖြင့် ဘာမှသံသယမရှိနဲ့ (မှန်ပါ့) ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)။

http://www.dhammadownload.com



ခင်ဗျားတို့ချင်းတော့ဖြင့် တဲ့ တကာကြွယ် မပြောချင်ပါဘူး၊(မှန်ပါ့)ခင်ဗျားတို့ချင်းကျတော့ဖြင့် တစ်ယောက်ကမဲ့နေပေမယ့် တယောက်ကအပြုံးမပျက်ဘူး၊(မှန်ပါ့) အင်း-သူသာပျက်၊ ငါမပျက်ဆိုတဲ့ပိုးဖလံလိုဖြစ်နေတယ်၊(မှန်ပါ့)။

တစ်ယောက်က မဲ့နေလဲ တစ်ယောက်က အပြုံးမပျက်ဘူး၊ (မှန်ပါ့)ဒီလိုဖြစ်နေတယ်၊သူတို့မှာ တစ်ယောက် ငိုပွဲကြီးနဲ့ပေမယ့် တစ်ယောက်က ပြုံးပွဲကြီး (မှန်ပါ့) အင်း-သူ့မီးနဲ့သူကိုးဗျ၊(မှန်ပါ့ဘုရား)။

ဒါဖြင့် ပြောကျလာတဲ့အခါ ကျတော့ မီးမျိုးစုံကဖြင့် လူတိုင်းမကုန်သေးတဲ့ အတွက် အစုံနဲ့ရမယ် ဆိုတာကတော့ဖြင့် ငြင်းစရာ လိုသေးသလား၊ (မလိုပါဘုရား)။

တကာကြွယ် ဘယ်ပွဲ နွဲချင်သေးသတုံးဗျ၊ (ဘယ်ပွဲမှ မနွဲချင်ပါဘုရား) ဟုတ်ကဲ့လား၊ ခင်ဗျားတို့ အိမ်ပြန်ပြီ ဆိုမှဖြင့် ဘယ်ပွဲနွဲမဘုံး ဆိုတာ အစီအစဉ် မရှိသေးလဲ ရောက်သလိုစီမံသွားတာပဲ၊ (မှန်ပါ့) ငါသွားမှ ပြီးမည့်အလုပ် ငါသွားမယ်၊ မင်းသွားမှပြီးမည့် အလုပ်ဖြင့် မင်းသွားကွာ၊ (မှန်ပါ့ဘုရား)

အံမာပွဲတွေအမျိုးမျိုး ခင်းပြီးသကာလ ကိုယ်ထွက်ရမည့် ဇာတ်က တစ်မျိုး, သူထွက်ရမည့် ဇာတ်က တစ်မျိုး(မှန်ပါ့ဘုရား)ဘယ်ဇာတ်က ကောင်းသတုံး မေးတဲ့အခါ ကျတော့ဖြင့် ပြောရာခတ်တဲ့ဇာတ်ချည်းပဲ၊ (မှန်ပါ့) တကာကြွယ် ရိပ်မိပလား၊ (ရိပ်မိပါပြီ ဘုရား)။

ဒီနေရာသူနဲ့တော်တယ်၊ဒီနေရာကိုယ်နဲ့တော်တယ် ဆိုပြီးသကာလပွဲတွေကော-မများဘူးလား၊(များပါတယ်ဘုရား)

http://www.dhammadownload.com



များတာ များတယ်ဗျာ၊မကင်းတရားကြောင့်ဆိုတော့မကင်း တဲ့ ကိလေသာလောင်လို့ ပြေးကြရတာ၊ (မှန်ပါဘုရား)။

ဘယ့်နှယ်ကြောင့် ပြေးရပါလိမ့်၊ (မကင်းတရားကြောင့် ပြေးရတာပါဘုရား)။

ဩော်-ခင်ဗျားတို့က ကင်းအောင်မှမလုပ်ပဲကိုး၊(မှန်ပါ့) တော်တော်ကြာ ဘုန်းကြီးဆီ လာပြန်ပြီ၊ ဒီနေ့ တရားနာ သွားမလို့ မကင်းတရားကလေးရှိလို့၊(မှန်ပါ့) တကာကြွယ် တို့က စကားက ခတ်တတ်တတ်ဂူး၊ (မှန်ပါ့) မကင်းတရား ကလေးရှိလို့ဘုရား-မကောင်းလှတာနဲ့၊ဩော်-မကောင်းလို့လဲ သွားရသေးသကိုး၊ (မှန်ပါ့) မကောင်းတာ ရှောင်ပါ့လား၊ (မှန်ပါ့) ဘယ့်နှယ်ဖြစ်တာတုံး ပြော- ပြောပါဦး။

တကာကြွယ် ဘယ့်နှယ်ပြောတာတုံး၊ မကောင်းလို့ သွား ရတယ်လို့ မပြောဘူးလား၊ (ပြောပါတယ်ဘုရား)။

ဟာ ...မကောင်းတယ် ဆိုတာ စားရတာလား, မြီးရတာ လား ကြည့်ဖယ်ပစ်ရတာလား၊ (ကြည့်ဖယ်ပစ်ရတာပါ)။

သို့သော် တကာကြွယ်တို့ အသုံးအနှုန်းက ဘယ့်နှယ်သုံး ပါလိမ့်၊ (မကောင်းလို့ သွားရပါတယ်ဘုရား)။

မကောင်းလို့သွားရတယ်၊ မကောင်းလို့ နေလိုက်ရတယ် ဆိုပြီးသကာလ တကာကြွယ်တို့က ဩော်....ခက်လိုက်တဲ့ ဖြစ် ခြင်းမှ မကောင်းပျော်-ပျော်နေတာကိုး၊ (မှန်ပါ့ဘုရား)။

ဘယ့်နှယ် ဆိုကြမလဲ၊ (မကောင်းပျော် ပျော်နေတာပါ ဘုရား) ဖြစ်မှ ဖြစ်ရပလေဗျာ၊ မကောင်း ပျော်ပါလားဗျ၊

http://www.dhammadownload.com



(မှန်ပါ) မကောင်းယင် ဒီနေရာမကောင်း ဟိုနေရာပြောင်း ပါလား၊ (မှန်ပါ) ဒီလိုသဲ မဖြစ်သေးဘူးဘုရား၊ အဲ-ဦးလှဘူး တို့က ဒီအတိုင်း ဆင်ခြေလဲမှာပဲ၊ (လဲပါတယ်ဘုရား)။

အဲဒါ ခန္ဓာနဲ့မီး တွဲနေတာကို သဘောကျတဲ့ အတွက် မကောင်းလဲ ခံရုံပဲဘုရား၊ (မှန်ပါ) ကောင်းလဲ နေရုံပဲဘုရား၊ (မှန်ပါဘုရား)။

ကောင်းတဲ့မီးကသဲ တကာ တကာမတို့ လောဘမီးကသဲ အေးသလိုလိုနဲ့ ပူတာပဲ၊ (မှန်ပါ) ဒေါသမီးက ပူသလိုလိုနဲ့ ပူတာပဲ၊ (မှန်ပါ) မောဟမီးက အရှိန်မရှိဘဲနဲ့ တခါတည်း အုပ်ပြီးသကာလ ဖွဲမီးမျှားလိုပူဘာပဲ(မှန်ပါ)ဘယ်မီးလောင် တာ ကြိုက်သတုံး၊ (ဘယ်မီးလောင်တာမှ မကြိုက်ပါဘုရား)။

ဟာ-တကာကြွယ်ရ ဘယ်မီးလောင်တာ ကြိုက်သတုံးဆို တော့ ဘယ်မီးမှလောင်တာ မကြိုက်ဘူး ဆိုငြားသော်လဲ ငွေ ဝင်လှမ်းဖြောင့်နေလို့ရှိယင်ဖြင့် ဒလာဘမီးလောင်တာ ကြိုက် သလို ဖြစ်နေတယ်၊ (မှန်ပါဘုရား)။

ငွေဝင်လမ်းဖြောင့်နေတော့ ဘယ့်နှယ်တုံး၊ (လောဘမီး လောင်တာ ကြိုက်သလိုပါဘုရား)။

ဒါဖြင့် တကာကြွယ်တို့က မီးကိုပင်လျှင် တချို့မီးကြိုက် တယ်၊ (မှန်ပါ) တချို့မီးကို၊ (မကြိုက်ပါဘုရား)။

ဩော်-မီးဆိုတာ ပူတာချည့်ပဲနော်၊ ခင်ဗျားတို့မို့ ကြိုက် တဲ့မီး၊ မကြိုက်တဲ့မီး ရှိရသေးတယ် ဆိုတော့ အံ့တော့ အံ့ ရာပဲ၊ (မှန်ပါဘုရား)။

http://www.dhammadownload.com



မီးဟူသရွေ့ဟာ ဘာတုံး၊(ပူလောင်ပါတယ်)ပူပင် ပူငြား သော်လဲတဲ့ကြိုက်တဲ့မီး မကြိုက်တဲ့မီးဆိုတာ ဝိပ္ပလ္လာသမကင်း သေးတော့ ဖြစ်နေတာ၊ (မှန်ပါ့) မီးဟာ မကြိုက်ရမှာချည့်ပဲ (မှန်ပါ့ဘုရား ။

တကာတကာမတို့ မီးဟူသရွေ့ဟာ (မကြိုက်ရမှာချည့်ပါ ဘုရား)။

သို့သော်- တကာကြွယ်တို့၊ဦးလှဘူးတို့ အကြိုက်ကငွေဝင် လမ်းဖြောင့်တဲ့လောဘမီးဆိုယင် (ကြိုက်ပါတယ်)ငွေဝင်လမ်း ဆုတ်ယုတ်ဘဲ့ ဒေါသမီးဆိုယင်(မကြိုက်ပါဘုရား)။

သြော်....ဒါဖြင့် တပည့်တော်တို့သည်ပြိတ္တာကြိုက်တယ်၊ငရဲ မကြိုက်ဘူး၊ (မှန်ပါ့) လောဘမီးက ပြိတ္တာကိုး၊ (မှန်ပါ့) ဒေါသမီးက ငရဲကိုးဗျ၊ (မှန်ပါ့)။

အဲဒီတော့ တကာကြွယ်တို့ကြိုက်ပုံက ပြိတ္တာတော့၊ (ကြိုက် ပါတယ်) ပြိတ္တာဘုံ သွားမည့် မီးကျတော့ (ကြိုက်ပါတယ်) ငရဲသွားမည့်မီးကျတော့ မကြိုက်ပါ)မကြိုက်ဘူးလို့ အမိပ္ပါယ် က ဒီမရောက်ဘူးလား၊ (ရောက်ပါတယ်ဘုရား)။

အဲဒါကြောင့် ဒီမီးတွေရှိလို့ရှိယင် ငရဲနဲ့ ပြိတ္တာဆိုတာသာ တကာတကာမတို့ သွားာလမ်းခရီး ရှိတော့တယ်ဆိုတာ မှတ် ထား တော့ မီးသိမ်း ထင်းကုန်မှ- ကိစ္စပြီးကြမှာပဲ၊ (မှန်ပါ့ ဘုရား)။

မီးသိမ်း-ထင်းကုန်မှ(ကိစ္စပြီးကြမှာပါ)ဒါဖြင့် ဒီတရားကို ဟောရတော့မယ်ဆိုတာ အဂ္ဂိဝစ္ဆကမေးလို့ တကာတကာမတို့

http://www.dhammadownload.com



ခင်ဗျားတို့ ခန္ဓာကြီးဟာဖြင့် ဘယ်ဘိုသွားထားရလို့ ရှိယင် ဒီမိုးနဲ့ဒီထင်း ကွဲပါ့မလဲ - ငြိမ်းပါ့မလဲ သိမ်းပါ့မလဲ ဆိုတာ သုံးဆယ့်တစ်ဘုံတည်း မစဉ်းစားပါနဲ့၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

သုံးဆယ့်တစ်ဘုံတည်းမှာဖြင့်၊ (မစဉ်းစားပါနဲ့)မစဉ်းစားနဲ့တဲ့၊ လောင်မီးပွဲကြီး မှတ်လိုက်စမ်းပါ၊ (မှန်ပါ့ဘုရား)။

သုံးဆယ့်တစ်ဘုံတည်းမှာဖြင့်၊ (လောင်မီးပွဲချည့်ပါ)ဘယ်ပွဲများ နွှဲချင်သေးသတုံးမေးယင် ဘယ့်နှယ်ပြောမတုံး၊ (ဘယ်ပွဲမှမနွှဲချင်ပါ) နတ်ပြည်ပွဲ ကလေးများတော့ တကာကြွယ်- (မနွှဲချင်ပါဘုရား)။

သူတို့လောင်တဲ့မီးက သာဆိုးသေးတယ်၊ (မှန်ပါ့) သူတို့လောင်တဲ့မီးကသာပြီးဆိုးတယ်၊သူတို့မှာ ဒေါသမီး တောက်လိုက်တဲ့အတွက် ရုပ်က အခိုးရုပ်လို့ ဆိုတာ မှတ်ထားလိုက်စမ်းပါ၊ (မှန်ပါ့)။

အခိုးရုပ်ကို နဂိုရ်ကမှ အခိုးနုနုကလေးတွေ ရုပ်ဖြစ်နေတဲ့ဥစ္စာ ဒေါသမီး အကြမ်းကြီး လောင်ချလိုက်တာ မသာ ထည်တောင်ရှာမတွေ့ဘူး၊ (မှန်လှပါဘုရား)။

ဒါဖြင့် နတ်မီးနဲ့လူမီးတကာကြွယ် ဘယ်မီးကထက်ပါလိမ့် (နတ်မီးက ထက်ပါတယ်ဘုရား) န ာ်မီးကထက်လို့ အထည်ပျောက်တယ်၊ (မှန်ပါ့)။

လူမီးကတော့ လောင်တော့ လောင်တယ်တဲ့၊ အထည်ကကြမ်းတာနဲ့ တကာတကာမတို့ မပျောက်နိုင်ဘူး၊ (မှန်ပါ့)။

http://www.dhammadownload.com



ဒါဖြင့် အထည် ပျောက်တဲ့မီးနဲ့ အထည် မပျောက်တဲ့မီး တကာကြွယ် ဘယ်ဟာကြိုက်သတုံး၊ (ဘယ်ဟာမှမကြိုက်ပါ ဘုရား)လောင်တာချည့်ပါပဲ-(မှန်ပါ့) သဘောပါကြပလား၊ (ပါ-ပါပြီဘုရား)။

ဒါဖြင့် လောင်စာသိမ်း၍ မီးငြိမ်းတဲ့ကိစ္စသည် ဒို-အရေး အကြီးဆုံးလိုချင်ခြင်းကိစ္စလို့မှတ်လိုက်စမ်းပါ(မှန်ပါ့ဘုရား)၊

လောင်စာသိမ်း၍မီးငြိမ်းတဲ့ကိစ္စသည်၊ အကြီးဆုံးလိုချင် ခြင်းကိစ္စပါဘုရား)။

တကာသစ် ဒီဥစ္စာ အရိယာမျက်လုံး တပ်ကြည့်မှနော် .. (မှန်ပါ့) အရိယာမျက်လုံးမတပ်လို့ရှိယင်ဖြင့် လောင်စာနဲ့မီး တွဲနေတာ ဒီလိုမျိုးတွဲရ တော်သေးရဲ့လို့ ဖြစ်နေတယ်၊ (ဖြစ် ပါတယ်ဘုရား)။

ဥပမာ-လူချမ်းသာ ကြည့်လိုက်တဲ့အခါ သားနဲ့ သမီးနဲ့ ပစ္စည်းနဲ့ ပြည့်ပြည့်စုံစုံ တအိမ်လုံးကလဲ ကျန်းကျန်းမာမာနဲ့ ရေဒီယိုဖွင့်ပြီးသကာလ ပန်ကာတွေနဲ့ ရွှင်ရွှင်ပြပြနေတဲ့အချိန် ကျတော့ ပုထုဇဉ်မျက်လုံး တပ်ကြည့်လိုက်တော့ ဒီအဖြစ်မျိုး ဘယ်တော့ ရောက်ပါ့မတုံး၊ (မှန်လှပါ) ဟိုမှာ လောင်စာနဲ့ မီးတွဲတာ သူမြင်သေးရဲ့လား၊ (မမြင်ပါဘုရား)။

အဲဒီတော့ တော်တော်ကြာ သူ့ဒီပွဲသာနဲ့နေတယ်၊ ပြုံးပွဲ ကနေ မဲ့ပွဲ သွားဦးမှာပဲ၊ (မှန်ပါ့) မသွားပေဘူး လား ... (သွားပါတယ် ဘုရား) လောကဓံကိုးဗျ၊ ခန္ဓာဖြစ်စဉ်ကိုး၊ (မှန်ပါ့) ခန္ဓာ့ဖြစ်စဉ်ဆိုတော့ လွတ်နိုင်ပါ့မလား၊ (မလွတ်နိုင် ပါဘုရား)။

http://www.dhammadownload.com



**အေး** ဒါကြောင့် တကာတကာမတို့ ခင်ဗျားတို့မှာရန်သူ အကြီးဆုံးဟာ လောဘရှိတယ်၊ (မှန်ပါ့ဘုရား) လောဘဟာ ခင်ဗျားတို့ကို ကြီးပွားအောင်လုပ်သလိုလိုနဲ့ အပါယ်ချတယ် (မှန်ပါ့) ခင်ဗျားတို့ကို မိတ်ဆွေလိုလိုနဲ့၊ (အပါယ်ချပါတယ် ဘုရား)။

ရန်သူလိုလိုနဲ့ အပါယ်ချတာက ရှောင်လို့ရတယ်၊ (ရပါတယ်ဘုရား)ဒါဖြင့် ဘယ်ဟာ ကြောက်စရာ ကောင်းသတုံး၊ (မိတ်ဆွေလိုလိုနဲ့ အပါယ်ချတာက ကြောက်စရာကောင်းပါ တယ်ဘုရား)။

မိတ်ဆွေလိုလိုနဲ့ အပါယ်လေးပါး ပို့လိုက်ဘဲ့ တရားဟာ ကြောက်စရာကောင်းတယ်၊ (မှန်ပါ့ဘုရား) ဘယ်လိုတုံးဆို တော့ မင်းတို့ အချိန်အရွယ်ရှိတုန်း- ကာလ ဒေသ ကလေး ကောင်းတုန်း တိုင်းပြည်ရေးရာ ကလေးကလဲ အနည်းငယ် သာယာတုန်း အချိန်ရှိခိုက် လုံ့လစိုက် ရှာကြ,ဖွေကြဟေ့....၊ တကာကြွယ်တို့က လူကြီးပြောတွေပေါ့ဗျာ၊ ပြောပါတယ် ဘုရား)။

**အင်း-ရှာကြ,ဖွေကြဟေ့ဆိုတော့ ဟိုကလဲကိုယ်လောက်မှ ပညာမရှိတဲ့ ပုဂ္ဂိုလ်တွေကျတော့ လောဘမီးကလေးက ထ, တောက်လာတာပဲ၊** (မှန်ပါ့ဘုရား)။

အင်း လူကြီးပြောတဲ့စကား ပယ်လို့မဖြစ်ဘူး၊ သူတောင် ဝါသနာပါလွန်းလို့ ဒီအပြော, ပြောတာပေါ့၊ (မှန်လှပါ) ဒီအဓိပ္ပါယ်မရဘူးလား၊ (ရပါတယ်ဘုရား)။

http://www.dhammadownload.com



ဒီအခိပ္ပါယ် ရပြီးသကာလနေတော့ သြော်– မသိတဲ့လူက ပြောတော့ မလိမ္မာတဲ့လူက နားထောင်ပြီးသကာလ မျောက်နှစ်ကောင်ဖြင့် သစ်ပင်ပေါ်ရန်ဖြစ်တာနဲ့ တူနေပြီ၊ (မှန်လှပါဘုရား)။

မျောက်နှစ်ကောင် သစ်ပင်ပေါ် ရန်ဖြစ်တော့ ဘယ်သူမှ ကိုင်းမကိုင်မိကြဘူး၊ (မှန်လှပါ) တပုံကြီး အောက်ကျပြီး သေပွဲဝင်ရတယ်၊ (မှန်ပါ)။

ခင်ဗျားတို့လဲ အခုလူကြီးကပြောတာကို လူငယ်ကနေပြီး ဒီလောဘစကား ပြောလိုက်လို့ လောဘ အကြောင်း နားထောင်လိုက်လို့ ရှိယင်လဲ နှစ်ကောင်စလုံး သွားတော့မှာပဲ၊ (မှန်ပါ) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

အင်မတန် ကြောက်စရာ ကောင်းပါလား၊ (ကောင်းပါတယ်ဘုရား)။

တကာကြွယ် ဒီဟာတွေက ချင့်နားထောင်ရတယ်၊ (မှန်ပါဘုရား, ချင့်ဘူးရဲ့လား (မချင့်ဘူးပါဘုရား)ကိုယ့်အကျိုးစီးပွား အတော်အလိုရှိတာ အသက်အရွယ်ကြီးတဲ့လူမို့ ရှေ့မှီနောက်မှီမို့၊ (မှန်ပါဘုရား)အင်း....ရှေ့ရေလဲမှီတယ်၊နောက်ရေလဲမှီတယ်၊ နောက်ရေလဲ မှီဦးမှကိုးဗျ၊ (မှန်လှပါ) ဒီ– အခိပ္ပါယ် ရောက်နေတယ်၊ (ရောက်ပါတယ် ဘုရား) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

အံမာ.... တကာကြွယ်တို့က စကား အသုံးအနှုန်းက သိပ်ကြောက်စရာကောင်းတယ်နော်(မှန်လှပါ) သိပ်ကြောက်စရာ

http://www.dhammadownload.com



ကောင်းတယ်၊ ဆုံးမ သလိုလိုနဲ့ သူ့ခမျာများမှာ ရန်သူ တစ်ယောက် ထည့်ပေးလိုက်တာ၊ (မှန်ပါ့) ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)။

ဒါ-လောကကြီးထဲမှာတော့ ဘယ်လိုထင်ကြသတုံး-လို့ မေးတဲ့အခါကျလို့ရှိယင် လူကြီးသူမစကား ဒီဥစ္စာရှောင်လို့ တိမ်းလို့လဲ မကောင်းဘူး၊ ကိုယ့်အကျိုးချည်း ပြောတာပဲ၊ (မှန်ပါ့ဘုရား)။

အံမာ....တကာကြွယ် ဒီလိုများ သင်ပေးလိုက်သေးတယ်၊ (မှန်ပါ့ဘုရား) တဏှာနဲ့ထောင်ချလိုက်တယ်၊ (မှန်ပါ့ဘုရား) ညဏ်နားနဲ့တော့၊ (မထောင်ပါဘုရား)။

အဲဒါကြောင့် နားကိုက အလွဲမို့ သဘောကျတာကလဲ အလွဲဖြစ်သွားတယ်၊ (မှန်လှပါဘုရား) စင်စစ်တော့ မိတ္တပ္ပတိရူပက-လို့ ဘုရားကဟောတယ်*၊ (မှန်ပါ့) တဏှာအကြောင်းပြော-လို့ ရှိယင်ကွာ-တဲ့၊ မိတ်ဆွေလိုလိုနဲ့ ရန်သူအကြောင်း ပြော-တာဘဲ-တဲ့၊ (မှန်ပါ့) မိတ်ဆွေအလားရှိတဲ့ ရန်သူကို တရား ဟောနေတာ၊ (မှန်ပါ့ဘုရား) အဲဒါ မင်း-မလိုက်နာနဲ့-တဲ့၊ ဘုရားက သေသေချာချာဟောတယ်၊ (မှန်ပါ့)။

ခင်ဗျားတို့ကတော့ ဒီလိုမဟုတ်ပါဘူး၊ ဒီလိုပြောပေးမယ် ဆိုလို့ရှိယင်ဖြင့်ပြောတာ, ဆုံးမတာတောင် နည်းသေးတယ် ဆိုပြီး နေ့တိုင်းသွားပြီး နားထောင်ဦးမည့် ပုံလိုလိုတောင်

---

* မိတ္တပ္ပတိရူပက=မိတ်ဆွေတု-မိတ်ဆွေယောင်။

http://www.dhammadownload.com



တကာကြွယ် ဖြစ်သေးတယ်၊ (ဖြစ်ပါတယ်ဘုရား) မဆိုးဝါးဘူးလား၊ (ဆိုးဝါးပါတယ်ဘုရား)။

ထောင်တဲ့လူက ဘာနားပါလိမ့်၊ (တဏှာနားပါဘုရား) ထောင်တဲ့လူက တဏှာနား၊ (မှန်ပါ့ဘုရား) ပြောတဲ့လူက တဏှာပါးစပ်၊ (မှန်ပါ့ဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား)။

ပြောတဲ့လူက၊ (တဏှာပါးစပ်ပါဘုရား) ထောင်တဲ့လူက၊ (တဏှာနားပါဘုရား)ဟာ ...မျောက်နှစ်ကောင်တော့ သစ်ပင်ပေါ်ရန်ဖြစ်ပြီ၊ (မှန်ပါ့ဘုရား) သဘောကျပလား၊ (ကျပါဘုရား)။

မျောက်နှစ်ကောင် သစ်ပင်ပေါ် ရန်ဖြစ်တဲ့အခါတကောင်ကလဲဒေါသကြီးတော့ သစ်ကိုင်းလက်လွှတ်(မှန်ပါ့)တကောင်ကလဲ ဒေါသကြီးတော့၊ (သစ်ကိုင်းလက်လွှတ်ပါဘုရား)သစ်ကိုင်း လက်လွှတ်ကတည်းက ဒီအပေါ်တော့ မနေတော့ဘူး၊ ကျတော့မှာပဲ၊ (မှန်ပါ့ဘုရား) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

အဲဒီတော့ တကာကြွယ်,ရေ .. သိပ်ကြောက်စရာကောင်းပါလား၊ (ကောင်းပါတယ်ဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးသည် နေ့တိုင်း အရိယာမျက်လုံးနဲ့ အရိယာနားကိုပဲ တပ်ပေးနေတယ်၊ (မှန်ပါ့)။

အရိယာမျက်လုံးနဲ့ (အရိယာနားပဲ တပ်ပေးပါတယ်ဘုရား) အဲဒီကျမှ ခင်ဗျားတို့ 'သုတဝါအရိယသာဝကော'

http://www.dhammadownload.com



ဖြစ်လာတယ်၊ (မှန်ပါ) သုတဝါ=အကြား အမြင်ရှိသော၊ အရိယသာဝကော=အရိယာတို့၏ တပည့်သားသည်၊ ဟောတိ=ဖြစ်၏။ (မှန်ပါ) ဒီလိုဖြစ်လာမှ ခင်ဗျားတို့အရိယာမျိုးစေ့ စ,လာတယ်၊ (မှန်ပါ)။

အဲဒီတော့ ပါရမီ-ပါရမီဆိုတာက တကာတကာမတွေက တခြားစီယူနေကြတယ်၊ (မှန်ပါ) ဒီအရိယာနားနဲ့ အရိယာမျက်လုံးတပ်ပေးတဲ့ အချိန်ကို ကိုယ်သန္တာန် ဒါကလေးရမှ ပါရမီမျိုးစေ့၊ (မှန်ပါဘုရား) ရှင်းပလား၊ (ရှင်းပါပြီ ဘုရား)။

ခင်ဗျားတို့က ဒါနပါရမီ, သီလပါမီနဲ့ ရှုပ်နေတာပဲ။ (မှန်ပါ) သဘောကျပလား၊ (ကျပါပြီ) ဒါနပါရမီ, သီလပါရမီတွေရှုပ်နေတော့ ဟိုဘက်သာရှုပ်နေတယ်၊ ပညာပါရမီဘက်ကို လှည့်ကိုမလှည့်ဘူး၊ (မလှည့်ပါဘုရား)။

အရိယာနဲ့ အရိယာမျက်လုံး တပ်ပေးတာက ဘာပါရမီပါလိမ့်၊ (ပညာပါရမီဘုရား) ဒါဖြင့် ''ပညာဟိ သေဋ္ဌာလောကသ္မိံ''ဆိုတဲ့အတိုင်း ဒီအထဲ ပါရမီထဲမှာ ပညာအမြတ်ဆုံး၊ ပညာနဲ့မှခန္ဓာသိမ်း၍ ထင်းသိမ်းပြီးသကာလ မီးငြိမ်းတဲ့ဆီ ရောက်နိုင်တယ်လို့ ဟောထားတဲ့ ဥစ္စာ တကာကြွယ် သေချာပလား၊ (သေချာပါပြီဘုရား)။

ကိုင်း....ဒါဖြင့် တကာတကာမတို့ လူ့ပြည်, နတ်ပြည် ဆုတောင်းတဲ့ပုဂ္ဂိုလ်များမှာ ဘုရားကလဲ ဘယ်လိုဘောသတုံး ''သဗ္ဗလောကေ အနဘိရတိ သညီ'' ကို ကြပ်ကြပ် နှလုံးသွင်း

http://www.dhammadownload.com



စမ်းပါတဲ့ကွ၊ (မှန်ပါ့) အလုံးစုံသော လောကကြီးကို ငြီးငွေ့တဲ့ဉာဏ်ရအောင် နှလုံးသွင်းပါကွတဲ့၊ (မှန်ပါ့) 'သဗ္ဗလောကေ အနဘိရတိ သညီ'ကိုဗျ၊ (မှန်ပါ့ဘုရား)။

အလုံးစုံသောလောကကြီးကို ဘာလုပ်ရမတုံး၊ (ငြီးငွေ့တဲ့ ဉာဏ်ရအောင်လုပ်ရပါမယ် ငြီးငွေ့တဲ့ဉာဏ် ရောက်အောင်ကို နှလုံးသွင်းစမ်းပါဆိုတော့ ဆုတောင်းတဲ့ ပုဂ္ဂိုလ်များအာဏာ တော် ဖီဆန်တယ်၊ (မှန်ပါဘုရား)။

ဆုတောင်တဲ့ ပုဂ္ဂိုလ်များ (အာဏာတော်ဖီဆန်ပါတယ် ဘုရား ။

လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည် အကြိမ်ကြိမ် ခံစားရပါလို၏ဆိုတဲ့ပုဂ္ဂိုလ်များ ဘာ ဖီဆန်တာ ပါလိမ့်၊ (အာဏာတော် ဖီဆန်ပါတယ်ဘုရား)။

အဲဒါ-တကာ တကာမတို့ ကွယ်ရာက ဖီဆန်တာလားတဲ့၊ ရုပ်ပွားတော် ရှေ့မှာ ဖီဆန်နေတာလား၊ (ရုပ်ပွားတော် ရှေ့မှာ ဖီဆန်နေတာပါဘုရား)။

ဖြစ်မှဖြစ်ရပလေဗျာ ကွယ်ရာက ရန်ဖြစ်လို့ ရှိယင်တော့ တော်သေးတယ်နော်၊ (မှန်ပါ့) အခုဟာက ရုပ်ပွားတော်ရှေ့ ဆုတောင်းပြည့် ဘုရား၊ (မှန်ပါ့) ရိုပ်မိပလား၊ (ရိပ်မိပါပြီ)

ရုပ်ပွားတော် ရှေ့ ဆုတောင်ပြည့်ဘုရား ရှေ့မှာ ကိုင်း.... ကိုယ်တော်ကြီးနဲ့ပဲ တိုက်လိုက်ဦးမယ်၊ (မှန်ပါ့) ဘယ့်နှယ် ဖြစ်တာတုံး တကာကြွယ်ရ၊ မသိတာ အခက်ဆုံးဘဲ၊ (မှန်ပါ) ရိပ်ပလား၊ (ရိပ်မိပါပြီဘုရား)။

http://www.dhammadownload.com



ဘုရားကလဲ "သဗ္ဗ လောကေ အနဘိရတိသညီ" အလုံးစုံသော လောကကြီးကို မင်းတို့ မမွေ့မလျော်မှု အိုဘေး နာဘေး သေဘေးတွေကြည့်၊ မမွေ့မလျော်မှု မင်းတို့ တဏှာသေမှာကွ၊ အဲဒါကြောင့် အလုံးစုံသော လောကကြီးကို မမွေ့လျော်တဲ့ဉာဏ် မရ ရအောင် ကြည့်စမ်းပါ၊ သွားများ ဆုမတောင်းလိုက်ပါနဲ့ ဆိုတာ ပြောရှာတယ်၊ (မှန်ပါ) မမှာဘူးလား၊ (မှာပါတယ်ဘုရား)။

မှာပင်မှာငြားသော်လဲ ခင်ဗျားတို့ကလဲ ဘယ်မျှား ဘာ ယောင်နေတယ် မပြောတတ်ပါဘူး၊ ဒီလောကကြီး သနားတော်မူပါ၊ (မှန်ပါ) ဒီဆုမပြည့်မရှိပါရစေနဲ့၊ (မှန်ပါ) ဦးလှဘူး-ဘာဖြစ်တာတုံး၊ (ရူးတာပါ) ရူးတယ်ဆိုပေမယ့် ရူးတဲ့လူကလဲ အရွဲ့တိုက်လိုက်သေးတယ်၊ (မှန်ပါဘုရား)။

ဘယ်သူ့အရွဲ့တိုက်သတုံးလို့ မေးလုံးထုတ်တော့မှ ဘယ့်နှယ်ဖြေမတုံး၊ (ဘုရား အရွဲ့တိုက်တာပါ) ဂုဏ်ချင်း တူလို့လား၊ မတူလို့လားဗျာ၊ (မတူပါ) မတူလို့ တိုက်တာ ဆိုတဲ့ အဓိပ္ပါယ်ရှင်းပလား၊ (ရှင်းပါပြီ ဘုရား)။

အဲဒါခင်ဗျားတို့က ဘယ့်နှယ် ဖြစ်ပြီး သကာလ နေသတုံး ဆိုလို့ရှိယင်ဖြင့် ဝက်တစ်ကောင်လို ခြင်္သေ့နဲ့ စစ်ထိုးတဲ့အခါ သူ့ခန္ဓာမစင်လိမ်းပြီး စစ်ထိုးတော့ ခြင်္သေ့ကပြေးရရှာတယ်၊ (မှန်ပါ) ဘာဖြစ်လို့တုံး၊ သူက မစင်လိမ်းထားလို့ (မှန်ပါ) ရိပ်မိပလား၊ (ရိပ်မိပါပြီ ဘုရား)။

ဘာဖြစ်လို့ပြေးပါလိမ့်၊ (မစင်လိမ်းထားလို့ပါ) ခြင်္သေ့က ကြောက်လို့ပြေးတာလား၊ ရွံလို့ပြေးတာလား၊ (ရွံလို့ပြေးတာပါဘုရား)။

http://www.dhammadownload.com



အင်း–ခင်ဗျားတို့ဆုတောင်းသွားကလဲ ရှိလို့ ပြေးပါလိမ့်မယ် ဘုရားက ရိပ်မိပလား၊ (ရိပ်မိပါပြီ)ကိလေသာမစင်ကြီးနဲ့ သွားပြီး ဆုတောင်းနေတာကိုး၊ မှန်ပါ့ဘုရား)။

တကာသစ် ဒီအမှားတွေ ဒါပြင်ပေးတာလို့မှတ်လိုက်စမ်းပါ၊ (မှန်ပါ့ဘုရား)။

တကာအုန်း ဒီအမှားတွေများတယ်နော်၊ (များပါတယ်ဘုရား)။

ဘုရားက"သဗ္ဗလောကေ အနဘိရတိ သညီ"အနိစ္စသညာ ဒုက္ခသညာ-အနတ္တသညာ-အသုဘသညာ ဒီသညာလေးမျိုးကို လက်မလွတ်စေနဲ့ကွတဲ့၊ (မှန်ပါ့) အလုံးစုံသော လောကကြီးကိုဖြင့် ဘယ်ဟာမှ မနှစ်သက်တဲ့ ဒီဉစ္စာကို မင်းဉာဏ်ထဲ ပေါ်လာမှ ဒီသညာကို အမြဲထားပါမှ ကိလေသာ တွန့်လိပ်ပြီး သကာလ သွားမယ်ကွတဲ့၊ (မှန်ပါ့) ဒါမှသာလျှင် နိဗ္ဗာန်နဲ့ နီးမယ်လို့ ဟောလျက်သားနဲ့ တကာတကာမတွေက လောကကြီးထဲမှာ ဘယ်လောကရောက်ချင်၊ ဟိုလောက ရောက်ချင်၊ ဒီလောကရောက်ချင်နဲ့ဆိုတော့ တကာကြွယ်ရေကန့်လန့်သမားတွေဆိုတာ ပေါ်လာပလား၊(ပေါ်လာပါပြီဘုရား)။

ဒီက ရှေ့တော့ အရှယ်လဲကြီးကြပါပြီတဲ့၊ မသိလို့ ကန့်လန့်လုပ်ခဲ့တာ အပြစ်မယူပါနဲ့လို့ တောင်းပန်ရမည့်အကြမ်ပေါင်း ဘယ်လောက် ပါလိမ့်၊ (မရေတွက်နိုင်ပါ) မွေးကတည်းက မှားလာတာ၊ (မှန်ပါ့) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

အဲဒါ တည့်ပေးနေတဲ့ ဆရာသမားလို့မှတ်လိုက်စမ်းပါ(မှန်ပါ့) ဘာလုပ်ပေးနေသတုံး၊ (တည့်ပေးနေပါတယ်ဘုရား)။

http://www.dhammadownload.com



အဲဒါ ခင်ဗျားတို့မိတ်ဆွေသင်္ဂဟတွေလဲ ဘုရားဖြင့်ကန့်လန့် မလုပ်ပါနဲ့ကွာ၊ (မှန်ပါ့) ဘုရားက အလုံးစုံသော လောကကြီးကို ဘယ်လောကမှ မမွေ့မလျော်တဲ့ ဉာဏ်ရအောင် လုပ်စမ်းပါလို့ ဘုရားက ဟောပါလျက်သားနဲ့ နတ်ပြည်လောကပေးတော်မူပါ၊ (မှန်ပါ့) ဗြဟ္မာ့ပြည် လောကကို အရှင်ဘုရား မပြည့်-ပြည့်အောင် ကြည့်ရှု စောင့်မတော်မူပါ....လို့ ဆိုလို့ရှိယင်ဖြင့် တိုက်ရိုက်ပဲ တိုက်တာပဲဆိုတဲ့ အဓိပ္ပါယ်ရောက်ပါတယ် (မှန်ပါ့) မရောက်ဘူးလား၊ (ရောက်ပါတယ်ဘုရား)။

ဒီရောက်တာ ခင်ဗျားတို့ အင်မတန်ဆိုးဝါးနေတာကိုလဲ ဘုန်းကြီးတို့က အပြစ်ကြီးတော့ မဆိုပါဘူး၊ (မှန်ပါ့)သြော်—သစ္စာတရား မနာရလို့၊ (မှန်ပါ့ဘုရား)။

ဘယ်လို ဆုံးဖြတ်ချက်ချမလဲ၊ (သစ္စာတရား မနာရလို့ပါ) သစ္စာတရားဆိုတဲ့ ဒုက္ခသစ္စာတရား ဆိုတာကြီးကို မနာရတော့ တကာကြွယ် ယောင်ချင်သလို ယောင် – လျှောက်ချင် သလို လျှောက် မှားချင်သလိုမှားနေတာပဲ၊ (မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

ကိုင်း.... ဒါဖြင့် သစ္စာတရား အရေးမကြီးလားဗျာ.... (ကြီးပါတယ်) ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

ကိုင်း....ဒါဖြင့် အဂ္ဂိဝစ္ဆကိုတဲ့ သစ္စာနဲ့ ဘုရားဟောတော်မူတာ စ,ကြစို့၊ (မှန်ပါ့) အမှားတွေပြင်ကြပါစို့ဗျာ (မှန်ပါ့ဘုရား)။

အဂ္ဂိဝစ္ဆက သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ဘုရားသခင်ကိုယ်တော်မြတ်ကြီးကိုမေးပါတယ် (မှန်ပါ့)ရှင်ကြီးဂေါတမ

http://www.dhammadownload.com



ရုပ်နာမ်လောကဟာ မြဲသလားလို့ ဘုရားကိုမမေးဘူးလားဗျာ (မေးပါတယ်ဘုရား)။

မေးတဲ့အခါကျတော့ ဘုရားက ငါဒီအယူ မယူဘူးကွတဲ့၊ (မှန်ပါ) ဆိုတော့ သဿတဒိဋ္ဌိ ငါမယူဘူး ပြောလိုက်တယ်၊ (မှန်ပါ) သဘောကျပလား၊ (ကျပါဘုရား)။

ဘယ်ဒိဋ္ဌိကိုလဲ၊ (သဿတဒိဋ္ဌိကို မယူဘူး ပြောပါတယ်) သဿတဒိဋ္ဌိကို ငါမယူဘူးလို့ ပြောလိုက်တယ်၊ (မှန်ပါ)၊ ၁-နံပါတ်ပြီးသွားပြီနော်- (မှန်ပါ့ဘုရား)။

ပြန်မေးဦးမယ်၊ ရှင်ကြီးဂေါတမ ရုပ်နာမ်လောက မြဲသလားလို့ဆိုတော့ ဘုရားက ဘာတဲ့တုံး၊ (မြဲပါ ဘုရား) ဒီအယူက ဘာအယူပါလိမ့်၊ (သဿတဒိဋ္ဌိပါဘုရား)။

ဒါဖြင့် ရှင်ကြီးဂေါတမ ရုပ်နာမ်လောကဟာ မမြဲဘူးလားလို့မေးတော့ ငါ ဒီအယူလဲမယူဘူးကွတဲ့၊ (မှန်ပါ)မမြဲဘူး ဆိုတော့ ပြတ်သွားတာ၊ (မှန်ပါ-ပြတ်သွားတာပါဘုရား) ဒါ-ဥစ္ဆေဒဒိဋ္ဌိ၊ (မှန်ပါ)။

ဒါ့ကြောင့် ဘုရားမှာ တကာ့တကာမတို့ သဿတလဲမရှိ၊ ဥစ္ဆေဒကော၊ (မရှိပါဘုရား) ဩော်....ဒါဖြင့် ဒိဋ္ဌိနိရောဓေ နိဗ္ဗာနံဆိုတာ ကိုယ်တော်ကြီးရောက်တဲ့ နိဗ္ဗာန်ဟာ ဒိဋ္ဌိချုပ်သွားလို့ရောက်တာ၊ (မှန်ပါ)။

ကိုယ်တော်ကြီး ရောက်သွားတဲ့နိဗ္ဗာန်ဟာ (ဒိဋ္ဌိချုပ်လို့ရောက်တာပါ) ဒိဋ္ဌိချုပ်သွားလို့ ရောက်တာဆိုတာ သေချာသနော်၊ (သေချာပါတယ်ဘုရား)။

http://www.dhammadownload.com



ကဲ—ဒီ့ပြင်ဟာတွေက တကာတကာမတွေ့နားမလည်လို့ အသာရှိပါစေတော့ဘဲ၊ အသက်နဲ့ကိုယ်ဟာ အတူတူပဲလားလို့ မေးလိုက်တယ်၊ (မှန်ပါ့ဘုရား)။

ခန္ဓာထဲအသက်လဲမရှိပါဘူး၊ (မှန်ပါ) ကိုယ်ကော၊ (မရှိပါဘုရား ဘယ်ရှိမတုံး တကာတကာမတို့ ရုပ်နာမ်ဖြစ်ပျက်ရှိတာ (မှန်ပါ့ဘုရား)။

ဒီအသက်နဲ့ ကိုယ်ဟာ တခြားစီလားလို့ မမေးဘူးလား (မေးပါတယ်ဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့တကာတကာမတွေဟာဒီဟာတော့ ရှိတယ်၊ (မှန်ပါ့) ဘာ ဖြစ်လို့တုံး အသက်ထွက်သွားပြီတဲ့၊ (မှန်ပါ့) တကာတကာမတို့ ကိုယ်ထားပစ်ခဲ့တယ်၊ (မှန်လှပါ) အသက်နဲ့ကိုယ် တခြားစီလိုတဲ့ အယူ- ယူမထားဘူးလား၊ (ယူထားပါတယ်ဘုရား) အဲဒီအယူ ယနေ့ဖျောက်လိုက်စမ်းပါ၊ (မှန်ပါ့ဘုရား)။

ဩော်–အသက်လဲမရှိဘူး၊ ကိုယ်လဲမရှိဘူး ရုပ်နာမ်ဖြစ်ပျက်ပဲရှိတယ်၊ (မှန်ပါ့) ဒီနေ့ရာဖြစ်ပြီး ဒီနေရာပျက်တဲ့ အခိုးငါယ်မှ တပါးဘာမှမရှိဘူးလို့မှတ်လိုက်စမ်းပါ၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

ကဲ....ဒီအယူ--ယူထားလို့ရှိယင်ဖြင့် မဂ္ဂဗြဟ္မစရိယအကျင့်၊ ဝိပဿနာအကျင့်-ကျင့်ငြားသော်လဲ ဒီဘဝ ဟိုဘဝ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရနိုင်ဘူးတဲ့၊ (မှန်ပါ့)ဒါဖြင့် အသက်ထွက်သွားပြီ ဆိုတဲ့အယူကိုဖြင့် ဖြုတ်ကြပါ၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



တကာကြွယ်တို့ ဒါ-မဟုတ်ဘဲနဲ့ နှုတ်တက်နေတာနော်၊ (မှန်ပါ့) နှုတ်တက်နေရာက နေပြီး အထင်ကလဲ ရောက်သွားတယ်၊ (ရောက်သွားပါတယ်ဘုရား)။

အသက်ရှိရဲ့လား၊ (မရှိပါဘုရား) မရှိဘူးတဲ့ ရုပ်နာမ်ပဲရှိတယ်၊(မှန်ပါ့) ရုပ်နာမ် ဖြစ်ပျက်ပဲရှိတယ်၊ (မှန်ပါ့ဘုရား)။

အဲဒီတော့ ဘယ်က အသက် ရှိမှာတုံး၊ (မရှိပါ ဘုရား) ကိုယ်ကော ဘယ်ရှိသတုံး၊ (မရှိပါဘုရား)။

အဲဒီတော့ အသက်နဲ့ ကိုယ်တခြားစီလားရှင်ကြီးဂေါတမလို့ အဂ္ဂိဝစ္ဆကမေးတော့ ငါ- ဒီအယူ- မယူပါဘူး ကွာ–တဲ့၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

တခါ ထပ်ပြီးမေးပြန်တယ်၊ ဒါဖြင့် အသက်နဲ့ ကိုယ်ဟာ အတူတူပဲလားလို့ မေးပြန်တယ်၊ (မှန်ပါ့)ငါ-ဒီအယူမယူပါဘူးကွာတဲ့၊ (မှန်ပါ့ဘုရား)။

တကာတကာမတို့ အသက်နဲ့ ကိုယ်ဟာတပြိုင်နက်ချုပ်ပြီး ဉစ္ဆေဒဒိဋ္ဌိဖြစ်သွားတယ်၊ (မှန်ပါ့ဘုရား)။

ခုနင်ကတော့ ကေစ္စသဿတဒိဋ္ဌိ ဖြစ်သွားတယ်၊ (မှန်ပါ့) ကိုယ်သာသေ၍ အသက်ဆိုတဲ့ စိတ်မသေဘူး၊ ဒီလိုယူပစ်လိုက်တယ်၊ (မှန်ပါ့ဘုရား)။

ကိုင်း....တကာတကာမတို့ သာသနာတွင်း တောင်မှ ဒိဋ္ဌိတွေ လွှမ်းမိုးနေလိုက်တာနည်းသလားဗျာ(မနည်းပါဘုရား) ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

ပြီးတော့ နောက်ဆုံးပိတ် တကာတကာမတွေနားလည်တဲ့ အမေးကို သူကမေးလိုက်တော့ သတ္တဝါသေလို့ရှိယင်ဖြစ်သေး

http://www.dhammadownload.com



သလားလို့ မေးလိုက်တယ်၊ (မှန်လှပါဘုရား)ဒီလိုလဲ ငါ-မယူပါဘူးကွာတဲ့၊ သတ္တဝါမှ မရှိဘဲ သေစရာက၊ (မရှိပါဘုရား)။

ဒါဖြင့် သတ္တဝါသေယင်မဖြစ်တော့ဘူးလားလို့ မေးလိုက်ပြန်တယ်၊ (မှန်ပါ့) ဘုရားက ဘယ့်နှယ်ဖြေသတုံး၊ (ဒီလိုလဲ ငါမယူပါဘူးတဲ့ဘုရား)။

ဒီအယူလဲ မယူပါဘူးလို့ ဆိုတော့ အားလုံး ဆယ်မျိုးမေးလိုက်ပါတယ်၊ (မှန်ပါ့) ဆယ်မျိုးမေးလိုက်ပြီးသကာလဒီ-ဒိဋ္ဌိအယူဆယ်မျိုးကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒီအယူတွေ ငါမယူပါဘူးကွာ–လို့ ဆိုတော့ ဘုရားဖ်ဋ္ဌိစင်တယ်ဆိုတာ သေချာတယ်၊ (မှန်လှပါဘုရား)ခင်ဗျားတို့လဲ ဒီအယူတွေ စင်ကြပါ၊ (မှန်လှပါဘုရား) ခင်ဗျားတို့လဲ ဒီအယူတွေ စင်ကြပါ၊ (မှန်ပါ့ဘုရား)။

ကိုင်း ...ဒါနဲ့ ရှင်ကြီးဂေါတမတဲ့၊ဒါဖြင့် ဒီအယူတွေမယူလို့ရှိယင် ဘယ်အယူကို ရှင်ကြီးဂေါတမ ယူလေ့ရှိပါလိမ့်မလဲလို့ မေးဘဲ့အခါ ဒီအယူတွေကွာ ဗောဓိပင်နဲ့ ရွှေပလ္လင် ရောက်ခါနီး သောတာပတ္တိမဂ် ကတည်းက ငါ-ပယ်ပစ်ခဲ့တယ်ကွ၊ (မှန်လှပါ) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

သောတာပတ္တိမဂ် ဆိုတာ ဘယ်ဟာမှ လုပ်လို့ မဟုတ်ဘူး ဒိဋ္ဌိ ပယ်လို့ရတာသာ မှတ်လိုက်စမ်း၊ (မှန်ပါ့ဘုရား)။

သောတာပတ္တိမဂ်ရချင်ယင် ဘာလုပ်ရမလဲ၊ (ဒိဋ္ဌိပယ်ရပါမယ်ဘုရား)။

အဲ....ဒိဋ္ဌိပယ်ယင် ရတာပဲ၊ (မှန်လှပါဘုရား) သဘောပါပလား၊ (ပါ-ပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ရှင်ကြီးဂေါတမ-တဲ့၊ ဒီ- ဒိဋ္ဌိအယူ ဘယ်အယူမှ မယူလို့ရှိယင် ရှင်ကြီးဂေါတမ အမြင်ကလေး ဒီ-ဒိဋ္ဌိလွတ်တဲ့ အမြင်ကလေး ကျုပ်သိပါစေဆိုပြီးအဂ္ဂိဝစ္ဆကလျှောက်တယ်၊ (မှန်ပါ့ဘုရား)။

တကာ တကာမတို့ ဒီဟာ အရေး အကြီးဆုံးပဲ အလုပ်တရား၊ (မှန်လှပါ) အားလုံး ဂရုစိုက်ကြပါ အလုပ်တရား၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး သူ့အမြင်နဲ့ သူ့အလုပ်ကို သူပြောတော့မယ်၊ (မှန်ပါ့ဘုရား)။

ဟောကွာ-တဲ့ ခန္ဓာငါးပါး ရှိတယ်ကွာ-တဲ့၊ (မှန်ပါ့) တကာကြွယ် ဘယ်နှစ်ပါးတဲ့၊ (ငါးပါးပါဘုရား)။

ခန္ဓာငါးပါး ရှိတယ်တဲ့၊ ခန္ဓာငါးပါးတွင် ဤတရားဟာ ရုပ်, ဤရုပ်တရားဟာ ဖြစ်ပျက်ပဲ၊ ဒါ- ငါအယူ ကွာတဲ့၊ (မှန်ပါ့ဘုရား)။

ဤတရားဟာ ဝေဒနာတဲ့၊ ဤဝေဒနာဟာဖြစ်ပျက်ပဲတဲ့၊ (မှန်ပါ့) ဒါ-ဘယ်သူ့အယူပါလိမ့်၊ (ဘုရားအယူပါဘုရား)။

ဤ တရားဟာ သညာပဲ၊ ဒီ သညာဟာလဲ (ဖြစ်ပျက်ပါဘုရား) ဤတရားဟာ သင်္ခါရပဲတဲ့၊ ဤတရား ဘာပါလိမ့်၊ (ဖြစ်ပျက်ပါဘုရား)။

ဩော်-သင်္ခါရလို့လဲ သိရမယ်တဲ့၊ ပြီးတော့ ဖြစ်ပြီးဖြစ်တယ်လို့လဲ သိရမယ်တဲ့၊ (မှန်ပါ့ဘုရား) သဘော ကျပလား၊ (ကျပါပြီဘုရား)။

ဤတရားသည်ကားလို့ ဆိုယင်ဖြင့် စိတ်ဝိညာဏ်လို့လဲ သိရမယ်၊ ပြီးတော့ ဘယ်လိုသိရမလဲ၊ (ဖြစ်ပျက်လို့လဲ သိရပါမယ်) ဒါ-ငါ့အယူတဲ့၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာ တကာမတို့ ဘုရားအယူဖြင့် သေချာပြီ၊ (သေချာပါပြီဘုရား)ခန္ဓာငါးပါး ဖြစ်ပျက်တရားလို့ ရှုလို့ ရှိယင် ခင်ဗျားတို့ ဗုဒ္ဓဘာသာအစစ်ဖြစ်တယ်(မှန်ပါ့ဘုရား)။

ခန္ဓာငါးပါး ဖြစ်ပျက်တရားလို့ရှုယင်၊(ဗုဒ္ဓဘာသာ အစစ် ဖြစ်ပါတယ်ဘုရား) ဗုဒ္ဓဘာသာ အစစ် ဖြစ်ပါပြီတဲ့၊ အမည် ဗုဒ္ဓဘာသာ မဟုတ်ပါဘူးတဲ့ တကာ တကာမတို့ အတွင်းမှာကို ဗုဒ္ဓဘာသာဖြစ်ပါပြီ၊ (မှန်ပါ့ဘုရား)။

ဒါနဲ့ သြော်-ရှင်ကြီးဂေါတမ အမြင်က ဒီအမြင်ကိုး-လို့ အဂ္ဂိဝစ္ဆက သဘောကျတယ်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ရှင်ကြီးဂေါတမတဲ့ ဒီလိုမြင်နေတဲ့ပုဂ္ဂိုလ် ဒီလို ရုပ်ဖြစ်ပျက်၊ဝေဒနာဖြစ်ပျက် ဒီလိုချည့်ရှုမှတ်ပြီးမြင်နေတဲ့ပုဂ္ဂိုလ်ဟာ ဘယ်လိုများ ကျေးဇူးများပါလိမ့် မလဲလို့ ဆက်မေးတယ်၊ (မှန်ပါ့ဘုရား)။

ဟာ-အဂ္ဂိဝစ္ဆရ ဒီလိုမြင်တဲ့ပုဂ္ဂိုလ်ဟာ ရုပ်တရားဖြစ်ပျက်မြင်ပါတယ်ဆိုကတည်းက တဏှာ, မာန, ဒိဋ္ဌိ, ဥပါဒါန်ချုပ်တယ်၊ (မှန်လှပါဘုရား) တဏှာကော၊ (ချုပ်ပါတယ်ဘုရား) မာနရော၊ (ချုပ်ပါတယ်ဘုရား)။

ကိုယ့်ရုပ်တရား ကိုယ်ဖြစ်ပျက်မြင်နေကတည်းက အို- ငါ-မာပါသေးတယ်၊ ဘယ်သူ့ လုပ်စာမစားရ ဘာဖြစ်ရမှာတုံး ဆိုတဲ့မာနလာသေးရဲ့လား၊(မလာပါဘုရား)။

http://www.dhammadownload.com



ဒီဟာ ခိုင်တယ်မြဲတယ်လို့ ယူတဲ့ ဒိဋ္ဌိကော၊ (မလာပါ ဘုရား)ကိုယ့်ခန္ဓာ ကိုယ်ခင်စရာကော ရှိသေးသလား၊(မရှိပါ ဘုရား) ကိုယ့်ခန္ဓာ ကိုယ် အသေကြီး မြင်ပေါ့ပဲ၊ (မှန်ပါ့ ဘုရား)။

တဏှာ,မာန,ဒိဋ္ဌိချုပ်သောကြောင့် ဥပါဒါန် သိမ်းတယ် ကွာတဲ့၊(မှန်ပါ့ဘုရား)။

ဩော်....ရှင်ကြီးဂေါတမ–ရှင်ကြီးဂေါတမ အမြင်က ဖြစ် ပျက်မြင်ယင်တဏှာမာနဒိဋ္ဌိဥပါဒါန်ချုပ်တယ်လို့ ဆိုလိုက်တဲ့ အခါ ဒါဖြင့်သဘောတော့ကျပြီတဲ့၊ဒီအလုပ်ဟာ လုပ်မှတော် မယ်၊ (မှန်ပါ့ ဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ ဝေဒနာ ကြိုက်လို့ရှိယင် ဝေဒနာဖြစ်ပျက် ရှုကြစမ်းပါ၊(မှန်ပါ့)စိတ် ကြိုက်ယင်၊ (စိတ်ဖြစ်ပျက်ရှုရပါမယ် ဘုရား) ဒါ ဘယ်သူ့ အယူပါလိမ့်၊(ဘုရားအယူပါဘုရား) ဘယ်သူ့အမြင်ပါလိမ့်၊ (ဘုရားအမြင်ပါဘုရား)။

ကြည့်-ခင်ဗျားတို့ သေသေ ချာချာ စဉ်းစား၊ ဩော်... ဒီဝိပဿနာဟာ အတော် အခြေ ပါပါကလား၊ ဒို့-ဖြစ်ပျက် လုပ်နေတဲ့ဉစ္စာ တကယ်ဘုရားဟောပါကလားဆိုတာ တကာ ကြွယ်တို့ သိပ် သေချာသွားတယ်၊ (သေချာပါတယ် ဘုရား) ရှင်းပလား၊ (ရှင်းပါပြီ ဘုရား)။

ဒါနဲ့ ရှင်ကြီးဂေါတမ-တဲ့၊ ဒီလိုရုပ်တရားဖြစ်ပျက်, ဝေဒ နာတရားဖြစ်ပျက်၊ စိတ်တရားဖြစ်ပျက်လို့ ရှင်ကြီး ဂေါတမ ဒီလို ရှုလိုက်တဲ့အခါ ကျလို့ ရှိယင် ဘာဖြစ်သတုံး မေးတော့

http://www.dhammadownload.com



တဏှာ မာန ဒိဋ္ဌိ ချုပ်တယ်လို့ ရှင်ကြီး ပေါ်တမက ဖြေပါ တယ်၊ (မှန်ပါ့)။

ဥပါဒါန်ချုပ်ကတည်းကတကာတကာမတွေ့ဟိုဘဝသွား စရာရှိသေးရဲ့လား(မရှိပါဘုရား)ဥပါဒါနပစ္စယာကမ္မဘဝေါ လာသေးရဲ့လား၊(မလာပါဘုရား) မလာတော့ဟိုဘက် ဘဝ တွေဘာဖြစ်သွားသဘုံး(ချုပ်သွားပါတယ်ဘုရား)ချုပ်သွား တယ်ဆိုတာ ဦးလှဘူးသေချာပလား၊(သေချာပါပြီဘုရား)။

ဩော်....တဏှာမာနဒိဋ္ဌိချုပ်တော့ ဥပါဒါန် ချုပ်တယ်၊ (မှန်ပါ့ဘုရား)။

သို့သော် ဒါကလေး မရှင်းဘဲ နေမှာစိုးလို့ ဘုန်းကြီးက ကြားစကားကလေး နည်းနည်းရှင်းပါရစေ၊ (မှန်ပါ့)။

တဏှာ ဆိုယင် တဏှုပါဒန် ရှိတယ်၊ (မှန်ပါ့) ဩော်.... တဏှာကြောင့်ဖြစ်ဘဲ့ ဥပါဒါန်ရော၊(ချုပ်ပါတယ်ဘုရား)ဒိဋ္ဌိ ချုပ်လို့ရှိယင် ဒိဋ္ဌုပါဒါန်ကော (ချုပ်ပါတယ်ဘုရား)ဩော်- ဒါ့ ကြောင့် ဘုရားက ဟောတာကိုး၊ (မှန်ပါ့)။

မာနကလေး ချုပ်လို့ ရှိယင်ဖြင့် မာနကြီးက ကော၊ (ချုပ်ပါတယ်ဘုရား)ဩော်....ဒါဖြင့် ဥပါဒါန်ချုပ်တယ် ဆို တာ ဟုတ်ပြီ၊ (မှန်ပါ့) တဏှာ ချုပ်ယင် ဒိဋ္ဌုပါဒါန်ရော၊ (ချုပ်ပါတယ်ဘုရား)။

အဲဒါကို တွဲထားမှ ဩော်....ဒါဖြင့် ဥပါဒါန်ချုပ်သကိုး ဆိုတာ ပေါ်သွားပြီ(မှန်လှပါဘုရား) မပေါ်သေးဘူးလား၊ (ပေါ်ပါပြီဘုရား)။

http://www.dhammadownload.com



သေသေချာချာမှတ်ကြစမ်းပါ တကာ တကာမတို့၊ တဏှာ မာန ဒိဋ္ဌိ ဥပါဒါန်ချုပ်တယ်ဆိုတာ ရှုပ်နေမှာစိုးလို့၊ ဩော်-တဏှာချုပ်ယင် တဏှုပါဒါန်ချုပ်တယ်၊ (မှန်ပါ့) သဘော ကျပလား၊ (ကျပါပြီ) ဒိဋ္ဌိချုပ်ယင် ဒိဋ္ဌုပါဒါန်ချုပ်တယ်၊ သဘောကျပလား၊ (ကျပါပြီ) မာနအသေး ချုပ်လို့ရှိယင် မာနအကြီးကော၊ (ချုပ်ပါတယ်ဘုရား) ရှင်းပလား၊ (ရှင်းပါပြီ)။

ဤကဲ့သို့ ဖြစ်ပျက်ရှုတဲ့ပုဂ္ဂိုလ်များ ဒါ- ချုပ်တယ်ဆိုတော့ နောက်ဆုံးပိတ် ဥပါဒါန် ချုပ်သွားတယ်ဆိုတာ မသေချာဘူးလား၊ (သေချာပါတယ်ဘုရား)။

အဲဒီတွင်မှ ပုဏ္ဏားက သဘောတော့ကျပြီ၊ ဩော်-တဏှာ ဥပါဒါန်ချုပ်တာပဲ၊ တဏှာ မာန ဒိဋ္ဌိ ဥပါဒါန်တွေ ချုပ်တဲ့ တရားပဲ ဆိုတော့ ပဋိစ္စသမုပ္ပါဒ် ပြတ်တဲ့တရား၊ (မှန်လှပါဘုရား) သဘောကျပလား၊ (ကျပါပြီ)။

ဘာပြတ်တဲ့တရားတုံး၊ (ပဋိစ္စသမုပ္ပါဒ်ပြတ်တဲ့ တရားပါဘုရား)။

ပဋိစ္စသမုပ္ပါဒ် မှာလဲ တကာ တကာမတို့ အနာဂတ် အကြောင်းပြတ်တဲ့တရားလို့ တကာသစ် မှတ်ပါ၊ (မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ်၊ (အနာဂတ်အကြောင်းပြတ်တဲ့တရား ပါဘုရား) အနာဂတ်ဖြစ်မည့် အကြောင်း ပြတ်ပေါ့၊ အနာဂတ်အကျိုးခန္ဓာကြီး လာစရာရှိသေးရဲ့လား၊ (မရှိပါဘုရား)။

ဩော်-တယ်ကောင်းတဲ့ တရားပါလားဆိုတာ ဖြစ်ပျက် ရှုတဲ့သဘော ဖြစ်ပျက်ရှုနေတဲ့ တကာ တကာမတွေဟာ ဩော်-

http://www.dhammadownload.com



ရေမီးငြိမ်းတဲ့ ရေအိုးသိမ်းတဲ့ တရား၊ (မှန်ပါ့) ဆိုနိုင်ကြရဲ့လား၊ (ဆိုနိုင်ပါတယ်ဘုရား)။

အဲဒီတော့ ရေမီးငြိမ်း၍ ရေအိုးသိမ်းတဲ့ တရားကိုမှ ခင်ဗျားတို့ အားမထုတ်လို့ရှိယင်ဖြင့် ခင်ဗျားတို့ စုတေမနေ သေလွန်လို့ရှိယင်ဖြင့် ဒီတဏှာ,မာန,ဒိဋ္ဌိ,ဥပါဒါန်တို့က ရေမီးကို ဒီကနေလုပ်ပြီးသကာလ ရေအိုးကို ဒီကနေတယ်ပြီးသကာလ ခင်ဗျားတို့သွားတော့ အဆင်သင့် ဖြစ်ပါလိမ့်မယ်၊ (မှန်ပါ့) ကြောက်စရာ မကောင်းဘူးလား၊ (ကောင်းပါတယ်ဘုရား)။

အေး....ဒါ့ကြောင့် သူများက ဘာပြောနေနေ ကိုယ်က ဒီအလုပ် လက်မလျှော့ကြပါနဲ့၊ (မှန်ပါ့)။

သူများက ဘာပြောနေနေ ကိုယ်က ဒီအလုပ် (လက်မလျှော့ပါဘုရား)။

ဒီအလုပ်ဖြင့် လက်မလျှော့ပါနဲ့လို့၊ သူများက ဘာတွေညာတွေလုပ်နေတယ်၊ လောကီကြီးပွားရာ ကြီးပွားကြောင်း လုပ်နေတယ်ဆိုယင် တကာကြွယ်က ဩော်....ရေမီးတောက်အောင် လုပ်နေပြီ၊ (မှန်ပါ့) ရေအိုးပွက်ပွက်ဆူအောင် တည်နေပြန်ပြီ၊ (မှန်လှပါဘုရား) ဒီလိုသာ အောက်မေ့လိုက်ပါ၊ (မှန်ပါ့ဘုရား)။

ဩော်-သူတို့က ကာမာဝစရရှိလို့ ကြီးပွားနေလိုက်တာလို့ ခင်ဗျားက အခုအမြင်ကလေး မပြောပါနဲ့၊ (မှန်ပါ့) အင်း-ရေမီးမွှေးနေပြန်ပြီ၊ ရေအိုးဆူအောင် လုပ်နေပြန်ပြီ၊ (မှန်ပါ့) ဒါက အမှန်ကိုးဗျ၊ (မှန်ပါ့)သဘောပါကြပလား၊ (ပါ-ပါပြီဘုရား)။

http://www.dhammadownload.com



ကိုင်း-ဒီလိုသိထားတဲ့အခါကျတော့မှ ရှင်ကြီးဂေါတမတဲ့ ဥပါဒါန်ချုပ်တယ်ဆိုတာ သဘောတော့ကျပြီ၊ဥပါဒါနနိရောဓာ ဘဝနိရောဓောဆိုတော့ ကမ္မဘဝတွေလဲချုပ်ကုန်ပြီ(မှန်လှပါဘုရား)။

အဲဒီ ချုပ်တဲ့ကံတွေပါ ချုပ်သွားတဲ့ပုဂ္ဂိုလ်ဟာ ဘယ်သွားဖြစ်သတုံးတဲ့ မေးတော့တာပဲ၊ (မှန်ပါ့) မေးကော မမေးသင့်ဘူးလား၊ (မေးသင့်ပါတယ်ဘုရား)။

ဥပါဒါန် ကံချုပ်တဲ့ ပုဂ္ဂိုလ်ဟာ၊ (ဘယ်သွားသတုံး) ဘယ်သွားဖြစ်သတုံးဆိုတော့ ဘယ်သွားဖြစ်တယ် ဒီအဓိပ္ပါယ် မရပါဘူးကွာ-တဲ့၊ (မှန်လှပါဘုရား)။

တကာတတာမတို့ ဒီအဓိပ္ပါယ်- (မရပါဘုရား) မရဘူးတဲ့ ဖြစ်ဆိုယင် ပျက်လာဦးမယ်၊ (မှန်ပါ့)။

ဖြစ်ဆိုယင် ဦးဘအုန်း (ပျက်လာရပါမယ်ဘုရား) အဲဒီတော့ နိဗ္ဗာန်ဘက်ကူးသွားတဲ့ဥစ္စာကို ဖြစ်ပျက်ထဲသူကမေးပြန်တယ်၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီ)။

ဥပါဒါန်ချုပ်တော့ ကံချုပ်တယ်၊ (မှန်ပါ့) ကံချုပ်တော့ ဇာတိ ဇရာ မရဏကော၊ (ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် ဇာတိ ဇရာ မရဏတို့၏ချုပ်ရာ, သိမ်းရာ, ငြိမ်းရာ နိဗ္ဗာန်ဆိုတာ မသေချာဘူးသား၊ (သေချာပါတယ်ဘုရား)။

ဩော်-နိဗ္ဗာန်ရောက်တယ်လို့ ဖြေရမှာ၊ (မှန်ပါ့) သူက ဇာတိ, ဇရာ မရဏ ချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားဖြစ်သတုံး....တဲ့ (မှန်ပါ့) အဂ္ဂိဝစ္ဆက ဒီလိုမေးလိုက်တော့ တကာသစ်ရေ...

http://www.dhammadownload.com



ဘုရားက ဒီအခိပ္ပါယ်လဲ မရောက်ပါဘူးကွာ-တဲ့၊ (မှန်ပါ့) မင်းမေးတဲ့ အခိပ္ပါယ်၊ ဘယ်သွားဖြစ်တယ် ဆိုတဲ့ အခိပ္ပါယ် မရောက်ပါဘူးတဲ့၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ရှင်ကြီးဂေါတမ မဖြစ်တော့ဘူးလားတဲ့၊ (မှန်ပါ့) ဥပါဒါန်ချုပ်တဲ့ ပုဂ္ဂိုလ် မဖြစ်တော့ဘူးလား၊ (မှန်ပါ့) ဟ....ဒီအခိပ္ပါယ်လဲ မရောက်ပါဘူးကွာတဲ့၊နိဗ္ဗာန်ပြောလို့က နားလည်မှာမှ မဟုတ်ဘဲကိုး၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

ဒါဖြင့် ရှင်ကြီးဂေါတမတဲ့ ဥပါဒါန်ချုပ်တဲ့ ပုဂ္ဂိုလ်ဟာ ဖြစ်ချည်တလှည့် မဖြစ်ချည်တလှည့်လား ဆိုတဲ့ ဧကစ္စသဿတ ဒိဋ္ဌိနဲ့ သူ-မေးလိုက်တယ်၊ (မှန်ပါ့) ဒီလိုလဲ အခိပ္ပါယ် မရောက် ပါဘူးကွာတဲ့၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် မဖြစ်သည်မဟုတ်၊ ဖြစ်သေးတယ်ဆိုတဲ့ အခိပ္ပါယ် မျိုးလားဆိုတော့ ဒီလိုလဲ အခိပ္ပါယ် မရောက်ပါဘူး ကွာ-တဲ့၊ (မှန်ပါ့)ဒီလိုဖြေလိုက်တော့ ပြေသွားတယ်၊ (မှန်ပါ့ဘုရား)။

ပြေတယ်လို့မဟုတ်ဘူး၊ ဘုရားဖြေတာကတော့အမှန်၊ သူ တလုံးမှ သဘောမကျဘူး၊ (မှန်ပါ့) ပုဏ္ဏားကသဘောကျရဲ့ လား၊ (မကျပါဘုရား)။

မကျတော့ ရှင်ကြီးဂေါတမတဲ့ ရှေးက ဆယ်ချက်မေးပြီး သကာလ တဏှာမာန ဒိဋ္ဌိ ချုပ်ပုံတွေ ပြောခဲ့တုန်းကတော့ ကျုပ် အင်မတန် ကျေနပ်ပါတယ်တဲ့၊ (မှန်ပါ့ဘုရား)။

အကျေနပ်ကြီး ကျေနပ်ပြီး စကားတွေပြောလာခဲ့ကြတာ ယခုတော့ဖြင့် ရှင်ကြီးဂေါတမ တဏှာ မာန ဥပါဒါန်ချုပ်တဲ့

http://www.dhammadownload.com



ပုဂ္ဂိုလ် ဘယ်သွားဖြစ်သတုံးမေးတော့ ဒီအမိပ္ပါယ်လဲမရောက်ပါဘူးလို့ဖြေသဖြင့် လေးခုစလုံးဖြေလိုက်တဲ့အတွက်ကျုပ်ဖြင့်မေးစရာလဲမရှိဘူး၊ ဉာဏ်တုန်းပါပြီတဲ့၊ (မှန်ပါ့) နိဗ္ဗာန်နားမလည်လို့၊ (မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘာနားမလည်တာတုန်း (နိဗ္ဗာန် နားမလည်တာပါဘုရား)။

နိဗ္ဗာန် နားမလည်တဲ့အတွက်တဲ့ တခါတည်းသူဟာတကာတကာမတို့ ဉာဏ်တုံးပြီဘဲ့၊ (မှန်ပါ့ဘုရား)။

ဒါနဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟော့–အဂ္ဂိဝစ္ဆမင်း-ဉာဏ်တုံးတယ်ဆိုတာလဲ ဟုတ်တယ်ကွ၊ (မှန်ပါ့) မင်းကပဋိစ္စသမုပ္ပါဒ် နားလည်တဲ့ ဆရာကို မင်း-ရှာမှ သာလျှင်ဒီအမိပ္ပါယ်ကို မင်းနားလည်မယ်တဲ့၊ (မှန်ပါ့)ဘယ်လောက်ကောင်းဘဲ့ စကားတုံး၊ (ကောင်းပါတယ်ဘုရား)။

တပါးသော ဆရာတွေ မင်း ကိုးကွယ်ဆည်းကပ်လို့ဖြင့်ဒီ–နိဗ္ဗာန်အကြောင်း နားလည်မည်မဟုတ်ဘူး ပြောလိုက်တာပဲ(မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

တပါးသော မင်းတို့ တိတ္ထိဆရာတွေ ကိုးကွယ် ဆည်းကပ်နေသဖြင့်လည်းကောင်း၊ကိုယ့်ကြံလုံးနဲ့ ကိုယ်နေသဖြင့် လည်းကောင်း၊အခုငါပြောတဲ့ ဥပါဒါန်ချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားတယ်ဆိုတဲ့ အမိပ္ပါယ် ဘယ်နည်းနဲ့မှ နားမလည်နိုင်ဘူးတဲ့၊(မှန်ပါ့) ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့်တကာတကာမတို့ပဋိစ္စသမုပ္ပါဒ်အရေးကြီးကြောင်း ဘုရားကိုယ်တော်တိုင် ဖော်ပေါ့၊ (မှန်ပါ့ဘုရား)။

ဘယ်သူဖော်ပါလိမ့်၊ (ဘုရားကိုယ်တော်တိုင် ဖော်ပါတယ် ဘုရား)။

ပဋိစ္စသမုပ္ပါဒ် အရေးကြီးတယ်၊ သူ့ကို နားမလည်ယင် နိဗ္ဗာန်ကို နားမလည်ဘူး၊ (မှန်ပါ့ဘုရား)။

နိဗ္ဗာန်နားမလည်လို့ရှိယင်ဖြင့်တကာတကာမတို့ သတ္တဝါ ဆိုတဲ့ အဓိပ္ပါယ်လဲ ပဋိစ္စသမုပ္ပါဒ်နားမလည်ယင် သတ္တဝါလဲ မပျောက်ဘူး၊ (မှန်ပါ့ဘုရား)။

သတ္တဝါမပျောက်လို့ရှိယင် သုညတဉာဏ်လဲဝမ်းထဲမှာမရ ဘူး၊(မှန်ပါ့) ပုဂ္ဂိုလ်သတ္တဝါမှ ဆိတ်တယ်ဆိုတဲ့ ဉာဏ်ကော ရပါ့မလား၊ (မရပါဘုရား)။

ဟာ-တကာသစ် ပဋိစ္စသမုပ္ပါဒ်နားမလည်လို့ရှိယင်နိဗ္ဗာန် လဲ မရဘူးတဲ့၊(မရပါဘုရား)သုညတ တရားကိုလဲ နားမလည် ဘူးတဲ့၊ (မှန်ပါ့ဘုရား)။

ပုဂ္ဂိုလ်သတ္တဝါတွေ ပေါ်နေတယ်၊ (မှန်ပါ့)သဘောကျ ပလား၊(ကျပါပြီဘုရား) တယ်လဲ ဆိုးဝါးပါလား၊(ဆိုးဝါး ပါတယ်ဘုရား)။

ဒါ့ကြောင့် ပဋိစ္စသမုပ္ပါဒ်နဲ့ သစ္စာဟာ ဘယ်ဘုရားမှမစွန့် တဲ့တရား၊ (မှန်ပါ့)သူတို့နှစ်ခုမပါယင် နိဗ္ဗာန်မရတဲ့ တရား၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



သူတို့နှစ်ခု နားမလည်တဲ့ပုဂ္ဂိုလ် ဘယ်တော့မှနိဗ္ဗာန်ရလိမ့်မယ်လို့ မအောက်မေ့ကြပါနဲ့၊ (မှန်ပါ့) ရှင်းပလား၊(ရှင်းပါပြီ ဘုရား)။

ကိုင်း- ဒါဖြင့် တကာ တကာမတို့ အင်္ဂဝဏ္ဏ- မင်း ပဋိစ္စသမုပ္ပါဒ် နားလည်တဲ့ဆရာ ရှာဦးကွာတဲ့၊(မှန်ပါ့) ဒါမှ နေရာကျမယ်လို့ မပြောဘူးလား၊ (ပြောပါတယ်ဘုရား)။

ကဲ-ဒါဖြင့် တကာ တကာမတွေ ပဋိစ္စသမုပ္ပါဒ်နားလည်တယ်ဆိုတဲ့ဥစ္စာ အတိတ်ပဋိစ္စသမုပ္ပါဒ်က အကြောင်းအကျိုးဆက်ရုံမျှပြခြင်းကြောင့် အဲဒါ အသာ ထားလိုက်၊ (မှန်ပါ့) ယခု ခင်ဗျားတို့ သန္တာန် ဖြစ်စဉ် ပဋိစ္စသမုပ္ပါဒ် အရေးကြီးတယ်၊ (မှန်ပါ့ဘုရား)။

ဖြစ်စဉ် ပဋိစ္စ သမုပ္ပါဒ်က (အရေးကြီးပါတယ် ဘုရား) ကောင်းပြီ ဒါဖြင့် တကာတကာမတို့ ဒီဘက်က သားကလေးတစ်ယောက်ထားလိုက်ပါတော့၊(မှန်ပါ့) သားကလေး မျက်လုံးနဲ့မြင်ပြီဗျာ၊ (မှန်ပါ့)သားကလေး မျက်လုံးနဲ့ မြင်တယ်ဆိုတာ သဘော ကျပလား၊ (ကျပါပြီ ဘုရား)။

ဩော်... ဒါကလေး သားကလေးနဲ့လဲ တွေ့တယ်၊ သားကလေးကိုလဲ မြင်တယ်၊ သားကလေးရယ်လို့လဲ ခံစားတယ်ဆိုတော့ ဒီအထဲမှာ ဖဿဝေဒနာဝိညာဏ် ပါပါတယ်၊(ပါပါတယ်ဘုရား) ဘယ်နှစ်ခုပါသတုန်း၊ (သုံးခုပါပါတယ်ဘုရား)၊

ကဲ-ဒါဖြင့် ဝေဒနာ ပါတော့ မြင်တယ်ဆိုလို့ ခင်တယ် (မှန်ပါ့)အင်း တဏှာလာပြီ၊ (လာပါပြီ ဘုရား)။

ဒါက တကာတကာမတို့ နောက်ဘဝက ပါလာတာလား၊ အခုမှတွေ့လို့ အခုဖြစ်တာလား၊(အခုမှတွေ့လို့ အခုဖြစ်ရတာ

http://www.dhammadownload.com



ပါဘုရား)အဲဒါ ခင်ဗျားတို့ ယခု ဖြစ်စဉ်လို့ မှတ်လိုက်စမ်း၊ (မှန်ပါ့ဘုရား)။

ယခုဖြစ်စဉ်လို့(မှတ်ရပါမယ်ဘုရား) ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

ယခုဖြစ်စဉ်လို့၊ မြင်တာနဲ့ပဲ ခင်လိုက်တယ်၊ (မှန်ပါ့)ခင်တာနဲ့ပဲ စွဲလမ်းလိုက်တယ်၊ (မှန်ပါ့ဘုရား)။

ခင်ပြီး ဘာလုပ်ကြပါလိမ့်၊ (စွဲလမ်းပါတယ် ဘုရား) စွဲလမ်းတယ်၊ မစွဲလမ်းတယ် တကာတကာမတွေ ဘာမှ ပြောစရာမရှိဘူး၊ သားကလေး အိမ်ထောင် ကျလို့ ခွဲတော့မယ် သူ့ထီးသူ့နန်းနဲ့နေတော့မယ်ဆိုယင် အမေမိဘမျှားကမျက်ရေကျတယ်၊(ကျပါတယ်ဘုရား)ဘာဖြစ်လို့ ကျတာတုံး၊ (စွဲလမ်းလို့ ကျတာပါဘုရား) စွဲလမ်းလို့ (မှန်ပါ့ဘုရား)။

အေး-ဒီလို ကိုယ့်သမီး ထည့်လိုက်ရမှာဖြင့် ကိုယ့်သားပေးလိုက်ရမှာဖြင့် မပေးစားဘူး၊(မှန်ပါ့)ဥပါဒါန်က ကန့်ကွက်တယ်၊(မှန်ပါ့)ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

ဘယ်သူက ကန့်ကွက်ပါလိမ့်၊ (ဥပါဒါန်က ကန့်ကွက်ပါတယ်ဘုရား)ဥပါဒါန်က ကန့်ကွက်တယ်၊(မှန်ပါ့ဘုရား)။

တကာကြွယ်က ကန့်ကွက် တာလား၊ ဥပါဒါန်ကလား၊ (ဥပါဒါန်ကပါဘုရား)။

ဒီသမီးတစ်ယောက်တည်းရှိတာကွာ၊ ထည့်လိုက်ရမယ် ဆိုယင်-စောစော စီးစီးက လက်မခံနိုင်ဘူးကွ၊ အစောကြီးက ရှင်းရှင်း ပြော၊ (မှန်ပါ့) ဘယ်သူက ပြောနေ တာတုံး၊

http://www.dhammadownload.com



(ဥပါဒါန်ကပြောနေတာပါ) တယ် လဲ ကြီးကျယ်ပါလား။ (ကြီးကျယ်ပါတယ်ဘုရား)။

ဒီတစ်ယောက်ရှိတာ ဘယ်ခွဲနိုင်ပါ့မတုံး၊ မင်းကိုယ်ချင်း မစာလို့ ပြောချင်သဲ ပြောကြပေပေါ့၊ (မှန်ပါ့) အစရှိသည်နဲ့ လျှာရှည်သလောတ် ဒီဥပါဒါန်ကလဲ အတော်စကားတတ်တယ်၊ (မှန်ပါ့) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

သူကစကားတတ်တာ၊ (တတ်ပါတယ်) ဥပါဒါန်ကတတ်နေတာပါ၊ (မှန်ပါ့) ဥပါဒါန်ကတတ်နေတာ တကာကြွယ်-- (မှန်ပါ့ဘုရား)။

တော်တော့လူ ဥပါဒါန်အကြောင်းကိုပြောလိုက်တာနဲ့ ပဲ ဟုတ်ရှာလိမ့်မယ်လိုက်သွားတယ်၊(မှန်ပါ့)မလိုက်ပေဘူးလား (လိုက်ပါတယ်ဘုရား)။

မြို့သုံးတွေပေါ်လာကုန်ပြီဟင်(မှန်ပါ့)တစ်ယောက်တည်း ရှိတာပဲ၊ ပြောဖို့ရာတောင်မှ ပြောမည့်သူက နှုတ်မှမထွက်ရဲ့ အောင်ပါပဲ၊ မတတ်သာပြော-ပြောရတာ၊ (မှန်ပါ့) အစရှိသည်နဲ့ဆိုတော့ ဒီကလဲ ဥပါဒါန်နဲ့ အတင်းခံနေတာပဲ၊ ချည်ထားတာကိုး တကာကြွယ်ရ၊ (မှန်ပါ့) ချည်ထားတော့ ဖြုတ်ရသေးရဲ့လား၊ (မရပါဘုရား)။

ကဲ ...ဒါဖြင့် ဥပါဒါနပစ္စယာ ဘာတဲ့တုံး၊ (ကမ္မဘဝေါပါ)ကမ္မဘဝေါဆိုတာကာယကံ ဝစီကံနဲ့ တကာကြွယ်ကဘယ်နည်းနဲ့မှမထည့်နိုင်ဘူး၊ ဝစီကံကပြောတာ၊ (မှန်ပါ့ဘုရား)။

ကာယကံကလဲ တကာတကာမတို့ ကိုယ် အမူအရာကလဲ လက်သီး လက်မောင်းတန်းလို့ လာချင်လဲလာမယ်၊ (လာပါ

http://www.dhammadownload.com



တယ်ဘုရား)မလာချင်လို့ရှိယင်လဲ မျက်နှာယင်လဲ ကျောပေး နေလိုက်တယ်၊ (မှန်ပါ့) ကာယကံက လေ၊ (မှန်ပါ့ဘုရား)။

ဒီကာယကံ, ဝစီကံတွေကသဲ မများဘူးလား၊ (များပါ တယ်ဘုရား)များတဲ့အခါကျလို့ရှိယင် ဥပါဒါနပစ္စယာ ဘယ့် နှယ်ဆိုပါ့မလဲ၊ (ကမ္မဘဝေါပါ အင်း .. ဒါရှေးက ဖြစ်ဘူး တာလား၊ အခုမှပေါ်တာလား၊ (အခုမှပေါ်တာပါ) ရှင်းပ လား၊ (ရှင်းပါပြီဘုရား)။

ဘာ ပဋိစ္စသမုပ္ပါဒ်ပါလိမ့်၊ (ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်ပါ ဘုရား) မြင်ပြီးတော့ဘာဖြစ်သတဲ့၊(ခင်ပါတယ်)ခင်ပြီးတော့ (စွဲလမ်းပါတယ်) စွဲလမ်းပြီးတော့၊ (အားထုတ်ပါတယ်) အားထုတ်တယ်ဆိုတာ သေချာကြပလား၊ (သေချာပါတယ် ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒီအထဲပုဂ္ဂိုလ်သတ္တဝါများ ပါသေး သလား၊ (မပါပါဘုရား)။

ဒီလိုမပါဘူးဆိုတာ ဓမ္မဖြစ်စဉ်၊ (မှန်ပါ့) ဓမ္မဖြစ်စဉ်လို့ သိလိုက်သဖြင့် သက္ကာယဒိဋ္ဌိပြုတ်သွားပြီ၊ (မှန်ပါ့)ဒီဓမ္မပြီးယင် ဒီဓမ္မဖြစ်မယ်၊ (မှန်ပါ့) ဒီဓမ္မချုပ်ပြီးယင် ဒီဥပါဒါန်ဓမ္မမဖြစ် ပေဘူးလား၊ (ဖြစ်ပါတယ်)ဥပါဒါန်ဓမ္မချုပ်ပြီးယင်၊ (ကမ္မ ဘဝဖြစ်ပါတယ်( ကံဓမ္မ မဖြစ်ပေဘူလား၊ (ဖြစ်ပါတယ် ဘုရား)။

ဩော် ဓမ္မတွေ ခန္ဓာကိုယ်ထဲတန်းပြီးတခါတည်းတခုချုပ် တစ်ခုဖြစ်ကြတာကိုးလို့ မသိဘူးလား၊ (သိပါတယ်ဘုရား)။

http://www.dhammadownload.com



သိလိုက်သဖြင့် တစ်ခုချုပ်တာမြင်လိုက်လို့ရှိယင် သင်္ခတဒိဋ္ဌိစင်ပါတယ်၊(မှန်ပါ့) တစ်ခုဖြစ်တာ မြင်လိုက်လို့ရှိယင်လဲ ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်၊(မှန်ပါ့) သဘောကျပလား၊(ကျပါပြီ ဘုရား)။

တစ်ခုချုပ်တာ မြင်လိုက်ယင်၊ (သဿတဒိဋ္ဌိ စင်ပါတယ်) နောက်တစ်ခုဖြစ်ပေါ်လာတာမြင်လိုက်ယင် (ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်ဘုရား)ဒါ ပဋိစ္စသမုပ္ပါဒ် နားလည်တဲ့ကျေးဇူး၊(မှန်ပါ့) ပဋိစ္စသမုပ္ပါဒ်နားလည်တဲ့ကျေးဇူး သဿတ, ဥစ္ဆေဒစင်တယ်၊ (မှန်ပါ့ဘုရား)။

တစ်ခုဖြစ်တာမြင်လိုက်ယင်(သဿတဒိဋ္ဌိစင်ပါတယ်)အင်း ရမ်းလို့မရဘူး၊ (မှန်ပါ့ဘုရား)။

တစ်ခုဖြစ်တာ မြင်လိုက်ယင်၊ (ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်)ရှင်းပြီ၊ (ရှင်းပါပြီဘုရား)။

တခုဖြစ်တာမြင်လိုက်တော့တကာတကာမတွေ့ကဖြစ်ပေါ်လာတာဟာ တစ်ခုအကြောင်း ချုပ်သွားလို့ သူဖြစ်တာ..... (မှန်ပါ့) အဲဒီဖြစ်ပေါ်လာတဲ့ တရားကလေးချုပ်တာ မြင်လိုက်ယင်၊ (သဿတဒိဋ္ဌိ စင်ပါတယ်) သဿတဒိဋ္ဌိစင်တယ်၊ (မှန်ပါ့ဘုရား)။

အဲ ချုပ်တဲ့နေရာ အစားထိုးတာ မြင်လိုက်ပြန်တော့— (ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်ဘုရား)။

ဒါဖြင့်-တကာသစ်ရေပဋိစ္စသမုပ္ပါဒ်နားလည်မှုဒိဋ္ဌိစင်တယ် (မှန်ပါ့)ပဋိစ္စသမုပ္ပါဒ် နားမလည်ဘဲနဲ့ ရုပ်နာမ်ကလေးကွဲရုံနဲ့

http://www.dhammadownload.com



ဒီဋ္ဌိစင်တယ်ဆိုတာ တော်အောင် ပြောတာလို့ မှတ်လိုက်စမ်းပါ ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ရုပ်နာမ်ကွဲရုံနဲ့ ဒိဋ္ဌိစင်ပြီဆိုလို့ရှိယင် ဘယ့်နှယ့်ဆိုကြမလဲ၊ (တော်အောင်ပြောတာပါဘုရား)။

ဟာ-ဒါကရုပ်,ဒါကနာမ်ဆိုတော့ ရုပ်ဟာလဲပုဂ္ဂိုလ် သတ္တဝါမဟုတ်ဘူး-၊နာမ်ကလဲ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူး ဆိုတော့ သက္ကာယသာ စင်၍ သဿတ, ဥစ္ဆေဒ မစင်ဘူး၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဘာ-မစင်ပါလိမ့်၊ (သဿတ, ဥစ္ဆေဒမစင်ပါ) သဿတ, ဥစ္ဆေဒမစင်ဘူးဆိုတာ သဘောကျပလား၊ (ကျပါပြီဘုရား)။

ဒါ့ကြောင့်ခင်ဗျားတို့ကိုနည်းပေးနေတဲ့ဆရာသမားကဖြင့် သက္ကာယစင်ရုံတင် ဟောသည်လို့ မမှတ်လိုက်ပါနဲ့၊ (မှန်ပါ့) သဿတစင်အောင်လဲ၊ (ဟောပါတယ်)ဥစ္ဆေဒစင်အောင်လဲ၊ (ဟောပါတယ်ဘုရား)။

ကိုင်း....ဒိဋ္ဌိ သုံးမျိုး မစင်သေးဘူးလား၊ (စင်ပါတယ်ဘုရား)။

သြော်-တကာတကာမတို့ မြင်စိတ်ဖြစ်ပြီးတော့ ဘာစိတ်ဖြစ်ပါလိမ့်၊ (ခင်စိတ်ပါဘုရား) ခင်စိတ်ဖြစ်တယ်၊ ခင်စိတ်ဖြစ်ပြီးတော့၊ (စွဲလမ်းစိတ်ဖြစ်ပါတယ် စွဲလမ်းတဲ့စိတ် ဖြစ်ပြီးတော့၊ (အားထုတ်တဲ့စိတ် ဖြစ်ပါတယ်ဘုရား)။

သြော်-ဒါဖြင့် တကာတကာမတို့ ပုဂ္ဂိုလ်သတ္တဝါ ဒီထဲပါသေးသလား၊ (မပါ-ပါ) မပါယင် သက္ကာယပြုတ်တယ်၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



မပါယင် (သက္ကာယပြုတ်ပါတယ်ဘုရား)။

အဲ....ခင်ဗျားတို့သန္တာန်မှာ ဒါတွေသာ နေ့တုံ့ယနေ့နေတာပဲ၊ (မှန်ပါ့) ဒါတွေ တခုပြီးတခုတန်းလိုက်၊ တစ်ခုပြီးတခု တန်းလိုက် မသေမချင်းလှည့်တန်းနေတာပဲ၊ (မှန်ပါ့ဘုရား)။

ဒီဘက်ကံမြောက်ပြီးဒီဘက်ပြန်ပြီးနားပေါက်ကတန်းလိုက်၊ နှာခေါင်းပေါက်ကကော၊ (တန်းပါတယ်) ဟာ . မျက်လုံးပေါက်ကဆက်ပြီးတန်းချင်ကော၊(တန်းပါတယ်)တစ်နေ့လုံး ဒီအတန်းနဲ့ အသက်ရှည်နေတယ်၊ (မှန်ပါ့) သဘောပါကြပလား၊ (ပါ-ပါပြီဘုရား)။

ဩော်....ဒီဓမ္မတွေ ဖြစ်ပေါ်နေတာကိုးလို့ဆိုတာ မသိသေးဘူးလား၊ (သိပါတယ်) အင်း....ဘာဒိဋ္ဌိစင်ပါလိမ့်၊ (ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်ဘုရား)။

ဒီဓမ္မတွေ ဖြစ်ပေါ်နေတာကိုသိယင် ဥစ္ဆေဒ ဒိဋ္ဌိစင်တယ်၊ သက္ကာယကော၊ (စင်ပါတယ်) ငါ သူတစ်ပါး ပါသေးလား၊ (မပါ-ပါဘုရား)။

အဲဒီဓမ္မတွေ အစဉ်အတိုင်းဖြစ်နေကျအတိုင်းပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အတိုင်း အကြောင်း,အကျိုးဆက်ပြီး ဖြစ်နေကြတာကိုးလို့ သိလို့ရှိယင် သက္ကာယဒိဋ္ဌိ စင်ပါတယ်၊ (မှန်ပါ့ဘုရား)။

ဓမ္မတစ်ခု ဖြစ်ပျက်သွားတာ မြင်လိုက်ယင်၊ (သဿတဒိဋ္ဌိစင်ပါတယ်ဘုရား)ပျက်တဲ့နေရာ အစားထိုးလာကာ မြင်လိုက်ယင်၊ (ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဓမ္မတွေတန်းနေတာ တစ်ခုပြီးတစ်ခု တစ်ခုပြီးတစ်ခု ဓမ္မ အစဉ်သာရှိတယ်လို့ သိယင် သက္ကာယဒိဋ္ဌိပြုတ်တယ်၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဓမ္မတစ်ခုချုပ်သွားတာ မြင်လိုက်ယင်၊ (သဿတဒိဋ္ဌိစင်ပါ တယ်ဘုရား) ဓမ္မတစ်ခု အစားထိုးလာတာ မြင်လိုက်ယင် (ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်ဘုရား)။

အဲဒါက အခုမြင်တာ ကိစ္စမရှိပါဘူး၊ (မှန်ပါ့) တကာ တကာမတို့ ခန္ဓာကိုယ်ထဲမှာ ဉာဏ်နဲ့ကြည့်လိုက်တော့ ဟာ.... လောဘကလေးချုပ်သွားပြီ(မှန်ပါ့)ဟာ....ဥပါဒါန်ကလေး ချုပ်သွားပြီ၊ (မှန်ပါ့) ဟာ....အားထုတ်တဲ့ ကံကလေး ချုပ် သွားပြီ၊ (မှန်ပါ့) ဒီလိုသိစေချင်တယ်၊ (မှန်ပါ့)ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒီလိုသိစေချင်တဲ့ အခါကျတော့ သဿတရော၊ဥစ္ဆေဒရော၊ သက္ကာယရော မပြုတ်ပေဘူးလား၊ (ပြုတ်ပါတယ်ဘုရား)။

ပြုတ်တော့ကို ဒါဖြင့် တကာတကာမတို့ ဝေဒနာ နိရောဓာ (တဏှာနိရောဓောပါဘုရား)အင်း....ဝေဒနာချုပ်လို့ တဏှာ ချုပ်တယ်၊ (မှန်ပါ့) တဏှာချုပ်တော့ ဥပါဒါန်၊ (ချုပ် တယ်ဘုရား) ဥပါဒါန်ချုပ်တော့၊ (ကမ္မဘဝပါ) ကံချုပ် တော့ တကာတကာမတွေ ဘယ့်နှယ်ဆိုပါ့မယ်၊ ဇာတိ ဇရာ မရဏ၊ ဘယ့်နှယ်နေသတုံး၊ (ချုပ်ပါတယ်ဘုရား)။

ဒါက ပဋိစ္စသမုပ္ပါဒ် နားလည်တော့ ကံလဲ ချုပ်ပါရော ဇာတိ ဇရာ မရဏချုပ်တာ နိဗ္ဗာန်၊ (မှန်ပါ့) ဘယ်သွားသေး တယ်လို့ ဆိုနိုင်သလား၊ (မဆိုနိုင်ပါဘုရား)။

http://www.dhammadownload.com



ခုနင်က တဏှာ ဥပါဒါန်ကံချုပ်တဲ့ပုဂ္ဂိုလ်ဟာ ဘယ်သွား သတုံးလို့ အဂ္ဂိဝစ္ဆက မေးလိုက်တယ်၊ (မှန်ပါ)။

တကာ တကာမတွေက ဘယ်သွားတယ်လို့ ဆိုမတုံး၊ ဒုက္ခ သိမ်းသွားတယ်လို့ မဆိုနိုင်ဘူးလား၊ (ဆိုနိုင်ပါတယ်ဘုရား) အဲဒါ ခင်ဗျားတို့အမြင်၊ (မှန်ပါ့ဘုရား)ရှင်းပလား၊ (ရှင်း ပါပြီဘုရား)။

တဏှာ ဥပါဒါန်ကံချုပ်တဲ့ ပုဂ္ဂိုလ် ပုဏ္ဏားကတော့ ဘယ် သွားဖြစ်သတုံး၊ (မှန်ပါ့ ခင်ဗျားတို့က ဘယ့်နှယ် ဖြေမလဲ၊ (ဒုက္ခသိမ်းသွားပါတယ်ဘုရား)

ဘယ်မှ သွားမဖြစ်ဘူး၊ ဒုက္ခ သိမ်းသွားတယ်၊ (မှန်ပါ့ ဘုရား)ဒါ ခင်ဗျားတို့အမြင်၊ (မှန်ပါ့) ပဋိစ္စသမုပ္ပါဒ် နား လည်မှ နိဗ္ဗာန် မြင်တယ်၊ (မှန်ပါ့) ပဋိစ္စသမုပ္ပါဒ် နားမလည် တဲ့ပုဂ္ဂိုလ် (နိဗ္ဗာန် မမြင်ပါ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဩော် .. ဝစ္ဆဂေါတ္တ တိုတိုနဲ့ နိဗ္ဗာန် မဂ်ဖိုလ် ရရပါလို၏ဆိုတော့ ရချင်လို့ တောင်းတာပဲ ရှိတာပဲ သဘောကျလို့လား၊ (သဘောကျလို့မဟုတ်ပါဘုရား)။

သဘောကျလို့မဟုတ်ဘူး (မဟုတ်ပါ ဘုရား) ရချင်လို့ သူများပြောသံ ကြားတာနဲ့ တောင်းတာပဲ၊ (မှန်ပါ့ဘုရား) ကိုယ်တကယ်သိပြီးရချင်တာလား၊ (မဟုတ်ပါဘုရား)ဩော်- ဒုက္ခတွေချုပ်သွားလို့ ကြိုက်တာပဲလား၊ (မဟုတ်ပါဘုရား)

မဟုတ်ပါဘူး ဆိုတော့ နိဗ္ဗာန် တကယ် သဘောကျတာ ဟုတ်ပါ့ရဲ့လား၊ (မဟုတ်ပါ ဘုရား)ဒါဖြင့်တကယ် သဘော မကျယင် သူ့အဝိဇ္ဇာနဲ့ တောင်းနေတယ်၊ (မှန်လှပါ) ရှင်း

http://www.dhammadownload.com



ပလား၊ (ရှင်းပါပြီ) ကျတန် သလောက် ကျပြန်ဘော့သဲ ဥစ္စာဒဒိဋ္ဌိနဲ့ တောင်းတယ်၊ (မှန်လှပါ) တနေ့ကပြောပြီး ပါပြီ၊ ဒါ မချဲ့တော့ပါဘူး။

ဒါဖြင့် အင်္ဂဝစ္စကို ဘုရားက– မင်းသည်ကားလို့ ဆိုယင် ဥပါဒါန်ချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားသတုံး၊ မင်း မေးတဲ့ဥစ္စာ သည်ကားလို့ဆိုလို့ရှိယင် မင်း မေးရတာဖြင့် ဒီ့ပြင်ဟာတွေ အတော် သဘောကျတယ်၊အခုဥပါဒါန်ချုပ်ဘဲ့ ပုဂ္ဂိုလ်ဘယ် သွားသတုံး ဆိုတော့ ဒီအဓိပ္ပါယ် မရဘူးကွလို့ ဘုရားက ဖြေ လိုက်သဖြင့် သူ့ဉာဏ်တုံးပါပြီလို့ပြောတော့ မင်းဉာဏ် တုံးမှာ ပဲ၊မင်း ပဋိစ္စသမုပ္ပါဒ် နားမလည်ဘူးတဲ့၊ (မှန်ပါ)။

အခု တကာတကာမတွေ ပဋိစ္စသမုပ္ပါဒ် နားလည်ပလား၊ (နားလည်ပါပြီဘုရား) ဥပါဒါန် ချုပ်တဲ့ ပုဂ္ဂိုလ် ဘယ်သွား သတုံး၊ (ဒုက္ခသိမ်းပါတယ် ဘုရား) ဘယ် သွားသေးသတုံး၊ (ဘယ်မှမသွားပါဘုရား)ဘယ်မှမသွားဘူး၊(မှန်ပါ) ဘာဖြစ် သွားသတုံး၊ (ဒုက္ခသိမ်းသွားပါတယ်ဘုရား)။

ဩော်....ဒုက္ခရှိတဲ့ပုဂ္ဂိုလ် ဒုက္ခ သိမ်းသွားတယ်၊ (မှန်ပါ) အနာရှိတဲ့ပုဂ္ဂိုလ် အနာပျောက်သွားတယ်၊(မှန်ပါ) သဘော ကျပလား၊ (ကျပါပြီ ဘုရား)။

ဘာရှိတဲ့ပုဂ္ဂိုလ်၊(အနာရှိတဲ့ ပုဂ္ဂိုလ် အနာ ပျောက်သွား သွားပါတယ်ဘုရား)။

အနာရှိတဲ့ပုဂ္ဂိုလ် အနာပျောက်သွားတယ်ဆိုတော့ တကာ တကာမတို့ ဘယ်သွားတဲ့ပုဂ္ဂိုလ်အဓိပ္ပါယ်ရသေးသလား၊(မရ ပါ) ဘယ်မှမသွားဘူး၊အနာ ရှိတဲ့ပုဂ္ဂိုလ် အနာပျောက်သွား

http://www.dhammadownload.com



တာပဲရှိတယ်၊(မှန်ပါ့)ဒီအနားမှာပဲ၊ ဒါ့ကြောင့် နိဗ္ဗာနသော၀ သန္တိကေ=နိဗ္ဗာန်ဟာ အနီးကလေးတဲ့၊ (မှန်ပါ့)။

အနာရှိတာ အနာပျောက်အောင်လုပ်လို့ရှိယင်အဲဒါနိဗ္ဗာန်ပဲ၊ (မှန်ပါ့)ဆိုတော့ တကာတကာမတို့ နောက်ခန္ဓာ မလာ မီးနဲ့ထင်းနဲ့ ကုန်သွားကယ်၊ (ကုန်သွားပါတယ်ဘုရား)။

မီးနဲ့ထင်းနဲ့၊ (ကုန်သွားပါတယ်ဘုရား)မီးနဲ့ ထင်းနဲ့ ကုန်သွားတော့ သူ့ လောင်စာသိမ်း မီးငြိမ်းသွားတယ်၊ (မှန်ပါ့ ဘုရား)။

ကျုပ်တို့ခင်ဗျားတို့မီးနဲ့ထင်းဖြစ်နေတော့လောင်စာသိမ်း မီးမငြိမ်းသေးဘူး၊ (မှန်ပါ့)။

လောင်စာလဲ မသိမ်းသေး၊ မီးလဲ (မငြိမ်းသေးပါဘုရား) မငြိမ်းသေးတော့ ကျုပ်တို့မှာ ဒုက္ခရောက်လျက်ပဲ ရှိဘယ်၊ (မှန်ပါ့ဘုရား)။

ဘယ်လိုဖြေကြမလဲ ဒုက္ခရောက်လျက်ပါဘုရား)ဒုက္ခရောက် လျက်ပဲ ရှိသေးတယ်ဆိုတာ ဘုန်းကြီးတို့ တကာတကာမတွေ ကျေကျေနပ်နပ် သဘောကျပလား၊ (ကျပါပြီ)။

အခုကြည့်စမ်း၊ဥပါဒါန်ချုပ်တဲ့ပုဂ္ဂိုလ်မှာ ခန္ဓာပေါ်သေး ရဲ့လား၊ (မပေါ်ပါဘုရား)။

ကဲ- တကာသစ်ကပဲ ဖြေပါတော့ လောင်စာသိမ်းရဲ.... (မီးငြိမ်းပါပြီဘုရား)အင်း-အနာသမား အနာပျောက်သွား ပဟ၊ (မှန်ပါ့)။

ဘယ်လိုဆိုကြမလဲ၊(အနာသမား အနာပျောက်သွားပါပြီ ဘုရား)။

http://www.dhammadownload.com



ခုနင်က မီးလောင်ခြင်းကြောင့် မီးလောင်နာကြီးနဲ့နေတဲ့ ပုဂ္ဂိုလ်ဟာ မီးလဲငြိမ်း လောင်တဲ့ အနာလဲပျောက်၊ (မှန်ပါ့ ဘုရား)။

မီးလဲငြိမ်း (လောင်နေတဲ့အနာလဲပျောက်ပါတယ်ဘုရား) လောင်တဲ့အနာလဲ၊ (ပျောက်ပါတယ်ဘုရား)။

ဩော်– ဒါဖြင့် သူ့မှာ အန္တရာယ်ကင်းလို့ဘေးရှင်းသွား ပြီ၊ (မှန်ပါ့)။

ဘယ့်နှယ်ဆိုကြမလဲ၊ (အန္တရာယ်ကင်းလို့ဘေးရှင်းသွား ပါပြီဘုရား)။

အဲ .. အန္တရာယ်ကင်းလို့ ဘေးရှင်းတာဟာ နိဗ္ဗာန်ပဲ ... (မှန်ပါ့ဘုရား)။

ဒါဖြင့် တကာတကာမတို့ အနာရှိတဲ့ပုဂ္ဂိုလ် အနာပျောက် တာ နိဗ္ဗာန်ပဲ၊ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)ပဋိစ္စသမုပ္ပါဒ် နားလည်လို့နော်၊ (မှန်ပါ့)။

ကမ္မဘဝ နိရောဓော၊ (ဇာတိနိရောဓောပါဘုရား) ဇာတိ နိရောဓောဆိုတော့ ခန္ဓာပါသေးရဲ့လား၊ (မပါ-ပါဘုရား) ငါးပါး ဖြစ်သေးရဲ့လား၊ (မဖြစ်ပါဘုရား) ကိလေသာရော ပါသေးရဲ့လား၊ (မပါ-ပါဘုရား)။

မပါတော့ အင်း–သူ့ဟာ ဘာပါလိမ့်မတုံး- မေးတော့ လောင်စာသိမ်း၍ (မီးငြိမ်းတာပါဘုရား)။

ကိုင်း ... တကာ တကာမတို့ ဒါ–ဘယ်ပါဠိတော်က လာ သတုံးမေးတော့ ဘယ့်နှယ် ဖြေကြပါ့မတုံး၊ (ပဋိစ္စသမုပ္ပါဒ်

http://www.dhammadownload.com



ပါဠိတော်ကပါဘုရား)ပဋိစ္စသမုပ္ပါဒ်မှာ ပါပြီးသား(မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဟို–အင်္ဂဝစ္ဆကိုတော့ လောင်စာ သိမ်း၍ မီးငြိမ်းတယ်ဆိုတာ ပညတ်တင်ပြတာ၊ (မှန်ပါ့) စင်စစ် ခင်ဗျားတို့ ပဋိစ္စ-သမုပ္ပါဒ်မှာ ဥပါဒါန် ချုပ်ကတည်းက တကာ တကာမတို့ ခန္ဓာရော ကိလေသာရော ဘယ့်နှယ်နေသတုံး၊ (ချုပ်ပါတယ် ဘုရား)။

ဥပါဒါန်သာ အကုန်ချုပ်၊ ခန္ဓာနဲ့ ကိလေသာ ဘယ့်နှယ် တုံး၊(ချုပ်ပါတယ်ဘုရား)လာနိုင်သေးရဲ့လား၊(မလာနိုင်ပါဘုရား)အဲဒါ ဘာခေါ်ကြမတုံး၊ (နိဗ္ဗာန်ပါဘုရား)။

ဒါဖြင့် ကမ္မဘဝနိရောဓာ (ဇာတိနိရောဓောပါဘုရား) ဇာတိနိရောဓာ (ဇရာမရဏ နိရောဓောပါဘုရား) ဇရာ မရဏ နိရောဓာ သောကပရိဒေဝ နိရောဓောဆိုတော့ ဘာများကျန် သေးသတုံး၊ (ဘာမှ မကျန်ပါဘုရား) ဒါဖြင့် ဒုက္ခဟူသရွေ့ ဘာ-ဖြစ်သွားသတုံး၊ (ချုပ်သွားပါတယ်ဘုရား)။

ဒါဖြင့် လောင်စာနဲ့မီးဟာ သိမ်းသွားပါတယ်၊ (မှန်ပါ့) မသိမ်းဘူးလား၊ (သိမ်းပါတယ်ဘုရား)။

အင်း–ဒါ ဘာနားလည်လို့ နိဗ္ဗာန်သဘောကျကြပါလိမ့်၊ (ပဋိစ္စသမုပ္ပါဒ်နားလည်လို့ပါဘုရား)။

ဒါဖြင့် တကာ တကာမတို့ ပဋိစ္စသမုပ္ပါဒ် နားမလည်တဲ့ ဆရာနဲ့ ပဋိစ္စသမုပ္ပါဒ်ကို နားထောင် တတ်တဲ့ နားမရှိတဲ့ ပုဂ္ဂိုလ်များမှာ သေသေ ချာချာမှတ်၊ နိဗ္ဗာန် ဘယ်တော့မှ သဘောမကျ၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



နိဗ္ဗာန် ဘယ်တော့မှ သဘောမကျလို့ရှိယင် နိဗ္ဗာန် မရှိဘူး ယူလိုက်လို့ရှိယင် ဥစ္ဆေဒဒိဋ္ဌိ၊ (မှန်လှပါ) သဘောကျပလား၊ (ကျပါပြီ)။

နိဗ္ဗာန်မရှိဘူးယူလိုက်ယင် (ဥစ္ဆေဒဒိဋ္ဌိပါဘုရား) သဘောကျပလား၊ (ကျပါပြီ)။

နိဗ္ဗာန်ကို ကျုပ်မသိသေးဘူးဆိုယင်လဲ အဝိဇ္ဇာ၊ (မှန်ပါဘုရား)။

အဲဒီအဝိဇ္ဇာနဲ့ ဥစ္ဆေဒဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်မရနိုင်ဘူး (မှန်ပါဘုရား) ဒါ့ကြောင့် ပဋိစ္စသမုပ္ပါဒ်ဟာ မည်မျှလောက် အရေးကြီးတယ်ဆိုတာ ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် နိဗ္ဗာန်သဘောကျချင်ယင် တကာသစ်ဘာကိုနားလည်ရမတုံး၊ (ပဋိစ္စသမုပ္ပါဒ်ကို နားလည်ရပါမယ်ဘုရား)။

ကဲ-ဒါဖြင့် ဒီနေ့ ပဋိစ္စသမုပ္ပါဒ် ပြလိုက်ပါတယ်တဲ့ တကာတကာမတို့ နိဗ္ဗာန် ဘဘောကျပလား၊ (ကျပါပြီ) နောက်ခန္ဓာသိမ်း၍ နောက်ကိလေသာငြိမ်းတယ်၊ (မှန်ပါဘုရား)။

နောက် ခန္ဓာသိမ်း၍ (နောက် ကိလေသာ ငြိမ်းပါတယ်ဘုရား) ကြည့်လေ ကမ္မဘဝနိရောဓာ (ဇာတိနိရောဓောပါ) ဟော.... ဇာတ်ဆိုကတည်းက ဇာတိမီးရော, ဇာတိ ခန္ဓာရော ဘယ့်နှယ်နေကြသတုံး၊ (ငြိမ်းပါတယ်ဘုရား)။

ဇာတိမီး, ဇာတိခန္ဓာလေဗျာ၊ (မှန်ပါ) သေသေချာချာ မငြိမ်းသေးဘူးလား၊ (ငြိမ်းပါတယ်ဘုရား) ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)။

http://www.dhammadownload.com



သြော်– ဒါဘာခေါ်ကြမယ် (နိဗ္ဗာန်ပါဘုရား)ဒါကြောင့် ဘုရားက'အဇာတိ''ပဋိသန္ဓေမနေရာငင်စစ်ဖြစ်သော (မှန်ပါ့) မဟောဘူးလား၊ (ဟောပါတယ်ဘုရား) နိဗ္ဗာနံ=နိဗ္ဗာန်.... (မှန်ပါ့ဘုရား)။

ပဋိသ န္ဓ မနေရာဟာ ဘာတဲ့၊ (နိဗ္ဗာန်ပါဘုရား) မအိုရာ (နိဗ္ဗာန်ပါ) မနာရာ– (နိဗ္ဗာန်ပါဘုရား)။

လိုရင်းတော့ တကာသစ်,တကာကြွယ် ဘာမှတွေးမနေနဲ့၊ ဇာတိ သိမ်းပြီးကတည်းက ဇရာမရဏာက သိမ်းပြီ၊ (မှန်ပါ့) သောက ပရိဒေဝကကော၊ (သိမ်းပါတယ်ဘုရား)။

သြော်– ဒါဖြင့် ဥပါဒါန်ချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားသတုံး လို့ တရားတပွဲလုံးပဲ မေးပါပြီ တကာတကာမတို့ ဘယ့်နှယ် ဖြေကြမှာတုံး၊ (ဘယ်မှမသွားပါဘုရား) လောင်စာသိမ်း၍ (မီးငြိမ်းပါတယ်ဘုရား, မီးငြိမ်းတာရှိတာပဲ၊(မှန်ပါ့ဘုရား)။

အဲဒီတော့ဘုရားကိုအဂ္ဂိဝစ္ဆကမေးလိုက်တယ်(မှန်ပါ့)ဥပါ ဒါန်ချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားသတုံးဆိုတော့ အို- ဒီအမိပ္ပါယ် မရဘူးကွာတဲ့၊(မှန်ပါ့)ရသေးရဲ့လား၊ (မရပါဘုရား) သူမေး တဲ့အမိပ္ပါယ် ဘုရားကဖြေဖို့သင့်ပါ့မလား၊ (မသင့်ပါဘုရား)။

အဲဒီအမိပ္ပါယ်မရောက်ဘူး၊ဘယ်သွားတယ်ဆိုတဲ့အမိပ္ပါယ် ကို မရဘူးကွ–တဲ့၊ (မှန်ပါ့) အခု ဘယ်မျာသွားသေးသတုံး (ဘယ်မှမသွားပါဘုရား)။

ဘယ်မှမသွားဘဲနဲ့ဘာဖြစ်သွားသတုံးမေးတော့ ဘယ့်နှယ် ဖြေကြမလဲ၊ (လောင်စာသိမ်း၍ မီးငြိမ်းပါတယ်ဘုရား)။

http://www.dhammadownload.com



ဩြဘ်-တိုတိုမှတ်လိုက်တော့အနာရှိတဲ့ပုဂ္ဂိုလ်အနာပျောက် တယ်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် အနာရှိတဲ့ပုဂ္ဂိုလ်အနာပျောက်သွားတော့ကိုတကာ တကာမတွေ့က အနာသာပျောက်တယ် အနာရှိတဲ့ ပုဂ္ဂိုလ် ရှိ တယ်၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

အနာသာ ပျောက်တယ်၊ (အနာရှိတဲ့ ပုဂ္ဂိုလ် ရှိပါတယ် ဘုရား)။

ဒါဖြင့် နိဗ္ဗာန် ရှိ,မရှိ၊ (ရှိပါတယ်ဘုရား) အဲ .. ခုနင်က အနာနဲ့ခန္ဓာမရှိပါဘူးတဲ့၊ (မှန်ပါ့) အနာပျောက်တဲ့ သဘော ရှိတယ်၊ (မှန်ပါ့; သဘောကျပလား၊ (ကျပါပြီဘုရား)။

အနာနဲ့ခန္ဓာတော့ဖြင့်၊ (မရှိပါဘုရား) အနာပျောက်တဲ့ သဘောတော့၊ (ရှိပါတယ်ဘုရား)သချာပလား၊ (သေချာ ပါပြီဘုရား ။

ဒါဖြင့် တကာသစ်တို့ တကာကြွယ်တို့ ဘာနားလည်လို့ ဒီဟာ သဘောကျသွားပါလိမ့်၊ (ပဋိစ္စသမုပ္ပါဒ် နားလည်လို့ ပါဘုရား)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်နားမလည်တဲ့ပုဂ္ဂိုလ်(နိဗ္ဗာန်သဘော မကျပါဘုရား)။

ကဲ-တရားတစ်ပွဲလုံး သဘောကျပလား၊ (ကျပါပြီ) ဥပါ ဒါန နိရောဓာ၊ (ဇာတိနိရောဓောပါ ဘုရား) ဇာတိနိရော ဓာဆိုတဲ့ ဇာတိမီးလဲ ချုပ်တယ်၊ (မှန်ပါ့) ဇာတိခန္ဓာကော၊ (ချုပ်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါ ဘာခေါ်ကြမယ်၊ (နိဗ္ဗာန်ပါဘုရား) သြော်....ဒါဖြင့် လောင်စာသိမ်း၍ မီးငြိမ်းတယ်၊(မှန်ပါ့)။

ဇာတိမီးကလဲ ငြိမ်းတယ်၊ (မှန်ပါ့၊ ဇာတိခန္ဓာကြီးကလဲ၊ (သိမ်းပါတယ်)သိမ်းတယ်ဆိုတော့ သြော် ဇာတိဒုက္ခတွေလဲ အကုန် ကုန်ပေါ့ပဲ၊ (မှန်ပါ့)။

ဇာတိဒုက္ခကုန်တော့ ဇရာဗျာဓိမရဏ သောက ပရိဒေဝဆိုတာတွေလဲ ကုန်မှကုန်ပါ့မလားလို့ တကာကြွယ် သံသယ ရှိသေးသလား၊(မရှိပါဘုရား)။

ရေသောက်မြစ် တူးပစ်ပေါ့ပဲ၊ (မှန်ပါ့) အနာ၏ ရေသောက်မြစ် တူးပစ်ပေါ့၊အမြစ်နှင့်တကွ တူးပစ်ပေါ့၊ နောက်အဆိပ်အသီးတွေ့,နောက်အဆိပ်အပွင့်တွေ့,နောက်အပင်တွေ ပေါက်လိမ့်ဦးမယ်လို့ အယူရှိလို့ တော်ပါ့မလား၊ (မတော်ပါဘုရား)သဘောကျပလား၊ (ကျပါပြီ ဘုရား)။

ဒါကြောင့် "ဝိသဘူတ ဒုက္ခဒဿနေန အမတဌော"ဝိသဘူတဒုက္ခဒဿနေန၊ အဆိပ်မျိုးစေ့ အဆိပ်ပင်ကြီးကို မြင်သဖြင့်-ကျုပ်တို့ ဒုက္ခသစ္စာကြီးမြင်သဖြင့်။ မှန်ပါ့ အမတဌော၊ သြော်....ငါတို့သန္တာန်၌ အဆိပ်သတ္တိ ရှိတဲ့ အဆိပ်ပင်ကြီးဖြင့် ဇာတ်သိမ်းပြီ၊ (မှန်ပါ့)သဘောကျပလား၊ ကျပါပြီဘုရား)

ဒါဖြင့် သူ သတ်လို့ သေစရာ ရှိသေးရဲ့လား၊ (မရှိပါဘုရား)။

အဆိပ်တွေလဲ ကျုပ်တို့က မီးရှို့ပစ်လိုက်ပြီ၊ (မှန်ပါ့) အဆိပ်ပင်ကြီးကိုလဲ ကျုပ်တို့ ဖျက်ဆီးပစ်လိုက်ပြီ၊ (မှန်ပါ့) အဆိပ်သတ္တိတွေကိုလဲ(ဖျက်ဆီးပစ်လိုက်ပါပြီဘုရား)။

http://www.dhammadownload.com



ဖျက်ဆီးပစ်လိုက်တော့ တစ်ခါတည်း နောက်ဖြင့် ကျုပ်တို့ အဆိပ်မျိုးစေ့အဆိပ်ပင်ပေါက်ဖို့ အရေးဟာဖြင့် ပျောက်ကွယ်သွားပြီ(မှန်ပါ့)မဆိုနိုင်ဘူးလား(ဆိုနိုင်ပါတယ်ဘုရား)။

အဲဒါကြောင့် "ဝိသဘူတ ဒုက္ခ ဒဿနေန အမတဋ္ဌော" ဝိသဘူတဒုက္ခဒဿနေန၊ ခန္ဓာထဲမှာ ကိလေသာမီးဆိုတဲ့အဆိပ်, ခန္ဓာဆိုတဲ့ အပင်ကြီး ပျောက်သွား သဖြင့် အမတဋ္ဌော၊ ငါ နောက်မသေဘူးဆိုတာ သေသေ ချာချာ သိတယ်၊ (မှန်ပါ့) မသိဘူးလား၊ (သိပါတယ်ဘုရား)။

ကဲ-ဒါဖြင့် ဥပါဒါန် တဏှာချုပ်တဲ့ ပုဂ္ဂိုလ်ဟာ နောက်မသေတဲ့သဘောဖြစ်သွားတယ်၊ (မှန်ပါ့)ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

တဏှာ ဥပါဒါန် ချုပ်တဲ့ ပုဂ္ဂိုလ်ဟာ (နောက်မသေတဲ့ သဘောရှိပါတယ်ဘုရား)ဒါ ဘယ်သူက ပြောပါလိမ့် (ပဋိစ္စသမုပ္ပါဒ်က ပြောပါတယ် ဘုရား)။

ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အဂ္ဂိဝစ္ဆ-ဥပါဒါန်ချုပ်တဲ့ပုဂ္ဂိုလ်ဘယ်သွားသတုံးလို့ မင်းကမေးတော့ မင်းသည်ကားလို့ဆိုယင်ငါကဒီအဓိပ္ပါယ်မမေးပါနဲ့ ဒီအဓိပ္ပါယ် မရဘူးလို့ပြောတော့ ရှင်ကြီး ဂေါတမ-ကျုပ်ဖြင့် ဉာဏ်တုံးပြီလို့ပြောတာ မင်းတုံးမှာပဲ၊ ပဋိစ္စသမုပ္ပါဒ် နားမလည်တော့ မင်း နိဗ္ဗာန် သဘောမကျဘူး၊ (မှန်ပါ့ ဘုရား)။

အခု ဒီ တကာ တကာမတွေ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး ချုပ်တာနားလည်သဖြင့် နိဗ္ဗာန်သဘောကျသွားပြီ၊ အဂ္ဂိဝစ္ဆကတော့ ပဋိစ္စ သမုပ္ပါဒ် နားမလည်သဖြင့် နိဗ္ဗာန်ကို သဘောမကျဘဲ ဖြစ်နေတယ်၊ (မှန်ပါ့)။

http://www.dhammadownload.com



ဒါဖြင့် ပဋိစ္စသမုပ္ပါဒ် နားလည်မှ နိဗ္ဗာန်သဘောကျမယ်။ (မှန်ပါ့) ပဋိစ္စသမုပ္ပါဒ် နားမလည်ဘဲ ပုဂ္ဂိုလ်၊ (နိဗ္ဗာန်သဘော မကျပါဘုရား)။

ကဲ- တရားတပွဲသုံး သဘောပါကြပလား၊ (ပါကျပါပြီ) ဥပါဒါနနိရောဓာ၊ (ဇာတိနိရောဓောပါဘုရား) ဇာတိနိရောဓာဆိုတဲ့- ဇာတိမီးလဲချုပ်တယ်၊ (မှန်ပါ) ဇာတိခန္ဓာကော (ချုပ်ပါတယ်ဘုရား)။

ဒါ-ဘာခေါ်ကြမယ်၊ (နိဗ္ဗာန်ပါဘုရား) ဩော်-ဒါဖြင့် လောင်စာသိမ်း၍ မီးငြိမ်းတာ နိဗ္ဗာန်ခေါ်တယ်၊ (မှန်ပါ့ ဘုရား)။

ကဲ....နာရီစေ့ပြီ ယနေ့ဒီတွင်ပဲ တော်ကြဦးစို့။

သာဓု....သာဓု....သာဓု။

http://www.dhammadownload.com

ကျေးဇူးတော်ရှင်– အဂ္ဂမဟာပဏ္ဍိတ
အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း မိုးကုတ်ဆရာတော်ဘုရား
အမရပူရမြို့မမှာရှိ၍ ဟောကြားဆုံးမတော်မူသော
(အပြစ်ကင်းသော သေခြင်းအကြောင်း)

# နေ့အလုပ်ပေး–တရားတော်

တရားနာတာ သိပါစေဆိုတာလဲ ရှင်းလင်းအောင်ပြောပြနေတယ်၊ (မှန်ပါ့) သိရုံကလေးနဲ့ မပြီးနိုင်တဲ့အတွက် ကျင့်နိုင်ပါစေဆိုတာ ကိုသဲ မေတ္တာ သုံးချက် ထားရတယ်၊ (မှန်ပါ့ဘုရား)။

ဒီလိုဟောလို့ရှိယင်ဖြင့် ဒါတရားဟောဒါဖြင့် ကောင်းသော ဟောခြင်းပဲဆိုတာ မှတ်ကြပေတော့၊ (မှန်ပါ့ဘုရား)။

ကိုယ်ကပြောလို့ရှိယင်လဲ မသိသေးတဲ့ပုဂ္ဂိုလ် ပြောခဲ့လို့ရှိယင်လဲ နားထောင်နိုင်ပါစေ ဆိုတာ ၁-နံပါတ်ပေါ့ဗျာ.... (မှန်ပါ့) နားထောင်ပြီးသကာလ သိပါစေဆိုတာ ၂-နံပါတ် (မှန်ပါ့၊ မသိလို့စိတ်မဆိုးပါနဲ့တဲ့ မသိ-သိအောင် ပြောပါ၊ (မှန်ပါ့) သိပြီးသည်၏ အခြားမဲ့၌ သိရုံနဲ့ မင်းမပြီးသေးဘူး ဟေ့ ကျင့်ပါဦးကွဆိုတာလဲ ပြောပေးကြပါ၊ (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် အားလုံးသောတကာတကာမတွေ–ယနေ့သည် ကားလို့ဆိုလို့ရှိယင်ဖြင့် မနေ့ကပုဏ္ဏသုတ်ကိုဆက်ဟောလို့ရှိယင် ရပါတယ်ဘဲ့ အလုပ်တရားတွေက မပါတော့ဘူး၊ (မှန်ပါ့)

http://www.dhammadownload.com



ဒါ့ကြောင့် မန်းစက်တော်ခြေတော်ရာပဲပြန်ပြောရမလိုဖြစ်နေလို့ ဒီနေ့ ဆန္ဒသုတ်ကို ပြောင်းပါတယ်၊ (မှန်ပါ့ဘုရား)။

အဲဒီမှာ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ပြောတာ တလုံးတည်းနဲ့ တကာကြွယ်၊ ဦးလှဘူး သိပ်မိတယ်နော်၊ (မှန်ပါ့) သာရိပုတ္တရာ — မင်း မှတ်ထားစမ်းပါကွာဘဲ့ အရေး ကြီးတဲ့ အချက်ကလေးတခုကို၊ (မှန်ပါ့)ဘုရားက ရှင်သာရိပုတ္တရာကို အမိန့်ရှိဘယ်၊ (မှန်ပါ့)သတ္တဝါတစ်ဦးတစ်ယောက်ဟာ ခန္ဓာ ရယင်သေရမှာပဲတဲ့၊ (မှန်ပါ့) သေပြီးသကာလ နောက်ခန္ဓာ မရတဲ့သေနည်းဟာ အပြစ်အကင်းဆုံးနည်းဟေ့လို့ သတိပေးလိုက်တယ်၊ (မှန်ပါ့ဘုရား)။

သေတော့ သေရမှာပဲ၊ သေပြီး နောက်ခန္ဓာ မရတာအပြစ်အကင်းဆုံးပဲ၊ (မှန်ပါ့ဘုရား)။

အပြစ်အကင်းဆုံးပဲဆိုသဖြင့် တကာတကာမတို့ ဘုရားက ဆန္ဒသုတ်မှာပဲ သေသေချာချာ ရှင်သာရိပုတ္တရာကို မှာနေတော့ သာရိပုတ္တရာ သေနည်းအကောင်းဆုံးဟာ ဒီခန္ဓာစွန့်ပြီး ဟိုခန္ဓာမရတာ အပြစ်ကင်းတာပဲဟေ့၊ (မှန်ပါ့ဘုရား)။

အဲဒါ အကောင်းဆုံးသော သေခြင်းလို့ ဆိုတော့ တကာသစ်ရေ-ဒါဟာ ဘုရား ဟောပဲ နော်၊ (မှန်ပါ့) အဲဒီဘုရားဟောကို တကာတကာမတွေက သိထားတော့မှ ဩော်-ငါတို့ရှေးကလွဲခဲ့တယ်နော်၊(မှန်ပါ့)ဘယ်လိုမျှား လွဲခဲ့ပါလိမ့် မတုံးဆိုတော့ ဒီခန္ဓာစုတေမနေ့ သေလွန်လို့ရှိယင်ဖြင့် နောက်ဘဝလူပြန်ဖြစ်ချင်, နတ်ဖြစ်ချင်, ဗြဟ္မာဖြစ်ချင် ဆိုတာတွေက

http://www.dhammadownload.com



မလာကြပေဘူးလား၊ (လာကြပါတယ်) အပြစ် သင့်အောင် လုပ်တာ၊ (မှန်ပါ့ဘုရား)။

ဒါဟာ အပြစ်သင့်အောင်လုပ်ဘာ တကာတကာမတို့၊ အခု ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ရှင်သာရိပုတ္တရာဟောလိုက် တာကို နားထောင်ကြည့်ပါ၊ ဒီခန္ဓာ ပစ်ချပြီး စွန့်ပြီးတော့ နောက်ခန္ဓာ မရတာဟာ အပြစ်ကင်းတာပဲ၊ အဲဒါအကောင်း ဆုံးပဲတဲ့၊ (မှန်ပါ့)သဘောပါကြပလား၊ (ပါ-ပါပြီဘုရား)။

ဒါဖြင့် ဒီခန္ဓာရပြီး နောက်ခန္ဓာမရတဲ့ အလုပ်ဟာ ဘာပါ လိမ့်၊ (အပြစ်အကင်းဆုံးပါ)အပြစ်အကင်းဆုံး အကောင်း ဆုံး အလုပ်လို့ တကာတကာမတွေ ဉာဏ် မလွဲပါနဲ့နော်၊ (မှန်ပါ့) ဉာဏ်မလွဲပါနဲ့ဆိုတာ တကာကြွယ်ရ အထူးပဲ သတိ ပေးရတယ်၊ (မှန်ပါ့) မပေးသင့်ဘူးလား (ပေးသင့်ပါတယ်)။

ဒီဉာဏ် လွဲသွားလို့ရှိယင် ကိုယ်ကျိုးနည်းပေါ့လို့ ဆိုတာ သေသေချာချာမှတ်ပါ (မှန်ပါ့) အခု ဘုရား- ဟောတာက ဒီခန္ဓာပစ်ချပြီး ဟိုခန္ဓာမရလို့ရှိယင်ဖြင့် ဒါ အပြစ်ကင်းတာပဲ ကွတဲ့၊ (မှန်ပါ့) ဒီခန္ဓာစွန့်ပြီး ဟိုခန္ဓာရယင် အကြီးဆုံးသော အပြစ်သင့်တာပဲကွ၊ (မှန်ပါ့) ဒီလိုဟောတာကို သေသေ ချာ ချာ နာရတော့မှ ဩော်-ခန္ဓာဆိုတဲ့ဥစ္စာ ဒုက္ခသစ္စာမို့ဘုရားက ဒုက္ခရောက်မှာ စိုးရှာတာကို၊ (မှန်ပါ့) မပေါ်လာ သေးဘူး လား၊ (ပေါ်လာပါပြီဘုရား)။

နောက်ခန္ဓာရယင် ဇာတိက စ,ရမှာကိုး၊ (မှန်ပါ့) ဇာတိ ဘာသစ္စာတုန်း၊ (ဒုက္ခသစ္စာပါ) အဲ-ဒုက္ခသစ္စာထဲနေပြီး ဒုက္ခ

http://www.dhammadownload.com



သစ္စာပြန်ရလို့ရှိယင် အမြတ်မရတဲ့အပြင် အရှုံးထွက်တယ်လို့ ဆိုလိုက်ယင်လဲ မလွဲပါဘူး၊ (မလွဲပါဘုရား)။

ဒါ့ကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ ဒီခန္ဓာ ပချုပြီး ဟိုခန္ဓာမရတဲ့အလုပ်ကိုဖြင့် တကာကြွယ်တို့ ဦးလှဘူးတို့ လုပ်ဖြစ်အောင်လုပ်ပါ၊ (မှန်ပါ့ဘုရား ။

တကာ တကာမတို့ ဘယ်လိုမှာပါလိမ့်၊ (လုပ်ဖြစ်အောင် လုပ်ပါ) လုပ်ဖြစ်အောင် လုပ်ပါဆိုတာ မသိတဲ့ပုဂ္ဂိုလ်များလဲ ဆရာပြောတာမှတ်၍ ဘုရားဟောတော်မူတာကို သဘောကျပြီးသကာလ ကဲ-ဒါဘဲ လုပ်ပေတော့မယ်၊ ဒီခန္ဓာစွန့်ပစ်ပြီး နောက်ခန္ဓာ မရတဲ့အလုပ်ဘဲ နိုးနိုး ကြားကြားနဲ့ ကြိုးကြိုး စားစားလုပ်ပါတော့မယ်ဆိုတဲ့ စိတ်ကိုဖြင့် တကာ တကာမတို့ ကိုယ်မသိငြားသော်လဲ ဘုရားဟောကို အမှန်လို့ ဆုံးဖြတ်ချက်ချပြီး တကာသစ်ရေ မရ-ရအောင်သာ လုပ်တော့၊ (မှန်ပါ့) ဒီခန္ဓာချုပြီး နောက်ခန္ဓာမရတဲ့ အလုပ်သာ လုပ်တော့မဟော့၊ (မှန်ပါ့) နောက်ခန္ဓာမရတဲ့ အလုပ်ကိုပဲ အားလုံး အရယူကြပါတော့ဆိုတာ ပြောလိုက်ပါတယ်၊(မှန်ပါ့ဘုရား)။

ဒါဟာ ဘုရားကရှင်သာရိတ္တရာကိုဟောတာ၊ဆန္ဒသုတ်မှာ ဟောပါတယ်၊(မှန်ပါ့) ဥပရိပဏ္ဏာသပါဠိတော် ဆန္ဒသုတ်မှာ ဟောပါတယ်ဆိုတာ ဦးလှဘူး မှတ်မိပြီနော်၊ (မှတ်မိပါပြီ) ပါဠိတော်ဆိုတာ ဘုရားကိုယ်တော်တိုင် နှုတ်တော်က ဖွင့်ဟဟောတာပါ၊(မှန်ပါ့)သဘောကျပလား၊ (ကျပါပြီဘုရား)။

အဲဒီတော့ တိမ်းစရာစောင်းစရာမရှိ၊ နှစ်ခွန်းသောစကား မပြောဘဲနဲ့ တစ်ခွန်းနဲ့ အမှန်ပြောတဲ့ ကိုယ်တော်မြတ်ကြီး

http://www.dhammadownload.com



ကိုးဗျ၊ (မှန်ပါ့) နှစ်ခုဖြစ်တဲ့စကားကို ဘယ်တော့မှ မပြော ဘူး၊ (မှန်ပါ့ဘုရား)။

တစ်ခွန်းတည်းနဲ့ အမှန်ပြောတတ်တဲ့ ကိုယ်တော်ကြီးက ဒီ ခန္ဓာပစ်ချပြီးနောက် ခန္ဓာမရလို့ရှိယင် အပြစ် အကင်းဆုံးပဲ အကောင်းဆုံးသော သေခြင်းပဲတဲ့၊ (မှန်ပါ့) တကာကြွယ် မှတ်မိပလား၊ (မှတ်မိပါပြီဘုရား)။

ဘယ်လိုများမှတ်မိကြပါလိမ့်၊ (နောက်ခန္ဓာ မရလို့ရှိယင် အပြစ် အကင်းဆုံး- အကောင်း ဆုံးသော သေခြင်းပါ) အကောင်းဆုံး အလုပ်ပဲဆိုတာ ကျေကျေနပ်နပ် သဘောကျ ကြပါ၊ (မှန်ပါ့ဘုရား)။

ကိုင်း....ဒါဖြင့် ဘုန်းကြီးများက ဘုရား အလိုတော်ကျ ဖြည့်စွက်ပါဦးမယ်ဆိုတော့ တကာကြွယ်တို့ အပေါ်မှာ ခွက် ကလေးနှစ်ခု ချထားတယ်၊ ဒီဘဝမှာ နောက်ဆုံးပိတ် ဒုက္ခ သစ္စာ ဘာပါလိမ့်မတုံးလို့ဆိုတော့ စုတိစိတ်၊ (မှန်ပါ့) စုတိ စိတ်ဆိုတာ သေတဲ့စိတ်ပေါ့ဗျာ၊ (မှန်ပါ့) ဒီစိတ်ပြီးယင် ဒီ ဘဝမှာဖြင့် ကုန်ရော၊ (မှန်ပါ့ဘုရား)။

အဲဒီတော့ စုတိ စဝနတာ၊ စုတိဆိုတာ သေတာ၊ စဝနဆို တာ သေသည်၏ အဖြစ်ပါပဲ၊ အဲဒီတော့ ဒါ-မရဏလို့ခေါ် လိုက်၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီ) မရဏမို့၊ (ဒုက္ခံပါဘုရား)။

ဩော်....ဒီဘဝမှာ ကျုပ်တို့ နောက်ဆုံးပိတ် ဘာနဲ့ နိဂုံး ချုပ်ရပါလိမ့်မတုံး-ဆိုတော့ ဒုက္ခသစ္စာနဲ့ နိဂုံးချုပ်ရမယ်၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



နောက်ဆုံးပိတ် ဘာနဲ့ နိဂုံးချုပ်ရသလဲ၊ (ဒုက္ခသစ္စာနဲ့ နိဂုံးချုပ်ရပါတယ်) ဒုက္ခသစ္စာနဲ့ နိဂုံးချုပ်ရတယ် ဆိုတာ သေချာတယ်၊ (မှန်ပါ့ ဘုရား)။

ကိုင်း-ဒါဖြင့် စုတိက အနန္တရပစ္စည်း၊ပဋိသန္ဓေက အနန္တရ ပစ္စည်း၏ပစ္စယုပ္ပန်၊ (မှန်ပါ့)အနန္တရပစ္စယော၊အခြား မရှိမူ၍ ကျေးဇူးပြုတယ်လို့ ပဋ္ဌာန်းပါဠိတော်များမှာ ဟောထားပြန် တော့ စုတိပဋိသန္ဓေ မလာဘူးလား၊ လာပါတယ် ဘုရား)။

ပဋိသန္ဓေဆိုတာ 'ဇာတိသဥ္ဇာတ်သြက္ကန္တိ အဘိနိဗ္ဗတ္တိခန္ဓာနံ ပါတုဘာဝေါ၊ အာယတနာနံ ပဋိလာဘော၊ အယံ ဝုစ္စတိ ဘိက္ခဝေ ဇာတိ' သတိပဋ္ဌာန် ပါဠိတော်ကလဲ မလာလား၊ (လာပါတယ်ဘုရား) အဲဒါတွေ ထောက်ပြန်တော့ ဘာသစ္စာ တဲ့ ပဋိသန္ဓေက၊ (ဒုက္ခသစ္စာပါ ဘုရား ။

သြော် .. ဒါဖြင့် တကာ တကာမတို့ ဒုက္ခ သစ္စာပြီး ဒုက္ခ သစ္စာကို ပြန်ရမှာ ဘုရားသိပ် စိုးရိမ်ပါလား၊ (မှန်ပါ့)အဲဒါ အကြီးဆုံးသောအပြစ် သင့်တာပဲကွာလို့ ဟောတာ တကာ သစ် မမှန်ဘူးလား၊ (မှန်ပါတယ် ဘုရား)။

သြော်....ဒါကြောင့်ဘုရားသည် ရှင်သာရိပုတ္တရာကို ဒီခန္ဓာ ပစ်ချပြီး ဟို ခန္ဓာမရတဲ့ သေခြင်းဟာ အကောင်းဆုံးပဲ ဆို တော့ စုတိပြီးယင် ပဋိသန္ဓေမလာတာဟာ အကောင်းဆုံးပဲ လို့ ဟောတော်မူတာသဲ၊(မှန်ပါ့) ။

ဘယ်လိုများဟောပါလိမ့်၊ (စုတိပြီး ပဋိသန္ဓေမလာတာ အကောင်းဆုံးပါ ဘုရား)။

ဘယ်နှယ်ကြောင့်ဟောပါလိမ့်မတုံးလို့ ကျုပ်တို့ကဖွေရှာ စိစစ်ပြီး စေဘန်လိုက်တော့မှ စုတိနှင့်ပဋိသန္ဓေဟာလဲအနန္တရ

http://www.dhammadownload.com



အခြားမရှိမူ၍ ကျေးဇူးပြုတာ သေချာပြီး သကာလ နေပြန် တော့ဒီပဋိသန္ဓေဟာလဲ ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါဘုရား) ဒါဖြင့် ဒုက္ခပြီး ဒုက္ခဆက်တာကို ကိုယ်တော်မြတ်ကြီးများစွာ မကြိုက်လို့ ဟောတာကိုး၊ (မှန်ပါ)။

ဒုက္ခပြီးဒုက္ခဆက်တာကို(များစွာမကြိုက်လို့ဟောတာပါ ဘုရား)ဒီလို သစ္စာကို မသိတော့ သံသရာ ရှည်တယ်၊ ဒီဘဝ စုတေမနေ့ သေလွန်ရ၊ နောက် ဘဝမှာ လူ ကောင်း, နတ် ကောင်း ဖြစ်ရပါလို၏ဆိုတော့ ဟောဒီ ဇာတိ ဒုက္ခသစ္စာကြီး ကိုယ်ပိုင်ဖြစ်ရပါလို၏၊ 'မှန်ပါ'။

ဒီဇာတိဒုက္ခသစ္စာကြီးကို ကိုယ်ပိုင် ဖြစ်ရပါလို၏ ဆိုတော့ တကာတကာမတို့ ကျုပ်တို့က သိမ်းပိုက်ရမှာ မဟုတ်ပါဘူး၊ (မှန်ပါ) နှင် နေရစ်တော့လို့ ဆိုရမှာ၊ (မှန်ပါ)။

ဘယ်လိုပါလိမ့်ဗျာ(နှင်-နေရစ်တော့လို့ဆိုရမှာပါဘုရား) နှင်-နေရစ်တော့လို့ဆိုရမှာပါ၊ အခုကျုပ်တို့က ဆုတောင်းယူ နေယင်သိမ်းပိုက်ရာမရောက်လား၊ (ရောက်ပါတယ် ဘုရား)။

ဩော်....ဒါသည်ကားလို့ ဆိုယင်ဖြင့် လူ လိမ္မာလို့ ဆိုကြ မလား၊လူမိုက်လို့ဆိုကြမလား၊ (လူမိုက်ပါဘုရား)ဒုက္ခလွတ် ရာသာ ရှာရမှာကိုးဗျ၊ (မှန်ပါ) ဒုက္ခသိမ်းပိုက်ချင်လို့ ရှိယင် ဖြင့် တကာသစ်-သိပ်လွဲပြီ၊ (လွဲပါပြီဘုရား)။

ဒါကြောင့်ဘုန်းကြီးတို့ တကာတကာမတွေအရေးကြီးတဲ့ အချက်ကလေးတွေမှာ နာရီဝက်လောက် ပြောဆို နေတာ တကာသစ် လေရှည်တယ်လို့ မအောက်မေ့နဲ့နော်၊ (မှန်ပါ)

ဒီဥစ္စာ သာမည အရေးဆိုယင် ဘုန်းကြီးတို့သည် အပင် ပန်းခံအမောခံပြီးသကာလ ဘယ်ပြောနေမလဲတကာကြွယ်ရာ

http://www.dhammadownload.com



(မှန်လှပါ) ဒါ လွယ်သဟော့- သွားကြစို့ ရွှေသာ မင်းတို့ မှတ်စရာရှိတယ်ဆိုပြီး ရွှေသွားမှာပေါ့၊(မှန်ပါ) မဟုတ်ဘူးတဲ့ ဒီမှာ မသိတဲ့ပုဂ္ဂိုလ်များ ဒီဘဝ စုတေမနေ သေလွန်ရလို့ ရှိယင် နောက်ဘဝလူကောင်း၊နတ်ကောင်းဖြစ်ရပါလို၏ဆိုပြီး ဒီဇာတိကို သိမ်းပိုက်မှာစိုးလို့၊(မှန်ပါ) သဘောကျပလား၊ (ကျပါပြီ)။

ဘာ သိမ်းပိုက်လိုက်မှာ စိုးပါလိမ့်၊ (ဇာတိကို သိမ်းပိုက်မှာ စိုးပါတယ်ဘုရား) ဇာတိက ဘာသစ္စာ၊ (ဒုက္ခသစ္စာပါ ဘုရား)။

ကိုင်း-တကာတကာမတို့ ဘာသိမ်းပိုက်ရာ ရောက်သတုံး (ဇာတိသိမ်းပိုက်ရာ ရောက်ပါတယ်) ဒါဖြင့် အပြစ်သင့်-မသင့် (သင့်ပါတယ် ဘုရား)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကဒီခန္ဓာစွန့်ပစ်ပြီး ဟိုခန္ဓာမရတာ အပြစ်ကင်းတာပဲကွ၊ (မှန်ပါ) သာရိပုတ္တရာ ဒီခန္ဓာစွန့်ပစ်ပြီး ဟိုခန္ဓာမရယင် အပြစ်ကင်းတာပဲကွ....ဆိုတဲ့ ဉစ္စာ တကာကြွယ် ထိပ်မှာသံမှိုနဲ့နှက်သလို မှတ်ရတော့မယ်၊ (မှန်ပါ) မမှတ်ရပေဘူးလား၊ (မှတ်ရပါတယ်ဘုရား)။

ဟို....နောက်က တကာတကာမတွေ အဝေးကြီးကလာကြ ရတယ်နော်၊သေသေချာချာမှတ်ပါ၊ ဒီခန္ဓာ နောက်ထပ်မရတဲ့ နည်း၊ လုပ်ကိုင်နည်းတော့ နောက်ပြောပါလိမ့်မယ် (မှန်ပါ) အပြစ်သင့်ပုံကလေး ကြီးကျယ်လွန်းလို့ ဒါကို ရှင်းရှင်းလင်း လင်း အနန္တရပစ္စည်းနဲ့ အနန္တရပစ္စယု န် လုပ်ပြီး သကာလ ပြလိုက်ခြင်းကြောင့် ပဋ္ဌာန်းဒေသနာတော်နည်းနဲ့ ကြည့်လဲ မကောင်း၊ကိုယ်တော်မြယ်ကြီးမှာတော်မူပုံ ကြည့်လိုက်ပြန်လဲ

http://www.dhammadownload.com



မကောင်းလို့ ပယ်တယ်ဆိုတာသေချာပြီ (သေချာပါပြီ)မသေချာဘူးလား၊ (သေချာပါပြီဘုရား)။

ဒီဇာတိသာ ရမယ်ဆိုလို့ရှိယင် တကာကြွယ်ရေ.... ဇရာမသိမ်းပိုက်ချင်ပါဘူးဆိုလို့ကော (မရပါဘုရား)ဗျာဓိမသိမ်းပိုက်ချင်ပါဘူး ဆိုလို့ကော၊ (မရပါဘုရား)မရဏ မသိမ်းပိုက်ချင်ပါဘူး၊ (မရပါဘုရား)။

ဩော်-တချက်မှားလို့ ရှိယင်ဖြင့် လေးချက်ခံရပါလား၊ (မှန်ပါ့) တချက်မှားယင်၊ (လေးချက်ခံရပါတယ်) ဇာတိတချက်မှားလိုက်တာနဲ့ ဇရာ,ဗျာဓိ,မရဏ ပေါင်းလိုက်တော့လေးချက်ခံရမယ်၊ (မှန်ပါ့)။

ကိုင်း-ဒါလှောက်တောင် ရှေ့သွား ခေါင်းဆောင်ကလဲကောင်းပါလျက်သားနဲ့ နောက်လိုက်တွေနဲ့ ညှိနှစ်ပြီးသကာလ ဗွက်ထဲဖြင့် မနစ်ရပါစေနဲ့၊ဒီခန္ဓာပြီး ဟိုခန္ဓာ မရတာဟာအကောင်းဆုံးသော သေခြင်းပဲ၊ (မှန်ပါ့)။

သေသေချာချာ မှတ်ကြစမ်းပါ၊ ဘုရားကလဲ ရှင်သာရိပုတ္တရာကိုဟောတယ်၊ အနုလောမပစ္စည်းနဲ့ အခုရှင်းပြလိုက်တယ်၊ စုတိကအနန္တရပစ္စည်း၊ပဋိသန္ဓေက အနန္တရပစ္စည်း၏ပစ္စယုပ္ပန်(မှန်ပါ့)စုတိက အကြောင်း၊ ပဋိသန္ဓေက အကျိုး၊ (မှန်ပါ့)စုတိကဘာသစ္စာ၊ (ဒုက္ခသစ္စာ)ပဋိသန္ဓေကကော၊ (ဒုက္ခသစ္စာပါပဲဘုရား) အခြားများ ရှိသေးသလား၊ (မရှိပါဘုရား)။

ဩော်-ဒါ့ကြောင့် ဘုရား ရက်ရက်စက်စက်ပယ်တာကိုး၊ (မှန်ပါ့)ဒီအပြစ်ဖြင့် မသင့်စေချင်ဘူးဆိုတဲ့ဥစ္စာ တကာကြွယ်တို့ ဦးလှဘူးတို့ အင်မတန် လေးလေးစားစား မှတ်ရလိမ့်မယ်(မှန်ပါ့ဘုရား)။

http://www.dhammadownload.com



လေးလေးစားစား မှတ်ရပါလိမ့်မယ်ဆိုတဲ့ဥစ္စာက စုတိက ဘာသစ္စာတဲ့၊ (ဒုက္ခသစ္စာပါဘုရား) ဩော်- သစ္စာသိကြပြီး ပဋိသန္ဓေကကော၊ (ဒုက္ခသစ္စာပါ ဘုရား)။

ဩော်-သစ္စာသိတဲ့ပုဂ္ဂိုလ်များကတော့ ဒီသစ္စာကြီးဆုံးပါ ရစေတော့ လာမှာပေါ့ဗျာ၊ (မှန်ပါ့) နောက် ဒုက္ခသစ္စာဖြင့် မရပါရစေနဲ့ဆိုတာ မလာပေဘူးလား၊ (လာပါတယ်ဘုရား)။

ဒါဖြင့် သစ္စာမသိသေးတဲ့ ပုဂ္ဂိုလ်ကတော့ ဒီဘဝ စုတေ မနေ သေလွန်ရဆိုတာ ဒီစိတ်ပေါ်ပြီးတော့ဗျာ လူကောင်း၊ နတ်ကောင်း ဖြစ်ရပါလို၏ဆိုတော့ သူတို့ကသာ အကောင်း ထင်တယ် ဒုက္ခသစ္စာကြီး၊ (မှန်ပါ့) ဒုက္ခသစ္စာလေးချက်လိုက် လာတယ်၊ (မှန်ပါ့) အကောင်းလား–အဆိုးလား တကာ တကာမတို့၊ (အဆိုးပါဘုရား) ဝေဖန်နိုင်ကြပလား၊ (မှန်ပါ့) ဇာတိပိ၊ (ဒုက္ခပါ) ဇရာပိ၊ (ဒုက္ခပါ) ဗျာဓိပိ၊ (ဒုက္ခောပါ) မရဏမ္ပိ၊ (ဒုက္ခံပါဘုရား)။

ကိုင်း ... တကာ တကာမတို့ ဒီဘဝက တချက်မှားလိုက်လို့ ဆုတောင်းကလေးတချက်မှားလိုက်လို့ ညွတ်မှုကလေးတချက် မှားလိုက်ယင် တစ်ခါတည်း လေးချက် ဒုက္ခ ခံရတော့မယ်၊ (မှန်ပါ့) မခံရပေဘူးလား. (ခံရပါတယ်ဘုရား)။

ဒါတွေ ဝေဘန်ပြီး သေသေချာချာ သိတော့မှ ဩော်– ဒ္ဒိတသံသရာလုံးဟာဖြင့် ဒီတဏှာနဲ့ တောင်းတဲ့ဆု နှိပ်စက်နေ တာကိုးဆိုတာ ပေါ်လာတယ်၊ (ပေါ်လာပါတယ်ဘုရား)။

ကိုင်း....ဒါဖြင့် ဒီအကြောင်းများကို ရှင်သာရိပုတ္တရာက လျှောက်လို့ ဘုရားကဖြေပါတယ်နော်၊ (မှန်ပါ့)။

http://www.dhammadownload.com



ကောင်းပြီ၊ ဒါဖြင့် တကာသစ် သစ္စာ နားလည်ပလား၊ (မှန်ပါ့)သစ္စာသိတော့ တကာတကာမတွေ့ စုတိဒုက္ခပြီးတော့ ပဋိသန္ဓေဒုက္ခကို လိုချင်ကြသေးသလား(မလိုချင်ပါဘုရား)။

သြော်-ဒါဖြင့် ပြတ်သွားပြီ၊ (မှန်ပါ့) ဘာသိလို့ ပြတ်ပါလိမ့်မလဲလို့ အမေးထုတ်ကြည့်စမ်း၊ (သစ္စာသိလို့ပါဘုရား) ကိုင်း-ဒါဖြင့် သစ္စာသိမှ သံသရာပြတ်တယ်၊ (မှန်ပါ့) သစ္စာမသိယင် (သံသရာမပြတ်ပါဘုရား) သံသရာ ရှည်တယ်ဆိုတာ ကောင်း ကောင်း ကြီး ပေါ် ကြ ပလား၊ (ပေါ်လာပါပြီ ဘုရား)။

အဲဒီပေါ်လာတာ ထောက်တော့မှ သြော်....ရှေးတုန်းကတော့ သစ္စာမသိယင် သံသရာရှည်တယ်၊သစ္စာသိမှသံသရာပြတ်တယ်ဆိုတာ ဒီလို လက်တွေ့မပြတော့ ပြောသံကြားလောက်နဲ့တော့ တကာကြွယ်တို့က မယုံသေးဘူး၊ (မှန်ပါ့)။

အခုတော့ အနန္တရပစ္စည်း ဆုပ်ကိုင်ပြီးသကာလ ပြလိုက်သဖြင့် စုတိကဘာသစ္စာ၊ (ဒုက္ခ သစ္စာပါ) အဲဒါက အနန္တရပစ္စည်း၊(မှန်ပါ့) ပစ္စည်းဆိုတာ အကြောင်း တရားပေါ့ဗျာ၊ (မှန်ပါ့ဘုရား)ပဋိသန္ဓေက ဘာပါလိမ့်၊(ပစ္စယုပ္ပန်ပါဘုရား) အနန္တရပစ္စည်း၏ ပစ္စယုပ္ပန်၊ဘာသစ္စာပါလိမ့်၊ (ဒုက္ခသစ္စာပါ ဘုရား)။

သြော်-ကျုပ်တို့သည်ကားလို့ ဆိုယင်ဖြင့် ဒုတ်တချက်နဲ့ ဒုတ်တချက်ဝေးဖို့ရာတောင်မှ အရိုက်ခံတဲ့ပုဂ္ဂိုလ်ကဆုတောင်း ရှိသေးတာပဲ၊ အခု မဝေးတာကြီးနဲ့တွေ့တော့ အရိုက်ခံရတာ

http://www.dhammadownload.com



မဝေးတာနဲ့တွေ့နေတော့ ဦးလှဘူး တယ်နာချက်ပြင်းတယ်၊ (ပြင်းပါတယ်၊) စုတိခါနီး မရဏ ဒုက္ခကို မဆန့်မပြဲ ခံပြီး သကာလ သေခါနီး ဝိညာဏ်ချုပ်ရတော့မယ်ဆိုတော့ မနည်း ဆင်းရဲတယ်၊ (မှန်ပါ့ဘုရား)။

အဲဒီဆင်းရဲကြီး ကျွတ်ကရော့လား အောက်မေ့တယ်၊ ပဋိသန္ဓေ အားဖြင့် အမိ ဝမ်းခေါင်းထဲမှာ သွားပြီးသကာလ ကလလရေကြည် ဖြစ်ရတဲ့ အဖြစ်ကဖြင့် ပိုးမျိုး ရှစ်ဆယ်တို့၏ စားဖတ်၊ ဝါးဖတ် သွား ဖြစ်တယ်၊ (မှန်ပါ့) မနာဘူးလား၊ (နာပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေသည် သစ္စာမသိသေးရွေ့ကာလပတ်လုံးဖြင့် ကိုယ်ကျိုးနည်းရချည်ရှိ ဆိုဘဲ့ ဥစ္စာ သေသေချာချာ မှတ်ကြပါ၊ (မှန်ပါ့) သဘော ပါကြပလား၊ (ပါ ပါပြီဘုရား)။

အင်မတန်အရေးကြီးတယ်၊ ဒီဥစ္စာကိုပဲ အခုတကာသစ်ရေ ၁၅-မိနစ် ရှိသွားပြီ၊ (မှန်ပါ့)၁၅-မိနစ်ရှိသွားပြီ၊ အရေး ကြီးလို့ပြောနေတာ (မှန်ပါ့ဘုရား)။

ကိုင်း-ဒါဖြင့် တကာ တကာမတို့ သစ္စာ နားလည်ကြပါပ လား၊ (မှန်ပါ့ စုတိက (ဒုက္ခသစ္စာပါ)နောက်ပဋိသန္ဓေပေါ် လာယင်၊ (ဒုက္ခသစ္စာပါ)ပေါ်အောင်လုပ်တဲ့ပုဂ္ဂိုလ်မှိ ပေါ် တာပဲ၊ (မှန်ပါ့)ဘာသစ္စာ ပေါ်လာသတုံး၊ (ဒုက္ခသစ္စာ ပေါ် ပါတယ်)ဘယ်နှယ်ကြောင့် ပေါ်ပါလိမ့်မတုံး၊ (ပေါ်အောင် လုပ်တဲ့ ပုဂ္ဂိုလ်မှိုပါဘုရား)။

http://www.dhammadownload.com



ပေါ်အောင် လုပ်တယ်ဆိုတာသည် ဘယ်သူပါလိမ့်မတုံး ဆိုတော့ စုတိဒုက္ခသစ္စာ မသိတဲ့အဝိဇ္ဇာ ငထျာက ပေါ်အောင် လုပ်တယ်၊ (မှန်ပါ့ဘုရား)။

အဲဒါကြောင့် တကာ တကာမတို့ ခင်ဗျားတို့ ဝေဒနာ ခံစားကြည့်စမ်းပါ၊ ဗျာဓိ ခံစားကြည့်လို့ ရှိယင်ပဲ တော်ပေါ့ တန်ပေါ့ဆိုတာ နောက် လာပါလိမ့်မယ်၊ (မှန်ပါ့) သို့သော် ဝေဒနာ ခံစားပြီး ဒီတောင်က မတက်လို့ သေရတဲ့အခါကျ တော့သဲ လုပ်ချိန်က ကင်းသွားတယ်၊ (မှန်ပါ့) လုပ်ချိန်ကရှိ သေးသလား၊ (မရှိပါဘုရား)။

မရှိတော့ ဒီကြားမှာလဲ တကာတကာမတို့ အမှားကိုမပြင် နိုင်တဲ့အခြေအနေ ရောက်မှာ စိုးသောကြောင့် ယခုလိုလာနိုင် သွားနိုင်စဉ်အခါတုန်းက နားထောင်ပြီး သကာလ ပဋိသန္ဓေ ပြတ်ဘဲ့အလုပ် လုပ်ရလိမ့်မယ်၊ (မှန်ပါ့ ဘုရား)။

တကာကြွယ်-ဘာလုပ်ရမှာတုံး၊ (ပဋိသန္ဓေပြတ်တဲ့အလုပ် လုပ်ရမှာပါ ဘုရား)။

ဘယ့်နှယ်ကြောင့် ပဋိသန္ဓေ ပြတ်စေချင်ပါလိမ့် မလဲလို့ တကာကြွယ်တို့, တကာသစ်တို့, ဦးလှဘူးတို့ကို မေးယင် ဘယ့် နှယ်ဖြေကြမလဲ၊ (ဒုက္ခသစ္စာပြတ်စေချင်လို့ပါ) သြော်....ဒုက္ခ သစ္စာ ပြတ်စေချင်လွန်းလို့၊ (မှန်ပါ့) ပေါ်ကြ ပလား၊ (ပေါ်ပါပြီဘုရား)။

သြော်....သူက ဘယ်ကမျှား လာပါလိမ့် (စုတိကလာပါ တယ်ဘုရား` စုတိဒုက္ခသစ္စာကလာတာကို ပဋိသန္ဓေဒုက္ခသစ္စာနဲ့ တခါပြန်တွေ့ရမယ် ဆိုတော့ ဒီကနေ ရှိက် လွှတ်လိုက်တယ်၊

http://www.dhammadownload.com



ဟိုနားကျတော့ ခါးနဲ့ခုတ်လွှတ်လိုက်တယ် ဆိုတော့ ကောင်း သေးရဲ့လား၊ (မကောင်းပါဘုရား)။

ဒီကရိုက်လွှတ်-ဟိုကျတော့ ခါးနဲ့ခုတ်ဆိုတော့ ရိုက်လွှတ် တာလဲ ဒုက္ခပဲ၊ ဟိုကျတော့ ခါးနဲ့ အခုတ်ခံရတာကော၊ (ဒုက္ခပဲ) ဘယ်ဟာ ကောင်းတာပါသေးသတုံး၊ (ဘယ်ဟာမှ ကောင်းတာ မပါ-ပါဘုရား)။

ဒီမှာလဲ စုတိက ရိုက်နှက်ပြီးသကာလ ထုတ်လိုက်လို့ ပဋိ- သန္ဓေဘက် ကူးပြန်ဇတော့လဲ ပဋိသန္ဓေဘက်သို့ကာကပစ်ချလိုက် ပြန်တော့လဲ ခါးခုတ် ဒုက္ခသစ္စာနဲ့ သွားတွေ့သလို တွေ့ပြန် တော့လဲ တကာ တကာမတို့ သက်သာခွင့် ကြားကိုမပါဘူး၊ (မှန်ပါ့)သက်သာခွင့် ကြားကိုမပါဘူးဆိုတာ တကာ တကာ မတွေ့ ကျေနပ်ကြပလား၊ (ကျေနပ်ပါပြီဘုရား)။

အဲဒါကြောင့် တကာ တကာမတွေ သတိပေးရတာနော်၊ မပျော်ပါနဲ့ဦး၊ ဒါကလေး လွှတ်အောင် လုပ်လိုက်ပါဦး၊ (မှန်ပါ့)စုတိပြီး ပဋိသန္ဓေမလာတာကလေးလုပ်လိုက်စမ်းပါ၊ (မှန်ပါ့) မပျော်ပါနဲ့ဦး၊(မှန်ပါ့) သားနဲ့လဲ မပျော်လိုက်ပါ နဲ့ဦး၊ သမီးနဲ့လဲ မပျော်လိုက်ပါနဲ့ဦး၊ ဆွေချိုး ညာတကာ တွေနဲ့လဲ မပျော်လိုက်ပါနဲ့ဦး၊ ကိုယ့်ကိစ္စကလေးက ကျန်နေ သေးလို့ပါ၊ (မှန်ပါ့ဘုရား)။

တကာကြွယ် ဘယ်လိုသတိပေးပါလိမ့်၊ (ကိုယ့်ကိစ္စကလေး က ကျန်နေသေးတာနဲ့ မပျော်ပါနဲ့ဦးပါဘုရား)။

ဘာကျန်နေပါလိမ့်မတုံးဆိုတော့ စုတိပြီးပဋိသန္ဓေ မလာ တဲ့အလုပ်ကလေးက မအောင်မြင်သေးလို့၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဒါ့ကြောင့် မပြုံးနဲ့ဦးဆိုတာ အခု ဒုတ်ရိုက်ခံရပြီး တော်တော်ကြာ ဓားခုတ်ခံရမည့် ပုဂ္ဂိုလ်က ပြုံးလို့ရှိယင်ဖြင့် အရူးပြုံး, အနှန်းပြုံး ဖြစ်မှာစိုးလို့ ကိုယ့်အရေး မကုန်သေးလို့ ဒါလောက် တိုက်တွန်းပါတယ်၊ (မှန်ပါ့ဘုရား)။

ဘာမကုန်သေးလို့ပါလိမ့်၊ (ကိုယ့်အရေး မကုန်သေးလို့ပါဘုရား)။

ကိုင်း–ဒါလောက်ပြောလို့ရှိယင်ဖြင့် တကာသင်ရေ ကျေနပ်လောက်ပါပြီ၊ (ကျေနပ်ပါပြီ)ကဲ–မှားစရာများရှိကြသေးသလား၊ (မရှိပါဘုရား)။

မှားစရာမရှိတော့ဘူး၊ တော်ပြီ- စုတိဒုက္ခသစ္စာပြီး နောင်လူကောင်းဖြစ်ရတယ်ဆိုပါဦး၊အကောင်းဆိုတာ အပြောသာဖြစ်နေတာ အစစ်က ပဋိသန္ဓေဒုက္ခသစ္စာ၊(မှန်ပါ့)ဒါ့ကြောင့် တချက်မှား လေးချက်နာလိုတော့ ဦးလှဘူး၊ တကာကြွယ်၊ ကောင်းသေးရဲ့လားဗျာ၊ (မကောင်းပါဘုရား)။

ကိုင်း–ဒီအမှားမျိုးဖြင့် တကာသစ် မကြုံအောင် ကြိုးစားရလိမ့်မယ်၊ (မှန်ပါ့ဘုရား)။

အားလုံးတရားတပွဲလုံး ဒီအမှားကိုဘယ်လိုစဉ်းစားရမလဲ၊ (မကြုံအောင်ကြိုးစားရပါမယ်)မကြုံအောင် ကြိုးစားရလိမ့်မယ်ဆိုတာ ကျေနပ် သဘောကျပလား၊ (ကျပါပြီဘုရား)။

ကဲ– သဘောကျလို့ရှိယင်ဖြင့် ရှင်သာရိပုတ္တရာက လျှောက်လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဖြေကြားတဲ့ ဆန္ဒောဝါဒသုတ်မှာ ဒီခန္ဓာစွန့်ပစ်ပြီးသကာလ ဟိုခန္ဓာမရတာ မလိုချင်တာဟာ အကောင်းဆုံးတဲ့၊(မှန်ပါ့) တကာကြွယ်–ဟန်ရပလား၊ (ဟန်ရပါပြီဘုရား)။

http://www.dhammadownload.com



နောက်က တကာတကာမတွေ ကျေကျေနပ်နပ် သဘောကျပလား၊ (ကျပါပြီ) ဒီခန္ဓာ စွန့်ပစ်ပြီးတော့ကို၊ (နောက်ခန္ဓာမရယင် အကောင်းဆုံးပါဘုရား)။

ဒါကြောင့် ဘာပဲလှလှ, ဘာပဲတန်းတန်း ဇာတိဒုက္ခ,ဇရာဒုက္ခ,မရဏဒုက္ခတို့ မချစင်စစ် ကေန်လွှတ်ရခြင်း ဖြစ်ရပါလို၏ဆိုပြီးတော့ လှူကြ ပေးကြ ကမ်းကြ တမ်းကြစမ်းပါ အားထုတ်ကြစမ်းပါဆိုတာကိုပဲ ဖြည့်စွက်လိုက်ပြန်တယ်၊ (မှန်ပါဘုရား)။

မလှူနဲ့,မတန်းနဲ့,မကမ်းနဲ့မဟောပါဘူး၊လှူဒါန်းပေးကမ်းခြင်းကြောင့် ဒီ ဇာတိဒုက္ခ, ဒီ ဇရာဒုက္ခ, ဒီ ဗျာဓိဒုက္ခ,ဒီ မရဏဒုက္ခတွေ လွတ်ရေး, ကျွတ်ရေးကို ရည်မှန်းပြီး သကာလ လှူဒါန်းပါတယ်ဆိုလို့ရှိယင် သစ္စာသိပြီး လှူတဲ့အလှူ၊ (မှန်ပါ) (ဝါ) ဝိပဿနာခြံရံပြီး လှူတဲ့အလှူ၊ (မှန်ပါ) ဇာတိဒုက္ခ သူသိတာကိုး၊ ဇာတိဒုက္ခသူသိတော့ကိုး ဓမ္မာနုပဿနာသတိပဋ္ဌာန်သွားပြီး ဖြစ်တယ်၊ (မှန်ပါဘုရား)။

အဲဒီဓမ္မာနုပဿနာ သတိပဋ္ဌာန်နဲ့ လှူလိုက်,တမ်းလိုက်,ပေးလိုက်,ကမ်းလိုက်တဲ့ အခါကျတော့ သံသရာ ပြတ်သွားတယ်၊ (မှန်ပါ) ပြတ်ချင်လို့ပြတ်တာလား-သစ္စာသိမှုကြောင့်လား၊ (သစ္စာသိမှုကြောင့်ပါဘုရား)။

ကိုင်း-ဒါလောက်ဆိုလို့ရှိယင် တကာတကာမတို့ နာရီဝက်လဲ နီးသွားတော့ ဒီအရေးဟာ ကြီးလို့ ဒို့ဆရာဘုန်းကြီး ဒါလောက် ဆုံးမနေပါလားဆိုတာလဲ ဦးလှဘူးတို့ ကျေနပ်လောက်ပါပြီ၊ (ကျေနပ်ပါပြီဘုရား)။

http://www.dhammadownload.com



ဒါ ဘယ်အခါမှ မဖမ့်ဖို့နော် .. (မှန်ပါ့) ဘယ်အခါမှ ဘုန်းကြီးတို့ တကာတကာမတွေ ဒီစခန်းနဲ့ ဒီလမ်းကိုမသွား ချင်ပါနဲ့ဆိုတာကိုဖြင့် ဘုရားအကြောက်ဆုံးလမ်း ဖြစ်သော ကြောင့် ကိုယ်က မကြောက်ငြားသော်လဲ ဘုရားကြောက်တဲ့ အလုပ် အမှန်ထားပြီး ကိုယ်ကြောက်လိုက်ပါတော့လို့ သတိ ပေးလိုက်တယ်၊ (မှန်ပါ့) ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒီဆန္ဒဝတ္ထု အကြောင်းကို မပြောမီ ရှေးအဖို့ကာလ၌ တကာတကာမတို့ ဝိပဿနာဉာဏ် အမြင် ကလေးဟာ ပြောစမ်းပါရစေတဲ့၊ဝိပဿနာဉာဏ်အမြင်ဆိုတာ ဘယ်လိုမြင်မှ တပည့်တော်တို့ ဝိပဿနာဉာဏ် အမြင်မှန်ပါလိမ့် မလဲလို့ မေးဖို့လိုလာတယ်၊ (မှန်ပါ့ဘုရား)။

အဲ-ဝိပဿနာဉာဏ် အမြင်ဆိုတဲ့ဥစ္စာ ရှင်ဆန္ဒက ဖြေထား တာလဲ့ ရှိပါတယ် တကာတကာမတို့နော်၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒီ-အရေးဟာ ဝိပဿနာဉာဏ်အမြင်ဆိုတဲ့ အရေး သည်ကားလို့ဆိုယင်တကာတကာမတို့ ကိုယ်လုပ်နေတဲ့ဥစ္စာကို ဘယ်လိုမှ အမြင်မှန်ရတယ်ဆိုတဲ့ဥစ္စာ ပေါ်ဖို့ပေါ့ဗျာ၊(မှန်ပါ့ ဘုရား)။

အဲဒီတော့ ဒီ-အမြင်မှန်ကလေးကိုရှေ့ထားပြောပါ့မယ် တကာကြွယ်၊ (မှန်ပါ့) အမြင်ကလေး သိထားစမ်းပါ။

ဒို့-ဝိပဿနာလုပ်နေတာဟာ ဒုက္ခလွတ်ချင်လို့လုပ်နေတာ ပဲ၊ ဘယ်အမြင်မှန်ရယင် ဒို့-လွတ်ပြီဆိုတဲ့ ကိုယ့်ဆုံးဖြတ်ချက် ကလေးနဲ့ ကိုယ်နေပြီး ကိုယ်ပြုံးနေရအောင် ဒါ-နားထောင် ရတော့မယ်၊ (မှန်ပါ့) မထောင်ရပေဘူးလား၊ (ထောင်ရ ပါမယ်ဘုရား)။

http://www.dhammadownload.com



တကာတကာမတို့ သန္တာန်မှာ ဥပမာမယ် မြင်စိတ်ကလေး ဖြစ်တယ်နော်၊ (မှန်ပါ့)ဒီတနေ့ မျက်လုံးပွင့်ကြည့်လိုက်တယ် စိမ်းစိမ်းကလေးတွေ့ပါလားလို့ မြင်တယ်နော်၊ (မှန်ပါ့)။

အဲဒီ မြင်စိတ်ကလေးကိုသဲ တကာတကာမတွေက ရှိ-မရှိ အကဲခတ်ကြည့်စမ်းပါ၊ နောက်က မဂ္ဂင်နဲ့အကဲခတ်ကြည့်လိုက်တဲ့အခါကျလို့ရှိယင်ဖြင့် မဂ္ဂင်ငါးပါးနဲ့ပဲ တကာသစ်ကအကဲခတ်တာပေါ့၊(မှန်ပါ့)၁-ကို၂-နဲ့ အကဲခတ်ရတယ်၊(မှန်ပါ့) ၁-က မြင်တဲ့စိတ်ဗျ၊ (မှန်ပါ့) ၂-က အကဲခတ်တဲ့စိတ်၊ (မှန်ပါ့)။

ကဲ....အကဲခတ်လိုက်တော့ တကာတကာမတို့ ဘယ်လိုအကဲခတ်မိပါလိမ့်မလဲဆိုတာ မေးဖို့လိုလာတယ်၊ ( လိုပါတယ် ဘုရား ။

မြင်စိတ်ကလေးဟာ မြင်လဲမြင်တယ်၊ ကိုယ် အကဲခတ်တဲ့ အခါလဲ ရှာမတွေ့ဘူး၊ (မှန်ပါ့)မြင်သွားတာလဲ မျက်လုံးထဲကပဲ၊ ကြည့်လိုက်တဲ့အခါကျတော့လဲ ဝမ်းထဲကဉာဏ်က သူ့ကို လှမ်းပြီးကြည့်လိုက်တဲ့ အချိန်ကျတော့ သူရှိသေးသလား၊(မရှိပါဘုရား)။

ဩော် ...ဒါဖြင့် နိုရောဓံဒိသွာ နိရောဓံ အဘိညာယ-ချုပ်တာကလေးမြင်သွားတယ်၊ (မှန်ပါ့)။

ဘာကလေးမြင်သွားပါလိမ့်၊(ချုပ်တာကလေး မြင်သွားပါတယ်ဘုရား)ချုပ်တာကလေး-မရှိတာကလေးကို မြင်သွားပါတယ်၊ (မှန်ပါ့)။

ဒါဖြင့် မြင်-မြင်စိတ်ကို မြင်တာလား, မြင်စိတ်မရှိတာသိတာလား၊ (မြင်စိတ်မရှိတာသိတာပါဘုရား)။

http://www.dhammadownload.com



ဟော....သေသေချာချာဟောပြီ၊ (မှန်ပါ)တကာတကာမ တို့ သေသေချာချာဟောနေပြီ၊ (မှန်ပါ)။

မြင်စိတ်ကလေးကို ဩြော် မြင်စိတ်ကလေးဟာ တပည့်တော် နောက်ကနေကြည့်တော့ မြင်နေတာလဲ တပည့်တော် အသိလားပဲ၊ ပျက်သွားတာလဲ သိပါတယ်ဆိုယင် လွဲပါတယ်၊ (လွဲပါတယ်ဘုရား) လွဲတယ်တဲ့ ဒီအသိဟာ၊ (မှန်ပါ)။

ဘယ်လို သိရမှာတုန်းဆိုတော့ မြင်စိတ်ကလေး မရှိဘူး သိတာကမှ အမှန်တဲ့၊ (မှန်ပါ)။

တကာတကာမတို့ဘယ်ဟာမှ အမှန်ပါလိမ့် (မရှိဘူးသိတာ မှ အမှန်ပါဘုရား) မရှိဘူးလို့ သိတာသည် အမှန်ပဲဆိုတာ ကျေနပ်ကြပလား၊ (ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် နာမ်-နာမ်ချင်းရှု၊ ရှေ့ကဟာလဲနာမ်၊ နောက်က ဟာလဲဉာဏ်၊ (မှန်ပါ) နာမ်ကိုဉာဏ်နဲ့ရှုယင်ဖြင့် မရှိတာသိရ မှာပဲ၊ (မှန်ပါဘုရား)။

အဲဒါ ရှင်ဆန္ဒကဖြေရှာတယ်၊ (မှန်ပါ) မင်းမြင်တာပြော စမ်းလို့ ရှင်သာရိပုတ္တရာက မေးတဲ့ အခါကျတော့ 'နိရောဓံ ဒိသွာ နိရောဓံအဘိညာယ' နိရောဓံ=ချုပ်သွားတာကို၊ အဘိ ညာယ=မြင်၍၊ (မှန်ပါဘုရား)။

ချုပ်သွားပြီဆိုတာ မြင်လိုက်တယ်၊ (မှန်ပါ) နိရောဓံ= ချုပ်သွားပြီဆိုတာကို (ဝါ) မရှိဘူးဆိုတာကို၊ အဘိညာယ= သိ၍နောက်ကသိပြီ၊ (မှန်ပါ၊ ချုပ်ပျောက်သွားတာသိရမယ် (မှန်ပါ) မြင်ရတာကော ဟုတ်ပါရဲ့လား၊ (မဟုတ်ပါဘုရား) ဘာသိရမလဲ၊ (ချုပ်ပျောက်သွားတာ သိရပါမယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ချုပ်ပျောက် သွားတာသည် အနိစ္စ၊ (မှန်ပါ့) သိတာသည်၊(မဂ္ဂပါဘုရား)။

ဒါဖြင့် တကာ တကာမတို့ တိုတို မှတ်ထားတာပေါ့၊ ၁-နာမ်ကို ၂-ဉာဏ်နဲ့ရှုပါ၊ (မှန်ပါ့)ဒါဝိပဿနာလို့ မှတ်ပါ၊(မှန်ပါ့ဘုရား)။

များများလဲ မသင်တော့ပါဘူး၊တကာ တကာမတို့ နား ရှုပ်နေမှာစိုးလို့၊ဘယ်လိုရှုကြရမယ်၊ (၁-နာမ်ကို ၂ နာမ်နဲ့ ရှုရပါမယ်ဘုရား)။

ရှုလိုက်တဲ့ အခါ ကျတော့ တကာ တကာမတွေ ဘာတွေ့ မတုံး၊(မရှိတာ တွေ့ပါမယ်ဘုရား) မရှိတာပဲ တွေ့မယ်ဆိုတာ သေချာကြပလား၊(သေချာပါပြီဘုရား)။

ဩော်....ဒါဖြင့် မရှိတာဟာ အနိစ္စ၊ သိတာ မဂ္ဂ၊(မှန်ပါ့ ဘုရား)။

ဒီလိုဆိုတော့ တကာ တကာမတို့ ဝိပဿနာ အမြင်ဟာ ဩော်-ဒီလိုအမြင်ပါလား၊ (မှန်လှပါဘုရား)ဒီလို အမြင်ပဲဆို တာကျေနပ်ပလား၊(ကျေနပ်ပါပြီဘုရား)။

မရှိတာက၊(အနိစ္စပါ)သိတာက၊ (မဂ္ဂပါ) ချုပ်ပျောက် သွားတာက၊ (အနိစ္စပါ) ချုပ်ပျော သွားမှန်း သိတာက မဂ္ဂပါ)ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)။

တကာသစ်တို့ ခန္ဓာကိုယ် ဉာဏ်လှည့်ပြီးသကာလ ဒီ့ပြင် ဟာတော့ မလှည့်ပါနဲ့ ဗျာ၊ ရုပ်ကို မလှည့်ဘဲနဲ့ စိတ္တာနု ပဿနာနဲ့ မြင်စိတ်ကလေး လှည့်,ကြားစိတ်ကလေး လှည့်,

http://www.dhammadownload.com



ကြံစိတ်ကလေးလှည့်၊ ဤကဲ့သို့ လှည့်ပြီးသကာလနေတဲ့ အခါ ကျလို့ရှိယင်ဖြင့် အပျက်က ရှေ့ ကျပြီး သကာလ တကာ တကာမတို့ အမြင်က နောက်ကျနေတယ်၊ (မှန်ပါ့ဘုရား)။

အပျက်က၊ (ရှေ့ကျပါတယ်ဘုရား) အမြင်က၊ (နောက်ကျ ပါတယ်ဘုရား)သဘော ကျပလား၊ (ကျပါပြီ ဘုရား)။

အဲဒါကြောင့် အပျက်ကရှေ့ကျ၊ အမြင်က နောက်ကျပြီး သကာလနေတော့ မရှိတာပဲ သိမှာပဲနော်၊ (မှန်ပါ့)။

အပျက်က ရှေ့ကျပါတယ်)၊ အမြင်က၊ (နောက်ကျပါ တယ်ဘုရား)အဲဒီတော့ ဘာတွေ့မယ် ထင်ကြသလဲ၊ (မရှိတာ တွေ့ပါတယ်ဘုရား) မရှိတာပဲတွေ့မှာပဲ၊ (မှန်ပါ့) ပေါ်ကြပ လား၊ (ပေါ်ပါပြီဘုရား)။

သြော်–ဒီနေ့ ဝိပဿနာတရားကြီးကို ဘုန်းကြီးတို့ တကာ တကာမတွေအား အထူးတလည် ရှုပုံရှုနည်းကို ပြောရသဖြင့် ဘုန်းကြီးများက သိပါစေတော့ ဆန္ဒနဲ့ ပြောကယ်၊ သိလဲ သိတဲ့ အသိတွေက ထွက်လာတော့ တကာကြွယ် သိပ် ဝမ်း မြောက်ပါတယ်၊ (မှန်ပါ့ ဘုရား)။

ဘယ့်နှယ်ကြောင့် ဒီဉစ္စာ ဒါလောက် ဝမ်းမြောက်ပါလိမ့် မလဲလို့မေးတော့ သံသရာက ဒီအသိမျိုးသိပြီးယင်ခင်ဗျားတို့ သာသနာတွင်းသား ဖြစ်လို့ အခုအချိန် ရှာမတွေ့တော့ဘူး၊ (မှန်ပါ့ ဘုရား)။

ရှေးဘုရားတွေသာသနာမှာ ဒါကလေးသာတွေ့မယ်ဆိုယင် အဲဒီဘုရားလက်ထက်မှာ ဇာတ်သိမ်းရမတဲ့(မှန်ပါ့) အခုတော့ ဇာတ် မသိမ်းနိုင်ဘဲနဲ့ ကျုပ်တို့မှာ အခုထက်တိုင် ခန္ဓာဝန် ထမ်းသမားအဖြစ်နဲ့ ခန္ဓာဝန် ထမ်းပြီးသကာလ အရှက်တကွဲ

http://www.dhammadownload.com



အကျိုးနဲ့နဲ့ ကျုပ်, အသုဘလိုက်ပို့ပါဦးဆိုတာကြီး တောင်းပန်နေရတယ်၊ (မှန်ပါ့) မတောင်းပန်ရဘူးလား၊ (တောင်းပန်ရပါတယ်ဘုရား)။

တကာသစ်က ကိုယ့်အသုဘ လိုက်ပို့ပါဆိုတာ တောင်းပန်နေရတယ် ဆိုတာ မသိသေးဘူး၊ (မှန်ပါ့) ရှင်းပြဦးမယ်၊ (မှန်ပါ့ဘုရား)။

မသာကလေး လာဖိတ်တယ် ဆိုလို့ရှိယင်ဖြင့် မသွားယင်မတော်ဘူး–တဲ့၊ (မှန်ပါ့) ကိုယ့်မှာလဲ ကိစ္စတွေနဲ့တဲ့၊ (မှန်ပါ့) ဟော...လာပြီ၊ ခင်ဗျားတို့ဟာ၊ (မှန်ပါ့)။

မသွားယင် ဘာတဲ့၊ (မတော်ပါဘုရား) ကိုယ့်မှာလဲ (ကိစ္စတွေနဲ့တဲ့) သြော်–ကိုယ်လဲမသာကိစ္စရှိလို့ပြောနေတာ၊ (မှန်ပါ့) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား)။

မသွားယင် ဘာတဲ့၊ (မတော်ပါဘုရား) ကိုယ့်မှာလဲ (ကိစ္စတွေနဲ့) ဘာကိစ္စတုံး၊ (မသာကိစ္စပါဘုရား) ဟော–ပေါ်လာပြီ-ပေါ်လာပြီ)။

ခင်ဗျားတို့က မြို့သုံး-သုံးနေတော့ မသွားယင်မတော်ဘူးကွ၊ ကိုယ့်လဲ သားနဲ့ မယားနဲ့ဆိုတော့ ကိစ္စက ရှိချင်ရှိလာမှာတဲ့၊ (မှန်ပါ့) ရှိချင်ရှိမှာကို မဟုတ်ဘူး၊ ရှိမှာကသေချာတယ်၊ (မှန်ပါ့ဘုရား)။

အဲဒီတော့ သေချာတော့ သူများမသာတွေ လိုက်ပို့ပြီး သကာလနေရတာ ပို့ချင်လို့ပို့ရတာလား၊ ကိုယ့်မသာအတွက်ကြောင့် ငဲ့ရတာလား၊ (ကိုယ့်မသာ အတွက်ကြောင့် ငဲ့ရတာပါဘုရား) တကာကြွယ်ပေါ်ပြီ၊ (ပေါ်ပါပြီဘုရား)။

http://www.dhammadownload.com



ပေါ်ပြီ၊ ဟိုက ဖိတ်စာကလေးတွေနဲ့ လာတဲ့အခါကျလို့ ရှိယင်ဖြင့် ဒီ- ဖိတ်စာတော့ဟော့ မသွားယင် မဖြစ်ဘူးတဲ့၊ (မှန်ပါ့)အင်း-ဘယ့်နှယ်ကြောင့် မသွားမဖြစ်ပါလိမ့်၊ (ကိုယ့်ကိစ္စလဲ ရှိလို့ပါဘုရား) ကိုယ့်ကိစ္စက ဘာကိစ္စပါလိမ့်၊ (မသာကိစ္စပါဘုရား)။

ဒါ့ကြောင့် ခင်ဗျားတို့ပြောနေတာ သူသေ ငါ့ပို့ပေါ့ကွာ၊ ငါသေ သူပို့ပေါ့တဲ့၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

ဩော်-ဒါဖြင့် ခင်ဗျားတို့ဖိတ်စာလာတိုင်း-လာတိုင်းဟာ မသွားမဖြစ်တဲ့ကိစ္စတွေ ပေါ်တာ ဘာပါလိမ့်မတုံး ဆိုတော့ တကာ တကာမတွေ ချုပ်တာကလေးမမြင်တဲ့အတွက်ကြောင့် ခန္ဓာကြီးရတော့ မသွား မဖြစ်ဘူး၊ ကိုယ့်မှာသဲ မသာရှိနေသေးတယ်လို့ ပြောတာ၊ (မှန်ပါ့)။

နာနာပြောနေတယ်လို့ မအောက်မေ့လိုက်ပါနဲ့၊(မှန်ပါ့) နာနာ ပြောနေဘယ် မအောက် မေ့ပါနဲ့၊ သဘောသွားက အကိုက်ပါ၊ (မှန်ပါ့) တကာသစ် ငြင်းချင် သေးသလား၊ (မငြင်းချင်ပါဘုရား)။

ဟာ-ဘုန်းကြီးက ပလ္လင်ပေါ် ရောက်တဲ့အခါ ဒို့ကို နင်းပြောနေတာပဲလို့ ဒီလိုမျိုး တကာကြွယ်က မအောက်မေ့လိုက်ပါနဲ့၊(မှန်ပါ့) ခင်ဗျားတို့ငဲ့လုံးကိုသာ ထောက်ကြည့်ပါတော့ ဘာ့ကြောင့် ဒါလောက်တောင် ငဲ့ရတယ် ဆိုဘဲ့ဥစ္စာ မပေါ်သေးဘူးလား၊ (ပေါ်ပါပြီဘုရား)။

http://www.dhammadownload.com



ဒီဖိတ်စာရောက်လာတယ်ဟော့ မသွားမတော်ဘူး၊ (မှန်ပါ့) ဘယ့်နှယ်ကြောင့် မတော်သတုန်း၊ (ကိုယ့်ကိစ္စရှိလို့ပါ)ကိုယ့် ကိစ္စရှိယင် မခက်ဘူးလားလို့ ပါးစပ်ကကို ထွက်လာတယ်၊ (မှန်ပါ့ဘုရား) ဘာကိစ္စတုန်းလို့ ဝေဘန်၊ မသာကိစ္စပါ ဘုရား)။

သာခန်း နာခန်းတဲ့၊ နာခန်းဆိုကတည်းက ကိုယ်ပါနေပြီ (ပါ-ပါတယ်ဘုရား) သာခန်းဆိုယင်ကော၊ (ပါ-ပါတယ် ဘုရား)။

ပါနေတော့ တတာတကာမတွေ့ ဩော် ...ဒါဖြင့် ဒါဘယ့် နှယ်ကြောင့် ဒီစကားတွေ ဒီအသုံးတွေ ဒီအနှုန်းတွေ သုံးစွဲပြီး သကာလ နေရပါလိမ့်မသဲလို့ အမေးထုတ်တော့ သာသနာ တွင်းတရား ဒီအသုံးနဲ့ပဲ ခင်ဗျားတို့ အချိန် ကုန်နေတယ်၊ (မှန်ပါ့ဘုရား)။

မန္တလေးတို့လို့,အမရပူရတို့လို မြို့ကြီးတွေကျလာပြီဆိုမှဖြင့် ဖိတ်စာတွေဟာ တချို့လဲ မတတ်သာလို့ ချောင်ထိုးလိုက်ရ တယ်၊ (မှန်ပါ့)။

တချို့တော့လဲ မမှီ-အမှီ ကားနဲ့ ပြေးလိုက်ရသေးတယ်၊ (မှန်ပါ့ဘုရား) မပြေးရဘူးလား၊ (ပြေးရပါတယ ဘုရား)။

တကာကြွယ် အပြေးသန်လှချည့်လား-၊ ဟဲ....မသန်ယင် မဖြစ်ဘူးဘုရား ကိုယ့်မှာလဲ ‹ သာ ရှိသေးတယ်၊ (မှန်ပါ့ ဘုရား)။

ဘယ်လိုကြောင့်ပါလိမ့်၊ (ကိုယ့်မှာလဲ မသာရှိပါတယ် ဘုရား)။

http://www.dhammadownload.com



အဲဒီတော့ ကိုယ့်မသာကျတော့ ဘယ့်နှယ်ဘုံး သူတို့အကူအညီယူရလိမ့်မယ်တဲ့၊ (မှန်ပါ့)။

ဦးလှဘူးဘာယူရမတုံး (သူတို့အကူအညီယူရပါမယ်)သေချာပလား၊ (သေချာပါပြီဘုရား)။

ဒီမသွားမဖြစ်တဲ့ကိစ္စတွေ ဟူသရွေ့ဟာ သူများအတွက်ကဒါလောက် အရေးမကြီးဘူး ကိုယ့်အတွက် ပါနေပါကလား ဆိုတာကဖြင့် ရှင်းလို့ လင်းလို့ နေတော့တယ်၊ (မှန်ပါ့) ပေါ်ပလား၊ (ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့က လောကီအသုံးအနှုန်းအလိုတော့ မျက်နှာကြီး မသာပို့သွားကြတယ်လို့ ထင်ကြလိမ့်မယ်၊ (မှန်ပါ့) မထင်ကြဘူးလား၊ (ထင်ကြပါတယ်ဘုရား)။

ကားတွေကိုစီတန်းနေတာလဲကားကိုတတန်းကြီးသွားကြတာပဲ၊ မျက်နှာကြီးမသာများ ဘယ်မျက်နှာကြီး သတုံးလို့ဆိုတာက ခင်ဗျားတို့ကတော့ မျက်နှာကြီးမသာလို့ ထင်ကြတယ် သွားတဲ့ပုဂ္ဂိုလ်တွေမေးကြည့်တော့ ကိုယ့်မသာအတွက်ပါလား၊ (မှန်ပါ့)။

ဟာ .. ဘုန်းကြီးက ပြောင်းပြန်ပြောနေတာကိုးလို့ များထင်သေးသလား၊ ပြောင်းပြန်မဟုတ်ဘူး တည့်တည့်ပြောနေတာ၊ (မှန်ပါ့ဘုရား)။

တကာကြွယ်ဒီမသာကလဲရှေ့သွားနောက်လိုက်လို့ ခင်ဗျားတို့ကလဲယူထားတာ၊ မယူဘူးလား၊ (ယူပါတယ်ဘုရား)။

အဲ—ရှေ့သွား နောက်လိုက်ဆိုတာလဲ မှန်ကော မမှန်ဘူးလား၊ (မှန်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် တသံသရာလုံးဟာကျုပ်တို့လူရယ်လို့ဖြစ်၊နတ်ရယ်လို့ဖြစ်တဲ့ အခါကျလို့ရှိယင်ဖြင့် တစ်ခါတလေ သူတော်ကောင်း အလုပ်တွေများ မသာပွဲနဲ့ အချိန်ကုန်နေတယ်၊ (မှန်ပါဘုရား)။

သူတော်ကောင်းအလုပ်တွေ မလုပ်ဖြစ်တာ တကာကြွယ်ဘာပါလိမ့်၊ (မသာပွဲနဲ့ အချိန်ကုန်ပါတယ်ဘုရား) ။

တစ်ခါတလေတကာသစ်တို့၊တကာကြွယ်တို့တရားနာများ မလာနိုင်ဘူး၊ (မှန်ပါ) ဘာဖြစ်နေကြပါလိမ့်မတုံး၊ (မသာပွဲနဲ့အချိန်ကုန်နေလို့ပါဘုရား)။

သူများမသာပွဲနဲ့အချိန်ကုန်တာလား....၊ ကိုယ့်မသာငဲ့ပြီး အချိန်ကုန်နေတာလား၊ (ကိုယ့်မသာငဲ့ပြီး အချိန်ကုန်တာပါဘုရား) ကိုင်း....အခုမှ ပေါ်ပေတော့တယ်၊ (မှန်ပါ)။

အခုမှပေါ်ပေတော့တယ်၊ တကာကြွယ် ဘုန်းကြီးစကားတတ်လို့ ပြောနေတာမဟုတ်ပါဘူး၊ (မဟုတ်ပါဘုရား)ရှင်းကြပလား၊ (ရှင်းပါပြီဘုရား) ဘယ်သူ့အတွက်အချိန်ကုန်နေကြသလဲ၊ (ကိုယ့်မသာအတွက် အချိန် ကုန် နေကြပါတယ်ဘုရား)။

ဒါဖြင့် မသာဇာတ်သိမ်းငြိမ်းတဲ့ အလုပ်ကဖြင့် တကာတကာမတို့ ကိုယ့်မသာ ကိုယ်မလိုချင်ယင် မသာပွဲငြိမ်းပါတယ် (မှန်ပါဘုရား)။

ပေါ်ပြီပေါ်ပြီတကာကြွယ်၊(ပေါ်ပါပြီဘုရား)ကိုယ့်မသာကိုယ်မလိုချင်ယင်၊ (မသာပွဲငြိမ်းပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဟောဒီ မြင်စိတ်ကလေးဟာ တကာတကာမတို့ သန္တာန်မှာ ဝိညာဏက္ခန္ဓာ ခေါ်ပါတယ်၊ (မှန်ပါ့ဘုရား) အဲဒီ ဝိညာဏက္ခန္ဓာလေးဟာ ဖြစ်ပြီးမပျက်လားဗျာ၊ (ပျက်ပါတယ်ဘုရား) ဘယ်သူ့ မသာတုံး၊ (ကိုယ့်မသာပါဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား)။

ဒါဖြင့် ကိုယ့်မသာ ကိုယ်မြင်ပြီးသကာလ ကိုယ့်မသာကိုယ် မုန်း၍ ကိုယ့်မသာကိုယ် မလိုချင်လို့ ရှိယင်ဖြင့် ခုနင်ကကိစ္စတွေ ဇာတ်သိမ်းပါပြီ၊ (မှန်ပါ့ဘုရား) ဘယ်သူက မသာလာဖိတ် စရာကော ရှိသေးသလား၊ (မရှိပါဘုရား) ကိုယ့်မသာမှ မရှိတော့ဘဲ (မှန်ပါ့ဘုရား)။

တကာကြွယ် ဒီစကား သေးသေးသိမ်သိမ် ဘုန်းကြီးပြော နေတယ်လို့ ဒီလိုမမှတ်လိုက်ပါနဲ့ (မှန်ပါ့)မသာဇာတ်သိမ်း ဆိုတာ နိဗ္ဗာန်ကိုပြောပါတယ်၊ (မှန်ပါ့)။

မသာဇာတ်သိမ်းဆိုတာ ဘာပါလိမ့်၊ (နိဗ္ဗာန်ပါဘုရား)၊ အခုတော့ဖြင့် တကာ တကာမတွေက မလွဲသာတာတွေက တယ်များသကိုး၊ (များပါတယ်ဘုရား)။

တကာကြွယ် ဘာတွေသိပ်များနေသလဲ၊ (မလွဲသာတာတွေ သိပ်များနေပါတယ်ဘုရား)။

ဘယ်သူက မလွဲသာတာတုန်းဗျ၊ သူတို့ကလွဲသွားတော့ ကိုယ်က မလွဲသာဘူးပြောနေပြီ၊ (မှန်ပါ့) သူတို့ကသူ့သာန် သွားတာဟာလွဲသွားတာ ကျုပ်တို့ကို၊ (မှန်ပါ့) ခင်ဗျားတို့က ဘာဖြစ်လို့ မလွဲသာရတာတုံး၊ (ကိုယ့်ကိစ္စ ကျန်သေးလို့ပါ

http://www.dhammadownload.com



ဘုရား)ရှင်းသွားပြီ၊ (မှန်ပါ့) ရှင်းသွားပါပြီ၊ ခင်ဗျားတို့၊ မရှင်းသေးဘူးလား၊ (ရှင်းပါပြီဘုရား)။

ဟို-မသာဖြစ်တဲ့ ကာယကံရှင်ကတော့ လွှဲသာလို့ လွှဲသွားတယ်၊ (မှန်ပါ့)နောက်ကပိုတဲ့ လူတွေကဘာတဲ့၊ (မလွှဲသာလို့ ပါဘုရား)ဘယ့်နှယ်မလွှဲသာတာတုန်း၊ ကိုယ့်မသာ ရှိလို့ပါ ဘုရား)။

အံမာလေး- နေရာကျလိုက်တာ၊ (မှန်ပါ့ဘုရား) တကာ တကာမတို့ဒီအကြောင်း ကောင်းကောင်းမသိဘူးနော်၊ (မသိ ပါဘုရား)ယနေ့တော့ဖြင့် ရှင်းလို့ လင်းလို့ တကာကြွယ် သိ ပလား(သိပါပြီဘုရား)ကားကလေးများနဲ့ အမြန် ပြေးလိုက် ရတဲ့အခါကော မပါဘူးလား၊ (ပါ-ပါတယ် ဘုရား)လမ်းက ဖြတ်ပြီး လိုက်ရတဲ့အခါများ ကာယကံရှင်များမမြင်ဘဲနေမှာ စိုးလို့ ခေါင်းပေါင်းစ ထောင်ပြလိုက်ရတဲ့အခါ ပါသေးတယ် (ပါပါတယ်ဘုရား) မပြရဘူးလား၊ (ပြရပါတယ် ဘုရား)။

ဟာ-ဘယ့်နှယ်ကြောင့် ပြရပါလိမ့်မတုံးလို့ မေးလို့ရှိယင် ဖြင့် တကာသစ် အဓိပ္ပါယ် ပေါ်ပါပြီ(ပေါ်ပါပြီဘုရား)ဘယ် လိုများ ပေါ်ပါလိမ့်၊ (ကိုယ့်မသာ ပို့စေချင်လို့ပါ ဘုရား) ကိုယ့် မသာလဲ ဒီလိုဘဲပို့ပါစေတော့(မှန်ပါ့) ဩော်- တကာ တကာမတို့ မလွှဲသာဆိုတာပေါ်ပါပြီ (ပေါ်ပါပြီဘုရား)။

ဟိုလူက လွှဲသွားတာတောင် ကိုယ်က မလွှဲသာသေးဘူး၊ (မှန်ပါ့)ဘယ်သူနဲ့ မလွှဲသာတာတုံးလို့ မေးတဲ့အခါကျတော့ သူကတော့ နောက်မသာ မပို့တော့ပါဘူး၊ သူ့ အမျိုးတွေက

http://www.dhammadownload.com



ကျုပ်ကို မသာပို့ဖို့ ကျန်သေးတယ်၊ (မှန်ပါ့) ပေါ်ပလား၊ (ပေါ်ပါပြီဘုရား)။

ဟို-သေတဲ့လူကတော့ နောက်ထပ် လဲ့သွားတဲ့ လူကတော့ ခင်ဗျားတို့ နောက်ထပ် လ-ပို့မှာတော့မဟုတ်ဘူး၊ (မှန်ပါ့) သူ့အမျိုးတွေ ပို့ဖို့ရာ အရေးကို ခင်ဗျားတို့က ဆွယ်တရား ဟောလိုက်တယ်၊(မှန်ပါ့)ရိပ်မိပလား၊ (ရိပ်မိပါပြီ) အံမာ လေး-ကြောက်စရာ ကြီးပါလား တကာတကာမတို့ မှန်ပါ့) ပေါ်ပလား၊(ပေါ်ပါပြီ ဘုရား)။

ကဲ-ဦးလှဘူးတို့ကော ဒီအလုပ်မျိုးကို ဘယ်လောက် လုပ်ဖူးသတုံး၊ (အများကြီးပါဘုရား)နေ့တိုင်လိုလိုပဲ ဆိုပါတော့ (မှန်ပါ့) လဲ့သာတာကို လဲ့လိုက်ရ၊ မလဲ့သာတာ ကိုယ်တိုင် သွားပို့လိုက်ရ (မှန်ပါ့)သဘောကျပလား၊(ကျပါပြီ)။

လဲ့သာတာတော့ လဲ့လိုက်တယ်တဲ့၊ မလဲ့သာတော့ ကိုယ်တိုင်ပို့လိုက်ရတယ်၊ (မှန်ပါ့)ကိုယ်တိုင် ပို့လိုက်ရတယ် ဆိုတော့ ကိုယ်ဘိုင်သဲ အစမ်း သွားကြည့်လိုက်ရ သေးတယ်၊ (မှန်ပါ့ ဘုရား၊ ဒို့ဖြေးဖြေးတော့ လာခဲ့ပါ့မယ်၊ဒီအမိပ္ပါယ်လဲ ရသေးတယ်၊ (မှန်ပါ့) မရဘူးလား၊ (ရပါတယ် ဘုရား)။

အဲဒါတွေ ဉာဏ်နဲ့ သေသေ ချာချာ စဉ်းစားပြီးသကာလ ကြည့်မှ တကာကြွယ်တို့ လုပ်နေတဲ့ အလုပ်ဟာ သြော်– သာသနာတွင်းတရား မနာဘူးခဲ့တော့ ဒီ ငဲ့လုံးတွေနဲ့ ဒီ မလဲ့သာ ကိစ္စတွေ ဟာ ဒို့မှာ ဘာကြောင့် တွေ့ပါလိမ့်မတုံးဆိုတော့ ဒီ ချုပ်ပျောက်သွားတာကိုယ့်အသေ ကိုယ်မမြင်လို့၊ကိုယ့်အသေ

http://www.dhammadownload.com



ကိုယ်မမုန်း၊ ကိုယ့်အသေ ကိုယ် လိုချင် နေသေးလို့ အသုဘ ပြန်ပြန်တွေ့တယ်၊ (မှန်ပါ)။

တရားထဲသွင်းပါပြီ တကာတကာမတို့၊ (မှန်ပါ) ကိုယ့် အသေ ကိုယ်လိုချင်လို့ ဘာတွေ ပြန်ပြန်တွေးနေသလဲ၊ (ကိုယ့် အသေတွေ ပြန်ပြန်တွေးနေပါတယ်ဘုရား)။

ဝိပဿနာအလုပ်နဲ့ ကိုယ့်အသေတွေ ကိုယ်မြင်လို့ ကိုယ့် အသေတွေ ကိုယ်မလိုချင်လို့ ရှိယင် နောက်ခန္ဓာ ဘယ့်နှယ်တုံး (မရပါဘုရား)အဲဒါတော့ မလွဲသာတဲ့ ကိစ္စရယ်လို့ လာပါဦး မလား၊ (မှန်ပါဘုရား)။

အခုတော့ ကိုယ့်မသာကိုပဲ ကိုယ်က နောက်ထပ်လိုချင်နေ တော့-မသာကိစ္စဟာ ဘယ်တော့မှ ပြီးနိုင်မှာ မဟုတ်တော့ပါ ဘူးတဲ့၊ (မပြီးပါဘုရား)။

ကဲ .. တရားထဲ ရောက်ကြပလား၊ (ရောက်ပါပြီဘုရား) တရားထဲရောက်ဖို့ အရေးကြီးပါတယ်ဆိုတာ ပေါ်ကြပလား၊ (ပေါ်ပါပြီ) ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

ကောင်းပြီ....ဒါဖြင့် တကာတကာမတို့ သာသနာတွင်း တရား တယ်အရေးကြီးတယ်ဆိုတာ တကာကြွယ် ပေါ်ပြီ၊ (ပေါ်ပါပြီဘုရား)။

ဘယ့်နှယ်ကြောင့်ပေါ်ပါလိမ့်မလဲလို့မေးတော့မှ ဩဘ်- မလွဲသာဆိုတဲ့ မသာတွေ ဇာတ်သိမ်းတဲ့ အလုပ်ပါလား၊ (မှန်ပါ)။

ကိုယ့်အသေ ကိုယ်မြင်တော့ ကိုယ့်အသေ ကိုယ်မမုန်းပေ ဘူးလား တကာကြွယ်၊ (မုန်းပါတယ်ဘုရား)မုန်းတော့ကိုယ့်

http://www.dhammadownload.com



အသေ ကိုယ်လိုချင်သေးရဲ့လား(မလိုချင်ပါဘုရား)မလိုချင်တဲ့ ဉာဏ်သာရလို့ရှိယင် နောက်ခန္ဓာ ပေါ်ပါဦးမလား၊(မပေါ် ပါဘုရား) မပေါ်လာသည်နှင့် တပြိုင်နက်တည်း ဘယ်မသာ ဖိတ်စာကိုယ့်ဆီလာပါဦးမလဲ(မလာပါဘုရား)ဘယ်မလွဲသာ ဆိုတဲ့ ကိစ္စကြောင့် အမြန်ပြေးဖို့ ဝတ္တရားတွေ မကုန်သေးဘူး-လား(ကုန်ပါတယ်ဘုရား)ပေါ်ကြပလား(ပေါ်ပါပြီဘုရား)

ဩော် ...တော်တော်အရေးကြီးတဲ့ စကားပါလား ဆိုတာ ဝိပဿနာ မလုပ်ခဲ့တဲ့ အဖြစ်တွေဟာ ငဲ့လုံး, စောင်းလုံးတွေနဲ့ မသာရှာတဲ့ အလုပ်ဆိုတဲ့ဥစ္စာ တော်တော် ပေါ်လာတယ်.... (ပေါ်ပါတယ်ဘုရား) မပေါ်လာဘူးလား၊ (ပေါ်လာပါ တယ်ဘုရား) ရှင်းကြပလား၊ ရှင်းပါပြီဘုရား)။

ကဲ-ဒါဖြင့် ဝိပဿနာအမြင်သည် တကာတကာမတို့ ဒါ လောက်ဆိုယင် သိပါပြီ၊ (သိပါပြီဘုရား)။

"နိရောဓံ ဒိသွာ နိရောဓံ အဘိညာယ" ဆိုတဲ့ အတိုင်း ချုပ်တာကလေးရောမရှိဘူး ...မရှိဘူးလို့ သိတာ ဘာအမြင်ပါ လိမ့် ဝိပဿနာအမြင်ပါဘုရား)မှတ်မိကြပလား၊ (မှတ်မိကြ ပါပြီဘုရား)။

၁-နံပါတ်ကို ၂-ပါတ်နဲ့ ကြည့်လိုက်တဲ့ အခါကျတော့ ရှိသေးရဲ့လား၊ (မရှိပါ ဘုရား) ရှိတယ်ဆိုယင် ခင်ဗျားတို့ နှစ်စိတ် ပြိုင်ဖြစ်တယ် အဓိပ္ပါယ် ရောက်နေလိမ့်မယ်၊ (မှန်ပါ့) တစိတ်ကဆေးလိပ်သောက်ချင်တယ်၊တစိတ်ကရေသောက်ချင် တယ်ဖြစ်ကောင်းရဲ့လား၊ (မဖြစ်ကောင်းပါဘုရား) သတ္တဝါ

http://www.dhammadownload.com



သန္တာန်မှာ တစိတ်နဲ့သာ အသက်ရှင်ရမှာကိုး၊ (မှန်ပါ့ဘုရား) နှစ်စိတ်ပြိုင်ပြီး ဖြစ်ကောင်း ပါရဲ့လား၊ (မဖြစ်ကောင်းပါ ဘုရား)။

အဲဒါတွေထောက်ပြီးကြည့်တော့မှသြော်-ဒါဖြင့် ၁-အသေကို ၂-အနေနဲ့ ဖြစ်ရမှာပါလား၊ (မှန်ပါ့)။

၁-အသေကို၊ (၂-အနေဖြင့်မြင်ရမှာပါဘုရား) ၂-ကတော့ အနေဘက်ကနေကြည့်၊ (မှန်ပါ့)။

ဒါဖြင့် အသေကို အရှင်က ကြည့်တဲ့အလုပ်သည် ဝိပဿနာ အလုပ်၊ (မှန်ပါ့)။

သြော်-ဝိပဿနာ အလုပ်ဆိုတာ ဘာပါလိမ့်မလဲ အောက်မေ့တယ်၊ ယနေ့ဆရာဘုန်းကြီး ရှင်းရှင်းလင်းလင်းပြောလိုက်တော့မှ အသေကို အနေကကြည့်တာကိုး၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီ)။

အသေကို အသေက ကြည့်လို့တော့ မဖြစ်ဘူး၊ (မှန်ပါ့) အသေကို အနေကကြည့်ယင်သာ၊ (ဖြစ်ပါတယ်ဘုရား) ရှင်းပြီနော်၊ (ရှင်းပါပြီ) ဒါဖြင့် အသေက အနိစ္စ၊ အနေက မဂ္ဂ၊ (မှန်ပါ့ဘုရား)။

အသေက (အနိစ္စပါ) အနေက၊ (မဂ္ဂပါ) ဒီစကားတွေဟာ တကာကြွယ်က ဘုန်းကြီးက သိပ်ဆန်းဆန်း သုံးတာကိုးလို့ အောက်မေ့လိမ့်မယ်၊ မှန်လိုက်တာမှလွန်လို့၊ (မှန်ပါ့)။

ဆန်းဆန်း သုံးတာလား ၊တကယ့်အဓိပ္ပါယ်ကျရောက်သလား၊ (တကယ့်အဓိပ္ပါယ် ကျရောက်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဒီအခိပ္ပါယ် အင်မတန် ကျရောက်လို့ ဒီတကာတကာမတွေ အသင်ကြီးသင်နေတယ်ဆိုတဲ့ အခိပ္ပါယ်ကို တကာသစ်မှတ်ပါ (မှန်ပါ့) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

ကောင်းပြီ-ဒါဖြင့် အသေကို အနေနဲ့ ကြည့်တာဝိပဿနာ (မှန်ပါ့)သဘောကျပြီလား၊ (ကျပါပြီဘုရား)။

ဘယ်သူ့အသေဘုံးလို မေးတဲ့အခါကျတော့ ကိုယ့်အသေကို ကိုယ့်အနေနဲ့ ကြည့်တာ၊ (မှန်ပါ့) မမေ့စေနဲ့ ခင်ဗျားတို့ အိမ်ကျတော့နော်၊ (မှန်ပါ့ဘုရား)။

ကိုယ့်အသေ ကိုယ့်အနေနဲ့ ကြည့်တာ ဝိပဿနာ၊ သေသွားတဲ့ စိတ်ကတော့-ကြည့်လို့မှ မဖြစ်တော့ဘဲကိုး၊(မှန်ပါ့) ဒါကြောင့် အနေစိတ်နဲ့ နောက်ထပ်ဖြစ်လာတဲ့ ဉာဏ်စိတ်နဲ့ ကြည့်ရတယ်၊ (မှန်ပါ့ဘုရား)။

အဲဒီတော့ တကာတကာမတို့ ကိုယ့်မသာ ကိုယ်အကြည့်ခိုင်းတာ၊ (မှန်ပါ့) ပေါ်ကြပလား၊ (ပေါ်ပါပြီဘုရား)။

ကိုယ့်မသာ ကိုယ်အကြည့်ခိုင်းဟာဆိုတာ ဩော်-အသုဘပါကလား၊ ဩော် ဒုက္ခသစ္စာပါကလားဆိုတာ မပေါ်ပါနဲ့ ဆိုလို့ တကာသစ် ရ-ကို မရဘူး၊ (မှန်ပါ့) ရနိုင်ပါ့မလား၊ (မရနိုင်ပါဘုရား)။

အဲဒါကြောင့် အင်မတန်အဖိုးတန်တော့တယ်ဆိုတာ ယနေ့ အလုပ်စခန်းချည့်ပြောနေတာ ဝတ္ထုကိုမစသေးပါဘူး တကာသစ်ရာ၊ (မှန်ပါ့ဘုရား)။

ဒါဖြင့်ဘယ်စိတ်ပေါ်လာလာပေါ်တဲ့စိတ်ကချုပ်သွားယင် အသေ၊ နောက်ထပ်ကြည့်တဲ့ စိတ်ကအနေ၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ပေါ်ပြီးချုပ်တဲ့ စိတ်က (အသေပါ) ကြည့်တဲ့ စိတ်က-(အနေပါဘုရား)။

အဲ-ကြည့်တာက အနေနဲ့သာကြည့်နေလို့ရှိယင်ဖြင့် တကာ တကာမတွေ့ အသေကိုအနေနဲ့ကြည့်တဲ့အလုပ်သည် ဝိပဿနာ မှတ်ပေတော့၊ (မှန်ပါ့) သဘော ပါကြပလား၊ (ပါ-ပါပြီ ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ထိုင်ကြည့်ပါ၊ အိမ်ကျတဲ့ အခါကျ တော့ ဝိပဿနာဆိုတာ ဘယ်လို ထိုင်ရမတုံး၊ အို-အသေကို အနေနဲ့ကြည့်ရမှာ၊ (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီ ဘုရား)။

တကာသစ် ဘယ်လိုမှတ်ပါ့မသဲ၊ (အသေကိုအနေနဲ့ ကြည့် တာပါ) ကိုယ်က အသေဖြစ်သွားယင်လဲ ဘယ်မှာ ကြည့်လို့ ဖြစ်တော့မလဲ၊ (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် အသေကို အနေနဲ့ကြည့်တာဟာ ဝိပဿနာ၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

အဲဒီတော့ ကြည့်လိုက်တဲ့ အခါကျတော့ အသေချည့် တွေ့ နေတယ်၊ (မှန်ပါ့ဘုရား)။

အဲဒီမှာကြည့်လိုက်တယ်၊ ဒီကနေကြည့်လိုက်တယ်၊ အသေ ကို အနေနဲ့ကြည့်လိုက်တဲ့ အခါကျတော့ ချုပ်ပျောက်သွားတဲ့ အသေကလေး မမြင်ရဘူးလား၊ (မြင်ရပါတယ်) မရှိတော့ ဘူး-မရှိတော့ဘူး၊ မရှိတော့ဘူး ဆိုတာကလေး မတွေ့ရဘူး လား၊ (တွေ့ရပါတယ်ဘုရား)။

http://www.dhammadownload.com



တွေ့ရတဲ့ အခါကျတော့ ဧတံမမ၊ ဧတံ=ဤသေသွားတာ သည်၊ မမ=ငါ၏၊ သန္တကံ= ဥစ္စာတည်း၊ ဖြစ်သေးရဲ့လား၊ (မဖြစ်ပါ)ငါဟာ ဖြစ်သေးရဲ့လား၊ (မဖြစ်ပါ၊ ငါ့ကိုယ်ကော (မဖြစ်ပါ) ဧသောဟမသ္မိ၊ ဧသော=ဤတရားသည်၊ အဟံ= ငါသည်၊ အသ္မိ=ဖြစ်၏လို့ ဆိုနိုင်သေးရဲ့လား၊ (မဆိုနိုင်ပါ) "ဧသော မေ အတ္တာ" ဧသော=ဤတရားသည်၊ မေ=ငါ၏၊ အတ္တာ=အစိုးရစွာ အတ္တမဟုတ်၊ (မှန်ပါ့ဘုရား)။

ဒါကြောင့် အဲဒီလို ပါဠိတွေရွတ်နေယင် ခင်ဗျားတို့ နား ရှုပ်နေမှာစိုးလို့ ဒီအသေဟာ ငါ့ကိုယ်,ငါ့ဟာ,ငါ့ဥစ္စာ မဟုတ် ပါလားလို့ သိသွားယင် ပြီးတာဘဲ၊ (မှန်ပါ့ဘုရား)။

ငါ့ကိုယ်ကော၊ (မဟုတ်ပါ )ငါ့ဟာကော၊ (မဟုတ်ပါ) ငါ့ဥစ္စာကော၊(မဟုတ်ပါ) အဲဒါဟာ တဏှာ,မာန,ဒိဋ္ဌိစင်တဲ့ အမြင်ပဲ၊ (မှန်ပါ့ဘုရား)။

ဦးလှဘူး ဘာစင်တဲ့ အမြင်ပါလိမ့်၊ (တဏှာ, မာန, ဒိဋ္ဌိ စင်တဲ့ အမြင်ပါဘုရား)။

ဒါဖြင့် တဏှာ,မာန,ဒိဋ္ဌိ ဒီဘက်ကနေပြီးသကာလ တကာ တကာမတို့ တဏှာရော, မာနရော, ဒိဋ္ဌိရော, ကိုယ့်အသေကို ကိုယ့်အနေနဲ့ကြည့်လိုက်တာ ဘာများ ကျေးဇူးရှိပါလိမ့်မတုံး ဆိုလို့ရှိယင်ဖြင့် တဏှာ,မာန,ဒိဋ္ဌိသေပါတယ်(မှန်ပါ့ဘုရား)။

တဏှာသဲပပဉ္စ၊မာနသဲပပဉ္စ၊ဒိဋ္ဌိလဲပပဉ္စ၊(မှန်ပါ့)ရှင်းကြ ပလား၊ (ရှင်းပါပြီဘုရား)။

တဏှာသဲဘာဘဲ့၊ (ပပဉ္စပါ) မာနကော၊ (ပပဉ္စပါ) ဒိဋ္ဌိ ကော၊(ပပဉ္စပါ) သံသရာ တန်းပေးမလို့ သံသရာကို ခဲ့မလို့

http://www.dhammadownload.com



ပြောနေတာ၊ (မှန်ပါ့)။ ကြည့်စမ်း သံသရာကို ချုံလိုက်တော့ တဏှာ, ဥပါဒါန်, ကံ ဟိုဘက်က ဇာတိ, ဇရာ, မရဏ, သူ့ချုံလိုက်တာပဲ၊ (မှန်ပါ့) မာန, ဥပါဒါန်, ကံ ဟိုဘက် ဇာတိ, ဇရာ, မရဏ-မလာပေဘူးလား၊ (လာပါတယ်) သဘောကျပလား (ကျပါပြီ) ဒိဋ္ဌိ, ဥပါဒါန်, ကံ၊ ဟိုဘက်ဘာလာကြမယ်၊ (ဇာတိ ဇရာ မရဏလာပါတယ်) ဘယ်သူ့များချုံလိုက်ပါလိမ့် တကာသစ်ရာ၊ (တဏှာ မာန ဒိဋ္ဌိချုံပါတယ်) တဏှာ မာန ဒိဋ္ဌိ၏ စွမ်းရည်သတ္တိ၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် အသေကို အနေနဲ့ ကြည့်လိုက်တဲ့ အခါကြလို့ရှိယင်ဖြင့် သေသေချာချာသာ မြင်ပါစေ- ငါ့ကိုဆိုတဲ့ တဏှာရှိသေးရဲ့လား၊ (မရှိပါ ငါ့ဟာဆိုတဲ့မာန၊ (မရှိပါ) ငါ့ဥစ္စာဆိုတဲ့ ဒိဋ္ဌိ၊ (မရှိပါ) မရှိတော့ ဘာသေသွားသတုံး၊ (တဏှာ, မာန ဒိဋ္ဌိ သေသွားပါတယ်ဘုရား)။

ဒါဖြင့် စုပြီး ပေါင်းပြီး ပြောလိုက်တော့ ပပဉ္စသေတယ်၊ (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်၊ (ပပဉ္စ သေပါတယ်) ပပဉ္စ ဆိုတာ မြန်မာလို ပြန်လိုက်တော့ သံသရာချဲ့တတ်တဲ့ တရားသုံးခုသေသွားပြီ၊ (မှန်ပါ့) ဟိုဘက်မှာ မသာကောင် ပေါ်သေးရဲ့လား (မပေါ်ပါ ဒါဖြင့် ဒီအလုပ်ဟာ မသာဇာတ်သိမ်းတဲ့ အလုပ်ပါလား၊ (မှန်ပါ့ဘုရား)။

တကာတကာမတို့ ဘယ်လိုမှတ်ကြမယ်၊ (မသာဇာတ်သိမ်းတဲ့အလုပ်ပါ ဒါဖြင့် တကာသစ် သေပျော်ပြီ၊ (မှန်ပါ့) မသေပျော်ဘူးလား၊ (သေပျော်ပါတယ်ဘုရား)။

http://www.dhammadownload.com



နို့မဟုတ်လို့ ရှိယင်ဖြင့် ခင်ဗျားတို့မှာ သေစရိတ်ကလေး ထားကြဦးဟေ့၊ မှန်ပါ့) အင်း....လာရပြီ၊ (လာရပါတယ် ဘုရား)။

တကာတကာမတွေ ဘာကလေး ပူပန်ကြသတုံး၊ (သေစရိတ်ထားဖို့ပူတာပါ) ဖြစ်မှဖြစ်ရလေ၊ မှန်ပါ့ဘုရား)။

အခုတော့ဖြင့်ခြိုးခြံစားကြနော် သေတဲ့အခါကျလို့ရှိယင် ဖျာလိပ်နဲ့ပတ်ပစ်ရယင် မကောင်းဘူး၊ ငါကျပ်တန်-တစ်ဆယ်တန် ခေါင်းကလေးနဲ့ သွားရမှ တော်သေးတယ်၊ (မှန်ပါ့) ဘာအတွက်ပါလိမ့်၊ (သေစရိတ်အတွက်ပါဘုရား)။

ဘယ့်နှယ်ကြောင့် ဒီသေစရိတ် တကာသစ်တို့ကလဲ ပမာနထားရပါလိမ့်မတုံးဆိုတော့ အသေထည် ဆုတောင်းမိလို့၊ (မှန်ပါ့ဘုရား)။

ဘယ်လိုမှတ်ကြမယ်၊ (အသေထည် ဆုတောင်းမိလို့ပါ) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့က မသိတဲ့ ပုဂ္ဂိုလ်တွေကတော့ တောင်းတကြတယ်၊ ဒါ့ကြောင့် ဘုန်းကြီး တစ်ခါတခါ ပြောတယ်၊ ဒီမသာလိုမျိုး သေစမ်းချင်တယ်လို့ မသာကြီးချတွေမျိုး တကာတကာမတွေက လှမ်း ပြီး အရှူးမျိုး ထလိုက်သေးတယ်၊ (ထ,ပါတယ်)ပိုက်ဆံတွေကြဲလို့ ရွှေထီးတွေမိုးလို့ ဟုတ်လားကားတွေကလဲတန်းလို့ လူအတန်းကြီးကလဲ မြိုင်လို့ဆိုလို့ ရှိယင် အို ...ဒီလိုမျိုးတော့ သေပျော်ပါတယ်တဲ့၊ (မှန်ပါ့) ထပ်ရှူးလိုက်သေးတယ်၊ (မှန်ပါ့) ဘာဖြစ်တာပါလိမ့် (ထပ်ရှူးတာပါဘုရား)။

http://www.dhammadownload.com



ထပ်ရှုးတယ်ဆိုတာ အသေထည် ဒီလမ်းနဲ့ ဒီစခန်း ဘာဖြစ်လို့ ခင်ဗျားတို့ သေချင်ရတာဘုံး ဒီမသာပိုယင် ဘာဖြစ်လို့ ဒီစိတ်ပေါ်ရတာတုံးဆိုတော့ ကိုယ့်မသာရှိလို့ သူပေါ်တာကိုး၊ (မှန်ပါ့ဘုရား ။

ဒါဖြင့် တကာတကာမတို့ မသာ အားကျစရာ မလိုဘူး ... (မှန်ပါ့,မသာဇာတ်သိမ်း ငြိမ်းတဲ့တရားသာလျှင် အရေးကြီးတော့တယ်ဆိုတာ မပေါ်သေးဘူးလား၊ (ပေါ်ပါပြီဘုရား) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

ကောင်းပြီ-ဒါဖြင့် တကာတကာမတို့ ဘယ်စိတ်ကလေး ပေါ်လာလာ ချုပ်တာကလေး မြင်အောင် ကြည့်ရမယ်၊ (မှန်ပါ့) ချုပ်တာဆိုတာသည် တကာတကာမတို့ ဖျတ်' ကနဲ မီးကလေးငြိမ်းသွားတာမြင်တာမဟုတ်ပါဘူး(မှန်ပါ့ဘုရား) ဩော်....ခုနင်က ဒီနေရာမှာရှိတယ်၊ အခု မရှိတော့ဘူးဆိုတာ သိဖို့ပါ၊ (မှန်ပါ့ ။

ခုနင်က ဒီနေရာမှာ၊(ရှိ ါတယ်ဘုရား) အခုကြည့်လိုက်တဲ့ အချိန်မှာ၊ (မရှိပါဘုရား,အဲဒါဟာ ချုပ်သွားတာပါပဲ .. (မှန်ပါ့)။

တကာကြွယ်တို့ ရှင်းပလား၊(ရှင်းပါပြီဘုရား) ချုပ်သွားတာ မြင်တယ်ဆိုတာ မီးကလေး 'ဖျတ်' ကနဲ ငြိမ်းသွားတာ မြင်သလိုလား၊ (မဟုတ်ပါဘုရား) မရှိတာကို- (သိရပါတယ်ဘုရား)။

မရှိတာကိုသိရတော့ ခင်ဗျားတို့ ယနေ့တော့ဖြင့် ဗဟုသုတနှစ်လုံးတော့ပေးလိုက်ရတယ်၊ (မှန်ပါ့) ပုရေဇာတပစ္စယော-

http://www.dhammadownload.com



(မှန်ပါ့) ပုရေက ရှေး, ဇာတက ဖြစ်တာ၊ (မှန်ပါ့ဘုရား) သူကရှေ့ကနေပြီးသကာလ ဖြစ်နှင့် ချုပ်နှင့်ပါပြီဘဲ၊ ခင်ဗျား တို့ မြင်တဲ့စိတ်က နောက်မှပါ၊ (မှန်ပါ့)။

သူကရှေ့က ဖြစ်နှင့် ချုပ်နှင့်ပါပြီ၊ သဘောကျပလား ... (ကျပါပြီ) မြင်ဘဲ့စိတ်က နောက်မကျဘူးလား(ကျပါတယ် ဘုရား)။

အဲ-သူက ပုရေဇာတ ပစ္စည်း၊ သူက ပုရေဇာတပစ္စယုပ္ပန် (မှန်ပါ့) သဘောကျပလား၊ (ကျပါပြီဘုရား)။

သူက ဘာပါလိမ့်၊ (ပုရေဇာတပစ္စည်းပါဘုရား) သူက ဘာပါလိမ့်၊ (ပုရေဇာတ ပစ္စယုပ္ပန်ပါ) အာရမ္မဏ ပုရေဇာတ (မှန်ပါ့) ရှင်းပြီနော်၊ (ရှင်းပါပြီဘုရား)။

အဲဒါတွေ သေသေချာချာ ဝေဖန်ပြီး ဆရာဘုန်းကြီး ပဋ္ဌာန်းနည်းတွေနဲ့ ဝေဖန်လိုက်တဲ့ အခါကျတော့မှ ပုရေ ဇာတပစ္စယော ကောင်းကောင်း သဘောကျ၊ ပုရေ=ရှေး၌၊ ဇာတော=ဖြစ်သည်တည်း (ဝါ) ချုပ်သည်တည်း၊ ပုရေ ဇာတော=ရှေးက ဖြစ်နှင့်သည်၊(မှန်လှပါ, ကဲ- ရှိသေးရဲ့လား (မရှိပါဘုရား)။

ဒီလိုကြည့်တဲ့အချိန် ရှိသေးရဲ့လား၊ (မရှိပါဘုရား) ကဲ.... မရှိတာ ပုရေဇာတပစ္စည်း၊ ရှိတာသည် ပုရေဇာတပစ္စယုပ္ပန် (မှန်လှပါဘုရား)အဲဒီလိုပြောတော့လဲ ဒါ-ပဋ္ဌာန်းနည်းနဲ့ လဲ ကိုက်နေတာပဲ၊ (မှန်ပါ့) မကိုက်ဘူးလား၊ (ကိုက်ပါတယ် ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် အဲဒါတွေ လိုက်မနေပါနဲ့တော့ တကာ တကာမတို့ မရှိတာအနိစ္စ၊ သိတာက၊ (မဂ္ဂပါဘုရား) အသေကို အနေနဲ့ ကြည့်တာက ဝိပဿနာ၊ (မှန်ပါ့ဘုရား) သဘောကျပလား၊ (ကျပါပြီ) မေ့မှာစိုးလို့ တကာကြွယ် ဒါလောက် ထပ်နေရတယ်၊ (မှန်ပါ့ဘုရား)ဒါတောင် လမ်းမှာ ခလုပ်မတိုက်ပါမှ ခင်ဗျားတို့ဟာ၊ ခလုပ်တိုက်ယင် ခက်သေးထဲကကျနေတယ်၊ (မှန်ပါ့)ခလုပ်တိုက်ယင် ပါးစပ်က ထွက်ချင်တာ ထွက်တာ၊ ဒါကိုမထွက်ဘူး၊ (မထွက်ပါဘုရား) ရိပ်မိပလား၊ (ရိပ်မိပါပြီဘုရား) အင်မတန် မဆိုးဝါးဘူးလား၊ (ဆိုးဝါးပါတယ်ဘုရား)။

အေး–ဒါ့ကြောင့် ခလုပ်တိုက်သာ ဒီဟာကလေး အသေကို အနေနဲ့ ကြည့်တာပဲ၊ အသေကို အနေနဲ့ ကြည့်တာပဲဆိုတာကလေး မပျောက်ပါစေနဲ့လို့ ထပ်ပြန်တလဲလဲ သတိပေးလိုက်တယ်၊ (မှန်ပါ့)။

ဒါ–ဘယ့်နှယ်ကြောင့် ဒါလောက် ဆရာဘုန်းကြီး မှာပါလိမ့်မသဲလို့ တကာသစ် မေးလို့ရှိယင်ဖြင့် သံသရာစခန်းသတ်လို့၊ (မှန်ပါ့)။

ဒီအမြင်မှန်သာ ရမယ်ဆိုတာဘာတုံး၊ (သံသရာစခန်းသတ်ပါတယ်ဘုရား) ဒါ–အမြင်မှန်ပဲ၊ သဘောကျပလား၊ (ကျပါပြီဘုရား)။

အမြင်မှန်ပဲဆိုတော့ ကြည့်ပါလား၊ သူက ရွေးကျပါတယ် (မှန်ပါ့) ရှုတာက (နောက်ကျပါတယ်ဘုရား)။

http://www.dhammadownload.com



ဖြစ်တာက၊ (ရှေးကျပါတယ်ဘုရား)မြင်တာက၊(နောက်ကျပါတယ်ဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား)။

ဩော်... သူက ရှေ့က သူက နောက်ကပါလား ဆိုတော့ ကျေနပ်သွားပြီ၊ (မှန်ပါ့)။

နှစ်စိတ်ပြိုင်မပေါ်ကောင်းထာကို တကာ တကာမတွေ့က မှတ်ထားတော့ ဩော်-မရှိတာက အနိစ္စကို သွားပြီးထောက်ခံချက်ပေးတယ်၊ (မှန်ပါ့)။

ကဲ .. တကာသစ် ဒီနေ့တော့ဖြင့် စုံလို့ပဲ၊ (မှန်ပါ့) ရှုနည်းမှာဖြင့် တကာ တကာမတွေ ယနေ့ဟာ အကောင်းဆုံးပြောတဲ့နေ့ပဲ၊ (မှန်ပါ့) ဒီဥစ္စာကို လုပ်ဖြစ်အော င်လဲ လုပ်ပါ၊ ‌လုပ်ချင်လို့ ရှိယင်ဖြင့် မသာပေါ်ချင်လို့ပဲ၊ (မှန်ပါ့ ။

မလုပ်ချင်ယင် (မသာပေါ်ချင်လို့ပါဘုရား) စကားကြမ်းသလား၊အခိပ္ပါယ်ကဟုတ်နေသလား၊ (အဓိပ္ပါယ်ကဟုတ်နေပါတယ်ဘုရား)။

မကြမ်းပါဘူးနော်၊ (မှန်ပါ့) အဓိပ္ပါယ်က အင်မတန်ဟုတ်နေတယ်၊မသာပေါ်ချင်လို့ ခလေးဖြစ်ချင်လို့၊(မှန်ပါ့ ဘုရား)။

လူကြီးက ဘာဖြစ်ချင် လို့လဲ၊ (ခလေး ဖြစ်ချင်လို့ပါဘုရား)လူကြီးတန်မဲ့နဲ့ ခလေးစကား မပြောစမ်းပါနဲ့ဆိုတော့ ခင်ဗျားတို့က အတော်နာတယ်၊ (မှန်ပါ့) မနာပေဘူးလား၊ (နာပါတယ်ဘုရား)။

http://www.dhammadownload.com



လူကြီးကဘာတဲ့၊ (ခလေးစကား မပြောပါနဲ့) အင်း–ဒါ မလုပ်လို့ ရှိယင် လူကြီးက ခလေးစကား ပြောရလိမ့်မယ်၊ မရှက်ဘူးလားဗျာ၊(ရှက်ပါတယ် ဘုရား)။

ဟာ-ခုဒီအထဲတွင်ရှက်တာခင်ဗျားတို့ဟာကအိမ်ကျတော် အောင်နေတော့ ခက်တယ်၊(မှန်ပါ) ဒီအထဲတွင် မရှက်ဘဲနဲ့ အိမ်ကျတော့လဲ တရှက်ထဲ ရှက်နေစမ်းပါဆိုတဲ့ ဥစ္စာကိုလဲ မှာ ပါတယ်၊(မှန်ပါ)သဘောကျပလား၊ (ကျပါပြီ ဘုရား)။

ဒီအလုပ် မလုပ်ယင် လူကြီးက ဘာဖြစ်ရမလဲ၊(ခလေးဖြစ် ရပါတယ်ဘုရား)ခလေးဖြစ်ရတယ်ဆိုတော့ တကာကြွယ်တို့က ရမ်းပြောတဲ့စကား ထင်မှာစိုးတဲ့အတွက် ဟောဒီစုတိပြီးယင် ဟောဒီမှာ ပဋိသန္ဓေ ခလေးလာဖြစ်တယ်၊(မှန်ပါ)မဖြစ်သေး ဘူးလား၊ (ဖြစ်ပါတယ် ဘုရား)။

လူကြီးစုတိလဲ ပြီးပါရော၊ခလေး ပဋိသန္ဓေဆိုတာ လာပြီ၊ (လာပါပြီဘုရား) လူကြီးက ဘာလာဖြစ်ရသလဲ၊ (ခလေးလာ ဖြစ်ရပါတယ်)ခလေးလာဖြစ်ရတော့ ခလေးသံပဲ ထွက်တော့ မှာပဲ၊ (မှန်ပါ)သဘောကျပလား၊(ကျပါပြီ ။

အယင်တုန်းကတော့ နှပ်တွေသိမ်းလို့ ကျင်ကြီးသွားချင် တယ်ဆို ကျင်ကြီးစွန့်တဲ့နေရာ သွားစွန့်၊ ကျင်ငယ် သွားချင် တယ်ဆို ကျင်ငယ် စွန့်တဲ့ နေရာ သွားစွန့်၊ အရှက်ကလေးရှိ သေးတယ်၊(မှန်ပါ) ခလေးဖြစ်ရတော့(အရှက်မရှိပါဘုရား)၊

ဩော် ဒီလူကြီးတွေဟာတော်တော်ခက်ပါလား၊လူကြီး ကခလေးဖြစ်တဲ့ အလုပ် ပြန်လုပ်တာ အတော် နာတယ်၊ (မှန်ပါဘုရား)။

http://www.dhammadownload.com



လူကြီးကခလေးဖြစ်တဲ့အလုပ် လုပ်တာ (အတော် နာပါ တယ်ဘုရား) ဆုတောင်းယင်ဇတော့ ဖြစ်လိမ့်မနော်၊ (ဖြစ်ပါ တယ်ဘုရား)။

လူကြီးက ခလေးဖြစ်သွားလို့ရှိယင်ဖြင့် ခင်ဗျားတို့ အခု ပြောတဲ့ စကားနဲ့သာ အသုံး ချလိုက်၊ ဦးလှဘူး၊ လူကြီး လူကြီးပီပီ ပြောစမ်းပါ၊ ခလေး စကား မသုံးစမ်းပါနဲ့၊ မပြောကြဘူးလား၊ (ပြောပါတယ် ဘုရား)။

လူကြီး လူကြီးပီပီ ပြောစမ်းပါ၊ ခလေးစကား မသုံးပါနဲ့ ဆိုယင် တော်တော်နာတယ်၊(နာပါတယ် ဘုရား)။

ဒီအလုပ် မလုပ်ယင်တော့လူကြီးကခလေးဖြစ်ရတော့မယ်၊ (မှန်ပါ့) အခု အရှက်အကြောက် ရှိတယ်၊ မသေခင် အရှက် အကြောက် ရှိတယ်၊ (မှန်ပါ့) သေပြီး ခလေး ဖြစ်တော့ (အရှက် အကြောက် မရှိတော့ပါဘုရား) ဟာ–သေသွားပြီ၊ ဒီလူဂျမ်းပြန်ပြီ၊(မှန်ပါ့) ဂျမ်း မပြန်သေးဘူးလား (ပြန်ပါ ပြီဘုရား)။

အဲဒီတော့ တကာတကာမတို့ နာအောင် ပြောတာလား၊ ဖြစ်စဉ်ကိုက်လား၊ (ဖြစ်စဉ်ကိုက်ပါ ဘုရား) ဖြစ်စဉ်ကိုက်ပါ တကာသစ်ရေ၊ နာအောင်ပြောတာ မဟုတ်ပါဘူး၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့်ဘယ့်နှယ်လုပ်ကြမလဲ၊လူကြီးက ခလေးတော့ မဖြစ် ပါရစေနဲ့ဆိုပြီး ကြိုးစားလုပ်ရမယ်၊ (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



လူကြီးက-(ခလေးမဖြစ်ပါရစေနဲ့လို့ကြိုးစားလုပ်ရပါ့မယ် ဘုရား) သဘောကျပလား၊ (ကျပါပြီဘုရား)။

လူကြီးက ခလေးမဖြစ်ချင်ယင် ဘာလုပ်ရမလဲ၊ (ဝိပဿနာ အလုပ်ကြိုးစားရပါမယ်ဘုရား) မကြိုးစားလို့ရှိယင်၊ (ခလေး ဖြစ်ရမှာပါဘုရား)။

ခလေးဖြစ်ရလို့ရှိယင်ဖြင့်အယင်တုန်းကကိုယ်ကချီခဲ့ရတယ် (မှန်ပါ့) အခုသည်ကားလို့ ဆိုယင်ဖြင့် ပြောင်းပြန်ဖြစ်ပြီး သကာလ အဖတပြန်, သားတပြန်ဖြစ်နေယင် သေသေချာချာ ဒုက္ခရောက်မယ်၊ မှန်ပါ့) အဖတပြန်,သားကပြန်ဆိုလို့ရှိယင် ဦးလှဘူး နွားထောင်လို့ကောင်းသေးရဲ့လား၊(မကောင်းပါ) သဘောကျပလား၊ (ကျပါပြီဘုရား)။

ကောင်းပြီ၊ အယင်တုန်းကတော့ဖြင့် ကိုယ့် ကျင်ကြီးကို သူများက ကြုံးတယ်ဆိုလို့ရှိယင်ဖြင့် ကျင်ကြီးကြုံး ပြန်လှည့်ရ လိမ့်မယ်၊ (မှန်ပါ့) မလှည့်ရဘူးလား၊ (လှည့်ရပါတယ်)အဲဒီ တော့တကာကြွယ်ဘယ်အလှည့်ကောင်းသတုံး၊(ဘယ်အလှည့် မှ မကောင်းပါ) အခု မသာပြီး နောက် မသာဖြစ်ရတာလဲ၊ (မကောင်းပါ) အခု မသာပြီး နောက် ခလေးဖြစ်ရတာလဲ၊ (မကောင်းပါ)အခု လူမမာဖြစ်ပြီး နောက် လူမမာဖြစ်ရတာ ကော၊ (မကောင်းပါ) အခု လူပျိုဖြစ်ပြီး နောက်လူအိုဖြစ် ရတာကော၊ (မကောင်းပါဘုရား)။

ဒါဖြင့် အဲဒါသစ္စာသိတဲ့ ပုဂ္ဂိုလ်ကျတော့ ဒီ အချက်အလက် ကို အလုံးစုံ မဖြစ်ချင်တော့ပါဘူး (မှန်ပါ့) ဖြစ်ချင်သေးရဲ့

http://www.dhammadownload.com



လား၊ (မဖြစ်ချင်ပါ)သစ္စာမသိတဲ့ပုဂ္ဂိုလ် တကာသစ် ဒီလေး ချက်ကဖြင့် မလာပါနဲ့ဆိုလို့ ရပါ့မလား၊ (မရပါဘုရား)။

ဒါဖြင့် တကာတကာမတို့ ဘယ်စိတ်ပေါ်ပေါ် ချုပ်တာမြင် အောင်ကြည့်ပါ၊ (မှန်ပါ့) ချုပ်တာကရှေ့၊ မြင်တာက နောက်၊ (မှန်ပါ့ဘုရား ။

အဲ....ရှေ့စိတ်ကို နောက်ဉာဏ်နဲ့ကြည့်ရမယ် ဆိုကတည်းက အထည်တော့ မြင်စရာရှိသေးရဲ့လား၊ (မရှိပါ အထည့်တော့ မြင်စရာမရှိဘူး တကာတကာမတို့ မရှိတာဘဲသိမှာပဲ (မှန်ပါ့ ဘုရား)။

ဘာသိမယ်ထင်သတုံး၊ (မရှိတာဘဲသိရပါမယ်) မရှိတာကို သိရတဲ့အသိသည်အဲဒါရှင်ဆန္ဒပြောတဲ့အသိပဲ၊(မှန်ပါ့ဘုရား)။

သူ့ကိုကျယ်ကျယ်ဒဟာပြီး သကာ နေတာဆန္ဒကို နက် ဖြန်မှ ဟောမှာပါ တကာကြွယ်ရ (မှန်ပါ့) ဩော် ... သူဒီလို သိလို့ ရဟန္တာဖြစ်သွားတယ် ဆိုတာ နက်ဖြန်ကျတော့ ရုပ်လုံး ပေါ်မယ်၊ (မှန်ပါ့ဘုရား)။

ဒီနေ့တော့ အလုပ်စခန်းတွေ ပြပြီးသကာလ ခင်ဗျားတို့ သံဝေဂသဘောနဲ့လဲ နာအောင်ပြောပြီး အလုပ်စခန်း မလုပ် လို့ရှိယင်ဖြင့် ကိုယ်ကျိုးနည်းတာတွေလဲ အမျိုးမျိုး အဖုံဖုံပြော ခဲ့ပြီ၊ ခုနင်က မသာပို့နည်း နိဿယည်းလဲ ပြောခဲ့ပြီ၊ (မှန်ပါ့) မပြောခဲ့ဘူးလား၊လူကြီးကခလေးပြန်ဖြစ်တာကော၊(ပြောခဲ့ ပါပြီဘုရား) အသေမှာလဲ အရုပ်အဆိုးဆုံးကွ ဆိုတာကော၊ (ပြောခဲ့ပါပြီ) ဒီဘဝစုတိပြီး ပဋိသန္ဓေနေရခဲ့လျှင် အကြီးဆုံး သော ကပ်ရောက်ခြင်း အကြီးဆုံးသော ဒုက္ခလို့မဟောဘူး လား၊ (ဟောပါတယ်ဘုရား)။

http://www.dhammadownload.com



အဲဒါတွေ တကာသစ်တို့ သေသေချာချာ ကြည့်တော့မှ နိဂုံးချုပ်ကြစို့တော့နော်၊ (မှန်ပါ့) ဘာမသိလို့ ဤဖြစ်တွေ ဒါလောက်ဖြစ်ရပါလိမ့်မလဲ၊ (သစ္စာ မသိလို့ပါဘုရား)။

အဲ…သစ္စာမသိလို့ ရှိယင်ဖြင့် အသေကိုရှာတတ်တာ ၁-နံပါတ်၊လူကြီးက ခလေးဖြစ်တာက (၂-နံပါတ်ပါ) သဘော ကျပလား၊(ကျပါပြီ) မသာပို့မှားတာက ၃-နံပါတ်၊ဒါတွေ အကုန်လိုက်နေရမှာပဲ၊ (မှန်ပါ့ဘုရား)။

ဒါဖြင့် သစ္စာမသိဘဲဖြစ်တွေဟာ အားလုံး တက ၊ တကာမတို့ အတော်ကိုဘဲ ကျုပ်တို့မှာ အလုပ်ရှုပ်တယ်၊ (မှန်ပါ့ဘုရား)မကောင်းတဲ့အလုပ်တွေ အကုန်ပေါ်လာတယ်၊(ပေါ်လာပါတယ်ဘုရား)။

ခလေးဖြစ်တာကော ကိုယ့်ကျင်ကြီး, ကိုယ့်ကျင်ငယ်, ကိုယ့်တံထွေး,ကိုယ့်ချွဲသလိပ်မှ သိမ်းနိုင်သေးရဲ့လား၊ (မသိမ်းနိုင်ပါဘုရား) အဲဒါဟာလဲ တကာတကာမတို့ အသေပြီးတော့ နောက် ဒါနေလာလို့ဖြစ်ရတာ၊(မှန်ပါ့)သူများကအော်လိုက် ငေါက်လိုက် ထိပ်ပုတ် ခေါင်းရိုက် ခံရတာတွေကော၊ (ဖြစ်ရပါတယ်) ဒါ- ဘာတုံးလို့မေးတော့ သစ္စာမသိလို့ ဖြစ်ရတဲ့ဖြစ်တွေ၊ (မှန်ပါ့၊ သဘောကျပလား၊ (ကျပါပြီဘုရား)။

ကိုင်း- လူလားမြောက်လာလို့ မသာတွေလည်းပို့ပြီး ကိစ္စတွေမအားတာကော၊ (သစ္စာမသိတာပါ) သစ္စာမသိတော့ နောက်ခန္ဓာရတယ်၊(မှန်ပါ့၊နောက်ခန္ဓာရတော့ နောက်ခန္ဓာအတွက်တွေ့က မငိုရဘူးလား၊ (ငိုရပါတယ်ဘုရား)။

အဲဒီငိုမှုတွေ အတွက်နဲ့လဲ ကိစ္စအချိန်ကုန်ပြီး သကာလ တကာ တကာမတို့ ကိုယ့်အရေးကို လုပ်ရသည်မပါတော့ဘူး၊

http://www.dhammadownload.com



(မပါတော့ပါဘုရား) အင်မတန်ကြောက်စရာ မကောင်းဘူးလား၊ (ကောင်းပါတယ်ဘုရား)။

ဒါဖြင့်တရားနိုဂုံးချုပ်တော့မယ်တကာတကာမတို့ အသေမှာ ဘယ်အသေ အကောင်းဆုံးတုံးမေးယင် ဒီခန္ဓာပစ်ချပြီးနောက်ခန္ဓာမရတာ အကောင်းဆုံး၊ (မှန်ပါ့ဘုရား)။

အဲဒါ သစ္စာသိယင် မရတော့ဘူး၊ (မှန်ပါ့) သစ္စာမသိယင်ဖြင့် (ရမှာပါဘုရား) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ချုပ်တာမြင်အောင် ကြည့်ယင် မရတော့ပါဘူး။ (မှန်ပါ့ဘုရား)။

ကိုင်း....ယနေ့ ဒီတွင် တော်ကြဦးစို့....။

သာဓု....သာဓု....သာဓု။

ဤတွင် အမှတ်စဉ် (၁၇) ပြီးပါပြီ။